

# နတ်နွယ်

## မိမိနှင့်စာရေးဆရာများ

တော အကြောင်း၊ တောင်အကြောင်း

1999.GRAPHIC DESIGN : KYAW MINN MOUNG

ဒိုးဝေ ( ၁၉၂၇-၆၇ )



မင်းကျော် ( ၁၉၃၃-၉၁ )




လင်းယုန်သစ်လွင် ( ၁၉၁၇-၉၃ )



တင့်ဆန်း ( ၁၉၁၇-၉၅ )



တင်စိုး ( ၁၉၂၅- )



လူထု ဦးလှ ( ၁၉၁၀-၈၂ )



လူထု ဒေါ်အမာ ( ၁၉၁၅- )



ဗန်းမော်တင်အောင် ( ၁၉၂၀-၇၈ )



ဒဂုန်တာရာ ( ၁၉၁၉- )



ဝင်းဦး ( ၁၉၃၅-၈၈ )



ကျော်အောင် ( ၁၉၂၈- )



နေသွေးနီ ( ၁၉၃၀- )



မြသန်းတင့် ( ၁၉၂၉–၉၈ )



သော်တာဆွေ ( ၁၉၁၉–၉၅ )



ညွန့်ကြူး ( ၁၉၃၂–၉၂ )



ဆင်ဖြူကျွန်းအောင်သိန်း ( ၁၉၂၈– )



သိန်းဖေမြင့် ( ၁၉၁၄–၇၈ )



ဂျာနယ်ကျော်မမလေး ( ၁၉၁၇–၈၂ )



ဂျာနယ်ကျော်တင့်ဆွေ ( ၁၉၁၇–၈၂ )



ပါရဂူ ( ၁၉၂၁– )



ဒဂုန်ရွှေမျှား ( ၁၈၉၅–၁၉၈၂ )




သန်းဆွေ ( ၁၉၂၆–၆၄ )



ရန်အောင် ( ၁၉၀၄–၉၅ )



ရွှေဥဒေါင်း ( ၁၈၈၉–၁၉၇၃ )



ရွှေဥဒေါင်း ( ၁၉၁၆-၉၇ )



စစ်ကိုင်းဦးဘိုးသင်း ( ၁၈၉၀-၁၉၇၃ )



ဆရာ ဇေယျ ( ၁၉၀၀-၈၂ )



ဒဂုန်နတ်ရှင် ( ၁၈၉၈-၁၉၈၉ )



ရှူဝံ ( ၁၉၀၈-၁၉၈၉ )



ဆရာဇော်ဂျီ ( ၁၉၀၇-၉၀ )



လေးမြင့်( ၁၉၂၇- )



ဒေါင်းနွယ်ဆွေ ( ၁၉၃၁-၈၅ )



တက်တိုး ( ၁၉၁၄- )



သုခ ( ၁၉၁၀- )



နန္ဒ ( ၁၉၁၈-၈၂ )



နန္ဒမိတ် ( ၁၉၂၂-၈၆ )



နန္ဒသူ ( ၁၉၂၇- )



တင်ငွေ (ရှမ်းပြည်) ( ၁၉၁၆-၉၅ )




မိုးမိုး(အင်းလျား) ( ၁၉၄၅-၉၀ )



လင်းယုန်မောင်မောင် ( ၁၉၂၅- )



မောင်သွေးသစ် ( ၁၉၄၇- )



စိန်ခင်မောင်ရီ ( ၁၉၂၅-၉၂ )



မောင်သက်နောင် ( ၁၉၃၄-၉၂ )



ချစ်ဝင်းညွန့် ( ၁၉၅၀-၉၈ )



# နတ်နွယ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အဖ ဦးဘဝမ်း၊ အမိ ဒေါ်စောလုံတို့မှ ၁၉၃၃ ခု ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးလှမြင့် ဖြစ်သည်။

မြစ်ကြီးနားမြို့ တောင်းဖန်းအထက်တန်းကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ် တို့တွင် ပညာသင်ကြားခဲ့သည်။

စုံထောက်မဂ္ဂဇင်းတွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်၊ လျှို့ဝှက် သည်းဖို မဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ၊ အမျိုးသား သတင်းစာတွင် ဘာသာပြန်အယ်ဒီတာ၊ မိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာချုပ် လုပ်ခဲ့ပြီး ယခုအခါ နွယ်နီမဂ္ဂဇင်း အယ်ဒီတာချုပ် ဖြစ်သည်။

၁၉၅၀ ပြည့်နှစ် ဇွန်လ ၂၈ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ မဂ္ဂဇင်းကဏ္ဍတွင် "ကျောင်းသူမ" ကဗျာဖြင့် စာပေလောကသို့ စတင် ဝင်ရောက်ခဲ့သည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထု၊ ဝေဖန်စာနှင့် ဘာသာပြန်များ အမြောက်အမြား ရေးသား ခဲ့ပြီး လုံးချင်းဝတ္ထု ၁၀၀ ကျော် ရေးသားခဲ့သည်။ လုံးချင်းဝတ္ထု ၂၀ ကျော် ဘာသာပြန်ဆိုခဲ့သည်။ **အပြာ၊ အဝါ၊ တကွေ့တော့ တွေ့ကြဦးမည်၊ တံခွန်တိုင် မောင်နှမများ** နှင့် **မြန်မာပြည် မြောက်ပိုင်း** တို့သည် စာရေးသူ၏ ထင်ရှားသော ပင်ကိုရေး ဝတ္ထုများ ဖြစ်ကြသည်။ **ရောမက မိန်းမပျက်**နှင့် **စိန်ခေါ်ပွဲ** တို့သည် ထင်ရှားသည့် ဘာသာပြန်လက်ရာများ ဖြစ်သည်။ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုကြီးများ ဖြစ်ကြသော **မိုဗီဒစ်** နှင့် **ကာရာ မာဇော့ ညီအစ်ကိုများ**တို့ ပြန်ဆိုပြီးစီးပြီး ထုတ်ဝေရန် စီစဉ်လျက် ရှိသည်။ **မိုးဇော်ဟိန်း** အမည်ဖြင့် လုံးချင်းဝတ္ထုများ ဘာသာ ပြန်ဆိုခဲ့သည်။ မင်းကျော်နှင့် တွဲပြီး **မလိခ** ကလောင်အမည်ဖြင့် **မြန်မာဝတ္ထုအညွှန်း**များ ရေးသားခဲ့သည်။ **ကမ္ဘာ့ဝတ္ထုအညွှန်း** ကိုလည်း ပြုစုခဲ့သည်။

ရာပြည့်စာအုပ် ၁၁၁

# မိမိနှင့် စာရေးဆရာများ

[ တောအကြောင်း၊ တောင်အကြောင်း ]

နတ်နွယ်

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)

[ ၁၊ ဖေဖော်ဝါရီ၊ ၂၀၀၀ ]

စာမူခွင့်ပြုချက်အမှတ်  [ ၇၄၆ /၉၇ (၁၁) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်  [ ၄၃၈ /၉၉ (၈) ]

❑

ပုံနှိပ်ခြင်း

ပထမ အကြိမ်

( ၁၊ ဖေဖော်ဝါရီ၊ ၂၀၀၀ )

အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ

ဦးတင်မောင်ဝင်း[၀၅၉၄၆]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ

ဦးလှကြိုင်[၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်

အေဇက်

❑

စာအုပ်ချုပ်

ကိုမြင့်

❑

မျက်နှာဖုံး ပန်းချီ

ကျော်မင်းမောင်

❑

တန်ဖိုး

၆၅၀ ကျပ်

# မာတိကာ


| | |
|---|---|
| – အပိုင်းအစများ စုစည်းခြင်း | ၇ |
| ၁။ မိမိနှင့် မို့ဝေ | ၉ |
| ၂။ မိမိနှင့် မင်းကျော် | ၁၆ |
| – တြိဂံ၊ မျဉ်းပြိုင်နှစ်ခု၊ မျဉ်းဖြောင့်တစ်ကြောင်း | ၃၅ |
| – မိမိနှင့် မလိခ | ၄၅ |
| ၃။ မိမိနှင့် လင်းယုန်သစ်လွင် | ၄၈ |
| – သခ်ါရတော့ သခ်ါရပါပဲ၊ ဒါပေမဲ့… | ၅၉ |
| ၄။ မိမိနှင့် တင့်ဆန်း | ၆၃ |
| ၅။ မိမိနှင့် တင်စိုး | ၈၀ |
| ၆။ မိမိနှင့် အညာက စာရေးဆရာများ | ၉၀ |
| ၇။ မိမိနှင့် လင်းယုန်နီ | ၉၉ |
| ၈။ မိမိနှင့် ဇန်းမော်တင်အောင် | ၁၀၆ |
| ၉။ မိမိနှင့် ဒဂုန်တာရာ | ၁၁၂ |
| ၁၀။ မိမိနှင့် မောင်နေဝင်း | ၁၂၂ |
| – ရေရိုင်း မြေရိုင်းကို ကျောခိုင်းသွားချေပြီ | ၁၃၂ |
| ၁၁။ မိမိနှင့် ဝင်းဦး | ၁၃၇ |
| – သူနှင့် သူ့လက္ခဏာ၊ ပြီးတော့ မိမိနှင့် ပတ်သက်မှု | ၁၄၉ |
| – ကြွေပြီးမှ ပွင့်သောနှင်းဆီ | ၁၅၉ |
| ၁၂။ မိမိနှင့် ကျော်အောင် | ၁၆၃ |
| ၁၃။ မိမိနှင့် မြသန်းတင့် | ၁၆၈ |
| – ဓားတောင်အလွန်၊ မီးပင်လယ်ရဲ့ ဟိုမှာဘက် | ၁၇၄ |
| ၁၄။ မိမိနှင့် နေသွေးနီ | ၁၈၃ |
| ၁၅။ မိမိနှင့် သော်တာဆွေ | ၁၈၉ |
| ၁၆။ မိမိနှင့် ညွန့်ကြူး | ၁၉၅ |
| – ကံ့ကော်တန်းက စိန်ပန်းပြာတစ်ပွင့် | ၂၀၈ |

၁၇။ မိမိနှင့် ဆင်ဖြူကျွန်းအောင်သိန်း ၂၁၃
၁၈။ မိမိနှင့် သိန်းဖေမြင့် ၂၂၀
၁၉။ မိမိနှင့် ဂျာနယ်ကျော်မမလေး ၂၂၈
၂၀။ မိမိနှင့် ဂျာနယ်ကျော်တင့်ဆွေ ၂၃၅
၂၁။ မိမိနှင့် ပါရဂူ ၂၄၁
၂၂။ မိမိနှင့် ရန်အောင် ၂၄၈
၂၃။ မိမိနှင့် သန်းဆွေ ၂၅၅
၂၄။ မိမိနှင့် ဆရာကြီးများ ၂၆၅
– ဆရာကြီး သခင်ကိုယ်တော်မှိုင်း ၂၆၅
– ဒဂုန်ရွှေမျှား ၂၇၀
– ရွှေဥဒေါင်း ၂၇၆
– စစ်ကိုင်း ဦးဘိုးသင်း ၂၇၉
– ဆရာဇေယျ ၂၈၆
– ဒဂုန် နတ်ရှင် ၂၈၈
– ရှုဝ ၂၉၁
– ဆရာဇော်ဂျီ ၂၉၅
၂၅။ မိမိနှင့် လေးမြင့် ၃၀၁
၂၆။ မိမိနှင့် ဒေါင်းနွယ်ဆွေ ၃၀၇
၂၇။ မိမိနှင့် တက်တိုး ၃၁၂
၂၈။ မိမိနှင့် သုခ ၃၁၈
၂၉။ မိမိနှင့် ငွေဥဒေါင်း ၃၂၆
၃၀။ မိမိနှင့် နန္ဒ၊ နန္ဒမိတ်၊ နန္ဒသူ ၃၃၄
၃၁။ မိမိနှင့် တင်အေး (ရှမ်းပြည်) ၃၄၂
၃၂။ မိမိနှင့် မိုးမိုး(အင်းလျား) ၃၄၉
၃၃။ မိမိနှင့် လင်းယုန်မောင်မောင် ၃၇၂
၃၄။ မိမိနှင့် မောင်သွေးသစ် ၃၇၈
၃၅။ မိမိနှင့် စိန်ခင်မောင်ရီ ၄၀၈
၃၆။ မိမိနှင့် မောင်သက်နှောင် ၄၁၄
၃၇။ မိမိနှင့် ချစ်ဝင်းညွှန့် ၄၁၉
– အညွှန်း ၄၃၃

# အပိုင်းအစများ စုစည်းခြင်း

မိမိ စိတ်ကူးပေါက်လျှင် ပေါက်သလို၊ မိမိရင်မှာ ရိုက်ခတ်ခြင်းဖြစ်လျှင် ဖြစ်သလို ဟိုတစ်ပိုင်း သည်တစ်စ ရေးထားသည်ကို ယခု စုစည်း တင်ပြလိုက်ပါသည်။ **တောအကြောင်း တောင်အကြောင်း** ခေါင်းစဉ် အောက်တွင် ရေးထားသည်များ ဖြစ်သည်။

**တောအကြောင်း တောင်အကြောင်း** ကို ပထမ လုမြင့် ကလောင်နာမည်ဖြင့် ရေးသားခဲ့သည်။ **မိုးဝေစာပေမဂ္ဂဇင်း**မှာပင် ဖြစ်သည်။ မိုးဝေကို ဒုတိယအကြိမ် မိမိ တာဝန်ယူ လုပ်ဆောင် သောအခါတွင်မှ **နတ်နွယ်** အမည်ဖြင့် ရေးသားခြင်း ဖြစ်သည်။ ပထမဆုံး ဆောင်းပါးမှာ ၁၉၆၇ ဩဂုတ်လတွင် ပါရှိသော "ဩဂုတ်လ အလွမ်းပြေ" ဖြစ်သည်။ စာရေးဆရာ မိုးဝေအကြောင်းနှင့် မိုးဝေမဂ္ဂဇင်းအကြောင်း၊ မိမိနှင့် ပတ်သက်သည်များပင်။ သို့ဖြင့် "ဩဂုတ်လ အလွမ်းပြေ"ကို ဤစာစုတွင် "မိမိနှင့် မိုးဝေ"ဟု ခေါင်းစဉ် ပြောင်းလိုက်ပါသည်။

**တောအကြောင်း တောင်အကြောင်း** ခေါင်းစဉ်က ကျယ်ပြန့် သည်။ လွတ်လပ်သည်။ စိတ်ကူးတည့်ရာ၊ အကြောင်းသင့်ရာများကို ရေးခဲ့သည်။ စာပေမဂ္ဂဇင်း အကြောင်းလည်း ပါသည်။ ခရီးသွား မှတ်တမ်းများလည်း ပါသည်။ ပြန်လည် တသ ချက်များလည်း ပါသည်။ စာအုပ်ဝေဖန်ချက်များလည်း ပါသည်။ စာရေးဆရာများ အကြောင်းလည်း ပါသည်။

စာရေးဆရာများအကြောင်း ရေးသားရာတွင် ခေါင်းစဉ်တစ်ခု ထပ်ပြီး ပေးခဲ့သည်က **မိမိနှင့် စာရေးဆရာများ**။ ခေါင်းစဉ် ပေးထား

ရာပြည့်စာအုပ်တိုက်

သည်နှင့်အညီ စာရေးဆရာ တစ်ယောက်အကြောင်း ရေးသားရာတွင် ထိုစာရေးဆရာအကြောင်းလည်း ပါမည်။ မိမိအကြောင်းလည်း ပါမည်။ ထိုစာရေးဆရာနှင့် မိမိ ထိတွေ့မှုများလည်း ပါမည်။ ထိတွေ့မှု ဆိုရာ၌ လူချင်း ထိတွေ့မှုပါသလို၊ စာချင်း ထိတွေ့မှုလည်း ပါမည်။ ထိုမှျမက ဆက်နွယ်နေသော စာပေနှင့် စာပေလောက အကြောင်းလည်း ပါရှိမည်။

၁၉၆၇ ဩဂုတ်လမှ စပြီး ၁၉၉၂ ဇူလိုင်လအထိ ခေါင်းစဉ် ၃၇ ခု တပ်ပြီး ရေးခဲ့ ရာတွင် တကယ်တော့ စာရေးဆရာ ၃၇ ယောက် မကပါ။ တချို့ခေါင်းစီးက စာရေးဆရာ အများနှင့် ဆိုင်ပါသည်။ ဥပမာ – **မိမိနှင့် အညာက စာရေးဆရာများ၊ မိမိနှင့် ဆရာကြီးများ**။ ထို့ပြင် **နန္ဒ၊ နန္ဒမိတ်၊ နန္ဒသူ**မှာလည်း စာရေးဆရာ သုံးယောက် အကြောင်း ဖြစ်ပါသည်။

သူတို့အကြောင်း မိမိ ရေးခဲ့သည်မှာ အစမှ ရေတွက်လျှင် နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ ဖြစ်၍၊ အချို့မှာ သင်္ခါရ သဘောထရားအရ ကွယ်လွန်ကုန်ကြပြီ ဖြစ်သည်။ **အညာက စာရေးဆရာများနှင့် ဆရာကြီး**များ ခေါင်းစဉ်တွင် ပါရှိသူ ၁၀ ဦးခန့် ကွယ်လွန်ပြီး၊ ခေါင်းစဉ်တပ်ပြီး ရေးသားသူ ၃၇ ဦးအနက် ၂၃ ဦး မရှိတော့ပြီ။ အချို့ ကွယ်လွန်သူများ အကြောင်းကို သူတို့ကွယ်လွန်ချိန်တွင် ထပ်ပြီး ရေးသားဖြစ်ပါသည်။ ယင်းတို့ကိုလည်း ယခု တစုတစည်းတည်း ဖော်ပြလိုက်ပါသည်။

**မိမိနှင့် စာရေးဆရာများ**ကို ရေးသားရာတွင် ရေးသားချိန်တွင် ဖြစ်ပေါ်သည့် ခံစားမှုအတိုင်း ရေးသားသည်ဖြစ်၍၊ ယခု စုစည်း ထုတ်ဝေရာတွင် တစ်စုံတစ်ရာ ပြင်ဆင်ခြင်း မရှိပါ။ အချိန်အခါအရ ချန်လှပ်ထားခဲ့ရသည်များ အနည်းငယ်သာ ရှိပါသည်။ ယင်းကို စာဖတ်သူများ နားလည် ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မိမိ နှစ်ပေါင်း ၃၀ ကျော် ဟိုတစ်စ သည်တစ်စ ရေးထားသည်များကို စာတစ်အုပ်အဖြစ် စုစည်းထုတ်ဝေပေးသော ရာပြည့် စာအုပ်တိုက်ကို အထူး ကျေးဇူးတင်ရှိပါသည်။

**နတ်နွယ်**

၅၊ ၂၊ ၉၈

# မိမိ နှင့် မိုးဝေ

ထိုနေ့က မိုးတွေ ဝေနေသည်။ ဒီဇင်ဘာလတွင် နှင်းပွင့်ကလေးတွေ ဝေသလို၊ ဩဂုတ်လတွင်လည်း မိုးပွင့်ကလေးတွေ ဝေနေသည်။ တစ်မိုးလုံး အုံ့ကာမှိုင်းနေသည်။ ရှစ်ခွင်တိုင်းသည် ဆွတ်ပျံ့လွမ်းမောဖွယ်ရာတည့်။

လှိုက်လှဲကြေကွဲသော ခံစားမှုများဖြင့် သံပြိုင်သီကြွေးလျက်ရှိသော စျာပနတေးသံသည် မိုးပွင့်များအကြားတွင် ငြိမ်သက်တိတ်ဆိတ် နေကြသူများ၏ နှလုံးသားအား ဆွဲငင် ဖမ်းစားလျက် ရှိသည်။

ယင်းသို့ဖြင့် ကျွန်ုပ်တို့သည် ချစ်လှစွာသော မိုးဝေကို အပြီးအပိုင် ခွဲခွာကြရတော့သည်။

သူသည် ၁၉၆၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်ခဲ့ချေပြီတည်း။ သို့သော် သူ မသေပါ။ သူ သေပြီ မဟုတ်ပါ။

မိုးဝေ ( ၁၉၂၇–၆၇ )



၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလတွင် မိုးဝေမဂ္ဂဇင်း မွေးဖွားခဲ့သည်။ သူ၏အမည်၊ သူ ရေးသားခဲ့သော စာပေနှင့် သူ၏ ယုံကြည်ချက်တို့သည် ယနေ့တိုင် ရှင်သန်လန်းဆွင့်လျက် ရှိတော့သည်။

*

မိုးတွေဝေနေသော နေ့တစ်နေ့ပင် ဖြစ်သည်။ ကြာတော့ ကြာပြီ။ ကြာချေပြီ။ ဟို ၁၉၅၃ ခုနှစ်က ဖြစ်သည်။ လွန်ခဲ့သည့် ၂၈ နှစ်က ဖြစ်သည်။ နှစ်ပေါင်း ၃၀ ပြည့်တော့မည်။ ဘရွတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း) ရှိ စုံထောက်ဝတ္ထု မဂ္ဂဇင်းတိုက်သို့ မိမိ ရောက်ရှိသွားသည်။ ကွယ်လွန်သူ စာရေးဆရာတင့်ထူးနှင့်အတူ ဖြစ်သည်။

သည်မှာ မိုးဝေနှင့် တွေ့ရသည်။

သူနှင့် ပထမဆုံး တွေ့ရသည်တော့ မဟုတ်။ ထုတ်ဝေသူ ဦးဆန်နီ၊ တာဝန်ခံ အယ်ဒီတာ တင့်ဆန်းတို့နှင့် အရင်တွေ့ရသည်။ မိုးဝေက သည်အချိန် မလာသေး။

မိမိ ရောက်သွားသည့်အချိန်က နည်းနည်းစောနေသည်။ သူက ညနေ နှစ်နာရီ သုံးနာရီတွင်မှ မဂ္ဂဇင်းတိုက်သို့ လာသည်။ တိုက်သို့ရောက်လျှင် သူ စာရေးသည်။ မဂ္ဂဇင်းကိစ္စ ဆောင်ရွက်သည်။ ပြီးလျှင် ဘာလုပ်သနည်း။ ဦးဆန်နီထံမှ နေ့တွက် တောင်းသည်။ သည်တုန်းက နေ့တွက်နှင့် အလုပ်လုပ်ကြသည်။ နေ့တွက်နှင့် ရေးကြသည်။ တစ်နေ့ရေးမှ တစ်နေ့ စားရသည်ဟု ဆိုရမည်လား။

နေ့တွက်ရလျှင် ဘာလုပ်ကြသနည်း။ အားလုံးစုပြီး ရုပ်ရှင်ကြည့်ကြသည်။ ငါးမတ်တန်းမှာ တန်းစီကြသည်။ အဲသည်တုန်းက ကြည့်စရာ ရုံတွေကလည်း များသည်။ ကြည့်စရာ ကားတွေကလည်း များသည်။ တစ်နေ့တစ်ကား ကြည့်ကြသည်။

အဆာခံနိုင်အောင် တစ်ခုခု စားကြသည်။ ဆီချက်ခေါက်ဆွဲ စားသည်က များသည်။ တစ်ပွဲမှ ငါးမူးရယ်။ တစ်ခါတစ်ရံ ဝင်းဝင်းရုံဘေးက တရုတ်ဆိုင်မှာ ထမင်းစားကြသည်။ အဲသည်တုန်းက ဘဲကင် ခြောက်ဆယ့်ငါးပြားဖိုး ဝယ်လို့ရသည်။ ဟိုအကင် သည်အကင်ကလေးတွေက တစ်ပန်းကန်မှ တစ်မတ်ရယ်။

ဒါပါပဲ။ အဲသည်တုန်းက သည်လူစု အရက်မသောက်ပါ။ မိုးဝေ အရက်မသောက်သေးပါ။ သူ ဘာလုပ်သနည်း။ စာဖတ်သည်။ စာရေးသည်။ ရုပ်ရှင်ကြည့်သည်။

သူက စာအင်မတန်ဖတ်သည်။ ဘာတွေ ဖတ်သနည်း။ ပထမဆုံး သတင်းစာတွေ ဖတ်သည်။ သတင်းစာတွေမှာပါသည့် သတင်းတွေ၊ ဆောင်းပါးတွေ အားလုံးလောက်ကို သူ ဖတ်သည်။ အထူးသဖြင့် နေရှင်းသတင်းစာကို ကြော်ငြာကအစ ခေါင်းကြီးအထိ အစအဆုံး လျှောက်ဖတ်သည်။ နေရှင်းသတင်းစာမှ အင်္ဂလိပ်စာ အရေးအသားကို သူ သဘောကျသည်။ ထို့နောက် တိုင်းမဂ္ဂဇင်းကို သူ ဖတ်သည်။ တိုင်းမဂ္ဂဇင်း အရေးအသားကို သူ နှစ်သက်သည်။ သူကိုယ်တိုင်လည်း အင်္ဂလိပ်စာ

ရာပြည့်စာအုပ်တိုက်

အရေးကောင်းသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားရန် သူ မကြာခဏ ကြိုးဝါးခဲ့သည်။ အထ မမြောက်ခဲ့ပါ။ အခြေအနေ မပေးခဲ့ပါ။

အပတ်စဉ်ထုတ် ဂျာနယ်များ၊ စာစောင်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းများ အားလုံ လောက်ကို သူ ဖတ်သည်။ လုံးချင်းဝတ္ထုများကိုလည်း လက်လှမ်းမီသလောက် ဖတ်သည်။

အင်္ဂလိပ်ဘာသာထုတ် ဝတ္ထုများကို ဖတ်ရာတွင်လည်း စုံထောက်၊ လျှို့ဝှက် သည်းဖို၊ စွန့်စားခန်း ဝတ္ထုများကိုသာမက ဂန္ထဝင်ဝတ္ထုများနှင့် ခေတ်သရုပ်ဖော် ဝတ္ထု များကိုပါ ပေါက်ပေါက်ရောက်ရောက် ဖတ်သည်။

သည်လို များများဖတ်၍လည်း များများရေးနိုင်ခြင်း ဖြစ်သည်။ သူက ကလောင် **အမည်** အမျိုးမျိုးနှင့် စာအမျိုးမျိုး ရေးခဲ့သည်။

သူက ၁၉၄၆ ခုနှစ်ကတည်းက စာ စရေးခဲ့ခြင်း ဖြစ်သည်။ အသက် ၂၀ မပြည့်မီ ကတည်းက စာရေးခဲ့ခြင်း ဖြစ်သည်။ အသက် ၄၀ တွင် သူ ကွယ်လွန်သည်။

စာရေးသက် ၂၀ အတွင်းတွင် မိုးဝေ၊ ခင်မောင်ကြီး၊ မိုလ်သိန်းတန်၊ သက်မော်၊ နီလေးမောင်၊ ပါမောက္ခ ဦးသွင် ဟူသော ကလောင်အမည်များဖြင့် ဝတ္ထု၊ ဘာသာပြန်နှင့် ပညာရပ်ဆိုင်ရာ စာအုပ်ပေါင်း သုံးရာကျော် ရေးခဲ့သူ။ စာနယ်ဇင်းများတွင် ရေးခဲ့သည်မှာ ပုဒ်ရေ ခြောက်ရာကျော်သူ။ သူ၏ ပထမဆုံးသော တင်မောင်ဆွေဝတ္ထုတိုမှာ သွေးသောက် မဂ္ဂဇင်းတွင် ပါရှိသော **မျက်ရည်တစ်စက်** ဖြစ်သည်။ သူ၏ ပထမဆုံး လုံးချင်းမှာ **သိန်းလေးဆယ်** ဖြစ်သည်။

သူသည် တင်မောင်ဆွေဝတ္ထုများနှင့် ထင်ရှားခြင်း ရှိသလို၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေပြုသော **နော်ထားမူ** (၁၉၅၂)၊ ကွန်မင်တန် ကျူးကျော်မှု ဆန့်ကျင်ရေးကို အခြေပြုသော **သစ်ဦးသဇင်** (၁၉၅၃)။ ပဒေသရာဇ် ဆန့်ကျင်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးကို အခြေပြုသော **လှဲလှဲရောင်နီ** (၁၉၅၃) နှင့် **မောင့်သစ္စာရှင်** (၁၉၅၃) တို့သည်လည်း ထင်ရှားအောင်မြင်သည်။

သူ၏ထင်ရှားသော ဘာသာပြန်ဝတ္ထုများမှာ **အိုလီဗာတွစ်၊ စိမ်းလဲ့မြေလွှာ၊ ရှိုတမာ၊ ပါတီဝင်၊ ပင်လယ်ဝံပုလွေ** စသည်တို့ ဖြစ်သည်။

ထားတော့။

သူ စာများများ ဖတ်သည်။

သူ စာများများ ရေးသည်။

*

အဲသည်နေ့က သူ နည်းနည်း နောက်ကျသည်။ သုံးနာရီထိုးမှ ရောက်လာသည်။ သူ့ ပခုံးတွင် လွယ်လာသော ချည်လွယ်အိတ်အနွမ်းကလေးကို စားပွဲပေါ်သို့ ချလိုက်သည်။

ဒေါက်ခနဲ အသံမြည်သည်။ လွယ်အိတ်ထဲတွင် လေးလံသော အရာဝတ္ထုတစ်ခု ပါရှိသည်။ အလွတ်စုံထောက် တင်မောင်ဆွေ ပခုံးစလွယ်သိုင်းအိတ်ဖြင့် ကိုင်ဆောင်သော လျှူဂါ သေနတ် မဟုတ်ပါ။ နှစ်တောင့်ထိုး လက်နိပ်ဓာတ်မီးသာ ဖြစ်သည်။ သူက အိမ်အပြန် နောက်ကျမည်။ ကားဆိပ်မှနေ၍ သူ့အိမ်သို့ရောက်အောင် တော်တော်လေး လျှောက်ရ သည်။ လမ်းက ရှည်သည်။ လမ်းက မှောင်သည်။ လမ်းက ဆိုးသည်။ သို့သော် လမ်းအမည်က သုခ။

သူက ခရီးရောက်မဆိုက်ပင် လွယ်အိတ်ထဲက အင်္ဂလိပ်စာအုပ်တစ်အုပ် ထုတ် သည်။ စာအုပ်က ချိုးခေါက်လျက်သား ဖြစ်သည်။ ထို့နောက် မျဉ်းကြောင်း မပါသော ဖူးစကက်စက္ကူ အဝါတွေကို ထုတ်သည်။ စက္ကူတွေက တွန့်ကြေနေသည်။ ထို့နောက် ရှက်ဖာ ဖောင်တိန်အနက်ကိုထုတ်ပြီး စာရေးတော့သည်။

သည်တွင်မှ ဦးဆန်နီနှင့် ကိုတင့်ဆန်းတို့က မိမိကို သူနှင့် မိတ်ဆက်ပေးသည်။ သူက စာရေးနေရာက မိမိကို ကြည့်သည်။ မိမိကို နှုတ်ဆက်သည်။ လှိုက်လှဲဖော်ရွေစွာ နှင့် ဖြစ်သည်။ သို့သော် စာရေးကား မပျက်ချေ။

သည်ကား သူ့အကျင့် ဖြစ်သည်။

သူ စာရေးသည့်အကျင့် ဖြစ်သည်။

သူက စကားပြောရင်း စာရေးတတ်သည်။ စာရေးရင်း စကားပြောတတ်သည်။

ခဏကြာသောအခါ သူက ဦးဆန်နီကို ပြောသည်။

'လက်ဖက်ရည်တိုက်ဗျာ ဆာပြီဗျ။ ဒီမှာ ညှော်သည်လည်း ရောက်နေတယ်၊ သွား သွား သွားမယ်။ လက်ဖက်ရည်ဆိုင် သွားကြမယ်'

သူ စကားပြောလျှင် ထစ်သည်။

ဦးဆန်နီက ရွှေသွားများပေါ်အောင် တဟဲဟဲရယ်ကာ–

'သွားမှာပေါ့ဗျာ၊ ခင်ဗျားက ရောက်လာရင် စာမှ မရေးရသေးဘူး။ လက်ဖက် ရည် သောက်ဖို့ပဲ'

သူနှင့် ဦးဆန်နီ အင်မတန်ရင်းသည်။ ညီအစ်ကိုလို ရင်းသည်။ သူတို့နှစ်ယောက် တွဲလာကြသည်မှာလည်း ကြာပြီ။ စီးပွားဖက်တွေ ဖြစ်ကြသည်။ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ကြသည်။ ခေတ်ပြင်စာပေတိုက်ကို တည်ထောင်ခဲ့ကြသူများလည်း ဖြစ်သည်။

လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။ သူက ရေးလက်စ စာရွက်များနှင့် မှိုငြမ်းပြု သော စာအုပ်ကို ယူခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင် စကားပြောကြသည်။ သူက စကားပြောရင်း၊ လက်ဖက်ရည်သောက်ရင်း၊ မုန့်စားရင်း စာကို ဆက်ရေးသည်။

'ဒီမှာ ဒီမှာ၊ ခင်ဗျား သူ့ကို ထမင်းမကျွေးဘူးလား။ သူက နယ်ကလာတဲ့ စာရေးဆရာဗျ'

ခဏကြာသောအခါ သူက ပြောသည်။

ဦးဆန်နီ သွားကြီးဖြဲလျက်–

'ဟဲ ဟဲ ဟဲ ကျေးမှာပေါ့ဗျာ၊ ခင်ဗျား စာကိုသာ ပြီးအောင်ရေးပါ'

ထိုညက ဦးဆန်နီ ထမင်းကျွေးသည်။

ထိုမှုမက ရုပ်ရှင်ပြသည်။

ထိုမှုမကသေး။

'ခင်ဗျား…ခင်ဗျား သူ့ကို စာမူခ ပေး… ပေး'

အယ်ဒီတာချုပ်က စာမူခပေးရန် ပြောသည်။

ထုတ်ဝေသူက ပေးရသည်။

မိမိအဖို့ ပထမဆုံး ရသော စာမူခ။

ထိုအချိန်က မိမိသည် စုံထောက်မဂ္ဂဇင်းတွင် စာမူသုံးလေးပုဒ် ပါပြီးပြီ ဖြစ်သည်။ ရန်ကုန်သို့ ရောက်တော့မှ ပထမဆုံးအကြိမ် စာမူခ ရရှိခြင်း ဖြစ်သည်။

သို့သော် သူတို့အားလုံးသည် မိမိအပေါ်တွင် စေတနာ ရှိကြသည်။ အားပေးကြသည်။ ကူညီကြသည်။

မိမိကို ရန်ကုန်တွင် နေထိုင်ရန် အကြံပေးကြသည်။ စုံထောက်မဂ္ဂဇင်းတွင် လုပ်ကိုင်ရန် ပြောကြသည်။ သူတို့နှင့်အတူ လုပ်ကိုင်နေထိုင်ရန် ဖိတ်ခေါ်ကြသည်။

ဘာ စဉ်းစားစရာ လိုသေးသနည်း။

မိမိ မန္တလေးသို့ ပြန်သည်။ ရက်ပိုင်းအတွင်းမှာပင် ရန်ကုန်သို့ ပြန်လာသည်။ တစ်ဖက်က ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်သည်။ တစ်ဖက်က စုံထောက်မဂ္ဂဇင်းတွင် စာရေးသည်။ စုံထောက်မဂ္ဂဇင်းတိုက်တွင် အလုပ်လုပ်သည်။ တစ်နေ့လျှင် နှစ်ကျပ်။

ယင်းသို့ဖြင့် သူနှင့် လက်တွဲခဲ့ရသည်။ သူနှင့် ရင်းနှီးခဲ့ရသည်။

*

၁၃၅၆ ခုနှစ်တွင် သူနှင့် ခေတ္တ ခွဲခွာရသည်။ မိမိ အိမ်ထောင်ကျသည်။ မန္တလေးသို့ ပြန်လာသည်။ ရန်ကုန် ပြန်ရောက်သည်။ ငြိမ်းစာပေတွင် လုပ်သည်။ ပြည်တော်သစ်ဂျာနယ်တွင် လုပ်သည်။ အမျိုးသားသတင်းစာတွင် လုပ်သည်။ ကိုတင်အောင် မစန်းစာပေတွင် လုပ်သည်။ လျှို့ဝှက်သည်းဖို မဂ္ဂဇင်းတွင် လုပ်သည်။

သည်အတွင်းဝယ် သူနှင့် တွေ့သည့်အခါလည်း ရှိ၊ မတွေ့သည့် အခါလည်းရှိ။

၁၃၆၂ ခုနှစ်တွင် သူနှင့် ပြန်လည်ပေါင်းဆုံရသည်။ စုံထောက်မဂ္ဂဇင်းကို မြစာပေက တာဝန်ခံ ထုတ်ဝေသောအခါ မိမိ ပါဝင်ရသည်။

ထိုမှစ၍ သူနှင့် တောက်လျှောက်တွဲရသည်။ စုံထောက်မဂ္ဂဇင်းကို သူနှင့်မိမိတို့ တာဝန်ခံ ထုတ်လုပ်ရသည်။ သူက အယ်ဒီတာချုပ်။ မိမိက တာဝန်ခံအယ်ဒီတာ။

သို့သော် သူက မဂ္ဂဇင်းလုပ်ငန်းများကို မိမိအား လွှဲထားသည်။ သူက စာရေးသည်။ စာဖတ်သည်။ သို့သော် ရုပ်ရှင်အကြည့် ကျဲသွားသည်။ မိတ်ဆွေများနှင့် အနေများသည်။

သူက လူတွေကို ခင်သည်။

လူတွေကလည်း သူ့ကို ခင်သည်။

သူက မည်သူ့ကိုမျှ မုန်းသည် မရှိ။

သည်တော့ သူနှင့် လူတွေနှင့် လုံးထွေးလျက် ရှိသည်။

သူက ပျော်ကာတတ်သည်။

သူတစ်ပါးအတွက်လည်း ပျော်တတ်သည်။

အထူးသဖြင့် သူ ခင်မင်သူများအတွက် ပိုပြီး ပျော်တတ်သည်။ ပိုပြီး ဝမ်းသာတတ်သည်။ သည်တော့လည်း သူနှင့်အတူ ပျော်ရွှင်ကြည်နူးရပါသည်။

သည်အကြောင်းကို ပြောရမည်ဆိုလျှင် တစ်ခုသော ဩဂုတ်လ။

*

ထိုနေ့ကလည်း မိုးတွေ ရွာနေသည်။

ဩဂုတ်လ ၁ ရက်နေ့ ဖြစ်သည်။ ပုဂံစာအုပ်တိုက် နှစ်လည်နေ့ ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း ပုဂံနှစ်လည်နေ့ ကျင်းပသည်။ ပုဂံနှစ်လည်စာအုပ် ထုတ်ဝေသည်။ စာရေးသူများနှင့် မိတ်ဆွေများကို ဖိတ်ကြားပြီး ကျွေးမွေးဧည့်ခံသည်။ ခြိမ့်ခြိမ့်သဲပင် ဖြစ်သည်။

ပုဂံနှစ်လည်နေ့တွင် စာရေးဆရာများ၊ စာပေမိတ်ဆွေများ ဆုံကြသည်။ စကားပြောကြသည်။ ဆွေးနွေးကြသည်။ ပျော်ပျော်ပါးပါး စားသောက်ကြသည်။

ထိုနှစ်က ပုဂံနှစ်လည် စာအုပ်မှာ မိမိ၏ **မြန်မာပြည်မြောက်ပိုင်း** ဖြစ်သည်။ ထိုနေ့တွင် လာရောက်သူများကို စာအုပ်လက်ဆောင်ပေးသည်။

သို့သော် မိုးဝေသည် စာအုပ်ကို ကြိုတင် ရရှိခဲ့ပြီး ဖြစ်သည်။ ထို့မျှမက ကြိုတင် ဖတ်ရှုပြီးလည်း ဖြစ်သည်။

သူက **မြန်မာပြည်မြောက်ပိုင်း**ကို ဝေဖန်သည်။ မိမိကို ဝေဖန်သည်။ ထို့နောက် မိမိကို အားပေးချီးကျူးသည်။ ထုတ်ဝေသူကို အားပေးချီးကျူးသည်။

သူ ပျော်ရွှင်သည်။

သူက ပုဂံစာအုပ်တိုက်နှင့် **မြန်မာပြန်မြောက်ပိုင်း**အတွက် ပျော်ရွှင်စွာ စားသောက်ကြပါရန် ဆန္ဒပြုသည်။

ထို့နောက် ပျော်ရွှင်စွာ သီချင်းဆိုကြရန် ပြောသည်။ ပျော်ရွှင်စွာ ကခုန်ကြရန် ပြောသည်။ သည်တော့ မည်သူမျှ မငြင်းသာ။ အားလုံးပင် ပျော်ရွှင်ရင်းနှီးစွာ သီဆိုကခုန်ကြရသည်။

သည်တွင် အားလုံး ပျော်ကြရသည်။ ဝမ်းသာကြရသည်။ အမှတ်တရ ဖြစ်ကြရသည်။

နောက်နှစ် ဩဂုတ်လတွင် သူ ကွယ်လွန်သည်။

*

ယခု သူ မရှိတော့။ သို့သော် သူ့ကို အထိမ်းအမှတ်ပြုသော မိုးဝေမဂ္ဂဇင်း ရှိနေ၍ ဖြေသာသည်။ မဖြေသာသည့် အကြောင်းတစ်ခုကတော့ ပုဂံစာအုပ်တိုက်နှင့် ပုဂံစာအုပ်ထုတ်ဝေသူ။

ပုဂံစာအုပ်တိုက်ကို တည်ထောင်ထုတ်ဝေခဲ့သူ မောင်ကိုဦးလည်း ကွယ်လွန်ခဲ့ချေပြီ၊ မိုးတွေ ဝေနေသော ဩဂုတ်လများတွင် ပုဂံနှစ်လည်ပွဲ မကျင်းပခဲ့သည်မှာလည်း ကြာချေပြီ။ ထို့အတူ ပုဂံစာအုပ်များ ထွက်ပေါ်မလာသည်မှာလည်း ကြာတော့ကြာချေပြီ။

ဩဂုတ်လသည် လွမ်းမောဖွယ်ရာပင် ဖြစ်တော့သည်။

( မူရင်းအမည် “ဩဂုတ်လ အလွမ်းပြေ” )

[ မိုးဝေ၊ ဩဂုတ်၊ ၁၉၈၁]

# မိမိ နှင့် မင်းကျော်

၁

မိမိတို့နှစ်ယောက်တွင် တူညီသည့် အချက်တွေ ဘယ်လောက်များပြီး၊ မတူညီသည့် အချက်တွေ ဘယ်လောက် ရှိသနည်းတော့ မသိ။ မိမိတို့နှစ်ယောက် ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် ပေါင်းဖွဲ့လာကြသည်မှာတော့ ယခုနှစ် ဇွန်ဆိုလျှင် အနှစ် သုံးဆယ် တင်းတင်း ပြည့်ချေပြီတည်း။ အံ့သြဖွယ်ရာ ဟုတ် မဟုတ်ကား မသိချေ။

၁၉၅၃ ဇွန်လ ပထမဆယ်ရက်၏ တစ်ညနေ။

မိမိ ရန်ကုန်ရောက်သောနှစ်ပင် ဖြစ်သည်။ ရောက်ခါစပင် ဖြစ်သည်။ ဇွန်လ တစ်ရက်တွင် ကျောင်းဖွင့်မည် ဖြစ်သဖြင့် မေလ မကုန်မီမှာပင် အထုပ်တွေ အပိုးတွေနှင့် ရန်ကုန်ရောက်ရသည်။ သို့ရာတွင် ကြိုတင်ပြင်ဆင်ထားသော အစီအစဉ် ဘာမျှမရှိ။ အာမခံချက် ဟူ၍လည်း ဘာမျှမရှိ။ ဘယ်မှာတည်း၍ ဘယ်မှာနေရမည် မသိ။

ယင်းကြောင့်ပင် ရန်ကုန်ရောက်သည့်ညက ပလက်ဖောင်းပေါ်မှာ အိပ်ခဲ့ရသည်။ ရန်ကုန်ဘဝ၏ အစပင်တည်း။ စာရေးဆရာ ဖြစ်ချင်သူတစ်ဦး၏ ပဏာမ ခြေချတည်း။

မင်းကျော် ( ၁၉၃၃–၉၁ )



သည်လိုတော့ ရှိသည်။

ထိုနှစ် မေလထဲမှာပင် ရန်ကုန်သို့ တစ်ခေါက် ရောက်ခဲ့သေးသည်။ ထို တစ်ခေါက်ကား မိမိအနေနှင့် ရန်ကုန်သို့ ဒုတိယအကြိမ် ရောက်ရှိဖူးခြင်းပင် ဖြစ်သည်။

ပထမအကြိမ် ရောက်ရှိခဲ့ခြင်းမှာ အတော်ကလေး စောသည်၊ သည့်အရင် ငါးနှစ် လောက်က ဖြစ်သည်။ ၁၉၄၉ ဟုပဲ ဆိုပါတော့။ သည်တုန်းက မိမိ၏အသက် ၁၆ နှစ်ပဲ ရှိသေးသည်။ ၁၀ တန်းကျောင်းသား ဖြစ်သည်။ သို့သော် ထိုနှစ်က ကျင်းပမြဲဖြစ်သော မတ်၊ ဧပြီတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ မစစ်ဖြစ်ပါ။ တိုင်းပြည်၏ အခြေအနေ မငြိမ်သက်သောကြောင့် ဖြစ်သည်။

စာမေးပွဲတွေ ဘယ်တော့ စစ်မည်မသိ။ ကျောင်းတွေ ဘယ်တော့ ဖွင့်မည်မသိ။ တစ်တိုင်းပြည်လုံး ဗရုန်းသုန်းကား။ ကျောင်းသားလူငယ်တွေလည်း ကစဉ့်ကလျား။

မိမိနှင့် မိမိသူငယ်ချင်းတစ်ယောက် အိမ်မှ ထွက်ပြေးကြသည်။ လက်ဖက် ခြောက် အိတ်တွေ တင်သော ကုန်ကားကြီးတစ်စီးနှင့် ရန်ကုန်သို့ လိုက်ပါသွားကြ သည်၊ သည်တုန်းက မန္တလေးမြို့ကိုလည်း တောတွင်း လက်နက်ကိုင်အဖွဲ့တွေ သိမ်းထား သည်၊ တစ်လမ်းလုံးလည်း တောတွင်းလက်နက်ကိုင်တွေ ဖြစ်သည်။ မှော်ဘီကို ရောက်မှ ပင် အနိုးရောပ်နှင့် တွေ့ရသည်။ မိမိတို့၏ စိတ်ကူးမှာ ရန်ကုန်သို့ရောက်လျှင် ပင်လယ် ကူး သင်္ဘောကြီးတစ်စင်းနှင့် နိုင်ငံခြားသို့ လိုက်ပါသွားကြရန် ဖြစ်သည်။ သို့သော် အကြံအစည် အထမမြောက်ဘဲ ရန်ကုန်တွင် တစ်ညအိပ်ပြီး မန္တလေးသို့ ပြန်ခဲ့ရသည်။ မိမိ၏ သူငယ်ချင်း ခင်မောင်စိုးမှာမူ ယခုအခါတွင် အမေရိကန်ပြည်ထောင်စု၌ နေထိုင် လျက် ရှိသည်။

မိမိသည် ရန်ကုန်မြို့တွင် တစ်နေ့တာ နေထိုင်ခဲ့ရစဉ် အတွင်းတွင် နေရာ နှင်းနေရာသို့ မဖြစ်မနေ ရောက်ရှိအောင် သွားခဲ့သည်။ တစ်နေရာက ရွှေတိဂုံဘုရား၊ တစ်နေရာက ရှမဝ။

ထိုစဉ်က ရှမဝမဂ္ဂဇင်းတိုက်သည် ဗိုလ်ချုပ်ဈေးတွင် ဖြစ်သည်။ “အမှတ် ၁၄၆၊ ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း၊ ရန်ကုန်မြို့” ဟူသော လိပ်စာကို ခေါင်းထဲတွင် အမှတ်ရနေသည်။ စာမူတွေ ပို့ဖန်များခဲ့၍ ဖြစ်သည်။ ရွေးချယ်ခံရခြင်းကား မရှိ။ ဆရာတင့်တယ် ထံမှ မှတ်ချက်နှင့် ပြန်ကြားစာတို့ကိုသာ ရရှိခဲ့သည်။

ရှမဝ ဟူသော ဆိုင်းဘုတ်ကလေးကို မြင်ရသောအခါ ရင်ခုန်ရသည်။ သို့သော် တိုက်တွင်းသို့ကား မဝင်ခဲ့ပါ။ ဝင်ရန်အကြောင်းလည်း မရှိခဲ့ပါ။ စောင်းငဲ့စောင်းငဲ့ဖြင့်သာ ဖြတ်ကျော်သွားရသည်။ အထဲမှာ လူသုံးလေးယောက်တော့ မြင်သည်။ ဆရာတင့်တယ်ပဲ လား၊ ဆရာသန်းဆွေပဲလား၊ ရှမဝ ဦးကျော် ဆိုတာများလား။ ဆရာငွေဥဒေါင်းဆိုတာ လည်း ဖြစ်ချင် ဖြစ်မည်။ ဆရာသော်တာဆွေ ဆိုတာလည်း ဖြစ်ချင် ဖြစ်မည်။ ဒါပေမဲ့

တစ်ယောက်မှတော့ ဟုတ်မည် မထင်ပါ။ မဂ္ဂဇင်းများတွင် တွေ့မြင်ဖူးသော သူတို့၏ ရုပ်ပုံများနှင့် မတူပါ။ အခြား တိုက်သူတိုက်သားများသာ ဖြစ်ကြပါလိမ့်မည်။

သည်လိုနှင့်ပင် ပထမတစ်ခေါက် ပြီးခဲ့သည်။

ဒုတိယအခေါက်တွင်ကား သည့်ထက် အများကြီး အခြေအနေ ကောင်းမွန်သည်။ မိမိ၏ စာမူများလည်း ဟိုမှာသည်မှာ ပါနေပြီ။ စာရေးသက် သုံးနှစ်ရှိပြီဟုပင် ပြောနိုင်သည်။ မိမိ၏ ပထမဆုံး ပုံနှိပ်စာမူက ၁၉၅၀ ပြည့်နှစ် ဇွန်လ နှစ်ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ မဂ္ဂဇင်းကဏ္ဍတွင် ပါရှိသော "ကျောင်းသူမ" ဟူသည့် ကဗျာကလေးပင် ဖြစ်သည်။သည်တုန်းက ဟံသာဝတီတွင် အများဆုံးလောက် ရေးနေကြသူများကား တင့်လွန်း၊ တင့်ထူးနှင့် စစ်ကိုင်းနွယ်မြင့် စသူတို့ ဖြစ်ကြသည်။ စစ်ကိုင်းနွယ်မြင့်၏ ကဗျာကလေးတွေက အထူးပင် ချိုလွင်လှသည်။ တင့်လွန်း၏ "ရန်ကုန်မိုးနှင့် ရန်ကုန်သူ" ဟူသော စာညွှန့်ကလေးကို ယခုတိုင် အမှတ်ရနေမိသည်။

ကလောင်စုံမဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်း၊ လူထုဂျာနယ်၊ တိုင်းသစ်ဂျာနယ်တို့တွင် မိမိ၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာနှင့် ပြဇာတ်များ ပါရှိသည်၊ ၁၉၅၂ နှစ်ဦးပိုင်းလောက်မှ အစပြု၍ လူထုဂျာနယ်နှင့် စုံထောက်မဂ္ဂဇင်းတို့တွင် မိမိ၏ ဆောင်းပါးများ၊ဝတ္ထုများ လစဉ်လောက်ပင် အဆက်မပြတ် ပါရှိနေသည်။ ယင်းကြောင့်ပင် ရန်ကုန်သို့ ဒုတိယအခေါက် မိမိ ရောက်ရှိသော အချိန်တွင် မိမိ၏စာမူ အပုဒ် ၃၀ မျှ ပုံနှိပ်ဖော်ပြပြီး ဖြစ်နေပြီ။ မဂ္ဂဇင်းဝတ္ထုရှည်ပင် သုံးပုဒ် ဖော်ပြပြီးနေပြီ။

ထို့အပြင်လည်း မိမိတွင် အသိအကျွမ်းနှင့် အဆက်အသွယ်များလည်း အတော်ကလေး ရရှိနေပြီ ဖြစ်သည်။ အထူးသဖြင့် စုံထောက်မဂ္ဂဇင်းတိုက်မှ မိုးဝေ၊ တင့်ဆန်း၊ ဝင်းနိုင် (မြန်မာ့အသံ ကျော်မင်း)၊ ကိုခင်ဝင်း (တိုက်အုပ်)တို့နှင့် စာချင်း ရင်းနှီးနေပြီ ဖြစ်သည်။ မန္တလေးမြို့သို့ လာရောက်ဖူးသော ကျောင်းသားခေါင်းဆောင်၊ လူငယ်ခေါင်းဆောင်များနှင့်လည်း အဆက်အသွယ် ရှိနေပြီ ဖြစ်သည်။

ရန်ကုန်မြို့သို့ ဒုတိယအကြိမ် မိမိ သွားရောက်ခြင်းမှာ "ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး"ညီလာခံသို့ တက်ရောက်ရန် ဖြစ်သည်။ ညီလာခံတွင် အသိအကျွမ်းများ တိုးရသည်။ ဌာနချုပ် ခေါင်းဆောင်များ၊ ရန်ကုန်ခရိုင် ခေါင်းဆောင်များ၊ မြစ်ဝကျွန်းပေါ်မှ ရဲဘော်များနှင့် ရင်းနှီးရသည်။ ထိုစဉ်က သိကျွမ်းခဲ့ရသူတစ်ဦးမှာ ကွယ်လွန်သူ ဖိုးကျော်မြင့် ဖြစ်သည်။ ဖြူဖြူသွယ်သွယ် လူငယ်တစ်ဦး ဖြစ်သည်။ နောင်တစ်ချိန်တွင် သူ့ကို မြန်မာစာဌာနမှ ထက်သန်တက်ကြွသော ရှေ့ဆောင်ဆရာ တစ်ဦးအဖြစ် ပြန်လည်တွေ့ရှိရသောအခါ အံ့သြရသည်။ ဝမ်းသာရသည်။ သူ ကွယ်လွန်ပြီ ဆိုသောအခါ ဝမ်းနည်းရပြန်သည်။

မိမိသည် ဗလစ ဌာနချုပ်သို့ သတင်းပို့ပြီးသည်နှင့် တစ်ပြိုင်နက် ပထမဆုံး

သွားရောက်သည့် ဌာနမှာ အမှတ် ၂၉၊ ဘရွတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း)ရှိ စုံထောက်မဂ္ဂဇင်းတိုက်ပင် ဖြစ်သည်။ ထိုတွင် ပိုင်ရှင်ဖြစ်သော ဦးဆန်နီ၊ အယ်ဒီတာများ ဖြစ်ကြသော မိုးဝေ၊ တင့်ဆန်း၊ တိုက်သို့ ဝင်ထွက်သွားလာနေကြသော စာရေးဆရာများ၊ ပန်းချီဆရာများနှင့် သိကျွမ်းရသည်။

မိမိ ရန်ကုန်မှာ ကျောင်းတက်ရင်း စာပေလောကသို့ ဝင်လိုသည်ဟု ပြောသော အခါ မိုးဝေ၊ တင့်ဆန်းနှင့် ဦးဆန်နီတို့က အားပေးကြသည်။ သူတို့ တတ်နိုင်သမျှ ကူညီမည်ဟု ဆိုသည်။ ထို့နောက် မိမိအတွက် ပထမဆုံးစာမူခ ငွေတစ်ရာကို မန္တလေး မြို့ ရဲရင့်စာပေတွင် ထုတ်ယူရန် လွှဲစာ ရေးပေးလိုက်သည်။ စာရေးသက် သုံးနှစ် ကြာမြင့်ပြီး၊ စာမူ အပုဒ်သုံးဆယ်မျှ ပုံနှိပ်ဖော်ပြ ပါရှိပြီးသည့် နောက်ပိုင်းတွင်မှ စာမူခ အဖြစ် ပထမဆုံးအကြိမ် စတင် ရရှိဖူးခြင်း ဖြစ်တော့သည်။

မည်သို့ဆိုစေ မိမိ ဝမ်းသာရသည်။ အားတက်ရသည်။ မျှော်လင့်ချက်များ ရှိလာရသည်။ ထို့ကြောင့် ညီလာခံပြီး၍ မန္တလေးသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ရန်ကုန်မြို့သို့ တတိယအကြိမ်အဖြစ် ပြန်လည်သွားရောက်ရန် ပြင်ဆင်ရတော့သည်။ ဤ အကြိမ် သွားရောက်ခြင်းသည် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားရန် ဖြစ်သော် လည်း မိမိ၏ အဓိက ရည်မှန်းချက်သည် စာပေလောကသို့ ရာနှုန်းပြည့် ဝင်ရောက်နိုင်ရန် ပင် ဖြစ်ပါသည်။

ပထမဆုံးညက ကံမကောင်း အကြောင်းမသင့်သဖြင့် ပါလာသော အိပ်ရာလိပ် ကလေးကို ခေါင်းအုံးပြီး သံသေတ္တာကလေးကို ရင်ဝယ်ပိုက်ကာ ဗိုလ်ချုပ်ဈေး အရှေ့ဘက် ဘန်း လှူသွားစင်္ကြံပေါ်တွင် အိပ်ခဲ့ရသော်လည်း၊ နောက်တစ်နေ့ နံနက်တွင်ကား မိတ်ဆွေများနှင့် တွေ့ရှိရသဖြင့် ရန်ကုန်ခရိုင် လူငယ်များအစည်းအရုံးတွင် ခေတ္တမျှ တည်းခိုရသည်။ ထို့နောက် လင်းယုန်သစ်လွင်က သူ့အိမ်တွင် လာရောက်နေထိုင်ရန် ခေါ်သဖြင့် ကျေးဇူးတင်ရှိစွာနှင့်ပင် သူ့အိမ်တွင် ပြောင်းရွှေ့နေထိုင်ရသည်။

ကျောင်းသို့ သွားရောက်သော အခါတွင်လည်း မိတ်ဆွေများက သူတို့ တတ်နိုင် သမျှ ဝိုင်းဝန်းကူညီကြသည်။ ထိုအထဲတွင် မောင်ကြာညို၏ အကူအညီက အဓိကပင် ဖြစ်တော့သည်။ လွယ်လွယ်ပြောရလျှင် သူက မန္တလေးမှ ဖြစ်သည်။ မန္တလေးသားတော့ မဟုတ်ပါချေ။ မန္တလေးတက္ကသိုလ်တွင် နေခဲ့ဖူးသူ ဖြစ်သည်။ သူ မန္တလေးတွင် ရှိခဲ့စဉ်က မောင်သာနိုးနှင့် တွဲခဲ့သည်။ မိမိနှင့် တွဲခဲ့သည်။ မိမိတို့သုံးယောက် တော်တော်ကလေး တွဲခဲ့ကြသည်။ ထို့နောက် သူသည် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့သွားသည်။ မိမိ ရောက်ရှိသွားသော အချိန်တွင် သူသည် ကျောင်းဆောင်တွင် နေထိုင်လျက် ရှိသည်။ ပင်းယ ၂၂ တွင် ဖြစ်သည်။ ထိုစဉ်က တစ်ခန်းလျှင် နှစ်ယောက် နေရသည်။ တံခါး သံကြိုးတွင် သော့ခလောက် နှစ်လုံး ထားရှိသည်။ သော့ခလောက် တစ်လုံးတွင် သော့

နှစ်ချောင်းရှိရာ မောင်ကြာညိုက သူ၏ သော့အပိုတစ်ချောင်းကို မိမိအား ပေးထားသည်။ သူတို့နှစ်ယောက်စလုံး မရှိသော အချိန်များမှာပင် မိမိသည် တံခါးသော့ကိုဖွင့်ပြီး သူတို့အခန်းမှာ နားနေနိုင်သည်။ မောင်ကြာညို၏ ခုတင်ပေါ်တွင် လဲလျောင်းပြီး စာဖတ်နိုင်သည်။ အိပ်နိုင်သည်။ မောင်ကြာညို၏ စားပွဲပေါ်မှ စားသောက်ဖွယ်ရာများကို စားနိုင်သည်။

ယင်းသို့ဖြင့် မိမိမှာ နေရေးထိုင်ရေးနှင့် ကျောင်းတက်ရေးကိစ္စများ အဆင်ပြေသွားပြီ ဖြစ်သည်။ စာပေလောကတွင် ခြေစုံချနိုင်ဖို့ပဲ ရှိတော့သည်။ ယင်းအတွက် မိမိ၏ ခြေကုပ်စခန်းမှာ စုံထောက်မဂ္ဂဇင်းပင် ဖြစ်တော့သည်။ ယင်းသို့ဖြင့် မိမိသည် စာသင်တန်းများ ပြီးသည်နှင့် တစ်ပြိုင်နက် မြို့ထဲသို့ ဆင်းသည်။ ညနေ နှစ်နာရီလောက် ဆိုလျှင် စုံထောက် မဂ္ဂဇင်းတိုက်သို့ မိမိ ရောက်ရှိနေပြီ ဖြစ်သည်။

မနက်ပိုင်းက ကျောင်းတွင် စာသင်ချိန်၊ ညနေပိုင်းက မဂ္ဂဇင်းတိုက်တွင် စာပေပညာ လေ့လာဆည်းပူးချိန် ဖြစ်တော့သည်။

မဂ္ဂဇင်းတိုက်တွင် ပုံနှိပ်မှုအတတ်ပညာ၊ မဂ္ဂဇင်းထုတ်လုပ်မှု အတတ်ပညာ၊ မဂ္ဂဇင်းတည်းဖြတ်မှု အတတ်ပညာတို့ကို တွေ့မြင်သင်ကြားရသည့်အပြင် မဂ္ဂဇင်းတိုက်သို့ ဝင်ထွက်သွားလာနေကြသော စာရေးဆရာကြီးများ၊ ပန်းချီဆရာကြီးများနှင့် တွေ့ဆုံရင်းနှီးရသဖြင့် သူတို့ထံမှ အဖိုးထိုက်တန်လှသော အတွေ့အကြုံများကိုလည်း ကြားနာဆည်းပူးရပါသည်။

သည်မှာ တင့်ထူးနှင့်မိမိ သိရှိရင်းနှီးရသည်။ သူ အလုပ်လုပ်သောရုံးက စုံထောက်နှင့် နီးသည်။ ယင်းကြောင့် စုံထောက်မဂ္ဂဇင်းတိုက်သို့ သူ နေ့တိုင်းလာသည်။ နေ့ခင်းဘက် လက်ဖက်ရည်သောက် ဆင်းချိန်တွင်လည်း လာသည်။ ညနေ ရုံးဆင်းလျှင်လည်း ရောက်လာသည်။

သူက စုံထောက်မဂ္ဂဇင်းမှာ အပါကျဲသော်လည်း ဟံသာဝတီတွင်မူ အပတ်စဉ်လောက်ပင် ပါတတ်သည်။ ယင်းကြောင့် သူ့ကို ဟံသာဝတီရောက် မင်းတရားကြီးဟု ကျီစားတတ်ကြသည်။ သူ စိတ်မဆိုးပါ။ သူ စိတ်မဆိုးတတ်ပါ။ ရွှေသွားကလေးပေါ်အောင် ရယ်ရွှန်းရွှန်းသာ လုပ်နေတတ်သည်။

သူက လူတကာတွေကို အင်မတန် ခင်တတ်သည်။ အထူးသဖြင့် စာရေးဆရာတွေကို ခင်တတ်သည်။ စာရေးဆရာ အင်မတန် ဖြစ်ချင်သည်။ စာပေလောကကို အင်မတန် ခင်တွယ်သည်။ စာပေလောကတွင်လည်း အင်မတန် နှံ့စပ်သည်။ သူ မသိသည့်လူ မရှိသလောက်ပင်။ သူ မသိသည့် အကြောင်းအရာ မရှိသလောက်ပင်။ သူနှင့်တွေ့လျှင် စာပေလောကအကြောင်း၊ ဟိုအကြောင်း သည်အကြောင်းများ အပ်ကျသည်ကအစ သိရှိရသည်။

မိမိက မနေ့တစ်နေ့ကမှ ရန်ကုန်ရောက်သူ ဖြစ်သည်။ ယခုမှ စာပေလောက ထဲသို့ ဝင်ဖို့ကြိုးစားနေသူ ဖြစ်သဖြင့် မဂ္ဂဇင်းများအကြောင်း၊ အယ်ဒီတာများအကြောင်း၊ စာရေးဆရာများအကြောင်း သူ့ထံတွင် မေးမြန်းရသည်။ မရောက်ဖူးသေးသော နေရာ များ၊ မသွားတတ်သော နေရာများကို သူနှင့်အတူ သွားရသည်။ နောက်တစ်ကြောင်း ကတော့ သူသည် မိမိနေထိုင်သော ကျားကူးကွက်သစ်မှာပင် နေထိုင်သဖြင့် တစ်ရပ် ကွက်တည်းသားလို ဖြစ်နေသည်။ သူ့အခန်းနှင့် မိမိနေထိုင်သော လင်းယုန်သစ်လွင်၏ အခန်းက မလှမ်းမကမ်းသာ ဖြစ်သည်။ တန်းလျားတစ်ခုသာ ခြားသည်။ ယင်းကြောင့် အကြောင်းထူးကိစ္စ မရှိလျှင် မိမိတို့နှစ်ယောက် စုံထောက်မဂ္ဂဇင်းတိုက်မှ အတူတကွ ပြန်ကြသည်။ ဘရွတ်ကင်း (ဘိုကလေးဈေးလမ်း) လမ်းဖျားမှနေ၍ ကျားကူးကွက်သစ် **အထိ** ခြေကျင်လျှောက်ပြီး ပြန်ကြသည်။

ထိုနေ့ ညနေကလည်း မိမိတို့နှစ်ယောက် စုံထောက်မဂ္ဂဇင်းတိုက်မှ ပြန်ခဲ့ကြ သည်။ ဆူးလေဘုရားလမ်း ပလေဒီယံ (ပပဝင်း)ရဲ့ ရှေ့သို့ ရောက်သောအခါ–

'ဟိုမှာ ဟိုမှာ'

မိမိလက်မောင်းကို ဆွဲပြီး သူပြောသည်။ သူ ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ လမ်းကို ခပ်သုတ်သုတ် ဖြတ်ကူးလာသော လူတစ်ယောက်ကို တွေ့ရသည်။

'ဘယ်သူလဲ'

မိမိ၏အမေးကို တင့်ထူး မဖြေနိုင်မီမှာပင် လမ်းကို ဖြတ်ကူးလာသူသည် လေထဲ မှာ လွင့်ပါလာသလိုပင် မိမိတို့အနီးသို့ ဖွေ့ခနဲ ရောက်ရှိလာသည်။

သူက ရှပ်အင်္ကျီအဖြူကို လက်ပင့်ပြီး ဝတ်ထားသည်။ ဘန်ကောက်လုံချည်နှင့် ဖြစ်သည်။ မျက်နှာတွင် ချွေးပေါက်တွေ သီးနေသည်။ တင့်ထူးကို ဖက်လဲတကင်း နှုတ် ဆက်သည်။

တင့်ထူးက မိမိတို့ နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

'ကိုမင်းကျော်လေ၊ မြဝတီမှာ ယင်းချောင်းဝတ္ထုရေးတာ။ ဒါက ကိုနတ်နွယ်၊ လူထုမှာ အမြဲရေးတယ်လေ'

တင့်ထူး၏ မိတ်ဆက်စကား အတိအကျလောက်ပင် ဖြစ်သည်။ မိမိ၏ နားထဲ တွင် ယခုတိုင် ကြားယောင်မှတ်မိနေသည်။ သို့သော် မိမိတို့နှစ်ယောက် ဘာတွေပြောကြ သည်ကိုကား မမှတ်မိတော့။

မင်းကျော်က ရုပ်ရှင်ကြည့်မည် ဖြစ်သည်။ မိမိတို့ကို ကြည့်ရန်ခေါ်သည်။ မိမိ တို့က မကြည့်ဟု ပြောသည်။ လူချင်း ခွဲခဲ့ကြသည်။

ဤကား မင်းကျော်နှင့် ပထမဆုံးအကြိမ် တွေ့ရှိခြင်းပင် ဖြစ်သည်။

နောက်တစ်ကြိမ် မင်းကျော်နှင့် မှတ်မှတ်ရရ တွေ့ဆုံသည်မှာ ရန်ကုန်ဘူတာကြီး

တွင် ဖြစ်သည်။ ၁၉၅၅ ခု နိုဝင်ဘာလ ပထမပတ်၊ တိတိကျကျ ပြောရလျှင် နိုဝင်ဘာလ ၅ ရက်ဖြစ်သည်။ ၄ ရက်နေ့တွင် မိမိနှင့်အေးသည် ရန်ကုန်ခရိုင် အရှေ့ပိုင်း တရားသူကြီး ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ကြသည်။ တံဆိပ်ခေါင်းဖိုး မရှိသဖြင့် စာရေး ဆရာ ကိုတင်စိုးက နောက်မှ ပေးပါမည်ဟု လျှောက်လွှာစာရေးထံတွင် အကြွေးခံရသည်။ လက်ထပ်သည့်နေ့က မိမိလက်ထဲတွင် အကြွေ သုံးမူးတစ်ပဲသာ ရှိသည်။ မိမိတို့၏ လက်ထပ်မင်္ဂလာပွဲသို့ တစ်ဦးတည်းသော တက်ရောက်သူမှာ ကိုတင်စိုးပင် ဖြစ်သည်။

ထိုနေ့ညနေတွင် လမ်းစရိတ် ရှာဖွေရရှိသဖြင့် နောက်တစ်နေ့တွင် မိမိတို့ မန္တလေးသို့ သွားရောက်နိုင်ခြင်း ဖြစ်သည်။ ပျားရည်ဆမ်းခရီးကား မဟုတ်ချေ။ ရန်ကုန်မှ ပြန်လည်တပ်ခေါက်ရခြင်းသာ ဖြစ်သည်။ မန္တလေးတွင် ပြန်လည်နေထိုင်ရန် ဖြစ်သည်။

ရန်ကုန်ဘူတာကြီး အမှတ် ၁ စင်္ကြံတွင် မိမိတို့ ရှိနေစဉ် အမှတ်စဉ် ၂ စင်္ကြံ ဘက်မှနေ၍ သံလမ်းများကို ခပ်သုတ်သုတ် ဖြတ်ကျော်လာသူတစ်ဦးကို တွေ့ရသည်။ ထိုစဉ်က သံဆန်ခါများ ကာရံထားခြင်း မရှိသေးပါ။ ထိုသူကို သိပါသည်ဟု ကြည့်နေစဉ် မှာပင် မင်းကျော်ဖြစ်ကြောင်း တွေ့ရှိရသည်။ သည်တစ်ခါတွင် သူနှင့် မိမိဇနီးကို မိတ်ဆက်ပေးရသည်။ သူကလည်း မန္တလေးကို သွားမည်ဖြစ်သည်။ သူက သမိုင်း ကော်မရှင်တွင် ကျောက်စာကူးအဖြစ် ဝင်ရောက်လုပ်ကိုင်နေသဖြင့် စစ်ကိုင်းမြို့သို့ ကျောက်စာကူးရန် သွားရောက်ခြင်း ဖြစ်သည်။ တစ်ရထားတည်း သွားကြရသည်။ တစ်တွဲတည်းတော့ မဟုတ်ချေ။

မန္တလေးသို့ ရောက်ရှိပြီး နောက်တစ်နေ့တွင် ဝင်းလိုက်ကဖီးတွင် မိမိနှင့် စာရေးဆရာတစ်ဦး တွေ့ဆုံပြီး မင်းကျော်အကြောင်း ပြောဖြစ်ကြသည်။

‘ရန်ကုန်က မင်းကျော် ရောက်နေတယ်’

‘ကျွန်တော်နဲ့ ရထားတစ်စီးတည်း လာတာပဲ’

‘သူက ကျွန်တော့်ကို တစ်နေ့ ဝတ္ထုတို ဘယ်နှစ်ပုဒ် ရေးသလဲလို့ မေးတယ်’

‘ဟုတ်လား’

‘သူက တစ်နေ့ကို ဝတ္ထုတို သုံးပုဒ်ရေးတယ်လို့ ပြောတယ်’

နောင်အခါတွင် မင်းကျော်ကလည်း မိမိကို သည်အတိုင်းပင် ပြောဖူးသည်။ သူ စာရေးမြန်သည်ကား အမှန်ပင်။ ရေးအားကောင်းသည်လည်း အမှန်ပင်။

## ၂

မိမိနှင့်မင်းကျော် မည်သည့်အချိန်၊ မည်သည့်နေရာတွင် တတိယအကြိမ် ဆုံမိကြသည် ကိုတော့ မမှတ်မိတော့။ ထို့အတူ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်များကိုလည်း စဉ်းစား၍ မရတော့။ သို့သော် မိမိတို့နှစ်ယောက် တတိယအကြိမ် မှတ်မှတ်ရရ ပတ်သက်ကြရ

သည့် အကြောင်းကတော့ သူ၏ လုံးချင်းဝတ္ထုတစ်ပုဒ် လက်ရေးစာမူကြီးကို မိမိက ကိစ္စတုံး လမ်းဆုံး ပျောက်ဖျက်ပစ်လိုက်ခြင်းပင် ဖြစ်တော့သည်။ ယင်းဝတ္ထုကား **ယာမြေ**။

**ယာမြေ**သည် သူ ပထမဦးဆုံး ရေးသော လုံးချင်းဝတ္ထု ဟုတ် မဟုတ်ကား မိမိ မသိ။ သို့သော် **ယာမြေ**ကို သူ၏ ပထမဆုံးပုံနှိပ် လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေနိုင်ရန် မိမိ ကြိုးပမ်းခဲ့သည်ကား အမှန်ပင်။

သည်မှာလေ။

ရှမဝ၊ မြဝတီ မဂ္ဂဇင်းတို့တွင် ဝတ္ထုတိုများဖြင့်
ထင်ရှား ကျော်ကြားလာသော
**မင်းကျော် ၏**

ပထမဆုံး လုံးချင်းဝတ္ထုရှည်မှို အထူးကြိုးစား ရေးသားမွမ်းမံထားသည်။

**ယာမြေ**

**မင်းကျော်၏ရေးဟန်မှာ ရှင်းရှင်းလေးနှင့် စွဲငြိစေသည်။ ဇာတ်လမ်းမှာ ရိုးရိုးလေးနှင့် စိတ်ဝင်စားစေသည်။ နှစ်ကျပ်တန် လုံးချင်းအဖြစ် ရိုက်နှိပ်နေပြီ။**

၁၉၅၆ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေသော မိမိ၏ **မျက်ဝါးထင်ထင်** ဇတ္တုတွင် ပါရှိသော ကြော်ငြာဖြစ်သည်။

သည်လိုလေ။

မိမိ မန္တ လေးမှ ပြန်ရောက်ပြီးနောက် အလုပ်မရှိ၊ အကိုင်မရှိနှင့် ယောင်လည်လည် ဖြစ်နေသည်။ စာရေးဆရာအဖြစ်ကလည်း မည်ကာမတ္တမျှသာ။ စုံထောက်မဂ္ဂဇင်းနှင့် လူထုဂျာနယ်တို့တွင်တော့ လစဉ်မှန်မှန် ရေးနေသည်။ မန္တ လေးမြို့မှ ထုတ်ဝေသော ယုဝတီ ဂျင်းဖောမယ် ဦးစီးသည့် **ရတနာပုံ** ဂျာနယ်၊ **နတ်သျှင်နောင်စာစောင်**နှင့် **အရုဏ်** မဂ္ဂဇင်းတို့တွင်လည်း ရေးသားသည်။

တစ်နေ့က ခင်းကျင်းပြသသွားသော စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ဓာတ်ပုံပြပွဲတွင် **အရုဏ်** မဂ္ဂဇင်း မျက်နှာဖုံးကို တွေ့မြင်ရသောအခါ ရင်ထဲတွင် နာကျင်လွမ်းဆွတ်ရသည်။ **အရုဏ်**မှာ မန္တ လေးမြို့မှ မိမိ၏သူငယ်ချင်း မိတ်ဆွေများ မရှိမဲ့ ရှိမဲ့ စုပေါင်းထုတ်ဝေသော မဂ္ဂဇင်းလေး ဖြစ်သည်။ သက်ဆိုးမရှည်ပါ။ တာဝန်ခံအယ်ဒီတာမှာ ညွှန့်ဦး (ကိုခင်မောင်) ဖြစ်သည်။ ကိုခင်မောင်သည် မိမိကို **တာရာ** မဂ္ဂဇင်းများ ဖတ်ဖြစ်အောင် တိုက်တွန်းခဲ့သူ ဖြစ်ပါသည်။ သူက မိမိထက် အသက်လည်း ကြီးသည်။ စာပေဝါလည်း ကြီးသည်။ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ သူက ကြည်အေးနှင့် ကြည်လင်တို့၏ အရေးအသားများကို အထူးစွဲလမ်းသည်။

သည်တုန်းက မိမိက လင်းယုန်နီနှင့် ဇန်းမော်တင်အောင်တို့ကို နှစ်သက်သည်။ ထားတော့။

မိမိသည် ဟိုစပ်စပ် သည်စပ်စပ် ရေးနေပြီဖြစ်သော်လည်း စာမူခဟူ၍မူကား စုံထောက်မဂ္ဂဇင်းအတွက် မန္တလေး ရဲရင့်စာပေမှ ထုတ်ပေးသော ဝတ္ထုခ ၃၀ ကျပ်နှင့် လူထုဂျာနယ်အတွက် ရန်ကုန်တိုက်ခွဲမှ ပို့ပေးသော ဆောင်းပါးခ ၂၀ ကျပ်မျှသာ ဖြစ်သည်။ ယင်းစာမူခမျှလောက်ဖြင့် မန္တလေးမြို့တွင် အိမ်ထောင်တစ်ခု တည်ထောင်ရန် မဖြစ်နိုင်ပါ။

ရန်ကုန်မှ ပြန်လာစဉ်တုန်းကတော့ မျှော်လင့်ချက်နှင့်၊ စီမံချက်နှင့် ဖြစ်သည်။ မန္တလေးမြို့ရှိ သတင်းစာတိုက် တစ်တိုက်တွင် အလုပ်ဝင်လုပ်ရန် ဖြစ်သည်။ သည်တုန်းက မန္တလေးမြို့မှာ ထုတ်ဝေနေသော သတင်းစာသုံးစောင် ရှိသည်။ **လူထု**၊ **မြန်မာ့လမ်းစဉ်** နှင့် **ပဟိုရ်စည်**တို့ ဖြစ်သည်။ **မြန်မာ့လမ်းစဉ်** တွင် ကြည်မြ ရှိသည်။ **ပဟိုရ်စည်** တွင် ရဲဘော်နေအောင် ရှိသည်။

ရန်ကုန်မှ မိတ်ဆွေများက သတင်းစာတွင် မိမိလုပ်မည့် အစီအစဉ်ကို သဘောတူကြသည်။ သို့မဟုတ်လျှင် မိမိကို သူတို့ ပြန်လွှတ်မည် မဟုတ်။ သို့သော် မန္တလေးသို့ ရောက်သောအခါ သတင်းစာတိုက်တွင် အလုပ်လုပ်ရန် အစီအစဉ် မဖြစ်ပါ။

သို့ကြောင့် မိမိမှာ ယောင်လည်လည် ဖြစ်နေရသည်။ ဟိုဟာလုပ်ရလျှင် ကောင်းနိုး၊ သည်ဟာလုပ်ရလျှင် ကောင်းနိုး ရှိနေသည်။ စာရေးဆရာတစ်ဦးသည် ငနိုး ဟူသော စာစောင်တစ်ခုကို မိတ်ဆွေတစ်စုနှင့်အတူ ထုတ်ဝေရန် တာစူနေသည်။ စစ်ကိုင်းအေးလွင်ကလည်း မဂ္ဂဇင်းတစ်စောင် ထုတ်ရန် ကြိုးစားနေသည်။ သူတို့က မိမိကို လက်ကမ်းသည်။ မိမိ စဉ်းစားရပြီ။

ဇနီးသည်မှာလည်း မကြာမီ မီးဖွားတော့မည်။ မိမိအဖို့ တွက်ချက်ချိန်ဆစရာတွေ အများကြီး ဖြစ်လာသည်။ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရန် လိုချေပြီ။

သည်စဉ်မှာပင် **အပြာ** ထွက်လာသည်။ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်သည်။

**အပြာ**ကို မိမိ၏ ပထမဆုံး လုံးချင်းဝတ္ထုအဖြစ် ကြိုးပမ်းရေးသားခဲ့ခြင်း ဖြစ်သည်။ နောင်အခါတွင် လုံးချင်းအဖြစ် ထုတ်ဝေသော **ကမ္ဘာမြေအနံ့** နှင့် **မျက်ဝါးထင်ထင်**တို့သည် **အပြာ**ကို မရေးခင်က ရေးသည်မှန်သော်လည်း ၎င်းတို့ကို လုံးချင်းအဖြစ် ရည်ရွယ်ပြီး ရေးသည်မဟုတ်၊ မဂ္ဂဇင်းဝတ္ထုရှည် အဖြစ်သာ ရည်ရွယ်ခဲ့သည်။

**ကမ္ဘာမြေအနံ့**ကို **သွေးသောက်** သို့ ပို့ခဲ့သည်။ ပို့ပြီး တစ်လလောက် ကြာသောအခါ စာရေးပြီး အကျိုးအကြောင်း စုံစမ်းသည်။ အကြောင်းတစ်စုံတစ်ရာ မသိရ။ နောက်တစ်ခါထပ်ပြီး စာရေးသည်။ ပြန်ကြားချက် မရ။ သို့ဖြင့် တတိယအကြိမ်

တွင်ကား ခပ်ပြင်းပြင်းကလေး ရေးလိုက်သည်။ နယ်မှ ကလောင်သစ်များကို မနှိမ်သင့်ကြောင်း၊ မိမိစာမူကို မသုံးလျှင် အမြန်ဆုံး ပြန်ပို့သင့်ကြောင်း၊ တံဆိပ်ခေါင်းများလည်း အပို ထည့်ပို့ထားကြောင်း စသည်ဖြင့် ဖြစ်သည်။ များမကြာမီတွင် မိမိ၏စာမူ ပြန်လည်ရောက်ရှိလာသည်။ ဆရာပြည့်စုံ၏ အမှာစာလည်း ပူးတွဲပါရှိသည်။ မိမိ၏ ဝတ္ထုကို မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြရန် ရွေးချယ်ထားကြောင်း၊ သို့သော် အလှည့် မသင့်သေးသဖြင့် ကြန့်ကြာနေရခြင်း ဖြစ်ကြောင်း၊ အကျိုးအကြောင်း မပြန်ဖြစ်သည် မှာလည်း အလုပ်များနေ၍ဖြစ်ကြောင်း စသည်ဖြင့် ဖြစ်သည်။

သည်အခါ ဆရာပြည့်စုံ၏ လက်ရေးသေးသေးကလေးတွေကိုကြည့်ပြီး မိမိမှာ ဝမ်းသာဝမ်းနည်း ဖြစ်ရတော့သည်။ ရှေ့လောတကြီး ပြုမူမိသည့် အတွက်လည်း နောင်တ ဖြစ်ရသည်။ အကယ်၍ မိမိသည် စိတ်ရှည်လက်ရှည်နှင့် ချင့်ချင့်ချိန်ချိန် ရှိခဲ့ပါလျှင် မိမိ၏ဝတ္ထုသည် တစ်လလတွင် မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ပါလာမည်မှာ မလွဲဧကန်တည်း။ သို့ဖြင့် မိမိသည် **ကမ္ဘာမြေအနှံ့**ကို ဘယ်မဂ္ဂဇင်းသို့မှ မပို့တော့ဘဲ သိမ်းထားလိုက် သည်။ ပြား ၆၀ တန် ခေတ်သို့ ရောက်ရှိသောအခါတွင်မှ စာမျက်နှာ အနေတော် ဖြစ်သဖြင့် ၁၉၆၁ ခုနှစ် ဒီဇင်ဘာတွင် မိမိ၏ ၂၃ အုပ် မြောက် လုံးချင်းအဖြစ် ပုံနှိပ် ထုတ်ဝေသည်။

**မျက်ဝါးထင်ထင်ကိုမူ** စုံထောက်သို့ ပို့သည်။ စာမျက်နှာက နည်းနည်းများ သည်။ နှစ်လ ခွဲထည့်ရန် ဖြစ်သည်။ သို့သော် နှစ်လ ခွဲထည့်သည်က အကြောင်းမဟုတ်၊ ထည့်မည်။ သို့သော် ဝတ္ထုက အကြောင်းဖြစ်နေသည်။ မလွတ်မကင်း ဖြစ်မည်စိုးသဖြင့် အယ်ဒီတာအဖွဲ့က မထည့်ရန် ဆုံးဖြတ်သည်။ ကိုမိုးဝေက ပြင်ဆင်ရေးသားရန် အကြံပေး သည်။ သို့ဖြင့် အနည်းငယ် ပြင်ဆင်ရေးသားပြီး မိမိ၏ စတုတ္ထမြောက် လုံးချင်းအဖြစ် ထုတ်ဝေခဲ့သည်။

**အပြာ**ကို ရန်ကုန်သို့ တတိယအကြိမ် မသွားရောက်မီတတည်းက မန္တလေး ဘွင် စတင်ရေးသားခဲ့ခြင်း ဖြစ်သည်။ သို့သော် မန္တလေးမှာ အပြီးမသတ်နိုင်ဘဲ ရန်ကုန် တွင် ဆက်ရေးရသည်။ ပထမက **အပြာ**ကို **ခေတ်ပြင်စာပေ** မှ ထုတ်ဝေရန် ဖြစ်သည်။ ခေတ်ပြင်မှာ စုံထောက်ဦးဆန်နီ ပိုင်ဆိုင်သော စာပေတိုက်ပင် ဖြစ်သည်။ **အပြာ** ကို **ခေတ်ပြင်စာပေတိုက်**မှ ထုတ်ဝေမည်ဖြစ်ကြောင်း "စုံထောက်" မဂ္ဂဇင်းတွင် လပေါင်း များစွာ ကြော်ငြာခဲ့သည်။ ကြော်ငြာကို လူအတော်များများပင် စိတ်ဝင်စားကြသည်။ သို့သော် အပြာကို ဦးဆန်နီ မထုတ်ပါ။ သူက စုံထောက်ဝတ္ထုတစ်ပုဒ် ရေးပေးပါဟု ပြောသည်။ ယင်းသို့ဖြင့် **မိုးထဲလေထဲ** သည် မိမိ၏ ပထမဆုံး ပုံနှိပ် လုံးချင်း ဖြစ်ရ တော့သည်။ **မိုးထဲလေထဲ** ကို ထိုခေတ်က ထုံးစံအတိုင်းပင် တိုက်တွင် ထိုင်ပြီး စာစီ သမားများ လက်သို့ တစ်ရွက်ချင်း ရေးပေးခဲ့သည်။ ရေးစီစနစ် ဖြစ်သည်။

အပြာကို ကိုတင်စိုးက ထုတ်မည်ဟု ဆိုသည်။ သူက ငြိမ်းစာပေကို ပြုစုပျိုးထောင်လျက် ရှိသည်။ ငြိမ်းစာပေမှ ကိုတင်စိုးနှင့် ကိုမြတ်လေးတို့၏ စာအုပ်များ ပွဲဦးထွက် ထွက်လာကြပြီ ဖြစ်သည်။ သည်တုန်းက ငြိမ်းစာပေက ရေကျော်မှာ ဖြစ်သည်။ မိမိတို့သည် မြောင်းကြီးလမ်းတွင် စုရုံးကြသည်။ "ကဗျာမြို့တော်" ကဗျာမဂ္ဂဇင်းကိုလည်း ထိုမှပင် ထုတ်ဝေခဲ့ကြသည်။ သို့သော် ငွေရေးကြေးရေး အခက်အခဲကြောင့် အပြာသည် တော်တော်နှင့် ထွက်မလာနိုင်ပါ။ အမှာရေးသည့် သူကလည်း ရေးပေးပြီးပြီ ဖြစ်သည်။ မျက်နှာဖုံးလည်း ဆွဲပြီးပြီ ဖြစ်သည်။ မျက်နှာဖုံးပုံကို မြင်ရသူတိုင်းက နှစ်သက်ကြသည်။

ကိုခင်ဦး ("လှို့ဝှက်သည်းဖို" ကိုခင်ကျော်)လည်း မျက်နှာဖုံးကို နှစ်သက်သဖြင့် သူလည်း ရှယ်ယာပါမည်ဟု ကိုတင်စိုးကို ပြောသည်။ သူကလည်း ခင်ကျော်စာပေကို ပျိုးထောင်နေစ ဖြစ်သည်။ အပြာကို "ငြိမ်း"စာပေမှ ရိုက်နှိပ်ပြီး "ခင်ကျော်" စာပေမှ ဖြန့်ချိမည်ဟု ဆိုသည်။ ပထမတွင် အုပ်ရေ ၂,၀၀၀ သာ ရိုက်နှိပ်ရန် စီစဉ်ထားသည်ကို သူက ၃,၀၀၀ ရိုက်သည်။ သို့သော် ကိုခင်ဦးမှာလည်း ဟိုလှည့် သည်လှည့် လုပ်နေရသူဖြစ်သဖြင့် လေးငါး ဖောင်လောက် ရိုက်ပြီးချိန်တွင် တစ် နေတော့သည်။ မိမိ မန္တလေးသို့ ပြန်သောအခါ အပြာ သည်အတိုင်း ကျန်ရစ်သည်။ မိမိလည်း လက်လျှော့ထားလိုက်တော့သည်။ ထွက်ချင်သည့်အချိန်မှ ထွက်ပေတော့။ ထွက်ချင်မှလည်း ထွက်ပေတော့။ ယင်းသို့ရှိရာမှ အပြာစာအုပ်များ မန္တလေးသို့ ဘွားခနဲ ရောက်ရှိလာသည်ကို တွေ့ရသည့်အခါ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

ချက်ချင်းပင် ရန်ကုန်သွားရန် မိမိ ဆုံးဖြတ်လိုက်သည်။ သို့သော် လင်မယားနှစ်ယောက်စလုံး ပြန်သွား၍တော့ မဖြစ်သေး။ ဟိုမှာ အခြေအနေတွေ ဘယ်လိုရှိမှန်းမသိ။ သို့ဖြင့် မိမိတစ်ယောက်တည်း သွားသည်။

ရန်ကုန်သို့ ရောက်ရှိသောအခါ ရဲဘော်များ၊ မိတ်ဆွေများက ရန်ကုန်ပြန်လာရန် ခေါ်ကြသည်။ ကိုတင်စိုးကမူ–

'ခင်ဗျား ဘာမှ စဉ်းစားမနေနဲ့တော့၊ မန္တလေးကို ပြန်ပြီး မိန်းမကို ခေါ်ခဲ့။ ပြီးတော့ ငြိမ်းစာပေကို ခင်ဗျား အုပ်ချုပ်ပြီးလုပ်၊ နောက် နှစ်ရက် သုံးရက်ဆိုရင် ကျွန်တော် ပိုက်ဆံရစရာ ရှိတယ်။ လမ်းစရိတ် ပေးလိုက်မယ်'

မိမိ ဝမ်းသာရသည်။

သို့သော် နောက် နှစ်ရက်သုံးရက် ကြာသောအခါ သူ ရစရာရှိသော ပိုက်ဆံ မရပါ။ လေးငါးရက်မှာလည်း မရပါ။ ထိုအခါ စိတ်မောရသည်။ ဇနီးသည် မန္တလေးတွင် မီးဖွားများ နေမလား။

မိမိ၏ အခက်အခဲကို ကိုတင်စိုး၏ဇနီး မတင်တင် သိသောအခါ–

'ဒီလိုလုပ်၊ ကိုတင်စိုး ရမယ်ဆိုတဲ့ ပိုက်ဆံကို ရှင် စောင့်မနေနဲ့။ ရှင့်မိန်းမရဲ့ ဗိုက်က အဲဒီပိုက်ဆံကို စောင့်နေမှာ မဟုတ်ဘူး။ အဲဒီတော့ လမ်းစရိတ်ကို ကျွန်မ ရှာပေးလိုက်မယ်'

အစ်မကြီးက သူ့လည်ပင်းက ဆွဲကြိုးကို ၁၅ဝ နှင့်ပေါင်ပြီး မိမိကို ပေးလိုက်သည်။

မန္တလေးသို့ ရောက်သောအခါ ပြဿနာတစ်ခု တွေ့ရပြန်သည်။ ဇနီးသည်မှာ မီးဖွားရန် မန္တလေး ဆေးရုံကြီးပေါ်တွင် ရောက်ရှိနေပြီ ဖြစ်သည်။ နေ့ဖွားမလား ညဖွားမလား မသိ။ မိမိ ဘာလုပ်ရမည်နည်း။ မီးဖွားသည်ကို စောင့်နေရမလား။ ဘယ်နှစ်ရက်ကြာအောင် စောင့်ရမည်နည်း။ နောက်ပြီးတော့ မီးဖွားပြီးလျှင်ကော ဘယ်နှစ်ရက်ကြာကြာ နေရဦးမည်နည်း။ သွေးနုနု သားနုနုနှင့် ခရီးသွား၍ မဖြစ်။ ယင်းသို့ဆိုလျှင် ထားခဲ့ရမည်လား။ နောက် တစ်လ နှစ်လကြာမှ လာခေါ်ရမည်လား။ နောက်ဆုံး၌ ယခုပင် တစ်ခါတည်း ခေါ်သွားရန် ဆုံးဖြတ်သည်။ ဇနီးသည်ကလည်း တစ်ပါတည်း လိုက်မည်ဟု ပြောသည်။

အားလုံးကပင် ကန့်ကွက်ကြသည်။ လမ်းမှာပင် မီးဖွားလိမ့်မည်ဟု ဆိုကြသည်။ သို့သော် မိမိတို့သည် ဆုံးဖြတ်ချက်ကို မပြင်တော့။ နှစ်နေ့နှင့်တစ်ည ခရီးကို စွန့်စားကာ ပြန်ခဲ့ကြသည်။ သည်တုန်းက မန္တလေး-ရန်ကုန် ရထား နေ့ချင်းမပေါက်။ ပျဉ်းမနားမှာ တစ်ညအိပ်ရသည်။ ပျဉ်းမနားမှာ ညအိပ်စဉ် မီးဖွားလျှင်တော့ ကလေးသည် ပျဉ်းမနား ဇာတိပဲ။ သို့သော် လမ်းမှာမွေးလျှင်ကား ဘယ်ဇာတိဟု ပြောရမည်နည်း။ မွေးဖွားရာဇာတိဟူသော နေရာ၌ "မန္တလေး-ရန်ကုန်"မီးရထားဟု ရေးရမည်လား။ သို့သော် တော်ပါသေးသည်။ ရန်ကုန်သို့ ကောင်းမွန်စွာ ရောက်ရှိကြသည်။ သို့ဖြင့် မိမိ၏သားကြီးသည် ကုင်းမခါနာဇာတိ ဖြစ်ရတော့သည်။

မိမိသည် ရန်ကုန်ရောက်သည်နှင့် တစ်ပြိုင်နက် "ငြိမ်း"စာပေ လုပ်ငန်းများကို ဆောင်ရွက်ရသည်။ ငြိမ်းစာပေမှ ထုတ်ဝေနိုင်ရန်အတွက် ရေးလက်စဖြစ်သော ချစ်သောကြောင့်ကို လက်စသတ်ရသည်။ မျက်ဝါးထင်ထင်ကို ပြင်ဆင်ရေးသားသည်။ မန္တလေးမှ မိမိနှင့် ရေးဖော်ရေးဖက်များဖြစ်သော တက္ကသိုလ်ဝင်းနှင့် စစ်ကိုင်း အေးလွင်တို့၏ ဝတ္ထုတို့ကို ထုတ်ဝေရန် စီစဉ်ရသည်။ မိုးဝေ၊ တင့်ဆန်းတို့ထံမှ စာမူများ တောင်းရသည်။ ထို့အပြင် မင်းကျော်၏ ဝတ္ထုကိုလည်း ထုတ်ဝေရန် ဆုံးဖြတ်သည်။

သို့ဖြင့် တစ်နေ့တွင် တင့်ဆန်း၊ တင့်ထူးတို့နှင့်အတူ မင်းကျော်၏ အိမ်သို့ သွားသည်။ ထိုစဉ်က မင်းကျော်သည် ခြောက်မိုင်ခွဲ တံတားဖြူအနီးတွင် နေသည်။ သည်တစ်ကြိမ်တွင်မှ မိမိတို့သည် စာပေနှင့် စာပေလောကအကြောင်း ပြောဖြစ်ကြသည်။

မင်းကျော်က "ငြိမ်း"စာပေမှ သူ့ဝတ္ထု ထုတ်ဝေရန် အစီအစဉ်ကို လိုက်လုံ့စွာ သဘောတူသည်။ ထို့နောက် သူ၏ ဝတ္ထုစာမူကို ပေးသည်။ **ယာမြေ**။

သူ့ဝတ္ထုကို ထုတ်ဝေရန် စီစဉ်သည်။ ကြော်ငြာထည့်သည်။ မျက်နှာဖုံးပန်းချီ အပ်သည်။ သို့သော် စာစီမည် လုပ်သောအခါ စာမူမရှိတော့။ ရှာသည်။ ဘယ်မှာမှ ရှာမတွေ့။ ဘယ်လိုကနေ ဘယ်လိုလုပ်ပြီး ဘယ်နေရာတွင် ပျောက်သွားသည် မသိ။ မည်သူမျှ မသိ။

နောက်ဆုံးတွင် သူ့ဝတ္ထု ပျောက်သွားကြောင်း မင်းကျော်ကို ပြောရသည်၊ တောင်းပန်ရသည်။ သို့သော် မင်းကျော် စိတ်ဆိုးဟန် မရှိ။

'ဘယ်တတ်နိုင်မလဲ၊ ပျောက်သွားလို့ပေါ့'

ယနေ့အချိန်အထိ **ယာမြေ** ၏ အစအနကို မရရှိပါ။ မင်းကျော်ကလည်း ထို ဝတ္ထုကို ပြန်မရေးပါ။ တစ်ခါတစ်ခါတွင် သူ၏ဝတ္ထုကို အစား ပြန်လျော်ပေးရလျှင် ကောင်းမည်လားဟု မိမိ စဉ်းစားသည်၊ သို့သော် မဖြစ်နိုင်ပါ။

မိမိနှင့်မင်းကျော် ရေးဟန်ချင်း မတူပါ။ မင်းကျော်၏ ရေးဟန်က မင်းကျော်၏ စရိုက်အတိုင်းပင် ဖြစ်သည်။ သူ့စာများကို ဖတ်တိုင်း သူနှင့် သူ့ရေးဟန်ကို မိမိ စဉ်းစား မိသည်။

## ၃

မိမိနှင့် မင်းကျော်သည် ၁၉၅၃ ခုနှစ်ကတည်းက စတင် သိကျွမ်းခဲ့ကြသော်လည်း တကယ်တမ်း နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ဖြစ်ကြရသည်မှာ ၁၉၆၁ ခုနှစ် စာရေးဆရာ စာပေကလပ် ဖွဲ့စည်းသော အခါတွင်မှ ဖြစ်သည်။ သည်အလျင်ကမူ မိမိတို့သည် ကျင်လည်ရာ အစုအဝန်းခြင်း မတူခဲ့ကြပေ။

မင်းကျော်က ရွှေမဝတွင် အခြေပြုပြီး၊ မိမိက စုံထောက်မဂ္ဂဇင်းတွင်သာ အခြေပြု ခဲ့သည်။ ထိုစဉ်က မင်းကျော်နှင့်တွဲနေသော အစုအဝန်းသည် မောင်လင်းယုန် (ရှမ်းပြည်)၊ သိန်းသန်းထွန်း၊ ကောက်လှိုင်း စသူတို့ ဖြစ်ကြသည်။ မိမိနှင့် နေ့စဉ် ထိတွေ့နေသော အစုအဝန်းမှာ မိုးဝေ၊ တင့်ဆန်း၊ တင်စိုး၊ လင်းယုန်တင့်ဆွေ၊ ပါရဂူနှင့် ဒဂုန်တာရာတို့ ဖြစ်ကြသည်။ မင်းကျော်သည် မိမိနှင့် နီးစပ်ခြင်း မရှိလှသလို မိမိ၏ အစုအဝန်းနှင့် လည်း နီးစပ်ခြင်း မရှိလှပါ။

မင်းကျော်ကို မိမိတို့ အစုအဝန်းသို့ ခေါ်လာသူမှာ ကိုကို ဖြစ်သည်။ စာရေးဆရာ စာပေကလပ်ကို ဖွဲ့စည်းရန် စီစဉ်ကြသောအခါ ကိုကိုက မင်းကျော်ကို အတွင်းရေးမှူး အဖွဲ့တွင် ထည့်ရန် အဆိုပြုသည်။ အားလုံးကပင် သဘောတူညီကြသည်။

ထိုအချိန်မှစ၍ မိမိတို့သည် အဖွဲ့အစည်း လုပ်ငန်းကို လက်တွဲလုပ်ဆောင်ကြရ သည်။ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြရသည်။ စာပေရေးရာများကို ဆွေးနွေးကြရ

သည်။ အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို စာပေကလပ်တည်ရာ ဂျာနယ်ကျော် မမလေး၏ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း) တိုက်ခန်းတွင် လုပ်သည့်အခါလည်း ရှိသည်။ သူ့အိမ် ကိုယ့်အိမ် တစ်လှည့်စီ လုပ်ကြသည့် အခါလည်း ရှိသည်။

တစ်နေ့တွင် မင်းကျော်အိမ်မှာ မိမိတို့ ဆုံကြသည်။ ကမာရွတ် လှည်းတန်း အိမ်တွင် ဖြစ်သည်။ တိတိကျကျ ပြောရလျှင် ၁၉၆၂ ခု ဩဂုတ်လ ပထမ တနင်္ဂနွေတွင် ဖြစ်သည်။ မိမိတို့ အစည်းအဝေး ပြီးခါနီးတွင် ပိန်ပိန်သေးသေး လူငယ်တစ်ယောက် ရောက်လာသည်။ သူ့လက်ထဲတွင် စာအုပ်တစ်အုပ် ပါသည်။ စောဦး၏ **တစ်မိုးသောက် သော်**။ မင်းကျော်ကို ပေးဖို့ ဖြစ်ဟန်ရှိသည်။

'လာဟေ့ မောင်ရွှေ၊ အတော်ပဲ။ မင်းကို ကိုနတ်နွယ်တို့နဲ့ မိတ်ဆက်ပေးရမယ်'

မင်းကျော်က ပြောသည်။

မောင်ရွှေဆိုသူမှာ အခြားမဟုတ်၊ ပုဂံကိုချော ပင်တည်း။ မောင်ရွှေဆိုသည်က သူ့မိသားစုက ခေါ်သော အမည်။ အများခေါ်သော အမည်က မောင်ချော၊ စာရွက်ပေါ် တွင် သူ ခံယူထားသည်က မောင်ကိုဦး။

မောင်ချောသည် ကျွန်တော်တို့ကို ခဏဆိုကာ လှစ်ခနဲ ပြန်ဆင်းသွားသည်။ အတန်ကြာသောအခါ သူ့လက်ထဲတွင် စာအုပ်သုံးအုပ်နှင့် ပြန်ရောက်လာသည်။ စောဦး ၏ စာအုပ်များကို မိမိတို့အား လက်ဆောင်ပေးရန် လှည်းတန်းထိပ် စာအုပ်ဆိုင်မှ သွား ယူလာခြင်း ဖြစ်သည်။

**တစ်မိုးသောက်သော်**သည် ပုဂံစာအုပ် အမှတ် ၁ ဖြစ်သည်။ ထိုလသည် ပုဂံတည်သောလ ဖြစ်သည်။ ထိုလမှာပင် မိမိ၏ **တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ** ထွက် သည်။ **တစ်မိုးသောက်သော်**နှင့် **တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ**တို့သည် သုံးကျပ်တန်များ ဖြစ်ကြသည်။ သုံးကျပ်တန်ခေတ်ကို အစအဦးပြုခဲ့သော စာအုပ်များပင် ဖြစ်သည်။

သည့်နောက်တွင်ကား မိမိတို့သည် ပုဂံစာအုပ်တိုက် တည်ရာဖြစ်သော ၅၁ လမ်း ဧပယ်ပုံနှိပ်တိုက်၊ ၁၀၇လမ်း နံ့သာတိုက်နှင့် မြန်မာ့ဂုဏ်ရည်လမ်းတို့တွင် ဆုံမိ ကြသည်။ ထိုအချိန်မှာပင် မိမိသည် စုံထောက်မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် ပြန်လည်လုပ်ကိုင်သည်။

သို့ဖြင့် မိမိတို့သည် စာရေးဆရာ စာပေကလပ်၊ ပုဂံစာအုပ်တိုက်နှင့် စုံထောက် မဂ္ဂဇင်းတို့တွင် ပေါင်းစည်းမိကြသည်။ သည်မှာပင် မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့ သုံးယောက် တြိဂံ ဖွဲ့မိကြသည်။

သည့်နောက် စာရေးဆရာ သမဂ္ဂ၊ အမျိုးသားစာပေ ညီညွတ်ရေးကော်မတီတို့ကို ဆက်လက်ဖော်ဆောင်ကြသည်။ သမဂ္ဂစာပေ ထုတ်ဝေရေးကို တည်ထောင်ကြသည်။

မိမိတို့သည် ထိုအချိန်က နေ့စဉ်လောက်ပင် လူချင်း ဆုံဖြစ်ကြသည်။ အလုပ်

ကိစ္စများ ပြီးလျှင် တစ်ယောက်ငါးကျပ်စီစုပြီး ကမ်းနားလမ်း နန်းသီတာသို့ သွားကြသည်။ သည်တုန်းက ဘီယာအပျော့တစ်လုံးမှ နှစ်ကျပ်ပြားလေးဆယ်။ နောက်ပိုင်းတွင် ဖိုးစိန်လမ်း တဲကြီး (ပြည်ထောင်စုကလပ်) သို့ သွား၍ စကရယ်ဗယ် ကစားကြသည်။ ရုပ်ရှင်ကား အသစ်လဲတိုင်း ကြည့်ကြသည်။ တစ်ယောက်တစ်လှည့်စီ ပြရသည်။ ယခု အထိလည်း တယ်လီဖုန်းအဆက်အသွယ် နေ့တိုင်း ရှိကြသည်။ ဗုဒ္ဓဟူးနေ့တိုင်း လူချင်း ဆုံကြသည်။

နှစ်ပေါင်းသုံးဆယ် ရှိခဲ့ပြီ။ သည်အတွင်းမှာ မိမိတို့ ရန်ဖြစ်ဖူးသည် မရှိပါ။ သို့သော် စိတ်ဆိုးဖူးကြသည်။ သူက စိတ်ဆိုးသည့်အခါ ရှိသည်။ ကိုယ်က စိတ်ဆိုးသည့် အခါ ရှိသည်။ မိမိတို့သည် တစ်ယောက်ကိုတစ်ယောက် ပြောစရာရှိလျှင် အကြွေးမထား ကြ။ မကျေနပ်တာရှိသည်ကို ချက်ချင်းပင် ပြောကြသည်။ တစ်ခါတစ်ရံ အကြိတ်အနယ် ငြင်းခုံကြရသည်။ သို့သော် တစ်ယောက်က စိတ်သိပ်ဆိုးနေလျှင်မူ တစ်ယောက်က မပြောတော့။ စိတ်ဆိုးပြေမှပဲ ပြောတော့သည်။

အမှန်အတိုင်း ပြောရလျှင် မိမိတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နားလည်မိကြသည်မှာ စိတ်ဆိုးမှုတစ်ခုတွင် အစပြုသည်ဟုပင် ဆိုရမည်လား မသိ။

စာပေ အသိအကျွမ်းများအဖြစ် ခပ်လှမ်းလှမ်း ပေါင်းခဲ့စဉ်ကမူ ဘာပြဿနာမှ မရှိ။ သို့သော် စာပေကလပ်တွင် ပေါင်းဆုံရသော အခါတွင်မူ ပြဿနာများကို ရှောင်လွှဲ၍ မရတော့။ မကြာမတင်မှာပင် ထိပ်တိုက်တိုးကြရသည်။

ထိုအချိန်က မိမိတို့သည် အသက်နှစ်ဆယ်ကျော် သုံးဆယ်တွင်း ဖြစ်သည်။ စာရေးအားကောင်းသည့် အချိန်ဖြစ်သည်။ စာရေးရှိန် တက်သည့်အချိန်ဖြစ်သည်။ ထိုက်သင့်သည့် အောင်မြင်မှုများ ရှိနေကြသည်။ ရည်မှန်းချက်များ ရှိနေကြသည်။ သည်တော့ မိမိတို့တွင် အတ္တမာနများလည်း ရှိနေနိုင်ပါသည်။

အဖွဲ့အစည်းများတွင် မိမိတို့ နေရာယူစ အချိန်လည်း ဖြစ်ကြသည်။ မိမိတို့၏ အရည်အချင်းကို အများက လက်တွေ့ပိုင်ပိုင် မသိသေးသည့် အချိန်လည်း ဖြစ်သည်။

သည်အချိန်တွင် စာပေကလပ်က စာပေမဂ္ဂဇင်းတစ်စောင် ထုတ်ဝေရန် အစီအစဉ် ရှိသည်။ ကမ္ဘာအေး စာပေညီလာခံအမိ ထုတ်ဝေလိုသည်။ အချိန်က ကပ်နေပြီ ဖြစ်သည်။ ရက်ပိုင်းမျှသာ ရှိတော့သည်။ စာမူစုဆောင်းသည်မှ စာအုပ်ထွက်သည်အထိ တစ်ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။

အစည်းအဝေးက မိမိတို့နှစ်ယောက်ကို တာဝန်ပေးသည်။

ဖြစ်ပါ့မလား။

"စာပေ"မဂ္ဂဇင်း ဆိုသည်ကလည်း အရှိန်အဝါကြီးသည်။ ပုဂ္ဂလိက ထုတ်ဝေသော မဂ္ဂဇင်းမျိုး မဟုတ်။ စာပေအဖွဲ့အစည်းက ထုတ်ဝေသော မဂ္ဂဇင်းဖြစ်သည်။ အစဉ်အလာလည်း ရှိသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းသည် စာရေးဆရာစာစောင်ကို ထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် အဆက်ပြတ်သွားသည်။ ၁၉၅၀ ပြည့်တွင် ၁၃၁၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေမဂ္ဂဇင်း အမှတ် ၁ ကို ထုတ်ဝေခဲ့သည်။ မဂ္ဂဇင်းကော်မတီတွင် ဒဂုန်တာရာ၊ မင်းကျော်၊ ဂျာနယ်ကျော်မမလေး၊ သန်းဆွေ၊ သော်တာဆွေနှင့် ဗန်းမော်တင်အောင်တို့ ပါဝင်ကြသည်။ တာဝန်ခံအယ်ဒီတာ မင်းကျော်ဖြစ်သည်။ ၁၉၅၁ မေလတွင် ဂိမ္ဘ စာစောင်ကို ထုတ်ဝေသည်။ ၁၉၅၁ နိုဝင်ဘာတွင် ၁၃၁၃ ခုစာဆိုတော် အထိမ်းအမှတ် စာပေမဂ္ဂဇင်းကို ထုတ်ဝေသည်။ တာဝန်ခံအယ်ဒီတာ မြသန်း (မြသန်းတင့်) ဖြစ်သည်။ ၁၉၅၅ တွင် စာပေမဂ္ဂဇင်း အမှတ် ၄ ကို ထုတ်ဝေသည်။

သည့်နောက်တွင် စာပေမဂ္ဂဇင်းကဏ္ဍ ပြတ်သွားပြန်သည်။ စာပေမဂ္ဂဇင်းဆုတ်ဝေရသည်မှာ မလွယ်ပါ။ စာပေအဖွဲ့အစည်းတစ်ခုမှ ထုတ်ဝေသော စာပေမဂ္ဂဇင်းသည် သာမညောင်ည မဖြစ်သင့်ပါ။ စာပေသြဇာ ရှိရပါမည်။

အမှုဆောင်အချို့က မိမိတို့နှစ်ယောက်ကို သံသယ ရှိကြသည်။ အတွေ့အကြုံနုနယ်သေးသည်ဟု ယူဆကြသည်။ တာဝန်က ကြီးသည်။ အချိန်က နည်းသည်။ သို့သော် နောက်ဆုံးတွင် မိမိတို့နှစ်ယောက်ကိုပင် လုံးဝဥဿုံ တာဝန်လွှဲအပ်လိုက်ကြသည်။

ဟုတ်ပြီ။

မိမိတို့ လုပ်ကြပြီ။

ပထမနေ့မှာပင် ပြဿနာပေါ်သည်။ မဂ္ဂဇင်းပုံပန်းသဏ္ဌာန်နှင့် ထုတ်လုပ်ပုံဆုတ်လုပ်နည်းကို စဉ်းစားကြရာတွင် အငြင်းပွားကြသည်။ နောက်ဆုံးတွင် ပြေလည်မှုမရှိဘဲ ဖြစ်နေသဖြင့် မိမိ အိမ်ပြန်လာသည်။ မိမိ အိမ်ပြန်ရောက်တော့ ဆယ်နာရီထိုးနေပေပြီ။

ည ၁၀ နာရီခွဲလောက်တွင် ဂျာနယ်ကျော်မမလေး၏ ခင်ပွန်း ဦးအောင်ဖေယျနှင့် မင်းကျော်တို့ အိမ်ရောက်လာကြသည်။

'ဟေ့လူ လာဗျာ၊ ကျွန်တော်တို့ ကနေ့ည စ နိုင်မှ ဖြစ်မယ်'

မင်းကျော်က ပြောသည်။

မှန်သည်။ ကနေ့ည မစနိုင်လျှင် မည်သည့်နည်းနှင့်မျှ အချိန်မမီနိုင်တော့။

'ကောင်းပြီလေ၊ ဖြစ်အောင် လုပ်ကြတာပေါ့'

ကျွန်တော် ထပြီး လိုက်သွားသည်။

ကျွန်တော်တို့ နေ့ရောညရော လုပ်ကြသည်။ တိုက်ခွဲပြီး ရိုက်ကြသည်။ ငါးရက်အတွင်းမှာပင် မဂ္ဂဇင်းပြီးသွားသည်။ ညီလာခံဖွင့်မည့် မနက်တွင် မဂ္ဂဇင်းကို ဖြန့်ချိနိုင်ခဲ့သည်။

သည့်တုန်းက ပေါ်ဦးသက်၏ မျက်နှာဖုံးကလည်း ထူးခြားသည်။ အမြင်ဆန်းနေသည်။ အခိုပ္ပာယ်လည်း ပြည့်ဝသည်။

နောက်တစ်ခု ထူးခြားသည်ကတော့ စာအုပ်အရွယ်အစားပင် ဖြစ်သည်။ ယခင်စာပေမဂ္ဂဇင်းများသည် ထုံးစံအတိုင်း ကရောင်းရှစ်ချိုး၊ ဗန်းမော်တင်အောင် **ဗမာစာပေ** ရိုက်တုန်းက ဒီမိုင်းဆိုက်။

ယခုအရွယ်အစားက ၆ $\frac{၁}{၂}$ x ၉ $\frac{၃}{၄}$ ။

ကရောင်း ကိုးချိုး။

ဂျာနယ်ကျော်မမလေး၏ သီဟရတနာပုံနှိပ်တိုက်နှင့် ဦးသန်းညွန့်၏ မြမြဝင်းပုံနှိပ်တိုက်တို့သည် နာမည်ကြီး ပုံနှိပ်တိုက်များ ဖြစ်ကြသည်။ စည်းစနစ်ရှိသည်။ သေသပ်ကောင်းမွန်သည်။ ကျွမ်းကျင်သော စာစီသမားများ ရှိသည်။ ဖိုမင်၊ စာပြင်နှင့် စက်ဆရာတို့သည် ဝါရင့်သူများ ဖြစ်သည်။

သို့သော် သူတို့သည် ကိုးချိုး တစ်ခါမျှ မလုပ်ဖူးဘူး။ မိမိတို့ကိုယ်တိုင် ဖောင်သွင်းပေးရသည်။ စက်သမားကို ရိုက်ပုံရိုက်နည်း ပြောရသည်။ စာအုပ်ချုပ်သည့် နေရာတွင်လည်း ခေါက်ပုံခေါက်နည်း ပြပေးရသည်။ အကျိုးထူးသည်ကတော့ တစ်ဖောင်လျှင် တစ်မျက်နှာတိုးသည်။ ရှစ်ဖောင်တွင် တစ်ဖောင်ပိုစေသည်။ သို့မဟုတ် ကိုးဖောင်တွင် တစ်ဖောင်တွက် စက္ကူသက်သာသည်။ နောက်တစ်ခုကတော့ မိမိတို့သည် မျက်နှာဖုံးမှ တစ်ပါး အတွင်းတွင် ပန်းချီဘလောက် လုံးဝမသုံးပါ။ အရောင်လည်း မသုံးပါ။ ခဲစာလုံးလိုင်းကြီးများကိုလည်း မသုံးဘဲနှင့် "အဖြူကို အားထားသော အပြင်အဆင်စနစ်"ကို အသုံးပြုခဲ့ကြပါသည်။ မဂ္ဂဇင်း၏ နောက်ဆုံးဖောင်ကို ပိတ်သောအချိန်သည် ညတစ်နာရီထိုးနေပြီ ဖြစ်သည်။ မဂ္ဂဇင်းအယ်ဒီတာအဖို့ ဖောင်ပိတ်သည့်နေ့၊ ဖောင်ပိတ်သည့်အချိန်သည် အပျော်ရွှင်ဆုံး၊ အလွတ်လပ်ဆုံး အချိန်ပင် ဖြစ်သည်။

မိမိတို့သည် လမ်းမပေါ်သို့ထွက်ပြီး လတ်ဆတ်သောလေကို အားရပါးရ ရှူရှိုက်ကြသည်။ ရန်ကုန်မြို့၏ညသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ မိမိတို့နှစ်ယောက်လမ်းမပေါ်တွင် လျှောက်သွားရင်း ဘာလုပ်ရမည်နည်းဟု စဉ်းစားကြသည်။ ထို့နောက်စိတ်ကူးတစ်ခု ရသဖြင့် သုံးဘီးကားငှားပြီး ရန်ကုန် အနောက်ပိုင်း အလုံမှနေ၍ ရန်ကုန်အရှေ့ဖျား ကျောက်ကုန်းသို့ သွားကြသည်။

ထိုစဉ်က ဒဂုန်တာရာ ကျောက်ကုန်းမှာ နေသည်။

ဒဂုန်တာရာ အိမ်ရှေ့သို့ မိမိတို့ ရောက်သောအခါ ည နှစ်နာရီ ထိုးတော့သည်။ သုံးဘီးကားခ ဆယ့်ငါးကျပ် ပေးရသည်။

တစ်လမ်းလုံး အိပ်မောကျနေသည်။

ဒဂုန်တာရာကို မိမိတို့ နှိုးကြသည်။ တော်တော်နှင့် မနိုး။ ဟိုအိမ်က မီးလင်းလာ

သည်။ သည်အိမ်က မီးလင်းလာသည်။ ခွေးတစ်ကောင်နှစ်ကောင် ဟောင်သည်။ ဟိုမှသည်မှ ချောင်းဟန့်ကြသည်။ ငါးမိနစ်ခန့် ကြာသောအခါ ဒဂုန်တာရာ အိမ်ထဲမှ ထွက်လာသည်။ စွပ်ကျယ်အင်္ကျီ လက်တိုကလေးနှင့် ဖြစ်သည်။ သူ့ခေါင်းမှ ဆံပင်တွန့်တွန့်များမှာ ပိုပြီး ပွယောင်းနေသည်။ သူသည် မျက်မှန်အထူကြီး အတွင်းမှနေ၍ မိမိတို့ကို အားစိုက်ပြီး ကြည့်သည်။ မိမိတို့မှန်း သိသောအခါ–

'ခင်ဗျားတို့လား'

'ဟုတ်ပါတယ်'

'ဘာကိစ္စလဲ၊ အစည်းအဝေး ဖိတ်မလို့လား'

ဒဂုန်တာရာ ရယ်မောကာ မေးသည်။ သူ့သွား ဖြူဖြူလေးတွေ ပေါ်နေသည်။

'မဟုတ်ပါဘူး၊ ကြိုး လိုချင်လို့ပါ'

'ဘာကြိုးလဲ'

'ဂုန်နီကြိုး'

'ဘာလုပ်ဖို့လဲ'

'ဒီလိုဗျာ၊ ကျွန်တော်တို့မဂ္ဂဇင်း ပြီးသွားပြီ။ အဲဒါ ချည်စရာကြိုး မရှိလို့ ခင်ဗျားဆီကို လာတောင်းတာ'

'ဟာ ကြံကြီးစည်ရာ၊ ကျွန်တော့်ဆီမှာ ဘယ်ရှိမလဲ'

'အများကြီးမဟုတ်တောင် နည်းနည်းပေါ့ဗျာ။ ခြင်ထောင်ချည်တဲ့ကြိုး ဖြစ်ဖြစ် ဆိုဘာ'

'မရှိပါဘူး'

'မရှိရင်လည်း ပြီးရောပေါ့ဗျာ၊ ပြန်မယ်'

မိမိတို့ ပြန်ခဲ့ကြသည်။ ဒဂုန်တာရာ ဘဝင်မကျဖြစ်ကာ ကျန်ရစ်သည်။ နောက် အင်္ဂနေ့တွင် တွေ့သည့်လူတိုင်းကို သူ ပြောသည်။ သည့်နောက်တွင်လည်း စကားကြုံသည် အခါတိုင်း သူ ပြောတတ်သည်။

'ကိုနုတ်နွယ်နဲ့ ကိုမင်းကျော်တို့ ဘာလုပ်ကြတာလဲ မသိဘူးဗျာ။ ကျွန်တော့် အိမ်ကို ညနေ့စ်နာရီလောက်လာပြီး ဂုန်နီကြိုး တောင်းကြတယ်။ ကျွန်တော် အခုထက်ထိ ငြင်းစားလို့ မရဘူး'

ဘာရယ်လို့ မဟုတ်ပါ။ မိမိတို့နှစ်ယောက်သည် တစ်ခါတစ်ရံတွင် ဤသို့ပင် လွတ်လွတ်လပ်လပ် ပြုမူတတ်ကြပါသည်။ လွတ်လွတ်လပ်လပ် နေထိုင်တတ်ကြပါသည်၊ လွတ်လွတ်လပ်လပ် စားသောက်တတ်ကြပါသည်။

ဆူးလေဘုရားလမ်း ကွန်တီနင်တယ်အဝိုင်းကြီး ရှိစဉ်တုန်းက မိမိတို့သည် ည ၁၀ နာရီ၊ ၁၂ နာရီအထိ ထိုင်ပြီး စကားပြောနေတတ်ကြသည်။

ပလေဒီယံ (ပပဝင်း) ရုံအောက်တွင် ထိုင်ပြီး အမဲအူပြုတ် သောက်ကြသည်။ ခေါင်းရွက် တို့ဟူးသည်ကို ဗန်းချခိုင်းပြီး ပလက်ဖောင်းပေါ်မှာပင် ပတ်တတ် စားတတ်သည်။ သည်နေရာတွင် မောင်နေဝင်းကို ဆွယ်၍ မရပါ။ သူက စည်းကြီးကမ်းကြီးသမားဖြစ်သည်။ မိမိတို့က အထိန်းအချုပ်ဘောင်အတွင်းမှ ရုန်းထွက်တတ်ကြသည်။ စာရေးကြရာတွင်လည်း သည်အတိုင်းပင် ဖြစ်သည်။ မိမိတို့သည် ခေတ်ပေါ်စာပေကို စူးစိုက်မှုများသည်။ ပြောင်းလဲနေသော ခေတ်ပေါ် တွေးနည်း ရေးနည်းများကို အာရုံပြုကြသည်။

ယင်းကြောင့်ပင် မိမိတို့သည် ရေးဟန်ခြင်း မတူကြသော်လည်း တွေးဟန်ခြင်း အတော်ကလေး တူညီကြသဖြင့် "မလိခ"ကလောင်အမည်ဖြင့် **မြန်မာဝတ္ထုအညွှန်း**များကို ပူးတွဲရေးသားနိုင်ကြသည်။

မင်းကျော်၏ရေးဟန်က ညအခါတွင် လျှပ်ရောင်ပြက်သကဲ့သို့ တလျှပ်လျှပ်လက်နေသည်။ လျှပ်တစ်ပြက်မင်းကျော်ဟု ပြောရချေမည်လား မသိ။ လျှပ်တစ်ပြက်ဂျပန် ကို သူ ရေးခဲ့သည်တကား။

[ မိုးဝေ၊ စုလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ ၁၉၈၃ ]

# တြိဂံ၊ မျဉ်းပြိုင်နှစ်ခု၊ မျဉ်းဖြောင့်တစ်ကြောင်း

## (က)

မိမိအနေနှင့် စာမူရက်ချိန်း ပျက်ခဲ့သည်။ စာမူယူသူများမှာ အခက်အခဲ မဖြစ်ရအောင် ဆးနိုင်မည့် ရက်ထက် နောက်ဆုတ်ပြီး ချိန်းလေ့ရှိသည်။ ချိန်းသည့်နေ့တွင် ပေးနိုင်အောင်လည်း တတ်နိုင်သမျှ ကြိုးစားသည်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ခဲ့လျှင်လည်း နောက်တစ်ကြိမ် ရက်ချိန်းတွင် အတိအကျပေးနိုင်အောင် အားထုတ်သည်။ စာရေးဆရာတစ်ယောက်သည် အယ်ဒီတာစားပွဲတွင် ထိုင်မိလျှင် တဖြည်းဖြည်း တာဝန်များ ပိလာပြီး၊ စာရေးအား လျော့သွားရသည်မှာ ထုံးစံပင် ဖြစ်သည်။

မိမိလည်း မဂ္ဂဇင်းတာဝန်များ ပိလာသဖြင့် ရေးလက်စများနှင့် ကတိပေးထားသည်များကို လက်စသတ်ပြီး၊ လစဉ်ရေးနေသော မဂ္ဂဇင်းများ၊ ကဏ္ဍများကိုလည်း လျှော့ရသည်။ စန္ဒာတွင် လစဉ်ရေးနေသော ကဏ္ဍတစ်ခုကို ရပ်လိုက်ရသည်။ ခနနှင့် မိုးတို့တွင် လစဉ် ရေးနေသည်ကိုလည်း အဆင်သင့်သလို လခြား ရေးသွားရန် တောင်းပန်ရသည်။ နှယ်နီမှာပင် လစဉ်ရေးနေသော ကဏ္ဍတစ်ခု နှစ်ခုကို မိတ်ဆွေ စာရေးဆရာများအား အပ်ရပ်ခဲ့ပြီး ပခုံးပြောင်းပေးရသည်။ သို့သော် မဂ္ဂဇင်းတစ်ခုတွင် လစဉ်ရေးနေသော ဝင်တိုင်ဆောင်းပါး တစ်ခုကိုကား ဘာပဲဖြစ်ဖြစ် လစဉ် မပျက်မကွက် ရေးသွားရန် ဆုံးဖြတ်ထားသည်။ ယင်းမှာ ရွှေဝတ်မှုန်မှ တောအကြောင်း တောင်အကြောင်းပင် ဖြစ်သည်။ ဤကဏ္ဍက မိမိ၏ရင်ထဲတွင် ရှိနေသည်များကို ဖွင့်ထုတ်ခွင့်ရသော၊ မိမိကို အသက်ရှူ ချောင်စေသော လေသာပြတင်း တစ်ချပ်သဖွယ် ဖြစ်သည်။

စက်တင်ဘာလအတွက် ရွှေဝတ်မှုန်က စာမူတောင်းသောအခါ နှယ်နီ ထွက်ပြီးရက်ပြင်သော တနင်္လာနေ့ (ဇူလိုင်–၂၂) ကို ချိန်းလိုက်သည်။ မဂ္ဂဇင်း တစ်လပြီးသွားချိန်တွင် အသက်ရှူချောင်သည်။ စာ အနည်းအပါး ဖတ်နိုင်သည်။ စာ အနည်းအပါး ရေးနိုင်သည်။ သောကြာ (အာဇာနည်နေ့)၊ စနေ၊ တနင်္ဂနွေတို့မှာ ပိတ်ရက်ဖြစ်သဖြင့်

ကောင်းစွာ ရေးနိုင်သည်ဟု ယူဆသည်။ သို့သော် တနင်္လာနေ့တွင် စာမူမပေးနိုင်ပါ။ မရေးရသေးပါ။

တနင်္လာနေ့က ရွှေဝတ်မှုန်မှ ကိုကျော်ကြီး စာမူလာယူသောအခါ မိမိနှင့် မတွေ့ပါ။ ထိုနေ့ညက မိမိ တိုက်မှ စောစောပြန်သွားသည်။

အင်္ဂါနေ့တွင် ကိုကျော်ကြီး လာသောအခါ မိမိက –

'တနင်္လာနေ့လေ'

'မနေ့က ကျွန်တော် လာပါတယ်၊ ဆရာ အစောကြီး ပြန်သွားတယ်'

'အဲဒီတော့ တနင်္လာနေ့လို့ ပြောထားတဲ့အတိုင်း နောက်တနင်္လာပေါ့'

'ဟာဗျာ'

'ကျွန်တော် ရေးလို့ မပြီးလို့ပါ။ နောက်တနင်္လာတော့ ဆက်ဆက်ပေးပါ့မယ်'

ကိုကျော်ကြီး ပြက္ခဒိန်ကို ကြည့်သည်။ နောက်တနင်္လာဆိုသည်က ဇူလိုင် ၂၉ ပဲ ရှိသေးသည်။ တချို့သော မဂ္ဂဇင်းများ ဩဂုတ်လထုတ်ပင် မထွက်ကြသေး။

'ဒီတနင်္လာတော့ ဆက်ဆက်လုပ်ပါ ဆရာ'

မိမိ ခေါင်းညိတ်လိုက်သည်။

သည်တစ်ပတ်မှာလည်း ပိတ်ရက် သုံးရက်။ သောကြာက ဝါဆိုလပြည့်နေ့။ သည်သုံးရက် အတွင်းမှာတော့ ပြီးတန်ကောင်းသည်ဟု မိမိ ယူဆလိုက်သည်။

အမှန်တော့ **တောအကြောင်း တောင်အကြောင်း**လို ဆောင်းပါးမျိုးကို တစ်မနက် ရေးလျှင် ပြီးသည်။ သုံးရက်အတွင်း ဘာမျှ မပြီးစရာ မရှိ။ ခေါင်းထဲမှာလည်း ရေးစရာ အကြောင်းအရာ ရှိပြီးသား။

သို့သော် မပြီးပါ။ ဟိုလိုလို သည်လိုလိုနှင့် သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက် ကုန်သွားသည်။ တနင်္လာနေ့မနက် အထိလည်း တစ်လုံးမျှ မရေးရသေး။

စာရေးစားပွဲမှာ ထိုင်လိုက်လျှင် ငိုင်နေမိသည်။ ဘောလ်ပင်ကို မကိုင်မိ ဟို စာအုပ်ကို ဆွဲကြည့်၊ သည်စာအုပ်ကို ကိုင်ကြည့်နှင့် အချိန်တွေ ပျောက်ဆုံးကုန်သည်။

အမှန်အားဖြင့်တော့ မိမိရေးရန် ရှိသည်ကို ရေးမရခြင်းပင် ဖြစ်သည်။ ခေါင်းထဲမှ ရေးချင်သော်လည်း ရင်ထဲက မရေးချင်ပါ။

မိမိမှာ ရေးဖို့ တာဝန်ရှိသည်။ မိမိအနေနှင့် ရေးရမည်။ သို့သော် ရေး၍ မရပါ။

သည်အဖြစ်က ကြံတောမှာကတည်းက သိသာခဲ့သည်။ ထိုနေ့က အင်္ဂါနေ့ ဖြစ်သည်။ ဇူလိုင်လ ၉ ရက်နေ့ ဖြစ်သည်။ အမျိုးသမီးလည်း လိုက်မည်ဆို၍ အိမ်မှနေပြီး ကြံတောသို့ တိုက်ရိုက်သွားသည်။ ၂ နာရီလောက်မှာ ရောက်သွားသည်။ လူတွေ အများကြီး ရောက်နှင့်နေကြပြီး ဖြစ်သည်။ အသုဘချမည့် အချိန်က ၃ နာရီ။

ရုပ်ကလာပ် ပြင်ဆင်ထားရာသို့ တောက်လျှောက်သွားသည်။ သူ့ကို နောက်ဆုံး

ကြည့်ခြင်းဖြင့် ကြည့်သည်။ သူ အိပ်နေသည်။ မိမိတို့ လာသည်ကို သူ သိဟန်မရှိ။ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို သူ ဂရုပြုဟန်မရှိ။ သူနှင့် မိမိတို့အကြားတွင် အမှားကြီး ခြားနားသွားပြီ။

မိမိက သူ့ကို သိသည်။ ပတ်ဝန်းကျင်ကို သိသည်။ သူက ဘာမျှ မသိတော့။ သူက ဘာမျှ သက်ဆိုင်ခြင်း မရှိတော့။

မိမိ သူ့ကို ဘာပြောနိုင်တော့မည်နည်း။ သူနှင့် မည်ကဲ့သို့ ဆက်သွယ်နိုင်တော့မည်နည်း။ သူ၏သားနှင့် အနီးရှိ မိတ်ဆွေအချို့ကိုသာ နှုတ်ဆက်ပြီး ဘေးတစ်လျှောက်တွင် ချထားသော ကုလားထိုင်တန်း၏ ထိပ်ဆုံးတွင် သွားထိုင်နေမိသည်။ ရုပ်ကလာပ်အနီးရှိ ရှေ့ဆုံးခုံတန်းတွင် သူ၏ဇနီး တင်တင်ဝင်း ထိုင်နေသည်ကို တွေ့ရသည်။ သွား၍ နှုတ်မဆက်မိ။ သွား၍ နှုတ်မဆက်ချင်။ ဘာစကား ပြောရမည် မသိ။ မိမိမှာ အားပေးစကား ပြောနိုင်စွမ်း မရှိ။ မလှမ်းမကမ်းတွင် အော်ဟစ်ကာ ငိုယိုနေကြသော သူ၏ နှမများကို တွေ့ရသည်။ သူတို့ကိုလည်း မိမိ မျက်နှာ မပြချင်။ မိမိကိုမြင်လျှင် သူတို့ ပို၍ ငိုကြမည်။

ဝင်ပေါက်ဝတွင် စားပွဲတစ်လုံး ချထားသည်။ ဝမ်းနည်းမှတ်တမ်း စာအုပ်ရှိသည်။ သူများတွေ ရေးနေကြသည်။ မိမိ မရေးပါ၊ မရေးချင်ပါ။

ခဏမျှအကြာတွင် ဝမ်းနည်းမှတ်တမ်းစာအုပ်ယူပြီး "ဟန်သစ်"မှ ကိုခင်ဇော် (ခင်ဦးညို၏ ညီ) မိမိထံသို့ လာသည်။ မိမိ လက်ကာပြပြီး ခေါင်းခါမိသည်။ သူ လှည့်ပြန်သွားသည်။ သူ့စိတ်ထဲတွင် မည်သို့ ထင်ချေမည် မသိ။

မိမိကိုယ်ကို အားတင်းထားရသည်။ ထိန်းချုပ်ထားရသည်။ မိမိ၏ ရင်ထဲတွင် ခံစားနေရသည်များကို ဖော်ထုတ်နိုင်သော ဝေါဟာရ စကားလုံးများ မရှိဟု ထင်မိသည်။

သို့သော် ရက်လည်သည့်နေ့က ရန်ကင်းအိမ်သို့ ရောက်ရှိသွားသောအခါ တင်တင်ဝင်းက ခရီးရောက်မဆိုက်ပင် မိမိကို ဝမ်းနည်းမှတ်တမ်းစာအုပ် ပေးသည်။

မိမိ မရေးချင်ပါ။ သို့သော် မရေးချင်ကြောင်း တင်တင်ဝင်းကို မပြောချင်ပါ။ တင်တင်ဝင်း မသိစေချင်ပါ။ ထို့ကြောင့် စာအုပ်ကိုဖွင့်ပြီး စာမျက်နှာ အလွတ်တစ်နေရာတွင် ရေးလိုက်သည်။

"ကိုယ် အခု ဘာမှ မရေးချင်ဘူး။ နောက်မှပဲ ရေးမယ် သူငယ်ချင်း"

## (ခ)

အတိသေးခဲ့ပြီ ဖြစ်သည့်အတိုင်း မိမိ ရေးရမည်။

နောက်ပြီး ဟိုတုန်းက မိမိတို့အချင်းချင်း နောက်ပြောင်ခဲ့ကြသည်။ မိမိတို့ အထဲက တစ်ယောက် သို့မဟုတ် နှစ်ယောက် ခရီးသွားခဲ့လျှင် ရန်ကုန်တွင် ကျန်ရစ်ခဲ့သူက–

'အင်း ခင်ဗျားတို့အကြောင်းတော့ ကျုပ် ရေးရတော့မှာပဲ'

ဒါက ဟိုတုန်းက။

လောလောလတ်လတ်အဖြစ်ကို ပြောရလျှင် –

သောကြာနေ့က၊ ဇူလိုင်လ ၅ ရက်နေ့က၊ သူ မသေခင် နှစ်ရက်အလိုက။

ထိုနေ့က မဂ္ဂဇင်းတိုက်ကို မိမိ စောစောရောက်သွားသည်။ ၁၂ နာရီလောက် ဖြစ်သည်။ အခါတိုင်းဆိုလျှင် ၁ နာရီကျော်မှ ရောက်တတ်သည်။ အဲဒီနေ့ကတော့ သူနှင့် နောက်ဆုံးတွေ့ဖို့ပဲ ဖြစ်မည်။ စောစောရောက်သွားသည်။

စာအုပ်တိုက်က ပြောသည်။ မနက်က ဦးမင်းကျော် လာသွားသည်။ အစည်းအဝေး သွားသည်။ အပြန် ဝင်လာဦးမည်ဟု ဆိုသည်။

၁၂ နာရီခွဲလောက်တွင် သူ ရောက်လာသည်။ လွယ်အိတ်ကို အဝင်ပေါက် စားပွဲပေါ်တွင် ပစ်ချပြီး၊ တံခါးပေါက်အနီးရှိ ခုံကလေးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'ဟော့လူ စာမူပါသလား'

မိမိက အယ်ဒီတာ စကားကို အရင် ပြောလိုက်သည်။

သူ ခေါင်းခါပြီး–

'ရေးတာပဲ၊ မပြီးဘူးဗျာ။ တနင်္လာနေ့ကျမှ ယူတော့'

'ဖောင်ပိတ်နေပြီဗျ'

'ခင်ဗျားတို့က လွန်လွန်းတယ်ဗျာ'

ထို့နောက် စားပွဲပေါ်မှ မဂ္ဂဇင်းတစ်စောင် နှစ်စောင်ကို သူ ကြည့်နေသည်။ မိမိလည်း စာမူတစ်ခုအတွက် ပုံများကို ကြည့်နေသည်။

ခဏအကြာတွင် သူ မတ်တတ် ထ ရပ်ပြီး–

'ပြန်မယ်'

'ဘယ်လိုဖြစ်တာလဲ'

မိမိက အံ့သြစွာ မေးလိုက်သည်။ သူ သည်မျှ မြန်မြန်ပြန်လေ့ မရှိ။ အိပ်ဦးမယ်ဗျာ ဆိုပြီး အထပ်ခိုးပေါ်တက်ပြီး အိပ်တတ်သည်။ သို့မဟုတ် လက်ဖက်ရည် သောက်မယ်ဗျာ ဟု ပြောတတ်သည်။ ယခုတော့ ဖြုန်းစားကြီး အစောကြီး ပြန်တော့မည်တဲ့။ နာရီကြည့်လိုက်တော့ တစ်ချက်ပင် မထိုးတတ်သေး။

'ဆရာ ဆင်ဖြူကျွန်း ဦးအောင်သိန်းကို ချိန်းထားတယ် မဟုတ်လား၊ မစောင့်တော့ဘူးလား'

ဘဝတက္ကသိုလ် မောင်နေဝင်းက လှမ်းပြောသည်။

'မစောင့်တော့ဘူး၊ သွားတော့မယ်။ တနင်္လာနေ့မှ လာမယ်'

'ဟော့လူ၊ ဘာမှ မလုပ်တော့ဘူးလား'

မိမိက မေးလိုက်သည်။

သူ လက်ခါပြသည်။

'လက်ဖက်ရည်တောင် မသောက်တော့ဘူးလား'

သူ လက်ခါပြသည်။

'ဟော့လူ သတိထားဦးနော်။ ခင်ဗျားအကြောင်း ကျွန်တော် ရေးနေရဦးမယ်၊ စာပေနှင့် အနုပညာကဏ္ဍာ မရေးရသေးဘူး'

'အံမာ ဟား ...ဟား ... ဟား ... ခင်ဗျားအကြောင်း ကျွန်တော် ရေးရမှာဗျ။ ကျုပ်ကို အဲဒီလိုပြောတဲ့လူတွေ အရင်သေကုန်ကြတာပဲ။ မောင်နေဝင်းလည်း သွားပြီ၊ ကိုဝင်းဦးလည်း မရှိတော့ဘူး'

ထို့နောက် သူ ယိုင်တိုင်ယိုင်တိုင်ဖြင့် ထွက်သွားသည်။ သူသည် ယခုတလော လမ်းလျှောက်သည်မှာ ယိုင်တီးယိုင်တိုင်နှင့်။ ဟိုတုန်းကလို သုတ်သုတ်ဖွေ့ဖွေ့မျိုး မဟုတ်တော့။ အင်းလေ ... အသက်တွေလည်း ကြီးလာကြပြီပဲ။ ဘဝရဲ့ ဒဏ်ရာ ဒဏ်ချက်တွေ အတော်များလာပြီပဲ။

သို့သော် သူ ဤမျှ မြန်မြန်သေလိမ့်ဦးမည်ဟုကား လုံးဝ မထင်ပါ။

လွန်ခဲ့သော နှစ်နှစ် သုံးနှစ်လောက်က သူ ဆေးရုံတက်ရတုန်းက သူ့အတွက် စိုးရိမ်မိသည်။ ယခု သူ့ရောဂါ ပျောက်သွားပြီ။ သူ့မှာ ဘာရောဂါမျှ ကြီးကြီးမားမား မရှိ။ သွေးတိုးပဲ ရှိသည်။ သွေးတိုးကတော့ ကိုကျော်အောင်မှာလည်း ရှိသည်။ မိမိမှာလည်း ရှိသည်။ လူ တော်တော်များများတွင် ရှိကြသည်။ သွေးပေါင်ကျဆေးစားပြီး အစားအသောက် ဆင်ခြင်လျှင် ဘာမှ မဖြစ်နိုင်။ မိမိတို့ အုန်းနို့ခေါက်ဆွဲ မစားကြရသည်မှာ ကြာပြီ။ အငန်လည်း လျှော့စားကြသည်။ ဝက်သားကိုလည်း ဆင်ခြင်ပြီး စားကြသည်။

ခေါင်းနည်းနည်းမူးလာလျှင်၊ ဇက်ကြောနည်းနည်းတက်လာလျှင် သွေးပေါင်ချိန်၊ ဆေးစား၊ အစားအသောက် ဆင်ခြင်၊ ဒါဆို အသက်နှင့် အဝေးကြီး။ တနင်္လာနေ့ ကျလျှင် သူ လာမည်။ စာမူ ပါလာမည်။ ထုံးစံတိုင်း မိမိတို့ ဆုံကြရမည်။ ကိုကျော်အောင် တစ်ယောက်ပဲ ခရီးသွားနေ၍ ပျက်ကွက်မည်ဟု မိမိ တွက်ထားလိုက်သည်။ ကိုကျော်အောင်က တနင်္ဂနွေနေ့တွင် တောင်ကြီးသို့သွားရန် စီစဉ်ပြီး ဖြစ်သည်။

စနေနေ့တွင် မိမိ အလုပ်ဆင်းသည်။ ကိုကျော်အောင်ထံမှလည်း ဖုန်းမလာ။ မင်းကျော်ထံမှလည်း ဖုန်းမလာ။ မိမိကလည်း မဆက်ဖြစ်။

တနင်္ဂနွေနေ့ နံနက်တွင်မှ မိမိအတွက် ဖုန်းလာသည်။ ကိုကျော်အောင်။

မိမိကပင် စတင်ပြီး –

'ကိုကျော်အောင် မနေ့က စာအုပ် အယူလွှတ်လိုက်မယ်ဆိုတာ မလာပါလား'

'ဟုတ်တယ် မလွှတ်ဖြစ်ဘူး။ ကနေ့ ကျွန်တော် ဘူတာဆင်းရင်း အချိန်ရရင်လည်း ဝင်ယူသွားမယ်၊ အချိန်မရရင်လည်း မယူတော့ဘူး။ ဒါနဲ့ အရေးကြီးတာ ပြောမလို့'

'ဘာလဲ'

'ကျော်ဆွေ လေဖြတ်လို့'

ကိုကျော်အောင်က မင်းကျော်ကို နာမည်ရင်းအတိုင်း ကျော်ဆွေဟု အခေါ်များသည်။

'ဘာ ... ဘယ်တုံးကလဲ'

'အခုပဲ သူ့အိမ်က ဖုန်းချသွားတယ်။ ရေချိုးခန်းက အထွက်မှာ ဘယ်ဘက်တစ်ခြမ်း လေဖြတ်သွားတယ်လို့ ပြောတယ်။ ဒါပေမဲ့ သတိရတယ်၊ စကားတွေ ပြောနိုင်တယ်။ ကျွန်တော့်သမီးတွေနဲ့ တိုင်ပင်ပြီး (သူ့သမီးနှစ်ယောက်က ဆရာဝန်မလေးတွေ) ချက်ချင်း ဆေးရုံတင်ဖို့ ပြောလိုက်တယ်။ ဆေးရုံတင်ပြီးရင် ဘယ်အခန်းမှာကျတယ်ဆိုတာ ဖုန်းပြန်ဆက်ခိုင်းထားတယ်။ ကျွန်တော် သက်ဆိုင်ရာက ဆရာဝန်တွေဆီကို ဖုံးဆက်ပေးသွားမယ်' (သူက ဆရာဝန်အသိတွေ များသည်။)

လေဖြတ်သည် ဆိုသည့်အတွက် အနည်းငယ် အံ့သြမိသော်လည်း စိုးရိမ်ခြင်း မဖြစ်မိ။ လေဖြတ်သည်မှာ ကုလို့ရသည်။ မကြာမီ ပြန်ကောင်းမှာပဲ။

'ဒါဖြင့် ကျွန်တော် ညနေမှပဲ ဆေးရုံသွားလိုက်တော့မယ်။ ကိုကျော်အောင်ဆီကို ဖုန်းပြန်ဆက်ရင် ကျွန်တော့်ဆီကို ဆက်စမ်းပါ။ ဘယ်အခန်းမှာဆိုတာ ပြောပါ'

ထို့နောက် ဆောင်းပါးတစ်ပုဒ်ရေးရန် ရှိသည်ကို ရေးသည်။ ၁၂ နာရီကျော်မှ ထမင်းစားသည်။ ထမင်းစားပြီးနောက် နာရီကြည့်လိုက်သောအခါ တစ်နာရီခွဲတော့မည်။ ကိုကျော်အောင်ထံမှလည်း ဖုန်းမလာ။ မင်းကျော် ဆေးရုံ တက်ဖြစ်သလား၊ မတက်ဖြစ်ဘူးလား မသိ။

ဆေးရုံတက်ဖြစ်လျှင် အလုပ်တိုက်သို့ သွားမည်။ ထို့နောက် ဘဝတက္ကသိုလ် မောင်နေဝင်းကို ခေါ်ပြီး ဆေးရုံသွားမည်။ ဆေးရုံမတက်ဖြစ်ဘဲ အိမ်မှာ ရှိနေသည် ဆိုလျှင်လည်း အိမ်ကို အရင်ဝင်သွားမည်။ ပြီးတော့မှ အလုပ်ကို သွားမည်။ ယင်းစိတ်ကူးဖြင့် ၅၂၀၂၇ ကို လှည့်လိုက်သည်။ သုံးကြိမ်ခန့် အမြည်တွင် တစ်ဖက်မှ အမျိုးသမီးအသံ ထွက်လာသည်။

'အန်တီဝင်းလား'

မိမိက တင်တင်ဝင်းကို အန်တီဝင်းဟု ခေါ်သည်။

'မဟုတ်ပါဘူး၊ အခုဆက်တာ ဘယ်သူပါလဲ'

ယင်းသို့ဆိုလျှင် မင်းကျော်ကို ဆေးရုံတင်ထားပြီ။ တင်တင်ဝင်းရော၊ သူ့သား ရော ဆေးရုံသွားနေသဖြင့် အခန်းနီးချင်းတစ်ဦးကို အိမ်စောင့်ထားခဲ့သည်ဟု တွက်ဆ လိုက်သည်။

'နတ်နွယ်ပါ၊ စာရေးဆရာ နတ်နွယ်ပါ။ ကိုမင်းကျော် ဆေးရုံတင်ဖြစ်လား'

'ဆရာဦးမင်းကျော် တစ်နာရီ ဆယ်မိနစ်က ဆုံးသွားပါပြီ'

တယ်လီဖုန်းထဲမှ မိုးကြိုးပစ်လိုက်သည်ဟု ထင်မိသည်။

'တစ်နာရီ ဆယ်မိနစ် ဟုတ်လား။ မနက်က ဘယ်အချိန် ဆေးရုံတင်သလဲ'

မယုံသဖြင့် ထပ်မေးသည်။

'မနက်က ကိုးနာရီလောက်မှာ ဆေးရုံတင်တယ်။ ခုနကပဲ ဆေးရုံက ဖုန်းလာ တယ်။ တစ်နာရီ ဆယ်မိနစ်မှာ ဆုံးတယ်တဲ့။ အခု အန်တီဝင်းတို့ ဆေးရုံမှာ'

မိမိ ချက်ချင်းပင် မြို့ထဲ ဆင်းခဲ့သည်။ အလုပ်တိုက်သို့ ရောက်သောအခါ မောင်နေဝင်း သိနှင့်နေပြီ။ ကိုကျော်အောင်လည်း သိသွားသည်ဟု ဆိုသည်။ ကိုကျော် အောင် စာအုပ်ယူရန် ရောက်လာစဉ်မှာပင် ကိုမြတ်ခိုင် ကားနှင့်ရောက်လာပြီး ပြောသွား သည်ဟု ဆိုပါသည်။

'ဦးကျော်အောင်လည်း တော်တော်လေး စိတ်မကောင်း ဖြစ်သွားတယ်။ ခရီးသွား မယ့် တန်းလန်းကြီးဆိုတော့ သူလည်း တဖျစ်တောက်တောက်နဲ့ ထွက်သွားရတာပဲ'

မောင်နေဝင်းက ပြောသည်။ သူလည်း စိတ်ထိခိုက်နေဟန် ရှိသည်။ တစ်ပတ် လျှင် အနည်းဆုံး သုံးလေးကြိမ် မြင်တွေ့နေကျ မဟုတ်လား။

သို့ဖြင့် မိမိနှင့် မောင်နေဝင်း ရန်ကင်းသို့သွားရန် ဆုံးဖြတ်ကြသည်။

'ဆရာမြ(သန်းတင့်)လည်း သိဦးမယ် မထင်ဘူး။ ဝင်ခေါ်သွားရင် ကောင်းမယ် ထင်တယ်'

'ကောင်းတယ်'

မိမိတို့ ကားငှားပြီး သွားကြသည်။ ဖျာပုံလမ်း အမှတ် ၁၅ သို့ ရောက်သောအခါ ကိုမြသန်း (တင့်) မိသားစုအားလုံးကို တွေ့ရသည်။

'ဘာသတင်း ကြားပြီးပလဲ'

မိမိက မေးလိုက်သည်။

'ဘာမှ မကြားဘူး၊ ဘာထူးလို့လဲ '

'ကိုမင်းကျော် ဆုံးပြီ'

သူတို့အားလုံး တုန်လှုပ်သွားကြသည်။

'မနေ့ကပဲ ဒီကို လာသွားသေးတယ်၊ ကျွန်တော့်ဆီက စာအုပ်တစ်အုပ် ငှား သွားတယ်။ ရယ်ရယ်မောမောပဲ၊ တနင်္လာနေ့ တွေ့ကြမယ်လို့ ချိန်းသွားတယ်။ ဘယ်လို ဖြစ်တာလဲ၊ ပြောစမ်းပါဦး'

မိမိက အကျိုးအကြောင်း အကျဉ်းချုပ် ပြောလိုက်ပြီး ...

'လာ သွားကြမယ်၊ ကားပါတယ်၊ ကားငှားလာတယ်'

ကိုမြသန်း (တင့်) ချက်ချင်းပင် အဝတ်အစားလဲပြီး လိုက်လာသည်။

ရန်ကင်း တိုက်အမှတ် ၂၅၇ သို့ ရောက်သောအခါ လမ်းထိပ်တွင် ဆရာတက်တိုး၊ ဒေါ်နယဉ်တို့ ကားနှင့် ဆုံသဖြင့် ဒုတိယထပ် အခန်း ၁၃ သို့ အတူတက်ကြရသည်။

သူ့သား မရှိ။ သတင်းစာတိုက်သို့ ကြော်ငြာသွားထည့်နေသည်။ တင်တင်ဝင်းက အကျိုးအကြောင်း ရှင်းပြသည်။ တင်တင်ဝင်းသည် တွက်ဆထားသည်ထက် ပိုပြီး စိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင် ရှိသဖြင့် အနည်းငယ် စိတ်သက်သာရသည်။

ထိုနေ့က တနင်္ဂနွေနေ့။ ရုံးမှာ ဂျူတီရှိသဖြင့် ရုံးသွားရန် ရေချိုးခန်းမှ အထွက်တွင် ...

'အဝင်းရေ၊ ရေတိုင်ကီကို လှယ်ဦး'ဟု ပြောသေးသည်။

ပြီးမှ ဘယ်ဘက်လက် လေးနေသည်ဟု ဆိုသည်။ ဘယ်ဘက်ကို ဆေးလူးခိုင်းသည်။ အနှိပ်ခိုင်းသည်။ သွေးကျဆေး သောက်သည်။ သွေးပေါင်ချိန်သည်။ ထို့နောက် ရုံးသွားရမည်ဆိုပြီး အတင်းလူးလဲပြီး ထ သည်။ အင်္ကျီကို အတင်းဝတ်သည်။ သို့သော် ကိုယ်တစ်ခြမ်း မလှုပ်နိုင်တော့။ ကားအဆင်သင့် ရှိသဖြင့် ဆေးရုံကို ချက်ချင်း ပို့ကြသည်။ လမ်းမှာလည်း 'ရုံးသွားမယ်၊ ဂျူတီရှိတယ်၊ မသွားလို့ မဖြစ်ဘူး'ဟု အော်ပြီး ပါသွားသည်။

သူက တာဝန်ကို လေးစားသူ ဖြစ်သည်။ တာဝန် ပျက်ကွက်မှာကို အင်မတန် စိုးရိမ်သည်။

ဆေးရုံအထိ သတိရသည်။ စကားပြောနိုင်သည်။ သူ့စိတ်ကိုလည်း မလျှော့။ ရုံးသွားရမည်ဟုသာ ပြောနေသည်။ စကားလုံးတော့ ကောင်းကောင်း မပီချင်တော့။

ဆေးရုံက တတ်နိုင်သမျှ ကြိုးစားသည်။

သို့သော် ...

မိမိတို့အားလုံး မယုံကြည်နိုင်စရာ ဖြစ်သွားရတော့သည်။

တရားသဘောနှင့်မူ

စိုသောလက် မခြောက်မီ၊

ကွေးသောလက် မဆန့်မီ။

သို့သော် သူ သေလိမ့်မည်ဟု မိမိ မထင်။ သူ သေပြီဆိုခြင်းကို မိမိ မယုံ။ သူ မရှိတော့ဘူး ဆိုသည့်အတွက် မိမိ တုန်လှုပ်မိသည်။

မိမိတစ်သက်တွင် လူတစ်ယောက် သေဆုံးခြင်းအတွက် ပထမဆုံး တုန်လှုပ်မိ

ခြင်းဟု ဆိုနိုင်သည်။ မိခင်သည် မိမိငယ်စဉ်က ကွယ်လွန်ခဲ့သဖြင့် မိမိ ဘာမျှမသိ။ ဖခင်သည် အသက်ကြီးမှ လူကြီးရောဂါဖြင့် ကွယ်လွန်သဖြင့် ဖြေသိမ့်နိုင်သည်။

ကိုဝင်းဦး ကြာရှည်စွာ နာမကျန်းဖြစ်ပြီးမှ ကွယ်လွန်သွားသဖြင့် တုန်လှုပ်ခြင်းမရှိ။

မောင်နေဝင်းလည်း ထို့အတူ။ သူ၏ ကျန်းမာရေး ချွတ်ယွင်းနေသည်ကို မိမိတို့ သိနေရသည်။

မင်းကျော်မှာမူ ဤသို့မဟုတ်။ မမျှော်လင့်ဘဲ ဆုံးရှုံးသွားရခြင်း ဖြစ်သည်။

(၈)

အခါတိုင်းဆိုလျှင် အသုဘသွားပို့လျှင် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သည်။ အပြီးအပိုင် ခွဲခွာသွားသူကိုလည်း နောက်ဆုံး ပို့ဆောင်ရသည်။ အသုဘမှာ လာပို့သော မိတ်ဟောင်း ဆွေဟောင်းများနှင့်လည်း တွေ့ရသည်။ မတွေ့ရတာ ကြာသူများနှင့် ကျန်းမာရေးအကြောင်း၊ လုပ်ငန်းအကြောင်း၊ မိသားစုအကြောင်း ပြောရသည်။ သို့ဖြင့် တစ်နေရာတည်းတွင် မနေဘဲ လူအုပ်ထဲတွင် လှည့်ပတ်နေတတ်သည်။

သို့သော် မင်းကျော်၏ အသုဘတွင်မူ မည်သူနှင့်မျှ မတွေ့ချင်သဖြင့်၊ မည်သူနှင့်မျှ စကားမပြောချင်သဖြင့် တစ်နေရာတည်းမှာသာ မိမိ နေခဲ့သည်။

လမ်းတွင် တွေ့ရှိသူများကရော၊ အသုဘတွင် တွေ့ရှိသူများကရော မိမိကို သေဆုံးသူနှင့် ရင်းနှီးသူတစ်ဦးဟု လက်ခံထားသည့်အလျောက် မယုံကြည်နိုင်သော၊ ခိတ်မကောင်းသော အမူအရာ လေသံတို့ဖြင့် 'ဘယ်လိုဖြစ်တာလဲ' ဟုမေးလျှင် မိမိမှာ ဇာတ်ကြောင်း ပြန်ပြရသည်။ ထိုမျှမက တယ်လီဖုန်းဖြင့်လည်း လှမ်းမေးကြသည်။ နယ်မှလည်း စာဖြင့်ရေးကာ မေးမြန်းကြသည်။

ကွယ်လွန်သူအကြောင်း မေးမြန်းရုံသာမက မိမိ၏ ကျန်းမာရေးကိုလည်း စုံစမ်းကြသည်။ ကျန်းမာရေးကို ဂရုစိုက်ရန် ပြောကြသည်။ 'ကိုနေဝင်းလည်း မရှိတော့ဘူး။ ကိုမင်းကျော်လည်း မရှိတော့ဘူး။ ခင်ဗျားပဲ ကျန်တော့တယ်၊ ကျန်းမာရေးကို ဂရုစိုက်ပါ' ဟု စေတနာစကား ဆိုကြသည်။

မိမိတို့ကလည်း နှစ်ပေါင်း ၄၀ နီးပါးမျှ အတူလက်တွဲခဲ့ကြသည်မို့ စာပေလောကတွင် "တြိဂံ"ဟု သိရှိခဲ့ကြသည်ကိုး။

ကိုနေဝင်း ကွယ်လွန်စဉ်က မင်းကျော် ခရီးထွက်မည့်ဆဲဆဲ။ ကိုနေဝင်းအိမ်သို့ မင်းကျော် ရောက်သွားသောအခါ 'တြိဂံမှာ အနားတစ်ဖက် ပြုတ်သွားပြီ'ဟု ဆိုကြသည်။

ထိုအခါ မင်းကျော်က ...

'တြိဂံမှာ အနားတစ်ဖက် မရှိတော့ပေမယ့် မျဉ်းပြိုင်နှစ်ကြောင်း ရှိနေသေးတယ်ဗျ' ဟု ပြန်ပြောခဲ့သည်။

ထိုအကြောင်းကို ကချင်ပြည်နယ် စာပေ ဟောပြောပွဲများမှာလည်း သူ ထည့်ပြောခဲ့သည်ဟု ဆိုသည်။

ဟုတ်သည်။

မင်းကျော်နှင့် မိမိသည် မျဉ်းပြိုင်နှစ်ကြောင်းအဖြစ် ကျန်ရစ်ခဲ့သည်။

ယခု မင်းကျော် မရှိသောအခါ ...

မိမိက...

**မျဉ်းဖြောင့်တစ်ကြောင်း** ကျန်ရှိနေသေးသည်ဟု ပြောရပေမည်။

မိမိအနေနှင့် ရည်မှန်းချက်ပန်းတိုင်သို့ ဖြောင့်ဖြောင့်ကြီး ဆက်ပြီးသွားရန်မှတစ်ပါး အခြားနည်းလမ်း မရှိပါ။ သို့သော် တစ်ချိန်က "စာပေတြိဂံ"တစ်ခု ရှိခဲ့သည် ဆိုခြင်းကို မည်သူမျှ ငြင်းဆန်နိုင်မည် မဟုတ်ပါ။

တြိဂံ၊ ပြီးတော့ မျဉ်းပြိုင်နှစ်ခု၊ ပြီးတော့ မျဉ်းဖြောင့်တစ်ကြောင်း ...

[ ရွှေဝတ်မှုန်၊ စက်တင်ဘာ၊ ၁၉၉၁ ]

# မိမိ နှင့် မလိခ

မိမိနှင့် မလိခသည် မိမိနှင့် မိမိ မဟုတ်ပါ။ သို့မဟုတ် မိမိအကြောင်း မိမိ ရေးသားခြင်း မဟုတ်ပါ။ အကြောင်းမှာ မလိခသည် မိမိတစ်ဦးတည်း ပိုင်ဆိုင်သော ကလောင်အမည် မဟုတ်ပါ။ မိမိနှင့် မင်းကျော် ပူးတွဲပိုင်ဆိုင်သော ကလောင်အမည်တစ်ခု ဖြစ်ပါသည်။ မလိခ ဟူသည်မှာ မိမိနှင့် မင်းကျော်။ သို့သော် မကြာမီက စာပေဗိမာန်က ထုတ်ဝေလိုက်သော ပို့ အညွှန်းသည် မိမိနှင့် ဘာမျှ မသက်ဆိုင်ပါ။ အကြောင်းမှာ ယင်းစာအုပ်ကို မိမိနှင့် မင်းကျော် ပူးတွဲရေးသားခြင်း မဟုတ်ဘဲ၊ မင်းကျော် တစ်ယောက်တည်း ရေးသားသောကြောင့် ဖြစ်သည်။

မလိခ ကလောင်အမည်ဖြင့် မိမိနှင့်မင်းကျော် ပူးတွဲပြီး ရေးသည်များ ရှိသလို၊ မင်းကျော်တစ်ယောက်တည်း ရေးသည်များလည်း ရှိသည်။ မိမိတစ်ယောက်တည်း ရေးသည်များလည်း ရှိသည်။ ယင်းကို မိမိနှင့်မင်းကျော်သာ ခွဲခြားပြီး သိသည်။ အခြားသူများ အနေနှင့် သိသင့်သလောက်သာ သိကြမည်ဟု ထင်သည်။ အပြည့်အစုံတော့ သိနိုင်မည် မဟုတ်ပါ။ ယခုအခါ မင်းကျော် မရှိတော့ပြီ ဖြစ်သဖြင့် မိမိနှင့်မင်းကျော်၏ မိသားစုရော၊ စာဖတ်သူများ အားလုံးရော ပြည့်ပြည့်စုံစုံ သိထားသင့်သည်ဟု ထင်ပါသည်။

ပထမဆုံး မလိခ ကလောင်အမည်ယူပုံနှင့် နှစ်ယောက်ပူးတွဲ ရေးဖြစ်ပုံကစလျှင် ကောင်းမည် ထင်သည်။ "ဝါရှင်တန် စကွဲယားပရက်စ်" စာအုပ်တိုက်က ထုတ်ဝေသော အမေရိကန်ဝတ္ထု ၅၀ အညွှန်း၊ ဗြိတိသျှဝတ္ထု ၅၀ အညွှန်းနှင့် ဥရောပဝတ္ထု ၅၀ အညွှန်း စာအုပ်များကို ၁၉၆၇ ခုနှစ်က မိမိတို့ ဝယ်ယူရရှိခဲ့ကြသည်။ ဖတ်ကြည့်သောအခါ နှစ်သက်ကြရသည်။ ကမ္ဘာ့ဝတ္ထု ၁၅၀ ကို အဓိကဇာတ်ဆောင်များ၊ ဇာတ်လမ်းအကျဉ်း၊ ဝေဖန်ချက်၊ စာရေးသူ၏ အတ္ထုပ္ပတ္တိနှင့်တကွ ညွှန်းဆိုထားခြင်း ဖြစ်သည်။ ဝတ္ထုအကြောင်း အဖွင့်နိဒါန်းများလည်း ပါရှိသည်။ "အမေရိကန်ဝတ္ထု ၅၀ "နှင့် "ဗြိတိသျှဝတ္ထု ၅၀" တို့ကို နယူးရောက်မြို့ အေဗရာဟင်လင်ကွန်း အထက်တန်းကျောင်းအုပ်ကြီး အေဗရာဟင် အိပ်ချ်လက်စ်က တည်းဖြတ်စီစဉ်ထားသော်လည်း "ဥရောပဝတ္ထု ၅၀"ကို မူကား အေဗရာဟင် အိပ်ချ်လက်စ်နှင့် နယူးရောက်မြို့ စီတီးကောလိပ်၊ အင်္ဂလိပ်ဘာသာ တွဲဖက်ပါမောက္ခ ဗရုစ်ရိုက်တို့ တွဲဖက်တည်းဖြတ် စီစဉ်ထားကြခြင်း ဖြစ်သည်။

ထိုအခါ မိမိနှင့် မင်းကျော်လည်း ၎င်းတို့ကဲ့သို့ပင် မြန်မာဝတ္ထုများ အညွှန်း ရေးရလျှင် ကောင်းမည်ဟု စိတ်ကူးမိကြသည်။ ရေးသားမည့် ပုံစံနှင့် ရေးသားမည့် နည်းတို့ကို စဉ်းစားတိုင်ပင်ကြသည်။ မြန်မာဝတ္ထု အစဦးမှသည် မျက်မှောက်ကာလ

အထိ ရေးရန် စိတ်ကူးကြသည်။ ကလောင်အမည် တစ်ခုတည်းထားပြီး တစ်ယောက် တစ်ပုဒ်စီ ရေးသွားကြရန် ဖြစ်သည်။ သို့ဖြင့် ကလောင်အမည်တစ်ခု ရွေးကြရသည်။ "မလိခ" အမည်ကို ရွေးသည်။ မလိခသည် မြန်မာနိုင်ငံ၏ အသက်သွေးကြော ဧရာဝတီ မြစ်ကြီး၏ အစအဦး ဖြစ်သည်။ ထိုအချိန်က မလိခနှင့် အင်မိုင်ခ မြစ်နှစ်သွယ်၏ အမည်ကို မေခနှင့် မေလိခဟု အရေးများနေကြချိန် ဖြစ်သည်။ မလိခ ဟူသော အမည် မှန်ကို သုံးစွဲရာတွင်လည်း မိမိတို့သည် အစအဦးထဲတွင် ပါရှိခဲ့ကြသည်။

မလိခ ကလောင်အမည်ဖြင့် မြန်မာဝတ္ထုအညွှန်းကို ၁၉၆၇ ခုနှစ် နိုဝင်ဘာလ ထုတ် "စုံထောက်" မဂ္ဂဇင်း (နောင် မိုးဝေမဂ္ဂဇင်း)တွင် စတင်ရေးသားခဲ့ကြသည်။ ထို့နောက် နွယ်နီမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်းနှင့် အာကာဦးမဂ္ဂဇင်းတို့တွင် ဆက်လက် ရေးသားခဲ့ကြသည်။ ၁၉၉၁ ခုနှစ် ဇွန်လထုတ် အာကာဦး မဂ္ဂဇင်းတွင် ပါရှိသော မောင်စိန်ဝင်း (ပုတီးကုန်း)၏ **အရိုးမှာ သိပါသည်** အထိဆိုလျှင် မြန်မာ စာရေးဆရာ ၁၂၂ ဦးတို့၏ ဝတ္ထု ၁၂၂ ပုဒ်ကို ညွှန်းဆိုခဲ့ကြပြီး ဖြစ်သည်။

မဂ္ဂဇင်းများတွင် ပါရှိသော အညွှန်းများကို စုစည်းပြီး ၁၉၆၈ ခုနှစ်မှစ၍ စာအုပ် ထုတ်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်အထိ အညွှန်း ၁၁၇ ပုဒ်ကို အတွဲ ၆ အထိ စုစည်းထုတ်ဝေ ခဲ့ပြီး ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်အတွက် အညွှန်း ၅ ပုဒ်ကို ရေးသားဖော်ပြပြီး နောက် ထပ် ၈ ပုဒ် ရေးသားရန် အကြမ်းအားဖြင့် ရည်မှန်းထားကြသည်။

ရေးသားဖော်ပြပြီး ၅ ပုဒ်မှာ မောင်ဝဏ္ဏ၊ မအေးလေး၊ နုနုရည်(အင်းဝ)၊ ကျော် မြသန်းနှင့် မောင်စိန်ဝင်း(ပုတီးကုန်း)တို့၏ ဝတ္ထုများဖြစ်သည်။ နောက်ထပ် ၈ ပုဒ် ရေးရန် လျာထားသည့်အနက် မင်းကျော်က သူ ရေးရန်ရှိသည့် လေးပုဒ်ထဲမှ မြနှောင်းညို နှင့် နှမ်ဂျာသိုင်းတို့၏ ဝတ္ထုအညွှန်းများကို ရေးခဲ့ပြီး ဖြစ်သည်။ မိမိ ရေးရန်ရှိသည့် လေးပုဒ်နှင့် မင်းကျော်ရေးရန် ကျန်ရှိနေသည့် နှစ်ပုဒ်ကို မိမိ ဆက်ရေးလိုက်လျှင် မိမိတို့၏ ရည်မှန်းချက် ပြည့်ပြီ။ **မြန်မာဝတ္ထု အညွှန်း** အတွဲ ၇ ထွက်ပေါ်လာနိုင်မည် ဖြစ်သည်။

အတွဲ ၇ ကို ထုတ်ဝေနိုင်ခဲ့လျှင် ခရစ်နှစ် ၁၅၀၀ အစဦးပိုင်းမှသည် သက္ကရာဇ် ၂၀၀၀ အထိ နှစ်ပေါင်း ၅၀၀ အတွင်း ထွက်ပေါ်ခဲ့သော မြန်မာဝတ္ထုများအနက်မှ ဝတ္ထု ၁၃၀ ကို ညွှန်းဆိုပြီး ဖြစ်ပေလိမ့်မည်။

ထို့နောက် မိမိနှင့်မင်းကျော်သည် မလိခ ကလောင်အမည်ဖြင့် မဂ္ဂဇင်းအချို့ တွင် စာပေဆောင်းပါး တစ်ဖုဒ်စ၊ နှစ်ပုစ်စစီ ရေးသားခဲ့ကြသည်။ အရေအတွက် မများ ပြားလှသဖြင့် ထည့်သွင်း မပြောလိုတော့ပြီ။

သို့သော် မလိခ အမည်ဖြင့် ရေးသားခဲ့သော **မြန်မာစာပေအဘိဓာန်**၊ **ပြဇာတ် အညွှန်း**နှင့် **ပျို့အညွှန်း**တို့ အကြောင်းကား ပြောသင့်သည်ဟု ထင်ပါသည်။

မိမိတို့သည် ဝတ္ထုအညွှန်းကို ဆက်တိုက်ရေးသားခဲ့ပြီး သုံးနှစ်ကျော် လေးနှစ်ခန့်

အကြာတွင် **မြန်မာစာလေးအဘိဓာန်**ကို ရေးသားရန် ကြံစည်ခဲ့ကြသည်။ အဘိဓာန် တည်ပုဒ်များကို ရွေးချယ်ခဲ့ကြပြီးနောက် ၁၉၇၁ ခု နှစ်ဆန်းပိုင်းမှာပင် စတင် ရေးသား ခဲ့ကြသည်။ ၁၉၇၁ ခုနှစ် ဧပြီလထုတ် မိုးဝေစာပေမဂ္ဂဇင်းတွင် စတင် ဖော်ပြခဲ့သည်။ ညှိနှိုင်းရွေးချယ်ထားသော တည်ပုဒ်များကို နှစ်ယောက်ခွဲပြီး ရေးသားခဲ့ကြခြင်း ဖြစ်သည်။ သို့သော် မိမိမှာ မဂ္ဂဇင်းတာဝန်ကလည်း ပိပြီး လုံးချင်းဝတ္ထုများကိုလည်း အားစိုက် ရေးသားလျက် ရှိသဖြင့် "ကဝဂ်" ပြီးသောအခါ မြန်မာစာလေးအဘိဓာန် ရေးသည့် လုပ်ငန်းကို မင်းကျော် တစ်ဦးတည်း ဆက်ရေးရန် လွှဲပေးလိုက်ပါသည်။ မဂ္ဂဇင်းတွင် ဖော်ပြပြီးသည်များကို စာအုပ်အဖြစ် ထုတ်ဝေလိုက်သောအခါ မိမိသည် မြန်မာစာလေး အဘိဓာန် အတွဲ ၁ အတွက်သာ စာမူခတစ်ဝက် ယူခဲ့ပါသည်။ ထို့အပြင် ပထမအကြိမ် ထုတ်ဝေခြင်းအတွက်သာ ယူပြီး နောက်အကြိမ်များ ရိုက်နှိပ်လျှင် မယူတော့ဟု နှုတ် ကတိ ပေးခဲ့ပါသည်။ အဓိပ္ပာယ်မှာ ထိုအချိန်ကစပြီး စာပေအဘိဓာန်နှင့် ပတ်သက် သော ရပိုင်ခွင့်များကို မင်းကျော်တစ်ဦးတည်းသာ ခံစားပိုင်ခွင့် ရှိပါသည်။ စာအုပ်တွင် လည်း စာမူပိုင်ရှင်အဖြစ် မင်းကျော်၏ မှတ်ပုံတင်အမှတ် (အဘ-၀၄၇၆၈၀) ကို ထည့်သွင်း ရိုက်နှိပ်ခဲ့ပါသည်။ ယခုအထိ မြန်မာစာလေးအဘိဓာန် အတွဲ ၄ အထိ ပုံနှိပ် ထုတ်ဝေပြီး ဖြစ်သည်။ နောက်ထပ် နှစ်တွဲစာခန့်လည်း ရေးသားပြီးစီးနေပြီ ဖြစ်သည်။ နောက် နှစ်တွဲစာခန့်သာ ဆက်လက်ရေးသားရန် ကျန်ပါတော့သည်။

မင်းကျော်သည် **မြန်မာစာလေးအဘိဓာန်**အပြင် **ပြဇာတ်အညွှန်း**နှင့် **ပျို့အညွှန်း** တို့ကိုလည်း မလိခ ကလောင်အမည်ဖြင့်ပင် တစ်ဦးတည်း ရေးသားခဲ့သည်။ "ပြဇာတ် အညွှန်း" မှာ ပုဒ်ရေ အနည်းငယ်မျှသာ ဖြစ်သော်လည်း "ပျို့အညွှန်း" ကား စာပေ ဗိမာန်မှ စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

မင်းကျော် ကွယ်လွန်ပြီ ဖြစ်သဖြင့် "ပြဇာတ်အညွှန်း"နှင့် "ပျို့အညွှန်း"တို့ ရပ်သွားကြပြီ ဖြစ်သော်လည်း လက်စသတ်ရန် ကျန်ရှိနေသော "မြန်မာဝတ္ထုအညွှန်း" ကိုကား မိမိအနေဖြင့် ပြီးပြတ်အောင် ဆက်လက်လုပ်ဆောင်သွားရန် ပိုင်းဖြတ်ထား ပါသည်။

"မြန်မာစာလေးအဘိဓာန်"မှာလည်း အတော်ပြီးစီးနေပြီဖြစ်ပြီး ဆက်လက်ရေး သားရန် သိပ်မများတော့သဖြင့် အခြေအနေ ပေးသောအချိန်တွင် မင်းကျော်၏ မိသားစု နှင့် ညှိနှိုင်းပြီး ပြီးပြတ်အောင် ဆောင်ရွက်နိုင်ပါက ဆောင်ရွက်သွားမည် ဖြစ်သည်။

ထိုမှတစ်ပါး မိမိအနေနှင့် **မလိခ** ကလောင်အမည်ကို အသုံးပြုပြီး တစ်ဦးတည်း ဆက်လက်ရေးသွားရန် အကြောင်းမရှိပါ။

ဤကား မိမိနှင့်မင်းကျော်၊ မင်းကျော်နှင့်မလိခ၊ မလိခနှင့် မိမိအကြောင်းများ ပင်တည်း။

**[ ရွှေဝတ်မှုန်၊ အောက်တိုဘာ၊ ၁၉၉၁ ]**

# မိမိနှင့် လင်းယုန်သစ်လွင်

၁

'မန္တလေးက နတ်နွယ် ဆိုတာလား'

မိမိ စာရေးနေရာမှ မော့ကြည့်လိုက်သောအခါ အရပ်ရှည်ရှည်၊ အသားညိုညို လူတစ်ယောက်ကို တွေ့ရသည်။ မိမိ မသိသော လူစိမ်းတစ်ယောက် ဖြစ်သည်။ သူ့ကို စာရေးဆရာတစ်ယောက် ဖြစ်လိမ့်မည်ဟု မထင်ခဲ့။ သို့သော် သူ၏မျက်လုံးများနှင့် မျက်ခုံးများကို ကြည့်ရသည်မှာ သူသည် တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားပြီး လေးလေးနက်နက် လုပ်မည့်ပုံစံမျိုး ရှိသည်။ နှုတ်ခမ်းများကလည်း တည်ငြိမ်မှုကို ပြနေသည်။ ရှပ်အင်္ကျီအဖြူနှင့် ပုဆိုးအကွက်စိပ်စိပ် အရောင်နုနုတို့ကလည်း သစ်သစ်လွင်လွင် ရှိသည်။ ကချင်လွယ်အိတ်အနီကို လွယ်ထားသည်။

နေဦး။

မိမိ စာရေးနေသည် ဆို၍ မိမိ၏ကိုယ်ပိုင် စာရေး၊ စာကြည့်ခန်းတွင် မဟုတ်ပါ။ မိမိ၏ စာရေးစားပွဲတွင် မဟုတ်ပါ။ ဗိုလ်ချုပ်ဈေးစကြံရှိ ခုံတန်းရှည် မည်းမည်းညစ်ညစ် တစ်ခုပေါ်တွင်သာ ဖြစ်သည်။ မိမိ ရန်ကုန်ရောက်သည့်ညက စကြံပေါ်တွင် အိပ်ခဲ့ရသည် ဆိုသည်မှာလည်း ယင်းခုံတန်းရှည်ပေါ်မှာပင် ဖြစ်သည်။

လင်းယုန်သစ်လွင် ( ၁၉၁၇–၉၃ )



ယင်းခုံတန်းရှည်မှာ အခန်းငယ်ကလေးတစ်ခု၏ အပြင်ဘက်တွင် လူအများထိုင်ရန် ချထားသော ခုံတန်းတစ်ခုပင် ဖြစ်သည်။ ယင်းအခန်းငယ်ငယ်နှင့် ကပ်လျက် နှစ်ခန်းတွဲ အခန်းကျယ်ကြီးမှာ ဟင်းသီးဟင်းရွက်ပွဲရုံတစ်ခု ဖြစ်သည်။ ခုံတန်းရှည်နှင့် ဝါးရာဇမတ်တစ်ခု ကာရံထားပြီး အခြားတစ်ဖက်တွင် သစ်သီးသစ်ရွက်တွေ စုပုံထားသည်။

ယင်းအခန်းငယ်ကလေးမှာ အခြားမဟုတ်ပါ။ ရန်ကုန်ခရိုင် ဗလစ ရုံးခန်းပင်ဖြစ်သည်။ ရန်ကုန်ခရိုင် အတွင်းရေးမှူးမှာ ကိုကိုလွင် ဖြစ်သည်။ သူက သည်အခန်းမှာပင်နေသည်။ နယ်မှလာသော ကျောင်းသားများ၊ လူငယ်များလည်း သည်မှာ တည်းခိုတတ်ကြသည်။ မိမိမှာလည်း အခြားဘယ်မှာမှ တည်းစရာမရှိသဖြင့် သည်မှာ တည်းခိုခဲ့ရခြင်း ဖြစ်သည်။ မိမိ ရောက်သည့်ညက ကိုကိုလွင် အပြင်သွားနေသည်။ သော့ခလောက်တွင် အခြားသူတစ်ဦးထံ သူ ရေးထားသော စာတိုကလေးကို တွေ့ရသည်။

"ကိုစိန်ဝင်း၊ ကိုယ် သဘော်ဆိပ်သွားတယ်။ ပြန်လာမယ်၊ စောင့်ပါ"

သို့ဖြင့် မိမိလည်း စောင့်နေခဲ့သည်။ သို့သော်လည်း သူ ပြန်မလာပါ။ သူ၏ မှာကြားခြင်းကို ခံရသူ ကိုစိန်ဝင်းလည်း ပေါ်မလာပါ။ မိမိတစ်ယောက်တည်း ခုံတန်းရှည်ပေါ်မှာ မိုးလင်းခဲ့ရသည်။

နောက်တစ်နေ့ နံနက် ရှစ်နာရီလောက်တွင်မှ ကိုကိုလွင်နှင့် ရဲဘော်တစ်သိုက်ကြီး ရောက်ရှိလာကြသည်။ ထိုအထဲတွင် မြောင်းမြမှ ကိုစိန်ဝင်း နှစ်ယောက်စလုံး ပါရှိသည်။ ကိုစိန်ဝင်းတစ်ယောက်က အရပ်ရှည်ရှည်၊ တစ်ယောက်က ပုပု။

ရဲဘော်များ အားလုံးကပင် မိမိကို ဝိုင်းဝန်းကူညီကြသည်။ အားပေးကြသည်။ ကိုကိုလွင်က သူ့အခန်းတွင် ကြိုက်သလောက်နေရန် ပြောသည်။

သို့သော် သူ့အခန်းက ကျဉ်းကျဉ်းကလေး၊ မည်းမည်းမှောင်မှောင်ကလေး။ နောက်ပြီးတော့ ထိုအချိန်က မိမိနှင့်အတူ ကပ်ပါးလုပ်နေသူများကလည်း သုံးလေးဦး။ သည်အထဲတွင် လမ်းကြုံသဖြင့် ညဝင်အိပ်သူကလည်း ရှိသေးသည်။ တစ်ခါတစ်ရံ ထို အခန်းကလေးထဲတွင် လူဆယ်ယောက်ခန့် စုပြုံပြီး အိပ်ကြသည်။

မိမိသည် အခန်းထဲတွင် စာရေးရန်နေရာ ရှာမရသဖြင့် အပြင်ဘက် ခုံတန်းရှည်တွင် စာရေးနေခြင်း ဖြစ်သည်။ စကြိုကျောက်ပြားပေါ်တွင် စာရွက်ခင်းထိုင်ပြီး ခုံတန်းရှည်ကို မဟော်ဂနီစားပွဲ ပြုလုပ်ထားခြင်း ဖြစ်သည်။

သည်တုန်းက မိမိမှာ "နေရာမလပ် စာဖတ်မည်။ နေရာမရွေး စာရေးမည်" ဟူသော "ရောဂါ"ကလေး စွဲကပ်နေသဖြင့် ဘတ်စ်ကားပေါ်တွင်လည်း စာဖတ်သည်။ လမ်းဘေးတွင်လည်း စာရေးသည်။

အပြာ ကို မဂ္ဂ လေးမှာ ရေးခဲ့သည်။ သုံးချိုး နှစ်ချိုးလောက် ပြီးသည်။ ကျန်သည့်

သုံးပုံ တစ်ပုံကို ရန်ကုန်တွင် ဆက်ရေးခြင်း ဖြစ်သည်။ ဝါဆိုလပြည့်နေ့က ရဲဘော်တွေနှင့် လျှောက်လည်ရင်း ငါးထပ်ကြီးဘုရား ဇရပ်တစ်ခုပေါ်မှာလည်း ရေးခဲ့သည်။ တီရစ္ဆာန် ဥယျာဉ် မြက်ခင်းပြင်မှာလည်း ရေးခဲ့သည်။ ထိုနေ့ ညနေကလည်း ပလက်ဖောင်းပေါ်မှာ တင်ပျဉ်ခွေပြီး စာရေးနေခဲ့သည်။

'ဟုတ်ပါတယ်၊ ရဲဘော်က ဘယ်သူလဲ'

မိမိက သူ့အမေးကို ဖြေရင်း ပြန်မေးလိုက်သည်။

'လင်းယုန်သစ်လွင်ပါ'

'ဪ'

'ကျွန်တော် တစ်နေ့ကတောင် ကိုသစ်လွင်အိမ်ကို လာသေးတယ်၊ ကိုတင့်ထူးနဲ့'

ထိုစဉ်က ကျားကူးကွက်သစ်တွင် တင့်ထူး၊ လင်းယုန်သစ်လွင်နှင့် လေးမြင့်တို့ ရှိကြသည်။ ကိုတင့်ထူးအိမ်ခန်းနှင့် လင်းယုန်သစ်လွင်၏ အိမ်ခန်းက တန်းလျားနှစ်ခု လောက် ခြားသည်။ တစ်ယောက်က တောင်ဘက်ထိပ်၊ တစ်ယောက်က မြောက်ဘက် ထိပ်။

'ဟုတ်တယ်၊ အဲဒီနေ့က ကိုယ် ဆယ့်နှစ်နာရီလောက်မှ အိမ်ပြန်ရောက်တယ်။ အခုလည်း ကိုရင့်ကို ရှာရအောင် "စုံထောက်"ကိုတောင် ရောက်ခဲ့သေးတယ်'

သူက "ကိုယ်"နှင့် "ကိုရင်"နှင့် ပြောသည်။ သူက မိမိထက် အသက်ကြီးသည်။ တွက်ဆ၍ ကြည့်လိုက်သောအခါ ၁၆ နှစ် ကြီးသည်။ သို့သော် နောက်ပိုင်းတွင် ခင်မင် ရင်းနှီးလာသောအခါ "ကိုယ်ရယ်၊ ကိုရင်ရယ်"ဟု ပြောသည့်အခါလည်း ရှိသည်။ "မင်းနှင့်၊ ငါနှင့်" ပြောသည့်အခါလည်း ရှိသည်။ "ကျွန်တော်၊ ကိုနတ်နွယ်"ဟု ပြောသည့်အခါလည်း ရှိပါသည်။

"ကျွန်တော် ပြောမယ် ကိုနတ်နွယ်" ဆိုလျှင်ကား တစ်စုံတစ်ရာကို အလေး အနက် ပြောလို၍ပင် ဖြစ်သည်။ အကြိတ်အနယ် ငြင်းခုံလို၍ပင် ဖြစ်သည်။

ရယ်ရယ်မောမော အချိန်တွင်ကား "ဟော့ နတ်နွယ် ငါပြောမယ်ကွ"ဟု ရင်းရင်း နှီးနှီး ပြောဆိုတတ်ပါသည်။ အစ်ကိုကြီးတစ်ယောက်ပမာ မိမိကို ဆိုဆုံးမတတ် ပါသည်။

တကယ်တော့ လူ့လောကအကြောင်း အတော်ကြီးပင် နားလည်နေပြီး ဘဝ အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သော လူလတ်ပိုင်းတွင် မိမိက ယခုမှ လူ့လောကကြီး ထဲကို အထင်ကြီးတစ်ခွဲသားနှင့် တိုးဝင်မည့် မနူးမနပ် ကျောင်းသားလူငယ်တစ်ဦး။

သို့သော် မိမိတို့သည် စာပေလောကထဲသို့မူ တစ်နှစ်တည်းပင် ရောက်ရှိကြ သည်။ သူ၏ ပထမဆုံး ပုံနှိပ်ဝတ္ထုတိုက ၁၉၅၀ ပြည့်နှစ်တွင် ထုတ်ဝေသော"လင်းယုန်" ဂျာနယ်မှ "ကြိုးနီစနစ်" ဖြစ်သည်။ ထိုအချိန်က မိမိတို့သည် "လူထု"ဂျာနယ်တွင်

အင်နှင့် အားနှင့် ရေးနေကြသည့်အခါ ဖြစ်သဖြင့် ရေးဖော်ရေးဖက်များဟု ဆိုနိုင်ကြပါသည်။ လူချင်း မသိကြသေးသော်လည်း တစ်ဦး၏စာကို တစ်ဦး ရင်းနှီးသိရှိနေကြပြီဖြစ်သည်။ သူက လုံးချင်းစာအုပ်ပင် ထုတ်ပြီးနေပြီ။ **တူပြိုင်လေ ကူးမယ်ပ** (၁၉၅၂) ဖြစ်သည်။ "ရောင်နီဦး စာပေ"မှ ထုတ်ဝေခြင်း ဖြစ်သည်။ ထိုစဉ်က ရောင်နီဦးစာပေမှ ထုတ်ဝေသော ဗန်းမော် တင်အောင်၏ **သူပုန်ကြီး**မှာ အထူးပင် ဂယက်ရိုက်လျက် ရှိသည်။

သည်တုန်းက မိမိ ဂရုပြုမိခဲ့သည့် အချက်တစ်ခု ရှိသည်။ **တူပြိုင်လေ ကူးမယ်ပ** နှင့် **သူပုန်ကြီး**စာအုပ်မှာ မထုတ်ဝေမီတွင် ရောင်စုံမျက်နှာဖုံးနှင့် သုံးဆယ့်နှစ်ချိုးအရွယ် ကြော်ငြာစာအုပ်ကလေးများ ထုတ်ဝေခဲ့ခြင်းပင် ဖြစ်သည်။ ရောင်နီဦးစာပေ ထုတ်ဝေသူမှာ ဆန်းညွန့်ဦး ဦးလှခင် ဖြစ်သည်။ ဦးလှခင်သည် ထိုစဉ်က ဇာတ်သဘင်ကို ဖောင်းဆဲသော "ဆန်းညွန့်ဦးမဂ္ဂဇင်း"ကို ဇာတ်မင်းသား ပုံကြီးများဖြင့် တခမ်းတနား ထုတ်ဝေလျက် ရှိပါသည်။

ဦးလှခင်နှင့် မင်းအောင်တို့ကို မန္တလေးမှာကတည်းက မိမိ သိခဲ့သည်။ သူတို့နှစ်ယောက် မန္တလေးသို့ အလည်လာရောက်သောအခါ မိမိတို့ "အထက်ဗမာနိုင်ငံကလောင်သစ် လူငယ်အသင်း"က ကျုံးထောင့်တွင် ဂုဏ်ပြုပွဲတစ်ခု တည်ခင်းခဲ့ပါသည်။ ဆရာမင်းအောင်က မိမိတို့ကို ဩဝါဒ ပေးပါသည်။ သူက ဆေးတံကြီးနှင့် ဖြစ်သည်။ **မိုးအောက်မြေပြင်** ဝတ္ထုဖြင့် ထင်ရှားနေသူ ဖြစ်သည်။ ပထမဆုံး စာပေဗိမာန်ဆုရ စာရေးဆရာကြီး ဖြစ်သည်။

လင်းယုန်သစ်လွင်နှင့် ဦးလှခင်တို့သည် "လင်းယုန်" ဝိုင်းတော်သားများလည်း ဖြစ်ကြသည်။ သို့သော် လင်းယုန်ကြီး ဗန်းမော်တင်အောင်မှာမူ ထိုအချိန်က "နရသိန်" မှာ စံမြန်းလျက် ရှိသည်။

လင်းယုန်ဂျာနယ် မရှိတော့သဖြင့် "ပြည်တော်သစ်ဂျာနယ်"ကို ပျိုးထောင်လျက် ရှိကြသည်။ လင်းယုန်သစ်လွင်သည် ပြည်တော်သစ်တွင်လည်း တာဝန်ယူရေးသားလျက် ရှိသည်။

'ကိုရင် ဘာရေးနေတာလဲ'

လင်းယုန်သစ်လွင်က ခုံတန်းရှည်ပေါ်မှ ဖူးစကက်စာရွက်များကို ကြည့်ရင်းမေးသည်။

သည်တုန်းက စာရေးလျှင် ဖူးစကက်စာရွက်နှင့်ရေးမှ စာပေလောက "စံ" ဝင်သည်ဟု ထင်၍ ရေးခဲ့ခြင်း ဖြစ်သည်။ ကလောင်သစ် လမ်းညွှန်များတွင်လည်း ဖူးစကက်စာရွက် တစ်မျက်နှာတည်းတွင်သာ ရေးရမည်၊ လေးပုံတစ်ပုံ အဖြူချန်ရမည်ဟု ညွှန်ကြားချက်ရှိသည် မဟုတ်လား။

'ဝတ္ထုပါ'

မိမိ မတင်မကျ ဖြေသည်။

'အတိုလား၊ လူထု ပို့ဖို့လား'

'မဟုတ်ပါဘူး၊ လုံးချင်းပါ'

'ဘယ်က ထုတ်မှာလဲ'

'"ခေတ်ပြင်"က ထုတ်မယ်လို့ ပြောတာပဲ'

'ဩော် "စုံထောက်"ထဲမှာ ကြော်ငြာထားတဲ့ ဝတ္ထုလား၊ ဘာတဲ့ ဝတ္ထုနာမည် က ခပ်ဆန်းဆန်းပါဂဲ'

'အပြာပါ'

'ပလက်ဖောင်းပေါ်မှာ ရေးတာတော့ မဟုတ်သေးပါဘူး'

'ဒါပဲ ရှိတာပဲ'

'ကိုရင် ကျောင်းလည်း တက်မလို့ဆို'

'ဟုတ်တယ်'

'ကျောင်းဆောင်မှာ မနေဘူးလား'

မိမိ ခေါင်းခါသည်။ ကျောင်းဆောင်မှာ မိမိ မနေနိုင်ပါ။ ကျောင်းဆောင်စရိတ် မရှိပါ။

'ဒီမှာနေတာတော့ မဟုတ်သေးပါဘူး'

ကျဉ်းမြောင်းမည်းမှောင်သော အခန်းငယ်ကို သူ တစ်ချက် ငဲ့ကြည့်ရင်း ပြောသည်။

'ဒါပဲ ရှိတာပဲ'

'ကိုရင် ရောက်ဖူးသားပဲ၊ ကိုယ်တို့ အခန်းတွေလည်း ကျဉ်းတာပဲ။ ဒါပေမဲ့ ဒီမှာက လူများတယ်၊ လူဝင်လူထွက် များတယ်။ မောင်ရင် ကြာကြာနေလို့ မဖြစ်နိုင်ပါဘူး၊ မောင်ရင် စာလည်း ကောင်းကောင်းရေးရမှာ မဟုတ်ဘူး။ ကိုယ့်အိမ်မှာ လိုက်နေပါလား၊ ကိုယ့်အိမ်မှာက ကိုယ်နဲ့ ကိုယ့်မိန်းမပဲ ရှိတယ်၊ အိမ်ရှေ့ခန်းမှာ ကိုရင် အိပ်နိုင်တယ်၊ အဲဒီမှာပဲ ကိုရင် စာရေးနိုင်တယ်'

မယုံကြည်နိုင်သော၊ အံ့သြသော မျက်လုံးများဖြင့် သူ့ကို မိမိ ကြည့်နေမိသည်။ ယခုမှ တွေ့ဖူးမြင်ဖူးသူ တစ်ဦးက သူ့အိမ်တွင် လိုက်နေရန် ဖိတ်ခေါ်လျက် ရှိသည်။ လူကို ခင်၍ မဟုတ်နိုင်ပါ။ နာမည်ကို ခင်၍ပဲ ဖြစ်ပါသည်။ ရေးဖော်ရေးဖက်ဟူသော အသိကြောင့် ဖြစ်ပါသည်။ ရဲဘော်ရဲဘက် ဟူသော စိတ်ဓာတ်ကြောင့် ဖြစ်ပါသည်။

'ကိုရင် ကြိုက်တဲ့နေ့ပဲ ပြောင်းခဲ့ပါ၊ ကိုယ့်အိမ်မှာတော့ ဘာမှ အားနာစရာ မရှိဘူး'

မိမိ ငေးငိုင်နေဆဲပင် ရှိသည်။

'ဘယ့်နှယ့်လဲ၊ ဘယ်တော့ ပြောင်းလာမလဲ'

သည်တော့မှ–

'ပြောင်းဆိုရင်လည်း အခုပဲ ပြောင်းမယ်လေ'

ယင်းသို့ဖြင့် မိမိသည် အိပ်ရာလိပ်နှင့် သံသေတ္တာကလေး တစ်လုံးကို ထမ်းကာ ဂျူဗလီဟောနောက်ဘက်သို့ ရောက်ရှိသွားပါတော့သည်။

လင်းယုန်သစ်လွင်ဟူသော လူတစ်ယောက်နှင့် လင်းယုန်သစ်လွင်၏ စာများကို အနီးကပ် လေ့လာခွင့် ရရှိပါတော့သည်။

၂

လင်းယုန်သစ်လွင် စာရေးပုံ ရှင်းလင်းသည်။ ဖာတ်ဖွဲ့စည်းပုံ သပ်ရပ်သည်။ သူ၏ အာဘော်ကို ထင်းထင်းရှင်းရှင်း မြင်သာသည်။ အကွယ်အဝှက် အကွန့်အတွန့်များ မရှိပါ။

သူ၏စာသည် သူ၏စရိုက်ပင် ဖြစ်သည်။

လူက အသားညိုသော်လည်း နေပုံ သန့်သည်။ အမြဲတမ်းပင် သန့်သန့်ပြန့်ပြန့် ရှိသည်။ အဝတ်အစားများ ဖြူစင်သန့်ပြန့်သည်။ ဟောင်းနွမ်း တွန့်ကြေသည် ဟူ၍ တစ်ခါဖူးမျှ မရှိ။

သူ စာရေးတော့လည်း လက်ရေးရှင်းသည်။ ဖျက်ရာ ခြစ်ရာ ကင်းသည်။ စာလုံးကလေးများ ညီညာသည်။ စာကြောင်းများ ဖြောင့်တန်းသည်။

ထို့အတူ သူ့အိမ် သူ့အခန်းမှာလည်း သန့်ပြန့်သန့်ရှင်းသည်။ ဖုန်တစ်ဖုန် အမှုန်တစ်မှုန် ရှိနေလျှင် သူ မကြိုက်။ အမှိုက်တစ်မှိုက် ရှိနေလျှင် သူ မကြိုက်။ သူ့ဇနီးကလည်း အမြဲ လှည်းကျင်းနေရသည်။ သူကိုယ်တိုင်လည်း ကြက်မွေးတစ်ချောင်းနှင့် မပြတ် ဖုန်ခါသည်။ တံမြက်စည်းတစ်ချောင်းနှင့် အခါမလပ် လှည်းနေတတ်သည်။

သူ မြို့ထဲက ပြန်လာလျှင် ကြမ်းပြင်ကို ခြေဖဝါးဖြင့် ပွတ်ကြည့်သည်။ ဖုန်ရှိနေလျှင် ပခုံးမှ လွယ်အိတ်ကို မချသေးဘဲ တံမြက်စည်းကိုယူပြီး လှည်းသည်။

သူ တောင်ဥက္ကလာကို ပြောင်းသွားတော့လည်း သည်အတိုင်းပင် ဖြစ်သည်။ သူ့အိမ်ကလေးမှာ သေးငယ်သော်လည်း သန့်သည်။ ခြံဝင်းထဲမှာ ရှင်းနေသည်။ ခြံထောင့်မှာ ရှိသော သစ်ဖြင့် ဆောက်လုပ်ထားသော အိမ်သာကလေးပင်လျှင် ရေတစ်စက်၊ ဖုန်တစ်မှုန် တင်ကျန်နေခြင်း မရှိ။ ဧည့်ခန်းမှာလိုပင် ပြောင်လက်နေသည်။

မိမိလည်း သန့်သန့်ပြန့်ပြန့်နေတတ်သူ ဖြစ်သည်။ သို့သော် သူ့လောက်တော့

မဟုတ်။ သူတို့လင်မယားလောက်တော့ မဟုတ်။ သူတို့က ဘာမျှမပြောသော်လည်း မိမိ စိတ်ထဲမှာ အနေကျုံ့နေသည်။

နောက်တစ်ခု ရှိသေးသည်။ သူ မြို့ထဲကပြန်လာလျှင် ပြုံးပြုံးရွှင်ရွှင် ပြန်လာသည့် အခါများ ရှိသည်။ ထိုအခါမျိုးတွင် မိမိကို လိုက်လိုက်လှဲလှဲ စကားပြောသည်။ သို့သော် ရံဖန်ရံခါတွင် မျက်နှာတည်တည်ကြီးနှင့် ပြန်လာတတ်သည်။ ထိုအခါမျိုးတွင် မည်သူ့ကိုမျှ သူ စကားမပြောပါ။ မိမိက စကားပြောလျှင်ပင် သူက မတုံ့ပြန်ပါ။ သည်အခါမျိုးတွင်လည်း မိမိ အနေကျပ်ရသည်။

အမှန်တော့ လူ့လောက အကြောင်းကို မိမိ မသိခြင်းသာ ဖြစ်သည်။ မိမိတွင် ဘာတာဝန်မျှ မရှိ။ သူ့မှာက မိသားစုတာဝန် ရှိသည်။ စားဝတ်နေရေးတာဝန် ရှိသည်။ သူတို့မှာ ပိုက်ဆံမရှိသည့်အခါ ရှိသည်။ အဆင်မပြေသည့်အခါများ ရှိသည်။ ဒါတွေကို မိမိ မသိ။ မိမိ သိသည်က စာရေးဖို့နှင့် စာဖတ်ဖို့ပင် ဖြစ်သည်။ အခွင့်အလမ်းသင့်လျှင် ဝေဖန်မည်။

တစ်နေ့တွင် မိမိ မြို့ထဲမှ ပြန်လာသောအခါ အစ်မကြီးက ထမင်းခူးပေးသည်။ ဟင်း ထူးထူးထွေထွေ မရှိ။ ပဲပြုတ်ဆီဆမ်း တစ်ခွက်သာ ဖြစ်သည်။ မိမိ စားသည်။ မိမိ စားတတ်သည်။ ပဲပြုတ်နှင့်လည်း စားတတ်သည်။ ငါးပိဖုတ်နှင့်လည်း စားတတ် သည်။ သို့သော် တစ်ဖက်ခန်းက ဟင်းလာပေးသည်။ ကြက်သားဟင်းလား၊ ဝက်သား ဟင်းလား မမှတ်မိတော့။ မိမိ စားသည်။ မိမိစိတ်ထဲမှာ ဘာမျှ အထွေအထူး မရှိ။

သို့သော် နောက်တစ်နေ့တွင် သည်အကြောင်းကို သူ သိသွားသည်။

'နတ်နွယ်၊ မနေ့က မင်း စားဖို့ ဟင်းမရှိဘူးဆို'

'ရှိပါတယ်'

'ဟိုဘက်ခန်းက ဟင်းလာပို့တယ်ဆို'

'အင်း'

'နောက်ကို မစားပါနဲ့၊ တို့ ငတ်နေတာ မဟုတ်ပါဘူး။ ဒီမှာ အကြည်၊ နောက်ကို ဟင်းမရှိဘူးဆိုတာ မဖြစ်ပါစေနဲ့။ ဖြစ်တဲ့နည်း နဲ့ ချက်ထားပါ'

သူ့ဇနီးကို ပြောသည်။

မိမိ စိတ်မကောင်းပါ။

မိမိ စိတ်ဆိုးသည်။ ယင်းကြောင့်ပင် တင့်ထူးနှင့် တိုင်ပင်ပြီး နောက်တစ်ရက် နှစ်ရက်တွင် ကိုတင့်ဆန်းတို့အိမ်သို့ မိမိ ပြောင်းသွားသည်။

မိမိ ပြောင်းသည့်အချိန်တွင် ကိုသစ်လွင် အိမ်မှာ မရှိပါ။ သူ့ကို မိမိ ဘာမျှ ကြိုပြီး ပြောမထားပါ။ အစ်မကြီး စိတ်မကောင်းဖြစ်ပြီး ကျန်ရစ်သည်။

မိမိ အိမ်ပြောင်းသွားပြီး နောက်တစ်နေ့မှာပင် မိမိရှိရာ စုံထောက်မဂ္ဂဇင်းတိုက် သို့ သူ ရောက်ရှိလာသည်။

သူ့မျက်နှာ ပြုံးပြုံးရွှင်ရွှင် ရှိသည်။

'လာဟေ့ နတ်နွယ်၊ လက်ဖက်ရည် သွားသောက်ရအောင်'

သူက ခရီးရောက်မဆိုက်ပင် ပြောသည်။ ယင်းသို့ ပြောပြီးနောက် မိမိထံမှ ဘုံ့ပြန်မှုကို မစောင့်ဘဲ လမ်းတစ်ဖက်ရှိ ကာကာဆိုင်သို့ ကူးသွားသည်။ သို့ဖြင့် မိမိလည်း စိတ် မလုံမလဲဖြင့် သူ့နောက်သို့ လိုက်ပါသွားရသည်။ လက်ဖက်ရည်ဆိုင်တွင် ဆိုင်မိသောအခါ သူက–

'မင်း တော်တော်ဆိုးတဲ့ ကောင်လေးပဲ'

'ဟုတ်ကဲ့'

'မင်း အခု ဘယ်မှာနေသလဲ'

'ကိုတင့်ဆန်းအိမ်မှာ'

သူ ခေတ္တမျှ စဉ်းစားဟန် ပြုပြီးနောက်–

'ကိုတင့်ဆန်းတို့အိမ်မှာ ဆိုရင်တော့ ကောင်းပါတယ်၊ ငါက တခြားမှာဆိုရင် ပြန်ခေါ်မလို့။ မင်းအစ်မကြီးကလည်း စိတ်မကောင်း ဖြစ်နေတယ်'

မိမိလည်း စိတ်မကောင်းပါ။

'ညနေကျရင်တော့ မင်းအစ်မကြီးဆီကို သွားလိုက်ဦး၊ မင်းကြိုက်တဲ့ မျှစ်ချဉ်နဲ့ ဝက်သား ချက်ထားတယ်'

'ဟုတ်ကဲ့'

'နောက်လည်း အိမ်ကို အမြဲတမ်း ဝင်ထွက်ပေါ့'

'ဟုတ်ကဲ့'

'ငါ့ကို ဝေဖန်စရာ ရှိရင်လည်း ဝေဖန်ပါ'

'နောက်မှ ဝေဖန်မယ်'

'အေး ငါကလည်း မင်းကို ဝေဖန်စရာတွေ ရှိတယ်၊ နောက်မှပဲ ဝေဖန်မယ်'

'ဟုတ်ကဲ့'

ယင်းသို့ဖြင့် မိမိသည် နောက်ပိုင်းကာလများတွင်လည်း သူနှင့် ရင်းရင်းနှီးနှီး ရှိနေသည်။ သူ့ဇနီးနှင့်လည်း မောင်နှမသဖွယ် ရှိရသည်။ သူတို့လင်မယားသည် မိမိ၏ အစ်ကိုကြီးနှင့် အစ်မကြီးများပင် ဖြစ်တော့သည်။ ထို့မျှမက မိမိ အိမ်ထောင်ကျသော အခါတွင်လည်း မိမိနှင့် အေးသည် သူတို့၏ သွန်သင်ပဲ့ပြင်မှုကို ခံယူကြရသည်။

မိမိ အိမ်ထောင်ပြုစဉ်ကာလတွင် သူတို့၏စီးပွားရေး အခြေအနေမှာလည်း လူးလူးလိမ့်လိမ့်ပင် ရှိသဖြင့်၊ မိမိကို စိတ်ဓာတ်အားဖြင့်သာ ကူညီနိုင်ပေသည်။ ရုပ်ဝတ္ထု အားဖြင့် ဘာမျှ မကူညီနိုင်ကြပါ။ သို့သော် မိမိတို့ မင်္ဂလာလေးတွင် တစ်နှစ်နီးပါးမျှ

သွားရောက်နေပြီးနောက် ရန်ကုန်သို့ ပြန်လာသော အခါတွင်ကား သူ၏အခြေအနေ အတော်ကလေး ကောင်းမွန်လျက် ရှိသည်။

သူသည် လမ်း ၄၀ ရှိ ပုံနှိပ်စက်တစ်လုံးကို တာဝန်ယူ လုပ်ကိုင်နေရသည်။ မိမိကိုလည်း သူနှင့်အတူ လာရောက်လုပ်ကိုင်ရန် ခေါ်သည်။ မိမိတို့ စာရေးရန် တိုင်ပင်ကြသည်။ ကိုယ်ရေးမည့် ဝတ္ထုအကြောင်း၊ ဆောင်းပါးအကြောင်းကို ရှင်းပြသည်။ တစ်ယောက် ရေးပြီး ဝတ္ထုအကြောင်း၊ ဆောင်းပါးအကြောင်းကို ဝေဖန်ကြသည်။

လင်းယုန်သစ်လွင်သည် ကြိုးစားသူတစ်ဦး ဖြစ်သည်။ ကြိုးစားပြီး စာရေးသည်။ ကြိုးစားပြီး စာဖတ်သည်။ အထူးသဖြင့် ဘာသာပြန်ဝတ္ထုများ၊ ကျမ်းများကို အလေးထားပြီး လေ့လာသည်။

'ငါတို့က အင်္ဂလိပ်စာ မတတ်တော့ ကိုရင်တို့လို တိုက်ရိုက် မဖတ်နိုင်ဘူး။ သူများ ဘာသာပြန်ထားတာပဲ ဖတ်ရတယ်'

သူ့အိမ်တွင် မိမိနေစဉ်က မိမိထံတွင် သူ အင်္ဂလိပ်စာ သင်သေးသည်။ သို့သော် သူ့မှာ လုပ်ရှား ရန်းကန်နေရသဖြင့် သူ့စိတ်ထဲတွင် မျှော်မှန်းထားသလို အကျိုးဖြစ်မြောက်အောင် မသင်နိုင်ခဲ့ပါ။

တစ်ကြိမ်တွင် သူသည် နိုင်ငံခြား တိုင်းပြည်တစ်ခုကို အခြေပြုပြီး နိုင်ငံခြားသား ဇာတ်ဆောင်များ ပါဝင်သော ဝတ္ထုတိုတစ်ပုဒ်ကို ရေးခဲ့သည်။ စုံထောက်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။

'ငါတို့ဟာ အင်္ဂလိပ်စာ ကောင်းကောင်းတတ်ပြီး သူတို့လို ကမ္ဘာအနှံ့ လျှောက်သွားနေရရင် သူတို့လိုပဲ ကမ္ဘာကျော်ဝတ္ထုတွေ ရေးနိုင်မှာပဲ'

သူ့ရင်ထဲမှာ ရှိသည်ကို ဖွင့်ထုတ်ခဲ့သည်။

သူသည် မန်းတင် ဘာသာပြန်သော **တောင်လေသွေးတော့** နှင့် လူရွှန်း၏ **အာကျူတို့**ကို သဘောကျသဖြင့် **ဘုံကျွန်** ကို ရေးခဲ့သည်။ **ဘုံကျွန်**သည် သူ၏ ထင်ရှားအောင်မြင်သော ဝတ္ထုတစ်ပုဒ် ဖြစ်ခဲ့သည်။ **ဘုံကျွန်** သည် မြန်မာကျေးလက်ဘဝနှင့် မြန်မာ တောသူတောင်သားတို့ ဘဝ၊ မြန်မာလယ်သမားတို့၏ ဘဝကို ဖော်ကျူးနိုင်ခဲ့သည်။

သူရယ်၊ တင်စိုးရယ်၊ မိမိရယ် တိုင်ပင်ပြီး နေ့စဉ်သတင်းစာတစ်စောင် ထုတ်ဝေရန် စီစဉ်ခဲ့ကြသည်။ ထိုအချိန်က သူရော၊ တင်စိုးရော စီးပွားရေး အတော်အတန် ကောင်းမွန်လျက် ရှိကြသည်။ မိမိက လူစိုက်ဖြစ်သည်။

**မိုးသောက်** နေ့စဉ်သတင်းစာကို သူ့နာမည်ဖြင့် လျှောက်လိုက်သည်။ များမကြာမီတွင် ထုတ်ဝေခွင့်ရသည်။ သို့သော် သတင်းစာတစ်စောင်ကို ထုတ်ဝေနိုင်ရန်

အရင်းအနှီးမှာ နည်းလှသည် မဟုတ်သဖြင့် မိမိတို့သည် တော်တော်နှင့် မထုတ်ဝေနိုင်ဘဲ ရှိနေကြသည်။

တစ်နေ့တွင် သူက–

'နတ်နွယ်ရေ၊ တို့သတင်းစာကို မနက်သတင်းစာကြီးအဖြစ် မထုတ်နိုင်ခင် ညနေသတင်းစာအဖြစ် အရင်ထုတ်ရရင် မကောင်းဘူးလား။ ညနေသတင်းစာ ဆိုရင်တော့ အရင်းအနှီး သိပ်မလိုဘူး၊ တာဝန်လည်း သိပ်မကြီးဘူး'

'မဆိုးပါဘူး၊ ဒါပေမဲ့ နာမည်က **မိုးသောက်** ဖြစ်နေတယ်'

'အေး ဟုတ်သားပဲ၊ **မိုးသောက်**ဆိုပြီး ညနေသတင်းစာ ထုတ်လို့ ဘယ်ဖြစ်မလဲ'

ယင်းသို့ဖြင့် မိမိတို့သည် နေ့စဉ်သတင်းစာ ထုတ်ဝေရန် မဟာ အကြံအစည်ကြီးကို လျှော့လိုက်ကြရသည်။ သို့သော် လုံးဝလက်လျှော့သည် မဟုတ်ဘဲ တိုင်းတို့၊ နယူးစ်ဝိခ်တို့လို သတင်းမဂ္ဂဇင်းအဖြစ် ထုတ်ဝေရန် ကြံစည်ကြပြန်သည်။ သည်တစ်ကြိမ်တွင် မိမိတို့အစုတွင် လူတစ်ယောက် တိုးလာပြန်သည်။ ပါရဂူ။ သူက လူလွတ်။ အိန္ဒိယသံရုံးမှာ ဘာသာပြန်အယ်ဒီတာ လုပ်နေသည်။ သူ့မှာ ငွေစကလေး ရှိသည်။

ယင်းသို့ဖြင့် **မိုးသောက်**သတင်းမဂ္ဂဇင်း အမှတ် ၁ ထွက်ပေါ်လာသည်။ သို့သော် အမှတ် ၁ မှာပင် တစ်နေပြီး ၂ တို့၊ ၃ တို့ကို ဆက်မထုတ်နိုင်ကြတော့ပေ။

**မိုးသောက်** စီမံကိန်း ပျက်သွားသောအခါ မိမိတို့လည်း ကစဥ့်ကလျား ဖြစ်သွားကြရပြန်သည်။ မိမိလည်း **အမျိုးသားသတင်းစာ**သို့ ရောက်သွားသည်။ သူလည်း လမ်း ၄၀ ပုံနှိပ်တိုက်ကို လက်လွှတ်လိုက်ရပြီး၊ ဟိုယောင်ယောင် သည်ယောင်ယောင် ဖြစ်နေသည်။

ထို့နောက် **ကိုတင်အောင် မစန်း** စာပေသို့ သူ ရောက်ရှိသွားသည်။ မိမိကို **ကိုတင်အောင် မစန်း** စာပေနှင့် ဆက်သွယ်ပေးခဲ့သူမှာ သူပင် ဖြစ်သည်။ သူ၏ ဆက်သွယ်ပေးမှုကြောင့် **ကိုတင်အောင် မစန်း** စာပေမှ မိမိ လုံးချင်းဝတ္ထု ၂၂ ပုဒ် ထုတ်ဝေခဲ့သည်။ **ကိုတင်အောင် မစန်း** စာပေသည် မိမိ၏ စာအုပ်များကို အများဆုံး ထုတ်ဝေခဲ့သော ထုတ်ဝေရေးတိုက်တစ်တိုက် ဖြစ်ရတော့သည်။

သည့်နောက်တွင်ကား သူနှင့်မိမိ တွေ့လိုက်၊ မတွေ့လိုက် ရှိသည်။ တောင်ဥက္ကလာသို့ ပြောင်းသွားသောအခါ သူ မြို့ထဲသို့ အရောက်အပေါက် နည်းလာသည်။ ဝေး၍လည်း ဖြစ်သည်။ အသက်ကြီး၍လည်း တစ်ကြောင်း ဖြစ်သည်။

'ကိုယ့်အသက်အရွယ်နဲ့ လူငယ်တွေကြားမှာ ဟိုရောရော ဒီရောရော မနေချင်တော့ဘူး'

သူ မြို့ထဲကို အထွက်ကျဲသလို သူ၏ စာအုပ်များလည်း အထွက်ကျဲလာသည်။ သူနှင့် လူချင်း အတွေ့ရ နည်းသလို သူ၏စာအုပ်များကိုလည်း အဖတ်ရ နည်းလာသည်။

မနှစ်က ဖြစ်မည်။ မင်းကျော်၊ မောင်သွေးသစ်တို့နှင့်အတူ သူ့အိမ်သို့ တစ်ခေါက် ရောက်သွားသည်။ သူ့အိမ်ကလေးသည် သန့်ပြန့်ဆဲပင် ဖြစ်သော်လည်း ဟောင်းမြင်း လျက် ရှိချေပြီ။ ခြံထောင့်က အိမ်သာကလေးလည်း တစ်ဖက်သို့ ယိမ်းယိုင်နေသည်။

အိမ်ရှေ့တွင် မုန့်ရောင်းနေသော အစ်မကြီးကို တွေ့ရသောအခါ စိတ်မကောင်း ဖြစ်ရသည်။ အစ်မကြီး၏ ခေါင်းမှာ ဆံပင်တွေလည်း ဖြူနေသည်၊ ပြာမှုန်တွေလည်း ဖြူနေသည်။

သို့သော် သူ၏ **ယိုးဒယား–မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း** ဂျပန်ဘာသာပြန် စာအုပ် လှလှခံ့ခံ့ကလေးကို တွေ့မြင်ရသောအခါ ဝမ်းသာရပါသည်။ ဂျပန်ပြည်မှ စာမူခ ပို့လိုက်မည်ဟူသော စာကလေးကိုလည်း ဖတ်ခဲ့ရပါသည်။

[ မိုးဝေ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ၁၉၈၃ ]

## သခင်္ချိုင်းရတော့ သခင်္ချိုင်းရပါပဲ၊ ဒါပေမဲ့...

ကိုနတ်ရေ

ကိုတင့်ဆန်းအကြောင်း မသီရိ ပြောလို့ သိရပါတယ်။ သူ့ဆီ လာဖို့ အစီအစဉ် လုပ်ရပါဦးမည်။ ခရီးလှမ်းလို့ ဖြစ်ပါတယ်။ ကြိုးစားရမှာပဲ။ လာရင် မသီရိကို အဖော်ပြု လာရမှာပဲ။ ကိုနတ်နဲ့လည်း တွေ့ချင်တာပဲ။ ကိုတင့်ဆန်းအတွက် ပိုက်ဆံ ၂၀၀ ကျပ် ပေးလိုက်ပါတယ်။ မသီရိနဲ့ လာဖြစ်ရင် ကိုနတ်နှင့် တွေ့ရအောင် တနင်္ဂနွေ တစ်နေ့ လာခဲ့မယ်။

သစ်လွင်

၁၂-၈-၉၃

တနင်္လာနေ့က ဖြစ်သည်။ ဩဂုတ်လ ၁၆ ရက်။ ဘဝတက္ကသိုလ်သို့ မသီရိ ရောက်လာသည်။ မိမိကို စာရွက်ဖြူဖြူလေး တစ်ရွက်၊ ဘဝတက္ကသိုလ် ကိုနေဝင်းကို တစ်ရွက် ပေးသည်။ မိမိကိုပေးသော စာရွက်မှာ အထက်ပါစာ ဖြစ်သည်။

ကိုနေဝင်းကို ပေးသောစာကို မိမိ မဖတ်ရပါ။ သို့သော် မသီရိက ယင်းစာနှင့် ပတ်သက်ပြီး ထပ်ဆင့်ရှင်းပြနေသဖြင့် စာ၏သဘောနှင့် အဓိပ္ပာယ်ကို သိရပါသည်။

ကိုနေဝင်းထံမှ ကိုသစ်လွင် ယူထားသော ပိုက်ဆံများ ရှိသည်။ ထုံးစံအတိုင်း ထုတ်ဝေသူ တစ်ဦးထံမှ စာရေးဆရာတစ်ဦးက ကြိုတင်ယူထားငွေ ဖြစ်သည်။ စာအုပ် ရေးပေးရန် ဖြစ်သည်။

ကိုနေဝင်းထံမှ ယူရာတွင် ကိုသစ်လွင်ကိုယ်တိုင် ယူသည်များလည်း ရှိသည်။ သူ၏တူ မောင်တင်ရှိန် (ကွယ်လွန်) ကို စာရေးပေးပြီး ယူသည်လည်း ရှိသည်။ အကြိမ်ကြိမ် ယူထားခြင်း ဖြစ်သည်။

ကိုသစ်လွင်အနေနှင့် ယခုအခါ အရွယ်အရ လည်းကောင်း၊ ကျန်းမာရေးအရ လည်းကောင်း စာရေးပေးနိုင်ရန် မလွယ်တော့သဖြင့် ယူထားသော ပိုက်ဆံကို ပြန်ပေးလို

သည်။ ပြန်ပေးသောငွေကို လက်ခံပါရန်လည်း မေတ္တာရပ်ခံထားသည်။ ယူငွေကို သူ၏ မှတ်တမ်းစာအုပ်တွင် မှတ်ထားသည်ဟု ဆိုသည်။ နှစ်ထောင်ငါးရာ၊ သုံးထောင်လောက် ရှိသည်ဟု ဆိုသည်။ ကိုနေဝင်း ငွေစာရင်း ရှိလျှင်လည်း ပေးလိုက်ပါရန် ပြောသည်။

ကိုနေဝင်းမှာ စာရင်းမရှိပါ။ စာရွက်ထဲမှာလည်း မှတ်မထားပါ။ ခေါင်းထဲမှာလည်း မှတ်မထားပါ။ ပြန်ရကောင်းသည်ဟု သဘောမထားတော့သောကြောင့် ဖြစ်သည်။

'ကျွန်တော်က မေ့တောင်နေပြီ။ ကျွန်တော့်မှာလည်း ဘာစာရင်းမှ မရှိတော့ဘူး'

ကိုနေဝင်းက ပြောသည်။

'နေပါဦး၊ သူက ဘယ်က ပိုက်ဆံတွေရပြီး ဘယ်လောက် ချမ်းသာနေလို့လဲ'

မိမိက သီရိကို မေးလိုက်သည်။

'မသိဘူး၊ ဟိုလူ့ကို ရှော့ တစ်ရာ၊ ဒီလူ့ကို ရှော့ နှစ်ရာလို့တော့ ပေးနေတာပဲ။ အခုလည်း ဂိုးလ်စတိန်း တစ်အုပ် ဝယ်ခိုင်းလိုက်တယ်၊ သူများကို ပေးဖို့ပဲ။ ဂိုးလ်စတိန်း ချည်းပဲ သူဝယ်တာ လေးအုပ်ရှိပြီ။ အဲဒီတော့ ကိုနေဝင်း သူ ပေးတာကို ပြန်ယူလိုက်ပါ။ သူ့မှာ အဲဒါက ရောဂါကြီးလို ဖြစ်နေတယ်၊ ပြန်ပေးရမယ်၊ ပြန်ပေးစရာ ရှိတယ်နဲ့'

'မြေပါမှာ စိုးတယ် ထင်တယ်'

မိမိက ထပ်ပြောလိုက်သည်။

ကိုနေဝင်းက–

'အင်းလေ သူ ပေးချင်တယ်ဆိုရင်လည်း ပေးပေါ့။ ကျွန်တော့်မှာတော့ ဘာစာရင်းမှ မရှိဘူး'

'သူ့ ဒိုင်ယာရီထဲက စာရင်းကိုပဲ တွက်ခိုင်းလိုက်မယ်လေ၊ ဆရာ့ဆီကိုတော့ ဘယ်နေ့ လာရမလဲ၊ သူက ဆရာနဲ့လည်း တွေ့ချင်တယ်တဲ့'

'ကျွန်တော်ကလည်း တွေ့ချင်ပါတယ်။ လာရင် ကျွန်တော့်အိမ်ကို အရင်လာပေါ့၊ ပြီးတော့မှ ကိုတင့်ဆန်းအိမ်ကို သွားကြတာပေါ့။ ဒီ စနေ–တနင်္ဂနွေပဲ လာပေါ့၊ ဒါပေမဲ့ ဒီ စနေ–တနင်္ဂနွေ တစ်ရက်ရက်မှာ ကျွန်တော် သွားစရာတစ်ခု ရှိတယ်၊ ဘယ်နေ့ ဖြစ်မလဲ မသိဘူး။ အဲဒီတော့ ဒီလိုလုပ်လေ၊ သောကြာနေ့ကျရင် မသီရိ ဒီတိုက်ကို တစ်ခေါက်လာခဲ့ပါလား၊ နွယ်နီလည်း ယူရင်းပေါ့။ အဲဒီကျရင် ဘယ်နေ့ လာပါဆိုတာ ကျွန်တော် ပြောမယ်'

သို့သော် သောကြာနေ့တွင် ဘဝတက္ကသိုလ်သို့ မိမိ ရောက်သောအခါ မသီရိ လာသွားပြီ ဖြစ်သည်။ ကိုသစ်လွင် နေမကောင်းနေသဖြင့် ဒီတစ်ပတ် မလာနိုင်ကြောင်း မှာသွားသည်။

သို့သော် "နေမကောင်း" ဟူသည့် အချက်ကို သာမန်ဟုသာ မိမိ သဘောထား လိုက်သည်။ ဒီတစ်ပတ် မလာလျှင် နောက်တစ်ပတ် လာမှာပဲဟု သဘောထား လိုက်သည်။

တစ်လောက အတော်ကလေး နေမကောင်းလိုက်သည်က ကိုတင့်ဆန်းဖြစ် သည်။ ကိုတင့်ဆန်း နေမကောင်းဖြစ်သောအခါ အကြောင်းကြားသင့်သော မိတ်ဆွေ များထံ အကြောင်းကြားပေးရန် မိမိမှာ တာဝန်ရှိသည်။ ထို့ကြောင့် ဆင်ဖြူကျွန်း အောင်သိန်းကိုတော့ လူချင်းတွေ့၍ ပြောလိုက်သည်။ သူက မြို့ထဲကို တစ်ပတ် နှစ်ရက် မှန်မှန် ဆင်းသူ ဖြစ်သည်။

ကိုသစ်လွင်ကတော့ မြို့ထဲ မလာတာ ကြာပြီ။ ကိစ္စရှိလျှင် သီရိနှင့်ပဲ မှာတတ် သည်။ သို့ဖြင့် သီရိမှတစ်ဆင့် အကြောင်းကြားလိုက်ရခြင်း ဖြစ်သည်။

ကိုတင့်ဆန်းနှင့် ကိုသစ်လွင်တို့က သက်တူရွယ်တူများ ဖြစ်ကြသည်။

စနေနေ့က မိမိ မြို့ထဲ မသွားပါ။ ညနေ သုံးနာရီလောက်တွင် ဖုန်းတစ်ခု လာသည်။ မောင်နေမျိုးထံမှ ဖြစ်သည်။ မောင်နေမျိုးနှင့် မိမိမှာ ခင်မင်သော မိတ်ဆွေ များ ဖြစ်သော်လည်း အမြဲတမ်း ဖုန်းဆက်လေ့ မရှိ။ အကြောင်းထူး ရှိမှသာ ဆက်ကြ သည်။

အကြောင်းထူးတစ်ခုတော့ ရှိပြီ။

'ကိုနတ်နွယ်၊ ကျွန်တော် မောင်နေမျိုးပါ။ ကိုသစ်လွင် ဆုံးသွားပြီ'

'ဗျာ...ဘယ်တုံးကလဲ'

မိမိ မယုံကြည်နိုင်စွာ အော်ဟစ်လိုက်မိသည်။

'စောစောကပဲ၊ တစ်နာရီခွဲလောက်ကပဲ'

'ဘယ်လိုဖြစ်တာလဲ၊ သူ့မှာ ဘာရောဂါမှလည်း မရှိပါဘူး'

'ဟုတ်တယ်၊ ဖျားတာပဲ၊ မနက်ကတောင် ကျွန်တော်နဲ့ တွေ့သေးတယ်။ အဲဒီ တုန်းက အကောင်းကြီးပဲ ရှိသေးတယ်။ အခု ကျွန်တော် ရှူတင်က ပြန်လာတော့မှ ဆုံးသွားပြီဆိုတာ သိရတာ။ ဒါနဲ့ ခင်ဗျားဆီ ချက်ချင်း ဖုန်းဆက်တာပဲ'

အင်း...သခ်ါရလို့ ပြောရမှာပဲ။

ဒါပေမဲ့ တကယ်ဆိုရင်၊ မှန်တဲ့အတိုင်းဆိုရင် ဒီအချိန်မှာ သူရယ်၊ ကိုတင့်ဆန်း ရယ်၊ မိမိရယ်၊ သီရိရယ် မြောက်ဥက္ကလာမှာ ဝိုင်းဖွဲ့ပြီး စကားပြောနေကြရမယ့် အချိန်ပဲ။

ကိုတင့်ဆန်း နေမကောင်းသည်ကို တကူးတကန့် လာမေးဖို့ ကြိုးစားသည့် သူက မထင်မှတ်ဘဲ အရင်သေသွားသည်။ ဖြုန်းစားကြီး သေသွားသည်။

မိမိနှင့် တွေ့ချင်သည်ဟု တကူးတကန့် လာချိန်းသူမှာ ဘယ်နည်းနှင့်မျှ မလာနိုင် တော့ချေ။

လူတွေ သေကြရမည် ဆိုသည်ကို မိမိ သိပါသည်။

အချို့လူများ သေရန်ရက် နီးကပ်နေပြီ ဆိုသည်ကိုလည်း ကြိုတင်ခန့်မှန်းမိသည်များ ရှိပါသည်။

သို့သော် မထင်မှတ်ဘဲ ရုတ်တရက် ကွယ်လွန်သွားသောအခါ မယုံကြည်နိုင်ဖြစ်ရသည်။ အံ့သြတုန်လှုပ်ရသည်။

အထူးသဖြင့် မိမိနှင့်တွေ့ရန် ချိန်းထားပြီးမှ ရက်ချိန်း ပျက်ကွက်သွားရသူများအတွက် ပိုပြီး စိတ်မကောင်းဖြစ်ရသည်။

ဥပမာ–ကိုသန်းဆွေတုန်းက တစ်ကြိမ်။

အဲသည်နှစ် သင်္ကြန်က မိမိအိမ် လာမည်ဟု သူ ပြောထားသည်။ အဲဒီနေ့က သူ လာမည့်ရက် ဖြစ်သည်။ သို့သော် သူသည် အခြားမိတ်ဆွေများနှင့် အင်းလျားသို့ သွားရင်း ရေနစ်သေဆုံးသွားသည်။

နောက်တစ်ယောက် ကိုမင်းကျော်။

'မနက်ဖြန် ခင်ဗျားစာမူ ပေးမယ်ဗျာ'ဟု ပြောထားပြီးနောက် သူ ပျောက်သွားတော့သည်။

ကိုသစ်လွင်ထံမှ အထက်ပါ စာကလေး မရခဲ့လျှင်လည်း ဒါလောက် စိတ်ထိခိုက်ချင်မှ စိတ်ထိခိုက်ပေလိမ့်မည်။

အခါတိုင်းဆိုလျှင် အသုဘတစ်ခုသို့ သွားလျှင် မတွေ့ရတာ ကြာပြီဖြစ်သော မိတ်ဆွေများကို လိုက်ပြီး နှုတ်ဆက်စကား ပြောလေ့ရှိသည်။ ကိုသစ်လွင် အသုဘနေ့ကတော့ မိမိ မည်သူနှင့်မျှ စကားမပြောချင်ပါ။ ဘာအကြောင်းမျှ မပြောချင်ပါ။ သို့ဖြင့် တစ်ချိန်လုံး ကုလားထိုင်တစ်လုံးတွင်သာ ထိုင်နေခဲ့သည်။ အချို့သော မိတ်ဆွေများကို မြင်သော်လည်း ,သွားမတွေ့ပါ။ အချို့သော ဆရာကြီးများကို မြင်သော်လည်း သွားပြီး ဂါရဝ မပြုမိပါ။

မိမိသည် သင်္ခါရကို ဘဝင်မကျဘဲ ဖြစ်နေသည်လား မသိ။

ကိုသစ်လွင် ထွက်ခွာသွားသည်မှာ သင်္ခါရတရားပင် ဖြစ်သည်။ စိုသောလက် မခြောက်မီ၊ ကွေးသောလက် မဆန့်မီ ဟူသည့် သဘောပင် ဖြစ်သည်။

သို့သော် မိမိစိတ်ထဲမှာ လူတွေ ထွက်ခွာသွားတာနှင့် ပတ်သက်ပြီး တစ်မျိုးကြီး ဖြစ်နေသည်။

သင်္ခါရကတော့ သင်္ခါရပါပဲ၊ ဒါပေမဲ့ ...

[ ရွှေဝတ်မှုန်၊ အောက်တိုဘာ၊ ၁၉၉၃ ]

# မိမိနှင့် တင့်ဆန်း

၁

သည်စာကို ရေးမည်လုပ်တော့မှပင် စဉ်းစားမိသည်။ မိမိတို့နှစ်ယောက် ဟုတ်တိပတ်တိ တွေ့ဖြစ်ကြသည်မှာ ကြာပြီ။ ကြာဆို တော်တော်ကလေးကိုပင် ကြာသွားပြီ။ တစ်ရက် မဟုတ်၊ နှစ်ရက် မဟုတ်၊ တစ်လ နှစ်လ မဟုတ်။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်။ ဘယ် နှစ်နှစ်များ ရှိသွားပြီနည်း။ မှတ်မှတ်ရရ ပြောရလျှင် မိမိတို့နှစ်ယောက် အတူတကွ ခရီးသွားခဲ့ကြသည်မှာ နမ္မတူဘော်တွင်း ခရီးသည် နောက်ဆုံးပင် ဖြစ်ပေလိမ့်မည်။ သည့်နောက်တွင်ကား ဘယ်ကိုမျှ အတူတကွ မသွားဖြစ်ကြ။

နမ္မတူဘော်တွင်းခရီးသည် ၁၉၇၉ ခုနှစ်က ဖြစ်သည်။ လေးနှစ်ကြီးများပင် ရှိသွားပြီ။ တစ်ခုတော့ ရှိသည်။ ထိုခရီးသည် မှတ်မှတ်သားသားပြောရမည့် ခရီးတစ်ခု ဖြစ်သည်။ မိမိတို့နှစ်ယောက်အပြင် နောက်ထပ် အဖွဲ့ဝင်တစ်ယောက်မှာ အခြားမဟုတ် ချေ။ မောင်သိန်းဆိုင် ဖြစ်သည်။

နမ္မတူဘော်တွင်း ဟောပြောပွဲများတွင် မောင်သိန်းဆိုင်က ‘အခုလာတဲ့ လူ သုံးယောက်ကတော့ သူတစိမ်းတွေပါပဲ။ ဒီဘက်က ထိုင်တဲ့ ကိုနတ်နွယ်က ကျွန်တော့်

တင့်ဆန်း ( ၁၉၁၇–၉၅ )



ယောက်ဖပါ၊ ကျွန်တော်က ပေးရတာပါ။ ဟိုဘက်ကထိုင်တဲ့ ဆရာကြီး ဦးတင့်ဆန်းက တော့ ကျွန်တော့်အဖေပါ'ဟု ပြောသောအခါ ပရိသတ်များ ရယ်ကြရသည်။

သည့်နောက်တွင်ကား မိမိတို့သည် အကြောင်းကိစ္စ ရှိသည့်အခါများနှင့် ပက်ပင်း ဆုံတွေ့သည့် အခါများတွင်သာ စကားပြောဖြစ်ကြသည်။ အေးအေးလူလူ တွေ့ဆုံခြင်းမျိုး ကား မရှိသလောက်ပင်။ သူလည်း သူ့ကိစ္စနှင့်သူ၊ မိမိလည်း မိမိကိစ္စနှင့် မိမိ။

သို့သော် မိမိတို့နှစ်ယောက်သည် အဝေးကြီး နေကြသည် မဟုတ်။ အိမ်ချင်းကပ် ဖြစ်သည်။ မြေကွက်တစ်ခုတည်းတွင် အိမ်နှစ်လုံးဆောက်ပြီး နေကြခြင်း ဖြစ်သည်။ စာတိုက်လိပ်စာ တစ်ခုတည်း ဖြစ်သည်။

သို့သော်–

'ဟိုလူကြီး မြို့ထဲ ထွက်သလား'

၃၃ လမ်းတွင် ဆင်ဖြူကျွန်းအောင်သိန်းက မေးသောအခါ မိမိ မဖြေတတ်။

'မပြောတတ်ဘူးဗျာ၊ ကျွန်တော် အိမ်ကထွက်လာတော့ အမှတ်တမဲ့ပဲ၊ မကြည့် ခဲ့မိဘူး'

ဟိုတုန်းကဆိုလျှင်ကား သည်သို့ မဟုတ်ပါ။ မိမိတို့နှစ်ယောက် မြို့ထဲသို့ အတူတူ ထွက်ကြသည်။ လုပ်ငန်းဌာနမှာလည်း အတူတူပင် ဖြစ်ကြသည်။ လုပ်ငန်းဌာန မတူသော ကာလများတွင်လည်း နေ့ခင်းဘက်တွင် ကိုယ့်ကိစ္စရှိရာ ကိုယ်သွားကြသည်။ ညနေဘက်တွင် တစ်နေရာတွင် ပြန်ဆုံပြီး အိမ်သို့ အတူပြန်ကြသည်။ သူ့အိမ်သို့ မိမိရောက်ရှိသော ၁၉၅၃ ခုနှစ်မှသည် ၁၉၇၃ ခုနှစ်လောက်အထိ အတူသွား အတူ လာခဲ့ကြသည်။ အနှစ် နှစ်ဆယ်ကြီးများပင် ဖြစ်သည်။ အကြောင်းကြောင်းကြောင့် ညဉ့်နက် သန်းခေါင်မှ ပြန်ကြလျှင်လည်း အတူတူပင်။ မနက်မိုးလင်းမှ ပဲပြုတ်သည်နှင့် အတူ ပြန်ကြလျှင်လည်း အတူတူပင်။

တင့်ဆန်းအိမ်သို့ မိမိ ပြောင်းဖြစ်သည့် အကြောင်းမှာလည်း လုပ်ငန်းဌာန တူသောကြောင့်ပင် ဖြစ်ပါသည်။

*

မိမိ ရန်ကုန်ရောက်ရှိပြီး လပိုင်းအတွင်းမှာပင် အလုပ်ရရှိသည်။ မိမိစရိတ်ဖြင့် မိမိ ကျောင်းတက်လိုကြောင်း၊ ရန်ကုန်မြို့တွင် မိမိဘာသာ မိမိ ရပ်တည်လိုကြောင်း မိတ်ဆွေ များကို ပြောသောအခါ မိတ်ဆွေများက ကူညီကြသည်။ ပထမတွင် **ဓုံထောက်** မဂ္ဂဇင်း က စာမူခ သတ်မှတ်ပြီး ပေးသည်။ တစ်လ တစ်ပုဒ် ထည့်ပေးသွားမည်ဟု ပြောသည်။ ထို့နောက် မိမိကို အလုပ်ပေးကြသည်။

**ခေတ်ပြင်** စာပေတိုက်၊ **ဓုံထောက်**မဂ္ဂဇင်း စသည့် စာပေလုပ်ငန်းများ ရှိနေသည့် အပြင်၊ နောက်ထပ် လုပ်ငန်းတစ်ခု တိုးချဲ့ရန် အစောကတည်းက သူတို့ စီစဉ်ထားကြ

သည်။ ရုပ်ရှင်မဂ္ဂဇင်း ထုတ်ဝေရန်ပင် ဖြစ်သည်။ ရုပ်ရှင်မဂ္ဂဇင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံခြား ရုပ်ရှင်ဇာတ်လမ်းများကို ပြန်ဆိုဖော်ပြရန် ဖြစ်သည်။

ရုပ်ရှင်မဂ္ဂဇင်းကို **မိုးဝေ** ဦးစီးသော **စုံထောက်**မဂ္ဂဇင်း စာတည်းအဖွဲ့မှပင် တာဝန်ခံ တည်းဖြတ်ထုတ်လုပ်သွားမည် ဖြစ်သည်။ မိမိ ရောက်ရှိသွားသောအခါ မိမိကို **စုံထောက်**မဂ္ဂဇင်း စာတည်းအဖွဲ့ဝင်တစ်ဦးအဖြစ်နှင့် **ရုပ်ရှင်**မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် တစ်ခါတည်း ခန့်အပ်လိုက်ကြသည်။ မိမိသည် အသက် ၂၀ အရွယ်မှာပင် ရန်ကုန်မှ ထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်၏ တာဝန်ခံအယ်ဒီတာတစ်ယောက် ဖြစ်ရတော့သည်။ သို့သော် လခမှာ တစ်နေ့လျှင် နှစ်ကျပ်မျှသာတည်း။ တစ်နေ့ နှစ်ကျပ်၏ သဘောမှာ တစ်လ ခြောက်ဆယ် မဟုတ်ပါ။ အလုပ်ဆင်းသည့်နေ့တွင်မှ ပိုက်ဆံရသည်။ မဆင်းသည့်နေ့တွင် မရပါ။ ယင်းကြောင့် မိမိတို့သည် လပြည့် လကွယ်လည်း အလုပ်ဆင်းရသည်။ စနေ တနင်္ဂနွေလည်း အလုပ်ဆင်းရသည်။ နေ့ကြီးရက်ကြီးတွေလည်း အလုပ်ဆင်းကြရသည်။

လင်းယုန်သစ်လွင်အိမ်မှ တစ်နေရာသို့ ပြောင်းရွှေ့ရန် စိတ်ကူးသောအခါ တင့်ထူးကို မိမိ တိုင်ပင်ရသည်။ တင့်ထူးမှာ မိမိ၏ တိုင်ပင်ဖော် တိုင်ပင်ဖက်ပင် ဖြစ်သည်။

ဗလစ ခေါင်းဆောင်တစ်ဦးဖြစ်သော ကိုထွေးမြင့်က သူ့အိမ်တွင် လာနေရန် ခေါ်သည်။ မိမိနှင့် တင့်ထူးတို့ သူ့အိမ်သို့ အခြေအနေ သွားကြည့်ကြသည်။ သူ့အိမ်က ရွှေဂုံတိုင်တွင် ဖြစ်သည်။ နဂါးကားစီးလျှင် တက္ကသိုလ်သို့လည်း အလွယ်တကူ ရောက်နိုင်သည်။ သို့သော် သူတို့မိသားစုသည် အားလုံးပင် ရုံးသမားများ ဖြစ်ကြသည်။ ကိုထွေးမြင့်၏ ဇနီးကလည်း ရုံးစာရေးမ၊ ခယ်မကလည်း စာရေးမ။ ကိုထွေးမြင့်၏ ဇနီးက မိမိကို လာနေရန် လှိုက်လှဲစွာပင် ဖိတ်ခေါ်ပါသည်။ သို့သော် ရုံးသမားဖြစ်သဖြင့် မနက်ထမင်း၊ ညထမင်းကိုတော့ ဖြစ်သလို စားရသည်ဟု ဆိုသည်။ အရေးမကြီးပါ။ ဘယ်လိုပင် စားရစားရ။ သို့သော် ထိုအိမ်တွင် မနေရန် တင့်ထူးက ကန့်ကွက်စကားဆိုသည်။ အကြောင်းမှာ မိန်းမပျိုကလေးတစ်ယောက် ရှိသောကြောင့်။

ထို့နောက် ပိုက်ဟော (သီတာရပ်ကွက်) ရှိ ပန်းချီဆရာ ကိုပေါ်ထွန်းအိမ်သို့ သွားရောက် စုံစမ်းကြသည်။ ကိုပေါ်ထွန်းမှာ ထိုစဉ်က **စုံထောက်**မဂ္ဂဇင်းတွင် ပင်တိုင်ပန်းချီဆရာတစ်ဦး ဖြစ်သည်။ ကိုပေါ်ထွန်းတို့ ဇနီးမောင်နှံကလည်း လှိုက်လှဲစွာပင် ကြိုဆိုကြပါသည်။ သို့သော် ကိုတင့်ထူးက ကိုပေါ်ထွန်းတို့ အိမ်ကိုလည်း သဘောမကျပါ။ ကိုပေါ်ထွန်းတွင် အရွယ်ရောက်နေပြီဖြစ်သော သမီးပျိုကလေးတစ်ယောက် ရှိသောကြောင့်ပင်။

'ခင်ဗျားအနေနဲ့ အခုလို ရန်ကုန်မြို့မှာ တစ်ယောက်တည်း ကိုယ့်ထူးကိုယ်ချွန်ပြီး

ကျောင်းတက်နေတဲ့အချိန်မှာ အမျိုးသမီးတွေနဲ့ ကင်းကင်းရှင်းရှင်း ရှိစေချင်တယ်'ဟု တင့်ထူးက ဆိုခဲ့သည်။

ထို့နောက် မိမိတို့သည် ကိုပေါ်ထွန်းတို့လမ်းနှင့် တစ်လမ်းခြားဖြစ်သော မြောင်းကြီးလမ်းရှိ ကိုတင့်ဆန်း၏အိမ်သို့ သွားကြသည်။

ကိုတင့်ဆန်းတို့ နေသောအိမ်မှာ ရှုပ်ထွေးကျပ်ညပ်သော ကျူးကျော်ရပ်ကွက်အတွင်းရှိ မဒမတိုင်၊ ဓနိမိုး၊ ဝါးထရံကာ၊ ကြမ်းခင်း အိမ်ကလေးပင် ဖြစ်သည်။ သုံးပင်နှစ်ခန်းဖြစ်သည်။ ခေါင်းရင်းခန်းတွင် အိမ်ရှင် ကရင် လင်မယားနေပြီး၊ ခြေရင်းခန်းတွင် ကိုတင့်ဆန်းတို့ ဇနီးမောင်နှံ ငှားရမ်းနေထိုင်ခြင်း ဖြစ်သည်။ အိမ်ကလေးမှာ အမိုးနိမ့်သဖြင့် မည်းမှောင် မွန်းကျပ်နေသည်။ မိမိတို့ ရောက်သွားချိန်မှာ ညဦးပိုင်းဖြစ်သဖြင့် ရေနံဆီမီးခွက်ကလေး ထွန်းထားသည်။

မိမိတို့ဆန္ဒကို ထုတ်ဖော်ပြောသောအခါ ကိုတင့်ဆန်းက–

'ဟာ ...ခင်ဗျား လာနေမယ်ဆိုရင် ဘာပြောစရာ ရှိသလဲ၊ ကြိုက်တဲ့အချိန်မှာ ပြောင်းလာပါ၊ ကြိုက်သလိုနေပါ'

ကိုတင့်ဆန်း၏ ဇနီး အစ်မကြီးကမူ အားနာဟန်ဖြင့်–

'နေထိုင်ရမယ့် အခြေအနေကတော့ မြင်တဲ့အတိုင်းပဲ၊ ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်၊ အိပ်ဖို့ တစ်နေရာစာ ရရင် ပြီးတာပါပဲ'

'စားရေးသောက်ရေး အတွက်လဲ'

'ဘာမှ အရေးမကြီးပါဘူး၊ ဖြစ်သလိုပေါ့'

'အားနာလို့ ပြောတာပါ'

'ဘာမှ အားနာစရာ မရှိပါဘူး၊ မနက်ကျရင် ကျွန်တော် ကျောင်းကို အစောကြီး သွားမှာပဲ၊ ညနေကျတော့လည်း ကိုတင့်ဆန်းနဲ့အတူ ပြန်လာမှာပဲ၊ အဲဒီတော့လည်း ရှိတာ စားကြတာပေါ့'

ယင်းသို့ဖြင့် နောက်တစ်နေ့မှာပင် ကိုတင့်ဆန်းတို့အိမ်သို့ မိမိ ပြောင်းရွှေ့သည်။ ယင်းသို့ ပြောင်းရွှေ့သည်ကို တင့်ထူးက အပြည့်အဝ ထောက်ခံသည်။

'ကိုတင့်ဆန်းအိမ်မှာ ခင်ဗျားနေတာ အကောင်းဆုံးပဲ၊ ခင်ဗျားတို့နှစ်ယောက် မဂ္ဂဇင်းတိုက် တစ်တိုက်တည်းမှာ အတူတူလုပ်ကြပြီး အတူတူနေကြတာ အမှန်ဆုံးပဲ။ နောက်ပြီးတော့ သူ့အိမ်မှာ ခင်ဗျား ဘာမှ အားနာစရာ မလိုဘူး၊ သူတို့ လင်မယား နှစ်ယောက်က လွဲလို့ ဘယ်သူမှ မရှိဘူး'

မှန်ပါသည်။ ထိုအချိန်က သူတို့အိမ်တွင် မည်သူမျှ မရှိပါ။ ကိုတင့်ဆန်းတွင် မောင်မြသောင်းနှင့် မောင်သိန်းဆိုင် တည်းဟူသော သားနှစ်ယောက်ရှိကြောင်းလည်း မိမိတို့ မသိပါ။ အစ်မကြီးတွင် တင်တင်အေးနှင့် ရင်ရင်ထွေး ဟူသော သမီးနှစ်ယောက်

ရှိကြောင်းလည်း မိမိတို့ မသိပါ။ ထိုမျှမက အစ်မကြီးသည် ကိုယ်လေးလက်ဝန်နှင့် ဖြစ်ကြောင်းကိုလည်း မိမိတို့ သတိမပြုမိကြပါ။

သို့သော် မိမိ ပြောင်းရွှေ့သွားသောနေ့မှာပင် အစ်မကြီး၏ မိဘများသည် မန်းမဝေး တစ်နေရာတွင် ရှိနေကြောင်းလည်း သိရှိရသည်။

*

ကိုတင့်ဆန်း အိမ်သို့ ပြောင်းရွှေ့သည့်နေ့မှာလည်း မိမိအဖို့ အမှတ်တရ တစ်ခုပင် ဖြစ်တော့သည်။ မိမိ အိမ်ပြောင်းမည့်အကြောင်း လင်းယုန်သစ်လွင်ကို ကြိုတင် ပြောထားခြင်း မရှိပါ။ ထိုမျှမက သူရှိသည့် အချိန်တွင်လည်း မပြောင်းပါ။ သူ မရှိသည့် နေ့ခင်းဘက်တွင် တမင်တကာ ပြောင်းရွှေ့ခြင်း ဖြစ်ပါသည်။

ထိုနေ့မနက်က ထုံးစံအတိုင်း ကျောင်းသို့ သွားသည်။ အစည်းအဝေးတစ်ခု တက်ရသည်။ မိမိသည် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိသည်ဆိုလျှင်ပင် အသင်းအဖွဲ့ များတွင် ပါဝင်လှုပ်ရှား ရတော့သည်။ ထိုနေ့က ဘောဂဗေဒအသင်း အစည်းအဝေး ဖြစ်သည်။ နေ့လယ် နှစ်နာရီလောက်တွင်မှ အစည်းအဝေး ပြီးသည်။

အခါတိုင်းဆိုလျှင် ကျောင်းကပြီးလျှင် **စုံထောက်**မဂ္ဂဇင်းတိုက်သို့ တန်းသွား သည်။ သည်နေ့တွင်မူ အိမ်ပြောင်းရန်ရှိသဖြင့် မဂ္ဂဇင်းတိုက်သို့ မသွားတော့။ ကျားကူး ကွက်သစ်အိမ်သို့ ပြန်သည်။ အိမ်သို့ ရောက်သောအခါ အိမ်ပြောင်းမည့်အကြောင်း အစ်မကြီးကို ပြောသည်။ အစ်မကြီးက တားသည်။ ကိုသစ်လွင် ပြန်လာမှ သူ့ကိုပြောပြီး သွားရန် ပြောသည်။ သို့သော် မိမိသည် အပြစ်ရှိသူ တစ်ဦးပမာ လင်းယုန်သစ်လွင် ပြန်မရောက်ခင်မှာပင် ဆိုက်ကားတစ်စီးဖြင့် ပြောင်းရွှေ့ခဲ့သည်။

ကျားကူးကွက်သစ်မှနေ၍ အလုံမြောင်းကြီးလမ်းသို့ ဆိုက်ကားဖြင့် သွားရ သည်မှာ ဝေးလည်း ဝေးသည်၊ ထောက်လည်း ထောက်သည်။ တစ်ကွေ့တစ်ဝိုက်ကြီး ဖြစ်သည်။ ဆိုက်ကားပေါ်တွင်လည်း သံသေတ္တာ၊ အိပ်ရာလိပ်အပြင် စာအုပ်သေတ္တာနှင့် စာအုပ်ထုပ်တွေ ပြည့်ကျပ်နေသည်။ ယခုလည်း မိမိတွင် ကျောင်းစာအုပ်များနှင့် အပြင်စာအုပ်များ အတော်ကလေး စုမိနေပြီ ဖြစ်သည်။

ကိုတင့်ဆန်း၏ အိမ်သို့ ရောက်ရှိသောအခါ မည်သူမျှ မရှိပါ။ ကိုတင့်ဆန်းမှာ မူ မဂ္ဂဇင်းတိုက်တွင် ရှိနေမည်ကို မိမိ သိသည်။ သို့သော် အိမ်တွင် သူ့ဇနီး ရှိနေလိမ့် မည်ဟု ထင်ခဲ့သည်။ မရှိပါ။ အိမ်ရှင်လင်မယား ကရင်အဘိုးကြီး၊ အဘွားကြီးတို့ကိုသာ တွေ့ရှိရသည်။

'ဒီအခန်းက အစ်မကြီး ဘယ်သွားသလဲ'

မိမိက ပစ္စည်းများကို ဖိနပ်ချွတ်တွင် ပုံထားရင်း အိမ်ရှင်များကို မေးသည်။ အဘိုးကြီး၊ အဘွားကြီးက မိမိကို သင်္ကာမကင်းသော မျက်လုံးများဖြင့် ကြည့်လျက်-

'မရှိဘူး'

'ဘယ်သွားသလဲ'

'သူ့အမေအိမ် သွားတယ်'

'သူ့အမေအိမ်က ဘယ်မလဲ '

'ကွင်းကျောင်းလမ်းမှာ'

ကွင်းကျောင်းလမ်း ဆိုသည်ကို မိမိ မသိပါ။

'ကွင်းကျောင်းလမ်းက ဘယ်မှာလဲ'

'ဟိုဘက်မှာ'

အဘိုးကြီးက လက်ညှိုးထိုးပြသည်။ သို့သော် ဘယ်လောက်ဝေးသည်ဟု မပြောပါ။ အမှန်တော့ တစ်လမ်းကျော်သာ ဖြစ်သည်။

'နင် ဒီမှာ ဘာလုပ်မလို့လဲ'

အဘွားကြီးက မေးသည်။

'ကျွန်တော် ဒီမှာ နေမလို့'

'နင် သူတို့နဲ့ အမျိုးလား'

'အမျိုး မဟုတ်ပါဘူး၊ မိတ်ဆွေပါ'

'နင် ဘယ်ကလဲ'

'မန္တလေးကပါ၊ ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်ပါတယ်'

မိမိအပေါ်တွင် မသင်္ကာစိတ် လျော့ပါးစေရန် မိမိက "ရန်ကုန်တက္ကသိုလ်" ဟူသော စကားလုံးကို ထည့်ပြောလိုက်သည်။ သို့သော် သူတို့က ရန်ကုန်တက္ကသိုလ် ဆိုသည်ကိုလည်း မသိပါ။ ကောလိပ်ဆိုသည်ကိုလည်း မသိပါ၊ မကြားဖူးကြပါ။ သူတို့က လက်နက်ကိုင်တိုက်ပွဲများကြောင့် တောမှ ပြေးလာကြသူများ ဖြစ်သည်။

သည်လိုနှင့် မိမိတစ်ယောက်တည်း ထိုင်ပြီး စောင့်နေသည်။ လာနိုးလာနိုးနှင့် စောင့်သည်။ နေဝင်မိုးချုပ်သည်အထိ ကိုတင့်ဆန်းလည်း ပြန်မလာပါ။ ကိုတင့်ဆန်း၏ ဇနီးလည်း ပြန်မလာပါ။ အခြားအိမ်တွေ မီးထွန်းကြသည်။ အိမ်ရှင်လင်မယား မီးမထွန်းပါ။ သူတို့အခန်း မှောင်နေသည်။ ကိုတင့်ဆန်းတို့ အခန်းလည်း မှောင်နေသည်။ မိမိ အနေနှင့် မီးထွန်းရန် မဖြစ်နိုင်ပါ။ မီးခွက် ဘယ်နေရာတွင် ရှိမှန်း မသိပါ။ မှန်အိမ် ဘယ်နားရှိမှန်း မသိပါ။ အိမ်ထဲဝင်ရာ၍ မဖြစ်ပါ။ မသင်္ကာသော မျက်လုံးလေးလုံးက မပြတ် ကြည့်နေကြသည်။

ယင်းသို့ဖြင့် သည်အတိုင်းပဲ ထိုင်စောင့်နေရသည်။ ရန်ကုန်ရောက်သည့်ညက

ဗိုလ်ချုပ်ဈေးတွင် စောင့်ခဲ့ရသည့်အဖြစ်ကို အမှတ်ရမိသည်။ ည ရှစ်နာရီလောက်တွင်မှ ကိုတင့်ဆန်း၏ဇနီး ပြန်ရောက်လာသည်။ ကိုတင့်ဆန်းက ကိုးနာရီကျော်မှ ပြန်ရောက်လာသည်။ ကိုမိုးဝေတို့နှင့်အတူ မြို့ထဲမှာ ရုပ်ရှင်ကြည့်နေ၍ ဖြစ်သည်။ ကောင်းရော။

၂

တင့်ဆန်းသည် နေထိုင်သည့် နေရာတွင်လည်း အဟိတ်အဟန်မရှိ။ စာရေးသည့် နေရာတွင်လည်း ဇီဇာမကြောင်။ သူ့မှာ ဟန်ဆောင်ခြင်းလည်း မရှိ။ ယင်းကြောင့်ပင် တစ်ခါတစ်ရံတွင် သူ စကားပြောသည်မှာ ရန်ထောင်သလို ဖြစ်နေတတ်သည်။ သူက အကွယ်အဝှက် မလုပ်တတ်။ ပြောစရာရှိလျှင် ပြောလိုက်သည်။ ရေးစရာရှိလျှင် ရေးလိုက်သည်။ ဒါပဲ။

သူက စာတော့ တကယ်ရေးသည်။ စာရေးလည်း မြန်သည်။ စာရေးသည့်နေရာတွင် စနေ၊ အင်္ဂါ မရွေးပါ။ တွေ့သည့်နေရာတွင် ရေးသည်။ ဖြစ်သလို ရေးတတ်သည်။ စာရွက်အမျိုးအစားနှင့် အချိုးအစားကိုလည်း မရွေးပါ။ ရေးသည့်နေရာတွင်လည်း သေသပ်ဖို့ မကြိုးစားပါ။ သူ့ခေါင်းထဲမှ အတွေးစဉ်များ စက္ကူပေါ်တွင် စာလုံးများ ထင်လာဖို့သာ အဓိက ဖြစ်သည်။ သူ့လက်ရေးကိုကြည့်လျှင် စာရေးဆရာတစ်ယောက်၏ လက်ရေးဟု ထင်စရာ မရှိ။ ပညာတတ်တစ်ယောက်၏လက်ရေးဟု ထင်စရာ မရှိ။

သူ ဘယ်လိုလုပ်ပြီးများ သည်လိုစာမျိုးတွေ ရေးထုတ်နိုင်သနည်းဟု မိမိပင် မကြာခဏ အံ့သြမိသည်။ သူက စကားပြေကိုသာ အစဉ်ချောအောင် ရေးနိုင်သည် မဟုတ်။ ကဗျာကိုလည်း လှပအောင် ရေးဖွဲ့တတ်သည်။ သူ၏ **ခမဲနာရီ** ကဗျာကို မန္တလေးမှာကတည်းက မိမိ စွဲလမ်းခဲ့ရသည်။ သူ၏ **သည်သောင်မြေ၊ လက်စစား** နှင့် **အမွေ**တို့သည် အံ့သြဖွယ်ရာသော ဖန်တီးမှုများ ဖြစ်သည်။

သို့သော် သူသည် အင်္ဂလိပ်စာ မတတ်ပါ။ အတန်းပညာ မတတ်ပါ။ သူ့မှာ ခမ်းနားကြီးကျယ်သော ကိုယ်ပိုင်စာကြည့်တိုက်လည်း မရှိပါ။ သူ၏ အတွေးအခေါ်များသည် သူ၏ ဘဝအတွေ့အကြုံနှင့် သူ၏ပတ်ဝန်းကျင်မှ ရရှိလာခြင်း ဖြစ်သည်။ တစ်ခုပဲ ရှိသည်။ သူ ကြိုးစားသည်။ သူ စာဖတ်သည်။ လက်လှမ်းမီသမျှ အကုန်ဖတ်သည်။ တွေ့သမျှစာအုပ် အကုန်ဖတ်သည်။ သူက စာအုပ်ကို အဆင်တန်ဆာအဖြစ် ဆောင်ထားတတ်သူ မဟုတ်ပါ။ သူ၏ခံယူချက်က စာအုပ်ဟူသည်မှာ "ဖတ်ရန်ပစ္စည်း"သာ ဖြစ်သည်၊ ဗီရိုထဲတွင် အလှပြထားရန် မဟုတ်ပါ။

ယင်းကြောင့်ပင် စာပေဟောပြောပွဲများတွင် "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ဟူသော ခေါင်းစဉ်ဖြင့် သူ စာရေးဆရာ ဖြစ်လာသည့်အကြောင်းကို ဟောပြောသောအခါ ပရိသတ်များ အံ့သြနှစ်သက်ကြရခြင်းပင် ဖြစ်သည်။ ထို့အတူပင် သူ၏ ငမိုးရိပ်မှ

**ငမိုးရိပ်သို့** နှင့် **စာရေးဆရာတစ်ယောက်** တို့ အသက်ဝင် ရုပ်လုံးကြွခြင်းမှာလည်း အဖြစ်မှန်များကို ပီပြင်စွာ ရေးဖွဲ့ထားခြင်းကြောင့် ဖြစ်သည်။

သူနှင့် မိမိ အနှစ် နှစ်ဆယ်ကျော် သုံးဆယ်နီးပါးမှာ နီးနီးကပ်ကပ် နေခဲ့ကြရာတွင် မိမိ တစ်ခု သတိပြုမိသည်မှာ တင့်ဆန်းသည် စာရေးလျှင်ရေးမည်။ စာဖတ်လျှင် ဖတ်မည်။ သို့မဟုတ် လှုပ်ရှားသွားလာ နေတတ်သည်။ ယခုအခါ အသက်အရွယ် ထောက်လာသဖြင့် ကျန်းမာရေးအရ အိမ်မှ မထွက်သည့်နေ့များ ရှိသော်လည်း ဟိုတုန်းက သူ ဤသို့ မဟုတ်ပါ။ မိမိတို့နှစ်ယောက်သည် အိမ်မှာ မနေသလောက်ပင် ဖြစ်သည်။

မဂ္ဂဇင်းတိုက်သို့ နေ့တိုင်းလောက် သွားကြရသည်။ မဂ္ဂဇင်းတိုက်သို့ မသွားရသည့် နေ့အား၊ ရက်အားများတွင်လည်း မိမိတို့သည် အနီးဝန်းကျင် မြို့ရွာများသို့ ခရီးတို ထွက်တတ်ကြသည်။ ယင်းသို့ ခရီးမထွက်ရလျှင်လည်း အသိမိတ်ဆွေများအိမ်သို့ သွားရောက်ကြသည်။ ဘယ်ကိုမျှ သွားစရာမရှိလျှင် တိရစ္ဆာန်ရုံသို့ သွားကြသည်။ ပန်းခြံထဲမှာ သွားထိုင်ကြသည်။ သွားစရာ ခရီးစရိတ် မရှိလျှင် ခြေကျင်သွားသည်။

တစ်ခုတော့ ရှိသည်။ ထိုအချိန်က မိမိမှာ အိမ်ထောင်မရှိသေး။ သူ့မှာလည်း ကလေးအငယ် မရှိ။ မောင်မြသောင်းနှင့် မောင်သိန်းဆိုင်တို့က ပဲခူးမှာပင် ရှိကြသေးသည်။

*

မိမိ ရောက်ရှိပြီး မကြာမီမှာပင် ကိုတင့်ဆန်းတို့ အိမ်ပြောင်းသည်။ ကွင်းကျောင်းလမ်းရှိ အစ်မကြီး၏ မိဘများ နေအိမ်သို့ ဖြစ်သည်။ အစ်မကြီး၏ သမီးနှစ်ယောက်သည် အစ်မကြီး၏ မိဘများနှင့်အတူ နေထိုင်လျက် ရှိသည်။ ကွင်းကျောင်းအိမ်သို့ ပြောင်းပြီး မကြာမီမှာပင် အစ်မကြီး မီးဖွားရန် ဂျင်မခါနာ ဆေးရုံသို့ တက်ရသည်။ သမီးကလေး မီးဖွားသည်။ ထိုနေ့သည် မြန်မာနိုင်ငံသို့ မာရှယ်တီးတိုး အလည်လာရောက်သည့်နေ့နှင့် တိုက်ဆိုင်နေသဖြင့် ထိုမိန်းကလေးကို တီးတိုးဟု ခေါ်ကြသည်။ ယခုအထိ သူ့ကို တီးတိုးဟု ခေါ်ကြဆဲပင် ဖြစ်သည်။

ကွင်းကျောင်းအိမ်မှာပင် မိမိ အဖမ်းခံရသည်။ အောက်တိုဘာ ကျောင်းတစ်လ ပိတ်ရေး ကျောင်းသားလှုပ်ရှားမှုနှင့် ပတ်သက်၍ပင် ဖြစ်သည်။

ကျောင်းတစ်လပိတ်ရေး လှုပ်ရှားမှုသည် စက်တင်ဘာလကတည်းကပင် စတင်ခဲ့သည်။ အောက်တိုဘာလဆန်းတွင် လှုပ်ရှားမှုအရှိန် ပြင်းထန်သောအခါ ထင်ရှားသော ခေါင်းဆောင်အချို့သည် အဖမ်းမခံရရေးမှုအရ ပုန်းအောင်းတိမ်းရှောင်ကြသည်။ ရှေ့တန်း ခေါင်းဆောင်အချို့နှင့် ဒုတိယတန်း ခေါင်းဆောင်များက တိုက်ပွဲကို ကိုယ်ထိလက်ရောက် ဆက်လက်ဦးဆောင်ကြရသည်။

အာဏာပိုင်များက ကျောင်းသားခေါင်းဆောင်များကို တစ်သုတ်ပြီးတစ်သုတ် တစ်ယောက်ပြီးတစ်ယောက် ဖမ်းဆီးကြသည်။ ရန်ကုန်မြို့တွင်သာမက မြန်မာတစ်ပြည်လုံးတွင် ဖြစ်သည်။ ပုန်းအောင်း တိမ်းရှောင်နေသော ခေါင်းဆောင်များကိုလည်း တစ်ယောက်ပြီးတစ်ယောက် ရှာဖွေဖမ်းဆီးမိကြသည်။ အချို့ကို လမ်းပေါ်တွင် ဖမ်းဆီးရမိပြီး အချို့ကို ပုန်းအောင်းနေသော အိမ်များတွင် ဖမ်းမိသည်။

အောက်တိုဘာလဆန်းမှစ၍ ကျောင်းသားခေါင်းဆောင်များကို ရှာဖွေ ဖမ်းဆီးခဲ့ရာ ထိုနှစ်ကုန်သောအခါ ကျောင်းသားခေါင်းဆောင် အားလုံးလောက်ကိုပင် ဖမ်းဆီးရမိပြီ ဖြစ်သည်။ သို့သော် ထိုအထဲတွင် မိမိ မပါရှိသေးဘဲ လွတ်နေသည်။

မိမိ လွတ်နေရသည့် အကြောင်းမှာလည်း မိမိ အပုန်းအအောင်း အတိမ်းအရှောင် ကောင်း၍ မဟုတ်ပါ။ မိမိ ဘယ်မှာမှ ပုန်းမနေပါ။ ကွင်းကျောင်းအိမ်မှာပဲ နေသည်။ ကျောင်းသို့လည်း သွားမြဲသွားသည်။ မဂ္ဂဇင်းတိုက်သို့လည်း အလုပ်ဆင်းမြဲဆင်းသည်။ ဇန်နဝါရီလတွင် ဝေဠုဝန်ကျောင်းတိုက်၌ ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ ညီလာခံသို့ပင် မိမိ တက်ရောက်ခဲ့သေးသည်။

သို့သော် မိမိကို တော်တော်နှင့် မဖမ်းမိနိုင်သေးသည့် အကြောင်းမှာ မိမိ၏ ဘာရင်းသည် ပထမပိုင်းတွင် မန္တလေးမြို့၌ ရှိနေသောကြောင့် ဖြစ်သည်။ မန္တလေးမြို့မှ ကျောင်းသားခေါင်းဆောင်များ အားလုံးလောက်ကို ဖမ်းမိသောအခါတွင်မှ မိမိ မန္တလေးတွင် မရှိကြောင်း ရဲအဖွဲ့က သိရှိသည်။ ထိုအခါတွင်မှ မိမိ မန္တလေးတွင် မရှိဘဲ ရန်ကုန်သို့ ရောက်ရှိနေကြောင်း မန္တလေးရဲတပ်ဖွဲ့က ရန်ကုန်သို့ သတင်းပို့သည်။ ရန်ကုန်ရဲတပ်ဖွဲ့၏ တာဝန်ဖြစ်လာသည်။ ထိုအခါတွင် ရန်ကုန်ရဲတပ်ဖွဲ့က မိမိကို မသိဘဲ ရှိနေသည်။ အကြောင်းတစ်ကြောင်းမှာ မိမိ ရန်ကုန်ရောက်သည်မှာ မကြာသေး။ နောက်တစ်ကြောင်းမှာ မိမိသည် ရန်ကုန်တက္ကသိုလ်တွင် လူသိများသော ခေါင်းဆောင်တစ်ယောက် မဟုတ်။ သည့်ထက် အရေးကြီးသည့် အကြောင်းကတော့ မိမိသည် ရန်ကုန်တက္ကသိုလ် အသင်းအဖွဲ့များတွင် လှမြင့် အမည်ဖြင့် မဟုတ်ဘဲ မောင်မြင့်နောင် ဟူသော အမည်ဖြင့် ပါဝင် လှုပ်ရှားနေသောကြောင့်။

ပြီးတော့ ရန်ကုန်မှ ရဲဘော်များ၊ မိတ်ဆွေများက မိမိကို လှမြင့်ဟုလည်း မခေါ်။ မြင့်နောင်ဟုလည်း မခေါ်။ နတ်နွယ်ဟုသာ ခေါ်ကြသည်။ နတ်နွယ်ဟုသာ သိကြသည်။ မန္တလေးမှ လှမြင့် ဆိုသူသည် ရန်ကုန်မြို့တွင် နတ်နွယ် ဖြစ်နေကြောင်းကို နောက်ဆုံးတွင် ရဲအဖွဲ့က သိရှိသွားသည်။ ထိုအခါ မိမိကို ကျောင်းသားလောကတွင် မရှာတော့ဘဲ စာပေ အဝန်းအဝိုင်းတွင် ရှာဖွေကြတော့သည်။

တစ်နေ့တွင် **စုံထောက်မဂ္ဂဇင်းတိုက်**၌ မိမိရှိနေစဉ် အသားဖြူဖြူ ဝဝ လူတစ်ယောက် ရောက်လာသည်။ ကိုမိုးဝေနှင့် ကိုတင့်ဆန်းတို့က စားပွဲ၏တစ်ဖက်တွင်

စာရေးနေကြသည်။ မိမိက သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ဖြစ်သည်။ ညွှံ့သည်သည် မိမိဘေးတွင် ဝင်ထိုင်လိုက်ပြီးနောက်–

'အိုင်ဆေး ကိုမိုးဝေ၊ ခင်ဗျားတို့ဆီမှာ နတ်နွယ်ဆိုပြီး စာရေးတဲ့လူ ရှိသလား'

'ရှိ ... ရှိတာပေါ့၊ ဒီ ဒီ... လ တောင် သူ့ ... သူ့ ဝတ္ထု ပါသေးတယ်'

ကိုမိုးဝေက ဖြေသည်။ ကိုမိုးဝေ စကားထစ်သည်။

'သူ ဘယ်မှာ နေသလဲ'

ညွှံ့သည်က မေးသည်။ မိမိက ညွှံ့သည်ကို ကြည့်လိုက်သည်။

'ဒါ ... ဒါတော့ ကျုပ်တို့ မသိဘူး'

ကိုမိုးဝေ၏ အဖြေကို ကြားရသောအခါ မိမိ အံ့သြသွားသည်။

'ခင်ဗျားတို့ဆီကို သူ မလာဘူးလား'

'တစ်ခါတလေမှ လာတယ်ဗျ'

ကိုတင့်ဆန်းက ဝင်ပြောသည်။

သည်အခါတွင် အကြောင်းတစ်ခုပဲဟု ယူဆပြီး မိမိဘာသာ ငြိမ်နေလိုက်သည်။ ညွှံ့သည်သည် ကိုမိုးဝေတို့နှင့် အတန်ကြာ စကားပြောပြီးနောက် ပြန်သွားသည်။ မိမိလိပ်စာကို စုံစမ်းပေးရန် မှာကြားသွားသည်။

'သူ ဘယ်သူလဲဗျ'

ညွှံ့သည် ထွက်သွားသောအခါ မိမိက မေးလိုက်သည်။

'အဲ ... အဲဒါ စုံထောက်ပေါ့ဗျ၊ စုံထောက်ဘက်ကဗျ၊ ဟား ဟား ဟား'

ကိုမိုးဝေ ရယ်လေသည်။

'ခင်ဗျားကို ဖမ်းဖို့ လာရှာတာပဲ'

ကိုတင့်ဆန်းက ပြောသည်။

'မြတ်စွာဘုရား'

မိမိက အလွတ်စုံထောက် တင်မောင်ဆွေ၏ ဟန်ဖြင့် ပခုံးတွန့်လိုက်မိသည်။

'ဟဲ ဟဲ ...ကျုပ်က စုံထောက်ဝတ္ထု ရေးနေတဲ့လူ ဆိုတော့ စုံထောက်ကို ပညာစမ်းလိုက်တာဗျ။ ကိုယ့်လူ အဖမ်မခံချင်ရင်တော့ ပြေးပေတော့'

'မပြေးပါဘူးဗျာ၊ နောက်တစ်ခါ သူလာရင် တွေ့လိုက်တာပေါ့'

သို့သော် ထိုလူကြီး နောက်တစ်ခေါက် လာသောအခါ တိုက်တွင် မိမိလည်း မရှိပါ။ ကိုမိုးဝေနှင့် ကိုတင့်ဆန်းတို့လည်း မရှိပါ။ မိမိတို့ ရုပ်ရှင်သွားကြည့်နေကြသည်။

သည်လိုနှင့် မတ်လဆန်းသို့ ရောက်ရှိသွားသည်။

သည်လတွင် မန္တလေးမြို့ရှိ စာရေးဆရာ ကြည်မြထံမှ စာတစ်စောင်ရသည်။ ထိုစဉ်က သူသည် **မြန်မာ့လမ်းစဉ်** သတင်းစာတွင် အယ်ဒီတာလုပ်နေသည်။ သူ့စာထဲတွင် "... တစ်နေ့က ဗိုလ်ခင်မောင်ကလေးနဲ့ တွေ့တယ်။ သူက မောင်ရင့်အကြောင်း

ခမ်းနေတယ်။ မောင်ရင့်ဓာတ်ပုံရှိရင် ပေးစမ်းပါလို့ တောင်းတယ်” ဗိုလ်ခင်မောင်လေးမှာ ထိုအချိန်က ပြည်ထဲရေးဝန်ကြီး ဖြစ်သည်။

ထိုစာကို ကိုတင့်ဆန်း ဖတ်ရသောအခါ–

‘ခင်ဗျား ဓာတ်ပုံရိုက်ပြီး ပို့ပေးလိုက်ဖို့ ကောင်းတယ်’

‘အင်း … ဒီအတိုင်း လုပ်ရမလို ဖြစ်နေပြီ’

သို့သော် တစ်နေ့တွင် မိမိ ကျောင်းမှ အပြန်တွင် အစ်မကြီးက …

‘ကို … ဆိုတာ သိသလား’

ထိုနာမည်ကို မိမိ ကြားဖူးသလိုတော့ ရှိသည်။

‘ဆိုရှယ်နီခေါင်းဆောင်လေ၊ ဟိုဘက်လမ်းမှာ နေတယ်’

‘ဩော် … ဟုတ်ပြီ၊ လူချင်းတော့ မသိဘူး။ ကြားဖူးတယ်’

‘သူ့အိမ်မှာ မန္တလေးဘက္ကသိုလ်က ကို … ဆိုတာ ရောက်နေတယ်တဲ့။ အဲဒါ သူတို့က တွေ့ချင်လို့တဲ့’

မန္တလေးတက္ကသိုလ်မှ ကို …ကို မိမိ သိသည်။ ဆိုရှယ်နီတစ်ယောက် ဖြစ်သည်။

‘အစ်မကြီး ဘာပြောလိုက်သလဲ’

‘ညဘက်တော့ ပြန်လာတာ အချိန်မမှန်ဘူး။ မနက်စောစော အိမ်ကိုလာရင် တွေ့နိုင်တယ်လို့ ပြောလိုက်တယ်’

နောက်တစ်နေ့ နံနက်စောစောတွင် အိမ်သို့ ရောက်ရှိလာသူများမှာ ဆိုရှယ်နီနှစ်ယောက် မဟုတ်ပါ။ အထူး သတင်းထောက်လှမ်းရေးမှ စုံထောက်များသာ ဖြစ်ပါသည်။

သို့ဖြင့် ဘားလမ်းအချုပ်စခန်းသို့ မိမိ ရောက်ရှိရတော့သည်။ ဘားလမ်းတွင် လေးလတိတိ နေခဲ့ရသည်။

ဘားလမ်းတွင် မိမိသည် အစာငတ်ခံဆန္ဒ နှစ်ကြိမ်ပြခဲ့သည်။ ပထမ တစ်ကြိမ်က အထူးတန်း မရရှိသဖြင့် ဖြစ်သည်။ ဒုတိယအကြိမ်က ရန်ကုန်ထောင်ကြီးသို့ ပြောင်းရွှေ့ပေးရန် ဖြစ်သည်။ ဘားလမ်းမှာ နေရသည်က ကျဉ်းသည်။ အဖော်အပေါင်းလည်း မရှိ။ ရန်ကုန်ထောင်မှာက စာရေးဆရာတွေ ရှိသည်။ သို့သော် မိမိကို ရန်ကုန်ထောင်သို့ မပို့ဘဲ လွှတ်လိုက်သည်။ အကြောင်းမှာ တခြားဖမ်းဆီးထားသော ကျောင်းသား ခေါင်းဆောင်များကိုလည်း ပြန်လွှတ်ပေးနေပြီ ဖြစ်သည်။

‘ခင်ဗျားက ကျုပ်တို့ကို တကယ် ဒုက္ခပေးတာပဲ။ ခင်ဗျားကို ဖမ်းတုန်းကလည်း ဆော်တော်နဲ့မမိလို့ ကျုပ်တို့မှာ အကြိမ်းခံခဲ့ရတယ်။ အခုလည်း ခင်ဗျားကိုလွှတ်ဖို့ အမိန့်ချပြီးတဲ့အချိန်မှ ခင်ဗျားဟာ ထောင်ကို သွားချင်တယ်ဆိုပြီး ဆန္ဒပြနေတယ်’ဟု မိမိအမှုကို ကိုင်တွယ်ရသော စုံထောက်အရာရှိက ပြောခဲ့သည်။ ထို့နောက် သူက ဆက်ပြီး–

'ခင်ဗျားကို အမှတ်တရ အဖြစ်နဲ့ ကျူပ် လက်ဆောင်တစ်ခု ပေးမယ်'

ပြည်သူ့စာပေတိုက်မှ စာအုပ်တစ်အုပ်ဝယ်ပြီး မိမိကို လက်ဆောင်ပေးသည်။ Bruno Fischer ၏ Run For Your Life ဖြစ်သည်။ ထိုစာအုပ်ကို မှိုင်ြငိမ်းပြုပြီး မိုးထဲလေထဲကို မိမိ ရေးခဲ့သည်။ အမှတ်တရပင်။

အချုပ်မှ မိမိ လွတ်မြောက်သောအခါ ကိုတင့်ဆန်းတို့ မိသားစုနှင့် မိမိကို အထူးတလည် ရင်းနှီးစေမည့် အကြောင်းခြင်းတ တစ်ခုက အသင့်စောင့်ဆိုင်းလျက် ရှိချေတော့သတည်း။

## ၃

အကြောင်းက သည်လို။

ကိုတင့်ဆန်း၏ ကျန်းမာရေး အခြေအနေပင် ဖြစ်သည်။ အချုပ်ခန်းထဲက ထွက်လာသော မိမိ၏အသွင်အပြင် မည်သို့ပင် ရှိသည်တော့ မသိ။ ကိုတင့်ဆန်း၏ အသွင်အပြင်မှာမူ သည်လေးလအတွင်းဝယ် သိသိသာသာကြီး ပြောင်းလဲသွားသည်။ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သည်။ ပိန်သွားသည်။ ချုံးသွားသည်။ ကျသွားသည်။ ကုန်းသွားသည်။ ခြောက်သွားသည်။ ဘာရောဂါနည်း။

တီဘီ၊ အဆုတ်နာ။

သူ ချောင်းတဟွတ်ဟွတ် ဆိုးနေသည်။ မောနေသည်။ သူ့မှာ အရင်ကတည်းက သည်ရောဂါ ရှိသည်။ ယခု ဆိုးရွားလာခြင်း ဖြစ်သည်။

'ဘယ်လို ဖြစ်တာတုံး၊ ဆေးရုံမတက်ဘူးလား'

'ဘယ်လိုလုပ်ပြီး တက်မလဲ၊ အလုပ်က တစ်ဖက်နဲ့'

သည်တုန်းက တီဘီဆိုသည်က ကြောက်စရာ ဝေဒနာတစ်ခု ဖြစ်သည်။ ယခုလို အစွမ်းထက်သော ဆေးတွေ မပေါ်သေး။ သည်ရောဂါ ဖြစ်မှာကို သိပ်ပြီး ကြောက်ကြသည်။ သူဌေးနာဟု ခေါ်ကြသည်။ သည်ရောဂါ၏ အဓိက ကုသမှုက အနားယူဖို့ပင် ဖြစ်သည်။ လေကောင်းလေသန့် ရဖို့ပင် ဖြစ်သည်။ ပိုက်ဆံရှိသူတွေ ပင်လယ်ကမ်းခြေကို သွားကြသည်။ နိုင်ငံခြားကို သွားကြသည်။

ယခု သူ့မှာ ဆေးရုံပင် ဖြောင့်ဖြောင့်မတက်နိုင်၊ နေ့စဉ် အလုပ်ဆင်းနေရသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် သဘောပင် ဖြစ်သည်။

သူ့ကိစ္စကို ကိုမိုးဝေတို့နှင့် တိုင်ပင်ရသည်။ အဖြေတစ်ခု ရသည်။ စုံထောက် မဂ္ဂဇင်းမှ သူ့ကို ခွင့်ရက်ရှည်ပေးမည်။ သို့သော် လုပ်ငန်းအခြေအနေအရ တစ်လုံးတစ်ခဲတည်း ငွေကြေးထောက်ပံ့နိုင်ခြင်းကား မရှိ။ လက်ရှိအတိုင်းပင် နေ့စဉ် ပေးသွားမည်။ သူ၏ လုပ်ငန်းတာဝန်များကို တစ်ယောက်ယောက်က တာဝန်ယူ လုပ်ဆောင်ပေးရမည်။

ကောင်းပြီ။

မိမိအနေနှင့် ဘာတွေလုပ်မည် စိတ်ကူးထားသနည်း။ အချုပ်ထဲမှာ လေးလ နေရသောအခါ အမျိုးမျိုး တွေးဖြစ်သည်။ အဖုံဖုံ စဉ်းစားမိသည်။ အနည်းနည်း ကြံဆ မိသည်။ ထိုအထဲတွင် တစ်ခုကတော့ မိဘများနှင့် ဇာတိရပ်ရွာကို လွမ်းဆွတ်ခြင်းပင် ဖြစ်သည်။ ဇနီး၊ ရည်းစားနှင့် သားသမီး ရှိသူများအဖို့မူ ဆိုဖွယ်ရာမရှိ။ လူတစ်ယောက် ၏ စိတ်ဓာတ်ကြံ့ခိုင်မှုကို အခက်အခဲ ရှိသောအခါတွင်သာ သိရှိနိုင်ပေသည်။ သည် မှာ မာကျောလာနိုင်သည်။ သည်မှာ ပျော့ညံ့သွားနိုင်သည်။ လူတစ်ယောက်၏ ဘဝကို အဆုံးအဖြတ် ပြုနိုင်သည်။

ဤလေးလ အတွင်းတွင် မိမိ တောင့်တမိသည့် အခြားအရာတစ်ခုမှာ ညအချိန် ဘွင် မိုးကောင်းကင်ကြီးကို ကြည့်မြင်လိုခြင်းပင် ဖြစ်သည်။ အပြန့်ကျယ်သော မြင်ကွင်း ရှည်ကြီးကို တွေ့မြင်လိုသည်။ သန့်ရှင်းလတ်ဆတ်သော လေကို အားရပါးရ ရှူရှိုက် ပစ်လိုက်ချင်သည်။

ယင်းကြောင့်ပင် လွတ်မြောက်သည့်နေ့၏ ညမှာပင် ကြည့်မြင်တိုင်လမ်းမကြီး ပေါ်တွင် မိမိတစ်ယောက်တည်း လွတ်လပ်စွာ လမ်းလျှောက်ခဲ့သည်။ မိမိတစ်သက်တာ တွင် ထူးခြားသော နှစ်သိမ့်မှုတစ်ခုကို ခံစားခဲ့ရခြင်းပင် ဖြစ်သည်။

ထို့နောက်–

ရန်ကုန်မှာ တစ်ရက်၊ နှစ်ရက် နေပြီး မန္တလေးသို့ ပြန်သည်။ တက္ကသိုလ် စာသင်တန်းတွေ ပြန်ဖွင့်နေပြီ ဖြစ်သည်။ မိမိ ဘာလုပ်ရမည်နည်း။ ကျောင်း ပြန်တက် ရမည်လား။ စာပေလောကထဲသို့ ခြေစုံပစ်ပြီး ဝင်ရမည်လား။ အဖေက ဘာပြော မည်နည်း။ အဖေက မိမိကို အင်ဂျင်နီယာ ဖြစ်စေချင်သည်။

ရဲဘော်များက ဘာပြောမည်နည်း။

မိတ်ဆွေများက ဘာပြောမည်နည်း။

ကဲ။

'ကိုတင့်ဆန်း ဆေးရုံတက်ပါ။ ကျွန်တော် မန္တလေး မပြန်သေးဘူး၊ ကိုတင့်ဆန်း ဆေးရုံက ဆင်းမှပဲ ပြန်မယ်။ **စုံထောက်**မှာ လုပ်စရာရှိတာတွေကို ကျွန်တော် လုပ်ပါ့မယ်'

ယင်းသို့ဖြင့် ကိုတင့်ဆန်း ဆေးရုံတက်သည်။ မိမိက မဂ္ဂဇင်းတိုက်သို့ နေ့စဉ် အလုပ်ဆင်းသည်။ ညနေစောင်းလျှင် ကိုတင့်ဆန်းအတွက် နေ့ကြေးနှင့် မိမိအတွက် နေ့ကြေးကို ရရှိသည်။

သည်မှာ စကားကြုံ၍ ကျေးဇူးတင်စကားဆိုရလျှင် ကိုမိုးဝေနှင့်တကွ စာရေး ဆရာ၊ ပန်းချီဆရာများက သူတို့ ချွေးနဲ့စာများဖြင့် တတ်နိုင်သမျှ မိမိတို့ကို ကူညီခဲ့ကြ ပါသည်။

*

ဇွန်လတွင် ကိုတင့်ဆန်း ဆေးရုံတက်သည်။ နိုဝင်ဘာလဆန်းတွင် ဆေးရုံမှ ဆင်းရသည်။ သူ၏ ကျန်းမာရေးအခြေအနေက အများကြီး ကောင်းမွန်သွားပြီ ဖြစ်သည်။ ဆေးရုံမှ ဆင်းလျှင် ဆင်းချင်းပင် သူ အလုပ်ပြန်ဝင်သည်။ မိတ်ဆွေများက တစ်လတန်သည်၊ နှစ်လတန်သည် အနားယူဖို့ ပြောသည်ကို သူ လက်မခံပါ။ သူက ဆေးရုံမှာကတည်းကပင် မဂ္ဂဇင်းအတွက် စာမူများကို ကြိုးစားပြီး ရေးပေးခဲ့သည်။

သို့ဖြင့် မိမိသည် နိုဝင်ဘာလဆန်းတွင် မန္တလေးသို့ ပြန်ရသည်။ မိဘများနှင့် တွေ့ရသည်။ ရဲဘော်များ၊ မိတ်ဆွေများနှင့် တွေ့ရသည်။ မိမိချစ်သော မန္တလေးမြို့၏ ညများကို ပြန်လည်တွေ့ဆုံရသည်။

မန္တလေးမြို့၏ ဆောင်းညများသည် ချစ်ဖွယ်ရာ ကောင်းလှသည်။ လမ်းများပေါ်တွင် ပွဲသွား၊ ပွဲလာများ အမြဲရှိနေသည်။ လေးပြင်လေးရပ်မှာ ပွဲတွေ ရှိသည်။ သုံးလေးပြလောက် သွားမိလျှင် ဆိုင်းသံကြားရသည်။ သည်တုန်းက အငြိမ့်တွေကလည်း ယခုလောက် မပျက်စီးသေး။

တစ်ည တစ်ညမှာ စံရှားတင်ကို လိုက်ပြီး ရှာရသည်မှာ အမောတကော။

သို့သော် မန္တလေးမှာ မိမိ ကြာကြာမနေပါ။ ၁၅ ရက်ခန့်သာ နေသည်။ ရန်ကုန် ပြန်လာသည်။ မိမိ၏ ဘဝသည် ရန်ကုန်စာပေလောကတွင် ငြိတွယ်စ ပြုနေပေပြီ။

ရန်ကုန်သို့ ရောက်သောအခါ ကိုတင့်ဆန်းအိမ်မှာပင် နေသည်။ စုံထောက်မဂ္ဂဇင်းမှာပင် အလုပ်လုပ်သည်။ ကျောင်းမတက်တော့။ မိမိတို့နှစ်ယောက် မနက်စာစားပြီးလျှင် မဂ္ဂဇင်းတိုက်သို့ အတူသွားကြသည်။ ညနေဘက်တွင် အတူပြန်ကြသည်။ တစ်နေရာသို့ သွားစရာရှိလျှင်လည်း အတူသွားကြသည်။ စာရေးလျှင်လည်း တစ်ယောက်ရေးမည့်အကြောင်း တစ်ယောက်ကို ပြောပြသည်။

သည်အတွင်းမှာ မိမိသည် အစ်မကြီး၏ သမီးကြီး အေးနှင့် ငြိတွယ်ရသည်။ ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် မိမိတို့ ရုံးမှာ လက်ထပ်ကြသည်။ ထိုနေ့က မိမိနှင့် တစ်နေ့တည်း အိမ်ထောင်ကျသူမှာ ထိလာစစ်သူ ဖြစ်သည်။ သူတို့၏ မင်္ဂလာပွဲက မြို့တော်ခန်းမမှာ။

မိမိတို့လက်ထပ်ပြီး မန္တလေးမှာ သွားနေသည်။ သို့သော် မန္တလေးတွင် မိမိ မျှော်မှန်းသည့်အတိုင်း မဖြစ်သောအခါ ရန်ကုန်သို့ ပြန်ခဲ့ရသည်။ ၁၉၅၆ ခုနှစ် ဇွန်လဆန်းတွင် ဖြစ်သည်။ မိမိကို ရန်ကုန်ပြန်လာရန် ငွေကြေးအကူအညီပေးပြီး ပြန်ခေါ်သူမှာ စာရေးဆရာ ဒါရိုက်တာတင်စိုး ဖြစ်သည်။

ကိုတင်စိုးသည် ဟတ်ကရောင်း ခြေနင်းစက်ကလေးတစ်လုံး ဝယ်ပြီး သူ့အိမ်နှင့် မလှမ်းမကမ်းတွင် အခန်းတစ်ခုငှားကာ ပုံနှိပ်တိုက် ထောင်ထားသည်။ စာအုပ်ထုတ်ဝေ

ရေး လုပ်ငန်းတစ်ခုလုပ်ရန် အစီအစဉ်ရှိသည်။ မိမိက ပုံနှိပ်တိုက်နှင့် ထုတ်ဝေရေးလုပ်ငန်းတို့ကို ကြီးကြပ် လုပ်ကိုင်သွားရမည် ဖြစ်သည်။ ထိုအခါ လုပ်ငန်းအဆင်ပြေစေရန်အတွက် မိမိတို့လင်မယားကို ပုံနှိပ်စက်အခန်းမှာပင် နေထိုင်ရန် ပြောသည်။ သို့မဟုတ် အနီးဝန်းကျင်တွင် အခန်းတစ်ခု ငှားပေးမည်ဟု ပြောသည်။

ထိုအကြောင်းကို ပြောပြသောအခါ အစ်မကြီးကလည်း သဘောမတူပါ။ အေး၏ အဘိုးအဘွားများကလည်း သဘောမတူပါ။ ကိုတင့်ဆန်းကလည်း သဘောမတူပါ။

'ဟာ ဘယ်ဟုတ်မလဲ၊ လုပ်တာတော့ ခင်ဗျားဘာသာ ခင်ဗျား ဘယ်မှာပဲ လုပ်လုပ်ပေါ့။ နေတာတော့ ကျုပ်တို့နဲ့ အတူနေပါ။ မတင်အေးလည်း မကြာခင် မီးဖွားတော့မယ်။ ခင်ဗျားတို့ချည်းနေလို့ ဘယ်ဖြစ်မလဲ၊ သူ့မိဘတွေနဲ့ အတူနေမှ ဖြစ်တော့မပေါ့။ ကိုတင်စိုးတိုက်ကို ဒီကနေသွားလည်း ရတာပဲ။ ကျုပ်နဲ့အတူ သွားကြတာပေါ့။ ကျုပ်လည်း ကိုတင်စိုးဆီမှာ လုံးချင်းတစ်ပုဒ်ရေးဖို့ ပြောထားတယ်။ သူ့ လုပ်ငန်းကို ကျုပ်တို့ဝိုင်းကူပြီး လုပ်ပေးကြရမှာပေါ့'

မိမိ ရန်ကုန် ပြန်ရောက်သောအခါ ကိုတင့်ဆန်း **စုံထောက်**မဂ္ဂဇင်းမှာ မလုပ်တော့ပါ။ မိမိလည်း **စုံထောက်**တွင် အလုပ်ပြန်မဝင်တော့ပါ။ ကိုတင်စိုးနှင့်အတူ ထုတ်ဝေရေးလုပ်ငန်းလုပ်ရန် ဆုံးဖြတ်ထားပါသည်။ ယခု ကိုတင့်ဆန်းကလည်း မိမိနှင့်အတူ ကိုတင်စိုး၏ လုပ်ငန်းကို ဝိုင်းဝန်းလုပ်ဆောင်ပေးမည်ဟု ဆိုသည်။

သို့ဖြင့် မိမိသည် တခြားတွင် ခွဲမနေဖြစ်တော့ဘဲ ကိုတင့်ဆန်းတို့နှင့်အတူ နေရသည်။ သို့သော် တစ်ခန်းတည်းတော့ မဟုတ်တော့။ ကွင်းကျောင်းလမ်းအိမ်က သုံးပင်နှစ်ခန်း ဖြစ်သည်။ ခေါင်းရင်းခန်းတွင် အစ်မကြီး၏ မိဘများနှင့် အစ်မကြီး၏ သမီးနှစ်ယောက် နေသည်။ ခြေရင်းခန်းတွင် ကိုတင့်ဆန်းတို့ မိသားစုနေသည်။ ယခင်က မိမိသည် ကိုတင့်ဆန်းတို့နှင့် အတူနေသော်လည်း ယခုအခါတွင် အေးနှင့် အိမ်ထောင်ကျပြီ ဖြစ်သဖြင့် အေး၏ အဘိုးအဘွားများနှင့် အတူနေရတော့သည်။

မည်သို့ပင်ဖြစ်စေ မိမိနှင့် ကိုတင့်ဆန်းသည် ယခင်ကအတိုင်းပင် အိမ်မှ အတူထွက်ကြသည်။ အိမ်သို့ အတူပြန်ကြသည်။

သည်လိုနှင့် နှစ်နှစ်ကျော် ကြာရှိသွားသည်။ ကိုတင့်ဆန်းတို့ မိသားစုတွင်လည်း သမီးငယ်နှစ်ယောက် တိုးပွားနေပြီ ဖြစ်သည်။ အေးမှာလည်း ဒုတိယသားကို ဖွားမြင်ပြီးဖြစ်သည်။

သည်အချိန်မှာပင် မိမိတို့သည် ငမိုးရိပ်ကမ်းခြေသို့ပြောင်းရန် အကြောင်းဖြစ်ပေါ်လာတော့သည်။

*

၁၉၅၉ ခုနှစ်တွင် ဖြစ်သည်။ အိမ်စောင့်အစိုးရခေတ် ဖြစ်သည်။ မဟာရန်ကုန် စီမံကိန်းအရ မြို့သစ်များ တည်ဆောက်သည်။ ရန်ကုန်မြို့လယ်ရှိ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်း ရွှေ့ပြောင်းရသည်။ ကွင်းကျောင်းလမ်း အိမ်နံပါတ် ၆၅ ရှိ မိမိတို့၏ နေအိမ်လည်း တစ်လအတွင်း ဖျက်သိမ်းရွှေ့ပြောင်းရမည်။ မတ်လ ၃၁ ရက်နေ့ မတိုင်မီ ဖြစ်သည်။

ထိုအချိန်က အေး၏အဘိုးသည် ဆေးရုံတက်နေရသဖြင့် မိမိမှာ အေးတို့မိသားစု တွင် အိမ်ထောင်ဦးစီး ဖြစ်နေသည်။ အေးတို့မိသားစုနှင့် ကိုတင့်ဆန်းတို့ မိသားစုသည် ဥက္ကလာပမြို့(မြောက်ပိုင်း)တွင် နှစ်ဦးစပ် မြေကွက်တစ်ကွက် ရရှိသည်။

ပထမဆုံး အိမ်ဖျက်ရမည်။ ဒုတိယ ပြောင်းရွှေ့ရမည်။ တတိယ အိမ်ဆောက် ရမည်။ သည်တာဝန်များ မိမိနှင့် ကိုတင့်ဆန်းအပေါ်တွင် ကျရောက်နေသည်။ မိမိတို့ လက်ထဲတွင် ပိုက်ဆံတစ်ပြားမှ မရှိ။ ဘာလုပ်ကြမည်နည်း။

သို့သော် မလုပ်၍တော့ မဖြစ်၊ လုပ်ကြရမည်။

အေးတို့ မိသားစုနှင့် အစ်မကြီးတို့ မိသားစုသည် ဟုမ်းလမ်း(ပန်းလှိုင်လမ်း)ရှိ မိတ်ဆွေတစ်ဦး အိမ်တွင် ခေတ္တသွားရောက် နေထိုင်ကြသည်။ နောက်မှ လိုက်ပါ လာကြမည် ဖြစ်သည်။

အိမ်ဖျက်ရေးနှင့် ပြောင်းရွှေ့ရေး ကိစ္စများတွင် ကူညီလုပ်ဆောင်ရန်အတွက် ကိုတင့်ဆန်း၏သားကြီး မောင်မြသောင်း ရောက်ရှိနေသည်။

မိမိတို့သုံးယောက် အိမ်ဖျက်ကြသည်။ တစ်မနက်နှင့် ပြီးသွားသည်။ ဟုတ်ပြီ။ ပြောင်းကြစို့။

ပြောင်းရွှေ့ရေးအတွက် သက်ဆိုင်ရာက ကားများ စီစဉ်ပေးသည်။ ကားကြီး တစ်စီးလျှင် တစ်ဆယ့်ရှစ်ကျပ်။ ခက်သည်က မိမိတို့လက်ထဲတွင် တစ်ဆယ့်ရှစ်ကျပ်မျှ မရှိချေ။

သို့ဖြင့် အိမ်ဖျက်ပြီးသည့် ညဘက်တွင် မိမိတို့နှစ်ယောက် စမ်းချောင်းရှိ မြသန်းတင့်အိမ်သို့ သွားကြသည်။ ပိုက်ဆံချေးကြသည်။ မြသန်းတင့်တွင်လည်း ပိုက်ဆံ မရှိ။ သို့သော် သူက တစ်ဖက်အိမ်မှ ငွေအစိတ်ချေးပြီး မိမိတို့ကို ပေးလိုက်သည်။ မှတ်မှတ်ရရပင်။ နောက်တစ်နေ့တွင် သူ အဖမ်းခံရသည်။ ကိုကိုးကျွန်းသို့ ပါသွားသည်။

ကိုမြသန်း ပေးလိုက်သော ငွေအစိတ်ဖြင့် နောက်တစ်နေ့တွင် မိမိတို့ ပြောင်းရွှေ့ ကြသည်။ နေ့လယ် မွန်းတည့်ချိန်လောက်တွင် မိမိတို့အတွက် သတ်မှတ်ထားသော မြေကွက်အမှတ် **ဃ ၄၃၈** ပေါ်သို့ မိမိတို့၏ပစ္စည်းများ စုပုံရောက်ရှိသွားသည်။

မိမိတို့ သုံးယောက်စလုံး သယ်ရပိုးရ၊ ထမ်းရချရနှင့် ချွေးဒီးဒီးကျနေသည်။ တပေါင်းနွေကလည်း ကျစ်ကျစ်ပူနေသည်။ နားခိုစရာ ဘာမျှမရှိပါ။ လွင်တီးပြင်ကြီးသာ ဖြစ်သည်။ မည်သည့်အဆောက်အအုံမျှလည်း မရှိ။ မည်သည့်သစ်ပင်မျှလည်း မရှိ။

အရပ်ရှစ်မျက်နှာကို ကြည့်လိုက်လျှင် ထောင်းထောင်းထနေသော ဖုန်မှုန့်များကိုသာ တွေ့ရှိရပါသည်။ နီဝါရောင်ကမ္ဘာကြီး ဖြစ်တော့သည်။

သို့ဖြင့် မိမိတို့သည် နားခိုရန်အတွက် သစ်ဟောင်းဝါးဟောင်းများဖြင့် တစ်ဖက်ယပ် တဲကလေးတစ်လုံး ဆောက်လုပ်ကြရသည်။ ညနေစောင်းမှပင် ပြီးတော့သည်။ သည် အချိန်တွင် မိမိတို့ကို ဘဝတူမိတ်ဆွေ အချို့က သတင်းလာပေးသည်။

'ဒီကနေ တောင်ဘက်ကို တည့်တည့်လျှောက်သွား၊ ငမိုးရိပ်ကမ်းခြေမှာ "ဆိပ်ကမ်းသာ ပျော်ပွဲစားရုံ"ဆိုတာ ရှိတယ်။ သိပ်သာယာတာပဲ၊ ရန်ကုန်က "နန်းသီတာ" အတိုင်းပဲ'

သို့ဖြင့် မိမိတို့သည် မောင်မြသောင်းကို ညစာချက်ပြုတ်ရန် မှာကြားပြီးနောက် ဖုန်ထောင်းထောင်းထနေသော မြေနီလမ်းအတိုင်း လျှောက်သွားကြသည်။

ဟုတ်ပါသည်။ သက်ဆိုင်ရာက ငမိုးရိပ်ကမ်းခြေ တစ်နေရာကို ပြုပြင်ပြီး စားသောက်ဆိုင်တစ်ခု ဆောက်လုပ်ထားသည်။ ထိုခေတ်က ဗိသုကာ အတတ်ပညာ အတိုင်း ဝါးစိမ်းများဖြင့် လှပစွာ ဆောက်လုပ်ထားသည်။ သဲကန္တာရအလယ်မှ အိုအေစစ် လေးပင် ဖြစ်သည်။

'ကျုပ်ဘဝဟာ တော်တော်တော့ သဘောကျစရာ ကောင်းတယ်။ ကျုပ်က ငမိုးရိပ်ကမ်းခြေကနေ ကိုယ့်ထူးကိုယ်ချွန်ပြီး ရန်ကုန်မြို့ကြီးကို တက်ခဲ့တယ်။ အခု ဘယ်လိုကနေ ဘယ်လိုလုပ်ပြီး ငမိုးရိပ်ကမ်းခြေကို ပြန်ရောက်လာတယ် မသိဘူး'

ကိုတင့်ဆန်းက ညနေဆည်းဆာတွင် တငြိမ့်ငြိမ့် စီးဆင်းနေသော ငမိုးရိပ်ရေအလျဉ်ကို ငေးကြည့်ရင်း ပြောလိုက်သည်။

မိမိလည်း ငမိုးရိပ်ကို ငေးမောနေမိသည်။

ချောင်း၏ တစ်ဖက်ကမ်းတွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ဖုံးလွှမ်းလျက်ရှိသည့် နီညိုညို ဘုရားငုတ်တိုတစ်ဆူကို လွမ်းမောဖွယ်ရာ ဖူးမြော်ရသည်။ နောင်အခါတွင် မြန်မာပြည်တစ်ဝန်းတွင် ထင်ရှားလာမည့် မယ်လမုဘုရားပင်တည်း။

တင့်ဆန်းနှင့် ငမိုးရိပ်။

ဘာလိုလိုနှင့် ငမိုးရိပ်ကမ်းခြေသို့ သူ ပြန်လည်ရောက်ရှိနေသည်မှာ အနှစ်အစိတ်ပင် ရှိခဲ့ချေပြီတကား။

တစ်ခုသော ငွေရတုသဘင်ဟု ဆိုရချေဦးမည်လား။

[ မိုးဝေ၊ ဒီဇင်ဘာ၊ ၁၉၈၃ နှင့် ဇန်နဝါရီ၊ ဖေဖော်ဝါရီ ၁၉၈၄]

# မိမိနှင့် တင်စိုး

၁

မိမိ၏ ဘဝကို အလှည့်အပြောင်းများဖြစ်အောင် ကူညီဖန်တီးသူတစ်ဦးမှာ တင်စိုးပင် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် တင်စိုးသည် မိမိ ရန်ကုန်တွင် ရပ်တည်ရေးနှင့် စာပေလောကတွင် ရပ်တည်နိုင်ရေးတို့အတွက် အများဆုံး အားပေးကူညီခဲ့သူတစ်ဦး ဖြစ်ပါသည်။


မိမိနှင့် တင်စိုးအကြောင်းကို သည်ကနေ့ ရေးမည် စိတ်ကူးသောအခါ တစ်ခု စိုးရိမ်မိသည်။ တင်စိုး ဆိုသည်ကို စာရေးဆရာတစ်ယောက်ဟု ယနေ့စာဖတ်သူများ သိမှ သိပါလေစ။

သူ စာမရေးသည်မှာ ကြာပြီ။ အနှစ် နှစ်ဆယ်လောက်ပင် ရှိလောက်ပြီ။ သည် ကြားထဲတွင် တစ်နှစ်မှာ တစ်ပုဒ်စ နှစ်ပုဒ်စပင် တွေ့ရခဲ့သည်။

သူ ရုပ်ရှင်ဘက် ကူးပြောင်းသွားကတည်းကပင် စာအရေးတန့်သွားသည်။ သူ့ကို စာရေးဆရာ၊ ဒါရိုက်တာတင်စိုးဆိုမှ သိကြတော့သည်။

စာရေးဆရာတွေ ရုပ်ရှင်ဘက် ကူးပြောင်းသွားလျှင် ပိတ်ကားပေါ်တွင် စာတန်း ထိုးသောအခါ "စာရေးဆရာ" ဟူသော နာမဝိသေသနကလေးသာ ကျန်ရစ်တော့သည်။

တင်စိုး ( ၁၉၂၅-      )



ထားတော့။

တင်စိုးသည် မိမိတို့ခေတ်တုန်းကမှ ရှေ့တန်းစာရေးဆရာတစ်ဦး ဖြစ်သည်။ သူနှင့် လူချင်းမသိမီ သူ၏ဝတ္ထု **သစ္စာမဏ္ဍိုင်**နှင့် မိမိ စတင်ကျွမ်းဝင်ရသည်။

**သစ္စာမဏ္ဍိုင်**ကို ၁၉၅၁ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသည်။ သည်တုန်းက မိမိ **၁၈** နှစ်ပဲ ရှိသေးသည်။ မန္တလေးမှာပဲ ရှိသေးသည်။ ဟံသာဝတီ သတင်းစာတွင် ကဗျာတစ်ပုဒ်၊ စာညွှန့်တစ်ပုဒ်သာ ပါဖူးသေးသည်။ **သစ္စာမဏ္ဍိုင်** ထွက်သည့်လကမှ မိမိ၏ ဝတ္ထုတိုတစ်ပုဒ် **ကလောင်စုံ** မဂ္ဂဇင်းတွင် ပါလာသည်။

သည်တုန်းက မိမိသည် စာရေးသူတစ်ဦး မဖြစ်သေးဘဲ စာဖတ်သူတစ်ဦးသာ ဖြစ်သည်။ စာရေးသူတစ်ဦးဖြစ်ရန် အားသွန်ကြိုးပမ်းနေဆဲ ကာလသာ ဖြစ်သည်။

**သစ္စာမဏ္ဍိုင်** ဝတ္ထုသည် ထိုခေတ် ထိုအခါက စာပေလောကကို အထူးပင် လှုပ်ရှား ဂယက်ထစေခဲ့သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

ဂယက်ထစေသည့် အကြောင်းတစ်ခုမှာ မျက်နှာဖုံးဖြစ်သည်။ များသောအားဖြင့် မြန်မာဝတ္ထု မျက်နှာဖုံးများသည် မိန်းမရုပ် လှလှကလေးများသာ ဖြစ်သည်။ ပန်းချီဦးဘရင်ကလေးက ယင်းအစဉ်အလာကို တော်လှန်လိုက်သည်။ အရုပ်ဆိုး၍ ကြောက်လန့်ဖွယ်ရာရှိသော ဝတ်လစ်စားလစ် မိန်းမပျိုတစ်ယောက်၏ပုံကို စုတ်ချက် ကြမ်းကြမ်း၊ အရောင်ရဲရဲဖြင့် ရေးဆွဲလေသည်။ ဝတ္ထု၏ ဦးတည်ချက် တစ်ခုဖြစ်သော အရင်းရှင် အိမ်ထောင်ရေးစနစ်ကို ပေါ်လွင်အောင် ထောက်ပြလိုက်ခြင်းပင် ဖြစ်သည်။

**သစ္စာမဏ္ဍိုင်**သည် ဝတ္ထုထုတ်ဝေသော ခေတ်ကာလ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးများကို ရဲရင့်စွာ တင်ပြထားသည်။

နောက်ထပ် ဂယက်ထစေသည့် အကြောင်းအရာတစ်ခုကတော့ ဒဂုန်တာရာ ကာကွယ်ရေးနှင့် အမွှမ်းတင်ရေး အောင်လံကို တိုင်ထိပ်အထိ လွှင့်ထူထားခြင်းပင် ဖြစ်သည်။ ထိုအချိန်က စာပေသစ်တိုက်ပွဲ ပြင်းထန်လျက် ရှိသည်။ ဒဂုန်တာရာကို အောင်လင်းတို့ကလည်း တိုက်နေသည်။ သာဓုတို့ကလည်း တိုက်နေသည်။ သည်အချိန်တွင် တင်စိုးက ဒဂုန်တာရာဘက်က မားမားမတ်မတ်ရပ်ပြီး ကာကွယ်လိုက်ခြင်းပဲ ဖြစ်သည်။

ထို့ပြင်မက တင်စိုး၏ ရေးဖွဲ့ဟန်သည် ဒဂုန်တာရာ၏ဟန်နှင့် အများကြီး နီးနွယ်သည်။ စကားလုံး နုနုလှလှကလေးတွေကို ကြွယ်ဝစွာ သုံးထားသည်။

သူ့ဝတ္ထုကို ဗန်းမော်တင်အောင်၏ အမှာကလည်း အထောက်အကူ ပြုထားသည်။

သို့ဖြင့် တင်စိုးသည် **သစ္စာမဏ္ဍိုင်** ဝတ္ထုဖြင့် ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်တို့နှင့် တစ်လှေတည်းစီး တစ်ခရီးတည်းသွားအဖြစ် ထင်ပေါ်လာတော့သည်။

သည့်နောက်ပိုင်းကွင် သူ၏ ဝတ္ထုတိုများ၊ ဆောင်းပါးများကို လင်းယုန် ဂျာနယ်၊ လူထု ဂျာနယ်နှင့် ပြည်တော်သစ် ဂျာနယ်တို့တွင် သတိပြုပြီး ဖတ်ရတော့သည်။

*

၁၉၅၃ ခုနှစ်တွင် မိမိ ရန်ကုန်သို့ ရောက်ရှိသောအခါ ကိုတင်စိုးသည် မိမိရှိရာ **စုံထောက်**မဂ္ဂဇင်းတိုက်သို့ တကူးတကန့် လာရောက်ကာ တွေ့ဆုံမိတ်ဆက်သည်။ လိုအပ်သည့် အကူအညီများကို ပေးသည်။

မိမိကို စာနယ်ဇင်းတိုက်များ၊ အယ်ဒီတာများ၊ စာရေးဆရာများ၊ ပန်းချီဆရာများ နှင့် မိတ်ဆက်ပေးသူတစ်ဦးမှာ ကွယ်လွန်သူ တင့်ထူး ဖြစ်ပြီး၊ နောက်တစ်ဦးမှာ တင်စိုးပင် ဖြစ်ပါသည်။

မိမိ၏ အကူအညီ တောင်းခံမှုအရ တင်စိုးသည် မိမိကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းအိမ်သို့ လိုက်ပို့သည်။ ဆရာကြီးသည် အသက်အရွယ်ကြီးပြီ ဖြစ်သော်လည်း လာရောက်ဂါရဝပြုသော လူငယ်များကို မှတ်မိဆဲပင် ဖြစ်သည်။ ဆုံးမ ဩဝါဒစကား၊ ငြိမ်းချမ်းရေးစကားနှင့် စာပေစကားတို့ကို စိတ်ရှည်စွာ ပြောကြားသည်။ မန္တလေးမှ ကျောင်းသူတစ်ဦး လူကြုံပါးလိုက်သော “အမှတ်တရစာအုပ်”တွင် စာမျက်နှာပြည့်မျှ ဩဝါဒစကား ရေးသားပြီး လက်မှတ်ရေးထိုးပေးသည်။

ထို့နောက် ကိုတင်စိုးသည် မိမိကို ဒဂုန်တာရာနှင့် တွေ့ဆုံပေးသည်။ ပါရဂူနှင့် မိတ်ဆက်ပေးသည်။ **ပြည်တော်သစ်**ဂျာနယ်တိုက်သို့ ခေါ်သွားပြီး အယ်ဒီတာများ ဖြစ်ကြသော ကိုလှသောင်း၊ ရွှေဓား၊ ကိုအောင်မြင့်၊ ဘဝင်းတို့နှင့် မိတ်ဆက်ပေးသည် ။

ထိုအချိန်က ဗန်းမော်တင်အောင် အပြင်မှာ မရှိ။ ထောင်ထဲမှာ ရောက်ရှိနေသည်။ နောင်အခါတွင် မိမိနှင့် ဗန်းမော်တင်အောင်ကို မိတ်ဆက်ပေးသူမှာလည်း တင်စိုးပင် ဖြစ်သည်။

တက္ကသိုလ်ကျော်ရှင်း၊ ယုဝတီခင်ဦးတို့ကိုလည်း ကိုတင်စိုးနှင့် ပတ်သက်ပြီး ရင်းနှီးခင်မင်ရသည်။

နောက်ပိုင်းတွင် ကိုတင်စိုးသည် မိမိနှင့်ပတ်သက်ပြီး **စုံထောက်**မဂ္ဂဇင်းတိုက်သို့ မကြာခဏ လာရောက်သည်။ **စုံထောက်**မဂ္ဂဇင်းတွင်လည်း ပါဝင်ရေးသားသည်။ အရင်က သူသည် ကိုမိုးဝေ၊ ကိုတင့်ဆန်း၊ ဦးဆန်နီတို့နှင့် သိရှိသော်လည်း မေးထူးခေါ်ပြောမျှသာ ဖြစ်သည်။ ယခုမှ ရင်းရင်းနှီးနှီး ဖြစ်ကြရသည်။

ထိုစဉ်က **စုံထောက်**မဂ္ဂဇင်းတိုက်တွင် ပင်တိုင်လို ရှိနေကြသူများမှာ ဂျာနယ်ကျော် တင့်ဆွေ၊ ခင်နွယ်တင်၊ နေသွေးနီ၊ စောလင်း၊ သူရိန်၊ မင်းဒင်၊ သတင်းထောက် ဝင်းမြင့်၊ တင်အေး စသူတို့ ဖြစ်ကြသည်။ မြင့်ဩ၊ ကြည်ညို၊ ဝေမွန်၊ ခရမ်းညွှန့်နွယ်နှင့် ကဗျာဆရာများ လာရောက်ကြသည်။ မြတ်လေး၊ စန္ဒရားချစ်ဆွေတို့လည်း လာကြသည်။ ပန်းချီ အောင်စိုး၊ ပေါ်ထွန်း၊ မောင်ငွေထွန်းတို့လည်း ပါသည်။

တစ်ခါတစ်ခါတွင် ရွှေဗမာလက်ဖက်ရည်ဆိုင်တွင် မိမိတို့လူစုနှင့်ချည်း ပြည့်နေတတ်သည်။ သည်မှာ မိမိတို့ စာအကြောင်း၊ ပေအကြောင်း ပြောကြသည်။ စာရေးဆရာအသင်း ကိစ္စများကိုလည်း တစုတဝေးတည်း လုပ်ဆောင်ကြသည်။

ထိုနှစ် စာရေးဆရာအသင်း အမှုဆောင်အဖွဲ့တွင် ဦးဆန်နီ၊ မိုးဝေ၊ ဂျာနယ်ကျော်တင့်ဆွေတို့ ပါဝင်ကြသည်။ ထို့ကြောင့် စာရေးဆရာအသင်းတိုက် နေရာ အခက်အခဲရှိသောအခါ စုံထောက်မဂ္ဂဇင်းတိုက်မှာပင် အသင်းတိုက် ခေတ္တတည်ရာ ဖြစ်ရတော့သည်။

ထိုနှစ်မှာပင် အမှုဆောင်အဖွဲ့ အသစ် ရွေးချယ်သောအခါ ကိုတင်စိုးနှင့် မိမိတို့လည်း အမှုဆောင် ဖြစ်ရသည်။ မိမိ အသက်နှစ်ဆယ် ပြည့်သည့်နှစ်ပင် ဖြစ်သည်။

ကိုတင်စိုးနှင့် မိမိသည် စာရေးဆရာအသင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်တို့တွင် အဖွဲ့အစည်း ကိစ္စများကို အတူတကွ လုပ်ဆောင်ရသောအခါ ပိုမိုရင်းနှီးလာကြသည်။

*

ကိုတင်စိုးသည် မိမိ၏စာများကို ဂရုတစိုက်ဖတ်ပြီး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဝေဖန်တတ်သည်။ ပုံမနှိပ်ရသေးသော လက်ရေးစာမူများကိုပင် သူ အပင်ပန်းခံပြီးဖတ်သည်။ မိမိ၏လက်ရေးမှာ သေးပြီး သော့သဖြင့် အဖတ်ရ ခက်သည်။

ယင်းကြောင့်ပင် ယုဝတီခင်ဦးက အပြာ အတွက် ရေးသောအမှာတွင် အောက်ပါအတိုင်း ရေးထားသည်။

"နတ်နွယ်၏ ပဲပင်ပေါက်ဆန်ဆန် လက်ရေး သေးသေးစောင်းစောင်းလေးများ ကို ဖတ်ရှုလိုက်ရပါသည်။

...နတ်နွယ်၏ လက်ရေးစာမူကို ဖတ်ပြီးသည့်အဆုံး၌ ကျွန်မလည်း မျက်စိမှုန်ပြီး၊ ကျွန်မနှင့် စာပေညီအစ်မများ ဖြစ်ကြသော တက္ကသိုလ်ကျော့ရှင်း၊ လှဲလှဲဝင်း၊ ကြည်အေး၊ ခင်နွယ်တင်၊ ငွေတာရီ၊ ကလောင်ရှင် ခင်နှင်းဖြူတို့ကဲ့သို့ မျက်မှန်ထူကြီးများ တပ်ရတော့မယ်ဟု သံသယ ဖြစ်ပွားမိပါသည်"။

ကိုတင်စိုး၏ လက်ရေးလည်း သေးပါသည်။ သူလည်း မိမိကဲ့သို့ပင် စာရွက်တစ်မျက်နှာလုံး ပြည့်သိပ်နေအောင် ရေးတတ်သည်။ သို့သော် သူ့လက်ရေးက ရှင်းသည်။ လှသည်။ သေးငယ်သည်။

သူသည် မိမိ၏အပြာ လက်ရေးစာမူကို ယူဖတ်ပြီးနောက် သူ ထုတ်မည်ဟု ဆိုသည်။ သူ့မှာ ပုံနှိပ်စက် ရှိနေပြီ၊ ထုတ်ဝေရေး ရှိနေပြီ ဖြစ်သည်။ ထိုစဉ်က သူ၏ အောင်သိပ္ပံ ပုံနှိပ်တိုက်သည် ကန်တော်ကလေးသို့ မပြောင်းရသေး။ ရေကျော် မြောင်းကြီးလမ်းမှာပင် ရှိသေးသည်။ ဟတ်ကရောင်း ခြေနင်းစက်ကလေး ဖြစ်သည်။ စာခုံကလည်း စုစုပေါင်းမှ နှစ်ခုံတည်းသာ။

အမှန်တော့ **အပြာ**ကို ဦးဆန်နီ၏ **ခေတ်ပြင်စာပေ**မှ ထုတ်ဝေရန် ကြော်ငြာပြီး ဖြစ်သည်။ မိမိသည် **အပြာ**ကို မန္တလေးမှာကတည်းက စတင်ရေးသားခဲ့ပြီး၊ ရန်ကုန်ရောက်ပြီး မကြာမီမှာပင် ပြီးစီးသွားသည်။ ဦးဆန်နီသို့ ပေးသည်။ စုံထောက် မဂ္ဂဇင်းတွင် လစဉ် ကြော်ငြာထည့်သည်။ သို့သော် မိမိ အချုပ်မှ လွတ်လာပြီးမှ ရေးပေးသော **မိုးထဲ လေထဲသာ** ထွက်သွားသည်။ **အပြာ** ကား လက်ရေးစာမူအဖြစ် တပုံ့ပုံ့ပင် ရှိနေသည်။ ဦးဆန်နီက **အပြာ**ကို စုံထောက်ဝတ္ထု မဟုတ်သဖြင့် လက်နှေးနေခြင်း ဖြစ်သည်။

ကိုတင်စိုးသည် **ငြိမ်းစာပေ**ကို အစပျိုးနေပြီ ဖြစ်သည်။ **ငြိမ်းစာပေ**မှနေ၍ **ကဗျာ့မြို့တော်** အမည်ရှိ ကဗျာမဂ္ဂဇင်းကို ထုတ်ဝေသည်။ မြတ်လေး၏ **တေးကဗျာသစ်များ**ကို ထုတ်သည်။ တင်စိုး၏ **ကျွန်တော် ပြောပြချင်သည်** ကို ထုတ်သည်။ သို့သော် **အပြာ**ကို ထုတ်ဝေရန်အလှည့်တွင် ငွေကြေးမလည်ပတ်သဖြင့် လက်တွေ့ အကောင်အထည် မဖော်နိုင်ဘဲ ရှိနေသည်။

**အပြာ**အတွက် မျက်နှာဖုံးပန်းချီကိုလည်း ရရှိနေပြီ ဖြစ်သည်။ မိမိကိုယ်တိုင် ပန်းချီဦးကိုလေးထံ စိတ်ကြိုက်ပြောပြီး အပ်သည်။ ဦးကိုလေးကလည်း မိမိ လိုချင်သည့် အတိုင်း ဆွဲပေးသည်။ ထိုခေတ်အနေနှင့်ဆိုလျှင် အဖုံးမှာ ရိုးရိုးကလေးနှင့် ဆန်းနေပါသည်။

နောင်အခါတွင် **လျှို့ဝှက်သည်းဖို** မဂ္ဂဇင်းကို ထုတ်ဝေမည့် ကိုခင်ဦးသည် ထိုအချိန်က **ခင်ကျော်စာပေ**တိုက်ကို ပျိုးထောင်လျက်ရှိသည်။ သူက **အပြာ** မျက်နှာဖုံးကို ကြိုက်သဖြင့် **အပြာ**ကို ကိုတင်စိုးနှင့် စပ်တူထုတ်ရန် စီစဉ်သည်။ သို့သော် ကိုခင်ဦးလည်း ငွေမလည်သဖြင့် **အပြာ**ကို စာဖောင်သုံးဖောင်မျှ ရိုက်ပြီးနောက် ရပ်ထားရသည်။ သို့ဖြင့် မိမိ အိမ်ထောင်ကျပြီး မန္တလေးသို့ ခေတ္တပြန်သွားသည်အထိ **အပြာ**သည် တစ်ပိုင်းတစ်စနှင့် ကျန်ရစ်သည်။

မိမိလည်း မန္တလေးသို့ ရောက်ရှိသောအခါ **အပြာ**ကိုလည်း မေ့ထားလိုက်သည်။ **ငြိမ်းစာပေ**နှင့် ကိုတင်စိုးကိုလည်း မေ့ထားလိုက်သည်။

၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလတွင် မမျှော်လင့်ဘဲနှင့် **အပြာ** ထွက်လာသည်ကို တွေ့ရသည်။ ပထမနှိပ်ခြင်း ၃,၀၀၀ ကုန်သွားသည်ကို တွေ့ရသည်။ **အပြာ**ကို ဖတ်ကြသည်။ ဝေဖန်ကြသည်။ ဂယက်ကလေး ထ လာသည်။ သည်အခါ မိမိ အားတက်ပြီး ရန်ကုန်သို့ သွားသည်။ ကိုတင်စိုးနှင့် ၉၂ လမ်းထိပ်တွင် တွေ့သောအခါ–

'ဟေ့လူ ခင်ဗျား မန္တလေးမှာ ဘာလုပ်နေတာလဲ၊ ရန်ကုန်ကို ပြန်ခဲ့ပါ။ ကျုပ်တို့မှာ လုပ်စရာတွေ ရှိတယ်။ ကျုပ်စက်ကို ဒီလမ်းထဲ ရွှေ့တော့မယ်။ ကျုပ်အခြေအနေ အရင်ကလို မဟုတ်တော့ဘူး၊ အများကြီး ကောင်းသွားပြီ။ မနက်ဖြန် ကျုပ် ပိုက်ဆံ ရစရာရှိတယ်။ ကျုပ် လမ်းစရိတ်ပေးလိုက်မယ်။ ခင်ဗျား မိန်းမကို သွားခေါ်ခဲ့ပါ'

မိမိ ဝမ်းသာသွားသည်။ သို့သော် သူ ရမည်ဆိုသော ပိုက်ဆံသည် မနက်ဖြန် လည်း မရပါ။ သန်ဘက်ခါလည်း မရပါ။ ဖိန်းနွဲခါလည်း မရပါ။ ဤသို့နှင့် တစ်ပတ်ခန့် ကြာသွားသည်။ မန္တလေးမှာလည်း အမျိုးသမီးက မီးဖွားတော့မည့်ဆဲဆဲ။

ထိုအခါတွင် ကိုတင်စိုး၏ဇနီး အစ်မကြီး မတင်တင်က–

'ဒီမယ် ကိုနတ်နွယ်၊ ရှင် သူ့ပိုက်ဆံကို စောင့်နေလို့တော့ မဖြစ်ဘူး၊ တော်ကြာနေ ရှင့်မိန်းမ ရထားပေါ်မှာ ကလေးမွေးနေရမယ်။ လမ်းစရိတ်ကို ကျွန်မ ရှာပေးလိုက်မယ်'

အစ်မကြီး လမ်းစရိတ်ရှာသည့်နည်းက အလွယ်ကလေးပင် ဖြစ်သည်။ သူ့ လည်ပင်းမှ ဆွဲကြိုးကလေးကို ဖြုတ်ပြီး တစ်ရာ့ငါးဆယ်နှင့် ပေါင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

သည်ကျေးဇူးကို မည်သူ မေ့နိုင်ပါမည်နည်း။

## ၂

ကိုတင်စိုးသည် စာရေးသည့် နေရာတွင်ရော၊ အလုပ်လုပ်သည့် နေရာတွင်ရော စေ့စေ့ စပ်စပ် သပ်သပ်ရပ်ရပ် လုပ်ကိုင်တတ်သည်။ ယင်းသို့ ဖြစ်ရသည်မှာ သူသည်စာရင်းအင်း သမားတစ်ဦး ဖြစ်၍ပင်လား မသိပါ။ သူသည် ထိုအချိန်က ရုံးစာရေးများ သမဂ္ဂ ဗဟို သမဝါယမတွင် စာရင်းကိုင်အဖြစ် လုပ်ကိုင်လျက် ရှိသည်။

သူသည် ရဲဘော်များ၊ မိတ်ဆွေများကို ကူညီတတ်သူတစ်ဦးပီပီ သူ၏ဆိုင်တွင် ရဲဘော်များ၊ မိတ်ဆွေများ အမြဲတမ်းလိုလိုပင် ပြည့်လျှံနေတတ်သည်။ ထိုသူများကို ထမင်းကျွေးရသည်။ လက်ဖက်ရည် တိုက်ရသည်။ ပိုက်ဆံပေးရသည်။ ဆိုင်မှ ပစ္စည်း တစ်ခုခုကို လိုချင်သည်ဆိုလျှင် သူ ကြွေးယူပြီး ပေးသည်။ တစ်နှစ် တစ်နှစ် စာရင်းပိတ် လျှင် ထိုကြွေးများကို ထောင်နှင့်ချီပြီး သူ ဆပ်ရသည်။ သို့ရာတွင် မည်သည့်အခါတွင်မှ သူ ငြီးငြင်သည် မရှိပါ။ ညည်းတွားသည် မရှိပါ။

မိမိ၏ အသိုင်းအဝိုင်းတွင် ခိုလို ညည်းညူတတ်သူများလည်း ရှိသည်။ မည်မျှပင် အခက်အခဲတွေ့တွေ့ တစ်ချက်ကလေးမှ မညည်းညူတတ်သူများလည်း ရှိသည်။ ကို တင်စိုးသည် ဘယ်တော့မှ မညည်းညူတတ်သူတစ်ဦး ဖြစ်သည်။ မိမိတွင် အခက်အခဲတွေ အဘယ်မျှပင်ရှိပြီး အဘယ်မျှပင် စိတ်ညစ်ညူးနေရသည် ဖြစ်စေ၊ သူနှင့် တွေ့လိုက်ရလျှင် ငြိမ်းသွားသည်ဟု ထင်ရသည်။ ကိုတင်စိုးသည် လူတစ်ယောက်ကို မည်သည့်အခါ တွင်မှ စိတ်ပျက်စကား မပြောပါ။ အားတက်ဖွယ်ရာ စကားကိုသာ ဆိုတတ်သည်။

လူတစ်ယောက်က အကူအညီ တစ်စုံတစ်ခု တောင်းခံလာလျှင် မဆိုင်းမတွပင် လုပ်ပေးမည်ဟု သူ ကတိပြုတတ်သည်။ သို့သော် အကြောင်းကြောင်းကြောင့် ထိုအမှု ကိစ္စကို ပြီးစီးအောင် မဆောင်ရွက်နိုင်သော အခါတွင်သာ သူ့မှာ ကစိပတ်ကြီး တင်နေ သော့သည်။

နောက်တစ်ခုက သူ့မှာ အလုပ်တွေ သိပ်များသည်။ ဆိုင်အလုပ်လည်း ရှိသည်။ အဖွဲ့အစည်း လုပ်ငန်းတွေလည်း ရှိသည်။ အပေါင်းအသင်း ရဲဘော်တွေနှင့် ပတ်သက်သည့် အလုပ်တွေလည်း ရှိသည်။ ယင်းကြောင့်ပင် သူသည် သူ၏ ပုံနှိပ်စက်နှင့် ထုတ်ဝေရေး လုပ်ငန်းတို့ကို မိမိအား လုံးဝဥဿုံ လွှဲထားသည်။ ယင်းသို့ဖြင့် သူ၏ ငြိမ်းစာပေတိုက်မှ မိမိ၏ လုံးချင်းဝတ္ထု သုံးပုဒ်ထွက်ခဲ့သည်။ **ချစ်သောကြောင့်**၊ **မျက်ဝါးထင်ထင်**နှင့် **နှစ်ကြီးသမား**တို့ ဖြစ်သည်။

သို့သော် တစ်နှစ်ခန့် လုပ်မိသောအခါ ငြိမ်းစာပေလုပ်ငန်း ရပ်သွားသည်။ အကြောင်းတစ်ကြောင်းမှာ မိမိတို့တွင် အခြားလုပ်ငန်းတစ်ခု ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်။ ယင်းမှာ အခြားမဟုတ်။ သူတို့ သမဝါယမမှနေ၍ ဦးထွန်းငြိမ်း အဘိဓာန်အကြီးနှင့် အသေးတို့ကို ထပ်မံပုံနှိပ်ခြင်းများ ထုတ်ဝေမည် ဖြစ်သည်။ ယင်းအဘိဓာန်များကို ပုံနှိပ်ရန် ကိုတင်စိုးနှင့် လင်းယုန်သစ်လွင်တို့ ကန်ထရိုက်ရသည်။ ကိုသစ်လွင်သည် ထိုအချိန်က လမ်း ၄၀ ရှိ ပုံနှိပ်တိုက်တစ်လုံးကို စီမံအုပ်ချုပ်နေရသည်။ မိမိက အဘိဓာန်ပုံနှိပ်မှုလုပ်ငန်းကို ကြီးကြပ်ရမည် ဖြစ်သည်။ အစအဆုံး တာဝန်ခံပြီး ပရုကြည့်ပေးရမည် ဖြစ်သည်။

သို့ဖြင့် လမ်း ၄၀ ပုံနှိပ်တိုက်တွင် မိမိ အလုပ်ထိုင်ရသည်။ အဘိဓာန်စာအုပ်ကို ဂယ်လီပရုတစ်ကြိမ်၊ ဖောင်ပရုတစ်ကြိမ်၊ စက်ပရုတစ်ကြိမ် သုံးကြိမ်တိတိ အသေးစိတ်ကြည့်ရှု ပြင်ဆင်ရသည်။ သို့ဖြင့် အဘိဓာန်အကြီးကို သုံးခေါက်၊ အသေးကို သုံးခေါက် ဖတ်လိုက်ရသဖြင့် မိမိခေါင်းထဲတွင် အဘိဓာန်ထဲမှ ဝေါဟာရများ အတော်များများကို အလွတ် ရရှိနေတော့သည်။ ယင်းအကျိုးကျေးဇူးကြောင့် နောင်အခါတွင် မိမိဘာသာ အဘိဓာန်စာအုပ် ပြုစုနိုင်သည်။ **အကယ်ဒမီ အင်္ဂလိပ်–မြန်မာ သရုပ်ဖော် အဘိဓာန်**ဖြစ်သည်။ **ခေတ်ပြင် အဘိဓာန်**ကို ကိုမိုးဝေ ပြုစုရာတွင် ပါဝင်ကူညီခဲ့ရသဖြင့် မိမိတွင် အဘိဓာန်အတွေ့အကြုံရှိပြီး ဖြစ်နေသည်။

အဘိဓာန်လုပ်ငန်းများ ပြီးသောအခါ ကိုတင်စိုးနှင့် ကိုသစ်လွင်တို့ လုပ်ငန်းခွဲကြသည်။ ကိုတင်စိုးက လူအိုရုံလမ်းရှိ စာအုပ်ချုပ်ဌာန အခန်းကို ရရှိသည်။

ကိုတင်စိုးသည် တက္ကသိုလ် ကျော်ရှင်းနှင့် အစုစပ်ပြုလုပ်ပြီး **ဆန္ဒဂျာနယ်**ကို ထုတ်ဝေပြန်သည်။ ထိုအခါ **ဆန္ဒ**တွင် ကိုတင့်ဆန်းနှင့် မိမိတို့ ဝင်ရောက်လုပ်ကိုင်ကြရပြန်သည်။ မိမိတို့သည် **ဆန္ဒဂျာနယ်** ထုတ်ဝေရာတွင် အချိန်မီ ပြီးစီးရန်အတွက် ဂျာနယ်ကို မိမိတို့ဘာသာ ချုပ်ခဲ့ရသည်။ တစ်ညလုံး ချုပ်လုပ်ကြရသည်။

သို့သော် **ဆန္ဒဂျာနယ်** သက်တမ်း မရှည်ပါ။ ငွေရေးကြေးရေး အခက်အခဲကြောင့် ရပ်ဆိုင်းလိုက်ရသည်။

**ဆန္ဒဂျာနယ်** ရပ်သွားပြီးနောက် မိမိတို့ ဘာလုပ်ကြရမည်နည်းဟု တိုင်ပင်

ကြံစည်နေကြစဉ်မှာပင် အိမ်စောင့်အစိုးရ တက်သည်။ ကိုတင်စိုး အဖမ်းခံရသည်။ ကိုကိုးကျွန်းသို့ ရောက်ရှိသည်။

မိမိလည်း ဂျာနယ်ကျော်တင့်ဆွေနှင့် ပတ်သက်ပြီး **အမျိုးသားသတင်းစာ**တွင် ဘာသာပြန်အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ အမျိုးသားသတင်းစာကို ထုတ်ဝေသူမှာ ဦးလှထွန်းဖြူ ဖြစ်သည်။ အယ်ဒီတာချုပ်က ကွယ်လွန်သူ ဦးသန်းထွန်း၊ မိမိသည် **တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ**ကို အမျိုးသားသတင်းစာတွင် အခန်းဆက် ရေးခဲ့သည်။ ၅၂ ရက် ပါရှိသည်။

လင်းယုန်သစ်လွင်သည် လမ်း ၄၀ တိုက်တွင် မလုပ်တော့ဘဲ ကိုတင်အောင် မစန်း စာပေတွင် ဝင်ရောက်လုပ်ကိုင်လျက် ရှိသည်။ မိမိလည်း လင်းယုန်သစ်လွင်နှင့် ပတ်သက်ပြီး အမျိုးသားသတင်းစာမှထွက်ကာ ကိုတင်အောင် မစန်း စာပေသို့ ရောက်ရှိသွားသည်။ ကိုတင်အောင် မစန်း စာပေမှ မိမိ၏စာအုပ်များ နှစ်နှစ်နီးပါးမျှ တစ်လ တစ်အုပ် ဆိုသလို ထွက်ခဲ့သည်။

ကိုတင်အောင် မစန်း စာပေတွင် မိမိလုပ်ကိုင်နေစဉ်မှာပင် ကိုတင်စိုး ကိုကိုးကျွန်းမှ ပြန်လည်ရောက်ရှိလာသည်။ သူ့ရင်ထဲတွင် ကိုကိုးကျွန်းဇာတ်လမ်းတွေ ပါလာသည်။ မိမိတိုက်တွန်းသဖြင့် ကိုကိုးကျွန်းဝတ္ထုတိုများ သူ ရေးသည်။ ကိုတင်အောင် မစန်းစာပေမှ ထုတ်ဝေခဲ့သည်။ သူ့ကို စာဆက်ပြီးရေးရန် မိမိတိုက်တွန်းသည်။ ကိုတင်အောင်ကလည်း သူ့စာအုပ်များကို ထုတ်ဝေပေးရန် တာဝန်ယူသည်။

သို့သော် သူသည် ဒါရိုက်တာမျိုးအောင်၊ ဇာတ်ညွှန်းရေးဆရာ ဘုန်းမော်တို့နှင့် ပတ်သက်ပြီး ရုပ်ရှင်လောကသို့ ရောက်ရှိသွားသည်။ ထိုအခါ မိမိတို့နှစ်ယောက်သည် နယ်ချင်းမတူသဖြင့် အတွေ့အဆုံ နည်းသွားသည်။ သို့သော် သူသည် မိမိ၏ **အပျိုသင်စ** ဝတ္ထုကို ရုပ်ရှင်ရိုက်လိုက်သေးသည်။ မိမိကို ရုပ်ရှင်ဇာတ်ညွှန်းများ ရေးပေးရန် ပြောသည်။ မိမိ မရေးဖြစ်ပါ။ ယင်းသို့ဖြင့် အနေဝေးသွားကြပြန်သည်။ သူ ရိုက်ကူးသော ကားများ အထူးပွဲ ပြသသော အခါတွင်မှသာ တွေ့ဆုံကြရတော့သည်။

ယင်းသို့ဖြင့် အနှစ်နှစ်ဆယ်လောက် ကြာရှိသွားသည်။ မိမိတို့နှစ်ယောက်သည် တစ်နှစ်လျှင် တစ်ခါ၊ နှစ်ခါ ဆိုသလောက်သာ တွေ့ရှိကြသည်။ သို့သော် တွေ့သည့်အခါ တိုင်းမှာပင် စာရေးမည်ဟု ပြောသည်။ ရေးနေပြီဟု ပြောသည်။ သို့သော် တစ်ပုဒ်မျှ ထွက်မလာပါ။ ကိုမိုးဝေ ကွယ်လွန်ပြီးနောက် စုံထောက်မဂ္ဂဇင်းကို **မိုးဝေ**အဖြစ် ပြောင်းလဲ ထုတ်ဝေသော ကာလတွင်လည်း လူချင်းတွေ့တိုင်း သူ အားပေးသည်။ သူလည်း ပါဝင်ရေးသားမည်ဟု ဆိုသည်။ သို့သော် လက်တွေ့တွင်မူ တစ်ပုဒ်မှ ထွက်မလာပါ။ ရုပ်ရှင်နယ်တွင်သာ သံသရာလည်နေတော့သည်။

သို့သော် **မိုးဝေ**မဂ္ဂဇင်းနှင့် မိမိ ကာလအတန်ကြာ ကင်းကွာနေပြီးနောက်၊

ဒုတိယအကြိမ် ပြန်လည်လုပ်ဆောင်မည် ရှိသောအခါ သူနှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရသည်။

ချင်းတွင်းတိုက်မှာ မိမိ ရှိနေသည်။ စာပေလုပ်သားမဂ္ဂဇင်းနှင့် ပတ်သက်၍ ဖြစ်သည်။ မိမိသည် မိုးဝေမဂ္ဂဇင်းနှင့် ခွဲခွာပြီးနောက် မည်သည့်စာနယ်ဇင်းတွင်မှ မလုပ်တော့ပါ။ မည်သည့်အလုပ်ကိုမျှ မလုပ်တော့ပါ။ စာရေးခြင်း တစ်ခုတည်းကိုသာ ပြုလုပ်ပါသည်။ သို့သော် စာပေလုပ်သားမဂ္ဂဇင်း ထုတ်ဝေမည် ရှိသောအခါ မိမိမှာ ကြားညပ်ရတော့သည်။ စာပေလုပ်သားကို ချင်းတွင်းက ရိုက်နှိပ်ဖြန့်ချိပေးရမည် ဖြစ်သည်။ စာပေလုပ်သားအဖွဲ့က စာမူများ ရွေးချယ်တည်းဖြတ်ပေးသည်။ ချင်းတွင်းက စာအုပ်ဖြစ်အောင် လုပ်ရသည်။ ထိုအခါ တိုက်ထိုင်အယ်ဒီတာ လိုလာတော့သည်။ မိမိကို လုပ်ဖို့ပြောသည်။ မိမိ မလုပ်ချင်ပါ။ အခြားကြောင့် မဟုတ်ပါ။ မဂ္ဂဇင်းသာ လုပ်မိလာလျှင် စာရေးလျော့သွားတတ်သည့် အစဉ်အလာကြောင့်ပင် ဖြစ်သည်။ သို့သော် နောက်ဆုံးတွင် မငြင်းသာသဖြင့် လက်ခံရသည်။ မိမိနှင့်အတူ တွဲလုပ်မည့် လူအဖြစ် မောင်သွေးသစ်ကို ရွေးရသည်။ စာပေလုပ်သားမဂ္ဂဇင်း စာဆိုတော် အထူးထုတ်။ ထို့နောက် အမှတ် ၁ နှင့် ၂ ကို ထုတ်ဝေပြီး အမှတ် ၃ ကို လုပ်ဆောင်နေစဉ်မှာပင် မိုးဝေကိစ္စ ပေါ်လာသည်။

ဒေါ်ညွန့်နှင့် စန်းစန်းဝေတို့ မိမိအိမ်သို့ ရောက်ရှိလာကြသည်။ အခြေအနေအရ မိုးဝေမဂ္ဂဇင်းကို မိမိပြန်လုပ်ပေးရန် ပြောသည်။ အခြေအနေ အရပ်ရပ်အရ မိမိသဘောတူရသည်။

လောလောဆယ် မိမိလက်ထဲတွင် စာပေလုပ်သား ရှိနေသည်။ မိုးဝေကိုလုပ်လျှင် မဂ္ဂဇင်းနှစ်စောင် ဖြစ်မည်။ တာဝန်ကြီးမည်။ သို့သော်လည်း စာပေလုပ်သားကို မိမိ မလုပ်တော့ဟု ဗြုန်းစားကြီးပြော၍ မဖြစ်နိုင်။ လူရှာဖို့အတွက် တစ်လတန်သည်၊ နှစ်လတန်သည် အချိန်ပေးရမည်။ သည်ကိစ္စများကို ချင်းတွင်းတိုက်မှ ဦးသိန်းလွင်နှင့် ပြောရမည်။

အရေးကြီးသော အလုပ်ကိစ္စများ တိုင်ပင်စရာရှိလျှင် မိမိတို့သည် မဂ္ဂဇင်းတိုက်တွင် ပြော၍မရပါ။ မဂ္ဂဇင်းတိုက်က လူများသည်။ ဧည့်များသည်။ အခြားတစ်နေရာသို့ သွားပြီး ပြောရသည်။ သို့ဖြင့် ထိုနေ့က ချင်းတွင်းသို့ မိမိရောက်ရှိလျှင် ရောက်ရှိချင်းပင်–

'ဦးသိန်းလွင်ရေ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် သွားရအောင်၊ ပြောစရာ တစ်ခု ရှိတယ်'

ယင်းသို့ဖြင့် ဦးသိန်းလွင်၊ မောင်သွေးသစ်နှင့် မိမိတို့ အပြင်သို့ ထွက်ကြသည်။ ထိုစဉ် ကိုတင်စိုး ရောက်လာသည်။ ကျွန်တော်တို့ ကိစ္စရှိ၍ အပြင်သွားဦးမည်၊ ခဏစောင့်ပါဆိုပြီး သူ့ကို တိုက်မှာ ထားခဲ့လျှင် ဖြစ်သည်။ သို့သော်–

'လာ ကိုတင်စိုး၊ ခင်ဗျားလာတာ အတော်ပဲ၊ ဒီကိစ္စ ခင်ဗျားလည်း သိသင့်တယ်'

သူ့ကို ကျွန်တော် ခေါ်ခဲ့သည်။ သူလည်း အူကြောင်ကြောင်ဖြင့် လိုက်ပါလာသည်။ လက်ဖက်ရည်ဆိုင်တွင် ထိုင်မိသောအခါ မိမိက–

'အမှန်တော့ ဒီကိစ္စကို ကျွန်တော်နဲ့ ဦးသိန်းလွင် နှစ်ယောက်တည်း ပြောကြဖို့ပါပဲ။ ဒါပေမဲ့ မောင်သွေးကလည်း ကျွန်တော်နဲ့ တွဲလုပ်မယ့်လူဆိုတော့ သိသင့်တယ်။ ကိုတင်စိုးကလည်း ကိုမိုးဝေရဲ့ မိတ်ဆွေရင်းတစ်ယောက်ဖြစ်ပြီး မိုးဝေမဂ္ဂဇင်းထုတ်တဲ့ကိစ္စမှာ ထောက်ခံအားပေးလာတဲ့ လူတစ်ယောက်ဆိုတော့ မိုးဝေမဂ္ဂဇင်းကိစ္စကို သူတို့နှစ်ယောက်ရှေ့မှာပဲ ဦးသိန်းလွင်ကို ကျွန်တော် ပြောမယ်'

မိုးဝေကို မိမိ ပြန်လည်လုပ်ဆောင်မည် ဆိုသောအခါ ဦးသိန်းလွင် ဝမ်းသာသည်။ အားပေးသည်။ ပုံနှိပ် ဖြန့်ချိရေး ကိစ္စအဝဝကို ချင်းတွင်းက လုပ်ဆောင်ပေးမည်ဟု တာဝန်ယူသည်။

သို့ဖြင့် မိုးဝေ မိမိ ပြန်လုပ်မည့်ကိစ္စ၊ မိုးဝေနှင့်ချင်းတွင်း တွဲဖက်လုပ်ဆောင်မည့်ကိစ္စတွင် ကိုတင်စိုး ဦးစွာ သိရှိခဲ့ရသည်။ အသိသက်သေ ဖြစ်ခဲ့ရသည်။

အမှန်တော့ မိမိနှင့် ချင်းတွင်းကို ဆယ်သွယ်ပေးသူမှာ ကိုတင်စိုးပင် ဖြစ်သည်။ သူက ရုပ်ရှင်ကောင်စီ အလုပ်အမှုဆောင်တစ်ဦး ဖြစ်သည်။ ရုပ်ရှင်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဖြစ်ခဲ့သည်။ တစ်နေ့တွင် မိမိရှိတတ်သော ၃၃ လမ်းသို့ သူ ရောက်ရှိလာပြီး ရုပ်ရှင်မဂ္ဂဇင်းအတွက် ဝတ္ထုရေးပေးရန် ပြောသည်။ မိမိက ချင်းတွင်းသို့ လာပေးမည်ဟု ကတိပြုလိုက်သည်။

သို့သော် မိမိ စာမူသွားပေးသောနေ့တွင် ချင်းတွင်းတိုက်မှာ သူ မရှိပါ။ ဦးသိန်းလွင်နှင့်သာ တွေ့ရသည်။ ဦးသိန်းလွင်က ဝမ်းသာအားရပင် စာမူကို လက်ခံယူပြီး စာမူခငွေကို တစ်ခါတည်း ထုတ်ပေးလိုက်သည်။ စာမူခငွေကို ငွေလက်ခံဖြတ်ပိုင်းတွင် မိမိကြိုက်သလောက်ရေးရန် ပြောသည်။

ဤသည်မှာ ကိုတင်စိုးနှင့် ပတ်သက်ပြီး မိမိနှင့် ဦးသိန်းလွင်တို့ ပထမဆုံးအကြိမ်တွေ့ရှိကြရခြင်းပင် ဖြစ်သည်။ ယင်း သိကျွမ်းမှုကို အခြေပြုပြီး စာပေလုပ်သားမဂ္ဂဇင်းကို ချင်းတွင်းမှ လုပ်ပေးဖြစ်ခဲ့သည် ဆိုလျှင်လည်း မှားမည် မထင်ပါ။

ကိုတင်စိုးသည် မိုးဝေမဂ္ဂဇင်း ပြန်လည် မွေးဖွားခြင်းကိစ္စတွင် ဦးစွာသိရှိပြီး လှိုက်လှဲစွာ ထောက်ခံအားပေးခဲ့သော်လည်း ထုံးစံအတိုင်းပင် သူကိုယ်တိုင်ကား ယနေ့အချိန်အထိ တစ်ပုဒ်တလေမျှ ပါဝင်ရေးသားဖြစ်ခြင်း မရှိသေးပါ။

ကိုတင်စိုး စာရေးဖြစ်ပါစေဟု မိမိအနေနှင့် အစဉ်ထာဝရ ဆန္ဒပြုလျက် ရှိရတော့သည်။

[ မိုးဝေ၊ မတ်၊ ဧပြီ၊ ၁၉၈၄ ]

# မိမိနှင့် အညာက စာရေးဆရာများ

၁

အချို့က မိမိကို မန္တလေးသားဟု ထင်ကြသည်။ မမှန်သော်လည်း မမှားပါ။ မိမိက မန္တလေးသားတစ်ယောက် မဟုတ်သော်လည်း မန္တလေးက စာရေးဆရာတစ်ယောက်ဟု ပြောနိုင်ပါသည်။ မိမိနည်းတူပင် မောင်သာနိုး၊ မောင်စွမ်းရည် စသူတို့လည်း မန္တလေးသားများ မဟုတ်ကြပါ။ မန္တလေးက စာရေးဆရာများသာ ဖြစ်ကြပါသည်။ သည့်ထက်ပို၍ ပြောရလျှင် ဆရာကြီး ရွှေဥဒေါင်း၊ ဆရာဦးဆန်းထွန်း၊ လူထု ဦးလှတို့လည်း မန္တလေးသားများ မဟုတ်ကြပါ။ မန္တလေးက စာရေးဆရာများသာ ဖြစ်ပါသည်။

မိမိသည် မန္တလေးတွင် ပညာသင်ကြားပြီး မန္တလေးတွင် စာပေလေ့လာကာ မန္တလေးမှနေ၍ စာပေလောကထဲသို့ ဝင်ရောက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ မြစ်ကြီးနားသည် မိမိ၏ ဇာတိဖြစ်ပြီး မန္တလေးသည် မိမိ ပဝတ္တိတည်း။

၁၉၄၆ခု နှစ်တွင် မိမိတို့မိသားစု မန္တလေးသို့ ရောက်ရှိသည်။ အင်္ဂလိပ်လို အတိုကောက် ဘီတီအင်ဟု လည်းကောင်း၊ မြန်မာလို အတိုကောက် ဗုဒ္ဓဘာသာကျောင်းဟု လည်းကောင်း ခေါ်သော ဗုဒ္ဓသာသနာ့ နုဂ္ဂဟ အထက်တန်းကျောင်းတွင် မိမိ ပညာသင်ကြားခဲ့သည်။ ဤကျောင်းသည် အမျိုးသားရေးနှင့် သမိုင်းအစဉ်အလာကြီးမားသောကျောင်း ဖြစ်သည်။

လူထု ဦးလှ ( ၁၉၁၀–၈၂ )



၁၉၅၃ ခုနှစ်တွင် ရန်ကုန်သို့ မိမိ ဆင်းသည်။ သို့ဖြင့် မန္တလေးတွင် မိမိ နှစ်နှစ်သာ နေခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် ထိုနှစ်နှစ်သည် မိမိအတွက် အရေးပါသောနှစ်များ ဖြစ်သည်။ ဘဝ အခြေခံနှစ်များ ဖြစ်သည်။ ထို့အပြင် မိမိတစ်ယောက်တည်း ရန်ကုန်သို့ ရောက်ရှိသွားသော်လည်း မိမိဖခင်နှင့် မိသားစုသည် မန္တလေးမှာပင် ရှိနေသည်။ ထို့ကြောင့် မိမိ၏ဖခင် ကွယ်လွန်သော ၁၉၇၆ ခုနှစ်အထိ မန္တလေးသည် မိမိ၏ မိဘများ နေထိုင်ရာမြို့ ဖြစ်သည်။ မိမိနှင့် ဆက်သွယ်လျက် ရှိခဲ့သည်။

မိမိသည် မန္တလေးမြို့တွင် နေထိုင်ရင်း ကျောင်းသားအဖွဲ့အစည်း၊ လူငယ်အဖွဲ့အစည်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ စာပေအဖွဲ့အစည်းတို့တွင် ပါဝင်ခဲ့ရသည်။ ထို့မှမက မန္တလေးမြို့တွင်ရှိသော စာရေးဆရာများနှင့် သိကျွမ်းရင်းနှီးခဲ့ရသည်။ အသက်အရွယ်၊ ဝါနှင့် အတွေ့အကြုံ ကြီးမားသော ဆရာကြီးများထံတွင် နည်းနာခံခဲ့ရသည်။ မိမိနှင့် ခေတ်ပြိုင်ဖြစ်သော ကလောင်သစ်များနှင့်အတူ စာပေလောကထဲသို့ လက်တွဲ တိုးဝင်ခဲ့ရသည်။

ထိုစဉ်က မန္တလေးမြို့တွင် ထင်ရှားနေသော စာရေးဆရာများမှာ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာဦးဆန်းထွန်း၊ ဆရာပြမျိုးလွင်၊ လူထုဦးလှ ၊ ဒေါ်အမာ၊ သူရ (ရှမ်းပြည်)၊ ဆရာကြည်မြ၊ ဆရာနှင်းဦး၊ ဆရာမကြီးဒေါ်မာလာ၊ ဆရာမကြီး အမ်အေဒေါ်အုံး၊ ရဲဘော်နေအောင် စသူတို့ ဖြစ်ကြပါသည်။ ထင်ရှားသော သတင်းစာဆရာကြီးများလည်း ရှိကြပါသည်။

သည်အထဲတွင် ထူးဆန်းသည်ဟု ပြောရမည်လား မသိ။ မိမိ မန္တလေးတွင် နေခဲ့စဉ် အတွင်းတွင် လည်းကောင်း၊ သည့်နောက်ပိုင်း ကာလတွင် လည်းကောင်း၊ ယနေ့တိုင်အောင် သော်လည်းကောင်း မိမိအနေနှင့် အကြောင်းမကြုံကြိုက်သဖြင့် သိကျွမ်းရင်းနှီးခွင့် မရှိသော စာရေးဆရာကြီး၊ ဆရာမကြီးများ ရှိခဲ့ပါသည်။

ဆရာကြီး ပြမျိုးလွင်၏ အိမ်သည် မိမိနေသော ဗုဒ္ဓဘာသာကျောင်းနှင့် ဘေးချင်းကပ် ဖြစ်ပါသည်။ မိမိ ၁၃ နှစ်အရွယ် ပဥ္စမတန်းကတည်းကပင် ကျောင်းစာကြည့်တိုက်မှ စာအုပ်များကို ဖတ်နေပြီ ဖြစ်သည်။ ကျောင်းလက်ရေးစာစောင်တွင် ပါဝင်ရေးသားနေပြီ ဖြစ်သည်။ သည်အချိန်ကတည်းကပင် မိမိသည် စာရေးဆရာကြီးများကို လေးစားကြည်ညိုပြီး တွေ့မြင်သိကျွမ်းလိုနေပြီ ဖြစ်သည်။ ကျောင်းဝင်းတစ်ဖက်ရှိ အိမ်ဝင်းငယ်ထဲမှ စာရေးဆရာကြီးကို အကြိမ်ပေါင်းများစွာ မိမိ ကြည့်ခဲ့ပါသည်။ စစ်ပြီးခေတ်တွင်မှ ထွက်လာသော ဆရာကြီး၏ **မိန်းမရှာနှင့် နဝေတိမ်တောင်** စသော ဝတ္ထုများကို ဖတ်ရပါသည်။ သို့သော် ဆရာကြီးနှင့် လူချင်းသိကျွမ်းပြီး ရင်းနှီးခွင့်ကား မရခဲ့ပါ။

ထို့အတူပင် ဆရာမကြီးဒေါ်မာလာနှင့် ဆရာမကြီး ဒေါ်အုံးတို့နှင့်လည်း သိကျွမ်းခြင်း မဖြစ်ခဲ့ရပါ။ စက်ဘီးတစ်စင်းနှင့် မြို့ပေါ်တွင် သွားလာနေသော ဆရာမကြီး

ဒေါ်မာလာကို အကြိမ်များစွာ ငေးမောပြီး ကြည့်မိပါသည်။ သည်လို ပိန်ပိန်ပါးပါး မိန်းမတစ်ယောက်က ဘယ်လိုလုပ်ပြီး ဝတ္ထုတွေ ရေးသနည်းဟုလည်း အံ့ဩမိပါသည်။

အကြောင်းတိုက်ဆိုင်၍ ပြောရလျှင်ကား ဆရာတော် ဦးသောဘိတ (ရွှေကိုင်းသား)ကိုလည်း တစ်ကြိမ်တစ်ခါမျှ ကြုံကြိုက်ဖူးမျှော်ခဲ့ရခြင်း မရှိပါ။

မန္တလေးမြို့တွင် မိမိ ပထမဆုံး လူချင်း တွေ့ဆုံရင်းနှီးရသော စာရေးဆရာကြီးမှာ ဦးလေးလှ (လူထုဦးလှ) ပင် ဖြစ်ပါသည်။

၁၉၅၁ ခုနှစ် နိဝင်ဘာလ၏ အေးမြသော တစ်နံနက်ခင်းတွင် ဖြစ်သည်။ မိမိသည် စီးလာသော ဟမ်းဘားစက်ဘီးကို လူထုတိုက်ရှေ့တွင် သော့ခတ်ထားရှိပြီးနောက် တိုက်တွင်းသို့ ဝင်ရောက်သွားသည်။ အသားဖြူဖြူ လူတစ်ယောက်ကို စာနယ်ဇင်းများ ရောင်းချသော ရှေ့ခန်းတွင် တွေ့ရှိသောအခါ မိမိက ခပ်တည်တည်ပင်–

'ဦးလှနဲ့ တွေ့ချင်လို့ပါ'

အသားဖြူဖြူလူက မိမိကို မျက်မှောင်ကုပ်ကြည့်ပြီး–

'ဘာကိစ္စ ရှိလို့လဲ'

'သူ့မိတ်ဆွေတစ်ယောက်က စာပေးလိုက်လို့ပါ'

'စာပေးရင် ဒီမှာ ပေးထားခဲ့ပါ'

'သူနဲ့ လူချင်းတွေ့ပြီး ပေးမှ ဖြစ်မယ်'

အသားဖြူဖြူလူက မိမိကို ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး–

'ခင်ဗျားက ဘယ်သူလဲ'

'ကျောင်းသားတစ်ယောက်ပဲ'

ထိုလူ ခဏမျှ တုံ့ဆိုင်းနေပြီးနောက်–

'ခဏစောင့်ဦး'

သူ အတွင်းဘက်သို့ ဝင်သွားသည်။ စာအုပ်ဗီရိုထဲမှ စာအုပ်များကို မိမိ ကြည့်နေသည်။ အတော်ကြီးကြာမှ အသားဖြူဖြူလူ ပြန်ထွက်လာပြီး–

'အထဲကို ဝင်ပါ'

ဆင်နားရွက်တံခါးကို ဖွင့်ပြီး အထဲကို ဝင်စေသည်။ အခန်းထဲတွင် မည်သူမျှ မရှိပါ။ စာရေးစားပွဲတစ်လုံး ရှိသည်။ နံရံတွင် စီထားသော လက်တင် ကုလားထိုင်များ၊ ဆိုဖာများ ရှိသည်။ နံရံတွင် ပန်းချီကားများ ရှိသည်။ အသားဖြူဖြူလူ အခန်းထဲသို့ ဝင်လိုက်မလာပါ။ သို့ဖြင့် မိမိတစ်ယောက်တည်း အခန်းထဲတွင် ကြောင်တက်တက်ဖြင့် မတ်တတ်ရပ်နေရသည်။

အတန်ကြာမှ အတွင်းဘက် တံခါးပေါက်မှ လူတစ်ယောက် ဝင်လာသံ ကြား ရသဖြင့် မိမိ လှည့်ကြည့်လိုက်သည်။ စပို့ရှပ်အဖြူ ပုဆိုးအဖြူ ဝတ်ထားသော ဦးလေးလှ ဖြစ်သည်။

'ထိုင်ပါ ထိုင်ပါ'

ဦးလေးလှက ပြုံးချိုသောမျက်နှာ၊ လှိုက်လှဲသောလေသံဖြင့် ပြောသည်။ ကုလားထိုင် တစ်လုံးတွင် မိမိ ထိုင်လိုက်သည်။ ဦးလေးလှက မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်သည်။

အမှန်တော့ ထိုအခန်းသည် ဧည့်ခန်းဆိုလည်း ဟုတ်သည်။ စာရေးခန်း ဆိုလည်း ဟုတ်သည်။ ဦးလေးလှနှင့် ဒေါ်ဒေါ် (ဒေါ်အမာ) တို့ နှစ်ယောက် တစ်ယောက်မဟုတ် တစ်ယောက် ဆိုသလို ထိုစားပွဲတွင် စာရေးနေလေ့ရှိသည်။ တခြား အယ်ဒီတာများ၏ အခန်းသည် စောစောက ဦးလေးလှ ထွက်လာသောအခန်းပင် ဖြစ်သည်။ ထိုအယ်ဒီတာ အခန်းမှ ထွက်လျှင် အပေါ်ထပ်သို့တက်သော လှေကားရှိသည်။ အယ်ဒီတာခန်းတွင် စာစီခန်းနှင့် စက်ခန်းသို့ထွက်သော တံခါးပေါက်တစ်ပေါက်လည်း ရှိသည်။ နောက်ပိုင်းတွင် မိမိတို့သည် အယ်ဒီတာခန်းသို့ ဝင်လိုလျှင် ရှေ့ပိုင်းစာအုပ်ဆိုင်နှင့် ဦးလေးလှတို့၏ အခန်းကို မဖြတ်ဘဲ ဘေးတံခါးပေါက်မှ ဝင်လေ့ရှိသည်။

စောစောက အသားဖြူဖြူနှင့် လူသည် အပေါ်ထပ်တွင် ရှိနေသော ဦးလေးလှကို ကျောင်းသားတစ်ယောက်က တွေ့လိုကြောင်း သွားပြောဟန် ရှိသည်။ ဦးလေးလှက ဧည့်ခန်းတွင် စောင့်ခိုင်းထားဖို့ ပြောပြီး အိမ်ပေါ်မှ ဆင်းလာဟန် ရှိသည်။

'ဆိုပါဦးကွယ်၊ ဘာကိစ္စ ရှိလို့လဲ'

ဦးလေးလှက မေးသည်။ သည်တော့မှ မိမိ သတိရပြီး အိတ်ထဲမှ စာအိတ် တစ်အိတ်ကို ထုတ်ပေးလိုက်သည်။ မြင်းခြံဘက်သို့ မိမိ သွားရောက်စဉ် ဦးလေးလှ၏ မိတ်ဆွေတစ်ယောက်က စာပေးလိုက်ခြင်း ဖြစ်သည်။ ဦးလေးလှက စာအိတ်ကိုဖောက်ပြီး အတွင်းမှ စာကို စိတ်ဝင်စားစွာ ဖတ်နေသည်။

ဦးလေးလှ စာဖတ်နေစဉ်တွင် အခန်းတွင်းသို့ အမျိုးသမီးတစ်ယောက် ဝင်လာပြီး မိမိရှေ့တွင် ကော်ဖီပန်းကန် ချသည်။

'သောက်ပါဦးကွယ့်'

ဦးလေးလှက စာဖတ်နေရာမှ ပြောသည်။ စာမှာ တော်တော်ကလေး ရှည်သည်။ ဖူလ်စကပ်စာရွက်နှင့် သုံးရွက်ခန့် ရှိမည်။ မိမိသည် ဦးလေးလှ စာဖတ်သည်ကို စောင့်ရင်း ကော်ဖီကို ဖြည်းဆေးစွာ သောက်နေမိသည်။

ကော်ဖီကုန်ချိန်တွင် ဦးလေးလှသည် စာဖတ်၍ ပြီးသွားသည်။ သူက စာရွက်များကို သေသေချာချာခေါက်ပြီး စာအိတ်တွင်းသို့ ပြန်ထည့်ထားရင်း –

'တခြား ဘာမှာလိုက်သေးလဲ'

'ကျွန်တော့်ကို စာအုပ်တွေပေးရင် သူ့ဆီ ပို့ပေးပါလို့ ပြောတယ်'

'မင်းက အဲဒီကို ပြန်မှာလား'

'မဟုတ်ပါဘူး၊ ကျွန်တော်က မန္တလေးကပါ။ သူ့ဆီကို လူကြုံနဲ့ ပို့ပေးရမှာပါ'

'ဟုတ်ပြီလေ၊ ဒါဆိုရင် ခဏစောင့်ဦး။ စာအုပ်တွေ ထုပ်လိုက်ဦးမယ်'

ဦးလေးလှ အပြင်ဘက်ခန်းသို့ ထွက်သွားသည်။ အတန်ကြာသောအခါ ပြန်ဝင်လာပြီး စောစောက ကုလားထိုင်တွင် ထိုင်သည်။ ထိုအခါ မိမိက အိတ်ထဲမှ နောက်ထပ် စာအိတ်တစ်အိတ်ကို ထုတ်ယူကာ သူ့ကို ပေးသည်။ သူက နားမလည်ဟန်ဖြင့် မိမိကို ကြည့်သောအခါ–

'ကျွန်တော် ရေးထားတဲ့ ဆောင်းပါးကလေးပါ၊ လူထုဂျာနယ်အတွက်ပါ'

'ဪ ဪ၊ မင်းက စာရေးသလား'

ဦးလေးလှက စာအိတ်ကိုယူပြီး အထဲမှစာမူကို ထုတ်ယူကြည့်ရှုရင်း မေးသည်။

'ဟုတ်ကဲ့၊ ကျွန်တော် စာရေးဝါသနာ ပါပါတယ်၊ ရန်ကုန်က မဂ္ဂဇင်းတစ်ခုနှစ်ခုထဲမှာတော့ နှစ်ပုဒ် သုံးပုဒ် ပါဖူးပါပြီ'

ထို့နောက် ဦးလေးလှက မိမိ၏အမည်၊ မိမိ၏မိဘ၊ မိမိ၏ နေရပ်လိပ်စာတို့ကို မေးသည်။ ထို့နောက် မိမိကို စာရေးရန်၊ ကြိုးစားရန် အားပေးတိုက်တွန်းသည်။

အတန်ကြာသောအခါ အသားဖြူဖြူနှင့်လူ အထုပ်တစ်ထုပ်နှင့် ဝင်ရောက်လာသည်။ စာအုပ်ထုပ် ဖြစ်သည်။ ဦးလေးလှက မိမိကို စာအုပ်ထုပ် ပေးသည်။ မိမိ နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

နောက်တစ်ပတ်ခန့် အကြာတွင် **လူထုဂျာနယ်** ထွက်လာသောအခါ မိမိ ဆောင်းပါး ပါလာသည်ကို တွေ့ရသည်။

လူထုတွင် မိမိ ပထမဆုံးရေးသော စာမူပင်ဖြစ်သည်။ ၁၉၅၁ ခုနှစ် ဒီဇင်ဘာလထုတ် လူထုဂျာနယ် အမှတ် ၂၀ ဖြစ်သည်။

မိမိ စာမူပါသော ဂျာနယ်ကို သွားယူသောအခါ ဦးလေးလှက မိမိကို ဒေါ်ဒေါ်၊ ဦးဆန်းထွန်း၊ သူရ (ရှမ်းပြည်) တို့နှင့် တွေ့ပေးသည်။ သူတို့ကလည်း မိမိကို စာရေးရန်၊ ကြိုးစားရန် အားပေးတိုက်တွန်းကြသည်။

ဒုတိယအခေါက် စာမူသွားပေးသောအခါ ဦးလေးလှနှင့် ဒေါ်ဒေါ်တို့ကို မတွေ့ရပါ။ ဆရာဦးဆန်းထွန်းကိုသာ တွေ့ရသည်။ သို့ဖြင့် မိမိ၏ဆောင်းပါးကို ဦးဆန်းထွန်းလက်သို့ ပေးခဲ့သည်။ ဆရာဦးဆန်းထွန်းကပင် မိမိ၏ဆောင်းပါးကို ဖတ်ရှုတည်းဖြတ်ပြီး ဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

သည့်နောက်ပိုင်းတွင်ကား လူထုဂျာနယ်၌ ပါရှိသော မိမိ၏ဆောင်းပါးများ၊ ဝတ္ထုများကို ဦးဆန်းထွန်းကသာ ရွေးချယ်တည်းဖြတ်ခဲ့ပါသည်။ ဦးဆန်းထွန်း အလုပ်ထွက်သွားသည့် နောက်ပိုင်းတွင်ကား သူရ (ရှမ်းပြည်) က ရွေးချယ် တည်းဖြတ်ပါသည်။ ညှိနှိုင်းတိုင်ပင်ရန် လိုအပ်သော အခါတွင်မှသာ ဦးလေးလှနှင့် ဒေါ်ဒေါ်တို့ကို ညှိနှိုင်းတိုင်ပင်ပါသည်။

မိမိသည် လူထုဂျာနယ် အမှတ် ၂၀ မှသည် လူထုဂျာနယ် ရပ်ဆိုင်းသွားသည်အထိ ဝတ္ထု၊ ဆောင်းပါး ၂၆ ပုဒ် ပါဝင်ရေးသားခဲ့ပါသည်။ မိမိ၏ စာမူများကို တစ်ကြိမ်တစ်ခါမျှ ပယ်ခဲ့ဖူးသည် မရှိပါ။ တစ်ကြိမ်တွင်သာ မိမိ၏ ဆောင်းပါးတစ်ပုဒ် စက်ပေါ်ရောက်ရှိနေချိန်တွင်မှ ဦးလေးလှ ဖတ်ရှုမိပြီး အကြောင်းကြောင်းကြောင့် အခန်းတစ်ခန်းကို ဖြုတ်ပယ်ခဲ့သည်။

ယင်းကြောင့်ပင် အချို့က မိမိ မန္တလေးသား စာရေးဆရာတစ်ယောက်ဟု မှတ်ယူနေရုံမက "လူထု" တိုက်ထွက် စာရေးဆရာတစ်ယောက်ဟုလည်း မှတ်ယူနေကြခြင်းပင် ဖြစ်တော့သည်။

အမှန်အတိုင်း ပြောရလျှင်လည်း မောင်သာနိုး၊ တက္ကသိုလ်ဝင်း၊ မောင်စွမ်းရည်၊ မောင်သစ်လွင် (လူထု)နှင့် မိမိတို့သည် လူထုတိုက်ထွက် အညာသား စာရေးဆရာများပင် ဖြစ်ကြပါသည်။

## ၂

၁၉၄၉ ခုနှစ် မန္တလေးမြို့တွင်း လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပြီးနောက် မိမိသည် ကျောင်းသားလောကနှင့် အနည်းငယ် အဆက်ပြတ်သလို ရှိသွားသည်။ မုန်တိုင်းထန်သော ၄၉ သည် လူငယ်တွေ တော်တော်များများ၏ ဘဝကို ပြောင်းလဲပစ်လိုက်သည်။ မိမိလည်း ကိုယ်ဝါသနာပါသော စာဖတ်ခြင်းနှင့် စာရေးခြင်းတွင် နစ်မြုပ်နေမိသည်။

မိမိတို့ အရပ်ထဲတွင် စာကြည့်သင်းတစ်ခု ရှိသည်။ **ဒီဘိုးကိုးတာ စာကြည့်သင်း** ဖြစ်သည်။ ထိုအချိန်က မန္တလေးမြို့တွင် ထင်ရှားသော စာကြည့်သင်းနှစ်ခုအနက် တစ်ခု ဖြစ်သည်။ စာအုပ် များသည်။ စာအုပ် စုံသည်။ စည်းစနစ် ကျသည်။ စည်းလုံးညီညွတ်သည်။ ဒီဘိုးကိုးတာ စာကြည့်သင်းသည် မိမိ၏ စာပေတက္ကသိုလ်ပင် ဖြစ်တော့သည်။

တစ်နေ့တွင် ဒီဘိုးကိုးတာ စာကြည့်သင်းမှ ကိုဝေသူ ဆိုသူထံသို့ ဂန္တန်ရပ်ရှိ မန္တလေးခရိုင် ကျောင်းသားများရုံးခန်းတွင် ပြုလုပ်မည့် "အထက်ဗမာနိုင်ငံ ကလောင်လူငယ်များ အဖွဲ့ချုပ်"ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာတစ်စောင် ရောက်ရှိလာသည်။ ဖိတ်စာ လာပို့သူနှစ်ဦးသည် မောင်သာနိုးနှင့် မောင်ထွန်းစိန် ဆိုသော ကျောင်းသားနှစ်ဦး ဖြစ်သည်။ စက်ဘီးတစ်စီးဖြင့် လာရောက်ကြခြင်း ဖြစ်သည်။

ဝေသူ ဆိုသည်မှာ အခြားမဟုတ်။ မိမိ၏ ကလောင်ခွဲတစ်ခုပင် ဖြစ်သည်။ မိမိသည် ကျောင်းလက်ရေးစာစောင်၊ စာကြည့်တိုက် လက်ရေးစာစောင်တို့တွင် ကလောင်အမည် အမျိုးမျိုးဖြင့် ရေးခဲ့သည်။ မန္တလေးမြို့တွင် ကျင်းပသော ကျောင်းသားလူငယ်

ပွဲတော်တွင် ဝေသူ ကလောင်အမည်ဖြင့် ဝင်ပြိုင်ခဲ့သည်။ လိပ်စာကို ဒီဘိုးကိုးတာ စာကြည့်အသင်းမှ တစ်ဆင့်ပေးခဲ့သည်။

ယင်းကြောင့်ပင် ကလောင်သစ် လူငယ်ပွဲ့စည်းရေးအတွက် ကျောင်းသားလူငယ် စာပေပြိုင်ပွဲသို့ ဝင်ရောက်သူများကို ဖိတ်ကြားရာတွင် ဝေသူလည်း ပါဝင်နေခြင်းပင် ဖြစ်တော့သည်။

အစည်းအဝေး ကျင်းပသည့်နေ့တွင် မိမိ သွားရောက်သည်။ အစည်းအဝေးသို့ တက်ရောက်သူ တစ်ဆယ့်ခြောက်ဦးတိတိ ရှိသည်။ သို့သော် ထို ၁၆ ဦးစလုံးကိုပင် အမှု ဆောင်အဖြစ် ရွေးကောက်ကာ "အထက်ဗမာနိုင်ငံ ကလောင်သစ်အဖွဲ့ချုပ်" ကြီးကို ဖွဲ့စည်းလိုက်သည်။ ထိုအချိန်က ရန်ကုန်မြို့မှ အသင်းတစ်ခု ဖွဲ့စည်းလျှင် "ဗမာနိုင်ငံလုံး ဆိုင်ရာ" ဖြစ်ပြီး မန္တလေးမှ ဖွဲ့လျှင် "အထက်ဗမာနိုင်ငံလုံးဆိုင်ရာ" ဖြစ်သည်။

ထိုစဉ်က မန္တလေးမြို့တွင် စာပေအဖွဲ့အစည်း သုံးခုရှိသည်။ ရွှေဒေါင်း၊ ဦးလှ၊ ဒေါ်အမာ၊ ရဲဘော်နေအောင်တို့ ပါဝင်သော "အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း"။ မြမျိုးလွင်၊ ကြည်မြ၊ နှင်းဦး၊ မာလာတို့ ပါဝင်သော "မန္တလေး စာရေးဆရာအသင်း"။ လူငယ်တွေ ဖွဲ့စည်းသော "အထက်ဗမာနိုင်ငံ ကလောင်သစ်အဖွဲ့ချုပ်"တို့ပင် ဖြစ်သည်။

ကလောင်သစ်အဖွဲ့တွင် ပါဝင်လာသူများမှာ စာနိုင်ငံ ဝင်းမြင့်၊ ကိုညွန့်ဝေ (နောင်အခါ မင်းသူရိန်)၊ စစ်ကိုင်းအေးလွင်၊ တက္ကသိုလ်ဝင်း၊ မောင်သာနိုး၊ တက္ကသိုလ် မောင်ထွန်းဝေနှင့် မိမိ ဖြစ်သည်။ အခြားသူများမှာ စာပေဝါသနာပါသူများ၊ အဖွဲ့အစည်း ဝါသနာပါသူများသာဖြစ်ပြီး နောင်အခါတွင် စာပေနှင့် အကြောင်းအားလျော်စွာ ဝေးကွာ သွားကြပါသည်။ ထိုအချိန်က ရန်ကုန်စာနယ်ဇင်းများတွင် ပါဝင်စ ပြုနေသူများမှာ မောင်သာနိုး၊ စစ်ကိုင်းအေးလွင်နှင့် မိမိတို့ ဖြစ်သည်။ မောင်သာနိုးက မောင်သိင်္ဂါ အမည်ဖြင့် သွေးသောက်တွင် ဘာသာပြန်ဝတ္ထုများ ပါနေသည်။ စစ်ကိုင်းအေးလွင်နှင့် မိမိတို့က စုံထောက်တွင် ရေးနေကြသည်။ အခြားသူများမှာ လူထုဂျာနယ်နှင့် မန္တလေး ထုတ် စာနယ်ဇင်းများတွင် ကလောင်သွေးနေကြဆဲ ဖြစ်သည်။

အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းနှင့် စင်ပြိုင်လိုဖြစ်နေသော မန္တလေး စာရေးဆရာအသင်းမှ ကိုကြည်မြနှင့် ကိုနှင်းဦးတို့သည် မိမိတို့ ထုတ်ဝေသော စာစောင် များတွင် ပါဝင်ကူညီ ရေးသားကြသည်။ ကိုကြည်မြမှာ ထိုအချိန်က သတင်းစာ အယ်ဒီတာ တစ်ဦးဖြစ်ပြီး ကိုနှင်းဦး (ကွယ်လွန်)က အထူး သတင်းထောက်လှမ်းရေး တပ်ဖွဲ့မှ ဖြစ်သည်။ တစ်နည်း ပြောရလျှင် ကျောင်းသားလူငယ်များကို စောင့်ကြည့် နေရသော စုံထောက်အရာရှိ တစ်ဦးပင် ဖြစ်သည်။

နောက်ပိုင်းတွင် မိမိနှင့် အများဆုံး တွဲဖြစ်သူများမှာ တက္ကသိုလ်ဝင်းနှင့် စစ်ကိုင်း အေးလွင်တို့ပင် ဖြစ်သည်။ မိမိသည် မောင်သာနိုး၊ ကိုအောင်ကျော် (မောင်ကြာညို)တို့နှင့်

သည်း အများကြီး တွဲဖြစ်ခဲ့သည်။ သို့သော် မိမိတို့သုံးယောက်တွင် ကိုအောင်ကျော်က ငြေးကြီးကမ်းကြီးသမား ဖြစ်သည်။ မိမိနှင့် မောင်သာနိုးက ပေပေတေတေသမားများ ဖြစ်ကြသည်။ မိမိနှင့် မောင်သာနိုးသည် စက်ဘီးတစ်စီးဖြင့် မန္တလေးမြို့၏ ညများစွာကို ဖြတ်ကျော်ခဲ့ကြသည်။ ခိုက်ခိုက်တုန်အေးသော ဆောင်းညများတွင်လည်း ကုတ်အင်္ကျီ မပါရှိဘဲ အင်္ကျီလက်တိုကလေးများဖြင့် ညဉ့်နက်သန်းခေါင်အထိ သဝေထိုးခဲ့ကြသည်။

သို့သော် နောက်ပိုင်းတွင် ကိုအောင်ကျော်က ရန်ကုန်တက္ကသိုလ်သို့ ပြောင်းသွားသည်။ မောင်သာနိုးမှာလည်း သူ၏အချိန်များကို အဖွဲ့အစည်း လုပ်ငန်းများတွင် အချိန်ပြည့်လို ပေးနေရသည်။ စစ်ကိုင်းအေးလွင်၊ တက္ကသိုလ်ဝင်းနှင့် မိမိတို့သည်ကား စာပေဘက်တွင် ပိုပြီး အားသန်နေကြသည်။ ကိုအေးလွင်ကား အဖွဲ့အစည်းများတွင် ပါဝင်သူ မဟုတ်။ သူက စာသမားသက်သက်။ သူက စစ်ကိုင်းဘက်တွင် နေသည့်အခါလည်း ရှိသည်။ မန္တလေးမှာ နေသည့်အခါလည်း ရှိသည်။ သို့သော် ဘယ်မှာပဲနေနေ မနက်မိုးလင်းလျှင် မိမိတို့စုဝေးရာ လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာတတ်သည်။ စာအကြောင်း ပေအကြောင်း ပြောဆိုကြရသည်။

တက္ကသိုလ်ဝင်းက သစ်ကုန်သည်သား ဖြစ်သည်။ တစ်နေ့ မုန့်ဖိုး ငါးကျပ်သည်ကို ဘယ်လို ကုန်အောင်သုံးရမှန်း မသိဟု ဆိုသည်။ ရင်ဘတ်တွင် ရွှေကြယ်သီးကြီး၊ လက်တွင် ရွှေလက်ပတ်ကြိုးကြီးဝတ်ပြီး မောင်သာနိုးတို့နှင့်အတူ ကျောင်းသားသမဂ္ဂများတွင် ပါနေသည်။ မိမိတို့နှင့်အတူ စာပေဝိုင်းတွင် ရောက်ရှိနေသည်။ သူက အာကျယ် အာကျယ် ပြောတတ်သည်။ သစ်လုပ်သားများအကြောင်း ကြိုးစားပြီး ရေးဖွဲ့နေသည်။ ယခုတော့ သူလည်း စာမရေးတော့။

လူထု ဒေါ်အမာ ( ၁၉၁၅- )



သည်တုန်းက မောင်စွမ်းရည့် မရှိသေး။ အလုံးအထည် မဖြစ်သေး။ ရှိခဲ့လျှင် သန္ဓေသားလောက်သာ ဖြစ်ပေဦးမည်။

မန္တလေးမှ မိမိ တစ်ကျော့ပြန်လာပြီး ကွင်းကျောင်းလမ်းရှိ ကိုတင့်ဆန်းအိမ်တွင် နေခိုက် ထိုအိမ်ကလေးသို့ လူငယ်တစ်ယောက် ရောက်ရှိလာသည်။ မန္တလေးတက္ကသိုလ်မှ ကျောင်းသားတစ်ယောက်ဟု ဆိုသည်။ မန္တလေးတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူ လာတောင်းကြခြင်း ဖြစ်သည်။ နောင်အခါတွင်မှ မောင်စွမ်းရည်က ပြန်ပြော သည်။ ထိုစဉ်က လာရောက်သူမှာ သူဟု ဆိုသည်။

မန္တလေးမြို့ ဓမ္မဗိမာန်တွင် လူစုလူဝေးနှင့် စီစီညံညံ ဆင်လမ်းဖောက်ကြသော အခါတွင်မှ မောင်စွမ်းရည် ဟူသော အမည်ကို မိမိ ဂရုပြုမိခြင်း ဖြစ်သည်။ မောင်စွမ်းရည် သည် မန္တလေးမြို့မှနေ၍ မိုင် ၃၀၀ ကျော် ဝေးကွာသော ရန်ကုန်မြို့ကြီးဆီသို့ လှမ်းပြီး ဗျောက်အိုးများဖြင့် ပစ်ဖောက်လျက်ရှိသည်။ မိမိရှိရာသို့ပင် ရည်မှန်းပြီး ဗျောက်အိုး တစ်လုံး နှစ်လုံး ပစ်လိုက်သေးသည်။ အသံသဲ့သဲ့တော့ ကြားလိုက်မိသလို ရှိသည်။

ထားတော့။ မောင်စွမ်းရည်လည်း နောက်ဆုံးတွင် ရန်ကုန် ရောက်လာတော့ သည်။ သည်တော့မှပင် သူနှင့် မိမိ လူချင်းသိရသည်။ ရင်းနှီးခင်မင်ရသည်။ စာပေ ဟောပြောပွဲများတွင် ခရီးအတူ သွားဖူးရသည်။ ပွင့်ပွင့်လင်းလင်း ငြင်းခုံရသည်။

မောင်သစ်လွင် (လူထု) နှင့် မိုးကြည်တို့မှာလည်း နောင်အခါမှ သိရှိကြရသူများ ဖြစ်သည်။

ယခုအခါတွင် ဆရာဦးဆန်းထွန်းနှင့် ဆရာကြည်မြတို့လည်း ရန်ကုန်သို့ ရောက် ရှိနေကြပြီ ဖြစ်သည်။ မန္တလေးမှာ အရင်တုန်းက လူတွေ မကျန်တော့သလောက်ပင် ဖြစ် သည်။ သို့သော် ရေအလျဉ်သည် မည်သည့်အခါတွင်မှ ရပ်နေသည် မရှိပါ။

နောင်တစ်ချိန်တွင် ထွန်းတောက်လာမည့် စာရေးဆရာများ၊ ကဗျာဆရာများ သည် မန္တလေးမြို့တွင် အင်နှင့်အားနှင့် သန္ဓေတည်လျက် ရှိကြသည်။ အချို့သည် အတောင်အလက်များစုံပြီး စာပေကောင်းကင်ပြင်ကြီးတွင် ဝင့်ကြွားစွာ ပျံသန်းစ ပြုနေကြ ပြီ ဖြစ်သည်။

နောင်တစ်ချိန်တွင် အညာက စာရေးဆရာများအကြောင်း ရှည်လျားစွာ ရေးသား ရပေဦးမည်။

[ မိုးဝေ၊ မေ၊ ဇွန်၊ ၁၉၈၄ ]

# မိမိ နှင့် လင်းယုန်နီ

## (က)

လင်းယုန်နီ ဟူသောအမည်ကို ပြောလိုက်လျှင် The Red Eagle ဟူသော နိုင်ငံခြား ဝတ္ထုကို ဘာသာပြန်ဆိုထားသည့် စာအုပ်အမည်လားဟု စာဖတ်သူများက မေးကောင်း မေးတန်ရာသည်။

လင်းယုန်နီ စာမရေးသည်မှာ ကြာပြီ။ ကြာတောင်း ကြာလှပါပြီ။ အတိုလည်း မရေးပါ။ အရှည်လည်း မရေးပါ။ သူ့စာအုပ်ဟူ၍လည်း တစ်အုပ်မှ ထွက်မလာပါ။ အကြာကြီး ကြာပါပြီ။ မိမိတို့ပင် သူ့ကို မေ့လျော့နေမိကြသည်။ မတော်တဆ လူချင်း တွေ့မှ ဩော် သူ ရှိသေးတာပဲဟု အောက်မေ့ရသည်။ အချင်းချင်း စကားစပ်မိကြမှ သူ့စာများကို အမှတ်ရကြရသည်။

သည်နေရာတွင် သူ့အကြောင်း သူ့ဘာသာသူ ပြောသည်ကို ပြန်လည်ပြောပြ လိုပါသည်။ မကြာသေးပါ။ လွန်ခဲ့သည့် သုံးလလောက်က ဖြစ်သည်။ မြောက်ဥက္ကလာပ မြို့နယ်စာပေလုပ်သားအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် စာပေလုပ်သား

လင်းယုန်နီ ( ၁၉၂၆–၉၄ )



ညီလာခံ အကြိုဟောပြောပွဲတွင် ဖြစ်သည်။ ကျားသားမိုးကြိုး၊ သည်ဟောပြောပွဲတွင် သူက ဟောပြောမည့် စာရေးဆရာတစ်ယောက် ဖြစ်နေသည်။ ဉက္ကလာပမင်းကြီးက ကြိမ်စကြာနှင့် ရိုက်ခေါ်သဖြင့် ရောက်လာရခြင်းတော့ မဟုတ်။ စာပေလုပ်သားအဖွဲ့ ဗဟိုက တာဝန်ပေးလိုက်ခြင်းကြောင့် ပါလာရခြင်း ဖြစ်သည်။

သူ့အလှည့်ရောက်တော့ သူ စာမရေးတာ ကြာပြီဖြစ်ကြောင်း ပြောသည်။ သူ့ကို လူတွေက မသိတော့သည့် အကြောင်းကို ပြောသည်။ သူ့ကို စာရေးဆရာမှန်း သိစေရန် အိမ်ရှေ့မှာ ဆိုင်းဘုတ် ချိတ်ထားလိုက်သည်။ သည်အခါ လမ်းသွားလမ်းလာများနှင့် ကလေးတွေက အမျိုးမျိုး ဝေဖန်မှန်းဆကြသည်များကို သူ ပြောသောအခါ တဝေါဝေါ ရယ်မောကြရသည်။

သူ အပြောအဟော ကောင်းသေးသည်ကတော့ အမှန်ပင်။

တစ်ချိန်တုန်းကမူ လင်းယုန်နီဆိုသည်မှာ အင်မတန် အဟောအပြောကောင်းသူ၊ အင်မတန် စာရေးကောင်းသူဟု ထင်ရှားခဲ့သည် မဟုတ်ပါလား။

## (၁)

မိမိ၏ တွေးဟန် ရေးဟန်နှင့် ဖွဲ့စည်းဟန်များ အပေါ်တွင် ဩဇာလွှမ်းမိုးခဲ့သူ သုံးဦး ရှိပါသည်။ လင်းယုန်နီရယ်၊ ဗန်းမော်တင်အောင်ရယ်၊ ဒဂုန်တာရာရယ်ပဲပေါ့။

မိမိ ပထမဆုံး ရေးခဲ့သော လုံးချင်းဝတ္ထု **ကမ္ဘာမြေအနံ့**ကိုပဲ ကြည့်ပါ။

သည်နေရာတွင် **ကမ္ဘာမြေအနံ့** နှင့် ပတ်သက်ပြီး စကားချပ် ရေးဖို့ရှိပါသည်။ ထိုဝတ္ထုကို ၁၉၅၀ ပြည့်နှစ်က ရေးခဲ့ပါသည်။ ရေးစဉ်က မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ရည်ရွယ်ခဲ့ပါသည်။ ဝတ္ထုအမည်မှာလည်း "လေလွင့်နေသော လူတစ်ယောက်" ဖြစ်ပါသည်။ ထိုစာမူကို **သွေးသောက်မဂ္ဂဇင်း**သို့ ပို့ခဲ့ပါသည်။

ထိုဝတ္ထုနှင့် ပတ်သက်၍ အယ်ဒီတာ ဆရာပြည့်စုံက "Style of Writing မှာ မဆိုးပါ။ ဇာတ်အိမ်ဖွဲ့ပုံမှာလည်း သင့်ပါ၏။ သို့သော် တချို့နေရာများ၌ ရှည်လျားစွာ ရေးသားထားသည်မှာ စာဖတ်သူအား ငြီးငွေ့စေနိုင်ပါသည်။ ကိုစောလွင်၏ လေလွင့်နေပုံမှာ 'ဝင်း'ကြောင့်လား၊ 'မမ' ကြောင့်လား ဆိုသည်ကို ပြတ်သားစွာ ဖော်ပြသင့်သည် ထင်ပါ၏။" ဟု မှတ်ချက်ပြုခဲ့သည်။

ထိုစာမူကို မိမိ ပြန်ယူပြီး သိမ်းထားခဲ့သည်။ ပြားခြောက်ဆယ်တန်ခေတ် ရောက်သောအခါတွင်မှ စာမျက်နှာ အနေတော်ဖြစ်သဖြင့် **ကမ္ဘာမြေအနံ့** အမည်ဖြင့် ၁၉၆၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မိမိ၏ ၂၃ အုပ်မြောက် လုံးချင်းဝတ္ထု ဖြစ်ရတော့သည်။ ၁၉၇၃ ခုနှစ်တွင် **မောင်နှင့်သာအတူ** နှင့် တွဲပြီး ဒုတိယအကြိမ် ရိုက်နှိပ်ခဲ့သည်။

နှစ်ကြိမ်စလုံးပင် ၁၉၅၀ ပြည့်နှစ်က ရေးခဲ့သည့်မူအတိုင်း ဖြစ်ပါသည်။ ပြင်ဆင်

ခြင်း၊ ဖြတ်တောက်ခြင်း၊ ဖြည့်စွက်ခြင်းများ မရှိပါ။ မိမိ၏ ကနဦးလက်ရာအဖြစ် လေ့လာ အကဲခတ်နိုင်ပါသည်။

ကောင်းပြီ၊ ကြည့်ကြရအောင်။

ပထမနိပ်ခြင်း စာမျက်နှာ ၁၁ တွင် "လေရဲ့နော့မှုကြောင့် ပင်မြင့်တို့၏ ခက်သွယ်များသည် ယိမ်းနွဲ့လျက်" နှင့် စာမျက်နှာ ၇၈ တွင် "ပန်းရနံ့တို့ကို သယ်ဆောင်လာသော လေနုနုကလေးက" ဟူသော အဖွဲ့တို့တွင် "နော့"နှင့် "လေနုနု" တို့သည် ဒဂုန်တာရာ၏ လွှမ်းမိုးမှုများပင် ဖြစ်တော့သည်။

တစ်ဖန် စာမျက်နှာ ၁၄ တွင် "ကျွန်တော်က ဘယ်ကလာလို့ ဘယ်ကို ပြန်ရမှာလဲ" ဟူသော အပြောစကားနှင့် စာမျက်နှာ ၄၅ တွင် "အဘယ်မျှ သနားစရာကောင်းလိုက်တဲ့ ကိုစောလွင်ပါလဲ"ဟူသော အဖွဲ့တို့သည် ဗန်းမော်တင်အောင်၏ ဩဇာသက်ရောက်မှုပင် ဖြစ်ပါသည်။

အခြားနေရာများတွင်လည်း ဆရာနှစ်ယောက်၏ အငွေ့အသက်များ ဝင်နေသည်ကို တွေ့ရမည် ဖြစ်သည်။ သို့သော် ဤဝတ္ထုကို အများဆုံး လွှမ်းမိုးနေသူမှာ လင်းယုန်နီပင် ဖြစ်တော့သည်။

မမမြင့်၏ လောင်းရိပ်ပင်တည်း။

**ကမ္ဘာမြေအနှံ့** ထဲက ဇာတ်ဆောင် အမည်သည်ပင်လျှင် **မမမြင့်ထဲက** ဇာတ်ဆောင်အမည် မောင်စောလွင်ပင် ဖြစ်နေသည်။ **မမမြင့်ထဲက** မောင်စောလွင်ကို စွဲလမ်းလွန်းလှသဖြင့် မိမိ ပထမဆုံး ရေးသားသောဝတ္ထုတွင် ထိုအမည်ကို သုံးစွဲခဲ့ခြင်း ဖြစ်သည်။ ဝတ္ထု၏ ကျောရိုးမှာလည်း မမမြင့် အတိုင်းပင် သနားကြင်နာတတ်သော မမတစ်ယောက်နှင့် လေလွင့်နေသော မောင်လေးတစ်ယောက်တို့ ဖြစ်နေသည်။

သည်မျှမကပါ။ နောက်ရေးသော မိမိ၏ ဝတ္ထုများတွင်လည်း လင်းယုန်နီ၏ အငွေ့အသက်တို့က ဝှန်ကဲလျက် ရှိပါသည်။ မိမိ၏ ကနဦးမှတ်တိုင်ဖြစ်သော အပြာပင်လျှင် လေလွင့်နေသော မောင်လေးတစ်ယောက်နှင့် သနားကြင်နာတတ်သော မမတို့၏ ဇာတ်လမ်း ဖြစ်နေသည်။

နောက်ဆုံးတွင် မိမိသည် ကိုယ်ပိုင်ဟန် ရရှိနိုင်ရေးအတွက် သူ့ဝတ္ထုများကို ကာလအတန်ကြာအောင် မဖတ်ဘဲ နေရတော့သည်။ သူ၏ တွေးဟန်၊ ရေးဟန်၊ ဖွဲ့စည်းဟန် တို့ကို ခေါင်းထဲမှ ခါထုတ်ပစ်ရတော့သည်။

သည်အချက်နှင့် ပတ်သက်၍ သူပြောသော စကားတစ်ခုကို သတိရမိသည်။

"'သူမ'ဟု ရေးသူများမှာ 'ဒဂုန်တာရာ'၏ဟန်ကို နိုးယူရေးသားသူများ ဖြစ်ခဲ့ပါသည်။ ကျွန်တော်ကမူ ဒဂုန်တာရာ၏ ဟန်ကို ယခုနောက်ပိုင်းတွင် ပစ်ပယ်သူ ဖြစ်ပါသည်။ ထိုကဲ့သို့ ပစ်ပယ်ခြင်းမှာလည်း သူ့ဟန်ကို

မကြိုက်မနှစ်သက်၍တော့ မဟုတ်ပါ။ ကျွန်တော်၏ သီးခြားဟန်ကို သီးသန့်တည်ရှိစေလို၍ ဖြစ်ပါသည်။"

၁၆-၁၀-၅၁ နေ့စွဲပါ မိမိထံသို့ ပေးစာတွင် သူက အထက်ပါအတိုင်း ရေးသားခဲ့ပါသည်။

(ဂ)

မိမိ၏ တစ်သက်တာတွင် စာရေးဆရာတစ်ဦးထံသို့ မိတ်ဆက်စာ ရေးဖူးသူမှာ လင်းယုန်နီ တစ်ယောက်သာလျှင် ဖြစ်သည်။ သူ၏ **မမမြင့်** ကို စွဲလမ်းနှစ်သက်၍ပဲ ဖြစ်ပါသည်။

သည်မှာလည်း **မမမြင့်**အကြောင်း စကားချပ် ဆိုရပါဦးမည်။ လင်းယုန်နီသည် **ချစ်မမ** ဟူသောဝတ္ထုကို ၁၉၄၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ထို့နောက် ထိုစာအုပ်၏ အဆက်များအဖြစ် **မမမြင့်** (၁၉၅၀)၊ **မြင့်** (၁၉၅၁)၊ **ချစ်မမမြင့်** (၁၉၅၂)၊ **မမ** (၁၉၅၄)နှင့် **ချစ်သောမမ ချစ်မမ** (၁၉၅၄) တို့ကို ရေးသားထုတ်ဝေခဲ့သည်။ စုစုပေါင်း ခြောက်တွဲ စလုံးကို စုစည်းပြီး ခေါ်သည့် အမည်မှာလည်း **မမမြင့်** ပင် ဖြစ်သည်။

၁၉၄၈ ခုနှစ်က ထုတ်ဝေခဲ့သော **ချစ်မမ**ကို မိမိ သတိမပြုမိခဲ့ပါ။ ၁၉၅၀ ခုနှစ်တွင် ထုတ်ဝေသော **မမမြင့်**ကို ဖတ်ရသော အခါမှသာလျှင် **ချစ်မမ**ကို ပြန်ဖတ်ရသည်။ ပြီးလျှင် နောက်အတွဲများကို တင့်ငံ့ စောင့်ဖတ်ရသည်။

လင်းယုန်နီကို ထင်ရှားစေသည်မှာ **မမမြင့်** (၁၉၅၀)ပင် ဖြစ်ပါသည်။ **မမမြင့်** ခြောက်တွဲတွင် အကောင်းဆုံးသော အတွဲပင် ဖြစ်ပါသည်။

မိမိသည် **မမမြင့်** (၁၉၅၀) ကို စွဲလမ်းနှစ်သက်လှသည့်အတွက် စာရေးသူထံ မိတ်ဆက်စာ ရေးသားခဲ့ပါသည်။ ယင်းမိတ်ဆက်စာတွင် ဝတ္ထုနှင့် ပတ်သက်သော ဝေဖန်ချက် အနည်းငယ်သာ ပါရှိသည်။ သို့သော် ဝေဖန်ချက်၏ အနှစ်ချုပ်သည် ကြိုက်နှစ်သက်ကြောင်း ချီးကျူးခြင်းပင် ဖြစ်ပါသည်။

မိမိ မိတ်ဆက်စာရေးပြီး မကြာမီမှာပင် စာရေးသူထံမှ ပြန်ကြားစာ ရရှိပါသည်။ သည်တော့ မိမိ များစွာပင် ပီတိဖြစ်ရသည်၊ အားတက်ရသည်။ မိမိလည်း စာရေးဝါသနာ ပါသည်ဟု ရေးလိုက်ရာ သူ၏ပြန်စာတွင် အားပေးစကားများ ပါရှိပါသည်။ ဇွဲရှိရှိနှင့် ကြိုးပမ်းသွားရန် အကြံပေးပါသည်။

သည့်နောက်တွင်ကား အပြန်အလှန် စာရေးဖြစ်ကြပါသည်။ မိမိစာများတွင် စာပေအကြောင်း၊ နိုင်ငံရေးအကြောင်း ဝေဖန်ချက်များ၊ ဆွေးနွေးချက်များ ပါရှိသလို၊ သူ့စာများတွင်လည်း စာပေရေးရာ အယူအဆများကို ရှင်းလင်း ရေးသားတတ်ပါသည်။

ပမာပြရလျှင် **မြင့်** (၁၉၅၁) ထွက်အပြီးတွင် ထိုစာအုပ်၌ လူကြမ်းကြီးဖြစ်သော

ကိုမြသွင် သို့မဟုတ် အရင်းရှင်ယဉ်ကျေးမှုကို အထင်ကြီးပြီး ပြည်သူလူထုကို ဆန့်ကျင်သော ကိုမြသွင်အား သနားဖွယ်ရာဖြစ်နေကြောင်း မိမိက ဝေဖန်လိုက်သည်တွင် သူ၏ပြန်စာ၌…

"မြင့်ဝတ္ထု အဆုံးသတ်ရန် နောက်စာအုပ် လိုနေပါသည်။ 52 ခုနှစ်ဆန်းလောက်တွင် ထိုစာအုပ် ထွက်နိုင်လိမ့်ဟု မျှော်လင့်ရပါသည်။ အမည်ကို **ချစ်မမမြင့်** ဟူ၍ ပေးပြီးပြီဖြစ်၍ ထိုစာအုပ်တွင်မှ အပြီးသတ် ဇာတ်သိမ်းပိုင်းကို ဖတ်ရပါလိမ့်မည်။ ဝတ္ထုမှာ အဆုံးပိုင်းသို့ မရောက်သေးသဖြင့် ကိုမြသွင်ကို သနားသင့်ပါသေးသည်။"

[ လင်းယုန်နီသည် **ချစ်မမမြင့်**ကို နောက်ဆုံးအုပ် ဇာတ်သိမ်းဟု ရည်စူးခဲ့သော်လည်း စာဖတ်သူများနှင့် ထုတ်ဝေသူက တိုက်တွန်းသဖြင့် မမ (၁၉၅၄) **ချစ်သောမမ ချစ်မမ** (၁၉၅၄) တို့ကို ဆက်လက်ရေးသားခဲ့သည်။ ]

## (ဃ)

လင်းယုန်နီနှင့် မိမိ ပထမဆုံးအကြိမ် လူချင်း တွေ့ဖူးသည်မှာ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး ညီလာခံတက်ရောက်ရန် ၁၉၅၃ ခုနှစ် မေလတွင် ရန်ကုန်သို့ မိမိ လာရောက်သော အခါတွင်မှ ဖြစ်သည်။ ညီလာခံမှာ တိုက်ပွဲ ပြင်းထန်လှသည်။ တိုက်ပွဲ ပြင်းထန်သလောက် အပြိုင်အဆိုင် စည်းရုံးမှုများ၊ အကြိတ်အနယ် ဆွေးနွေးမှုများ ပြုလုပ်ကြရသည်။ ဥက္ကဋ္ဌကို လက်အုပ်ချီပြီး တောင်းပန်ကန်တော့ရသည်အထိ တိုက်ပွဲပြင်းထန်သည်။ ညီလာခံတက်ရောက်သူများ အချိန်အား မရှိသလောက်ပင် ဖြစ်သည်။ သို့သော် မိမိသည် အချိန်လုပြီး **စုံထောက်မင်္ဂဇင်းတိုက်**သို့ သွားရောက်သည်။ ၅၁ လမ်းရှိ လင်းယုန်နီ ၏အိမ်သို့ သွားရောက်သည်။

၅၁ လမ်းတိုက်ခန်းသို့ မိမိနှင့် အဖော်နှစ်ယောက် ရောက်ရှိသွားသောအခါ လင်းယုန်နီကို အိမ်ရှေ့ဧည့်ခန်းမှာပင် အဆင်သင့် တွေ့ရသည်။ ထိုနေ့က စာအကြောင်း၊ ဆအကြောင်း မပြောဖြစ်ကြ။ ညီလာခံအကြောင်း ပြောဖြစ်ကြသည်။

သို့သော် ထိုနှစ်ထဲမှာပင် သူနှင့်မိမိ နီးနီးကပ်ကပ် နေခွင့်ကြုံရသည်။ ညီလာခံငြီးသော် မိမိ မန္တလေးပြန်သည်။ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်ရန် ပြန်လာသည်၊ စုံထောက်မင်္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင် ဖြစ်သည်။ ထိုနှစ် စာရေးဆရာ ညီလာခံကျင်းပသောအခါ ဥက္ကဋ္ဌ ဦးသိန်းဖေမြင့်ဖြစ်ပြီး အတွင်းရေးမှူးမှာ လင်းယုန်နီ ဖြစ်သည်။ မိုးဝေ၊ ဦးဆန်နီနှင့် ဂျာနယ်ကျော် တင့်ဆွေတို့လည်း အမှုဆောင် ဖြစ်ကြသည်။ စာရေးဆရာ အသင်းတိုက် တည်နေရာ အခက်အခဲရှိသောအခါ စုံထောက်မင်္ဂဇင်းတိုက်သည် အသင်းတိုက်တည်ရာ ဖြစ်ရတော့သည်။ မိမိတို့ အယ်ဒီတာစားပွဲများမှာပင် အမှုဆောင်

အစည်းအဝေး ကျင်းပကြသည်။ အသင်းလုပ်ငန်းများ လုပ်ဆောင်ကြသည်။ ဥက္ကဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ နေ့စဉ်လို လာရောက်ကြသည်။

ထိုအခါ မိမိသည် လင်းယုန်နီနှင့် ထိတွေ့မှု များရသည်။ စုံထောက်မဂ္ဂဇင်း အတွက် စာမူပေးရန် တောင်းသောအခါ–

'ကျွန်တော်က စုံထောက်ဝတ္ထုမှ မရေးတတ်ဘဲ'

သူ ရှောင်လွှဲသည်။

'ဝေကို ဘယ်သွားထားသလဲ'

မိမိက မေးလိုက်သည်။

ဝေမှာ မဂ္ဂဇင်းဝတ္ထုရှည် ဖြစ်သည်။ GILDA အမည်ရှိ ရုပ်ရှင်ကို မှီငြမ်း ပြုထားခြင်း ဖြစ်သည်။ ဇာတ်လမ်းက မြေအောက်လောကအကြောင်း၊ ရေးပုံက သွက်ပြီး ဆွဲဆောင်လှသည်။ အလျှို့အဝှက် အဖွင့်အပိတ်များ ရှိသည်။

သူ ခေတ္တမျှ စဉ်းစားပြီး–

'နေဦးဗျာ၊ ခင်ဗျားနဲ့ လိုက်မယ့်ဟာ တစ်ခုရှိတယ်၊ တရုတ်စစ်ဝတ္ထု တစ်ပုဒ်ပဲ။ ကျွန်တော် ဘာသာပြန်ပေးမယ်။ ဝတ္ထုကတော့ ရှည်တယ်၊ အခန်းဆက် ထည့်ပေါ့'

သို့ဖြင့် "စွန်ချောင်မှ ဒိုင်ယာရီ"ကို စုံထောက်မဂ္ဂဇင်းအတွက် လစဉ် ဘာသာပြန် ပေးခဲ့သည်။

ထို့နောက် အသင်းက ဝင်းဝင်းရုံတွင် လှိုင်ထိပ်ခေါင်တင်ပြဇာတ် တင်သောအခါ ပိုပြီး နီးကပ်ကြရသည်။ သူ့ကို မလိုသူအချို့က အကြမ်းဖက်ရန် ခြိမ်းခြောက်လာသော အခါ သူ့ကို ချစ်ခင်သော လူငယ်တစ်စု လူစုပြီး ဂျစ်ကားတစ်စီးဖြင့် ရောက်ရှိလာကြ သည်။

'ခင်ဗျားတို့ ကျွန်တော့်ဘက်က ရပ်တာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အတွက် ဘာမှ မစိုးရိမ်ကြပါနဲ့'

သူက ယင်းသို့ ပြောပြီး တစ်ညတွက် ရုံဝင်ခ ငွေထုပ်ကြီးကိုပိုက်ပြီး ည နာရီပြန် တစ်ချက် နှစ်ချက်လောက်တွင် ၅၁ လမ်းသို့ ဆိုက်ကားဖြင့် ပြန်သွားပါသည်။

တစ်ညတွင်လည်း လက်မှတ်ရုံအတွင်း၌ သူ ရှိနေစဉ် စာရေးဆရာအသင်းဝင် ဖြစ်သော နိုင်ငံရေးသမားကြီးတစ်ယောက် ရောက်လာပြီး ...

'ကိုယ့်လူ ... ကိုယ့်လူ၊ ကျုပ်ကို မေတ္တာလက်မှတ်တစ်စောင် ပေးစမ်းပါ'

'ကျွန်တော့်နာမည် ကိုယ့်လူ မဟုတ်ဘူး၊ လင်းယုန်နီ'

ယင်းသို့ သူ ပြန်ပြောသည်ကို ကြားရသောအခါ သူ့ဇာတ်ဆောင်များကို မိမိ အမှတ်ရမိတော့သည်။

သို့သော် ထိုနှစ်ပြီးသည့် နောက်ပိုင်းတွင်ကား စာရေးဆရာအသင်းမှာလည်း

သူ ပါဝင် လုပ်ဆောင်ခြင်း မရှိတော့။ အခြားသော စာပေလှုပ်ရှားမှုများနှင့် အဖွဲ့အစည်း လုပ်ငန်းများတွင် ပါဝင်ခြင်း မရှိတော့။ စာအရေးလည်း တဖြည်းဖြည်း ကျဲသွားသည်။ ပထမ သူ **မြဝတီ**မှာ အလုပ်ဝင်သည်။ ထို့နောက် ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးသည်။ ရုပ်ရှင်ကော်ပိုရေးရှင်းသို့ ရောက်သွားသည်။ သူနှင့် မိမိလည်း အတွေ့ကျဲသွားတော့သည်။

လွန်ခဲ့သည့် မတ်လဆန်းက မြောက်ဥက္ကလာပ စာပေဟောပြောပွဲတွင် တွေ့ကြသောအခါ မိမိနှင့် မင်းကျော်က သူ့ကို စာပြန်ရေးဖို့ တိုက်တွန်းကြသည်။

မိမိနှင့် မင်းကျော်ကြားတွင် သူ ခပ်မဆိတ် ရှိနေသည်။ တစ်စုံတစ်ခုကို သူ စဉ်းစားနေသလော၊ မနေသလော မိမိ မသိပါ။

ညသည် အနီးတွင် လင်းထိန်နေပြီး၊ အဝေးတွင် မှိုင်းမှုန်နေပါသည်။

[ မိုးဝေ၊ ဇူလိုင်၊ ၁၉၈၄ ]

# မိမိ နှင့် ဗန်းမော်တင်အောင်

## (က)

မိမိ ရန်ကုန်ရောက်တော့ ဗန်းမော်တင်အောင် မရှိပါ။ အပြင်မှာ မရှိပါ။ နရသိန်မှာ ရောက်နေသည်။ နရသိန်သည် သူ့ဝတ္ထုများထဲမှ လွမ်းမောဆွေးမြေ့ဖွယ်ရာ အကျဉ်းထောင်ကြီး ဖြစ်သည်။ ပညတ်သွားရာ ဓာတ်သက်ပါသည်လား မသိ။ သူ၏ စာရေးဆရာဘဝတွင်လည်း အပြင်တွင် နေရသည်ထက် အကျဉ်းထောင်တွင် နေရသည့်ကာလက များနေသည်။ ထို့မျှမက သူသည် စစ်ပြီးခေတ်ကာလတွင် စာပေအရေးအသားကြောင့် အဖမ်းခံရသော ပထမဆုံး စာရေးဆရာတစ်ဦးလည်း ဖြစ်ချေသည်။

သူ၏စာများကို အစောကြီးကတည်းက ဖတ်ဖူးသည်။ ဗန်းမော်တင်အောင် သန္တေတည်ဦးစ ကတည်းကပင် ဖြစ်သည်။ စစ်မဖြစ်မီက "မဟာအောင်"ကလောင်အမည်ဖြင့် ဂျာနယ်ကျော်တွင် ရေးခဲ့သည်များကိုတော့ ရှိစေတော့။

သူ၏ အတွေးအခေါ် အပိုင်းအစလေးများကို တာရာတွင် စ တွေ့ရသည်။ အယ်ဒီတာ မိတ်ဆက်ပေးချက်အရ ပြည်ဘက်က သစ်ကုန်သည်တစ်ဦးဟုလည်း သိထားရသည်။ သူ၏ အရေးအဖွဲ့ အနွဲ့အနှောင်းများသည် သစ်ကုန်သည်ဆိုသော စကားလုံးနှင့် မလိုက်ဖက်လှဟု စိတ်ထဲတွင် အောက်မေ့မိသည်။ သစ်ကုန်သည် ဆိုသော စကားလုံးက မာနေသည်။ လူပုံစံက မာမာတင်းတင်းကြီး ဖြစ်မှာပဲဟု တွေးမိသည်။

ဗန်းမော်တင်အောင် ( ၁၉၂၀–၇၈ )



သို့သော် လူချင်းတွေ့ရသောအခါ အရပ်ထောင်မောင်းသည်မှအပ သူ ရေးဖွဲ့သော စကားလုံးများအတိုင်းပင် ချိုချို့နွဲ့နွဲ့လေး ဖြစ်သည်။ သူ စကားပြောတော့လည်း ဘိုဘိုးညင်းညင်း ဆွဲဆွဲငင်ငင်ကလေးပင် ဖြစ်သည်။ သူ၏ မာကျောသော အတွေးအခေါ်များနှင့် တခြားစီပင် ဖြစ်သည်။ အမှန်တော့လည်း အနုပညာသမားဆိုသည်မှာ သည်အတိုင်းပင် မဟုတ်ပါလား။

နူးညံ့သော မာကျောခြင်းများပင်။

## (ခ)

သူနှင့် မိမိ လူချင်းတွေ့ရသည်မှာ နရသိန်မှ ပထမတစ်ခေါက် ပြန်လာချိန်တွင် ဖြစ်သည်။ ၁၉၅၆ အကုန် ၅၇ အစဦးလောက်တွင် ဖြစ်မည်။ တွေ့ဆုံပေးသူမှာ ကိုတင်စိုးပင် ဖြစ်သည်။

ကိုတင်အောင်သည် အသိအကျွမ်း ပေါများသူလည်း ဖြစ်သည်။ လူချစ်လူခင် များသူလည်း ဖြစ်သည်။ သူ့အိမ်မှာ သူ ရှိနေလျှင်လည်း ဧည့်သည် ပြတ်သည် မရှိ။ လမ်းမှာ လျှောက်သွားနေလျှင်လည်း လမ်းမှာတွေ့သူ တစ်ယောက်ပြီးတစ်ယောက်နှင့် နှုတ်ဆက်နေရသည်။ မတ်တတ်ရပ်ပြီး စကားပြောနေရသည်။ အချိန်ရလျှင် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး စကားပြောကြသည်။ ကိုတင်အောင် လက်ဖက်ရည် ကြိုက်သည်ကတော့ လူတိုင်း အသိပင်။ သို့သော် သူ့ဝတ္ထုထဲက ပါမောက္ခကြီးကတော့ ကော်ဖီခါးခါးမှ သောက်သည်။

ကိုတင်စိုးသည် ပြင်ပကမ္ဘာကြီးသို့ ပြန်လည်ရောက်ရှိလာသော ကိုတင်အောင်ကို သူ၏ မိတ်ဆွေဟောင်း မိတ်ဆွေသစ်များနှင့် အေးအေးဆေးဆေး တွေ့ဆုံနိုင်ရန် အစီအစဉ်တစ်ခု ပြုလုပ်သည်။ ထိုအချိန်က ပေါ်ဦးစဖြစ်သော ဟီးနိုးကားကြီးတစ်စီး ငှားပြီး ပဲခူးသို့ မိတ်ဆုံခရီး ထွက်ကြသည်။ ကားပေါ်တွင် စာရေးဆရာများ၊ ကဗျာဆရာများ သုံးဆယ်ကျော် ပါရှိသည်။ ကဗျာဆရာ လူငယ်များသည် ထိုင်စရာနေရာ မရှိသဖြင့် မတ်တတ်ရပ်ပြီး၊ အပေါက်ဝတွင် တွယ်ပြီး လိုက်ကြရသည်။

ရွှေသာလျောင်း ဘုရားပရိဝုဏ်တွင် စခန်းချကြသည်။ ပဲခူးမှ စာပေမိတ်ဆွေများက နေရာထိုင်ခင်းနှင့် နံနက်စာထမင်း၊ နေ့ခင်း လက်ဖက်ရည်တို့ကို လိုလေသေးမရှိ စီစဉ်ပေးကြသည်။ အိမ်ရှင်အဖွဲ့တွင်လည်း ကျောင်းသူကလေးများ အပါအဝင် လူအင်အား သုံးဆယ်ကျော် ဖြစ်သည်။ နေ့ခင်းဘက်တွင် မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲ ပြုလုပ်ကြသည်။ သည်မှာ မိမိနှင့် ဗန်းမော်တင်အောင် စတင် ရင်းနှီးရတော့သည်။

၁၉၅၇ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် လင်းယုန် ဂျာနယ်ကို ပြန်လည်ထုတ်ဝေသောအခါ ဆောင်းပါးတစ်ပုဒ် မိမိ ရေးဖြစ်သည်။ "တရေးတမော အိပ်နားသောအခါ"

ဖြစ်သည်။ ၁၉၅၈ ခုနှစ် တော်လှန်ရေးအထူးထုတ် လင်းယုန်ဂျာနယ်တွင်လည်း "လက်ပံ ရဲရဲ သွေးရဲရဲ" ကို မိမိ ရေးဖြစ်သည်။

မိမိသည် မန္တလေးတွင် နေစဉ်က လူထုဂျာနယ်တွင် အခြေပြုခဲ့သလို ရန်ကုန်သို့ ရောက်ရှိသော အခါတွင်လည်း **ပြည်တော်သစ်** ဂျာနယ်တွင် အခြေပြုရသည်။ ကလောင် အမည်တစ်ခုဖြင့် ပင်တိုင်ဆောင်းပါး ရေးခဲ့သည်။ လင်းယုန် ပြန်လည်ထုတ်ဝေသော အခါတွင်လည်း မိမိ၏ စာပေမိတ်ဆွေ အခြေခံစခန်းတစ်ခု ဖြစ်ရတော့သည်။

သို့သော် ကိုတင်အောင်ကို လင်းယုန်တွင် အေးအေးဆေးဆေး တွေ့ရသည် မရှိတော့။ သူသည် ဂျာနယ်ထုတ်ဝေရေးအတွက် ပြေးလွှားနေရသည်။ အဖွဲ့အစည်း လုပ်ငန်းများအတွက် ပြေးလွှားနေရသည်။ တစ်ခါတစ်ရံ သူသည် တစ်နေရာတွင် ပုန်းအောင်းပြီး စာရေးနေတတ်သည်။ သည်လိုမှ မရေးလျှင်လည်း သူ့စာများ ထွက်လာ နိုင်မည် မဟုတ်ပါ။

သို့သော် သူနှင့်မိမိ အဆက်အသွယ် ပြတ်သွားသည် မရှိပါ။ သူ ပါဝင်လှုပ်ရှား နေသော အဖွဲ့အစည်းများတွင် မိမိလည်း ပါဝင်နေသောကြောင့် ဖြစ်သည်။ မိမိတို့သည် ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် အစည်းအဝေးများတွင် တွေ့ရသည်။ ပြည်တွင်းငြိမ်းချမ်း ရေး အဖွဲ့ အစည်းအဝေးများတွင် တွေ့ရသည်။ စာရေးဆရာ စာပေကလပ် အစည်းအဝေး များတွင် ဆုံရသည်။

မိမိအနေနှင့် နယ်သို့ စာပေဟောပြောပွဲခရီး ပထမဆုံး ထွက်ဖူးသည်မှာ ကိုတင်အောင်နှင့်ပင် ဖြစ်ပါသည်။

(ဂ)

၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ်ကို ဖွဲ့စည်းတည်ထောင် ကြသည်။ ထိုနှစ် စာဆိုတော်တွင် အစဉ်အလာအတိုင်း စာရေးဆရာများ ပြဇာတ်မကပြဘဲ သည့်ထက် အကျိုးရှိနိုင်သော စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲများ ပြုလုပ်ရန် ဆုံးဖြတ်ကြသည်။ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ ပြုလုပ်ရာတွင်လည်း ရန်ကုန်တစ်မြို့ တည်း၊ တစ်နေရာတည်းတွင်သာ မကဘဲ ရန်ကုန်မြို့တွင်း ရပ်ကွက်များ၊ လမ်းများ၊ ကျောင်းများ၊ စက်ရုံအလုပ်ရုံများနှင့် နိုင်ငံအဝန်းရှိ မြို့နယ်များ၊ ကျေးရွာများတွင်ပါ ပြုလုပ်သွားကြရန် ဖြစ်သည်။

ထို့နောက် မိမိတို့ ဆုံးဖြတ်သည့်အတိုင်း လုပ်ဆောင်နိုင်ရန် ရန်ကုန်မြို့တွင်းရှိ စာပေမိတ်ဆွေများ၊ နယ်မှ စာပေမိတ်ဆွေများနှင့် ညှိနှိုင်းဆွေးနွေးကြရသည်။

နယ်များနှင့် ညှိနှိုင်းရာတွင် မြစ်ဝကျွန်းပေါ်မှ မိတ်ဆွေများနှင့် အရင် ဆက်သွယ် မိကြသည်။ ထိုအချိန်က မြစ်ဝကျွန်းပေါ်မြို့များသည် ရန်ကုန်နှင့် အဆက်အသွယ်လည်း

များကြသည်။ စာပေဝါသနာရှင် ကျောင်းသားလူငယ်များလည်း စုစုစည်းစည်း တက်တက်ကြွကြွ ရှိကြသည်။ မြစ်ဝကျွန်းပေါ်သို့ မိမိတို့ လူခွဲပြီး သွားကြသည်။ ဇန်းမော်တင်အောင်၊ တင့်ဆန်းနှင့် မိမိတို့က ဝါးခယ်မ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့များသို့ တာဝန်ကျသည်။

သို့ဖြင့် တစ်ညနေတွင် ဇန်းမောင်တင်အောင်၊ တင့်ဆန်းနှင့် မိမိတို့သည် စာရေးဆရာ စာပေကလပ်အသင်း အသစ်တည်ရာ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) ရှိ အနယ်ကျော်မမလေး၏ အခန်းတွင်ဆုံပြီး ကမ်းနားသို့ ဆင်းကြသည်။ မိမိ၏ ပထမဆုံးသော စာပေဟောပြောပွဲခရီးပင် ဖြစ်သည်။

ထိုစဉ်က ယခုလို မဟုတ်ပါ။ သို့မဟုတ် လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော် လမ်းသွင်စ အချိန်က ယခုလို မဟုတ်ပါ။ မိမိတို့ကို လာရောက်ခေါ်ဆောင်သူလည်း မရှိပါ။ မိမိတို့အတွက် စရိတ်စက ပေးပို့လိုက်ခြင်းလည်း မရှိပါ။ မိမိတို့အတွက် သွားရေးလာရေး စီစဉ်ပေးသူလည်း မရှိပါ။ ကိုယ့်စရိတ်နှင့်ကိုယ်၊ ကိုယ့်အစီအစဉ်နှင့်ကိုယ် သွားကြရသည်။

သင်္ဘောပေါ်သို့ မိမိတို့ ရောက်ရှိသွားသောအခါ လူတွေ၊ ကုန်တွေ ပြည့်နေပြီ ဖြစ်သည်။ မိမိတို့အတွက် နေရာမရှိတော့ပါ။ နေရာရှိလျှင်လည်း မိမိတို့မှာ ခင်းစရာဘာမှ မပါပါ။ အိပ်ရာလိပ်လည်း မပါပါ။

မိမိတို့မှာ ခရီးဆောင်အိတ်များလည်း မပါပါ။ ပခုံးတွင် လွယ်ထားသော လွယ်အိတ်တစ်လုံးစီသာ ပါကြသည်။ လွယ်အိတ်ထဲတွင်လည်း အဝတ်အစားတစ်စုံနှင့် လက်နှာသုတ်ပဝါ တစ်ထည်စီသာ ဖြစ်ကြသည်။ ထမင်းဆိုင်အနီးရှိ ပက်လက်ကုလားထိုင်များလည်း လူပြည့်နေပြီ ဖြစ်သဖြင့် မိမိတို့သည် ခြေချသာသော နေရာတစ်နေရာတွင် မတ်တတ်ရပ်ပြီး ပါသွားကြရသည်။

မိမိတို့မှာ အနွေးထည်လည်း မပါပါ။ ညဉ့်နက်သောအခါ ခိုက်ခိုက်တုန်အောင် ချမ်းလာသည်။ မိမိတို့ကိုယ်တွင် ဝတ်ဆင်ထားသော တိုက်ပုံအင်္ကျီ ပါးပါးကလေးများသည် အအေးဒဏ်ကို မကာကွယ်နိုင်သဖြင့်၊ မိမိတို့သည် အနွေးဓာတ်ရှိသော သင်္ဘောစက်ခန်း ခေါင်းတိုင်ကြီးအနီးတွင် မတ်တတ်ရပ်ပြီး ပါသွားကြရသည်။

ထိုနှစ်က ဝါးခယ်မမြို့တွင် ကျင်းပသော စာပေဟောပြောပွဲသည် မြို့အဖို့ ပထမဆုံးအကြိမ် ဖြစ်သလို မိမိအဖို့လည်း ပထမဆုံးအကြိမ်ပင် ဖြစ်ပါသည်။

ဟောပြောပွဲကို မြစ်ကမ်းပါးထိပ် ကျောက်တိုင်ကြီးအနီး ကွင်းပြင်ကျယ်ကြီးထဲတွင် ကျင်းပခြင်း ဖြစ်သည်။ ညဘက်တွင် ကျင်းပခြင်း ဖြစ်သည်။ နှင်းတွေ ဝေနေပြီး မြစ်လေ တိုက်နေသည်။ ဆောင်းညက ခိုက်ခိုက်တုန် အေးနေသည်။

မိမိ အရင်ဆုံး ပြောရမည် ဖြစ်သည်။ ခေါင်းစဉ်ပေးပါဆို၍ "ပြည်သူ့စာပေ"ဟု ပေးလိုက်သည်။ အခမ်းအနားမှူးက မိမိအမည်ကို ကြေညာသောအခါ စင်ပေါ်သို့

မိမိ တက်သွားသည်။ ပရိသတ်ကြီးကို ကြည့်လိုက်သောအခါ တစ်ကွင်းလုံး ပြည့်နေသည်။ နင်းတွေဝေပြီး ဆောင်းလေ ဝေ့နေသော်လည်း မိမိတစ်ကိုယ်လုံး ချွေးတွေ ပြန်နေသည်။ မိမိ ကြိုးစားပြီး ပြောသည်။ ဘာတွေပြောမိသည် မသိ၊ စုစုပေါင်း ဆယ်မိနစ်ပဲ ကြာသည်။

ကိုတင့်ဆန်းက မဆိုးပါ။ ဆယ့်ငါးမိနစ်လောက် ကြာသည်။ တော်ပါသေးရဲ့၊ ကိုတင်အောင်က တစ်နာရီခွဲလောက် ပြောသည်။ သူ ပြောသည့်အကြောင်းက "မြန်မာစာပေသမိုင်း"။

## (ဃ)

ရံဖန်ရံခါ ဆိုသလို မိမိနှင့် ကိုတင်အောင်သည် စကြံပေါ်တွင် ဆုံမိကြသည်။ မိမိ အချိန်ရလျှင် ညနေဘက်တွင် ပလက်ဖောင်းပေါ်ရှိ စာအုပ်အဟောင်းဆိုင်များသို့ လျှောက်တတ်သည်။ ကိုတင်အောင်က စာအုပ်တိုက်တစ်ခုခု သို့မဟုတ် အစည်းအဝေး တစ်ခုခုက ပြန်လာတတ်သည်။ မိမိကို တွေ့လျှင် ...

'ဟာ ကိုနတ်နွယ် အတော်ပဲဗျာ၊ ခင်ဗျားနဲ့ မတွေ့ရတာ ကြာပြီ။ ခင်ဗျား ဘယ်သွားမလို့လဲ၊ အားတယ် မဟုတ်လား။ ထမင်းစားကြရအောင်၊ မြိုးမြိုးမြက်မြက် ကလေး စားကြရအောင်ဗျာ။ အိမ်မှာက ချဉ်ပေါင်ဟင်းနဲ့ ပဲပြုတ်ချည့်ပဲ'

လဟာပြင်ဈေး သို့မဟုတ် လမ်းဘေး တရုတ်လက်တွန်းလှည်း ထမင်းဆိုင် တစ်ခုခုမှာ စားကြသည်။ သူပြောသည့် မြိုးမြိုးမြက်မြက်မှာ ဝက်ခေါင်းသုတ်၊ ဝက်သွေးခဲ၊ ဝက်နံရိုး စသည့် တစ်မတ်တန် ဟင်းပန်းကန်လေးများသာ ဖြစ်သည်။ မိမိက အစားနည်းသဖြင့် ထမင်းတစ်ပန်းကန်လောက်သာ ကုန်သည်။ သူက အားရပါးရ စားသည်။ သုံးပန်းကန်လောက် ကုန်သည်။ ယင်းကြောင့်လည်း သူ ဝဝဖြိုးဖြိုး ဖြစ်နေသည်လားပဲ။ ပြီးလျှင် မိမိတို့သည် ရေခဲရေတစ်ခွက်စီသောက်ပြီး လမ်းခွဲကြသည်။

သို့သော် နောက်ပိုင်းတွင်ကား သူ၏ ကျန်းမာရေးအခြေအနေ ဆိုးသည်ထက် ဆိုးလာသည်။ တစ်ခါတွေ့ရသည်နှင့် နောက်တစ်ခါ တွေ့ရသည်မှာ မတူတော့။ အစားမမှန်၊ အအိပ်မမှန် ပင်ပန်းသည့်ဒဏ်များက သူ့ကို ပိုဖိစီးကြလေပြီ။

သူနှင့် အကြာကြီး မတွေ့ဘဲနေပြီး နောက်ဆုံးတစ်ကြိမ် ပြန်တွေ့ရသော အခါတွင်ကား မမှတ်မိနိုင်လောက်အောင်ပင် ဖြစ်သည်။ တစ်ချိန်က စာရေးဆရာ ဒါရိုက်တာ ဆရာသုခက ရုပ်ရှင်မင်းသားလုပ်ရန် ကမ်းလှမ်းခြင်း ခံခဲ့ရသော လူချော လူခန့်ကြီးသည် ယခုအခါ အဘိုးအိုကြီးတစ်ယောက်နှင့် တူနေတော့သည်။ သူ့မှာ သွားတွေ မရှိတော့ပါ။ ပါးနှစ်ဖက် ခွက်ဝင်နေသည်။ သူ့ကို ကြည့်ရသည်မှာ လတာပြင်ထဲတွင် ကျူရိုးထောင်နေသလို ရှည်ရှည်ယိုင်ယိုင်ကြီး ဖြစ်တော့သည်။

မိတ်ဆွေတွေက သူ၏ ကျန်းမာရေးကို ဝိုင်းဝန်းကူညီကြသည်။ သွားစိုက်ဖို့ ငွေစဉ်ပေးကြသည်။ မျက်မှန်တပ်ဖို့ စီစဉ်ပေးကြသည်။ သမားတော်ကြီးများထံ အပ်နှံပေးကြသည်။ ဆေးကောင်းဝါးကောင်းများ ရှာဖွေပေးကြသည်။

သို့သော် မရတော့ပြီ။ နောက်ဆုံးတွင် ဆေးရုံတက်ရတော့သည်။ တစ်နေ့တွင် မင်းကျော်၊ မောင်နေဝင်းနှင့် မိမိတို့ သူ့ကို ရန်ကုန်ဆေးရုံကြီးတွင် သွားတွေ့ကြသည်။

မိမိတို့ကို မြင်သောအခါ သူ့မျက်နှာ အနည်းငယ် လန်းသွားသည်။ အားတက်သွားဟန် ရှိသည်။ စာပေလောကအကြောင်း၊ မိတ်ဆွေ စာရေးဆရာများအကြောင်း သူ မေးသည်။ သို့သော် သူ မောနေပြီ။ စကား ကြာကြာ မပြောနိုင်ပါ။ အသံကလည်း တိုးလှသည်။ သူ့အပြုံးက ယဲ့ယဲ့ကလေးသာ ဖြစ်သည်။

မိမိတို့ သူ့ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။ သူ့ကို နောက်ဆုံးအကြိမ် နှုတ်ဆက်ခဲ့ကြခြင်းပင် ဖြစ်တော့သည်။

ပျံလေဦးတော့ လင်းယုန်ကြီး။

[ မိုးဝေ၊ ဩဂုတ်၊ ၁၉၈၄ ]

# မိမိ နှင့် ဒဂုန်တာရာ

၁

(က)

သုံးရက် ရှိသွားပြီ။ မိမိနှင့် ဒဂုန်တာရာအကြောင်း ရေးမည်ဆိုပြီး စားပွဲတွင် ထိုင်ခဲ့သည်။ မရေးဖြစ်။ ပထမနေ့က **တာရာမဂ္ဂဇင်းတွေ** ဟိုလှန်သည်လှန်နှင့် အချိန်ကုန်သွားသည်၊ သူ၏ နုဖပ်ဖပ် စကားလုံးများနှင့် နီကြင်ကြင်အတွေးများ ရစ်ဝဲပြီး ကျန်ခဲ့သည်။ ကျော်အောင်၊ မြသန်း(တင့်)၊ ကြည်လင်၊ ကြည်အေး၊ အောင်လင်းတို့လည်း ရောဝေ့နေသည်။

နောက်တစ်နေ့တွင် **မနေ့တစ်နေ့က ရွာတဲ့မိုး** ကို ပြန်ဖတ်နေမိသည်။ မိမိ၏ စာပေဆောင်းပါးများကို စုစည်းထားသော စာအုပ်ကလေး ဖြစ်သည်။ "စိန်ပန်းပွင့်များ၊ မိုးသောက်ကြယ်၊ နေမင်းနီ"၊ "မီးပုံကြီးနှင့် အနီးအဝေး"၊ "ကာရန်မဲ့ကဗျာ"၊ "အောင်သင်းသို့ ပေးစာ"၊ "ဝေဖန်ရေးနှင့်လက်တွေ့"၊ "ဟော်လှန်ကဗျာ" စသည့် ဆောင်းပါးများ ပါရှိသည်။

ဒဂုန်တာရာ ( ၁၉၁၉-     )



"အောင်သင်းသို့ပေးစာ"မှာ ဒဂုန်တာရာနှင့် စပ်လျဉ်းပြီး မိမိ၏ သက်ရှင်းချက်တင်ခု ဖြစ်သည်။ ၁၉၇၁ စာဆိုတော်က ဒဂုန်တာရာ၊ ကျော်အောင်၊ ညွန့်ကြူးနှင့် မိမိတို့ သုံးခွသို့ သွားခဲ့ကြသည်။ စာပေဆွေးနွေးပွဲ မိုးစင်စင်လင်းသည်။ သည်အကြောင်းကို ဒဂုန်တာရာက ရှုမဝမှာ "စာပေဆည်းဆာ"အမည်နှင့် ဆောင်းပါးရေးခဲ့သည်။ မိမိနှင့် ပတ်သက်သော အချက်တစ်ခု သူရေးခဲ့သည်မှာ မိမိ နားလည်ထားသည်နှင့် မတူညီသဖြင့် ကိုအောင်သင်းမှတစ်ဆင့် သက်ရှင်းခဲ့ရခြင်း ဖြစ်သည်။

ဒဂုန်တာရာနှင့် ပတ်သက်ပြီး ပြက်ပြက်ထင်ထင် မိမိရေးဖူးသည်မှာ နောက်တစ်ကြိမ် ရှိသေးသည်။ "မောင်မင်းကြီးသားတို့ ပို့သသောမေတ္တာ" (ရဲဘော်မာတူးသို့ ပေးစာ အမှတ် ၃/၇၂) မှာ ဖြစ်သည်။ **ယနေ့ မြန်မာစာပေများ** ဟူသော စာအုပ်မှာ ဆောင်စွမ်းရည်က မိမိ၏ **တံခွန်တိုင်မောင်နှမများ** ကို တံတောင်နှင့်ထောင်း၊ ဖနောင့်နှင့်ပေါက် လုပ်ရာမှာ တချို့အကွက်လေးတွေက အံချော်ပြီး ချက်အောက်ကို ရောက်သွား၍ မိမိ အနေနှင့် "ပြန်ခြင်း"ကလေး ခတ်လိုက်မိခြင်းပါပဲ။ အဲဒီစာအုပ်ကို ကမကထ ပြုသူနှစ်ဦးက ဒဂုန်တာရာနှင့် လင်းယုန်မောင်မောင်တို့ ဖြစ်သည့်အတွက် မိမိ၏ "ပြန်ခြင်း"ထဲမှာ "ဂုန်ယုန်" ဂိုဏ်းဟု ရေးလိုက်မိသည်။

ဒဂုန်တာရာနှင့် မိမိအကြားတွင် အခြား ကလိတိတိကလေးတစ်ခု ရှိနေသေးသည်။ ယင်းမှာ အခြားမဟုတ်ပါ။ သူ၏ ဆောင်းပါးတစ်ပုဒ်ကို အကြောင်းတစ်ခုကြောင့် **မိုးဝေ** မှာ မထည့်သွင်းနိုင်သဖြင့် ပြန်ပေးခဲ့သည်။ ထိုအခါ **မိုးဝေ**မှာ သူ ရေးနေသော ဆောင်းပါးများ အားလုံးကို ရပ်ပစ်ခဲ့သည်။ သည်တုန်းက သူသည် ကလောင်အမည်သုံးမျိုးလောက်နှင့် မိုးဝေမှာ လစဉ်ရေးနေသည်။ သူ့ကို ပြန်ရေးဖို့ ပြောသည်။ မိမိကလည်း ပြောသည်။ မိတ်ဆွေများကလည်း ပြောသည်။ သူ မရေးပါ။ သူက ဘူးဆိုလျှင် ဖရုံသီးပါ။ သူ သဘောမပေါက်လျှင်၊ သူ့စိတ်ထဲမှာ ဘဝင်မကျလျှင် သူ ဘာမှ မလုပ်ပါ။ သည်အချက်ကို သူနှင့် လက်ပွန်းတတီး ဆယ်နှစ်ကျော်ကျော် အနှစ်နှစ်ဆယ်နီးပါး နေခဲ့ဖူးသဖြင့် ကောင်းကောင်းသိပါသည်။

သူ သဘောပေါက်အောင် ပြောဖို့ဆိုသည်ကလည်း မလွယ်ပါ၊ အင်မတန် သက်ဝင်သည်။ မိမိတို့ ကြုံခဲ့ဖူးပေါင်း များပြီ။ သည်အကြောင်းတွေ ပြန်ပြောရလျှင် ဘွတ်ထမ်း ပြီး ပြောရမည်။

(ခ)

မိုးဝေ မဂ္ဂဇင်းကို မိမိ ပြန်လည်တည်းဖြတ် ထုတ်ဝေသောအခါ မင်းကျော်က ပြောသည်။

'ခင်ဗျား အရေးအသား နည်းနည်းထိန်းပါ။ အစွန်းမလွတ်တာတွေ၊ ပြဿနာ ဖြစ်မှာတွေ မရေးပါနဲ့။ ခင်ဗျားက အတို့အထောင်ကလေးတွေ လုပ်တတ်တယ်

'ကျွန်တော်က မဟုတ်တာတွေ ရေးလို့လား။ ဘာလဲ၊ ခင်ဗျားတို့က သက်သေလိုက်ရမှာ ကြောက်လို့လား'

မိမိက လေအေးအေးဖြင့် ပြန်ခတ်လိုက်သောအခါ လူပု စိတ်တို မောင်နေဝင်းက-

'ခင်ဗျားပြောလိုက်ရင် ဒါပဲ။ မဟုတ်တာတော့ မဟုတ်ဘူးပေါ့ဗျ၊ ဒါပေမဲ့ ဟုတ်တိုင်းလည်း လျှောက်ရေးနေလို့ ဖြစ်မလားဗျ။ အချိန်အခါနဲ့ အခြေအနေလည်း ကြည့်ဦးမှပေါ့'

မိမိ ဘာမှ ပြန်မပြောတော့ဘဲ ပြုံးနေမိသည်။

သူတို့ စိုးရိမ်၍ ပြောခြင်းဖြစ်သည်။

သူတို့ စေတနာနှင့် ပြောခြင်းဖြစ်သည်။

သည်လိုလေ။

ဒဂုန်တာရာ မိုးဝေမှာ မရေးသည့်ကိစ္စ။ ဒဂုန်တာရာ၏ဆောင်းပါး ပြဿနာပေါ်သည့်အချိန်က ဗန်းမော်တင်အောင်နှင့် မြသန်းတင့်တို့ အပြင်မှာမရှိ။ သူတို့ အထိန်းသိမ်း ခံရရာမှ လွတ်လာသောအခါ မိုးဝေမှာ ရေးကြရန် မိမိက ပြောသည်။ သူတို့ကလည်း မငြင်းပါ၊ ရေးမည်ဟု ပြောကြသည်။ လက်တွေ့တွင်မူ မရေးဖြစ်ကြ။ ကဗျာဆရာ အချို့လည်း မရေးကြ။

သို့သော် အကြောင်းတစ်ခုကြောင့် မိုးဝေကို မိမိ လက်လွှတ်လိုက်သောအခါ မိုးဝေမှာ သူတို့ ရေးကြသည်။

မိုးဝေကို မိမိ ပြန်လည်တည်းဖြတ်သောအခါ မိုးဝေတွင် ရေးနေသူများကို မိမိ ချဉ်းကပ်သည်။ မြသန်းတင့်က အစဉ်မပျက် ရေးမြဲရေးနေမည်ဟု ဆိုသည်။ ဗန်းမော်တင်အောင်ကား မရှိတော့။

မိမိ ချဉ်းကပ်သူများအနက် ပါရဂူတစ်ဦးသာလျှင် မရေးဟု ဆိုသည်။

ဒဂုန်တာရာကို ချဉ်းကပ်ရန် မိမိ စိတ်ကူးရှိသည်။ မိတ်ဆွေများကလည်း တိုက်တွန်းကြသည်။ သူ့အိမ်ကို အေးအေးဆေးဆေး တစ်နေ့သွားမည်ဟု ဆုံးဖြတ်ထားသည်။ သို့သော် ယခုအထိ မရောက်ဖြစ်သေး။ သည်ကြားထဲမှာ လမ်းမှာ တစ်ခါ နှစ်ခါ ဆုံဖြစ်သည်။ ပြုံးရုံမျှသာ။

မည်သို့ရှိစေ မင်းကျော်၊ မောင်နေဝင်းနှင့် မိတ်ဆွေများ၏ စေတနာနှင့် အကြံပေးမှုကို မိမိ လက်ခံခဲ့ပါသည်။

**မိုးဝေ** ပြန်လည် မွေးဖွားသော ပထမလ (၁၉၈၁၊ ဇွန်) မိမိ ဆောင်းပါးမရေးပါ။ ဝတ္ထုတိုတစ်ပုဒ် ရေးသည်။ ဒုတိယလတွင်လည်း ဘာမှမရေးပါ။ တတိယလ ကျတော့ ကိုမိုးဝေ အထိမ်းအမှတ်လ ဖြစ်နေသည်။ ၁၉၆၇ ဩဂုတ်လ ၁၅ ရက်နေ့မှာကိုမိုးဝေ

ကွယ်လွန်ခဲ့သည်။ ယင်းကြောင့် "သြဂုတ်လ အလွမ်းပြေ" ဆောင်းပါး ရေးခဲ့သည်။ ထို့နောက် ကာလအတန်ကြာ ရပ်ဆိုင်းလာခဲ့ရသော "တောအကြောင်း တောင်အကြောင်း" ကဏ္ဍကို ပြန်လည်အသက်သွင်းလိုက်သည်။

သည့်နောက်တွင်ကား "တောအကြောင်း တောင်အကြောင်း"ကို ခေါင်းစီး အမည်နှင့် အညီပင် စိတ်ကူးတည့်ရာ၊ အကြောင်းသင့်ရာများကို ရေးခဲ့သည်။ စာပေ မဂ္ဂဇင်း အကြောင်းလည်း ပါသည်။ ခရီးသွားမှတ်တမ်းများလည်း ပါသည်။ ပြန်လည် ဘသချက်များလည်း ပါသည်။ စာအုပ် ဝေဖန်ချက်လည်း ပါသည်။ စာအုပ်ပြပွဲအကြောင်း လည်း ပါသည်။

သို့သော် မိမိစိတ်ထဲတွင် ရေးချင်နေသည့် အကြောင်းအရာနှစ်ခု ရှိနေသည်။ တစ်ခုက မိုးဝေကို လက်လွှတ်လိုက်စဉ်က တစ်ပိုင်းတန်းလန်းနှင့် ရပ်သွားသော "မိမိနှင့် မိမိဝတ္ထုများ" အကြောင်း ဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်းတွင် အဆက်ပြတ်သွား သည်။ ဆက်ရေးစရာတွေ ရှိသည်။ ဆက်ရေးချင်သည်။

နောက်တစ်ခုက "မိမိနှင့် စာရေးဆရာများအကြောင်း"။ သည်အကြောင်း ကိုလည်း မိမိရေးဖို့ စိတ်ကူးခဲ့သည်မှာ ကြာပြီ။ သည်အကြောင်းက မိမိ၏ အတ္ထုပ္ပတ္တိ လည်း မဟုတ်ပါ။ သူတို့ အတ္ထုပ္ပတ္တိလည်း မဟုတ်ပါ။ မိမိနှင့် သူတို့၏ ထိတွေ့မှု များသာ ဖြစ်သည်။ သည်အကြောင်းကို ရေးလျှင် မိမိအကြောင်းလည်း ပါမည်။ သူတို့ အကြောင်းလည်း ပါမည်။ ဆက်နွှယ်နေသော စာပေနှင့် စာပေလောကအကြောင်း လည်း ပါမည်။

သို့ဖြင့် "မိမိနှင့် စာရေးဆရာများ" အစီအစဉ်ကို မင်းကျော်နှင့် စ ဖွင့်သည်။ ဘတ္တုရေးသည့် ပုံစံအတိုင်း ဇာတ်အလယ်မှ စ ဖွင့်ခြင်း ဖြစ်သည်။ ထို့နောက် လင်းယုန် သင်လွင်၊ တင့်ဆန်း၊ တင်စိုး၊ အညာက စာရေးဆရာများ၊ လင်းယုန်နီနှင့် ဗန်းမော် ဘင်အောင်တို့ကို ရေးခဲ့သည်။ လင်းယုန်နီကို ရေးကတည်းက သူပြီးလျှင် ဗန်းမော် ဘင်အောင်၊ ဗန်းမော်တင်အောင် ပြီးလျှင် ဒဂုန်တာရာကိုရေးရန် ဇာတ်ပျိုးခဲ့သည်။

သို့သော် လနှစ်ရာ အထူးထုတ်တွင် ဒဂုန်တာရာကို ရေးရမည် ရှိသောအခါ လက်တွန့်နေသည်။ သူ့အကြောင်းကို မရေးဘဲ တိရစ္ဆာန်ရုံထဲက ကျားမြီးကို သွားဆွဲ လျှင် ကောင်းချေမည်လားဟု စဉ်းစားမိသည်။

မိမိနှင့် စာရေးဆရာများ "ဆီးရီး"ကို စီစဉ်ကတည်းကပင် လက်တွန့်မိသော ခေါင်းစီးနှစ်ခု ရှိခဲ့သည်။ "မိမိနှင့် ဒဂုန်တာရာ" နှင့် " မိမိနှင့် အမျိုးသမီး စာရေးဆရာ များ" ပင် ဖြစ်သည်။

အမျိုးသမီးများက ဆတ်ဆတ်ထိမခံ ဖြစ်သည်။ ဒဂုန်တာရာက ရွှေပန်းကန် ဖြစ်သည်။

သည်မှာ သတိရသဖြင့် ရယ်စရာတစ်ခု ပြောချင်သည်။ ပြီးခဲ့သည့် ဒုတိယအကြိမ် စာပေလုပ်သား ညီလာခံတုန်းက ဖြစ်သည်။

'ဆရာနတ်နွယ်၊ "မိမိနှင့် စာပေလုပ်သားညီလာခံ ၁၉၈၄" ကို ရေးပါဦး'

နောက်ဘက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ဒေါ်ကြွယ်ကြွယ်က ပြောလိုက်ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဒေါ်ကြွယ်ကြွယ်နှင့်အတူ အခြားအမျိုးသမီးစာရေးဆရာ လေးငါးခြောက်ယောက်လောက် ရှိနေသည်။ အချို့ကို မိမိ သိသည်။ အချို့ကို သိသည်ဟု ထင်သည်။ နာမည်နှင့်လူ မတွဲမိ။ အချို့ကိုကား ယခင်က မမြင်ဖူး။

ညီလာခံတက်ရောက်သူများကို အမည်စာတမ်း ပါရှိသော ရင်ထိုးကလေးများ ပေးထားသည်။ လူကို မှတ်မိပြီး နာမည်မေ့နေလျှင် ရင်ဘတ်ပေါ်မှ ရင်ထိုးကို ကြည့်လျှင် သိနိုင်သည်။ သို့သော် အမျိုးသားတစ်ယောက်ဆိုလျှင် အရေးမကြီး။ သူ့ရင်ဘတ်မှ စာတမ်းကို အားမနာတမ်း ဖတ်နိုင်သည်။ သို့သော် အမျိုးသမီးဆိုလျှင်ကား အားနာစရာကြီး။ နောက်တစ်ကြိမ်ဆိုလျှင် နာမည်စာတမ်းများကို ရင်မှာ မထိုးဘဲ နောက်ကျောမှာ ထိုးရန် အကြံပြုရလျှင် ကောင်းမလား မသိ။ "ကျောထိုး"ဟူသော ဝေါဟာရအသစ်တစ်လုံးလည်း တိုးလာနိုင်သည်။ ဘယ်လောက်ပဲကြည့်ကြည့် အားနာစရာ မရှိတော့။

ယခုတော့ "မိမိနှင့် အမျိုးသမီးစာရေးဆရာများ"အကြောင်း ရေးနိုင်ရန် သူတို့နာမည်ကို သိနိုင်ဖို့ကပင် အခက်အခဲကြီးတစ်ခု။

"မိမိနှင့် ဒဂုန်တာရာ"အကြောင်း ရေးဖို့ကိစ္စမှာလည်း အခက်အခဲတွေ တသီတတန်းကြီးပင်။

သို့သော်–

မိမိသည် ရန်ကုန်ရောက်သည့် ၁၉၅၃ မှ အစပြုလျက် ၁၉၇၂ ခုနှစ်လောက်အထိ အနှစ်နှစ်ဆယ်နီးပါးမျှ ဒဂုန်တာရာနှင့် လက်ပွန်းတတီး နေခဲ့ရသည်။ အချို့သော နှစ်ကာလများတွင် ဆိုလျှင် မိမိတို့သည် နေ့စဉ်လောက်ပင် တွေ့ဆုံဖြစ်ကြသည်။ အအေးဆိုင်မှာ ထိုင်ကြသည်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ခရီး အတူသွားကြသည်၊ အစည်းအဝေး အတူတက်ကြသည်။ စာပေအကြောင်း မမောနိုင်မပန်းနိုင် ဆွေးနွေးခဲ့ကြသည်။

သည့်ထက်ပိုပြီး အရေးကြီးသည်က မိမိသည် သူ၏ **တာရာ** မဂ္ဂဇင်းကို ဖတ်ပြီး ကြီးပြင်းခဲ့ရသည်။ မိမိအပေါ်တွင် သူ၏ စာပေသြဇာ သက်ရောက်လွှမ်းမိုးခဲ့သည်။ ယခုတိုင်အောင်ပင် ဖြစ်သည်။

သည်တော့ သူ့အကြောင်း ရေးရပေမည်။ "မိမိနှင့် ဒဂုန်တာရာ"ကို ရေးရမည်။ ဘယ်ကစပြီး ရေးရပေမည်နည်း။ ဘယ်လောက်အထိ ရေးရမည်နည်း။ ဘယ်မှာ ဆုံးရမည်နည်း။

(က)

မိမိနှင့် ဒဂုန်တာရာ ပထမဆုံးအကြိမ် လူချင်းတွေ့ဖူးကြသည်မှာ ဂျာနယ်ကျော် မမလေး၏ အလုပ်တိုက်တွင် ဖြစ်သည်။ မိမိက သူ့ကို တွေ့လိုမြင်လို သိကျွမ်းလိုသဖြင့် ကိုတင်စိုးက လိုက်ပို့ပေးရခြင်း ဖြစ်သည်။ သည်တုန်းက သူသည် ဒေါ်မမလေး၏ အလုပ်တိုက်တွင် စတည်းချနေသည်။ သူ့စားပွဲက အဝင်ဝတွင် ဖြစ်သည်။ လမ်းမဘက်တွင် ဖြစ်သည်။ ပြတင်းပေါက်အကွယ်တွင် ဖြစ်သည်။ ပြတင်းပေါက်မှကြည့်လျှင် အပြင်ဘက်ကမ္ဘာကို မြင်ရသည်။ သို့သော် ပြတင်းပေါက်တွင် ဇာခန်းဆီး တပ်ဆင်ထားသဖြင့် ပြင်ပကမ္ဘာသည် ဝိုးတဝါးမျှသာ။

သူ့စားပွဲက လှသည်။ ပန်းချီနှင့်တူသည်။ ကဗျာနှင့်တူသည်။ စားပွဲခင်း အပြာနုနု၊ စားပွဲတင် မီးတိုင်အုပ်ဆောင်းကလည်း အမြိတ်စကလေးတွေ ကျနေသော ပိုးအပြာစ။ ဖန်ခွက်ပုပုကလေး အုပ်ထားသော ရေဖန်ချိုင့်။ အညီအညာ ထပ်ထားသော စာအုပ် နှစ်အုပ် သုံးအုပ်။

ကိုတင်စိုးက မိတ်ဆက်ပေးသောအခါ သူ ယဲ့ယဲ့ကလေး ပြုံးသည်။ ထို့နောက် လူထုအကြောင်း၊ မန္တလေးအကြောင်း သဲ့သဲ့ကလေး မေးသည်။ မိမိကို သူ ကြည့်ပုံက စူးစူးစိုက်စိုက် မဟုတ်။ သဲ့သဲ့ယဲ့ယဲ့ကလေး။

သူ့အကြောင်း ကြားဖူးထားသည့်အတိုင်း၊ စာထဲတွင် ဖတ်ဖူးထားသည့်အတိုင်း အင်္ကျီလက်ရှည်အဖြူ၊ ဘန်ကောက်လုံချည် ရေညှိစိမ်း၊ မျက်မှန်ဝိုင်းဝိုင်းထူထူ၊ နှုတ်ခမ်းဆူထူ၊ ဆံပင်ကောက်ကောက် တွန့်တွန့်လိပ်လိပ်။

သည်တုန်းက သူ ၃၄ နှစ်ပဲ ရှိသေးသည်။ မိမိက ၂၀။ ၁၉၅၃ ခုနှစ်က ဖြစ်သည်။ မိမိထက် ၁၄ နှစ်ကြီးသည်။ သို့သော် မိမိထက် လေးငါးနှစ်မျှကြီးကြသော ကိုကျော်အောင်၊ ကိုမြသန်း (တင့်)၊ ကိုတင်စိုး၊ ကိုအောင်လင်းတို့ ခေါ်သည့်အတိုင်းပင် သူ့ကို ကိုငွေးမြိုင်ဟု ခေါ်မိသည်။ ထို့မျှမက မိမိထက် ၁၆ နှစ်မျှ ကြီးကြသော တင့်ဆန်းနှင့် လင်းယုန်သစ်လွင်တို့ကိုလည်း ကိုမိုးဝေတို့ ခေါ်သည့်အတိုင်းပင် ကိုတင့်ဆန်း၊ ကိုသစ်လွင် ဟု ခေါ်ခဲ့မိသည်။ ယခုမှ သူတို့တစ်တွေ အဘိုးကြီးတွေ ဖြစ်နေကြပြီကို ကြည့်ပြီး "ကို" တပ်ပြီး ခေါ်ရမည်ကို အားနာနေမိသည်။ ဦးသိန်းဖေမြင့်ကိုပင် ကိုငွေးမြိုင်တို့၊ ကိုတင်အောင်တို့ ခေါ်သည့်အတိုင်း ကိုသိန်းဖေဟု လိုက်ပြီး မခေါ်မိစေရန် မနည်းပင် နှုတ် စောင့်စည်းရသည်။ သူတို့နှင့် ကိုသိန်းဖေမြင့်က ငါးနှစ်ပဲ ကွာသည် မဟုတ်လား။

ဂျာနယ်ကျော်မမလေးကို ကိုငွေးမြိုင်နှင့် တစ်ချိန်တည်းမှာပင် တွေ့ဆုံ သိကျွမ်းခဲ့ရသည်။ ဒေါ်မမလေးကိုမူ ထိုကတည်းကပင် အစ်မကြီးဟု ခေါ်ခဲ့သည်။ မိမိထက် ၁၆

နှစ်တိတိ ကြီးသည်။ သို့သော် ထိုစဉ်ကမူ ဒေါ်မမလေးသည် ၃၆ နှစ်မျှသာ ရှိသေးသည်။ လုပဆဲ ဖြစ်သည်။ အရပ်အမောင်းကောင်းပြီး အပြင်အဆင် တတ်ကျွမ်းသဖြင့် ပို၍ လှပသည်ဟုပင် ထင်ရသည်။ နောက်ပြီးတော့ အမျိုးသမီးတွေ၏ အလှက အသက် ၄၀ တွင်မှ အစွမ်းကုန် ပွင့်လန်းသည်ဟု ဆိုကြသည် မဟုတ်လား။

ဒေါ်မမလေးက မိမိတို့ကို မျက်စောင်းထိုးဆိုင်မှ ချစ်တီးကော်ဖီ မှာတိုက်သည်။ ကော်ဖီက ကောင်းသည်။ အနံ့ရော အရသာရော ပြင်းစူးသည်။ ထို့နောက် နာမည်ကျော် ကရစ်လမ်း (ဗိုလ်မြတ်ထွန်းလမ်း) စမူဆာကို မှာကျွေးသည်။ စမူဆာကလည်း ကောင်းလှသည်။ သေးသေးကလေးတွေ၊ ပူပူကလေးတွေ။ သည်မှစ၍ နောက်ပိုင်းကာလများတွင် ချစ်တီးကော်ဖီနှင့် ကရစ်လမ်း (ဗိုလ်မြတ်ထွန်းလမ်း) စမူဆာသည် မိမိတို့၏ နိစ္စဓူဝ နေ့လယ်စာ ဖြစ်ရတော့သည်။

ချစ်တီးကော်ဖီ၊ ကရစ်လမ်း (ဗိုလ်မြတ်ထွန်းလမ်း) စမူဆာ၊ စာပေသစ်၊ စာရေးဆရာအသင်း၊ စာရေးဆရာ စာပေကလပ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် ...။

## (ခ)

ဒဂုန်တာရာ ချည်လုံချည်ဝတ်သည်ကို မိမိ ပထမဦးဆုံး တွေ့ဖူးသည်မှာ မိမိတို့ လှိုင်မြို့ဟောင်းကို သွားကြတုန်းက ဖြစ်သည်။ ၁၉၅၇ တွင် ဖြစ်သည်။

လှိုင်မြစ်ကမ်းပါးပေါ်ရှိ လှိုင်မြို့ဟောင်းနှင့် အလယ်ရိုးမတောင်ခြေရှိ တဗူးမြို့ဟောင်းကို သွားရောက်ရန် မိမိတို့ ညှိနှိုင်းသောအခါ ဒဂုန်တာရာက သူလည်း လိုက်မည်ဟု စိတ်အားထက်သန်စွာ ဆိုသည်။

'ခင်ဗျား လိုက်နိုင်ပါ့မလား'

'ကမ္ဘာပတ်လာတဲ့ လူပဲဗျာ'

မရယ်တရယ် သူ ပြောသည်။

'ကမ္ဘာပတ်တာနဲ့ မတူဘူး။ အခု သွားရမှာက ခရီးကြမ်းတယ်၊ ကုန်းကြောင်းလျှောက်ရမှာ'

'ကျွန်တော့်အတွက် မပူပါနဲ့'

'ဒါပေမဲ့ ခင်ဗျား ဘန်ကောက်လုံချည်နဲ့တော့ မဖြစ်ဘူး'

သည်တော့ သူ တွေဝေသွားသည်။

သို့သော် ချက်ချင်းပင် ဆုံးဖြတ်ချက် ချပြီးဟန်ဖြင့်–

'အင်း ဟုတ်တယ်၊ ချည်လုံချည် နှစ်ထည်လောက်တော့ ဝယ်မှပဲ'

သည်တုန်းက ညဈေးတန်းက အနော်ရထာလမ်း ပလက်ဖောင်းပေါ်တွင် ဖြစ်

သည်။ ဆိုင်တန်းတွေ အကျအနထိုးလို့ ဖြစ်သည်။ သူ လုံချည်ဝယ်ရာသို့ ကိုတင်စိုးနှင့် မိမိ အဖော်လိုက်ကြသည်။

သူ့စိတ်ကြိုက် အဆင်အသွေး မရသဖြင့် တစ်နာရီလောက် ကြာသွားသည်။ နောက်ဆုံးတွင် လုံချည်နှစ်ထည် သူ ဝယ်သည်။ အကွက် စိပ်စိပ်ကလေးတွေ ဖြစ်သည်။ ဘစ်ထည်က အစိမ်းနု၊ တစ်ထည်က အပြာနု။

ပြည့်ကျပ်နေသော ဘတ်စ်ကားကြီးတစ်စီးဖြင့် မိမိတို့ လိုက်ပါရသည်။ မိမိတို့ ဆိုသည်မှာ ဒဂုန်တာရာနှင့် တင်စိုး၊ ကိုလွင်ဦး (ပြည်တော်သစ်) နှင့် မိမိ။

ဥက္ကံမရောက်မီ ရွာတစ်ရွာတွင် ဆင်းရသည်။ လှိုင်မြို့ဟောင်းကို ရောက်အောင် သုံးနာရီလောက် လျှောက်ရသည်။ မိုးရွာထားသဖြင့် လယ်ကန်သင်းများ စွတ်စိုနေသည်။ ချော်ချွတ်နေသည်။ အချို့နေရာများတွင် ဗွက်ပေါက်နေသည်။ အချို့နေရာများတွင် ရေလွှမ်းနေသည်။ ဖိနပ်များကို လက်တွင် ကိုင်သွားကြရသည်။ ချော်မလဲအောင် သတိထားပြီး လျှောက်ကြရသည်။ အချို့နေရာတွင် ဗွက်က ခြေသလုံးတစ်ဝက်လောက် မြုပ်သည်။ အချို့နေရာများတွင် ရေက ပေါင်လယ်လောက်အထိ နက်သည်။ တစ်နေရာတွင် "ချွေးအိပ်ချောင်း"ကို ကူးဖြတ်ကြရသည်။ တံတားက ဝါးပိုးဝါး တစ်လုံးတည်း။ မိမိတို့က ဆလးဖက်ထောက်ပြီး ကူးဖြတ်ကြရသည်။

ကိုဒွေးမြိုင် တစ်ချက်ကလေး မညည်းပါ။ ထို့အပြင် မိမိတို့ကို ချုံခိုတိုက်ခိုက်လှက် ရှိကြသော မျှော့များကိုလည်း သူ နည်းနည်းမျှ မကြောက်ပါ။ သူက မြစ်ဝကျွန်းပေါ်သား ဖြစ်သည်။ မိမိ မျှော့ကြောက်သည်ကို ကြည့်ပြီး သူက ရယ်မောလိုက်သေးသည်။

မွန်းတည့်ချိန်လောက်တွင် လှိုင်မြို့ဟောင်းအတွင်းသို့ ရောက်ရှိသွားကြသည်။ မိမိ ဘို့ ဘာတွေ တွေ့ရသနည်း။ ဘုရားပျက်ကလေးတစ်ဆူနှင့် ရေတွင်းပျက်ကလေး တစ်ခုကိုသာ တွေ့ရှိကြရသည်။ သို့သော် မြို့ရိုးပေါ်မှ ကြည့်သောအခါတွင်ကား လှိုင်မြစ်တစ်ခွင်သည် ပန်းချီကားတစ်ချပ်ကို ဖြန့်ခင်းထားသည့်နှယ်၊ အဝေးဆီတွင် အလယ်ရိုးမ မှိုင်းညို့ညို့။

လှိုင်မြို့ဟောင်းမှ အပြန်တွင် ဒဂုန်တာရာက ရှမဝတွင် ကဗျာတစ်ပုဒ်ရေးသည်။ ကိုတင်စိုးက လုံးချင်းတစ်ပုဒ်။

(၈)

ဒဂုန်တာရာသည် အလှအပ အနုအရွကလေးတွေ ကြိုက်တတ်သည်။ အကြမ်းအတမ်း အပင်အပန်းတို့ကိုလည်း အမှုမထင်ပါ။

၁၉၅၈ ခုနှစ်တွင် မိမိတို့ မြောက်ဥက္ကလာပကို ပြောင်းရတော့ သူသည် မိမိတို့ရှိရာ ကွင်းပြင်ကြီးထဲသို့ ချွေးတလုံးလုံး ဖုန်တလူးလူးဖြင့် ရောက်လာသည်။ မိမိတို့၏ ယာယီ နန်းဖြစ်သော လေးတိုင်စင်ကလေးများတွင် သူ ရေနွေးကြမ်းသောက်သည်။ ငမိုးရိပ်ချောင်းကို လှေကလေးနှင့်ဖြတ်ပြီး တစ်ဖက်ကမ်းက ရွာတွေကို သွားလည်တော့လည်း သူ လိုက်ပါသည်။ သူသည် တောင်ဥက္ကလာပသို့လည်း ရောက်ခဲ့ပြီး ဖြစ်သည်။ ကေတီဦးကျော်တင့် (ကွယ်လွန်) ထံသို့ဟု ထင်သည်။ သည်မှာ သူ၏ နာမည်ကျော် "ဥက္ကလာပ" ကဗျာ မွေးဖွားခြင်း ဖြစ်သည်။

မိတ်ဆွေတွေနှင့် တွေ့ပြီး စကားစမြည် ပြောရမည်ဆိုလျှင်၊ စာပေရေးရာများ ဆွေးနွေးရမည်ဆိုလျှင် သူ ဘယ်တော့မှ ဦးမလေး။ မိုးရွာသည်ကိုလည်း သူ မဖြုံ၊ နေပူသည်ကိုလည်း သူ မတွက်၊ နှင်းကျသည်ကိုလည်း အမှုမထား။ ခရီးဝေးသည်၊ ချောင်ကျသည်၊ လမ်းထောင့်သည် ဆိုသည်တွေလည်း သူ ဘာမှ မစဉ်းစား၊ ချိန်းသည့်နေ့တွင် သူ ရောက်လာသည်။ ချိန်းသည့်အချိန်တွင် သူ ရောက်လာသည်။ ပျက်ကွက်သည် မရှိ၊ နောက်ကျသည် မရှိ။ အစည်းအဝေး ဆိုလျှင်လည်း သည်အတိုင်းပင်။

သို့သော် သူသည် ဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် အတူပါသော်လည်း ဟောပြောပွဲကိုကား ဘဝင်ကျဟန် မရှိချေ။ စာပေဟောပြောပွဲဆိုလျှင် သူ ဘယ်တော့မှ မလိုက်။ စာပေဆွေးနွေးပွဲ သက်သက်ဆိုလျှင်ကား သူ လိုက်ပါသည်။

တစ်ခုသော စာဆိုတော်ရာသီတွင် **မိုးဝေ**ကို သူ ဆောင်းပါးတစ်ပုဒ် ပေးသော အခါ ဟောပြောပွဲများအကြောင်း ပါရှိလာသည်။ သူ၏ ကောက်ချက်အချို့သည် မိမိတို့နှင့် သဘောကိုက်ညီခြင်း မရှိသဖြင့် ဆောင်းပါးကို ပြန်ပေးလိုက်သည်။ ထိုအခါ (မိမိ တည်းဖြတ်သော) မိုးဝေသို့ သူ စာမှုမပေးတော့။

**မိုးဝေ**မှာ သူ မရေးတော့သော်လည်း **မိုးဝေ**ကိုကား သူ ဖတ်မြဲဖြစ်သည်။ **မိုးဝေ**ကလည်း သူ့ကို စာအုပ်လက်ဆောင် ပေးမြဲဖြစ်သည်။ သို့သော် တစ်လတွင်ကား သူ့အတွက် စာအုပ်လာယူသော ကဗျာဆရာတစ်ယောက်ကို မိမိက ပြောလိုက်သည်။

'**မိုးဝေ**မှာ စာမရေးတဲ့ လူတွေကို စာအုပ်မပေးဘူးလို့ ပြောလိုက်ဗျာ'

သည်သတင်း ချက်ချင်းပြန့်သွားသည်။

'ခင်ဗျား အတော်ဆိုးတဲ့လူဗျာ၊ ကျွန်တော်တို့က ခင်ဗျားတို့ ပြေလည်အောင် ကြိုးစားနေကြတာ'

ကိုစောလွင် (မြန်မာအမျိုးသမီး)က မိမိကို ပြောသည်။ သည်တုန်းက **မိုးဝေ**ကို သူ တာဝန်ခံ ထုတ်လုပ်နေစဉ် ဖြစ်သည်။

ယင်းသို့ဖြင့် အချိန်ကာလတွေ ကြာမြင့်သွားသည်။ **မိုးဝေ**ကို မိမိ လက်လွှတ်လိုက်သည်။ သည်အခါတွင် **မိုးဝေ**မှာ သူ ပြန်ရေးသည်။

**မိုးဝေ**ကို မိမိ ပြန်လည် တာဝန်ယူသောအခါ သူ့ထံသို့ သွားရောက်ပြီး စာမူ တောင်းရန် **ဦးမိ** ဆုံးဖြတ်သည်။ မိတ်ဆွေတွေကလည်း တိုက်တွန်းကြသည်။ သို့သော် လက်တွေ့ ဘွင်ကား သူ့ထံသို့ မိမိ မရောက်ဖြစ်ခဲ့။

**မိုးဝေ** လနှစ်ရာ အထူးထုတ်ကို စီစဉ်သော အခါတွင်ကား သူ့ထံသို့ သွား ဖြစ်အောင် သွားမည်ဟု သန္နိဋ္ဌာန်ချသည်။

တစ်နေ့တွင် ကားတစ်စီးငှားပြီး ဆရာဇော်ဂျီ၊ ဆရာတက်တိုး၊ ဒေါ်နယဉ်နှင့် သူ့အိမ်သို့သွားရန် စီစဉ်သည်။ မိတ်ဆွေအချို့လည်း လိုက်ပါကြမည် ဖြစ်သည်။ သို့သော် သူ့ထံသို့ ကြိုပြီး ဖုန်းဆက်သောအခါ သူ မရှိပါ။ မော်တီ သွားနေသည်။ နောက်တစ်ပတ် အကြာတွင် ထပ်ပြီး ဖုန်းဆက်သည်။ မတွေ့ပါ။ မော်တီ သွားနေသည်ဟုပင် သိရသည်။

ယင်းသို့ဖြင့် လနှစ်ရာ အထူးထုတ်အတွက် သူ့ထံမှ စာမူမတောင်းလိုက်ရပါ။ အကယ်၍ သူနှင့်တွေ့ပြီး စာမူတောင်းခွင့် ရခဲ့လျှင်ကား ...။

[ မိုးဝေ၊ စက်တင်ဘာ၊ အောက်တိုဘာ၊ ၁၉၈၄ ]

# မိမိ နှင့် မောင်နေဝင်း

၁

(က)

အံ့သြစရာကောင်းသည်ကတော့ မိမိနှင့် မောင်နေဝင်း ဘယ်တုန်းက ဘယ်နေရာမှာ တွေ့ပြီး သိကျွမ်းခဲ့သည်ကို မမှတ်မိခြင်းပင် ဖြစ်သည်။ ရေးရေးကလေးမျှပင် မမှတ်မိပါ။ နည်းနည်းကလေးမျှပင် စဉ်းစားမရပါ။ သူ့ကို မေးမြန်းကြည့်တော့လည်း မသိပါ။

သို့နှင့်တိုင် မိမိတို့နှစ်ယောက် သို့မဟုတ် မိမိတို့သုံးယောက် (မင်းကျော်ရယ်ပေါ့) သည် နှစ်ပေါင်း နှစ်ဆယ်ကျော် အစိတ်နီးပါးမျှ တစ်သားတည်းကျမတတ် ပေါင်းခဲ့ကြသည်။

နှစ်ပေါင်းနှစ်ဆယ်ကျော် ဆိုသည်မှာ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် စတင်ဖွဲ့စည်းတည်ထောင်သည်မှ စတင်ရေတွက်ခြင်း ဖြစ်ပါသည်။ စာရေးဆရာ စာပေကလပ်ကို ၁၉၆၁ ခု ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုအချိန်ကတည်းက မိမိတို့သုံးယောက် စပြီး တွဲခဲ့ကြရသည်တော့ အမှန်ပင်။

ဘယ်အထိ မိမိတို့ တွဲခဲ့ကြသနည်း။ တစ်နေ့ မမြင်ရ တစ်နေ့ မနေနိုင် ဆိုသလောက်ပင် တွဲခဲ့ကြသည်။ လုပ်ငန်းဌာန တစ်ခုတည်း မဟုတ်သော်လည်း နေ့တိုင်းလောက်ပင် တွေ့ဆုံခဲ့ကြသည်။ မလွဲမရှောင်သာသော ကိစ္စရှိမှသာလျှင် တစ်နေ့တလေ ပျက်ကွက်ကြသည်။

မောင်နေဝင်း ( ၁၉၃၀–၉၁ )



နေ့လယ် နှစ်နာရီဆိုလျှင် စုရပ်မှာ ဆုံကြပြီ။ စုရပ်မှာ မိုးဝေမဂ္ဂဇင်းတိုက်၊ ...ဂံစာအုပ်တိုက်နှင့် ၃၃ လမ်း **စာပေလောက** စာအုပ်တိုက်တို့ ဖြစ်ခဲ့သည်။

ပုဂံစာအုပ်တိုက် သုံးနေရာ ပြောင်းခဲ့သည်။ ပထမ ၅၁ လမ်း၊ ဒုတိယ ၁၀၇ လမ်း ...နှင့် ...တတိယ မြန်မာ့ဂုဏ်ရည်လမ်း ဖြစ်သည်။ ၅၁ လမ်းတုန်းက ဗိုလ်ချုပ်လမ်းထိပ်က ...ရှတ်လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြပြီး၊ ၁၀၇ လမ်းကျတော့ လမ်းထိပ်က ဗာဒံပင်၊ ...မြန်မာ့ဂုဏ်ရည်လမ်းကျတော့ နေရာအနည်းငယ် ကျယ်သဖြင့် တိုက်ထဲမှာပင် ထိုင်ကြ ...သည်။

မိုးဝေတိုက် တည်နေရာကတော့ မြို့လုံးပတ်လည် ဖြစ်သည်။ ကိုမိုးဝေက ...ခါသဖြင့် မြစာပေက ထုတ်သော **စုံထောက်**မဂ္ဂဇင်းမှာ မိမိ ပြန်လုပ်တော့ အယ်ဒီတာ ...အဖွဲ့ တည်ရာက အနော်ရထာလမ်းမှာ၊ ပုံနှိပ်တိုက်က တောင်ဥက္ကလာမှာ။ **စုံထောက်** ...မဂ္ဂဇင်းကို မြစာပေမှ ဆက်လက်ထုတ်လုပ်ခြင်း မပြုသောအခါ **ကိုတင်အောင် မစန်း** ...စာပေက ဆက်လက်ထုတ်လုပ်သည်။ ကိုတင်အောင် မစန်း စာပေသည် ကိုမိုးဝေနှင့် ...မိန်း၏ စာအုပ်များကို လစဉ်လောက်ပင် ထုတ်ဝေနေချိန် ဖြစ်သည်။ မိမိတို့နှင့် လူချင်း ...လည်း ရင်းနှီးလှသည်။ မဂ္ဂဇင်းလုပ်ငန်းကို မိမိတို့စိတ်ကြိုက် လုပ်ရန် လွှဲထားသည်။ ...မြစာပေတုန်းကလည်း မိမိတို့ သဘောအတိုင်းပင် ဖြစ်သည်။ ယင်းကြောင့်ပင် စုံထောက် ...မဂ္ဂဇင်းသည် မိမိတို့ ပြန်လည်တာဝန်မယူမီက စောင်ရေ နှစ်ထောင်ကျော်မျှသာ ရှိသော် ...လည်း မိမိတို့ လက်ထဲသို့ ရောက်ရှိလာသောအခါ တစ်နှစ်အတွင်းမှာပင် စောင်ရေ ...နှစ်ထောင် ဖြစ်လာသည်။

ကိုတင်အောင် မစန်းတို့၏ သီရိမင်္ဂလာပုံနှိပ်တိုက်သည် ကန်တော်ကလေး ...၃ လမ်း၊ အမှတ် ၂၉ တွင် ဖြစ်သည်။ နှစ်ထပ်တိုက် အဆောက်အအုံဖြစ်သည်။ ...သားချင်းကပ်အိမ်ကို ဝယ်ပြီး နှစ်ထပ်တိုက် ဆောက်လိုက်ပြန်သောအခါ နေရာမှာ ...ကျယ်ကြီး ဖြစ်သွားသည်။ နှစ်တိုက်ပေါင်း အောက်ထပ်လေးခန်း ရှိရာတွင် စက် ...ရုံးလုံးက နှစ်ခန်း၊ စာအုပ်ချုပ်လုပ်ငန်းက တစ်ခန်း၊ မိမိတို့ အယ်ဒီတာအဖွဲ့ကတစ်ခန်း ...ဖြင့်သည်။ နေရာ ကျယ်ဝန်းပြီး မိမိတို့ ကြိုက်သလို နေနိုင်သည်။ သို့သော် မိမိသည် ...တိုက်တွင် တစ်နေ့လျှင် တစ်နာရီထက် ပိုပြီး ထိုင်လေ့မရှိပါ။ နေ့လယ် တစ်နာရီလောက် ...တွင် အလုပ်တိုက်သို့ မိမိ ရောက်ရှိသည်။ လုပ်စရာ ရှိသည်များကို လုပ်ပေးသည်။ ...နှစ်နာရီလောက်တွင် မောင်နေဝင်းနှင့် မင်းကျော်တို့ ရောက်ရှိလာသောအခါ တစ်နေရာသို့ ...သွားကြသည်။ မိမိတို့ သုံးယောက်တည်း သွားသည့်အခါ ရှိသလို ကိုတင့်ဆန်း၊ ကို ...အောင်သိန်း (ဆင်ဖြူကျွန်း)၊ မောင်ချောတို့နှင့် တစ်စုတစ်ဝေးကြီး သွားသည့်အခါလည်း ...ရှိသည်။

ကိုတင်အောင် မစန်း စာပေသည် စီးပွားရေးတက်နေချိန် ဖြစ်သဖြင့် ၃၉ လမ်း ... အခန်းနှင့် ပုံနှိပ်စက်ကို ဝယ်လိုက်ပြန်သည်။ ကိုတင်အောင်က–

'ကိုနတ်နွယ်၊ ၃၉ လမ်း တိုက်မှာ ခင်ဗျားတို့ နေပေတော့။ အဲဒီမှာ ခင်ဗျားတို့ မဂ္ဂဇင်းတစ်စောင်တည်း စိတ်ကြိုက်ရိုက်ကြပေတော့၊ ခင်ဗျားတို့ အယ်ဒီတာအဖွဲ့ သဘော ရှိပဲ။ အားလုံး ခင်ဗျားသဘောပဲ'

သို့ဖြင့် အမှတ် ၁၈၀၊ ၃၉ လမ်းသို့ မိမိတို့ ပြောင်းရွှေ့ကြရသည်။ တိုက်မှာ မစန်း၏ဖခင် လာထိုင်သော်လည်း စာရင်းအင်း ထိန်းသိမ်းရုံမျှသာ ဖြစ်သည်။ စာစီခြင်း၊ စက်ရိုက်ခြင်း လုပ်ငန်းများအားလုံး မိမိသဘောသာ ဖြစ်သည်။ ယင်းသို့ဖြင့် **သမဂ္ဂ စာပေ ထုတ်ဝေရေး** ကို မိမိတို့ တည်ထောင်ကြသည်။

သမဂ္ဂစာပေကို "စာရေးဆရာများ သမဝါယမ ထုတ်ဝေရေး" ရှေ့ပြေးအဖြစ် မိမိတို့ ရည်မှန်းခဲ့ကြသည်။ ပထမအဆင့်တွင် အစုငွေများဖြင့် ဖွဲ့စည်းခြင်း မဟုတ်သေးဘဲ စာရေးဆရာများအနေနှင့် တစ်ဦးချင်း ကိုယ့်စာအုပ်ကိုယ် ထုတ်ဝေခြင်း ဖြစ်သည်။ ယင်းသို့ ထုတ်ဝေရာတွင် သမဂ္ဂစာပေက ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးကို တာဝန်ယူ ဆောင်ရွက်ပေးမည် ဖြစ်သည်။ ထုတ်လုပ်ရေးအတွက် သမဂ္ဂစာပေမှ တစ်စုံတစ်ရာ ခံစားခွင့် မယူဘဲ ဖြန့်ချိရေးအတွက်သာ ကော်မရှင်ယူမည် ဖြစ်သည်။

ထုတ်လုပ်ရေးအပိုင်းတွင် စာအုပ်ထုတ်ဝေမည့် စာရေးဆရာက စက္ကူကိုသာ ကုန်ကျရန် ဖြစ်သည်။ ပုံနှိပ်ခကို မိမိတို့က တာဝန်ခံထားပြီး စာအုပ်ရောင်းချပြီးသော အခါတွင်မှ ရောင်းရငွေမှ ရှင်းပေးရန် ဖြစ်သည်။ ယင်း၏ အဓိပ္ပာယ်က မိမိတို့ တာဝန်ခံသော စာအုပ်များအားလုံးကို ကိုတင်အောင်က အကြွေးရိုက်ပေးထားခြင်းပင် ဖြစ်ပါသည်။ ထိုမျှမကပါ။ အချို့စာအုပ်များတွင် မိမိတို့ကပြောလျှင် ကိုတင်အောင်သည် စက္ကူပါ စိုက်ထုတ်ပေးထားပါသည်။

ဤနေရာတွင် တစ်ခု ပြောရဦးမည်။ ရယ်စရာကောင်းသည်လားတော့ မသိ။ မိမိတို့၏ လုပ်ငန်းသည် ပုဂ္ဂလိကထုတ်ဝေရေးကို တိုက်ခိုက်ရန်ဖြစ်သော်လည်း ပုဂ္ဂလိက ထုတ်ဝေသူတစ်ဦး၏ ပံ့ပိုးမှုကို ရယူထားကြရသည်။ ကိုတင်အောင်ကလည်း မိမိတို့၏ ရည်မှန်းချက်ကို မသိ မဟုတ်ပါ။ သိပါသည်။ တစ်ခုပဲ သူ ပြောသည်။

'ခင်ဗျားတို့က ကိုယ့်ဒုက္ခကိုယ် ကောင်းကောင်းရှာတဲ့လူတွေ။ ခင်ဗျားတို့ စာအုပ်တွေကို ကိုချောဆီမှာလည်း ကြိုက်သလို ထုတ်နိုင်တယ်၊ ကျွန်တော့်ဆီမှာလည်း ကြိုက်သလို ထုတ်နိုင်တယ်၊ စာမူခကိုလည်း ကြိုက်သလို ယူနိုင်တယ်။ ဘာဖြစ်လို့ အလုပ်ပိုတွေ လျှောက်လုပ်နေကြတာလဲ'

သူပြောတာလည်း မှန်ပါသည်။ မောင်ချော၏ ပုဂံစာအုပ်တိုက်သည် ထိုအချိန်က ထိပ်တန်း စာအုပ်တိုက်ကြီးတစ်ခုဖြစ်ပြီး မိမိတို့သည် ပုဂံစာအုပ်တိုက်၏ အယ်ဒီတာ များဟုပင် ဆိုနိုင်ပါသည်။ ကိုတင်အောင်၏ တိုက်တွင်လည်း ကြိုက်သလို လုပ်ပိုင်ခွင့် ရနေ ကြသည်။

သို့သော် မိမိတို့၏ ခေါင်းထဲတွင် "သမဝါယမ ထုတ်ဝေရေး"၊ "နိုင်ငံတော်ဆုတ်ဝေရေး" စသည်တို့ကို စိတ်စောနေကြပါသည်။

ယင်းစိတ်စောမှုကြောင့်ပင် မိမိတို့ စိတ်မောခဲ့ကြရခြင်း ဖြစ်သည်။ နောက်ဆုံးဘွင် သမဂ္ဂစာပေကို ရပ်နားခဲ့ကြရသည်။ ကံကောင်းသဖြင့်သာ မိမိတို့၏ စေတနာများသည် ဝေဒနာ မဖြစ်ခဲ့ကြရခြင်း ဖြစ်သည်။

ကိုတင်အောင်သည် အကြောင်းတစ်ခုကြောင့် လုပ်ငန်းများလျှော့ရန် စီစဉ်သည်။ ၃၅ လမ်း အခန်းကိုလည်း ရောင်းဖို့ သူ့ခေါင်းထဲမှာ ရှိနေပြီ။

'အဲဒီစက်နဲ့ အခန်းကို ခင်ဗျား ယူလိုက်ပါလား'

ကိုတင်အောင်က မိမိကို ပြောသည်။ မိမိ ခေါင်းခါသည်။

မိမိခေါင်းထဲတွင် စာရေးဆရာအဖြစ်နှင့် ရပ်တည်လိုသော ဆန္ဒပဲရှိသည်။ အပ်ဒိတာတောင် ဝါသနာကလေး အနည်းငယ်ပါသဖြင့်သာ လုပ်နေမိခြင်း ဖြစ်သည်။ သိပ်မလုပ်ချင်၊ စာပဲရေးချင်သည်။ ထုတ်ဝေသူနှင့် ပုံနှိပ်သူတော့ ယခုအထိ ဖြစ်ချင်စိတ်မရှိ။

မိုးဝေကို မိမိတာဝန်ခံပြီး ထုတ်လုပ်ခြင်း မပြုသဖြင့်လည်း မိုးဝေသည် ယခုလိုသံသရာ လည်နေခြင်း ဖြစ်တန်ရာသည်။

သို့ဖြင့် မိုးဝေသည် မင်္ဂလာတောင်ညွန့် ၁၀၁ လမ်းသို့ ရောက်ရှိသွားသည်။ ဆို့နောက် ပုံနှိပ်စက်တည်ရှိရာ ၁၀၇ လမ်းသို့ ပြောင်းသည်။

ထိုမှတစ်ဖန် ကန်တော်ကလေး မန္တလေးလမ်းသို့ ရောက်သွားသည်။ ယင်းကမှဘစ်ဆင့် ၃၄ လမ်း၊ ဗိုလ်ချုပ်လမ်းတို့သို့ ရောက်ရှိသည်။

နောက်တစ်ခါ ၁၀၇ လမ်းသို့ တစ်ကျော့ပြန် ရောက်ရှိသည်။ ၁၀၇ လမ်းမှဘစ်ဖန် ၃၉ လမ်း မူလနေရာဟောင်းသို့ ပြန်လည်ရောက်ရှိသည်။

၃၉ လမ်းမှာ မိုးဝေ ရှိနေစဉ် မိုးဝေမှ မိမိ ထွက်ခဲ့သည်။

မိုးဝေကို မိမိ ပြန်လည်လုပ်ဆောင်သောအခါ မဂ္ဂဇင်းတည်ရာသည် ၄၇ လမ်း။ ဆိုကမှတစ်ဖန် ကျောက်မြောင်း ဇောတိကလမ်း။ ပြီးတော့ ၃၃ လမ်း။ ယခု ၃၄ လမ်း။

ယင်းကြောင့်ပင် ရင်းနှီးသူအချို့က မိုးဝေမဂ္ဂဇင်းသည် ပတ်လည်စက်ကြီးနှင့်ရိုက်နှိပ်သည်ဟု ကျီစယ်ပြောဆိုကြသည်။

ရှိစေတော့။

မိမိတို့ သုံးယောက်သည် ပုဂံစာအုပ်တိုက်ရှိစဉ်က ပုဂံစာအုပ်တိုက်၊ မိမိ မိုးဝေတွင်လုပ်နေစဉ် ကာလအတွင်း မိုးဝေ။ ပုဂံ နှင့် မိုးဝေ မရှိစဉ်ကာလတွင် မိမိတို့သည် ၃၃ လမ်း စာပေလောကမှာ ဆုံကြသည်။

ပုဂံနှင့် မိုးဝေတိုက်များတွင် ဆုံကြစဉ် ကာလအချို့၌ ဆုံသည့်အရပ်များမှာပင် စတ်တုရင်ထိုးကြသည်။ စကရေဘယ် ကစားကြသည်။ ထို့နောက် တစ်နေရာသို့ သွားကြ

သည်။ စောစောပိုင်းက မိမိတို့ နန်းသီတာတွင် အထိုင်များခဲ့သည်။ ထို့နောက် ဖိုးစိန်လမ်း တဲကြီးတွင်။

ဖိုးစိန်လမ်း တဲကြီးမှာ မိမိတို့ စကရောဘယ် စွဲစွဲမြဲမြဲ ကစားခဲ့ကြသည်။ ၃၉ လမ်းမှာတုန်းကတော့ စစ်တုရင်တိုးကြသည်။ ၁၀၁ လမ်းမှာလည်း စစ်တုရင်ပင်။

ကောင်းပြီ။

မိမိတို့သုံးယောက် အနှစ်နှစ်ဆယ်ကျော် အစိတ်နီးပါးမျှ ရင်းနှီးခင်မင်စွာ ပေါင်းသင်းလာကြသည်မှာ စစ်တုရင်ယိုးဖို့ပဲလား၊ စကရောဘယ် ကစားဖို့ပဲလား၊ ဒါမှမဟုတ် ဘီယာကလေး၊ ဘရန်ဒီကလေး သောက်ဖို့ပဲလား။

## (ခ)

"မိမိနှင့် စာရေးဆရာများ"ကို ရေးသားရာတွင် "မိမိနှင့် မင်းကျော်"ဖြင့် စဖွင့်ခဲ့သည်။ ပြီးတော့မှ နောက်ကြောင်းပြန်ပြီး ရှေ့သို့ တဖြည်းဖြည်း တိုးလာခဲ့သည်။ "မိမိနှင့် မောင်နေဝင်း"ကို နောက်ဆုံးမှရေးမည်ဟု စိတ်ကူးခဲ့သည်။ အကြောင်းမှာ မိမိနှင့် မင်းကျော်အကြောင်း၊ မိမိနှင့် မောင်နေဝင်းအကြောင်း ရေးခြင်းသည် မိမိတို့ သုံးယောက် အကြောင်း ရေးခြင်း ပင်။

လူတွေက မိမိတို့ကို အဘယ့်ကြောင့် "တြိဂံ" ဟု ပြောနေကြသနည်း။

မိမိတို့ သုံးယောက်ပေါင်းပြီး **တော်လှန်စာပေ**ကို ထုတ်ဝေခဲ့ကြသည်။ မိမိတို့ သုံးယောက်ပေါင်းပြီး စာပေဟောပြောပွဲပေါင်း မြောက်မြားစွာ၊ စာပေဆွေးနွေးပွဲပေါင်း မြောက်မြားစွာကို နှစ်ပေါင်းများစွာ သွားရောက်ခဲ့ကြသည်။

မိမိတို့သုံးယောက် စတင်ဆုံစည်းစဉ်က အသက် အစိတ်ဝန်းကျင် လူငယ်များသာ ဖြစ်ကြသည်။ ခေတ်ပြိုင်စာရေးဆရာများ ဖြစ်ကြသည်။ အဖွဲ့အစည်းများတွင် အတွင်းရေးမှူးများအဖြစ် လုပ်ဆောင်နေကြသူများ ဖြစ်ကြသည်။

ခေတ်ပြိုင် လူငယ်စာရေးဆရာသုံးဦး မည်သည့်အခြေခံမှုပေါ်တွင် ရပ်တည်ပြီး ဤမျှ နှစ်ကာလကြာအောင် ပေါင်းစည်းခဲ့ကြသနည်း။

မိမိတို့တွင် မတူညီသော အချက်များ မရှိကြတော့ပြီလား။ မတူညီသော အချက်များကို မည်သို့ ညှိနှိုင်းကြသနည်း။

အမှန်တော့ မိမိတို့မှာ တူတာတွေ ရှိသလို မတူတာတွေလည်း ရှိပါသည်။ မည်သည့်နည်းနှင့်မျှ အကြွင်းမဲ့ မတူညီနိုင်ကြပါ။

သို့သော်။

## ၂
## (က)

မောင်နေဝင်းကို မိမိ ရန်ကုန်ရောက်ရောက်ချင်း မသိသည်မှာတော့ အမှန်ပင်။ ဘယ်အချိန် ဘယ်နေရာတွင် သိမှန်းမသိသော်လည်း ကာလအတန်ကြာမှ သိသည်တော့ သေချာ

သည်။ ယင်းသို့ ဖြစ်ရသည်မှာလည်း အကြောင်းရှိပါသည်။ သူနှင့် မိမိသည် ရန်ကုန်မြို့တွင် အတွက်အဝင် ဖြစ်ခဲ့ကြသည်။ ရန်ကုန်သို့ မိမိဆင်းလာသည့် အချိန်မှာပင် သူက မန္တလေးသို့ တက်သွားသည်။ လူထုတိုက်မှာ သူ အလုပ်ဝင်သည်။ ထို့နောက် ပုဒ်မ ၅ ဖြင့် ဖမ်းဆီးခြင်း ခံရသည်။ မန္တလေးထောင်မှာ နေရသည်။ ထိုအချိန်တွင် မိမိက ဘားလမ်း အချုပ်ထောင်တွင် ဖြစ်သည်။ မိမိ အချုပ်မှ လွတ်သောအခါ သူ ရန်ကုန် ပြန်ရောက်နေပြီ ဖြစ်သည်။ သို့သော် အပြင်မှာ မဟုတ်။ ရန်ကုန်ထောင်ကြီးမှာ ဖြစ်သည်။

ရန်ကုန်ထောင်ကြီးအတွင်းမှ သူ ထွက်လာသောအခါ ၁၉၅၆ ခုနှစ်တွင်မှ မိမိတို့နှစ်ယောက် လူချင်း တွေ့ဆုံဖူးကြခြင်း ဖြစ်ပေမည်။ သို့သော် ဘယ်မှာ တွေ့ကြသနည်း။ လင်းယုန်ဂျာနယ်တိုက်မှာလား၊ ပြည်တော်သစ်ဂျာနယ်တိုက်မှာလား၊ သို့မဟုတ် စာရေးဆရာအသင်း အစည်းအဝေးမှာလား။

စုံထောက် မဂ္ဂဇင်းတိုက်မှာတော့ မဖြစ်နိုင်။ စုံထောက်သို့ သူ အဝင်အထွက် မရှိသလောက်ပင်။ သူနှင့် ဆက်စပ်မှု ရှိသည်က **ရှုမဝ**။

၁၉၅၇ ခုနှစ်တွင် သူ၏ **မိုးမြေသိမ့်သိမ့်** ထွက်လာသည်။ သူ၏ ပထမဆုံး လုံးချင်းဝတ္ထုပင် ဖြစ်သည်။ ဝတ္ထုမှာ ထိုခေတ် ထိုအခါက စံချိန်နှင့်ဆိုလျှင် အရှည်ကြီး ဖြစ်သည်။ အထူကြီး ဖြစ်သည်။ ၁၄ ပွိုင့်စာလုံးနှင့် စာမျက်နှာ ၄၀၀ နီးပါးရှိသည်။ နှစ်ကျပ်တန် လုံးချင်းနှစ်အုပ်စာပင် ဖြစ်သည်။ စာအုပ်ပေါ်မှာလည်း စာလုံးရေ ၁ သိန်း ၈ သောင်းခန့်၊ ဆက်တိုက်ဖတ်ချိန် ၆ နာရီဟု ဖော်ပြထားသည်။

သို့သော် သူ့ဝတ္ထုကို မိမိ ဖတ်သောအခါ ၄ နာရီပဲ ကြာသည်။ မိမိ၏ မြန်မာစာဖတ်စံချိန်က တစ်နာရီလျှင် စာမျက်နှာတစ်ရာ ဖြစ်သည်။ အင်္ဂလိပ်စာဆိုလျှင် တစ်နာရီ ခုနစ်ဆယ့်ငါးမျက်နှာ ဖြစ်သည်။

သူ့ဝတ္ထုကို စာအုပ်ရရှိသော ညမှာပင် အပြီးဖတ်ခဲ့ခြင်း ဖြစ်သည်။ စာအုပ်ကို သူ့ထံမှ ရရှိခြင်းမဟုတ်။ ထုတ်ဝေသူ ကိုကောင်းထံမှ ရရှိခြင်း ဖြစ်သည်။ ထိုအချိန်က ဘုန်းကြီးလမ်းရှိ ကိုကောင်း၏ မြို့မစာပေဖြန့်ချိရေးမှ စာအုပ်တွေ တော်တော်များများ ထွက်သည်။

**မြန်မာဝတ္ထုတိုများ** ကို မြို့မစာပေဖြန့်ချိရေးမှပင် ၁၉၅၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည် (၁၉၇၂ ခုနှစ်တွင် စာပေလောကစာအုပ်တိုက်မှ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသည်)။ ယင်းဝတ္ထုတိုများကို မောင်နေဝင်းက တာဝန်ခံ စီစဉ်ခဲ့သည်။ ထိုစာအုပ်တွင် မိမိ၏ "တေလေ" ဝတ္ထု ပါရှိသည်။ "တေလေ" ကို ၁၉၅၃ ခုနှစ် စက်တင်ဘာလထုတ် လူထုဂျာနယ် အမှတ် ၄၁ တွင် ပထမအကြိမ် ဖော်ပြခဲ့သည်။

သို့သော် သူ စီစဉ်သော စာအုပ်တွင် မိမိ၏ ဝတ္ထုတိုပါရှိပြီး သူ၏ ပထမဦးဆုံး လုံးချင်းဝတ္ထုကို မိမိ ဖတ်ရှုပြီးချိန်ထိ မိမိတို့နှစ်ယောက် လူချင်း ကောင်းကောင်း ရင်းနှီးကြဟန် မရှိသေးချေ။

**ရာပြည့်စာအုပ်တိုက်**

စောစောက မိမိ ပြောခဲ့ပြီးသည့်အတိုင်းပင် မိမိတို့နှစ်ယောက် အထူးတလည် ရင်းနှီးကြသည်မှာ ၁၉၆၁ ခုနှစ် စာရေးဆရာ စာပေကလပ် ဖွဲ့စည်းပြီးသည့် နောက်ပိုင်းတွင်မှပင် ဖြစ်ပါသည်။

၁၉၅၆ ခုနှစ်နှင့် ၁၉၆၁ ခုနှစ် ကြားကာလ ငါးနှစ်အတွင်းတွင် မိမိတို့သည် သိကျွမ်းသည် ဆိုရုံမျှလောက်သာ ဖြစ်ကြပေလိမ့်မည်။

သည်မှာ တစ်ခုတော့ ပြောစရာ ရှိသည်။ မောင်နေဝင်း မန္တလေးသွားသည်ကို မိတ်ဆွေအချို့က သဘောမကျပါ၊ သဘောမတူပါ။ သို့ဖြင့် ထိုမိတ်ဆွေများနှင့် မောင်နေဝင်းတို့၏ ဆက်ဆံရေးသည် ခပ်တန်းတန်း ဖြစ်နေသည်။ မိမိက သူနှင့် ခပ်တန်းတန်း ဖြစ်နေသူများနှင့် ပေါင်းစည်းမိနေသဖြင့် သူနှင့် မိမိသည်လည်း ခပ်လှမ်းလှမ်း ဖြစ်နေရခြင်းပင်။

အမှတ် ၁၃၊ လိပ်ကန်လမ်းတွင် တစ်လတစ်ကြိမ် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲများတွင် သူ မပါဝင်ခဲ့ပါ။ မိတ်ဆွေများက သူ့ကို မဖိတ်ခေါ်ခဲ့ကြပါ။

၁၉၆၀ ပြည့်နှစ် နောက်ပိုင်းလများတွင် စာရေးဆရာ စာပေကလပ် ဖွဲ့စည်းရန် ဆွေးနွေးပွဲများ ပြုလုပ်သောအခါတွင်မှ သူ ပြန်လည် ပါဝင်လာသည်။ ဆွေးနွေးပွဲများတွင် အတူပါဝင်ပြီး ညှိနှိုင်းခြင်း၊ ငြင်းခုံခြင်းများ ပြုရသောအခါတွင်မှ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းသိရှိလာရတော့သည်။

(ခ)

စာရေးဆရာစာပေကလပ် ဖွဲ့စည်းပြီးသောအခါတွင်ကား မိမိတို့သည် လူချင်း ပိုမိုရင်းနှီးကြရတော့သည်။ အမှုဆောင်အစည်းအဝေးများကို အမှုဆောင်အဖွဲ့ဝင်များ၏ အိမ်များတွင် အလှည့်ကျ ကျင်းပသောအခါ မိသားစုများနှင့် ရင်းနှီးကြရသည်။

သူ့အိမ်တွင် အစည်းအဝေး ပြုလုပ်သောအခါများတွင် မိမိတို့သည် သူ့ဇနီး မခင်ရီ၏ လက်ရာဖြစ်သော ဆန်ခေါက်ဆွဲသုပ်ကို တဝတပြဲ စားကြရသည်။ ထိုစဉ်က သူ နေသော အိမ်ခန်းသည် တတိယထပ်တွင်ဖြစ်ပြီး ပြတင်းပေါက်များကို ဖွင့်ထားလျှင် မြစ်ဘက်မှလေသည် တဖြူးဖြူးတိုက်ခတ်လျက် ရှိပါသည်။

ထိုမျှမကပါ။ မိမိနှင့် မင်းကျော်သည် နယ်သို့ ခရီးထွက်ရန်ရှိလျှင် သူ့အိမ်မှာပင် ညအိပ်ပြီး မနက်တွင် တစ်စုတည်း ဘူတာ သို့မဟုတ် သင်္ဘောဆိပ်သို့ ဆင်းလေ့ရှိကြပါသည်။ ထိုစဉ်က သူ့မှာ ကားပေါက်စနကလေးတစ်စီး ရှိသဖြင့် သွားရေးလာရေး အဆင်ပြေသည်။ ထိုကားကလေးသည် မိမိတို့သုံးယောက်၏ ခြေနင်းစကြာ ဖြစ်ခဲ့သည်။

သူသည် နေ့လယ် ၁၂ နာရီတွင် ထိုကားကလေးဖြင့် သမီးကို ကျောင်းကြိုရသည်။ သမီးကို အိမ်ပို့ပြီးလျှင် မိုးဝေသို့ လာသည်။ ၁၂ နာရီနောက်ပိုင်းတွင် ထိုကားကလေးသည် သူ့မိသားစုနှင့် မဆိုင်တော့။ မိမိတို့သုံးယောက်နှင့်သာ ဆိုင်တော့သည်။

သို့သော် ရှီးရှီးနေ့များတွင်မူ အကြောင်းမဟုတ်။ သမီးကို အိမ်ပို့ပြီးလျှင် မိုးဝေသို့ အေးအေးဆေးဆေး လာ၍ရသည်။ ဘယ်လောက်ပဲ ဖြည်းဖြည်းမောင်းမောင်း၊ တစ်နာရီ ပတ်ဝန်းကျင်တွင် သူ ရောက်လာသည်။ သို့သော် သောကြာနေ့များတွင် ကားပြဿနာ ဖြစ်သည်။ မိမိတို့သုံးယောက်သည် သောကြာနေ့တိုင်း ရုပ်ရှင်ကြည့်ကြသည်။ ပထမပွဲကို ကြည့်ကြသည်။ ထိုစဉ်က ပထမပွဲ စတင်ပြသချိန်သည် ၁၂ နာရီ ၃၀။ သို့ဖြင့် သူသည် မိမိတို့ထံ အချိန်မီရောက်အောင် ကားကို အပြင်းမောင်းရသည်။

တစ်နေ့တော့ အချိန်မီ သူ ရောက်မလာ။ မိမိတို့က သူ့ကို ကျိန်ဆဲနေကြသည်။ ထိုအချိန်တွင် သူသည် ကားကို အမြန်မောင်းရသဖြင့် တခြားကားတစ်စီးနှင့် တိုက်မိပြီး ပြဿနာ ဖြစ်နေသည်။

'ခင်ဗျားတို့ ဘာသိလို့လဲ၊ ကျုပ်မှာ ကားတိုက်လို့ ကံကောင်းလို့ မသေတယ်'

သူ မောကြီးပန်းကြီး ပြောသောအခါ–

'ခင်ဗျားသေတာ ကျုပ်တို့သေတာမှ မဟုတ်ဘဲ'

မိမိနှင့် မင်းကျော် ပြိုင်တူပြန်ပြောသောအခါ သူ ဒေါပွလေတော့သည်။ မိမိတို့ အထဲတွင် သူ စိတ်အတိုဆုံး ဖြစ်သည်။ မင်းကျော်က တစ်ခါတစ်ခါ ဒေါသကြီး တတ်သည်။ မိမိကမူ အေးအေးဆေးဆေးပင် ဖြစ်သည်။ ထိုအခါ သူတို့က မိမိကို "မြို့စိ မြို့စိ" ဟု ဆိုကြသည်။

တစ်ခါတွင်လည်း မိမိတို့သုံးယောက် မင်းကျော်၏ ရုံးမှအပြန် ကမာရွတ်အဝိုင်း ကြီး ဓာတ်ဆီဆိုင်အနီးတွင် သူ့ကား ပျက်သွားသည်။ နေ့ခင်း နှစ်နာရီလောက် ဖြစ်သည်။ နေပူကျဲကျဲတွင် ကားစက်ဖုံးကိုဖွင့်ပြီး သူ တောင်နှိုက်မြောက်နှိုက် လုပ်နေသည်။ ချွေး ဒီးဒီးကျနေသည်။ ထိုအချိန်တွင် မိမိနှင့်မင်းကျော်က သူ့ကို အကူအညီ မပေးမိဘဲ လမ်းမကမ်းတွင် ရပ်နေသော တက္ကသိုလ်က နာမည်ကျော် ဆရာမအဆိုတော်ကို ကြည့်ပြီး သူမ၏ သီချင်းတွေအကြောင်း ဆွေးနွေးနေကြသည်။ သူနှင့် သူ့ကားကို မေ့သလောက်ပင် ဖြစ်နေမိကြသည်။

'ဟေ့လူတွေ ဘာလုပ်နေကြတာလဲ'

ဒေါသနှင့် လှမ်းအော်သော သူ့အသံ ကြားရတော့မှ သူ့ကို သတိရကြသည်။

'ဟိုမှာလေ သရက်ပင်အောက်မှာ ရပ်နေတယ်'

မိမိက ပြောလိုက်သည်။

'အဲဒါ ဘာဖြစ်သလဲ'

'သူ နောက်ဆုံးထွက်တဲ့အခွေက အသံတွေ ဆူလွန်းပြီး သူ့အသံက ...'

မင်းကျော်က ဝေဖန်ချက်ပေးလိုက်ရာ သူက ကြားဖြတ်ပြီး–

'အေး ကောင်းတယ်၊ ခင်ဗျားတို့ အဲဒီအသံပဲ စီးပြီးပြန်ကြ။ ကျုပ် သွားမယ်'

သူက ကားကိုထားခဲ့ပြီး ထွက်သွားမည်ပြုမှ သူ့ကို မိမိတို့ တောင်းပန်ကြရသည်။
'ကျုပ်တို့ ဘာလုပ်ပေးရမလဲ'
'တွန်း'
အဆိုတော်မကလေးရှေ့မှာပင် သူ့ကားကို မိမိတို့ တွန်းကြရတော့သည်။

(ဂ)

တကယ် စဉ်းစားကြည့်တော့ မိမိတို့မှာ မတူတာတွေ အများကြီး ဖြစ်သည်။ မိမိတို့က ဆာလျှင် လမ်းဘေးမှာ တွေ့သည့်ဆိုင် ဝင်သည်။ သူက မဝင်။ မိမိတို့က တို့ဟူးသုပ်တို့၊ အမဲအူပြုတ်တို့ ကြိုက်သည်။ သူက လက်ဖက်ရည်မှလွဲ၍ ဘာမျှ မစားမသောက်။ မိမိတို့က လမ်းပေါ်မှာ သီချင်းအော်ဆိုချင် ဆိုသည်။ သူက ဣန္ဒြေနှင့်။ တစ်ခါတစ်ခါ မိမိတို့ စ သည်၊ နောက်သည်ကို သူ သဘောမပေါက်။ စိတ်ကောက်သည်၊ စိတ်ဆိုးသည်။ သူနှင့် မင်းကျော်ကို မိမိက မကြာခဏ ရန်တိုက်ပေးသည်။ သူတို့ ရှူးရှူးရှားရှား ဖြစ်ကြသည်။ ယခုတော့ ပါးသွားကြပြီ။ အရင်ကလောက် ရန်တိုက်၍ မလွယ်တော့။

သီချင်းနားထောင်သည့် နေရာတွင်လည်း မိမိတို့က ခေတ်ပေါ်တေးဂီတများကို ခံစားတတ်သည်။ သူက သီချင်းကြီးသမား၊ ခေတ်ဟောင်းသမား၊ အနှစ်နှစ်ဆယ်သမား၊ အစဉ်အလာသမား။ စာရေးသည့် နည်းပညာတွင်လည်း သူက အစဉ်အလာဘက်ကို အားသန်သည်။

သို့သော် မိမိတို့သည် ခင်မင်လွန်းသူများ ထုံးစံအတိုင်း ဘာမဟုတ်သည့် နေရာများတွင် စိတ်ကောက်တတ်ကြသော်လည်း၊ ပုဂ္ဂလိက ခံစားမှုနှင့် အလေ့အကျင့်များတွင် မတူ ကွဲပြားကြသော်လည်း နှစ်ပေါင်းများစွာ အတူလက်တွဲ ခဲ့ကြသည်။

ယင်းမှာ အခြားကြောင့် မဟုတ်ပါ။ မိမိတို့သည် ခေတ်ပြိုင်များ ဖြစ်ကြသော်လည်း တစ်ယောက်အပေါ်တွင် တစ်ယောက် မနာလိုဝန်တိုခြင်း အလျဉ်း မရှိကြပါ။ တစ်ယောက်၏ အောင်မြင်မှုကို တစ်ယောက်က ဝမ်းသာကြသည်။

မိမိတို့သည် အဖွဲ့အစည်းများတွင် အတူတကွ လက်တွဲလုပ်ဆောင်ခဲ့ကြရာတွင် "နေရာ" ပြဿနာ လုံးဝ မပေါ်ခဲ့ကြပါ။ သည်နေရာကို သူ လုပ်ရမှ၊ ကိုယ် လုပ်ရမှဟု မရှိခဲ့ကြပါ။

စာပေဟောပြောပွဲအတွက် အတူတကွ ခရီးထွက်ကြရာတွင်လည်း မည်သူ ခေါင်းဆောင်ရယ်ဟု မရှိခဲ့ကြပါ။ မိမိတို့သည် စာရေးသူများဖြစ်ကြသဖြင့် ကိုယ့်ပရိသတ်နှင့် ကိုယ် ဖြစ်ကြသည်။ အချို့နေရာတွင် မင်းကျော်ပရိသတ် များပြီး၊ အချို့နေရာတွင် သူ့ပရိသတ် များကာ၊ အချို့နေရာတွင် မိမိပရိသတ်က များနေတတ်ပါသည်။ ထိုအခါတွင် နယ်ခံများက တစ်စုံတစ်ယောက်ကို အာရုံစိုက်လွန်းနေသည့်အတွက် ကျန်သည့် လူနှစ်ယောက်က မည်သို့မျှ ပြဿနာ မဖြစ်ကြပါ။

ထို့အပြင် မိမိတို့သည် စာပေနှင့် စပ်လျဉ်းသော အခြေခံ ယူဆချက်များတွင် အတော်ကြီးပင် တူညီကြပါသည်။ မတူညီသော အချက်များရှိလျှင်လည်း ရင်းနှီးပွင့်လင်းစွာပင် ဆွေးနွေးညှိနှိုင်းကြပါသည်။ အထူးသဖြင့် ခရီးသွားသည့် အခါများတွင် အချိန်ယူပြီး ဆွေးနွေးဖြစ်ကြပါသည်။

မောင်နေဝင်းနှင့် ပတ်သက်ပြီး မိမိဘက်က ပြောစရာတစ်ခုပဲ ရှိပါသည်။ သူ့ဝတ္ထု တစ်ပုဒ်နှင့် ပတ်သက်၍ပင် ဖြစ်ပါသည်။

တစ်ကြိမ်က မိမိတို့သုံးယောက် ဆုံစည်းချိန်တွင် ဇာတ်လမ်းတစ်ပုဒ် သူပြောပြသည်။ သူ့ဇာတ်လမ်းမှာ စိတ်ဝင်စားစရာ ကောင်းသည်။ သူက အပြောကောင်းသူတစ်ဦး ဖြစ်သဖြင့် ရယ်လည်း ရယ်ရသည်။ မိမိက ထိုအကြောင်းကို ဝတ္ထုရေးရန် တိုက်တွန်းသည်။ နောက်တစ်နေ့မှာပင် သူ ရေးပြီး မိုးဝေသို့ ပေးသည်။ သို့သော် သူရေးသောဝတ္ထုကို ဖတ်ကြည့်သောအခါ သူပြောသလောက် မကောင်းဟု မိမိ ထင်မြင်သည်။ ဝတ္ထု ရေးဖွဲ့ပုံကို မိမိ အားမရ၊ တစ်ခုခု လိုနေသည်ဟု ခံစားမိသည်။ ထို့ကြောင့် ထိုဝတ္ထုကို မိုးဝေမှာ မထည့်ဘဲ သူ့ကို ပြန်ပေးလိုက်သည်။

ထိုအခါ သူက ထိုဝတ္ထုကို ရှုမဝသို့ ပေးသည်။ ပါလာသည်။ မြန်မာ့အသံမှ ဇာတ်လမ်းပမာ လွှင့်သည်။ ထိုဝတ္ထုကား အခြားမဟုတ်။ "မင္ဂေရီ ပြန်လာမည့်အရေး" ပင် တည်း။

မင္ဂေရီဝတ္ထုများကို သူ ဆက်ရေးသည်။ ထို့နောက် စုစည်းပြီး စာအုပ်ထုတ်သည်။ စာပေဟောပြောပွဲများတွင် မင္ဂေရီအကြောင်း သူ ဟောပြောသည်။ ပရိသတ် တအုန်းအုန်း ရယ်ကြသည်။

သို့သော် သူသည် မင္ဂေရီ ပထမဆုံးဝတ္ထုကို မိုးဝေက မထည့်ခဲ့သည့်အကြောင်း၊ မိမိက ပယ်လိုက်သည့်အကြောင်း တစ်ခါမျှ မပြောပါ။ ဟောပြောပွဲများတွင်လည်း ထည့်မပြောပါ။ ဟိုလူ သည်လူကိုလည်း မပြောပါ။ မိမိကိုလည်း တစ်ခါမျှ မပြောပါ။

သူ့ဝတ္ထုကို မထည့်သည့်အတွက် သူ နည်းနည်းကလေးမျှ စိတ်ဆိုးဟန်၊ စိတ်ကောက်ဟန်၊ မကျေနပ်ဟန် မပြပါ။

သို့သော် မိမိကို သူ ပြောတာ တစ်ခုပဲရှိသည်။ မိုးဝေကို သူ စာမူပေးတိုင်း–

'ဟေ့လူ သေသေချာချာ ဖတ်ကြည့်ဦးနော်၊ မကြိုက်တာရှိရင် ပြော'

ဒါပါပဲ။

[ မိုးဝေ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ၁၉၈၄ ]

# ရေရိုင်းမြေရိုင်းကို ကျောခိုင်းသွားချေပြီ

**ရေရိုင်း မြေရိုင်း** ဆိုလျှင် မောင်နေဝင်း၊ **ငါတို့ခေတ်နှင့်အပြိုင်**ဆိုလျှင် မင်းကျော်၊ **မြန်မာပြည်မြောက်ပိုင်း** ဆိုလျှင် နတ်နွယ်ဟု သိကြပါသည်။

သူငယ်ချင်းသုံးယောက်သည် ဤဝတ္ထုများကို လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် ကာလက ရေးသားခဲ့ခြင်း ဖြစ်သည်။

စာရေးအားကောင်းသော အသက် ၃၀ ကျော် အရွယ်များတွင် ဖြစ်သည်။

သူငယ်ချင်းသုံးယောက်သည် အတူသွား အတူလာ၊ ရင်းနှီးစွာ နေထိုင်ခဲ့ကြရုံ သာမက **တော်လှန်စာပေ** နှင့် **တော်လှန်စာပေ အတွေးအမြင်** စသည့် စာပေစာအုပ် များကို စုစည်းထုတ်ဝေခဲ့ကြသဖြင့် သူတို့သုံးယောက်ကို "တြိဂံ" သို့မဟုတ် "တြိက ျောက်"ဟုလည်း သိရှိခဲ့ကြပါသည်။

ယခုမူ မောင်နေဝင်းသည် **ရေရိုင်း မြေရိုင်း**ကို ကျောခိုင်းချေပြီတည်း။

(က)

မိမိသည် အနိစ္စသဘောကို မသိသည် မဟုတ်။ သို့သော် သေခြင်းတရားကို ထည့် သွင်း စဉ်းစားခြင်း မရှိပါ။

မိမိတို့ လုပ်စရာရှိသည်များကို လုပ်ဆောင်သွားရန်သာ အမြဲ အားထုတ်ပါသည်။

ဤကာလအတွင်း သေခြင်းနှင့် တွေ့ရှိနိုင်သော်လည်း ယင်းမှာ မိမိအလုပ် မဟုတ်ဟု သဘောထားပါသည်။

မိမိ၏ အပေါင်းအဖော်များနှင့်လည်း ဤအတိုင်းပင် သဘောထားပါသည်။

ယင်းကြောင့် မိမိအနေနှင့် ဘာရေးမည်၊ ဘာလုပ်မည်ကို စဉ်းစားသည်။ မိမိ မိတ်ဆွေများနှင့် ဘာလုပ်မည်ကို ညှိနှိုင်းတိုင်ပင်သည်။

မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့သည် ၁၉၅၀ ဝန်းကျင်က စာ စတင်ရေးသား ခဲ့သဖြင့် သက္ကရာဇ် ၂၀၀၀ တွင် စာရေးအသက် ၅၀ ပြည့်မည် ဖြစ်သည်။ ထိုအခါတွင် တစ်ခုခုလုပ်ရန် မိမိ စိတ်ကူးမိသည်။

ယင်းကို **စန္ဒာ**တိုက်တွင် မိမိ ပြောသောအခါ ကိုဝင်းဦးက 'ကျွန်တော်လည်း ပါမှာပေါ့ဗျ' ဟု ဆိုသည်။

ထိုအခါ ကိုကျော်အောင်နှင့် ကိုမြသန်း (တင့်)တို့က ရယ်မောပြီး 'အဲဒီအချိန်မှာ ခင်ဗျားတို့က ရှိကြဦးမှာမို့လား'ဟု ဆိုကြသည်။

'ကျွန်တော်တို့ ရှိမှာကတော့ သေချာတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဘာလုပ်မယ် ဆိုတာကတော့ ခင်ဗျားတို့ တွေ့ကြရတော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့က အသက်ကြီးတော့ အရင်သေမယ့်လူတွေပဲ' ဟု မိမိက ပြောလိုက်သည်။

မှန်သည်။ သူတို့နှစ်ယောက်က မိမိတို့ထက် သုံးလေးနှစ် ကြီးသည်။

တကယ်တော့ မောင်နေဝင်းလည်း မိမိနှင့် မင်းကျော်ထက် ကြီးသည်။ သူတို့နှစ်ယောက်နှင့်မှ ရွယ်တူလောက် ဖြစ်သည်။ ကိုဝင်းဦး၊ မင်းကျော်နှင့် မိမိတို့က မတိမ်းမယိမ်း။

'အသက်အကြီးဆုံး အရင်သေမှာ ဆိုရင်တော့ ကိုကျော်အောင်ပဲဗျာ'

ကိုဝင်းဦးက ပြောသည်။

ထိုအခါ သူတို့က ကျန်းမာရေးနှင့် ကိုယ်ခန္ဓာ တည်ဆောက်မှုကို လိုက်ပြီး ပြောသည်။

'အရင်သေမှာကတော့ မင်းကျော်နဲ့ နတ်နွယ်ပဲ၊ ပိန်ပိန်ကလေးတွေ'

မှန်ပါသည်။ သူတို့လေးယောက်က ဝဝတောင့်တောင့်ကြီးတွေ၊ ကျန်းမာရေးအခြေအနေမှာလည်း မိမိတို့ထက် ပိုကောင်းသည်။

ဤအထဲတွင် အပြင်ပန်း ကျန်းမာရေးအကောင်းဆုံးက ကိုဝင်းဦး၊ သူက မင်းသား။ လှတုန်း ပတုန်း၊ အလေးမသမား၊ သန်တုန်း မြန်တုန်း။

မောင်နေဝင်းကလည်း မနက်တိုင်း မှန်မှန် လမ်းလျှောက်သူ။ ပြီးတော့ အနေအထိုင် အစားအသောက်တွင် စည်းစနစ်ကြီးသူ။ အရက်ဆိုလျှင် ဘရန်ဒီ သုံးပက်၊ ဒါပဲ။

'အရက်ဆိုတာ လူလို သောက်ရတယ်ဗျ'

သူက မိမိနှင့်မင်းကျော်ကို ယင်းသို့ ပြောလေ့ရှိသည်။ သို့သော် သေခြင်းတရားဆိုတာ အသက်အရွယ်နှင့်လည်း မဆိုင်ပါ။

ကိုယ်ခန္ဓာ တည်ဆောက်မှုနှင့်လည်း မဆိုင်ပါ။

မမျှော်လင့်ဘဲ ကိုဝင်းဦးက အရင်ကျောခိုင်းသွားသည်။

ယခု မောင်နေဝင်း။ စန္ဒာတွင် ကိုဝင်းဦးအကြောင်း ရေးနေသည်ပင် အပြီးသတ်မသွားပါ။

သို့သော် သူတို့နှစ်ယောက် ဤမျှ မြန်မြန်ကြီး ထွက်ခွာသွားကြလိမ့်မည်ဟုကား မိမိတို့ မထင်ခဲ့ပါ။

## (၁)

မောင်နေဝင်းနှင့် မိမိတို့သည် (မိမိတို့ဆိုသည်မှာ မိမိနှင့်မင်းကျော်) အရင်က ဆိုလျှင် နေ့စဉ်လိုပင် တွေ့ကြသည်။

လူချင်း မတွေ့ဖြစ်လျှင် တယ်လီဖုန်းမှာ တွေ့ကြသည်။

မိမိက ဖုန်းမဆက်ဘဲ နေမိလျှင် မောင်နေဝင်းက–

‘ဟော့လူ တယ်လီဖုန်းဆိုတာ နှစ်ဖက်စလုံးက ဆက်လို့ရတယ်ဗျ၊ ကျုပ်ဖုန်းက ချည်း ဆက်လို့ရတာ မဟုတ်ဘူး’

ထိုအခါ မိမိက–

‘စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ၊ ပြားသုံးဆယ် မရှိလို့ပါ’

မိမိတို့သည် နေ့စဉ် မတွေ့ကြတောင် အနည်းဆုံး တစ်ပတ်တစ်ကြိမ်တော့ မှန်မှန်တွေ့ဖြစ်သည်။ စန္ဒာတိုက်မှာ တနင်္လာနေ့တိုင်း ဖြစ်သည်။

သို့သော် ၁၉၈၈ နောက်ပိုင်းတွင်ကား ကိုဝင်းဦး မရှိတော့သည်ကလည်း တစ်ကြောင်း၊ သူကလည်း သတင်းစာရှင်းလင်းပွဲများသို့ ရောက်နေတာက တစ်ကြောင်း မှန်မှန် မတွေ့ဖြစ်ကြတော့ပါ။

ယင်းအတွက်လည်း သူ့ကို နောက်ရ၊ စ ရပါသည်။

## (၈)

မောင်နေဝင်းနှင့် မိမိတို့ နောက်ဆုံး ဝိုင်းဖွဲ့ဖြစ်သည်မှာ ၁၉၈၉ ခုနှစ် ခရစ္စမတ် အကြို ညကပင် ဖြစ်သည်။ ရန်ကင်းစားသောက်ဆိုင်တွင် ဖြစ်သည်။

စန္ဒာအစဉ်အလာ မပျက်စေရန် အိုင်ရင်းက စီစဉ်ပေးသည့်ပွဲ ဖြစ်သည်။

သို့သော် ထိုညကပင် သူ ဝီစကီ မသောက်တော့ပါ။ ကိုကာကိုလာ တစ်ဘူးသာ သောက်ပါသည်။

သူ အရက်လည်း မသောက်တော့ပါ၊ ဆေးလိပ်လည်း မသောက်တော့ပါ။

သူ၏ကျန်းမာရေး ချွတ်ယွင်းစ ပြုလာပြီ ဖြစ်သည်။

သို့ဖြင့် ဖုန်းဆက်လျှင် သူ၏ကျန်းမာရေးကို မေးရသည်။ တယ်လီဖုန်းတွင် အသံက မာဆဲပင် ဖြစ်သည်။

မှတ်မှတ်ရရ မိမိကို သူ နောက်ဆုံး အရက်တိုက်သွားသည်မှာ ပြီးခဲ့သည့် နိုဝင်ဘာလထဲက ဖြစ်သည်။

သူ၏ကျန်းမာရေးနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုအတွက် မိမိနှင့် ကိုနေဝင်း (ဘဝတက္ကသိုလ်) တို့ သူ့အိမ်သို့ သွားရောက်မေးမြန်းကြစဉ်က ဖြစ်သည်။

သူက သူ၏ကျန်းမာရေးနှင့် သူ၏ ကိုယ်ရေးကိုယ်တာ အဖြစ်အပျက်တစ်ခုကို ပြောပြသည်။

သည်ကတည်းက သူ့အသံ ပျော့နေသည်၊ စကားပြောရင်းက မောနေသည်။

‘ဟော့ ကိုနတ်ကို ဘီယာပေးပါဟေ့’ ဟု သူက ပြောသဖြင့် ရေခဲသေတ္တာထဲမှ ဘီယာတစ်ဘူး ထုတ်ပေးသည်။

ရာပြည့်စာအုပ်တိုက်

သူက နောက်ထပ်သောက်ရန် ပြောသည်။

တစ်ယောက်တည်း သောက်နေရသည်ကို အားနာသဖြင့် မိမိ မသောက်တော့ပါ။

သူနှင့် မိမိတို့ နောက်ဆုံး တွေ့ရသည်မှာ ၁၉၇၀ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့က ဖြစ်သည်။

ကိုဝင်းဦး ကွယ်လွန်သည့် နှစ်နှစ်ပြည့်မြောက်နေ့ ဖြစ်သည်။

စန္ဒာတိုက်သို့ သူ လာသည်။ ဤကား သူ နောက်ဆုံးရောက်သော အခမ်းအနား ဘစ်ခုပင် ဖြစ်ပေလိမ့်မည်။

သို့သော် သူ ရောက်လာစဉ်မှာပင် အရင်ရောက်နှင့်နေသော မိမိ၊ ကိုကျော်အောင် နှင့် မင်းကျော်တို့ ထိုင်ရာမှ ထ လိုက်ပြီး ...

'ဟေ့လူ လာ၊ လိုက်မလား'

'ဘယ်လဲ'

'စံပယ်ဖြူ'

'ဟာ ခင်ဗျားတို့ လူဆိုးတွေပဲ'

တကယ်ပဲ မိမိတို့သုံးယောက်သည် သူ့ကိုထားခဲ့ပြီး၊ မျက်စောင်းထိုးတွင် ရှိသော စံပယ်ဖြူစားသောက်ဆိုင်သို့သွားပြီး ပန်းချီဆရာတွေနှင့် ဝိုင်းဖွဲ့ကြသည်။

သို့သော် သူတစ်ယောက်တည်း ထားခဲ့ရသည်ကို စိတ်မကောင်းဖြစ်ပြီး တစ်ယောက် နှစ်ပက်စီ ကမန်းကတန်းသောက်ပြီး **စန္ဒာ**သို့ ပြန်ခဲ့ကြသည်။

သူ စိတ်ဆိုးနေမည်လား၊ သူ စိတ်မကောင်းဖြစ်နေမည်လား။

သူ စိတ်မဆိုးပါ။

စိတ်မကောင်းဖြစ်နေလျှင်လည်း မသိသာပါ။ သူ့ကိုယ်သူ ထိန်းထားသည်။ သူက ယဲ့ယဲ့ကလေး ရယ်ပြုံးလျက်–

'ခင်ဗျားတို့ မျက်နှာတွေကြည့်ရင် ခင်ဗျားတို့ ဘာလုပ်လာတယ်ဆိုတာ ကျုပ် သိပါတယ်။ ခင်ဗျားတို့ ဒီအကျင့်တွေ ခုထိ မပျောက်ကြသေးဘူး'

ထိုနေ့က သူ ဘာမျှ မစားပါ။ မိမိတို့ ထမင်းဝိုင်းတွင် သူ မပါပါ။

## (ဃ)

ဇန်နဝါရီလ ၁၅ ရက်နေ့က ဖြစ်မည်။ သူ မကွယ်လွန်မီ နှစ်ရက်အလိုတွင် ဖြစ်သည်။

ဘဝတက္ကသိုလ် စာအုပ်တိုက်သို့ သူ့သားအကြီး လာသည်။

သူ၏ "ရွှေတိဂုံ" စာအုပ်အတွက် စာမူခ ပေးလိုက်သည်။

**ရန်ကုန်၊ ဗန်ကောက်မှ ရွှေတိဂုံသို့** သည် သူ၏ နောက်ဆုံးထုတ် စာအုပ်ပဲ ဖြစ်ပါလိမ့်မည်။

ရာပြည့်စာအုပ်တိုက်

ထိုနေ့က စာမူခသည် သူ့အနေနှင့် နောက်ဆုံးရရှိသော စာမူခပဲ ဖြစ်ပါလိမ့်မည်။

သူ ကွယ်လွန်သည့်နေ့၊ ကွယ်လွန်သည့်အချိန်ကမူ မိမိတို့သည် စန္ဒရားလှထွတ်နှင့် ချိုဝေလွင်တို့အိမ်မှာ ရှိနေပါသည်။

ကိုကျော်အောင်၊ ကိုမြသန်း(တင့်)၊ ကိုမင်းကျော်၊ မောင်သွေးသစ်နှင့် မိမိတို့ ဖြစ်သည်။

ကိုလှမြင့်ဝင်း၊ စာပေသမား ဆရာဝန်တစ်ဦးနှင့် ကိုလှထွတ်၏တူတို့လည်း ပါရှိသည်။

အမှန်ကတော့ ထိုဝိုင်းသို့ သူလည်း လာရမည် ဖြစ်သည်။ ကိုဝင်းဦးလည်း လာရမည် ဖြစ်သည်။

ကိုလှထွတ်သည် **စန္ဒာ**ဝိုင်းကို သူ့အိမ်သို့ ရံဖန်ရံခါ ဖိတ်ခေါ်လေ့ရှိသည်။ ကိုဝင်းဦး ရှိစဉ်ကမူ တီးကြဆိုကြ ဖြစ်သည်။

ထိုနေ့က မှတ်မှတ်ရရ ပြောရလျှင် သူ ကွယ်လွန်သည့် အချိန်လောက်က ကိုမြသန်း(တင့်)လက်နှင့် တိုက်မိသဖြင့် ရေပုလင်း လဲသွားသည်။

ကိုကျော်အောင် တိုက်မိသဖြင့် ဖန်ခွက်တစ်လုံး အောက်သို့ ကျသွားသည်၊

ဩော် ... သူ လာပြီး နှုတ်ဆက်ချေသည်များလား။

## (င)

စနေနေ့။ ၁၉-၁-၉၁။

ကြံတောသို့ မိမိတစ်ယောက်တည်း သွားသည်။ အရင်ကဆိုလျှင် မိတ်ဆွေတစ်ဦး၏ အသုဘသို့ သွားမည်ဆိုလျှင် မိမိသည် မင်းကျော်နှင့်လည်းကောင်း၊ မောင်နေဝင်းနှင့်လည်းကောင်း ချိန်းရသည်။

အခုတော့ မင်းကျော် ခရီးသွားနေသည်။

မောင်နေဝင်းက လိုက်ပို့မည့်သူ မဟုတ်တော့။ အပို့ခံရမည့် ကာယကံရှင်။ ကြံတောအဝမှာ ကိုမြသန်း(တင့်)နှင့် ဆုံသည်။ သူ၏ ရုပ်ကလာပ်ကို နောက်ဆုံး ကြည့်ကြသည်။

စာပေဟောပြောပွဲများတွင် သူ ဝတ်လေ့ရှိသော ရခိုင်လုံချည်အပြာနှင့် တိုက်ပုံအင်္ကျီ အပြာကလေး။

သို့သော် သူသည် စာပေလောကကို ကျောခိုင်း၍ သွားချေပြီတည်း။

[ စန္ဒာ၊ မတ်၊ ၁၉၉၁ ]

# မိမိ နှင့် ဝင်းဦး

၁

(က)

ဗေဒင်ဆရာ မဟုတ်ပါ။ ဇာတာ မဖွဲ့ပါ။ သူ ဘယ်နှစ်ခုဖွား ဆိုသည်မှာ ပြဿနာ ...ဂုတ်ပါ။ သူ၏ မွေးနေ့ မတ်လ ၁၃ ရက် ဆိုသည်သာ အဓိက ဖြစ်ပါသည်။ သူ၏ ...ဒ့နေ့ပွဲသို့ တက်ရောက်ရန် ၄၅ ရက် ကြိုတင်ပြီး ဖိတ်ကြားထားသောကြောင့် ...င်ပါသည်။

မိမိတို့သည် သူ၏ မွေးနေ့ပွဲသို့ တက်ရောက်မြဲ ဖြစ်သည်။ အလားတူပင် သူ၏ ...များဖြစ်သော စန္ဒာမွေးနေ့ (ဧပြီ ၅)၊ နာတာလူးပွဲ (ဒီဇင်ဘာ ၂၄) နှင့် နှစ်သစ်ကူးပွဲ ...ဇင်ဘာ ၃၁) များကိုလည်း ရန်ကုန်တွင် ရှိနေလျှင် တက်ရောက်လေ့ ရှိကြပါသည် ...ဆိုတော်ရာသီနှင့် တိုက်ဆိုင်သော နာတာလူးပွဲနှင့် နှစ်သစ်ကူးပွဲများတွင် လူမနံ ...တ်ကြ။ ရံဖန်ရံခါတွင် မိမိတို့ တစ်စုလုံး နယ်ရောက်နေတတ်သည်။ သို့သော် မတ်လ ... ရက်နေ့တွင် ကျရောက်သော မွေးနေ့ပွဲကိုကား ပျက်ခဲကြပါသည်။ သို့သော် သည်ပွဲ ...မှ လူမစုံမှာ သူ စိုးရိမ်သဖြင့်–

ဝင်းဦး ( ၁၉၃၅–၈၈ )



'ကိုနတ်တို့ မတ်လထဲမှာ ဘယ်သွားစရာ ရှိကြသလဲ'

ကျဉ်းမြောင်းပြည့်ကျပ်နေသော စန္ဒာအထပ်ခိုးလေးပေါ်သို့ မိမိတို့ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် သူ မေးသည်။

'မရှိပါဘူး၊ ဘာလဲ ညောင်ဂျိုး သွားမလို့လား'

ကုလားထိုင်တစ်လုံးပေါ်တွင် ဗရပွတ် ဗရပွေ ဖြစ်နေသော စာအုပ်လေးငါးအုပ်၊ စာရွက်လေးငါးရွက်၊ လက်သုပ်ပဝါတစ်ထည်၊ မျက်မှန်တစ်လက်၊ ငွေစက္ကူ သုံးလေးရွက်နှင့် အကြွေများ၊ ဆေးပုလင်းအဖုံးတစ်ခုတို့ကို ဖယ်ကာ ထိုင်ရင်း မိမိက ပြန်မေးလိုက်သည်။

'မဟုတ်ဘူးလေဗျာ၊ မတ်လ ၁၃ ရက်နေ့မှာ ကျွန်တော့် အနှစ် ၅၀ ပြည့် မွေးနေ့ပွဲလေ'

'ဟာ ဟုတ်သားပဲ'

'ဒီပွဲကိုတော့ မပျက်စေချင်ဘူး၊ အန်တီတွေ အားလုံးလည်း ပါရမယ်'

မိမိတို့၏ အမျိုးသမီးများကို သူက "အန်တီအေး"၊ "အန်တီဝင်း"၊ "အန်တီရီ" စသည်ဖြင့် "အန်တီ"တပ်ပြီး ခေါ်သည်။

'ဘယ်မှာ လုပ်မလဲ'

'ကန်တော်ကြီးမှာပဲ လုပ်မယ်၊ မောင်မင်းကို သွားပြီး ဘွတ်ကင်လုပ်နေပြီ'

'ဖိတ်စာ ငါးဆယ်ပေါ့'

'ဟုတ်တယ်၊ ဖိတ်စာ ၅၀၊ လူ ၁၀၀'

သည်စဉ်မှာပင် **စန္ဒာ** မန်နေဂျာ ကိုမင်းကို ပြန်လည်ရောက်ရှိလာသည်။

'ငွေသွင်းခဲ့ပြီ၊ တစ်ယောက်ကို ၈၀ နှုန်းနဲ့ ၈,၀၀၀ သွင်းခဲ့ပြီ။ ဘီယာ သူတို့ ရောင်းပေးမယ်၊ ဝီစကီကို ကျွန်တော်တို့ ဝယ်သွားရမယ်'

'နေဦး မောင်မင်းကို၊ လူတစ်ရာနဲ့ မရသေးဘူး၊ တို့အဖွဲ့သားတွေ ရှိသေးတယ်။ ပုံနှိပ်တိုက်အဖွဲ့ရော၊ ရုပ်ရှင်အဖွဲ့ရော၊ တီဗွီအဖွဲ့ရော'

'ကျွန်တော် နောက်ထပ် လူငါးဆယ်စာ အရန် လုပ်ထားတယ်'

'တစ်ရာလောက်မှ ဖြစ်မှာပါ၊ အားလုံး လူ နှစ်ရာတော့ ရှိမှာပဲ'

'ရပါတယ်၊ ကျွန်တော် မနက်ဖြန်တစ်ခေါက် ထပ်သွားလိုက်မယ်'

ထို့နောက် ကိုမင်းကို ခေါင်းငုံ့ပြီး အထပ်ခိုးပေါ်မှ ဆင်းသွားသည်။ **စန္ဒာ** အထပ်ခိုးပေါ်သို့ရောက်လျှင် အားလုံးပင် ခေါင်းငုံ့ပြီး ရှိရှိသေသေ သွားကြရသည်။ သည်ကြားထဲမှာပင် သံရက်မနှင့် ခေါင်းနှင့် မကြာခဏ တိုက်မိကြရသည်။

နှစ်ငါးဆယ်ပွဲသို့ ဖိတ်မည့်သူများနှင့် ထိုနေ့ အစီအစဉ်များအကြောင်း **သူ**

အားရပါးရ ပြောနေသည်။ သို့သော် သူ့စကားများကို မိမိက ကြားတစ်ချက်၊ မကြား တစ်ချက် ရှိနေသည်။ နှစ်ငါးဆယ်အကြောင်း မိမိ စဉ်းစားနေမိသည်။

လွန်ခဲ့သည့် နှစ်နှစ်က မင်းကျော်နှင့်မိမိ အနှစ်ငါးဆယ် ပြည့်ခဲ့ပြီ။ မင်းကျော်သည် မိမိနှင့် တစ်ခုတည်းဖြစ်ပြီး ဝင်းဦးနှင့် တစ်လတည်း ဖြစ်သည်။

မိမိ အနှစ်ငါးဆယ် ပြည့်စဉ်က "တောအကြောင်း တောင်အကြောင်း"တွင် "အနှစ်ငါးဆယ်" ဟူသော ခေါင်းစဉ်ဖြင့် တိုတိုတိတိ ရေးခဲ့သည်။ ယခုလည်း သူ၏ အနှစ်ငါးဆယ်နှင့် တိုက်ဆိုင်နေသဖြင့် "မိမိနှင့် စာရေးဆရာများ" စီးရီးတွင် သူ့ အကြောင်း ရေးရလျှင် ကောင်းမလားဟု စဉ်းစားနေမိသည်။

မိမိနှင့် ဝင်းဦး။

သည်အခါ သူနှင့် အနှစ်ငါးဆယ် ပြဿနာကို စဉ်းစားမိလာ၍ ပြုံးလိုက်မိသည်။

အချို့က သူ ငါးဆယ်မကပြီဟု ဆိုကြသည်။ တလောကပင် ခင်မောင်အေး (မန္တလေး)က သူ့စာထဲမှာ ထည့်ရေးသေးသည်။ သူတို့သည် ဗိုလ်သင်တန်းတစ်ပတ် တည်း တက်ရောက်ခဲ့ကြသူများ ဖြစ်သည်၊ သက်တူရွယ်တူများ ဖြစ်ကြသည်ဟု ဆိုသည်။ သူတို့ အားလုံး ငါးဆယ်ကျော်ကြပြီဟု ဆိုသည်။ အင်းလေ သူတို့က သူငယ်ချင်းတွေပဲ။

မိမိအနေနှင့်မူ သည်ကိစ္စတွေကို ဘာမျှ မသိပါ။ မိမိနှင့် ဝင်းဦး သိကြသည်မှာ လည်း ဘာမျှမကြာသေးပါ။ မနေ့တစ်နေ့ကမှ ဖြစ်သည် ဆိုကြပါစို့။ သူ ယခု အနှစ် ငါးဆယ်ဆိုလျှင် သူ့ကို မိမိ ရင်းရင်းနှီးနှီး သိသည်မှာ ငါးနှစ်သာ ရှိသေးသည်။ သူ့ဘဝ သက်တမ်း၏ နောက်ပိုင်း ဆယ်ပုံ တစ်ပုံကိုသာ ဖြစ်သည်။

သို့သော် သည်ငါးနှစ် အတွင်းမှာပင် သူ့ကို မိမိ အများကြီး သိခဲ့ရသည်။ အကြောင်းမှာ မိမိတို့တွင် ဘာသာစကား တူညီမှုရှိသောကြောင့် ဖြစ်သည်။

မိမိသည် အချို့သောသူများနှင့် လုပ်ငန်းကိစ္စ၊ လူမှုရေးကိစ္စများတို့တွင်သာ ဆက်ဆံ ပေါင်းသင်းနေရခြင်း ဖြစ်သည်။ သို့သော် လုပ်ငန်းကိစ္စမှ အပကာလတွင် စကား ဝိုင်းဖွဲ့ကြည့်လျှင် သူတို့ပြောသော ဘာသာစကားက မိမိတို့နားမလည်သော သို့မဟုတ် စိတ်မဝင်စားသော ဘာသာစကားများ ဖြစ်နေသည်။ သူတို့က ငွေအကြောင်း ပြောမည်။ အရင်းအကြောင်း ပြောမည်။ အမြတ်အကြောင်း ပြောမည်။ ငွေဖြင့် လဲလှယ်၍ ရသော ဆက်ရှိသက်မဲ့ ပစ္စည်းများအကြောင်း ပြောမည်။ အကယ်၍ မိမိက စာပေအကြောင်း၊ ယဉ်ကျေးမှု အနုပညာအကြောင်း တစ်ခွန်းတစ်ပါဒ ပြောမိလျှင်လည်း သူတို့က မိမိကို အခြားဂြိုဟ်သားတစ်ဦးပမာ ငေးမောကာ ကြည့်နေတတ်ကြပါသည်။

'မြန်မာစကားတော့ မြန်မာစကားပဲဗျာ၊ ဒါပေမဲ့ သူတို့ပြောတာကိုလည်း ကျွန်တော် နားမလည်ဘူး၊ ကျွန်တော် ပြောတာကိုလည်း သူတို့ နားမလည်ဘူး။

ဒါကြောင့် ကျွန်တော် သူတို့နဲ့ အလုပ်ကိစ္စ၊ လူမှုရေးကိစ္စပဲ ဆက်ဆံတယ်။ ကျန်တာက တော့ ကိုယ်နဲ့ စကားပြောလို့ ရတဲ့သူနဲ့မှ ပြောချင်တယ်။ စာပေသမား အချင်းချင်း၊ အနုပညာသမား အချင်းချင်းပဲ ပြောချင်တယ်။ တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်း တော့ တူချင်မှလည်း တူကြမှာပေါ့ဗျာ။ တူတဲ့နေရာလည်း ရှိမှာပေါ့၊ မတူတဲ့နေရာ လည်း ရှိမှာပေါ့၊ ဘာဖြစ်သလဲဗျာ၊ အရေးကြီးတာက အချင်းချင်း စကားပြောလို့ရဖို့ပဲ၊ တစ်ယောက် ပြောတာကို တစ်ယောက် နားလည်ရင် ပြီးတာပဲဗျာ'

ဤသို့ဖြင့် မိမိတို့သည် တူညီသော အခြေခံတစ်ခုဖြင့် ဤနောက်ပိုင်းနှစ်များ တွင် ရင်းနှီးခင်မင်ခဲ့ကြခြင်း ဖြစ်သည်။ မိမိတို့၏ ဘာသာစကားသည် စာပေနှင့် အနုပညာပင် ဖြစ်သည်။

(၁)

သူနှင့်မိမိ ပထမဦးဆုံး လူချင်းဆုံတွေ့ဖူးသည်မှာ မင်းကျော်အိမ်တွင် ဖြစ်သည်။ ခုနှစ်က ၇၇၊ အချိန်က အကာလ ညအခါ ဖြစ်သည်။ သန်းခေါင်သန်းလွဲ ဖြစ်သည်။

သည်လိုပါ။ အဲဒီနေ့က စာဆိုတော်နေ့ ဖြစ်သည်။ အမျိုးသားစာပေဆုနှင်း သဘင် ရှိသည်။ မင်းကျော် ဆုရသည်။ **အဖြူကို မည်းသူ အနက်ဆိုးသနည်း အတွက်။**

ထုံးစံအတိုင်း မင်းကျော်က မိမိတို့ကို သူ့အိမ်မှာ ပွဲပေးသည်။ လူအများကြီးတော့ မဟုတ်၊ လေးငါးခြောက်ယောက်မျှသာ။ ည ၁၂ နာရီလောက်ကျတော့ အားလုံး မူးကုန် ကြပြီ။ ပြန်ကြရုံပဲ ရှိတော့သည်။

သည်အချိန်မှာပင် တယ်လီဖုန်းလာသည်။ ကိုဝင်းဦးထံမှ ဖြစ်သည်။ သူ လာခဲ့ရ မလား မေးသည်။ မင်းကျော်က လာဖို့ ဖိတ်ကြားသည်။ သို့သော် မိမိတို့ ရှိနေသည့် အကြောင်း ပြောသည်။ သူက ကောင်းတာပေါ့ဆိုပြီး ရောက်လာသည်။

ဆယ်မိနစ်အတွင်းမှာပင် သူ ရောက်လာသည်။ သူက ကိုမင်းကျော်အခန်းနှင့် မလှမ်းမကမ်းတွင်ရှိသော စန္ဒရားလှထွတ်အခန်းမှ ဖုန်းဆက်ခြင်း ဖြစ်သည်။

သူက ညမင်းသား ဖြစ်သည်း နေဝင်မိုးချုပ်မှ အပြင်ထွက်သည်။ ခင်မင်ရင်းနှီး သော အိမ်များသို့ သွားရောက်သည်။ သူ သွားတတ်သော အိမ်များတွင် စန္ဒရားလှထွတ် အိမ်နှင့် မင်းကျော်၏အိမ်တို့လည်း ပါရှိသည်။ မင်းကျော်နှင့် သူနှင့်က ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ အပြီးတွင် ရင်းနှီးခင်မင်သွားကြခြင်း ဖြစ်သည်။

သူ ရောက်လာသောအခါ မင်းကျော်က မိတ်ဆက်ပေးသည်။ မိတ်ဖြစ်ဆွေဖြစ် ထပ်သောက်ကြသည်။ ည တစ်နာရီကျော်မှ ပြန်ဖြစ်ကြသည်။

၇၇ ခုနှစ်တွင်မှ လူချင်း တွေ့ဖူးသော်လည်း သူ၏စာတစ်ပုဒ်နှင့် မိမိ ပတ်သက်ခဲ့ ရသည်ကား ၁၉၅၄ ခုနှစ်ကတည်းက ဖြစ်သည်။ လွန်ခဲ့သည့် အနှစ်သုံးဆယ်ကျော်က ဟု ဆိုရမည်။

သည်တုန်းက မိမိမှာ **စုံထောက်**မဂ္ဂဇင်းတွင် စာတည်းအဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ကိုမိုးဝေနှင့် ကိုတင့်ဆန်းတို့ထံတွင် မဂ္ဂဇင်းအတတ်ပညာ သင်ကြားရင်း စာမူဖတ်ရသည်။ ပန်းချီအပ်ရသည်။ ဒမ္မီချရသည်။ ပရုဖ်ဖတ်ရသည်။ မိမိသည် အယ်ဒီတာပေါက်စတစ်ဦး ဖြစ်သည်နှင့်အညီ အမျိုးမျိုး အတတ်ဆန်းကြည့်သည်။ ဟိုလိုသည်လို လက်တည့်စမ်းကြည့်သည်။ နောက်ကျောဖုံးတွင် ကဗျာ ထည့်ကြည့်သည်။ ဖွင့်ဖွင့်ချင်း ပထမ စာမျက်နှာတွင် ဝတ္ထုနှင့် စ ကြည့်သည်။ မာတိကာကို နှစ်မျက်နှာ ခွ ကြည့်သည်။

တစ်နေ့တွင် ဦးဆန်နီမှတစ်ဆင့် ကဗျာတစ်ပုဒ် ရရှိသည်။ ကဗျာကို ဖတ်ကြည့်သောအခါ နှစ်သက်မိသည်။ မိမိသည် ပထမတွင် ကဗျာရေးသူတစ်ဦးအဖြစ် ကြိုးစားခဲ့သော်လည်း နောက်ပိုင်းတွင် ကဗျာမွေ့လျော်သူတစ်ဦး ဖြစ်လာသည်။ ကဗျာတစ်ပုဒ်ကို ဖတ်ပြီး ခံစားရသည့်အလုပ်မှာ နှစ်သက်ဖွယ်ကောင်းလှသည်။

ဦးဆန်နီထံမှတစ်ဆင့် ရရှိသော ကဗျာသည် မိမိကို ကမ္ဘာလောကတစ်ခုသို့ ခေါ်ဆောင်သွားနိုင်စွမ်း ရှိသည်။ သို့မဟုတ် သည်ကမ္ဘာကြီး၏ နက်ရှိုင်းသော အတွင်းပိုင်းဒေသတစ်ခုသို့ ရောက်ရှိသွားသည်ဟု ထင်ရ၏။ သို့မဟုတ် ကျယ်ဝန်းသော အတွေးတစ်ခုကို ပေးလေ၏။

သို့ဖြင့် ထိုကဗျာကို အထူးတလည် ဖော်ပြရန် မိမိ စိတ်ကူးမိသည်။ ဝတ္ထုတွေကို သုံးရောင်ပန်းချီပုံများနှင့် ဖော်ပြသလို ဤကဗျာကိုလည်း သုံးရောင်ပန်းချီဖြင့် သရုပ်ဖော်လျှင် ကောင်းမည်ဟု စိတ်ကူးမိသည်။ ထို့ကြောင့် ပန်းချီကိုအောင်စိုးကို ပုံအပ်သည်။ သူက စိတ္တဇနည်းကို အခြေခံပြီး ရေးဆွဲလာသည်။ သူ့ပန်းချီကားမှာ ခရမ်းရောင်လွှမ်းကဲနေသည်ဟု ထင်ရသော်လည်း အမှန်တကယ်တွင် ကဗျာ၏အဓိပ္ပာယ်နှင့် ဟပ်စပ်လျက်ရှိသည်။

ကဗျာရှင်မှာ "ညိုမင်းလွင်"ဖြစ်သည်။ ညိုမင်းလွင်ကို မိမိ မသိပါ။ ဦးဆန်နီကို မေးကြည့်တော့ ချစ်ဒုက္ခ ဦးဘညွန့်၏သားဟု ဆိုသည်။ ဝိုင်အမ်စီအေမှာ နေသည်ဟု ဆိုသည်။ ဒါပဲ မိမိ သိသည်။

ဤကဗျာနှင့် ပတ်သက်ပြီး မိမိဘဝတွင် အမှတ်ထင်ထင် ဖြစ်နေရသည်မှာ အကြောင်းတစ်ခု ရှိသည်။ ဤကဗျာ ပါရှိပြီး နှစ်လလောက်အကြာတွင် မဂ္ဂဇင်းကြီးတစ်စောင်က ကဗျာတစ်ပုဒ်ကို သုံးရောင်ပန်းချီဖြင့် ဖော်ပြသည်။ မြန်မာမဂ္ဂဇင်းလောကတွင် ကဗျာကို သုံးရောင်ပန်းချီနှင့် ဖော်ပြခြင်းမှာ သူတို့မဂ္ဂဇင်းက အလျင်အဦးတီထွင်ခြင်း ဖြစ်ကြောင်း ကြော်ငြာသည်။ ထိုအခါ မိမိက မဟုတ်ကြောင်း၊ မိမိတို့က အရင်ဖြစ်ကြောင်း ပြန်ရေးသည်။ သို့သော် မိမိရေးသားချက်မှာ အနည်းငယ် ပြင်းထန်သွားသည်။ တစ်ဖက်မှ ပုဂ္ဂိုလ်များ များစွာ စိတ်မကောင်းဖြစ်ကြရသည်ဟု သိရသည်။ နှမြောတော့။ ဒါက တစ်ပိုင်း တစ်ကဏ္ဍ။

၁၉၆၀ နောက်ပိုင်းတွင် ဝင်းဦး ပေါ်လာသည်။ ပထမ စာရေးဆရာအဖြစ်။ ထို့နောက် ရုပ်ရှင်မင်းသားအဖြစ်။ ထို့နောက် အဆိုတော်အဖြစ်။ သူ လျှမ်းလျှမ်းတောက်လာသည်။ အောင်မြင်သော ဒါရိုက်တာ ဖြစ်လာသည်။ အောင်မြင်သော အယ်ဒီတာ ဖြစ်လာသည်။ သူ၏ **စန္ဒာ**မဂ္ဂဇင်းသည် မြန်မာပုံနှိပ်လောကတွင် အော့ဖ်ဆက် အတတ်ပညာကို ကျယ်ဝန်း ဖွံ့ဖြိုးစေခဲ့သည်။

သည်အခါတွင် ဝင်းဦး ဆိုသူသည် တစ်ချိန်က ကဗျာဆရာ ညိုမင်းလွင် ဖြစ်ကြောင်း ကြားသိရသည်။ သို့သော် သူနှင့် မိမိ ဆုံစည်းခြင်း မရှိခဲ့ပါ။

သူ၏ သီချင်းများကို နားထောင်ရသည်။ နှစ်သက်သည်။ သူ၏ ရုပ်ရှင်များကို ကြည့်ရသည်။ နှစ်သက်သည်။ သူ၏ဝတ္ထုများကို ဖတ်ရသည်။ ထူးထူးခြားခြား နှစ်သက်ခြင်း မရှိလှပါ။ စာရေးတတ်သူ တစ်ဦးအဖြစ်သာ သဘောထားခဲ့ပါသည်။

မိမိသည် မဂ္ဂဇင်းအယ်ဒီတာတစ်ဦး ဖြစ်သည်နှင့်အညီ၊ လစဉ်ထုတ် မဂ္ဂဇင်းများကို လစဉ်မပြတ် ကြည့်ရှုရသည်နှင့်အညီ သူ၏ **စန္ဒာ**မဂ္ဂဇင်းကိုလည်း လစဉ် ကြည့်ရှုခဲ့ရပါသည်။ သူ၏ နာမည်နှင့် အော့ဖ်ဆက်အရောင်များကြောင့် လူကြိုက်များနေသော ပေါ်ပြူလာ မဂ္ဂဇင်းတစ်စောင်ဟုသာ မှတ်ယူခဲ့ပါသည်။

သို့သော် **စန္ဒာ**မဂ္ဂဇင်းတွင် **ဆယ်စုခေတ် တစ်နှစ်စွန်း မန်းသကြိန်** အခန်းဆက် ဆောင်းပါးရှည်ကြီးကို ဖတ်ရသောအခါတွင်ကား သူ၏ စာပေကို သတိပြုမိရတော့သည်။ သည်ဆောင်းပါးမှာ သူ၏ဘဝကို တွေ့ရသည်၊ သူ၏ ဒဿနကို တွေ့ရသည်။ သူ့ကိုယ်သူ ပြန်လည်သုံးသပ်ထားသည်။ လူတွေကို သုံးသပ်ထားသည်။ လောကကို သုံးသပ်ထားသည်။ သူနှင့် သူ့ချစ်သူအကြောင်း၊ သူနှင့် သူ့လုပ်ငန်းများအကြောင်း၊ သူနှင့် သူ့မိတ်ဆွေများအကြောင်း ဆင်ခြင်စေ့ငုထားသည်။

သည်ဆောင်းပါးမှာ သူ၏ အရေးအသားက သွက်နေသည်။ အချို့နေရာတွင် ယဲ့ယဲ့ကလေး ပြုံးရသည်။ အချို့နေရာတွင် အသံထွက်အောင်ပင် ရယ်မောမိရသည်။

သူ့ဆောင်းပါးကို နှစ်သက်ကြောင်း မင်းကျော်ကို အရင်ဆုံး ပြောမိသည်။ ထို့နောက် မိတ်ဆွေများကိုဖတ်ရန် တိုက်တွန်းမိသည်။ အဲဒီနှစ်က မိမိနှစ်သက်သော စာအုပ်နှစ်အုပ် တွေ့ခဲ့ရသည်။ နောက်တစ်အုပ်က ဆရာမောင်ထင်၏ **ယောမင်းကြီး ဦးဖိုးလှိုင်** (သို့သော် ယောမင်းကြီးမှာ ဒုတိယအကြိမ် ဖြစ်သည်။ ပထမအကြိမ်တုန်းက မိမိ မဖတ်ဖြစ်လိုက်)။

သူနှင့် ဒုတိယအကြိမ် လူချင်း တွေ့ရှိရသည်မှာ မောင်ချော (ပုဂံ မောင်ကိုဦး)၏ အသုဘတွင် ဖြစ်သည်။ မိမိနှင့် စာရေးဆရာ လေးငါးယောက် တစ်ပဲခြောက်ပြားတန်း ဝိုင်းဖွဲ့နေကြသည်။ သူနှင့် မောင်ချောမှာ ရင်းနှီးသူများ ဖြစ်ကြသည်။ ထို့ကြောင့် သူ ရောက်လာသည်။ ထုံးစံအတိုင်း ညသန်းခေါင်လောက်မှ ဖြစ်သည်။ သူနှင့်အတူ

အရက်နှစ်လုံး ပါလာသည်။ မိမိ၏နောက်ဘက်တွင် သူ ထိုင်ပြီး မိမိလက်ထဲမှ အပွင့်များကို သူများတွေသိအောင် အသံကျယ်ကြီးနှင့် ပြောနေသည်။

တတိယအကြိမ် သူနှင့် တွေ့ဆုံခြင်းကား ဘားလမ်းရှိ သူ၏ စန္ဒာ အထပ်ခိုးလေးမှာပင် ဖြစ်သည်။ သူ၏ အခန်းသို့ ပထမဆုံး ရောက်ဖူးခြင်းပင် ဖြစ်သည်။ မိမိတို့ လေးငါးယောက် နန်းသီတာမှ ဘီယာသောက်ပြီးအပြန် ဘားလမ်းသို့ အရောက်တွင် ရုတ်တရက် စိတ်ကူးပေါက်ပြီး သူ့အခန်းသို့ တက်သွားကြခြင်းပင် ဖြစ်သည်။

မိမိတို့ကို မြင်တော့ သူ အံ့သြသွားပုံ ရသည်။ ထို့နောက် ဝမ်းသာသွားပုံရသည်။ သရုပ်ဆောင်နေသည်တော့ မဟုတ်တန်ကောင်းပါ။

၂

မိမိတို့ လေးငါးယောက် ဆိုသည်ကို အတိအကျပြောရလျှင် ကျော်အောင်၊ မြသန်းတင့်၊ မင်းကျော်၊ မောင်နေဝင်းနှင့် မိမိ ဖြစ်သည်။ ကိုကျော်အောင်၊ ကိုမြသန်းနှင့် ကိုနေဝင်းတို့သည် သူနှင့် ယခင်ကတည်းက သိရှိကြသူများ ဖြစ်သည်။ ထို့ပြင်မက သူ၏ဖခင် ဦးဘညွန့်၊ သူ၏အစ်ကို ကိုဝင်းညွန့်၊ သူ၏အစ်မ ဒေါ်တင်တင်ဦးတို့နှင့်လည်း ရင်းနှီးခင်မင်ကြသူများ ဖြစ်ကြသည်။

ထိုညက ရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည်။ မိသားစုအကြောင်း၊ မိတ်ဆွေများအကြောင်း၊ စာရေးဆရာများအကြောင်း။ ထို့နောက် စာပေအကြောင်း၊ ဂီတအကြောင်း၊ ရုပ်ရှင်အကြောင်း။ ထိုအခါ မိမိတို့မှာ ပြောစရာတွေ အများကြီး ရှိသည်ကို တွေ့လာကြရသည်။

ယင်းကြောင့်လည်း မိမိတို့သည် နောက်ပိုင်းတွင် မကြာမကြာ ဆုံမိကြခြင်း ဖြစ်သည်။ သူ၏ စန္ဒာတိုက်ခန်းသို့လည်း မိမိတို့ သွားရောက်သည်။ မိမိတို့၏ အိမ်များသို့လည်း သူ လာရောက်လည်ပတ်သည်။

သူနှင့် ရင်းနှီးလာသောအခါ သူသည် စာဖတ်သူတစ်ဦးဖြစ်ကြောင်း တွေ့ရှိလာရသည်။ ဤနေရာမှာ တစ်ခုတော့ ပြောရမည်။ စာဖတ်ခြင်းအကြောင်းပင် ဖြစ်သည်။ အချို့သော စာရေးဆရာများသည် တစ်ချိန်တစ်ခါတုန်းက အထိုက်အလျောက် သော်လည်းကောင်း၊ အတော်များများ သော်လည်းကောင်း စာဖတ်ခဲ့ကြမည် ဖြစ်သော်လည်း နောင်ကြီးလာသောအခါ၊ နာမည်ကြီးလာသောအခါ၊ စာအရေး များလာသောအခါ စာဖတ်ပျက်သွားကြသည်။ အချို့မှာ စာသာရေးနေသော်လည်း စာကိုမူ မဖတ်တော့သလောက်ပင် ဖြစ်သည်။ အတိုလည်း မဖတ်၊ အရှည်လည်း မဖတ်၊ မဂ္ဂဇင်းလည်း မဖတ်၊ ဂျာနယ်ချင်းလည်း မဖတ်၊ ခေတ်ပြိုင်များ ရေးနေသည်ကိုလည်း မဖတ်၊ အသစ်များ ရေးနေသည်ကိုလည်း မဖတ်။ ထိုသူများသည် နောင်အခါတွင် တဖြည်းဖြည်း အရည်အသွေး

ကျသွားပြီး နောက်ဆုံးတွင် အရေအတွက်ပါ ရပ်စဲသွားတော့သည်။ သူတို့မှာ ကလောင်နာမည် တစ်ခုသာလျှင် ဆိုင်းဘုတ်အဖြစ် ကျန်ရစ်တော့သည်။

စာရေးဆရာ အချင်းချင်းဖြစ်သော်လည်း စာမဖတ်သော စာရေးဆရာနှင့်မူ ပြောစရာအကြောင်း မရှိပါ။ နေကောင်းသလား၊ ဘယ်မှာ နေသလဲ၊ လက်ဖက်ရည်သောက်ပါဦးလား ဆိုသည်လောက်ထက် ပိုပြီး ပြောစရာအကြောင်း မရှိပါ။

စာဖတ်နည်းသူများထဲတွင် အချို့သော မဂ္ဂဇင်းအယ်ဒီတာများလည်း ပါရှိကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရသည်။ မဂ္ဂဇင်းအယ်ဒီတာတစ်ဦးက မိမိကို တစ်ခါပြောဖူးသည်။ '...(မဂ္ဂဇင်း) ကျွန်တော် မမြင်ဖူးတာ တစ်နှစ်လောက် ရှိနေပြီ'။ နောက်တစ်ယောက်ကတော့ '... ရဲ့ဝတ္ထု ကျွန်တော် တစ်ပုဒ်မှ မဖတ်ဖူးသေးဘူး' သူ ပြောသောစာရေးဆရာသည် စာရေးသက် ဆယ်နှစ်ခန့်ရှိပြီး၊ လုံးချင်းဝတ္ထု ဆယ်ပုဒ်ထက် မနည်းထုတ်ဝေခဲ့ပြီး ယနေ့ ထင်ရှားနေသူတစ်ဦး ဖြစ်သည်။

ကိုဝင်းဦးကို မသိခင်တုန်းက သူ့ကို စာဖတ်မည့်သူတစ်ဦးဟု မထင်ခဲ့ပါ။ သည်လူဟာ သူများရေးတဲ့ စာတွေကို ဖတ်မယ့်လူ မဟုတ်ပါဘူးဟု အောက်မေ့ခဲ့သည်။

တကယ်တွင်ကား သူသည် စာမှန်မှန်ဖတ်သည်။ စာဖတ်လည်း မြန်သည်။ စာဖတ်လည်း များသည်။

သူသည် ယခင်ကလည်း စာဖတ်ခဲ့သဖြင့် ဝတ္ထုတော်တော်များများနှင့် စာရေးဆရာ တော်တော်များများအကြောင်း ပြောနိုင်သည်။ ယခုလည်း သူ အဆက်မပြတ်ဖတ်နေသဖြင့် မျက်မှောက်ခေတ် စာရေးဆရာများနှင့် သူတို့၏ စာအကြောင်းကို သူပြောနိုင်သည်။ အထူးသဖြင့် မဂ္ဂဇင်းများနှင့် ဝတ္ထုတို တော်တော်များများကို သူ ဖတ်သည်။ ထို့နောက် သူ နှစ်သက်သော ဝတ္ထုတိုများအကြောင်းကို ပြောတတ်သည်။ တစ်ခုတော့ရှိသည်။ သူ မနှစ်သက်သည်များကို ပြောလေ့ နည်းသည်။

'ဒီမယ် ကိုနတ်၊ ကျွန်တော်ကတော့ ကိုယ်ကြိုက်တာပဲ ပြောချင်တယ်။ ဘာလုပ်မလဲဗျာ၊ ကိုယ်မကြိုက်တာကို ဘာလို့ ပြောမလဲ။ ကိုယ်မှ မကြိုက်တာပဲ'

အထူးသဖြင့် သူသည် အခြားမဂ္ဂဇင်းများတွင်ပါသော ကလောင်သစ်များကို အထူးပြုပြီး ဖတ်လေ့ရှိသည်။

စာပေအကြောင်းအပြင် သူနှင့် မိမိတို့လူစု အများဆုံး ပြောဖြစ်သည့် အကြောင်းမှာ ဂီတဖြစ်သည်။ ဂီတကိုတော့ ခေတ်ဟောင်းအကြောင်းလည်း ပြောသည်။ မျက်မှောက်ခေတ် အကြောင်းလည်း ပြောသည်။

သို့သော် ရုပ်ရှင်အကြောင်းကိုတော့ မိမိတို့ အပြောနည်းသည်။ နိုင်ငံခြားကားကောင်းတွေ အကြောင်းလောက်သာ ပြောကြသည်။ ယနေ့ခေတ် မြန်မာရုပ်ရှင်အကြောင်း မပြောဖြစ်ကြသလောက်ပင် ဖြစ်သည်။

သူနှင့် မိမိတို့ ကိုက်ညီတာတစ်ခု ရှိသည်။ အစားအသောက် တူညီခြင်း ဖြစ်သည်။ သူက အင်မတန် ထွေလာကေလာ စားတတ်သည်။

တစ်နေ့တွင် သူက–

'အတော်ပဲဗျာ၊ ကျွန်တော် ငါးပူတင်းတွေ ရထားတယ်'

'မြတ်စွာဘုရား'

မိမိ အထိတ်တလန့် ရွတ်ဆိုမိသည်။ ငါးပူတင်းဆိုသည်မှာ အင်မတန် သေဘေးနှင့် နီးသော အစားအစာဖြစ်သည်။ မိမိတို့ မည်သူမျှ ငါးပူတင်း မစားဖူးဘူး။

'ဖက်တီးရေ၊ ငါးပူတင်း ကြော်ကွာ'

သူ၏ ဘဏ္ဍာစိုးကြီး ကိုဖက်တီးသည် ချက်ချင်းပင် ရေခဲသတ္တာထဲမှ ငါးပူတင်းများကို ထုတ်ယူပြီး လျှပ်စစ်မီးဖိုတွင် ကြော်တော့သည်။

မိမိတို့မှာ ရင်တထိတ်ထိတ် ရှိနေရတော့သည်။ ငါးပူတင်း ချက်စားသဖြင့် မိသားစု တစ်ခုလုံး သေဆုံးရောက်သည့် အကြောင်းများကို သတင်းစာတွင် မကြာခဏ ဖတ်ရသည်။ "ဒီလူတွေနှယ် ငါးပူတင်းစားရင် သေမှန်းသိလျက်နဲ့ ဘာဖြစ်လို့ စားကြသလဲ မသိဘူး" မိမိ စိတ်ထဲမှ အပြစ်တင်ခဲ့သည်။

ယခုလည်း ရုပ်ရှင်မင်းသားဝင်းဦးနှင့် စာရေးဆရာများ ငါးပူတင်းစား၍ သေဆုံးကြခြင်းဆိုလျှင် ဘယ်လောက်များ ပြောစရာ ဖြစ်ချေမည်နည်း။

ဟော ငါးပူတင်းကြော် ရောက်လာပြီ။ အံမယ် အနံ့ကတော့ တယ်မွှေးပါလား။ မြင်ရတာကလည်း စားချင်စဖွယ်ကလေး။ ဝါဝါဖောင်းဖောင်းကလေး။

'စားကြပါဗျာ သိပ်ကောင်းတယ်၊ အသားချည့်ပဲ၊ အရိုးမရှိဘူး'

သူ တိုက်တွန်းသည်။ သို့သော် တစ်ယောက်မှ မလှုပ်ကြ။

သည်တော့ သူက–

'မသေပါဘူးဗျ၊ ကျွန်တော် အလျင်စားပြမယ်'

သူ အလျင်စားပြသည်။ အားရပါးရ စားသည်။ သူ့ကို မိမိတို့ ဝိုင်းကြည့်နေကြသည်။ ငါးမိနစ်ကြာ၍မှ သူ မသေသောအခါ မိမိတို့ မရဲတရဲ စားကြည့်ကြသည်။

ဟုတ်ပါ့ဗျာ၊ တယ်ကောင်းတာပဲ၊ အသားက နူးညံ့ပြီး ချိုနေသည်။ လေးလေးငံငံပင် ချိုခြင်းမျိုး ဖြစ်သည်။

'ငါးပူတင်းက သည်းခြေပဲ၊ သည်းခြေထုတ်ပစ်လိုက်ရင် ဘာမှ မဖြစ်ဘူး'ဟု ရှင်းပြသည်။

'နေပါဦးဗျ၊ ငါးပူတင်းစားလို့ သေကြတဲ့ သူတွေကရော သည်းခြေထုတ်ပစ်ရမယ်ဆိုတာ နားမလည်ကြဘူးလား'

'ထုတ်တော့ ထုတ်ကြမှာပါပဲ၊ မစင်လို့ ဖြစ်မှာပေါ့။ သည်းခြေပေါက်သွားတာလည်း ဖြစ်နိုင်တာပေါ့ဗျာ'

'မဟုတ်သေးပါဘူးဗျာ၊ တော်တော်သေဘေးနဲ့ နီးတဲ့ အစားအစာပဲ'

သို့သော် မကြာမီမှာပင် ငါးပူတင်းပန်းကန် တက်တက်စင် ပြောင်သွားသည်။

နောက်တစ်ခါ ရှိသေးသည်။ ဖားသား၊ ကြွက်သား မိမိတို့ စားဖူးကြပါသည်။ သူ့အခန်းမှာလည်း စားဖူးသည်။

သို့ရာတွင် တစ်ကြိမ်မှာတော့–

'ကနေ့တော့ ခင်ဗျားတို့ကို ဖားကင်ကျွေးရမယ်ဗျာ၊ ကျွန်တော့်ကို ဒလဘက်က မိတ်ဆွေတွေက လက်ဆောင်ပေးလိုက်တာ'

**ဝေဠုဇာတ်ကား** ရိုက်ကူးရန်အတွက် [illegible] ဒလဘက်မှာ မြင်းစီးသွားကျင့်ကြသည်။ ဒလဘက်က မိတ်ဆွေမျ[illegible]က သူ ကြို[illegible]မှန်းသိသဖြင့် ဖားသား၊ ကြွက်သားများ လက်ဆောင်ပေးတတ်ကြသည်။

စားပွဲပေါ်တွင် လက်သုတ်ပဝါ အုပ်ထားသော ပန်းကန်တစ်ခုရှိသည်။ မိမိတို့လူစုထိုင်မိကြသောအခါ သူက လက်သုတ်ပဝါကို မျက်လှည့်ဆရာတစ်ဦး၏ အသွင်အဟန်ဖြင့် ဖွင့်လိုက်သည်။

'အောင်မယ်လေးဗျာ့'

အားလုံးပင် နောက်တွန့်သွားကြသည်။

လားလား ... ဖားက အကောင်လိုက်ကြီးပဲ၊ ရောမ အကောင်ကြီးပဲ၊ မျက်လုံးကြီးနှစ်လုံးက မိမိတို့ကို ပြူးပြီး ကြည့်နေသည်။ ယခုပင် ရှေ့ဘက်သို့ တအား ခုန်လိုက်တော့မည့်အသွင် ရှိသည်။

'အရှင်ကြီးလား'

'မဟုတ်ပါဘူးဗျ၊ အကျက်ပါ၊ ကောက်ရိုးမီးနဲ့ အုံ့ပြီး ကင်ထားတာ။ သိပ်ကောင်းတယ်၊ မွှေးနေတာပဲ'

'ဒါ စားရုံပဲလား'

'ဟုတ်တယ်'

'ဘုရား၊ ဘုရား'

'ဘယ်လို စားရမှာလဲ'

'ဒီလိုပဲ ဖဲ့စားရုံပဲ'

'အောင်မယ်လေးဗျာ၊ ဒီကောင်ကြီးတော့ မစားပရစေနဲ့၊ သူ့မျက်လုံးတွေကို ကြောက်လွန်းလို့ပါ။ နောက်ပြီးတော့ လက်နဲ့ ထိလိုက်ရင် ထခုန်လိုက်တော့မယ့်အတိုင်းပဲ'

'ခင်ဗျားအကောင်ကြီးက သဘာဝသမိုင်းပြတိုက်မှာ ပို့ထားဖို့ ကောင်းတယ်'

ထိုနေ့က ထိုအကောင်ကြီးကို မည်သူမျှ မစားကြပါ။

သို့သော် သူက ပြောလိုက်သေးသည်။

'နေဦးဗျ၊ တစ်နေ့ကျရင် ခင်ဗျားတို့ကို ကင်းမလက်မည်း မီးဖုတ်ကျွေးရဦးမယ်'

'အား ပါး ပါး'

ရှိသေးသည်။

သူက ထွေလာကေလာ စားတတ်ရုံမျှ မဟုတ်သေး၊ အားရပါးရ စားတတ်သည်။ သူက ဇွန်းနှင့် ခက်ရင်းနှင့် အနောက်တိုင်းဆန်ဆန် သိပ်စားချင်ပုံ မရ။ မြန်မာဆန်ဆန် လက်ငါးချောင်းနှင့် ပယ်ပယ်နယ်နယ် စားလေ့ရှိသည်။

ညနေ ခြောက်နာရီထိုး၍ အမှောင်ပျိုးပြီဆိုလျှင် သူ အခန်းမှထွက်ရန် ပြင်ဆင်သည်။ အင်္ကျီသစ်သစ်၊ ဘောင်းဘီသစ်သစ် ဝတ်သည်။ ခေါင်းကို ထုံးစံအတိုင်း အကျအန ဖြီးသည်။ ပြီးတော့ တစ်ခန်းလုံး ကြိုင်သင်းသွားအောင် သူ့ကိုယ်ကို ရေမွှေး ပက်ဖျန်းသည်။

သို့သော် အိမ်တစ်အိမ်သို့ ရောက်ပြီဆိုလျှင် အိမ်ရှင်က သူ့ကို အစားအသောက်နှင့် ဧည့်ခံသည်။ စားပွဲခင်းလှလှ၊ လက်သုတ်ပဝါလှလှ၊ ပန်းကန်လှလှကလေးများ ဖြင့်ကြသည်။ ဇွန်း အကြီးအသေး၊ ခက်ရင်း အကြီးအသေး၊ လိုအပ်လျှင် စားပွဲတင်ဓားပါ ပါရှိသည်။

သို့သော် သူ ဘာလုပ်သနည်း။ ဇွန်းခက်ရင်းတွေ အသင့်တပ်ထားသော ပန်းကန်များကို လက်နှင့် နှိုက်သည်။ လက်ညှိုး လက်မဖြင့် မဟုတ်၊ လက်ငါးချောင်းစလုံးနှင့် ဖြင့်သည်။ တစ်ခါ နှိုက်စားလိုက်၊ တစ်ခါ လက်သုတ်လိုက်။ ဤနေရာတွင် ပထမ တစ်ခါ နှစ်ခါလောက်တော့ လက်သုတ်ပဝါကို သုတ်သေးသည်။ နောက်တော့ သူ့ဘောင်းဘီကို သုတ်တော့သည်။ မညှာမတာ သုတ်သည်။ ဟင်းစ ဟင်းနတွေ လက်ချောင်းရာများအတိုင်း စွန်းထင်းကုန်တော့သည်။

ယင်းကြောင့် မိမိတို့က သူ့ကို အကယ်ဒမီ ကိုညစ်ပတ်ဟု ခေါ်ကြသည်။

သူနှင့်မိမိ အတော်အတန် ရင်းနှီးလာသောအခါ ရံဖန်တွင် သူ့ဘဝအကြောင်းကို ပြောပြတတ်သည်။ သူ တပ်ထဲတွင် နေခဲ့စဉ်က အကြောင်း၊ နိုင်ငံခြားတွင် နေခဲ့စဉ်က အကြောင်း၊ သူနှင့် ရင်းနှီးသော အမျိုးသမီးများ အကြောင်း။

မိမိတို့ ဟားခါးသင်္ဘောဖြင့် ပေလီသို့ သွားရောက်ခဲ့စဉ်က တစ်နေ့လယ်တွင် သူနှင့် မိမိနှင့် နှစ်ယောက်တည်း ဘန်ဂလို ဝရန်တာတွင် ထိုင်နေကြစဉ် သူက ရုတ်တရက် သူ၏ ညာဘက်လက်ကို ဆန့်တန်းပေးလိုက်ပြီး–

'ကိုနတ်နွယ်၊ ကျွန်တော့်လက္ခဏာကို ကြည့်စမ်းပါ။ ကျွန်တော် ဘယ်သူ့ကိုမှ

မပြဘူး။ ကျွန်တော့်ဆီကို လက္ခဏာဆရာတွေ ခဏခဏ လာကြတယ်။ ဒါပေမဲ့ ကျွန်တော့်ဘဝကို သူတို့ ဟောကိန်းထုတ်မှာ ကျွန်တော် မကြိုက်ဘူး'

ထိုအချိန်က မိမိသည် **ဇော်မိုးဟိန်း၀တ္ထုများကို** ရေးသားနေချိန် ဖြစ်သည်။ ဇော်မိုးဟိန်း ပထမအုပ် အမှာတွင် လက္ခဏာနှင့် ပတ်သက်ပြီး မိမိ တော်တော်ကလေး ရေးသားထားခဲ့သည်။ လက္ခဏာပညာကို မိမိ ဝါသနာပါသည်။ လက္ခဏာပညာနှင့် ပတ်သက်သည့် စာအုပ်စာတမ်း အချို့လည်း ဖတ်ဖူးသည်။ ရေးဖူးသည်။

သူလည်း မိမိ၏ အမှာစာကို ဖတ်ဖူးသဖြင့် အမှတ်မထင် သူ့လက်ကို ပြခြင်း ဖြစ်ပေသည်။

သည်မှာ မိမိ အံ့သြရသည်။ သူ၏ လက်နှစ်ဖက်တွင် လက္ခဏာ အရေးအကြောင်းတွေ များပြားလှသည်။ ပီပြင်ထင်ရှားလှသည်။ အချို့သော အရေးအကြောင်းများ ဆိုလျှင် သာမန် လက္ခဏာစာအုပ်များတွင် မတွေ့ရှိရဖူးချေ။

ထိုအချိန်က သူနှင့်ပတ်သက်ပြီး အပြင်မှာ ကောလာဟလတွေ ဖြစ်နေသည်။ သူ နိုင်ငံခြား သွား မသွား၊ အိမ်ထောင် ပြု မပြု။

ထိုအချက်နှစ်ချက်နှင့် ပတ်သက်သည့် အဖြေများ သူ့လက်ဖဝါးပေါ်တွင် ပေါ်လွင်လျက် ရှိပါသည်။ မိမိ၏ တွေ့မြင်ချက်ကို သူတစ်ယောက်တည်းကိုသာ ပြောပြပြီး မိမိ စိတ်ထဲမှာပင် သိမ်းဆည်းထားလိုက်သည်။

တကယ်တော့ သူသည် သူ့ဘဝကို သူ့ဘာသာ ဖန်တီးမည် မဟုတ်ပါလား။ သူနှင့် မိမိ ပတ်သက်သည်က အချိန်ရသည့်အခါ စာအကြောင်း ပေအကြောင်း၊ တောအကြောင်း တောင်အကြောင်း ပြောဆိုသွားကြရန်သာ။ အနှစ် တစ်ရာနှစ်ဆယ် နေကြရဦးမည် ဆိုလျှင်လည်း အနှစ်တစ်ရာနှစ်ဆယ် အထိပေါ့။

[ မိုးဝေ၊ မတ်၊ မေပြီ၊ ၁၉၈၅ ]

# သူနှင့် သူ့လက္ခဏာ၊ ပြီးတော့ မိမိနှင့် ပတ်သက်မှု

(က)

'ကိုနတ်ရေ ဒီမှာကြည့်ပါဦးဗျ၊ အကြောင်းကြီးတစ်ကြောင်း ထပ်ပြီး ပေါ်လာတယ်။ အရင်က မရှိဘူး၊ တစ်နေ့ကမှ ကျွန်တော် ကြည့်ရင်း တွေ့ရတာ။ နောက်ပြီးတော့ ဒီနေရာက လမ်းကြောင်းတစ်ကြောင်းကလည်း ဘယ်ပျောက်သွားသလဲ မသိဘူး၊ ကြည့်စမ်းပါဦး'

တစ်နေ့တွင် သူ့အခန်းသို့ မိမိတို့ ရောက်ရှိသွားစဉ် သူက လက်ဖဝါးတစ်ဖက်ကို ဖြန့်သပ်ကာ မိမိကို ပြသရင်း ပြောပါသည်။

မိမိလည်း အခန်းနံရံတစ်ဖက်တွင် ချိတ်ထားသော သင်ပုန်းပေါ်မှ ငွေလှိုင်းအပေါ်မှာ ရုပ်ရှင်ကား နေ့စဉ် ဝင်ငွေစာရင်းကြီးကို ကြည့်နေရာမှ သူ့လက်ဖဝါးကို ငုံ့ကြောင်းလဲ ကြည့်ရှုမိလိုက်သည်။

သူ ပြောသည့်အတိုင်းပင် လက္ခဏာ လမ်းကြောင်းတစ်ကြောင်း ပေါ်နေပြီး လက္ခဏာ လမ်းကြောင်းတစ်ကြောင်း ပျောက်ဆုံးလျက် ရှိသည်ကို တွေ့ရသည်။

'ကိုနတ်ရေ ဒီလမ်းကြောင်းကြီးက ဘာလဲဗျ'

'ပိုက်ဆံရမယ့် လမ်း ကြောင်းလေ'

'ပိုက်ဆံရမှာဆိုရင် ကောင်းတာပေါ့ဗျာ။ အခုလည်း ကြည့်ပါဦး၊ ဒီလမ်းကြောင်းကြီးက ဘယ်ကနေ ရောက်လာပြီး ဒီနားက လမ်းကြောင်းက ဘာဖြစ်လို့ ပျောက်သွားတာလဲ'

ကိုဦး၏ လက္ခဏာကို ဒုတိယအကြိမ် ကြည့်ရှုရခြင်း ဖြစ်သည်။ သို့မဟုတ် ဆိုင်းမငြိမ်း ဗုံမဆင့်ဘဲ သူ၏ လက္ခဏာကို မိမိအား ဒုတိယအကြိမ် ပြသခြင်း ဖြစ်သည်။

ပထမအကြိမ်က ၁၉၈၀ ပြည့်နှစ်တွင် ဖြစ်သည်။ ငပလီကမ်းခြေတွင် ဖြစ်သည်။ ထိုအကြောင်းကို ချယ်ရီမဂ္ဂဇင်း "တောအကြောင်း တောင်အကြောင်း" မိမိနှင့် ဝင်းဦးတွင် ထည့်သွင်း ရေးသားခဲ့ဖူးသည်။

(ခ)

လက္ခဏာပညာကို သူ ယုံ မယုံ မိမိ မသိပါ။ သို့သော် စိတ်ဝင်စားပုံတော့ ရသည်။ ထို့ကြောင့်ပင် သူ့မဂ္ဂဇင်းတွင် လက္ခဏာဆောင်းပါးတစ်ပုဒ်ကို လစဉ် ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။

များသောအားဖြင့် လူတို့သည် မိမိနှင့်ပတ်သက်သော အကြောင်းများကို မှန်ကန်စွာ ပြောဆိုခဲ့လျှင် အံ့သြတတ်ကြသည်။ မိမိနှင့် ပတ်သက်သော အကြောင်းများကို အကောင်းပြောဆိုခဲ့လျှင် သဘောကျတတ်သည်။ ယင်းအတွက် လက္ခဏာဆရာ၊ ဗေဒင်ဆရာများသည် မကောင်းသည့် အချက်များကို ပြောကြားရလျှင် ယင်းအချက်များကို ချေဖျက်နိုင်သော အခြားနည်းလမ်းများကို ထည့်သွင်း ပြောဆိုကြရခြင်း ဖြစ်သည်။

မိမိလည်း လက္ခဏာပညာကို ယုံသည် မယုံသည် မဟုတ်ပါ။ သို့သော် စိတ်ဝင်စားသည်။ ယင်းအတွက် လေ့လာမိသည်။ သို့သော် လက္ခဏာ မဟောပါ။ အကြောင်းမှာ မိမိဟောကိန်း မှားနေမည်ကို စိုး၍ မဟုတ်၊ မှန်နေမည်ကို စိုး၍ ဖြစ်သည်။ မိမိ လက္ခဏာဆရာ မဖြစ်ချင်ပါ။

လက္ခဏာပညာကို သိပ္ပံနည်းကျ တည်ဆောက်ထားသော ပညာရပ်တစ်ခုဟု မိမိ မယူဆပါ။ လျှို့ဝှက်ဆန်းကြယ်သော ရှေးဟောင်းအတတ်ပညာရပ် တစ်ခုဟုသာ ယူဆပါသည်။ ထို့အပြင် လက္ခဏာဆရာတစ်ယောက်သည် လက္ခဏာပညာရပ်များကို တတ်ကျွမ်းသည့်အပြင် အခြား အရည်အချင်းများလည်း ရှိဖို့ လိုအပ်ပါသည်။ ဥပမာ ဥပဓိရုပ်ကောင်းခြင်း၊ မှင်မောင်းရှိခြင်း၊ အသံသြဇာရှိခြင်း၊ အပြောအဟော အာဋ္ဌာန်ကျခြင်း၊ ယတိပြတ် ပြောဆိုနိုင်ခြင်း စသည်များ။

တစ်ခါက လူငယ်တစ်စုသည် အပျော်တမ်း လက္ခဏာကြည့်နေကြသည်။ သူတို့သည် နိုင်ငံခြားသင်္ဘောလိုက်ရန် ကြိုးစားနေကြသူများ ဖြစ်သဖြင့် နိုင်ငံခြားသွားရမည့် လက္ခဏာလမ်းကြောင်း ပါ မပါကို အမိက ဦးစားပေးပြီး ကြည့်ရှုနေကြသည်။ မိမိက လူငယ်တစ်ဦး၏ လက်ဖဝါးပြင်ကို ဖျတ်ခနဲကြည့်ပြီး ခပ်တည်တည်ဖြင့် မေးလိုက်သည်။

'မင်းတို့ အိမ်ခေါင်းရင်းမှာ သင်္ဘောပင် ရှိသလား'

ထိုလူငယ် အံ့သြသွားဟန်ဖြင့်–

'ရှိတယ် ဆရာ'

'အဲဒီသင်္ဘောပင်ကို ခုတ်ပစ်လိုက်၊ အဲဒီသင်္ဘောပင်က မင်း သင်္ဘောလိုက်ရမယ့်ကိစ္စကို ယတြာချေသလို ဖြစ်နေတယ်'

ထိုလူငယ်များ ထွက်သွားသောအခါ မိမိ၏ မိတ်ဆွေရင်းတစ်ဦးက–

'နေပါဦး၊ လက္ခဏာပညာဟာ ဒါလောက်ပဲ မှန်အောင် ဟောနိုင်သလား။ အိမ်ခေါင်းရင်းမှာ သင်္ဘောပင် ရှိတာကအစ သိနိုင်သလား'

'အမှန်အတိုင်း ပြောရရင်တော့ ဘယ်သိနိုင်ပါ့မလဲ'

'ဒါဖြင့်ရင် ခင်ဗျားက ဘာဖြစ်လို့ ဟိုကောင်လေး အိမ်ခေါင်းရင်းမှာ သင်္ဘောပင် ရှိသလားလို့ မေးရတာလဲ'

'မရှိဘူးလို့ဖြေရင် အစိုက်ခိုင်းမလို့ပါ'

'ဟာဗျာ အတော်နောက်တဲ့လူပဲ၊ ခင်ဗျားဟာက အတည်ပေါက်ကြီး'

'လက္ခဏာဆရာ လုပ်ရရင်တော့ အတည်ပေါက် ပြောနိုင်ရမယ်'

'မမှန်ရင်ကော'

'မမှန်ရင် သူ မအောင်မြင်ဘူးပေါ့၊ မှန်လို့ရှိရင် လျှမ်းလျှမ်းတောက် အောင်မြင်မယ်'

ယင်းအတွက် မိမိ၏ ဟောပြောချက်များ မှန်မည်ကို မိမိ စိုးရိမ်ခြင်းဖြစ်သည်။ ယင်းအတွက် မိတ်ဆွေများက အဟောခိုင်းသည်ကို မိမိ ဝမ်းနည်းစွာ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ပေလီမှာတုန်းက ကိုဝင်းဦး၏ လက္ခဏာကိုကြည့်ပြီး အချက်သုံးချက် ဟောခဲ့မိသည်မှာ အကြောင်းရှိပါသည်။ မိမိ၏ ဟောချက်သုံးခုတွင် နှစ်ခုက မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ ကျန်တစ်ခုမှာလည်း မဖြစ်နိုင်သည့် အလားအလာများ ရှိနေသည်ဟု ဆိုရပါသည်။ ယင်းအချက်သုံးခုမှာ–

(တစ်) အသက် ၅၀ နောက်ပိုင်းတွင် အထူးအောင်မြင် ထင်ရှားမည်။

စာရေးဆရာ၊ အယ်ဒီတာ၊ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ အဖြစ် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပြီး အကယ်ဒမီ နှစ်ထပ်ကွမ်း ရရှိခဲ့သူတစ်ဦးကို အောင်မြင် ထင်ရှားမည်ဟု ပြောရခြင်းမှာ သေချာပေါက် သိနေသော အချက်ကို ပြောသည့်ပမာ ဖြစ်သည်။

သို့သော် တစ်မျိုးစဉ်းစားကြည့်လျှင်လည်း သူသည် အကျပိုင်းသို့ ရောက်နေပြီဟု အချို့က ဆိုကြသည်။ နောက်ပိုင်း ရိုက်ကူးသော သူ၏ ကား သုံးလေးကား မအောင်မြင်သည့် အနေအထားတွင် ရှိခဲ့သည်။ သူ၏ စန္ဒာမဂ္ဂဇင်းမှာလည်း အသစ်ထွက်ပေါ်လာသော မဂ္ဂဇင်းများကြားတွင် မြုပ်နေပြီး စောင်ရေ လျော့ကျနေသည်။

ဤအခြေအနေတွင် ဆက်လက် အောင်မြင်ထင်ရှားဦးမည်ဟု ပြောရသည်မှာ ခက်ခဲသေသည့်အလုပ် ဖြစ်ပါသည်။

သူသည် အသက်အရွယ် ထောက်လာပြီဖြစ်သဖြင့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအနေဖြင့် အောင်မြင်ရန် အလေးချိန် လျော့နေပါသည်။ သို့သော် ဒါရိုက်တာတစ်ဦးအနေနှင့်ကား ကောင်းစွာ အောင်မြင်နိုင်ပါသည်။ သို့သော် သူသည် ထိုအချိန်က ဒါရိုက်တာသက်သက်လုပ်ရန် စိတ်ကူးမရှိပါ။

သို့သော် သူ၏လက္ခဏာတွင် အသက် ၅၀ နောက်ပိုင်းတွင် ထူးထူးခြားခြား အောင်မြင် ထင်ရှားစရာရှိကြောင်း ပြသနေသည်။

ယင်းမှာ အခြားမဟုတ်ပါ။ လူတစ်ယောက်၏ အောင်မြင်ထင်ရှားမှုကို ရည်ညွှန်း

သော ကံလမ်းကြောင်း (ထီးရိုး)နှင့် အောင်မြင်ရေးလမ်းကြောင်းတို့သည်လည်း လက်နှစ်ဖက် စလုံးတွင် ထင်ရှားကောင်းမွန်စွာ တည်ရှိနေကြသောကြောင့် ဖြစ်သည်။ ထို့မျှမကပါ။ ကံလမ်းကြောင်းကို အထောက်အကူပြုမည့် အရန်ကံလမ်းကြောင်း နှစ်ခုကလည်း ထင်ရှား ကောင်းမွန်စွာ တည်ရှိနေကြပါသည်။ အရန်ကံလမ်းကြောင်း တစ်ခုသည် ပင်မကံလမ်းကြောင်းနှင့်အတူ လက်ကောတ်ဝတ်အထက်ဘက်မှ စတင်ပြီး ဒုတိယအရန်ကံလမ်းကြောင်း အနီးသို့ ရောက်ရှိသည်။ (ယင်းအတွက် သူသည် ငယ်ရွယ်စဉ်ဘဝက အထူး အောင်မြင်ခဲ့ခြင်း ဖြစ်သည်။) ဒုတိယ အရန်ကံလမ်းကြောင်းက နှလုံးလမ်းကြောင်း အထက်မှ စတင်ပြီး စနေဂြိုဟ်ခုံ (လက်ခလယ်) ရင်းသို့ ရောက်ရှိသည်။ ယင်းအတွက် အသက် ၅၀ အထက်တွင်လည်း ဆက်လက် အောင်မြင်ဦးမည်ဟု ပြောဆိုရခြင်း ဖြစ်သည်။ သို့သော် မည်သို့မည်ပုံ အောင်မြင်မည်ကိုကား မမှန်းဆတတ်ပါ။ ထိုစဉ်က မိမိ တို့ အမြင်အရ ပြောရလျှင် ထူးထူးခြားခြား အောင်မြင်စရာ အကြောင်း မရှိပါ။

'ကိုဦး အသက်ငါးဆယ် နောက်ပိုင်းမှာ ထူးခြားတဲ့ အောင်မြင်ထင်ရှားမှုတွေ ရလိမ့်ဦးမယ်'

'ကောင်းတာပေါ့ဗျ၊ ဒီအကြောင်းကြီးက ဘာကြီးလဲ'

နှလုံးလမ်းကြောင်းအထက်မှ အရန်ကံလမ်းကြောင်းကို မေးခြင်းဖြစ်သည်။

'အောင်မြင်ထင်ရှားပြီး ငွေကြေးဥစ္စာတွေ ရမယ်လို့ ပြောတာပဲ'

'ပိုက်ဆံရတာကတော့ အကောင်းဆုံးပေါ့ဗျာ'

အသက်အရွယ်ကြီးမှ ရရှိသော အောင်မြင်ထင်ရှားမှုနှင့် ငွေကြေးဥစ္စာတို့သည် လက္ခဏာရှင် ကိုယ်တိုင်၏ ကြိုးပမ်းမှုကြောင့်လည်းကောင်း၊ ငယ်ရွယ်စဉ်က ကြိုးပမ်းအားထုတ်ခဲ့မှုအတွက် အကျိုးကျေးဇူး ခံစားရ၍လည်းကောင်း၊ သားသမီး တပည့် သားမြေးနှင့် မိမိ ကူညီခဲ့သူတို့က ပြန်လည်ကူညီအားပေးမှုကြောင့်လည်းကောင်း ဖြစ်နိုင်သည်။

ထိုနောက် သူ့ဘဝတွင် အရေးအကြီးဆုံးသော အချက်နှစ်ချက်ကို ဆက်ပြီး ပြောလိုက်သည်။

(နှစ်) အိမ်ထောင်ကျမည်။

ဤအချက်မှာ အတော်ကြီးပင် မဖြစ်နိုင်သောအချက် ဖြစ်ပါသည်။ သူနှင့် ပတ်သက်ပြီး မိမိတို့ အတွင်းကျကျ သိရှိနေရသော အချက်များ ရှိပါသည်။ **သူ၏ ဆယ်စုခေတ် တစ်နှစ်စွန်း မန်းသကြင်န်** စာအုပ်တွင် သူ၏ ဘဝအမြင်များ၊ အချစ်ရေး အမြင်များကို ပီပီပြင်ပြင် ရေးထားရုံမျှမက "သူနှင့် သူ၏ချစ်သူ"အကြောင်းကိုလည်း ပြန်လည် စစ်တမ်း ထုတ်ထားပါသည်။ သူ၏ချစ်သူနှင့် ရေစက်ကုန်ပြီဟု ဆိုထားသည်။ မှန်သည်။ သူ၏ ချစ်သူသည် အိမ်ထောင်ကျပြီး သားသမီးများပင် ရနေလေပြီ။ သူနှင့်လည်း မည်သို့မျှ အဆက်အသွယ် မရှိတော့ချေ။

ထို့အပြင် ထင်ရှားသော မင်းသမီးတစ်ဦး သူ၏အခန်းသို့ အထုပ်အပိုးတွေနှင့် ရောက်ရှိလာသည်ကိုလည်း သူ ငြင်းပယ်တိမ်းရှောင်ခဲ့သည်ကို မိမိတို့ အသိပင် ဖြစ်သည်။

သို့သော် သူ၏ လက်ဖဝါးပြင်တွင်ကား ခင်မင်မှု လမ်းကြောင်းများက သူ အိမ်ထောင်ကျမည့် အဖြစ်ကို အထင်အရှား ပြနေကြသည်။

ဤနေရာတွင် ခင်မင်မှုလမ်းကြောင်းနှင့် ပတ်သက်ပြီး ပြောစရာရှိသည်။ နှလုံး လမ်းကြောင်းနှင့် လက်သန်း အကြားတွင်ရှိသော လမ်းကြောင်းကလေးများကို တချို့က အိမ်ထောင်ရေးလမ်းကြောင်းဟု ဆိုကြသည်။

အိမ်ထောင်ကျသည်ဆိုရာဝယ် ကာယကံရှင်အချင်းချင်း ချစ်ခင်သဖြင့် အိမ် ထောင်ပြုသည်လည်း ရှိသည်။ အခြားသူများ၏ စီမံမှုဖြင့် အိမ်ထောင်ပြုသည်များလည်း ရှိသည်။

တစ်ဖန် အိမ်ထောင်ကျသည်ဆိုရာဝယ် တရားဝင်လက်ထပ်ခြင်း (ဥပဒေအရ ဖြစ်စေ၊ ထုံးတမ်းစဉ်လာအရ ဖြစ်စေ) ရှိသလို ကာယကံရှင်အချင်းချင်း နားလည်မှု ဖြင့် အတူ နေထိုင်ကြသည်လည်း ရှိပါသည်။ သို့ဖြင့် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ခုနစ်ရက် အတူနေလျှင် သော်လည်းကောင်း၊ ယင်းသို့ အတူနေထိုင် သည်ကို အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်က အသိအမှတ်ပြုလျှင် သော်လည်းကောင်း လင်မယား အရာမြောက်သည်ဟု မိမိတို့တွင် ဆိုထုံးရှိပါသည်။

သို့သော် ကိုဝင်းဦးအနေနှင့်မူ ထိုအချိန်က အခြေအနေအရ မည်သည့်နည်းနှင့်မျှ အိမ်ထောင်ကျစရာ အကြောင်းမရှိပါ။ ထို့အပြင် သူသည် တစ်ယောက်တည်း လွတ်လွတ် လပ်လပ် နေထိုင်လိုသူတစ်ဦး ဖြစ်ကြောင်းကိုလည်း မိမိတို့ အသိဆုံး ဖြစ်ပါသည်။

သို့သော် လက္ခဏာတွင် ထင်ရှားရှည်လျားသော ခင်မင်မှုလမ်းကြောင်းနှစ်ခု ရှိနေပါသည်။ အသက်အရွယ်အားဖြင့် ပိုင်းခြားရလျှင် ပထမလမ်းကြောင်းသည် အသက် အရွယ် ငါးဆယ်၏ အောက်ပိုင်းတွင်ဖြစ်ပြီး၊ ဒုတိယလမ်းကြောင်းသည် ငါးဆယ်၏ အထက်တွင် ဖြစ်ပါသည်။ ပထမလမ်းကြောင်းသည် သူ၏စာအုပ်ထဲတွင် ဖော်ပြထား သော "သူ၏ချစ်သူ"ကို ရည်ညွှန်းခြင်း ဖြစ်သော်လည်း ဒုတိယလမ်းကြောင်းသည် မည်သူ့ကို ရည်ညွှန်းမှန်း ထိုအချိန်က မိမိ မသိရှိပါ။

သို့ဖြင့် သူ အိမ်ထောင်ကျမည် ဟူသောအချက်သည် မဖြစ်နိုင်သည့် အချက် တစ်ခု ဖြစ်နေပါသည်။

တစ်ဖန် ပထမလမ်းကြောင်းကလေးသည် အဆုံးပိုင်းတွင် အနည်းငယ် မှေးမှိန် သွားပြီးနောက် ပျောက်ကွယ်မသွားဘဲ အကိုင်းအခက်ကလေးပမာ ဆက်လက်ပေါ်လွင် နေပါသည်။ ယင်းအဓိပ္ပာယ်မှာ ပထမချစ်သူနှင့် တစ်စုံတစ်ရာ ပြန်လည်ပတ်သက်နိုင် သည့်သဘော ဖြစ်ပါသည်။ သို့သော် ထိုအချက်သည် အခြေအနေအရ ပို၍ မဖြစ်နိုင်ပါ။

သူ၏ချစ်သူသည် အကျင့်သိက္ခာရှိသော ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

• မည်သို့ပင်ဖြစ်စေ လက္ခဏာလမ်းကြောင်းများက ပြဆိုသည့်အတိုင်း သူ့ကို မိမိ ပြောကြားရပါမည်။

'ကိုဦး အိမ်ထောင်ကျမယ်'

'ကောင်းတာပေါ့ဗျာ'

'နောက်ပြီး ကိုဦးရဲ့ချစ်သူနဲ့ ပြန်ပြီး ပတ်သက်စရာလည်း ရှိတယ်'

'အဲဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

မည်သူကမျှလည်း ဖြစ်နိုင်မည်ဟု မထင်ပါ။ သို့သော် နောက် ငါးနှစ်ခန့်အကြာတွင် သူ၏ချစ်သူက သူနှင့်အတူ ရုပ်ရှင်ကားတစ်ကားတွင် ပါဝင်ရိုက်ကူးရန် ကမ်းလှမ်းလာသည်။ ကိုဦးက ဝမ်းနည်းစွာဖြင့် ငြင်းပယ်ခဲ့ပါသည်။

ကောင်းပြီ၊ တတိယအချက်ကို ကြည့်ရအောင်။

(သုံး) နိုင်ငံခြားတွင် သွားရောက်နေထိုင်မည်။

ဤအချက်ကလည်း မည်သို့မျှ မဖြစ်နိုင်ပါ။ သူ နိုင်ငံခြားသွားတော့မည်ဟု အမျိုးမျိုး သတင်းတွေ ဖြစ်လာသောအခါ သူက နိုင်ငံခြားသို့ သွားရောက်မည် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတွင် စာပေ၊ ရုပ်ရှင်နှင့် အနုပညာလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း **စန္ဒာ**မဂ္ဂဇင်းတွင် အတိအလင်း ကြေညာခဲ့ပြီး ဖြစ်သည်။

'စန္ဒာ ရှိနေသမျှ ကျွန်တော် ဘယ်လိုလုပ်ပြီး နိုင်ငံခြားကို သွားနိုင်မှာလဲ၊ တကယ်လို့ မဂ္ဂဇင်းတွေ မထုတ်ရတော့ဘူး ဆိုရင်တော့ မပြောတတ်ဘူးပေါ့ဗျာ'

သူက မိမိတို့ကို ယင်းသို့ ပြောခဲ့သည်။

သူက **စန္ဒာ**အပေါ်တွင် အတွယ်အတာ ကြီးမားလှသည်။

ထို့ပြင်မက နိုင်ငံခြားမှ မိတ်ဆွေများက အလည်အပတ်ခေါ်သဖြင့် သူ အလည်အပတ်သွားရန် စိတ်ကူးပြီးမှ မသွားတော့ရန် ဆုံးဖြတ်ခဲ့သည်ကိုလည်း မိမိတို့ အသိပင်ဖြစ်သည်။

သို့သော် သူ၏လက်ဖဝါးပြင်တွင် ခရီးသွားလမ်းကြောင်းသည် ဖြောင့်တန်းပီပြင်လှပြီး ကြာသပတေးဂြိုဟ်ခုံအတွင်းသို့ ဝင်ရောက်သွားကာ လမ်းကြောင်းအဆုံးတွင် ကြယ်ပွင့်ကလေးတစ်ပွင့် ရှိနေပါသည်။ ယင်း၏အဓိပ္ပာယ်မှာ ဘဝကို အဆုံးတွင် ခေါင်းချမည်ဟု ကောက်ယူနိုင်ပါသည်။ ယင်းကြောင့် သူသည် နိုင်ငံခြားသို့ အပြီးအပိုင် သွားရောက်ပြီး နိုင်ငံခြားတွင် ခေါင်းချမည်ဟု မိမိ တွက်ဆမိခဲ့ခြင်း ဖြစ်သည်။

[ယင်းကြောင့် သူ နိုင်ငံခြားတွင် ဆေးသွားကုသောအခါ ထိုမှာပင် တိမ်းပါးမှ မည်လားဟု မိမိ စိုးရိမ်မိခဲ့သည်။ သို့သော် အဓိပ္ပာယ်အမှန်မှာ ခရီးရှည်ကြီး အဆုံးသ

တစ်နည်းပြောရလျှင် ခရီးရှည်ကြီးတစ်ခုကို အောင်မြင်စွာ သွားရောက်ခဲ့ရပြီး ပြန်လည်ရောက်တွင်မှ ကွယ်လွန်ခဲ့ပေသည်။]

ထိုစဉ်ကမူ မိမိသည် တတ်သမျှ မှတ်သမျှဖြင့် အောင်မြင်ထင်ရှားဦးမည်၊ အိမ်ထောင်ကျမည်၊ နိုင်ငံခြားတွင် သွားရောက်နေထိုင်မည်ဟု သူ့အား ပြောခဲ့မိသည်။

(၈)

ဒုတိယအကြိမ်တွင်မူ မိမိက အလွယ်တကူပင် ပြောလိုက်သည်။

'ကိုဦး အခုထက်ပိုပြီး ထင်ရှားကျော်ကြားဦးမယ်'

'ဒါဆို ကောင်းတာပေါ့ဗျ'

ယင်းသို့ ပြောရခြင်းမှာ တိုးလာသော လက္ခဏာလမ်းကြောင်းမှ အရန် အောင်မြင်မှု လမ်းကြောင်းကို မြင်သောကြောင့်ပင်တည်း။

သူ့မှာ ကံလမ်းကြောင်း သုံးခုရှိသည်။ ယခုတစ်ဖန် အောင်မြင်မှုလမ်းကြောင်း တွင် အရန်လမ်းကြောင်းတစ်ခု ထပ်တိုးလာသည်။ အရန်လမ်းကြောင်းသည် နှလုံးလမ်း ကြောင်း အထက်မှ စ တင်သည်။ တစ်နည်းပြောရလျှင် အသက် ၅၀ ၏ အထက် ဖြစ်သည်။

မိမိ၏မျက်စိထဲတွင် **နိုင်မာလာနှင်းဆီ**ကို မြင်နေသည်။ သူသည် **ငွေလှိုင်း စာပေါ်မှာ**၌ နာမည် ပြန်တက်လာသည်။ "ခိုင်မာလာ"တွင် အထွတ်အထိပ်တစ်ခုသို့ ပြန်ရောက်နိုင်သည်။ ခိုင်မာလာဇာတ်လမ်းကို မိမိ သိသည်။

တစ်နေ့တွင် သူက–

'ကိုနတ်ရေ ဝတ္ထုတစ်ပုဒ် ရေးစမ်းပါဗျာ၊ ကျွန်တော် ဇာတ်လမ်းပြောပြမယ်'

'ဘာဇာတ်လမ်းလဲ'

'ခိုင်မာလာနှင်းဆီ'

'ဟာ ဘာဆိုင်လို့လဲ'

'ဟုတ်ဘူးဗျ၊ ကျွန်တော် ရေးအားမှာ မဟုတ်ဘူး၊ ကိုနတ်ရေးရင် ကောင်းမယ်၊ ဒီလိုဗျ ဇာတ်လမ်းက'ဆိုပြီး ဇာတ်လမ်းကို အားရပါးရ ပြောပြသည်။ ရုပ်ရှင်ပြကွက် လေးများ၊ ဇာတ်လမ်း လျှို့ဝှက်ချက်ကလေးများနှင့် အတူတွဲပြီး ပြောသည်။

'ဇာတ်ဖွင့်တဲ့ အချိန်မှာ ကျွန်တော်က အိမ်ခေါင်မိုးပေါ်တက်ပြီး အမိုးကို ပြင်နေ တယ်ပေါ့ဗျာ။ အင်္ကျီချွတ်ထားပြီး ဗလကြီးတာကို ပြရမှာပေါ့ဗျာ။ အဲဒီအချိန်မှာ ကား လေးတစ်စီး ဝင်လာတယ်၊ သူ့ယောက်ျားဆုံးသွားလို့ အမေ ခင်သန်းနု ပြန်လာတာပေါ့ ဗျ၊ အဲဒီမှာ ကျွန်တော်တို့ သိုက်သိုက်ဝန်းဝန်းနဲ့ ဇာတ်ပြန်ကကြတယ်။ သမီးခင်သန်းနု၊ ဒဲ ကျွန်တော့်နမပေါ့၊ သူ့ကို စင်တင်တာပေါ့။

'ဒီဇာတ်က ခင်သန်းနုဇာတ်ပဲဗျ၊ ကျွန်တော် သူ့ကိုလည်း ပြောပြီးပြီ။ သူက သမီး အနေနဲ့ရော၊ အမေ အနေနဲ့ရော သရုပ်ဆောင်ရမှာ။ ဇာတ်သိမ်းခန်းဟာ အသက်ပဲ၊ အဲဒီမှာ သမီး ခင်သန်းနု မကနိုင်ဘဲ ဇာတ်ခုံနောက်ပိုင်းမှာ လဲနေတဲ့အချိန်မှာ အပြင်က ပရိသတ်ကလည်း ဆူနေပြီ။ ထွက်ပါတော့ဗျို့လို့ အော်နေကြပြီ။ ရှေ့မှာရှိတဲ့ ဆိုင်းအဖွဲ့ကလည်း စိုးရိမ်နေကြပြီ။ ဒီမှာ အမေခင်သန်းနု ထွက်ရတာပဲ၊ ဒီမှာ အလွမ်းထဲမှာ ရယ်စရာလေးတွေကိုလည်း ရောထားမယ်ပေါ့ဗျာ။ ခင်သန်းနုက "ဟေ့ ငါ့ကို ခုဖို့ ဝွမ်းတွေ အဝတ်တွေ ပေးကြပါဦး" လို့ ဟိုပုတ်ဒီပုတ်နဲ့ ပြောတာမျိုးပေါ့ဗျာ။ ဒီနေရာမှာ ကျွန်တော် "ဖမ်း"ထားတဲ့ အကွက်တစ်ခု ရှိတယ်ဗျ၊ အဲဒါကတော့ ဂီတနဲ့ ဆိုင်တယ်။ အမေခင်သန်းနု ဆိုနေကျ သီချင်းကို သမီးက ဆိုတဲ့အခါမှာ အပိုဒ်တစ်ပိုဒ် ကို ခက်တယ်ဆိုပြီး ထည့်မဆိုဘူး၊ ဒါပေမဲ့ အမေက သမီးအစား ဝင်ကတဲ့နေရာမှာ အဲဒီအပိုဒ်ကို ထည့်ဆိုလိုက်တယ်။ အဲဒီတော့မှ အောက်က ဆိုင်းအဖွဲ့က သိသွားတယ်၊ ဖြုန်းခနဲ ကြောင်သွားကြတယ်။ ပြီးတော့မှ ဆက်ပြီး တီးကြ၊ ကကြတယ်ပေါ့ဗျာ'

သူ့ဇာတ်လမ်း အစအဆုံးကို နားထောင်ပြီးသောအခါ 'ကိုဦး ဇာတ်လမ်းကို ကိုဦးဘာသာ ရေးပါ၊ ကျွန်တော် မရေးတတ်ပါဘူး'

သို့သော် **နိုင်မာလာနှင်းဆီ**ဇာတ်လမ်း ခိုင်မာကြောင်း သိရှိရသည်။ ထို့နောက် ၁၉၈၆ ခုနှစ်တွင် မော်လမြိုင်သကြ်န်သို့ သူနှင့် လိုက်ပါသွားသောအခါ **နိုင်မာလာနှင်းဆီ** သီချင်းကို မိမိ ပထမဆုံး ကြားရသည်။

သူက ဘားအံ၊ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်မှ လူထုကြီးကို ဂုဏ်ပြုသည့်အနေဖြင့် မည်သည့်ပွဲလမ်းသဘင်တွင်မှ သီဆိုခြင်း မပြုရသေးသော နိုင်မာလာနှင်းဆီ သီချင်းကို သီဆိုပြီး ဂုဏ်ပြုခဲ့သည်။ သို့ဖြင့် နိုင်မာလာနှင်းဆီ သီချင်းကို ဝင်းဦးကိုယ်တိုင် သီဆိုသွားသည်ကို ကြားလိုက်ရသူများမှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ ပရိသတ်များသာ ဖြစ်တော့သည်။

သည့်နောက်တွင်ကား **နိုင်မာလာနှင်းဆီ** ဇာတ်ဝင်သီချင်းများ အားလုံးကို မိမိ နားထောင်ရသည်။

'ကိုဦးသီချင်းတွေက အတော်ကောင်းတာပဲ၊ ဒီသီချင်းတွေကို အရင်ထုတ်ထား ရင် ကောင်းမယ်'

'ထုတ်မယ်၊ ဒါပေမဲ့ သိပ်စောနေရင် မကောင်းဘူး။ ဆင်ဆာတင်ပြီး ရုံရောက် ရတော့မှ ထုတ်မယ်'

ထို့နောက်–

**နိုင်မာလာနှင်းဆီ** ဇာတ်သိမ်းခန်း ရိုက်သည်ကို မိမိတို့ ကြည့်ရသည်။

ထိုနေ့က သူ့မွေးနေ့ ဖြစ်သည်။ ၅၂ နှစ်မြောက်မွေးနေ့၊ အခါတိုင်း သူ့မွေးနေ့ပွဲ

များကို ဘားလမ်းအခန်းမှာပင် ကျင်းပသည်။ အနှစ် ၅၀ ပြည့်တုန်းက အမှတ်တရ အဖြစ် ကန်တော်ကြီးဟိုတယ်တွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။ သို့သော် ၅၂ နှစ်မြောက် နေ့တွင်ကား သူ ရုပ်ရှင်ရိုက်နေရသည်။ ဇာတ်ရုံအဖြစ် တည်ဆောက်ထားသည့် စတူဒီယိုမှာ မကြာမီ ဖျက်သိမ်းတော့မည်ဖြစ်သဖြင့် နောက်လာမည့် အခန်းများကို အပြီး ရိုက်နေရခြင်း ဖြစ်သည်။ မွေးနေ့မှာပင် မနားနိုင်။ သို့ဖြင့် မိမိတို့ကို စတူဒီယိုသို့ ခေါ်ပြီး ရုပ်ရှင်ရိုက်နေရင်း မွေးနေ့ပွဲ ကျင်းပခြင်း ဖြစ်သည်။

ထိုနေ့က ရိုက်သည်မှာ ဇာတ်သိမ်းခန်း ဖြစ်သည်။ အမေ ခင်သန်းနု က သည့် အခန်း ဖြစ်သည်။ အရေးအကြီးဆုံး အခန်းပင် ဖြစ်သည်။

ခင်သန်းနု၏ နောက်ဆုံး ကကွက်တစ်ခုကို ရိုက်ကူးရာတွင် မကျေနပ်သဖြင့် အကြိမ်ကြိမ်ပြန်ပြီး ရိုက်နေသည်။

ရိုက်တော့မည်ဆိုလျှင် ဇာတ်ခုံမီးတွေဖွင့်ပြီး လူရွှင်တော်များ နေရာယူရသည်။ အံ့ကျော်မှာလည်း လူရွှင်တော်တစ်ယောက် ဖြစ်သည်။ လူရွှင်တော်များ အဖွင့်သရုပ် ဆောင်ရသည်။ ပြီးလျှင် ခင်သန်းနု ဇာတ်ခုံအတွင်းဘက်မှ ပြေးဆင်းလာပြီး ကသည်။ ခင်သန်းနု အရင် အကဆရာမ ပြေးထွက်လာပြီး ကကွက်များကို ပြသည်။ ထို့နောက်မှ ခင်သန်းနု လှပနွဲ့နှောင်းစွာ ပြေးထွက်လာပြီး ကပြသည်။ ကင်မရာမင်းက ရိုက်သည်။ ဆီတို့အမြင်တွင် ခင်သန်းနု လှနေသည်။ သူ ကနေပုံက တကယ့်ပညာရှင် ဇာတ်မင်းသမီး တစ်ဦး ကနေသည်ပင် ဖြစ်သည်။

သို့သော် ဒါရိုက်တာကမူ ကျေနပ်ဟန် မရှိပါ။ သူ့ဇာတ်တွင် ဤကဟန်က အရေးအကြီးဆုံး ဖြစ်သည်။ ထို့ကြောင့် ဇာတ်ရုံအလယ်လောက်တွင် ရပ်ပြီး ကြည့်နေရာ မှ လက်တစ်ဖက်မြှောက်ကာ 'ဟိုး' ဟု အော်လိုက်ပြီး ရပ်တန့်လိုက်သည်။ ကင်မရာ ရပ်သွားသည်။ တီးလုံးသံများ ရပ်သွားသည်။ မီးတွေ ပိတ်သွားသည်။ ဇာတ်စင်ဆီသို့ သူ လျှောက်သွားပြီး ခင်သန်းနုနှင့် အကဆရာမတို့ကို သူလိုချင်သည့် အချက်များကို ပြောနေသည်။ ထို့နောက် တစ်ကြိမ် နှစ်ကြိမ် ထပ်ပြီး ဇာတ်တိုက်သည်။ ပြီးလျှင် [illegible]ကြိမ် ထပ်ပြီး ရိုက်သည်။

သည်တစ်ကြိမ်တွင်လည်း မကြိုက်ပေ။ ဤအခန်းကို ငါးခါလောက် ပြန်ပြီး ရိုက်နေသည်။ ထိုအခါ ခင်သန်းနုလည်း အတော်ကြီး ပင်ပန်းနေပြီ။ ဒါရိုက်တာကိုလည်း မကျေနပ်နိုင်တော့။

ကိုဝင်းဦး ဇာတ်စင်ကို ကျောပေးပြီး ဇာတ်ရုံအလယ်ပိုင်းသို့ လျှောက်သွားသော အခါ ခင်သန်းနုက မျက်နှာအမူအရာ၊ လက်အမူအရာများ လုပ်ပြသည်။ ယင်းကို ဆီတို့က မြင်ရသည်။ ဒါရိုက်တာကတော့ မမြင်။ သို့သော် သူ သိပါသည်။

ယင်းကြောင့် နောက်ဆုံး သူကျေနပ်သော ရိုက်ကွက်ကို ရရှိသောအခါ ကိုဦး

သည် ကျွန်တော်တို့ဝိုင်းသို့ လျှောက်လာပြီး ဝီစကီတစ်ခွက်ကိုယူကာ မင်းသမီးကို သွားချော့သည်။ သည်တော့မှ မင်းသမီးလည်း အမောပြေသွားဟန် ရှိသည်။

တော်ရုံ ဒါရိုက်တာတစ်ယောက်ဆိုလျှင် ခင်သန်းနုလို မင်းသမီးတစ်ယောက်ကို ယခုလို လေး ငါး ခြောက်ကြိမ် ပြန်ရိုက်ဖို့ ဆိုသည်မှာ မလွယ်ပါ။

မိမိတို့အဖို့မူ ထိုနေ့က ဝီစကီကောင်းကောင်းသောက်ပြီး အမြည်းကောင်းကောင်း စားကာ ခင်သန်းနု ကသည်ကို သုံးနာရီလောက် ကြည့်ရသဖြင့် သူ၏မွေးနေ့ကို ဆုမွန် ကောင်း တောင်းနေမိကြသည်။

နောက်မှ မိမိ သတိပြုမိသည်မှာ ယခု ခင်သန်းနု ကသည့်အခန်းသည် အသက် အရွယ် ကြီးနေပြီဖြစ်သော အမေက ငယ်ရွယ်နုပျိုသော မင်းသမီးနေရာတွင် ဝင်ကရခြင်း ဖြစ်သည်။ ခင်သန်းနု ကပုံက သွက်လွန်းနေသည်။ အမေတစ်ယောက်၏ မောပန်းမှုမျိုး၊ အားထုတ်ပြီး ကရပုံမျိုး မရှိပါ။ သို့သော် လေး ငါးကြိမ် ထပ်တလဲလဲ ကရ၊ ရိုက်ရသော အခါတွင်ကား ခင်သန်းနု မောပန်းသွားပြီဖြစ်သဖြင့် သူ၏ သရုပ်ဆောင်မှုတွင် အမေ၏ စရိုက်များ ပေါ်လွင်လာတော့သည်။ ဇရာကို အားပြိုင်ရသည့် အမူအရာတို့ ပေါ်လွင်လာ တော့သည်။ ဤကား သူလိုချင်သည့် အကွက်ပင် ဖြစ်သည်။

ယင်းတို့ကို တွေ့မြင်ထားသဖြင့် **ငွေလှိုင်းဇာပေါ်မှာ** ပြီးလျှင် **နိုင်မာလာနှင်းဆီ** အောင်မြင်မည်ဟု မိမိ ယူဆမိခြင်း ဖြစ်သည်။ အသစ်ပေါ်လာသော အရန်အောင်မြင်မှု ကံလမ်းကြောင်းသည် ဤအတွက်ပင် ဖြစ်သည်ဟု မိမိ ယူဆလိုက်ခြင်းပင် ဖြစ်သည်။

'ပျောက်သွားတဲ့ လမ်းကြောင်းကကော ဗျာ၊ အဲဒါ ဘယ်လိုဖြစ်တာလဲ'

ထိုအခါ မိမိ အနည်းငယ် တုံ့ဆိုင်းသွားမိသည်။

ပျောက်သွားသည့် လမ်းကြောင်းမှာ အရန် အသက်လမ်းကြောင်း ဖြစ်သည်။ သို့သော် သူ၏ပင်မအသက်လမ်းကြောင်းသည်လည်း ကံလမ်းကြောင်းများနှင့် အောင်မြင် မှု လမ်းကြောင်းများလိုပင် အားကောင်းလှသဖြင့် အရန်အသက်လမ်းကြောင်း ပျောက် သွားခြင်းကို မိမိ အလေးမထားတော့ဘဲ–

'အဲဒီလမ်းကြောင်း ပျောက်သွားတာ ဘာမှ အရေးမကြီးပါဘူး'ဟု ပြောလိုက် မိပါသည်။

အကယ်၍သာ စာပေအနုပညာရှင်များသည် ကွယ်လွန်မှ သော်လည်းကောင်း၊ ကွယ်လွန်သည့်အတွက် သော်လည်းကောင်း အောင်မြင်ကျော်ကြားတတ်သည့် အဖြစ်ကို ထိုအချိန်က မိမိ ဆင်ခြင်မိလျှင် ဤမျှ ပေါ့ပေါ့တန်တန် ပြောမိမည် မဟုတ်ပါချေ။

သို့သော် သူသည် မြန်မာစာပေလောကနှင့် အနုပညာနယ်ပယ်တွင် အောင်မြင် ထင်ရှားသူတစ်ဦး အဖြစ်နှင့် တည်ရှိနေမည်ကိုကား ကောင်းစွာ မျှော်လင့်တွက်ဆ နိုင်ပါသည်။

**[ စန္ဒာ၊ မေ၊ ၁၉၈၉ ]**

# ကြွေပြီးမှ ပွင့်သောနှင်းဆီ

ထိုနေ့က မဂ္ဂဇင်းတိုက်သို့ ရောက်ရှိပြီး စားပွဲတွင် ထိုင်လိုက်သောအခါ မွှေးပျံ့သောရနံ့ကို ရှူရှိုက်ရသည်။ ဘယ်ကများ မွှေးနေပါသနည်း။ အနီးတွင် မောင်နေဝင်း (ဘဝ ဘက္ကသိုလ်) ထိုင်နေသည်။ သူ့ဆီကတော့ မဖြစ်နိုင်ပါ။ သူ ဘယ်တုန်းကမှ ရေမွှေး သုံးပါ။ အခန်းထဲမှာ ဘယ်စာရေးဆရာမ၊ ဘယ်ကဗျာဆရာမ၊ ဘယ်မိန်းကလေး တစ်ယောက်မှလည်း ရောက်နေသည် မတွေ့ရပါ။ သို့ဖြင့် ဟိုဟိုသည်သည် ကြည့်မိသည်။ သော တွေ့ပြီ။ ဒုံးကျည်တွေ၊ တိုက်လေယာဉ်တွေနှင့် တိုက်ပွဲတွေ ပါရှိသော နိုင်ငံတကာ မဂ္ဂဇင်းများ အကြားတွင် ပန်နုရောင် မနုမရင့် စာအိတ်ကလေးတစ်လုံး၊ ရေမွှေးဖိတ်စာ၊ သိပါပြီ။ နိုင်မာလာနှင်းဆီ အထူးပွဲ။

ဖိတ်စာပို့မည့် အကြောင်းကို ဒီဇိုင်းမောင်ကျော်စိုးက ကြိုပြီး ပြောထားသည်။ သူက မိမိ သွားမည်၊ မသွားမည်ကိုလည်း သိလိုနေသည်။ ဒီလိုပါ။ အရင်တစ်ခါ ဲ့တစ်ပွဲ ဖိတ်တုန်းက မိမိ မသွားဖြစ်ပါ။ အိုင်ရင်း စိတ်ဆိုးနေသည်ဟု ကြားရသည်။ ောက် မဖိတ်တော့ဘူးဟု ပြောသည် ဆိုလားပဲ။

အိုင်ရင်း စိတ်ဆိုးမည်ဆိုလျှင်လည်း စိတ်ဆိုးစရာပင်။ ကိုဝင်းဦးနှင့် မိမိတို့သည် င်းနီးစွာ ပေါင်းသင်းမိသော နောက်ပိုင်းနှစ်များတွင် သူကလည်း ဘားလမ်း (မဟာ နှုလပန်းခြံလမ်း) စနှာတိုက်ခန်းတွင် အတူတကွ ရှိခဲ့သူတစ်ဦး မဟုတ်ပါလား။ ဒွှဟူးနေ့တိုင်း (ပထမက တနင်္လာနေ့တိုင်း) ဆုံတွေ့နေကျဖြစ်သော မိမိတို့ဝိုင်း အတွက် ယမကာရော၊ အမြည်းရော တာဝန်ယူ စီစဉ်ပေးရသူ မဟုတ်ပါလား။ မိမိတို့က မ်၊ ဘရန်ဒီလောက်ဆိုလျှင် တော်ပါပြီ ဟု ဆိုသော်လည်း မရ။ တန်ဖိုးကြီးသော င်ကောစစ်စစ် ရအောင် တရုတ်တန်းမှာ သွားဝယ်ပေးသည်။ အမြည်းဆိုလျှင်လည်း

ချိုင့်ကြီးချိုင့်ငယ်နှင့်။ အထူးသဖြင့် မိမိတို့ကြိုက်တတ်သော ဂဏန်းကို လက်မတွေ ချည်း ပြုတ်၍တစ်ဖုံ၊ ကိုယ်လုံးတွေကို ဟင်းချက်၍ တစ်နည်း။

သို့ဖြင့် ကိုဝင်းဦး မရှိသောအခါ ကိုဝင်းဦး၏ ဆန္ဒအတိုင်း ဆက်လက် လုပ်ဆောင်ရသော စာပေနှင့် ပတ်သက်သည့်ပွဲ၊ ရုပ်ရှင်နှင့် ပတ်သက်သည့်ပွဲများတွင် လူရင်းများ လာသည် မတွေ့သောအခါ သူ နှုတ်ခမ်းစူပေလိမ့်မည်။

သည်တစ်ခါတော့ မိမိက အထူးပွဲကို လာလည်းလာမည်၊ ရေးလည်းရေးမည်ဟု မောင်ကျော်စိုးကတစ်ဆင့် ကြိုပြောလိုက်သည်။

**ခိုင်မာလာနှင်းဆီ** ဖိတ်စာကလေးက ရေမွှေးစက္ကူနှင့် ရိုက်နှိပ်ထားသဖြင့် သင်းပျံ့လျက်ရှိသည်။ အလှအပနှင့် မွှေးရနံ့ကို အထူးနှစ်ခြိုက်သော ကိုဝင်းဦးကို အမှတ် ရသည်။ ကိုဝင်းဦးက အပြင်ထွက်လျှင် သူ့ကိုယ်ကိုသာမက ကားအတွင်းကိုပါ ရေမွှေး ဆွတ်ထားသဖြင့် သူ့ကား ဖြတ်သွားရာ အရပ်တိုင်းတွင် မွှေးပြီး ကျန်ရစ်သည်။ ထို့မျှမက သူ့ကား ပြသသော ရုပ်ရှင်ရုံ တစ်ရုံလုံးကိုပင် ရေမွှေးဆွတ်ဖျန်းခဲ့ဖူးသည် မဟုတ်လား။

ယင်းကြောင့်ပင် တစ်ခါတော့ သူ့ကို ပြောမိသည်။

'ကိုဦးအခန်းက ဒါလောက် မွှေးလွန်းတော့ တညင်းသီးနံ့ကလေး သင်းတာ တောင် မခံစားရတော့ဘူး'

ဒီတော့ သူက ရယ်မောကာ–

'ရေမွှေး တညင်းသီးပေါ့ဗျာ'

ယခုတော့ ရေမွှေးဖိတ်စာ ပန်းနုရောင် မနုမရင့်၊ ကြည့်လိုက်တော့ စက်တင်ဘာ လ ၁၃ ရက်၊ တနင်္ဂနွေနေ့။ ၁၃ ရက် ဟူသည်က ကိုဝင်းဦးကြိုက်သော ဂဏန်း။ သူက မတ်လ ၁၃ ရက်နေ့မှာ မွေးသည် မဟုတ်လား။

ရုပ်ရှင်မြင့်တင်ရေး (ဇာတ်လမ်းရုပ်ရှင်) ရုပ်ရှင်ခန်းမတွင် ဖြစ်သည်။ သွားလာ ရေး အခက်အခဲ ရှိသူများအတွက် ၃၃ လမ်း လေထန်ကုန်း လက်ဖက်ရည်ဆိုင်တွင် ကားကြိုမည်ဟု ဆိုသည်။

သို့ဖြင့် ကားရှိသူတစ်ဦး မဟုတ်သော မိမိသည် လေထန်ကုန်းသို့ နံနက်ရှစ်နာရီ မထိုးမီမှာပင် ရောက်သွားသည်။ ဘတ်စ်ကားစီးသူ တစ်ဦးအဖို့ကား နေရာမရမည်ကို အမြဲတမ်း တွေးတောပူပန်နေတတ်သည် မဟုတ်ပါလား။

ရှစ်နာရီ ဆယ်မိနစ်လောက်တွင် ကားရောက်လာသဖြင့် လိုက်ပါသွားသည်။ ရုပ်ရှင်မြှင့်တင်ရေးသို့ ရောက်သောအခါ အိုင်ရင်းက ဆီးကြိုသည်။ သူက ခရမ်းရောင် မနုမရင့်နှင့် ဖြစ်သည်။ အကယ်ဒမီ ခင်သန်းနုက ရှားနုရောင် မရင့်တရင့်နှင့်ဟု ထင်သည်။ မိမိက အရောင်တွေကို သိပ်နားလည်သည် မဟုတ်။

ဖိတ်စာတွင် နေ့လယ်စာ ထောပတ်ထမင်း ကျွေးမည်ဟု ပါသည်။ ရုပ်ရှင်ခန်းမ

အတွင်းသို့ ကြည့်လိုက်သောအခါ ရှေ့ပိုင်းတွင် ထမင်းစားပွဲများ ပြင်ဆင်ထားသည်ကို တွေ့ရသည်။ သည်တော့ ကိုဝင်းဦးကို အမှတ်ရပြန်သည်။

သူ ရှိနေတုန်းကလည်း အထူးပွဲများကို ရုပ်ရှင်မြင့်တင်ရေးမှာပင် ပြုလုပ်တတ်သည်။ ရုပ်ရှင်ခန်းမက နောက်ပိုင်း သုံးပုံတစ်ပုံလောက်တွင်သာ ကုလားထိုင်များရှိပြီး၊ ရှေ့ပိုင်း သုံးပုံနှစ်ပုံလောက်မှာ ကော်ဇောကြမ်းများ ခင်းထားသော ကွက်လပ်ကြီး ဖြစ်သည်။ ဖိတ်စာများ ပေးပို့ရာတွင် ကုလားထိုင်အရေအတွက်နှင့် ကိုက်ပြီး ပို့လေ့ ရှိသော်လည်း နောက်တိုးညှော်သည်များနှင့် လူပိုများ ပါလာသောကြောင့် အမြဲတမ်းလိုပင် နေရာက မလုံမလောက် ဖြစ်တတ်သည်။ ထိုအခါ ကိုဝင်းဦးနှင့် မိမိတို့သည် ရှေ့ဘက် ကော်ဇောကြမ်းများပေါ်တွင် ဆင်းပြီး ထိုင်လေ့ရှိကြသည်။ အလိုက်သိသော သူ့ရဲဘော် များကလည်း မိမိတို့အတွက် ဖန်ခွက်များ လာချပေးတတ်သည်။

မိမိသည် ရုပ်ရှင်ပြမည့် အချိန်ကို စောင့်စားရင်း အထူးပွဲသို့ လာရောက်သူများကို ကြည့်နေမိသည်။ ကိုဝင်းဦး၏ ရင်းနှီးသော မိတ်ဆွေများ လာရောက်ကြသ္လလို၊ အချို့ သော သူများလည်း အကြောင်းကြောင်းကြောင့် ရောက်မလာကြတော့ပါ။

မလာရောက်သူများတွင် မောင်နေဝင်းနှင့် မင်းကျော်တို့ကို အထူးသတိရ မှတ်မိ နေသည်။ သူတို့က အပတ်စဉ် တွေ့နေကျများ မဟုတ်ပါလား။ အခုတော့ သူတို့ နှင်ယောက်သည် ကိုဝင်းဦးကို လွမ်း၍ထင်သည်။ ကောင်းကင်ဘုံသို့ လိုက်သွားကြ သလေပြီ။ လူ့ပြည်လူ့ရွာတွင် ကျန်ရှိနေသေးသော မြသန်းတင့်နှင့် ကျော်အောင်တို့ကို လည်း အဲဒီနေ့ က မတွေ့ရ။ သည်လိုပဲလေ ကိုယ့်အကြောင်းနှင့်ကိုယ်၊ သူ့အကြောင်းနှင့် သူ မဟုတ်ပါလား။

ကိုးနာရီခွဲမှာ ရုပ်ရှင် စ ပြသည်။

မီးတွေ မှိတ်သွားသည်။ ပိတ်ကား လင်းလာသည်။ ကဗျာဆန်သော သစ်ခြောက် ပင်ကြီး ပေါ်လာသည်။ ပြီးတော့ ဝင်းဦး၊ ခင်သန်းနု၊ **မှုံရွှေရည်** ဇာတ်အဆုံးနှင့် ပြန်ဆက် သော အုတ်ဂူ။

ဒီမှာ အရေးကြီးတာတစ်ခု ပြောရမည်။ ဤဆောင်းပါးသည် ရုပ်ရှင်ဝေဖန်ရေး မဟုတ်ပါ။ **ခိုင်မာလာနှင်းဆီ** ဝေဖန်ရေး မဟုတ်ပါ။ ကိုဝင်းဦးနှင့် ခိုင်မာလာနှင်းဆီ အမှတ်တရသာ ဖြစ်ပါသည်။

ကိုဝင်းဦး ကွယ်လွန်ပြီးနောက် **စန္ဒာ** နှစ် ၂၀ ပြည့်နှင့် ဝင်းဦးအမှတ်တရ မှာ ထုတ်ဝေခဲ့သည်။ ထိုအမှတ်တရ စာစောင်တွင် မိမိရေးခဲ့သော “သူနှင့် သူ့လက္ခဏာ၊ ဦးတော့ မိမိနှင့် ပတ်သက်မှု” ဆောင်းပါးတွင် မိမိနှင့် ခိုင်မာလာနှင်းဆီ ထိတွေ့ ပတ်သက်ခဲ့ရသည်များကို ရေးခဲ့သည်။ မော်လမြိုင်သင်္ကြန်သို့ သွားစဉ်က ခိုင်မာလာ နှင်းဆီ သီချင်းများ စတင်နားထောင်ရပုံ၊ မိမိအား ကိုဝင်းဦးက ခိုင်မာလာနှင်းဆီ

ဇာတ်လမ်း အစအဆုံး ပြောပြပြီး ဝတ္ထုရေးနိုင်းသည့်အကြောင်း၊ သူ၏ ၅၂ နှစ်မြောက် မွေးနေ့တွင် နိုင်မာလာနှင်းဆီ ဇာတ်သိမ်းခန်းကို ရိုက်သည့်အကြောင်းများ ဖြစ်သည်။

တကယ်တော့ ဇာတ်၏အသက်ဖြစ်သော ဇာတ်သိမ်းခန်းကို သူ့စိတ်ကြိုက် အပင်ပန်းခံပြီး ကြိုတင် ရိုက်ကူးသွားသည်ကပင် တစ်စုံတစ်ခုကို နိမိတ်ဖတ်နေသလိုပင်။

**နိုင်မာလာနှင်းဆီ**ဇာတ်လမ်း မိမိကို ပြောပြစဉ်က သူ မည်သို့ စိတ်ကူးထားပုံ၊ မည်သည့်အခန်းများကို မည်သို့ရိုက်ကူးသွားရန် စီစဉ်ထားပုံများ ပါရှိသည်။ သို့သော် မိမိတို့ စာရေးဆရာများသည် ဝတ္ထုတစ်ပုဒ်ရေးရန် ကြံစည်သောအခါ မည်သို့မည်ပုံ ရေးဖွဲ့မည်ဟု ကြံစည်စိတ်ကူးထားသည်များ ရှိသော်လည်း၊ တကယ်ရေးသော အခါတွင် ကား မိမိစိတ်ကူးသည့်အတိုင်း ဖြစ်ချင်မှ ဖြစ်တတ်ပါသည်။ ထို့အတူပင် **နိုင်မာလာနှင်းဆီ** ကို ကိုဝင်းဦးကိုယ်တိုင် အစအဆုံး ရိုက်ကူးလျှင်လည်း သူ့စိတ်ကူးများအတိုင်း ဖြစ်ချင်မှဖြစ်ပါလိမ့်မည်။ အခြေအနေအရ ပြောင်းလဲရသည်များလည်း ရှိပါလိမ့်မည်။ ယင်းသို့ ပြောင်းလဲသဖြင့် ပိုကောင်းသွားသည်များလည်း ရှိသလို မူလရည်မှန်းချက် မအောင်မြင်ဘဲ လည်း ဖြစ်သွားတတ်ပါသည်။

**နိုင်မာလာနှင်းဆီ**ကို ဆက်လက်အကောင်အထည် ဖော်သွားသူများသည် ကို ဝင်းဦးအပေါ် စေတနာရှိသူများ၊ ချစ်ခင်လေးစားသူများဖြစ်ပြီး အနုပညာအရည်အချင်း ပြည့်ဝသူများ ဖြစ်ကြသဖြင့် မိမိအနေနှင့် ဘာမျှ ပြောရန်မရှိပါ။ မိမိတ်ဆွေကိုယ်စား ကျေးဇူးတင်ကြောင်းသာ ပြောရန် ရှိပါသည်။ အားလုံးပင် ကြိုးစားထားကြသည်ကို တွေ့ရပါသည်။

အထူးသဖြင့် ဤဇာတ်သည် အမျိုးသမီးဇာတ်ဖြစ်ပြီး ခင်သန်းနု၏ဇာတ် ဖြစ် သဖြင့် ခင်သန်းနု အစွမ်းကုန် "သယ်" သွားသည်ကို တွေ့ရှိရပါသည်။ ကိုဝင်းဦးက လည်း ခင်သန်းနု၏ဇာတ် ဟုပင် ဆိုခဲ့ပါသည်။

ကြွေပြီးမှ ပွင့်လာရသော နှင်းဆီကို သူကိုယ်တိုင် မြင်တွေ့ရလျှင်ကား ...။

[ ရွှေဝတ်မှုန်၊ အောက်တိုဘာ၊ ၁၉၉၂ ]

# မိမိ နှင့် ကျော်အောင်

(က)


ကိုကျော်အောင်ကို ပထမဆုံး မြင်ဖူးသည်မှာ စာရေးဆရာအသင်း အစည်းအဝေးတွင် ဖြစ်သည်။ ဆန်းကဖီးတွင် ဖြစ်သည်။ သည်တုန်းက မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးများကို ရွှေတိဂုံဘုရားလမ်းရှိ ဆန်းကဖီးတွင် ကျင်းပလေ့ ရှိသည်။

၁၉၅၃ ခုနှစ်ကပဲ ဖြစ်မည်။ နှစ်ပတ်လည် အစည်းအဝေးများကို ဩဂုတ်လထဲ ကျင်းပလေ့ ရှိသည်။ သို့မှသာလျှင် အမှုဆောင်အဖွဲ့သည် နောက်လာမည့် စာဆိုတော်နေ့ အခမ်းအနားကို ကြီးမှူးကျင်းပနိုင်မည် ဖြစ်သည်။

မိမိသည် ၁၉၅၃ ခုနှစ် ဇွန်လထဲတွင် စာပေလောက၌ ခြေချရန် ရန်ကုန်သို့ ရောက်ရှိခဲ့ပြီး စာနယ်ဇင်းတိုက်များ (များများရှိသည်တော့ မဟုတ်)နှင့် စာရေးဆရာများ အကြား လှည့်လည်ခဲ့သော်လည်း ကျော်အောင်နှင့်ကား မဆုံစည်းခဲ့။ သူက ထိုစဉ် ကတည်းက တက္ကသိုလ်ပရိဝုဏ်၌ ခိုလှုံနေခဲ့ပြီ ဖြစ်သည်။ ပြင်ပစာပေလောကနှင့် အနည်း ငယ် အလှမ်းဝေးနေဟန် ရှိသည်။ သူ၏စာကိုလည်း မတွေ့ရ၊ လူကိုလည်း မတွေ့ရ။

ထိုစဉ်က မိမိသည် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားတစ်ယောက်အဖြစ်နှင့် ရှိနေသော်လည်း မိမိကလည်း စာသင်ခန်းများနှင့် အဆက်အစပ် မရှိလှ။ သူကလည်း ကျောင်းသားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်း မရှိတော့ပြီ။

ကျော်အောင် ( ၁၉၂၈–    )



ယင်းကြောင့်ပင် မိမိ ရန်ကုန်ရောက်ပြီး သုံးလလောက်ကြာမှပင် သူ့ကို အစည်းအဝေးမှာ မြင်ဖူးရတော့သည်၊ သိဖူးရတော့သည်။

ဆန်းကဖီး ခန်းမဆောင်သည် အကျယ်ကြီး မဟုတ်သော်လည်း သည်တုန်းက အလှူမင်္ဂလာပွဲများ၊ အစည်းအဝေးများနှင့်တော့ အတော်ပဲ ဖြစ်သည်။ တစ်ဖက်တွင် ခန်းမဆောင်သို့ဝင်ရန် စကြံရှိသည်။ ကျယ်ဝန်းသည်။ လူတွေ မတ်တတ်ရပ်ပြီး စကားပြောနိုင်သည်။ ကျိတ်ဝိုင်းကလေးများ ပြုလုပ်နိုင်သည်။

မျက်နှာစာဘက်တွင် ယမကာဆောင် ရှိသည်။ ခန်းမကြီးနှင့် တံခါးပေါက်များ ဆက်စပ်လျက် ရှိသည်။ သောက်တတ်သူများ ဝင်လိုက်ထွက်လိုက် ရှိသည်။ ကံဆိုးသည်လား၊ ကံကောင်းသည်လား မသိ။ သည်တုန်းက မိမိ မသောက်တတ်သေး၊ မိမိတို့လူစု မသောက်ကြသေး။ အရက်သမား နည်းသေးသည်။ စာရေးဆရာလည်း နည်းသေးသည်။ အစည်းအဝေးတက်သည့် အသင်းသား တစ်ရာဝန်းကျင်ပဲ ရှိသည်။ ဒါတောင် ဟိုလူ ခေါ်ရ၊ သည်လူ ခေါ်ရ။

ထိုနေ့က မိမိသည် ပထမဆုံးအကြိမ်အဖြစ်နှင့် စာရေးဆရာများကို စုစုဝေးဝေး တွေ့ရှိဖူးခြင်း ဖြစ်သည်။ အချို့မှာ မိမိ လေးစားကြည်ညိုသော ဆရာကြီးများ ဖြစ်ကြသည်။ အချို့မှာ မိမိ သိမြင်လိုသူများ ဖြစ်သည်။ အချို့မှာ မိမိ မကြားဖူးသော နာမည်များ ဖြစ်သည်။

မိမိ သိလိုသူများကို ရှာဖွေစူးစမ်းပြီး မိတ်ဆက်ခိုင်းရသည်။ ထိုအထဲတွင် ကိုကျော်အောင် ပါမလာ။ သူ မလာသေး။ အစည်းအဝေး စပြီ။ သူ လာတော့မည် မထင်။

အစည်းအဝေး စ၍ အတော်ကလေး ကြာသောအခါတွင်မှ သူ ရောက်လာသည်။ သူ ကျော်အောင်ဖြစ်ကြောင်း မိမိကို ဘယ်သူကမှ ပြောပြနေစရာ မလို။ သူ့ကိုယ်သူ ဖော်သည်။

အစည်းအဝေး ကျင်းပနေချိန်တွင် ခန်းမဆောင်အတွင်းသို့ တံခါးပေါက် တစ်ခုမှ နေ၍ လူရွယ်တစ်ယောက် ဝင်လာသည်။ ဆံပင်တိုတို၊ ပုဆိုးတိုတိုနှင့် ဖြစ်သည်။ အရပ်ကလည်း ပုတိုတို။

လူတွေက သူ့ကို လှည့်ကြည့်ကြသည်။ ဝိုင်းကြည့်နေကြသည်။ မိန့်ခွန်းပြောနေသော သဘာပတိပင် စကားအနည်းငယ် ပြတ်သွားသည်။ သို့သော် သူကမူ ဘယ်သူ့ကိုမှ ဂရုမပြုဘဲ လက်တစ်ဖက်ဖြင့် ပုဆိုးရှေ့စကို မ ကာ သဘာပတိရှိရာသို့ ဘောက်ဆတ် ဘောက်ဆတ်ဖြင့် လျှောက်သွားသည်။ သဘာပတိနှင့် နှစ်စားပွဲစာခန့် အကွာသို့ ရောက်သောအခါတွင်မှ ရပ်လိုက်ပြီး–

'ကျော်အောင် မဲပေးခွင့် ရှိပါသလား'

သူ မေးလိုက်သည်။

ဩ ကျော်အောင်ဆိုတာ သူကိုး။

သဘာပတိ ခေတ္တမျှ ကြောင်သွားပြီး ဘေးမှ အခမ်းအနားမှူးကို လှည့်ကြည့်လိုက်သည်။ အခမ်းအနားမှူးက သူ့ရှေ့မှ စာရွက်စာတမ်းများနှင့် ခေတ္တမျှ တိုင်ပင်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

ထိုအခါတွင် သဘာပတိက–

'ကိုကျော်အောင် မဲပေးခွင့် ရှိပါတယ်၊ ထိုင်ပါ'

လူအချို့က ရယ်ကြသည်။

သူ ကုလားထိုင်တစ်လုံးကိုဆွဲပြီး ပေါင်ချိတ်ပြီး ထိုင်လိုက်သည်။

"အင်း ဒါကြောင့်လဲ ကျော်အောင်တို့၊ မြသန်း(တင့်)တို့၊ အောင်လင်းတို့ နာမည်ကြီးကြပေတာပဲ"ဟု မိမိ စိတ်ထဲတွင် အောက်မေ့လိုက်မိသည်။

ခပ်လှမ်းလှမ်းတွင် ရှိနေသော သူ့ကို မိမိ ခေတ္တမျှ စူးစိုက်ပြီး ကြည့်နေမိသည်။' သူသည် အာနန်၏ ကမ္ဘာကျော် ကူလီ ဝတ္ထုရှည်ကြီးကို ဘာသာပြန်ဆိုခဲ့သည်။

အဲသည်တုန်းက သူ ဘာရှိဦးမှာလဲ။ အလွန်ဆုံးရှိမှ အသက်အစိတ်ပေါ့။ သို့သော် ထိုအချိန်က မိမိမှာ အသက် နှစ်ဆယ်သာ ရှိသေးသဖြင့် သူသည် အစ်ကိုကြီးတစ်ယောက်၊ လူကြီးတစ်ယောက် ဖြစ်နေတော့သည်။

အစည်းအဝေး ခေတ္တနားချိန်တွင် ကိုတင်စိုးက မိမိကို သူနှင့် မိတ်ဆက်ပေးသည်။

'မန္တလေးက ကိုနတ်နွယ်'

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့ဗျာ'

'သူ အခု ရန်ကုန်ပြောင်းလာပြီ'

'ကောင်းပါ့ဗျာ၊ ကောင်းပါ့ဗျာ'

သူ ဒါပဲ ပြောသည်။

မိမိက ဘာမှ မပြောမိ။

အစမှာတော့ ဒါလောက်ပဲ၊ ဒါလောက်ပါပဲ။

(ခ)

သို့သော် သူသည် နောင်အခါတွင် တကယ်ပင် အစ်ကိုကြီးတစ်ယောက် ဖြစ်လာသည်။ မိမိတို့၏ အစ်ကိုကြီးတစ်ယောက် ဖြစ်လာသည်။

သည်လိုပါ။ မိမိတို့ထက် အသက်ကြီးရုံမျှမက မိမိတို့၏ အားထားရာတစ်ဦးလည်း ဖြစ်ခဲ့သည်။

သူက ဆေးကျောင်းတက်ခဲ့ပြီး ဆရာဝန်ဖြစ်မလာသူတစ်ဦး ဖြစ်သည်။ သူက ဆေးကျောင်းတက်ခဲ့ရုံမျှမက ဆေးကျောင်းသားသမဂ္ဂတွင်ပင် အတွင်းရေးမှူး ဖြစ်ခဲ့သည်။ (၁၉၅၁–၅၂)။ သို့သော် သူသည် ဖားကလေးများကို သနားသဖြင့် ဝိဇ္ဇာပညာရပ်နှင့် ပြောင်းလဲ သင်ကြားခဲ့သည်။ သည်မှာ သူ့အကြောင်း ပြောစရာတစ်ခု ရှိသည်။

သူက ၁၉၄၆ ခုနှစ်တွင် ၁၀ တန်း အောင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင်မှ ဘွဲ့ရသည်။ ၈ နှစ် ကြာသည်။

တက္ကသိုလ်မှာ သူ ဘယ်လောက် ပျော်ပိုက်သနည်း။ ဘွဲ့ရပြီးတော့လည်း တက္ကသိုလ်ပရိဝုဏ်တွင် အလုပ်ဝင်ခဲ့သည်။ ယနေ့အထိ ဖြစ်သည်။ ကံကော်ရိပ်မှာ သူ အနှစ် ၄၀ ပြည့်တော့မည်။ ထားတော့။

သူ ဆေးကျောင်းမှာ နေခဲ့သဖြင့် ယနေ့ ဆရာဝန်ကြီးများ၊ ပါရဂူကြီးများ အားလုံးလောက်ကို သူ သိကျွမ်းရင်းနှီးသည်။ ယင်းကြောင့် မိမိတို့ မိသားစုထဲမှ တစ်ယောက်ယောက် နေမကောင်းဖြစ်ပြီဆိုလျှင်၊ ဆေးရုံတက်ချင်ပြီဆိုလျှင် သူ့ကို အပူကပ်ရသည်။ သည်အခါတွင် သူက နည်းနည်းမှ မငြင်း၊ ဖုန်းဆက်ပေးသည်။ သူကိုယ်တိုင် လိုက်ပို့ပေးသည်။ နောင်အခါတွင် မိမိတို့ မိသားစုပါမက မိမိတို့၏ ဆွေမျိုးများ၊ မိမိတို့ မိတ်ဆွေများ ကိစ္စများကိုပင် မညည်းမညူ လိုက်လုပ်ပေးသည်။

သည်မျှသာမကပါ။ သူက ကျန်းမာရေးဌာနတွင်သာမက အခြားဌာနများတွင်လည်း သူ့အသိများက ရှိနေတတ်သည်။ အခြားမြို့များတွင်လည်း သူ့အသိများက ရှိနေတတ်သည်။ သို့ဖြင့် အရေးကြုံလျှင်၊ အကူအညီလို၍ သူ့ကိုပြောလိုက်လျှင် အနည်းနှင့် အများ ဆိုသလို သူ ကူညီနိုင်တော့သည်။

သို့သော် သူနှင့် ရုတ်ချည်း ရင်းနှီးခဲ့သည်တော့ မဟုတ်။ ရန်ကုန်ရောက်ပြီး တော်တော်ကြီးကြာမှ သူနှင့် ရင်းနှီးခဲ့သည်။

၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်လောက်အထိ နှစ်များတွင် သူနှင့် သိရုံမျှလောက်သာ ရှိသည်။ သူသည် စာလည်း သိပ်မရေး၊ စာပေကိစ္စများနှင့်လည်း သိပ် မပတ်သက်လှ။ သို့သော် စာပေကလပ်နှင့် စာရေးဆရာသမဂ္ဂများ ဖွဲ့စည်းချိန်လောက်တွင် သူနှင့် ရင်းနှီးရသည်။ ပုဂံစာအုပ်တိုက် တည်ထောင်ချိန်လောက်တွင် သူနှင့် ရင်းနှီးရသည်။ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ဂျာနယ်ကျော်မမလေး၊ မြသန်းတင့်တို့ အပြင်လောက၌ မရှိချိန်လောက်တွင် သူနှင့် ရင်းနှီးရသည်။

ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ ဂျာနယ်ကျော်မမလေးနှင့် မြသန်းတင့်တို့ မရှိချိန်တွင် မိမိတို့၌ ခေါင်းဆောင်မှုအင်အား နည်းပါးနေသဖြင့် စာပေကိစ္စများတွင် တတ်နိုင်သမျှ ပါဝင်ကူညီပါရန် သူ့ကို ပြောကြရသည်။ သူသည် လိုအပ်သော စာပေ စာတမ်းများ ရေးသားရာတွင် ကူညီသည်။

ထိုမှုမက သူ့ကို စာပြန်ရေးရန် ပြောကြရသည်။ ပုဂံစာအုပ်တိုက် တည်ထောင် ချိန်နှင့်လည်း ကြုံကြိုက်နေသဖြင့် သူ စာရေးဖြစ်သည်။

**အနီထဲက ကြယ်ဖြူပွင့်၊ ချွေးနှင့် သွေးနှင့် ရင်းသည့်မြေ၊ သမဂ္ဂအလံတော် အောက်ဝယ်၊ အရေးကြီးပြီ သွေးစည်းကြစို့** တို့ကို အဆက်မပြတ် ရေးခဲ့သည်။ ထိုမှုမက မိမိ၏ **မိုးဝေမဂ္ဂဇင်း**တွင်လည်း ပင်တိုင်ရေးခဲ့သည်။

သူ့ကို ဘာသာပြန်ဆရာတစ်ဦး အဖြစ်သာ သဘောထားခဲ့သော်လည်း **အရေးကြီးပြီ သွေးစည်းကြစို့** စသော ဝတ္ထုရှည်ကြီးများ ရေးသည်ကို တွေ့ရသောအခါ မိမိ အံ့သြရသည်။ သူ့ကို ဝတ္ထုရှည်သမားတစ်ဦးအဖြစ် အသိအမှတ် ပြုကြရတော့သည်။ သူသည် ပုဂံနှစ်ပတ်လည် စာအုပ်အထူကြီးတစ်အုပ်ကို ညှော်ရိပ်သာတစ်ခုတွင် အခန်းပိတ်ပြီး တစ်ပတ်တည်းနှင့်ပင် အပြီး ရေးခဲ့ဖူးသည်။

သူ၏အိမ်တွင် မိမိ၊ မင်းကျော်၊ မောင်နေဝင်း၊ ညွန့်ကြူး၊ တင့်ဆန်း၊ ဆင်ဖြူကျွန်း အောင်သိန်း၊ မောင်ချောတို့ စုဝေးခဲ့ကြသည်။ နောက်ပိုင်းတွင် သူ၏အိမ်သည် မိမိတို့ အဆက်မပြတ် စုဝေးရာ ဖြစ်တော့သည်။

သူသည် မြသန်းတင့်ကို 'မြသန်း'၊ မင်းကျော်ကို 'ကျော်ဆွေ'။ ညွန့်ကြူးကို 'မောင်မောင်ညွန့်'၊ မောင်နေဝင်းကို 'နေဝန်း'ဟု ခေါ်လေ့ရှိပြီး မင်းနှင့်ငါနှင့် ပြောလေ့ရှိသည်။ သူသည် ပခုက္ကူသားတစ်ယောက်ဖြစ်သဖြင့် ငသတ်ကို နသတ်နှင့် အသံထွက်တတ်ပါသည်။ ကိုလှဝင်းကို ကိုလှဝန်း၊ ရေတွင်းကို ရေတွန်း စသည်ဖြင့်။

သို့သော် သူသည် မိမိကို နောက်မှ သိသူဖြစ်၍လား မသိ၊ ယခုအထိပင် ကိုနတ်နွယ်ဟုခေါ်ပြီး ခင်ဗျားနှင့် ကျွန်တော်နှင့် ပြောပါသည်။ သို့သော် နည်းနည်းကလေး မူးလာလျှင်ကား နဖူးကို လက်သီးနှင့် ထုတတ်ပါသည်။

ဟိုတုန်းက သူ မူးလျှင် မပြရင်သီချင်းတွေ ဆိုတတ်သည်။ ပုဆိုးစွန်တောင်ဆွဲပြီး ကတတ်သည်။ ယခုမူ မကတော့ပါ။ သို့သော် မပြရင်သီချင်းကိုတော့ ဆိုတုန်းပင်။ အံ့သြရော ကောင်းသည်ကတော့ မပြရင်သီချင်းတွေကို သူ အကုန်လောက်ရသည်။

သူ စာရေး အင်မတန်မြန်သည်။ သို့သော် သူ့စာတွေ အထွက်ကျဲလာပြန်သည်။ သူ့မှာ လုပ်ငန်းတာဝန်တွေ များပြား ကြီးမားနေသောကြောင့် ဖြစ်သည်။

တလောက မိမိတိုက်တွန်းပြီး အတင်းအကျပ် တောင်းခံသဖြင့် ပင်ကိုရေးမှုခင်း ဝတ္ထုရှည်တစ်ပုဒ် ထွက်လာသည်။ ပြီးတော့ အဆက်ပြတ်သွားပြန်သည်။

သူသည် အခန်းဆက်ဆောင်းပါးကိုပင် အလျင်မီအောင် မနည်းရေးနေရသည်။ ဘာသာပြန်လက်စ စာအုပ်တစ်အုပ်ကိုလည်း လက်စမသတ်နိုင်ဘဲ ရှိသည်။

သို့သော် သူ အားသည့်အခါ လူချင်း အေးအေးဆေးဆေး တွေ့လျှင်ပင် ပင်ကို ဝတ္ထုရှည်တစ်ပုဒ်ရေးရန် တိုက်တွန်းရပေဦးမည်။

ယခုတလော လူချင်း မကြာမကြာ တွေ့နေရသော်လည်း စာအကြောင်း ပေအကြောင်း အေးအေးဆေးဆေး မပြောရသည်ကား ကြာချေပြီ။ နှစ်ယောက်စလုံးမှာ တာဝန်တွေနှင့် ပိနေကြသည်။

မည်သူက အလျင် ဝတ္ထုရှည်တစ်ပုဒ် ရေးဖြစ်မည် မသိပါ။

[ မိုးဝေ၊ မေ၊ ၁၉၈၅ ]

## မိမိနှင့် မြသန်းတင့်

(က)

သူလည်း မောင်နေဝင်းလိုပင်။ သူ့ကို ဘယ်တုန်းက ဘယ်နေရာမှာ ပထမဆုံး အကြိမ် စတင် တွေ့ရှိခဲ့သည်ကို မိမိ မမှတ်မိပါ။ သူ့ကိုလည်း တစ်ကြိမ်တစ်ခါမှ မေးမကြည့်ဖူးပါ။ သူ မှတ်မိသည်ဆိုလျှင်တော့ အံ့သြစရာပင်။

ဖြစ်ဖို့များသည်ကတော့ မိမိ ရန်ကုန်ရောက်ရှိပြီး မကြာမီမှာပင် ပြည်တော်သစ် ဂျာနယ်တိုက်၌ တွေ့ဆုံကြခြင်း ဖြစ်ပေလိမ့်မည်။

ထိုအချိန်က ပြည်တော်သစ်ဂျာနယ်တိုက်သည် ၃၇ လမ်းရှိ ခနော်နီ ခနော်နဲ့ မြေစိုက်အိမ်ငယ်လေးတစ်ခု၏ အလင်းရောင်နွမ်းပါးသော မွန်းမွန်းကျပ်ကျပ် အစိတ် အပိုင်း တစ်နေရာတွင် ဖြစ်သည်။ အယ်ဒီတာအဖွဲ့ဝင်များမှာ ဦးစီးအယ်ဒီတာ လှဦး၊ နိုင်ငံခြားရေးအယ်ဒီတာ မြသန်း (တင့်)၊ အုပ်ချုပ်မှုအယ်ဒီတာ ဘဝင်းနှင့် တာဝန်ခံ အယ်ဒီတာ ရွှေဓား (ကွယ်လွန်)တို့ ဖြစ်ကြသည်။

တိုက်တွင် အမြဲထိုင်နိုင်သူမှာ ရွှေဓား ဖြစ်သည်။ ဦးစီးအယ်ဒီတာ လှဦး (ကို လှသောင်း)မှာ အဖွဲ့အစည်းတာဝန်များ ရှိနေသဖြင့် အချိန်ပိုင်းမျှသာ ထိုင်နိုင်သည်။

မြသန်းတင့် ( ၁၉၂၉–၉၈ )



ဦးဘဝင်းနှင့် ကိုမြသန်းတို့မှာလည်း ရုံးဆင်းချိန်တွင်မှ လာနိုင်ကြသည်။ သည်တုန်းက သူတို့ နှစ်ယောက်စလုံးပင် ဆိုဗီယက်သံရုံး၌ အလုပ်လုပ်နေကြသည်။

သူတို့ ရောက်ရှိချိန်လောက်တွင်မှ ဂျာနယ်တိုက်တွင် လူစည်ကားတတ်သည်။ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ရဲဘော်များ၊ မိတ်ဆွေများ ရောက်ရှိလာကြပြီး စာအကြောင်း ပေအကြောင်း၊ နိုင်ငံရေးအကြောင်း ပြောဆို ဆွေးနွေးကြသည်။ လက်ဖက်ရည်ဝိုင်း ဖွဲ့ကြသည်။

သည်တော့ သည်မှာ မိမိတို့ သိကြမည်။

သူက မိမိကို ဘယ်လိုသိမည်နည်း။ မန္တလေးကလာသော ကျောင်းသားလူငယ် တစ်ယောက်၊ လူထု ဂျာနယ်နှင့် စုံထောက် မဂ္ဂဇင်းတို့တွင် ရေးနေသော ကလောင်သစ် တစ်ယောက်။ ထို့နောက် ...

မိမိကတော့ သူ့ကို ဘယ်လို သိထားသနည်း။

## (၁)

သူ့ကို နိုင်ငံရေးအစဉ်အလာရှိသော စာရေးသူတစ်ယောက်အဖြစ် သိထားသည်။ အမှန် အတိုင်းပြောရလျှင် ထိုအချိန်က သူ့ကို သူ့စာများထက် သူ့ဘဝ တစ်စိတ်တစ်ပိုင်းကို ပို၍ စိတ်ဝင်စားမိသည်။ စာရေးဆရာတစ်ယောက် အဖြစ်နှင့်ကား ရန်ကုန်တက္ကသိုလ် ထွက်သော လူငယ်စာရေးဆရာ အစုအဝန်းမှ တစ်ဦးအဖြစ် အသိအမှတ်ပြုထားသည်။

ထိုစဉ်က တာရာမဂ္ဂဇင်းသည် သူ့မဂ္ဂဇင်းတွင် ရေးသားသော စာရေးသူများနှင့် အယ်သူများကို တစ်ပိုင်းတစ်စ မိတ်ဖွဲ့ပေးလေ့ရှိသည်။ ယင်းမိတ်ဖွဲ့စာများတွင် မိမိ နှင့်သက်သော စာပိုဒ်ကလေးများ ပါရှိသည်။ "ရန်ကုန်တက္ကသိုလ်မှ အသက်နှစ်ဆယ် မပြည့်တတ်သေးသော ..."

မိမိသည် ထိုစဉ်က ၁၆ နှစ် ဝန်းကျင်သာဖြစ်သဖြင့်. ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ရန်လည်း စိတ်သန်နေခဲ့သည်။ အသက် ၂၀ မပြည့်မီ စာရေးဆရာ ဖြစ်ရန် လည်း အားသန်နေမိသည်။

တာရာက ကိုမြသန်းကို မိတ်ဖွဲ့ရာတွင်ကား "ရန်ကုန်တက္ကသိုလ်မှ အသက် နှစ်ဆယ် မပြည့်တတ်သေးသော ..." ဟူသည့် စကားရပ်အပြင် အခြားစိတ်ဝင်စားဖွယ်ရာ စာပိုဒ်တစ်ခုကိုလည်း တွေ့ရှိရသည်။

"သူသည် တစ်ချိန်က အထက်မြန်မာပြည် မြို့ကြီးတစ်မြို့တွင် စင်မြင့်ပေါ်၌ တရားဟောနေရင်း မူးမေ့လဲကျသွားခဲ့သည်။"

ထိုအခါ သူ့အကြောင်းကို စူးစမ်းမိသည်။ အညာသားတစ်ယောက် ဖြစ်ကြောင်း သိရသည်။ မန္တလေးနှင့် ဆက်နွှယ်ဖူးကြောင်း သိရသည်။ လက်ဝဲ နိုင်ငံရေးပါတီကြီး

တစ်ခုတွင် ခရိုင်ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ယူခဲ့ဖူးကြောင်း သိရသည်။ သူတို့လူငယ်တစ်စု အင်္ဂလိပ်စာ တော်ကြောင်းလည်း ကြားသိရသည်။ သူ၏ ဘာသာပြန်များကို ဖတ်ရသည်။

ထို့အပြင် သူ၏ဘဝ တစ်စိတ်တစ်ဒေသကို ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကြော်ငြာ ပေးနေသူမှာ ဆရာသော်တာဆွေ ဖြစ်သည်။ **ရှုမဝ**တွင် ဆရာသော်တာဆွေ ရေးသော "စကားကြီးသုံးခွန်း" ဝတ္ထုကို ဖတ်သောအခါ များစွာ စိတ်ဝင်စားမိသည်။ သူ့ကို "ကျားပျံကြီး" အဖြစ်လည်း သိရသည်။ "စကားကြီး သုံးခွန်းရှင်" အဖြစ်လည်း စိတ်ဝင်စားရတော့သည်။ သည်မှာပင် သူ၏ ပထမဆုံး လုံးချင်းဝတ္ထုဖြစ်သော **မေတ္တာအသနျှေ** ထွက်လာသည်။ စာအုပ်အထူကြီး ဖြစ်သည်။ မေတ္တာဖွဲ့ဝတ္ထုကြီး ဖြစ်သည်။

ယင်းသို့ဖြင့် မိမိသည် သူ့ကို လူချင်း မသိမီကတည်းက စိတ်ဝင်စားခဲ့သည်။

(ဂ)

လူချင်း သိရှိပြန်တော့လည်း သူ့ကို တစ်မျိုးတစ်ဖုံ သတိပြုမိ ရပြန်တော့သည်။ သူက မိမိ ထင်မြင်ထားသည်နှင့် မတူပါ။ မိမိက သူ့ကို လူငယ်ဆန်သော လူငယ်တစ်ယောက် ဖြစ်မည်ဟု ထင်ထားခဲ့သည်။ မိမိက သူ့ကို စည်းရုံးရေးသမားတစ်ယောက်ဟု ထင်ထားခဲ့သည်။

သူ့ကို တကယ် တွေ့ရသောအခါ လူကြီးနှင့်တူသော လူငယ်ဖြစ်နေသည်။ ထူထဲသော မှန်ဘီလူးမျက်မှန်၊ အတွန့်အရေးများရှိသော နဖူးပြင်၊ မှုန်တည်သော မျက်နှာထား၊ အရောင်မပါသော အင်္ကျီအဖြူ၊ အရောင်ရင့်မှိုင်းသော တိုက်ပုံတို့က သူ့ကို လူကြီးတစ်ယောက်နှင့် တူစေသည်။

နောက်ပြီးတော့ သူ စကားပြောပုံ ဆိုပုံ၊ စကားလုံး သုံးပုံနှုန်းပုံ၊ သူ စားပုံ သောက်ပုံ၊ နှစ်သက်ပုံတို့က အနောက်တိုင်း လူကြီးလူကောင်းတစ်ယောက်နှင့် တူသည်။

အညာက မြန်မာတစ်ယောက်နှင့် တူသည်ကတော့ ပုံးရည်ကြီးရောင် အသားအရေပင် ဖြစ်သည်။

ထို့အပြင် သူ ကြည့်မြင်ပုံ၊ သူ တွေးခေါ်ပုံ၊ သူ ဆုံးဖြတ်ပုံတို့ကို ထိတွေ့ရသောအခါ စည်းစနစ်ရှိသော ပညာရှင် စာရေးဆရာမျိုး ဖြစ်သည်ဟု အမှတ်မထင် ခံစားမိသည်။

ထို့အပြင် သူသည် နိုင်ငံရေးသမားတစ်ယောက် ဖြစ်ခဲ့လျှင်လည်း စည်းရုံးရေးသမားတစ်ယောက် မဟုတ်ဘဲ သဘောတရားရေးသမား တစ်ယောက်သာ ဖြစ်လိမ့်မည်ဟု ယူဆမိသည်။

မည်သို့ဖြစ်စေ မိမိသည် နောက်ပိုင်းတွင် စာရေးဆရာအသင်း၊ စာရေးဆရာ

ရာပြည့်စာအုပ်တိုက်

ဘေယကလပ်၊ စာရေးဆရာသမဂ္ဂ၊ ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ငွေနှံဂရက်တို့တွင် အတူတူလုပ်ကိုင်ရင်း သူ့ကို ရင်းနှီးလာတော့သည်။

ထိုအခါ သူသည် အဖွဲ့အစည်း လုပ်ငန်းများကို လုပ်ဆောင်ရာတွင် သူ၏ လူကြီးဆန်မှုနှင့်အညီ၊ စည်းစနစ်ပညာရှင် ဖြစ်သည်နှင့်အညီ တိကျခြင်း၊ ပြတ်သားခြင်း၊ ခိုင်မာခြင်းများ ရှိသည်တို့ကို တွေ့ရှိရပါသည်။

သူသည် "စကားကြီးသုံးခွန်းရှင်" ဟု အမည်တွင်သော်လည်း၊ သူ၏ မှုန်တည်မှုကြောင့် စကားနည်းသည်ဟု ထင်ရသော်လည်း အစည်းအဝေးများတွင် စကားပြောစရာရှိသောအခါ ပြည့်စုံလုံလောက်အောင် ပြောဆိုပါသည်။

ထိုမျှမက နောက်ပိုင်းတွင် ရင်းနှီးလာသောအခါ သူသည် စကားပြောနိုင်သူ၊ စကားပြော ဝါသနာပါသူ တစ်ဦးဖြစ်ကြောင်း တွေ့ရှိလာရသည်။ သူ စိတ်ဝင်စားသော အကြောင်းအရာဆိုရင် တစ်ညလုံး ပြောဆိုလျှင်လည်း ပြောမည့်သူ ဖြစ်သည်။ ပြောလည်း ပြောခဲ့ကြဖူးသည်။ သူသည် စာဖတ်များသူတစ်ဦး ဖြစ်သဖြင့် သူ့မှာ ပြောစရာ စကားတွေလည်း အများကြီး ရှိနေတတ်သည်။ သူသည် တစ်ခါတစ်ရံ ရယ်ဖို့မလွယ်သော ဟာသများကိုလည်း ထည့်သွင်း ပြောဆိုတတ်သည်။

နောက်ပြီးတော့ သူများတွေ သည်းခံမည်ဆိုလျှင် သူသည် သီချင်းလည်း ဆိုချင်သူတစ်ဦး ဖြစ်သည်။ ခေတ်ဟောင်းသီချင်း စာသားတွေကို ကျက်မှတ်မိသည်ကတော့ အမှန်ပင် ဖြစ်သည်။ အသံကတော့ နည်းနည်းသည်းခံရသည်။

## (ဃ)

သူသည် နောက်ပိုင်းတွင် စာတွေ အများကြီးရေးပြီး ဘာသာပြန်တွေ အများကြီး ထွက်လာသော်လည်း၊ စောစောပိုင်းကမူ သူ့တွင် ပြောစရာစာအုပ် သိပ်မရှိသေး။ တာရာ မဂ္ဂဇင်းတွင် ရေးခဲ့သော ဝတ္ထုတိုများလောက်သာ ရှိသည်။ ဘာသာပြန်တွင်လည်း ဂေါကီ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ သုံးတွဲသာ ရှိသည်။ ထို့နောက် ဂေါကီ၏ဝတ္ထုများကို ပြန်ဆိုခဲ့သည်။ မောရစ်ကွန်းဖို့၏ စာအုပ်များမှာ သဘောတရားရေး စာအုပ်များသာ ဖြစ်သည်။

**မြန်မာဝတ္ထုအညွှန်း** ရေးသားရန်အတွက် မိမိနှင့် မင်းကျော်တို့ တိုင်ပင်ကြသောအခါ အခက်အခဲတွေ့ရသော စာရေးဆရာနှစ်ဦး ရှိသည်။ ယင်းတို့မှာ ဗန်းမော်တင်အောင်နှင့် မြသန်းတင့်ပင် ဖြစ်သည်။

သူတို့သည် ထင်ရှားသော စာရေးဆရာများလည်း ဖြစ်ကြသည်။ စာ အမြောက်အများလည်း ရေးခဲ့ကြ၏။ သို့သော် မြန်မာဝတ္ထုတစ်ပုဒ်အဖြစ် ညွှန်းပြရန် ရှာဖွေသောအခါတွင်ကား အခက်အခဲ ရှိရသည်။

ဗန်းမော်တင်အောင်ဆိုလျှင် ဝတ္ထုရှည်တွေ အများကြီး ရေးခဲ့သည်။ နာမည်လည်း ကြီးကြသည်။ သို့သော် မိမိတို့သည် အကြိမ်ကြိမ်အခါခါ စိစစ်ပြီး နောက်ဆုံးတွင် **ရိုးမတိုက်ပွဲ**ကိုသာ ရွေးချယ်ခဲ့ကြရသည်။

မြသန်းတင့်၏ ဝတ္ထုကော ဘာကို ညွှန်းဆိုရမည်နည်း။ ထိုအချိန်က **စားတောင်** မထွက်သေး။ ဒါဖြင့် ဘာတွေ ထွက်သနည်း။ **မေတ္တာအသချေ**၊ ညွှန့်ဆိုလောက်သော ဝတ္ထု မဟုတ်ပါ။ ထို့နောက်ကော **မမ**၊ **လိုက်ခဲ့တော့မြနန္ဒာ** နှင့် **ထားကျမလင်** တို့ ရှိသည်။ သို့သော် မှိုးငြမ်းပြုများ ဖြစ်နေကြသည်။ သို့ဖြင့် ထောင်ထွက်ပစ္စည်းတစ်ခု ဖြစ်သော **အမှောင်ရိပ်ဝယ်** ကို ရွေးရသည်။

သူသည် ကိုကိုးကျွန်းက ပြန်မှ ရေးအားကောင်းစ ပြုလာသည်။ အင်းစိန်က ပြန်သောအခါတွင်ကား ရေးအားအကောင်းဆုံး စာရေးဆရာတစ်ဦး ဖြစ်လာတော့သည်။ (သို့သော် သူသည် စာကို လက်နှင့်ရေးသူ မဟုတ်ပါ၊ လက်နှိပ်စက်ဖြင့်သာ ရိုက်သူ ဖြစ်သည်။ ဝင်းဦး၊ မိုးမိုး–အင်းလျား၊ လွင်စန်းယဉ်၊ တည်ကြည်တို့လည်း လက်နှိပ်စက် သမားများ ဖြစ်ကြသည်။)

သည်မှာ အကြောင်းကြုံကြိုက်၍ တစ်ခု ပြောစရာရှိသည်။ ကြုံကြိုက်မှုတစ်ခု အကြောင်းပင် ဖြစ်သည်။

ပုဂံစာအုပ်တိုက်တွင် မိမိတို့လူစု အင်နှင့် အားနှင့် ရေးနေကြချိန် ဖြစ်သည်။ သို့သော် အကြောင်းကြောင်းကြောင့် ဗန်းမော်တင်အောင်နှင့် မြသန်းတင့်တို့ ပါဝင်ခြင်း မရှိ။ သူတို့ကို ရေးရန်ပြောသည်။ သူတို့ကလည်း ရေးမည် ပြောသည်။ သို့သော် အကောင်အထည် ပေါ်မလာ။

သည်တုန်းက **ပုဂံ**သည် မြန်မာဝတ္ထုရှည်ကြီးများကို ကြိုးပမ်းထုတ်ဝေနေသလို၊ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုရှည်ကြီးများကို ပြန်ဆိုထုတ်ဝေသွားရန်လည်း ကြိုးပမ်းကြသည်။ မိမိ တို့ စာအုပ်တွေ ရွေးကြသည်။ ပြန်ဆိုမည့်သူများ ရွေးကြသည်။

မိမိတို့ ရွေးချယ်ထားသည့် စာအုပ်များမှာ တော်စတွိုင်း၏ **စစ်နှင့်ငြိမ်းချမ်းရေး** **အယ်နာကရယ်ညီနာ** ။ မစ်ခေးရှိုလိုကော့၏ **တငြိမ့်ငြိမ့်ဒွန်** တို့ ဖြစ်သည်။

ကျော်အောင်နှင့် ညွှန့်ကြူးတို့က **အယ်နာကရယ်ညီနာ**ကို ပြန်ချင်ကြသည်။ မိမိက **စစ်နှင့် ငြိမ်းချမ်းရေး** နှင့် **တငြိမ့်ငြိမ့်ဒွန်** ဘယ်ဟာ ပြန်ရမလဲဟု စဉ်းစားနေသည်။ မင်းကျော်နှင့် မောင်နေဝင်းတို့က စာအုပ်ကြီးတွေကို မကိုင်ချင်၊ ခြေနိုင်လက်နိုင်များ လောက်သာ ပြန်ချင်ကြသည်။

တစ်ညနေတွင် မိမိ၊ မင်းကျော်၊ မောင်နေဝင်း၊ မောင်ချော (ပုဂံမောင်ကိုဦး) တို့ ထုံးစံအတိုင်း ဘိုးစိန်လမ်း "တဲကြီး" သို့ သွားကြတော့မည်ရှိစဉ် ပုဂံတိုက်တည်ရာ

၁၈၇ လမ်းသို့ ကိုမြသန်း ရောက်လာသည်။ ထိုစဉ်က သူသည် ပုဂံသို့ နေ့စဉ်လာနေကျ မဟုတ်ပါ။ ရံခါမှသာ လာတတ်သည်။ ထိုနေ့ကလည်း မရည်ရွယ်ဘဲနှင့် ရောက်ရှိလာခြင်း ဖြစ်သည်။

သည်မှာ မိမိတို့က ဘာသာပြန် အစီအစဉ်ကို ပြောသည်။ ထိုအခါ သူက အောက်ကာင်ကာ စစ်နှင့် ငြိမ်းချမ်းရေးကို ရွေးလိုက်သည်။ သို့ဖြင့် မြန်မာဘာသာပြန် ၁၂ အုပ်၊ ၁၂ တွဲ ထွက်ပေါ်လာရတော့သည်။

(င)

တင်ဆင့်စကား ကြားရဖူးသည်ကတော့ ကိုမြသန်းသည် မိမိ၏ အရေးအသား သို့မဟုတ် ရေးဟန်ကို မနှစ်သက်ဟု ဆိုပါသည်။ သို့သော် အနှစ်သုံးဆယ်ကျော်မျှ အတူ သွား၊ အဘူလာ ပေါင်းသင်းခဲ့ကြသည့် ကာလတစ်လျှောက်တွင်ကား သူသည် မိမိ၏ စာကို သော်လည်းကောင်း၊ မိမိ၏ အရေးအသားကို သော်လည်းကောင်း၊ မိမိ၏ ဘာသာပြန်များကို သော်လည်းကောင်း တစ်ကြိမ်တစ်ခါဖူးမျှ ကောင်းသည်၊ ဆိုးသည် ဝေဖန်ပြောကြားဖူးခြင်း မရှိပါ။

[ ချယ်ရီ၊ ဇန်နဝါရီ၊ ၁၉၈၆ ]

# တားတောင် အလွန်၊ မီးပင်လယ်ရဲ့ ဟိုမှာဘက်

(က)

အဝေးမှာ မြူနှင်းများ ဝေနေဆဲ။ နေရောင်ခြည် မပေါ်လာသေး။ မှုန်ရေးရေး တုန် အေးအေး နံနက်ခင်း။

မိမိတို့က ပိုချိမ့်ဝေရောင်ရိပ်ကျသော ပန်းရုံကြီးအောက်က စားပွဲကလေးတစ်လုံးမှာ ထိုင်နေကြတယ်။ မိမိရယ်၊ မြေနီကုန်းဖိုးလုံးရယ်၊ မြတ်ဆွေရယ်၊ ကိုရဲထွတ် (ဗိုလ်တထောင်)ရယ်။

အညာဆောင်း နံနက်ခင်းပဲပေါ့။

ဩော်...ဘုတလင်မှာလေ။

မနေ့ကပဲ မိမိတို့ ဘုတလင်ကို ရောက်ကြတယ်။

၁၉၉၈ ဇန်နဝါရီ ၁၅ မှာ ဆရာဦးသိန်းဖေမြင့် ကွယ်လွန်ခြင်း အနှစ် နှစ်ဆယ် ပြည့်တယ်လေ။ သူ့ရဲ့ မိသားစုက သူ့ရဲ့ဇာတိ ဘုတလင်မှာ ဆွမ်းဆက်ကပ် လှူဒါန်းကြမယ်။ မိမိတို့က ဆွမ်းကျွေးကို လာကြတာပေါ့။ တစ်နေ့က ကားကြီးတစ်စီးနဲ့ ရန်ကုန်က ထွက်ခဲ့ကြတယ်။ လူ သုံးဆယ်ကျော်တယ်။ သူ့ရဲ့ မိသားစုတွေရယ်၊ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် ရောင်းရင်းတွေရယ်၊ စာရေးဆရာ၊ သတင်းစာဆရာတွေရယ်ပေါ့၊ ခရီးရှည်ကြီးမှာ ဟိုအကြောင်း၊ ဒီအကြောင်းတွေ ပြောကြပေါ့။ ရှေးဟောင်းနှောင်းဖြစ် တွေရော၊ ကနေ့နက်ဖြန်တွေရောပေါ့။ တချို့က မတွေ့ကြရတာ ကြာပြီလေ။ **စစ်အတွင်း ခရီးသည်**ကို အကြောင်းပြုပြီး ဘုတလင်ခရီးသည်တွေပေါ့။

မနက်ကတော့ ထုံးစံအတိုင်း စောစောထပြီး လမ်းလျှောက်ထွက်ခဲ့ကြတယ်။ အညာနံနက်၊ ဆောင်းနံနက်က အေးချမ်းလှတယ်။ ဘုတလင်မြို့က အတော်ကြီးတယ်။ အတော်ကလေးလည်း သန့်ရှင်းလှပတယ်။ ကျေးလက်အငွေ့အသက်တွေ လွှမ်းနေဆဲ။

မိမိတို့ တော်တော်ဝေးဝေး လျှောက်ခဲ့ကြတယ်။ မြို့မဈေးကြီးကို ရောက်တဲ့အထိပေါ့။ မနက်အစောကြီး ကျူရှင်တက်ရအောင်သွားတဲ့ ကလေးတွေက စက်ဘီးဆွကို သုတ်သုတ်နင်းသွားကြတယ်။ ဈေးထွက်မယ့် ဈေးသည်တွေကလည်း စက်ဘီးဆွပေါ်မှာ ဈေးခြင်းတွေ၊ ဈေးတောင်းတွေနဲ့။ အနီးအနား ရွာတွေက မနက်နှစ်နာရီသုံးနာရီလောက်ကတည်းက ထလာကြရတဲ့ လူတွေကတော့ ခြေကျင်ပေါ့။ ဈေးဗန်းတွေ၊ ဆျးတောင်းတွေ ရွက်လို့။

ဈေးကိုရောက်တော့ ဈေး မစည်သေး။ ဈေးသည်တွေ ရောက်စပြုပေမယ့် ဆျးဝယ်တွေ မလာကြသေး။ အကြော်ဝယ်သွားပြီး ဆိုင်တစ်ဆိုင်မှာ လက်ဖက်ရည်သောက်ကြမယ်လေ။ လက်ဖက်ရည်ဆိုင်ရှေ့မှာ မိန်းကလေးတစ်ယောက် စားပွဲတစ်လုံးခါမှာ မုန့်ဟင်းခါးဆိုင်ခင်းနေတယ်။ မလှမ်းမကမ်းမှာ အကြော်ဆိုင်။ တစ်ခေါ်လောက်မှာက လမ်းဆုံရှိတယ်။ လျှပ်စစ်မီးတွေ ထွန်းထားတယ်။ ညောင်ကန်လမ်းခွဲလေ။ မိမိတို့က မုံရွာ–ရေဦး လမ်းမကြီးပေါ်မှာ။

စောစောက ပြောတဲ့အတိုင်း ဆိုင်ထဲကိုမဝင်ဘဲ ဆိုင်ရှေ့က ရောမ စက္ကူပန်းရုံကြီးအောက်မှာ ထိုင်ကြတယ်။ အညာဝန်းကျင်ကို ကောင်းကောင်းမြင်ရတယ်လေ။ ဘစ်ခါတစ်ခါ ဖြတ်သွားတဲ့ ကားတွေ၊ ဝမ်းတစ်ထွာအတွက် ကားစောင့်နေသူတွေ။

ဒီအချိန်မှာပဲ မိမိတို့အနားက လူတစ်သုတ်ဖြတ်ပြီး ဆိုင်ထဲကို ဝင်သွားတယ်။ မိမိက လမ်းဆုံက ကားစောင့်နေသူတွေကို ငေးနေလို့ အနားက ဖြတ်သွားသူတွေကို အမှတ်မထားမိလိုက်။ ဒါပေမဲ့ မိမိအနီးမှာ ထိုင်နေတဲ့ မြေနီကုန်းဖိုးလုံးက မြင်လိုက်ပါတယ်။

'ဟိုမှာ ဆရာမြသန်းတင့်'

ဟုတ်ပါ့။ သူက လွန်တောင်သွားပြီ။

'ဟေ့လူ ကိုမြသန်း'

မိမိက လှမ်းခေါ်လိုက်တယ်။ မိမိအသံကို ချက်ချင်းမှတ်မိသွားဟန် ရှိပါတယ်။ သူ ချက်ချင်း လှည့်လာပြီး–

'ခင်ဗျားတို့ကို ကျွန်တော် မမြင်ဘူး'

သူ့ရှေ့က လူများလည်း ပြန်လှည့်လာကြတယ်။ မြတ်လေးရယ်၊ ဒေသခံစာပေမိတ်ဆွေ နှစ်ယောက်ရယ်။

တစ်ယောက်တစ်ပေါက် နှုတ်ဆက်ကြတယ်။

သူတို့က မိမိတို့နှင့်အတူ ပါလာသည်မဟုတ်။ မိမိတို့အရင် ရန်ကုန်မှ ထွက်သွားသူများ ဖြစ်တယ်။ စာပေဟောပြောပွဲများ ရှိ၍ဖြစ်တယ်။ မနေ့ညကမှ ဘုတလင်ကို ရောက်လာကြတယ်။ တစ်နေရာစီ တည်းကြတယ်။

'ကျွန်တော် ညကတောင် ခင်ဗျားတို့ဆီ လာမလို့၊ ခင်ဗျားတို့ဝိုင်းက အတော်စည်မှာပဲ'

ကိုမြသန်းက မိမိနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ရင်း ပြောတယ်။

မိမိက–

'လူစုံတာပေါ့၊ ကျွန်တော်ကတော့ မနက်ကျရင် တွေ့မှာပဲဆိုပြီး မလာတာ။ နောက်ပြီး ဟောပြောပွဲ မလိုက်နိုင်တာလည်း အားနာလို့'

ညက ဈောင်ကန်မှာ စာပေဟောပြောပွဲ ရှိတယ်။ မိမိနာမည် ထည့်ထားတယ်။ မိမိကို လာခေါ်ကြတယ်။ မိမိ အားနာစွာနှင့် ငြင်းပယ်ရတယ်။ မိမိ ဟောပြောပွဲ မလိုက်သည်မှာ ကြာပြီ။ ဆယ်နှစ်လောက် ရှိပြီ။ တစ်ခုကိုလိုက်လျှင် နောက်တစ်ခုကို ငြင်းမရနိုင်။

ဟိုတုန်းကဆိုလျှင် သူနှင့် မိမိသည် တစ်နှစ်ကို အနည်းဆုံး စာပေဟောပြောပွဲ ခရီး တစ်ခု၊ နှစ်ခုတော့ အတူသွားဖြစ်ကြတယ်။ ၁၉၅၈ စာရေးဆရာ စာပေကလပ် ဖွဲ့စည်းစဉ်ကတည်းက ဖြစ်တယ်။

မှတ်မှတ်ရရတစ်ခု ပြောရလျှင် တစ်နာရီ မိုင်တစ်ရာကျော်နှုန်း တိုက်ခတ်တဲ့ မုန်တိုင်းကြီး အပြီးမှာ သူရယ်၊ ကိုတင့်ဆန်းရယ်၊ မိမိရယ် ပင်လယ်ကမ်းခြေပိုင်းကို ဟောပြောပွဲ ထွက်ခဲ့ကြတယ်။ ဖျာပုံမြို့နယ် ကျုံကဒွန်းကို ဖြစ်တယ်။ မုန်တိုင်းနှင့်အတူ သွားကြခြင်း ဖြစ်တယ်။ ကျုံကဒွန်း ဟောပြောပွဲအပြီးမှာ ပင်လယ်ကမ်းခြေ ကုလားထိပ်ကို သွားရောက်လေ့လာကြတယ်။ မုန်တိုင်းကြောင့် ပျက်စီးထားသည်များကို မြင်ရတယ်။ အဆုံးအစ မထင်သော ပင်လယ်ပြင်ကြီးကို လှမ်းမျှော်ပြီး ကြည့်ကြရတယ်။ ဟိုဆီမှာက ဘင်္ဂလားပင်လယ်အော်၊ ဟိုဆီမှာက ကိုကိုးကျွန်း။

ပင်လယ်ကြီးက မိမိတို့ကို သုန်မှုန်ပြီး ကြည့်နေတယ်။ ဒေါသဖြစ်နေတဲ့ လှိုင်းလုံးများ ပြေးတက်လာကြတယ်။

အပြန်တွင် စာပေမိတ်ဆွေများက မိမိတို့ကို ဒေသထွက်ပစ္စည်း လက်ဆောင်ပေးပါတယ်။ ရေနံဆီပုံး သုံးပုံးတွင် ထည့်ထားတဲ့ မိကျောင်းပေါက် သုံးကောင်၊ မိကျောင်းကလေးတွေက တစ်ထွာသာသာမျှသာ ရှိကြသေးပေမယ့် သွားကိုင်လိုက်လျှင် ဇာတိပြတယ်။ အမြီးနှင့် ရိုက်တယ်။ ပါးစပ်နှင့် ဟပ်တယ်။

'ခင်ဗျားတို့နှစ်ယောက်က ငမိုးရိပ်ချောင်းနားမှာနေတော့ ယူသွားကြဗျာ။ ကျွန်တော်ကတော့ မိကျောင်းနဲ့ ဘယ်လိုမှ မနီးစပ်ဘူး'

ကိုမြသန်းက ကိုတင့်ဆန်းနှင့် မိမိကို ပြောတယ်။

သို့သော် ရန်ကုန် ပြန်ရောက်ပြီး မကြာခင်မှာပဲ မိကျောင်းများဝန်းရံသော

ကိုကိုးကျွန်းကို သူ ရောက်ရှိသွားရတယ်။ ကုလားထိပ်တုန်းက သူ အမှတ်မထင် လှမ်းမျှော်ခဲ့တဲ့ ပင်လယ်ပြင်ကြီးထဲကို ရောက်သွားရတယ်။

အဲဒီတုန်းက တော်လှန်ရေးကောင်စီအစိုးရက လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေး ဆွေးနွေးရန် ခေါ်ယူတဲ့ ကာလဖြစ်တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားတဲ့အခါ သူနဲ့ အခြားသူများ ကိုကိုးကျွန်းသို့ ရောက်ရှိသွားကြရတယ်။

(ခ)

မည်သည့်အကြောင်းကြောင့် ဖြစ်စေ၊ မိမိတို့ တစ်မြို့တစ်ရွာသို့ ရောက်လျှင် လမ်းလျှောက် ဖြစ်ကြတယ်။ မနက်စောစော ထပြီး လျှောက်ကြတယ်။ ဈေးကို ဦးတည်ပြီး လျှောက်တယ်။ ဈေးမှာ ဒေသ၏ လက္ခဏာများကို တွေ့ရတတ်တယ် မဟုတ်လား။ ယခုလည်း တစ်နေရာစီ တည်းပြီး အချိန်းအချက် မရှိပေမယ့် မိမိတို့ ထုံးစံအတိုင်း စောစောထပြီး ဈေးဘက်သို့ လမ်းလျှောက်လို့ ဈေးအနီးက လက်ဖက်ရည်ဆိုင်မှာ ဆုံမိကြခြင်း ဖြစ်တယ်။

'ခင်ဗျားတို့ ထိုင်ကြလေ၊ ကျွန်တော် ဒီဝိုင်းမှာပဲ ထိုင်မယ်'

ကိုမြသန်းက သူ့လူတွေကို ပြောလိုက်တယ်။ မြတ်လေးနှင့် မိတ်ဆွေနှစ်ဦး ဆိုင်ထဲက စားပွဲမှာ ထိုင်တယ်။ သူက တစ်ချိန်လုံး မိမိတို့ ဝိုင်းမှာပဲ ထိုင်တယ်။ အကြော်စားတယ်။ စကားပြောကြတယ်။

ပြီးတော့ မိမိတို့ တတိုင်းမွှေးကျောင်းကို လမ်းလျှောက်သွားကြတယ်။ အတော်ဝေးလေး လျှောက်ရတယ်။ တတိုင်းမွှေးကျောင်းနားမှာ ရှေးဟောင်းဘုရားတွေ တွေ့ရတယ်။ အညာကျေးလက် မြင်ကွင်းကို ခံစားရတယ်။

ဆရာ ဦးသိန်းဖေမြင့် မိသားစုက ဆရာကွယ်လွန်ခြင်း အနှစ်နှစ်ဆယ်ပြည့် အထိမ်းအမှတ်အဖြစ်နဲ့ သံဃာတော် အပါးနှစ်ဆယ်ကို ဆွမ်းဆက်ကပ် လှူဒါန်းပါတယ်။

ဘုန်းကြီးကျောင်းက အပြန်မှာ တွင်းတောင်ကို လေ့လာရေးခရီး သွားကြတယ်။ ကိုမြသန်းတို့အဖွဲ့ လိုက်လာကြတယ်။ သူတို့အဖွဲ့ မနက်က လမ်းလျှောက်ရာမှာ မပါဘဲ တည်းအိမ်မှာ အိပ်ကျန်ရစ်ခဲ့တဲ့ ကိုမောင်မောင်ခင်နဲ့ ယဉ်မင်းပိုက်တို့လည်း ပါတယ်။

တွင်းတောင်ကို အရင်က မိမိ မရောက်ဖူးပါ။ တွင်းပိုးကိုတော့ မန္တလေးမှာ နေစဉ်ကတည်းက လက်ဖက်နှင့် စားဖူးပါတယ်။

မိမိတို့ကားက ပေ ၄၀ လောက်ရှည်တဲ့ ကားကြီးဖြစ်လို့ တွင်းတောင်ကို ဆောင်းနိုင်ပါဘူး။ တွင်းထိပ်မှာပဲ ရပ်ထား ရတယ်။ ကားကလေး ဆိုရင်တော့ တစ်ခါတည်း ဆင်းသွားနိုင်ပါတယ်။ အခုတော့ လမ်းလျှောက်ပြီး ဆင်းကြရတယ်။ အဆင်းတည်းက လမ်းမတ်စောက်တာကို သတိပြုမိရတယ်။ အပြန်ကျရင် အတော်ကလေး

တက်ရမယ်လို့ တွက်ထားပါတယ်။ လူငယ်တွေအဖို့တော့ အကြောင်း မဟုတ်ဘူးပေါ့။ သူတို့ကတော့ ပြေးတက် ပြေးဆင်းပဲ။

တွက်ထားတဲ့ အတိုင်းပဲ၊ အပြန်ကျတော့ လမ်းမှာ နှစ်ခါလောက် နားပြီး တက်ရတယ်။ ဒီမှာ ပေါ့ပေါ့ပါးပါးနဲ့ မြန်မြန်ဆန်ဆန် တက်နိုင်သူကတော့ ကိုမြသန်းပဲ။ သူ့ဇာ လမ်းလျှောက်သမား မဟုတ်လား။ မနက်တိုင်း လမ်းလျှောက်တဲ့သူ မဟုတ်လား။

ဒီအထဲမှာ အခြေအနေကောင်းကောင်းနဲ့ ဣန္ဒြေမပျက် တက်နိုင်သူတစ်ဦး ကတော့ လေထီး ဦးအုံးမောင်ပဲ ဖြစ်တယ်။ သူက ခါးနာနေလို့ အလာတုန်းကဆိုရင် ရထားနဲ့ လာရတယ် မဟုတ်လား။ သူက ဘုတလင်ကို ဒုတိယအကြိမ် ရောက်တာပါ။ ပထမအကြိမ် ရောက်စဉ်က အကြောင်းကို နွယ်နီ (ဒီဇင်ဘာ ၁၉၉၆) မှာ ဆောင်းပါး ရေးခဲ့ပါတယ်။

တွင်းတောင်က အပြန်မှာ ကိုမြသန်းနဲ့ မိမိတို့ လမ်းခွဲကြပါတယ်။ သူက ဟောပြောပွဲခရီးကို ဆက်ပါတယ်။ မိမိတို့နောက် တစ်ပတ်လောက် နောက်ကျပြီးမှ ရန်ကုန်ကို ပြန်ရောက်ပါတယ်။

## (ဂ)

ရန်ကုန်ရောက်ပြီး မကြာမီမှာပင် သူနှင့် အေးအေးဆေးဆေး တစ်ကြိမ် ဆုံဖြစ်သေးတယ်။ တစ်မနက်မှာ သူ့ဆီက ဖုန်းလာတယ်။

'ခင်ဗျား ဘာလို့ ဖုန်းမဆက်တာလဲ'

သူက အလျင် အပြစ်တင်လိုက်တယ်။

'ဆက်တယ်၊ ခင်ဗျား ပြန်မရောက်သေးဘူး'

မိမိ တစ်ခါ ဆက်တယ်။ သူ မရောက်သေး။

'အခု ပြန်ရောက်ပြီ'

'ဘယ်တုန်းက ရောက်တာလဲ'

'တစ်နေ့ကပဲ၊ ဒီမှာ ကျွန်တော် ပြောမယ်။ အခု ကြာသပတေးနေ့မှာ ဝင်းညွန့်နိုင်က ချိန်းထားတယ်။ ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ ကျော်အောင်ရယ်၊ ငသွေးရယ်။ ဒါပေမဲ့ ကျော်အောင် မလာနိုင်ဘူး၊ အဲဒီနေ့မှာ ပခုက္ကူသွားမယ်။ အဲဒီတော့ ကျွန်တော်တို့ သုံးယောက်ပဲ။ ငသွေးကို ပြောပြီးပြီ။ ခင်ဗျားတိုက်ကို လာလိမ့်မယ်၊ ခင်ဗျားတိုက်မှာ ကားလာကြိုမယ်၊ ညနေ လေးနာရီ ကျွန်တော် လာခဲ့မယ်'

'နေပါဦး၊ ဝင်းညွန့်နိုင်က အခု ဘယ်မှာလဲ၊ ခင်ဗျားနဲ့ ဘယ်တုန်းက တွေ့သလဲ'

ကိုဝင်းညွန့်နိုင်က မိမိတို့၏ စာပေမိတ်ဆွေတစ်ဦး ဖြစ်ပါတယ်။ အလျဉ်း သင့်တိုင်း မိမိတို့ကို ဖိတ်ခေါ်ပြီး ကျွေးမွေးလေ့ ရှိပါတယ်။ သူက စာပေ ဝါသနာပါတယ်။

ဖတ်တယ်။ မိမိတို့ရဲ့ စာအုပ်တွေ အားလုံးလောက်ကို ဖတ်ဖူးတယ်။ ကိုဝင်းညွန့်နိုင်နှင့် မိမိ သိသည်က ကြာပြီ။ မိုးဝေခေတ်ကတည်းက ဖြစ်တယ်။ မိုးဝေမှာ စာအုပ်ဆဖန်ချက် ရေးတယ်။ မိမိရဲ့ စာအုပ်တွေကို ဝေဖန်တယ်။ အဲဒီတုန်းက သူက သစ်လုပ်ငန်းမှာ အငယ်တန်းအရာရှိတစ်ယောက်နဲ့ တူတယ်။ လှည်းတန်း စံပယ်ခြံမှာ နေတယ်။ အဲဒီတုန်းက ကိုမင်းကျော်အိမ်နဲ့ မလှမ်းမကမ်းပေါ့။ နောက် နယ်ကို ရာထူးတက်ပြီး ပြောင်းရတယ်။ ပထမ ကောလင်းမှာ၊ နောက် မုံရွာ။

နယ်ကိုရောက်တော့ နယ်က စာပေမိတ်ဆွေတွေနဲ့ ပေါင်းမိတယ်။ စာဆိုတော်အခမ်းအနားတွေမှာ ပါဝင်တယ်။ ရန်ကုန်ကလာတဲ့ စာရေးဆရာတွေနဲ့ သိကျွမ်းခင်မင်တယ်။ စာရေးဆရာ တော်တော်များများကို သူ သိတယ်။

နောက် သူ ရန်ကုန်ကို ပြန်ပြောင်းလာရတယ်။ ရန်ကုန်ဆိုပေမယ့် သန်လျင်ဘက်တစ်ရာ သစ်စက်မှာ မန်နေဂျာပေါ့။ အဲဒီမှာ သူက မိမိတို့ကို မကြာခဏ ကျွေးမွေးတယ်။ အဲဒီတုန်းက တံတားမပြီးသေးတော့ ကားတစ်တန်၊ သင်္ဘောတစ်တန် သွားရတယ်။ ညအိပ် နေကြရတယ်။ မိမိတို့ ညအိပ်ပြီး အေးအေးဆေးဆေး စားကြ သောက်ကြ၊ စကားပြောရတယ်။ အင်မတန် ကျေနပ်ကြရတယ်။

နောက် သူ ဗိုလ်တထောင် သစ်စက်ကို ပြောင်းရတယ်။ မန်နေဂျာပဲပေါ့။ အခုတော့ လက်ထောက် အထွေထွေ မန်နေဂျာအဖြစ်နဲ့ အလုံ အမှတ်(၁) သစ်စက်ကို ရောက်လာတယ်။

'အခု အလုံမှာ၊ မနေ့ညကပဲ ကျွန်တော့်ဆီ လာတယ်။ သူက ခင်ဗျားတို့ကို ပြောပေးပါလို့ ပြောတယ်။ ခင်ဗျားတိုက်မှာ လာခေါ်လိမ့်မယ်'

'ဟုတ်ပြီလေ'

ချိန်းသည့်နေ့တွင် ကိုမြသန်းက ဖုန်းဆက်ပြန်သည်။

'ဒီမှာ ကျွန်တော့်ကို ဝင်ခေါ်ပါ။ အလုံကို သွားရမှာပဲ၊ ကျွန်တော် အိမ်ကပဲ စောင့်မယ်'

'ဟုတ်ပြီလေ'

မိမိနှင့် မောင်သွေးသစ်ကို ကိုဝင်းညွန့်နိုင်၏သား လာခေါ်တယ်။ စမ်းချောင်းကို ဝင်ပြီး ကိုမြသန်းကို ခေါ်တယ်။ အလုံသစ်စက်ကို ရောက်တော့ ငါးနာရီထိုးနေပြီ။ မိတို့အားလုံးပင် သူ၏မိသားစုနှင့် ရင်းနှီးသူများ ဖြစ်ကြတယ်။ မိသားစုနှင့် စကားပြောကြတယ်။

ထို့နောက် ကိုမြသန်းနှင့် မိမိက ဘုတလင်ခရီးအကြောင်း အတန်ကြာအောင် ပြောမိတယ်။ ပြီးမှ ကိုဝင်းညွန့်နိုင်က သူ့ကိစ္စတစ်ခုကို ပြောပါတယ်။

သူ့ကိစ္စက သစ်လုပ်ငန်းအဖွဲ့က ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်မည့်

ကိစ္စ။ မိမိတို့ထံ အကူအညီ တောင်းပါတယ်။ မိမိတို့ကလည်း စာမူ စုဆောင်းရေးကိစ္စ၊ ပုံနှိပ်ထုတ်ဝေရေးကိစ္စများကို အကြံပေးကြပါတယ်။

မဂ္ဂဇင်းအကြောင်းပြောရင်း စကားစပ်မိသလို စာရေးဆရာများအကြောင်း၊ စာပေလောကအကြောင်း ပြောမိကြတယ်။

ည ဆယ်နာရီလောက်မှ ဝိုင်းသိမ်းကြတယ်။

အဲဒါ ဇန်နဝါရီ ၂၉ ပေါ့။

## (ဃ)

ကိုမြသန်း(တင့်)နဲ့ မိမိ နောက်ဆုံး တွေ့လိုက်ရတာကတော့ အဲ့ဒီနောက် ၁၀ ရက်လောက် အကြာမှာပေါ့။ မြေပဒေသာကျွန်းက ရှမ်းကန် စားသောက်ဆိုင်မှာပဲပေါ့။

တိတိကျကျ ပြောရရင် ဖေဖော်ဝါရီလ ၁၀ ရက်၊ အင်္ဂါနေ့ပေါ့။ သူ လေ့ကား ပေါ်က လိမ့်မကျခင် လေးရက်၊ သူ မကွယ်လွန်မီ ရှစ်ရက်ပေါ့။

ရှမ်းကန်ပွဲက ရှမ်းကန်ပိုင်ရှင် ကိုခင်မောင်ဦးက စာရေးဆရာတွေကို အထူး ဖိတ်ကြားပြီး ညှော်ခံတဲ့ မိတ်ဆုံပွဲပါ။

ကိုခင်မောင်ဦး ဆိုတာက စားသောက်ဆိုင်လောကရဲ့ အထင်ကရ တစ်ဦးပဲ။ ပထမ ပန်းဘဲတန်းမှာ ရွှေဘဲ ဖွင့်တယ်။ နောက် နန်းသီတာ ဘဲလေးနဲ့ မန္တလေးမြို့မှာ ဘဲလေးဆိုင်တွေ ထပ်ဖွင့်တယ်။ ပြီးတော့ ကန်တော်မင်္ဂလာက ရှမ်းကန်နဲ့ ကျုံးကြီး လမ်းက သင်အာ။ အခုတစ်ခါ ကန်တော်ကြီး မြေပဒေသာကျွန်းမှာ ရှမ်းကန်တစ်ဆိုင် ထပ်ဖွင့်တယ်။ သူက စာပေလောကနှင့် အကျွမ်းဝင်တယ်။ စာပေသမားတွေရဲ့ ညှော်ခံ ပွဲတွေကို အထူးစီစဉ်ပေးတယ်။ နန်းသီတာ ဘဲလေးမှာ သခင်မြသန်း ကွယ်လွန်ခြင်း အနှစ်နှစ်ဆယ်ပွဲမှာ သူ့ကို ပထမဆုံး တွေ့ဖူးတယ်။

အဲဒီညက စာရေးဆရာ လေးငါးဆယ်လောက် လာကြတယ်။ စားပွဲလေးဝိုင်းပဲ။ ကိုမြသန်းက မိမိနှင့် တစ်ဝိုင်းတည်း။ ဒါပေမဲ့ သူက မိမိတို့ဝိုင်းမှာ ကြာကြာမနေနိုင်ပါ။ အဲဒီနေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင် သူ့မှာ အခြားပွဲတစ်ပွဲ ရှိနေတယ်။ သူ့ရဲ့ လမ်းလျှောက် အဖွဲ့တွေပဲ။ သူတို့ကလည်း လူနှစ်ဆယ် အစိတ်လောက် ရှိတယ်။ မိမိတို့က အပြင်ဘက် မြက်ခင်းပြင်မှာ၊ သူတို့က ခန်းမဆောင်အတွင်းက စားပွဲရှည်ကြီးမှာ။

ကိုမြသန်း အတွင်းဘက် ဝိုင်းကို အသွားမှာ မိမိနှင့် နှစ်ယောက်တည်း စကား ပြောဖြစ်တယ်။ စကြံလမ်းပေါ်မှာ မတ်တတ်ရပ်ပြီး–

'ဟော့လူ စာမူပေးလေ'

'ဟာ…အစောကြီး ရှိသေးတယ်'

'ဘယ်စောမလဲ၊ ကနေ့ ၁၀ ရက်လေ'

'ရေးလိုက်မယ်၊ သြော် အင်္ဂလိပ်လူနာတော့ ပြီးနေပြီ'

'မနက်ဖြန် လာယူမယ်'

သို့သော် မသွားဖြစ်ပါ။ နောက်တစ်နေ့က ပြည်ထောင်စုနေ့။ ထိုနှစ်ရက်ကသာ သူ့ဆီ မိမိ သွားဖြစ်လျှင် နောက်ဆုံးအကြိမ် ထပ်ပြီး တွေ့ရဦးမည်။ ယခုတော့ ရွှမ်းကန်မှာ တွေ့ခြင်းက နောက်ဆုံး တွေ့ဆုံခြင်း။

သောကြာနေ့မှာလည်း သူ့ဆီ မသွားဖြစ်။ သွားလျှင်လည်း တွေ့မည် မဟုတ်။ သူက သောကြာနေ့မှာ ကျိုက်ထီးရိုး သွားပြီ၊ လမ်းလျှောက်အဖွဲ့တွေနှင့်။ တနင်္ဂနွေညမှ ပြန်ရောက်တယ်။

စနေနေ့တွင် ကိုမြတ်ဆွေက–

'တနင်္လာနေ့ကျရင် ဆရာမြဆီ ကျွန်တော် ဝင်ခဲ့မယ်။ အဲဒီကို ကျွန်တော် သွားစရာ ရှိတယ်'

'ကောင်းသားပဲ'

တနင်္လာနေ့တွင် မိမိ မဂ္ဂဇင်းတိုက်သို့ ရောက်ပြီး မကြာမီမှာပဲ ကိုမြတ်ဆွေ ရောက်လာတယ်။ သို့သော် သူ့ထံတွင် ကိုမြသန်း၏ စာမူ ပါမလာပါ။ သတင်းဆိုးသာ ပါလာပါတယ်။

'ဆရာမြ လှေကားပေါ်က လိမ့်ကျလို့ ဆေးရုံတင်ရတယ်'

'ဟုတ်လား၊ ရောက်ခဲ့လား'

'မရောက်ဘူး၊ ကျွန်တော် သူ့ဆီသွားမလို့ ဖုန်းဆက်တော့ သူ့အမျိုးသမီးနဲ့ပဲ ဆုံ့တယ်။ မနက်က လမ်းလျှောက်သွားမလို့ လှေကားက အဆင်းမှာ လိမ့်ကျလို့ ဆေးရုံတင်လိုက်ရတယ်။ အခုတော့ ခွဲစိတ်ခန်းထဲက ထွက်ပြီတဲ့။ သက်သာပါတယ်တဲ့'

'မဟုတ်ဘူး ကိုမြတ်ဆွေ၊ ခွဲစိတ်ခန်း ဝင်ရတယ်ဆိုရင် ဒဏ်ရာ တော်တော် ပြင်းလိမ့်မယ်။ လာ ကျွန်တော်တို့ သွားရအောင်'

ကျွန်တော်တို့ ရန်ကုန်ဆေးရုံကြီးကို သွားကြတယ်။ အဆောင် ၅–၆ ၏ အထူးကြပ်မတ် ကုသဆောင်သို့ သွားကြတယ်။

အထူးကြပ်မတ် ကုသဆောင်အဝ စင်္ကြံပေါ်မှာ မျက်နှာညှိုးငယ်စွာနှင့် ရှိနေကြတဲ့ သူ၏လမ်းလျှောက်ဖော် ဦးကိုကိုကြီးနှင့် ဦးသိန်းထွန်းတို့ကို တွေ့ရတယ်။ သူတို့ထံမှ အခြေအနေ အမှန်သိရတယ်။ ဆေးရုံ ရောက်ရောက်ချင်း ခွဲတယ်။ ဆရာဝန်ကြီးများ ကိုယ်တိုင် ကြပ်မတ်ပြီး ခွဲတယ်။ ဦးနှောက်ထဲက သွေးထွက်နေတယ်။ သွေးသွင်းထားရတယ်။ အခွင့်အလမ်းက ၇၅%၊ ၂၅% မျှသာ။ ကံတရားကိုသာ အားကိုးတော့မယ်။

ဦးကိုကိုကြီးနှင့် ဦးသိန်းထွန်းတို့က ကျိုက်ထီးရိုး ခရီးစဉ်အကြောင်းကို ပြောပြ

ကြတယ်။ ထိုခရီးတွင် ကိုမြသန်း အထူးတက်ကြွလျက် ရှိသည်ကို စိတ်မကောင်းစွာဖြင့် ပြန်ပြောကြတယ်။ ယနေ့လည်း သူတို့နှင့်အတူ လမ်းလျှောက်ရန် ရှိသည်မှ…

(င)

မိမိသည် စာပေဟောပြောပွဲများကို မလိုက်တော့သဖြင့် သူနှင့်အတူ မဟောပြောရသော်လည်း အခြားခရီးများတွင်မူ အတူသွားရတယ်။ ပြီးခဲ့တဲ့ မေလတုန်းက မြစ်ကြီးနား ဥတ္တရလမင်း စာပေအဖွဲ့က စီစဉ်ပေးလို့ ဖားကန့်ကို အတူသွားခဲ့ကြရတယ်။

ဒီနှစ်မှာလည်း ခရီးနှစ်ခု သွားဖို့ ရှိတယ်။

ဖားကန့်ကို သွားတုန်းက မိမိနဲ့ ကိုမြသန်းက မြန်မာပြည်အရှေ့မြောက်ဖျား ဆဒုံးဆံမားကို သွားချင်တယ်ဆိုလို့ ဥတ္တရလမင်း ကိုသန်းဆွေက ခရီးအစီအစဉ် လုပ်ထားပါတယ်။ အချိန်ဇယားတောင် အကြမ်းဖျင်း ဆွဲထားပြီးနေပြီ။

နောက်တစ်ခုက မော်လမြိုင်။

၁၉၉၁ ဖေဖော်ဝါရီတုန်းက မော်လမြိုင် ခရစ်ယာန် အနာကြီးဆေးရုံက ဖိတ်ကြားလို့ မိမိ၊ မြသန်းတင့်၊ ကျော်အောင်၊ မောင်သွေးသစ်တို့ မော်လမြိုင်နဲ့ ဘီလူးကျွန်းကို သွားခဲ့ကြတယ်။ အခုလည်း အဲဒီ ဆေးရုံ ရာပြည့် အထိမ်းအမှတ်အတွက် ဖိတ်ထားလို့ မိမိတို့ သွားဖို့ စီစဉ်ထားကြတယ်။ ဖေဖော်ဝါရီနဲ့ မတ်ကို အကြမ်းဖျင်း သတ်မှတ်ထားကြတယ်။

အခုတော့ သူတစ်ယောက်တည်း ခရီးရှည်ကြီးတစ်ခုကို သွားနှင့်ချေပြီတည်း။

[ နွယ်နီ၊ မေ၊ ၁၉၉၈ ]

# မိမိ နှင့် နေသွေးနီ

(က)

ောင်သစ်က ပြောသည်။ သို့မဟုတ် ပြောခဲ့သည်။ သို့မဟုတ် ပြောခဲ့သည်ဟု မိမိ ာ်မိနေသည်။ ချယ်ရီမှာပဲ ဖြစ်သည်။ မနှစ်ကလား၊ တမြန်နှစ်ကလားပဲ။ စကားလုံး အတိအကျတော့ မဟုတ်။ သို့သော် သူ ပြောသည့်သဘောက စာပေဟောပြောပွဲ ခရီးသွား ဆောင်းပါးများသည် မျက်စပစ် စာပေတဲ့။ နောင်နှစ်၊ နောင်နှစ်များတွင် အခြားသော၊ အခြားသော မြို့များက ဖိတ်ကြားစေရန် မျက်စပစ်ထားခြင်း တဲ့။

သို့သော် နေသွေးနီအကြောင်းကို ဟောပြောပွဲကပဲ စ ရပေမည်။ မကောင်းသူ သိပ်၊ ကောင်းသူထိပ်တော့ မဟုတ်ပါ။

ပြောရမည်ဆိုလျှင် ယခုတလော စာမရေးချင်ပါ။ စာရေးရတာ ပင်ပန်းသည်။ စာရေးရတာ ဝန်လေးသည်။ အကြောင်းတွေကော့ အများကြီး ရှိသည်။ သို့သော် ရေးနေ နေသည်။ စာရေးခြင်းအလုပ်ကို မိမိ မစွန့်လွှတ်နိုင်ပါ။ လွန်ခဲ့သော နှစ်ပေါင်း ၃၅ နှစ် ကတည်းက မိမိ ဝါသနာပါ၍၊ ယုံကြည်၍ လုပ်ခဲ့သောအလုပ် ဖြစ်သည်။

ထို့အတူပင် ယခုတလော မဟောချင်ပါ၊ မပြောချင်ပါ။ ဟောပြာပွဲရာသီ ကုန် ဆုံးသွားလျှင် နောက်နှစ်တော့ မလိုက်တော့ဟု စိတ်ကူးမိသည်။ သို့သော် ကြွေးကျန်

နေသွေးနီ ( ၁၉၃၀–    )



ကလေးတွေ ရှိနေသဖြင့် ဆုံးဖြတ်ချက် မချနိုင်ပါ။ ကြွေးဆိုသည်က သည်လိုပါ။ အချို့သော စာပေမိတ်ဆွေများ၊ အချို့သောမြို့များက ဖိတ်ခေါ်သည်ကို လက်ခံခဲ့သည်။ သို့သော် ရက်မကိုက်၍၊ မအားလပ်၍ ပျက်ကွက်ခဲ့ရသည်များ ရှိသည်။ ယင်းတို့သည် ကြွေးကျန်များ ဖြစ်နေသည်။ နောက်နှစ်များတွင် ဆပ်နေရသည်။

သည်နှစ်လည်း ကြွေးကျန်များ ရှိနေသေးသဖြင့် ကြွေးဆပ်ရဦးမည်ကို သိသည်။ ထင်ထားသည့် အတိုင်းပင် တစ်နံနက်တွင် နွယ်နီလမ်း နေအိမ်သို့ လူတစ်ယောက် ရောက်ရှိလာသည်။ မောင်မြေကြီး (ပန်းတောင်း) ဖြစ်သည်။ ပထမဆုံးအကြိမ် ပန်းတောင်း ဟောပြောပွဲများ စီစဉ်ကတည်းက မိမိ လိုက်ပါဖို့ ဖြစ်သည်။ ကတိပေးပြီး ဖြစ်သည်။ သို့သော် မဂ္ဂဇင်းကိစ္စများ မပြီးသေးသဖြင့် မလိုက်နိုင်ခဲ့။ နောက်နှစ်များတွင်လည်း တစ်ကြောင်းမဟုတ် တစ်ကြောင်းဖြင့် ပျက်ကွက်ခဲ့ရသည်။ သည်နှစ် ပန်းတောင်းခွင်ကို ရွှေတောင်က စမည် ဖြစ်သည်။ ရွှေတောင်ကလည်း ကြွေး ပူပူနွေးနွေး ဖြစ်သည်။ မနှစ်က လိုက်ပါရန် ကြေညာပြီးမှ ပျက်ကွက်ခဲ့ရခြင်း ဖြစ်သည်။

ယခုအခါတွင် မိမိ၌ မဂ္ဂဇင်းတာဝန်များ မရှိတော့သဖြင့် သူတို့ဘက်က အပိုင်ဟု တွက်ထားသည်။ မိမိ အလုပ်ပြုတ်သည်ကို ဝမ်းသာသူများထဲတွင် သူတို့လည်း ပါဝင်သည်။ မိမိ အလုပ်ပြုတ်သည်ကို မိမိထံမှ စာမူလိုချင်သူများနှင့် မိမိကို ဟောပြောပွဲ ဖိတ်ချင်သူများက ဝမ်းသာကြသည်။ မိမိ၏ မိတ်ဆွေများကလည်း ဝမ်းသာကြပါသည်။

ထားတော့။ မောင်မြေကြီး ပြောပါ။ ရွှေတောင်မှာ နှစ်ပွဲ။ ထို့နောက် ထုံးဘို၊ ကွင်းလှ ကပစ ၅၊ ကပစ ၆၊ ဥသျှစ်ပင်၊ ပန်းတောင်း၊ ဆင်တဲ၊ တောင်ကုတ်၊ သံတွဲ။ ၁၁ ရက်ခရီး၊ ၁၁ ပွဲ ပြောရမည်။ တချို့နေရာများတွင် နေ့ပွဲ ညပွဲ နှစ်ပွဲပြောရမည်။

မြတ်စွာဘုရား သေရချည်ရဲ့။ ငယ်ငယ်တုန်းကတော့ တစ်နေ့ နှစ်ပွဲ ဟောရသည်မှာ အကြောင်းမဟုတ်။ ရက်ရှည်ကြီး နေ့စဉ်ဆက်တိုက် ဟောရသည်မှာ အကြောင်းမဟုတ်။ ယခုမူ မိမိသည် ငါးဆယ်ကျော်ချေပြီ။ မကြာမီ ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်၊ ရှစ်ဆယ်ကျော်...။

သို့သော် ရှိစေတော့။ မောင်မြေကြီး ပြောပါဦး။ ဘယ်သူတွေနှင့် သွားရမလဲ။ ဆရာသော်တာဆွေ၊ နေသွေးနီ။

မြတ်စွာဘုရား၊ ဘယ်လို ပြောရမလဲ။

တချို့က မိမိတို့မှာ ဂိုဏ်းရှိသည်ဟု ဆိုသည်။ အုပ်စု ရှိသည်ဟု ဆိုသည်။ ကိုယ့်လူမှ ကိုယ်သွားသည်ဟု ပြောကြသည်။

မိမိတို့ လူရွေးသည်တော့ အမှန်ပင်။ မည်သူနှင့် မသွားချင်၍ မဟုတ်ပါ။ မည်သူနှင့် မတည့်၍ မဟုတ်ပါ။ မည်သူနှင့် မတွဲနိုင်၍ မဟုတ်ပါ။ သို့သော် စီစဉ်သည့်ဘက်ကလည်း ငွေကုန်ကြေးကျခံကာ၊ လူပန်း စိတ်ပန်းခံကာ စီစဉ်ကြရသည်။ ပရိသတ်ကလည်း

မှော်လင့်ခြင်းကြီးစွာဖြင့် လာရောက်နားထောင်ကြသည်။ မိမိတို့ကလည်း အလုပ်အကိုင်များကို ဖျက်ကာ ခရီးကြမ်းကြမ်း၊ ခရီးပန်းပန်းကို သွားကြရသည်။ အားလုံး အဆင်ပြေလျှင် အားလုံးအတွက် ကောင်းပါသည်။ တစ်စုံတစ်ရာ အဆင်မပြေလျှင် အားလုံး စိတ်ဆင်းရဲကြရပါသည်။ အတူတကွ ခရီးသွားလာကြသည့် နေရာတွင် တစ်ယောက်အကြောင်း တစ်ယောက်သိလျှင်၊ တစ်ယောက်နှင့်တစ်ယောက် အပေးအယူသင့်လျှင် အများကြီး ကောင်းပါသည်။ သို့မဟုတ် တစ်ယောက်ယောက်က နှောင့်နေလျှင် အားလုံး စိတ်ဆင်းရဲရပါသည်။

ကောင်းပြီ ယခု။

ဆရာသော်တာဆွေ။ မြင်ဆရာတစ်ဦး ဖြစ်သည်။ လူချင်း သိသည်။ သို့သော် သိပ်ပြီး မရင်းနှီးပါ။ ခရီးအတူ တစ်ခါမျှ မသွားဖူးပါ။ ဟောပြောပွဲအတူ တစ်ခါမျှ မသွားဖူးပါ။ ဆရာ့အကြောင်း၊ ဆရာ ရေးတာတွေ ဖတ်ဖူးသည်။ သူများတကာပြောတာ ကြားဖူးသည်။ သို့သော် ကိုယ်တွေ့ တစ်ခုမျှ မရှိပါ။ ကောင်းပြီ။ သွားကြည့်မည်။ ဆရာကြီးတွေ အသက်ထင်ရှား ရှိစဉ် နည်းနာ ခံထားရမည်။

ဟုတ်ပြီ။ နေသွေးနီကော။

(၁)

နေသွေးနီအကြောင်း ဘာပြောရမည်နည်း။

နေသွေးနီက မိမိအတွက် ပြဿနာတစ်ခုပင် ဖြစ်သည်။ "မိမိနှင့် စာရေးဆရာများ" အကြောင်း ရေးသားရာတွင် ရေးသင့်၊ မရေးသင့် ချိန်ဆနေသူများ ရှိသည်။ သူတို့အကြောင်း ရေးလည်း ရေးချင်သည်၊ ရေးလည်း မရေးချင်။ ထိုအထဲတွင် နေသွေးနီလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

သူနှင့်က အများကြီး ခင်မင်ရင်းနှီးသည်ဟုလည်း ပြောနိုင်သည်။ မိမိ ရန်ကုန်ရောက်ကတည်းက ကာလအတန်ကြာသည်အထိ အတူနေခဲ့သူတစ်ဦး ဖြစ်သည်။ ထို့အတူပင် သူနှင့်မိမိ မခေါ်မပြောဘဲ နေခဲ့သည့် အချိန်တွေကလည်း အများကြီးပင် ဖြစ်သည်။ တစ်ခါမက နှစ်ခါမကပင်။

သို့သော် လက်ရှိအခြေအနေတွင် သူနှင့်မိမိ အခေါ်အပြော ရှိနေသည်။ သို့မဟုတ် နောက်ဆုံး တွေ့ကြသည်အထိ အခေါ်အပြော ရှိနေသည်။ မိမိ၏ မဂ္ဂဇင်းတိုက်သို့ သူ လာသည်။ ထုံးစံအတိုင်းပင် အကြာကြီးတော့ မဟုတ်။ ခဏတစ်ဖြုတ်ပင်။ ကဗျာ ပေးသည်။ ဆောင်းပါးပေးသည်။ စာပေစိစစ်ရေးနှင့် မလွတ်ကင်းသည်ဟု ထင်ရသည်များကို သူနှင့် ဆွေးနွေးသောအခါ သူ လက်ခံသည်။

'ကိုရင် ကောင်းသလိုသာ ကြည့်လုပ်ပါ၊ ဖြတ်ချင်တာ ဖြတ်ပါ'

သူ ခွင့်ပြုသည်။

မိမိက သူ့ကို တစ်ခါတစ်ရံတွင် မောင်ရင်ဟု သုံးသလို၊ သူက မိမိကို ကိုရင်ဟု သုံးသည်။ မိမိကို ကိုရင်ဟု အခြား ခေါ်ဝေါ်သူနှစ်ဦးမှာ ဦးသော်ဇင်နှင့် ဌေးဥဒေါင်းတို့ ဖြစ်သည်။ သို့သော် များသောအားဖြင့် မိမိက သူ့ကို "နေသွေး"ဟု ခေါ်ပြီး သူက မိမိကို "ပရာနတ်"ဟု ခေါ်လေ့ ရှိပါသည်။

မိမိ မဂ္ဂဇင်းနှင့် ကင်းကွာပြီး တစ်လခန့်အကြာတွင် သူနှင့် ပလက်ဖောင်းပေါ်တွင် တစ်ကြိမ် တွေ့သည်။ အနော်ရထာလမ်းနှင့် ၃၄ လမ်းထောင့်တွင် ဖြစ်သည်။ သူက ၃၃ လမ်းဘက်မှ လာခြင်းဖြစ်သည်။ သူက ထုံးစံအတိုင်း စိုက်တိုက်စိုက်တိုက်၊ ဖားယားဖားယားနှင့် လျှောက်လာရာမှ မိမိကို အနီးကျမှ ရုတ်တရက် တွေ့မြင်ပြီး...

'ခင်ဗျား ဘာလုပ်နေသလဲ'

'စာရေးနေတယ်'

'ကောင်းတယ်'

သူ နောက်ထပ် ဘာမျှမပြောဘဲ ထွက်သွားသည်။

ဝမ်းသာကြသည့် မိတ်ဆွေများထဲတွင် သူလည်း အပါအဝင် ဖြစ်လိမ့်မည်ဟု ယူဆရသည်။

ကောင်းပြီ။ သူနှင့် ၁၁ ရက် ခရီး အတူသွားကြည့်မည်။ သည်မှာ သူနှင့် ဘာတွေ ပြောဖြစ်မည်နည်း။

သူ ဘာတွေပြောင်းလဲပြီး ဘာတွေမပြောင်းလဲဘဲ ကျန်ရှိနေမည်နည်း။ လွန်ခဲ့သော ၃၅ နှစ်ခန့်က နေသွေးနီနှင့် ယခု နေသွေးနီကို ကြည့်ရမည်။

ဟိုတုန်းကတော့ ...

(ဂ)

နေသွေးနီကို ဘရွတ်ကင်းလမ်း (ဘိုကလေးဈေးလမ်း) စုံထောက်မဂ္ဂဇင်းတိုက်မှာပင် တွေ့ရှိရသည်။ သည်တုန်းက မိမိက လင်းယုန်သစ်လွင်အိမ်မှာနေပြီး၊ သူက ကိုတင်စိုးအိမ်မှာ နေသည်။ သူလည်း ကျားကူးကွက်သစ် လင်းယုန်သစ်လွင်အိမ်မှာ နေဖူးသည်။ သူက မိမိ အရင် ရန်ကုန် ရောက်ရှိနေသူတစ်ဦး ဖြစ်သည်။ သူက ရမည်းသင်းခရိုင်မှ ဖြစ်သော်လည်း ပျဉ်းမနားကဟု လူသိများသည်။ ပဲခူးမှာလည်း သူ့အမျိုးတွေ ရှိသည်။ ပဲခူးကို မိမိ မရောက်ဖူးဟု ဆိုသဖြင့် မိမိကို သူ ခေါ်သွားသည်။ ပဲခူးတွင် ညအိပ်ညနေ နေကြသည်။ မိမိ ရန်ကုန်ရောက်ပြီး မကြာမီမှာပင် ဖြစ်သည်။ သို့ဖြင့် ရန်ကုန်တွင် မိမိနှင့် ပထမဆုံး ခရီးအတူ ထွက်ဖူးသူမှာ သူပင် ဖြစ်တော့သည်။ သည့်နောက်တွင်မှ ကိုတင်စိုးနှင့် လက်ပံတန်းသို့ မိမိ သွားဖူးခြင်း ဖြစ်သည်။ သည့်နောက်တွင်မှ တင့်ဆန်း၊

တင့်ထူးတို့နှင့် သန်လျင်၊ ကျောက်တန်းသို့ သွားဖူးခြင်း ဖြစ်သည်။ သည့်နောက်တွင်မှ ဦးဘဝင်းနှင့်အတူ ဖျာပုံသို့ သွားခြင်းဖြစ်သည်။ သည့်နောက်တွင်မှ ဒဂုန်တာရာ၊ တင်စိုးနှင့်အတူ လှိုင်မြို့ဟောင်းသို့ သွားဖူးခြင်း ဖြစ်သည်။ ယင်းတို့မှာ ၁၉၅၅ တစ်ဝိုက်က ဖြစ်သည်။ ကိုယ်ပိုင် ခရီးသွား ဖြစ်သည်။

၁၉၅၈ ကျော်မှ စာပေဟောပြောပွဲ ခရီးများ စ သည်။ ထိုစဉ်က မြစ်ဝကျွန်းပေါ်ကို အသွားများကြသည်။ ထိုအခါ မိမိသည် သူနှင့်အတူ မြို့တော်တော်များများသို့ အကြိမ် တော်တော်များများ သွားရောက်ခဲ့ရပါသည်။

ထိုမျှမကပါ။ **စုံထောက်**မဂ္ဂဇင်း အယ်ဒီတာအဖွဲ့သို့ မိမိက အလျင်ဝင်ရောက်သည်။ ၁၉၅၃ ခုတွင် ကျောင်းသားကိစ္စဖြင့် မိမိ အဖမ်းခံရသည်။ မိမိ လွတ်လာသောအခါ သူ့ကိုလည်း အယ်ဒီတာ အဖွဲ့မှာ တွေ့ရသည်။ မိမိတို့ အလုပ်အတူ လုပ်ကြရသည်။ စာအတူ ရေးကြရသည်။

စာ အတူရေးကြသည် ဆိုခြင်းမှာ တကယ်ပင် ဖြစ်သည်။ တစ်စားပွဲတည်းတွင် ဖြစ်သည်။ ဘရွတ်ကင်းလမ်း (ဘိုကလေးဈေးလမ်း) အမှတ် ၂၉ တွင် ရှေ့ပိုင်း၌ စားပွဲကြီး နှစ်လုံးဆက်ပြီး ချထားသည်။ စားပွဲ၏ ဟိုဘက်သည်ဘက်တွင် ကုလားထိုင်တွေ ရှိသည့်အခါလည်း ရှိသည်။ ခုံတန်းရှည်တွေ ရှိသည့်အခါက များသည်။ မိုးဝေ၊ တင့်ဆန်း၊ နေသွေးနီနှင့် မိမိတို့သည် ထိုစားပွဲနှစ်လုံးမှာပင် မျက်နှာချင်းဆိုင် ထိုင်ကြပြီး ပရုဖ် ပြင်ကြသည်။ ဒမ္မီချကြသည်။ စာရေးကြသည်။ ဧည့်သည်များကို လက်ခံစကားပြောကြသည်။

သူသည် ပင်မအားဖြင့် ကဗျာဆရာ ဖြစ်သော်လည်း စကားပြေများကိုလည်း ရေးသားလျက် ရှိသည်။ ထိုအချိန်က သူလည်း မိမိတို့လိုပင် **ဓော်ပြင်စာပေ** ဦးဆန်နီထံ၌ နေ့စဉ် စာမူပေး၊ နေ့တွက်ယူစနစ်ဖြင့် လုံးချင်းဝတ္ထုများ ဘာသာပြန်လျက် ရှိပါသည်။

သူသည် အမြဲတမ်း လှုပ်လှုပ်ရှားရှား ရှိနေတတ်သလို စာရေးသည့် နေရာတွင်လည်း အင်မတန် မြန်ပါသည်။ လက်ရေးမြန်ခြင်းကို ဆိုလိုပါသည်။ သူ့ကို ကြည့်ရသည်မှာ ကဗျာရေးလျှင် ဖြစ်စေ၊ စကားပြေရေးလျှင် ဖြစ်စေ တရစပ် ရေးချသွားတတ်ပါသည်။

ရေးသင့် မရေးသင့်တော့ မသိပါ။ အရေးမှားလျှင် ခွင့်လွှတ်ပါ။ ယဉ်ယဉ်တုန်းက အကြောင်းတစ်ခုပဲ ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်မှာ ဖြစ်သည်။ ကဗျာဝါသနာပါသော လူငယ်များက သူ့ထံတွင် ကဗျာတောင်းကြသည်။ သူက ချက်ချင်းပင် ရေးစပ်ပေးပါသည်။ တစ်ခါတစ်ရံ တစ်ထိုင်တည်းနှင့် ကဗျာအပုဒ် နှစ်ဆယ်၊ အစိတ်အထိပင် ရေးစပ်ဆးပါသည်။ မိမိတို့က ကဗျာတစ်ပုဒ် လက်ဖက်ရည်တစ်ခွက်ဟုပင် နောက်ပြောင်ခဲ့ကြပါသည်။ သို့သော် သူ၏ကဗျာများ ကောင်းပါသည်။ သူ၏ ကဗျာများ အားလုံးလောက်ပင် ကောင်းပါသည်။ သူ့ကဗျာများက သွက်သည်၊ အားမာန် ရှိသည်။ သို့သော် သူ၏

စကားပြေကို မိမိ မကြိုက်ပါ။ သူ့ကို ကဗျာဆရာဟုသာ မြင်ပါသည်။ စကားပြေသမား အဖြစ် မမြင်မိသေးပါ။

သူသည် စာအရေးမြန်၏။ ဒေါမာန်ရှိသလို လူကလည်း အမြဲတမ်း လှုပ်ရှားလျက် ရှိတတ်ပါသည်။ စကားပြောလျှင် မြန်သည်၊ အားပါသည်၊ ဒေါရှိသည်။

မိမိသည် သူနှင့် နှစ်ပေါင်းများစွာ အတူနေ၊ အတူစား၊ အတူသွားဖြင့် စာပေကိစ္စ၊ ကျောင်းသားလှုပ်ရှားမှုကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ဆောင်ရွက်ရာတွင် သဘောတူညီသည်များ ရှိသလို သဘောမတူညီသည်များလည်း ရှိခဲ့ပါသည်။ ရံဖန်ရံခါ တွင် အကြိတ်အနယ် ငြင်းခုံကြရပါသည်။ ရံဖန်ရံခါတွင် မခေါ်မပြောဘဲပင် ရှိကြရပါသည်။

သို့သော် နောက်ဆုံးတစ်ခု ပြောရမည်ဆိုလျှင် ယနေ့ နေသွေးကို ကြည့်ရသည်မှာ ဟိုအရင် အနှစ်သုံးဆယ်ကျော်က အတိုင်းပင်ဟု မိမိ စိတ်ထဲတွင် ထင်နေပါသည်။

[ ရှယ်ရီ၊ ဖေဖော်ဝါရီ၊ ၁၉၈၆ ]

# မိမိ နှင့် သော်တာဆွေ

(က)

အမှန်အတိုင်း ဝန်ခံရလျှင် ဆရာသော်တာဆွေနှင့် ခရီးတစ်ခုတည်း အတူ သွားဖူးချင်သည်။ သွားရမှာလည်း ကြောက်နေသည်။

အကြောင်းမှာ သူ့အကြောင်းကို သူရေးသည့် စာတွေထဲမှာလည်း ဖတ်ဖူးသည်။ ဟိုလူ သည်လူတွေ ပြောကြတာတွေကိုလည်း ကြားဖူးသည်။ သူ့စာထဲမှာ ဘာတစ်ခုမှ မထိမ်ဝှက်။ သူက ကြက်လည်း တိုက်တတ်သည်။ ဟိုလိုသည်လို မိန်းမတွေနှင့်လည်း ပတ်သက်ဖူးသည်။ အရက်လည်း သောက်တတ်သည်။

ထပ်ပြီးပြောရလျှင် သူက အရက်သောက်လျှင် မူးတတ်သည်။ အရက်ကို မူးအောင် သောက်တတ်သည်။ အရက်မူးလျှင် ပြဿနာတွေ ဖြစ်တတ်သည်။ ရိုက်ရန်ဖြစ်ပွားတတ်သည်။ ပြီးတော့ သူက ပေါင်းတည်သားဟု ဆိုထားသည် မဟုတ်လား။

သော်တာဆွေ ( ၁၉၁၉–၉၅ )



မိမိက အရက်သောက်တတ်သော်လည်း အရက်မူးသမားကိုတော့ အင်မတန်ကြောက်သည်။ မည်သည့်အချိန်မှာပဲဖြစ်ဖြစ် အရက်မူးနေသူနှင့် တွေ့လျှင် ဝေးဝေးက ရှောင်သည်။ တတ်နိုင်သမျှ မပတ်သက်အောင် နေသည်။ မိမိနှင့်အတူ သောက်သူများ မူးပြီး ဂျိကျလျှင် အင်မတန် စိတ်ညစ်သည်။ စကားများ ရန်ဖြစ်ကြလျှင် ပိုပြီး စိတ်ညစ်သည်။ ဝိုင်းနှင့် သောက်ရမည်ကို ကြောက်သွားသည်။ သို့သော် မိမိက တစ်ယောက်တည်းလည်း မသောက်တတ်။ အဖော်အပေါင်း အသိမိတ်ဆွေများနှင့် ဟိုအမြည်း သည်အမြည်း စားရင်း၊ စကားစမြည်ကလေး ပြောရင်းသာ မမူးအောင် သောက်ချင်သည်။

အမှန်တော့ မိမိ အရက်သောက်ဖြစ်နေခြင်းမှာလည်း ကိုမိုးဝေနှင့် အတူလိုက်ပါပြီး အမြည်းစားရာမှ စ သည်။ အရက်သမားများ၏ ထုံးစံအတိုင်းပင် ကိုမိုးဝေက 'နည်းနည်းတော့ သောက်ဗျာ၊ နည်းနည်းကလေးပါ။ မမူးပါဘူး၊ စားလို့သောက်လို့ကောင်းတာပေါ့' ဟု ဇာတ်သွင်းသည်။

ယင်းသို့ဖြင့် မော့ဝီစကီ ပက်ဝက်ကို ဆိုဒါ ဖန်ခွက်အပြည့်ရောပြီး သောက်ရာမှ ဇာတ်လမ်း စတင်ခဲ့သည်။ သို့သော် မိမိသည် သူများတွေ အရက်မူးသည်ကို ကြောက်သည့် ထုံးစံအတိုင်း သူတို့တွေ မူးကြသည်အထိ ဝိုင်းမှာ ကြာကြာမနေ။ မိမိလည်း ဗိုက်ထဲမှာ အတော်ကလေး တင်းသွားပြီ၊ ဝိုင်းထဲမှာလည်း အတော်ကလေး စီညံလာပြီဆိုလျှင် မိမိ လစ်တော့သည်။

၁၉၆၀ တစ်ဝိုက်က ကိုမိုးဝေနှင့် ပတ်သက်သော ဝိုင်းများတွင် ဆရာတင့်တယ်၊ ဆရာသော်တာဆွေ၊ ဆရာမင်းရှင်၊ ဆရာသန်းဆွေ၊ ဆရာနန္ဒမိတ်တို့နှင့် ကြုံရဆုံရပါသည်။ သို့သော် လူများပြီး ဝိုင်းကြီးလာလျှင် မိမိ ပြန်စမြဲ ဖြစ်သည်။ သူတို့ ဘယ်အချိန်မှ ပြန်ကြသည်ကို မိမိ မသိတော့။ သူတို့ ဘာဖြစ်ကြသည်ကို မိမိ မသိတော့။ နောက်တစ်နေ့ နံနက်ကျမှသာလျှင် သတင်းစကားများ ပြန်ပြီး ကြားရသည်။ သည်တော့မှ ပြုံးရသည်၊ ရယ်ရသည်၊ ရင်တမမ ရှိရသည်။

ယင်းကြောင့်ပင် မိမိသည် သူနှင့် လူချင်း သိကျွမ်းရုံမျှသာရှိပြီး ရင်းနှီးခြင်း မရှိခဲ့ပါ။

## (ခ)

သို့သော် သူ့စာများကိုကား မိမိ ကောင်းစွာရင်းနှီးပါသည်။ **ရှုမဝ**အစုတွင် မိမိအကြိုက်ဆုံး စာရေးဆရာနှစ်ဦးမှာ ဆရာတင့်တယ်နှင့် ဆရာသော်တာဆွေပင် ဖြစ်သည်။ သူတို့၏ စာတွေကို အားလုံးလောက်ပင် ဖတ်ဖူးသည်။ ယနေ့အထိလည်း **ရှုမဝ**ကို တွေ့လျှင် ဆရာသော်တာဆွေ၏ "ကျွန်တော့်ဘဝ ဇာတ်ကြောင်း" ကို အရင်ဆုံး ဖတ်မိသည်။

သူ့စာတွေထဲတွင် မိမိနှင့် သဘောချင်း မတိုက်ဆိုင်သည်များ၊ မိမိ မကြိုက်သည်များ ပါရှိသည်။ သို့သော် ဆရာ့စာများကို မဖတ်ဘဲကလည်း မနေနိုင်ပါ။

မြန်မာနိုင်ငံတွင် ယခုအခါ စာရေးဆရာဆိုသူတွေ တော်တော်များသည်။ အချို့ ငးည်း အတော်ကလေးပင် နာမည်ကြီးနေကြသည်။ ကလောင်ဟောင်းတွေလည်း ပါသည်။ ကလောင်သစ်တွေလည်း ပါသည်။ သို့သော် မြန်မာစာတတ်သူများကား တော်ဆော်ကလေးပင် နည်းပါသည်။

သူက မြန်မာစာတတ်သည်။ မြန်မာစာ အရေးအသား ကျွမ်းကျင်နိုင်နင်းသည်။ ပြီးတော့ စာရေးတတ်သည်။ သူ ပြောချင်တာကို ပရိသတ် နားလည်အောင်၊ စိတ်ဝင်စားအောင် ပြောတတ်သည်။

သည်လိုပုဂ္ဂိုလ်မျိုး တစ်ယောက်ကို ခင်မင်ရင်းနှီးနိုင်ဖို့ အခွင့်အလမ်း ရှိပါလျှင်၊ ခင်မင်ရင်းနှီးခြင်း မရှိဟု ဆိုလျှင် မိမိအနေနှင့် အခွင့်အရေးတစ်ခု ဆုံးရှုံးခြင်းပင် ဖြစ်ပေလိမ့်မည်။

သို့ဖြင့် မိမိသည် သူနှင့်အတူ ခရီးသွားရန် ဆုံးဖြတ်မိခြင်း ဖြစ်သည်။ ရွှေတောင်၊ နေတောင်း၊ တောင်ကုတ် စာပေဟောပြောပွဲခရီးကို လိုက်ပါရန် ကတိပေးလိုက်ခြင်း ဖြစ်သည်။

သို့သော် ရင်ထဲမှာတော့ လေးနေသည်။

(၈)

အလုပ်တွေကလည်း ဘယ်တော့မှ အားသည်မရှိပါ။ မဂ္ဂဇင်းအလုပ် မရှိသောအခါ စာရေးသည့်အလုပ်က ပိုပြီး များလာသည်။ ရေးချင်သည်များနှင့် ရေးစရာများကို အကွက်ညည်အောင် မရေးနိုင်ဘဲ ရှိနေသည်။

ပြီးတော့ ခရီးကလည်း ပန်းနေပြီ ဖြစ်သည်။ မောင်နေဝင်း၊ မင်းကျော်တို့နှင့် ကြခင်းဟောပြောပွဲ သွားသည်။ လေးပွဲ ဟောရသည်။ ကြခင်းမှအပြန်တွင် ဘာသာပြန်ဝတ္ထု လုံးချင်းတစ်ပုဒ်ကို ပန်းတောင်းခရီး မတိုင်မီတွင် အပြီးသတ်မည် စိတ်ကူးသည်။ သို့သော် ချစ်စံဝင်း၊ မင်းကျော်တို့နှင့်အတူ တောင်သာသို့ လိုက်ပါသွားရပြန်သည်။ သည်မှာလည်း လေးပွဲ ဟောရသည်။ ခရီးကလည်း နည်းနည်းလေး ကြမ်းသည်။

ပို၍ဆိုးသည်ကတော့ ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်က ထွက်သွားသည်။ ရန်ကုန်သို့ ၁၂ ရက်နေ့ည ၁၀ နာရီတွင်မှ ပြန်ရောက်သည်။ နောက်တစ်နေ့နံနက် ၁၁ နာရီတွင် ပန်းတောင်းခရီးကို ပြန်ထွက်ရသည်။ နောက်ပြီးတော့ သည်ခရီးက အရှည်ကြီး ဖြစ်သည်။ နှစ်ပတ်လောက် ကြာမည်။

တိတိကျကျ ပြန်တွက်လိုက်တော့ ၁၃ ရက်တိတိ ကြာသည်။ ၁၃ ရက်နေ့မှာ ဆေး ၈ ထွက်ရသည်။ ၁၃ နှစ်ထပ်ကွမ်း ဖြစ်သည်။

သည်တော့လည်း အစွဲအလမ်း ရှိသူများဘက်က ကြည့်လျှင် ပြဿနာ ဖြစ်ရမည်မှာ မဆန်းပါ။

သို့သော် မိမိနှင့် သော်တာဆွေအဖို့မူ သည်ခရီးသည် အမှတ်တရပင် ဖြစ်တော့သည်။ တစ်သက်တွင် ဘယ်တော့မှ မေ့နိုင်ကြမည် မဟုတ်ပါ။

မိမိတို့နှစ်ယောက်သည် ထန်းပင်ပေါ်တွင်လည်း အတူတက်ပြီး ထန်းရည်သောက်ခဲ့ကြသည်။ ကားမှောက်ပြီး သေမလိုလည်း ဖြစ်ခဲ့ကြရသည်။

(ဃ)

စကတည်းကပင် တလွဲတချော်ကလေး ဖြစ်သည်။ ပထမက ဤခရီးကို မိမိ၊ သော်တာဆွေ၊ နေသွေးနီ ဟု နားလည်ခဲ့သည်။ ယင်းကြောင့်ပင် မိမိနှင့်နေသွေးနီ ဟူသောဆောင်းပါးကိုပင် ကြိုပြီးရေးခဲ့သည်။ သို့သော် တောင်သာမှ ပြန်ရောက်မှ အကြောင်းကိစ္စတစ်ခုကြောင့် နေသွေးနီ မလိုက်နိုင် ဆိုသည်ကို မိမိ သိရသည်။ သူ့အစား အီကြာကွေး ဟု ဆိုသည်။

ကောင်းသည်။ အီကြာကွေးနှင့် မိမိ ခရီးတစ်ခါ သွားဖူးသည်။ ကြာပြီ။ ၁၉၇၂ ခုနှစ်က ရှမ်းပြည်မြောက်ပိုင်းသို့ ဖြစ်သည်။ ယခု ၁၃ နှစ်ကြာမှ ဒုတိယအကြိမ် ပြန်လည်တွဲမိခြင်း ဖြစ်သည်။

သို့သော် တကယ့် တကယ်ကျတော့ အီကြာကွေးပင် ကျန်ရစ်တော့မလိုဖြစ်သည်။ မိမိတို့ကို လာကြိုသည့်ကားက မကောင်းပါ။ ကားသမားကလည်း အမောင်းမကျွမ်းကျင်ပါ။ သို့ဖြင့် ရန်ကုန်ဘူတာကြီးသို့ မိမိနှင့် သော်တာဆွေ ရောက်ရှိသွားသောအခါ ၁၂ နာရီ ၃၀ ရှိနေပြီ။ ရထားက ၁ နာရီ ထွက်မည်။ ဤအချိန်ကျမှအီကြာကွေးကို တောင်ဥက္ကလာကို သွားခေါ်လျှင် မီစရာ မရှိတော့ပါ။ သို့ဖြင့် လာကြိုသူက မိမိတို့နှစ်ယောက်ကို ရထားပေါ် တင်လွှတ်လိုက်ပြီး သူနှင့်အီကြာကွေး ဘတ်စ်ကားဖြင့် ပြည်ကို လိုက်ခဲ့ပါမည်ဟု ဆိုသည်။ သို့သော် သုံးဆယ်ဘူတာသို့ ရောက်ရှိသောအခါ မိမိတို့ကို စောင့်ကြိုနေသော အီကြာကွေးကို တွေ့ရသည်။ သူက လက်ပံတန်းကားဖြင့် ရထားကို အမီလိုက်လာခြင်း ဖြစ်သည်။ သည်တော့မှ ရထားပေါ်မှာ လူစုံတက်စုံဖြစ်သွားသည်။ တစ်ခု စိတ်အေးသွားရသည်။ သည်တော့မှ သူ့ကို မိမိ အင်မတန်မေးလိုသော မေးခွန်းတစ်ခုကို မရဲတရဲဖြင့် မေးရသည်။

'ကိုဆွေ အခု ဖြတ်ထားသလား'

'ခရီးသွားရင်တော့ သောက်ပါတယ်'

ဟိုက် ...။

'ခင်ဗျားနဲ့လည်း အဖော်ရှိလို့ပါ'

ကောင်းပါပေ့။

မိမိတို့နှစ်ယောက် သောက်ကြသည်။ ခရီးတစ်လျှောက်လုံး သောက်ကြသည်။ နားနေသည့် အချိန်တွင်လည်း သောက်သည်။ ခရီးသွားရင်းလည်း သောက်သည်။

ဒသခံများနှင့်လည်း အတူသောက်သည်။ နှစ်ယောက်ထဲလည်း သောက်ကြသည်။ အလယ်အလတ်ဖြစ်သော ရမ်၊ ဘရန်ဒီနှင့် ဘီယာတို့ကိုလည်း သောက်သည်။ အထူး ဘလည် တိုက်သော တန်ဖိုးကြီးမားသည့် နိုင်ငံခြားဝီစကီကိုလည်း သောက်ရသည်။ ဒနီ မရသည့်အခါတွင် အဖြူဟုခေါ်သော ဘီအီးဒီစီ ကိုလည်း သောက်ကြသည်။ ပြီးတော့ မိမိတို့ ရိုးရာဖြစ်သော ထန်းရည်နှင့် ဓနိရည်ကိုလည်း သောက်ကြသည်။ ထန်းရည်ကို ဘယ်လို သောက်သနည်းဆိုလျှင် ထန်းပင်ပေါ်တက်ပြီး သောက်ကြသည်။

သည်လို။

မင်းတုန်းနယ်မှာ ဓလေ့တစ်ခု ရှိသည်။ ထန်းပင်ပေါ်တွင် ဝါးစင်တစ်ခု ထိုးထား သည်။ လူလေးယောက်တက်ပြီး သောက်နိုင်သည်။ တစ်ယောက်ယောက် မူးပြီး ပြန်မဆင်းနိုင်လျှင် ကြိုးနှင့် တုပ်ထားခဲ့သည်။ ထိုလူ အမူးပြေမှ ကြိုးကိုဖြေပြီး ပြန်ဆင်း သည်။

စက်ရုံမှူးတစ်ဦးသည် ယင်းအဖြစ်ကို သဘောကျပြီး သူ၏ စက်ရုံဝင်းထဲရှိ ထန်းပင် တစ်ပင်တွင် သံစင်တစ်ခု ထိုးထားသည်။ သံလှေကားဖြင့် တက်ရသည်။ သို့သော် မူးနေလျှင် ပြန်ဆင်းနိုင်ရန် သံမဏိကြိုးရထား လုပ်ထားသည်။ ကြိုးရထားဖြင့် ပြန်ဆင်းရသည်။ မိမိနှင့် သော်တာဆွေလည်း ထိုစက်ရုံမှူးနှင့်အတူ ထန်းပင်ပေါ်သို့ တက်ပြီး လေ့လာသည်။ ထန်းရည်ဖွင့်ပွဲ လုပ်သည်။ ပြီးတော့ ကေဘယ်ကြိုးရထားဖြင့် ပြန်ဆင်းကြသည်။ မူး၍တော့ မဟုတ်ပါ။ အတွေ့အကြုံရှိအောင် ဖြစ်ပါသည်။

သည်ခရီးမှာ မိမိတို့ မမူးကြပါ။ ဆရာသော်တာဆွေ မမူးပါ။ သည်တော့မှ သူက ပြောသည်။

‘ကျုပ်က အရက်ကို မူးအောင်လည်း သောက်တတ်တယ်၊ မမူးအောင်လည်း သောက်တတ်တယ်’

သည်ခရီးမှာ သူ မူးအောင်လည်း မသောက်ပါ။ ဟောပြောပွဲ တာဝန်များ ရှိသောကြောင့် ဖြစ်သည်။ မိမိတို့သည် နေ့ပွဲ ညပွဲ တစ်နေ့နှစ်ပွဲ ပြောရသည်။ ၁၃ ရက်ခရီးတွင် ဟောပြောပွဲ ၁၁ ပွဲနှင့် ဆွေးနွေးပွဲ ၂ ပွဲ ပြုလုပ်ရသည်။ အားလုံးပင် အောင်မြင်ပါသည်။ အစီအစဉ် ကောင်းမွန်သည်။ ပရိသတ် ကောင်းမွန်သည်။ မိမိတို့ ဟောပြောသည်များကိုလည်း ကျေနပ်ကြဟန် ရှိသည်။ အီကြာကွေးက ရယ်စရာ ပြော သည်၊ ရယ်ရသည်။ သော်တာဆွေက နိုင်ငံခြားအတွေ့အကြုံ ပြောသည်။ မှတ်သားစရာ ရသည်။ ပြုံးရသည်။ ရယ်ရသည်။ သူက တစ်နာရီလောက် ပြောသည်။ ပရိသတ်များ အင်ဝင်စားစွာ နားထောင်ကြသည်။

သည်တော့ မိမိတို့၏ခရီးစဉ် အောင်မြင်သည်ဟု ဆိုရမည်။ ပျော်ပျော်ရွှင်ရွှင်နှင့် ခရီးကြုံသာ ဖြစ်သည်။ သို့သော် အပြန်ခရီးတွင်မှ ပြဿနာဖြစ်ရသည်။ တောင်ကုတ်မှ

သံတွဲသို့ ကားနှင့်အသွားတွင် ကားမှောက်သည်။ ကံကောင်း၍ မသေကြရခြင်း ဖြစ်သည်။ မိမိတို့ကို လိုက်ပို့သူတစ်ဦးသာ လက်ဆစ်လွဲသွားသည်။

ကားမှောက်သည်မှာ အရက်နှင့် မဆိုင်ပါ။ မိမိတို့နှင့် မဆိုင်ပါ။ ကားအရှိန်များပြီး တောင်စောင်းကို ဝင်တိုက်သည်။ တစ်ပတ်လိမ့်သွားသည်။ မှောက်ခုံကြီး ဖြစ်သွားသည်။ မိမိတို့ ကားထဲမှ လေးဘက်ထောက်ပြီး ထွက်ရသည်။ လမ်းလုပ်သားများနှင့် ကျောင်းကုန်းကျေးရွာမှ ပုဂ္ဂိုလ်များက မိမိတို့ကို စောင့်ရှောက်ကြသည်။ တိုက်နယ်ဆေးရုံရှိသော ရွှေလှေသို့ လှည်းတစ်တန်၊ လှေတစ်တန်ဖြင့် ပို့ပေးကြသည်။ ဆရာဝန်က မိမိတို့ကို ကုသပေးသည်။ ထမင်းကျွေးသည်။ (အရက်လည်း ပါ ပါသည်။) တောင်ကုတ်မှ ကယ်ဆယ်ရေး ဂျားနစ်စီး လိုက်လာကြပြီး မိမိတို့ကို လိုသေးလေးမရှိ ပြုစုစောင့်ရှောက်ကြသည်။ မိမိမှာ အနည်းငယ် ပွန်းပဲ့သွားသော်လည်း သော်တာဆွေနှင့် အိကြာကွေး ဘာမှ မဖြစ်ပါ။ သို့သော် ဆရာသော်တာဆွေ မလှုပ်နိုင်ပါ။ ထမင်းလည်း မစားနိုင်ပါ။ အရက်လည်း မသောက်နိုင်ပါ။ သူက ခရီးလည်း ပန်းနေပြီ ဖြစ်သည်။ အသက်ကလည်း ထောက်နေပြီ ဖြစ်သည်။ ၆၇ နှစ်။ ဤအရွယ်နှင့် ဤခရီးဒဏ်ကို ခံနိုင်သည်မှာ အံ့သြစရာပင် ဖြစ်သည်။

## (င)

ကောင်းပြီ။ ဤ ၁၃ ရက်ခရီးတွင် ဆရာသော်တာဆွေနှင့် အတူအိပ်၊ အတူစား၊ အတူသောက် ခရီးသွားလာရသောအခါ ဆရာ့ကို မိမိ မည်သို့ တွေ့မြင်ရသနည်း။

သူက မိမိနှင့် အိကြာကွေးတို့ကို ညီနှစ်ယောက်လို၊ တူနှစ်ယောက်လို စာနာသည်။ စောင့်ရှောက်သည်။ စာအကြောင်း၊ စာပေလောကအကြောင်း မိမိတို့နှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆို ဆွေးနွေးသည်။

သူက စိတ်မြန်သည်။ ပွင့်လင်းသည်။ သူ့ရင်ထဲမှာ ရှိသည်ကို ဖုံးကွယ်ထားတတ်ခြင်း မရှိ။ ဟန်ဆောင်တတ်ခြင်း မရှိ။ ပရိယာယ် မာယာ မရှိ။

အချုပ်ကို ဆိုရလျှင် သူ့စာများသည် သူ့အတိုင်းပင် ဖြစ်သည်။

သူသည် သူ့စာများအတိုင်းပင် ဖြစ်တော့သည်။

[ ချယ်ရီ၊ မတ်၊ ၁၉၈၆ ]

# မိမိ နှင့် ညွန့်ကြူး

## ၁

## (က)

ဘက္ကသိုလ်ဟူသည် ငြိမ်းအေးသည်ဟုလည်း ထင်ရသည်။

သစ်ကြီးဝါးကြီးများ စီကာတန်းကာ၊ အခက်ချင်း ယှက်ဆိုင်းကာနှင့် နေပြောက်မှုပင် မထိုးသလောက်ရှိသော ချမ်းမြေ့ရိပ်ငြိမ်သည့် လမ်းကလေး၊ စိမ်းလဲ့မြက်ခင်းပြင် အလယ်၌ တင့်တယ်စွာ ပွင့်နေကြသော အပြာ၊ အဝါ၊ အနီ၊ အရွှေ ပန်းပွင့်များ၊ ခံ့ခွေးသော ကျောင်းဆောင်များ၊ ဖြူသော၊ ဝါသော ညိုမှိုင်းသော ပိဋကတ်တိုက်၊ ဘွဲ့နှင်းသဘင် ခန်းမနှင့် စာသင်ခန်း အဆောက်အအုံများ၊ စကြံလမ်းတစ်လျှောက်တွင် ဇော်ရုံကြီးတွေ တလွှားလွှားနှင့် ပါမောက္ခကြီးများ၊ ပဝါစကလေးတွေ လွင့်ဝဲနေသော ဆရာမများ၊ ရွှန်းစို ပြုံးရယ်သော မိန်းမလှလေးများ .... သည်တော့လည်း မိန်းမူး နှယ်ရာပင်။

တက္ကသိုလ်ဟူသည် ပူလောင် လှုပ်ခတ်လှသည်ဟုလည်း ထင်ရသည်။

သင်ပုန်းနက်ကြီးပေါ်မှ အမိန့်ကြော်ငြာစာများ၊ ထုတ်ပြန် ကြေညာချက်များ၊ သတိပေး နှိုးဆော်စာများ၊ ငွေတောင်းခံစာများ။ အုတ်နံရံပေါ်မှ ပိုစတာများ၊ ရုပ်ပြောင်

ညွန့်ကြူး ( ၁၉၃၂-၉၂ )



များ၊ စာလုံးမည်းကြီးများ။ ဟိုနေရာ သည်နေရာမှ ဆွေးနွေးသံများ၊ ငြင်းခုံသံများ၊ စွပ်စွဲသံများ၊ ဖြေရှင်းသံများ၊ ဆူဆူညံညံ အုတ်အုတ်ကျက်ကျက်များ ... သည်တော့လည်း နီးကြ လှုပ်ရှားဖွယ်ရာပင်။

သို့သော် ...

မိမိအဖို့ကား တက္ကသိုလ်သည် ခေတ္တခဏ ကွန်းခိုရာတည်း။

၁၉၅၃ ခုနှစ်က ဖြစ်သည်။

မိမိ ရန်ကုန်သို့ လာရောက်ခဲ့သည်မှာ စာပေနယ်ထဲသို့ ဝင်ရောက်ရန်သာ ဖြစ်သည်။ တက္ကသိုလ်နယ်မြေက စခန်းတစ်ထောက် ချရုံမျှသာ။

သို့သော် မိမိသည် ကျောင်းသားတစ်ယောက် ဖြစ်နေသဖြင့် ကျောင်းမှာ ရှိနေသည့် အခိုက်အတန့်တွင် ကျောင်းသားတစ်ယောက်၏ တာဝန်များကို ထမ်းဆောင်ရပေလိမ့်မည်။

စာသင်တန်းများသို့ ရောက်ရှိရသည်။

ထို့ပြင် ...

ကျောင်းသားတိုင်းနှင့် သက်ဆိုင်သော အရေးကိစ္စများတွင်လည်း ပါဝင်ပတ်သက်ခဲ့ရသည်။

သည်မှာပင် ညွန့်ကြူးနှင့် သိရှိရခြင်း ဖြစ်သည်။

## (ခ)

ရန်ကုန်တက္ကသိုလ်သို့ ရောက်ရောက်ချင်း မိမိ ပထမဆုံး တွေ့ရှိသူမှာ ကိုအောင်ကျော် (မောင်ကြာညို) ဖြစ်သည်။ မိမိတို့က မန္တလေးဆက်များ ဖြစ်ကြသည်။

ဒုတိယ တွေ့ရှိသူမှာ ကိုဘကောင်း ဖြစ်သည်။ သူက ဝါရင့် ကျောင်းသားခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ မိမိကို ကိုဘကောင်း၏ အခန်းသို့ ကိုအောင်ကျော်ကပင် လိုက်ပို့ပေးသည်။ ကိုဘကောင်းက တကောင်းဆောင်တွင်ဖြစ်ပြီး ကိုအောင်ကျော်က ပင်းယဆောင်တွင် ဖြစ်သည်။

အသားမည်းသည့်လူတွေ သွားပိုပြီးဖြူသည်ဟု ထင်ရသည်။ ကိုဘကောင်းက အညာသား ဖြစ်သည်။ ရှိမ္ဘကားမှ ဖြစ်သည်။ သို့သော် သူ၏အစ်ကို ဦးဘသောင်း (ပြည်ညွန့်) သည် သူ့လောက် မမည်းပါ။

ကိုဘကောင်းသည် ပြုံးချိုသော မျက်နှာရှိပြီး အမြဲလိုပင် ပြုံးနေတတ်သဖြင့် အခန်းက မှောင်မှောင်၊ အသားက မှောင်မှောင်တွင် သွားတွေက ဖွေးနေသည်။

သွားဖြူဖြူများ လှုပ်ရှားသွားသောအခါ အသံတွေ ထွက်လာသည်။

'ခင်ဗျား ရောက်လာတာ ဝမ်းသာတယ်ဗျာ၊ အလုပ်လုပ်မယ့် လူတစ်ယောက်

ဦးလာတာပေါ့။ ဒီက လူတွေတော့ ကိုယ့်အလုပ်နဲ့ကိုယ် မနိုင် နိုင်အောင်ပဲ။ ခင်ဗျားတို့ မန္တလေးမှာကော'

'ဟိုမှာက လူနည်းတော့ ပိုဆိုးတာပေါ့'

'အင်း ...ဟုတ်တယ်၊ ခင်ဗျား ထွက်လာတော့ လူတစ်ယောက် နည်းသွားပြန် တာပေါ့။ ဒါပေမဲ့ ဒီမှာလည်း ဒီက အလုပ်ပေါ့ဗျာ၊ ဒီမှာ လုပ်စရာအလုပ်တွေ အများကြီးပဲ။ နေဦး၊ ခင်ဗျားနဲ့အတူ တွဲလုပ်ရမယ့် ရဲဘော်တွေ ကျွန်တော် ရှာပေးမယ်။ နောက်ဖြန် ဒီကိုပဲ လာခဲ့ပါလား၊ ဒီအချိန်ပဲပေါ့'

ယင်းသို့ဖြင့် ကိုဘကောင်း၏ အခန်းသို့ နောက်တစ်နေ့တွင် မိမိ ရောက်ရှိ သွားရပြန်သည်။ မိမိ ရောက်ရှိပြီး ခဏအကြာမှာပင် အသားဖြူဖြူ၊ အရပ်ပုပု လူငယ် တစ်ဦးနှင့် အသားမည်းမည်း၊ ပိန်ပိန်သေးသေး ချာတိတ်ကလေးတစ်ယောက်တို့ အခန်း တွင်းသို့ ဝင်ရောက်ကြသည်။

ထုံးစံအတိုင်းပင် ကိုဘကောင်းက သွားဖြူဖြူများကို ဖော်ထုတ်လျက်။

'လာကြ လာကြ၊ ကိုလှမြင့်လည်း အခုပဲ ရောက်တယ်။ ခင်ဗျားတို့ကို မိတ်ဆက် ပေးရမယ်။ ဒါက မန္တလေးက ကျွန်တော်တို့ ရဲဘော်ကိုလှမြင့်၊ လူထုမှာ ရေးတယ်၊ ကလောင်နာမည် နတ်နွယ်။ ဒါကတော့ ကိုလှဝေ၊ သူက ကိုမောင်မောင်ညွှန့်။ ကိုမောင်မောင်ညွှန့်လည်း စာရေးတယ်၊ မင်းလှ ညွှန့်ကြူး ဆိုတာပေါ့'

နောင်အခါတွင် ကိုလှဝေသည် စာရေးဆရာတွေ၏ စာတွေကို စိစစ်ရသော စာပေစိစစ်ရေးမှူးတစ်ယောက် ဖြစ်လာသည်။ ဂျက်ဟစ်ဂင်၏ နာမည်ကျော် The Eagle Has Landedကို ဘာသာပြန်ဆိုခဲ့သည်။

ကျွန်တော်၏ စိတ်ထဲတွင် ချာတိတ်ကလေးတစ်ယောက်ဟု ထင်ခဲ့သူမှာ မင်းလှ ညွန့်ကြူး ဖြစ်နေသည်။ သည်တုန်းက သူ့နာမည်ရှေ့တွင် မြို့နာမည် မင်းလှ ပါသည်။ နောက်ပိုင်းတွင်မှ မြို့နာမည်ကို သူ ဖြုတ်သည်။ အခြားသူများလည်း မြို့နာမည်များ၊ ကောလိပ်များကို ဖြုတ်ကြသည်။ အချို့လည်း ဖြုတ်လိုက် တပ်လိုက်ပင်။ အချို့လည်း မြို့နာမည်က ရှေ့က ရောက်လိုက်၊ နောက်က ရောက်လိုက်နှင့် သံသရာလည်နေသည်။ ဥပမာ မြတ်ဆွေ ဒေးဒရဲ၊ ဒေးဒရဲ မြတ်ဆွေ။ ယခုတော့ သူလည်း ရိုးရိုး မြတ်ဆွေ ဖြစ်နေပြီ။

ကိုဘကောင်းက ...

'ခင်ဗျားတို့သုံးယောက် ဝါသနာတူတဲ့ လူတွေဆိုပြီး ကျွန်တော် စုပေးလိုက် တာပဲ။ ကိုနတ်နွယ်ကတော့ လူထုမှာ လစဉ်ရေးနေတာ ဖတ်ရတယ်၊ ကိုမောင်မောင်ညွှန့် ဆောင်းပါးတွေကတော့ မတွေ့တာ ကြာနေပြီ'

'ကျွန်တော် မရေးအားဘူး'

သူ လျင်မြန်စွာ ပြန်ပြောသည်။

ထိုစကားလုံးကို သူသည် ဗိုက်ထဲတွင် အသံသွင်းထားဟန် တူသည်။ နောက်ပိုင်းတွင် သူနှင့်တွေ့၍ မေးလိုက်လျှင် ထိုစကားလုံးများ တစ်မုဟုတ်ချင်းမှာပင် အထစ်အငေါ့မရှိ ထွက်ပေါ်လာသည်။

ကိုဘကောင်းက ဆက်၍ ...

'ခင်ဗျား ပြင်သစ် သင်နေတာကော အတော် တတ်ပြီလား'

'သိပ်မလုပ်အားဘူး'

သူက အတုံ့အဆိုင်းမရှိ ဖြေလိုက်သည်။

ထို့နောက် သူက မိမိ စာရေးနိုင်သည့်အတွက် ဝမ်းသာကြောင်း၊ အားကျကြောင်း ပြောသည်။

ပြီးတော့မှ ...

'ကျွန်တော်လည်း ရေးရဦးမယ်'

ထိုစဉ်က စတင် သိရှိခဲ့ရသော ညွန့်ကြူးသည် ယခု အနှစ်သုံးဆယ်ကျော်ကြာသည်အထိ သည်အတိုင်းပင်။ ဘယ်တော့မဆိုလည်း **မရေးအား**။ အမြဲတမ်းလည်း **ရေးရဦးမယ်**။

သူက စာတစ်ပုဒ် ရေးရမှာကို အင်မတန် ဝန်လေးသူ ဖြစ်သည်။ အကယ်၍ ပျင်းသည် မဟုတ်လျှင် ...

(၈)

မိမိတို့သည် ငယ်စဉ်ကာလက မိမိတို့၏ ပတ်ဝန်းကျင်သဘာဝအရ စိတ်ကူးကလေးတွေ ကိုယ်စီ ရှိခဲ့ကြသည်။ သို့မဟုတ် ရည်မှန်းချက်ကလေးတွေ ရှိခဲ့ကြသည်။ အချို့ဆိုလျှင် ရည်မှန်းချက်ကလေးပင် မဟုတ်ပါ။ ရည်မှန်းချက်ကြီးတွေ ဖြစ်သည်။

အချို့က တက္ကသိုလ်မှ ဘွဲ့ထူး၊ ဂုဏ်ထူးကြီးတွေ ရပြီး ကထိကကြီးတွေ၊ ပါမောက္ခကြီးတွေ၊ စာပေပညာရှိကြီးတွေ ဖြစ်ချင်ကြသည်။

အချို့က ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ အရာရှိကြီးတွေ ဖြစ်ချင်ကြသည်။

အချို့က တက္ကသိုလ်ပညာကို အရေးမထားလှဘဲ၊ နိုင်ငံရေးခေါင်းဆောင်ကြီးတွေ၊ တိုင်းပြည်ခေါင်းဆောင်ကြီးတွေ ဖြစ်ချင်ကြသည်။

အချို့က စာပေအနုပညာကို စိတ်ဝင်စားကြပြီး စာရေးဆရာကြီးတွေ၊ ကဗျာဆရာကြီးတွေ၊ ပန်းချီဆရာကြီးတွေ၊ အနုပညာရှင်ကြီးတွေ ဖြစ်ချင်ကြသည်။

အချို့ကလည်း ထင်ရှားကျော်ကြားသော အားကစားသမား ဖြစ်ချင်ကြသည်။

အချို့ကလည်း စစ်ဗိုလ်ကြီးတွေ ဖြစ်ချင်ကြသည်။

ရာပြည့်စာအုပ်တိုက်

သို့ရာတွင် …

နောင်အခါ၌ …

အချို့မှာ မိမိတို့ မျှော်လင့်သည့်အတိုင်း ဖြစ်လာကြပြီး …

အချို့မှာမူ မိမိတို့ မည်သို့မျှ မထင်မှတ်၊ မမျှော်လင့်သော နေရာများသို့ ရောက်ရှိသွားကြသည်။ ယင်းကို အခြေအနေအရဟုလည်း ပြောကြသည်။ ကုသိုလ်ကံ အကြောင်းတရားဟုလည်း ဆိုကြသည်။ အနည်းငယ်ကမူ မိမိ၏ ပျော့ညံ့မှုဟု စိတ်ထဲတွင် တိတ်တဆိတ် ဝန်ခံကြသည်။

သို့သော် …

ဟိုစဉ်ကမူ တစ်နေ့တွင် မိမိ ဘာဖြစ်မည်ကို မည်သူမျှ မပြောနိုင်ပါ။

တကယ်ဖြစ်လာသော အခါတွင်မှ မိမိကိုယ်မိမိ အံ့သြစွာ တွေ့ရှိကြရသူများလည်း ရှိသည်။ မိမိ၏ အပေါင်းအသင်းဟောင်းများကိုလည်း ဟိုတုန်းက အခြေအနေနှင့် ယနေ့ အခြေအနေ နှိုင်းယှဉ်ပြီး အံ့သြကြရသည်။ မယုံနိုင် ဖြစ်ကြရသည်။

မည်သို့ဆိုစေ ပြောင်းလဲခြင်းသည် သဘာဝတရားပင်။

အမှားအမှန် ဆိုသည်မှာ အခြေအနေနှင့် အချိန်အခါပေါ်တွင်လည်း တည်တတ်သည်။ ရံခါတွင် စဉ်းစားမိသည်။

**အမှန်တရားစင်စစ် ဖြစ်သော်လည်း အောင်မြင်ခြင်းမရှိလျှင် အချည်းနှီးပင်။**

## (ဃ)

သို့ဖြင့် မိမိနှင့် ညွန့်ကြူးသည် ၁၉၅၃ ခုနှစ်က သိခဲ့ကြရသည်။ ဟိုတုန်းကတော့ မိမိတို့သည် ကျောင်းသားများပင် ဖြစ်ကြသည်။ ကျောင်းနေရင်း ကဗျာကလေး၊ ဝတ္ထုကလေး ရေးကြသည်။ ကဗျာဆရာ၊ စာရေးဆရာ မဟုတ်ကြပါ။ တစ်ချိန်တွင် ကဗျာဆရာ၊ စာရေးဆရာ ဖြစ်လာလိမ့်မည်ဟုလည်း မပြောနိုင်ပါ။

သည်တုန်းကတော့ ကျောင်းမှာနေ၍ မိမိတို့လိုပင် စာရေးနေကြသူတွေ အများကြီး၊ စာပေ အနုပညာ ဝါသနာပါသူတွေ အများကြီး။

အဲ အမှန်တရားကို ရှာဖွေနေကြသူတွေလည်း အများကြီး။

သို့သော် အမှန်တရားနှင့် ဘဝရပ်တည်မှု ပူးတုံ ခွာတုံ ရှိနေကြောင်းကိုကား မိမိတို့ မသိခဲ့ကြပါ။

ထို့နောက် သူနှင့် မိမိ ဆယ်နှစ်ခန့် အလှမ်းကွာသွားကြသည်။

မိမိက ကျောင်းမှ အစောကြီး ထွက်ခဲ့သည်။ မိမိက တက္ကသိုလ်နယ်မြေတွင် ခတ္တမျှ စခန်းတစ်ထောက် ကွန်းခိုခဲ့သူ ဖြစ်သည့်အလျောက် စာပေလောကတွင် ခြေကုဂ်ကလေး ရသည်ဆိုလျှင်ပင် ကံ့ကော်ရိပ်မှ နေပူထဲသို့ ထွက်ခဲ့ပါသည်။

သူက တက္ကသိုလ်တွင် ကျန်ရစ်သည်။

စာပေနယ်တွင် သံသရာလည်နေရင်း သူ့အကြောင်းကို မိမိ ကြားနေရသည်။

၅၄–၅၅ မှာ သူက ရန်ကုန်တက္ကသိုလ် ကလောင်အသင်း တွဲဖက်အတွင်းရေးမှူး၊ သူ၏ ကဗျာများကိုလည်း ဖြိုးဖြိုးဖြောက်ဖြောက် တွေ့မြင်နေရသည်။ ၅၅–၅၆ မှာ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ မြန်မာစာ စာတည်း။

ထို့နောက် ...

၅၅–၅၆ ကျတော့ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အမှုဆောင်၊ တစ်ဖန် ၅၆–၅၇ ကျတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အမှုဆောင်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေးတပ်ဦး အတွင်းရေးမှူး။

သည်တော့ မိမိ စိတ်အာရုံတွင် ပုံရိပ်တစ်ခု ထင်လာသည်။ မုန်တိုင်းထန်နေသော နိုင်ငံရေးကမ္ဘာတွင် ဒီလှိုင်းကြီးတစ်ခုပမာ ဖြစ်နေသော တပ်ဦးအဖွဲ့၌ အတွင်းရေးမှူးက ပိန်ပိန်သေးသေး ပုပုကွေးကွေးကလေး ...

ထို့နောက် ...

၅၇ ခုနှစ်မှာ ဘွဲ့ရပြီး အပြင်သို့ ရောက်လာသည်။ စာပေဗိမာန်မှာ အလုပ်ဝင်သည်။ သို့သော် မကြာပါ။ မော်စကိုသို့ သူ ရောက်ရှိသွားကြောင်း ကြားရသည်။ ဆိုဗီယက်ပြည်ထောင်စု၏ မော်စကိုမြို့တော်အစစ်သို့ ဖြစ်သည်။ မော်စကို အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသိပ္ပံ၌ မြန်မာစာနည်းပြ ဖြစ်သည်။

၆၁ ခုနှစ်တွင် မြန်မာပြည်သို့ သူ ပြန်လာပြီး၊ ၆၂ ခုနှစ်တွင် ဗီယက်နမ်သတင်းကိုယ်စားလှယ်ဌာန၌ အယ်ဒီတာအဖြစ် အလုပ်ဝင်သည်။

သည်မှာ သူနှင့်မိမိ ပြည်လည်ဆုံစည်းမိကြသည်။

မိမိက **စုံထောက်**မဂ္ဂဇင်းမှာ တာဝန်ခံအယ်ဒီတာ ဖြစ်သည်။ သည်တုန်းက **စုံထောက်**မဂ္ဂဇင်းတွင် ဗီယက်နမ် မျိုးချစ်သူရဲကောင်းများ၏ တရားမျှတသော နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲကို ထောက်ခံသည့်ကဗျာတွေ အလုံးအရင်းနှင့် ဖော်ပြလျက်ရှိသည်။

သည်မှာ သူလည်း စာပြန်ရေးလာသည်။ ကဗျာတွေ ရေးသည်။ ကဗျာသဘောတရားတွေ ရေးသည်။ ဝေဖန်စာတွေ ရေးသည်။

သို့သော် ...

## ၂
## (က)

အယ်ဒီတာတစ်ယောက်၏ အရည်အချင်းတွင် စိတ်ရှည်ခြင်းသည်လည်း တစ်ခု ဖြစ်သည်။ မိမိ လိုချင်သော စာရေးဆရာထံမှ မိမိ လိုချင်သော စာမူရရှိအောင်၊ မိမိ

လိုချင်သော ပန်းချီဆရာထံမှ မိမိ လိုချင်သော ပန်းချီပုံ ရရှိအောင် အများကြီး စိတ်ရှည်ရသည်။ ထို့အပြင် အခြား နေရာပေါင်းများစွာတွင်လည်း စိတ်ရှည်ရပါသည်။

မိမိ၏ အယ်ဒီတာသက်တမ်း တစ်လျှောက်တွင် စိတ်ရှည်ရှည် အထားရဆုံးသော စာရေးဆရာမှာ ညွန့်ကြူးဖြစ်ပြီး၊ စိတ်ရှည်ရှည် အထားရဆုံးသော ပန်းချီဆရာမှာ ငဲတိုး ဖြစ်သည်။

မိမိတို့ မဂ္ဂဇင်းလောကတွင် ကိုစံတိုး၏ "မနက်ဖြန်" ဟူသော စကားပင် ရှိသည်။ သူ့ကို ပုံ ဘယ်တော့ရမလဲမေးလျှင် မနက်ဖြန်ပဲ ဖြစ်သည်။ သို့သော် ဤကမ္ဘာကြီးတွင် "မနက်ဖြန်" ပေါင်း ဘယ်လောက် ရှိချေသနည်း။

သို့သော် ညွန့်ကြူးက သည့်ထက် သာသည်။ သူက "မနက်ဖြန်" မဟုတ်၊ "ကနေ့"။

သူသည် ၁၉၆၆ တွင် ဗိုလ်ယက်နမ်သတင်း ကိုယ်စားလှယ်ဌာနမှ ထွက်ပြီး ဘက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် စာပြုအဖြစ် ဝင်ရောက်သည်။ ထိုဌာနက စာရေးဆရာနှင့် ကဗျာဆရာတွေ စုနေသော ဌာနတစ်ခုဖြစ်သည်။ ဌာနမှူး အဆက်ဆက်ကိုလည်း ကြည့်ပါ။ တင်ဇ(ရှမ်းပြည်)၊ ကျော်အောင်။

သူနှင့်အတူ ရှိနေသော စာရေးဆရာက မင်းကျော်။

သည်တော့ သူတို့နှင့် အဆက်အသွယ် လုပ်ရသည်မှာ လွယ်သည်။ ဌာနသို့ သွားလျှင်လည်း သူတို့အားလုံးနှင့် တွေ့ရသည်။ ဖုန်းဆက်လျှင်လည်း ရသည်။

သူနေသည့် အိမ်ကလည်း ရုံးနှင့် နီးနီးကလေး။ ထိုနေရာမှာလည်း သူရယ်၊ ဘက္ကသိုလ်မင်းမော်ရယ် စုနေသည်။ ကိုကျော်အောင်ကလည်း သူတို့နှင့် မလှမ်းမကမ်း။ သွားရေးလာရေးကလည်း လမ်းသင့်သည်။

ယင်းကြောင့်ပင် မိမိသည် သူတို့နှင့် နေ့စဉ်နေ့တိုင်း တယ်လီဖုန်း အဆက်အသွယ်ရှိသည်။ သူတို့ရုံးနှင့် အိမ်များသို့လည်း မကြာမကြာ ရောက်သည်။ သူတို့ထံမှ စာမူများကို နားပူနားဆာ တောင်းခံရသည်။ ကဲ့ကော်တောနှင့် ပြင်ပစာပေလောကကို ဆေါင်းကူးပေးနေသော မင်းကျော်ကလည်း နေ့စဉ် မြို့ထဲသို့ လာသည်။ မိမိ၏ မဂ္ဂဇင်း တိုက်သို့ လာသည်။ သို့ဖြင့် မှာစရာ ရှိသည်ကို သူနှင့် မှာနိုင်သည်။ ပေးစရာ ရှိသည် ကို သူနှင့် ပေးနိုင်ကြသည်။

ဘာသာပြန်ဌာနတွင် သူ အလုပ်လုပ်သောအခါ သူ့အဖို့ သိပ်မချောင်ပါ။ ကိုကျော်အောင်နှင့် ကိုမင်းကျော်တို့က သူ့ကို စာရေးဖို့ အမြဲတမ်း တိုက်တွန်းနေကြသည်။ မိမိ မဂ္ဂဇင်းအတွက် ရေးပေးရန် သူ တာဝန်ယူထားသည်များကိုလည်း အချိန်မီ ရေးပေးရန် လှုံ့ဆော်နေကြသည်။

တစ်ချိန်က မိမိမဂ္ဂဇင်းတွင် သူ တော်တော်ကလေး ရေးသည်။ ကဗျာလည်း

ရေးသည်။ ကဗျာဆောင်းပါးလည်း ရေးသည်။ ကဗျာခေါင်းကြီးလည်း ရေးသည်။ "နွယ်သစ်" ကလောင်အမည်ဖြင့် စာပေဝေဖန်ရေးဆောင်းပါးနှင့် စာအုပ်ဝေဖန်ချက်များလည်း ရေးသည်။ တစ်ခုတော့ ရှိသည်။ သူ့ကို ကြိမ်နှင့်တို့ပြီး စာမူတောင်းရသည်။

သူ့ဆောင်းပါး စီရတော့မည်။

သူ့ရုံးသို့ မိမိ ဖုန်းဆက်သည်။

'စာမူ'

'ရေးနေတယ်၊ ပြီးတော့မယ်။ **ကနေ့** ကိုကျော်ဆွေနဲ့ ပေးလိုက်မယ်'

ညနေ မင်းကျော် လာသောအခါ သူ့စာမူ ပါမလာပါ။

ဖောင်ပိတ်တော့မည်။

သူ့ထံ မိမိ ဖုန်းဆက်သည်။

'စာမူ၊ စာမူ'

'ပြီးတော့မယ်၊ နည်းနည်းကလေးပဲ လိုတော့တယ်။ **ကနေ့** ကိုကျော်ဆွေနဲ့ ပေးလိုက်မယ်'

ညနေ မင်းကျော် လာသောအခါ သူ့စာမူ မပါပါ။

သူလည်း "ကနေ့ အကြွေးမပေးပါ" တစ်မျိုးပဲ။

သို့သော် သူ့ထံမှ စာမူ ရရှိသောအခါတွင်ကား စိတ်ချမ်းသာရတာ တစ်ခု ရှိသည်။ သူ့စာမူကို ဖတ်ရတာ ရှင်းလင်းသည်။ သူက အရေးအသားလည်း ရှင်းသည်။ လက်ရေးလည်း ရှင်းလင်းလှပသည်။ လက်ရေးလှပြီး စာမူကို သေသေသပ်သပ် ရေးတတ်သော စာရေးဆရာများတွင် သူလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

နာမည်ကြီး စာရေးဆရာပဲဖြစ်ဖြစ်၊ ကလောင်သစ်ပဲဖြစ်ဖြစ်၊ စာရွက်ကောင်းကောင်းတွင် လက်ရေးကောင်းကောင်းဖြင့် သေသေသပ်သပ် ရေးထားသော စာမူကို ဖတ်ရလျှင် သဘောကျသည်။ တွေ့ကရာစက္ကူတွင် ဖြစ်ကတတ်ဆန်း ရေးထားသည့် စာမူများကို ဖတ်ရလျှင် အင်မတန် စိတ်ညစ်ရသည်။ စာစီသမားများကမူ စိတ်ထိမ့်ဆဲနေကြသည်။

ညွန့်ကြူးသည် လက်ရေးလှရုံမျှမက စာရွက်ကောင်းကောင်းတွင် ဖျက်ရာခြစ်ရာ မရှိသလောက်ပင် သေသေသပ်သပ် ရေးတတ်သည်သာမက စာအရေးအသားလည်း ရှင်းလင်းတိကျသည်။ အပိုအလို မရှိသလောက်ပင် ဖြစ်သည်။ သူ၏စာမူကို စီပြီး စာမျက်နှာ ဖွဲ့ရာတွင် ကတ်သီးကတ်သတ်ကလေး နှစ်ကြောင်းပိုနေလျှင်ပင် ဖြတ်ဖို့ အင်မတန် ခဲယဉ်းသည်။

ထားတော့။

စာမူတောင်းရတာ ခက်သည်နှင့် လက်ရေးလှသည်ကို ချေလိုက်တော့။

သည့်ထက် အရေးကြီးတာတစ်ခု ရှိသေးသည်။

မိမိတို့သည် အထိအတွေ့ အဆက်အစပ်များသည့်အလျောက် အတွေးအမြင်၊ အယူအဆများတွင်လည်း အတော်ကလေး တူညီသူများ ဖြစ်ကြသည်။ မိမိတို့သည် ကျောင်းသားလူငယ် လှုပ်ရှားမှုများတွင်လည်း ရေစီးကြောင်းတစ်ခုတည်း၌ ပါဝင်ခဲ့ကြသည်။ မိမိတို့သည် စာပေခရီးလမ်းတွင်လည်း ဟိုကွေ့တွင် ဟိုတက်နှင့် လော်ကာ၊ သည်ကွေ့တွင် သည်တက်နှင့် လော်ခတ်ခြင်း မပြုကြဘဲ ရေစီးကြောင်းမှန်မှန်ကို လေကြောင်းမှန်မှန်မှ ဆန်တက်ခဲ့ကြသူများ ဖြစ်သည်။ မိမိတို့သည် စာရေးဆရာအသင်းတွင် ပါဝင်ခဲ့ကြသည်။ စာရေးဆရာ စာပေကလပ်နှင့် စာရေးဆရာသမဂ္ဂတို့ကို ထူထောင်ခဲ့ကြသည်။

မိမိတို့သည် အချိန်အခါ အခွင့်အလမ်း ရရှိသမျှ မိမိတို့၏ အတွေးအမြင်များကို ဆွေးနွေးကြသည်။ ဖလှယ်ကြသည်။ ညှိနှိုင်းကြသည်။ ငြင်းခုံကြသည်။ တစ်ချိန်တုန်းက အနည်းဆုံး တစ်လလျှင် တစ်ကြိမ်ဆိုသလို မိမိတို့၏ အိမ်များတွင် တစ်လှည့်စီ တွေ့ဆုံဆွေးနွေးတတ်ကြသည်။ တစ်ယောက်၏စာကို တစ်ယောက် ဝေဖန်သည်။ မိမိတို့ဖတ်ရှုမိသော အခြားသူများ၏စာကို ဝေဖန်ဆွေးနွေးကြသည်။ ပြောရင်းဆိုရင်း၊ ငြင်းရင်းခုံရင်း စားကြ၊ သောက်ကြသည်။ ပြီးလျှင် စစ်တုရင်ထိုးကြသည်။ သီချင်းများထောင်ကြသည်။

တစ်ခါတစ်ခါတွင် မိမိတို့သည် အတော်ကလေးကြာအောင် ပြင်းပြင်းထန်ထန် ငြင်းခုံကြရသည်။ ထိုသို့ ငြင်းခုံရာတွင် ခွဲနပဲကြီးသူတစ်ဦးမှာ ညွန့်ကြူးပင် ဖြစ်သည်။ သူသည် စကားကို တိုးတိုးအေးအေးကလေး ပြောတတ်သော်လည်း သူ၏အယူအဆကို အနည်းငယ်မျှ လျှော့ပေါ့တတ်သူ၊ အပေးအယူ လုပ်တတ်သူ မဟုတ်ချေ။ သည်နေရာတွင် သူသည် ဒဂုန်တာရာနှင့် တူသည်ဟု ဆိုရမည်။ သူတို့နှစ်ယောက်သည် ဘယ်တော့မှ ဒေါသဖြစ်သည့် အမူအရာ မပြတတ်။ အမြဲတမ်း တိုးတိုးအေးအေးကလေးပင် ဖြစ်သည်။ ကျော်အောင်၊ မြသန်းတင့်၊ မင်းကျော်၊ မောင်နေဝင်း၊ တင့်ဆန်း၊ ဆင်ဖြူကျွန်းအောင်သိန်းတို့က နည်းနည်းဒေါသကြီးကြသည်။ တော်တော်ကလေး ပြောမိလျှင် အသံကျယ်လာသည်၊ မျက်နှာနီလာသည်။ မိမိလည်း စိတ်ရှည်အောင် ကြိုးစားသော်လည်း သိပ်ပြီးမအောင်မြင်ဟု ထင်သည်။ ပိုပြီး အေးသည်ကတော့ ဗန်းမောင်တင်အောင်နှင့် ကြာနယ်ကျော်မမလေးတို့ ဖြစ်သည်။ သူတို့က သိပ်ပြီး ဝင်ပြောလေ့ မရှိ။

မိမိနှင့် ညွန့်ကြူး အများဆုံး ငြင်းခုံရသည့်ကာလမှာ မိမိမဂ္ဂဇင်းတွင် ကဗျာမဂ္ဂဇင်း တစ်ခုအသွင် ကဗျာကဏ္ဍ ဖွင့်သောအခါက ဖြစ်သည်။

သည်မှာ ပြောပြီးသား စကားတစ်ခုကို ထပ်ပြီး ပြောရဦးမည်။ မိမိက ကဗျာဝါသနာပါသည်။ ဖတ်တာလည်း ဝါသနာပါသည်။ ရေးတာလည်း ဝါသနာပါသည်။ မိမိ၏ ပထမဆုံး ပုံနှိပ်စာမူမှာ ကဗျာပင် ဖြစ်သည်။

သို့သော် နောင်အခါတွင် ကဗျာမရေးတော့။ ထိုအခါ သူများရေးသော ကဗျာတွေကို ပိုပြီးဖတ်မိသည်။ ကဗျာနှင့် ပတ်သက်၍လည်း ပိုပြီးတွေးမိသည်။ ပိုပြီး ဆင်ခြင်မိသည်။ မိမိကိုယ်တိုင် မရေးတော့သည့် အတွက်လည်း တွေးရ၊ ဆင်ခြင်ရသည်မှာ လွတ်လပ်သည်။

**စုံထောက်**မဂ္ဂဇင်းတွင် မူလက ကဗျာမထည့်ပါ။ ကဗျာကို စတင် ထည့်သွင်းခဲ့သူမှာ တင့်ဆန်းဖြစ်သည်။ သူ တာဝန်ခံအယ်ဒီတာ ဖြစ်စဉ်က ဖြစ်သည်။ သူလည်း ကဗျာ ရေးစပ်သူတစ်ဦးပင် ဖြစ်သည်။ မိမိ တာဝန်ခံအယ်ဒီတာ ဖြစ်သောအခါ ကဗျာကို ပိုပြီး ဇောင်းပေးခဲ့သည်။ လူငယ်တွေ၏ အတွေးသစ် အရေးသစ်များကို ဗန်းတင်ပေးခဲ့သည်။ ကဗျာအကြောင်းအရာနှင့် ကဗျာအတတ်ပညာ ကျယ်ပြန့် တိုးတက်စေလိုသောကြောင့် ဖြစ်သည်။

နောက်ပိုင်းတွင် ကဗျာကဏ္ဍကို ကဗျာမဂ္ဂဇင်းတစ်ခု အသွင်ဖြင့်ပင် ဖွင့်ပေးခဲ့သည်။ စာမျက်နှာ သီးသန့်ပေးသည်။ မာတိကာ သီးသန့်ပေးသည်။ ကဗျာခေါင်းကြီး ပါရှိသည်။ ကဗျာ ဆောင်းပါးများ၊ ကဗျာဝေဖန်ချက်များ ပါရှိသည်။ မြန်မာကဗျာနှင့် နိုင်ငံတကာကဗျာများ ပါရှိသည်။

သည်အခါတွင် ညွန့်ကြူးကို မိမိ အကူအညီ တောင်းရသည်။ ကဗျာကဏ္ဍတွင် ခေါင်းကြီး ရေးပေးရန်နှင့် ကဗျာဝေဖန်ချက် ရေးပေးရန် ဖြစ်သည်။ သူကလည်း လက်ခံဆောင်ရွက်ပေးသည်။ ခေါင်းကြီး ရေးပေးသည်။ ဆောင်းပါး ရေးပေးသည်။

သို့သော် သည်မှာ ပြဿနာပေါ်ရသည်။ မိမိက သူ့ကို ကဗျာကဏ္ဍတစ်ခုလုံးကို လွှဲအပ်သည် မဟုတ်။ ခေါင်းကြီးနှင့် ဆောင်းပါးတစ်ပုဒ်မျှသာ။ ကဗျာကဏ္ဍတွင် ပါဝင်သော အခြားဆောင်းပါးများကို မိမိ ရွေးချယ်သည်။ ကဗျာကဏ္ဍတွင် ပါဝင်သော ကဗျာများ အားလုံးကို မိမိ ရွေးချယ်သည်။ ဤမှာ ပဋိပက္ခ ဖြစ်လာသည်။ ခေါင်းကြီးတွင် ပါရှိသော အယူအဆနှင့် အထဲတွင် ပါရှိသော ဆောင်းပါးများ အယူအဆ မကိုက်ညီခြင်း၊ အထဲတွင် ပါရှိသော ကဗျာအချို့က ကဗျာအယ်ဒီတာ၏ အယူအဆကို ဆန့်ကျင်တိုက်ခိုက်ထားခြင်း။

ဒါကလည်း သည်လို။

သည်တုန်းက **တော်လှန်ကဗျာ** ဟူသော အသံကလည်း မြည်ဟိန်းလျက်ရှိသည်။ ကာရန်မဲ့ ဟူသည်ကလည်း ညံစီနေသည်။ သည်အချိန်တွင် "ဇင်နိုးကြူး" ဆိုသည်က ပေါ်လာသည်။

"ဇင်းနိုကြူး" ဆိုသည်မှာ မြဇင်၊ မောင်သာနိုး နှင့် ညွန့်ကြူးတို့ကို ပြောခြင်းဖြစ်သည်။ ၎င်းတို့သုံးယောက်သည် ကဗျာသဘောတရားနှင့် ကဗျာအကဲဖြတ်များကို ရေးသားလျက် ရှိကြသည်။

သို့သော် "ဇင်နီးကြူး" ဟူသော အမည်မှာ သူတို့ ခံယူသောအမည် မဟုတ်ပါ။ ထို့ပြင် သူတို့သုံးဦးသည် ဝင်ရိုးစွန်းတစ်ခု ဖွဲ့ထားကြသူများ မဟုတ်ပါ။ သူတို့ကို တိုက်ခိုက်သူများက သူတို့ကို ပေးထားသောအမည် ဖြစ်သည်။ သူတို့သုံးယောက်သည် အယူအဆချင်း တူညီသည်ဟု မဆိုလိုပါ။ သို့သော် တူညီသည့် အချက်တွေလည်း ရှိမည်၊ မတူညီသည့် အချက်တွေလည်း ရှိမည်။ တူညီသည် တစ်ခုကတော့ သူတို့ သုံးယောက်သည် နိုင်ငံတကာစာပေနှင့် နိုင်ငံတကာကဗျာတို့တွင် သူ့အတိုင်းအတာနှင့် သူ ကျွမ်းဝင်ကြသည်။

ထို့အပြင် သူတို့သည် ကဗျာအတတ်ပညာ ထက်မြက်ရေးကို ပြောဆိုကြသည်။ ဒွန့်ကြူးကလည်း အတတ်ပညာအကြောင်းကို ပြောဆိုသည်။

ထို့ကြောင့် ထိုအထဲတွင် သူ ရောပါနေခြင်း ဖြစ်သည်။

တစ်ဖက်တွင် စိတ်အားတက်ကြွနေသော လူငယ်ကဗျာဆရာများ ရှိသည်။ သူတို့က အကြောင်းအရာကို အဓိက ထားသည်။ သူတို့ အဓိကထားသော အကြောင်းအရာမှာလည်း အဖိနှိပ်ခံ ပြည်သူလူထုဘက်မှ ရပ်တည်မှု ဖြစ်သည်။ ယင်းကြောင့် သူတို့သည် ဗီယက်နမ်ကဗျာများကို ရေးဖွဲ့ကြသည်။ အသားအရောင် ခွဲခြားရေးကို ဆန့်ကျင်ကြသည်။

သည်အထဲတွင် ညပ်ဝင်နေပြန်သည်က ကာရန်မဲ့ပြဿနာ ဖြစ်သည်။ ကာရန်မဲ့ ကဗျာ ဟူသည်မှာ မလိုလားသူများက ပြောသောစကား ဖြစ်သည်။ ကိုယ့်ဟာကိုယ် ကြွေးကြော်သူ အချို့လည်း ရှိသည်။ သို့သော် အများစုကမူ သူတို့ရေးသားသော ကဗျာ ကို ကာရန်မဲ့ဟု မဆိုကြပါ။ ပြောင်းလဲနေသော ခေတ်နှင့်အညီ ပြောင်းလဲလာသော ကဗျာရေးဖွဲ့မှု တစ်ခုဟုသာ ခံယူကြသည်။

အချို့က **မိုးဝေ** တွင်ပါသော ကဗျာများကို ကာရန်မဲ့ဟု ပြောကြသည်။ **မိုးဝေ** က ထိုအချက်ကို မည်သည့်အချိန်ကမျှ လက်မခံပါ။ သို့သော် **မိုးဝေကဗျာ** ဟုသာ ပြောခဲ့သည်။ ထိုစကားလုံးသည် သိပ်မကောင်းလှပါ။ **မိုးဝေ** ဟု သုံးထားသဖြင့် ပုဂ္ဂလိက ဆန်နေသည်။ တစ်ခုတော့ ရှိသည်။

တစ်ချိန်တုန်းကမူ ဤကဗျာမျိုးတွေ မိုးဝေ တစ်ခုတည်းလောက်တွင်သာ ပါဝင် သည်။ နောက်မှ အခြားမဂ္ဂဇင်း တစ်ခု နှစ်ခုက လက်ခံဖော်ပြလာခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် **ရုပ်ရှင်မျက်မှန်**က အများအပြား ဖော်ပြလာသည်။ ယခုမူ မဂ္ဂဇင်းတွေ ထောတ်တော်များလာပြီး၊ မဂ္ဂဇင်းတော်တော်များမှာပင် ဤကဗျာမျိုးတွေ ပါဝင်လျက် ရှိသည်။

ကာရန်မဲ့ဟူသော အသံလည်း မစဲချင်သေး။ သို့သော် အချို့က **ခေတ်ပေါ်ကဗျာ** ဟု ဆိုကြသည်။ သို့သော် အရှိန်ကောင်းလာသည်ကတော့ အမှန်ပင်။ ပုံသေကားချ

ရှေးနည်းရှိပြီး ကာရန်နှင့် မဟုတ်ဘဲ၊ အကြောင်းအရာအလိုက် အသံကို အားထားပြီး ကာရန်အသစ်ကို ရှာဖွေကာ စပ်ဆိုနေကြခြင်း ဖြစ်သည်။

ညွန့်ကြူး၏ ခေါင်းကြီးများသည် ကာရန်အသစ်ဖြင့် ဖွဲ့ဆိုခြင်းကို ဆန့်ကျင်ခြင်း မရှိချေ။ အကြောင်းမှာ သူသည် ကဗျာအတတ်ပညာ ဖွံ့ဖြိုးရေးကို တောင်းဆိုသူ ဖြစ်သောကြောင့် ဖြစ်သည်။

သို့ရာတွင် အကြောင်းအရာ ကိစ္စတွင်ကား သူ ပြောသည်ကို သဘောမပေါက်သူများ ရှိနေသည်။ သူက တိုးတက်သော အကြောင်းအရာများ စပ်ဆိုသည်ကို မဆန့်ကျင်ချေ။ ဆန့်ကျင်စရာလည်း မလိုချေ။ သူကိုယ်တိုင် ရေးဖွဲ့စပ်ဆိုနေသူလည်း ဖြစ်သည်။

သို့သော် သူက အကြောင်းအရာကို သည့်ထက် ကြွယ်ဝစေချင်သည်။ မြန်မာကဗျာများသည် ပန်းပွင့်ကလေးများနှင့် ရာသီဥတုအကြောင်း စပ်ဆိုနေရာမှ နယ်ချဲ့ဆန့်ကျင်ရေး၊ စစ်ဆန့်ကျင်ရေး၊ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးတို့ကို စပ်ဆိုရာတွင် ကြွေးကြော်သံလို တစ်ပုံစံတည်း စပ်ဆိုမနေကြဘဲ၊ အကြောင်းအရာသစ်များကို ကျယ်ကျယ်ပြန့်ပြန့် တွေးတောရှာဖွေပြီး အတတ်ပညာလည်း ပိုမိုကြွယ်ကြွယ်ဝဝနှင့် ရေးသားကြဖို့ တိုက်တွန်းနှိုးဆော်နေခြင်း ဖြစ်သည်။

သို့သော် အကြောင်းအရာနှင့် အတတ်ပညာကို ရှင်းလင်းအောင် ရှင်းပြရသည့် အလုပ်မှာလည်း ခက်ခဲလှသည်။ သဘောမပေါက်လျှင် အဓိပ္ပာယ်တစ်မျိုး တွေးတတ်ကြသည်။ ထို့ကြောင့် တချို့က သူ၏ခေါင်းကြီးများသည် အကြောင်းအရာကို ဆန့်ကျင်ပြီး အတတ်ပညာကို ဦးစားပေးသည်ဟု ထင်ကာ ပြန်ရေးကြသည်။ သည်အထဲတွင် မြဇင်နှင့် မောင်သာနိုးတို့၏ ရေးသားချက်များကိုပါ သူ့အထဲတွင် ရောထည့်ကာ ရေးကြသောအခါ အားလုံး ရှုပ်ထွေးကုန်တော့သည်။

နိုင်ငံတကာ ပေတံနှင့်တိုင်းပြီး မြန်မာကဗျာကို အထင်သေးသည့် အယူအဆကို မိမိ မကြိုက်ပါ။ အတတ်ပညာကို ရှေ့တန်းတင်ပြီး တိုးတက်သော ကဗျာများကို တိုက်ခိုက်နေကြခြင်းကိုလည်း မိမိ မကြိုက်ပါ။ ထို့ကြောင့် ယင်းသဘောကို ဆောင်သော ဆောင်းပါးများကို မိမိ ထည့်သွင်းပေးသည်။ သို့သော် ထိုဆောင်းပါးများရှိ အချို့သော အချက်အလက်များသည် မိုးဝေကဗျာခေါင်းကြီးနှင့် လာငြိနေသည်။ စောစောက ပြောသည့်အတိုင်းပင် **ဇင်နီးကြူး** ဝါးလုံးရှည်ကြီးနှင့် ယမ်းလိုက်ရာတွင် မလွဲမရှောင်သာ ငြိရခြင်း ဖြစ်သည်။

ဤအချိန်တွင် လူငယ်ကဗျာဆရာ အချို့ကလည်း မိမိသည် ညွန့်ကြူး၊ မောင်သာနိုးတို့နှင့် ရင်းနှီးသည့်အလျောက် **ဇင်နီးကြူး** ဝါဒအရ အတတ်ပညာကို ရှေ့တန်းတင်သည်ဟု ပြောကြသည်။ တစ်ဖန် ညွန့်ကြူးကလည်း မိမိကို တစ်မျိုးထင်သည်။

မည်သို့ ထင်သနည်း။

**ရာပြည့်စာအုပ်တိုက်**

မိမိသည် တစ်ဖက်က သူ့ကို ကဗျာခေါင်းကြီးနှင့် ကဗျာဆောင်းပါးများ အရေးနိုင်းကာ၊ အခြားတစ်ဖက်ကလည်း သူ့ကို ဆန့်ကျင်သော ဆောင်းပါးများထည့်ကာ သူ့ကို သိက္ခာချနေသည်ဟု ထင်ခြင်းပင် ဖြစ်သည်။

သူက ဘယ်လောက်ထိအောင် ပြင်းပြင်းထန်ထန် ထင်သနည်းဆိုလျှင် မိမိထံသို့ စာရေးသည်အထိ ဖြစ်သည်။ သူက စကားပြောသည့်နေရာတွင် အေးအေးဆေးဆေး ပြောသော်လည်း စာရေးသည့် နေရာတွင်ကား ဒေါသကြီးလှသည်။ မိမိကို အပြင်းထန်ဆုံး စကားလုံးများဖြင့် အပြင်းထန်ဆုံး ရေးသားထားသည်။ ထိုစာကို ကျော်အောင်၊ မင်းကျော်နှင့် မောင်နေဝင်းတို့ ဖတ်ရသည်။ ထိုစာကို မိမိ သိမ်းထားသည်။ သို့သော် ယခု ဘယ်နေရာတွင် ရောက်နေသည် မသိပါ။ တွေ့ရှိလျှင်လည်း ဖော်ပြရန် စိတ်မကူးပါ။

သူ၏စာကို မိမိ ပြန်မရေးပါ။ လူချင်းတွေ့ဆုံပြီး ပါးစပ်ဖြင့်သာ ဖြေရှင်းခဲ့ပါသည်။ ဘာမျှလည်း အထူးဖြေရှင်းစရာ မရှိပါ။ သူ ပြောဆိုသော အကြောင်းအရာ ကိုယ်ပြန့်ရေးနှင့် အတတ်ပညာ ထက်မြက်ရေးကို မိမိ လက်ခံပါသည်။ ယခုအထိလည်း လက်ခံ ယုံကြည်လျက် ရှိပါသည်။

( ၈ )

ဘာသာပြန်ဌာနမှနေ၍ မြန်မာစာအဖွဲ့သို့ သူ ပြောင်းသွားသောအခါတွင်ကား သူနှင့်မိမိ အနေဝေးသွားပါသည်။ သူ့ရုံးသို့လည်း တစ်ခါမျှ မရောက်ဖူးပါ။ သူနေသော အိမ်သို့ နှစ်ခါ သုံးခါ ရောက်ဖူးသော်လည်း သွားရတာ ခရီးထောက်လှသဖြင့် စိတ်က သွားချင်သော်လည်း လူက မရောက်ပါ။

သို့သော် သူနှင့်မိမိ ယခုအချိန်တွင် နီးကပ်နေသည်။ တစ်ခုကတော့ ချယ်ရီတွင် သူ့ဆောင်းပါးနှင့် မိမိဆောင်းပါး လစဉ် ရှေ့နောက်ကပ်ပြီး ပါနေခြင်းပင် ဖြစ်တော့သည်။

**[ ချယ်ရီ၊ ဇွန်၊ ဇူလိုင်၊ ၁၉၈၆ ]**

# ကံ့ကော်တန်းက စိန်ပန်းပြာတစ်ပွင့်

( က )

သူက မြန်မာစာပေ ကံ့လုံကြွယ်ဝရာ ကံ့ကော်တန်းက နိုင်ငံတကာစာပေ ယှက်နွယ်ရာ စိန်ပန်းပြာတစ်ပွင့် ဖြစ်ပါသည်။ တကယ်တော့ တက္ကသိုလ်သည် ကံ့ကော်နှင့် စိန်ပန်းပြာ သင်းပျံ့ရာပင် မဟုတ်ပါလား။ ကံ့ကော်လည်း ကြိုင်လန်းစေ၊ စိန်ပန်းလည်း လှိုင်လွှမ်းပါစေ။

သို့သော် ကံ့ကော်မြေက စိန်ပန်းကြွေတစ်ပွင့်အကြောင်း မိမိ မရေးချင်ပါ။ သူ ကြွေလွင့်သည့် သတင်းကို အောက်တိုဘာလ ၅ ရက်နေ့ နံနက် ၁၁ နာရီမှာပင် မိမိ ကြားသိခဲ့ရသည်။ ကိုကျော်အောင် တယ်လီဖုန်းမှ ပြောသည်။ 'မောင်မောင်ညွန့် ကနေ့မနက် ကိုးနာရီက ဆုံးပြီ၊ ကျွန်တော် အခု သူ့အိမ် သွားမလို့'

ထိုနေ့က မိမိ သူ့အိမ် မသွားနိုင်ပါ။ သူ့ကို နောက်ဆုံးသွားပြီး မတွေ့နိုင်ပါ။ အကြောင်းမှာ မိမိမှာလည်း နာရေးကိစ္စ ရှိနေသောကြောင့် ဖြစ်သည်။ မိမိ၏ ယောက္ခမ (ကိုတင့်ဆန်း၏ ဇနီး) ထိုနေ့ နေ့လယ် တစ်နာရီတွင် ကြံတောတွင် ဖုတ်ကြည်းသင်္ဂြိုဟ်မည် ဖြစ်သည်။ နောက်ရက်များတွင်လည်း အသုဘရက်ချင်း ထပ်နေသည်။ သားသမီး ငါးယောက်ရှိသည်တွင် မိမိ၏ ဇနီးက အကြီးဆုံးဖြစ်သဖြင့် မိမိတို့မှာ တာဝန်အကြီးဆုံး ဖြစ်နေသည်။ ရုတ်တရက် လေဖြတ်သွားပြီး ဆေးရုံတင်သည့်နေ့မှစပြီး ရက်လည်သည့် နေ့အထိ လူမှုကိစ္စ အဝဝနှင့် ချာလပတ် လည်နေပြန်သည်။

နောက်ပြီး မိမိဇနီးမှာလည်း ခရီးဝေး၊ ခရီးကြမ်းမှ ပြန်ရောက်ကာစ ဖြစ်သဖြင့် လူပန်းစိတ်ပန်း ဖြစ်နေသည်။ သမီးရှိရာ ကျောက်စိမ်းတွင်း လုံးခင်းမှ ပြန်ရောက်လာခြင်း ဖြစ်သည်။ လုံးခင်းခရီးက ရထားတစ်တန်၊ ကားတစ်တန်၊ လှေတစ်တန်၊ ကုန်းကြောင်း တစ်တန် အတန်တန် ဖြစ်သည်။ ခြေကျင်ခရီးချည်းပင် တောင်ဆင်းတောင်တက်နှင့် နှစ်ညအိပ် လျှောက်ရသည် မဟုတ်ပါလား။ မိခင် ရုတ်တရက် လေဖြတ်ပြီး သုံးရက်နှင့် လေးညလုံးလုံး သတိပြန်မလည်လာသောအခါ မေ့မြောနေသော လူမမာကို ပြုစုရ၏။ သူကိုယ်တိုင် အရင်က မရှိခဲ့ဖူးသော သွေးတိုးရောဂါဖြစ်ကာ လေဖြတ်လုတဲတဲ ဖြစ်သွားရသည်။ ပါရဂူနှင့် အပြမြန်ပြီး ဓာတ်မှန်ချက်ချင်းရိုက်၊ ချက်ချင်းကုသနိုင် သောကြောင့်သာ လုံးဝ လေဖြတ်မသွားခြင်း ဖြစ်တော့သည်။

သည်ကြားထဲတွင် နောက်ဆုံး တိုက်ဆိုင်နေသည်က မဂ္ဂဇင်းဖောင်ပိတ်ရက်နှင့် ကြုံနေခြင်းပင်။ မဂ္ဂဇင်းလုပ်ရသည့် နေ့ရက်များတွင် ဖောင်ပိတ်သည့် နေ့ရက်များက

အပင်ပန်းဆုံး။ အချို့ကို အယ်ဒီတာအဖွဲ့နှင့် လွဲထား၍ရသော်လည်း အချို့မှာ မိမိတာဝန် ယူထားသော၊ မိမိကိုယ်တိုင် ရေးရသော ကဏ္ဍများ ဖြစ်နေသည်။ မိမိကိုယ်တိုင် ရေးရသည့် စာများကို မိမိခေါင်းထဲတွင်သာ တေးမှတ်ထားသဖြင့် အနားကပ်ပြီးမှ အခြားလူတစ်ယောက်ကို လွှဲအပ်လျှင် မရနိုင်ပါ။ မဂ္ဂဇင်းဖောင်ပိတ်ရက်ကလည်း တစ်ရက်ဘိမ်း၍ မရပါ။ တစ်ရက်တိမ်းလျှင် တစ်ပတ် နောက်ကျသွားနိုင်သည်။ မိမိ ရေးရမည့်စာများကို ညှော်ပါးချိန်၊ လူတိတ်ချိန် ညဥ့်တစ်နာရီ၊ နှစ်နာရီမှ ရေးရသည်။

သို့ဖြင့် သူ ကြွေလွင့်သည့်နေ့က မရောက်လိုက်ရသလို၊ အသုဘချသည့်နေ့နှင့် ရက်လည်သည့် နေ့များကလည်း မရောက်နိုင်ပါ။ ယခုမှသာ သူ့အကြောင်း စိတ်ကူးရတော့သည်။ သို့သော် သူ့အကြောင်း မိမိ မရေးချင်ပါ။ သူ့အကြောင်း လွန်ခဲ့သော ငါးနှစ်ကျော်က ရေးခဲ့ပြီးပြီ ဖြစ်သည်။ သို့သော် နောက်ဆုံး နှုတ်ဆက်သည့် အနေနှင့်ရော၊ သူ၏ အသုဘသို့ မရောက်လိုက်နိုင်သည့် အတွက်ပါ ရေးရဦးမည့်သဘော ရှိနေပါသည်။ ကိုဝင်းဦး၊ မိုးမိုး၊ မောင်နေဝင်းနှင့် မင်းကျော်တို့ ကွယ်လွန်စဉ်ကလည်း နှုတ်ဆက်စာတမ်းများ ရေးခဲ့သည် မဟုတ်ပါလား။ စိန်ခင်မောင်ရီနှင့် မောင်သက်နောင်တို့ ကွယ်လွန်စဉ်ကလည်း အမှတ်တရများ ရေးခဲ့သည် မဟုတ်ပါလား။ ပြီးခဲ့သည့် လကပင် **နိုင်မာလာနှင်းဆီ**ကို ကြည့်ရင်းက ကိုဝင်းဦးနှင့် ရေးဖော်များကို သတိရမိသေးသည်။

သို့သော် ခင်မင်ရင်းနှီးသူတစ်ယောက် ကွယ်လွန်တိုင်း အလွမ်းပြေရေးရသည့် အတွက် မိမိမှာ လက်တုံ့လာသည်။ စိတ်ထဲက မသန့်သလို ဖြစ်လာသည်။ သည်လိုနှင့်ပင် ခင်မင်ရင်းနှီးသူများလည်း တစ်ယောက်ပြီးတစ်ယောက် ခွဲခွာသွားကြတော့သည်။

## (ခ)

သူနှင့်မိမိ နောက်ဆုံးတစ်ကြိမ် အေးအေးဆေးဆေး တွေ့ရသည်မှာ ၁၉၉၀ ပြည့်နှစ်အတွင်းက ဖြစ်သည်။ မင်းကျော်၏အိမ်တွင် ဖြစ်သည်။ မင်းကျော်က တစ်စုံတစ်ခုသော အကြောင်းအတွက် သူ့အိမ်မှာ ဝိုင်းဖွဲ့ခြင်း ဖြစ်သည်။ ကိုမင်းကျော်၏အိမ်တွင် မိမိတို့ နောက်ဆုံး စုဝေးခဲ့သော ဝိုင်းကလေးလည်း ဖြစ်နိုင်သည်။ ထိုနေ့က ကိုကျော်အောင်၊ ကိုမြသန်းတင့်နှင့် မောင်နေဝင်းတို့လည်း လာကြသဖြင့် မိမိတို့လူစု လူစုံဟု ဆိုနိုင်ပါသည်။ ကိုဝင်းဦးတစ်ယောက်မှု မရှိတော့ပါ။ သူရှိခဲ့လျှင် ရောက်လာဦးမှာ အမှန်ပင်။

ညမထွက်ရ အမိန့်ရှိနေသဖြင့် မိမိတို့ စောစောစုကြသည်။ စောစောပြန်ကြရန်လည်း စီစဉ်ထားကြသည်။ ထုံးစံအတိုင်းပင် စာပေအကြောင်း၊ နိုင်ငံရေးအကြောင်း၊ မိတ်ဆွေများအကြောင်း ရှေးဟောင်းနှောင်းဖြစ်နှင့် ရှေ့အလားအလာများကို ပြောဖြစ်ကြသည်။

ည ခုနစ်နာရီလောက်တွင် မိမိ ပြန်ရန် စီစဉ်သည်။ မိမိက ခရီးအဝေးဆုံးဖြစ်သည်။ ရန်ကင်းမှ မြောက်ဥက္ကလာပသို့ ကားနှစ်ဆင့် စီးရမည် ဖြစ်သည်။ ကိုကျော်အောင်နှင့် ကိုမြသန်းတင့်တို့က မောင်နေဝင်း၏ ကားနှင့် လိုက်ကြမည်ဖြစ်သဖြင့် ဘာမျှ ပူစရာမလို။

မိမိ ထိုင်ရာက ထ မည်ပြုသောအခါ ကိုညွန့်ကြူးက ...

'နေပါဦးဗျ၊ ခင်ဗျားကို ကျွန်တော် လိုက်ပို့ပါမယ်'

'ဟုတ်တယ်၊ ကိုမောင်မောင်ညွန့်မှာ ကားပါတာပဲ'

မင်းကျော်က ဝင်ပြောသည်။

သူ့မှာ ကားတစ်စီး ရှိမှန်းသိသည်။ သို့သော် ကားပါလာမှန်း မသိ။ သူ့ကားက စီးရန် မဟုတ်၊ ပရိုက်ဗိတ် တက္ကစီဆွဲရန် ဝယ်ထားခြင်း ဖြစ်သည်ဟု ကြားထား၍ ဖြစ်သည်။ သို့သော် ယခုလိုအချိန်မျိုးတွင် သူ့အနေဖြင့် ကားမပါဘဲ လာ၍ အဆင်မပြေနိုင်ကြောင်း မိမိ မစဉ်းစားမိခဲ့။

'ဟုတ်တယ်၊ ခင်ဗျား မောင်မောင်ညွန့်ကားနဲ့ လိုက်သွားပြီး တံတားလေးလမ်းဆုံမှာ ဆင်းလိုက်ရင် အဆင်ပြေမှာပေါ့'

ကိုကျော်အောင်က ဝင်ပြောသည်။

'အိမ်အထိ လိုက်ပို့ပေးပါ့မယ်'

ကိုညွန့်ကြူးက ထုံးစံအတိုင်း တိုတိုနှင့်ပြတ်ပြတ် ပြောလိုက်သည်။

သို့ဖြင့် မိမိတို့ ရှစ်နာရီလောက်အထိ ဆက်ပြီး ဝိုင်းဖွဲ့ကြသည်။ မိမိတို့လူစုမဆုံကြရသည်မှာ ကြာပြီဖြစ်သည်က တစ်ကြောင်းကြောင့် ထိုညက တော်တော်ကလေး စကားပြောဖြစ်ကြသည်။ သို့သော် သည်လူစု နောက်ဆုံးအကြိမ် စုဝေးခြင်း ဖြစ်သည်ကို ကား မည်သူကမျှ မထင်မှတ်ခဲ့။ ယခုမူ ထိုညက ခြောက်ယောက်အနက်က သုံးယောက် မရှိတော့ပြီ။

ရှစ်နာရီကျော်ကျော်ကလေးတွင် ရန်ကင်းမှ မိမိတို့ ထွက်ခဲ့ကြသည်။ မိမိအိမ်သို့ ရောက်သောအခါ ရှစ်နာရီခွဲတော့မည်။

မိမိက မြောက်ဥက္ကလာပ ဆေးရုံကြီးရှေ့ နွယ်နီလမ်းထိပ်သို့ ရောက်သောအခါ သည်ကပင် ဆင်းသွားတော့မည်ဟု ဆိုရာ သူက ...

'ခင်ဗျားအိမ်ထိ လိုက်ပို့မယ်လို့ ပြောထားတာပဲ။ ခင်ဗျားအိမ် ကျွန်တော် မရောက်တာလဲ ကြာပြီဗျာ' ဟု ဆိုကာ သူက အိမ်အထိ လိုက်လာပါသည်။

အိမ်သို့ ရောက်သောအခါ သူက မိမိဇနီးနှင့် နှုတ်ဆက်ပြီးနောက် စာကြည့်ခန်းထဲရှိ မိမိ၏ စာအုပ်များကို လျှောက်ကြည့်နေသည်။ သူ စိတ်ဝင်စားသော စာအုပ်များကို ဆွဲထုတ်ပြီး ကြည့်သည်။ ပါးစပ်မှလည်း 'ဒီစာအုပ် ကျွန်တော့်မှာ မရှိတော့ဘူး'။ 'ဒီ

စာအုပ် ဘယ့်နှယ်နေသလဲ'။ 'သူရေးတဲ့စာအုပ် ဘာရှိသေးသလဲ၊ စာအုပ်အသစ် ထွက်ဘယ်လို့ ပြောတယ်'

ထိုနောက် မိမိတို့နှစ်ယောက် စာကြည့်ခန်းထဲမှာပင် ထိုင်ပြီး စကားပြောနေကြသည်။ မိမိက နာရီကို ကြည့်ပြီး ...

'ဟော့လူ ပြန်တော့၊ ကိုးနာရီ ထိုးနေပြီ'

'ရပါတယ်၊ ကျွန်တော့်အိမ်က နီးနီးကလေးပဲ၊ ၁၅ မိနစ်လောက်ဆို ရောက်တာပဲ'

ထိုစဉ်က သူက လှိုင်တက္ကသိုလ်နယ်မြေမှာ နေသည်။

သူက အပူအပင် မရှိ။ အေးအေးဆေးဆေးပင် စာအုပ်များကိုကြည့်ကာ စကားပြောနေသည်။ သူ့အနေနှင့် မိမိအိမ်သို့ နောက်ဆုံး လာရောက်ခြင်းဟုများ သိလေသလားပဲ။

နောက်ဆုံးတွင် သူက နန္ဒ၏ **ငါ့စား၊ ငါ့သွေး၊ ငါ့ရောဝတီ** ဟူသော စာအုပ်ကြီးကို စာအုပ်စင်မှ ဆွဲထုတ်လိုက်သည်။ သုံးအုပ်တွဲ ပေါင်းချုပ်ပြီး ဖြစ်သဖြင့် ရောမအထူကြီး ဖြစ်သည်။

'ဒါ ကျွန်တော် ယူသွားမယ်'

'ဘာလုပ်မလို့လဲ'

'သူ့စာတွေ ကျွန်တော် ပြန်ဖတ်နေတယ်'

'ရေးမလို့လား'

'ရေးချင်တယ်'

'ကျွန်တော်လည်း နန္ဒစာတွေကို ရေးချင်တာပဲ၊ ဒါပေမဲ့ ပြန်ဖတ်ဖို့ အချိန်မရဘူး။ ခင်ဗျားကကော အချိန်ရမှာမို့လား'

'ဒီလိုပဲ ကြားဖြတ်ပြီး ဖတ်ရမှာပေါ့'

ထိုညက သူ ကိုးနာရီခွဲလောက်မှ မိမိအိမ်မှ ပြန်သွားသည်။ **ငါ့စား၊ ငါ့သွေး၊ ငါ့ရောဝတီ** ကို ပိုက်ပြီး ပြန်သွားသည်။ သူ့ခေါင်းထဲတွင် စာပေစိတ်ကူးတွေ ပြည့်လျှံနေပေလိမ့်မည်။

(ဂ)

ထို့နောက်တွင်ကား သူနှင့် ဟုတ်တိပတ်တိ မတွေ့ရတော့။ တယ်လီဖုန်းမှာ လေးငါးခါလောက် ရှိမည်။ ရုရှစာပေ၊ ရုရှဘာသာနှင့် ပတ်သက်၍ မရှင်းသည်များရှိလျှင် သူ့ကို ဖုန်းဆက်ပြီး မေးရသည်။ သူကလည်း မျက်မှောက်ကာလမှ စာပေလောကအကြောင်း သိချင်တာရှိလျှင် မိမိကို မေးတတ်သည်။

လူချင်းကား မှတ်မှတ်ရရ နှစ်ခါပဲ တွေ့သည်ဟု ထင်သည်။ ကြံတောမှာပင်

ဖြစ်သည်။ ထုံးစံအတိုင်း ရင်းနှီးသော မိတ်ဆွေများ၊ စာရေးဆရာများ ကွယ်လွန်သော အခါ တွေ့ဆုံဖြစ်တတ်ကြသည်။

မိုးမိုး(အင်းလျား)၏ အသုဘတုန်းက သူ လာသည်။ ၁၉၉၀ ပြည့်နှစ်က ဖြစ်သည်။ မိမိနှင့်ရပ်၍ စကားပြောနေရာမှ သူက ပြောသည်။

'နောက်ဘက်ကို နည်းနည်းဆုတ်ရအောင်၊ လူတွေများရင် ကျွန်တော် မွန်းတယ်'

လူအုပ်၏ နောက်ဘက်သို့ မိမိတို့ ဆုတ်ပြီး စကားပြောကြသည်။ သူက အသက်ရှူမောနေသည်။ သူက အသက်ရှူအားနည်းသဖြင့် အောက်ဆီဂျင်ရှူနေရသူ ဖြစ်သည်။

နောက်တစ်ခါ မောင်နေဝင်း၏ အသုဘတွင် သူ တစ်ခါလာသည်။ ၁၉၉၁ ခု နှစ်ဆန်းပိုင်းက ဖြစ်သည်။

သို့သော် သူ ခဏပဲနေပြီး ပြန်သည်။

'ကျွန်တော် ပြန်မယ်၊ ကြာကြာမနေနိုင်ဘူး'

သူ့ကားကလေး ထွက်သွားသည်ကို မိမိ ငေးကြည့်နေမိသည်။ ကြဲတောသို့ သူ အသုဘပို့သည်မှာ ထိုအကြိမ်မှာ နောက်ဆုံးအကြိမ် ဖြစ်လိမ့်မည်ဟု ထင်သည်။ အကြောင်းမှာ ကိုမင်းကျော်၏ အသုဘသို့ သူ လာပို့သည်ကို မတွေ့ရတော့ပါ။ သူ၏ ဇနီး ဒေါ်ရီရီဌေးသာ လာပို့ပါသည်။ ကိုမင်းကျော် ရက်လည်သည့် နေ့ကလည်း သူ လာရောက်နိုင်ခြင်း မရှိပါ။

နောက်ပိုင်းတွင် သူ အလုပ်မှ အငြိမ်းစားယူလိုက်ပြီ ဖြစ်ကြောင်း၊ အင်းလျား ရိပ်သာလမ်း အိမ်သို့ ပြောင်းလာပြီဖြစ်ကြောင်း သိရသည်။ တစ်နေ့တွင် သူ့ထံသို့ သွားလည်မည်ဟု စိတ်ကူးထားသည်။ သို့သော် ကိုကျော်အောင်၏ ပြောစကားတစ်ခု ကြောင့် နောက်တွန့်နေမိသည်။

'သူက ခင်ဗျားလာရင် သိပ်ဝမ်းသာမယ်၊ စကားတွေ သိပ်ပြောမယ်။ ဒီကောင် အခု စကားတွေ သိပ်ပြောတယ်၊ စကားပြောရင်း သူ မောနေတယ်။ ကျွန်တော်ကတော့ ဟော့ကောင် မောင်မောင်ညွန့် တော်တော့ဆိုပြီး အတင်းစကားဖြတ်ပြီး ပြန်ခဲ့ရတယ်'

သို့ဖြင့် အလုပ်မှ အငြိမ်းစားယူပြီးဖြစ်သော သူနှင့် အေးအေးဆေးဆေး စကား ပြောလိုသည်။ သူ စိတ်အားထက်သန်စွာ စကားပြောရာမှ သူ မောမည်ကိုလည်း စိုးရိမ် ပူပန်မိသည်။

သို့ဖြင့် သူ့အိမ်သို့သွားပြီး သူနှင့် စကားပြောရမည့် အလုပ်ကို မိမိ ချိန်ဆ နေခဲ့ခြင်း ဖြစ်သည်။

ယခုတော့ သူနှင့် စကားမပြောရပါတော့ပြီ။

[ ရွှေဝတ်မှုန်၊ နိုဝင်ဘာ၊ ၁၉၉၂ ]

# မိမိ နှင့် ဆင်ဖြူကျွန်းအောင်သိန်း

(က)

…အကြောင်း ရေးမည် စိတ်ကူးသဖြင့် မလိခ၏ **မြန်မာဝတ္ထုအညွှန်း** နှင့် **မြန်မာစာပေ …ဘိဓာန်** တို့ကို ပြန်လည် ကြည့်ရှုသောအခါ သူသည် မိမိထက် အသက် ငါးနှစ်မျှ …ကြောင်း အံ့သြစွာ သတိပြုမိရသည်။ နောက် တစ်နှစ်၊ နှစ်နှစ်ဆိုလျှင် အသက် ၆၀ …င်တော့မည်။ အဘိုးကြီးပဲ။

သို့သော် သာမန်အားဖြင့်ကြည့်လျှင် သူသည် မိမိထက် အသက်ကြီးသည်ဟု …သင်ရပါ။ မတိမ်းမယိမ်းတွေဟု ယူဆရသည်။ ထိုမျှ မကပါ။ မိမိထက်ပင် အရွယ်တင် …န် ရှိသည်။ ကျန်းမာရေး ကောင်းမွန်ဟန် ရှိသည်။ မြို့ထဲသို့ တစ်ပတ်နှစ်ကြိမ် မှန်မှန် …င်းသည်။ တနင်္လာနှင့် ကြာသပတေးနေ့တိုင်း ဖြစ်သည်။ စာရေးဆရာများ၊ ပန်းချီ …ရာ၊ ကာတွန်းဆရာများ၊ စာနယ်ဇင်းတိုက်များ၊ စာပေသမားများနှင့် လှည့်လည်ထိတွေ့ …သည်။ ယနေ့ စာပေလောကနှင့် မျက်ခြည်မပြတ် ရှိသည်။

ဆင်ဖြူကျွန်းအောင်သိန်း ( ၁၉၂၈- )



မိမိက တစ်ပတ်မှ တစ်ရက်ပဲ ဆင်းသည်။ သို့သော် တနင်္လာနေ့ ဖြစ်သဖြင့် သူ ဆင်းသော နေ့တစ်နေ့နှင့် တိုက်ဆိုင်နေသည်။ သို့ဖြင့် မိမိတို့သည် တနင်္လာနေ့တိုင်း မဟုတ်တောင် တနင်္လာ တော်တော်များများတွင် တွေ့ဖြစ်၊ ဆုံဖြစ်ကြသည်။ မိမိတို့သည် ၃၃ လမ်းတွင် ဆုံကြပြီး စာနယ်ဇင်းတိုက်များသို့ အတူ ဆက်ပြီးသွားသည့်အခါများ ရှိသည်။ ထုံးစံအတိုင်း စကားတပြောပြောနှင့် လမ်းလျှောက်သွားကြသည်။

ယခင်က နေ့စဉ်ရက်ခြား ဆိုသလိုပင် တွေ့ဆုံလေ့ရှိကြသော တင့်ဆန်း၊ တင်မိုး၊ လင်းယုန်သစ်လွင်နှင့် ငွေလင်းတို့သည် ယခုအခါ မြို့ထဲသို့ အလာကျဲသွားကြပြီ ဖြစ်သဖြင့် သူတို့နှင့် မတွေ့ကြရသလောက်ပင် ဖြစ်တော့သည်။ သူ တစ်ယောက်သာလျှင် မြို့ထဲသို့ ရက်ချိန်းမှန်မှန် ဆင်းနေသဖြင့် အဆက်အသွယ်မပြတ် ရှိနေရသည်။

ဆင်ကြီးသည် (သူ့ကို မိမိတို့က ဆင်ကြီးဟုလည်း ခေါ်သည်။ ဆင်ဖြူကျွန်းဟုလည်း ခေါ်သည်။) မိမိထက် အသက်ကြီးသော်လည်း စာပေလောကထဲသို့ ဝင်ရောက်ကြသည်မှာကား မရှေးမနှောင်းပင် ဖြစ်ကြသည်။ မိမိက ၁၉၅၀ ပြည့်နှစ်ကတည်းက **ဟံသာဝတီ သတင်းစာ** မဂ္ဂဇင်းကဏ္ဍတွင် ကဗျာများ စ ရေးခဲ့သည်။ သူက ၁၉၅၁-၅၂ တွင် "ရွှေဇင်" ဟူသော ကလောင်အမည်ဖြင့် **တိုင်းသစ်** ဂျာနယ်၌ ကဗျာများ စ ရေးသည်။ သူ၏ ပထမဆုံး ဝတ္ထုတိုသည် ၁၉၅၃ **သွေးသောက်** မဂ္ဂဇင်းပါ "စွပ်ကျယ်" ဖြစ်သည်။

မိမိလည်း ထိုအချိန်က **တိုင်းသစ်**နှင့် **လူငယ်**တို့တွင် ပါဝင် ရေးသားခဲ့သည်။ သို့သော် "ရွှေဇင်" ဆိုသည်ကိုရော၊ "ဆင်ဖြူကျွန်းအောင်သိန်း" ဆိုသည်ကိုရော သတိမပြုမိခဲ့ပါ။ အမှတ်မထင်ပင် ဖြစ်ခဲ့သည်။

ဆင်ဖြူကျွန်းအောင်သိန်း ဟူသော ကလောင်အမည်ကို မိမိ ပထမဆုံး သတိပြုမိရသည်မှာ **စုံထောက်** မဂ္ဂဇင်းသို့ သူ ပေးပို့သောစာမူကို အယ်ဒီတာတစ်ယောက် အဖြစ်နှင့် ဖတ်ရှုရသော အခါတွင်မှဖြစ်သည်။ ၁၉၅၄ မှာ ဖြစ်သည်။ သည်တုန်းက မိမိ အယ်ဒီတာ ဖြစ်နေပြီ။ သို့မဟုတ် အယ်ဒီတာစားပွဲမှာ ထိုင်နေပြီ။ (တတ်သည် မတတ်သည်က တစ်ပိုင်းပေါ့။) မိမိ၏ဘဝသည် ကျောင်းသားဘဝမှနေ၍ စာရေးဆရာပေါက်စ၊ အယ်ဒီတာပေါက်စ ဘဝသို့ တစ်ခါတည်း၊ တစ်ပြိုင်တည်း ကူးပြောင်းခဲ့ခြင်း ဖြစ်သည်။ မိမိ၏ တစ်သက်တာတွင် အခြားအလုပ်ဟူ၍ ရန်ကုန်မြို့ ရုံးတစ်ရုံးတွင် အောက်တန်းစာရေးအဖြစ် တစ်နှစ်လောက်၊ နိုင်ငံခြားသံရုံးတွင် ဘာသာပြန်အဖြစ် တစ်လ၊ နှစ်လလောက်သာ လုပ်ကိုင်ခဲ့ဖူးသည်။

မိမိ ရန်ကုန်ရောက်ရှိပြီး တစ်လအတွင်းမှာပင် အယ်ဒီတာအလုပ် ရရှိသည်။ **စုံထောက်** မဂ္ဂဇင်း ထုတ်ဝေသူ ဦးဆန်နီနှင့် ကိုမိုးဝေတို့သည် မဂ္ဂဇင်း အသစ်တစ်စောင် ထုတ်ဝေရန် စီစဉ်နေကြသည်။ **ရုပ်ရှင်ဝတ္ထု** မဂ္ဂဇင်း ဖြစ်သည်။ အဓိကအားဖြင့် နိုင်ငံခြား

ရုပ်ရှင် မဂ္ဂဇင်းများမှ ရုပ်ရှင်ဇာတ်လမ်းများ၊ မင်းသား မင်းသမီး အကြောင်းများ၊ ဆောင်းပါးများကို ဘာသာပြန်ဆို ဖော်ပြရန် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နှင့် ဇာတ်သဘင် အကြောင်းများလည်း ပါရှိမည် ဖြစ်သည်။ အယ်ဒီတာအဖွဲ့တွင် လူနှစ်ဆယ်ကျော်သည်။ အယ်ဒီတာအဖွဲ့ဝင်များ စာရင်းကို စာဖတ်သူများ အထင်ကြီးအောင် စာမျက်နှာအပြည့်ပင် ခမ်းခမ်းနားနား ဖော်ပြထားသည်။ ရုံထောက် မဂ္ဂဇင်းနှင့် နီးနွယ်သူများ အားလုံးကို အလကားပဲတင်း အယ်ဒီတာများအဖြစ် ခန့်ထားခြင်း ဖြစ်သည်။ သို့သော် တကယ် အလုပ်လုပ်ရသူမှာ ကိုမိုးဝေနှင့် မိမိသာ။

မိမိက တာဝန်ခံ အယ်ဒီတာ ဖြစ်သည်။

သို့သော် ယင်းမဂ္ဂဇင်းသည် နှစ်လသာထွက်ပြီး ရပ်သွားသည်။ ထိုအခါ မိမိသည် ရုံထောက် မဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် ဆက်ပြီးလုပ်ရသည်။ ကိုဘောင့်ဆန်း နေမကောင်းသဖြင့် ဆေးရုံတက်ရသောအခါ ခေတ္တ တာဝန်ခံအယ်ဒီတာ ဖြစ်ရပြန်သည်။ သည်မှာ ဖောင်ကိုင်ရသည်။ ပရုဖ် ပြင်ရသည်။ စာမူ ဖတ်ရသည်။

သည်မှာ ဆင်ဖြူကျွန်းအောင်သိန်း၏ စာမူကို ဖတ်ရခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အယ်ဒီတာသည် သပ်သပ်ရပ်ရပ်ရှိသော စာမူများ၊ လက်ရေးကောင်းသော စာမူများကို ဦးစားပေးပြီး ဖတ်ချင်သည်။ သူ၏စာမူက သပ်ရပ်လှသည်။ ဗလာစာရွက်ကို ညီညီညာညာ ဖြတ်ထားသည်။ ညာဘက်တွင် အဖြူသား လေးပုံတစ်ပုံ ချန်ထားသည်။ စာလုံးတွေက တစ်လုံးချင်း ပီပီသသ ရေးထားသည်။ ဝိုင်းစက်လှပသည်။ ဖျက်ရာ၊ ခြစ်ရာ မရှိသလောက်ပင် ဖြစ်သည်။ စာအရေးအသားကလည်း တိုတိုတောင်းတောင်းနှင့် ရှင်းရှင်းလင်းလင်း ရှိသည်။ သို့ဖြင့် သူ့စာမူကို မိမိ ရွေးလိုက်ရသည်။ သို့သော် သူ့ကို မိမိ မမြင်ဖူးပါ။ သူ မည်သူမည်ဝါမှန်း မိမိ မသိပါ။

စာမူကို အယ်ဒီတာချုပ် ကိုမိုးဝေထံ တင်ပြသောအခါ ...

'အေးဗျ၊ ဒီစာမူ ပေးထားတာ နည်းနည်းတောင် ကြာနေပြီ၊ ကျွန်တော်လည်း ဖတ်မလို့ပဲ၊ မဖတ်ဖြစ်ဘူး။ ကောင်းလို့ရှိရင် ထည့်လေ၊ ကျွန်တော် မဖတ်တော့ပါဘူး။ ခင်ဗျားပဲ ပန်းချီအပ်လိုက်ပေါ့'

အယ်ဒီတာချုပ်က တာဝန်ခံ အယ်ဒီတာ လက်သစ်ကလေးကို ယုံယုံကြည်ကြည် လွှဲအပ်လိုက်သည်။ သည်မှာပင် ပြဿနာ ဖြစ်ရတော့သည်။ အမှန်တော့ အယ်ဒီတာချုပ်သည် အတွေ့အကြုံ နုနယ်သေးသော၊ မနူးမနပ် အယ်ဒီတာလေးတစ်ယောက်ကို အဆုံးအဖြတ် ပေးရမည့် ပြဿနာများကို မလွှဲအပ်သင့်ပါ။ စာမူ ရွေးချယ်တည်းဖြတ်ရသည့် အလုပ်က မလွယ်ပါ။ စာမူတစ်ပုဒ်ကို ဖတ်ပြီး ကောင်း မကောင်း ဆုံးဖြတ်ခြင်း၊ အထူးသဖြင့် မိမိ၏ မဂ္ဂဇင်းတွင် ထည့်သင့် မသင့် ဆုံးဖြတ်ရခြင်းသည် မဂ္ဂဇင်း၏ အသက်ပင် ဖြစ်သည်။

သူ့ဝတ္ထုက တပ်ပြေးတစ်ယောက်အကြောင်း ရေးထားခြင်း ဖြစ်သည်။ အသေးစိတ် ရေးထားသည်။ ဤဇာတ်လမ်းမျိုးသည် တပ်မတော်သို့ ဝင်ရောက်လိုသော လူငယ်များကို အဟန့်အတားပြုရာ ရောက်နိုင်သည်။ သို့သော် စာရေးသူကလည်း စာရေးကာစ လူငယ်တစ်ဦးသာ ဖြစ်သည်။ သူ မြင်တွေ့သည်များကို မှတ်တမ်းတင်သည့် အနေဖြင့် ရိုးရိုးသားသား ရေးလိုက်ခြင်းပင် ဖြစ်သည်။ အဆုံးအဖြတ် ပေးရမည်က အယ်ဒီတာသာ ဖြစ်သည်။ သို့သော် အယ်ဒီတာကလည်း အတွေ့အကြုံ နည်းပါးသော လူငယ်တစ်ဦးသာ ဖြစ်သဖြင့် ရွေးချယ် ဖော်ပြလိုက်သည်။ အယ်ဒီတာချုပ်ကလည်း သူ၏ လက်အောက်မှ လူကို ယုံလွန်းသဖြင့် လွှတ်ပေးလိုက်သည်။ သည်အထဲတွင် ဝတ္ထု သရုပ်ဖော်ပုံကလည်း အသက်ပါလွန်းလှသည်။ မျက်နှာပြည့်ပုံကြီး ဖြစ်သည်။ ပန်းချီအောင်စိုး၏ လက်ရာကောင်း တစ်ခုပင် ဖြစ်သည်။ ပန်းချီဆရာကတော့ အယ်ဒီတာကအပ်လျှင် လက်စွမ်းကုန် ဆွဲပေလိမ့်မည်။

မဂ္ဂဇင်းထွက်သောအခါ ပြဿနာပေါ်တော့သည်။ စစ်ဘက်ထောက်လှမ်းရေးက လာရောက် မေးမြန်းသည်။ အထူးသတင်း ထောက်လှမ်းရေး ရဲတပ်ဖွဲ့က လာရောက် စစ်ဆေးသည်။ နောက်ဆုံးတွင် ပြည်ထဲရေးဌာနက "မဂ္ဂဇင်းကို အဘယ့်ကြောင့် မပိတ်သင့်ကြောင်း" ထုချေလွှာ တောင်းတော့သည်။ သည်အခါတွင် အယ်ဒီတာချုပ်သည် ပြည်ထဲရေးဌာန ဝန်ကြီးထံ သွားရောက်ပြီး ဖြေရှင်းကောင်းပန်ရတော့သည်။ စာမူကို ထည့်သွင်းလိုက်သော အယ်ဒီတာသည် အတွေ့အကြုံ မရှိသေးသော လူငယ်ကလေး ဖြစ်သဖြင့် မှားယွင်းသွားရကြောင်း ဝန်ခံရသည်။ နောက်နောင်တွင် ဤသို့ မပြုလုပ်ရ ဟူသော နောက်ဆုံး သတိပေးခြင်းကို ခံရသည်။

သို့သော် စာရေးဆရာသည် ဤအဖြစ်ကို အနည်းငယ်မျှ သိရှိပုံ မရပါ။ သူ့ဝတ္ထုပါသော မဂ္ဂဇင်းကိုလည်း လာမယူပါ။ စာမူခလည်း လာမထုတ်ပါ။ မဂ္ဂဇင်းတိုက်သို့ မည်သည့်အကြောင်းကိစ္စနှင့်မျှ ရောက်ရှိလာခြင်း မရှိပါ။ ထိုအခါတွင် သူ ဘယ်သူလဲ ဆိုသည်ကို စုံစမ်းကြည့်သည်။ သူ့ကို မိမိ မမြင်တွေ့ဖူးသလို အယ်ဒီတာချုပ်ကလည်း မမြင်ဖူးပါ။ ထုတ်ဝေသူကလည်း မမြင်ဖူးပါ။ သူ့ကို မည်သူကမျှ အမှတ်မထားမိကြပါ။

သည်အချိန်တွင် ကိုတင့်ဆန်း ဆေးရုံမှဆင်းလာပြီ ဖြစ်သဖြင့် မိမိတို့ နှစ်ယောက်သည် သူ့သတင်းကို စုံစမ်းပြီး သူ့အိမ်သို့ လိုက်ကြရသည်။ မိုးတွေရွာနေသော တစ်ညနေခင်းတွင် ကိုတင့်ဆန်းနှင့် မိမိသည် မြင်းပြိုင်ကွင်း အနောက်ဘက်ရှိ လမ်းကြို လမ်းကြားကလေးများတွင် တစ်လမ်းဝင်၊ တစ်လမ်းထွက် ဟိုမေး၊ သည်မေးနှင့် သူ့အိမ်သို့ ရောက်ရှိ သွားကြရသည်။ မိမိတို့ ပထမဆုံးအကြိမ် လူချင်းတွေ့ဖူးကြခြင်းပင် ဖြစ်သည်။

ရှမဝတွင် ငွေ့ ဝတ္ထုများကို ရေးသားနေသော "ဇင်အောင်" သည် သူပင် ဖြစ်ကြောင်းကို သိရသောအခါ အံ့သြရသည်။ မိမိသည် ဆင်ဖြူကျွန်းအောင်သိန်းထက် ဇင်အောင်၏ ဝတ္ထုများကိုသာလျှင် ဖတ်ခဲ့ရသည်။ နှစ်သက်ခဲ့ရသည်။ သည့်တုန်းက ဇင်အောင် ဟူသော ကလောင်အမည်က ဆင်ဖြူကျွန်းအောင်သိန်းထက် ပိုမို ထင်ရှားလျက် ရှိသည်။ အထူးသဖြင့် ငွေ့ဝတ္ထုများကို လူကြိုက်များလှသည်။ ထို့နောက် မှဆိုးကြီး အောင်ဇေယျ၊ ဦးကြောင်ဘီလူး နှင့် မင်္ဂလာ ဇင်အောင်တို့ကို နှစ်သက်ကြသည်။

ကိုဆေးရိုး ဝတ္ထုများကို ရေးသားသောအခါတွင်မှ ဆင်ဖြူကျွန်းအောင်သိန်း ကလောင်အမည် ထင်ရှားလာရသည်။ သူ၏ ကိုဆေးရိုး ဝတ္ထုများနှင့် အခြား ကျေးလက် သရုပ်ဖော် ဝတ္ထုများကို မိမိ တလေးတစား ဖတ်ရှုခဲ့သည်။

သို့သော် သူ၏ ဝတ္ထုရှည်များကို မိမိ မနှစ်သက်လှပါ။ ဇင်အောင် အရှည်များ ကိုရော၊ ဆင်ဖြူကျွန်း အရှည်များကိုရော ဖြစ်သည်။ သူ့ကို အတိုသမားအဖြစ်သာ အသိအမှတ် ပြုမိသည်။ ယင်းကြောင့်ပင် မိမိသည် "မလိခ" အနေနှင့် နီရဲသော နှလုံးဥတ္တမ ဝတ္ထုကို အညွှန်းရေးသားသောအခါ ဇာတ်ဆောင်များကို ကိုင်တွယ်ရာ၌ ချာလောကြီးနေပြီး အရုပ်ကလေးတွေ ဖြစ်နေကြောင်း၊ ဝတ္ထုသည် အနှစ်သာရ ပြည့်ဝ သော်လည်း အခင်းအကျင်း မကြွယ်ဝသဖြင့် သင့်သလောက် မဝေဆာကြောင်း မှတ်ချက် ပြုမိသည်။

တစ်နေ့တွင် မင်းကျော်က ...

'ခင်ဗျား ရေးတာကို ဟိုလူကြီး ဒေါပွနေတယ်'

'ဘာဖြစ်လို့လဲ'

'သူ့ကို မေးကြည့်ပေါ့'

သူနှင့် တွေ့သောအခါ ...

'ဟေ့လူ ကျွန်တော် ရေးတာကို ခင်ဗျား ဒေါပွနေတယ်ဆို'

'ကျော်ဆွေ ပြောသလား'

သူက မင်းကျော်ကို ကျော်ဆွေဟု ခေါ်သည်။ မင်းနဲ့ ငါနဲ့ ပြောသည်။

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ'

'ခင်ဗျားက ဝတ္ထုကို သေသေချာချာမှ မဖတ်ဘဲ'

'ဖတ်ပါတယ်'

မိမိက ချက်ချင်းပင် ပြန်ပြောလိုက်သည်။ သူ ဘာမျှ ထပ်မပြောတော့ပါ။ မိမိ ကလည်း ဘာမှ ထပ်မမေးတော့ပါ။ သို့သော် ဇင်အောင်၏ စာရေးဆရာ မောင်မြေဇာ ကို အညွှန်းရေးရန် ရှိသောအခါ မိမိ မရေးတော့ဘဲ မင်းကျော်ကို ရေးစေတော့သည်။

သူ့တွင် ကလောင်အမည်တွေ အမျိုးမျိုး ရှိသည့်အနက် ဆင်ဖြူကျွန်းအောင်သိန်းနှင့် ဇင်အောင်သည် အပြိုင်လို ဖြစ်သော်လည်း သူသည် ဆင်ဖြူကျွန်းအောင်သိန်း အဖြစ်နှင့်သာ ရပ်တည်သည်။ အထူးသဖြင့် စာပေဟောပြောပွဲများတွင် ဆင်ဖြူကျွန်း အောင်သိန်း အဖြစ်နှင့်သာ ဟောပြောပြီး ဇင်အောင် အနေနှင့် ပြောဆိုခြင်း မရှိချေ။

သူက မျက်နှာထားလည်း တည်သည်။ တင်းလည်း တင်းသည်။ စကားပြောသည့် နေရာတွင်လည်း လေးလေးတည်တည်နှင့် ပြတ်သားပွင့်လင်းစွာ ပြောတတ်သည်။

မိမိသည် သူနှင့်အတူ အဖွဲ့အစည်းများတွင် အတူလုပ်ခဲ့ဖူးသည်။ ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ဖူးသည်။ နယ် ဟောပြောပွဲများသို့ သွားခဲ့ဖူးသည်။ သူက အချိန်မှန်သည်။ ပြောစရာရှိသည်ကို ပြတ်ပြတ်ပြောသည်။ ဟိုလိုလို သည်လိုလို ကြားနေခြင်းမျိုး မရှိပါ။ တစ်ချိန်က မိမိတို့ အချင်းချင်းပြုလုပ်သော စာပေဝေဖန်ပွဲများတွင်လည်း သူသည် အခြားသူများ၏ စာများကို ဖတ်ဖြစ်အောင် ဖတ်ခဲ့သည်။ ပြောဖြစ်အောင်လည်း ပြောတတ်သည်။

နောက်တစ်ခုကတော့ သူသည် စာရေးရန်လည်း ကြိုးစားသည်။ စာကိုလည်း ကြိုးစားပြီး ရေးသည်။ ကုန်ကြမ်းရှာရန် အညာသို့ မကြာခဏ ခရီးထွက်လေ့ ရှိသလို နိုင်ငံခြား စာအုပ်စာတမ်းများနှင့် ပတ်သက်ပြီး မသိသည်များ၊ မရှင်းသည်များကိုလည်း မေးမြန်း စူးစမ်းတတ်သည်။

သူသည် လူကြီးတစ်ယောက် ဖြစ်ရုံမျှမက၊ လူကြီးဆန်ရုံမက၊ လူကြီးတစ်ယောက်၏ အလုပ်ကိုလည်း အပင်ပန်းခံပြီး၊ အလေးဂရုထားပြီး ပြုလုပ်တတ်သည်။ ရန်ကုန်တွင် တွေ့ဆုံကြသည့် အခါများတွင်ရော၊ နယ်သို့သွားကြသည့် အခါများတွင်ရော သူက မိမိတို့ကို ဆိုဆုံးမတတ်သည်။ သတိပေးစရာ ရှိသည်ကို သတိပေးတတ်သည်။

တလောက မိမိ သားတစ်ယောက် မင်္ဂလာဆောင်သောအခါ သူက ...

'ဟေ့လူ၊ ခင်ဗျား ကိုသစ်လွင်ကြီးကို ဖိတ်ဖို့ မမေ့နဲ့နော်'

'ကျွန်တော်က မဖိတ်ဘူးလားလို့'

'ဘာဖြစ်လို့လဲ'

'အားနာလို့ပါ၊ သွားရ လာရတာလည်း ဝေးတယ်'

'ဘယ်ဟုတ်မလဲဗျာ၊ ခင်ဗျားသားတွေ ရှင်ပြုတုန်းက သူ့ကို မဖိတ်တဲ့အတွက် အခုထက်ထိ လင်မယားနှစ်ယောက်စလုံး ပြောလို့မဆုံးကြဘူး။ နတ်နွယ်က သူတို့ကို အသိအမှတ် မပြုတော့ဘူးတဲ့။ ကောင်းတာကတော့ ခင်ဗျားကိုယ်တိုင် သွားဖိတ်ရင် ကောင်းမယ်'

မြောက်ဥက္ကလာမှ တောင်ဥက္ကလာသို့ သွားရသည့်ခရီးမှာ မလွယ်ပါ။ သို့သော်

သူက သူများကိုသာ ပြောသည်မဟုတ်။ သူကိုယ်တိုင်လည်း လုပ်သင့်သည့် အလုပ်များကို မပျက်မကွက် လုပ်ပါသည်။ ယခုတလော ကိုသစ်လွင် ကျန်းမာရေး သိပ်မကောင်းသဖြင့် အပြင် သိပ်မထွက်ပါ။ ထိုအခါ သူက သာကေတက နေပြီး ခရီးထောက်သော ဆောင်ဥက္ကလာသို့ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ် ရောက်အောင်သွားပြီး တွေ့ဆုံလေ့ရှိပါသည်။ ထို့အတူ အကြောင်းရှိလျှင် ကိုတင့်ဆန်းနှင့် မိမိတို့ရှိရာ မြောက်ဥက္ကလာသို့လည်း ရောက်အောင် မပျက်မကွက် လာရောက်တတ်ပါသည်။ သူနှင့် နောက်ဆုံးအကြိမ် တွေ့ကြစဉ် မိမိက ...'ဟေ့လူ၊ ခင်ဗျား တစ်ပတ် နှစ်ကြိမ် မှန်မှန်ထွက်တုန်းပဲလား'

'အင်း ... ဘာဖြစ်လို့လဲ'

'ကျွန်တော်တော့ တစ်ပတ်တစ်ကြိမ်တောင် နည်းနည်းငြီးငွေ့လာပြီ'

'အင်း ...သွားစရာရှိတဲ့ နေရာတွေကိုတော့ လှည့်သွားနေရမှာပဲ'

မှန်၏။ သူက ရေးစရာရှိတဲ့ နေရာတွေကိုလည်း လှည့်ရေးနေတုန်းပင်။

[ ချယ်ရီ၊ ဩဂုတ်၊ ၁၉၈၆ ]

## မိမိ နှင့် သိန်းဖေမြင့်

### (က)

**မိမိနှင့် စာရေးဆရာများအကြောင်း** ရေးသားရာတွင် "သည်အကြောင်းက မိမိ၏ အတ္ထုပ္ပတ္တိလည်း မဟုတ်ပါ။ သူတို့၏ အတ္ထုပ္ပတ္တိလည်း မဟုတ်ပါ။ သည်အကြောင်းကို ရေးလျှင် မိမိအကြောင်းလည်း ပါမည်။ သူတို့အကြောင်းလည်း ပါမည်။ ဆက်နွှယ်နေသော စာပေနှင့် စာပေလောက အကြောင်းလည်း ပါမည်" ဟု ဒဂုန်တာရာအကြောင်း ရေးစဉ်က မိမိ ပြောခဲ့သည်။

အမှန်ပင် ဖြစ်သည်။ သိန်းဖေမြင့် အကြောင်း ရေးရင်းနှင့် စာပေလွတ်လပ်ခွင့် အကြောင်း ပြောချင်လျှင် ပြောမည်။ တက်တိုးအကြောင်း ပြောရင်းနှင့် ဘာသာပြန် အတတ်ပညာအကြောင်း ပြောချင်လျှင် ပြောမည်။ နန္ဒအကြောင်း ရေးရင်းနှင့် သမိုင်းနောက်ခံ ဝတ္ထုအကြောင်း ပြောချင်လျှင် ပြောမည်။ ဂျာနယ်ကျော်မမလေး အကြောင်း ရေးရင်းနှင့် ဣတ္ထိယဝါဒအကြောင်း ပြောချင်လျှင် ပြောမည်။ ဒေါင်းနွယ်ဆွေအကြောင်း ရေးရင်းနှင့် ကာရန်မဲ့ကဗျာအကြောင်း ဆွေးနွေးချင် ဆွေးနွေးမည်။

သိန်းဖေမြင့် ( ၁၉၁၄-၇၈ )



ထို့အပြင် စာရေးဆရာတစ်ယောက်အကြောင်း ရေးရာ၌ သူသည် မိမိနှင့် လူချင်း ရင်းနှီးချင်မှ ရင်းနှီးမည်။ မိမိ လုံးဝ မတွေ့မြင်ဖူးသူတစ်ယောက် ဖြစ်ချင်ဖြစ်မည်။ (ဥပမာ –ဆရာမကြီး ခင်နှင်းယုကို ဖြူသလား၊ မည်းသလား မိမိ မသိပါ။ သို့သော် **မွေး** နှင့် **ပဒုမပေါင်တို့** အကြောင်း မိမိ ပြောချင်လျှင် ပြောမည်။) ထို့မှုမက သူသည် နာမည်ကျော်ကြားသူတစ်ဦး ဖြစ်ချင်လည်း ဖြစ်မည်၊ မထင်ရှားသော စာရေးဆရာတစ်ဦး ဖြစ်ချင်လည်း ဖြစ်မည်။ သူသည် သက်ရှိလည်း ဖြစ်ချင် ဖြစ်မည်၊ ကွယ်လွန်ပြီးလည်း ဖြစ်ချင်ဖြစ်မည်။ အပိုင်းအခြား အကန့်အသတ် မထားရှိပါ။

သို့သော် ကွယ်လွန်သူများ အကြောင်း ရေးရသည်မှာ ဆင်ခြင်စရာ ဖြစ်သည်။ **မိမိနှင့် စာရေးဆရာများ**အကြောင်း ရေးသားရာတွင် မိမိသည် သူတို့အကြောင်း မကောင်းရေးရန် ဆန္ဒမရှိပါ။ သူတို့အကြောင်း ဝေဖန်ပိုင်းခြားရန် ဆန္ဒ မရှိပါ။ သူတို့နှင့် မိမိ သိကျွမ်းမှု၊ ခင်မင်မှု၊ ပတ်သက်မှု၊ မိမိနှင့် မိမိစာပေအပေါ် သူတို့၏ ပြောကြားမှု၊ သူတို့နှင့် သူတို့စာပေအပေါ် ထင်မြင်မှုတို့ကို အငြိအစွန်းကင်းစွာ ရေးသားရန်သာ ဆန္ဒ ရှိပါသည်။ မိမိ မကြိုက်သူရှိလျှင် သူ့အကြောင်း မိမိ မရေးဘဲ နေမည်။ မိမိ မကြိုက်သည့် အကြောင်းရှိလျှင် ထိုအကြောင်းကို မရေးဘဲ နေမည်။ သို့သော် သူတို့၏ စာပေနှင့် ပတ်သက်ပြီး မိမိ၏ ခံစားချက်ကို ပြောချင်လျှင် ဝေဖန်ရေးပုံစံမျိုးဖြင့် မဟုတ်ဘဲ စာဖတ်သူတစ်ဦး၏ ခံစားချက်ဖြင့် ကြိုက်လျှင် ကြိုက်သည်၊ မကြိုက်လျှင် မကြိုက်ဘူး ဆိုသည်ကို တိုတိုတုတ်တုတ်သာ ထုတ်ဖော်ပြောဆိုမည် ဖြစ်သည်။ (ဥပမာ–နန္ဒ၏ **သံနှင့်သွေး** ကို ကြိုက်သည်။ အရေးအသားကိုလည်း ကြိုက်သည်။ ဇာတ်လမ်းကိုလည်း ကြိုက်သည်။ စွဲလမ်းသည်။ မိမိအပေါ် လွှမ်းမိုးမှု ရှိသည်။ သို့သော် သူ၏ **ဤဘဝ ဤမျှသာ** ကို မကြိုက်ပါ။ အရေးအသား ကွန့်လွန်းသဖြင့် မကြိုက်ပါ။ ဤသည်မှာ သူ့ဝတ္ထုနှစ်ပုဒ် ကောင်း မကောင်း ဝေဖန်ခြင်း မဟုတ်ပါ။ မိမိအနေနှင့် ကြိုက် မကြိုက် ပြောခြင်းသာ ဖြစ်သည်။)

သို့သော် သူတို့နှင့် မိမိ ပတ်သက်မှုများကို ပြောကြားရာတွင် အချိန်ကာလ ကြာပြီဖြစ်သဖြင့် အမှတ်အသား လွဲမှားနိုင်ပါသည်။ မိမိက အမှတ်မှားသည်လည်း ဖြစ်နိုင်သည်။ သူတို့က မေ့နေသည်လည်း ဖြစ်နိုင်သည်။ သူတို့က အဓိပ္ပာယ်တစ်မျိုး ကောက်သွားသည်လည်း ဖြစ်နိုင်သည်။ ဤအခါတွင် သက်ဆိုင်ရာ ကာယကံရှင် ကိုယ်တိုင် ရှင်းလင်းနိုင်ခွင့်၊ ပြင်ဆင်နိုင်ခွင့်၊ တုံ့ပြန်နိုင်ခွင့်ရှိလျှင် ကောင်းသည်။ အထူးသဖြင့် သက်သေမရှိဘဲ နှစ်ယောက်တည်းပြောသည့် စကားများကို ထိုသူ မရှိသည့် နောက်ပိုင်းတွင် ပြန်လည်ပြောကြားခြင်းသည် အထူး ဆင်ခြင်ဖွယ်ရာပင် ဖြစ်သည်။ ဤအခါတွင် မိမိ၏ သိက္ခာတစ်ခုတည်းကိုသာ အားကိုးစရာ ရှိသည်။

ယင်းကြောင့်ပင်လျှင် မိမိသည် ယနေ့အထိ "အညာက စာရေးဆရာများ"

ဆောင်းပါးမှအပ စာရေးဆရာ ၁၉ ယောက်အကြောင်း ရေးသားခဲ့ရာတွင် ဇန်းမော်တင်အောင် တစ်ယောက်သာလျှင် ကွယ်လွန်သူ ပါဝင်ခဲ့သည်။ ဇန်းမော်တင်အောင်အကြောင်း ရေးသားရာတွင်လည်း အများကြီး စဉ်းစားချင့်ချိန်ပြီးမှ ရေးခဲ့ရသည်။ သိန်းဖေမြင့်၊ ဂျာနယ်ကျော်မမလေး၊ ဂျာနယ်ကျော်တင့်ဆွေ၊ သခင်မြသန်း၊ ရွှေဓား၊ သန်းဆွေ၊ အောင်လင်း၊ ဒေါင်းနွယ်ဆွေတို့အကြောင်း ရေးသားရန် မိမိ စိတ်ကူးရှိထားသည်မှာ ကြာပြီဖြစ်သော်လည်း လက်တွံ့နေခဲ့သည်။ အမှားအယွင်း၊ အတိမ်းအစောင်းများ ရှိသွားမည်ကို စိုးရိမ်၍ ဖြစ်သည်။

သို့သော် ဤပုဂ္ဂိုလ်များအနက် အချို့သည် မိမိနှင့် အထူးပင် ခင်မင်ရင်းနှီးသူများဖြစ်၍လည်းကောင်း၊ အချို့သည် မိမိ စာပေဘဝနှင့် ထိတွေ့ဆက်စပ်နေသူများ ဖြစ်၍တစ်ကြောင်း သူတို့အကြောင်းကို ရေးမှသာလျှင် **မိမိနှင့် စာရေးဆရာများအကြောင်း**သည် ပိုမို ပြည့်စုံ ပေါ်လွင်လာမည် ဖြစ်ပါသည်။ ထို့အပြင် သူတို့နှင့်ပတ်သက်ပြီး မိမိတွင် အနည်းနှင့်အများ ဆိုသလို ရေးစရာ အကြောင်းကလေးများ ရှိနေပါသည်။ ရင်ထဲမှာ ရေးချင်စိတ် ဖြစ်ပေါ်နေပါသည်။

ယင်းကြောင့် ယခုတစ်ပတ်တွင် သိန်းဖေမြင့်အကြောင်း ရေးသားရန် ကြိုးစားမိခြင်း ဖြစ်ပါသည်။

## (၁)

စာပေနယ်၏ ထုံးစံအတိုင်း စာရေးဆရာများကို ဦး၊ ဒေါ် တပ်ပြီး ရေးလေ့ မရှိသဖြင့် သူ့ကို သိန်းဖေမြင့်ဟု ခေါင်းစဉ်တပ် ရေးသားလိုက်ရသော်လည်း အမှန်တော့ သူသည် မိမိအဖို့ ဆရာကြီး ဦးသိန်းဖေမြင့်ပင် ဖြစ်သည်။ မိမိထက် မျိုးဆက်တစ်ခု စောသူဖြစ်သည်။ မိမိ မွေးဖွားသောအချိန်တွင် သူက စာရေးဆရာ ဖြစ်နေပြီ။ "ဝနေငဖေ" ဟူသော ကလောင်အမည်ဖြင့် စာပေလောကတွင် အမြစ်တွယ်နေပြီ။ တိတိကျကျစစ်လိုက်လျှင် မိမိထက် အသက် ၁၉ နှစ် ကြီးပေသည်။ မိမိက သူ့ကို ဆရာဟု ခေါ်ဝေါ်ပြီး၊ သူက မိမိကို နတ်နွယ်ဟုပင် ခေါ်ကာ မင်းနှင့် ငါနှင့် ပြောဆိုပါသည်။

သူ့ကို လူချင်း ပထမဆုံး သိရှိမှုသည်မှာ ကိုတင်စိုး မိတ်ဆက်ပေး၍ပင်ဖြစ်သည်။ မိမိ ရန်ကုန် ရောက်ရှိသောအခါ ကိုတင်စိုးက မိမိကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့်တကွ ထင်ရှားသော စာရေးဆရာကြီးများ၊ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်များနှင့် လိုက်လံတွေ့ဆုံ မိတ်ဆက်ပေးပါသည်။ ထိုအခါ ဟာမစ်တင်(သာသနာ့ရိပ်သာ) ချိုင့်ဝှမ်းကြီးထဲရှိ သူ၏အိမ်သို့လည်း ရောက်ရှိသွားရပါသည်။ သူ စာရေးနေသည် ဆိုသဖြင့် ဧည့်ခန်းထဲတွင် အတန်ကြာ ထိုင်စောင့်နေရပါသည်။

ကိုတင်စိုးက မိမိကို မန္တလေးမှ ရဲဘော်တစ်ယောက်အဖြစ် မိတ်ဆက်ပေးသဖြင့်

သုံးစံအတိုင်းပင် သူသည် မန္တလေးမှ မိတ်ဆွေများ၊ ရဲဘော်များအကြောင်း၊ ကျောင်းသားလူငယ် လှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှုအကြောင်းတို့ကို မေးမြန်း စုံစမ်းပါသည်။ ထိုနေ့က စာပေအကြောင်းကား ဘာမျှပြောဆိုခြင်း မရှိပါ။ ပြောဆိုစရာလည်း အကြောင်းမရှိပါ။ သူက ထင်ရှားကျော်ကြားသော စာရေးဆရာကြီးတစ်ဦးဖြစ်ပြီး သူ၏ စာပေများကို မိမိက ဖတ်ရှုဖူးလမ်းခြင်း ရှိနေသော်လည်း၊ သူကမူ မိမိကို စာမတောက်တခေါက်ရေးသော ကျောင်းသားရဲဘော်တစ်ဦးဟုသာ ယူဆထားပုံ ရပါသည်။ **လူထုဂျာနယ်**နှင့် **စုံထောက်** မဂ္ဂဇင်းတို့တွင် ရေးသားနေပြီ ဖြစ်သော်လည်း **လူထုဂျာနယ်** မှ မိမိ၏ ဝတ္ထု၊ ဆောင်းပါးများကို သူက အမှတ်ထားမိချင်မှ ထားမိပေလိမ့်မည်။ **စုံထောက်** မဂ္ဂဇင်းကိုမူကား ဦးဆန်နီနှင့် ကိုမိုးဝေတို့ ထုတ်နေသော မဂ္ဂဇင်းတစ်ခုဟုလောက်သာ သူ သိရှိထားပေလိမ့်မည်။

ထိုနေ့က သူ့အိမ်မှ ပြန်လာသောအခါ မိမိ တွေ့ချင်သော စာရေးဆရာကြီးတစ်ဦးကို လူကိုယ်တိုင် တွေ့ရှိရသည့်အတွက် ကျေနပ်အားရခြင်း ဖြစ်ရသည်မှတစ်ပါး အခြား ဘာမျှ မရှိပါ။ ဤတစ်ကြိမ် တွေ့ဆုံရရုံဖြင့် လူချင်း သိရှိသွားပြီဟု မယူဆပါ။ နောက်တစ်ကြိမ်တွေ့လျှင် မိမိကို သူ မှတ်မိလိမ့်မည်ဟု မိမိ မျှော်လင့်မထားပါ။ လိုအပ်သော အချိန်တွင် သူ့အိမ်သို့ ကိုတင်စိုးနှင့်အတူ တစ်ကြိမ်ရောက်ဖူးကြောင်း မိမိက ပြောဆိုပြီး ထပ်မံမိတ်ဆက်ရန်သာ ဖြစ်သည်။

သည့်နောက်တွင် ကာလအတန်ကြာသည်အထိ သူနှင့် ထပ်မံ တွေ့ဆုံရခြင်း မရှိပါ။ သည်ကြားထဲတွင် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး တစ်ကြိမ်ရှိသည်။ မိမိ တက်ရောက်သည်။ သူလည်း လာရောက်သည်။ သို့သော် မိမိတို့နှစ်ယောက် ဆွေ့ဆုံ စကားပြောဆိုခွင့် မရခဲ့။

သို့သော် ထိုနှစ်မှာပင် စာရေးဆရာအသင်းသည် အသင်းတည်ရာဌာန အခက်အခဲ ရှိသဖြင့် ပန်းဆိုးတန်း ပြန်ကြားရေးဌာန အခန်းမှနေ၍ မိမိတို့ **စုံထောက်**မဂ္ဂဇင်းတိုက် ဘည်ရှိရာ အမှတ် ၂၉၊ ဘရွတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း) သို့ ခေတ္တ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်။ သည်မှာ သူနှင့် မိမိ ရင်းနှီးရတော့သည်။

စုံထောက် မဂ္ဂဇင်းတိုက်တွင် ပထမဆုံး ပြုလုပ်မည့် အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ အပြင်မှ ပထမဆုံး ရောက်ရှိလာသူမှာ သူပင် ဖြစ်သည်။ သူက ထိုနှစ်က ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ သူ တစ်ယောက်တည်းသာ အချိန်စောပြီး ရောက်ရှိလာခြင်း ဖြစ်သည်။ အမှုဆောင်တစ်ဦးဖြစ်သော ကိုမိုးဝေပင် မရောက်လာသေး။ အလားတူပင် အမှုဆောင်တစ်ဦးဖြစ်သော ဦးဆန်နီမှာလည်း အပေါ်ထပ် သူ့အိမ်ခန်းတွင် ထမင်းစားလျက်ရှိသည်။ ကိုတင့်ဆန်းမှာလည်း ဧည့်သည်တစ်ယောက်နှင့် လက်ဖက်ရည်သောက် ထွက်သွားသည်။

ယင်းကြောင့် သူ ရောက်လာသောအချိန်တွင် မဂ္ဂဇင်းတိုက်ရှေ့ခန်း အယ်ဒီတာ စားပွဲရှည်ကြီးတွင် မိမိတစ်ယောက်တည်း စာရေးလျက် ရှိနေသည်။

စားပွဲရှည်ကြီးဟု ဆိုသော်လည်း စားပွဲတစ်လုံးတည်း မဟုတ်ပါ။ စတုဂံ စားပွဲရှည် နှစ်လုံးကို ဆက်ခင်းထားခြင်း ဖြစ်သည်။ နံရံဘက်တွင် အယ်ဒီတာများ ထိုင်သော ကုလားထိုင်များ (များသောအားဖြင့် အယိုင်အနဲ့များ) ရှိပြီး မျက်နှာချင်းဆိုင်တွင် ခုံတန်းရှည်နှစ်ခု ဆက်ပြီး ခင်းထားသည်။

ကိုမိုးဝေသည် မနက်ပိုင်း အိမ်မှာလည်း စာရေးတတ်သည်။ အခြား ထုတ်ဝေသူများအတွက် ဖြစ်သည်။ နေ့ခင်းဘက် တိုက်မှာရေးသည်ကား ဦးဆန်နီအတွက် ဖြစ်သည်။ သူက ဦးဆန်နီကို တစ်နေ့ တစ်ဖောင် မှန်မှန်ရေးပေးရသည်။ သူသည် မဂ္ဂဇင်းအတွက် လုပ်စရာရှိသည်ကို လုပ်ရင်း၊ ဧည့်သည်များနှင့် စကားပြောရင်းဖြင့်ပင် သူရေးစရာရှိသည့် စာကို ရေးတတ်သည်။ သူသည် မိုင်ခြမ်းပြု ဝတ္ထုများကို ရေးသားသောအခါ မူရင်းစာအုပ်ကို ရှေ့မှာဖွင့်ထားပြီး ရေးသည်။ ဖြုန်းခနဲကြည့်လျှင် ထိုစာအုပ်ကို ဘာသာပြန်နေသည့် အလားပင် ဖြစ်သည်။ သို့သော် သူသည် ထိုစာအုပ်မှ ပူးတုံ့ခွာတုံ့ ရှိနေသည်။

မိမိလည်း သူ့နမူနာကိုယူပြီး တိုက်မှာပင် စာရေးသည်။ ထိုစားပွဲမှာပင် ထိုင်ပြီး ဆူဆူညံညံ ရှုပ်ရှုပ်ထွေးထွေးများ ကြားထဲတွင် ရေးသည်။ မိုင်ခြမ်းပြုသောအခါ မူရင်းစာအုပ်ကို ရှေ့မှာ ဖွင့်ထားသည်။

ဦးသိန်းဖေမြင့် ရောက်လာသည့်အချိန်က မိမိသည် မိုးထဲလေထဲ ကို ရေးသားလျက် ရှိပါသည်။ မိုးထဲလေထဲ သည် ဗရုနိုဖစ်ရှာ၏ Run For Your Life ကို မိုင်ခြမ်းပြုသည်ဖြစ်ရာ ထုံးစံအတိုင်းပင် မူရင်းစာအုပ်ကို ရှေ့မှာ ဖွင့်ထားသည်။

မိမိသည် ကုန်းငုံ့ပြီး စာရေးနေရာမှ တိုက်ရှေ့တွင် ကားရပ်သံကြားသဖြင့် ခေါင်းမော့ပြီး ကြည့်လိုက်သည်။ ကားပေါ်မှ သူ ဆင်းလာသည်။ ကားထွက်သွားသည်။ သူသည် ကားကြုံနှင့် လိုက်လာသဖြင့် စောပြီး ရောက်ရှိလာဟန် တူသည်။

'ဪ ... ဆရာ၊ လာ ထိုင်ပါ'

မိမိက မတ်တတ်ထပြီး ခရီးဦးကြို ပြုလိုက်သည်။

သူက မိမိကို ထိုင်ပါဟု ပြန်ပြောပြီး သူကိုယ်တိုင်လည်း စားပွဲထိပ်ရှိ ကျောမှီမြင့်လက်တင် ကုလားထိုင်ကြီးတွင် ဝင်ထိုင်သည်။ ထိုကုလားထိုင်သည် စာရေးဆရာအသင်းပိုင် ကုလားထိုင် ဖြစ်သည်။ ဥက္ကဋ္ဌကုလားထိုင် ဖြစ်ဟန် ရှိသည်။ သို့သော် ကြိမ်ကွက်တွေ ပေါက်နေကြပြီ ဖြစ်သည်။

'ဘယ်သူမှ မရောက်ကြသေးဘူးလား'

'ဟုတ်ကဲ့၊ အစည်းအဝေးက တစ်နာရီမှ မဟုတ်လား'

'အေး ... ဟုတ်တယ်၊ ငါက ကားကြုံရှိလို့ လိုက်လာတာ။ မိုးဝေကော'

'မရောက်သေးဘူး၊ သူက အခါတိုင်းဆိုရင် နှစ်နာရီလောက်မှ လာတတ်တယ်။ ဒီနေ့တော့ အစည်းအဝေး အချိန်မီအောင် လာမှာပါ'

'ကိုဆန်နီကော'

'အပေါ်မှာ ထမင်းစားနေတယ်'

'မင်း စာရေးနေတာလား၊ ရေးလေ'

'ကိစ္စမရှိပါဘူး၊ ရပါတယ်'

'ဘာသာပြန်တာလား'

'မဟုတ်ပါဘူး၊ မှီးတာပါ'

သူ ခေါင်းတဆတ်ဆတ် ညိတ်သည်။ ဘာအဓိပ္ပာယ်မှန်း မသိပါ။ သူ ဘာမှ မပြောပါ။ မိမိလည်း မပြောပါ။ တိတ်ဆိတ်နေသည်။ အတန်ကြာသောအခါ ...

'မင်းနာမည် နတ်နွယ် မဟုတ်လား'

မိမိ အံ့သြသွားသည်။ မိမိကို တစ်ကြိမ်တွေ့ရုံဖြင့် သူ မှတ်မိလိမ့်မည် မထင်ပါ။ သို့သော် သူ ကောင်းစွာ မှတ်မိနေသည်။

'ဟုတ်ကဲ့'

တိတ်ဆိတ်သွားပြန်သည်။

ထို့နောက် အပေါ်ထပ်မှ ဦးဆန်နီ ဆင်းလာသည်။ ရှေ့နောက် ဆိုသလိုပင် ဗိုလ်မှူးဝေ ရောက်လာသည်။ ထို့နောက် အမှုဆောင်တွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ မိမိတို့၏ ဒုတိယအကြိမ် တွေ့ဆုံခြင်း ပြီးဆုံးသွားသည်။

(ဂ)

မိမိ ပထမဆုံး ဖတ်ဖူးသော သူ၏ ဝတ္ထုရှည်မှာ **တက်ခေတ်နတ်ဆိုး** ဖြစ်သည်။ မိမိ ၁၅နှစ်ရောက်စတွင် ဖခင်က အဖတ်ခိုင်း၍ ဖတ်ခဲ့ရခြင်း ဖြစ်သည်။ စွဲလမ်း နှစ်သက်ခဲ့သည်။ **စစ်အတွင်းခရီးသည်** ခရီးသွား ဆောင်းပါးရှည်ကြီးကို မိမိ မန္တလေးမှာ ရှိစဉ်ကပင် **ရှုမဝ**၌ အခန်းဆက်ဖတ်ရပြီး အထူးနှစ်သက် စွဲလမ်းရပြန်သည်။ **ငွေစိန် လှေလှော်ကင်း တက်ကျိုးခြင်း**မှာလည်း မိမိ ပထမဆုံး စွဲလမ်းရသော သူ၏ဝတ္ထုတို ဖြစ်သည်။

သို့သော် မိမိသည် သူ့ကို စာရေးဆရာတစ်ယောက်အဖြစ် လေးစားပြီး သူ၏ စာပေများကို အထူးဂရုပြု ဖတ်ကာ စွဲလမ်းနှစ်သက်ခြင်းများ ရှိသော်လည်း သူများတွေ ပြောစကားများအရ၊ သူများတွေ ရေးသားချက်များအရ သူ့အပေါ်တွင် နိုင်ငံရေး အာဃာတ ရှိခဲ့ပါသည်။

ယင်းကြောင့်ပင်လျှင် **မှီးထဲလေထဲ** ကို ရေးသောအခါ သူ့အကြောင်း ထည့်ရေးခဲ့သည်။ သူ့ကို ပုတ်ခတ်တိုက်ခိုက်သော စကားရပ်များ ထည့်ပြီး ရေးခဲ့သည်။ မူရင်း

ဝတ္ထုတွင် ပါမောက္ခကြီးတစ်ဦးသည် တစ်ချိန်က ကွန်မြူနစ်ဖြစ်ခဲ့သဖြင့် ထိုအကြောင်းကို အာဏာပိုင်များ သိရှိသွားလျှင် သူ၏လုပ်ငန်း ထိခိုက်နိုင်ပေသည်။ လူတစ်ယောက်က ထိုအထောက်အထားများကို ကိုင်ထားပြီး ငွေညှစ်နေသည်။ ထိုအခါ ပါမောက္ခကြီး သမီးက ယင်းအထောက်အထားများ ပြန်ရအောင် ကြိုးပမ်းသည်။ မိမိ ဝတ္ထုတွင်ကား ပါမောက္ခကြီးသည် တစ်ချိန်က တက်ဘုန်းကြီး သိန်းဖေနှင့် အပေါင်းပါဖြစ်သော ဘရောက်ဒါဝါဒ သမားတစ်ဦး ဖြစ်နေတော့သည်။ သူ့ကို ဘရောက်ဒါ ဝါဒသမားမှန်း သိသွားလျှင် အစိုးရကလည်း ယုံကြည်မည် မဟုတ်၊ အတိုက်အခံဘက်ကလည်း ယုံကြည်မည် မဟုတ်ဟု ဆိုပြီး ဇာတ်ကို ဆင်ထားသည်။ ဘရောက်ဒါဝါဒနှင့် ယင်းဝါဒကို မြန်မာနိုင်ငံသို့ သယ်ဆောင်လာသော တက်ဘုန်းကြီး သိန်းဖေကို ဝတ္ထုထဲတွင် တိုက်ခိုက်ထားသည်။

**မိုးထဲလေထဲ** ကို ထိုခေတ်က ထုံးစံအတိုင်း ရေးစီရိုက်နှိပ်ရာ တစ်လအတွင်းမှာပင် ရေးသား ရိုက်နှိပ် ထုတ်ဝေ ပြီးစီးသွားသည်။ ယင်းကြောင့်ပင်လျှင် နောက်တစ်ပတ် စာရေးဆရာအသင်း အမှုဆောင်အစည်းအဝေး ကျင်းပသောအခါ သူ့အား မိမိစာအုပ် လက်ဆောင်ပေးနိုင်ခဲ့သည်။

'အရင်တစ်ခေါက် ဆရာလာတုန်းက ရေးနေတဲ့ ဝတ္ထုပါ၊ ဖတ်ကြည့်ပါဦး'

'တယ် မြန်ပါကလားကွ'

နောက်တစ်ပတ်ခန့် ကြာသောအခါ စာဆိုတော်နေ့ ပြဇာတ် ကပြရေးကိစ္စနှင့် ပတ်သက်ပြီး အသင်းက ငှားထားသောဂျစ်ကားဖြင့် သူ့ကို သူ့အိမ်တွင် သွားခေါ်ရသည်။ သူ့အိမ်က ပြန်အထွက် ကမ္ဘာအေးလမ်းမကြီးပေါ်သို့ အရောက်တွင် သူ ရုတ်ခြည်းပြော လိုက်သည်။

'မင်းဝတ္ထုကို ငါ ဖတ်ပြီးပြီ၊ မင်း ဝတ္ထုရေးတတ်သားပဲ။ အရေးအသား ကောင်း တယ်၊ သွက်တယ်'

မိမိ ဘာမျှ ပြန်မပြောပါ။ သူ ဘာမျှ ဆက်မပြောပါ။

နောက်ပိုင်းကာလများတွင် မိမိသည် သူ့ကို အစည်းအဝေးများ၊ အခမ်းအနား များ၊ ညှိခံပွဲများတွင် မကြာမကြာ ဆိုသလို ဆုံစည်းခဲ့ရသည်။ သို့သော် အဖွဲ့အစည်း အကြောင်းများသာ ပြောဖြစ်၏။ စာပေအကြောင်းကား မပြောဖြစ်ပါ။

သို့သော် နောက် ခုနစ်နှစ်ခန့်အကြာ (၁၉၇၁) တွင် နံ့သာသန်းဆွေနှင့်အတူ သူ၏ **စာပေါင်းစု** စာအုပ် ထုတ်ဝေရေးအတွက် သူ့အိမ်သို့ ရောက်ရှိသွားရသည်။ အပြန်တွင် သူသည် မိမိတို့ဂျစ်ကားနှင့် မြို့ထဲသို့ လိုက်လာသည်။

ဟာမစ်တစ် (သာသနာ့ရိပ်သာ) လမ်းကြားမှအထွက် ကမ္ဘာအေးလမ်းမကြီး ပေါ်သို့ အရောက်မှာပင် သူက မိမိကို အမှတ်မထင် ပြောလိုက်သည်။

ရာပြည့်စာအုပ်တိုက်

'မင်းဝတ္ထု မြန်မာပြည်မြောက်ပိုင်း ကို ငါ ဖတ်ပြီးပြီ၊ မင်းရေးတာ မနိုင်ဘူး၊ ဇာတ်ကောင်တွေ များလွန်းတယ်'

မိမိ ဘာမျှ ပြန်မပြောပါ။

သို့သော် စိတ်ထဲမှာ စနိုးစနောင့်တော့ ဖြစ်သွားသည်။ မြန်မာပြည်မြောက်ပိုင်း ကို အားလုံးလောက်ကပင် ကောင်းသည်ဟု ပြောကြသည်။ ကောင်းသည်ဟု ရေးကြသည်။ မကောင်းဘူး ပြောကြားသူ ဟူ၍ သူတစ်ယောက်တည်းသာ မိမိ တွေ့ရှိရသည်။

'ဟုတ်ကဲ့၊ ပြောပါဦး'

'နောက်မှ အေးအေးဆေးဆေး ပြောမယ်ကွာ၊ ငါတို့ တစ်ခါလောက် အေးအေးဆေးဆေး တွေ့ကြရအောင်'

မိမိတို့ အေးအေးဆေးဆေး တွေ့ရန် သဘောတူကြသည်။ ကိုသန်းဆွေက သူ အစီအစဉ် လုပ်မည်ဟု ဆိုသည်။ သို့သော် မိမိတို့ မတွေ့ဖြစ်ကြပါ။ ယခုမူ သူ မရှိတော့ပါ။

[ ချယ်ရီ၊ စက်တင်ဘာ၊ ၁၉၈၆ ]

# မိမိ နှင့် ဂျာနယ်ကျော်မမလေး

## (က)

သူ့အကြောင်းရေးရန် မိမိမှာ ဝန်လေးနေသော အကြောင်းတွေ အများကြီး ရှိသည်။ အမှန်တော့ သူ ကွယ်လွန်ကတည်းက သူ့အကြောင်းရေးရန် စိတ်ကူးမိခဲ့သည်။ သို့သော် မရေးဖြစ်ခဲ့။ သူ၏ခင်ပွန်း ဦးအောင်ဖေယျနှင့် သူ၏ သားများဖြစ်သော မောင်သိန်းတန်နှင့် မောင်မိုးဟိန်းတို့ကလည်း သူ့အကြောင်း စာအုပ်ထုတ်မည် ဖြစ်သဖြင့် စာမူပေးရန် တောင်းခံခဲ့ကြသည်။ မိတ်ဆွေ စာရေးဆရာတော်တော်များများ စာမူများ ရေးပေးကြသော်လည်း မိမိ မပေးဖြစ်ခဲ့။ (ထိုစာအုပ်မှာလည်း ယခုအထိ မထွက်ဖြစ်သေးဟု ထင်သည်။)

သူ့အကြောင်းရေးရန် နှောင့်နှေးနေသော အကြောင်းတစ်ကြောင်းမှာ ယခင်လက ဦးသိန်းဖေမြင့်အကြောင်း ရေးစဉ်က ပြောခဲ့ပြီ ဖြစ်သည်။ ကွယ်လွန်သူတစ်ဦး ဖြစ်နေ၍ ဖြစ်သည်။ မိမိရေးသားချက် အနည်းငယ် အတိမ်းအစောင်း ဖြစ်သွားပါက ကာယကံရှင် အနေနှင့် ပြန်လည် ရှင်းလင်းနိုင်ခွင့် မရှိသောကြောင့် ဖြစ်သည်။

ဂျာနယ်ကျော်မမလေး ( ၁၉၁၇–၈၂ )



နောက်တစ်ကြောင်းကတော့ အမျိုးသမီးတစ်ယောက် ဖြစ်နေ၍ ဖြစ်သည်။ မိမိ၏ အရေးအသားကြောင့် မိမိကို စကားဟက်ဟက်ပက်ပက် မပြောသော အမျိုးသမီး စာရေးဆရာနှစ်ဦး ရှိနေချေပြီ။ တစ်ယောက်ကတော့ အမှတ်မထင် မလွဲသာ၊ မရှောင်သာ ဖြစ်ရခြင်းဖြစ်သည်။ မိမိ၏ စာပေဘာဝဖြစ်စဉ်များကို အမှန်အတိုင်း ရေးသားရာတွင် လုပ်ငန်းသဘောအရ သူနှင့် သွားငြိခြင်း ဖြစ်သည်။ သူ စိတ်မကောင်းသလို မိမိလည်း စိတ်မကောင်းပါ။ နောက်တစ်ယောက်ကတော့ မိမိ၏အမှားပင် ဖြစ်သည်။ မိမိက ခင်မင်သည့်အနေဖြင့် နောက်လိုက်ခြင်း ဖြစ်သည်။ သို့သော် သူက အလေးအနက် သဘောထားပြီး မကျေနပ်မှုကို မိမိနှင့် ရင်းနှီးသော မင်းကျော်အား တိုင်ကြားသည်။ ထိုအချိန်မှစ၍ အမျိုးသမီး စာရေးဆရာများနှင့် ပတ်သက်၍ ရေးစရာရှိလျှင် အထူး ရှောင်ရှားသည်။

အကယ်တော့ မိမိမှာ ရင်းနှီးခင်မင်သော အမျိုးသမီး စာရေးဆရာ ဟူ၍လည်း သိပ်များများစားစား မရှိပါ။ မိမိသည် စာပေသက် သုံးဆယ်ကျော်လာပြီဖြစ်၍ တစ်ကြောင်း၊ မဂ္ဂဇင်းအယ်ဒီတာ လုပ်ခဲ့၍တစ်ကြောင်း၊ စာပေအဖွဲ့အစည်းများတွင် လုပ်ခဲ့၍ တစ်ကြောင်း အမျိုးသမီးစာရေးဆရာ တော်တော်များများကို သိရှိသော်လည်း လူချင်း သိကျွမ်းရုံမျှသာ ဖြစ်သည်။ ရင်းရင်းနှီးနှီး ဟူ၍ကား နည်းပါးလှသည်။

မိမိ ရန်ကုန်ရောက်စ အချိန်တုန်းကဆိုလျှင် စာရေးဆရာတွေကလည်း သည်မျှ များပြားသေး။ အမျိုးသမီး စာရေးဆရာများ ဆိုလျှင်လည်း နည်းပါးလှပေသေးသည်။ သည်တော့ မိမိမှာ ခင်မင်ရင်းနှီးသော အမျိုးသမီး စာရေးဆရာဟူ၍လည်း လေးငါး ယောက်မျှသာ။ ယင်းတို့မှာ ဒေါ်မမလေး၊ တက္ကသိုလ် ကျော့ရှင်း၊ ခင်နှယ်တင်နှင့် ယုဝတီ ခင်ဦးတို့ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ဒေါ်နုယဉ်လည်း အမိအရာဖြစ်သော အစ်မကြီး တစ်ဦး ဖြစ်ခဲ့သည်။

ဒေါ်မမလေးနှင့် တက္ကသိုလ် ကျော့ရှင်းတို့ကို စာရေးဆရာ တင်စိုးက မိတ်ဆက် ပေးခဲ့ခြင်း ဖြစ်သည်။ ဒေါ်ခင်နှယ်တင်မှာ **စုံထောက်** မဂ္ဂဇင်းတွင် အတူလုပ်ကိုင်ရင်း ခင်မင်ခဲ့ရခြင်း ဖြစ်သည်။ အစ်မတစ်ယောက် ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ယုဝတီခင်ဦးကို ခင်နှယ်တင်မှ တစ်ဆင့် သိရခြင်း ဖြစ်သည်။

ခင်နှယ်တင်သည် အမျိုးသမီး စာရေးဆရာများထဲတွင် စုံထောက် ဝတ္ထုများကို ရေးသန်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ စုံထောက် မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာ အဖွဲ့ဝင်တစ်ဦးအနေဖြင့် နေ့စဉ်အလုပ်ဆင်းပြီး မိမိတို့နှင့် မောင်နှမရင်းချာ များပမာ ရင်းရင်းနှီးနှီး နေထိုင်ခဲ့သူတစ်ဦး ဖြစ်သည်။

မိမိသည် **အပြာ**ကို ရေးသားပြီးသောအခါ အမျိုးသမီး စာရေးဆရာတစ်ယောက် ကို အမှာရေးခိုင်းရန် ဆန္ဒရှိခဲ့သည်။ ထိုအချိန်တွင် ယုဝတီခင်ဦး၏ **ပါးမို့မို့နီ** ဝတ္ထုရှည်

ရှမ၀တွင် ပါပြီးဖြစ်သည်။ ထို၀တ္ထုကို မိမိ နှစ်သက်သည်။ ထို့အပြင် ယု၀တီခင်ဦး၏ ၀တ္ထုတစ်ပုဒ်တွင် အပြာရောင်ကို နှစ်သက်ကြောင်း ရေးဖွဲ့ထားသဖြင့် သူ့ကို အမှာရေး ခိုင်းရန် ဆုံးဖြတ်မိသည်။ သို့သော် သူ့ကို မိမိ မသိပါ။ ထို့ကြောင့် ခင်နွယ်တင်ကို မေးရ သည်။

'ဒေါ်ခင်နွယ်တင်၊ ယု၀တီခင်ဦးကို သိသလား'

စုံထောက် မဂ္ဂဇင်း အယ်ဒီတာတစ်ဖွဲ့လုံးကပင် ခင်နွယ်တင်ကို "ဒေါ်" တပ်ပြီး ခေါ်ကြသည်။

'သိတာပေါ့၊ ညီအစ်မတွေပဲ'

'ကျွန်တော့် ၀တ္ထုတစ်ပုဒ် အမှာရေးခိုင်းပေးစမ်းပါဗျာ' ဆိုပြီး အပြာ စာမူများကို ခင်နွယ်တင်နှင့် ပေးလိုက်သည်။ များမကြာမီတွင် အမှာစာ စာမူကို ရရှိသည်။

သို့သော် ယု၀တီခင်ဦးနှင့် လူချင်း တွေ့ဆုံဖူးသည်မှာ အမှာစာ ရရှိပြီးနောက် သူ့အိမ်သို့ ကိုတင်စိုးနှင့် သွားရောက်လည်ပတ်မှ ဖြစ်သည်။ သူ့အိမ်က ဗိုလ်ချုပ်လမ်းတွင် ဖြစ်သည်။ သူ့ဖခင်က ဆရာ၀န် ဖြစ်သည်။ အောက်ထပ်တွင် ဆေးခန်းဖွင့်ထားသဖြင့် ထိုင်စရာ မရှိပါ။ ယု၀တီခင်ဦးက မိမိတို့ကို အိမ်အပေါ်ထပ် သူမ၏ အိပ်ခန်းမှာပင် ဧည့်ခံသည်။ မိမိတို့ကိုသာ မဟုတ်၊ သူမ၏ ခင်မင်ရင်းနှီးသော မိန်းကလေးမိတ်ဆွေ ယောကျ်ားလေး မိတ်ဆွေ အားလုံးကို သူမ၏ အိပ်ခန်းမှာပင် ဧည့်ခံသည်။ သူမ၏ အိပ်ခန်းက သူမ၏ အိမ်ပင် ဖြစ်သည်။ သူမ၏ စာကြည့်ခန်းပင် ဖြစ်သည်။ သူမ၏ ဧည့်ခန်းပင် ဖြစ်သည်။ အခန်းကလည်း သေးသေးပင် ဖြစ်သည်။ ခုတင်တစ်လုံး၊ ဗီရိုတစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးဖြင့် ပြည့်ကျပ်နေသည်။ သို့ဖြင့် သူလည်း မိမိ၏ အစ်မတစ်ယောက် ဖြစ်ခဲ့ရသည်။ သူက မိမိထက် အသက် သုံးနှစ်မျှ ကြီးသည်။ သူနှင့် တက္ကသိုလ်ကျော့ရှင်း အသက်အတူတူပင် ဖြစ်သည်။

တက္ကသိုလ်ကျော့ရှင်း၏ အိမ်က မြို့လယ်တွင် ဖြစ်သည်။ သူတို့ မိသားစုတစ်ခု လုံးက ခင်မင်တတ်သည်။ ဧည့်၀တ်ကျေပွန်သည်။ သို့ဖြင့် တက္ကသိုလ်ကျော့ရှင်း၏အိမ် သည် မိမိတို့၏ စားအိမ်သောက်အိမ် ဖြစ်ခဲ့သည်။ တစ်ပတ် တစ်ကြိမ်လောက်ပင် မိမိ တို့ကို ထောပတ်ထမင်းနှင့် ကြက်သားဟင်း ချက်ကျွေးတတ်သည်။ နောက်ပိုင်းတွင် တက္ကသိုလ်ကျော့ရှင်း၏ အစ်မ မမလှဲ (ဒေါက်တာလှဲလှဲ၀င်း) နှင့် ယု၀တီခင်ဦး (ဒေါက် တာ ရီရီလှ) တို့သည် မိမိတို့၏ စေတနာ မိသားစုဆရာ၀န်များ ဖြစ်ကြရသည်။ မိမိ၏ သားအကြီးနှစ်ယောက်နှင့် သမီးတို့ကို မမလှဲက မွေးပေးခဲ့ခြင်း ဖြစ်သည်။ ထိုကလေး များကို မခင်ဦးက ဒေါက်တာတင်စိုးနှင့်အတူ ကိုယ်ဖိရင်ဖိ ကုသစောင့်ရှောက် ခဲ့ကြသည်။

စာရေးဆရာ စာပေကလပ်နှင့် စာရေးဆရာ သမဂ္ဂကို ဖွဲ့စည်းသောအခါ ဒေါ်

နပယဉ်သည် အမှုဆောင်တစ်ယောက် ဖြစ်တော့သည်။ စာပေကလပ် တည်ရာကို ပထမ ဘွင် ဒေါ်မမလေး၏ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)တိုက်ခန်းတွင် ထားပြီး နောက် ပိုင်းတွင် ဒေါ်နုယဉ်၏ လန်ကက်စတာလမ်း (နဝဒေးလမ်း) အိမ်သို့ ပြောင်းရွှေ့ခဲ့ကြ သည်။ စာရေးဆရာသမဂ္ဂ တည်ရာမှာလည်း ထိုနေရာမှာပင် ဖြစ်ခဲ့သည်။

မိမိတို့သည် အမှုဆောင် အစည်းအဝေးများနှင့် စာပေဆွေးနွေးပွဲများကို အမှု ဆောင်များ၏ နေအိမ်များတွင် တစ်လှည့်စီ လုပ်တတ်သော်လည်း၊ ဒိုင်ခံပြုလုပ်သည့် နေရာနှစ်ခုကား ဒေါ်မမလေး၏ နေအိမ်နှင့် ဒေါ်နုယဉ်တို့ နေအိမ်ပင် ဖြစ်တော့သည်။ ထိုအခါ သူကိုနှစ်ယောက်သည် မိမိတို့၏ အစ်မကြီးများသာမက မိမိတို့၏ အမိများ သဖွယ်ပင် ဖြစ်ရတော့သည်။

ဆရာတက်တိုးသည် နိုင်ငံခြား သံရုံးများနှင့် ခင်မင်ရင်းနှီးသဖြင့် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် အရက်ပုလင်းများ လက်ဆောင်ရတတ်သည်။ ဆရာသည် အရက်မသောက်သဖြင့် အရက်သောက်သော စာရေးဆရာ၊ ပန်းချီဆရာများကို ပြန်ပြီး လက်ဆောင်ပေးလေ့ရှိသည်။ တစ်ကြိမ်တွင် မင်းကျော်နှင့် မိမိတို့က ကျွန်တော်တို့ကို လည်း ပေးပါဦးဆရာဟု တောင်းမိရာ ဆရာက ဝီစကီတစ်ပုလင်းစီ ပေးသည်။ အစ်မကြီး ဒေါ်နုယဉ်သည် ယင်းကို တွေ့မြင်သောအခါ ရင်ဘတ်ကို လက်နှင့်ဖိပြီး 'အို ... ဒုက္ခပါပဲ၊ ဘာဖြစ်လို့ ကိုကျော်ဆွေနှင့် ကိုနတ်နွယ်တို့ကို ပေးရတာလဲ၊ သူတို့ တစ်ခုခုဖြစ်သွားရင် ကျွန်မတို့တာဝန် ဖြစ်နေမယ်'ဟု စိုးရိမ်ကြီးစွာ ဆိုပါသည်။ အကြောင်းမှာ စာရေးဆရာ သန်းဆွေ မကွယ်လွန်မီက ဆရာတက်တိုးက ဝီစကီတစ်ပုလင်း ပေးလိုက်သည်။ များ မကြာမီ သန်းဆွေ အရက်မူးပြီး ကွယ်လွန်ခဲ့ရသည်။ ထိုသို့ဖြစ်ရသည်မှာ သူတို့ ပယောဂ သည်း မကင်းဟု အစ်မကြီး ဒေါ်နုယဉ် ယူဆနေခဲ့သည်။ အကယ်၍ ကိုစဉ်က မင်းကျော် ဖြစ်စေ၊ မိမိဖြစ်စေ သူတို့ထံမှ အရက်ပုလင်းယူသွားပြီး မကြာမတင်မီတွင် သေဆုံးခဲ့ လျှင် အစ်မကြီး ပြော၍ဆုံးတော့မည် မဟုတ်ချေ။

အစ်မကြီး ဂျာနယ်ကျော် မမလေးကျတော့ ဒါ့ထက် ပိုပြီးဆိုးသည်ဟု ပြော မည်။ သူက ဆေးဆရာ ဖြစ်နေသည်။ ဓာတ်စာဆရာ ဖြစ်နေသည်။ ထို့ကြောင့် မိမိ တို့ကို ဘာမစားရ၊ ညာမစားရဟု တားမြစ်ချုပ်ချယ်လေ့ ရှိသည်။

တစ်ခါကဆိုလျှင် အနော်ရထာလမ်းက သူမ၏အိမ်တွင် ဒဂုန်တာရာနှင့် မိမိကို ထမင်းကျွေးသည်။ ထမင်းပွဲတွင် မိမိ အင်မတန်ကြိုက်သော ဟင်းတစ်ခု ပါရှိသည်။ နုပုပ်ရွက်ဟင်းချို ဖြစ်သည်။ အငွေ့တထောင်းထောင်း ထပြီး မွှေးပျံ့လျက် ရှိသည်။ သို့သော် ဒဂုန်တာရာက ဟင်းချိုဇွန်းကို ကိုင်လိုက်စဉ်မှာပင် ဒေါ်မမလေးက ...

'အဲဒါ ရှင်နှင့် မတည့်ဘူးလေ'

ဒဂုန်တာရာ ဇွန်းကို ပြန်ချထားလိုက်ပြီး ပခုံး တွန့်လိုက်သည်။

တစ်ဖန် ဒေါ်မမလေးက မိမိဘက်သို့ လှည့်ပြီး …
'ရှင်နှင့်လည်း မတည့်ဘူး'

(ခ)

ဒေါ်မမလေးသည် စာရေးကောင်းသူတစ်ယောက် ဖြစ်သည်။ သူ့ဝတ္ထုများ ကောင်းသည်၊ မကောင်းသည်ကို ဤနေရာတွင် မိမိ မပြောလိုပါ။ သို့သော် သူသည် သူပြောချင်သည့် အကြောင်းအရာကို စာဖတ်သူများ စိတ်ဝင်စားအောင်၊ ဖတ်ချင်အောင် ရေးစွမ်းနိုင်သူကား ဖြစ်ပေသည်။

သူသည် စာရေးကောင်းသလို စကားပြော ကောင်းသူတစ်ဦးလည်း ဖြစ်ပေသည်။ လူတစ်ယောက်ကို နားထောင်ချင်အောင်၊ စိတ်ဝင်စားအောင် အမျှင်မပြတ် ပြောနိုင်သူ ဖြစ်သည်။ အစည်းအဝေးများမှ အပ၊ ရိုးရိုးအချိန်များတွင် တွေ့ကြလျှင် သူက ပြောသူ ဖြစ်သည်။ မိမိတို့က နားထောင်သူများ ဖြစ်ကြသည်။ သူက အသံကို အတိုးအမြင့်၊ အဆွဲအငင်၊ အဖြတ်အတောက်များ ပြုလုပ်ကာ ပြောတတ်သည်။ စကားပြောသည့်အခါတွင် တကယ်ပင် စိတ်ပါလက်ပါ ထက်ထက်သန်သန် ပြောတတ်သည်။ စကားပြောနေရင်း ရင်ဘတ်ကို လက်ဖြင့် ဖိထားတတ်သည်။ ရယ်မောသည့်အခါတွင် ပါးစပ်ကို လက်ဖဝါးတစ်ဖက်ဖြင့်ကွယ်ပြီး မျက်လုံးဖြင့် ရယ်မောတတ်သည်။

သူ အထိန်းသိမ်းခံရာမှ လွတ်မြောက်လာသောအခါ မိမိတို့ကို စိတ်လှုပ်ရှားထက်သန်စွာဖြင့် ပြောသည်။

'ရှင်တို့တွေ စာရေးလိုက်ကြတာ ကျွန်မဖြင့် အားကျလိုက်တာရှင်၊ ရှင်တို့ကို မီအောင် ကျွန်မတို့ မနည်းလိုက်ယူရမယ်'

မိမိတို့ ရေးသားသော ပုဂံ နှစ်လည် ဝတ္ထုရှည်ကြီးများကို ရည်ညွှန်းပြီး ပြောဆိုခြင်း ဖြစ်သည်။

သည့်နောက်တွင် သူမ၏ **ရင်နှင့်အောင်မွေး** ထွက်လာသည်။ သို့သော် **ရင်နှင့်အောင်မွေး** သည် အထိန်းသိမ်း ခံရစဉ် သုံးနှစ်အတွင်း ရေးခဲ့သောဝတ္ထု ဖြစ်သည်။ ထို့နောက်တွင် **သွေး** (၁၉၇၃) ထုတ်ဝေခဲ့သည်။ **သွေး** ကား သူမ၏ နောက်ဆုံးဝတ္ထုရှည်ကြီး တစ်ပုဒ် ဖြစ်သလို အငြင်းပွားဖွယ်ရာ ဝတ္ထုတစ်ပုဒ်လည်း ဖြစ်ပေသည်။

သည့်နောက်တွင်ကား သူ၏ စာရေးချိန်၊ စာဖတ်ချိန်နှင့် စာပေရေးရာ အချိန်များကို ဆေးကုသသည့် အချိန်များက လုယူ လွှမ်းမိုးလာတော့သည်။ သူမ၏ တိုက်သို့ အလည်သွားရောက်လျှင် တန်းစီနေသော လူနာများကို အမြဲလို တွေ့ရသဖြင့် မိမိတို့မှာ အားနာရသည်။ သူက မိမိတို့ကို တွေ့မြင်လျှင် ဝမ်းသာအားရ လိုက်လိုက်လှဲလှဲ ဧည့်ခံ စကားပြောသော်လည်း၊ မိမိတို့အနေနှင့် တစ်ဖက်တွင် စောင့်ဆိုင်းနေသော လူနာများကို

များစွာမှ အားနာကြရပါသည်။ သို့ဖြင့် နောက်ပိုင်းတွင် မိမိတို့သည် သူ့ထံသို့ အရောက်နဲ့စ ပြုသွားတော့သည်။ သူ၏စာများလည်း အထွက်ကျဲလာတော့သည်။

(ဂ)

မိမိတွင် ဝန်လေးနေသော အကြောင်းခုတွေ အများကြီးရှိသည်ဟု ဆိုခဲ့သည့်အနက် အရေးအကြီးဆုံးသော အကြောင်းတစ်ခုမှာ သူ့အပေါ်တွင် “မှု” နှင့် ပတ်သက်ပြီး မိမိ ရက်စက်ခဲ့မိခြင်းပင် ဖြစ်သည်။

တစ်နေ့တွင် မိမိထံသို့ သူမ၏ခင်ပွန်းဖြစ်သူ ဦးအောင်ဖေယျ ဖုန်းဆက်သည်။ ဦးအောင်ဖေယျသည် မိမိနှင့် ယခင်ကတည်းက သိကျွမ်းခင်မင်ခဲ့သော မိမိ၏ အစ်ကိုကြီး တစ်ဦး ဖြစ်သည်။ ‘ခဏနေဦး၊ ခင်ဗျား အစ်မကြီးက စကားပြောချင်လို့’ ဦးအောင် ဖေယျ အသံပျောက်သွားပြီး သူ့အသံ ပေါ်လာသည်။ ‘ကိုနတ်နွယ်၊ ကျွန်မကို တစ်ခု ကူညီပါဦး၊ ကိစ္စက သိပ်အရေးတကြီး ဖြစ်နေတယ်’

ကိစ္စက အခြားမဟုတ်ပါ။ သူနှင့်အတူ မြိတ်သို့ စာပေဟောပြောပွဲ လိုက်ရန် ဖိတ်ခေါ်ခြင်း ဖြစ်သည်။

မြိတ်ကို မိမိ သိပ်လိုက်ချင်သည်ပေါ့။ မိမိ မရောက်ဖူးသော အရပ် ဖြစ်သည်။ ယနေ့အထိလည်း မရောက်ဖူးသေးပါ။

သို့သော် မိမိ ငြင်းလိုက်သည်။ “မှု” အရ ငြင်းလိုက်ခြင်း ဖြစ်သည်။

မိမိတို့မှာ “မှု” ရှိသည်။ စာပေကလပ်နှင့် စာရေးဆရာသမဂ္ဂတို့ ရှိစဉ်က ဖြစ်သည်။ နယ်မှ ဟောပြောပွဲဖိတ်လျှင် မိမိသဘောနှင့် မိမိ မလိုက်ရ။ အမှုဆောင်အဖွဲ့သို့ ဝင်ပြပြီး အမှုဆောင်အဖွဲ့က စေလွှတ်သူသာ သွားရမည်။

သို့သော် ဟိုတစ်ချိန်က အဖွဲ့အစည်းများ မှတ်ပုံတင်ဥပဒေအရ စာရေးဆရာ သမဂ္ဂ မရှိတော့ပါ။ စာပေလုပ်သားမှာလည်း ဖြစ်မြောက်ရေး ကော်မတီအဆင့်သာ ရှိသေးသည်။ ယင်းကြောင့် မိမိတို့သည် ယခင်ကအတိုင်းပင် နယ်မှ ဟောပြောပွဲဖိတ်လျှင် အချင်းချင်း ညှိနှိုင်းပြီးမှ သွားကြသည်။

ထိုအချိန်က ဒေါ်မမလေးသည် မိမိတို့နှင့် ကင်းကွာလျက်ရှိပြီး အရေးတကြီး ဖြစ်မှ သူနှင့်အတူ လိုက်ပါရန် မိမိတို့ကို တစ်ယောက်ချင်း ဖိတ်ခေါ်ခြင်း ဖြစ်သည်။ မင်းကျော်ကိုလည်း ခေါ်သည်။ မောင်နေဝင်းကိုလည်း ခေါ်သည်။ မည်သူမျှ မလိုက်ကြ။

ယင်းအတွက် ဒေါ်မမလေးသည် အထူးပင် စိတ်မကောင်းဖြစ်ရကြောင်း မိမိတို့ ကြားသိရသည်။ မိမိတို့လည်း စိတ်မကောင်းပါ။

မိမိဘဝမှာ အမှားတစ်ခု ရှိသည်။ ယင်းမှာ “အမှန်ကို ဆုပ်ကိုင်ထားခြင်း” ပင် ဖြစ်သည်။ ယခုအထိလည်း ယင်းအမှားကို မပြင်နိုင်သူ။

သူ့တိုက်တွင် လူနာတွေ များသည်တစ်ကြောင်း၊ မြိတ်ကိစ္စအတွက် မျက်နှာပူသည် တစ်ကြောင်းတို့ကြောင့် သူ့ထံသို့ မိမိ အရောက်ကျဲသွားသည်။ နောက်ပိုင်း သုံး လေး နှစ်တွင် မတွေ့တော့သလောက်ပင် ဖြစ်သည်။

တစ်နေ့တွင် မဂ္ဂဇင်းတိုက်သို့ မိမိ ရောက်ရှိသောအခါ ချင်းတွင်း ဦးသိန်းလွင်က သတင်းပေးသည်။ သူ ဆုံးပြီ။

သို့ဖြင့် ရွှေပြည်စိုး ဦးအုန်းစိန်၊ ချင်းတွင်း ဦးသိန်းလွင်တို့နှင့်အတူ ဘောက်ထော် အိမ်သို့ မိမိ ရောက်ရှိသွားသောအခါ သူသည် နှင်းဆီပွင့်တွေ ကြားထဲတွင် ငြိမ်သက်စွာ လဲလျောင်းလျက် ရှိတော့သည်။ သူနှင့်အတူ ဟောပြောပွဲလိုက်ပါရန် မိမိကို မခေါ်တော့ပါ။ သို့သော် တစ်နေ့တွင် မိမိသည် သူရှိရာ အရပ်သို့ သွားရောက်ရမည်ကား မလွဲပါချေတည်း။

[ ရှုမဝ၊ အောက်တိုဘာ၊ ၁၉၈၆ ]

# မိမိ နှင့် ဂျာနယ်ကျော်တင့်ဆွေ

(က)

ဂျာနယ်ကျော်မမလေး အကြောင်းကို ရေးပြီးသည့်နောက်တွင် ဂျာနယ်ကျော် တင့်ဆွေ အကြောင်းကို ရေးသားရန် မိမိ စိတ်ကူးမိသည်။ သို့သော် ဂျာနယ်ကျော်တင့်ဆွေ ဟူသောအမည်ကို သူ့ဘာသာသူ ခံယူခဲ့ခြင်း မဟုတ်။ ထိုစဉ်က ဂျာနယ်ကျော်တွင် အယ်ဒီတာချုပ်ဖြစ်သော စောဦးက ကင်ပွန်းတပ်လိုက်ခြင်း ဖြစ်သည်။ သူသည် နောက်ပိုင်းတွင် ဂျာနယ်ကျော်တင့်ဆွေ ဟူသော အမည်ကို "ကျော်လွှမ်း" ဟူသော ကလောင်အမည်သို့ ပြောင်းရန် ကြိုးစားသေးသည်။ မအောင်မြင်ချေ။

ဂျာနယ်ကျော်တင့်ဆွေသည် မိမိ၏ မြင်ဆရာ၊ သင်ဆရာတစ်ဦး ဖြစ်သလို၊ ရန်ကုန်မြို့တွင် မိမိအား အစစအရာရာ ကူညီစောင့်ရှောက်ခဲ့သူတစ်ဦး ဖြစ်သလို၊ မိမိကို ယုံကြည်အားထားသူ၊ မိမိကို မြေတောင်မြှောက်ပေးသူတစ်ဦးလည်း ဖြစ်ပါသည်။

သူသည် မိမိ နှစ်သက်သော၊ အားကျသော၊ လေးစားသော စာရေးဆရာ၊ သတင်းစာဆရာ တစ်ဦးလည်း ဖြစ်ပါသည်။

သူ့ကို စာရေးဆရာအဖြစ်နှင့် နှစ်သက်ရသော ဝတ္ထုမှာ သူ၏ နာမည်ကျော် ကမ္ဘာဖြူ သိပ္ပံ ဝတ္ထုပင် ဖြစ်ပါသည်။ ကမ္ဘာဖြူသည် အစအဦး မြန်မာ သိပ္ပံဝတ္ထုရှည် ဘာစ်ပုဒ် ဖြစ်သလို ဖတ်၍လည်း ဆွဲဆောင်လှပါသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်

ဂျာနယ်ကျော်တင့်ဆွေ ( ၁၉၁၇-၈၂ )



ပါမောက္ခချုပ် ဖြစ်သော ဒေါက်တာထင်အောင်က အမှာရေးခဲ့သဖြင့်လည်း ဝတ္ထုသည် ပို၍ ခံ့ထည်ခဲ့ရသည်။

ထို့နောက် သူ၏ သိပ္ပံဝတ္ထုများကို **စုံထောက်**မဂ္ဂဇင်းတွင် အဆက်မပြတ် ဆိုသလို ဆက်လက် ဖတ်ရှုရပါသည်။ မဂ္ဂဇင်း ဝတ္ထုရှည်ကြီးများ ဖြစ်သည်။ ဝတ္ထု အတတ်ပညာ ကြွယ်ဝသဖြင့် စာဖတ်သူတို့ကို ဆွဲဆောင်နိုင်စွမ်း ရှိလှသည်။

ဤနေရာတွင် စကားကြွင်း မရှိရလေအောင် တစ်ဆက်တည်း ပြောရလျှင် သူ၏ အခြားဝတ္ထုများဖြစ်သော အိမ်ထောင်ရေးဝတ္ထုများ၊ သရုပ်ဖော်ဝတ္ထုများကိုကား မိမိ အာရုံ ကပ်ငြိခြင်း မရှိလှပါ။

မိမိ၏ စာရေးဆရာဘဝ သို့မဟုတ် အယ်ဒီတာဘဝကို လမ်းညွှန်မှုပြုသော စာအုပ်တစ်အုပ်မှာ သူ၏ စာပေဗိမာန်ဆု ရရှိသော **သတင်းစာ အခြေခံပညာ** ပင် ဖြစ်ပါသည်။ မိမိသည် ထိုစာအုပ်ကို ဖတ်ပြီး သတင်းစာပညာ၊ အယ်ဒီတာပညာ ပုံနှိပ်တိုက် ပညာတို့တွင် အခြေခံရရှိခဲ့ရခြင်း ဖြစ်ပါသည်။

ဤနေရာတွင် ရယ်စရာတစ်ခု ပြောရမည်။ မိမိသည် သူနှင့်တွဲပြီး သတင်းစာ တိုက် တစ်တိုက်တွင် အယ်ဒီတာ လုပ်သောအခါ ဆံခြည်တစ်မျှင် မလွဲအောင် စာဖောင် ပုံကြမ်း ချနိုင်သည့်အတွက် သူက အံ့သြစွာ မေးဖူးသည်။

'ခင်ဗျားကို ဖိုမင်ကြီးကရော၊ စာစီသမားတွေကရော ချီးကျူးနေကြတယ်။ ခင်ဗျား ပေးလိုက်တဲ့ ခေါင်းနှင့် ဓမ္မိတွေဟာ ပြန်ပြင်ရတယ်လို့ တစ်ခါမှ မရှိဘူးတဲ့။ တစ်ခါတည်း ကွက်တိပဲတဲ့'

မှန်သည်။

'ဆရာ ပေးလိုက်တဲ့ခေါင်း မဆန့်ဘူး ဆရာ၊ ဖြတ်ပေးပါဦး' သို့မဟုတ် 'ဆရာ ပေးလိုက်တဲ့ခေါင်း ချောင်နေတယ်၊ ဖြည့်ပေးပါဦး' ဟု ဖိုမင် ရောက်ရှိလာပြီး အပြော ခံရလျှင် ထိုအယ်ဒီတာသည် စာစီသမားတွေ အထင်သေးခံရသော အယ်ဒီတာ တစ်ဦး သာ ဖြစ်ပေလိမ့်မည်။ အထူးသဖြင့် စာစီခန်းနှင့် စက်ခန်းသည် အောက်ထပ်တွင် ရှိပြီး၊ အယ်ဒီတာများအခန်းက အပေါ်ထပ်တွင် ဖြစ်နေလျှင် သူတို့အဖို့ ခဏခဏ ဆင်းရ တက်ရသည့် အလုပ်ကို မည်သည့်နည်းနှင့်မျှ ကြည်ဖြူကြမည် မဟုတ်ပါ။

'ခင်ဗျား အဲဒီပညာ ဘယ်က ရခဲ့သလဲ'

'ဦးတင့်ဆွေ ရေးတဲ့ **သတင်းစာပညာ** ထဲမှာ အဲဒါတွေ အကုန်ပါတာပဲ'

'ဟုတ်လား မသိပါဘူး၊ ကိုယ့်ဘာသာကိုယ်တောင် မမှတ်မိတော့ပါဘူး'

သူ ရယ်မောကာ ပြန်ပြောသည်။

နောက်တစ်ခု မိမိ သဘောကျသည်မှာ သူ၏ သတင်းဆောင်းပါးများနှင့် သတင်းထောက်ဝတ္ထုများ ဖြစ်သည်။ **ဟံသာဝတီ** သတင်းစာတွင် သူ ရေးသော

လွှတ်တော် အမေးအဖြေ့ သတင်းများ၊ ဝန်ကြီးချုပ်၏ သတင်းစာရှင်းလင်းပွဲ အမေးအဖြေများ၊ ထင်ရှားသော ပုဂ္ဂိုလ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်းများကို မိမိ အထူးပင် သဘောကျခဲ့သည်။ အရေးကြီးသော သတင်းများကို သူ လိုက်ခဲ့သည့်အကြောင်း ရေးသားထားသည့် ဝတ္ထုများမှာလည်း ဖတ်၍ကောင်းလှသည်။ ဆရာက အမေးအဖြေခန်းများကို ရေးသားရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ အမူအရာ၊ လှုပ်ရှားမှုများကို အထူးပေါ်လွင်အောင် ရေးသားနိုင်စွမ်း ရှိသည်။ ၎င်းတို့ ဝတ်ဆင်သော အဝတ်အစား အရောင်အသွေးများကို လိုအပ်သလို ထည့်သွင်း ရေးသားထားသည်မှာလည်း အသက်ဝင်လှသည်။

သို့ဖြင့် သူသည် မိမိ မန္တလေးမှာ ရှိစဉ်ကတည်းကပင် မိမိ လေးစားနှစ်သက်ခဲ့သော စာရေးဆရာ၊ သတင်းစာဆရာများထဲတွင် တစ်ယောက် အပါအဝင် ဖြစ်သည်။ မိမိ ရန်ကုန် ရောက်ရှိပြီး သူနှင့် လူချင်း သိရှိရသောအခါ သူ့ကို အထူးပင် ခင်မင်ရတော့သည်။

## (ခ)

သူနှင့် လူချင်း တွေ့ဆုံရသည်မှာ **စုံထောက်မဂ္ဂဇင်းတိုက်**မှာပင် ဖြစ်သည်။ ထိုစဉ်က သူသည် စုံထောက်အဖွဲ့သားတစ်ဦးပမာပင် ဖြစ်သည်။ စုံထောက်တွင် နေ့စဉ် ရေးသည်။ စုံထောက်သို့ နေ့စဉ်လာသည်။ ထိုစဉ်က သူသည် ဟံသာဝတီသတင်းစာတွင် သတင်းထောက်ချုပ် ဖြစ်သည်။ နေ့လယ် နှစ်နာရီလောက်ဆိုလျှင် သူ ရောက်လာပြီ ဖြစ်သည်။ ဟမ်းဘား စက်ဘီး အစိမ်းကလေးနှင့် ဖြစ်သည်။ ဆံပင်အဖြူများ စွက်နေသော ခေါင်းတုံးဆံတောက်၊ နေကာမျက်မှန်အနက်၊ ပင်နီတိုက်ပုံအင်္ကျီ၊ ပုဆိုးအကွက်စိပ်စိပ်တို့သည် သူ၏ပုံစံပင် ဖြစ်သည်။ ပထမတွင် နေကာမျက်မှန်ကို အလှတပ်သည်ဟု ထင်မိသည်။ နောက်မှ သူ၏ မျက်လုံးတစ်ဖက်ကြောင့် တပ်ရမှန်း သိရှိရသည်။

ညနေ ငါးနာရီ၊ ခြောက်နာရီလောက်အထိ မိမိတို့နှင့် အတူနေသည်။ လက်ဖက်ရည် သောက်ကြသည်။ စာအကြောင်း ပေအကြောင်း၊ နိုင်ငံရေးအကြောင်း၊ တိုင်းပြည်အကြောင်း ပြောကြသည်။

နောက်ပိုင်းတွင် စာရေးဆရာအသင်းတွင် သူနှင့်အတူ လုပ်ကိုင်ရသောအခါ လူချင်း ပိုပြီး ရင်းနှီးရတော့သည်။

ထို့အပြင် စောစောပိုင်းကဆိုလျှင် စမ်းချောင်းရပ် မြင်းမိုရ်လမ်းရှိ သူ၏အိမ်သည် နံနက်တိုင်း မိမိ ကျောင်းသွားရာလမ်းတွင် ဖြစ်သည်။ မိမိက ဆင်မင်းကွက်သစ်မှနေ၍ ရန်ကုန်တက္ကသိုလ်သို့ သွားရာတွင် ဟုမ်းလမ်း (ပန်းလှိုင်လမ်း) နှင့် စမ်းချောင်းကို ခြိုကျင်လျှောက်ဖြတ်ပြီး ပြည်လမ်းမကြီးသို့ ထွက်သည်။ မြေနီကုန်း မှတ်တိုင်မှနေ၍

နဂါးကားကို စီးသည်။ ထို့အပြင် တစ်ပတ်လျှင် အနည်းဆုံး တစ်ခေါက်ဆိုသလို သူ့အိမ်သို့ ညဘက်တွင် သွားရောက်လည်ပတ်လေ့ ရှိပါသည်။

သူက စကားပြောလျှင် တိုးတိုးအေးအေးကလေး ပြောတတ်သည်။ သို့သော် စကားကို အမျှင်မပြတ် စိတ်ပါလက်ပါ ပြောတတ်သည်။

မိမိက သူ့ကို ဦးတင့်ဆွေဟုပင် ခေါ်သည်။ သူက မိမိထက် အသက် ၁၆ နှစ်မျှကြီးသော်လည်း ကိုနတ်နွယ်ဟု ခေါ်ပြီး ခင်ဗျားနှင့် ကျွန်တော်နှင့် ပြောပါသည်။ သူက လူငယ်တွေကို လေးလေးစားစား ဆက်ဆံတတ်ပါသည်။

သူသည် တက္ကသိုလ်သို့ ရောက်ရှိဖူးခြင်း မရှိဘဲ၊ အထက်တန်း ပညာများကို မိမိဘာသာ ကြိုးပမ်းလေ့လာခဲ့သူတစ်ဦး ဖြစ်သည်နှင့်အညီ မိမိကိုလည်း ကြိုးပမ်းလေ့လာရန် တိုက်တွန်းတတ်ပါသည်။ သူ့ထံတွင်ရှိသော နိုင်ငံရေးစာအုပ်များ၊ သိပ္ပံစာအုပ်များ၊ ဘောဂဗေဒ စာအုပ်များကို မိမိအား ပေးပြီး ဖတ်ရှုလေ့လာ စေပါသည်။

အချို့သော ပညာတတ်စာရေးဆရာကြီးနှင့် သတင်းစာဆရာကြီးများက၊ သတင်းထောက်ဘဝမှ တက်လာသော သူ့ကို အထင်ကြီးဟန် မရှိဘဲ နှိမ့်ချသည့် သဘောများ ပြသော်လည်း၊ သူသည် စိတ်ဆိုးခြင်းမရှိဘဲ ပိုမိုကြိုးစား အားထုတ်ခြင်းကိုသာ ပြုလုပ်ပါသည်။

(ဂ)

ရန်ကုန် သတင်းစာလောကနှင့် မိမိကို မိတ်ဆက်ပေးသူမှာ သူပင် ဖြစ်သည်။ **အမျိုးသား** သတင်းစာတွင် တာဝန်ခံ အယ်ဒီတာအဖြစ် သူ လုပ်ဆောင်သောအခါ မိမိကို ဘာသာပြန် အယ်ဒီတာ သို့မဟုတ် နိုင်ငံခြားသတင်း အယ်ဒီတာအဖြစ် ခေါ်ယူသည်။ မိမိ၏တာဝန် အတိအကျမှာ စာမျက်နှာ (၃) တွင် ပါရှိသော နိုင်ငံခြားသတင်းများနှင့် အရေးကြီးသော နိုင်ငံခြားသတင်းများကို ရှေ့ဖုံး၊ ကျောဖုံးတို့အတွက် ဘာသာပြန်ဆိုပေးရန်ပင် ဖြစ်သည်။ မိမိ၏ အလုပ်များကို မိမိအနေနှင့် တစ်နာရီလောက် လုပ်လိုက်လျှင် ပြီးသည်။ သို့သော် မိမိသည် သူ့ထံတွင် ပညာသင်ယူသည့် အနေဖြင့်လည်းကောင်း၊ သူ့ကို ကူညီသည့် အနေဖြင့် လည်းကောင်း ညဘက် အယ်ဒီတာ၏ အလုပ်များ၊ တာဝန်ခံ အယ်ဒီတာ၏ အလုပ်များကို ကူညီလုပ်ဆောင်သည်။ စောစောပိုင်းတွင် အယ်ဒီတာချုပ် မရှိသေးသဖြင့် အယ်ဒီတာချုပ် တာဝန်များကို သူပင် လုပ်ဆောင်နေရသည်။ ခေါင်းကြီးများနှင့် သတင်းဆောင်းပါးများ ရေးရသည်။ ထိုအခါ မိမိသည် သူ့ကို ကူညီသည့်အနေနှင့် ခေါင်းကြီးများ၊ သတင်းဆောင်းပါးများကို ကူပြီး ရေးပေးပါသည်။ သူကလည်း မိမိကို ယုံယုံကြည်ကြည်နှင့်ပင် ရှေ့ဖုံး၊ နောက်ဖုံး၊ အလယ်ဖောင်နှင့် ခေါင်းကြီးပိုင်းတို့ကို လွှဲအပ်ပါသည်။

များမကြာမီ အယ်ဒီတာချုပ် ရောက်ရှိလာသည်။ ထိုအယ်ဒီတာချုပ်နှင့်

အဆင်မပြေသဖြင့် **ပြည်ထောင်စု** သတင်းစာသို့ သူ ကူးပြောင်းသွားသည်။ မိမိကို လည်း **ပြည်ထောင်စု** သို့ ခေါ်ယူရန် အစီအစဉ် ပြုလုပ်သည်။ သို့သော် **ပြည်ထောင်စု** သည် နိုင်ငံရေး ပါတီကြီးတစ်ခု၏ ကြွေးကြော်သံ ဖြစ်သဖြင့် မိမိ လိုက်ပါမသွားဘဲ **အမျိုးသား**မှာ နေရစ်သည်။

**အမျိုးသား** သတင်းစာပိုင်ရှင် ဦးလှထွန်းဖြူသည် အမျိုးသားရေး အမြင်ရှိသော နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦး ဖြစ်ပြီး မိမိအပေါ်တွင် နားလည်မှုရှိသည်။ သို့သော် နောက်ရောက်လာသော အယ်ဒီတာချုပ်သည် အနောက်နိုင်ငံအုပ်စုများနှင့် အဆက် အသွယ်ရှိပြီး၊ အနောက်နိုင်ငံ သံရုံးတစ်ခုမှ စာအုပ်များကို ဘာသာပြန်ဆိုနေသူ တစ်ဦး ဖြစ်သည်။ သူ ရေးသော နိုင်ငံခြားရေးရာ ခေါင်းကြီးများနှင့် မိမိထည့်သွင်းသော နိုင်ငံ ခြား သတင်းများသည် ဆန့်ကျင်ဘက်လို ဖြစ်နေကြသည်။ နောက်ဆုံးတွင် မိမိ အလုပ် ထွက်ခဲ့သည်။

တစ်နေ့တွင် မိမိနေထိုင်ရာ မြောက်ဥက္ကလာပ နေအိမ်သို့ နေပူကြီးထဲတွင် ချွေးတွေ သံတွေနှင့် ဦးတင့်ဆွေ ရောက်ရှိလာသည်။

'ကိုနတ်နွယ်ရေ ဟန်ကျပြီဗျာ၊ ခင်ဗျားနှင့် ကျွန်တော်နှင့် စိတ်ကြိုက် သတင်းစာ တစ်စောင် ထုတ်ရမယ်။ အဲဒါ ခင်ဗျား စီမံချက်တစ်ခု ရေးပေတော့၊ ခဲစာလုံးကနေပြီး သတင်းစာ ပေါ်လစီအထိပေါ့'

လူမှုရေးလုပ်ငန်းများတွင် ထင်ရှားသည့် အမျိုးသမီးခေါင်းဆောင် အပျိုကြီး နှစ်ယောက်နှင့် သူ တွေ့လာသည်။ သူတို့က သတင်းစာတစ်စောင် ထုတ်ဝေရန် သူ့ကို ငွေးဝလွှဲအပ်သည်။ ထိုအမျိုးသမီးကြီး နှစ်ယောက်သည် မိမိကိုလည်း သိရှိကြသဖြင့် သူနှင့်အတူ မိမိတွဲဖက်ပြီး လုပ်ရန်ကို သဘောတူကြသည်။

သို့ဖြင့် မိမိတို့ စီမံချက် ရေးကြသည်။ သတင်းစာ၏ အမည်၊ သတင်းစာ၏ ပေါ်လစီ၊ သတင်းစာတိုက်နေရာ၊ အယ်ဒီတာအဖွဲ့၊ သတင်းထောက်များ၊ ပုံနှိပ်တိုက် အတွက် စက်များ၊ ဖိုမင်များ၊ စာစီများ၊ စက်သမားများ၊ ကြော်ငြာကိုယ်စားလှယ်၊ ဖြန့်ချိ ရေး၊ အုပ်ချုပ်ရေး။

သတင်းစာ ခြောက်လ လည်ပတ်နိုင်ရန်အတွက် ငွေသုံးသိန်း လိုအပ်မည် ဖြစ်သည်။ အမျိုးသမီးကြီးများက မိမိတို့၏ စီမံချက်ကို သဘောတူညီကြသည်။

သို့သော် တစ်နေ့တွင် ချွေးတွေ သံတွေနှင့် သူ ရောက်ရှိလာပြန်သည်။

'ကိုနတ်နွယ်ရေ၊ ကျွန်တော်တို့ စီမံကိန်းတော့ ရေဖြစ်သွားပြီ'

'ဘာဖြစ်လို့လဲ၊ အပျိုကြီးတွေက ငွေ မထုတ်တော့ဘူးတဲ့လား'

'မဟုတ်ဘူး၊ သူတို့က ငွေကို ထပ်ပြီးမှတောင် ဆောင်းပေးဦးမယ်။ ဒါပေမဲ့ နောက်က ငွေထုတ်ပေးမယ့် လူက ဟိုကောင်တွေဗျ'

ဟိုကောင်တွေ ဆိုသည်မှာ ထိုအချိန်က နာမည်ကြီးနေသော နိုင်ငံခြားသား သူဌေး မိသားစု ဖြစ်သည်။

'အံ့သြစရာပဲ၊ ဒီအမျိုးသမီးတွေနှင့် ဘယ်လိုလုပ်ပြီး ပတ်သက်သလဲ မသိဘူး။ သူတို့နှင့်တော့ ဘယ်လုပ်လို့ ဖြစ်မလဲ၊ ကျွန်တော်တို့ နာမည်ပျက်သွားမှာပေါ့'

'ဟုတ်တယ်၊ လျှာမှာ မြက်ပေါက်သွားပစေ၊ မလုပ်တော့ဘူးလို့ ကျွန်တော် ပြောလိုက်တယ်'

'ကောင်းတယ်'

နောက် သုံးလေးနှစ်ခန့် ကြာသောအခါ မိမိအိမ်သို့ သူ ရောက်ရှိလာပြန်သည်။

'ဘာလဲ ဦးတင့်ဆွေ၊ သတင်းစာထုတ်ချင်တဲ့ အပျိုကြီးတွေနှင့် တွေ့လာပြန် ပလား'

'မဟုတ်ဘူးဗျ၊ ကျွန်တော်လည်း အခု ခင်ဗျားတို့ မြောက်ဥက္ကလာကို ပြောင်း လာပြီ'

'ဘယ်လို ဖြစ်တာလဲ'

'စမ်းချောင်းအိမ်ကို ရောင်းပစ်လိုက်ပြီ၊ ဒီမှာ အိမ်တစ်လုံးဝယ်တယ်'

'ဘယ်လို ဖြစ်တာလဲ'

'သူများတွေကို ပေးစရာ ရှိတာကလေးတွေ ပေးရအောင် ရောင်းလိုက်ရတာပဲ။ ကောင်းပါတယ်၊ ခင်ဗျားတို့နှင့် နီးသွားတာပေါ့'

သို့သော် သူပြောသလို သူသည် မိမိတို့နှင့် နီးမလာပါ။ စာပေလောကနှင့် နီးမလာပါ။ မိမိတို့နှင့် လူချင်းနီးသော်လည်း စာပေလောကနှင့်ကား သူသည် ဝေးသည် ထက် ဝေးသွားလျက် ရှိတော့သည်။

မြောက်ဥက္ကလာသို့ ရောက်ပြီးသည့် နောက်ပိုင်းတွင် သူသည် သိသိသာသာကြီး ကျသွားသည်။ အဘိုးကြီးတစ်ယောက် ဖြစ်သွားသည်။ ဘာသာရေးဘက် ရောက်သွား သည်။

တစ်နေ့တွင် သူ ဆုံးပြီဟူသော သတင်းကို ကြားရသည်။

ထိုအခါ သတင်းစာဆရာ လက်ဟောင်းကြီးများ၊ စာရေးဆရာကြီးများ မြောက် ဥက္ကလာပတွင် ပထမဆုံးအကြိမ် အတော်ကလေး စုံစုံလင်လင် ဆုံမိကြသည်။ သူ၏ ကောင်းကြောင်းများကို ချီးမွမ်းစာသ ကြသည်။

သို့သော် သူ ဘာမျှ မသိတော့။

[ ချယ်ရီ၊ နိုဝင်ဘာ၊ ၁၉၈၁ ]

# မိမိ နှင့် ပါရဂူ

## (က)

ကုန်ခဲ့သော တနင်္လာနေ့ တစ်နေ့က ရန်ကုန်မြို့လယ်ရှိ စာပေတိုက်တစ်တိုက်သို့ ရောက်ရှိသွားရာ မိတ်ဆွေ စာရေးဆရာများနှင့် တွေ့ရသည်။ မတွေ့တာ ကြာပြီဖြစ်သော တက္ကသိုလ်စိန်တင်က–

'ဆရာရေ၊ လူချင်း မတွေ့တာကြာပေမယ့် ဆရာရေးတဲ့ **တောအကြောင်း တောင်အကြောင်း**တော့ ချယ်ရီမှာ အမြဲတမ်း စောင့်ဖတ်နေပါတယ်။ မိမိနှင့် စာရေးဆရာတွေအကြောင်း ဖတ်လို့ကောင်းတယ်၊ ရှေ့လ ဘယ်သူ့အကြောင်းလဲ'

'မိမိနှင့် တက္ကသိုလ်စိန်တင်လေ'

ဖိုးကျော့က ဝင်ပြီး ပြောသည်။

ထိုအခါ တက္ကသိုလ်စိန်တင်က ကမန်းကတန်းပင်–

'ကျွန်တော်တို့က အများကြီး နောက်ကျပါတယ်၊ ကျွန်တော်တို့အကြောင်း ရေးဖို့ အဝေးကြီး လိုပါသေးတယ်'

'ဆရာက လူငယ်တွေအကြောင်းကော ရေးဦးမှာလား'

ပေါင်းတည်စန်းမြင့်က သူ့ပုံစံအတိုင်း လေသံတိုးတိုးဖြင့် မကြားတကြား မေးသည်။

ပါရဂူ ( ၁၉၂၁–    )



သည်အခါ မိမိ ပြောရသည်။

'လူငယ်တွေအကြောင်း ကျွန်တော် ရေးမှာပါ၊ ရေးလည်း ရေးရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘဝမှာ အများကြီး ဆက်စပ်နေလို့ပဲ။ ဒါပေမဲ့ လောလောဆယ်မှာတော့ ခေတ်ပြိုင်တွေနဲ့ စာစာပိုင်းက အကြောင်းတွေကို ရေးလိုက်ဦးမယ်၊ ဒါမှပဲ ရှေ့နောက် အဆက်အစပ် ညီသွားမယ်။ ခေတ်ပြိုင်တွေအကြောင်း ရေးပြီးသွားရင် ဆရာကြီးတွေအကြောင်း ရေးရဦးမယ်။ ဒါကတော့ ဆရာကြီးတွေနဲ့ ဘယ်လို ဆုံစည်းရတယ်၊ ဘယ်လို ဆည်းပူးလေ့လာရတယ် ဆိုတာကို ရေးချင်လို့ပဲ။ အဲဒါပြီးရင် **မိမိနှင့် စာရေးဆရာများအကြောင်း** တစ်ကဏ္ဍ ပြီးသွားပြီ၊ ပထမပိုင်းအဖြစ် စာအုပ်ထုတ်မယ်လို့ စိတ်ကူးထားတယ်။ ဒုတိယပိုင်းကတော့ စာပေလောကကို နောက်ကျပြီး ရောက်လာတဲ့ စာရေးဆရာတွေနဲ့ လူငယ်တွေအကြောင်းပဲ'

**မိမိနှင့် စာရေးဆရာများ** အကြောင်းကို စိတ်ဝင်စားကြသည့်အတွက် ဝမ်းသာပါသည်။ မည်သူ့အကြောင်း ရေးမလဲ၊ မည်သူ့အကြောင်း မရေးဘူးလား၊ မည်သူ့အကြောင်း ရေးပါဟု မေးမြန်းတိုက်တွန်းကြသည့်အတွက်လည်း ကျေးဇူးတင်ပါသည်။

လူငယ် စာရေးဆရာနှင့် ကဗျာဆရာများအကြောင်း မိမိမှာ ရေးစရာတွေ အများကြီး ရှိနေပါသည်။ အကြောင်းမှာ သူတို့သည် ယနေ့ စာပေ၊ ယနေ့ အတွေးအခေါ်၊ ယနေ့ခေတ် ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

သို့သော် မိမိနှင့် ခေတ်ပြိုင်များ၊ မိမိ အလျင်ကျသူများနှင့် ဆရာကြီးများ အကြောင်းကတော့ အတော်ကလေး ပြည့်စုံ ဆက်စပ်သွားသည်အထိ ရေးရပါဦးမည်။

သည်နေရာတွင် ပြောစရာတစ်ခုတော့ ရှိမည် ထင်သည်။ မိမိထက် အလျင်နှင့် မိမိနှင့် ခေတ်ပြိုင်များထဲမှ ဘယ်နှစ်ယောက်အကြောင်း ရေးရဦးမည်ကို မိမိ မသိပါ။ မည်သူတွေအကြောင်း ရေးမည်ဟုလည်း မိမိ စိတ်ကူးမထားပါ။ မည်သူပြီးလျှင် မည်သူ့ကို ရေးမည်ဟု စီစဉ်မထားပါ။ တစ်လ ရေးရန် ရှိသောအခါမှသာ တစ်လ စဉ်းစားပါသည်။ ထိုတစ်လအတွင်းတွင် တစ်စုံတစ်ခုသော အကြောင်းကြောင့် တစ်စုံတစ်ယောက် အကြောင်း ရေးရန် စိတ်ကူးပေါ်မိသည်လည်း ရှိသည်။ သို့မဟုတ် ရေးရန်အချိန် နီးသောအခါတွင်မှ ဘယ်သူ့အကြောင်း ရေးရမည်နည်းဟု စဉ်းစားရှာဖွေရသည့် အခါလည်း ရှိသည်။ ထိုအခါများတွင် ခေါင်းထဲတွင် တစ်ယောက်ပြီးတစ်ယောက် ပေါ်လာကြပြီး တစ်ယောက်ပြီးတစ်ယောက် ဆိုသလို ပြန်ပြီး ပျောက်သွားတတ်ကြပါသည်။ သူတို့ အကြောင်း ရေးချင်တာတွေ ရှိသလို၊ မရေးချင်တာတွေလည်း ရှိ၍ ဖြစ်ပါသည်။ မရေးသင့်သည်များလည်း ရှိနေတတ်ပါသည်။

အကြောင်းကြောင်းကြောင့် ရေးရန် စိတ်ကူးမိပြီး အကြောင်းကြောင်းကြောင့် မရေးဖြစ်သေးဘဲ ကျန်ရှိနေသူများ အထဲတွင် ထိပ်ဆုံးမှ ရှိနေသူမှာ ဆရာပါရဂူထံ

ဖြစ်သည်။ အမှန်အတိုင်းဆိုလျှင် သူ့အကြောင်းကို အစောကြီးကတည်းကပင် ရေးဖို့ ဖြစ်သည်။ တင်စိုး၊ တင့်ဆန်း၊ လင်းယုန်သစ်လွင်တို့အကြောင်း ရေးကတည်းက သူ့အကြောင်း ရေးရမည် ဖြစ်သည်။ သို့သော် မရေးဖြစ်ဘဲ လက်တုံ့နေခဲ့ပါသည်။

သို့သော် သူ့အကြောင်း မရေးဘဲလည်း နေနိုင်မည် မဟုတ်သဖြင့် သည်လတွင်တော့ ဘာပဲဖြစ်ဖြစ် ဆိုပြီး ရေးလိုက်မိတော့သည်။

(ခ)

စာပေလောကသို့ မိမိ ဝင်ရောက်ရာတွင်၊ ရန်ကုန်မြို့တွင် မိမိ အခြေစိုက် နေထိုင်ရာတွင်၊ မိမိအား အဘက်ဘက်မှ ကူညီစောင့်ရှောက်ခဲ့ကြသော အစ်ကိုကြီး ငါးယောက်ရှိကြောင်း၊ ထိုအထဲတွင် ပါရဂူ ပါဝင်ကြောင်းကို တစ်ကြိမ်မက မိမိ ရေးခဲ့ပြီးပြီ ဖြစ်သည်။ (အခြား လေးယောက်မှာ မိုးဝေ၊ တင့်ဆန်း၊ တင်စိုးနှင့် လင်းယုန်သစ်လွင်တို့ ဖြစ်ကြသည်။ တင့်ဆန်း၊ တင်စိုးနှင့် လင်းယုန်သစ်လွင်တို့အကြောင်း **တောအကြောင်း တောင်အကြောင်း**တွင် မိမိ ရေးပြီးပြီ ဖြစ်သည်။ ကိုမိုးဝေ အကြောင်းကိုမူကား "မိမိနှင့်မိုးဝေ" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခြင်း မရှိသေးသော်လည်း၊ **စုံထောက်**မဂ္ဂဇင်းတွင် "မိုးဝေနှင့် စုံထောက် တင်မောင်ဆွေ" ဆောင်းပါးကိုလည်းကောင်း၊ **မိုးဝေ** မဂ္ဂဇင်းတွင် "ညြဂုတ်လ အလွမ်းပြေ" ဆောင်းပါးကိုလည်းကောင်း ရေးခဲ့ပြီးပြီ ဖြစ်သည်။ အခြားဟိုနေရာ၊ သည်နေရာတို့တွင်လည်း တို့တိတို့တိ ရေးခဲ့ပြီး ဖြစ်သည်။ သို့သော် ပြည့်စုံလုံလောက်ပြီကား မဟုတ်ပါချေ။

တစ်နေ့တွင် "မိမိနှင့် မိုးဝေမဂ္ဂဇင်း" ဟု စာအုပ်တစ်အုပ် သီးခြားရေးဖြစ်ခဲ့လျှင် မိုးဝေမဂ္ဂဇင်း ဖြစ်ပေါ်လာရခြင်း၏ အရင်းအမြစ်ဖြစ်သော သူ့အကြောင်းကို မိမိသိသမျှ အလုံးစုံကို တင်ပြနိုင်လိမ့်မည်ဟု ထင်ပါသည်။ "မိမိနှင့် မိုးဝေမဂ္ဂဇင်း" အကြောင်းကို ရေးမှလည်း မိမိ၏ စာပေဘဝသည် ပြည့်စုံခြင်း ဖြစ်ပါလိမ့်မည်။ အကြောင်းမှာ မိမိ၏ ဘက်ရှိ စာပေသက် ၃၆ နှစ်အနက် တစ်ဝက်ကျော်ကျော်သည် **စုံထောက်**မဂ္ဂဇင်း၊ **မိုးဝေ** မဂ္ဂဇင်းနှင့် ပတ်သက်နေသောကြောင့် ဖြစ်သည်။ မိမိသည် **မိုးဝေ**မဂ္ဂဇင်းနှင့် ပတ်သက်ပြီး သိက်သင့်သော စာပေအကျိုးကျေးဇူးများ ရရှိခဲ့သလို၊ ကိုယ်ရေးကိုယ်တာ နစ်နာဆုံးရှုံးမှုများလည်း များစွာဖြစ်ခဲ့ရသည်။ တစ်ကြိမ်က အင်မတန် ရင်းနှီးခင်မင်ခဲ့ရသော ဆရာပါရဂူနှင့် နောက်ပိုင်းတွင် အနေဝေးသွားရသည်မှာလည်း မိုးဝေမဂ္ဂဇင်းကြောင့်ပင် ဖြစ်ပါသည်။)

ပါရဂူကို လူ မဖြစ်ခင် ဘဝကတည်းကပင် မိမိ သိကျွမ်းခဲ့ရသည်။ လူ မဖြစ်ခင်ဟုဆိုသည်မှာ ဘုန်းကြီးဘဝကို ဆိုလိုပါသည်။

အလားတူပင် ဦးဆန်းထွန်းကိုလည်း ရှင်ဉာဏိသရ ဘဝကတည်းကပင် သိရှိ

ခဲ့ရသည်။ တစ်ခုပဲ ထူးခြားသည်။ ရှင်ဉာဏိဿရသည် လူဖြစ်သောအခါ ဆန်းထွန်း (မန်းတက္ကသိုလ်) ဟူသော ကလောင်အမည်ဖြင့် စာဆက်ရေးသည်။ ပါရဂူက လူအမည် ဦးလှကြိုင် ဖြစ်လာသော်လည်း "ပါရဂူ"ကို ကလောင်အမည် အဖြစ်ဖြင့် ဆက်ယူထားသည်။ ယင်းကြောင့် သူက ရဟန်းဝတ်နှင့်ပဲ ဖြစ်စေ၊ လူဝတ်နှင့်ပဲ ဖြစ်စေ ပါရဂူပဲ ဖြစ်နေသည်။

မိမိသည် ရှင်ဉာဏိဿရ ပြန်ဆိုခဲ့သော ရာဟုလာ သံကိစ္စည်း၏ **ဗော်လဂါမှ ဂင်္ဂါသို့** နှင့် **ဗုဒ္ဓအမြင်**တို့ကို အထူးပင် နှစ်သက်စွဲလမ်းခဲ့သည်။ ထို့မှမက ရာဟုလာ သံကိစ္စည်းကိုလည်း လေးစားခဲ့ရသည်။ ရှင်ဉာဏိဿရကိုလည်း လေးစားခဲ့ရသည်။ ရှင်ဉာဏိဿရသည် **ဗော်လဂါမှ ဂင်္ဂါသို့ကို လူထု** တွင် ဘာသာပြန်ဆို ထည့်သွင်းခဲ့စဉ်က အချို့သော စာပိုဒ်များနှင့် အချို့ စာပုဒ်များကို ချန်လှပ်ထားခဲ့သည်။ သို့သော် ယင်း စာပိုဒ်များနှင့် စာပုဒ်များကို နောက်ပိုင်းတွင် ပါရဂူက ဖြည့်စွက်ပြန်ဆိုခဲ့သည်။ ထိုအခါ ပါရဂူ ဟူသည်ကို စိတ်ဝင်စားမိရသည်။ ပါရဂူအကြောင်း ဦးဆန်းထွန်းထံတွင် စုံစမ်းသောအခါ ၎င်း၏ တူတော်ကြောင်း၊ ရန်ကုန်မြို့တွင် ရဟန်းဝတ်နှင့်ရှိကြောင်း သိရှိရသည်။

သို့ဖြင့် မိမိ ရန်ကုန်သို့ ရောက်ရှိသောအခါ ပါရဂူကို သူ နေထိုင်ရာ ဗဟန်းကျောင်းတိုက်မှာပင် ကိုတင်စိုးနှင့်အတူ သွားရောက်တွေ့ဆုံ မိတ်ဆက်ရသည်။ ကိုတင်စိုးသည် ပါရဂူနှင့် ခင်မင်ရင်းနှီးသူ ဖြစ်သဖြင့် မိမိလည်း ကိုတင်စိုးနှင့် ဆက်စပ်ပြီး သူနှင့် ခင်မင် ရင်းနှီးရတော့သည်။

ဦးဆန်းထွန်းကို မန္တလေးတွင် မိမိတို့ လူဝတ်လဲပေးခဲ့ရသလို၊ ပါရဂူကိုလည်း ကန်တော်ကလေး ကိုတင်စိုးအိမ်တွင် မိမိတို့ကပင် လူဝတ်လဲပေးခဲ့ကြရသည်။ သို့သော် သူတို့နှစ်ယောက် လူထွက်သည်မှာ မိမိတို့ ပယောဂ မဟုတ်ပါ။ သို့သော် သူတို့ လူဖြစ်လာသောအခါ သူတို့ကို လူတွေ တတ်အပ်သော အတတ်ပညာများကို တတ်အောင် သင်ကြားပေးသူများတွင်ကား မိမိတို့ ပါဝင်ပါသည်။ ဥပမာ ပါရဂူကို ဘီယာသောက်တတ်အောင် မိမိတို့ စိတ်ရှည် လက်ရှည်ဖြင့် အပင်ပန်းခံကာ သင်ကြားပေးခဲ့ရသည်။ သို့သော် သူ့ကို မိန်းမပေးစားရန် ကြိုးစားခဲ့သည်မှုကား မအောင်မြင်ပါ။

သည်နေရာတွင်တော့ သူ့ဦးလေးနှင့် ကွာလှသည်။ ဦးဆန်းထွန်းက လူထွက်ပြီး မကြာမီမှာပင် မိမိနှင့် မောင်သာနိုးကို သူ၏ ဇနီးလောင်းအိမ်သို့ ခေါ်သွားသည်။ သူ့ဇနီးလောင်းက မိန်းမချောတစ်ယောက် ဖြစ်သလို စိတ်သဘောလည်း ကောင်းသည်။ သို့ဖြင့် သူတို့၏ သင်္ဂဇာအိမ်သည် မိမိတို့၏ စားအိမ်သောက်အိမ် ဖြစ်ရတော့သည်။ သင်္ဂဇာချောင်းပေါ်တွင် မေးတင်ထားသော သူတို့၏အိမ်သည် ညနေဘက်တွင် ဆော ကလေး တဖြူးဖြူးနှင့် ရှုခင်းသာတစ်ခု ဖြစ်တော့သည်။

ဦးဆန်းထွန်း လက်ထပ်သောအခါ မိမိတို့ လူငယ်ကိုးဦး တစ်ယောက် ငါးကျပ်စီ စုပြီး တိုင်ပုခက်တစ်လုံး လက်ဖွဲ့ခဲ့ကြသည်။ ပုခက်ကို မြင်းလှည်းနှင့်တင်ပြီး မင်္ဂလာဆောင် အခမ်းအနား ကျင်းပရာ ယူနီဗာဆယ်ခန်းမထဲသို့ သယ်ယူသွားကြရသည်မှာ ပျော်စရာကြီးပင် ဖြစ်သည်။

ဤအကြောင်းကို ပါရဂူအား မိမိ ပြောပြသော်လည်း သူ အားကျပုံ မရပါ။ ဘချို ဘုန်းကြီးတွေ လူထွက်သည်မှာ မိန်းမယူလို၍ဟု ဆိုကြသည်။ ဤအဆိုသည် သူနှင့်ကား မည်သို့မျှ မပတ်သက်ပါ။ သူ၏ဘဝသည် သင်္ကန်းအစား ပုဆိုးဝတ်ထားသော်လည်း ဘုန်းကြီးဘဝနှင့် မည်သို့မျှ မခြားနားပါ။ သူ သွားပုံလာပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံတို့သည် သိက္ခာကြီးမားသော ဆရာတော်တစ်ပါးပင် ဖြစ်သည်။ ဘုန်းကြီးဘဝတုန်းကမှ ဘုန်းကြီးကျောင်းတွင် နေသည်မှာ တခြားဘုန်းကြီးများနှင့်အတူ ဖြစ်သည်။ လူဖြစ်သောအခါ တိုက်အိမ်ကလေးတစ်လုံးတွင် တစ်ယောက်တည်း နေထိုင်သဖြင့် ပို၍ပင် ဘုန်းကြီးဆန်သွားတော့သည်။ ကမ္မဋ္ဌာန်းကျောင်းကလေးတွင် တစ်ပါးတည်း တရားအားထုတ်နေသည့်ပမာ ဖြစ်သည်။ သူ့အိမ်မှာက စာအုပ်တွေပဲ ရှိသည်။ စာအုပ်တွေကလည်း များသောအားဖြင့် ဘာသာရေးစာအုပ်တွေ ဖြစ်ကြသည်။

'ခင်ဗျား တစ်ယောက်တည်း နေရတာ မပျင်းဘူးလား'

သူ့ကို မိမိ ဟိုတုန်းက မေးဖူးသည်။

'ဘာပျင်းစရာ ရှိသလဲဗျာ'

သူက ပြန်မေးသည်။

သူ့အမေးကို မိမိ ဘာပြန်ဖြေရမှန်း မသိပါ။

ဧည့်သည်တွေ မလာလျှင် သူ စာဖတ်သည်။ စာရေးသည်။ ဧည့်သည်တွေ လာလျှင် ကန်တော်ကြီးစောင်းကို ခေါ်သွားပြီး လက်ဖက်ရည်တိုက်သည်။ ထမင်းကျွေးသည်။ စကားပြောကြသည်။

အင်း ...ဘာပျင်းစရာ ရှိသလဲ၊

## (ဂ)

သူ လူဝတ်လဲပြီး မကြာမီတွင် အိန္ဒိယ သံရုံးတွင် ဘာသာပြန် အယ်ဒီတာအဖြစ် ဝင်လုပ်သည်။ သူ ရေးသော စာအုပ်များကိုလည်း သူ့ဘာသာသူ ထုတ်ပြီး သူ့ဘာသာသူ ဖြန့်ချိသည်။ သူ့စာအုပ်တွေက တစိမ့်စိမ့်ရောင်းနေရသော စာအုပ်များ ဖြစ်သည်။ သူသည် တစ်ယောက်တည်းသမား ဖြစ်သဖြင့် သံရုံးမှရသော လခ၊ စာရေး၍ရသော စာမူခ၊ စာအုပ်တိုက်မှရသော ဝင်ငွေတို့ဖြင့် ပိုပိုလျှံလျှံ ရှိသည်။ ယင်းအတွက် သူသည် ဘုန်းကြီးဘဝမှ ထွက်လာပြီးနောက် မိမိတို့၏ ဒကာတစ်ယောက် ဖြစ်နေရတော့သည်။ သူသည်

မိမိတို့ကို လက်ဖက်ရည်တိုက်ရုံ၊ ထမင်းကျွေးနိုင်ရုံသာမက ပိုက်ဆံလိုလျှင်လည်း ချေးငှ သည်။

သူ အလုပ်လုပ်သော သံရုံးနှင့် ကိုတင်စိုး အလုပ်လုပ်သော သမဝါယမဆိုင်တို့ သည် အလှမ်းမဝေးလှသဖြင့် မိမိတို့သည် နေ့လယ်ခင်းနှင့် ညနေဘက်များတွင် အတွေ့ အဆုံ များကြသည်။ အတူသွား အတူလာများ ဖြစ်ကြသည်။

နောက်ပိုင်းတွင် သူနှင့် မိမိသည် လင်းယုန်သစ်လွင်နှင့် ပေါင်းပြီး သတင်းစာ တစ်စောင် ထုတ်ဝေရန် ကြိုးပမ်းခဲ့သည်။ သို့သော် သတင်းစာ မထုတ်ဖြစ်ဘဲ ဂျာနယ် ဖြစ်သွားသည်။ **မိုးသောက်** ဂျာနယ် ဖြစ်သည်။

တစ်ဖန် **အာသာဝတီ** မဂ္ဂဇင်းကို အပေါင်းအသင်း ကိုကျော်ညွန့်နှင့်တွဲပြီး ထုတ်ဝေပြန်သောအခါ မိမိသည် ပင်တိုင် စာရေးဆရာတစ်ယောက် ဖြစ်ခဲ့ရသည်။ ထို့မှ မက သမဝါယမက ထုတ်ဝေသော **သက်လျာ** မဂ္ဂဇင်းတွင် ဦးသော်ဇင် အယ်ဒီတာ ဖြစ်သောအခါတွင်လည်း သူနှင့်ပတ်သက်ပြီး မိမိ ရေးရပြန်သည်။ ဒဂုန်ဦးထွန်းမြင့်နှင့် ဦးသော်ဇင်တို့ကို သူနှင့်ပတ်သက်ပြီး မိမိ သိကျွမ်းခဲ့ရခြင်း ဖြစ်သည်။

(ဃ)

မိမိ အယ်ဒီတာလုပ်သော **စုံထောက်** မဂ္ဂဇင်းနှင့် **မိုးဝေ** မဂ္ဂဇင်းတို့တွင်လည်း သူ ရေးခဲ့ သည်။ ထို့နောက် မိုးဝေမဂ္ဂဇင်းမှ မိမိ ထွက်ခဲ့သည်။ မိုးဝေမှာ ဆက်ပြီးရေးနေသည်၊ သို့သော် မိုးဝေမဂ္ဂဇင်းကို ဒုတိယအကြိမ် မိမိ ပြန်လည်တည်းဖြတ်သော အခါတွင်ကား သူ မရေးတော့ပါ။

သူ့အိမ်သို့ သွားပြီး မိမိ စာမူတောင်းသည်။ သူ့ကို အိမ်မှာ မတွေ့ရ။ စာပေ စိစစ်ရေးရုံးတွင် တွေ့ရသည်။ သို့ဖြင့် ရုံးအဝင်ဝ ခုံတန်းရှည်ကလေးပေါ်တွင် ထိုင်ပြီး မိမိတို့ စကားပြောကြသည်။

မြသန်းတင့်ကို စာမူပေးရန် မိမိ တောင်းသည်။ သူက ပေးမည် ပြောသည်၊ ပေးလည်း ပေးသည်။ ခင်ဆွေဦး၏ တောင်ဥက္ကလာပအိမ်သို့ သွားပြီး မိုးဝေတွင် ဆက် ရေးရန် ပြောသည်။ သူက ရေးမည်ဟု ပြောသည်။ လက်တွေ့တွင် မရေးပါ။

ယခု သူက ရှင်းသည်။ မရေးနိုင်ဟု ဆိုသည်။ သူ မရေးသည်မှာ မိမိကြောင့် မဟုတ်။ ယခင် အယ်ဒီတာအဖွဲ့ကို အားနာ၍ဟု ဆိုသည်။

'ကျွန်တော် မရေးတာ ခင်ဗျားကြောင့် မဟုတ်ပါဘူး၊ ခင်ဗျားအတွက်ဆိုရင် ကျွန်တော် ရေးပေးရမှာပေါ့။ ဒါပေမဲ့ ကောင်လေးတွေက ခုလို ဖြုန်းစားကြီး ထွက်နေ ရတာကိုတော့ ကျွန်တော် မကြိုက်ဘူး၊ သူတို့အတွက် ကျွန်တော် စိတ်မကောင်းဘူး'

ထိုအခါ မိမိက ဤကိစ္စ မိမိနှင့် မဆိုင်ကြောင်း၊ ထုတ်ဝေသူနှင့်သာ ဆိုင်

ကြောင်း၊ မိမိအနေနှင့် မိုးဝေကို ပြန်လုပ်ရန် လုံးဝ စိတ်မကူးခဲ့ကြောင်း၊ ထုတ်ဝေသူက အခက်အခဲ တွေ့နေ၍ အကူအညီ တောင်းသဖြင့်သာ မိမိ၏ဆရာ ကိုမိုးဝေကို ကျေးဇူး ဆောက်သည့် အနေဖြင့် လုပ်ရကြောင်း ရှင်းပြသည်။

'ခင်ဗျားပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ခင်ဗျားတာဝန် ဘာမှ မရှိပါဘူး။ ဒါပေမဲ့ ကောင်လေးတွေအတွက် စိတ်မကောင်းလို့ ကျွန်တော် မလုပ်ပါရ ဆနှင့်'

ပြောသည့်အတိုင်းပဲ သူ မရေးပါ။ ရေးလက်စ ဆောင်းပါးကို တစ်ပိုင်းတန်းလန်း ပြင့် ဖြတ်ခဲ့သည်။ သို့သော် သူနှင့် မိမိသည် တွေ့လျှင် ခေါ်မြဲ၊ ပြောမြဲပင် ဖြစ်သည်။ ဘစ်ခုပဲ ပြောစရာရှိသည်။ အတွေ့တော့ နည်းနည်းကျဲသွားသည်။

မိုးဝေ မှ ဒုတိယအကြိမ် မိမိထွက်ပြီး မကြာမီတွင် သူနှင့် တွေ့သည်။ မင်းကျော် အဖော်ခေါ်သဖြင့် **စာပေလုပ်သား** မဂ္ဂဇင်းတိုက်သို့အသွား ဗိုလ်ချုပ်လမ်းနှင့် ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) ထောင့်တွင် တွေ့ကြခြင်း ဖြစ်သည်။

သူက ...

'ခင်ဗျား မိုးဝေမှာ မလုပ်တော့ဘူးဆို'

'ဟုတ်တယ်'

'အခု စာတွေ သိပ်ရေးနေတယ်လို့ ပြောတယ်၊ ဟုတ်လား'

'ဒီအလုပ်ပဲ ရှိတာပဲ'

'ကောင်းပါတယ်'

"ကောင်းပါတယ်" ဟူသော စကား၏ အဓိပ္ပာယ်ကို မိမိ သေသေချာချာ နားမလည်သော်လည်း စေတနာကောင်းဖြင့် ပြောသည်ဟု ယူဆမိပါသည်။

ကောင်းပါသည်။

**[ ချယ်ရီ၊ ဒီဇင်ဘာ၊ ၁၉၈၆ ]**

# မိမိ နှင့် ရန်အောင်

(က)


ဟော တွေ့ပြန်ပြီ တစ်ခါ။

ဘဝတက္ကသိုလ် စာပေသို့အသွား အနော်ရထာ လမ်းမကြီးဘက်မှနေ၍ ၃၇ လမ်းထဲသို့အဝင် မိမိနှင့် မျက်နှာချင်းဆိုင်မှ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာနေသော ဆရာ့ကို မြင်လိုက်ရသည်။ ဆရာနှင့် အရိပ်ထဲတွင် ဆုံမိစေရန် မိမိ ခပ်သွက်သွက် လျှောက်သွားရသည်။

ဆရာက မိမိကို မြင်တွေ့သောအခါ အနီးမှ ဖြတ်သွားသော ကားကို လွတ်အောင် ရှောင်ရင်း ပြုံးရွှင်သော မျက်နှာ၊ ဝမ်းသာသော လေသံဖြင့် 'အေ ... အေ ... အေ ... နတ်နွယ်ပါလား၊ မင်း နေကောင်းသလား' ဟု အလျင်ဦးအောင် နှုတ်ဆက်ကာ မိမိ၏ လက်များကို အားရပါးရ ဆုပ်ကိုင်ထားလိုက်သည်။

ဆရာက နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးသားချင်းတစ်ဦးကို တွေ့ရသည့်ပမာ ဖက်လဲတကင်းပင် ဖြစ်သည်။ အမှန်လည်း အမှန်ပင် ဖြစ်သည်။ မိမိတို့ မတွေ့မဆုံခဲ့ကြသည်မှာ အတော်ကြီးကြာသွားပြီ။ အကြောင်းမတိုက်ဆိုင်၍ပဲလား မသိ၊ မတွေ့ကြသည်မှာ တစ်နှစ်ကျော်၊ နှစ်နှစ်လောက် ရှိသွားပြီ။

ရန်အောင် ( ၁၉၀၄-၉၅ )



သို့သော် တွေ့မည့်တွေ့ချင်တော့လည်း တစ်ပတ်ကျော်က မမျှော်လင့်ဘဲ ဆရာနှင့် လမ်းပေါ်မှာ ဆုံတွေ့ခဲ့ကြရသည်။ ဤ ၃၇ လမ်းထဲမှာပဲ ဖြစ်သည်။ ယခု တစ်ဖန် ဒုတိယအကြိမ် တွေ့ရပြန်ချေပြီ။

တစ်လအတွင်း ဆရာနှင့် ရှားရှားပါးပါး နှစ်ကြိမ် တွေ့ဆုံရခြင်းပင်။

ရှားရှားပါးပါးဟု ပြောရသည်မှာ အခြားကြောင့် မဟုတ်ပါ။ မိမိသည် **မိုးဝေ** မဂ္ဂဇင်း စာတည်းချုပ်အလုပ်မှ ပြုတ်စဲပြီးနောက် (ရပ်စဲခြင်း မဟုတ်ပါ) အိမ်မှာ အေးအေးဆေးလူပင် စာရေးစာဖတ်ကာ နေခဲ့သည်။ တစ်ပတ်မှ တစ်ကြိမ်ဆိုသလို မြို့ထဲသို့ ထွက်သည်။ ထွက်တော့လည်း ဘယ်မှ များများစားစား သွားသည် မဟုတ်။ ဆူးလေဘုရားလမ်း ရုပ်ရှင်ရုံများရှေ့တွင် အမြန် ၄၃ သီးသန့်ပေါ်မှဆင်းပြီး အနော်ရထာလမ်းအတိုင်း အရှေ့ဘက်သို့ သွားသည်။ ၃၇ လမ်းသို့ ရောက်သောအခါ အောက်ဘက်သို့ဆင်းပြီး ဘဝတက္ကသိုလ် စာပေသို့ ဝင်သည်။ ယင်းမှတစ်ဖန် အနော်ရထာလမ်းအတိုင်း ပြန်လာပြီး ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)သို့ ရောက်သောအခါ အပေါ်ဘက်သို့ တက်သည်။ ထို့နောက် **စန္ဒာ** မဂ္ဂဇင်းတွင် စခန်းချသည်။ ဒါပဲ။ မဂ္ဂဇင်းများ ထွက်သည့်ရက်ဆိုလျှင်တော့ **ချယ်ရီ** နှင့် **ပေဖူးလွှာ** သို့ ဝင်သည်။ သို့သော် နောက်ပိုင်းတွင် စာမူမပေးဖြစ်ဘဲ မဂ္ဂဇင်းလက်ဆောင် တောင်းရသည်ကို အားနာကာ ပေဖူးလွှာသို့ပင် အရောက်ကျဲသွားသဖြင့် နာမည်ကျော် ၃၃ လမ်းနှင့်ပင် အဆက်ပြတ်သလို ရှိနေတော့သည်။

သည်တော့ ဟိုတုန်းက စနေ၊ တနင်္ဂနွေ အပါအဝင် နေ့စဉ်နေ့တိုင်း ဆိုသလို မြို့ထဲသို့ သွားနေတုန်းကပင် အချို့လူများနှင့် အကြောင်းမတိုက်ဆိုင်သဖြင့် ကာလအတန်ကြာ မတွေ့ဘဲ ရှိခဲ့ရာ ယခုလို တစ်ပတ်တစ်ခါ မြို့ထဲသို့ထွက်ပြီး နှစ်နေရာ၊ သုံးနေရာလောက်သာ ရောက်ရှိသော အခါတွင်ကား မိတ်ဆွေ စာရေးဆရာများ၊ ပန်းချီဆရာများ တော်တော်များများနှင့် မတွေ့ဆုံဖြစ်ဘဲ ရှိနေတော့သည်။ (အကြောင်းတိုက်ဆိုင်၍ ပြောရလျှင် လူစည်ကားသော၊ မိတ်ဆွေတွေနှင့် တွေ့ဆုံနိုင်သော ဟိုတယ်များ၊ အပျော်ယမကာဆိုင်များ၊ စားသောက်ဆိုင်များသို့လည်း ဤကာလအတွင်းတွင် လက်ဖက်ရည်ဆိုင်မျှ၊ တစ်ခေါက်မျှ မရောက်ဖြစ်ပါ။ တစ်ခါ တစ်ခါတော့ အလွမ်းသား။)

ဤလို အချိန်မျိုးတွင် မတွေ့ရသည်မှာ ကြာပြီဖြစ်သော ဆရာနှင့် တစ်လအတွင်း နှစ်ကြိမ်မျှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံရခြင်းသည် ရှားရှားပါးပါး တွေ့ဆုံရခြင်းပင် မဟုတ်ပါလော။

ဤကဲ့သို့ တစ်လအတွင်း နှစ်ကြိမ်မျှ ဆရာနှင့် ရှားရှားပါးပါး တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရသောအခါ မိမိမှာ အသိစိတ်တစ်ခု ဖြစ်ပေါ်ရသည်။ ဆရာနှင့် ပတ်သက်ပြီး မိမိတွင် ဖြစ်ပေါ်သော တတိယအသိစိတ် ဖြစ်သည်။ ယခင်ကလည်း ဆရာနှင့်ပတ်သက်ပြီး မိမိမှာ အသိစိတ်နှစ်ကြိမ် ဖြစ်ပေါ်ခဲ့ရပါသည်။ ယင်းအသိစိတ်

သုံးခုသည် မိမိ၏ စာပေခရီးလမ်းကြောင်းတွင် လမ်းညွှန်လမ်းပြများ ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

(ခ)

ဆရာ၏ စာများကို မိမိ ငယ်ငယ်ကတည်းက ဖတ်ခဲ့ရပါသည်။ သို့သော် ဆရာ၏ နာမည်ကျော် **အညာသားကလေး** ခေတ်ကိုကား မိမိ မမီပါ။ **အညာသားကလေး**က **တိုးတက်ရေး** သတင်းစာတွင် ၁၉၃၈ ခုနှစ်က အခန်းဆက် ဝတ္ထုရှည်အဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။ သည်တုန်းက မိမိ ငါးနှစ်သားပဲ ရှိသေးသည်။ **အညာသားကလေး**ကို ၁၉၆၅ ခုနှစ်တွင် ဆရာက အသစ်တစ်ဖန် ပြန်လည်ရေးသားပြီး လုံးချင်း ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ဆရာသည် ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါး အမြောက်အမြား ရေးခဲ့သည့် အနက် ဆရာ၏ စာပေဆောင်းပါးနှင့် ကိုယ်တွေ့ စာပေလောက ဆောင်းပါးကို အထူး နှစ်သက်ခဲ့သည်။ သည်မှာ ဆရာ၏ စာပေလောက အတွေ့အကြုံဆောင်းပါးများကို ဖတ်ရင်း မိမိမှာ အသိစိတ်တစ်ခု ရရှိခဲ့သည်။ ယင်းမှာ ဆရာသည် ၁၃ နှစ်သား အရွယ်ကတည်းက စာရေးခဲ့သည် ဆိုသဖြင့် ဝတ္ထု၊ ဆောင်းပါးများ ရေးခြင်းကို အသက်အရွယ် ငယ်သူများလည်း လုပ်နိုင်ကြောင်း စိတ်ထဲတွင် သိရှိပြီး၊ မိမိလည်း ငယ်ရွယ်စဉ်ဘဝမှာပင် စာရေးဆရာ ဖြစ်ရန် ကြိုးစားခဲ့ခြင်းပင် ဖြစ်တော့သည်။ ဤကား ဆရာနှင့်ပတ်သက်ပြီး မိမိ ပထမရရှိသော အသိစိတ် ဖြစ်ပါသည်။ သို့သော် ဆရာလို ၁၃ နှစ် အရွယ်မှာ စာရေးဆရာ မဖြစ်ဘဲ၊ အသက် ၁၇ နှစ် အရွယ်တွင်မှ မိမိ ရေးသား သော ကဗျာတစ်ပုဒ်ကို ပထမဆုံး ပုံနှိပ်ဖော်ပြခြင်း ခံရသည်။

ရန်ကုန်သို့ ရောက်ရှိသောအခါ ဆရာနှင့် တွေ့ရပါသည်။ သို့သော် မည်သည့် အချိန်က မည်သည့်နေရာတွင် စတင်တွေ့ရှိသည်ကိုကား မမှတ်မိပါ။ ဆရာနှင့် နေရာ ပေါင်း များစွာတွင် အကြိမ်ပေါင်းများစွာ တွေ့ရှိခဲ့ရသည်ကား အမှန်ပင် ဖြစ်သည်။ အကြောင်းမှာ ဆရာသည် မဂ္ဂဇင်းတိုက်များ၊ စာအုပ်တိုက်များသို့ လှည့်လည် သွားလာ နေသောကြောင့် ဖြစ်သည်။

ထို့အပြင် ဆရာသည် ခရီးဝေးဝေးကို ဘတ်စ်ကား စီးသည်မှအပ တန်ရုံခရီးကို မည်သည့်ယာဉ်မျှ စီးနင်းခြင်းမပြုဘဲ ခြေကျင်လျှောက်သည်သာ ဖြစ်ပေသည်။ ဆရာ အယ်ဒီတာ လုပ်ခဲ့သော **မြဝတီ** မဂ္ဂဇင်းသို့ မိမိ စာမူသွားပေးပြီး မိမိစာမူ အကြောင်း ဆရာ့ထံတွင် စုံစမ်းဖူးသလို၊ ဆရာကလည်း မိမိ အယ်ဒီတာလုပ်သော **စုံထောက်** မဂ္ဂဇင်း၊ **မိုးဝေ** မဂ္ဂဇင်းများသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ပြီး စာမူပေးလေ့ ရှိသည်။ စာမူခ ထုတ်ယူလေ့ ရှိသည်။ များသောအားဖြင့် ဆရာတစ်ယောက်တည်းသာ လာရောက်

လေ့ ရှိပြီး၊ ရံခါတွင်မှ ဆရာ၏သား မောင်တင်အောင် အဖော်ပါလာလေ့ ရှိသည်။ ဆရာ့ကို ကြည့်လိုက်လျှင် အမြဲတမ်း ကျန်းမာသည့်အသွင် ရှိသည်။ အမြဲတမ်း ပြုံးရွှင်နေသည်။ အမြဲတမ်း ဆိုသလိုပင် စကားကို စိတ်ပါလက်ပါ ပြောဆိုလေ့ ရှိသည်။

ဆရာနှင့် ပတ်သက်ပြီး ပြောကြားသည့် စကားများကိုလည်း မိမိ ကြားရသည်။ ဆရာ့အနေနှင့် စာအဆက်မပြတ် ရေးနေခြင်းနှင့် စာများများရေးသည့် အကြောင်းပင် ဖြစ်သည်။ မှန်သည်။ ဆရာ၏ စာများကို စာနယ်ဇင်း အားလုံးလိုမှာပင် တွေ့ရသည်။ စာစောင်ငယ်ကလေးများမှာပင် တွေ့ရသည်။ နောက်ပြီးတော့ လစဉ်လိုလည်း တွေ့နေရသည်။ တစ်စောင်မဟုတ် တစ်စောင်တွင် ဖြစ်သည်။ မည်သည့်အခါတွင်မှ စာရေးပြတ်သွားသည်ဟူ၍ မရှိခဲ့။

သည်မှာ အချို့က ဆရာ၏ စာတွေမှာ၊ အထူးသဖြင့် အတွေ့အကြုံ ဆောင်းပါးတွေမှာ တစ်ခုနှင့်တစ်ခု ထပ်နေပြီဟု ဆိုကြသည်။ နောက်ပြီးတော့ ဘာမဟုတ်သည့် အကြောင်းကိုလည်း ရေးသည်ဟု ယူဆကြသည်။ ယင်းကို ဘာသာပြန်ရလျှင် ဆရာ၏ စာများသည် မလေးနက်ဟု ဆိုလိုရာ ရောက်နေသည်။ ဟုတ်တော့လည်း ဟုတ်နေသည်။ ဆရာ၏ စာများတွင် မည်သည့် ပညာရှိကြီးက မည်သို့ဆိုသည်၊ မည်သည့်ကျမ်းက မည်သို့ဆိုသည် စသည်ဖြင့် အထောက်အထား အကိုးအကားများ၊ အောက်ခြေမှတ်စုများ၊ နောက်ဆက်တွဲများ မပါရှိဘဲကိုး။

အချို့ကတော့လည်း ဆရာ စာရေးနိုင်သည်ဟု ဆိုကြသည်။ အဆက်မပြတ် ရေးနေသဖြင့် စာရေးဆရာ ပီသသည်ဟု ဆိုကြသည်။ ဆရာသည် တွေ့ရ ကြုံရ၊ မြင်ရသည်များ အားလုံးကို စာဖြစ်အောင် ရေးနိုင်သည်ဟု မှတ်တမ်းပြုကြသည်။

ဤမှာ ဆရာနှင့်ပတ်သက်ပြီး ဒုတိယ အသိစိတ်ကို မိမိ ရရှိခဲ့သည်။ စာရေးဆရာ တစ်ယောက်သည် စာကို အဆက်မပြတ် ရေးသားနေဖို့ပင် ဖြစ်သည်။ တစ်ချိန်က စာတွေ အများကြီး ရေးသားခဲ့ဖူးပြီး နောင်အခါတွင် ဘာစာမျှ မရေးတော့သည့် အတိတ်က စာရေးဆရာတစ်ယောက် မဖြစ်ဖို့ပင်။ လူဟာတစ်ယောက်သည် အမြဲတမ်း စာရေးနေမှ အမြဲတမ်း စာရေးဆရာတစ်ယောက် ဖြစ်နေပေမည်။ သို့ဖြင့် မိမိသည် ဒုတိယအကြိမ် တွေ့ရှိရသော အသိစိတ်အရ စာကို အဆက်မပြတ် ရေးသားခဲ့ပါသည်။

သည့်နောက် မိမိသည် ၁၉၆၂ ခုနှစ်က ဆရာနှင့်အတူ စာပေဟောပြောပွဲ ခရီးရှည်ကြီး တစ်ခုကို အတူသွားရောက်ခဲ့ဖူးပါသည်။ မိမိတို့နှင့်အတူ ဌေးမောင်နှင့် အိကြာကွေးတို့လည်း ပါရှိသည်။ နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် လားရှိုးခရီးပင် ဖြစ်သည်။ တစ်ပတ်တိတိပင် ဖြစ်သည်။ ဤအခါတွင် ဆရာ၏ စိတ်နေစိတ်ထားနှင့် အလေ့အကျင့်တို့ကို အနီးကပ် သိရှိရသည်။

သည်တုန်းက ဆရာက ၆၈ နှစ် ရှိနေပြီ ဖြစ်သည်။ ၇၀ နား နီးနေပြီ ဖြစ်သည်။

မိမိက အသက် ၄၀ မပြည့်သေးချေ။ သို့သော် ဆရာသည် ခရီးဒဏ်ကို မိမိတို့ထက်ပင် ပိုပြီး ခံနိုင်ပါသည်။ ထို့အပြင် ဆရာက အသက်ကြီးခြင်း၊ ဝါကြီးခြင်းတို့အတွက် အခွင့်အရေးယူခြင်း လုံးဝမရှိပါ။ မိမိတို့အပေါ်တွင် အခွင့်အရေး မယူပါ။ အိမ်ရှင် စာပေဝါသနာရှင်များ အပေါ်တွင်လည်း အခွင့်အရေး မယူပါ။ ဆရာက အနေအထိုင် အစားအသောက် ချေးမများပါ။

ဆရာသည် ခရီး အတူသွားရင်း အချိန်ရသည့် အခါများတွင် ဆရာ၏ စာပေအတွေ့အကြုံများကို မိမိတို့အား ပြောပြပါသည်။ တစ်ကြိမ်တွင် ဆရာရေးသော ဝတ္ထုတိုတစ်ပုဒ်ကို မိမိတို့ နှစ်သက်သည်ဆိုသဖြင့်၊ ထိုဝတ္ထုရေးရန် လှုံ့ဆော်စိတ် မည်သို့ရရှိပြီး မည်ကဲ့သို့ ရေးသားခဲ့ကြောင်းကို ပြန်လည် ပြောဆိုပါသည်။ စာရေးသူများ မှတ်သားဆင်ခြင်ဖွယ် ဖြစ်သည်။ ယင်းကြောင့် ထိုဝတ္ထုအကြောင်းကို မိမိသည် စာပေဟောပြောပွဲများတွင် အလျဉ်းသင့်သည့် အခါတိုင်း ထည့်သွင်းပြောဆိုခဲ့ပါသည်။ စာရေးသားရန် အားစိုက်စ စာပေဝါသနာရှင်များ နည်းယူနိုင်ရန် ဖြစ်ပါသည်။

ယင်းသို့ဖြင့် မိမိသည် ဆရာနှင့် လူချင်း အတွေ့များသည့် အခါတွင်ပဲ ဖြစ်စေ၊ အတွေ့ကျဲသည့် အခါများတွင်ပဲ ဖြစ်စေ ဆရာ၏ ဆောင်းပါးများ၊ ဝတ္ထုများကိုကား တွေ့ရှိသည့်အခါတိုင်း မလွတ်တမ်း ဖတ်ရှုခဲ့ပါသည်။ ဆင်ခြင် စဉ်းစားခဲ့ပါသည်။

ယခုတစ်ဖန် ဆရာနှင့် ပတ်သက်ပြီး မိမိသည် တတိယမြောက်အဖြစ် အသိစိတ်တစ်ခုကို ရရှိရပြန်ချေပြီ။

## (ဂ)

မိမိသည် စာများများ ရေးရမည်၊ စာကို အဆက်မပြတ် ရေးရမည်ဟူသော အသိစိတ်ရှိသော်လည်း နောက်ပိုင်းတွင် ကိုယ့်ကိုယ်ကိုယ် ညှာလာသည်။ နောက်ပိုင်းတွင်ဆိုသည်မှာ အသက်ကြီးလာသော အခါကို ဆိုလိုသည်။ သို့သော် မိမိသည် အသက်ကြီးလာပြီဟူသော အဖြစ်ကို လက်မခံလိုသည့် သဘောဖြင့် အသက်ကြီးပြီဟူသော စကားလုံးကို တတ်နိုင်သမျှ တိမ်းရှောင်လေ့ ရှိပါသည်။ ထားတော့။

နောက်ပိုင်းတွင် အလျင်ကလောက် အလုပ် မလုပ်တော့ပါ။ လျှပ်စစ်မီးကို အကြောင်းပြပြီး၊ ခြင်ကို အကြောင်းပြပြီး၊ ဟိုဟာ သည်ဟာတွေကို အကြောင်းပြပြီး အလုပ်ချိန်ကို လျှော့လာသည်။ အလျင်တုန်းက နေ့ရော ညရော စာရေးသည်၊ စာဖတ်သည်။ နံနက်အစောကြီးလည်း ထပြီး ရေးသည်။ ည မိုးချုပ်သည်အထိလည်း ရေးသည်။ ညဉ့်နက် သန်းခေါင်အထိလည်း ရေးသည်။ ယင်းကြောင့်လည်း ဝက်ပါတို့၊ ကျောက်ဘီလူး တို့ကို တစ်ပတ်အတွင်း အပြီး ရေးနိုင်ခဲ့ခြင်း ဖြစ်သည်။ သည်တုန်းက တစ်နေ့ကို နှစ်ဖောင်၊ သုံးဖောင် မှန်တမ်းရေးသည်။ အရေးကြီးလျှင် တစ်နေ့ ငါးဖောင်အထိ ရေးသည်။

သို့သော် နောက်ပိုင်းတွင် နေ့ပိုင်းမှာသာ စာရေးသည်။ ညပိုင်းမှာ စာမရေးတော့။ စာဖတ်ရုံလောက်သာ ဖြစ်တော့သည်။ သို့ဖြင့် နေ့မှာ စာရေးသည်။ ညမှာ စာဖတ်သည်။ သို့သော် နည်းနည်း ကြာလာပြန်သောအခါ ညပိုင်းတွင် မီးအားနည်းသည်၊ ခြင်ကိုက်သည် ဆိုပြီး စာပါ မဖတ်တော့။ ဘာအလုပ်မျှ မလုပ်တော့။ တကယ်တော့ ခြင်ကိုက်၍၊ မီးအားနည်း၍ မဟုတ်ပါ။ လူက ကျန်းမာရေးအရ မခံနိုင်သောကြောင့် ဖြစ်သည်။ အသက်ကြီးလာသည့်အလျောက် ကိုယ့်ကျန်းမာရေးကို ကိုယ် ဂရုစိုက်လာချင်သည်။ တကယ်တော့ အလျင် စာရေးအားကောင်းသည့် အချိန်မှာက ခြင်ကိုက်လျှင် ခြင်ထောင်ထဲမှာ ဝင်ပြီး ရေးခဲ့သည်။ မီးအားနည်းလျှင် မီးအားကို မြှင့်ခဲ့သည်။

နောက်ပြီး မနက်ပိုင်းဆိုလျှင်လည်း စောစော မရေးဖြစ်တော့။ ဟိုလို သည်လိုနှင့် ၈ နာရီ၊ ၉ နာရီလောက်မှ ရေးဖြစ်သည်။ ညနေ ဆိုလျှင်လည်း ၄ နာရီ၊ ၅ နာရီလောက်ဆိုလျှင် အလိုအလျောက် ရပ်သွားသည်။ တကယ်တော့ ခါးနာသည့်ဒဏ်၊ ကျောအောင့်သည့်ဒဏ်၊ ခေါင်းမူးသည့်ဒဏ်တို့ မခံချင်တော့၊ မခံနိုင်တော့။ သက်သာရာ သက်သာကြောင်းကို ဆင်ခြေအမျိုးမျိုးပြပြီး ရှေးရှုလာသည်။

သည်တော့ စာဖတ်သည့်အားလည်း လျော့သွားသည်။ မဖတ်ဖြစ်သည့် စာအုပ်တွေ များလာသည်။ စာရေးသည့်အားလည်း လျော့သွားသည်။ လုံးချင်းများလည်း နည်းလာသည်။ မဂ္ဂဇင်းများတွင်လည်း ကျဲလာသည်။ တချို့ မဂ္ဂဇင်းများက တောင်းသည်ကို ရေးမပေးနိုင်သည့်အတွက် အားနာစရာတွေ ဖြစ်လာသည်။

ထိုမျှမကပါ။ မဂ္ဂဇင်းအလုပ် မရှိသောအခါ မြို့ထဲသို့ ထွက်ရသည့် အလုပ်ကိုလည်း ဝန်လေးလာသည်။ ကားကျပ်သည်ကို အကြောင်းပြလာသည်။ အမှန်တော့လည်း အမှန်ပင် ဖြစ်သည်။ ကားစီးရသည်မှာ နဂိုကပင် ဝေးရ၊ ကြာရသည့် အထဲတွင် ယခုအခါ အသွားလည်း တစ်ပတ်ပတ်ခဲ့ရ၊ အပြန်လည်း တစ်ပတ်ပတ်ခဲ့ရဖြင့် နှစ်ဆလောက်ပို၍ ဝေးသွားသည်။ ကြာသွားသည်။ ကားခကလည်း တက်သည်ထက် တက်လာသည်။ လိုင်းကားက ၁ ကျပ် ၅၀ ပြား ဖြစ်သော်လည်း ကြားကားက ၂ ကျပ်မှ ၃ ကျပ် ဖြစ်လာသည်။ ယခုဆိုလျှင် ၅ ကျပ် ပေးရနေပြီ။ အငှားကား ငှားစီးလျှင်လည်း အသွားဆိုလျှင် နှစ်ဆယ် နှစ်ဆယ့်ငါးကျပ်၊ အပြန်ဆိုလျှင် သုံးဆယ် သုံးဆယ့်ငါးကျပ်၊ တိုးရပေးရသည်ကို အကြောင်းပြပြီး၊ လူကျပ်သည်ကို အကြောင်းပြပြီး ဘတ်စ်ကားကြီးတွေကို မစီးသည်မှာ အတော်ကြာသွားပြီ။

သို့သော် သည်လထဲတွင် ဆရာနှင့် ပထမဆုံးအကြိမ် တွေ့လိုက်ရကတည်းကစ၍ မိမိမှာ အသိစိတ်တစ်ခု ဖြစ်လာရသည်။

**ဘဝတက္ကသိုလ်**စာပေမှ မြသန်းတင့်နှင့် မိမိ ထွက်အလာတွင် ဆရာနှင့် တွေ့ရသည်။ ဆရာက **ဉာဏ်လင်း**စာပေမှ လာပြီး ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)သို့

သွားမည် ဖြစ်သည်။ ဆရာတစ်ယောက်တည်း ဖြစ်သည်။ မိမိတို့ကလည်း ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) သွားမည်ဖြစ်သဖြင့် အတူသွားကြသည်။ မြသန်းတင့်က ဆရာ့ကို တွဲသည်။ သို့သော် သူက မျက်လုံး မကောင်းသဖြင့် ဆရာလောက်ပင် လမ်း မမြင်ပါ။ ထို့ကြောင့် လက်တွေ့တွင် ဆရာက မြသန်းတင့်ကို တွဲသွားရသည်။ သို့သော် ဆရာက ၈၄ နှစ်၊ မြသန်းတင့်က ၅၈ နှစ်။

'ဆရာ မြို့ထဲလာတော့ ဘာနဲ့ လာသလဲ'

'ဟေ ဟေ ဘာနဲ့လာရမလဲ၊ ဘတ်စ်ကားနဲ့ပေါ့'

'ဆရာ အများကြီး သွားနိုင် လာနိုင်တာပဲ'

'ဟေ ဒီလိုပဲ သွားရတာပေါ့'

အသက် ၈၄ နှစ် ရှိပြီဖြစ်သော ဆရာက တစ်ယောက်တည်း ဘတ်စ်ကားစီးကာ မြို့ထဲလာပြီး၊ စာပေတိုက်များကို တစ်ယောက်တည်း ခြေကျင်လျှောက်သွားနေသည့် အချိန်မှာ၊ အသက် ၅၄ နှစ်သာ ရှိသေးသည့် မိမိက မြို့ထဲ ထွက်ရမှာကို ဝန်လေးနေ သည်။ ကိုယ့်ကိုယ်ကိုယ် ညာနေသည်။ သည်တော့ ဘာဖြစ်သနည်း။ မိမိသည် စာနယ် ဇင်း တိုက်များနှင့် အဆက်ပြတ်သည်။ စာရေးဆရာများ၊ ပန်းချီဆရာများ၊ အခြား အနုပညာရှင်များနှင့် အဆက်ပြတ်သည်။ စာပေ မိတ်ဆွေများနှင့် အဆက်ပြတ်သည်။ တကယ်တော့ လောကကြီးနှင့် အဆက်ပြတ်ခြင်းပင် ဖြစ်သည်။

ယခု ဆရာနှင့် တွေ့ရတော့ ခေါင်းထဲမှာ အသိစိတ်တစ်ခု ဝင်လာသည်။ ဆရာသည် အသက် ၈၄ နှစ်အထိ စာရေးဆဲ၊ အသက် ၈၄ နှစ်အထိ စာနယ်ဇင်းတိုက် များသို့ လှည့်လည် သွားရောက်နေဆဲ။ စာရေးဆရာ တစ်ယောက်သည် အမြဲတမ်း စာရေးနေဖို့ လိုသလို စာပေလောက၊ ပြင်ပလောကနှင့်လည်း အမြဲတမ်း ထိတွေ့နေဖို့ လိုအပ်သည်။

ဆရာနှင့် ဒုတိယအကြိမ် ထပ်တွေ့လိုက်ရသောအခါ မိမိတွင် ဖြစ်ပေါ်နေသော ထိုအသိစိတ်သည် ပိုမို ပီပြင် ရင့်သန်လာသည်။

ဆရာက မိမိလက်ကို ဆုပ်ကိုင်ထားရင်း ...

'ငါ အခု ဉာဏ်လင်းက လာတယ်၊ တနင်္လာနေ့နဲ့ သောကြာနေ့တိုင်း ငါ အဲဒီမှာ တစ်နာရီလောက်အထိ ရှိတယ်။ ငါ အခု စံပယ်ဦးကို သွားမယ်၊ ပြီးတော့ မြင့်မောင် မောင်တို့ ရင်ခုန်ပွင့်ကို သွားမယ်။ ပြီးရင် ပြန်မယ်'

ထို့နောက် မိမိကို နှုတ်ဆက်ပြီး ဆရာ ထွက်သွားသည်။

ဆရာက ယခုအထိ "ရင်ခုန်ပွင့်" တုန်းပင်။

[ ချယ်ရီ၊ မတ်၊ ၁၉၈၇ ]

# မိမိ နှင့် သန်းဆွေ

(က)

တောအကြောင်း တောင်အကြောင်း ရေးရန် စားပွဲမှာ ထိုင်ပြီးငေးနေစဉ် အမှတ်မထင် ဆိုသလို ကမ္ဘာ့ဝတ္ထုတိုပေါင်းချုပ် စာအုပ်တစ်အုပ် လှန်နေမိသည်။ တစ်နေရာတွင် အယ်ဒီတာ၏ အညွှန်းကို စိတ်ဝင်စားသဖြင့် ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်မိသည်။ အိုဟင်နရီ၏ "ကံကြမ္မာ လမ်းသုံးသွယ်" ဖြစ်သည်။ ယင်းဝတ္ထုကို ဖတ်ပြီးသွားသောအခါ ဖြုန်း.ခနဲ ဆိုသလို ကိုသန်းဆွေ ကွယ်လွန်ခဲ့သည်ကို သတိရလိုက်မိသည်။

(ခ)

မိမိ ရန်ကုန်ရောက်မှ သို့မဟုတ် မိမိ စာပေလောကထဲသို့ရောက်မှ ကွယ်လွန်ခဲ့သော စာရေးဆရာများ မနည်းပြီ။ အသက်အရွယ်ကြီးမှ ကွယ်လွန်သွားသော ဆရာကြီးများ၊ အရွယ်ကောင်းဆဲ၊ ရေးအားကောင်းဆဲ၊ နာမည်တက်ဆဲ စာရေးဆရာများ၊ စာပေလောကတွင် ရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ဆဲ ကြွေလွင့်သွားရသော လူငယ်များ

သန်းဆွေ ( ၁၉၂၆–၆၄ )



ဖြစ်ကြသည်။ ထိုအထဲတွင် အချို့သည် မိမိနှင့် သိရုံကျွမ်းရုံမျှသာ ဖြစ်သော်လည်း အချို့သည် အထူးပင် ရင်းနှီးခင်မင်သူများ ဖြစ်ပါသည်။ ထိုမျှမက အချို့သည် သူ ကွယ်လွန်ခါနီး အချိန်တွင် မိမိနှင့် ဆက်နွယ် ပတ်သက်နေတတ်ပါသည်။ ထိုအထဲတွင် ကိုသန်းဆွေ ပါသည်ဟု ဆိုရပါမည်။

အမှန်တော့ ကိုသန်းဆွေနှင့် မိမိသည် စောစောပိုင်းက သိရုံ ကျွမ်းရုံမျှသာ ဖြစ်ပါသည်။ သူ မကွယ်လွန်မီ တစ်နှစ်၊ နှစ်နှစ်တွင်မှ တော်တော်ကလေး ခင်မင်ရင်းနှီး လာရခြင်း ဖြစ်ပါသည်။

ထုံးစံအတိုင်းပင် မိမိသည် မန္တလေးတွင်နေစဉ် စာဖတ်သူဘဝတုန်းက သူ့စာတွေဖတ်ပြီး သူ့စာတွေနှင့် ကျွမ်းဝင်ခဲ့ရသည်။ ထိုစဉ်က လစဉ်ထွက်သည့် မဂ္ဂဇင်းကလည်း သုံးလေးစောင်၊ လစဉ်ထွက်သည့် လုံးချင်းကလည်း သုံးလေးအုပ်မျှသာ ဖြစ်သဖြင့် ထွက်သမျှ မဂ္ဂဇင်း၊ ထွက်သမျှ လုံးချင်းတို့ကို ကြိုက်ကြိုက် မကြိုက်ကြိုက် အကုန်ဖတ်ခဲ့ပါသည်။ သို့ဖြင့် သူ့စာတွေကိုလည်း အကုန်လောက်ပင် ဖတ်ဖူးပါသည်။ သို့သော် အကြိုက်ကြီးလည်း မဟုတ်ပါ၊ မကြိုက်ဘူးလည်း မဟုတ်ပါ။

မိမိ ရန်ကုန် ရောက်ရှိသောအခါ အစောဆုံး သိရှိရသော စာရေးဆရာများတွင် သူလည်း တစ်ယောက် အပါအဝင် ဖြစ်ပါသည်။ သူနှင့် ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်ကိုလည်း မိမိ၏ စိတ်အာရုံတွင် ပြက်ပြက်ထင်ထင် ရှိနေပါသည်။

မိမိကို ကိုသန်းဆွေနှင့် မိတ်ဆက်ပေးသူမှာ ကိုဝင်းနိုင် (ယခု မြန်မာ့အသံ ကျော်မင်း) ဖြစ်ပါသည်။ ကိုဝင်းနိုင်က ထိုစဉ်က **စုံထောက်** မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာ ဖြစ်သည်။ ထိုစဉ်က သူသည် ဝင်းနိုင် ကလောင်အမည်ဖြင့် **ရှုမဝ၊ မြဝတီ** တို့တွင် ကဗျာများ ရေးသားနေပြီး၊ **စုံထောက်** မဂ္ဂဇင်းတွင်ကား အခြား ကလောင်အမည် တစ်ခုဖြင့် စုံထောက်ဝတ္ထုများ ရေးလျက်ရှိသည်။ သူသည် အယ်ဒီတာတစ်ဦးအနေနှင့် မိမိထံသို့ အကျိုးအကြောင်း ပြန်စာများ ရေးသားနေရာမှစပြီး စာချင်း ရင်းနှီးလျက် ရှိသည်။ မိမိသည် မန္တလေးမှာ ရှိစဉ်ကတည်းကပင် **အပြာ**ကို ရေးသားခဲ့ရာ **စုံထောက်** တွင် ကြော်ငြာထည့်ပေးပါရန် သူ့ထံသို့ ပေးပို့ခဲ့သည်။ သို့သော် မိမိ ပေးလိုက်သော အမည်မှာ "အပြာမမ" ဖြစ်သည်။ ယင်းကို သူက "အပြာ" ဟု ပြင်ဆင်ပေးခဲ့ခြင်း ဖြစ်သည်။ သူသည် စာရေးဆရာ ရဲခေါင် (မင်းလတ်ရဲခေါင်) ၏ တူဖြစ်မှန်း မန္တလေးမှာ ကတည်းက ကြားသိခဲ့သည်။ မိမိသည် ရဲခေါင်၏ ဝတ္ထုများကို အင်မတန် နှစ်သက်ခဲ့သူ ဖြစ်သည်။ **ချစ်တငွေ့ငွေ့** မှာ အသည်းစွဲ ဖြစ်သည်။ ရဲခေါင်၊ မင်းရှင်၊ မိုးဝေ၊ သန်းဆွေတို့မှာ ကမာရွတ်မှ ထွက်သော လူငယ်စာရေးဆရာများ ဖြစ်ပြီး ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။ ထို့ကြောင့် မိမိ ရန်ကုန်ရောက်သောအခါ ရဲခေါင်၏ အပေါင်းအဖော်များနှင့် မိတ်ဆက်ပေးရန် သူ့ကို ပြောခဲ့သည်။ သို့ဖြင့် သူသည် မိမိ ရန်ကုန်သို့

ရောက်ရှိလာသောအခါ ကိုသန်းဆွေနှင့် မိတ်ဆက်ပေးရန် **ရှုမဝ** မဂ္ဂဇင်းတိုက်သို့ ခေါ်သွားခဲ့သည်။

ထိုနေ့မှာ စနေနေ့ ဖြစ်သည်။ ထိုစဉ်က ကိုဝင်းနိုင်သည် စစ်ရုံးချုပ် ငွေစာရင်းဝန်ရုံးတွင် အလုပ်လုပ်လျက်ရှိရာ စနေနေ့ နေ့ဝက် ရုံးဆင်းချိန်တွင်မှ **ရှုမဝ** နှင့် **မြဝတီ** တို့သို့ သွားရန် ချိန်းဆိုထားခဲ့သည်။ မိမိကို **စုံထောက်** မဂ္ဂဇင်းတိုက်မှာပင် သူ လာခေါ်သည်။ ထိုစဉ်က ပန်းဆိုးတန်း ဝင်းဝင်းရုံတွင် ပြဇာတ်များ ကပြလျက် ရှိသေးသည်။ မိမိက ပြဇာတ် မကြည့်ဖူးဟု ဆိုသဖြင့် မဂ္ဂဇင်းတိုက်များမှ အပြန်တွင် သူက မိမိကို ညစာကျွေးပြီး ပြဇာတ်ပြမည် ဖြစ်သည်။

**ရှုမဝ** သို့ ရောက်ရှိသွားသောအခါ မိမိ မျှော်လင့်သလောက် ဆန္ဒ မပြည့်ဝပါ။ မိမိက **ရှုမဝ**ကို ရောက်ခိုက် **ရှုမဝ** စင်တော်သားတွေ အားလုံးနှင့် တွေ့ချင်သည်။ သို့သော် ဆရာတင့်တယ်နှင့် သော်တာဆွေတို့ကို မတွေ့ရပါ။ ဦးကျော်နှင့် ကိုသန်းဆွေတို့ကိုသာ တွေ့ရသည်။ ကိုဝင်းနိုင်က မိမိကို ဦးကျော်နှင့် မိတ်ဆက်ပေးသည်။ သို့သော် ဦးကျော်နှင့် သိပ်စကားများများ မပြောဖြစ်ပါ။ ကိုသန်းဆွေနှင့်ကား နာရီဝက်ခန့်ကြာအောင် စကားပြောဖြစ်သည်။ ကိုဝင်းနိုင်က **ရှုမဝ** အတွက် ကဗျာတစ်ပုဒ် ပေးသည်။ ယင်းမှ ဆက်စပ်ပြီး ကဗျာအကြောင်းနှင့် စာအကြောင်းများ ပြောဖြစ်ကြသည်။ ကိုသန်းဆွေက ထုံးစံအတိုင်းပင် စာရေးဆရာကြီးများက နယ်မှ ရောက်လာသော ကလောင်သစ်များအား ပြောလေ့ရှိသည့်စကား "ကြိုးစားပေါ့ဗျာ" လို့ ပြောပါသည်။

သည့်နောက်တွင်ကား သူနှင့် ဟိုနေရာ၊ သည်နေရာတို့တွင် "ရံဖန်ရံခါ" ဆုံတွေ့ကြရသည်။ မကြာမကြာ မဟုတ်ပါ။ သို့သော် ၁၉၅၃ ခုနှစ်မှသည် ၁၉၆၂ ခုနှစ်လောက်အထိ ဆယ်နှစ်တာကာလမျှ ရှိသွားသော အခါတွင်ကား "ရံဖန်ရံခါ" များသည် အတော်ကြီးပင် များပြားလာတော့သည်။ တစ်ကြိမ်ထက် တစ်ကြိမ်လည်း ပိုမိုသိကျွမ်းခြင်း ရှိလာသည်။ သို့သော် ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင်ကား သူနှင့် မိမိသည် နေ့စဉ်နေ့တိုင်းလောက်ပင် လူချင်း တွေ့ဆုံဖြစ်ကြပြီး အတော်ကလေးပင် ခင်မင်ရင်းနှီး လာကြရတော့သည်။

၁၉၆၂ ခုနှစ် ဇွန်လတွင် **စုံထောက်** မဂ္ဂဇင်းကို **မြ**စာပေက ထုတ်လုပ်ဖြန့်ချိသောအခါ မိမိမှာ တာဝန်ခံ အယ်ဒီတာ ဖြစ်ရပြန်တော့သည်။ ကိုမိုးဝေက အယ်ဒီတာချုပ်ပင်ဖြစ်ပြီး၊ တက္ကသိုလ်နန္ဒမိတ်က အတိုင်ပင်ခံအယ်ဒီတာ ဖြစ်သည်။ လက်ထောက် အယ်ဒီတာ နှစ်ဦးလည်း ရှိသေးသဖြင့် အယ်ဒီတာအဖွဲ့မှာ တောင့်တင်းသည်ဟု ဆိုရမည်။

**မြ** စာပေတိုက်မှာလည်း ထိုအချိန်က ထိပ်တန်း စာအုပ်တိုက်ကြီး တစ်တိုက်ဖြစ်ပြီး၊ နာမည်ကြီးစာရေးဆရာများ၏ အရောင်းရ တွင်ကျယ်သော စာအုပ်များကို ထုတ်ဝေပြီး ထင်ရှားကျော်ကြားနေချိန် ဖြစ်သည်။ တက္ကသိုလ် ဘုန်းနိုင်၏ ဇွယ်တော်

ရွက်များက စာအုပ်ဆိုင်များကို လွှမ်းမိုးနေသည့်အချိန် ဖြစ်သည်။ ကိုမိုးဝေ၏ တင်မောင်ဆွေ ဝတ္ထုများကိုလည်း လစဉ်မှန်မှန် ထုတ်ဝေလျက် ရှိသည်။ ထိုအချိန်က မိမိ၏ စာအုပ်များသည် အများအားဖြင့် **ပုဂံ**စာအုပ်တိုက်မှသာ ထုတ်ဝေခဲ့သော်လည်း **စုံထောက်** တွင် အခန်းဆက် ထည့်သွင်းခဲ့သည့် **အရှေ့ မိုးကောင်းကင်** ကိုကား မြစာပေမှပင် ထုတ်ဝေခဲ့သည်။

မြ စာပေတိုက်မှာ မြို့လယ်ကောင် အနော်ရထာ လမ်းမကြီးပေါ်မှာ ရှိသဖြင့် အသွားအလာ အဝင်အထွက် လွယ်ကူသည်။ စာအုပ်တိုက်ပိုင်ရှင် ဦးသန်းကြွယ်နှင့် မိသားစုကလည်း သဘောကောင်း ဖော်ရွေကြသည်။ မဂ္ဂဇင်းတိုက်မှာပင် အယ်ဒီတာများနှင့် စာရေးဆရာများ၊ ဧည့်သည့်များ အရက်သောက်နိုင်ရန် အခန်းတစ်ခန်း စီစဉ်ပေးထားသည်။ နောင်အခါတွင် **လှမော်** စာအုပ်တိုက်ကို တည်ထောင်သည့် ကိုခင်ကျော်မှာလည်း ထိုအချိန်က **မြ**စာပေတွင် စတည်းချနေပြီး၊ ညနေဆိုလျှင် လေးဆင့်ချိုင့်ကြီးကြီးနှင့် အမြည်းအမျိုးမျိုးကို ချက်ပြုတ်ကြော်လှော်ပြီး ယူဆောင်လာပါသည်။ ယင်းသို့ မဟုတ်သေးဘဲ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်သို့ သွားချင်သည်ဆိုလျှင်လည်း အရပ်ရှစ်မျက်နှာ ရှိသည့်အနက် ကြိုက်ရာအရပ်ကို သွားပါ။ ကိုက်နှစ်ရာ အတွင်းတွင် အရက်ဆိုင် ရှိပါသည်။

ထုတ်ဝေသူနှင့် စာရေးဆရာ၊ အယ်ဒီတာများ အားလုံးပင် လက်ဖျားတွင် ငွေသီးနေသည့် ကာလဟု ဆိုနိုင်ပါသည်။ **စုံထောက်** မဂ္ဂဇင်းမှာလည်း နှစ်လ နားထားပြီးနောက် ပြန်လည်ထုတ်ဝေရာတွင် စောင်ရေ ငါးထောင်နှင့် စခဲ့သည်။ သို့သော် စာဖောင်ကိုလည်း ၃၃ ဖောင်၊ ၃၄ ဖောင်အထိ အထူကြီးရိုက်နှိပ်ပြီး ဘလောက်လက်မနှင့် အရောင်များကိုလည်း ဖိသုံးကာ၊ နာမည်ကြီး စာရေးဆရာများကိုလည်း စုစည်းနိုင်ခဲ့သဖြင့် သုံးလအတွင်းမှာပင် စောင်ရေ ရှစ်ထောင် ဖြစ်လာသည်။

**မြ** စာပေတိုက်နှင့် **စုံထောက်** မဂ္ဂဇင်းတိုက်သို့ နေ့စဉ်လိုပင် ရောက်ရှိလာတတ်ကြသူများမှာ ကိုမိုးဝေ၏ သူငယ်ချင်း ကိုမင်းညို၊ မြန်မာ့အလင်း စိန်ဝင်း၊ ကိုတင့်ဆန်း၊ ကိုမင်းဒင်၊ ရုပ်ရှင်ပဒေသာ ကိုတင်မောင်မောင်၊ ကိုမင်းရှင်နှင့် ကိုသန်းဆွေတို့ ဖြစ်ကြသည်။ တိုက်ခံလူများက ကိုမိုးဝေ၊ တက္ကသိုလ် နန္ဒမိတ်နှင့် မိမိတို့ ဖြစ်သည်။ တက္ကသိုလ် ဘုန်းနိုင်ကလည်း တောင်ကြီးမှနေ၍ ရန်ကုန်လာသည့်အခါများတွင် မြစာပေတိုက်မှာပင် တည်းခိုနေထိုင်သည်။ သို့သော် သူက တိုက်မှာ ဝိုင်းဖွဲ့သည့် အခါတွင်သာ ပါဝင်ပြီး အပြင်ဆိုင်များသို့မူ လိုက်လေ့မရှိ။

သည်တုန်းက မြ စာပေတိုက်မှာ ဝိုင်းသုံးဝိုင်း ရှိပါသည်။ ပထမဝိုင်းကတော့ ယမကာဝိုင်းပင် ဖြစ်ပြီး ဒုတိယဝိုင်းမှာ စစ်တုရင်ဝိုင်း ဖြစ်သည်။ ကိုမင်းညိုနှင့် မြန်မာ့အလင်း စိန်ဝင်းတို့သည် စစ်တုရင်ခုံတွင် ထိုင်မိကြလျှင် မထတမ်းပင် ဖြစ်တော့သည်။

ထိုအချိန်က မိမိလည်း စစ်တုရင်ကို စိတ်ပါလက်ပါ ထိုးနေသည့်အချိန် ဖြစ်သည်။ သို့သော် မိမိတို့သည် ကိုမင်းညိုကို မည်သည့်အခါတွင်မှ နိုင်သည် မရှိပါ။ ဒုတိယဝိုင်းမှာတော့ ကိုမိုးဝေ ဖန်တီးသည့်ဝိုင်းပင် ဖြစ်သည်။ ထိုစဉ်က ရန်ကုန်မြို့တွင် စစ်ချုပ်မှောက် (ယခုအခေါ် ရှိုးဝိုင်း) ခေတ်စားခါစ ဖြစ်သည်။ ကစားတတ်သူ အတော် နည်းသေးသည်။ မိမိတို့၏ ဆရာမှာ ကိုမိုးဝေပင် ဖြစ်သည်။

သူက မိမိတို့အားလုံးကို အပျော်အဖြစ် သင်ပေးခဲ့ခြင်း ဖြစ်သည်။ တစ်မတ်ဝိုင်း ဖြစ်သည်။ ညနေဘက်ဆိုလျှင် ကြွေပန်းကန်ပြားထဲသို့ မတ်စေ့ တစ်စေ့ပြီးတစ်စေ့ ပစ် ထည့်သည့်အသံက တချွင်ချွင် မြည်နေသည်။ အများဆုံးကုန်သည်မှာ တစ်မတ်ပြင် တစ်မတ် ဖြစ်သည်။ နောက်ဆုံးတွင် ဝိုင်းထဲမှ ပိုက်ဆံအားလုံး ယမကာဝိုင်း ရန်ပုံငွေ ဖြစ်သွားပါသည်။

သည်မှာ မခြွင်းမချန် ဝန်ခံရလျှင် အဆိုပါ သုံးဝိုင်းစလုံးသို့ စပ်စပ် စပ်စပ် ဝင် ရောက်သူမှာ မိမိသာလျှင် ဖြစ်သည်။ အချို့က တစ်ဝိုင်း၊ နှစ်ဝိုင်းသာ ပါဝင်ကြသည်။ ဥပမာ ကိုမိုးဝေသည် စစ်တုရင်ဝိုင်းသို့ မည်သည့်အခါမှ မဝင်ပါ။ မိမိ စစ်တုရင်ထိုးသည် ကိုလည်း အချိန်ကုန်သည်ဟု သူက ဆိုပါသည်။

သို့သော် သူက "ကျား" ကိုတော့ ဝါသနာပါသည်။ ဘရွတ်ကင်းလမ်း (ဘို ကလေးဈေးလမ်း) မှာတုန်းက သူသည် ကျားကို သဲကြီးမဲကြီး ထိုးခဲ့သည်။ နောက်ပြီး ကိုမင်းညိုဆိုလျှင် တစ်မတ်ဝိုင်းကို ဘယ်တော့မှ မဝင်ပါ။ မဝင်ရုံသာမက ဆန့်ကျင်ပါ သည်။ လောင်းကစား ဟူသည်မှာ ဤကဲ့သို့ အပျော်ကစားရာမှ စတင်သည်ဟု သူက ဆိုပါသည်။ မှန်လည်း မှန်ပါသည်။ တက္ကသိုလ် နန္ဒမိတ်ဆိုလျှင် စစ်တုရင်ကိုလည်း စိတ်မဝင်စားပါ။ တစ်မတ်ဝိုင်းကိုလည်း စိတ်မဝင်စားပါ။ သူက တစ်လိုင်းတည်းသမား ဖြစ်သည်။

ကိုသန်းဆွေသည် စာရေးဆရာတစ်ဦး ဖြစ်သလို သံမဏိသက်ရှည်သော ဂီတာတစ်ဦးလည်း ဖြစ်သည်။ ပဒေသာ မှ စခဲ့သည်။ နောက် ရွှမဝ၊ နောက် ပေဖူးလွှာ၊ နောက် ဘဏ္ဍာ၊ သောတရှင် ....။

သို့သော် မိမိတို့ မြ စာပေတွင် စုဝေးကြသည့် အချိန်တွင်မူ သူသည် မည်သည့် သတင်းတိုက်တွင်မှ မလုပ်ပါ။ စာရေးခြင်း တစ်ခုတည်းကိုသာ ပြုလုပ်လျက် ရှိသည်။ ထို့ကြောင့် သူက လွတ်လပ်သည်။ အချိန်ရသည်။ သူ့အချိန်ကို သူ ပိုင်သည်။ ထို့ကြောင့် နေ့လယ် တစ်နာရီ၊ နှစ်နာရီလောက်ဆိုလျှင် သူ ရောက်ရှိလာတတ်သည်။

ထိုအချိန်တွင် ဝိုင်းတွေ အရှိန်မရသေးပါ။ အလုပ်လုပ်သည့် အချိန် ဖြစ်သည်။ မြင့်မြင့်ဝင်းနှင့် ကိုမင်းညိုတို့၏ စစ်တုရင်ဝိုင်းသာ ရှိသည်။ သူတို့နှစ်ယောက် တစ်ယောက်

ယောက် နောက်ကျနေသည့် အခါတွင်သာ မိမိ ဝင်ထိုင်သည်။ သို့မဟုတ်လျှင် သူတို့ နှစ်ယောက်ကို လွှတ်ထားလိုက်သည်။

ကိုမိုးဝေက တစ်နေ့တာအတွက် သူ ရေးရမည့်စာကို ဖိရေးနေသည့်အချိန် ဖြစ်သည်။ ဦးတင်အောင် (နန္ဒမိတ်) ကလည်း သူ့စားပွဲတွင်ထိုင်ပြီး စာမူဖတ်နေသည်။ မိမိတွင်လည်း မဂ္ဂဇင်းအလုပ် ရှိသော်လည်း အားလပ်သည်ဟု ဆိုနိုင်သည်။ မိမိက မဂ္ဂဇင်း အဆင်အပြင်ကို တာဝန်ယူရသည်။ သို့မဟုတ် ဖောင်ကိုင် ဖြစ်သည်။ ပုံနှိပ်တိုက်က တောင်ဥက္ကလာတွင် ဖြစ်သည်။

မိမိသည် မနက်ပိုင်းတွင် မြောက်ဥက္ကလာပမှနေပြီး တောင်ဥက္ကလာပသို့ သွားရသည်။ စာစီရန် စာမူများ ချပေးရသည်။ စီပြီး စာမူများကို ဖောင်ဖွဲ့ပေးရသည်။ ပြီးလျှင် မြို့ထဲသို့ လာသည်။ မြစာပေတိုက်သို့ ရောက်သောအခါ မိမိအလုပ်မှာ ရွေးပြီး စာမူများကို ပန်းချီအပ်ရန်နှင့် ပန်းချီဆရာထံမှ ရရှိသော ပန်းချီပုံများကို လိုအပ်သလို တိုင်းပြီး ဘလောက်တိုက်သို့ ပို့ခိုင်းရန်သာ ဖြစ်သည်။

သို့ဖြင့် မိမိသည် မြ စာပေတိုက်တွင် အေးအေးလူလူနှင့် သက်သက်သာသာ ရှိသည်။ တိုက်သို့လာသော စာရေးဆရာ၊ ပန်းချီဆရာ ဧည့်သည်များနှင့် အေးအေးလူလူ စကားပြောနိုင်သည်။ တာဝန်ခံ အယ်ဒီတာ၏ လုပ်ငန်းထဲတွင် ဧည့်ခံရေးလည်း ပါဝင်သည်ဟု ပြောနိုင်သည်။

သည်တွင် ကိုသန်းဆွေသည် စာရေးနေသော ကိုမိုးဝေနှင့် စာမူဖတ်နေသော ဦးတင်အောင် (နန္ဒမိတ်) တို့ကို အနှောင့်အယှက် မပေးဘဲ မိမိနှင့်သာ ထိုင်ပြီး စကားပြောနေတတ်သည်။ ပထမပိုင်းတွင် မိမိ၏ စားပွဲ၌ထိုင်ပြီး ပြောကြကာ အတန်ကြာသော အခါတွင် အတွင်းခန်းသို့ဝင်ပြီး ဘီယာသောက်ရင်း ပြောကြသည်။ ဦးသန်းကြွယ်လည်း မိမိတို့နှင့် ခဏတစ်ဖြုတ် ဝင်ထိုင်တတ်သည်။ ကိုဘုန်းနိုင် ရှိသည့်အခါတွင်လည်း ကိုဘုန်းနိုင်နှင့်ပါ စကားပြောကြရသည်။

ကိုမိုးဝေနှင့် ဦးတင်အောင် (နန္ဒမိတ်) တို့မှာ ဘီယာကို သောက်သော်လည်း သိပ်ပြီး မနှစ်သက်ကြပါ။ သူတို့က အပြင်းသမားများ ဖြစ်ကြသည်။ ဘီယာကို ဗိုက်ပြည့်သည်ဟု ယူဆကြသည်။ သို့ဖြင့် သူတို့သည် ခဏတစ်ဖြုတ် ဝင်လာပြီး တစ်ကျိုက် နှစ်ကျိုက်မော့ပြီး ပြန်ထွက်သွားတတ်ကြသည်။

ကိုသန်းဆွေက သူရေးသော စာလိုပင် အေးဆေးသည်။ သူ စကားပြောသည်မှာ တိုးတိုးကလေးနှင့် အေးအေးကလေး ဖြစ်သည်။ သို့သော် စိတ်ပါလက်ပါ ဖြစ်သည်။ သူက သူများ ပြောသည်ကိုလည်း နားထောင်တတ်သည်။

မိမိတို့ တိုက်တွန်းသဖြင့် စုံထောက် မဂ္ဂဇင်းမှာ သူ ဝင်ရေးသည်။ ပထမတွင်မူ

သူက စုံထောက်ဝတ္ထု မရေးတတ်ဟု ဆိုသည်။ သို့သော် ကိုမိုးဝေနှင့် မိမိတို့က တိုက်တွန်းလွန်းသဖြင့် ဂျပန် စုံထောက်ဝတ္ထုများကို ဘာသာပြန်ပေးသည်။

သူ့အိမ်သို့ မိမိ ပထမဆုံး ရောက်ဖူးသည်မှာ ၁၉၆၃ ခုနှစ် စာဆိုတော်နေ့တုန်းက ဖြစ်သည်။ ညဘက်တွင် မြန်မာ့အသံ မြက်ခင်းပြင်၌ ကျင်းပသော စာပေဆုနှင်းသဘင်သို့ သွားရောက်ကြရန် ရှိသည်။ ထိုနေ့က အဘယ်ကြောင့်မှန်း မသိ။ မြစာပေတိုက်တွင် ဆုနှင်းသဘင်သို့ သွားမည့်သူ သုံးယောက်ပဲ စုမိသည်။ သူ့ရယ်၊ မိုးဝေရယ်၊ မိမိရယ် ဖြစ်သည်။ ကျန်ရှိသူများက ကိုယ့်အစီအစဉ်နှင့်ကိုယ် သွားကြမည် ဖြစ်သည်။ ထုံးစံအတိုင်းပင် ညနေစောင်းသောအခါ ဆိုင်တစ်ဆိုင်သို့သွားရန် ကိုမိုးဝေက ပြောသည်။ သည်တွင် သူက ...

'နေဦးဗျ၊ ကျွန်တော်က အိမ်ပြန်ပြီး အဝတ်အစားလဲဦးမှ ဖြစ်မယ်။ အဲဒီတော့ အိမ်ကို သွားကြရအောင်၊ အိမ်မှာ ပုလင်းရှိတယ်။ ကိုနတ်နွယ်လည်း ကျွန်တော့်အိမ်ကို ရောက်ဖူးတာပေါ့။ ကျွန်တော့်အိမ်ကနေမှ မြန်မာ့အသံကို သွားကြတာပေါ့'

ယင်းသို့ဖြင့် သူ့အိမ်သို့ မိမိ ရောက်ရှိသွားရသည်။ သူ့မိသားစုနှင့် တွေ့ရသည်။ သို့သော် သူ့အိမ်တွင် မိမိ မသောက်ဖြစ်ပါ။ အကြောင်းမှာ သူ့အိမ်သို့ရောက်ပြီး ခဏအကြာမှာပင် မိမိ၏မျက်လုံးမှာ ဖျဉ်းခနဲ ဖြစ်သွားပြီး အရမ်း နာကျင်လာကြသည်။ မျက်လုံးများကို မှိတ်ထားပြီး မိမိပါးစပ်မှ အသံထွက်ကာ ညည်းညူလိုက်ရသည်။

'ကျွန်တော့်မျက်လုံးတွေ ဘာဖြစ်သွားသလဲ မသိဘူး၊ နာလိုက်တာ။ ဖွင့်လို့လည်း မရတော့ဘူး'

ဤတွင် သူက ...

'ဘာမှမဖြစ်ဘူး ကိုနတ်နွယ်၊ ဘာမှ မစိုးရိမ်နဲ့။ ကျွန်တော်လည်း တစ်ခါ အဲဒီလို ဖြစ်ဖူးတယ်၊ ရေခဲစိမ်လိုက်ရင် ပျောက်သွားမယ်'

သူကိုယ်တိုင်ပင် လက်ကိုင်ပဝါ တစ်ထည် ရေခဲရည်ဆွတ်ပြီး မျက်လုံးနှစ်ဖက်ပေါ်တွင် အုပ်ထားပေးသည်။ မိမိတစ်သက်တွင် တစ်ခါမျှ ယင်းသို့ မဖြစ်ဖူးပါ။ နောင်လည်း မဖြစ်ဖူးပါ။ ထိုအချိန်ကမှ မိမိ၏ မျက်လုံးများ ရုတ်တရက် ကွယ်သွားပြီဟုပင် ထင်မိသည်။ များစွာလည်း ထိတ်လန့်မိသည်။

မျက်လုံးများကို လုံးဝ မဖွင့်နိုင်ပါ။ မျက်လုံးများမှ သွေးကြောများအားလုံး ပြတ်ကုန်သည့်အလား တဖျဉ်းဖျဉ်း ဖြစ်နေသည်။ သို့သော် သူက ရေခဲရည်စိမ် လက်ကိုင်ပဝါကို တစ်ထည်ပြီးတစ်ထည် လဲတင်ပေးလျက်ရှိရာ တစ်ဆယ့်ငါးမိနစ် အကြာတွင် အနာပျောက်သွားသည်။ မျက်လုံး ပြန်ဖွင့်နိုင်သည်။ သို့သော် မှန်ထဲတွင် ကြည့်သောအခါ မျက်လုံးနှစ်ဖက်စလုံး သွေးခြင်းခြင်းရဲလျက် ရှိသည်။

'ပျောက်သွားပါပြီ၊ ကဲ ... သောက်လိုက်ပါဦး'

'ကျွန်တော် မသောက်တော့ဘူး။ အဲဒါ ဘာဖြစ်လို့လဲ၊ အရက်သောက်လို့ ဖြစ်တာလား'

ထိုအခါ သူက ရယ်မောပြီး ...

'တိုက်ဆိုင်လို့ ဖြစ်တာပါ'

ဤကား မိမိ၏မျက်လုံးများ နီသည့်ကိစ္စ။

မိမိ၏ မျက်လုံးများ ဖြူသည့်ကိစ္စကိုလည်း သူပဲ ပြောခဲ့သည်။

တစ်ခါက မြ စာပေတိုက်တွင် မိမိ ခေါင်းမူးသဖြင့် ပက်လက်ကုလားထိုင်ပေါ်တွင် မှိန်းလျက်ရှိစဉ် သူ ရောက်လာပြီး–

'ကိုနတ်နွယ် ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'

'ကျွန်တော် ခေါင်းအရမ်းမူးနေတယ်၊ ခေါင်းထောင်လို့ကို မရဘူး'

'ပြစမ်းပါဦး'

သူက မိမိ၏ အောက်မျက်ခမ်းကို ဆွဲဖွင့်ပြီး ကြည့်သည်။

'ခင်ဗျား သွေးအားနည်းတာပဲ။ ပရက်ရှာ တိုင်းကြည့်ပါဦး၊ လိုးဘလတ် ဖြင့် လိမ့်မယ်'

'ဟုတ်လား၊ ကျွန်တော် အဲဒါ ဘာလုပ်ရမလဲ'

'ဘာမှ လုပ်စရာ မလိုပါဘူး၊ တစ်ရက် နှစ်ရက်လောက် စာမရေးဘဲ၊ စာမဖတ်ဘဲ အနားယူလိုက်ပေါ့။ ပြီးတော့ နို့တို့၊ ကြက်ဥတို့၊ အသည်းတို့ စားပေးပေါ့'

သို့ဖြင့် ဆရာဝန်ထံ သွားရသည်။ သူ ပြောသည့်အတိုင်းပင် သွေးအားနည်းခြင်း ဖြစ်သည်။ အောက်သွေး ခြောက်ဆယ်ပဲရှိသည်။ သည့်နောက်ပိုင်းတွင်ကား မနက်မိုးလင်းတိုင်း ခေါင်းထဲတွင် မူးနောက်နောက် ရှိနေလျှင် မျက်ခွံ ဖြူ၊ မဖြူ မှန်ထဲတွင် ကြည့်သည့် အကျင့် ရရှိသွားပါတော့သည်။

သည့်နောက်တွင်ကား သူသည် မိမိ၏ ကျန်းမာရေးနှင့် ပတ်သက်ပြီး ဂရုစိုက်ရန် မကြာ မကြာ ဆိုသလို သတိပေးလေ့ ရှိသည်။

'ကိုနတ်နွယ် သိပ်ပိန်တယ်၊ ကျန်းမာရေးကို ဂရုစိုက်ပေး။ ခင်ဗျားတို့ အခုလို စာရေးနိုင်တုန်းမှာ များများရေးတာ ကောင်းပါတယ်၊ ရေးနိုင်တုန်း ရေးရတာပဲ။ ဒါပေမဲ့ ကိုယ့်ကျန်းမာရေးလည်း မထိခိုက်စေနဲ့ပေါ့'

ယင်းသို့ဖြင့် ၁၉၆၄ ခုနှစ်ထိ ရောက်လာသည်။ သင်္ကြန်ရက် နီးလာသည်။ ထုံးစံအတိုင်းပင် မိမိတို့သည် သင်္ကြန်ရက်တွင် ဘယ်သွားကြမလဲ၊ ဘာလုပ်ကြမလဲဟု တိုင်ပင်ကြသည်။

ဤတွင် အိုဟင်နရီ၏ ဝတ္ထုကလေးအကြောင်းကို ပြန်ပြောရမည်။

အိုဟင်နရီ၏ ဝတ္ထုတွင် အဓိက ဇာတ်ဆောင်သည် သူ့ရွာ သူ့အိမ်မှ ထွက်ခဲ့သည်။ လမ်းဆုံသို့ ရောက်ရှိသောအခါ လမ်းမကြီးအတိုင်း ဆက်သွားရမည်လော၊ သို့မဟုတ် လက်ဝဲဘက်သို့ သွားရမည်လော၊ လက်ယာဘက်သို့ သွားရမည်လောဟု စဉ်းစားသည်။ လက်ဝဲဘက်သို့ သွားသည်။ အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရပြီး သေဆုံးသည်။ တစ်ဖန် လက်ယာဘက်လမ်းသို့ သွားပြန်တော့လည်း အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရပြီး သေဆုံးရပြန်သည်။ နောက်တစ်ဖန် လမ်းမကြီးအတိုင်း လိုက်ပြန်တော့လည်း၊ အတွေ့အကြုံတစ်မျိုး တွေ့ကြုံရသော်လည်း နောက်ဆုံးတွင် သေဆုံးရသည်။

ဤသည်မှာ မိမိတို့ ဗုဒ္ဓဘာသာတရားနှင့် ကြည့်လျှင်လည်း မှန်ပေသည်။ မိမိတို့သည် သေခြင်းကို မလွန်ဆန်နိုင်သဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သေဆုံးရမည်ကား အမှန်ပင် ဖြစ်သည်။ ကြားကာလတွင် ဖြတ်သန်းရမည့် အတွေ့အကြုံနှင့် သေဆုံးရမည့် အချိန်ကာလသာ ကွာပေမည်။

ကိုသန်းဆွေမှာလည်း ထိုသကြင်္ကန်ရက်က လမ်းသုံးသွယ်နှင့် ကြုံတွေ့ခဲ့ရသည်။ ပထမဆုံး လမ်းသွယ်ကတော့ မင်းကျော်တို့ လင်မယားနှင့်အတူ မော်လမြိုင်သို့ သွားရန်ဖြစ်သည်။ သူက မင်းကျော်ကို မော်လမြိုင်သို့ လိုက်မည်ပြောပြီးမှ နောက်ဆုံးတွင် မလိုက်ဖြစ်ဘဲ ရှိသည်။

မိမိလည်း တစ်နေရာသို့သွားရန် စီစဉ်ခဲ့သည်။ မသွားဖြစ်။ ရန်ကုန်မှာပဲ သောင်းကျန်းဆောင်မည့် အခြေအနေ ရှိသည်။ ကိုမိုးဝေကား နဂိုကတည်းက ခရီးသွားရန် စိတ်မကူးခဲ့။ သို့ဖြင့် မိမိတို့သုံးယောက် သကြင်္ကန်ကိစ္စကို မြ စာပေတိုက်တွင် ဆွေးနွေးကြသောအခါ ကိုမိုးဝေက ...

'ဒီလိုလုပ်ဗျာ၊ ကျွန်တော်တို့ ကိုနတ်အိမ်ကို တစ်ရက်သွားကြမယ်။ သူ့အိမ်မှာက ဘာမှ အားနာစရာ မရှိဘူး၊ သူ့မိန်းမက မန္တလေးမုန့်တီလည်း ကောင်းကောင်းချက်တတ်တယ်'

မိမိ၏ အမျိုးသမီးသည် မိမိနှင့် လက်ထပ်ပြီးနောက် မန္တလေးတွင် ခုနစ်လမျှ လိုက်နေခဲ့ဖူးသည်။ ထိုမှ ရရှိသည့် အကျိုးကျေးဇူးမှာ ဆီများများ သုံးတတ်ခြင်းနှင့် မန္တလေးမုန့်တီ ချက်တတ်ခြင်းပင် ဖြစ်သည်။ ယင်း အတတ်ပညာ နှစ်ခုစလုံးသည် ငွေအားများကုန်သည့် ပညာရပ်များပင် ဖြစ်သည်။

ကိုမိုးဝေက သည့်အလျင်နှစ် သကြင်္ကန်တုန်းကလည်း မိမိအိမ်သို့ တစ်ရက်လာခဲ့ ဖူးသည်။

'ကောင်းတယ်၊ ကျွန်တော်လည်း ကိုနတ်နွယ်အိမ်ကို တစ်ခေါက်မှ မရောက်ဖူးသေးဘူး။ သွားကြမယ်'

ကိုသန်းဆွေက လှိုက်လှိုက်လှဲလှဲပင် သဘောတူသည်။

'ခင်ဗျားတို့ ဘယ်နေ့လာမလဲ၊ လာမယ့်နေ့ကိုတော့ သေသေချာချာ ပြောကြ။ ဒါမှ အိမ်က လုပ်စရာ ရှိတာတွေကို လုပ်ထားရမှာ'

ယင်းသို့ဖြင့် လာမည့်နေ့ကို သူတို့ သေသေချာချာ ချိန်းကြသည်။ ထိုနေ့တွင် မိမိက လည်ပင်းရှည်အောင် စောင့်လျက် နေခဲ့ရသည်။ သူတို့ ပေါ်မလာကြပါ။ နောက်တစ်နေ့တွင် သူ ကွယ်လွန်သည့် သတင်းကို ကြားရသည်။

ထိုကိစ္စကို မိမိနှင့် ကိုမိုးဝေ ပြောမဆုံး ဖြစ်ရသည်။

သူသည် တစ်နေ့တွင် သေဆုံးရမည် မှန်သော်လည်း အကယ်၍ မင်းကျော်နှင့်အတူ ခရီးထွက်ဖြစ်ခဲ့လျှင် သော်လည်းကောင်း၊ သို့မဟုတ် မိမိအိမ်သို့ လာဖြစ်ခဲ့လျှင်သော်လည်းကောင်း သူ၏ဘဝ အဖြစ်အပျက်သည် တစ်မျိုးတစ်ဖုံ ဖြစ်နိုင်စရာအကြောင်း ရှိပါသည်။

သို့သော် သူ၏ကံကြမ္မာသည် ဤအတိုင်းဖြစ်ရန် စီစဉ်ထားပြီး ဖြစ်သည်ဟုပင် ယူဆရပါတော့မည်။

[ ချယ်ရီ၊ မေ၊ ၁၉၈၇ ]

# မိမိ နှင့် ဆရာကြီးများ

## ၁

နိုင်ငံတကာက သိရှိသော၊ နိုင်ငံက အသိအမှတ် ပြုရသော၊ စာဖတ်သူများနှင့် တကွ ပြည်သူက လေးစားကြည်ညိုသော စာပေပညာရှင် စာရေးဆရာကြီးများအကြောင်းကို "မိမိနှင့် ဆရာကြီးမည်သူ"ဟု ဆိုလျှင် မိမိသည် ဆရာကြီးများနှင့် ကြမ်းတပြေး တည်းလို ရှိနေပြီး မြန်မာ့ယဉ်ကျေးမှုနှင့်လည်း မည်သို့မျှ မလျော်ညီ၊ ဂါရဝ တရား နှင့်လည်း မည်သို့မျှ မညီညွတ်ပါ။ သို့သော် ယင်းပုဂ္ဂိုလ်ကြီးများ၏ စာပေပညာဉာဏ် ကို မိမိ လေးစားရမှု၊ မိမိအပေါ်တွင် ဩဇာ သက်ရောက်မှု၊ ယင်းပုဂ္ဂိုလ်ကြီးများကို တဒင်္ဂ တစ်ခဏမျှ ဖြစ်စေ မိမိ သိမြင် ချဉ်းကပ်လိုက်ရမှုတို့ကို ကျေးဇူးတရား အောက်မေ့ ပြီး ဆင်ခြင်ရေးသားလိုစိတ် ရှိနေသည်က တစ်ကြောင်း၊ **မိမိနှင့် စာရေးဆရာများ** ဟူသော အကြောင်းရပ်တွင် ဆရာကြီးများ၏ အပိုင်းကဏ္ဍ မပါရှိခဲ့လျှင် ဦးခေါင်း မပါရှိသော ကိုယ်ထည်သဖွယ် ဖြစ်နေမည် တစ်ကြောင်းတို့ကြောင့် **မိမိနှင့် ဆရာကြီးများ** ဟူသော ခေါင်းစဉ်ဖြင့် ဆရာကြီးများအကြောင်း မိမိ သိမြင်သမျှ၊ ဉာဏ်မီသမျှ ရေးသားလိုက်ရသည်ကို ဆရာကြီးများက နားလည်ခွင့်လွှတ်ကြပါရန် ရိုသေစွာ ရှိခိုး တောင်းပန်ရပါသည်။

### ဆရာကြီး သခင်ကိုယ်တော်မှိုင်း

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး ဖြစ်သော မြန်မာစာပေပညာရှင် စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်းကို မိမိသည် သိမီလိုက်ရုံမျှသာ ဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် မိမိ ရန်ကုန်သို့ ရောက်ရှိသောအခါ ဆရာကြီးသည် အသက် ၇၇ နှစ် ရှိနေပြီ ဖြစ်သည်။ သို့သော် ကျန်းမာရေး ကောင်းမွန် နေဆဲ၊ စိတ်လက်ကြွခိုင် ထက်သန်နေဆဲဖြစ်ပြီး စာပေကိစ္စ၊ အမျိုးသားရေးကိစ္စ၊

ငြိမ်းချမ်းရေးကိစ္စများကို ခိုင်ကျည်ပြတ်သားစွာ လှုပ်ရှားလုပ်ဆောင်နေဆဲ ဖြစ်ပါသည်။ မိမိ ရန်ကုန်ရောက်ရှိပြီး ၁၁ နှစ်ကျော်အကြာ၊ ၁၉၆၄ ခုနှစ်တွင် ဆရာကြီး ကွယ်လွန်အနိစ္စရောက်သဖြင့် မိမိသည် ဆရာကြီးအား ၁၁ နှစ်တာ ကာလမျှ ရံဖန်ရံခါ ကြုံကြာကြုံကြားမှုဖြစ်စေ ချဉ်းကပ်ဆည်းပူးခွင့် ရရှိသည်ဟု ဆိုရပါမည်။

မိမိသည် ရန်ကုန်မြို့သို့ ရောက်လျှင်ရောက်ချင်းပင် ဆရာကြီးထံသို့ သွားရောက်ဂါရဝ ပြုခဲ့ပါသည်။ ဆရာကြီး နေထိုင်ရာ စမ်းချောင်းရပ် ချမ်းသာလမ်း အမှတ် ၄ နေအိမ်သို့ စာရေးဆရာ ကိုတင်စိုးက လိုက်လံပို့ဆောင်ပြီး မိမိကို ဆရာကြီးနှင့် မိတ်ဆက်ပေးခဲ့သည်။ ထုံးစံအတိုင်းပင် မိမိသည် မန္တလေးမှဖြစ်ကြောင်း ပြောဆိုသဖြင့် ဆရာကြီးက မန္တလေးအကြောင်းများ မေးမြန်းသည်။ ထို့နောက် မိမိ၏ ဖခင်သည် မြစ်ကြီးနားခရိုင် တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌဖြစ်ပြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် တစ်ဦး ဖြစ်ကြောင်း မိမိက ပြောကြားသဖြင့်၊ ဆရာကြီးက သူ မှတ်မိသော အထက်မြန်မာနိုင်ငံက သခင်ခေါင်းဆောင် တချို့အကြောင်း မေးမြန်းပြောဆိုသည်။ ထို့နောက် မန္တလေးမှ ကျောင်းသူတစ်ဦး ပါးလိုက်သော "အမှတ်တရ" စာအုပ်ကလေးတွင် ဆရာကြီးက လက်မှတ်ရေးထိုးပေးပါ သည်။

နောက်နှစ်တွင် မိမိသည် မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် အမှုဆောင်တစ်ဦးဖြစ်ပြီး စာဆိုတော်နေ့ ကျင်းပသောအခါ ကန်တော့ခံဆရာကြီးများကို သွားရောက်ကြိုဆိုရန်နှင့် ပြန်လည်ပို့ဆောင်ရန် တာဝန်ကျသည်။ အမှုဆောင် လူကြီး အချို့တွင် အစီးရ ညင်သာကောင်းမွန်သော ဆလွန်းကားများရှိပြီး၊ ၎င်းတို့အနေနှင့် လိုအပ်လျှင် မိတ်ဆွေများထံမှ ကားကောင်းများကို ငှားယူနိုင်သော်လည်း၊ ဆရာကြီးများကို ကြိုပို့ရန်

ဆရာကြီး သခင်ကိုယ်တော်မှိုင်း (၁၈၇၆–၁၉၆၄)



အတွက် ကား စီစဉ်ပေးခြင်း မရှိဘဲ မိမိဘာသာ စီစဉ်ရန် ရန်ပုံငွေ အနည်းငယ်သာ သတ်မှတ်ပေးပါသည်။ သို့ဖြင့် ထိုအချိန်က အငှားကားအဖြစ် အသုံးပြုများသော ဂျစ်ကားတစ်စီးကို ၁၅ ကျပ်နှင့် ပုတ်ပြတ်ငှားပြီး ဆရာကြီးများကို ကြိုပို့ရသည်။ ဂျစ်ကားမှာ ဆေးရောင်ပြယ်နေသော ကားအစိမ်းကလေးဖြစ်ပြီး၊ အမိုးနှင့် ထိုင်ခုံကူရှင်တို့မှာလည်း ပေါက်ပြဲလျက် ရှိကြသည်။ ကားမောင်းသူမှာ ဆံပင် ထိုးထိုးထောင်ထောင်၊ ရုပ်အင်္ကျီ ကြယ်သီးပြုတ်နှင့် ကိုဟာရှင် ဖြစ်သည်။

စမ်းချောင်းအိမ်သို့ မိမိတို့ကား ရောက်ရှိသွားသောအခါ ဆရာကြီးသည် အဝတ်အစား အပြည့်အစုံ ဝတ်ဆင်ပြီး အသင့်စောင့်ဆိုင်းလျက် ရှိသည်။

မိမိသည် ဆရာကြီးကို တွဲခေါ်လာပြီး ကားအနီးသို့ ရောက်သောအခါ ...

'ဆရာကြီး ကားကတော့ သိပ်မကောင်းဘူး'

'ဘာဖြစ်သလဲကွာ၊ စီးလို့ရရင် ပြီးတာပဲ။ တို့ငယ်ငယ်တုန်းက လှည်းပဲ စီးရတာ'

သည့်နောက်တွင် မိမိသည် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)တွင် အလုပ်အမှုဆောင် ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ ရန်ကုန်ခရိုင် အမှုဆောင် ဖြစ်သည်။ သို့ဖြင့် မိမိသည် စာပေအဖွဲ့အစည်း ကိစ္စ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ ကိစ္စ၊ စာပေအနုပညာရှင်များ ငြိမ်းချမ်းရေးပန်ကြားလွှာ ကိစ္စများတွင် ဆရာကြီးထံမှ ဩဝါဒခံယူစရာ၊ လက်မှတ်ရေးထိုးစရာ ကိစ္စများ ရှိလျှင်လည်းကောင်း၊ ဆရာကြီးနှင့် ရင်းနှီးခင်မင်သော နိုင်ငံရေး ခေါင်းဆောင်များ၊ စာပေ အနုပညာရှင်များ ဆရာကြီးထံသို့ အကြောင်းကိစ္စရှိ၍ သွားရောက်ကြသောအခါတွင် လည်းကောင်း အခွင့်သင့်တိုင်း မိမိ လိုက်ပါသွားလေ့ ရှိပါသည်။ ဆရာကြီး၏ အမူအရာ၊ အပြောအဆို၊ အမှာအကြားတို့ကို မှတ်သားရပါသည်။

ထို့အပြင် မိမိတို့သည် စာရေးဆရာအသင်းကိစ္စ၊ စာရေးဆရာ စာပေကလပ်ကိစ္စ၊ စာရေးဆရာ သမဂ္ဂကိစ္စ၊ စာအုပ်ထုတ်ဝေရေး ကိစ္စများ၌ ဆရာကြီး၏ သမက်ဖြစ်သော ဆရာဇေယျထံ သွားရောက်ရသည့် အခါများတွင်လည်း ဆရာကြီးကို ဝင်ရောက် ဂါရဝ ပြုကြရပါသည်။ ဆရာဇေယျက စာပေကိစ္စများကို ပြောဆိုသလို၊ ဆရာကြီး၏ အကြောင်းများကိုလည်း ပြောဆိုတတ်ပါသည်။

နောက်ပိုင်းကာလ တစ်ကြိမ်တွင် မိမိတို့ ရောက်ရှိသွားချိန်တွင် ဆရာကြီးသည် ခေါင်းရင်းခန်းရှိ သူ၏အိပ်ရာတွင် အိပ်ပျော်လျက်ရှိသဖြင့်၊ မိမိတို့က ဆရာဇေယျထံတွင် ဆရာကြီး၏ ကျန်းမာရေးအခြေအနေကို မေးရသည်။ ထိုအခါ ဆရာဇေယျက ဆရာကြီး၏ ကျန်းမာရေးအခြေအနေ၊ ဇရာ၏ ဖောက်ပြန်မှုသဘော၊ ထို့အပြင် ဆရာကြီးနှင့် သူ့မြေးများအကြောင်းတို့ကို ဟာသနှောကာ ပြောဆိုသည်။

ဆရာကြီး အားရပါးရ ရယ်မောသည်ကို မိမိ တစ်ကြိမ်တွေ့ဖူးသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်၊ မြို့တော်ခန်းမ ညီလာခံ ကျင်းပပြီး မကြာမီ တစ်နေ့တွင် ဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်သည် နိုင်ငံရေး အဖွဲ့အစည်းတစ်ခု၊ ပါတီ တစ်ခု မဟုတ်ဘဲ ငြိမ်းချမ်းရေးကို လိုလားသော ပုဂ္ဂိုလ်များကို စုစည်းထားသော အဖွဲ့အစည်း တစ်ရပ် ဖြစ်သော်လည်း၊ ဤအဖွဲ့ကြီးတွင် နိုင်ငံရေးသမား အများအပြား ပါဝင်လျက် ရှိသည်။ ပါတီခေါင်းဆောင်များ၊ အလုပ်သမား လယ်သမား ခေါင်းဆောင် များသည် ပါတီအဖွဲ့အစည်း အနေဖြင့် မဟုတ်ဘဲ တစ်ဦးချင်းအဖြစ် ဝင်ရောက်လျက် ရှိကြသည်။

သို့ဖြင့် ငြိမ်းချမ်းရေး အဖွဲ့အစည်းများသည် အခြားနိုင်ငံများ၌ ငြိမ်းချမ်းရေးကို လိုလားသော စာပေအနုပညာရှင်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ အတတ်ပညာရှင်ကြီး များ၏ အဖွဲ့အစည်း ဖြစ်သော်လည်း မြန်မာနိုင်ငံတွင်ကား စာပေအနုပညာရှင်များထက် နိုင်ငံရေးသမားများက လွှမ်းမိုး များပြားသဖြင့် အတိုက်အခံ နိုင်ငံရေးအဖွဲ့တစ်ခုလို ထင်မှတ်မှားခြင်း ခံခဲ့ရသည်။ ထားတော့။

ညီလာခံ ကျင်းပသောအခါ အမြို့မြို့ အနယ်နယ်မှ တက်ရောက်လာသော ကိုယ်စားလှယ်များက နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက် ကြရသည်။ ဗဟိုကော်မတီပင် ဖြစ်သည်။ တစ်ဖန် ထိုနိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်များ က ဗဟို အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက် ကြရသည်။ ဆရာကြီးသည် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) ကို စတင်ဖွဲ့စည်းကတည်းက ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။

သို့သော် ထိုညီလာခံတွင် နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်များကို ရွေးချယ်တင် မြှောက်ကြရာ၌ နိုင်ငံရေးသမားများသည် မိမိတို့ လူအများစု ရရှိရေးကို ဦးတည်ပြီး အလု အယက် တင်သွင်းခဲ့ကြသဖြင့်၊ ဆရာကြီးကို နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ရန် မေ့လျော့နေခဲ့ကြသည်။ စည်းမျဉ်းအရဆိုလျှင် ပုဂ္ဂိုလ်တစ်ဦး သည် နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး မဟုတ်ဘဲနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့တွင် မပါဝင်နိုင်ပါ။ ဥက္ကဋ္ဌ မဖြစ်နိုင်ပါ။ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်များ ရွေးချယ်ပြီး ပြီးသွားပြီ။ သတ်မှတ်ထားသော အရေအတွက် ပြည့်သွားပြီ။ ဆရာကြီး မပါပါ။

မိမိသည် နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်များ၏ အမည်စာရင်းကို စစ်ဆေး ကြည့်ရှုရင်း ဆရာကြီး၏အမည်ကို မတွေ့ရသောအခါ ဒေါက်တာရာနှင့် ကိုလှသောင်း တို့ကို အထိတ်တလန့် ပြောမိသည်။ သည်အခါမှ ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များအားလုံး သိရှိသွားကြပြီး ဆရာကြီး၏ အမည်ကို ထိပ်ဆုံးမှ ပြန်လည်ထည့်သွင်းကြရသည်။

ထိုအခါ နိုင်ငံရေးသမား တစ်ယောက်က ခပ်ပေါ့ပေါ့ ပြောသေးသည်။

'တို့ .... ဆရာကြီးကို ဘာ အထူးရွေးနေစရာ လိုလို့လဲ'

'စည်းမျဉ်းဥပဒေနဲ့ လုပ်ရင်တော့ စည်းမျဉ်းအတိုင်း ဖြစ်ရမှာပေါ့'

မိမိက နိုင်ငံရေးပါး မဝသည့်အလျောက် ထုံးတမ်းစည်းကမ်းအကြောင်းကို ပြောလိုက်မိသည်။

သည်အကြောင်းကို မိမိတို့သည် ဆရာကြီးကို ပြန်ပြောရန် မလိုပါ။ သို့သော် ဘယ်လိုက ဘယ်လိုကြောင့်မသိ၊ တစ်ကြိမ်တွင် မိမိတို့အထဲမှ တစ်ယောက်က ဆရာကြီးအား ထိုအကြောင်း ထုတ်ပြောလိုက်သည်။

ထိုအခါ ဆရာကြီး ဘာများ ပြောချေမည်နည်းဟု မိမိတို့ နားစွင့်မိသည်။

ဆရာကြီးက ဘာမျှ မပြောပါ။

အားရပါးရ ရယ်မောပါသည်။

ဆရာကြီး ကွယ်လွန်၍ ဈာပနာ ကော်မတီ ဖွဲ့သောအခါ မိမိသည် ပြန်ကြားရေး ဆပ်ကော်မတီတွင် ပါရသည်။ ပြန်ကြားရေး ဆပ်ကော်မတီအတွင်း တာဝန်များ ထပ်မံခွဲဝေကြသောအခါ မိမိနှင့် ညွန့်ကြူးတို့က ဆရာကြီး အထိမ်းအမှတ်ပြခန်း ပြသရေးကို တာဝန်ယူကြရသည်။ သို့ဖြင့် မိမိတို့သည် ဈာပနမဏ္ဍပ်ကြီး တစ်ခုလုံး၏ အတွင်းအပြင်အဆင်၊ ပြခန်းဆောင် အပြင်အဆင်တို့ကို လုပ်ဆောင်ကြရသည်။

ဆရာကြီးနှင့် ပတ်သက်သော အထိမ်းအမှတ် ပစ္စည်းများ၊ စာအုပ်စာတမ်းများကို သူ့နေရာနှင့်သူ ခင်းကျင်းစီစဉ်ရသည်။ ထိုအထဲတွင် ဆရာကြီး ရရှိထားသော ကမ္ဘာ့ငြိမ်းချမ်းရေး ဆုတံဆိပ်ကြီးလည်း ပါရှိသည်။ ပြခန်းပိတ်သောအခါ ထိုဆုတံဆိပ်ကြီးကို မဏ္ဍပ်တွင်လည်း ထားခဲ့၍ မဖြစ်၊ သူ့မိသားစုထံတွင် ပြန်အပ်ရန်လည်း အချိန်မရှိသဖြင့် မိမိသည် ညစဉ်ပင် ထိုတံဆိပ်ကြီးကို ညဆယ့်နှစ်နာရီ၊ တစ်ချက်တွင် မိမိ၏ မြောက်ဥက္ကလာပအိမ်သို့ ယူသွားရပြီး၊ နောက်တစ်နေ့နံနက်တွင် ပြန်လည်သယ်ဆောင်လာရသည်။ ထိုတံဆိပ်ကြီးကို မိမိ၏ တိုက်ပုံအိတ်ထဲတွင် ထည့်ပြီး သွားလာနေရသောအခါ၊ ဆရာကြီးသည် မိမိနှင့်အတူ လိုက်ပါလျက် ရှိသည်ဟု စိတ်ထဲမှာ ထူးဆန်းစွာ ခံစားမိရပါတော့သည်။

## ၂

မိမိ မြင်လိုက်၊ တွေ့လိုက်၊ သိကျွမ်းလိုက်ရသော ဆရာကြီးများအကြောင်း စဉ်းစားဆင်ခြင်ကာ ဖယားချကြည့်သောအခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်းလိုပင် နှစ်ပေါင်းများစွာ ထင်ရှားကျော်ကြားကာ အသက်ရှည်ရှည် နေရပြီး၊ အသက် ၈၀ ကျော်မှ ကွယ်လွန်သော ဆရာကြီးလေးဦးကို တွေ့ရှိရပါသည်။ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာကြီး ဒဂုန် ဦးလှဘော၊ ဆရာကြီး စစ်ကိုင်းဦးဘိုးသင်းနှင့် ဆရာကြီး ဇေယျတို့ ဖြစ်ကြသည်။

ဆရာ၏ စာများကို မိမိ ငယ်စဉ်ကတည်းကပင် စွဲလမ်းနှစ်သက်ခဲ့သည်။ ဆရာ၏ ဘာသာပြန်ဝတ္ထုများကို ရှာဖွေပြီး ဖတ်ခဲ့ရသည်။ စောင့်မျှော်ပြီး ဖတ်ခဲ့ရသည်။ အင်္ဂလိပ် စာရေးဆရာကြီး ရိုက်ဒါဟက်ဂတ်ကို ဆရာကြောင့် သိရှိခဲ့ရသည်။ ဆရာသည် ရိုက်ဒါ ဟက်ဂတ်၏ ဝတ္ထု အပုဒ် ၂၀ ကျော်ကို ဘာသာပြန်ဆိုခဲ့သည်။ လူဖြူဘုရင်မက အနှစ်သက်ဆုံး ဖြစ်သည်။ ဆရာ၏အမည်နှင့် ရိုက်ဒါဟက်ဂတ်၏ အမည်သည် ခေါင်း ထဲတွင် အမြဲလိုပင် ယှဉ်တွဲပြီး ပေါ်လာတတ်သည်။ ရောဘတ်လူးဝစ်စတီဗင်ဆင်၏ ဝတ္ထုကို ပြန်ဆိုသော ရတနာဒီပ ကိုလည်း အသည်းစွဲခဲ့ရသည်။

ဆရာ၏ ဘာသာပြန် ဝတ္ထုများကို ဖတ်ရသည့်အတွက် ဘာသာစကား ပြဿနာ ကို အနည်းငယ်မျှ မစဉ်းစားမိခဲ့ပါ။ ဇာတ်လမ်းနှင့် အကြောင်းအရာများ ကွဲပြားခြားနား ကြောင်းကိုသာ သတိပြုမိပါသည်။ ဆရာရေးသော စုံထောက်ဦးထင်ကျော်နှင့် ထောင် မင်းသား ဦးဘိုးထော် ဝတ္ထုများသည် မြန်မာနိုင်ငံ အရပ်ရပ်မှ အကြောင်းအရာများ ဖြစ်ပြီး၊ ဆရာ၏ ဘာသာပြန်များသည် အာဖရိကတိုက်နှင့် ကမ္ဘာအရပ်ရပ်မှ အကြောင်း အရာများသာ ဖြစ်ကြသည်။ အကြောင်းအရာ ခြားနားသော်လည်း ဆရာ၏စာများကို ဖတ်ရသည်မှာ အတူတူပင် ဖြစ်သည်။ "ဘာသာပြန်" ဆိုသည့်အတွက် အရေးအသားမှာ "တစ်မျိုး" ဖြစ်မနေပါ။ "ထောင့်" မနေပါ။ ဆရာ၏ စာများအားလုံးသည် ရှင်းရှင်း လင်းလင်း သွက်သွက်လက်လက် ရှိကြသည်။ ဇာတ်လမ်းနှင့် အကြောင်းအရာများ အားလုံးသည် စိတ်အာရုံအတွင်းသို့ ရှောရှောရှူရှူ ဖြောင့်ဖြောင့်တန်းတန်းပင် ဝင်ရောက်

ဒဂုန်ရွှေမျှား ( ၁၈၈၅–၁၉၈၂ )



သွားကြသည်။ ယင်း၏သဘောမှာ ဘာသာပြန်ကောင်းမွန်ခြင်းကြောင့် ဖြစ်ကြောင်းကို ယခင်က သဘောမပေါက်ခဲ့ပါ။ ယခုမှ သဘောပေါက်ရပါသည်။ ဘာသာပြန် ကောင်းမွန်ခြင်းသည် ဘာသာစကား တတ်ကျွမ်းပိုင်နိုင်ခြင်းကြောင့် ဖြစ်ကြောင်းကိုလည်း သိရှိရတော့သည်။

ဆရာနှင့်တကွ ဆရာကြီး ပီမိုးနင်း၊ ဆရာကြီး ရွှေဥဒေါင်းနှင့် ဆရာကြီး သခင်ဘသောင်းတို့ ဘာသာပြန် တော်ကြခြင်းမှာလည်း ဆရာကြီးတို့၏ ဘာသာစကား ကျွမ်းကျင်နိုင်နင်းမှုကြောင့်ပင် ဖြစ်သည်။ "ဘာသာစကား ကျွမ်းကျင်နိုင်နင်းခြင်း" ကို အလွယ်ပြောရလျှင် စာအရေးအသား ကောင်းခြင်းပင် ဖြစ်သည်။ တစ်နည်းပြောရလျှင် မြန်မာစာကောင်းခြင်းပင် ဖြစ်သည်။ ဆရာကြီးတို့၏ မြန်မာစာသည် ပင်ကိုရေးသည် ဖြစ်စေ၊ မှီငြမ်းပြုသည် ဖြစ်စေ၊ ဘာသာပြန်သည် ဖြစ်စေ စာဖတ်သူများ နားလည်အောင် ပေါ်လွင်ရှင်းလင်းလျက် ရှိပါသည်။

ပင်ကိုရေးသားခြင်းသည် မိမိ၏စိတ်ကူးကို ဖော်ပြခြင်းဖြစ်ပြီး၊ ဘာသာပြန်ခြင်းသည် အခြားတစ်ဦး၏ စိတ်ကူးကို ပြန်လည်ဖော်ပြပေးခြင်းပင် ဖြစ်သည်။ ပင်ကိုရေးရာတွင်လည်း မြန်မာဘာသာဖြင့်ပင် ရေးသားပြီး တစ်ဆင့်ပြန်လည် ဖော်ပြရာတွင် (ဘာသာပြန်ရာတွင်)လည်း မြန်မာဘာသာဖြင့်ပင် ရေးသားရခြင်း ဖြစ်သည်။ မြန်မာစာ ရေးတတ်လျှင် ဘာမျှ ပြဿနာပေါ်စရာ မရှိပါ။

အချို့သော ဘာသာပြန်များ ဖတ်၍မကောင်းခြင်း၊ ရှုပ်ထွေးနေခြင်း၊ ထောင်ယောင့်နေခြင်းများသည် မြန်မာစာ မကောင်း၍ ဖြစ်ပါသည်။ မြန်မာစာ မရေးတတ်၍ ဖြစ်ပါသည်။ ဘာသာပြန်သူသည် အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ စသော မူရင်းဘာသာများကို တတ်ကျွမ်းကောင်း တတ်ကျွမ်းမည် ဖြစ်သော်လည်း မြန်မာစာ မတတ်ကျွမ်းသဖြင့် ၎င်း၏ဘာသာပြန်သည် မချောမွေ့ဘဲ ကြမ်းတမ်းနေရခြင်း ဖြစ်ပါသည်။ (ဘာသာပြန် အမှားအယွင်းများမှာမူ မူရင်းဘာသာ မတတ်ကျွမ်းမှု၊ ပေါ့ဆမှု၊ သတိလက်လွတ်မှုတို့ကြောင့် ဖြစ်ပါသည်။)

မိမိသည် ဆရာ၏စာများကို အဖတ်များခဲ့သဖြင့်၊ အထူးသဖြင့် ဆရာ၏ ဘာသာပြန်များကို ဖတ်ခဲ့ရသဖြင့် မိမိကိုယ်တိုင် ဘာသာပြန်ရသောအခါ ဆရာ၏ ဘာသာပြန်ကောင်းမွန်မှုကို သဘောပေါက်ရသည်။ အံ့သြရသည်။ နည်းယူရသည်။ မိမိ၏ ဘာသာပြန် မြင်ဆရာနှစ်ဦးသည် ဆရာနှင့် ဆရာကြီးရွှေဥဒေါင်းတို့ပင် ဖြစ်ကြပါသည်။ "ဘာသာပြန်ထားသော စာတစ်ပုဒ်သည် ပင်ကိုရေးသော စာတစ်ပုဒ်လိုပင် ရှင်းလင်းချောမွေ့နေရမည်" ဟူသော ခံယူချက်ကို ဆရာကြီးနှစ်ဦး၏ ဘာသာပြန်များကို ဖတ်ရှုဆင်ခြင်ပြီး မိမိ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် တစ်ကြိမ်တွင်မူ မိမိသည် မိမိ လေးစားကြည်ညိုသော၊ မိမိ၏ မြင်ဆရာ

တစ်ဦးဖြစ်သော ဆရာကြီး ဒဂုန်ရွှေမျှား၏ ဂုဏ်ကျေးဇူးများကို ဖောက်ဖျက်မိသလို ဖြစ်ခဲ့ရပါသည်။

အဖြစ်က သည်လို ....။

လွန်ခဲ့သော အနှစ် နှစ်ဆယ်လောက်က ဖြစ်သည်။ ပုဂံ စာအုပ်တိုက်ပိုင်ရှင် မောင်ချောနွယ် ဦးမြင့်စာစဉ် ထုတ်ဝေသူ မောင်ထယ်ဝါတို့က မိမိကို စာအုပ်တစ်အုပ် ပေးသည်။ ရိုက်ဒါဟက်ဂတ်၏ စာအုပ် ဖြစ်သည်။ ရှီ အင် အလန် (She And Allan)။

'အဲဒါ ဘာသာပြန်ပေးမလား'

'ဖတ်ကြည့်ဦးမယ်လေ'

ဖတ်ကြည့်တော့ ကောင်းသည်။ ရှီက ဆရာကြီး ရွှေဥဒေါင်း၏ ရှုပနန္ဒီ။ အလန်က စောလမုန်သိုက်ဝတ္ထုမှ မုဆိုးကြီး အလန်ကွာတာမိန်း။ သူတို့ နှစ်ယောက်၏ ဇာတ်လမ်းက အဘယ်မှာ မကောင်းဘဲ ရှိပါမည်နည်း။

'ဟုတ်ပြီလေ၊ ပြန်ကြည့်တာပေါ့၊ ငယ်ငယ်တုန်းကတော့ ရိုက်ဒါဟက်ဂတ်ရဲ့ ဝတ္ထုတွေက အသည်းစွဲပဲ။ အဲဒီလောက် ကြိုက်ခဲ့တဲ့ ဝတ္ထုတွေကို တစ်ပုဒ်လောက် တိုက်ရိုက် ပြန်ကြည့်ရရင် မဆိုးပါဘူး၊ ဒါပေမဲ့ လင်းဂွစ်ဂျ် (Language အရေးအဖွဲ့)ကတော့ ကျွန်တော်တို့ လင်းဂွစ်ဂျ် မဟုတ်ဘူး၊ ဆရာကြီးတွေ လင်းဂွစ်ဂျ်ပဲ။ ကြိုးစားပြီး ပြန်ကြည့်ရမှာပဲ'

အမှန်ပင်။ ကြိုးစားပြီး ပြန်ကြည့်ချင်သော ဆန္ဒကြောင့် အလုပ်ကို လက်ခံလိုက်ခြင်း ဖြစ်သည်။

သူတို့က မြန်မြန်ထုတ်ချင်သည် ဆိုသဖြင့် ပုဂံအတွက် ရေးနေသော စာအုပ်ကို ခေတ္တချထားပြီး ယင်းစာအုပ်ကို စတင်ပြန်ဆိုရသည်။ ယင်းသို့ စတင်ပြန်ဆိုစဉ်မှာပင် ဤစာအုပ်ကို ဆရာကြီး ဒဂုန်ရွှေမျှား ပြန်နေသလိုလို သတင်းသဲ့သဲ့ ကြားရသည်။ အသေအချာတော့ မဟုတ်။

အသေအချာ သိရသော အချိန်တွင်ကား မိမိအနေနှင့် အတော်ကလေး ပြန်မိနေပေပြီ။ မိမိအနေနှင့်လည်း နောက်မဆုတ်ချင်ပါ။ ထုတ်ဝေသူအနေနှင့်လည်း နောက်မဆုတ်ချင်ပါ။ ဤအခါ ဆရာထက်အလျင် ဦးအောင်ထွက်နိုင်ရန် အမြန်ပြန်ရတော့သည်။ အချို့အခန်းတွေကို ချုံ့ကာ၊ ဖြတ်ကာ ပြန်ရသည်။ ယင်းသို့ဖြင့် မိမိစာအုပ် စောပြီးထွက်သွားသည်။ ထုတ်ဝေသူအနေနှင့် အကျိုးဖြစ်ထွန်းသည်ဟု ဆိုရမည်။ စောင်ရေ ၄,၀၀၀ ပြိုက်ခနဲ ကုန်သွားသည်။ မိမိမှာမူ စာမူခ ရရှိရစဉ်မျှသာ ဖြစ်သည်။ ဘာမျှ အကျိုးမဖြစ်ထွန်းသည့်အပြင် အကျိုးလျော့နည်းသည်ဟုပင် ဆိုရမည်။ ဆရာကြီးတစ်ဦး၏ ဂုဏ်ကျေးဇူးကို ဖောက်ဖျက်မိခြင်းပင် ဖြစ်သည်။

အမှန်တော့ ဤစာအုပ်ကို မိမိ ပြန်မည်ဆိုကတည်းက ဆရာ့ကို သွားမေးစို့

ကောင်းသည်။ ဆရာ မပြန်ဘူးဆိုမှ ပြန်သင့်သည်။ ဖြစ်နိုင်လျှင် ဆရာ့ထံမှ အမှာစာ တောင်းခံသင့်သည်။ သို့သော် မိမိသည် ဆရာပြန်နေသလိုလို သတင်းသဲ့သဲ့ ကြားနေသည် တိုင်အောင်ပင် ဆရာ့ကို သွားမတွေ့ခဲ့ပါ။ ဤကား မိမိဘက်မှ ပျက်ကွက်မှုပင် ဖြစ်သည်။ ခွင့်မလွှတ်သင့်သော အမှားတစ်ခုပင် ဖြစ်သည်။ စာပေနယ်တွင် စောင့်ထိန်းရမည့် စည်းတစ်ခုကို ဖောက်ဖျက်ခဲ့သည့် အမှားပင် ဖြစ်သည်။

သည်မျှ မကသေးပါ။ နောက်ထပ် အမှားတစ်ခုကို ဆက်လက် ကျူးလွန်ခဲ့ပါ သေးသည်။ ဆရာကြီး၏ စာအုပ်နှင့် ယှဉ်ပြိုင်ပြီး ထုတ်ရမည်ဆိုသောအခါ မိမိအမည် နှင့် မထုတ်ရဲပါ။ ဆရာကြီးကို အားနာသည်လည်း တစ်ကြောင်း ဖြစ်သည်။ ထုတ်ဝေသူ အနေနှင့် ရောင်းကွက်မစွံမှာ စိုးရိမ်၍လည်းတစ်ကြောင်း ဖြစ်သည်။ သို့ဖြင့် မိမိသည် နာမည်တစ်ခု ငှားရမ်းရတော့သည်။ ထုံးစံအတိုင်းပင် မိမိကို အမြဲတမ်း အလိုလိုက် ကူညီသော ကိုမိုးဝေထံမှ ခင်မောင်ကြီး ဟူသော ကလောင်အမည်ကို ငှားရသည်။

'ဩော် .... ခင်ဗျားက ဆရာ့ကို အားနာတယ်ဆိုတော့ ကျုပ်ကကော အားမနာ ရဘူးလား၊ ကျုပ်က ခင်ဗျားထက် ပိုပြီး ဆရာနဲ့ ရင်းနှီးသေးတယ်'

ကိုမိုးဝေက ထုံးစံအတိုင်းပင် စကားထစ်ထစ်ဖြင့် ပြောသည်။ သို့သော် နောက် ဆုံးတွင် သူ့နာမည်ကို သုံးခွင့်ပြုပါသည်။ ယင်းသို့ဖြင့် **ငြိမ်းစာစဉ်**မှ ထုတ်ဝေခဲ့သော **ရှိန့်နှင့် အလန်** စာအုပ်တွင် ဘာသာပြန်သူ၏အမည် "ခင်မောင်ကြီး" ဖြစ်နေရခြင်းပင်။

မိမိစာအုပ်ထွက်ပြီး တစ်လလောက်အကြာတွင်မှ ဆရာ၏စာအုပ် ထွက်လာ သည်။ **မရဏကမ္ဘာ** ဖြစ်သည်။ ဆရာက အပြည့်အစုံ ပြန်ဆိုထားသဖြင့် မိမိစာအုပ်၏ နှစ်ဆလောက် ရှိသည်။ အထူကြီး ဖြစ်သည်။ ဘာသာပြန်ဆိုပုံမှာလည်း ဆီနှင့် ရေလို ပင် ကွာခြားနေတော့သည်။

ဤနေရာတွင် တစ်ခုပြောစရာ ရှိပါသည်။ မိမိ၏အမှားကို ဖုံးဟာဝန်ခံလိုသဖြင့် အတွင်းရေးများကို ဖော်ထုတ်ရေးသားမိခြင်း ဖြစ်ပါသည်။ မည်သူ့ကိုမျှ ထိခိုက်နစ်နာ စေခြင်း မရှိပါ။ **ရှိန့်နှင့် အလန်** သည် ခင်မောင်ကြီးအမည်ဖြင့် ထုတ်ဝေခဲ့သဖြင့် မူပိုင်မှာ ကိုမိုးဝေ၏ မူပိုင်ပင် ဖြစ်ပါသည်။ သို့သော်လည်း ဘာသာပြန် အမှားအယွင်း၊ အညံ့ အဖျင်းများ ရှိချေသည်ဟု ဆိုပါမူ မိမိ၏တာဝန်သာ ဖြစ်ပါသည်။ မိမိကြောင့် မိုးဝေ ၏ ဘာသာပြန် အရည်အသွေး ညစ်ထည်းရခြင်းပဲ ဖြစ်ပါမည်။

ယခုအချိန်တွင် ယင်းအဖြစ်ကို ပြန်လည် စဉ်းစားကြည့်သောအခါ မိမိသည် အသက် သုံးဆယ်ကျော်အရွယ် အောင်မြင်မှု မာန်ယစ်နေချိန်မို့ ဆရာကြီးများနှင့် မိမိသည် မြင်းမိုရ်တောင်နှင့် ဆီးစေ့ပမာ ကွာခြားသည်ကို သတိမမူဘဲ ဆရာကြီးများနှင့် ခြေရာတိုင်း ကြည့်ခြင်းလည်း ဖြစ်နိုင်ပါသည်။

နောက်တစ်နှစ်၊ နှစ်နှစ်အကြာတွင် ဆရာနှင့် တစ်နေရာတွင် အမှတ်မထင်

တွေ့သောအခါ မိမိက ယင်းအဖြစ်အတွက် အားနာစကား ဆိုမိသည်။ တောင်းပန်ခြင်းဟု သေသေချာချာ မပြောနိုင်ပါ။

'ဆရာ ပြန်နေတယ်ဆိုတာ ကျွန်တော်လည်း မသိဘူး၊ သိတဲ့အချိန်မှာလည်း အတော်ကလေး ပြီးနေပြီ၊ ဒါနဲ့ပဲ ထုတ်လိုက်ရတယ်။ နောက်ပြီးတော့ ထုတ်ဝေသူကလည်း နောက်မဆုတ်ဘူး'

ထုတ်ဝေသူကို အပြစ်ဖို့ပြီး မိမိကိုယ်ကို ကာကွယ်လိုက်သည်။

ထိုအခါ ဆရာက ထုံးစံအတိုင်း ပြုံးပြုံးကလေးပင် လေအေးကလေးနှင့် ပြန်ပြောသည်။

'အို ကိစ္စမရှိပါဘူးကွယ်၊ ဒီလိုပဲ တိုက်ဆိုင်တတ်ကြတာပဲ။ မင်းပြန်တာ ငါ ဖတ်ကြည့်ပါတယ်၊ ကောင်းပါတယ်'

ဆရာသည် အသား ဖြူဖြူသန့်သန့်၊ အဝတ်အစား နုနုယဉ်ယဉ်ဖြင့် အမြဲရှိတတ်သလို ဆရာ၏ စိတ်ထားကလည်း ဖြူစင် နုယဉ်လှပါသည်။

ဆရာ့ကို မိမိ ပထမဆုံး လူချင်းတွေ့ဖူးခြင်းမှာ မိမိ ရန်ကုန်ရောက်ရှိပြီး များမကြာမီမှာပင် ဖြစ်သည်။ စုံထောက် ဦးဆန်နီ၊ ကိုတင့်ဆန်းတို့ စုံထောက် မဂ္ဂဇင်းအတွက် စာမူ သွားယူကြရာတွင် မိမိ လိုက်ပါသွားပြီး ဆရာနှင့် သိရှိရခြင်း ဖြစ်သည်။ ဆရာ့အိမ်သို့ ရောက်ဖူးရခြင်း ဖြစ်သည်။

ကျောက်ကုန်းလမ်း အမှတ် ၃၃ ရှိ ဆရာ၏ အိမ်ကလေးသည် ငြိမ်းအေးလှသည်။ လှပဘိသည်။ အတွင်းအပြင် သန့်ရှင်းသပ်ရပ်လွန်းလှသည်။ စာအုပ်များ၊ စာအုပ်စင်များနှင့် စာရေးစားပွဲတို့သည် စာရေးဆရာတစ်ဦး၏ အိမ်အဖြစ် ဖော်ဆောင်လျက် ရှိကြသည်။ ထိုအချိန်က ဆရာ၏အိမ်ကို အထူးပင် အားကျမိခဲ့ပါသည်။

နောက်ပိုင်းတွင် မိမိလုပ်ကိုင်သော မဂ္ဂဇင်းများအတွက် ဆရာ့ထံ စာမူသွားတောင်းလျှင် ဆရာက မည်သည့်အခါမျှ ငြင်းဆန်သည် မရှိပါ။ မဝေးကွာလှသော ရက်တစ်ရက်ကို ရက်ချိန်းပေးလိုက်သည်။ ရက်ချိန်းအတိုင်း ပြီးအောင် ရေးပေးပါသည်။

ဆရာနှင့် တွေ့ဖူးသမျှ ကာလများအားလုံးတွင် ဆရာ မျက်နှာညိုနေသည်ကို တစ်ကြိမ်မျှ မတွေ့ဖူးပါ။ ဆရာသည် အမြဲတမ်းပင် နှစ်သက်ဖွယ်ရာ ပြုံးချိုလျက် ရှိပါသည်။ သူ့ထံသို့ လာရောက်သော လူငယ်စာရေးဆရာများကို လေးစားစွာပင် ဆက်ဆံပြောဆိုပါသည်။ မည်သည့်အခါမျှ မောက်မာခြင်း မရှိပါ။ အမြဲတမ်းပင် လေအေးကလေးနှင့် ချိုအေးစွာ ပြောဆိုတတ်ပါသည်။

အမှန်တော့ မိမိသည် ဆရာ၏ ဘာသာပြန် နည်းနိဿယနှင့် စာရေးခြင်း အတတ်ပညာတို့ကို နည်းယူသလို၊ ဆရာ၏ ဖြူစင်သောစိတ်ထားနှင့် လူငယ်များအပေါ် ထားရှိသော ဆရာ၏ မေတ္တာ၊ စေတနာတို့ကိုလည်း အတုယူရမည် ဖြစ်ပါသည်။

မိမိ သိမိလိုက်သော ဆရာကြီးများတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြီးသည့်နောက် အသက်အကြီးဆုံး ဆရာကြီးမှာ စစ်ကိုင်း ဦးဘိုးသင်းပင် ဖြစ်ပါသည်။ ဆရာကြီး ဦးဘိုးသင်းသည် ဆရာကြီးမှိုင်းနှင့် အသက် ၁၄ နှစ် ကွာပါသည်။ ဆရာကြီး မှိုင်းက ၁၈၇၆ ခုနှစ်ဖွား ဖြစ်ပြီး၊ ဆရာကြီးသင်းက ၁၈၉၀ ပြည့်ဖွား ဖြစ်သည်။

မိမိ ရန်ကုန်ရောက်ရှိသောအခါ ဆရာကြီးသင်းထက် အသက် နှစ်နှစ်မျှကြီး သော ဆရာကြီး ဦးဖေမောင်တင် ရှိပါသေးသည်။ ဆရာကြီးသည် အသက် ၈၅ နှစ်အရွယ် ၁၉၇၃ ခုနှစ်တွင်မှ ကွယ်လွန်ပါသည်။ သို့သော် မိမိသည် ဆရာကြီးကို စာရေးဆရာ အသင်းက ပြုလုပ်သော စာဆိုတော် ကန်တော့ပွဲများတွင် အများနှင့်အတူ ကန်တော့ ဖူးသည်မှလွဲ၍ ဆရာကြီးနှင့် တစ်ဦးချင်း ရင်းနှီးခင်မင်ခြင်း မရှိပါ။ ယင်းကြောင့် ဆရာကြီးကို သိမိ ဆည်းကပ်လိုက်ရသည်ဟု မဆိုနိုင်ပါ။ ဆရာကြီး ပြုစုခဲ့သော **မြန်မာ စာပေသမိုင်း** ဖြင့်သာလျှင် မြင်ဆရာကြီး ဖြစ်ခဲ့ရပါသည်။

ထို့အပြင် ဆရာကြီးမှိုင်းနှင့် သက်တူရွယ်တူဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဆရာ လင်းနှင့်၊ ဆရာကြီးမှိုင်းထက် တစ်နှစ်ကြီးသော ဘိုကလေး ဦးသက်ရှည်တို့သည်လည်း မိမိ ရန်ကုန်ရောက်ပြီး နောက်တစ်နှစ်ဖြစ်သော ၁၉၅၄ တွင် ကွန်လွန်အနိစ္စ ရောက်သွား ကြသဖြင့် ဆရာကြီးနှစ်ဦးကို ဆည်းကပ်နာယူခွင့် မကြုံလိုက်ရပါ။ ဆရာလင်းကို စာရေးဆရာအသင်း ကန်တော့ပွဲတွင် တစ်နှစ်သာ ကန်တော့ခွင့် ကြုံလိုက်ပါသည်။

မိမိ စာပေနယ်သို့ ရောက်ရှိချိန်တွင် အထင်အရှား ရှိနေကြသော ဆရာကြီးများ ၏ အသက်ကို တွက်စစ်ကြည့်လိုက်သောအခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရှေ့တွင် တစ်ဦးတည်း အထီးတည်းလို မားမားကြီးရှိနေပြီး၊ ကျန်ဆရာကြီးများက အနည်းဆုံး အသက် ဆယ့်သုံးလေးနှစ်မျှ ငယ်ရွယ်လျက် ရှိကြပါသည်။ ဆရာကြီး ရွှေဥဒေါင်း ဆိုလျှင် ဆရာကြီးမှိုင်းထက် ၁၃ နှစ်မျှ ငယ်ပြီး၊ ဆရာကြီး ဒဂုန်ရွှေမျှား ဆိုလျှင် ၁၉ နှစ်မျှ ငယ်ရွယ်နေသည်ကို တွေ့ရှိရပါသည်။

ယင်းသို့ ဖြစ်ရသည်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ခေတ်ပြိုင်ဖြစ်သော၊ ရှေ့နောက်ဖြစ်သော ဆရာကြီးများသည် ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီကာလတွင် အသက် ၅၀ ကျော်၊ ၆၀ အရွယ်၌ ကွန်လွန်ခဲ့ကြသောကြောင့် ဖြစ်သည်။

**မောင်ရင်မောင် မမယ်မ** (၁၉၀၄) ဝတ္ထုကို ရေးခဲ့သော ဂျိမ်းလှကျော်သည် ဆရာကြီးမှိုင်းထက် အသက် ၁၀ နှစ်မျှကြီးပြီး၊ ၁၉၂၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။ **စံပယ်ပင်** (၁၉၁၂) နှင့် **ရွှေပြည်စိုး** (၁၉၁၄) တို့ကို ရေးခဲ့သော ဆရာကြီး ဦးလတ်သည် လည်း မှိုင်းထက် ၁၀ နှစ်ပင်ကြီးပြီး၊ ၁၉၂၀ ပြည့်နှစ်မှာပင် ကွယ်လွန်ခဲ့သည်။ မစ္စတာ ဆောင်မှိုင်း ဟူသောအမည်ကို ရရှိစေသော **ချဉ်ပေါင်ရွက်သည် မောင်မှိုင်း** (၁၉၀၄) ဝတ္ထု

ကို ရေးသားခဲ့သည့် ဝန်စာရေး ဦးကြီးသည် မှိုင်းထက် အသက် ၁၈ နှစ်မျှကြီးပြီး ၁၉၂၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီးမှိုင်းထက် အသက် ငါးနှစ်မျှကြီးသော ပုဂံဝန်ထောက် ဦးကင် (မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း) သည် ၁၉၃၃ ခုနှစ်တွင် လည်းကောင်း၊ မှိုင်းထက် လေးနှစ်မျှကြီးသော မြန်မာပညာရှိကြီး ဦးဖိုးစိန်သည် ၁၉၄၅ ခုနှစ်တွင် လည်းကောင်း ကွယ်လွန်ခဲ့ကြသည်။

မှိုင်းအောက် နှစ်နှစ်ငယ်သော မဟာဂီတ ဦးပြုံးချိုသည် ၁၉၂၈ ခုနှစ်တွင် လည်းကောင်း၊ သုံးနှစ်ငယ်သော လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ၁၉၃၉ ခုနှစ်တွင် လည်းကောင်း၊ ခုနစ်နှစ်ငယ်သော ပီမိုးနင်းသည် ၁၉၄၀ ပြည့်နှစ်တွင် လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြသည်။

## ရွှေဥဒေါင်း

ဆရာကြီး ရွှေဥဒေါင်းသည် ဆရာကြီးမှိုင်းအောက် ၁၃ နှစ်မျှ ငယ်ပါသည်။ မိမိထက်ကား ၄၄ နှစ်မျှ ကြီးပေသည်။ ဆရာကြီးနှင့် မိမိ လူချင်း သိရှိရင်းနှီးရသော အချိန်တွင် ဆရာကြီးသည် အသက် ၆၀ ကျော်အရွယ် ဖြစ်လေပြီ။ စာရေးသက် ၄၇ နှစ် ရှိပြီ ဖြစ်သည်။ မိမိက မတောက်တခေါက် စာရေးခါစ အသက် ၂၀ အောက် လူရွယ်ကလေး။

မိမိသည် ဆရာကြီး၏ စာများကို စွဲလမ်းနှစ်သက်စွာ ဖတ်ရှုပြီး ဆရာကြီးကို အထူးလေးစားကာ အဝေးမှ မြင်ဖူးတွေ့ဖူးနေသည်မှာ ကြာပြီဖြစ်သော်လည်း၊ လူချင်း သိရှိခွင့်ရသည်ကား လူထုဂျာနယ်တွင် မိမိ ဝင်ရောက် ရေးသားတော့မှပင် ဖြစ်သည်။ လူထု ဂျာနယ်တိုက်နှင့် လူထု သတင်းစာတိုက်သို့ မိမိ အဝင်အထွက်ရှိလာသော ကာလမှပင် ဖြစ်သည်။

ထိုစဉ်က လူထုတိုက်သို့ ကျောင်းသားခေါင်းဆောင်များ၊ လူငယ်ခေါင်းဆောင်များ အများအပြား အဝင်အထွက် ရှိနေကြသဖြင့် ဆရာကြီးသည် လူငယ်အားလုံးနှင့်ပင် မျက်မှန်းတန်းမိလျက် ရှိသည်။ သို့သော် လူအများကို တစ်ကြိမ်တည်းစုပြီး တွေ့ဆုံရသော လူကြီးတို့ ထုံးစံအတိုင်းပင် မည်သူက မည်သူ ဖြစ်သည်ကို နာမည်နှင့်လူ တွဲ၍ကား ကာလအတန်ကြာမှ သိရှိပေလိမ့်မည်။ ပထမပိုင်းတွင်မူ သူ တွေ့ရှိသော လူငယ်များကို ကျောင်းသား လူငယ်ခေါင်းဆောင်များ၊ ၎င်းတို့အနက်မှ တချို့သည် စာပေဝါသနာပါသော စာရူးပေရူး ကလေးများအဖြစ်သာ နားလည်ထားပေလိမ့်မည်။

ဆရာကြီးနှင့် မိမိ သေသေချာချာ သိရှိရသည်မှာ ၁၉၅၂ ခု ဖေဖော်ဝါရီလ

၁ ရက်နေ့တွင် ဖြစ်သည်။ ထိုနေ့မှာ တိုက်ဟိုက်ဆိုင်ဆိုင်ပင် မိမိ၏ ၁၉ နှစ်မြောက် မွေးနေ့ ဖြစ်သည်။

ထိုနေ့ နံနက်ပိုင်းတွင် လူထုတိုက်သို့ မိမိ ရောက်ရှိသွားသည်။ အယ်ဒီတာခန်းသို့ ဝင်ရောက်သည့် အပေါက်နှစ်ပေါက် ရှိသည်။ ၈၄ လမ်း မျက်နှာစာ တံခါးမကြီးမှလည်း ဝင်နိုင်သည်။ ၃၄ လမ်း ဘေးပေါက်မှလည်း ဝင်နိုင်သည်။ ဘေးပေါက်က လူရှင်းသည်။ တစ်ဖန် မျက်နှာစာ တံခါးပေါက်မှ ဝင်လျှင် အယ်ဒီတာခန်းသို့ ရောက်ရှိနိုင်သော တံခါးပေါက်နှစ်ခု ရှိပြန်သည်။ တစ်ခုက စာအုပ်အရောင်းခန်းကိုဖြတ်ပြီး စာစီခန်းမှ လှည့်ဝင်ခြင်း ဖြစ်သည်။ နောက်တစ်ခုက ဦးလေးလှနှင့် ဒေါ်ဒေါ်တို့၏ ရုံးခန်းလည်း ဖြစ်သော၊ ဧည့်ခန်းလည်း ဖြစ်သော ရှေ့ခန်းကိုဖြတ်ပြီး ဝင်ရခြင်းပင် ဖြစ်သည်။ ဧည့်ခန်းထဲတွင် ဧည့်စိမ်းများ ရှိနေသော အခါများတွင် မိမိတို့သည် စာစီခန်းမှ လှည့်ပြီး ဝင်ပါသည်။

ထိုနေ့ကတော့ ဧည့်ခန်းထဲမှ စကားပြောသံ မကြားရသဖြင့် ဧည့်သည် မရှိဟု ယူဆပြီး မိမိ ဝင်သွားသည်။ သို့သော် ဆင်နားရွက်တံခါးကို တွန်းဖွင့်ပြီးကာမှ ဧည့်ခန်းထဲတွင် လူ သုံးလေးယောက် ထိုင်ပြီး စကားပြောနေကြသည်ကို တွေ့ရသည်။ တခြားလူတွေတော့ မဟုတ်ပါ။ ဦးလေးလှ၊ ဒေါ်ဒေါ်၊ ဆရာကြီး ရွှေဥဒေါင်း၊ ဦးဆန်းထွန်းနှင့် ဦးလေးတင် (ဒေါ်ဒေါ်၏ ဖခင်) တို့ ဖြစ်ကြသည်။

မိမိက အယ်ဒီတာခန်းသို့ သွားမည်ရှိစဉ် ဦးလေးလှက 'လာဟေ့ မောင်လှမြင့်၊ ထိုင်' ဟု ခေါ်လိုက်သဖြင့် မိမိလည်း အနီးဆုံး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ဆရာကြီးနှင့် ဦးလေးတင်တို့သည် လမ်းလျှောက်ရာမှ ပြန်လာကြဟန် ရှိသည်။

ရွှေဥဒေါင်း ( ၁၈၈၉–၁၉၇၃ )



'ဟိုဆောင်းပါးကိုရေးတဲ့ နတ်နွယ်ဆိုတာ သူပဲပေါ့'

ဦးလေးလှက ဆရာကြီးဘက်သို့ လှည့်ပြီး ပြောလိုက်သည်။ ဆရာကြီးက မိမိကို ကြည့်ပြီး ....

'အေး ... အေး၊ ရေးတာလည်း ရေးကြပေါ့ကွာ၊ သတိထားပြီးလည်း ရေးကြပေါ့'

"ဟိုဆောင်းပါး" ဆိုသည်မှာ ထိုလထုတ် လူထုဂျာနယ်တွင် ပါသွားသော မိမိ၏ ဆောင်းပါးပင် ဖြစ်သည်။ ထိုဆောင်းပါးကို မိမိက ဦးဆန်းထွန်း လက်သို့ အပ်ခဲ့သည်။ ဦးဆန်းထွန်းက ဖတ်ပြီး ထည့်လိုက်သည်။ စာဖောင် စက်ပေါ် ရောက်ပြီး ရိုက်နှိပ်နေချိန်တွင်မှ ထိုဆောင်းပါးကို ဦးလေးလှ ဖတ်မိပြီး စက်ကို ရပ်ခိုင်းကာ နောက်ဆုံးအခန်းကို ဖြုတ်စေသည်။

'ဒါ မင်း ပထမဆုံးရေးတဲ့ ဆောင်းပါးလား။ ပထမဆုံးရေးတဲ့ ဆောင်းပါး စက်ပေါ်ရောက်မှ အဖြုတ်ခံရတယ်ဆိုတော့ မှတ်မှတ်ရရ ဖြစ်တာပေါ့ကွာ'

ဆရာကြီးက ထုံးစံအတိုင်း ပြုံးပြုံးအေးအေးလေး ပြောသည်။

'ပထမဆုံး မဟုတ်ပါဘူး၊ အလျင်တစ်ပုဒ် ပါဖူးပြီးပါပြီ။ **စုံထောက်** မဂ္ဂဇင်းမှာလည်း ဝတ္ထုတွေ ရေးနေပါတယ်။ **ဟံသာဝတီ** သတင်းစာနဲ့ **ကလောင်စုံ** မဂ္ဂဇင်းမှာလည်း ရေးပါတယ်'

မိမိက လူငယ်မာန်ကလေးဖြင့် ခပ်ကြွားကြွား ဖြေလိုက်သည်။

ဆရာကြီးက မိမိကို ကြည့်လိုက်ပြီး ...

'စုံထောက် မဂ္ဂဇင်းဆိုတာ ကိုဆန်နီတို့ထုတ်တဲ့ မဂ္ဂဇင်းလား'

'ဟုတ်ပါတယ်'

'တယ်ဟုတ်ပါကလားကွ၊ မင်းက လူထုမှာလည်း နိုင်ငံရေးဆောင်းပါးတွေ ရေးတယ်၊ ကိုဆန်နီတို့ဆီမှာလည်း စုံထောက်ဝတ္ထုတွေ ရေးတယ်'

'ဆရာကြီးကို အားကျလို့ပါ'

မိမိက လျင်မြန်စွာပင် ပြန်ပြောလိုက်သည်။


ဆရာကြီးကို မိမိ အားကျမိခြင်းမှာ အမှန်ပင် ဖြစ်သည်။ ဆရာကြီးသည် စုံထောက်ဝတ္ထု၊ စွန့်စားခန်းဝတ္ထုများကိုလည်း ရေးသည်။ လူထုသတင်းစာတွင်လည်း လေးနက်သော ခေါင်းကြီးများကို ရေးသားလျက် ရှိသည်။

သည့်နောက်ပိုင်းတွင်ကား နက်နဲလှသော ဘာသာရေးနှင့် အတွေးအခေါ် ဆောင်းပါးများ .... သည်တော့ ဆရာကြီး၏ အတွေးအခေါ်နှင့် အရေးအသားတို့သည် မိမိအဖို့ ထာဝစဉ် စံပြုဖွယ်ရာများပင် ဖြစ်တော့သည်။

ဆရာကြီးသည် မိမိဇာတိ မြစ်ကြီးနားမြို့တွင် ကျောင်းဆရာ လုပ်ဖူးသည်။ သည်တုန်းက မိမိ မွေးပင် မမွေးသေးပါ။ ဂျပန်ခေတ်တွင် မိမိတို့မိသားစု စစ်ကိုင်းမြို့တွင် စစ်ပြေးအဖြစ် တစ်နှစ် နေဖူးသည်။ သည်တုန်းကလည်း ဆရာကြီးနှင့် မနီးစပ်ခဲ့ပါ။ ဆရာကြီး၏ စာအုပ်နှစ်အုပ်ကိုသာ မှတ်မှတ်ရရ ဖတ်ခဲ့ရသည်။ တစ်အုပ်က ပြဇာတ်။ သို့သော် ငယ်ရွယ် နုနယ်သေးသဖြင့် ဆရာကြီး၏ စာကို မခံစားတတ်သေးပါ။ ဆရာကြီး၏ စာအုပ်များက တိုင်းပြည်ပြုပြင်ရေး ပညာပေး စာအုပ်များ ဖြစ်ကြသည်။ ဂျပန်ခေတ် စာအုပ်ရှားပါးချိန် ဖြစ်သဖြင့် ရရာစာအုပ်ကို ဖတ်ခဲ့ရခြင်းသာ ဖြစ်သည်။ သို့သော် စာအုပ်ပါ အကြောင်းအရာများကို နားမလည်၍ပဲလား မသိ။ "စစ်ကိုင်း ဦးဘိုးသင်း" ဟူသော စာရေးဆရာ၏ အမည်ကိုတော့ ခေါင်းထဲမှာ ကောင်းကောင်း စွဲနေသည်။

စစ်ပြီးသောအခါ မိမိတို့မိသားစု မန္တလေးသို့ ပြောင်းရွှေ့သည်။ မန္တလေးမှာ ခုနစ်နှစ် နေခဲ့သည်။ ဤကာလအတွင်းမှာလည်း ဆရာကြီးနှင့် မတွေ့ခဲ့ပါ။ ဆရာကြီး စစ်ကိုင်း ဦးဘိုးသင်း ဆိုသည်ကိုလည်း အမှတ်မထင်ပင် ပျင်းစရာကောင်းသော စာအုပ်တွေ ရေးသူဟုသာ ခေါင်းထဲမှာ စွဲထင်နေသည်။ သို့သော် ၁၉၅၃ ခုနှစ်တွင် သွေးသောက် မဂ္ဂဇင်းတွင် မေကျွန် ဝတ္ထုရှည်ကြီးကို အခန်းဆက် ဖတ်ရသောအခါ စိတ်ထဲမှ အစွဲအထင် ပျောက်သွားသည်။ ဆရာကြီးအပေါ် အတွေးအမြင် ပြောင်းသွားသည်။ မေကျွန် ကို အလွန့်အလွန်ပင် နှစ်သက်မိသည်။ လစဉ် စောင့်ပြီး ဖတ်မိသည်။ လုံးချင်းစာအုပ်အဖြစ်

စစ်ကိုင်းဦးဘိုးသင်း ( ၁၈၉၀–၁၉၇၃ )



ထွက်လာသောအခါလည်း ထပ်၍ ဖတ်မိသည်။ ထိုစာအုပ် စာပေဗိမာန်ဆု ရရှိသော အခါ နှစ်ထောင်းအားရ ဖြစ်မိသည်။

ဆရာကြီး၏ **ဟာတစ်လုံး ခေါင်းကျားကို** မဖတ်ဖူးပါ။ ရုပ်ရှင် ကြည့်ဖူးသည်။ ရုပ်ရှင်ကို ကြိုက်သည်။ ဆရာကြီး၏ ဝတ္ထုဟု အသိအမှတ် ပြုမိသည်။

ဆရာကြီးနှင့် လူချင်း တွေ့ဖူးရသည်မှာ မိမိ ရန်ကုန်ရောက်ပြီးမှ ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဖြစ်သည်။ သည်တုန်းက တစ်နှစ်ကို တစ်ခေါက်လောက် မန္တလေး ပြန်လေ့ရှိသည်။ မန္တလေးမှာ မိဘ ရှိသည်။ အိမ်ရှိသည်။ ခင်မင်ရင်းနှီးသော အပေါင်းအသင်းများ ရှိသည်။ ငယ်စဉ်က မိမိ သွားလာလှုပ်ရှားခဲ့သော နေရာများကို အလွမ်းပြေ သွားရောက် ကြည့်ရှုတတ်သည်။

သည်တစ်ခေါက်တွင် စစ်ကိုင်းဘက်ကိုပါ သွားရောက်သည်။ စစ်ကိုင်းတောင် ပေါ် တက်သည်။ ဆွမ်းဦးပုညရှင်မှ နေပြီး ဧရာဝတီမြစ် တစ်ဖက်ကမ်းရှိ မိမိ သွားလာ လှုပ်ရှားခဲ့သော မီးသွေးတိုက်၊ လက်ဆောင်ယူ၊ ငါးရာတွင်း၊ ပေါက်တော၊ ပေါက်မြိုင်၊ မြေငူနှင့် တပယ်တောင်တန်းတို့ကို လှမ်းမျှော်ကာ ကြည့်သည်။

ငါးထပ်ကြီးဘုရားသို့ သွားရောက်ဖူးမြော်သည်။ ဘုရားကုန်းပေါ်မှနေပြီး လင်းဇင်းတစ်ခိုကို ကြည့်သည်။ ပန်းထိမ်ဖိုများမှ ရွှေခတ်သံ၊ ဆေးလိပ်ခုံများမှ ဆေးလိပ် ဆောင့်သံနှင့် ရွာစားတစ်ဦး၏ ပတ်စမ်းသံ သဲ့သဲ့တို့ကို ကြားယောင်မိသည်။

'ကိုလှမြင့် ဘယ်သွားချင်သေးသလဲ'

မိမိနှင့် အဖော်အဖြစ် လိုက်ပါပြီး မိမိ သွားလိုရာကို မညည်းမညူ လိုက်ပို့သော စစ်ကိုင်းအေးလွင်က မေးသည်။

'စစ်ကိုင်း ဦးဘိုးသင်း ရှိသလား'

မထင်မှတ်သော မေးခွန်းကြောင့် ကိုအေးလွင် အနည်းငယ် တုန်လှုပ်သွားဟန် ရှိသည်။

'ရှိတာပေါ့'

'စစ်ကိုင်းမှာ ရှိသလား'

'ရှိတာပေါ့၊ ကျွန်တော်တို့ အိမ်နားမှာပဲ'

'သူငယ်ချင်းနဲ့ သိသလား'

'သိတာပေါ့၊ ဆရာကြီးဆီကို ကျွန်တော် ခဏခဏ ရောက်တာပဲ'

'လာ .... သွားရအောင်၊ ဆရာကြီးနဲ့ တွေ့ချင်တယ်။ ဆရာကြီးနဲ့ ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး'

ယင်းသို့ဖြင့် ဆရာကြီးအိမ်သို့ မိမိ ရောက်ရှိရသည်။ သို့သော် အိမ်မဟုတ်ပါ။ ဆရာကြီး၏အိမ်သည် ထိုစဉ်က အသစ်ပြန်ဆောက်ရန် ဖျက်ထားသည်။ ခြံဝင်းထဲတွင်

ယာယီတဲငယ်ကလေးသာ ရှိသည်။ တဲငယ်ကလေးရှေ့တွင် လေးတိုင်စင် အမိုးကလေး ရှိသည်။ အကာ မရှိပါ။ မိမိတို့ကို ယင်း လေးတိုင်စင် ဧည့်ခန်းဆောင်တွင် ဧည့်ခံပါသည်။ မြန်မာဆန်ဆန် ရေနွေးကြမ်းနှင့် ဖြစ်သည်။

ဆရာကြီးက ဖော်ဖော်ရွေရွေ ရှိလှသည်။ ဆရာကြီး၏ မိသားစုကလည်း ဖော်ရွေ လှပါသည်။ သူတို့က ကိုအေးလွင်နှင့် ခင်မင်ရင်းနှီးကြသည်။

မိမိသည် စစ်ကိုင်းတွင် နေဖူးကြောင်း၊ မန္တလေးတွင် ပညာသင်ကြားခဲ့ကြောင်း၊ ယခု ရန်ကုန်မြို့သို့ သွားရောက်ကာ စာပေလောကသို့ တိုးဝင်လျက်ရှိကြောင်း ပြော သောအခါ ဆရာကြီးက ...

'အင်း စာရေးဆရာ ဖြစ်ချင်ရင်တော့ စွန့်စားရမှာပဲ'

'ဆရာကြီးကော ဘာမှ မရေးတော့ဘူးလား'

'ရေးပါတယ်ကွယ်၊ ရေးပြီးသား နှစ်ပုဒ် သုံးပုဒ်တောင် ရှိတယ်၊ ထုတ်မယ့်သူ မရှိတော့ ဒီအတိုင်းပဲ။ နောက်ထပ် ဆက်ရေးမလို့ဟာလည်း ဗလာစာအုပ် မရှိတာနဲ့ မရေးရသေးတာ'

'ဆရာကြီး ရေးပြီးသားတွေ ကျွန်တော်နဲ့ ပေးလိုက်ပါလား၊ ကျွန်တော့်စာအုပ် တွေ ထုတ်နေတဲ့ **ကိုတင်အောင် မစန်း စာပေ**နဲ့ ကျွန်တော် စီစဉ်ကြည့်မယ်'

'ကောင်းသားပဲ'

ဆရာကြီးက ရေးပြီးသား စာမူများကို မိမိအား အလွယ်တကူပင် ပေးလိုက် သည်။ စာမူခကိစ္စ ဘာမျှမပြောပါ။ တစ်ကြိမ်သာ တွေ့မြင်ဖူးသော သူတစိမ်းလူငယ် တစ်ယောက်ကို ယုံကြည်ဟန်ရှိသည်။ တစ်ခုတော့ ရှိသည်။ သက်သေအဖြစ် စစ်ကိုင်း အေးလွင် ရှိသည်။ မိမိလည်း ဆရာကြီး၏ စာမူများကို ယူပြီးကြည့်သည်။ ဆရာကြီး ဆက်ပြီးရေးနိုင်ရန် ဗလာစာအုပ် နှစ်ဒါဇင်ဝယ်ပြီး ဆရာကြီးထံ နောက်တစ်ခေါက် ပြန်ပို့ခဲ့သည်။

ရန်ကုန် ပြန်ရောက်သောအခါ ဆရာကြီး စာအုပ် ထုတ်ဝေရေးကိစ္စ၊ ထုတ်ဝေသူ ကိုတင်အောင်နှင့် တိုင်ပင်သည်။ သည်တုန်းက **ကိုတင်အောင် မစန်း စာပေ**တွင် လင်းယုန်သစ်လွင်လည်း ရှိသည်။ သူကလည်း ဆရာကြီး၏ စာအုပ်များကို ထုတ်ဝေရန် တိုက်တွန်းသည်။ 'ခင်ဗျားတို့ ကောင်းမယ်ထင်ရင် ထုတ်ကြပါ' ကိုတင်အောင်က ဒါပဲ ပြောသည်။

ဤကား သူ့မူပင် ဖြစ်သည်။ မိမိတို့က ကောင်းမည်ထင်၍ အကြံပေးလျှင် သူ လက်ခံသည်။ လုပ်ကြည့်သည်။ ကောင်းလျှင် ဆက်လုပ်သည်။ မကောင်းလျှင် ထိုအလုပ် ကို ရပ်လိုက်သည်။ ဤကား လက်တွေ့သမား၏ သဘောပင် ဖြစ်သည်။

မိမိ ရန်ကုန်ပြန်ရောက်ပြီး တစ်လအတွင်းမှာပင် ဆရာကြီး၏စာအုပ် ထွက်

သည်။ ဆရာကြီးထံ စာအုပ်နှင့်စာမူခ ငွေသုံးရာ ပို့လိုက်သည်။ ဆရာကြီးထံမှ နောက်ထပ် စာမူနှင့် ကျေးဇူးတင်သည့်စာ တစ်ပတ်အတွင်းမှာပင် ပြန်လည် ရောက်ရှိလာသည်။

သည့်နောက်တွင်ကား ဆရာကြီး၏ စာအုပ်များ ကိုတင်အောင် မစန်း စာပေမှ တစ်လတစ်အုပ် မှန်မှန်ထုတ်ခဲ့သည်။ ဆရာကြီးထံမှလည်း လစဉ်ပင် စာမူများ ရောက်ရှိသည်။ စာမူပေးပို့တိုင်းပင် မိမိထံ စာတိုကလေးတစ်စောင် ထည့်ရေးလေ့ရှိသည်။ "သတိရကြောင်း၊ ကျေးဇူးတင်ကြောင်း" ဖြစ်သည်။ သူ၏စာအုပ်များကို မှန်မှန်ထုတ်ပေးသည့်အတွက် ကျေးဇူးတင်ခြင်း ဖြစ်သည်။ သင့်တင့်သော စာမူခကို မှန်မှန်ပို့ပေးသည့်အတွက် ကျေးဇူးတင်ခြင်း ဖြစ်သည်။ သူတစ်ပါး၏ ကျေးဇူးကို အမှတ်ရရှိတတ်ခြင်းသည် ဆရာကြီး၏ လက်စွဲနိတိတရားပင် ဖြစ်သည်။

သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ဆရာကြီး စစ်ကိုင်း ဦးဘိုးသင်းကို ထိုတစ်ကြိမ်သာလျှင် မိမိ တွေ့ဆုံဖူးပါသည်။ သို့သော် ထိုစဉ်က တွေ့မြင်ခဲ့ရသော ဆရာကြီး၏ ပုံပန်းသဏ္ဌာန်၊ ပုဆိုးတစ်ပတ်ရစ် အဖြူကွက်ကလေး၊ စွပ်ကျယ်လက်တို ဖြူဖြူညစ်ညစ်ကလေး၊ အနည်းငယ် ရှည်နေပြီဖြစ်သော ခေါင်းတုံးဖြူဖြူနှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး တိုတိုဖြူဖြူများ။ မကြာမကြာ ဘယ်ဘက်လက်ဖဝါးနှင့် ခေါင်းကို ပွတ်သပ်ခြင်း၊ ချိုအေးသော အပြုံး၊ တိုးညင်းသော စကားလုံးတို့သည် မိမိစိတ်သန္တာန်တွင် အစဉ်အမြဲ ကိန်းအောင်းလျက် ရှိပါတော့သည်။

ဖြူစင်သော ပညာရှင်ကြီး တစ်ဦးပင်။

၄

မိမိ သိမီ ဆည်းကပ်လိုက်ရသော ဆရာကြီးများအနက် အသက် ၈၀ နှင့် အထက် အရွယ်တွင် ကွယ်လွန်သွားကြသူများမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း (၈၈)၊ ဒဂုန် ဦးလှဘေ (၈၇)၊ ဦးဖေမောင်တင် (၈၅)၊ ရွှေဥဒေါင်း (၈၄)၊ စစ်ကိုင်း ဦးဘိုးသင်း (၈၃)၊ ဇေယျ (၈၂)၊ သခင်ဘသောင်း (၈၀) နှင့် ရွှေဒုံးဘီအောင် (၈၀) တို့ ဖြစ်ကြသည်။ စာပေဆရာ ဘိုးသက်ရှည်များ ဖြစ်ကြသည်။

ဆရာညာဏသည် ၆၇ နှစ်တွင် လည်းကောင်း၊ ဒဂုန် ဦးထွန်းမြင့်သည် ၇၄ နှစ်တွင် လည်းကောင်း ကွယ်လွန်သွားကြသဖြင့် အသေစောသည်ဟု မဆိုသာသော်လည်း ရေးနိုင်အား၊ တွေးနိုင်အား ရှိသည့်အချိန်တွင် ကွယ်လွန်သွားကြသဖြင့် မြန်မာစာပေလောကအတွက် နမြောစရာပင် ဖြစ်တော့သည်။

ဆရာကြီး ရွှေဥဒေါင်း၊ ဆရာဇေယျ၊ သခင်ဘသောင်း၊ ဆရာညာဏ တို့နှင့် အသက် မတိမ်းမယိမ်းဖြစ်သော ဆရာ မဟာဆွေသည် ရေးအား၊ တွေးအား ကောင်းခိုက် အသက် ၅၃ နှစ် အရွယ်တွင် ကွယ်လွန်သွားသဖြင့် အသေစောသည်ဟု နမြောတသရပါသည်။

သည့်ထက်ပိုပြီး တသစကား ပြောရပါမူ ဆရာကြီး မဟာဆွေသည် မိမိ ရန်ကုန် ရောက်ပြီး မကြာမီတွင် ကွယ်လွန်သွားသည့်အတွက်ပင် ဖြစ်သည်။ ဆရာကြီးကို လူချင်း သွားရောက်တွေ့ဆုံကာ ဂါရဝပြုရန် စီစဉ်နေဆဲတွင် ကွယ်လွန်သွားသောကြောင့်ပင် ဖြစ်ပါသည်။

မိမိသည် ဆရာကြီး မဟာဆွေ၏ ဝတ္ထုများ၊ ကျမ်းများကို လက်လှမ်းမီသမျှ၊ တွေ့ရှိသမျှ အားလုံး ဖတ်ခဲ့ပါသည်။ အကုန်လောက်နီးနီး ဖတ်ဖူးသည်ဟုလည်း ဆိုနိုင်ပါသည်။ ဖတ်မိသမျှကိုလည်း နှစ်သက် စွဲလမ်းခဲ့ပါသည်။

မိမိ ရန်ကုန် ရောက်ရှိသည့်အချိန်တွင် ဆရာကြီးသည် **စံထောက်** မဂ္ဂဇင်း၌ "စာရေးသက်ပြင်း" ဝတ္ထုများကို လစဉ် ရေးသားလျက် ရှိပါသည်။ သို့သော် မဂ္ဂဇင်းတိုက်သို့ကား ဆရာကြီး မလာပါ။ စာမူကို တိုက်မှ သွားယူပါသည်။ သို့မဟုတ် ဆရာကြီး ဇနီး ဒေါ်ကြည်ကြည်နှင့် သမီးတစ်ယောက်တို့ လာပို့ပါသည်။ **စံထောက်** မဂ္ဂဇင်းတိုက်သို့ မိမိရောက်ရှိပြီး နောက်လတွင် ဆရာကြီး၏ဇနီးနှင့် သမီးတို့ လာသည်ကို တွေ့ရပါသည်။ မိမိက ဆရာကြီးကို တွေ့ဆုံသိကျွမ်းချင်သဖြင့် နောက်လတွင် ဆရာကြီးအိမ်သို့ သွားကြရန် ဦးဆန်နီ၊ ကိုမိုးဝေနှင့် ကိုတင့်ဆန်းတို့ကို ပြောရသည်။ ဦးဆန်နီက လဆန်း မဂ္ဂဇင်းထွက်ရက်တွင် သွားမည်ဟု ဆိုပါသည်။

သို့သော် တစ်နေ့ တိုက်သို့ မိမိ ရောက်ရှိသွားချိန်တွင် ဆရာကြီး ကွယ်လွန်သွားပြီ ဖြစ်ကြောင်း ဦးဆန်နီက ပြောပါသည်။ သို့ဖြင့် မိမိသည် ဆရာကြီး၏ အသုဘကိုသာ လိုက်ပါပို့ဆောင်ခွင့် ကြုံရတော့သည်။ သို့သော် မိမိအဖို့ မှတ်မှတ်ရရ ဖြစ်နေသည်မှာကား ဆရာကြီး မဟာဆွေသည် မိမိ ရန်ကုန်ရောက်ရှိပြီး ပထမဆုံး ကွယ်လွန်သည့် စာရေးဆရာဖြစ်ပြီး မိမိအနေနှင့် ပထမဆုံးအကြိမ် ပို့ဆောင်ရသော အသုဘပင် ဖြစ်တော့သည်။

ထို့အပြင် မိမိသည် အချို့သော ဆရာကြီးများကို အကြိမ်ပေါင်းများစွာ တွေ့ဆုံဖူးခဲ့ပြီး အတော်ကလေးပင် ရင်းနှီးခင်မင်ခြင်း ရှိရသော်လည်း အချို့သော ဆရာကြီးများကား မှတ်မှတ်ရရ ဆိုသလို တစ်ကြိမ်တစ်ခါတည်းသာ တွေ့ဆုံဖူးပါသည်။

တစ်ကြိမ်တည်းသာ တွေ့ကြုံဖူးသော ဆရာကြီးသုံးဦးမှာ သခင်ဘသောင်း၊ ရွှေဒုံးဘီအောင်နှင့် ဆရာညာဏတို့ ဖြစ်ကြသည်။

ဆရာကြီး သခင်ဘသောင်းကို **ပန်းသာမစာဥ၊ တစ်ထောင့်တစ်ည** ဘာသာပြန် ဝတ္ထုများနှင့် စွဲလမ်းနှစ်သက်ခဲ့ရသည်။ သို့သော် မိမိ ရန်ကုန် ရောက်ရှိသောအခါ ဆရာကြီးနှင့် တွေ့ဆုံခွင့် မကြုံခဲ့ရပါ။ မိမိ ရန်ကုန်ရောက်ပြီး ဆယ်နှစ်လောက် ကြာသည့် အချိန်ကျမှပင် ပုဂံစာအုပ်တိုက်မှ မောင်ချောက ဆရာကြီးထံတွင် စာမူတောင်းချင်သည် ဆိုသဖြင့် မိမိနှင့် မင်းကျော်တို့ အဖော် လိုက်ပါသွားကြသည်။

ဆူးလေဘုရားလမ်းရှိ ဆရာကြီး တိုက်ခန်းသို့ သွားရောက်ကြရခြင်း ဖြစ်သည်။

ဆရာကြီး၏အခန်းသို့ ရောက်သော် ခဲရာခဲဆစ် တက်ကြရသည်။ ဆရာကြီး၏ နေအိမ်ခန်းမှာလည်း မိမိတို့ ရောက်သွားချိန်တွင် မိသားစုများ၊ ပစ္စည်းပစ္စယများ ရှုပ်ထွေးလျက်ရှိသည်။ သို့သော် ဆရာကြီးနှင့် မိသားစုအားလုံးကပင် မိမိတို့ကို ဖော်ဖော်ရွေရွေ လိုလိုလားလား လက်ခံတွေ့ဆုံကြသည်။ အနည်းငယ် စိတ်မကောင်းသော ကလေးငယ်တစ်ဦးက မိမိ၏လွယ်အိတ်ကို ယူပြီး လွှင့်ပစ်သဖြင့် အိမ်သားများ အားနာကြရသည်။ သည်မှ တစ်ပါးကား ဆရာကြီးနှင့် အတော်ကြီးကြာအောင် စကားပြောကြရသည်။ ဆရာကြီးက လှိုက်လှိုက်လှဲလှဲ စိတ်ပါလက်ပါ စကားပြောပါသည်။ မိမိတို့ သုံးယောက်စလုံးကို သူ သိရှိပါသည်။ ပုဂံ စာအုပ်တိုက်ကို သိသည်။ မင်းကျော်ကို သိသည်၊ နတ်နွယ်ကို သိသည်။ ဆရာကြီး ဘာသာပြန်ဆိုခဲ့သော **ကမ္ဘာ့ပတ်လည် ရက်ရှစ်ဆယ်**ကို မိမိလည်း ပြန်ဆိုကြောင်းကို ဆရာကြီး အမှတ်ရရှိပုံ ရပါသည်။ ဆရာကြီးသည် ကျန်းမာရေးအရ အသွားအလာ ခက်ခဲနေသည့်အချိန် ဖြစ်လေသည်။ မျက်နှာမှာ ရွှင်ပျလျက် ရှိသည်။ စိတ်ဓာတ်မှာ တက်ကြွ လန်းဆတ်လျက် ရှိသည်။

ဆရာကြီးနှင့် ယင်းသို့ တွေ့ဆုံပြီးနောက် နောက် ခုနစ်နှစ်၊ ရှစ်နှစ်လောက်ကြာမှ ဆရာကြီး ကွယ်လွန်ခြင်း ဖြစ်သော်လည်း အကြောင်း မကြုံကြိုက်သဖြင့် ဆရာကြီးနှင့် နောက်တစ်ကြိမ် မတွေ့ဆုံဖြစ်တော့ပါ။

ဆရာကြီး ရွှေဒုံးဘီအောင် အိမ်သို့ကား လင်းယုန်သစ်လွင်နှင့် လိုက်ပါသွားဖူးခြင်း ဖြစ်သည်။ သူတို့က ညောင်တုန်းသားများ ဖြစ်ကြသည်။ ထိုအချိန်က လင်းယုန်သစ်လွင်သည် ဆရာကြီးအိမ်သို့ အဝင်အထွက်ပြုပြီး ရုပ်ရှင် ဇာတ်ညွှန်းပညာ လေ့လာဆည်းပူးနေခိုက် ဖြစ်သည်။

ဆရာကြီးက နတ်နွယ်ဆိုသည်ကို ပထမတွင် သိရှိဟန် မတူပါ။ မိမိ၏စာတစ်ပုဒ်တလေကိုမျှ တွေ့ဖူးဟန် မရှိပါ။ **ကျောက်ဘီလူးနှင့်ပပဝင်း** ကို ပြောမှ ထိုရုပ်ရှင်ကား ဝတ္ထုကို ရေးသူဖြစ်ကြောင်း သိရှိပါသည်။ ထိုနေ့က ဆရာကြီးသည် စာပေအကြောင်းထက် ရုပ်ရှင်အကြောင်းကို အပြောများပါသည်။

အတန်ကြာမှ ဆရာကြီးက မိမိကို မေးသည်။

'မင်းကော ရုပ်ရှင်ဘက် ဝါသနာပါသလား'

'မပါပါဘူး ဆရာကြီး'

'အေး ... အဲဒါပဲ ကောင်းပါတယ်'

သည့်နောက် ဆရာကြီးအိမ်သို့ မိမိ မရောက်ဖြစ်ပါ။ ဆရာကြီးနှင့် မိမိ မတွေ့ဆုံဖြစ်တော့ပါ။

ဆရာကြီး ဦးညာဏနှင့်ကား ဂျာနယ်ကျော် မမလေး၏ အလုပ်တိုက်ခန်းတွင် တွေ့ဆုံဖူးခြင်း ဖြစ်သည်။ ဒေါ်မမလေး၏ စားပွဲတွင် မိမိနှင့် ကိုတင့်ဆန်းတို့ စကားပြော

နေစဉ်တွင် ဆရာကြီး ရောက်ရှိလာခြင်း ဖြစ်သည်။ ဆရာကြီးသည် ကိုတင့်ဆန်းကို သိရှိသည်။ သို့ဖြင့် ဒေါ်မမလေးက မိမိကို သူနှင့် မိတ်ဆက်ပေးသည်။ မိမိတို့ အတန်ကြာ စကားပြောကြသည်။

သည့်နောက်ပိုင်းတွင် ဆရာကြီးနှင့် တစ်ခါမျှ မတွေ့ဆုံတော့ပါ။ အံ့သြစရာတော့ ကောင်းသည်။ ဆရာကြီးသည် ဒေါ်မမလေးထံသို့လည်း မကြာမကြာ လာရောက်တတ်သည်။ **ရှုဒေါင့်** ဂျာနယ်တွင်လည်း ဦးစီးအဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ မိမိသည် ဒေါ်မမလေးတိုက်နှင့် **ရှုဒေါင့်** ဂျာနယ်တိုက်တို့သို့ အရောက်အပေါက်များသူ ဖြစ်သော်လည်း ဆရာကြီးနှင့် နောက်တစ်ကြိမ် ထပ်မံ မဆုံစည်းမိတော့ခြင်းမှာ အံ့သြစရာပင် ဖြစ်သည်။

မိမိသည် စာရေးဆရာအသင်းတွင် အမှုဆောင်အဖြစ် လည်းကောင်း၊ စာဆိုတော်နေ့ ကျင်းပရေးကော်မတီ၏ ဆပ်ကော်မတီများတွင် ကော်မတီဝင်အဖြစ် လည်းကောင်း လုပ်ဆောင်ခဲ့ရာတွင် အသင်းကြီး၏ ဦးဆောင်ဦးရွက်တစ်ဦးဖြစ်သော ဆရာကြီး ဒဂုန်ဦးလှဘောနှင့် တွေ့ဆုံရင်းနှီး ခဲ့ရပါသည်။ ပုဇွန်တောင် နှင်းပန်းလမ်းရှိ ဆရာကြီး၏ အိမ်သို့ အကြိမ်များစွာ ရောက်ရှိခဲ့ရပါသည်။

ဆရာကြီးသည် အဖွဲ့အစည်း လုပ်ငန်းများတွင် စိတ်ဝင်စားမှု ရှိပြီး၊ လုပ်ဆောင်ရာတွင်လည်း စည်းစနစ်ရှိပြီး တိကျပါသည်။ ထို့အပြင် လူငယ်များကိုလည်း နားလည်မှုရှိပြီး ပြေပြစ်စွာ လက်တွဲလုပ်ဆောင် တတ်ပါသည်။

ဆရာကြီးနှင့် ပထမအကြိမ် တွေ့ရှိစဉ်က စာရေးဆရာ ကိုတင်စိုးက သူသည် ပုံနှိပ်တိုက်တစ်လုံးနှင့် စာအုပ်တိုက် ထူထောင်ထားကြောင်း၊ ပုံနှိပ်စက်နှင့် စာအုပ်တိုက် လုပ်ငန်းများကို မိမိက ကြီးကြပ်လုပ်ဆောင်နေကြောင်း ပြောထားသဖြင့် ဆရာကြီးက မိမိနှင့်တွေ့တိုင်း ပုံနှိပ်တိုက်အကြောင်း၊ စာအုပ်တိုက်အကြောင်း မေးမြန်းပြောဆိုတတ်ပါသည်။ ဆရာကြီးမှာလည်း ပုံနှိပ်တိုက်တစ်လုံး တည်ထောင်ထားသဖြင့် ပုံနှိပ်တိုက် လုပ်ငန်း အတွေ့အကြုံများကို ပြန်လည် ပြောဆိုတတ်ပါသည်။

ဒဂုန် ဦးထွန်းမြင့်ကိုကား ဆရာပါရဂူ၏ အိမ်တွင် တွေ့ဆုံသိကျွမ်း ရပါသည်။ တစ်နေ့တွင် ဆရာပါအိမ်သို့ သွားရောက်လည်ပတ်ရာတွင် အသားညိုညို၊ မျက်နှာချိုချို၊ ပိန်ပိန်ပါးပါး ယောကျ်ားကြီးတစ်ယောက်၊ အသားညိုညို၊ မျက်နှာချိုချို၊ ပိန်ပိန်ပါးပါး မိန်းမကြီးတစ်ယောက်ကို တွေ့ရှိရသည်။

ပါရဂူက ...

'ဒါ ကျွန်တော့်အဒေါ် တော်တယ်၊ ခင်ဗျားစာတွေ သိပ်ဖတ်တယ်။ ကျွန်တော့်ကို ခင်ဗျားပေးတဲ့ စာအုပ်တွေ သူတို့ ယူသွားကြတာပဲ။ ဒါက ဒဂုန် ဦးထွန်းမြင့်လေ'

ဆရာက မျက်နှာချိုသလို စကားပြောလည်း ချိုသည်။ အေးသည်။ အမူအရာ

ယဉ်ကျေးလှသည်။ မည်သည့်နေရာတွင်မှ မာန်မာန အစအန မတွေ့ရပါ။ ဖွေးဖွေးဖြူသော သွားကလေးများကိုပေါ်အောင် ပြုံးပြီး စကားပြောတတ်သည်။ ဆရာ့ကို ဆရာပေါ့ထံ၌လည်း မကြာခဏ တွေ့ရသည်။ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့ သွားသောအခါတွင်လည်း ဆရာ့ကို တွေ့ရသည်။ ဆရာက ယင်းဌာနတွင် လက်ထောက်စာတည်း ဖြစ်သည်။ ဆရာ ပြုစုခဲ့သော **ပါဠိသက် ဝေါဟာရ အဘိဓာန်**ကျမ်းသည် စာရေးဆရာများ၊ သုတေသီများအတွက် လက်စွဲစာအုပ်တစ်အုပ် ဖြစ်ပါသည်။ ဆရာ၏ ကျမ်းစာအုပ်ကို တွေ့မြင်ရတိုင်း ဆရာ၏ ဂုဏ်ကျေးဇူးကို အမှတ်ရနေရမည် ဖြစ်ပါသည်။

## ဆရာ ဇေယျ

ဆရာကြီး ဇေယျသည် မိမိ၏ "စံပြု" ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ ဆရာ၏ အကြောင်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်း ရေးစဉ်က အနည်းအကျဉ်း တို့ထိခဲ့ပြီး ဖြစ်ပါသည်။ သို့သော် မိမိ၏ "စံပြု" ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်အကြောင်း တိတိကျကျ ရေးသားဖို့ လိုပါဦးမည်။

လူတိုင်းမှာပင် ၎င်းတို့ စံနမူနာပြုသည့် ပုဂ္ဂိုလ်များ ရှိသည်။ မိမိတို့ နှစ်သက်သော၊ အထင်ကြီးသော၊ လေးစားသော ပုဂ္ဂိုလ်များ၏ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်၊ စိတ်နေစိတ်ထားတို့ကို စံနမူနာပြုပြီး ယင်းအတိုင်းဖြစ်အောင် လိုက်နာကျင့်ဆောင်တတ်ကြပါသည်။

ဆရာ ဇေယျ (၁၉၀၀-၈၂)



ဆရာကြီး ဇေယျနှင့် ပတ်သက်၍ မိမိ စံပြုသည့်အချက်မှာ ဆရာကြီး၏ "စာအုပ်ရှာဖွေစုဆောင်းမှု" ပင် ဖြစ်ပါသည်။

ရှားပါးသော စာအုပ်များ၊ အဖိုးထိုက်တန်သော စာအုပ်များကို မည်ကဲ့သို့ ရှာဖွေပုံ၊ မည်ကဲ့သို့ ရရှိပုံ၊ ယင်းစာအုပ်များကို မည်ကဲ့သို့ စုဆောင်းထားပုံများကို ဆရာကြီးကိုယ်တိုင်ရေးသော ဆောင်းပါးများအရ လည်းကောင်း၊ ဆရာကြီးအကြောင်း အခြားသူများရေးသော ဆောင်းပါးများအရ လည်းကောင်း မိမိ ဖတ်ရှု သိရှိခဲ့ရပါသည်။ ဆေးပြင်းလိပ်ကြီး ခဲထားသော ဆရာကြီးကို ရန်ကုန်မြို့ စာအုပ်အဟောင်းဆိုင်များတွင် မကြာမကြာ ဆိုသလိုပင် တွေ့မြင်ရကြောင်း မန္တလေးမှာ မိမိ ရှိစဉ်ကတည်းက သတင်းကြားခဲ့ပြီး ဖြစ်သည်။

မိမိသည် ဆရာကြီးကို အားကျပြီး စာအုပ်များ စုဆောင်းရန်၊ ရှားပါးသော စာအုပ်များကို လိုက်လံရှာဖွေရန်၊ စာအုပ်အဟောင်းဆိုင်များကို မွှေနှောက်ရန် သန္နိဋ္ဌာန်ချခဲ့ပါသည်။ တတ်နိုင်သမျှလည်း စာအုပ်များကို ရှာဖွေစုဆောင်းခဲ့ပါသည်။ ရန်ကုန်မြို့သို့ ရောက်ရှိသော အခါတွင်လည်း အချိန်ရသမျှ စာအုပ်အဟောင်းဆိုင်များသို့ လှည့်လည် ကျက်စားခဲ့ပါသည်။ ယနေ့အထိပင် ဖြစ်ပါသည်။

မိမိ ရန်ကုန်ရောက်ပြီး မကြာမီပင် ဆရာကြီးကို ၂၉ လမ်း၊ မောင်ထော်လေးလမ်း (ဗိုလ်ဆွန်ပက်လမ်း) အစရှိသော စာအုပ်အဟောင်းဆိုင်များတွင် တွေ့ရှိရပါသည်။ ဆရာကြီးသည် ရံဖန်ရံခါတွင် နေပူကျဲကျဲကြီးတွင် အချိန် အတော်ကြီးကြာအောင်ပင် မတ်တတ်ရပ်ပြီး စာအုပ်ဟောင်းများ မွှေနှောက်လှန်လှော ကြည့်ရှုနေတတ်ပါသည်။ ရံဖန်ရံခါတွင် စာအုပ်အဟောင်းလေး တစ်အုပ်၊ နှစ်အုပ်ကို ချိုင်းကြားညှပ်ပြီး ကျေနပ်အားရစွာဖြင့် အိမ်ပြန်သွားသော ဆရာကြီးကို တွေ့ရပါသည်။

ဆရာကြီးနှင့် မိမိသည် ခင်မင်ရင်းနှီးနေပြီ ဖြစ်သော်လည်း စာအုပ်ဆိုင်များ၊ လမ်းဘေး စာအုပ်တန်းများတွင် တွေ့ရှိသောအခါတွင်ကား တွေ့ရှိဖန်များသူများ ဖြစ်သည့်အလျောက် အသိအမှတ်ပြု နှုတ်ဆက်ရုံမျှသာ နှုတ်ဆက်ပြီးနောက် မိမိအလုပ်ကိုသာ မိမိ ဆက်လက် လုပ်ဆောင်ကြပါသည်။

သို့သော် ရံဖန်ရံခါတွင်ကား မိမိ တွေ့ရှိထားသော စာအုပ်၊ မိမိ လိုချင်သော စာအုပ်နှင့် ပတ်သက်သည့် အကြောင်းများကို ဆရာကြီးအား မေးရပါသည်။ ထိုအခါ ကွန်ပျူတာကို မေးရသည့်အတိုင်းပင် ဆရာကြီးသည် စာအုပ်နှင့် ပတ်သက်သော အချက်အလက်များကို ဒိုးဒိုးဒေါက်ဒေါက် ရှင်းပြပါသည်။

ယင်းသို့ဖြင့် စာအုပ် စုဆောင်းသော အကျင့်၊ စာအုပ် အဟောင်းဆိုင်များသို့ သွားရောက် မွှေနှောက်သော အလေ့ကို ဆရာကြီးထံမှ ရရှိသည်ဟု ဆိုရပါမည်။ ထိုအကျင့်အလေ့သည် ယနေ့တိုင် မိမိတွင် စွဲကပ်နေဆဲ ဖြစ်ပါသည်။ ဆရာကြီးထံမှ ရရှိလိုက်သော အမွေပင် ဖြစ်ပါသည်။

ယနေ့ သက်ရှိထင်ရှား ကျော်ကြားသော စာရေးဆရာကြီးများထဲတွင် အသက်အကြီးဆုံးသော ပုဂ္ဂိုလ်မှာ ဆရာကြီး ဒဂုန်နတ်ရှင်ပင် ဖြစ်သည်။

## ဒဂုန်နတ်ရှင်

ဆရာသည် ယခု ၁၉၈၇ ခုနှစ် အသက် ၈၈ နှစ်အထိ စာရေးနေဆဲ ဖြစ်ပါသည်။ လွန်ခဲ့သော သုံးလေးလကပင် ဆရာ၏ ဆောင်းပါးတစ်ပုဒ်ကို **စန္ဒာ** မဂ္ဂဇင်း (၈၁၊ ၈၇) တွင် အမှတ်ထင်ထင် ဖတ်လိုက်မိသေးသည်။ ဆောင်းပါးအမည် "ခေတ်ဟောင်းမှ လက်ပြောင်းယူခဲ့ကြသလော"က ဆွဲဆောင်ဖိတ်ခေါ်သဖြင့် ဖြစ်ပါသည်။ ပြဇာတ်များအကြောင်း ရေးထားခြင်း ဖြစ်သည်။

ဆရာနှင့် မိမိ သိကျွမ်းရသည်မှာ စာရေးဆရာအသင်း လှုပ်ရှားမှုများနှင့် ပတ်သက်၍ပင် ဖြစ်သည်။ ဆရာသည် ဂျပန်ခေတ် ၁၉၄၂ ခုနှစ်တွင် စာရေးဆရာအသင်း တည်ထောင်စဉ်ကတည်းက ဒုတိယဥက္ကဋ္ဌ ဖြစ်ခဲ့ပြီး စစ်ပြီးခေတ်တွင်လည်း အမှုဆောင်၊ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ စသည်ဖြင့် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။ အချို့နှစ်များတွင် အသင်း၏ လှုပ်ရှားမှုမှာ အတန်အသင့် ရှိခဲ့သော်လည်း အချို့နှစ်များတွင်ကား ပုံမှန်လောက်ပင် ဖြစ်သည်။ ပုံမှန်ဆိုသည်က နှစ်ပတ်လည် အစည်းအဝေးအတွက် လှုပ်ရှားခြင်းနှင့် စာဆိုတော်ပြဇာတ်နှင့် စာဆိုတော်နေ့ လှုပ်ရှားခြင်းများပင် ဖြစ်သည်။ သည့်နောက်တွင်ကား အမှုဆောင်အဖွဲ့ အစည်းအဝေးလောက်သာ ရှိပေသည်။ မည်သို့ဆိုစေ

ဒဂုန်နတ်ရှင် ( ၁၈၉၈–၁၉၈၉ )



မိမိသည် ဆရာနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေး၊ စာဆိုတော်ကာလနှင့် အမှူဆောင် အစည်းအဝေး စသည်တို့တွင် တွေ့ထိ ရင်းနှီးခဲ့ရသည်။

ထုံးစံအတိုင်းပင် ဆရာက မိမိကို မန္တလေးကဟူ၍ စိတ်ဝင်စားသည်။ ဆရာက မန္တလေးသား စစ်စစ်ကြီး ဖြစ်သည်။ ယွန်းတန်းတွင် မွေးဖွားခဲ့သူ ဖြစ်သည်။ ထို့ပြင် မိမိသည် ဘီတီအင် ဟုခေါ်သော ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းတွင် နေခဲ့သည် ဆိုသဖြင့် ပိုပြီး စိတ်ဝင်စားသည်။ ဆရာကလည်း ဘီတီအင် ကျောင်းထွက်ပင် ဖြစ်သည်။

ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းသည် မန္တလေးမြို့တွင် ထင်ရှားကျော်ကြားပြီး သမိုင်းအစဉ်အလာကြီးသော ကျောင်းတစ်ကျောင်း ဖြစ်သည်။ ဗုဒ္ဓသာသနာပြု အင်္ဂလိပ်စာသင်ကျောင်း ဖြစ်သည်။ ခရစ်ယာန် သာသနာပြု အေဘီအင် (ကယ်လီ)၊ စိန့်ပီတာ၊ အက်စ်ပီဂျီ၊ ဝက်စလီ စသော ကျောင်းကြီးများနှင့် အပြိုင် ဖြစ်သည်။ မြိတ်မြို့မှ အင်္ဂလိပ်စာတတ်ဘုန်းကြီးတစ်ပါးက လမ်းလယ်ဘုရား မြောက်ဘက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့သော "ဘိတ်ကျောင်း" မှ သန္ဓေတည် ပေါက်ဖွားလာခြင်း ဖြစ်သည်။ မူလက မူလတန်းကျောင်းမျှသာ ဖြစ်ပြီး ဆရာ နေသောကာလတွင် အလယ်တန်းကျောင်းသာ ရှိသေးသည်။ နောက်မှ အထက်တန်းကျောင်းကြီး ဖြစ်လာသည်။ ၁၉၁၃-၁၄ တွင် ဖြစ်သည်။ ထိုအခါက ကျောင်းအုပ်ကြီးလုပ်သူမှာ ဖေပုရှိန် အဖွဲ့ဝင် ဦးထွန်းရှိန် ဖြစ်ပါသည်။

ဆရာကြီးက မိမိနှင့်တွေ့တိုင်း မန္တလေးအကြောင်း၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းတို့ကို ပြောဆိုသည်။ ထို့အပြင် မိမိတို့တွင် တခြား ပြောစရာအကြောင်း နှစ်ခုလည်း ရှိပေသေးသည်။ ယင်းတို့မှာ "ယွန်းတန်း" နှင့် "ဂုဏဝတီ" တို့ပင် ဖြစ်သည်။

မိမိက သကျသီဟဘုရား အနောက်တောင်ဘက်တွင် နေထိုင်ခဲ့ပြီး ယွန်းတန်းက သကျသီဟဘုရား အရှေ့မြောက်ဘက်တွင် ဖြစ်သည်။ နီးနီးကလေးပင် ဖြစ်သည်။ သို့သော် နီးသည်၊ ဝေးသည်က အကြောင်းမဟုတ်။ ယွန်းတန်းသည် မိမိနှင့် ထိတွေ့မှု ရှိသော လမ်းတစ်လမ်း ဖြစ်သည်။ ယွန်းတန်းတွင် မိမိနှင့် အခင်မင်ဆုံး သူငယ်ချင်းတစ်ယောက်ဖြစ်သည့် တင်ဝင်း ရှိသည်။ တင်ဝင်းနှင့် မိမိက စစ်ပြီးခေတ် ဘီတီအမ်ကျောင်း ပြန်လည်ဖွင့်လှစ်သော ၁၉၄၆ ခုနှစ်ကတည်းက တစ်တန်းတည်း အတူ နေခဲ့ကြသူများ ဖြစ်သည်။ စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဖြစ်သည်။

တင်ဝင်း၏ဖခင်သည် အစိုးရ အရာရှိတစ်ဦး ဖြစ်သည်။ တင်ဝင်း၏ မိဘဘိုးဘွားများသည် ယွန်းတန်းဇာတိများ ဖြစ်ကြသည်။ ၎င်းတို့၏ အမည်များကို ပြောပြသောအခါ ဆရာ ကောင်းကောင်းသိရှိသည်။ ဆရာက ရှေးခေတ်က ယွန်းတန်းအကြောင်း ပြောပြသည်။ ဆရာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ **ဘဝခရီးစဉ်** တွင်လည်း

ပါရှိသည်။ သကျသီဟ၊ ရွှေတချောင်း၊ ယွန်းတန်းနှင့် လမ်းလယ်ဘုရားတို့ကို ဆရာ အထူးသတိရ လွမ်းမောဟန် ရှိသည်။ ယင်းကြောင့်လည်း မိမိနှင့်တွေ့တိုင်း မန္တလေး အကြောင်း ပြောဆိုခြင်း ဖြစ်သည်။

ဆရာ၏ **ဘဝခရီးစဉ်** တွင် ခင်မင်ရင်းနှီးသော သူငယ်ချင်း နှစ်ယောက် အကြောင်း ပါရှိသည်။ နန်းတွင်းဆေးရုံမှ ကွန်ပေါင်းဒါး မောင်တင်နှင့် ဓားတန်း ဂုဏဝတီ ပုံနှိပ်တိုက် မန်နေဂျာ မောင်စိန်တို့ ဖြစ်သည်။ ကွန်ပေါင်းဒါး မောင်တင်မှာ နောင်တွင် နန်းတော်ရှေ့ ဆရာတင် ဖြစ်ပြီး၊ မန်နေဂျာ မောင်စိန်မှာ ဗန္ဓုလဦးစိန် ဖြစ်တော့သည်။ ထိုအချိန်က ဂုဏဝတီ ပုံနှိပ်တိုက်သည် ရန်ကုန်မှ **ပညာ့အလင်း** မဂ္ဂဇင်း ကိုယ်စားလှယ် ဖြစ်သည်။ ဆရာက **ပညာ့အလင်း** မဂ္ဂဇင်းကို လစဉ် မှာယူဖတ်ရှုသူ ဖြစ်သဖြင့် မောင်စိန်နှင့် ခင်မင်ရင်းနှီးရခြင်း ဖြစ်သည်။

မိမိမှာလည်း "ဂုဏဝတီ" နှင့် ရင်းနှီးဆက်စပ်သူတစ်ဦး ဖြစ်သည်။ မိမိအား **တာရာ** မဂ္ဂဇင်းများနှင့် အခြား စာပေ စာအုပ်များကို ငှားရမ်းဖတ်ရှုစေသော၊ မိမိ၏ စာပေမိတ်ဆွေတစ်ဦး ဖြစ်သော ကိုခင်မောင်သည် ဂုဏဝတီ ပုံနှိပ်တိုက်ပိုင်ရှင်၏သား ဖြစ်သည်။ သူက မိမိထက် အသက်လည်းကြီးပြီး အတန်းလည်း ကြီးသော်လည်း မိမိနှင့် တင်ဝင်းတို့သည် "ကျော်ပျံခုန်လွှား" ပြီး တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိသွား သောအခါ ကိုခင်မောင်နှင့် တစ်တန်းတည်း ဖြစ်သွားရတော့သည်။ မိမိ၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦး ဖြစ်ရတော့သည်။ မိမိသည် စက်ဘီးတစ်စီးနှင့် နေ့စဉ်လိုပင် ယွန်းတန်း ရှိ တင်ဝင်းထံသို့ ရောက်ရှိတတ်သလို၊ ဓားတန်းရှိ ကိုခင်မောင်တို့၏ ဂုဏဝတီ ပုံနှိပ် တိုက်သို့လည်း ရောက်ရှိရပါသည်။ ဂုဏဝတီ ပုံနှိပ်တိုက်သည် တစ်ချိန်က ထင်ရှားသော ပိဋကတ် ပုံနှိပ်တိုက်ကြီးတစ်ခု ဖြစ်ရာ ဆရာက မိမိကို ဂုဏဝတီပုံနှိပ်တိုက်နှင့် ဂုဏဝတီ ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော ကျမ်းစာအုပ်များအကြောင်းကို အမှတ်တရ ပြောဆို တတ်ပါသည်။

ဆရာသည် လူပုံစံ အေးသလို စကားပြောလည်း အေးပါသည်။ သို့သော် စိတ်ပါလက်ပါနှင့် လိုက်လိုက်လှဲလှဲ ပြောဆိုတတ်ပါသည်။ တစ်ဖက်သား ပြောသည်ကို လည်း အာရုံစူးစိုက်ပြီး လေးလေးစားစား နားထောင်တတ်ပါသည်။

မိမိသည် ဆရာနှင့် စကားပြောဆိုရသဖြင့်၊ ဆရာ ပြောကြားသည်များကို နားထောင်ရသဖြင့် အသိပညာနှင့် အထောက်အထား အချက်အလက်များ ရရှိသည်။ ဆရာ၏ စာအုပ်များမှာလည်း မိမိအတွက် ရည်ညွှန်းကိုးကားရာ လက်စွဲ စာအုပ်များ ဖြစ်ပါသည်။ ယင်းတို့မှာ **စာပေဝတ်ဆံ** ၁ မှ ၈၊ **စာပြုစာဆို ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ** ပါနောက် ရုပ်ကြီးစင်နှင့် မြန်မာ့ရိုးရာ ကွမ်းဓလေ့တို့ ဖြစ်ပါသည်။ အထူးသဖြင့် **စာပေ ဝတ်ဆံ** ရှစ်အုပ်သည် အထူး အားကိုးအားထားရာ ဖြစ်ပါသည်။

ဆရာသည် အထွေထွေကျန်းမာရေးနှင့် မျက်စိ မကောင်းမွန်သော်လည်း လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်ကအထိ လူတွေထဲတွင် တိုးဝှေ့သွားလာလျက် ရှိပါသည်။ တိုက်ပုံအင်္ကျီ အသွေးဖျော့ဖျော့၊ မျက်မှန် မည်းမည်းနက်နက်နှင့် ပိန်ပိန်ပါးပါး အဘိုးကြီး တစ်ယောက်ကို ပိန်ပိန်ပါးပါး လူရွယ်တစ်ယောက်က တွဲသွားသည်ကို လှစ်ခနဲ မြင်လိုက်ရ၍ သေချာအောင်ကြည့်လိုက်လျှင် ဆရာ ဒဂုန်နတ်ရှင်နှင့် ဆရာ၏သား ဒါရိုက်တာ ကိုသန်းထွန်းတို့ပင် ဖြစ်ပါသည်။ ဆရာ့ကို မကြာခဏဆိုသလိုပင် မြို့လယ်ကားဂိတ်မှာ တွေ့ရပါသည်။ ဆရာသည် နှောင့်နှေးမနေဘဲ ပြည့်ကျပ်နေသော ကားပေါ်သို့ အတင်းတိုးဝှေ့ပြီး တက်သွားပါသည်။

တစ်ချိန်တွင် မိမိက ...

'ဆရာရယ်၊ သွားရလာရတာ ကားတွေက သိပ်ကျပ်ပါတယ်။ အပြင်မထွက်လို့ မဖြစ်ဘူးလား'

'မဖြစ်လို့ ထွက်နေရတာပေါ့ ကိုနတ်နွယ်၊ ကျုပ်တို့ လောကကြီးက ဒီလိုပဲ မဟုတ်ဘူးလား'

ဘာကြောင့်မှန်း မသိ။ ဆရာ၏ စကားကို နားထဲတွင် မကြာမကြာ ကြားယောင်လျက် ရှိသည်။

## ဇူဝံ

သက်ရှိ ထင်ရှားသော ဆရာကြီးများထဲတွင် ယနေ့တိုင် စာရေးနေသေးပြီး ယနေ့တိုင် မဂ္ဂဇင်းတိုက်များသို့ ကိုယ်တိုင်လှည့်လည် သွားရောက်လျက်ရှိသော အသက် အကြီးဆုံး စာရေးဆရာကို ပြပါဆိုလျှင် ဆရာရန်အောင် ပြီးလျှင် ဆရာဇူဝံပင် ဖြစ်ပါလိမ့်မည်။

ဆရာသည် မနေ့တစ်နေ့ကပင် မိမိ၏ **သည်းထိတ်ဖို** ရိုက်နှိပ်ဖြန့်ချိရာ ဖြစ်သော ၃၇ လမ်းရှိ ဘဝတက္ကသိုလ်စာပေသို့ လာရောက်ကာ "မိုက်ခဲထွန်းရွှေ" ဝတ္ထုတို စာမူ တစ်ပုဒ် ပေးသွားသည်။

ဆရာသည် ယခုအခါ ၇၉ နှစ် ပြည့်ခဲ့ပြီး အသက် ၈၀ တွင်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် ဆရာ အသက် ၈၀ ပြည့်ပါမည်။

**သည်းထိတ်ဖို** ကို ထုတ်ဝေရန် စီစဉ်သောအခါ ဆရာ့ထံမှ စာမူတောင်းရန် အဦးဆုံး သတိရမိသည်။ သို့သော် ဆရာနှင့် မည်သို့ အဆက်အသွယ် ပြုလုပ်ရမည်ကို မသိဘဲ ရှိနေသည်။ ဆရာ ကြည့်မြင်တိုင်မှာ နေမှန်း သိသည်။ သို့သော် လိပ်စာ အတိအကျ မသိပါ။ မည်သူ့ကို မေးရမည် မသိပါ။ ရုတ်တရက် စဉ်းစား၍ မရပါ။ လွန်ခဲ့သော တစ်နှစ်ကျော်၊ နှစ်နှစ်လောက်တုန်းက မိမိ မိုးဝေ မှာရှိစဉ် ၃၄ လမ်း

မဂ္ဂဇင်းတိုက်သို့ ဆရာ စာမူလာပေးရင်း ၂၆ လမ်းတွင် အော့ဖ်ဆက် ပုံနှိပ်စက်တစ်လုံး တည်ထောင်ရန် အစီအစဉ် ရှိကြောင်း ပြောဖူးသည်။ မိတ်ဆွေတစ်ဦး၏ စက်ကို ဆရာက ကြီးကြပ် လုပ်ဆောင်ပေးရမည် ဖြစ်သည်။ သို့သော် ထိုပုံနှိပ်စက် ဖွင့်နေပြီလား မဖွင့်သေးဘူးလား ဆိုသည်ကိုလည်း မိမိ အတိအကျ မသိပါ။

ဆရာသည် **စံပယ်ဦး**၊ **စန္ဒာ** နှင့် **မြဝတီ** တို့တွင် ဝတ္ထုများ ရေးသားလျက်ရှိပြီး ယင်းတိုက်များသို့ လာရောက်တတ်ကြောင်း သိရှိရသဖြင့် ဆရာ မြို့ထဲရောက်လျှင် ၃၇ လမ်း **ဘဝတက္ကသိုလ်**သို့ လှည့်ဝင်ပါရန် ယင်းတိုက်များမှ အယ်ဒီတာများကို မှာကြားထားရန် သတိရမိသည်။ သို့ရှိစဉ်မှာ မြေနီသစ္စာက သူ့လက်ထဲတွင် ရှိနေသော ဆရာ၏ စာမူတစ်ပုဒ်ကို **သည်းထိတ်ဖို** သို့ လာပေးသည်။ သို့ဖြင့် ဆရာ့ထံ မြေနီသစ္စာနှင့်လည်း မှာလိုက်သည်။ အထက်ပါတိုက်များမှ အယ်ဒီတာအချို့ကိုလည်း မှာထားမိသည်။

**သည်းထိတ်ဖို** အမှတ် (၂) တွင် ဆရာ၏ ဝတ္ထု ပါသွားသည်။ စာအုပ်ထွက်ပြီး မကြာမီမှာပင် တိုက်သို့ ဆရာ ရောက်ရှိလာသည်။ မိမိ မှာကြားထားသော လူများက ပြော လိုက်၍ မဟုတ်ပါ။ စာအုပ်ကြော်ငြာ သတင်းစာထဲတွင် ပါရှိသည်ကို ဖတ်ရ၍ ဖြစ်သည်။ ဆရာ လာရောက်စဉ်က တိုက်သို့ မိမိ မရောက်သေးပါ။ ဘဝတက္ကသိုလ် မောင်နေဝင်းက ပြောသဖြင့် ဆရာက သူ့လိပ်စာနှင့် တယ်လီဖုန်းနံပါတ်တို့ကို ပေးသွားသည်။ သို့ဖြင့် နောက်တစ်နေ့တွင် ဆရာ့ထံသို့ မိမိ ဖုန်းဆက်ရသည်။ ဆရာ့ထံမှ နောက်ထပ် စာမူရကြောင်း၊ မည်သို့ ဆက်သွယ်ရမည်နည်း၊ ဆရာ့အိမ်သို့ မိမိ လာယူရမလားဟု မေးသည်။ ဆရာက စာမူကို သူကိုယ်တိုင် လာပို့မည်ဟု ပြောပါသည်။ ပြောသည့်အတိုင်းလည်း

ရူဝံ ( ၁၉၀၈–၁၉၈၉ )



စာမူ လာပို့ပါသည်။ သို့သော် ဆရာ လာချိန်တွင် မိမိ မရောက်သေးသဖြင့် ဆရာက မိမိနှင့် တွေ့လိုသဖြင့် မိမိ ရှိမည့်အချိန်တွင် တစ်ခေါက် ပြန်လှည့်လာပါသည်။ ထိုနေ့က မိုးတွေရွာနေသဖြင့် ဆရာ့ကို မိမိ များစွာမှ အားနာရသည်။ ထို့နောက် ဆရာ့ကို မေးမိသည်။

'ဆရာ မြို့ထဲကို ဘယ်နေ့တွေ ထွက်တတ်သလဲ'

အချို့ စာရေးဆရာများ အကြောင်းထူး မရှိပါလျှင် သူ့နေ့နှင့်သူ ထွက်တတ်သဖြင့် မေးရခြင်း ဖြစ်သည်။ ဆင်ဖြူကျွန်းအောင်သိန်း ဆိုလျှင် တနင်္လာ၊ ကြာသပတေး။ ဆရာရန်အောင်၊ မြသန်းတင့်၊ မင်းကျော်၊ မောင်နေဝင်းတို့ဆိုလျှင် တနင်္လာ တစ်ရက်တည်း။ သူတို့ကို တွေ့ချင်လျှင် သူတို့ ထွက်သောနေ့များတွင် သူတို့ ရှိတတ်သော နေရာ၊ ရှိတတ်သော အချိန်တို့တွင် သွားရောက်ရှာဖွေရသည်။

'နေ့တိုင်းလောက် ထွက်ဖြစ်ပါတယ်'

ဆရာက ခပ်သောသောပင် ပြန်ပြောပါသည်။ ဆရာ့အဖို့ မြို့ထဲ ထွက်ရသည်မှာ မည်သို့မျှ အပန်းမကြီးဟန် ဖြစ်သည်။

'ဆရာ ဘယ်တိုက်တွေမှာ ရှိတတ်သလဲ'

'အကုန် လျှောက်သွားတာပဲ၊ မဂ္ဂဇင်းတိုက်တွေရော၊ မိတ်ဆွေတွေရော'

မြတ်စွာဘုရား။

ဟုတ်တော့လည်း ဟုတ်သည်။ ဆရာက ကိုယ်လုံးကိုယ်ထည် ပိန်ပိန်ပါးပါးနှင့် အသက် ၈၀ အရွယ် ဖြစ်သော်လည်း များစွာ အရွယ်တင်သည်။ ၆၀ လောက်ပဲ ထင်ရသည်။ ကျန်းမာရေး အများကြီး ကောင်းမွန်ပုံ ရသည်။ ဖျတ်လတ် သွက်လက်သည်။ ဘာတွေ အဆက်မပြတ် ရေးနေပြီး လူတောထဲတွင် အဆက်မပြတ် လှည့်လည် သွားလာနေ၍လားပင် မပြောတတ်။

၁၉၅၆ ခု **ပြည်ထောင်စု** သတင်းစာတွင် ဆရာ အယ်ဒီတာချုပ် လုပ်စဉ်ကတည်းက ဆရာ့ကို မိမိ သိခွင့်ရရှိခဲ့ပါသည်။ ထိုစဉ်က **ပြည်ထောင်စု** တွင် မောင်ဉာဏ်ဝန်းရှိသည်။ ကိုဉာဏ်ဝန်းက **နော်ရထာ** ဂျာနယ် အယ်ဒီတာလည်း ဖြစ်သည်။ ကိုဉာဏ်ဝန်းသည် ရေးဖော်ရေးဖက်များ၏ စာမူများကို **နော်ရထာ** ဂျာနယ်တွင် ဦးစားပေး ထည့်သွင်းပေးပြီး စာမူခ အမြန်ဆုံး ထုယ်ယူရရှိနိုင်ရန်လည်း ကူညီဆောင်ရွက်ပါသည်။ ရံခါတွင်သူ့အိတ်ထဲမှ ကြိုတင်စိုက်ထုတ်ပြီး ပေးတတ်ပါသည်။ **နော်ရထာ** ဂျာနယ်တိုက်သည် ကော်ပါလမ်း ယခု စာပေစိစစ်ရေးရုံး တည်ရှိရာ ဝင်းထဲတွင် တည်ရှိသော်လည်း ကိုဉာဏ်ဝန်းသည် **ပြည်ထောင်စု** သတင်းစာတွင်ပါ တွဲဖက်လုပ်ကိုင်ရသောအခါ **နော်ရထာ** ဂျာနယ်၏ အလုပ်များကို **ပြည်ထောင်စု** သတင်းစာတိုက်မှပင် လုပ်ဆောင်သည်။ သို့ဖြင့် မိမိနှင့် ကိုတင့်ဆန်းတို့သည် ကိုဉာဏ်ဝန်းကို တွေ့ရှိရန် **ပြည်ထောင်စု**

သို့ သွားကြရသည်။ သည်တွင် ကိုဉာဏ်ဝန်က မိတ်ဆက်ပေးသဖြင့် ဆရာနှင့်မိမိ သိကျွမ်းခဲ့ရခြင်း ဖြစ်ပါသည်။

ဂျာနယ်ကျော်တင့်ဆွေ **အမျိုးသား** သတင်းစာမှ **ပြည်ထောင်စု** သို့ ပြောင်းလာသောအခါ မိမိကိုလည်း လိုက်ခဲ့ရန် ခေါ်သည်။

'လိုက်ခဲ့ပါဗျာ၊ ဟိုမှာက ကိုယ့်လူတွေချည်းပဲ၊ အယ်ဒီတာချုပ်ကလည်း စာရေးဆရာပဲ'

မိမိ မလိုက်ပါ။ သတင်းစာဆရာအဖြစ်ကို အားမသန်လှသောကြောင့် ဖြစ်သည်။ အကြောင်းတိုက်ဆိုင်သဖြင့် သတင်းစာတိုက်များ၊ ဂျာနယ်တိုက်များတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သော်လည်း မိမိ၏ ပင်မအလုပ်က စာရေးဆရာသာ ဖြစ်ပါသည်။

ဤနေရာတွင် ဆရာနှင့် ပြောင်းပြန်ဖြစ်သည်။ ဆရာက သတင်းစာဆရာ ဖြစ်သည်။ အကြောင်းတိုက်ဆိုင်သဖြင့် စာရေးဆရာ ဖြစ်နေရခြင်း ဖြစ်သည်။

တစ်နေ့ကပင် ဆရာက ၃၇ လမ်းတိုက်တွင် စာမူလာပေးရင်း ပြောသေးသည်။

'ကျုပ်က သတင်းစာဆရာဗျ၊ စာရေးဆရာ မဟုတ်ဘူး၊ ဘယ်လိုကနေ ဘယ်လို စာရေးဆရာ ဖြစ်လာတယ် မသိဘူး။ တကယ်တော့ ကျုပ်က စာကို သိပ်ရေးတတ်တာ မဟုတ်ဘူး။ ကိုနတ်နွယ်ကို ပြောရဦးမယ်၊ ကိုနတ်နွယ်ရဲ့ ဟိုစာအုပ် အဲ .... **ဝက်ပါ** အဲဒီစာအုပ်ကို ပြည်ဘုန်းမြင့်ဆီက ရလို့ ဖတ်ရတယ်၊ ပရက်ဆင့်တေးရှင်း (Presentation တင်ပြပုံ) သိပ်ကောင်းတာပဲ။ ဝတ္ထုကို ဘယ်လိုရေးရတယ်ဆိုတာ အဲဒီတော့မှ ကျုပ် သေသေချာချာ သိတယ်'

ဆရာ၏ စကားသည် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချလွန်းပြီး မိမိအား ချီးမွမ်းလွန်းအားကြီးသဖြင့် မိမိမှာ မနေတတ်၊ မထိုင်တတ် စိတ်မလုံမလဲ ရှိသည်။

ဆရာသည် သတင်းစာဆရာတစ်ဦး ဆိုသည်မှာ မှန်ပါသည်။ ထင်ရှားသော သတင်းစာဆရာ တစ်ဦးလည်း ဖြစ်ပါသည်။ **ဗမာ့ခေတ်** သတင်းစာတွင် **လေမွှေ** ဟူသော ကလောင်အမည်ဖြင့် ရေးသားခဲ့သော ပင်တိုင်ဆောင်းပါးများကြောင့် ၁၉၅၄ ခုနှစ်တွင် အဖမ်းခံခဲ့ရသည်။

သို့သော် ဆရာသည် သတင်းစာဆရာတစ်ဦး ဖြစ်သလို တစ်ပြိုင်တည်းမှာပင် စာရေးဆရာတစ်ဦးလည်း ဖြစ်ပါသည်။ အောင်မြင်ကျော်ကြားသော စာရေးဆရာတစ်ဦး ဖြစ်ပါသည်။ ဆရာသည် ၁၉၃၃ ခုနှစ် (မိမိ မွေးဖွားသောနှစ်) တွင် **မြန်မာ့အလင်း** သတင်းစာ၏ သတင်းထောက်အဖြစ် စတင်လုပ်ဆောင်ခဲ့သည်။ ဒဂုန် မဂ္ဂဇင်းတွင် "**ခွဲ**" ကလောင်အမည်ဖြင့်ပင် ၁၉၃၃-၃၄ ခုနှစ်ကတည်းက ဝတ္ထုများ ရေးသားခဲ့သူ ဖြစ်သည်။ ၁၉၃၇-၃၈ တွင် **မြန်မာ့အလင်း** သတင်းစာ၌ "သတင်းဘောက်" အမည်ရှိ အခန်းဆက် ဝတ္ထုကို ရေးသားခဲ့သည်။ ဆရာ၏ **ဂွမ်းပုံ** ဝတ္ထုသည် ၁၉၅၈ ခုနှစ်အတွက် စာပေဗိမာန်ဆု

ရရှိခဲ့သည်။ ဆရာ၏ စုံထောက် ဦးသက်ပြင်းနှင့် မိုက်ခဲထွန်းရွှေတို့သည် ထင်ရှားသော ဇာတ်ဆောင်များ ဖြစ်ကြသည်။ ဆရာ၏ ခင်နှင်းဖြူ ဝတ္ထုကို စာဖတ်ပရိသတ်များ နှစ်သက်လှသည်။

'ဆရာ အဲဒီတုန်းက ခင်နှင်းဖြူ ရေးနေတာပဲ'

မိမိက ပါးစပ်ထဲ ရှိသည်ကို ပြောလိုက်မိသည်။

'ရေးတော့ ရေးတာပဲ၊ ဒါပေမဲ့ ကိုနတ်နွယ်ရဲ့ ဝတ္ထုကို ဖတ်ရမှ ဝတ္ထုကို ဘယ်လို ရေးရတယ်ဆိုတာ ကျုပ် သေသေချာချာ သိတယ်'

မိမိ ဘာမျှ မပြောပါ။ ဘာမျှ ပြန်မပြောတတ်ပါ။

မည်သို့ဆိုစေ ဆရာ၏ ချီးမွမ်းမှုကို ကျေးဇူးတင်ပါသည်။ သို့သော် ဆရာ့ ချီးမွမ်းသလောက် မိမိ မထိုက်တန်ပါ။ ထပ်၍ပြောရလျှင် ဆရာ၏ ဝတ္ထုများကို မိမိ ဖတ်ခဲ့သည်။ စွဲလမ်းနှစ်သက်ခဲ့သည်။ နည်းယူ ဆင်ခြင်ဖွယ်ရာများ ဖြစ်ခဲ့သည်။ ဆရာ၏ ဘာပေကျေးဇူး မိမိအပေါ်တွင် ရှိနေပါသည်။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်အောင်လည်း နှလုံးမူရပါသည်။

## ၆
## ဆရာဇော်ဂျီ

သည်ဆရာကြီး အကြောင်း သည်လ ရေးရမည် ဖြစ်သည်။ သို့သော် ဘယ်က စရမည် မသိ။ ဘယ်လိုရေးရမည် မသိ။ လက်တွန့်နေသည်။

ဆရာဇော်ဂျီ ( ၁၉၀၇-၉၀ )



သည်ဆရာကြီး ဆိုသည်က ဆရာဇော်ဂျီ။

ခေတ်စမ်းစာပေ ခေါင်းဆောင်ကြီးဟု ဆိုရမည်လား။ အမှန်တော့ အမှန်ပင် ဖြစ်သည်။ ဆရာသည် ခေတ်စမ်းစာပေ လှုပ်ရှားမှုတွင် ဦးဆောင်ပါဝင် လှုပ်ရှားခဲ့သူ ဖြစ်သည်။

မျက်မှောက်ခေတ် မြန်မာစာပေသမိုင်းတွင် သိသာထင်ရှားသော စာပေလှုပ်ရှားမှု နှစ်ခု ရှိသည်ဟုဆိုလျှင် "ခေတ်စမ်း" နှင့် "စာပေသစ်" တို့ ဖြစ်ပါလိမ့်မည်။

သို့သော် **ခေတ်စမ်းနှင့် စာပေသစ်**တို့ကို ဝေဖန်ရေးသမားများ၊ စာပေပညာရှင်များနှင့် တတ်ယောင်ကားများက အမျိုးမျိုး ဝေဖန်ကြသည်။ အမျိုးမျိုး အကဲဖြတ်ကြသည်။ (တတ်ယောင်ကားများတွင် တိုင်းရင်းသားများ ပါဝင်သလို၊ တိုင်းတစ်ပါးသားများလည်း ပါဝင်ပါသည်။ တိုင်းတစ်ပါးသားများသည် အစမူလတွင် မြန်မာစာပေလေ့လာဆည်းပူးရန် လာရောက်ကြခြင်း ဖြစ်သော်လည်း၊ နောက်ပိုင်းတွင် ကိုယ့်ကိုယ်ကိုယ် အထင်ပေါက်သွားကြပြီး ဆရာကြီး၊ ဆရာမကြီး လုပ်လာကြခြင်း ဖြစ်သည်။ ထားတော့။)

မိမိအနေနှင့် ဤနေရာတွင် **ခေတ်စမ်း**ကို ဝေဖန်ရန်လည်း မဟုတ်ပါ။ **စာပေသစ်**ကို ဝေဖန်ရန်လည်း မဟုတ်ပါ။ သို့သော် **ခေတ်စမ်း**သည် အတွေးအခေါ်နှင့် အရေးအသားတွင် ရှေးရိုးအစဉ်အလာမှ ဖောက်ထွက်ပြီး ဆန်းသစ်ခြင်း ရှိလာသလို၊ **စာပေသစ်**သည် ဆိုရှယ်လစ် သရုပ်မှန်စာပေ၏ အရှေ့ဦး ဖြစ်နေသည်ကား အမှန်ပင်။

သို့မဟုတ် ဤဆရာကြီးကို တက္ကသိုလ်ပရိဝုဏ်မှ စာပေပညာရှင်ကြီး တစ်ယောက်ဟု ဆိုရမည်လား။

အမှန်တော့ အမှန်ပင်။ ဆရာသည် အကျိုးအကြောင်း ဆက်စပ်မှုများအရ သူ၏ စာပေမှတ်တမ်းတစ်လျှောက်လုံး ဆိုသလိုပင် တက္ကသိုလ် ပရိဝုဏ်တွင် ရှိခဲ့သည်၊ ရှိနေသည်၊ ရှိနေဦးမည် ဖြစ်သည်။

ဤနေရာတွင် တစ်ခုတော့ ပြောရမည် ထင်ပါသည်။ တက္ကသိုလ်မှ အချို့သော စာရေးဆရာများက ပြင်ပမှ စာရေးဆရာများကို အထင်အမြင် သေးကြသလို၊ ပြင်ပမှ အချို့သော စာရေးဆရာများကလည်း တက္ကသိုလ် ပရိဝုဏ်မှ စာရေးဆရာများကို အနည်းနှင့်အများ ဆိုသလို အာဃာတ သဘောကလေးတွေ ရှိတတ်ကြပါသည်။ ကဲ့ကော်ရိပ် ဟူသည်မှာ "သီးခြားဘုံ" ကလေးတစ်ခု ဖြစ်ပြီး၊ ပေါက်ကွဲလှုပ်ရှားနေသော "မြေကြီး"နှင့် ကင်းဝေးသည်ဟု ယူဆတတ်ကြပါသည်။

မည်သို့ဆိုစေ၊ ခေတ်စမ်း စာပေများကို ဖတ်ရှုလေ့လာရင်း ဤဆရာကြီးကို မိမိ စွဲလမ်းနှစ်သက် ခဲ့ရပါသည်။ လေးစားကြည်ညို ခဲ့ရပါသည်။

သို့သော် ဤဆရာကြီးအကြောင်းကို ရေးမည်ရှိသောအခါ ဘယ်က စ ရမည်မသိပါ။ မည်သို့ရေးရမည် မသိပါ။ လက်တွန့်နေပါသည်။

သည်အခါတွင် အာရုံဝင်စားမှု ရရှိစေရန် ဆရာ၏ စာများကို အဖန်ဖန် ပြန်၍ ဖတ်နေမိပါတော့သည်။

**မိမိနှင့် ဆရာကြီးများအကြောင်း** ရေးသားရာတွင် မိမိအဖို့ အမြတ်တစ်ခုကတော့ ဆရာကြီးတွေ၏ စာများကို "ထပ်မံ၍" ဖတ်ဖြစ်ခြင်းပင် ဖြစ်သည်။ မိမိသည် ဆရာကြီးတွေ၏ စာများအနက် အချို့ကို ငယ်စဉ်က ဖတ်ဖူးသည်။ အချို့ကို ကြီးမှ ဖတ်ဖူးသည်။ အချို့ကို တစ်ကြိမ်သာ ဖတ်ဖူးသည်။ အချို့ကို တစ်ကြိမ်မက ဖတ်ဖူးသည်။ အချို့ကို အမည်သတင်းသာ ကြားဖူးပြီး အကြောင်းကြောင်းကြောင့် မဖတ်ဖူးခဲ့။

မဖတ်ဖူးသေးသည်ကို ဖတ်ရသောအခါ "ဟုတ်ပါကလား" ဟု အံ့သြရသည်။ ဖတ်ဖူးပြီးသားကို "ထပ်မံ၍" ဖတ်ရသော အခါတွင်လည်း သည်မျှကောင်းမွန်သော စာတွေကို အလျင်က ဖတ်ဖူးခဲ့သည်မှာ ဟုတ်မှ ဟုတ်ကဲ့လားဟု မိမိကိုယ်မိမိ အံ့သြရသည်။ ယခင်က ဖတ်ခဲ့သော အရသာနှင့် ယခု ထပ်မံဖတ်ရှုသောအခါတွင် ရရှိသော အရသာနှင့် အသိသည် အများကြီး ကွာခြားလှပေသည်။ ယခင်တုန်းက ကောင်းမွန်သဖြင့် ကြိုက်နှစ်သက်ခဲ့ခြင်း ဖြစ်သည်။ ယခု ကောင်းမွန်လွန်းသည်ကို တွေ့ရသောအခါ ကြက်သီးမွေးညင်း ထ ရသည်။

ဥပမာ–ဆရာဇော်ဂျီ၏ **မဟာဆန်ချင်သူ** ကို ထပ်မံဖတ်ရှုသောအခါ ဆရာ၏ ဘာသာပြန် အတတ်ပညာကို အံ့သြခြင်းမက အံ့သြရသည်။ ဆရာ အသက် ၂၇ နှစ် အရွယ် လွန်ခဲ့သော အနှစ် ၅၀ ကျော်က ဘာသာပြန်သည် အဓိပ္ပာယ် ပေါ်လွင် ရှင်းလင်းလှသည်။ တိကျ ကျစ်လျစ်လှသည်။ အသုံးပြုထားသော စကားလုံးများ အားကောင်းလှသည်။

ဆရာက ကဗျာလည်း ရေးသည်။ စကားပြေလည်း ရေးသည်။

ကဗျာအရာတွင် အဓိက အကျော်အမော် ဖြစ်သည်။ ထင်ရှားကျော်ကြားသော ကဗျာဆရာကြီး ဖြစ်သည်။ ဆရာသည် ကဗျာအတွေး နက်နဲသလောက် ကဗျာအရေး လှပသူ ဖြစ်သည်။

ဆရာ ဇော်ဂျီ၏ ကဗျာများကို **ဂန္ထလောက** ကို ဖတ်ရသောအခါတွင် နီးစပ်သိတွေ့သည်။

ဤတွင် မိမိအဖို့ ကံကောင်းခြင်းတစ်ခုကို ပြောရမည်။ မိမိ စာဖတ်ခါစ အရွယ်က ဖြစ်သည်။ ရသမျှ စာအုပ်များကို ရှာဖွေဖတ်ရှုနေစဉ်က ဖြစ်သည်။ မန္တလေးမြို့ ကိုးတာရပ်မှာ မိမိတို့ နေထိုင်သည်။ ဒီဘိုးဝင်းနှင့် ကိုးတာရပ်မှာ စာပေဝါသနာရှင်များ စုပေါင်း ဖွဲ့စည်းထားသော "ဒီဘိုးကိုးတာ" စာကြည့်သင်း ရှိသည်။ ယင်း စာကြည့်သင်း ဘွင် အသင်းဝင်တစ်ဦးဖြစ်သော "ကိုသိန်းကျော်"သည် ဆိုက်ကားသမားတစ်ဦး ဖြစ်သော်လည်း သူ့မှာ ကိုယ်ပိုင်စာကြည့်တိုက် ရှိသည်။ စာအုပ်ကောင်းတွေ ရှိသည်။

နဂါးနီစာအုပ်များ၊ ဒဂုန် မဂ္ဂဇင်းများ၊ **ဂန္ထလောက** မဂ္ဂဇင်းများ၊ **ဂျာနယ်ကျော်**များ စသည့် ရှားပါး စာနယ်ဇင်းများ တရိတသေ စုဆောင်း သိမ်းဆည်းထားသည်။ "ကိုသိန်းကျော်" သည် အတွေ့အကြုံ ဗဟုသုတများ ရင့်ကျက်ပြီး အတွေးအခေါ် လေးနက်သည်။ သူက မိမိကို စာကောင်းပေကောင်းများ ဖတ်ရန် လမ်းညွှန်ခဲ့ပြီး သူ၏ စာအုပ်များ ကို ငှားရမ်းခဲ့သည်။ သည်မှာ မိမိသည် **ဂန္ထလောက** မဂ္ဂဇင်းများကို ဖတ်ရပြီး ဆရာ ဇော်ဂျီ၏ ကဗျာများနှင့် နီးစပ်ထိတွေ့ခဲ့ရခြင်း ဖြစ်သည်။ သို့သော် အရသာနှင့် အနက် အဓိပ္ပာယ်ကို ကောင်းစွာ ခံစားတတ်ခြင်း မရှိသေးကြောင်းကိုကား ဝန်ခံရပါမည်။

ဆရာ၏ **ပိတောက်ရွှေဝါ** ကဗျာများ၊ **ဗေဒါလမ်း** ကဗျာများ၊ **ညီသစ်ဆင်း**ကဗျာများကို ယခုနောက်ပိုင်းတွင်မှ ခံစားတတ်ခြင်း ဖြစ်ပါသည်။ ပထမ အစတွင်မူ အသံသာယာခြင်းနှင့် စကားလုံး လှခြင်းတို့ကြောင့် စွဲလမ်းခဲ့ရခြင်း ဖြစ်ပါသည်။ ယခုမူ **ဗေဒါလမ်း** ကဗျာများကို တစ်ကြိမ်ဖတ်မိတိုင်း တစ်ကြိမ် "ထပ်မံ၍" အံ့သြရတော့သည်။

ဆရာသည် စကားပြေ ရေးသားရာတွင် ဝတ္ထုလည်း ရေးသည်။ ဆောင်းပါးလည်း ရေးသည်။ ဆောင်းပါးရေးရာတွင်လည်း ခရီးသွား၊ စာပေအနုပညာ၊ အတွေးအမြင် အစုံအလင်ပင်။

ငယ်စဉ်ကတည်းက မိမိ စွဲလမ်းနှစ်သက်ခဲ့ရသော ဝတ္ထုတိုများတွင် ဆရာဇော်ဂျီ၏ "သော့တွဲနှင့် နတ်ရုပ်" သည် ရှေ့ဆုံးက ပါဝင်ပေသည်။

မိမိ စာရေးစ ပြုသောအခါ ဆရာဇော်ဂျီ တွဲဖက်ရေးသားသော **စာပေလောက** သည် လက်စွဲစာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။ ဆရာဇော်ဂျီ၏ ဂျူရတ်နှင့် **မာဂရက်** ကို စွဲလမ်းခဲ့သည်။ ဘာကြောင့်မှန်း မသိ။ ထိုစာအုပ်၏ အမည်ကို အထူးနှစ်သက်ခဲ့သည်။

ယခု "ထပ်မံ၍" ဖတ်ရသောအခါ ဆရာ၏ စာပေရေးရာ ဆောင်းပါးများနှင့် မြန်မာမှု ဆောင်းပါးများကို အထူးနှစ်သက်ခြင်း၊ လေးစားခြင်း ဖြစ်ရတော့သည်။ ဆရာ၏ ကျေးဇူးလည်း ကြီးသည်ထက် ကြီးလာရတော့သည်။

ဆရာဇော်ဂျီ၏ ကျေးဇူးသည် **မဟာဆန်ချင်သူ** မှသည် **ပလေးတိုးနီဒါန်း** အထိ ဖြစ်ပါသည်။

ဆရာ၏ ကျေးဇူးသည် ထိုမျှမကပါ။ လူချင်း သိရှိရပြီး တွေ့ဆုံရသည့်အခါ တိုင်းပင် ဆရာထံမှ သင်ကြားမှုနှင့် ဆိုဆုံးမမှုတို့ကို နာခံရသည်။

ဆရာနှင့် မိမိ သိရှိရသည်မှာ အတော်ကလေး နောက်ကျသည်ဟု ဆိုရပါမည်။ မိမိ ရန်ကုန်ရောက်ပြီး အတော်ကလေး ကြာမှပင် ဖြစ်သည်။ ယင်းသို့ ဖြစ်ရသည်မှာ မိမိ ကျင်လည်သော အသိုင်းအဝိုင်းကလည်း တက္ကသိုလ်နှင့် မနီးစပ်။ ဆရာကလည်း ပြင်ပသို့ ရောက်ခဲဟန် ရှိသည်။ စာရေးဆရာအသင်း အစည်းအဝေးများသို့ပင် လာရောက်ခြင်း မရှိပါ။ (ယင်းကြောင့်ပင် ဒဂုန်တာရာက သူ့ကို စာရေးဆရာအသင်း

ဥက္ကဋ္ဌအဖြစ်မှ အယုံအကြည်မရှိ အဆိုတင်ကြစဉ်က ဆရာဇော်ဂျီ အစည်းအဝေးသို့ လာရောက်ပြီး မဲပေးသည်ကို ပြောရှုမဆုံး ရှိနေခြင်းပင်။)

ဆရာ့ကို သိရတော့လည်း ၁၉၆၁ ခုနှစ်တွင် စာရေးဆရာ စာပေကလပ်က ဦးစီးကျင်းပသော "ထောက်ကြန့် စာပေဆွေးနွေးပွဲ"တွင် ဖြစ်သည်။ ထိုစဉ်က ဆရာ ဇေယျ၊ ဆရာဇော်ဂျီ၊ဆရာနွယ်စိုးနှင့် ဆရာ မောင်ထင်တို့သည် စာပေကလပ် သဘာပတိ အဖွဲ့ဝင်များ ဖြစ်ကြသည်။ ဆရာဇေယျနှင့် ဆရာမောင်ထင်တို့ကို မိမိ သိရှိပြီး ဖြစ်သည်။ ဆရာဇော်ဂျီ၊ ဆရာ နွယ်စိုး (ပါမောက္ခ ဦးမျိုးမင်း) တို့ကို ထိုကျမှ သိရှိရခြင်း ဖြစ်သည်။

ထိုနေ့က ဆရာဇော်ဂျီနှင့် ပိုပြီး မှတ်မှတ်ရရ ဖြစ်သည်။ တစ်ချိန်တွင် ဆရာက မိမိတို့ လူငယ် လေးငါးယောက်ကို စာရေးခြင်း အတတ်ပညာနှင့် ပတ်သက်ပြီး အချိန်အတော်ကလေးကြာအောင် ရှင်းလင်းပြောဆိုသည်။ ဆရာ၏ ကိုယ်တွေ့များကို ပြောပြသည်။ ယခုအထိ မိမိ မှတ်မိနေသည်မှာ ဇာတ်လမ်းကို ရေးဖွဲ့ရာတွင် အသေးစိတ် အချက်ကလေးများကို အမှတ်မထင် ထည့်သွင်းခြင်းပင် ဖြစ်သည်။ ယင်းသို့ ထည့်သွင်း အသုံးပြုနိုင်ရန်လည်း အသေးစိတ်ကလေးတွေကို ပြန်မြင်ထားတတ်ဖို့ လိုသည်။ ဆရာ သည် အမျိုးသမီးတစ်ယောက်၏ နားခွက်ထဲတွင် သနပ်ခါးခြောက်တွေ ရှိနေသည်ကို သတိပြုမိခဲ့သည်။ ယင်းကို ဝတ္ထုထဲတွင် ထည့်ပြီး အသုံးပြုသည်။ ယင်းအတွက် ဝတ္ထုသည် ပိုပြီး ရုပ်လုံးကြွလာသည်။ အသက်ဝင်လာသည်။ ထိုနေ့က ဆရာသည် အထူးသဖြင့် ဝတ္ထုပုံသဏ္ဌာန် အကြောင်းနှင့် အတတ်ပညာများ အကြောင်းကို အထူးပြုပြီး ပြော သွားသည်။ မိမိတို့ မေးမြန်းဆွေးနွေးသည်များကို စိတ်ရှည်လက်ရှည် ပြန်လည် ဖြေကြားသည်။

သည့်နောက်ပိုင်းတွင်ကား မိမိ တက္ကသိုလ်သို့ မကြာခဏ ရောက်ရှိသည်။ အကြောင်းမှာ တက္ကသိုလ် စာအုပ်ထုတ်ဝေရေးနှင့် ဘာသာပြန်ဌာနတွင် ကိုကျော်အောင်၊ ကိုညွန့်ကြူးနှင့် ကိုမင်းကျော်တို့ ရှိနေကြသောကြောင့် ဖြစ်သည်။ ဆရာဦးတင်အေး (ရှမ်းပြည်) နှင့်လည်း တွေ့ဆုံရသည်။ နောက်ပြီး ဒဂုန်ဦးထွန်းမြင့်လည်း ရှိနေသည်။

သို့သော် ဆရာဇော်ဂျီနှင့် တွေ့လိုလျှင် ဆရာရှိရာ တက္ကသိုလ်စာကြည့်တိုက်သို့ သွားကြရသည်။ များသောအားဖြင့် မိမိတို့သည် ဆရာနှင့်တွေ့ရန် ညနေ လေးနာရီ၊ ငါးနာရီလောက်တွင်မှ သွားရောက်ကြသည်။ ထိုအချိန်တွင် ဆရာ အားလပ်သည် ဖြစ် သဖြင့် ဆရာနှင့် အချိန်ကြာကြာ စကားပြောနိုင်သည်။ ဆရာက ပိဋကတ်တိုက် အတွင်းမှ ထွက်ပြီး အပြင်ဘက် မြက်ခင်းပြင်နှင့် အင်းဝလမ်း တစ်လျှောက်တွင် လမ်းလျှောက်ရင်း အေးအေးလူလူ စကားပြောလေ့ ရှိသည်။ တစ်ခါတစ်ရံတွင် မိမိတို့သည် အင်းဝလမ်းထိပ် က အုတ်ခုံဖြူဖြူလေးပေါ်တွင် ထိုင်ပြီး စကားပြောကြသည်။

တစ်ကြိမ်တွင်မူ မိမိသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ဖြစ်နေသဖြင့် မိမိရေးမည့်

ဝတ္ထုတစ်ပုဒ်အကြောင်းကို ရည်ရွယ်ချက်၊ နောက်ခံသမိုင်း၊ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ အကြောင်းကို တစ်နာရီခန့်ကြာအောင် ရှည်လျားစွာ ပြောဆိုနေမိပါသည်။ ဆရာက လူကြီးပီသစွာပင် စိတ်ဝင်စားဟန်ဖြင့် နားထောင်နေခဲ့ပါသည်။ ယခုမှ အားနာနေမိပါ သည်။ မိမိ စကားဆုံးသောအခါ ဆရာက 'အေး ... ကောင်းသားပဲကွာ၊ ရေးပေါ့၊ ဒါမျိုးဆိုတာက တကယ်ရေးနိုင်အောင် အားထုတ်ဖို့လည်း လိုတယ်ကွ' ဟု ဆိုပါ သည်။ ဆရာ့အား မိမိ ပြောပြခဲ့သော ဝတ္ထုမှာ မြန်မာပြည်မြောက်ပိုင်း ဖြစ်ပါသည်။

ဆရာဇော်ဂျီနှင့် တစ်ခါမှ ခရီးအတူ မသွားဖူးပါ။

ဤနေရာတွင် တစ်ခု ပြောရပါမည်။ ဆရာဇော်ဂျီက မိမိတို့နှင့် စကားပြောလျှင် မည်သည့်အခါတွင်မဆို လေသံတိုးတိုး၊ အသံ အတက်အကျ အဖြတ်အတောက် မှန်မှန်၊ ပြုံးပြုံးရယ်ရယ်ဖြင့် တစ်လျှောက်လုံး ပြောဆိုသွားတတ်ပါသည်။

ဆရာနှင့် မိမိ မတွေ့ရသည်မှာ အတော်လေး ကြာသွားပြန်ပြီ ဖြစ်သည်။ ဆရာ့ကို မိမိ နောက်ဆုံး တွေ့ဆုံခဲ့သည်မှာ မိုးဝေ လ ၂၀၀ ပြည့်အတွက် စာမူ တောင်းစဉ်က ဖြစ်သည်။ ၁၉၈၃ ခုနှစ် ဇူလိုင်လထဲလောက်က ဖြစ်သည်။ မိမိ ကိစ္စရှိမှ သွား ရောက်ခြင်းပင် ဖြစ်သည်။

မိမိက အဖော်ခေါ်သဖြင့် မိမိနှင့် မောင်သွေးသစ်အပြင် ကိုကျော်အောင်၊ ကိုညွန့်ကြူး၊ မင်းကျော်နှင့် မောင်နေဝင်းတို့လည်း လိုက်ပါလာကြသည်။ ဆရာက ဝမ်းသာလှိုက်လှဲ ရှိသည်။ စာမူကို တစ်ပတ်အတွင်းမှာပင် ကိုကျော်အောင်က တစ်ဆင့် ပေးလိုက်မည်ဟု ဆိုပါသည်။

မိုးဝေ လ ၂၀၀ အထူးထုတ်တွင် ဆရာဇော်ဂျီ၏ "စပိန်နွားကစားပွဲ"ဘာသာ ပြန် ကဗျာ ပါရှိခဲ့ပါသည်။

**[ချယ်ရီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ၁၉၈၇ ]**

# မိမိ နှင့် လေးမြင့်

လေးလေးမြင့် မဟုတ်ပါ။ လေးမြင့် ဖြစ်ပါသည်။ ၁၉၅၀ ပြည့်နှစ်ကတည်းက စာရေးခဲ့သူ ဖြစ်သည်။ ဝတ္ထုတိုပေါင်း ၃၀၀ ကျော်နှင့် လုံးချင်းဝတ္ထုပေါင်း ၄၀ ကျော် ရေးသားခဲ့သည်။ **မြဝတီ၊ နဝဒေး၊ စုံထောက် မဂ္ဂဇင်း**တို့တွင် တာဝန်ခံအယ်ဒီတာ လုပ်ခဲ့သည်။ ပြီးတော့ အမျိုးသားစာပေဆုရသူ။ သို့သော် ယခုအခါ သူ သိပ်ပြီး စာမရေးတော့သဖြင့် ပရိသတ်က သူ့ကို မေ့ချေပြီလား မသိ။ မိမိပင် သူ့ကို တစ်ခါတစ်ခါ တော်တော်ကလေး ကြာအောင် မေ့နေတတ်သည်။ သူက နယ်ရောက်နေသဖြင့် လူလည်း ပျောက်သလို ဖြစ်နေသည်။ စာလည်း ပျောက်သလို ဖြစ်နေသည်။ တစ်ခါတစ်ခါမှသာ သူ့ကို အမှတ်မထင် ဆိုသလို၊ ဘွားခနဲဆိုသလို တွေ့ရပြီး "အင်း ... သူ ရှိသေးသားပဲ" ဟု အောက်မေ့ရသည်။

မနေ့တစ်နေ့ကတော့ သူ့ကို တစ်နေရာတွင် အမှတ်မထင် ဆိုသလို တွေ့ရသည်။ မြို့တော်ခန်းမတွင် ဖြစ်သည်။ ရန်ကုန်တိုင်း စာဆိုတော်နေ့ သက်ကြီး စာပေပညာရှင်များ ကန်တော့ပွဲတွင်။

လေးမြင့်( ၁၉၂၇-   )



မိမိအနေနှင့် စာပေလုပ်သားအဖွဲ့က ကျင်းပသော စာဆိုတော် ကန်တော့ပွဲသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်း ဖြစ်သဖြင့် မည်သည့်နေရာတွင် ထိုင်ရမည်မသိ ရှိနေစဉ် တည်ကြည်၊ မောင်မြင့်မား (ဘိုကလေး) တို့နှင့် တွေ့ရှိပြီး နောက်ပိုင်းကျကျ တစ်နေရာတွင် ထိုင်နေစဉ်၊ တောင်ကြည့်မြောက်ကြည့်နှင့် အသိ ရှာဖွေနေဟန်တူသော သူ့ကို တွေ့မြင်ရသည်။ ချက်ချင်းပင် သူ့ထံသို့ မိမိ ရောက်သွားသည်။ ထိုအခါ သူ့အနီးတွင် ငွေမောင်း ရှိနေသည်ကို တွေ့ရသည်။

မိမိကို မြင်သောအခါ သူ့မျက်နှာ ရွှင်လန်းသွားပြီး အားရပါးရ လက်ဆွဲကာ နှုတ်ဆက်သည်။

'ကိုနတ်နွယ်ကြီး နေကောင်းတယ်နော်'

'ခင်ဗျား ပြန်ရောက်နေပြီဆိုတာ ကျွန်တော် ကြားတယ်။ ဒါပေမဲ့ ခင်ဗျားကို ဘယ်မှာတွေ့ရမှန်း မသိဘူး'

'အေးဗျ၊ အခုအထိတော့ ဘယ်မှာမှ မဟုတ်သေးဘူး။ ခင်ဗျား ရှိတဲ့နေရာကို ကျွန်တော် လာခဲ့ပါ့မယ်။ ဒါနဲ့ အခု ကျွန်တော်တို့ ဘယ်မှာ ထိုင်ရမှာလဲ'

သူက ဟိုဟိုသည်သည်ကို ကြည့်ရင်း မေးသည်။ သူ့မျက်စိထဲမှာ သူတစိမ်းတွေများနေဟန် ရှိသည်။ အမှန်တော့ မိမိ သိသူတွေလည်း သိပ်မရှိ။

'လာ လာ၊ ဟိုနေရာမှာ သွားထိုင်မယ်'

ငွေမောင်းက သူ့ကို ကွက်လပ်တစ်နေရာဆီသို့ ဆွဲခေါ်သွားသည်။

'နောက်မှ တွေ့ကြဦးမယ်ဗျာ'

သူတစိမ်းတွေကို တိုးဝှေ့ရင်း သူ လှမ်းအော်သွားသည်။

*

ထိုနေ့ နေ့ခင်းဘက်မှာပင် မိမိရှိရာ ၃၇ လမ်း ဘဝတက္ကသိုလ် စာပေသို့ သူ ရောက်လာသည်။

'ဒါဖြင့် ခင်ဗျား အခု အငြိမ်းစားယူပြီး တစ်ခါတည်း ပြန်လာတာပဲပေါ့'

'ဟုတ်တယ်'

သူ ခပ်ပြတ်ပြတ်ပင် ပြောသည်။ သို့သော် သူ့ထုံးစံအတိုင်း တိုးတိုးနှင့် အေးအေးပင် ဖြစ်သည်။

သူ တော်တော်ကလေး ပိန်သွားသည်။ သို့မဟုတ် တော်တော်ကလေး ကျသွားသည်။ "ခင်ဗျား ပိန်သွားတယ်" ဟု မပြောမိအောင် အတော် သတိထားရသည်။သို့သော် သူ၏ မျက်လုံးတွင်မူ အားမာန်များ ရှိနေဆဲ။

သူ အငြိမ်းစား ယူခဲ့ပြီဆိုတော့ ၆၀ ပြည့်ပြီ၊ ၆၀ ကျော်ပြီ။ စာတိုက်ကြီးမှာ သူ အမှုထမ်းခဲ့သည်။ စာပို့သမား ဖြစ်သည်။ စာတိုက်မှထွက်ပြီး အပြင်ထုတ်ဝေရေး

တိုက်တွေမှာ လုပ်သည်။ တစ်ဖန် **မြဝတီ** သို့ အလုပ်ဝင်သည်။ ပထမ တွဲဖက်ဖြန့်ချိရေးမှူး၊ ထို့နောက် စာပြင်ဆရာ၊ ပြီးမှ လက်ထောက်အယ်ဒီတာ။ နောက်တစ်ခါ အစိုးရအလုပ်မှ ထွက်ပြီး ပြင်ပစာပေတိုက်များတွင် ကျင်လည်ပြန်သည်။ သည်လိုနှင့် ၁၉၆၂ နောက်ပိုင်းတွင် **တေဇ** ဂျာနယ်သို့ ရောက်ရှိပြန်သည်။ လူငယ့်ရေးရာတွင် လက်ထောက်စာတည်းအဖြစ် တာဝန်ယူပြီး **ရွှေဆောင်လူငယ်၊ ဒို့ကျောင်းသား** နှင့် **ပြည်မြန်မာ** စာစောင်တို့ကို တာဝန်ယူရသည်။ ထို့နောက် လူငယ့်ရေးရာဌာနမှ ဖွင့်လှစ်ထားသော အင်းလေးခေါင်တိုင် စခန်းသို့ စခန်းမှူးအဖြစ်နှင့် ရောက်ရှိသွားသည်။ ရန်ကုန်မြို့ကြီးနှင့် ဝေးသွားသည်။ ထို့အတူ စာပေလောကနှင့်လည်း အတော်လေးဝေးသွားသည်။ ရံဖန်ရံခါမှသာ အတိုကလေးတွေ ထွက်လာသည်။ သို့သော် သူ့ဝတ္ထုတိုများက ပိုမို ရင့်ကျက်လာပြီး ပိုမို ကောင်းမွန်လာသည်တော့ အမှန်ပင်။

ခေါင်တိုင်မှာ သူ ရှိနေစဉ်အတွင်း အေးအေးဆေးဆေး စာလာပြီးရေးရန် မိမိကို တွေ့တိုင်း ခေါ်သည်။ မိမိကလည်း သူခေါ်တိုင်း လာမည်ဟု ပြောခဲ့သည်။ သို့သော် သူ ယခု အငြိမ်းစားယူပြီး ပြန်ခဲ့ပြီ။ မိမိကား တစ်ခေါက်မျှ မရောက်ဖြစ်ခဲ့။

'ခင်ဗျား ဘယ်မှာ နေသလဲ'

'လောလောဆယ်တော့ ရုံးက အဆောက်အအုံမှာပဲ နေနေရတယ်'

'တောင်ဥက္ကလာက အိမ်ကော'

'ဟိုပြောင်းတော့ ရောင်းလိုက်ရတာပေါ့'

'ခင်ဗျား ရောင်းတုန်းက ဈေးနဲ့ အခုဈေးကတော့ အများကြီး ကွာနေပြီ'

'ဟုတ်တာပေါ့ဗျာ။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒီလိုပဲ ကြံရဖန်ရမှာပေါ့'

သူ့အသံက နည်းနည်းမာလာသည်။

'ခင်ဗျား ဘာလုပ်မယ် စိတ်ကူးထားသလဲ'

'ဒီလိုပဲ စာကလေး ဘာလေး ရေးရမှာပေါ့'

'တခြား စီးပွားရေး အလုပ်တစ်ခုကို ပြောတာ'

'ကျွန်တော် ဘာလုပ်တတ်မှာလဲ'

'စာရေးရုံနဲ့တော့ မရဘူး ထင်တယ်။ တစ်တိုက်တိုက်မှာတော့ ခင်ဗျား လုပ်ရလိမ့်မယ်'

'စာရေးရုံနဲ့ မရဘူး ဆိုတာတော့ ခင်ဗျားတို့၊ ကျွန်တော်တို့ ဒီလောကထဲ ဝင်ကတည်းက သိခဲ့ကြတာပဲ မဟုတ်လား'

သူ ရယ်မောကာ ပြောသည်။

မိမိ ဘာမျှမပြောဘဲ ပြုံးနေသည်။

မိမိတို့သည် စာရေးပြီး အသက်မွေးဝမ်းကျောင်း ပြုသည်ဆိုသော်လည်း မကြာမကြာဆိုသလိုပင် မဂ္ဂဇင်းတစ်ခုခု၊ ပုံနှိပ်တိုက် တစ်ခုခုမှာ တွဲဖက်ပြီး လုပ်ကြရသည်။

'ခင်ဗျား အခုထုတ်နေတဲ့ **သည်းထိတ်ဖို** ဘယ့်နှယ် နေသလဲ'

'ဒီလိုပဲပေါ့၊ လုပ်နေရမှာပဲ မဟုတ်လား'

'ခင်ဗျားကတော့ လုပ်တတ်ပါတယ်၊ တစ်ခုမဟုတ် တစ်ခု'

'ဒီလိုပဲ လုပ်နေရမှာပဲ မဟုတ်လား'

'ဟုတ်တယ်၊ ဟုတ်ပါတယ်။ ကျွန်တော်လည်း တစ်ခုခု လုပ်ရမှာပဲ။ ဘာလုပ်ရမလဲတော့ မသိသေးဘူး၊ လောလောဆယ်မှာ နေဖို့က အရေးကြီးနေသေးတယ်။ ဒါနဲ့ "............" မဂ္ဂဇင်းမှာ ခင်ဗျား ရေးသလား'

'မရေးဖြစ်ပါဘူးဗျာ'

မိမိ ခပ်ထိန်းထိန်း ဖြေလိုက်သည်။

'မရေးတာ ကောင်းတယ်။ ဘယ်ဗျာ၊ သူတို့ ရေးခိုင်းလို့လည်း ရေးရသေးတယ်၊ အခု သွားမေးတော့ မချေမငံတွေ ပြောလွှတ်တယ်။ စာမူပဲ ပျောက်နေသလို၊ အယ်ဒီတာတွေကလည်း ဘယ်က အယ်ဒီတာတွေလဲ မသိဘူး'

ဒေါသသံ နည်းနည်းပါလာသည်။

မိမိ ပြုံးနေသည်။ ပြီးမှ–

'ဒါများ ဘာဆန်းသလဲဗျာ'

ပထမ သူ ကြောင်သွားသည်။ ပြီးမှ–

'အေး ဟုတ်ပါတယ်ဗျာ။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပဲ၊ မရေးဘဲမှ မနေနိုင်ကြဘဲကိုး'

ခေတ္တမျှ တိတ်ဆိတ်သွားသည်။

နှစ်ယောက်လုံး ငေးနေကြသည်။

ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူ ရုတ်တရက် ထ လိုက်ပြီး–

'သွားလိုက်ဦးမယ်ဗျာ၊ ချိန်းထားတာ တစ်ခုရှိတယ်။ အိမ်ကိစ္စပဲ'

သူ လျင်မြန်စွာ ထွက်သွားသည်။

မိမိကား ငေးနေဆဲပင် ....။

*

မိမိ ရန်ကုန် ရောက်ကတည်းကပင် သူနှင့် သိခဲ့သည်။ သူနှင့် တစ်ရပ်ကွက်တည်း နေခဲ့ရသည်။ မိမိသည် ရန်ကုန်ရောက်စက ဗိုလ်ချုပ်ဈေးအတွင်းရှိ ရန်ကုန်ခရိုင် ဗလ● ရုံးခန်း၌ ကိုကိုလွင်တို့နှင့် ခေတ္တမျှ နေခဲ့ပြီးနောက် လင်းယုန်သစ်လွင်၏ ဖိတ်ခေါ်မှု ကြောင့် ကြာံးကူးကွက်သစ်ရှိ ၎င်း၏အိမ်သို့ ရောက်ရှိခဲ့ရသည်။ သည်တုန်းက ကျားကူး

ကွက်သစ်တွင် အခြား စာရေးဆရာနှစ်ယောက် ရှိသည်။ တင့်ထူးနှင့် လေးမြင့်ပင် ဖြစ်သည်။

တင့်ထူးက မိမိကို သူ့အခန်းသို့ ခေါ်သွားပြီး မိတ်ဆက်ပေးသည်။ လင်းယုန်သစ်လွင်က သူ့ကို အင်မတန် ချီးကျူးသည်။ စာပို့လုလင်ဘ၀တွင် စာတွေ ရေးသားရင်း မိမိတို့ အသိုင်းအဝိုင်းထဲသို့ ရောက်လာသည်ကို ချီးကျူးခြင်းပင် ဖြစ်သည်။

'သူမှ စာပေကို တကယ် ဝါသနာပါတာ၊ တကယ်လည်း ကြိုးစားတယ်'

မိမိတို့ အထူးပင် ခင်မင်ကြသည်။ ကိုယ့်ထူးကိုယ်ချွန်ကာ စာပေလောကတွင် ရပ်တည်နိုင်ရန် ကြိုးစားနေသူ အချင်းချင်း ဖြစ်၍ပါတည်း။ သူက မိမိထက် လေးငါးခြောက်နှစ်မျှ ကြီးသော်လည်း ရွယ်တူတွေလိုပင် လေးလေးစားစား ဆက်ဆံသည်။ လူချင်းတွေ့လျှင် စာအကြောင်း ပေအကြောင်းနှင့် စာပေလောက အကြောင်းပဲ ပြောသည်။ သူ့ဟာသူလည်း စာရေးဖို့ ကြိုးစားသည်။ သူများတွေ စာရေးသည်ကိုလည်း သူ ဝမ်းသာသည်။ ကျားကူးကွက်သစ်မှာပင် မိမိတို့၏ ခင်မင်ရင်းနှီးမှု အခြေခိုင်ခဲ့သည်။

သည့်နောက်ပိုင်းတွင် မိမိက ကျားကူးကွက်သစ်ကနေ အလုံ၊ အလုံကနေ မြောက်ဥက္ကလာရောက်ပြီး၊ သူက ကျားကူးကနေ တောင်ဥက္ကလာ ရောက်သွားသည်။ သို့သော် မိမိတို့သည် စာပေလောကတွင် ကျင်လည်နေသူများ ဖြစ်သဖြင့် မြို့ထဲတွင် အမြဲလိုပင် ဆုံမိနေကြသည်။ နောက်ပိုင်းတွင် သူသည်လည်း ကိုမိုးဝေ၏ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်ပြီး ကိုမိုးဝေတို့၏ ဝိုင်းများတွင် "နေ့စဉ်အသင်းဝင်"တစ်ဦး ဖြစ်သဖြင့် မိမိတို့ ပိုပြီး ဆုံဖြစ်ကြရသည်။ နောက်ဆုံး၌ မိမိတို့ မြစာပေတိုက်မှာ ဆုံကြရသည်။ သူက မြစာပေတိုက်မှာ လုပ်သည်။ မြစာပေက **စုံထောက်** မဂ္ဂဇင်းကို ထုတ်ဝေသောအခါ သူက တာဝန်ခံအယ်ဒီတာ ဖြစ်သည်။

သို့သော် သူ့ကြောင့်ပင် မိမိသည် **စုံထောက်** မဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ ဖြစ်ရသည်။ ထို့နောက် ကိုမိုးဝေ ကွယ်လွန်သောအခါ **စုံထောက်** ကို **မိုးဝေ** ဟူသော အမည်ပြောင်းပြီး မဂ္ဂဇင်းတည်တံ့ရေးအတွက် ထုတ်ဝေသူ ပေါင်းစုံနှင့်တွဲကာ ပုံနှိပ်တိုက် ပေါင်းစုံတွင် လှည့်လည်ရိုက်နှိပ်ပြီး ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရသည်။ သေသေချာချာ စဉ်းစားလျှင် တရားခံမှာ သူပင် ဖြစ်သည်။

**စုံထောက်** မဂ္ဂဇင်းကို နှစ်လ ရပ်နားပြီးနောက် မြစာပေတိုက်မှ အသစ်တစ်ဖန် အင်နှင့်အားနှင့် ပြန်လည်ထုတ်ဝေရန် ပြင်ဆင်သောအခါ၊ သူသည် အယ်ဒီတာ ငါးဦးပါရှိသော အယ်ဒီတာအဖွဲ့တွင် မဂ္ဂဇင်းကို အဓိက တာဝန်ခံပြီး လုပ်ဆောင်ရမည်ဖြစ်သော တာဝန်ခံအယ်ဒီတာ ဖြစ်ခဲ့သည်။ မိုးဝေနှင့် တက္ကသိုလ်နန္ဒမိတ်တို့က စာမူများကို ဖတ်ရှုသည့် အလုပ်၊ ရွေးချယ်တည်းဖြတ်သည့် အလုပ်ကိုသာ လုပ်ကြပြီး မဂ္ဂဇင်း ဖြစ်လာ

အောင်ကား သူ့တာဝန်ပင် ဖြစ်သည်။ ကျန်လက်ထောက်အယ်ဒီတာ နှစ်ယောက်က သူ၏ အကူအညီများသာ ဖြစ်ကြသည်။

သို့သော် သူသည် မဂ္ဂဇင်းကို တကယ် ပုံနှိပ်ရမည့် အချိန်မှာပင် စောစောပိုင်းက လျှောက်ထားခဲ့သော လူငယ့်ရေးရာမှ အလုပ်ကို ရရှိသဖြင့် **စုံထောက်** မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာအဖြစ်မှ နုတ်ထွက်ပြီး **ရှေ့ဆောင်လူငယ်** ဂျာနယ်သို့ ရောက်ရှိသွားတော့သည်။ ဤအခါတွင် မဂ္ဂဇင်း စီစဉ်ပြင်ဆင်သည့် အလုပ်ကို မိုးဝေနှင့် နန္ဒမိတ်တို့ကလည်း မလုပ်နိုင်၊ လက်ထောက်အယ်ဒီတာ နှစ်ယောက်ကလည်း မလုပ်တတ်သဖြင့် ကိုမိုးဝေက မိမိကို တာဝန်ခံအယ်ဒီတာအဖြစ် ခေါ်ယူတော့သည်။

အကယ်၍သာ ကိုလေးမြင့် တစ်ယောက် **စုံထောက်** မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် ဆက်လက်လုပ်ဆောင်ခဲ့လျှင် **စုံထောက်** မဂ္ဂဇင်း သံသရာနှင့် **မိုးဝေ** မဂ္ဂဇင်း သံသရာတွင် ချာချာလည်ရမည့်သူမှာ မိမိ မဟုတ်ဘဲ သူသာ ဖြစ်ပါလိမ့်မည်။ ယခုမူ ......။

ထားတော့ .... သူလည်း အသက် ၆၀ ပြည့်၍ အငြိမ်းစား ယူခဲ့ပြီ။ မိမိလည်း ဝဲဩဃမှ ထွက်ခဲ့ပြီ ဖြစ်သည်။

သို့သော် ယခု မိမိတို့နှစ်ယောက် ဘာဖြစ်နေကြသနည်း။

သူက အငြိမ်းစား ယူခဲ့ပြီ။ နယ်မှ ပြန်လာပြီ။ နှစ်ပေါင်း ၃၀ ကျော်၊ ၄၀ နီးပါး စာတွေ ရေးခဲ့ပြီ။ ယခု ရန်ကုန်မှာ နေစရာ အိမ်ရှာနေသည်။ ပြီးတော့ တစ်ခုခု လုပ်ရမည် ဖြစ်သည်။ ဘာလုပ်ရမည်တော့ မသိသေး။

မိမိကကော ဘာထူးသနည်း။ သူ့လိုပဲ နှစ်ပေါင်း ၃၀ ကျော်၊ ၄၀ နီးပါး စာရေးခဲ့ပြီ။ ပုံနှိပ်တိုက် ပေါင်းစုံမှာ ရောက်ခဲ့ပြီ။ မဂ္ဂဇင်း ပေါင်းစုံမှာ လုပ်ခဲ့ပြီ။ သူ နယ်သွားနေသည့် အတွင်းမှာလည်း အစဉ်အဆက်မပြတ် လုပ်နေခဲ့သည်။ ယခုလည်း လုပ်နေသည်။ သို့သော် ရှေ့ကိုလှမ်းပြီး ကြည့်လိုက်တော့ မှုန်ဝါးဝါးသာ။

**[ ချယ်ရီ၊ ဖေဖော်ဝါရီ၊ ၁၉၉၈ ]**

# မိမိ နှင့် ဒေါင်းနွယ်ဆွေ

သူ့ကို “ဒေါင်း” သို့မဟုတ် “ဒေါင်းကြီး”ဟု မျက်ကွယ်တွင် ခေါ်ပါသည်။ သို့သော် လူချင်း တွေ့ဆုံ ပြောဆိုရာတွင်မူ မရင်းနှီးမီက “ကိုအောင်ဆွေ”ဟု ခေါ်ပြီး ရင်းနှီးသော အခါ “ကိုဒေါင်း”ဟု ခေါ်ပါသည်။ သူနှင့် စတင် သိရှိသည်မှာ မိမိ ရန်ကုန်သို့ ရောက်ရှိပြီး မကြာမတင်မီမှာပင် ဖြစ်သည်။ ဘရွတ်ကင်းလမ်း (ယခု ဘိုကလေးဈေးလမ်း) **စုံထောက်** မဂ္ဂဇင်းတိုက်မှာပင် ဖြစ်သည်။ သည်တုန်းက **စုံထောက်** မဂ္ဂဇင်းတိုက်သို့ မကြာမကြာ ဆိုသလို သူ လာရောက်တတ်သည်။ ကိုမိုးဝေနှင့် သူ ရင်းနှီးသည်။ လက်ဖွဲ့ပွဲ ကြည့်ဖေါ် ကြည့်ဖက်များ ဖြစ်ကြသည်။ စုံဟောက် မဂ္ဂဇင်းတွင် “မောင်အောင်ဆွေ” အမည်နှင့် လက်ဖွဲ့ဆောင်းပါးများ သူ ရေးနေသည်။

‘ဒီမယ် ကိုနတ်၊ သူက ကဗျာဆရာ ဆိုပေမယ့် အကြမ်းလည်း ရတယ်၊ လက်ဖွဲ့ သိပ်ဝါသနာပါတယ်၊ စုံထောက်ဝတ္ထုလည်း ရေးတယ်’

ကိုမိုးဝေက မိမိကို ပြောသည်။ နောက်ပိုင်းတွင် မိမိတို့ သုံးယောက် လက်ဖွဲ့ပွဲ ကြည့်ဖော်များ ဖြစ်ကြသည်။

**စုံထောက်** မဂ္ဂဇင်းတိုက်သို့ မိမိ ရောက်ရှိသောအခါ အံ့ဩဖွယ်ရာ သတင်းတစ်ခု ကို ကြားသိရသည်။ **စုံထောက်** မဂ္ဂဇင်းတွင် ကဗျာဆရာသုံးယောက် ကလောင်အမည်ခွဲ

ဒေါင်းနွယ်ဆွေ ( ၁၉၃၁–၈၅ )



များဖြင့် စုံထောက်ဝတ္ထုများ ရေးသားနေကြခြင်းပင် ဖြစ်သည်။ မိမိက ၎င်းတို့၏ဝတ္ထု များကို နှစ်သက်သဖြင့် ယင်းစာရေးဆရာများသည် မည်သူတွေဖြစ်သနည်းဟု စုံစမ်းသော အခါတွင် ကဗျာဆရာသုံးယောက်၏ ကလောင်အမည်ခွဲများ ဖြစ်ကြောင်း သိရှိရခြင်းပင် ဖြစ်သည်။ ကိုမိုးဝေကိုယ်တိုင်က ထုတ်ပြောသဖြင့်သာ ယုံရသည်။ သို့မဟုတ်လျှင် ယုံနိုင်စရာ မရှိပါ။ ကြည့်လေ၊ စုံထောက်ဝတ္ထုများ ရေးနေသော ကဗျာဆရာသုံးဦးက ဂုဏ်ဝင်း၊ ဒေါင်းနွယ်ဆွေ၊ ဝင်းနိုင်။

'ကျွန်တော်က ကဗျာတွေကို ရေးနေပေမယ့် စုံထောက်ဝတ္ထုတွေကို သိပ်ကြိုက်တယ်။ ဖတ်လည်း ဖတ်တယ်၊ ရေးလည်း ရေးတယ်'

သူက မိမိကို ပြောခဲ့သည်။

ထိုအခါ မိမိက–

'ကျွန်တော်က စုံထောက်ဝတ္ထုတွေ ရေးနေပေမယ့် ကဗျာကို သိပ် ဝါသနာပါတယ်။ ကဗျာကို ဖတ်လည်း ဖတ်တယ်၊ ရေးလည်း ရေးချင်တယ်'

ယင်းသို့ဖြင့် ပထမပိုင်းတွင် သူက ကဗျာတွေ အရေးများခဲ့သည်။ ကဗျာဆရာတစ်ဦးအဖြစ် ထင်ရှားခဲ့သည်။ မိမိက စကားပြေတွင်သာ မွေ့လျော်သည်။ ဝတ္ထုရေးသမား ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် သူက စကားပြေဘက်သို့ပါ ကူးပြောင်းလာသည်၊ လုံးချင်းဝတ္ထုတွေ တစ်လ တစ်အုပ် ရေးထုတ်သည်။ မိမိကတော့ ကဗျာ ဝါသနာပါသူအဖြစ်ပဲ ရှိနေသည်။ ကဗျာကို စိတ်ဝင်စားသော မဂ္ဂဇင်းအယ်ဒီတာ တစ်ဦးအနေနှင့် ကဗျာကို အထူးပြု ဖော်ပြခဲ့သည်။

သို့ဖြင့်လည်း မိမိသည် ကဗျာနှင့်ပတ်သက်ပြီး သူနှင့် နှစ်ကြိမ်လောက် ပြောစရာ ဖြစ်ခဲ့ရသည်။

တစ်ကြိမ်ကတော့ မိမိ၏အပြစ် ထိုးတည်းကြီး ဖြစ်သည်။ မိမိ၏ အမှားပင် ဖြစ်သည်။

ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး ကာလအတွင်းတွင် ဗီယက်နမ် အရေးအခင်းသည် မြန်မာနိုင်ငံ ပါဝင်သော အရှေ့တောင်အာရှ အရေးအခင်း၊ ကမ္ဘာ့ အရေးအခင်းတစ်ခုဟု ယူဆသဖြင့် မိမိတည်းဖြတ်သော **မိုးဝေ** မဂ္ဂဇင်းတွင် ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကို ထောက်ခံသော၊ တိုင်းတစ်ပါး ကျူးကျော်မှုကို ဆန့်ကျင်သော ကဗျာများ လစဉ်လိုပင် ထည့်သွင်းဖော်ပြခဲ့သည်၊ ဤကာလ အတွင်းမှာပင် တစ်နေရာတွင် သူနှင့် အမှတ်မထင် တွေ့ဆုံကြသောအခါ **စုံထောက်** မဂ္ဂဇင်းကို **မိုးဝေ** မဂ္ဂဇင်းဟု အမည်ပြောင်းပြီး စာပေမဂ္ဂဇင်း တစ်စောင်အဖြစ် ထုတ်ဝေနေသည်ကို သူ နှစ်သက်ကြောင်း ပြောကြားသည်။ မိမိက မိုးဝေတွင် ကဗျာ ရေးရန် ပြောသောအခါ–

'ဟာ ရေးရမှာပေါ့ဗျာ။ ကိုမိုးဝေအတွက်လည်း ရေးရမယ်၊ ခင်ဗျား လုပ်နေတာကိုလည်း သဘောကျတယ်။ ခင်ဗျား မဂ္ဂဇင်းမှာပါတဲ့ ကဗျာတွေကို ကျွန်တော် သိပ်အားရတယ်'

'ကဗျာ အိမ်လာယူရမလား'

'မလာနဲ့၊ ခင်ဗျားတို့တိုက်ကို ကျွန်တော် လာခဲ့မယ်။ ခင်ဗျားတို့တိုက်မှာ ကဗျာဆရာတွေ စုံတယ်လို့ ပြောတယ်။ နောက်ပြီးတော့ ချက်စ်ဝိုင်းလည်း ရှိတယ်လို့ ပြောတယ်'

'အဲဒီလိုဆို လာခဲ့ဗျာ။ စကားလည်း ပြောရတာပေါ့၊ ချက်စ်လည်း ထိုးရတာပေါ့'

သူ စစ်တုရင် ဝါသနာပါသည်။ မိမိနှင့် စစ်တုရင်ထိုးဖက်တစ်ဦး ဖြစ်သည်။ ၁၉၅၀ ဝန်းကျင်လောက်ကတည်းက မိမိတို့ စစ်တုရင် ထိုးခဲ့ကြသည်။

မိမိတို့တိုက်တွင် ဧည့်များသည်ကား အမှန်ပင်။ အထူးသဖြင့် ကဗျာဆရာ လူငယ်ကလေးတွေ များသည်။ စစ်တုရင်ဝိုင်းလည်း အစဉ်မပြတ် ရှိသည်။

ပြောသည့်အတိုင်း သူ လာသည်။ ကဗျာ ပေးသည်။ လူငယ် ကဗျာဆရာလေးတွေနှင့် စကားပြောသည်။ ဆွေးနွေး တိုင်ပင်ကြသည်။ ငြင်းကြ ခုံကြသည်။ ပြီးတော့ စစ်တုရင် ထိုးကြသည်။ လက်ဖက်ရည်ဆိုင် သွားကြသည်။ ယမကာဆိုင် သွားကြသည်။

ကြုံကြိုက်တိုင်း မိုးဝေတိုက်သို့ သူ ရောက်လာသည်။

လာတိုင်းပင် သူ ကဗျာပေးသည်။

သို့သော် တစ်နေ့တွင် ပြဿနာပေါ်ရသည်။ သူကလည်း ဗီယက်နမ် အမျိုးသား လွတ်မြောက်ရေး စစ်ပွဲအကြောင်းပဲ ကဗျာတွေ ရေးပေးခဲ့သည်။

သည်အချိန်တွင် မိမိ မဂ္ဂဇင်း၌ ဗီယက်နမ်ကဗျာတွေ များလွန်းကြောင်း ပြောဆိုလာကြသည်။ ဟုတ်သည်။ များလွန်းတော့လည်း "ဟုံ"သလို ဖြစ်လာသည်။ ထို့အပြင် မိုးဝေ တွင် ကဗျာပါချင်လျှင် ဗီယက်နမ်အကြောင်း ရေးရမည်ဟုလည်း ဖြစ်လာသည်။ အချို့ကလည်း မယုံကြည်ဘဲနှင့် ကဗျာ ပါချင်၍ ရေးကြသည် ရှိသည်။ ယင်းကြောင့် ဗီယက်နမ် ကဗျာများကို စိစစ်ရသည်။ အနည်းငယ် လျှော့ပေါ့ရသည်။

သူ၏ ကဗျာတွင် "အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသော ဗီယက်နမ် ပြည်သူများသို့"ဟူသော ရည်ညွှန်းချက် ပါသည်။ ကဗျာစာကိုယ်တွင် အင်အားကြီးမားသော တိရစ္ဆာန်ကြီးတစ်ကောင်ကို အင်အားနည်းပါးသော တိရစ္ဆာန်ကလေးများက စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းတိုက်ခိုက်ကြသဖြင့် အောင်မြင်ပုံကို ဖွဲ့ဆိုထားသည်။ ကဗျာကို ပုံနှိပ်သောအခါ ရည်ညွှန်းချက်ကို မိမိ ချန်ထားခဲ့သည်။

မဂ္ဂဇင်း ထွက်သောအခါ ဒေါသတကြီးဖြင့် သူ ရောက်လာသည်။

'ကိုနတ်နွယ်၊ ခင်ဗျား ကျွန်တော့်ကဗျာကို ဘယ်လို လုပ်လိုက်တာလဲ'

သူက ကျွန်တော့်ကို "ကိုနတ်" သို့မဟုတ် "ကိုနတ်ကြီး" ဟု ခေါ်လေ့ရှိသည်။ ယခု ဒေါသထွက်နေသဖြင့် ကိုနတ်နွယ်ဟု ခေါ်ခြင်း ဖြစ်သည်။

'ကျွန်တော် ဘာလုပ်လို့လဲ'

သူ့စကားကို ကျွန်တော် နားမလည်သဖြင့် ပြန်မေးလိုက်သည်။

'ရည်ညွှန်းချက် ပါမလာဘူး'

'ဪ် အဲဒါ ကျွန်တော် တမင်ဖြုတ်ထားခဲ့တာပဲ'

'ဘာဖြစ်လို့ ဖြုတ်တာလဲ'

'ဗီယက်နမ်ကဗျာတွေ သိပ်များနေလို့'

'ဘယ်ဟုတ်မလဲဗျ၊ ရည်ညွှန်းချက် မပါတော့ ကျွန်တော့်ကဗျာ အလကား ဖြစ်သွားတာပေါ့။ တိရစ္ဆာန်တွေအကြောင်း ရေးထားတဲ့ကဗျာပဲ ဖြစ်ပြီး ဘာမှ အဓိပ္ပာယ် မရှိတော့ဘူးပေါ့'

သည်တော့မှ ကျွန်တော် သဘောပေါက်သွားသည်။ ရည်ညွှန်းချက် မပါသည့် အတွက် သူ့ကဗျာ ပေါ့သွားသည်။ မိမိ၏ အမှား ဖြစ်သည်။ အယ်ဒီတာ၏ အမှား ဖြစ်သည်။ သည်တော့ သူ့ကို တောင်းပန်ရသည်။ သူ စိတ်ဆိုးပြေသည်။ သို့သော် သူ မကျေနပ်။ ယင်းအတွက် မိုးဝေမှာ သူ ကဗျာမရေးတော့။

နောက်တစ်ကြိမ်က သည်လို။

မိုးဝေတွင် ဒုတိယအကြိမ် မိမိ တည်းဖြတ်စဉ်တွင် ဖြစ်သည်။

**ပေဖူးလွှာ** တွေ့ဆုံခန်းမှာ ကဗျာအကြောင်း သူ ပြောသည်။ ကာရန်မဲ့ ကဗျာ အကြောင်း ပြောသည်။ သူ၏ အမြင်များကို ပွင့်လင်းပြတ်သားစွာ ပြောကြားသွားခြင်း ဖြစ်သည်။ မိမိနှင့် သဘောချင်း တိုက်ဆိုင်သည်များလည်း ပါသည်၊ မတိုက်ဆိုင်သည် များလည်း ပါသည်။ ဒါက အရေးမကြီးပါ။ လူတစ်ယောက်၏ အယူအဆကို အခြား တစ်ယောက်က သဘောတူညီခွင့်လည်း ရှိသည်၊ မတူညီခွင့်လည်း ရှိသည်။

ကဗျာနှင့် ပတ်သက်သော သူ၏ အယူအဆအချို့ကို သဘောမတူညီသော အောင်ဝေးက တုံ့ပြန်ချက် ဆောင်းပါးတစ်စောင်ရေးပြီး မိုးဝေသို့ ပို့ခဲ့သည်။ ကဗျာနှင့် ပတ်သက်သော ငြင်းခုံချက်တစ်ခု ဖြစ်သဖြင့် ကိုယ်ရေးကိုယ်တာဆန်သော ရေးသားချက် များနှင့် ပြင်းထန်သော အသုံးအနှုန်းအချို့ကို ဖြတ်တောက်ပြီး မိုးဝေမှာ ဖော်ပြလိုက် သည်။

သို့သော် သည်အချိန်တွင် တစ်ခု သွားပြီးတိုက်ဆိုင်နေသည်က သူ နေမကောင်း ဖြစ်သဖြင့် ဆေးရုံတက်နေရခြင်းပင် ဖြစ်သည်။ သူ နေမကောင်းသည့်အကြောင်း၊ သူ ဆေးရုံတက်ရသည့် အကြောင်းကို မိမိ မသိခဲ့။ နောက်မှ သိရသည်။ သူ နေမကောင်း ဖြစ်နေစဉ်တွင် သူ့ကို ဝေဖန်မိသလို ဖြစ်သွားသည်။ သူ စိတ်မကောင်းဟု သိရသည်။ မိမိ

လည်း စိတ်မကောင်းပါ။ သို့သော် ဘာမျှ မတတ်နိုင်တော့ပါ။ မထင်မှတ်သော တိုက်ဆိုင်မှု တစ်ခုပင်။ သူကလည်း သူ့အယူအဆကို သူ ပြောသည်။ အောင်ဝေးကလည်း သူ့အယူအဆကို ပြန်လည်ရေးသားသည်။ တစ်ခုပဲ ရှိသည်။ အောင်ဝေး၏ ဆောင်းပါးက မိမိတည်းဖြတ်သော မဂ္ဂဇင်းတွင် ပါရှိသည်။ သည်အချိန်တွင် သူ နေမကောင်း ဖြစ်နေသည်။ များမကြာမီတွင် သူ ကွယ်လွန်သွားသည်။ တစ်စုံတစ်ရာ ပြောဆိုရှင်းလင်းချိန် မရရှိကြတော့။

သူ ကွယ်လွန်စဉ်က သူ့အကြောင်း ဆောင်းပါးရေးမည် စိတ်ကူးခဲ့သည်။ သို့သော် ရေး၍ မထွက်ပါ။ ယခု သူ ကွယ်လွန်ခြင်း နှစ်နှစ်မြောက်သော အခါတွင်မှ ရင်ထဲတွင် ပိတ်ဆို့လေးလံနေသည်များကို ဖွင့်အန်လိုက်ရပါသည်။ သို့သော် မိမိ၏ စာကို သူ ဖတ်ရတော့မည် မဟုတ်ပါ။ တစ်စုံတစ်ရာ တုံ့ပြန်နိုင်တော့မည် မဟုတ်ပါ။

ကမ္ဘာအေး စာပေညီလာခံ စင်မြင့်တွင် သူ ပြောခဲ့သော စကားများကို ကြားယောင်နေမိသည်။

'ကျုပ်က ဒေါင်း၊ ဒေါင်းမှ ရိုးရိုးဒေါင်း မဟုတ်ဘူး၊ ခွပ်ဒေါင်း၊ ရဲရဲနီတဲ့ ဒေါင်း။ ကျုပ်ကိုတော့ ဘယ်သူမှ လာမစနဲ့။ ဒေါင်းဆိုတဲ့အတိုင်း ထောင်းလမောင်းကြေအောင် ခွပ်ပစ်လိုက်မယ်'

သူ၏ ကဗျာများသည် မြန်မာကဗျာလောကတွင် ထာဝစဉ် "ခွပ်" နေလိမ့်မည်ဟု မိမိ ယုံကြည်မျှော်လင့်မိပါသည်။

[ ချယ်ရီ၊ မတ်၊ ၁၉၈၈ ]

# မိမိ နှင့် တက်တိုး

## (က)

မြန်မာ စာရေးဆရာများထဲတွင် စာရေးဆရာ စစ်သည်ဟု မိမိ ယူဆသူတစ်ဦးမှာ ဆရာ တက်တိုးပင် ဖြစ်သည်။ အကြောင်းမှာ စာရေးသောကြောင့်ပင် ဖြစ်သည်။ စာရေးသည် ဆိုရာတွင် စာ စတင်ရေးသားသည်မှစ၍ ယနေ့အထိ အဆက်မပြတ် စိုက်လိုက်မတ်တတ် ရေးသားနေခြင်းကို ဆိုလိုပါသည်။

အချို့သောသူများသည် ယနေ့အခါတွင် စာရေးဆရာကြီးများ အဖြစ်၊ စာရေးဆရာအဖြစ် အမည်ခံပြီး စာပေနှင့် ပတ်သက်သော နေရာများတွင် ပါဝင်ပတ်သက်နေကြသော်လည်း တကယ်တမ်းတွင်မူ "ယနေ့ စာရေးဆရာများ" မဟုတ်ကြတော့ပေ။ စာပေကို စိတ်မဝင်စားတော့၍ သော်လည်းကောင်း၊ စာပေလောကဒဏ်ကို မခံနိုင်တော့၍ သော်လည်းကောင်း၊ ရာထူး ရာခံကြီးများ ရရှိသွားကြ၍ သော်လည်းကောင်း၊ ငွေကြေး ဥစ္စာ ပြည့်ဝကာ ချမ်းသာကြွယ်ဝသွားကြ၍ သော်လည်းကောင်း၊ စာရေးခြင်းထက် ပိုမိုအကျိုးရှိသော လုပ်ငန်းတစ်ခုကို တွေ့ရှိသွား၍ သော်လည်းကောင်း၊ ငယ်ရွယ်စဉ် ရူးတုန်းမိုက်တုန်း အရွယ်ကသာ မျက်စိလည် လမ်းမှားကာ စာရေးသားခဲ့ခြင်း ဖြစ်ပြီး ယခုကြီးသောအခါ စာရေးရသည်ကို ပေါ့တန်သည်၊ သိမ်ငယ်သည်ဟု ယူဆ၍ သော်လည်းကောင်း ယခုအခါတွင် စာမရေးကြတော့ချေ။ (ဤနေရာတွင် ကျန်းမာရေး မကောင်း

တက်တိုး ( ၁၉၁၄– )



မွန်တော့၍၊ စာမရေးနိုင်တော့၍ မရေးကြသူများကို မဆိုလိုပါ။) သူတို့သည် "တစ်ချိန် တုန်းက စာရေးဆရာများ"သာ ဖြစ်ပါသည်။ တစ်ချိန် တစ်ခါတုန်းက အကြောင်း အားလျော်စွာ ရုံးစာရေးအလုပ်၊ ပွဲစားအလုပ်၊ ကုန်သည်အလုပ်တို့ကို လုပ်ကိုင်ခဲ့ဖူးသလို စာရေးဆရာအလုပ်ကို လုပ်ကိုင်ခဲ့ဖူးသူများသာ ဖြစ်ပါသည်။ သူတို့ကို စာရေးဆရာဟု မယူဆသင့်ပါ။ စာရေးဆရာ လုပ်ခဲ့ဖူးသူများဟုသာ မှတ်ယူသင့်ပါသည်။

'ကျုပ်တို့လည်း ငယ်ငယ်တုန်းကတော့ စာရေးခဲ့တာပဲ။ အခုတော့ စာရေးဖို့ မပြောနဲ့၊ စာဖတ်ဖို့တောင် အချိန်မရတော့ပါဘူး' ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်သူများသည် အဘယ်မှာလျှင် စာရေးဆရာ ဖြစ်ပါတော့မည်နည်း။ သို့သော် ဤပုဂ္ဂိုလ်များသည် ရံဖန်ရံခါတွင် စာပေအခမ်းအနားများတွင် အကြောင်းတစ်ခုခုဖြင့် "ရှေ့ဆုံး ကုလားထိုင်"တွင် လာထိုင်တတ်ကြသည်။ ပွဲထုတ်သူများကလည်း ထုတ်ကြသည်။

ဆရာတက်တိုးသည် ၁၉၂၈ ခုနှစ်ကတည်းက **ဂန္ထလောက** မဂ္ဂဇင်းတွင် "ကညာ လော၊ ကျားကြီးလော" ဘာသာပြန်ဝတ္ထုဖြင့် စတင်ရေးသားခဲ့ရာ ယခုဆိုလျှင်.စာရေး သက် ၆၀ ပြည့်ပြီ ဖြစ်ပါသည်။ ဤအနှစ် ၆၀ အတွင်းတွင် သူသည် စာကို အဆက်မပြတ် ရေးခဲ့ပါသည်။ မကွေး တိုင်းမင်းကြီးရုံးတွင် စာရေးလုပ်စဉ်ကလည်း စာရေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှာ အင်္ဂလိပ်စာ နည်းပြဆရာ လုပ်စဉ်ကလည်း စာရေးခဲ့သည်။ သတင်းနှင့်စာနယ်ဇင်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်စဉ်ကလည်း စာရေးခဲ့သည်။ ပညာရေးဝန်ကြီးဌာန ပညာရေးအထူးအရာရှိအဖြစ် ထမ်းဆောင်စဉ် ကလည်း စာရေးခဲ့သည်။ ယခု အသက် ၇၄ နှစ် အထိလည်း စာရေးလျက်ပင် ရှိသည်။ လစဉ် မှန်မှန်ပင် မဂ္ဂဇင်း၊ စာစောင် အတော်များများတွင် ရေးသားလျက် ရှိသည်။

## (ခ)

ဆရာတက်တိုး၏ စာအုပ်များတွင် မိမိ ပထမဆုံး ဖတ်ဖူးသောစာအုပ်မှာ **လေနတ်မောင်** ဖြစ်သည်။ ကဗျာဆရာ ရှယ်လီ၏အကြောင်း ဖြစ်သည်။ သည်တုန်းက ဘာသာပြန် ကောင်းတာ၊ မကောင်းတာတွေကို နားမလည်ပါ။ မြန်မာစကားပြေ ကောင်းတာ၊ မကောင်းတာတွေကိုလည်း နားမလည်ပါ။ သည်တုန်းက မိမိအသက်က ဆယ့်လေးငါး ခြောက်နှစ်ပဲ ရှိသေးသည်။ လွန်ခဲ့သော အနှစ်လေးဆယ်က ဖြစ်သည်။ အဓိက အကြောင်း အရာကို ကြိုက် မကြိုက်ဘဲ ဖြစ်သည်။ ရှယ်လီ၏အကြောင်းက စိတ်ဝင်စားဖွယ်ရာ ဖြစ် သည်။ အချို့သော နေရာများကို ကြိုက်လွန်း၍တစ်ကြောင်း၊ အချို့သော နေရာများကို နားမလည်သဖြင့် လည်းကောင်း လေးငါးခါမျှ ထပ်ပြီး ဖတ်မိသည်။

သည့်နောက်တွင်မှ ဆရာ၏ ဘာသာပြန်များဖြစ်သော **မာတာဟာရီ၊ နပိုလီယံ၊ လန်ခြားသမား၊ ခါးကုန်းကြီး**တို့ကို ဖတ်ဖူးရခြင်း ဖြစ်သည်။ **ငါးဦးကြမ္မာ၊ ခုနစ်ဆောင်**

**ပြိုင် အိမ်ကြီး**နှင့် **အခါလည်သား** တို့မှာ ထင်ရှားသော စာအုပ်များ ဖြစ်ကြသော်လည်း ဆရာ၏ ဘာသာပြန်ကို မဖတ်ဖြစ်ပါ။ နိုင်ငံခြား သံရုံးတစ်ရုံး၏ ကျောထောက်နောက်ခံဖြင့် မြန်မာစာအုပ်တိုက် တစ်တိုက်က ထုတ်ဝေသည်ဟူသော အသိစိတ် အာဃာတကြောင့်လား မပြောတတ်ပါ။

ဆရာ၏ **ဘဝနှင့်စာပေ** စာအုပ်သည် မိမိကို ကမ္ဘာ့စာပေနှင့် ပထမဆုံး မိတ်ဆက်ပေးသော စာအုပ်ပင် ဖြစ်သည်။

ဆရာ၏ လှုပ်ရှားသော ဆောင်းပါး "အရမ်း ဘာသာမပြန်နဲ့" ကို ဟိုစဉ်က မကြိုက်ခဲ့ပါ။ မိမိတို့ လူငယ်တွေကို တားတာ၊ ဟန့်တာ ဖြစ်သည်ဟု ယူဆခဲ့သည်။ ဆရာ့အပေါ်တွင် နိုင်ငံရေးအာဃာတ ရှိနေ၍လည်း ဖြစ်နိုင်သည်။ သိန်းဖေမြင့်၏ "ခေတ်နောက်ပြန်ဆွဲနေသော စာရေးဆရာများ" ဆောင်းပါးကို ဖတ်ပြီး ဆရာနှင့် အခြား စာရေးဆရာအချို့ကို ခေတ်နောက်ပြန်ဆွဲနေသော၊ ဖောက်ပြန်သော အရင်းရှင် စာရေးဆရာများဟု အစွဲ ရှိနေခဲ့ပါသည်။ ထိုစဉ်က နိုင်ငံရေးအယူဝါဒမှာ လှိုင်းထနေသော ကာလလည်း ဖြစ်ပါသည်။

ထို့အပြင် ဆရာ၏ ရေးသားချက်အချို့နှင့် ဆရာ့အပေါ် ရေးသားချက်အချို့ကို ထောက်ရှုပြီး ဆရာသည် ဘုကန့်လန့်ကျသော စာရေးဆရာကြီး တစ်ယောက်ဟုလည်း ထင်မြင် ယူဆခဲ့ပါသည်။

မိမိ ရန်ကုန်ရောက်သောအခါ ဤလို စာရေးဆရာမျိုး တစ်ယောက်နှင့် ခင်မင်ရင်းနှီးရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။

(ဂ)

အမှန်တကယ်တွင်လည်း မိမိ ရန်ကုန်ရောက်ရှိပြီး ကာလ အတန်ကြာသည်အထိ ဆရာနှင့် ရင်းနှီးခင်မင်ခြင်း မရှိခဲ့ပါ။ မိမိ ကျင်လည်ကျက်စားနေသော စာပေ အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များမှာလည်း ဆရာနှင့် သိကျွမ်းကြသော်လည်း အမြဲတစေ ထိတွေ့ဆက်စပ်နေမှုမျိုးကား မရှိကြပါ။ စာရေးဆရာအသင်း အစည်းအဝေးများတွင်သာ ဆရာ့ကို မြင်တွေ့ရပါသည်။

စာရေးဆရာ စာပေကလပ် ဖွဲ့စည်းသော ၁၉၅၈ ခုနှစ် နောက်ပိုင်းကျမှသာ ဆရာနှင့် ထိတွေ့ရင်းနှီးရသည်။ မိမိကို ဆရာနှင့် မိတ်ဖွဲ့ပေးသူမှာ မင်းကျော် ဖြစ်သည်။ မင်းကျော်က ဆရာတို့ မိသားစုနှင့် အထူး ခင်မင်ရင်းနှီးသည်။ သူက "တက်တိုးနည်းပြ သင်တန်း" တွင် ကျောင်းဆရာ ဖြစ်ခဲ့သည်။ ဆရာ ထုတ်ဝေသော **စာသင်သား** ဂျာနယ်တွင် ပါဝင်ရေးသားခဲ့သည်။ သူ၏ **ခေတ်သစ်သမိုင်း** စာအုပ်ကို ဆရာ၏ **နယဉ်စာဆေ** တိုက်မှ ထုတ်ဝေခဲ့သည်။

စာရေးဆရာ စာပေကလပ် ဖွဲ့စည်းသောအခါ မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့ ပေါင်းမိကြသည်။ နေ့စဉ် တွေ့ဆုံကြသည်။ ရုပ်ရှင် အတူကြည့်ကြသည်။ ဘီယာ အတူသောက်ကြသည်။ သွားအတူ လာအတူ ဖြစ်ကြသည်။ အဆင်ပြေသည်က မောင်နေဝင်းမှာ ကားရှိသည်။ ဆရာတက်တိုးထံသို့လည်း မိမိတို့ သုံးယောက် အတူသွားကြသည်။

ပထမတွင် ဆရာက မောင်နေဝင်းနှင့် မိမိကို နိုင်ငံရေးနှယ်သော စာရေးဆရာ လူငယ်များဟု ယူဆဟန် ရှိသည်။ စာရေးဆရာအဖြစ်ထက် နိုင်ငံရေးဘက်တွင် အားသန်သော လူငယ်များအဖြစ် ထင်မြင်နေဟန် ရှိသည်။ သူ့စိတ်ထဲတွင် ထင်မြင်သည်ကို ကွယ်ဝှက်ထားခြင်း မရှိပါ။ ရယ်သလို မောသလိုနှင့် 'မောင်ရင်တို့ ကွန်မြူနစ်တွေက... မောင်ရင်တို့ ကွန်မြူနစ်တွေက ...' ဟု ပြောဆိုတတ်သည်။

သို့သော် ဆရာနှင့် စကားပြောရတာ ကောင်းသည်။ ဆရာက စကားပြောပွင့်လင်းသည်။ လူငယ်များနှင့် လိုက်လိုက်လှဲလှဲ ရင်းရင်းနှီးနှီး ပြောဆိုသည်။ ဘာသာစကားကလည်း တူညီသည်။ စာအကြောင်း ပေအကြောင်းကို ပြောဆိုကြသည်။ ဆရာက ယနေ့ စာပေလောကအကြောင်း သိချင်သည်။ စာရေးဆရာတွေအကြောင်း၊ မဂ္ဂဇင်းတွေအကြောင်း၊ စာအုပ်ဆိုင်တွေအကြောင်း၊ စာအုပ်လုပ်ငန်းအကြောင်း မေးမြန်းသည်။ မိမိတို့ကလည်း မိမိတို့ သိလိုသော နိုင်ငံတကာ စာပေအကြောင်း၊ စစ်ကြိုခေတ် စာပေလောက အကြောင်းတို့ကို မေးမြန်းကြရသည်။

မိမိတို့ ဆရာ့ထံသို့ မှန်မှန်သွားဖြစ်သည်။ စကားပြောရတာ ကောင်း၍ ဖြစ်သည်။ အကျိုးရှိ၍ ဖြစ်သည်။ တစ်ပတ်ကို တစ်ကြိမ်လောက် သွားကြသည်။ အစ်မကြီး ဒေါ်နုယဉ်က မိမိတို့ ကြိုက်တတ်သော လက်ဖက်သုပ်ဖြင့် ဧည့်ခံတတ်သည်။

စာရေးဆရာ စာပေကလပ် (နောင် စာရေးဆရာသမဂ္ဂ) တည်ရာကို ဆရာတို့၏ နေအိမ် အမှတ် ၁၁၊ လန်ကက်စတာလမ်း (နဝဒေးလမ်း) တွင် ထားရှိသောအခါ ဆရာတို့မိသားစုနှင့် မိမိတို့ ပိုပြီး ရင်းနှီးရသည်။ အစ်မကြီးက အမှုဆောင်တစ်ဦး ဖြစ်သည်။ တည်နေရာ အခက်အခဲ ရှိသောအခါ သူတို့အိမ်ကို တည်နေရာအဖြစ် ပေးသည်။ ဆရာက အမှုဆောင် မဟုတ်ပါ။ မိမိတို့ အမှုဆောင် အစည်းအဝေးရှိ၍ သွားသောအခါ အစည်းအဝေး မတိုင်မီအထိ ဆရာက ဧည့်ခံပြီး စကားပြောတတ်သည်။ အစည်းအဝေးချိန် နီးသောအခါ ဆရာသည် မြို့ထဲသို့လည်း သွားတတ်သည်။ သို့မဟုတ် စာရေးခန်းထဲသို့ ဝင်ရောက်ပြီး စာရေး၊ စာဖတ်ပြီးလည်း နေတတ်သည်။

ယခင် ကျောင်းအဆောက်အအုံဖြစ်သော ရှေ့ဘက်ရှိ နှစ်ထပ်အုတ်ခံ အိမ်ကလေးကို အသင်းတည်ရာအဖြစ် ပေးထားသော်လည်း၊ မိမိတို့သည် အမှုဆောင် အစည်းအဝေးများကို ဆရာတို့၏နေအိမ် ဧည့်ခန်းမှာပင် ကျင်းပတတ်ကြသည်။ အစ်မကြီးက

ကဗျာဆရာပီပီ အလှအပကို နှစ်သက်ပြီး ဧည့်ခန်းကို ဖိတ်ဖိတ်လက်အောင် ပွတ်တိုက်ထားသည်။ သို့သော် မိမိတို့ အစည်းအဝေး တစ်ခါလုပ်ပြီဆိုလျှင် အဆိုပါ ဧည့်ခန်းကလေးသည် ဆေးလိပ်တိုများ၊ ဆေးလိပ်ပြာများ၊ လက်ဖက်ရည်နှင့် ရေနွေးကြမ်း ဖိတ်စင်ထားသည်များကြောင့် ဈေးထောင့်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်လို ရှုပ်ထွေးညစ်ပေသွားတော့သည်။ သို့သော် ဆရာနှင့် အစ်မကြီးတို့က အပြုံးမပျက်ပါ။ သူတို့အိမ်မှာ စာရေးဆရာတွေ စုပြီး စာပေအကြောင်း၊ စာပေလှုပ်ရှားမှုအကြောင်း ပြောဆိုငြင်းခုံနေကြသည်များကို သဘောကျနေကြသည်။

မိမိတို့သည် ဆရာ၏ အိမ်ကိုသာမက ဆရာ၏ ရုံးခန်းသို့လည်း သွားရောက်ကြသည်။ ဦးဆောင်ညွန်ကြားရေးမှူး၏ ရုံးခန်းသည် မိမိတို့အတွက် တံခါးမရှိ၊ ဓားမရှိ ပင် ဖြစ်သည်။

ယင်းသို့ဖြင့် မိမိတို့သည် တစ်ယောက်ကိုတစ်ယောက် နားလည်လာကြသည်။ တစ်ဦးကိုတစ်ဦး စာရေးဆရာအဖြစ် အသိအမှတ် ပြုလာကြသည်။ အယူအဆ တူညီသည်များလည်း ရှိသည်၊ မတူညီသည်များလည်း ရှိသည်။ သို့သော် စာပေကို တန်ဖိုးထား မြတ်နိုးခြင်းနှင့် စာပေတွင် စိတ်ဝင်စား ထက်သန်ခြင်းတို့တွင်ကား တူညီကြသည်။ စာအကြောင်း ပေအကြောင်း ပြောရလျှင် ပျော်နေကြသည်။ ဆရာကလည်း စာရေးသည်။ မိမိတို့ကလည်း စာရေးသည်။ ဆရာ စာရေးသည်ကို မိမိတို့ အားကျပြီး၊ မိမိတို့ စာရေးသည်ကို ဆရာက အားရနှစ်ခြိုက်သည်။

ဆရာက စာအကြောင်း ပေအကြောင်း ပြောရသည်ကို ပျော်သလို စာရေးရသည်ကိုလည်း အင်မတန် ပျော်သည်။ မိမိသည် အယ်ဒီတာတစ်ဦး ဖြစ်သဖြင့် ဆရာ့ထံတွင် စာမူတောင်းရသည်။ ဆရာက ဘယ်တော့မှ ငြင်းသည် မရှိ။ အလုပ်တွေများနေ၍ မရေးနိုင်ဟု မဆို။ ရက်ချိန်း အမြန်ဆုံးပေးသည်။ ချိန်းသည့်နေ့တွင် စာမူရသည်။ တစ်ခါမျှ ရက်ချိန်းပျက်ဖူးသည် မရှိ။ အစ်မကြီးလည်း သည်အတိုင်းပင်။

မကြာမီကပင် ဆရာ့အိမ်သို့ စာမူတောင်းရအောင် ရောက်သွားသည်။ ယခုတလော ဆရာ၏စာတွေကို မဂ္ဂဇင်းတွေ၊ စာစောင်တွေ တော်တော်များများမှာ တွေ့ရသည်။ ဆရာ ရေးမှ ရေးအားပါ့မလားဟု စိုးရိမ်မိသည်။ သို့သော် ဆရာက တစ်ရက်ခြားချိန်းပြီး စာမူပေးသည်။

'ငါလည်း အခု တစ်နေ့ကို စာတိုတစ်ပုဒ်လောက် ရေးနေရတယ်။ ဒါပေမဲ့ စာတိုတွေဆိုတာက အမျိုးစုံ မဟုတ်လား၊ စုစုစည်းစည်း မရှိလှဘူး။ လုံးချင်းဝတ္ထုတစ်ပုဒ်လောက် ဘာသာပြန်ချင်သေးတယ်၊ ရေးနိုင်တုန်းပေါ့ကွာ'

'ကောင်းတာပေါ့ ဆရာ'

ဆရာက သူ စိတ်ကူးထားသော စာအုပ် သုံးလေးအုပ်ကို ပြောသဖြင့် မိမိက တစ်အုပ်ကို ဆန္ဒပြုမိသည်။

'အေး ကောင်းတယ်၊ အဲဒီစာအုပ်ကို ငါ အတိုတွေရေးရင်း တဖြည်းဖြည်းချင်း ပြန်သွားရမှာပဲ။ တစ်နှစ်လောက် ဆိုရင်တော့ ပြီးသွားမှာပဲ'

(ဃ)

မိမိတို့သည် နိုင်ငံတကာစာပေနှင့် မြန်မာစာပေအကြောင်း အများအားဖြင့် ပြောတတ်ကြသည် ဖြစ်သော်လည်း၊ ရံခါတွင် မိမိတို့ရေးသော စာများအကြောင်းလည်း ပြောဖြစ်ကြသည်။

တစ်ခါက မိမိ၏ စာအုပ်တစ်အုပ်အကြောင်း စကားစပ်မိကြသည်။

'ဆရာ "ရောမက မိန်းမပျက်" ဖတ်ပြီးပလား'

'အေး၊ တစ်နေ့ကပဲ ဖတ်လို့ ပြီးသွားတယ်'

'ဘယ်လို သဘောရသလဲ ဆရာ၊ ပြောပါဦး'

**ရောမက မိန်းမပျက်**သည် မိမိ၏ ဘာသာပြန်စာအုပ် ဖြစ်သည်။ အယ်လဗာတို မိုရေးဗီးယား၏ ဝတ္ထုကို ပြန်ဆိုထားခြင်း ဖြစ်သည်။ ဆရာက "အရမ်း ဘာသာမပြန်နဲ့" ဟူသော ဆောင်းပါးကိုလည်း ရေးသားသည်။ နောက်ပြီး **ဘဝနှင့်စာပေ** တွင် မိုရေးဗီးယား၏ ဝတ္ထုကိုလည်း ညွှန်းထားသည်။ ယင်းကြောင့် မေးမိခြင်း ဖြစ်သည်။

'ကောင်းပါတယ်၊ ဒါပေမဲ့ တချို့နေရာတွေမှာ မင်း ပြန်ထားတာက "အလျားလိုက် ပြန်ထားတာမျိုး" ဖြစ်နေတယ်'

"အလျားလိုက် ပြန်ထားတာမျိုး" ဟူသည့် စကားကို ရုတ်တရက် မိမိ နားမလည်ပါ။ သို့သော် အဓိပ္ပာယ်ကို မမေးမိပါ။ နောက်မှ စဉ်းစားယူမည်ဟု ဆုံးဖြတ်လိုက်သည်။

သို့သော် "အလျားလိုက် ပြန်ဆိုထားခြင်း" ဟူသော စကား၏ အဓိပ္ပာယ်ကို နောင်တွင်လည်း ကောင်းကောင်း သဘောမပေါက်ပါ။ ယနေ့အထိလည်း သဘောမပေါက်ပါ။ သို့သော် ဆရာ့ကို ယနေ့အထိလည်း ထိုစကားနှင့် ပတ်သက်၍ မမေးမိပါ။

တစ်ခုပဲ စဉ်းစားမိသည်။ ထိုစကား၏ အဓိပ္ပာယ်က တစ်နေရာတွင် နည်းနည်းလိုသေးသည်ဟု ပြောကြားခြင်းပဲ ဖြစ်ပေမည်။ ထို့ကြောင့် နောက်ပိုင်း ဘာသာပြန်ရာတွင် မိမိသည် ဆရာ၏စကားကို ဆင်ခြင်ပြီး တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်ကာ ဘာသာပြန်ဆိုပါသည်။ "အလျားလိုက် ပြန်ဆိုသည်" ဟု နောက်တစ်ကြိမ် အပြောမခံရစေရန် ဖြစ်ပါသည်။

[ ချယ်ရီ၊ ဒီဇင်ဘာ၊ ၁၉၈၈ ]

# မိမိ နှင့် သုခ

## (က)

ထိုနေ့က ဆရာနှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်း ဖြစ်ပါသည်။ ဆရာနှင့် တွေ့ချင်နေသည်မှာ ကြာပါပြီ။ ဆရာ့အိမ်သို့ သွားရန် ကြံရွယ်ခဲ့သည်မှာလည်း ကြာပါပြီ။ အထ မမြောက်ခဲ့ပါ။ ယခု တွေ့မည့် တွေ့လိုက်ရတော့ မည်သို့မျှ မမျှော်လင့်ဘဲနှင့် ဖြစ်ပါသည်။ ဆရာ့ကို ရုတ်တရက် မြင်တွေ့လိုက်ရတော့ မိမိ အံ့သြသွားသည်။ ပြီးတော့ ဝမ်းသာသွားသည်။

ဆရာက ပြုံးရွှင်လျက်။ ဆရာ၏ ကျန်းမာရေးက ကောင်းမွန်လျက်။

## (ခ)

ဖိတ်စာကို တွေ့မြင်လိုက်ရသောအခါ မိမိမှာ ပြဿနာဖြစ်ရသည်။ အကြောင်းမှာ သွားရောက်ရန် အခက်အခဲများ ရှိနေသောကြောင့် ဖြစ်သည်။ တစ်ကြောင်းမှာ မအားမလပ်ခြင်း ဖြစ်သည်။ ဖိတ်စာက နောက်ကျသည်ဟု ဆိုရမည်။ တစ်ရက်မျှသာ ကြိုတင်သည်။ မနက်ဖြန် မနက်တွင် ကြိုတင်ချိန်းဆိုထားသော ရုံးကိစ္စတစ်ခု ရှိသည်။ နောက်တစ်ကြောင်းက သွားရေးလာရေး။ အင်းလျားကန်ဟိုတယ် ဟူသည်မှာ ကိုယ်ပိုင်ကားရှိသူများအတွက်သာ သင့်လျော်သည်။ ကားငှားရလျှင် အသွား လေးဆယ်။ အပြန်တွင်မူ ကားကြုံ ရှိနိုင်သည်။ မကြုံခဲ့လျှင် နောက် လေးဆယ်။

သုခ ( ၁၉၁၀- )



မည်သို့ပင်ဖြစ်စေ၊ မဖြစ်မနေ သွားရမည့် အခြေအနေ ရှိနေသည်။ စာအိတ်ထောင့် တစ်နေရာတွင် တစ်ချက်လွှတ်အမိန့်စာ ပါရှိသည်။

**လာဖြစ်အောင် လာပါ။ ကျွန်တော့်စာရင်းအရ ဖိတ်တာ။**

**မြသန်းတင့်**

မိမိ ဘာများကော တတ်နိုင်ပါတော့မည်နည်း။

သွားရုံပဲ ရှိတော့သည်။

ဖိတ်သည့် အကြောင်းက **ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်** ဇာတ်ကား စတင်ရိုက်ကူးခြင်း အခမ်းအနား။

၂၃၊ ၂၊ ၈၉ နံနက် ၉ နာရီမှ ၁၁ နာရီ။ အင်းလျားကန်ဟိုတယ်၊ "ပတ္တမြားခန်းမ"။

"ဓားတောင်" ကို ပြဇာတ် ကပြတုန်းကလည်း မိမိတို့ သွားကြည့်ခဲ့ကြသည်။ သည်တုန်းက ကိုဝင်းဦး ပါသည်။ စမ်းချောင်း ပဒုမ္မာကွင်းတွင် ဖြစ်သည်။ မိမိတို့ ဇာတ်ခုံပေါ်မှ ကြည့်ခဲ့ကြရသည်။

ယခု ရုပ်ရှင် စတင်ရိုက်ကူးမည့် အခမ်းအနား။

ကဲ သွားလိုက်ကြဦးစို့။

ဤလို အခမ်းအနားများသို့ သွားရောက်ရသည့်အတွက် အကျိုးထူး တစ်ခုလည်း ရရှိနိုင်ပါသည်။ စာပေနှင့် အနုပညာလောကမှ မတွေ့ရတာ ကြာပြီဖြစ်သော မိတ်ဆွေဟောင်းများနှင့် တွေ့ရပြီး၊ မိတ်ဆွေသစ်များလည်း တိုးပွားခြင်းပင် ဖြစ်ပါသည်။

သို့သော် တွေ့ဆုံရန် မျှော်လင့်ထားသူများထဲတွင် ဆရာသုခ မပါပါ။ ဆရာသုခသည် စာရေးဆရာလည်းဖြစ်၊ ရုပ်ရှင်ဒါရိုက်တာလည်း ဖြစ်ပြီး ကျော်ဟိန်းနှင့် ခင်မင်ရင်းနှီးသူတစ်ဦး ဖြစ်သော်လည်း ဆရာ၏ ကျန်းမာရေးကြောင့် ရောက်ရှိလာလိမ့်မည်ဟု မထင်ပါ။ ဆရာ၏ မျက်စိအခြေအနေ ဆိုးသွားပြီ။ နိုင်ငံခြားသို့ပင် သွားရောက် ခွဲစိတ်ကုသထားရသည်။ ဆရာသည် စာကိုလည်း ကိုယ်တိုင် မရေးနိုင်၊ စာကိုလည်း ကိုယ်တိုင် မဖတ်နိုင်ဟု ကြားသိထားရသည်။ သူများကို ပါးစပ်က ပြောပြပြီး ရေးရသည်။ သူများကို ဖတ်ခိုင်းပြီး နားထောင်ရသည်။ ဆရာ၏ အသက်ကလည်း စကားပြောနေပြီ ဖြစ်သည်။

မှန်းစမ်း။ ဆရာ့အသက် ဘယ်လောက်ရှိပြီလဲ။ ၁၉၁၀ ဖွား ဆိုတော့ ၇၉ နှစ်ကြီးများတောင် ရှိနေပြီ။ နောက်နှစ်ဆိုလျှင် အသက် ၈၀ ပြည့်ပဲ။

ခဏာ ထားလိုက်ဦး။

အင်းလျားကန်ဟိုတယ်အတွင်းသို့ မိမိ ဝင်ရောက်သွားသောအခါ ပတ္တမြားခန်းမဆောင် အပြင်စင်္ကြံတွင် တစ်ယောက်တည်း ရပ်နေသော ကျော်ဟိန်းကို တွေ့မြင်ရသည်။ စတစ်ကော်လာ အင်္ကျီအဖြူ၊ တိုက်ပုံအဖြူ၊ ခရမ်းနရောင် ရခိုင်လုံချည်နှင့်။

သူက ဧည့်သည်များကို ကြိုဆိုရန် စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ မိမိကို မြင်သောအခါ သူက ကျောက်သားလှေကားထစ်များ တစ်ဝက်လောက်အထိ ဆင်းလာပြီး ဆီးကြိုသည်။

'ဆရာ့ကို ခရီးဦးကြိုဆိုပြီး ခေါ်သွားပါရစေ ခင်ဗျာ'

သူ့အသံက တိုးညင်း ညင်သာသည်။ သူ့အမူအရာက ချိုသာသိမ်မွေ့သည်။ မာန်မာန ထောင်လွှားနေသော အောင်မြင်ကျော်ကြားသူမျိုး မဟုတ်။

မိမိကို ပတ္တမြားခန်းမ အတွင်းသို့ သူ ခေါ်ဆောင်သွားသည်။ ဗွီဒီယို ကင်မရာမင်းများက ခန်းမဆောင်အဝမှ ဆီးကြိုပြီး စင်မြင့်ငယ်ထိပ်ရှိ စားပွဲဝိုင်းတစ်ခုသို့ ရောက်ရှိသည်အထိ ရွေ့လျား လိုက်ပါလာကြသည်။

ယင်းစားပွဲမှာ မြသန်းတင့် ရှိနေသည်။ သူနှင့်အတူ သူ့မိတ်ဆွေ ဒေါက်တာ ဆန်းမြင့်နှင့် မောင်စွမ်းရည်တို့ကို တွေ့ရသည်။ မြသန်းတင့်က မိမိနှင့် ကျော်ဟိန်းကို မိတ်ဆက်ပေးသည်။ ထိုအခါ ကျော်ဟိန်းက–

'ကျွန်တော် ဆရာ့ကို အရင်တစ်ခါ တွေ့ဖူးပါတယ်'

မှန်သည်။ အရင်တစ်ခါ တွေ့ဖူးသည်။ တစ်ခါတည်းသာ ဖြစ်သည်။ သို့သော် ယင်းသို့ တစ်ကြိမ်တည်း တွေ့ရှိသည်ကို သူ မှတ်မိနေသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်မှုတစ်ခုကို ပြောရပါဦးမည်။

ထိုနေ့က အခမ်းအနားအပြီးတွင် ဝက်ပါလမ်းရှိ စာပေစိစစ်ရေးရုံးသို့ မိမိ ရောက်ရှိသွားသည်။ မိမိ ထိုင်နေစဉ် ဇာတ်မင်းသားလေး မောင်သိန်းဇော်နှင့် တွေ့၍–

'ဆရာ့ကို ကျွန်တော် အရင်က တစ်ခါ တွေ့ဖူးပါတယ်'

'ဘယ်မှာပါလိမ့်'

'ဆရာ မန္တလေး မီးရထားစာကြည့်သင်းမှာ လာဟောတုန်းက ဆရာ ဦးဝင်းမြင့် အိမ်မှာ တွေ့တာပါ'

သူလည်း တစ်ခါ တွေ့ဖူးသည်ကို မမေ့တတ်သူ တစ်ဦးပင်။

ကောင်းပြီ။ ပြန်ကောက်။

မိမိနောက် ရောက်ရှိလာသူမှာ ချိုပြုံးနှင့် သမီးငယ်။ ကျော်ဟိန်းက သူတို့ကို ဇာတ်ဆောင်များအတွက် သီးသန့်ထားသော စားပွဲသို့ ပို့ဆောင်သည်။

တစ်စားပွဲကျော်တွင် စာနယ်ဇင်းလောကမှ မိတ်ဆွေများကို မြင်ရသည်။

ခဏအကြာတွင် ကျော်ဟိန်းသည် သူ၏ဇာတ်ကားတွင် ပါဝင်မည့် သရုပ်ဆောင်များကို မိမိတို့ စားပွဲသို့ ခေါ်ဆောင်လာပြီး မိတ်ဆက်ပေးသည်။

သူ ခေါ်ဆောင်လာသော ဇာတ်ဆောင်များမှာ ပထမ ကျော်သူ၊ ပြီးတော့ ချိုပြုံး၊ နေအောင်၊ ဘီအီးဒီအောင်သိုက်၊ မင်းဦး။

ထို့နောက် မိမိတို့ စားပွဲဆီသို့ ကင်မရာမင်းများ ရောက်လာသဖြင့် မည်သည့် မင်းသား၊ မင်းသမီးကိုများ ခေါ်ဆောင်လာပြန်ပြီနည်းဟု ကြည့်လိုက်သောအခါ အလို ဆရာဦးသုခပါကလား။ ဆရာနှင့် မိမိတို့ကို မိတ်ဆက်ပေးစရာ မလိုပါ။ မိမိတို့က ဆရာ့ ကို ဂါရဝပြုပြီး နှုတ်ဆက်ကြပါသည်။ ဆရာကလည်း မိမိတို့ကို တွေ့ရှိသောအခါ မိတ် ဟောင်း ဆွေဟောင်း၊ တပည့်ဟောင်းများကို တွေ့ရှိရသည့်ပမာ ဝမ်းသာသွားပုံ ရပါ သည်။

မိမိတို့က ဆရာ၏ ကျန်းမာရေးကို မေးမြန်းကြသည်။

ထို့နောက် ဆရာက "ဓားတောင်" အကြောင်း ပြောသည်။ "ဓားတောင်" အမည်နှင့် ပတ်သက်ပြီး ပြောသည်။ "ဓားတောင်"ကို ဆရာ ဖတ်ပြီးပြီ။

ဆရာ၏ ပြောကြားချက်များကို ကြားရသောအခါ မြသန်းတင့်က ကျော်ဟိန်းနှင့် တိုင်ပင်ပြီး ဆရာ့ကို အခမ်းအနားတွင် စကားအနည်းငယ် ပြောကြားပေးရန် တောင်းပန် သည်။ ဆရာက ငြင်းသည်။ သို့သော် အတင်းတောင်းပန်ကြသောအခါ သုံးမိနစ်လောက် ပြောမည်ဟု ကတိပြုလိုက်သည်။

အခမ်းအနား စပြီ။

ကျော်ဟိန်းက "ဓားတောင်"ကို ရိုက်ကူးရခြင်း အကြောင်း ပြောသည်။ သူ အခု ၄၂ နှစ် ရှိပြီ။ သူ၏အသက် သုံးပုံတစ်ပုံလောက်ကို အဓိပ္ပာယ်မဲ့ ကုန်လွန်ခဲ့သည်ဟု ဆိုသည်။ ယခု အသက်အရွယ် ရပြီး အတွေ့အကြုံများ ရှိလာသောအခါ အဓိပ္ပာယ်ရှိသော အလုပ်တစ်ခုကို လုပ်လိုသည်။ "ဓားတောင်"ကို ရိုက်ကူးပြီး အလုပ်သမား လူတန်းစားကို ဂုဏ်ပြုလိုသည်ဟု ဆိုသည်။

ထို့နောက် မြသန်းတင့် ပြောသည်။ သူ့ဝတ္ထု ရည်ရွယ်ချက်၊ ဝတ္ထုမှ ရုပ်ရှင်သို့ ကူးပြောင်းသည့် အကြောင်း၊ ကျော်ဟိန်းကို သူ့ဝတ္ထု ရိုက်ကူးခွင့်ပြုရသည့် အကြောင်း။

ထို့နောက် ဆရာ့အလှည့်။

(ဂ)

ပတ္တမြားခန်းမ ဟူသည်နှင့်အညီ ခန်းမဆောင်ကြီး တစ်ခုလုံးသည် ပတ္တမြားရည်များ ယိုဖိတ်ထားသည့်ပမာ ရွှန်းစိုနီမြန်းလျက် ရှိသည်။

ခန်းလုံးပြည့် ခင်းထားသော ကြမ်းခင်းကော်ဇောများကလည်း အနီ၊ နံရံ ပတ်ပတ်လည်တွင် ချိတ်ကာထားသော ခန်းဆီးများကလည်း အနီ၊ ဆရာက တိုက်ပုံ အင်္ကျီအဖြူ၊ လုံချည် အဝါနုနုနှင့်မို့ ပုလဲရောင်ပမာ။ မျက်နှာတစ်ခုပဲ သာသနာအရိပ်အငွေ့ ဖြစ်သော သပိတ်ရောင်။

စကားပြောခွက်တိုင် ထောင်ထားသော စင်မြင့်နိမ့်နိမ့်ကလေးသည် မိမိတို့

စားပွဲနှင့် သုံးလေးလှမ်းမျှသာ ဖြစ်သော်လည်း၊ ဆရာ၏ အသက်အရွယ်နှင့် ကျန်းမာရေးကို အထူးဂရုပြုသော သဘောဖြင့် မောင်စွမ်းရည်နှင့် ကျော်ဟိန်းတို့က ဆရာ့ကို တွဲပို့ရန် ကြိုးစားကြသည်။ သို့သော် ဆရာက ညင်သာစွာပင် ရန်းဖယ်ပြီး သူ့ဘာသာသူပင် လျှောက်သွားသည်။ ရာဇမတ် ကာထားသော စင်မြင့်ငယ်ပေါ်သို့ တက်သွားသည်။ စကားပြောခွက် ရှေ့တွင် မတ်တတ်ရပ်လိုက်သည်။

ဆရာ၏ ခြေလှမ်းများက ခိုင်မာပြီး ဆရာ၏ လှုပ်ရှားမှုများက မှန်ကန်တည်ငြိမ်လှပါသည်။ ဆရာ၏ မျက်နှာ ပြုံးချိုနေပြီး ဆရာ၏ ကျန်းမာရေး ကောင်းမွန်ကြောင်းကို ပြသနေပါသည်။

မိမိတို့အားလုံး ဆရာ့ထံတွင် အာရုံရောက်နေကြသည်။ ဆရာ၏ လှုပ်ရှားသွားလာမှုများ ခိုင်မာတည်ငြိမ်သဖြင့် အံ့သြ ဝမ်းသာနေကြသည်။

ဆရာ၏ အသံ အောင်မြင်စွာ ထွက်ပေါ်လာသည်။

'အခုလို စကားပြောရမယ်မှန်း သိရင် ကျွန်တော် ဒီကို မလာပါဘူး။ ကျွန်တော်ဟာ အရင်က အင်မတန် စကားပြောတဲ့သူပါ။ ခင်ဗျားတို့အားလုံး သိပါတယ်။ ဒါပေမဲ့ ကျန်းမာရေးကြောင့် အခု မပြောချင်တော့ဘူး၊ မပြောနိုင်တော့ဘူး။ ဒါပေမဲ့ ဆရာမြသန်းတင့်နဲ့ သူ့ဝတ္ထု နာမည်အကြောင်း စောစောက ကျွန်တော် ပြောမိတဲ့အတွက်၊ သူနဲ့ မောင်ကျော်ဟိန်းတို့က စကားပြောပါဆိုလို့ ဘယ်လိုမှ မငြင်းသာတဲ့အတွက် သုံးမိနစ်လောက်တော့ ပြောပါ့မယ်ဆိုပြီး အခုလို စင်ပေါ် ရောက်လာရတော့တာပဲ'

ဆရာက သုံးမိနစ်ဆိုသော်လည်း တကယ်ပြောသောအခါ ဆယ်မိနစ်ခန့် ဖြစ်ပါသည်။ ဆရာ၏ အသံသြဇာက ယခင်အတိုင်းပင် ဖြစ်ပါသည်။ အသံမာသည်။ အသံချိုသည်။ အသံပြတ်သည်။ အသံစီးဆင်းမှု ရှိသည်။ စကားလုံး အဆက်အစပ်များ မှန်ကန်သည်။ ဆိုလိုရင်းအဓိပ္ပာယ် ပေါ်လွင်တိကျသည်။

ဆရာက "ဓားတောင်"၏ အမည်ကို ဗုဒ္ဓတရားတော်နှင့် ဆက်စပ်ပြီး ပြောကြားသွားသည်။ မြတ်စွာဘုရား၏ သုတ်တော်တွင် ဆိုထားသည်မှာ ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်ဟူသော အဓိပ္ပာယ်မျိုးပင် ဖြစ်သည်။ သန်လျက်ဓားများ ဆင့်ထားသည်ကို ကျော်လွှားမည်။ ပင်လယ်ပြင်ကြီး မီးဟုန်းဟုန်း တောက်နေပေစေ၊ ဖြတ်ကျော်မည်။ အခက်အခဲ ဟူသမျှကို ကြိုးစားကြံဆောင်ပါက အောင်မြင်နိုင်သည်ဟု ဖြစ်သည်။ 'ကိုယ်လုပ်ချင်တာကို တကယ်လုပ်၊ တကယ်ဖြစ်ရမယ်' ဟု ဆရာက သူ၏ ဆောင်ပုဒ်ကို နောက်ဆုံး ပြောကြားပြီး နိဂုံးချုပ်သွားသည်။

မိမိသည် ဆရာ၏ ရုပ်ပုံလွှာကို ငေးမောရင်း၊ ဆရာ၏ စကားများတွင် အာရုံ နစ်မြုပ်ရင်း ဆရာနှင့် သိရှိခဲ့ရသော အတိတ်ကာလများဆီသို့ လွင့်မျောသွားနေမိသည်။

ရာပြည့်စာအုပ်တိုက်

ဆရာသုခကို မိမိ လူချင်း စတင်သိရှိဖူးသည်မှာ ၁၉၅၄ ခုနှစ်လောက်က ဖြစ်သည်။ ဝင်းဝင်းရုံတွင် စာဆိုတော်နေ့အတွက် လှိုင်ထိပ်ခေါင်တင်ပြဇာတ် ဇာတ်တိုက်စဉ်က ဖြစ်သည်။ မိမိသည် ဇာတ်စင်နှင့် မလှမ်းမကမ်းတွင်ရပ်ပြီး ဦးကြယ်နီနှင့် ဒေါ် စိန်ခင်တို့ ဇာတ်ဝင်ခန်းတစ်ခန်း ဇာတ်တိုက်သည်ကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။ မိမိသာမက ရုံတွင်းရှိသူများ အားလုံးလည်း စိတ်ဝင်စားလျက် ရှိသည်။ ဒါရိုက်တာ (စိန်) ခင်မောင်ရီက ဒေါ်စိန်ခင် ပြောရမည့် စကားများကို ကန့်လန့်ကာကြားမှ ချပေးနေသည်။ ထိုစဉ်တွင် တစ်ဖက် ကန့်လန့်ကာကြားမှ လူတစ်ယောက် ဝုန်းခနဲ ခုန်ထွက်လာပြီး ဒေါ်စိန်ခင်ကြီးကို ဖနောင့်ဖြင့် ပေါက်ကာ–

'နင် ဘာမဟုတ်တာတွေ လျှောက်ပြောနေတာလဲ၊ အကုန်လုံး အမှားတွေချည်းပဲ'

လူတွေအားလုံး ကြောင်သွားကြသည်။ မနေ့က ဇာတ်တိုက်တုန်းက ဤအကွက် မပါပါ။ ဒေါ်စိန်ခင်လည်း သူ့အား ဖနောင့်နှင့် ပေါက်သူကို ငေးကြောင်ပြီး ကြည့်နေသည်။ ဦးကြယ်နီနှင့် ဒါရိုက်တာတို့ကလည်း ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြသည်။ ကန့်လန့်ကာကြားထဲက ပြေးထွက်လာပြီး ဖနောင့်နှင့် ပေါက်သူမှာ ဆရာသုခပင်တည်း။

နောက်မှ ဆရာ၏မျက်နှာကို ကြည့်ပြီး နောက်ပြောင် ကျီစယ်ခြင်း ဖြစ်ကြောင်း မိမိတို့ သိရှိရတော့သည်။ အမှန်တော့ ဆရာက နောက်ပြောင်ရုံသက်သက် မဟုတ်ပါ။ သူရောက်ရှိလာကြောင်း အများသိအောင် ကြေညာလိုက်ခြင်း ဖြစ်သည်။ သူက ဇာတ်တိုက်သည်ကို ကန့်လန့်ကာကြားမှ ကြည့်နေပြီး၊ အကွက်ဝင်သည်နှင့် တစ်ပြိုင်နက် ပြေးထွက်လာခြင်း ဖြစ်သည်။ အမှားကို ထောက်ပြပြင်ဆင်ကာ အမှန်ကို ရွတ်ဆိုပြသည်။

"အင်း … ဒါကြောင့်လည်း နာမည်ကျော်ဒါရိုက်တာတစ်ယောက် ဖြစ်ပေတာပဲ" ဟု မိမိ စိတ်ထဲတွင် အောက်မေ့မိသည်။ ထိုနေ့က ဆရာ၏ ဇာတ်ပညာများကို မိမိ မျက်မြင် ဖြစ်ရသည်။

မိမိကို ဇာတ်ရုံထဲတွင် ဆရာနှင့် မိတ်ဆက်ပေးသူမှာ မိုးဝေပင် ဖြစ်သည်။ ဆရာက ထုံးစံအတိုင်းပင် 'ကိုလှတို့ နေကောင်းသလား' ဟု မေးသည်။

သည့်နောက်ပိုင်းတွင် ဆရာနှင့် ရံဖန်ရံခါ တွေ့ဆုံရသော်လည်း အရင်းနှီးကြီး မဟုတ်ပါ။ ပြုံးရုံ၊ နှုတ်ဆက်ရုံမျှသာ ဖြစ်သည်။

တစ်နေ့တွင် ဂလုပ်ရုံ (ဂုဏ်ရုံ) အောက်ရှိ **ကိုတင်အောင် မစန်း** စာအုပ်ဆိုင်သို့ မိမိ ရောက်ရှိသွားရာ ကိုတင်အောင်၏ညီ ကိုတင်မောင်က–

'အခုပဲ ဆရာဦးသုခ ပြန်သွားတယ်'

မိမိ ဘာပြောရမှန်း မသိပါ။ မိမိနှင့် ဆရာဦးသုခ မည်သို့ ပတ်သက်စရာ ရှိသနည်း။

'သူက ခင်ဗျားကို တော်တော်ကြီး ချီးကျူးသွားတယ်'

'ခင်ဗျာ'

မိမိ အံ့သြသွားမိသည်မှာ အမှန်ပင်။

'သူက ခင်ဗျား ဘာသာပြန်တဲ့ "ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်" ကို ဖတ်ပြီးပြီတဲ့။ ဘာသာပြန် တော်တော် ကောင်းတယ်လို့ ပြောတယ်'

'ဩော်'

သည်တစ်ခါ ထပ်ပြီး အံ့သြမိသည်က မိမိကို ချီးကျူး၍ မဟုတ်ပါ။ မိမိ ဘာသာပြန်သော စာအုပ်ကလေးကို ဆရာ ဖတ်သည့်အတွက် ဖြစ်ပါသည်။ ဘာ့ကြောင့်မှန်း မသိ၊ သည်လို စာအုပ်မျိုးကို ဆရာ ဖတ်လိမ့်မည်ဟု မိမိ မထင်ခဲ့ပါ။

နောက်တစ်ခါ ဆရာနှင့် ပတ်သက်ပြီး အံ့သြရပြန်သည်မှာ ဆရာ့ထံမှ မမျှော်လင့်သော စာတစ်စောင် ရရှိသောကြောင့်ပင် ဖြစ်ပါသည်။

ထိုစာမှာ အမှန်တော့ မိမိထံသို့ တိုက်ရိုက်လာသော စာ မဟုတ်ပါ။ မိုးဝေ မဂ္ဂဇင်း ထုတ်ဝေသူသို့ လိပ်စာမူထားပါသည်။ ဆရာ၏နာမည်နှင့် လိပ်စာ ပုံနှိပ်ထားသော စာရေးစက္ကူပေါ်တွင် လက်နှိပ်စက်နှင့် ရိုက်ထားပြီး ဆရာ လက်မှတ်ထိုးထားပါသည်။

နေ့စွဲ ၁၃-၉-၇၁

မိုးဝေ မဂ္ဂဇင်း
ထုတ်ဝေသူသို့

"မိုးဝေစာပေမဂ္ဂဇင်း" ဟူသော အမည်နှင့် လိုက်လျောစွာ ဖတ်စရာ များများ ပါသောကြောင့် လစဉ်ဝယ်၍ ဖတ်နေပါသည်။ လတိုင်း အချိန်စောစောနှင့် ကောင်းသည်ထက် ကောင်းအောင် ကြိုးစားကြရန် တိုက်တွန်းလိုပါသည်။

သုခိအတ္တာနံ ပရိဟရန္တု
သုခ

(ဤစာကို ဖော်ပြရန် မဟုတ်ပါ။)

"ဤစာကို ဖော်ပြရန် မဟုတ်ပါ" ဟု ဆရာက ဆိုထားသဖြင့် ထိုစဉ်က မဂ္ဂဇင်းတွင် (မိုးဝေ မဂ္ဂဇင်းတွင်) မဖော်ပြခဲ့ပါ။

ယခု ဖော်ပြလိုက်ရခြင်းမှာ ဆရာ့အကြောင်း ရေးသားလိုသည်က တစ်ကြောင်း၊ ဤစာကို ဆရာ ရေးခဲ့သည်မှာ ၁၈ နှစ်မျှ ကြာသွားပြီဖြစ်၍ တစ်ကြောင်း။ "ဤစာကို ဖော်ပြရန် မဟုတ်ပါ" ဟု ဆိုခြင်းမှာ မဂ္ဂဇင်းကြော်ငြာ ဖြစ်သွားမည်စိုးသဖြင့် ထိုစဉ်က

(မိုး၀၀) မဂ္ဂဇင်းတွင် မဖော်ပြရန် ပြောဆိုခြင်းသာဟု မိမိ ယူဆ၍တစ်ကြောင်း၊ ယခု အခါ ဆရာ သက်ရှိထင်ရှားစဉ် ဤစာကို ဖော်ပြလို၍ တစ်ကြောင်း ယခု ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ (ဆရာ ခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့်ပါသည်။)

ဆရာ၏စာမှာ ဝါကျနှစ်ကြောင်းသာ ပါရှိပြီး တိုတိုကလေးသာ ဖြစ်သော်လည်း မိမိအဖို့မူ အံ့ဩစရာတွေ အများကြီး ဖြစ်နေပါသည်။ ဆရာ့လို နာမည်ကျော်ကြားသူ၊ မအားမလပ်သူ တစ်ဦးက ယခုလို တကူးတက စာရေးသည်မှာ မယုံကြည်နိုင်စရာ ဖြစ်သည်။ ဆရာ့ကို မိမိက ရေးရိုးစဉ်လာသမားတစ်ဦးဟု ယူဆခဲ့သည်။ ယခုတော့ ဆရာက အတွေးသစ်၊ အရေးသစ်များပါသော မဂ္ဂဇင်းတစ်စောင်ကို ဖတ်ကြောင်း သိရသဖြင့် မအံ့ဩဘဲ မနေနိုင်ပါ။ နောက်ပြီး မေတ္တာလက်ဆောင် ရရှိသဖြင့်၊ ကြုံကြိုက်သဖြင့် ဖတ်ခြင်းမ ဟုတ်ဘဲ ဝယ်ယူဖတ်ရှုခြင်း ဖြစ်ပါသည်။ ဒုတိယ ဝါကျမှာ ဆရာ၏ စေတနာ ဖြစ်သည်။ မိုးဝေ အပေါ်တွင် ထားရှိသော စေတနာ ဖြစ်သည်။ စာပေလောက တစ်ခုလုံးအပေါ် ထားသော စေတနာလည်း ဖြစ်ပါသည်။

ထိုအခါမှစ၍ ဆရာသည် စာများများဖတ်သူ တစ်ဦး၊ စာပေအပေါ်တွင် စေတနာကြီးမားသူ တစ်ဦးဟု မိမိ၏စိတ်တွင် ကိန်းအောင် မှတ်သားထားခဲ့ပါသည်။

## (င)

ဆရာ အမှာစကား ပြောကြားပြီးသွားသောအခါ မောင်စွမ်းရည်နှင့် ကျော်ဟိန်းတို့က ဆရာ့ကို တွဲခေါ်ရန် သွားရောက်ကြသည်။ သို့သော် ဆရာက စောစောကအတိုင်း ပင် ညင်သာစွာ ငြင်းပယ်ပြီး သူ့ဘာသာပင် စားပွဲသို့ ပြန်လျှောက်လာသည်။ ဆရာ့တွင် ပင်ပန်းနွမ်းနယ်သွားသည့် အသွင်လက္ခဏာ မရှိပါ။ မိမိ ပြောလိုရာကို ပြောလိုက်ရသဖြင့် ဝမ်းသာပီတိ ဖြစ်သွားသော အမူအရာသာ ဆရာ့မျက်နှာတွင် ပေါ်လွင်နေပါသည်။

မိမိက ရင်ထဲတွင် လျှို့ဝှက်မထားနိုင်သဖြင့်–

'ဆရာ့အသံက အများကြီး မာတာပဲ'

'မာန်ကိုးဗျာ့'

ဆရာက တိုတိုတုတ်တုတ်ပင် ပြန်ပြောသည်။

'ဒါပေါ့၊ စာရေးဆရာမှာ မာန် ရှိရမှာပေါ့'

မြသန်းတင့်က ထောက်ခံသည်။

မှန်ပါသည်။ မိမိတို့တွင် အနုပညာမာန ရှိရပါမည်။ ဆရာ၏ စကားကို မိမိ ကောင်းစွာ မှတ်သားထားလိုက်ပါသည်။

မည်သည့်အခါတွင်မျှ မာန် မချကြစတမ်း။

[ ချယ်ရီ၊ မေ၊ ၁၉၈၉ ]

# မိမိ နှင့် ငွေဥဒေါင်း

(က)

တောင်ကြီးမြို့သို့ ရောက်တိုင်း ဆရာ့ကို မပျက်မကွက် သွားရောက် ဂါရဝပြုပါသည်။ ဆရာ ရန်ကုန်လာတိုင်းလည်း မပျက်မကွက်ပင် သွားရောက် ဂါရဝပြုပါသည်။ ဆရာ့ကို လေးစားသည်က တစ်ကြောင်း၊ ခင်မင်ရင်းနှီးသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ပါသည်။ ဆရာနှင့် တွေ့ဆုံရသည်မှာ စိတ်ချမ်းသာပါသည်။ စိတ်အားတက်ပါသည်။ ဗဟုသုတ တိုးပါသည်။ ဆရာက ပြုံးပြုံးရယ်ရယ် ရင်းရင်းနှီးနှီး အားရပါးရ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သောကြောင့် ဖြစ်ပါသည်။ ဆရာက ဘယ်တော့မဆို စကားအဆက်အစပ် ရှိသည့်အတိုင်း ရှေးဟောင်းနှောင်းဖြစ်များ၊ စာရေးဆရာကြီးများနှင့် စာနယ်ဇင်းလောက အကြောင်းတို့ကို ပြန်ပြောင်း ပြောဆိုတတ်ပါသည်။

သို့သော် တောင်ကြီးသို့ မိမိ မရောက်သည်မှာလည်း နှစ်အနည်းငယ် ရှိသွားပြီ။ ဆရာကလည်း ရန်ကုန်ကို အလာကျဲသွားသည်။ ထို့မျှမက ဆရာ ရန်ကုန်လာသည့် နောက်ဆုံး တစ်ခေါက်၊ နှစ်ခေါက်တွင်လည်း အကြောင်းမညီညွတ်သဖြင့် ဆရာနှင့်

ငွေဥဒေါင်း ( ၁၉၁၅-၉၇ )



လူချင်း မတွေ့လိုက်ရပါ။ ဆရာ့အကြောင်းကိုသာ ကြားရသည်။ ဆရာ၏ ကျန်းမာရေး အခြေအနေ သိပ်မကောင်းလှဟု ဆိုသည်။ စကား အင်မတန်ပြောသော ဆရာသည် ယခု အခါ စကားမပြောတော့သလောက်ပင် ဖြစ်သည်ဟု ဆိုသည်။

ထိုအခါ စိတ်မကောင်းမိပါ။ 'ကိုယ့်လူတို့ကို ကျုပ် တစ်ခုပြောမယ်၊ ကိုယ့်လူတို့ တော့ ကြားဖူးမလား မသိဘူး' ဟု ဆရာ၏ အဖွင့်စကားနှင့် ဆရာ၏ ပြုံးရယ်ရွှင်လန်း သော မျက်နှာတို့ကို အမှတ်ရနေမိပါသည်။ ဆရာ စာအရေးလည်း ကျဲသွားသည်။ မဂ္ဂဇင်း များတွင် မတွေ့သလောက်ပင် ဖြစ်သည်။ မိမိ၏ **နှယ်နီ** တွင်လည်း မရေးဖြစ်ခဲ့ပါ။ ယခင် ကဆိုလျှင် မိမိတာဝန်ယူသော မဂ္ဂဇင်းတွင် ရေးဖြစ်အောင်ရေးသည်။ အနည်းဆုံး အကြော ညာဏ်ပေးစာ၊ ဝေဖန်စာတော့ ရေးသည်။ မိမိက ပေးစာအရေးပျင်းသော်လည်း ဆရာကမူ မိမိကဲ့သို့ မဟုတ်ဘဲ ရုံဖန်ရံခါဆိုသလို သတိရကြောင်း၊ မိမိ၏ ဝတ္ထုကို ဖတ်ရကြောင်း၊ မိမိ၏ မဂ္ဂဇင်းကို တွေ့ရကြောင်း စာရေးလေ့ ရှိသည်။ ယခု ဆရာ့ထံမှ စာမလာပါ။ ဆရာ နှင့် မိမိသည် အဆက်အသွယ် ပြတ်နေသလောက်ပင် ရှိတော့သည်။

သို့ဖြင့် ယခုတစ်ခေါက် ခရီးသွားသောအခါ စာပေမိတ်ဆွေများ၊ အခြားမိတ် ဆွေများနှင့် မတွေ့ဆုံတော့ဘဲ (နယ်အကြောင်းလည်း မစူးစမ်း၊ ရန်ကုန်အကြောင်းလည်း ဖောက်သည်မချဘဲ) မိမိတို့ဘာသာ တစ်နေရာမှာ အေးအေးလူလူ တိတ်တိတ်ဆိတ်ဆိတ် နေမည်ဟု စိတ်ကူးရှိကြသော်လည်း၊ တောင်ကြီးသို့ ရောက်ရှိသော အခါတွင်မူ ခြွင်းချက် အဖြစ်နှင့် ဆရာ့ကို သွားရောက်ကာ ဂါရဝ ပြုခဲ့ကြပါသည်။

(ခ)

ဆရာ နေထိုင်သော "ရှုခင်းသာ"နှင့် မိမိတို့ တည်းခိုသော "တောင်ကြီးဟိုတယ်" သည်မြို့၏ဟိုဘက်ထိပ်၊ သည်ဘက်ထိပ် ဖြစ်ပါသည်။ အတော်ပင် ဝေးသည်ဟု ဆိုရမည်။ သို့သော် မိမိတို့သည် တောင်ကြီးမြို့သို့ ရောက်ရှိပြီး နောက်တစ်နေ့ နံနက်မှာပင် ဆရာ့အိမ်သို့ သွားရောက်ခဲ့ကြသည်။

ဆရာ့အိမ်သည် အမှန်တကယ်ပင် ရှုခင်းသာ ဖြစ်သည်။ အိမ်ရှေ့တည့်တည့်ရှိ အထီးတည်းသော သစ်ပင် ပုပုဝိုင်းဝိုင်းကလေး၏ အလှကို မိမိရောက်ရှိတိုင်း ငေးမောမိ ရသည်။ သို့သော် သည်တစ်ခေါက်တွင်မူ ယင်းသစ်ပင်ကလေးအောက်တွင် ခွေး သုံးလေး ကောင် စောင့်ကြပ်လျက်ရှိသဖြင့် မိမိတို့ ရုတ်တရက် မဝင်ရဲဘဲ ရှိသည်။ ထုံးစံအတိုင်း အိမ်ပြတင်းနှင့် တံခါးများအားလုံး ပိတ်ထားသဖြင့် လူရိပ်လူခြည် မမြင်ရပါ။ အတန်ကြာ မှ ကလေးလေးတစ်ယောက် သတင်းပေးပို့ချက်အရ အိမ်ရှေ့တံခါးကို ဆရာကိုယ်တိုင် လာဖွင့်ပေးပါသည်။

ဆရာက မိမိတို့ကို စူးစိုက်ပြီး ကြည့်နေသည်။ အံ့သြနေသည်လား၊ တွေဝေ

နေသည်လား၊ ဇဝေဇဝါ ဖြစ်နေသည်လား မပြောတတ်။ အရင်ကလို ပြုံးရယ်ခြင်း မပြုပါ။ ပြီးတော့ ဆရာ အတန်ငယ် ပိန်ချုံးသွားသည်မှာလည်း အမှန်ပင်။

'ဆရာ နေကောင်းသလား၊ ဆရာ့ကို ကျွန်တော်တို့ လာနှုတ်ဆက်တာပါ'

ဆရာက တံ့ဆိုင်းတံ့ဆိုင်းနှင့် ဧည့်ခန်းတွင်းသို့ ဝင်သွားပြီး မိမိတို့ကို ထိုင်ရန် နေရာပေးသည်။ ဆေးလိပ် တည်သည်။ သို့သော် ဘာမျှတော့ မပြောသေး။ မိမိတို့၏ မျက်နှာများကို ကြည့်နေသည်။ ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

မြတ်စွာဘုရား။ မိမိတို့ကို ဆရာ မေ့များ မေ့နေချေပြီလား။ မိမိတို့အားလုံးသည် ဆရာနှင့် အထူးပင် ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည်။

'ထိုင်ကြလေ'

ဆရာက ကုလားထိုင်တစ်လုံးကို နေရာပြင်ရင်း ပြောသည်။

'မထိုင်တော့ဘူး ဆရာ၊ ခဏပဲ၊ လာ နှုတ်ဆက်ရုံပဲ။ မိတ်ဆွေတစ်ယောက် ကားနဲ့ လာတာမို့'

'ဘယ်တုန်းက ရောက်သလဲ'

'မနေ့ ညနေကပဲ'

'ဘယ်မှာတည်းသလဲ၊ ဘာဖြစ်လို့ ဒီမှာ မတည်းကြသလဲ'

'ဘယ်မှာမှ မတည်းတော့ဘူး ဆရာ။ ဟိုတယ်မှာပဲ အေးအေးဆေးဆေး နေကြမယ်လို့ အောက်မေ့တယ်'

'ဘာကိစ္စ လာကြတာလဲ'

'ဘာကိစ္စမျှ မရှိဘူး ဆရာ'

ဆရာ အနည်းငယ် အံ့အားသင့်ဟန်ရှိပြီး–

'ဒီကို ပြောင်းခဲ့ကြပါ။ ဒီမှာ အခန်းတစ်ခန်း ပိုနေတာပဲ၊ ဘာမျှ အားနာစရာ မရှိဘူး'

ဆရာ မပြုံးမရယ်သော်လည်း မိမိတို့ကို ကောင်းစွာ မှတ်မိဟန်ကား ရှိသည်။ ဆရာ့အိမ်မှာ အရင်က မိမိတို့ တည်းဖူးသည်။ ဆရာ၏ ဇနီးနှင့်လည်း ခင်မင်ရင်းနှီးသည်။

ခဏအကြာတွင် ရေချိုးနေသဖြင့် ခေတ္တကြန့်ကြာနေသော အစ်မကြီး ဒေါ်နန်းရွှေခင် အခန်းထဲမှ ထွက်လာသည်။ အစ်မကြီးကား ယခင်ကအတိုင်းပင် ရယ်ရယ်မောမော၊ ရွှန်းရွှန်းဝေဝေ၊ လှိုက်လှိုက်လှဲလှဲ။

သည်တော့မှ မိမိတို့ အနည်းငယ် စိတ်သက်သာရာ ရရှိသွားကြသည်။ အစ်မကြီးကလည်း သူတို့အိမ်မှာ တည်းဖို့ ပြောသည်။

မိမိတို့ ခေတ္တမျှ စကားပြောပြီး နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။

နောက်တစ်နေ့ နံနက်တွင် ဟိုတယ်သို့ တယ်လီဖုန်း လာသည်။ ဆရာကိုယ်တိုင်

ဆက်ခြင်း ဖြစ်သည်။ ထမင်းစား ဖိတ်သည်။ မငြင်းသာသဖြင့် ညနေလာမည်ဟု ကတိပြုလိုက်ကြသည်။ ဆရာက စောစောလာရန် ထပ်မံမှာကြားသည်။

သည်တစ်ခါ မိမိတို့ တစ်မျိုးတွေးမိသည်။ ဆရာနှင့် မိမိတို့ လုပ်နေကျ အလုပ်တစ်ခု ရှိသည်။ (ဆရာ့ ဂုဏ်သိက္ခာကို ထိခိုက်မည်ဆိုက ခွင့်လွှတ်ပါ။) အဲဒီအလုပ်က ၁၃ ချပ်ပါ။

ဆရာ ရန်ကုန်လာလျှင်လည်း တစ်အိမ်အိမ်မှာ တွေ့နေကျ။ မိမိတို့ တောင်ကြီးသွားလျှင်လည်း ပြုလုပ်နေကျ။ သည်အလုပ်ကို မိမိ မလုပ်တာ ကြာပြီ။ မေ့တောင်နေပြီ။ သို့သော် ဆရာနှင့် ကြုံကြိုက်သည့် အချိန်တွင်မူ၊ အင်းလေ... အစဉ်အလာ မပျက်စေရဘူးပေါ့ ဟု အောက်မေ့ထားသည်။

ထိုနေ့က နံနက်စာကို ဆိုင်တစ်ဆိုင်မှာ နေ့လယ် တစ်နာရီလောက်မှာမှ စားကြသည်။ နှစ်နာရီလောက်မှာ ဆရာ့ထံသို့ ရောက်သွားကြသည်။ ငါးနာရီလောက်မှာ ထမင်းစားကြမည်။ သုံးနာရီလောက်တော့ အချိန်ဖြုန်းလိုက်ကြသေးတာပေါ့။

မိမိတို့ ရောက်ရှိသွားသောအခါ ဆရာနှင့် အစ်မကြီးတို့ စောင့်ကြိုနေကြသည်။ ဆရာ့ကို ကြည့်ရသည်မှာ မနေ့ကထက် ပိုပြီး လန်းဆန်းနေသည်။ သို့သော် အပြုံးကတော့ ယခင်လို မလွင်လှ။

မိမိတို့ကို အတွင်းဧည့်ခန်းမှာ ဧည့်ခံသည်။ ယခင် မိမိတို့ အလုပ်လုပ်နေကျနေရာ။ သို့သော် ဘာမျှ ပြင်ဆင်ထားသည် မရှိပါ။ ရေနွေးကြမ်းနှင့် စားစရာများသာ ရှိသည်။ မိမိတို့ စကားပြောကြသည်။ ဆရာတို့က "အလုပ်"အကြောင်း ဘာမျှ မပြောပါ။ သို့ဖြင့် နောက်ဆုံးတွင် မိမိတို့ပင် စကား စ ရသည်။ ထိုအခါ အစ်မကြီးက–

'တို့ အဲဒါတွေ မလုပ်တာ ကြာလှပြီ၊ မေ့တောင်မေ့နေပြီ။ ဆရာ ဒါတွေ မလုပ်တော့ဘူး'

သည်တော့ မိမိ စိတ်ထဲမှာ ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို။ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်ရသည်တော့ အမှန်။ ဆရာသည် အရင်က ငွေဥဒေါင်း မဟုတ်တော့၊ ပုံစံပြောင်းသွားပြီ။ အများကြီး ပြောင်းသွားပြီ။ အသက်ကြီးသွား၍လား၊ အသက်ကြီးလှသည်ကား မဟုတ်သေး။ စာရေးဆရာတစ်ဦးအဖို့ သည်အရွယ်သည် အသက်ကြီးပြီလား။

အတန်ကြာတော့ ဆရာ အပြင်ထွက်သွားပြီး ပုလင်းနှစ်လုံး ယူလာသည်။ အစ်မကြီးက ဖန်ခွက်နှင့် အမြည်းများ ယူလာသည်။

'လုပ်ပါ၊ သောက်ကြပါ၊ ဘာမျှ အားမနာနဲ့'

အရင်က ဆရာ့အိမ်မှာ မိမိတို့ သောက်နေကျ။ ယခု မိမိတို့ ဘယ်လိုသောက်ရ

မည်နည်း။ အားနာနေသည်။ ရင်ထဲမှာလည်း တစ်မျိုးဖြစ်နေသည်။ သို့ဖြင့် မိမိတို့ ရေနွေးပဲ သောက်ကြသည်။ စကားပြောကြသည်။ သုံးနာရီလောက် စကားပြောကြသည်။ ထိုအခါ စကားဝိုင်းလည်း အတော်ကလေး အသက်ဝင်လာသည်။ ဆရာက ရန်ကုန် အကြောင်းတွေ မေးသည်။ မိမိတို့ မပြောလိုလှသော်လည်း ဆရာ သိချင်သည်များကို ရှင်းပြရသည်။ ဆရာကလည်း တဖြည်းဖြည်း စကား ပြောလာသည်။ ပထမပိုင်းတွင် ဆရာသည် အချို့အချက်များကို မေ့နေဟန် ရှိသည်။ တွေဝေစဉ်းစားနေဟန် ရှိသည်။ သို့သော် ပြောရင်း ပြောရင်းနှင့် အမှတ်ရလာဟန် ရှိသည်။ ဆရာက ဦးဆောင်ပြီး ပြောလာသည်။ အချို့အချက်များကို အနည်းငယ်လောက် မေးရသည်။ တစ်ချီတစ်ချီတွင် ဆရာ ရယ်မောသည်။ တစ်ချီတစ်ချီတွင် ဆရာ ပြုံးရွှင်သည်။ အရင်တုန်းက ဆရာကို ပြန်လည်တွေ့ရှိ လာရသည်။

ဆရာသည် စာပေ တပည့်များနှင့် စာပေအကြောင်း ပြောရင်း စာပေလောက သား တစ်ယောက် ပြန်ဖြစ်လာသည်။

ငါးနာရီတွင် ထမင်းဝိုင်းသို့ ပြောင်းကြသည်။

ထိုအခါ မိမိတို့အဖွဲ့တွင် မိမိမှာ အသက်အကြီးဆုံး ဖြစ်ပြီး၊ မိမိကမှ မပြောခဲ့ လျှင် ထမင်းဝိုင်းတွင် တရှုံ့မဲ့မဲ့ မျက်နှာများနှင့် "အခြောက်တိုက်" မျိုမကျ ဖြစ်နေကြ မည့် သူများကို စာနာထောက်ထားသဖြင့်–

'အစ်မကြီးရေ ကျွန်တော်တို့ကို ဖန်ခွက်လေးတွေ ပေးပါဦး၊ တစ်ခွက်စီလောက် တော့ သောက်လိုက်ကြဦးမယ်'

'အို သောက်ပါ၊ သောက်ပါ၊ ဘာမှ အားမနာကြပါနဲ့။ အစောကြီးကတည်းက ပြောနေသားပဲ'

အစ်မကြီးကိုယ်တိုင် ဖန်ခွက်တွေ ယူလာသည်။ ဆရာကိုယ်တိုင် ထပြီး ပုလင်း ဖွင့်သည်။

မိမိကပင် "ပုလင်းကိုင်" လုပ်ကာ–

'ဆရာလည်း နည်းနည်းနော်'

ဆရာက လေတစ်ချက် ချွန်လိုက်ပြီး ဖန်ခွက်ကို ရှေ့သို့ တိုးပေးသည်။ ဆရာ၏ လေချွန်သံကို မကြားရသည်မှာ ကြာပြီ။ ဆရာ ဝမ်းသာအားရ ရှိသည့်အခါတွင်မှ ချွန်တတ်သည့် "ဆွဲငင်သော နှစ်ဆင့်လေချွန်သံ" ဖြစ်သည်။

သည်အခါ စကားဝိုင်း စိုပြည်လာသည်။

ဆရာ၏မျက်နှာ ကြည်လင် ပြုံးရွှင်လာသည်။

သည်တော့ ဆရာ၏ ယခင် ရက်များကို ပြန်လည် အမှတ်ရရှိရသည်။

ဆရာ၏စာကို မိမိ ဘယ်အချိန်ကစပြီး ဖတ်ခဲ့ဖူးသည်ကို မမှတ်မိပါ။ မည်သည့် စာကို ပထမဆုံး ဖတ်ခဲ့ဖူးသည်ကိုလည်း မမှတ်မိပါ။ သို့သော် မိမိ အစောဆုံး ဖတ်ဖူးသည့် ဆရာ၏ စာများတွင် ယနေ့အထိ မိမိ မှတ်မိနေသော ဆောင်းပါးနှစ်ပုဒ် ရှိပါသည်။ ထို ဆောင်းပါး နှစ်ပုဒ်ကို တစ်ခါမျှ မမေ့ပါ။ အဘယ့်ကြောင့်မှန်း မသိပါ။ ဆရာ့ကို စဉ်းစားလိုက်လျှင် ထိုဆောင်းပါးနှစ်ပုဒ်ကို တွဲဖက်ပြီး သတိရမိသည်။ မိမိ မန္တလေးမှာ တုန်းက (၁၉၄၆-၅၃) ဖတ်ဖူးခြင်း ဖြစ်သည်။ ရှုမဝ မှ ဖြစ်သည်။ တစ်ပုဒ်က ဆရာ မန္တလေး ဈေးချိုမှာ စာအုပ်ဆိုင် ထွက်သည့်အကြောင်း၊ ဆိုင်နီးချင်း အထည်သည် အမျိုးသမီးက စာအုပ် ငှားဖက်သည့်အကြောင်း၊ ထိုအခါ ဆရာက အတုံ့အလှည့်အဖြစ် ထိုအမျိုးသမီးထံမှ လုံချည်အသစ် တစ်ထည်ကို ငှားဝတ်သည့်အကြောင်း၊ ဆရာ ဦးဘဂျမ်း၏ ခေါင်းစီးပုံနှင့်။ နောက်တစ်ပုဒ်က "ရှုမဝ ပြဿနာခန်း"၊ ဆရာကြီး ရွှေဥဒေါင်းသည် လူထုတိုက်မှ ရသော လခနှင့် လုံးချင်းဝတ္ထု စာမူခများကို ဆရာကြီး ၏ဇနီး ဒေါ်ကြီးစိုးသို့ အပ်သည်။ သို့သော် အတိုအထွာ ဆောင်းပါးရေးခများကိုကား ဒေါ်ကြီးစိုးအား မအပ်ဘဲ ကိုယ်ပိုင် အသေးသုံးအဖြစ် ထားသည်ကို ဒေါ်ကြီးစိုးက မကျေနပ်၊ ရသမျှ အကုန်အပ်ရမည်ဟု ဆိုသည်။ ပြဿနာမှာ အပ်သင့်၊ မအပ်သင့် ဖြစ်သည်။ သည်ဆောင်းပါးကိုလည်း ယနေ့အထိ မိမိ ကြိုက်နေသည်။

ဆရာ၏ ဆောင်းပါးများ အားလုံးလောက်ကိုပင် မိမိ ဖတ်ဖူးပါသည်။ စာပေနှင့် စာနယ်ဇင်း မှတ်တမ်းများ၊ ဗုဒ္ဓ စာပန်းချီများ၊ အခြား အဖိုးထိုက်တန်သော သုတရသ ဆောင်းပါး၊ ဝတ္ထုများ။ သို့သော် အထက်ဖော်ပြပါ ဆောင်းပါးနှစ်ပုဒ်ကိုမှ အဘယ် ကြောင့် စွဲလမ်းနေမိသည် မသိ။

ဆရာနှင့် မိမိ လူချင်း သိရှိရသည်မှာလည်း မည်သူကမျှ မိတ်ဆက်ပေး၍ မဟုတ်ပါ။ ဆရာက ဘယ်လိုကနေဘယ်လို မိမိကို သိရှိပြီး၊ ဆရာကပင် စတင် နှုတ်ဆက်သောကြောင့် ဖြစ်ပါသည်။

၁၉၅၃ ခုနှစ်က ဖြစ်သည်။ ယခု ဝက်ပါလမ်းရှိ ရုပ်ရှင်အစည်းအရုံးတွင် စာဆိုတော်ပြဇာတ် ကပြရေး လုပ်ဆောင်နေကြစဉ်က ဖြစ်သည်။ မိမိက အမှတ်မထင် ဆရာ့ရှေ့မှ ဖြတ်သွားစဉ်–

'ဟေ့ နတ်ကလေး၊ ဘာတွေ လုပ်နေတာလဲ' ဟု ဆရာက လှမ်းမေးလိုက် ပါသည်။

ပထမ မိမိ အံ့သြသွားသည်။

မိမိကို ဆရာ ဘယ်တုန်းက သိသလဲ။

ထို့နောက် မိမိ ဝမ်းသာသွားသည်။ ဆရာက မိမိကို အသိအမှတ်ပြုသဖြင့်။

ထိုစဉ်က မိမိမှာ အသက် ၂၀ အရွယ် ဥမမည် စာမပြောက် စာရေးဆရာ ပေါက်စလေး။ ဆရာက တကယ့် စာရေးဆရာ ရင့်မကြီး၊ အယ်ဒီတာကြီး။

ထို့အပြင် "နတ်ကလေး" ဟူသော ရင်းနှီးသည့် အသုံးအနှုန်းကိုလည်း သဘောကျမိသည်။ သည်ကတည်းက ဆရာ့ကို အထူး ခင်မင်သွားမိသည်။

ထို့နောက် ဆရာနှင့် ပိုပြီး ရင်းနှီးခင်မင်စရာ အကြောင်းကတော့ ပုဂံ။

ပထမ တည်ထောင်စတုန်းက ပုဂံ စာအုပ်တိုက်သည် ၁၀၇ လမ်းတွင် ဖြစ်သည်။ ဆရာကလည်း ၁၀၇ လမ်းတွင် နေသည်။ ပုဂံနှင့် ဆရာ့အိမ်က နှစ်အိမ်ကျော်လောက်ပဲ ဖြစ်သည်။ ဆရာနှင့် ညနေတိုင်း တွေ့ရသည်။

မြန်မာပြည်မြောက်ပိုင်း ပထမတွဲ ထွက်သောအခါ ကြိုက်နှစ်သက်သည်ဟု ပြောသော စာရေးဆရာကြီးများထဲတွင် ဆရာ ရွှေဆုံးက ပါဝင်သည်။

'ကိုယ့်လူ ဝတ္ထုကို ကျုပ် ခဏဆိုပြီး ဖတ်လိုက်တာ လက်က ချလို့ မရတော့ဘူး၊ ညက တစ်ညလုံး ဖတ်ရတယ်။ ဒါပေမဲ့ ကိုယ့်လူကို ပြောရဦးမယ်၊ စာမျက်နှာရှစ်ရာ အထိ သိပ်ကောင်းတယ်၊ နောက်ပိုင်းမှာ ကိုယ့်လူရေးတာ လောပြီး မြန်သွားတယ်'

နောက်ပိုင်းတွင် ဆရာသည် မိမိ၏ဝတ္ထုများ အားလုံးလောက်ကို ဖတ်သည်ဟု သိရပါသည်။ အချို့ကို ကြေးမုံ နှင့် ဟံသာဝတီ စာအုပ်ကဏ္ဍများတွင် ရေးသားသည်။ အချို့ကို မိမိထံသို့ ကိုယ်တိုင် စာရေးသားပြီး ပြောသည်။

ဆရာ တောင်ကြီးသို့ ပြောင်းသွားသောအခါ သူ့အိမ်ကို လာပြီး စာရေးရန် မကြာခဏ ခေါ်သည်။ လူချင်း တွေ့သည့်အခါလည်း ခေါ်သည်။ စာရေးပြီးလည်း တကူးတကန့် ခေါ်ပါသည်။ အစ်မကြီးမှာလည်း မိမိ၏ ဝတ္ထုများကို ဖတ်ရှုသူ ဖြစ်ပါသည်။ ထို့မှုမက အစ်မကြီး၏ အစ်မနှင့် တူမများမှာလည်း မိမိ၏ ပရိသတ်များ ဖြစ်ကြသည်။ မိမိနှင့်တွေ့လျှင် မိမိ ဝတ္ထုများအကြောင်း ပြောကြသည်။

မိမိ ထုတ်ဝေသော မဂ္ဂဇင်းတွင် ဆောင်းပါးရေးပါရန် ဆရာ့အား တောင်းပန်လျှင် မည်သည့်အခါတွင်မှ ငြင်းဆန်သည် မရှိပါ။

သို့ဖြင့် မိမိ ခင်မင်ရင်းနှီးသော၊ မိမိ လေးစားကြည်ညိုသော ဆရာကို ယခင်ပုံစံအတိုင်း ပြန်လည်မြင်တွေ့ရသောအခါ မိမိရင်ထဲမှာ ကြည်နူးပီတိ ဖြစ်လာရသည်။

အခြေအနေက ထို့မှုမကပါ။

ထိုနေ့က ထမင်းဝိုင်းတွင် အစ်မကြီး၏ တူ တစ်ယောက်လည်း ဧည့်သည်အဖြစ် ပါဝင်သည်။

သို့ဖြင့် နောက်တစ်နေ့ ညနေတွင် မိမိတို့ ဆုံဖြစ်ကြရပြန်သည်။ အစ်မကြီး၏ တူမှာ လူငယ်တစ်ဦး ဖြစ်သည်နှင့်အညီ၊ စီးပွားရေး ကောင်းမွန်သော လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်နှင့်အညီ သူ့ဝိုင်းကို အထူးစိုပြည်စွာ တည်ခင်းပါသည်။

ဝမ်းသာစရာ ကောင်းသည်ကတော့ ဆရာသည် ပွဲအစကတည်းကပင် ကြည်လင်လန်းဆန်းနေခြင်း ဖြစ်သည်။ ပြုံးရွှင်သွက်လက်နေခြင်း ဖြစ်သည်။ ထုံးစံအတိုင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုရာတွင် **ဒဂုံ** အကြောင်း၊ **သူရိယ** အကြောင်းမှအစ **ရှုမဝ** အကြောင်း၊ **ကြေးမုံ** အကြောင်းအထိ တစ်လုံး တစ်ပါဒမျှ မမေ့မလျော့ ပြောဆိုနိုင်ပါသည်။

ဆရာသည် သူ ချစ်ခင်သော တပည့်သားမြေးများနှင့် စာအကြောင်း ပေအကြောင်း ပြောဆိုရသဖြင့် စာပေစိတ်ဓာတ်များ ပြန်လည်ရှင်သန်လာပြီး စာပေအားမာန်များ ပြည့်ဝလာချေသလား မပြောတတ်ပါ။

မိမိ ဝမ်းသာမိသည်။

ဆရာ စာအကြောင်း ကောင်းကောင်း ပြောနိုင်ပါသေးသည်။

ဆရာ စာတွေ အများကြီး ရေးလိမ့်ဦးမည်ဟုလည်း မျှော်လင့်မိပါသည်။

ဆရာသည် မိမိတို့ လေးစားကြည်ညိုခဲ့သော "ငွေဥဒေါင်း" အဖြစ်နှင့်ပင် ရှင်သန် ရင့်ကျက်လျက် ရှိပါသည်။

**[ ချယ်ရီ၊ ဒီဇင်ဘာ၊ ၁၉၈၉ ]**

# မိမိနှင့် နန္ဒ၊ နန္ဒမိတ်၊ နန္ဒသူ

## (က)

မိမိနှင့် နန္ဒသည် မထင်မှတ်ဘဲ လူချင်း ရင်းနှီးခဲ့ရသလို၊ မိမိသည် မထင်မှတ်ဘဲနှင့်ပင် နန္ဒ၏စာများကို စွဲလမ်းနှစ်သက်ခဲ့ရသည်။

နန္ဒ၏စာကို မိမိ ပထမဆုံး ဖတ်ဖူးသည်မှာ **ဤဘ၀ ဤမျှသာ** (၁၉၄၉) ဖြစ်သည်။ မန္တလေးမှာ ဖတ်ရခြင်းဖြစ်သည်။ ဝတ္ထု အထူကြီး ဖြစ်သည်။ ထိုခေတ်က ထွက်နေသော ဝတ္ထုများထက် နှစ်ဆလောက် ရှိသည်။ ဝတ္ထုမှာ ထွက်ထွက်ချင်းဆိုသလိုပင် အတော်ကလေး လူပ်ရှားသည်။ ဝတ္ထုနာမည်ကလည်း ထူးခြားသောကြောင့် ဖြစ်သည်။ **ဤဘ၀ ဤမျှသာ** ဟူသော အသုံးအနှုန်းသည် တစ်ချိန်က အတော်ကလေးလည်း ခေတ်စားခဲ့ပြီး ယနေ့အထိလည်း အသုံးအစွဲ ရှိနေပါသေးသည်။ ယင်းဝတ္ထု လူပ်ရှားခြင်းမှာ တီထွင် ဆန်းသစ်သော အရေးအသားများကြောင့် ဖြစ်သည်။ တစ်ပါဒ တစ်ကြောင်း တစ်လုံး တစ်ကြောင်း ရေးသားနည်းကို ဤဝတ္ထုကပင် စတင်ခဲ့သည်ဟု ထင်သည်။ သို့သော် ဤဝတ္ထုကို မိမိ မကြိုက်ပါ။ "ထွင်" လွန်းသည်ဟု ထင်၍ပင်။

ထို့နောက် **လေရူးသုန်သုန်** ထွက်လာသည်။ နာမည်ကို စိတ်ဝင်စားမိသည်။ Gone with the wind ကို အစွဲအလမ်းရှိ၍ ဖြစ်သည်။ သို့သော် သူ၏ဝတ္ထုမှာ ဘာသာ

နန္ဒ ( ၁၉၁၈-၈၂ )



ပြန် မဟုတ်ပါ။ Gone with the wind မဟုတ်ပါ။ လေရူးသုန်သုန်ကို အမည်မှအပ ဝတ္ထုကို စွဲစွဲလမ်းလမ်း မဖြစ်ခဲ့ပါ။

ထို့အပြင် ထိုစဉ်က နန္ဒ၊ နန္ဒမိတ်၊ နန္ဒသူ ဟူသော ကလောင် အမည်များမှာ လည်း မိမိခေါင်းထဲတွင် ရောထွေးနေကြသည်။

၁၉၅၁ ခုနှစ်တွင် **သံနှင့် သွေး** ထွက်လာသည်။ နာမည်က ထူးခြားသည်ဟုပင် ပြောရမည်။ စာအုပ် အရွယ်အစားကလည်း ထူးခြားသည်။ မဂ္ဂဇင်းအရွယ် ဖြစ်သည်။ မျက်နှာဖုံးကလည်း ထူးခြားသည်။ ဘာသရုပ်ဖော်ပုံမျှ မပါ။ ကနုတ်ပန်းနှင့် စာလုံး များသာ ပါရှိသည်။ ဈေးနှုန်းကလည်း ထူးခြားသည်။ နှစ်ကျပ်တန် ခေတ်တွင် သူက သုံးကျပ်။ ပြီးတော့ နှစ်တွဲ။

**သံနှင့်သွေး**ကို ထွက်ခါစက မဖတ်ဖြစ်ပါ။ မန္တလေးမှာ မဖတ်ခဲ့ရပါ။ ရန်ကုန် ရောက်မှ ဖတ်ရသည်။ ၁၉၅၃ ခုနှစ်တွင် ဖြစ်သည်။ ထွက်ပြီး နှစ်နှစ်အကြာတွင် ဖြစ် သည်။ အဟောင်းပုံထဲသို့ ရောက်ရှိနေပြီ။ တစ်အုပ် တစ်ကျပ်။ **ကိုမောင်မောင် မနု** စာပေမှ တစ်ဆင့် အဟောင်းချခြင်း ဖြစ်သည်။ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) နှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့် ပလက်ဖောင်းပေါ်တွင် **သံနှင့်သွေး**တွေ တစ်ပုံ တစ်ထွေးကြီး။

ယင်းကိုပင် မိမိ မဝယ်ဖြစ်ပါ။ ကိုအောင်ကျော် (မောင်ကြာညို)က ဝယ်လာ သည်။ ဖတ်သည်။ ကြိုက်သည်။ သည်တော့မှ မိမိကို အဖတ်ခိုင်းသည်။

'ကောင်းပါ့မလားဗျ၊ နာမည်ကလည်း တစ်မျိုးကြီးပဲ။ **ဤဘဝ ဤမျှသာ**ကို ကျွန်တော် ဖတ်ဖူးတယ်၊ မကြိုက်ဘူး။ စကားလုံးတွေ ထွင်လွန်းတယ်၊ အရေးအသားက လည်း တမင် လုပ်ရေးထားတာမျိုးပဲ'

'ခင်ဗျား ဒီဝတ္ထုကို ဖတ်ကြည့်စမ်းပါ။ ကျွန်တော် ဖတ်ဖူးသမျှ မြန်မာဝတ္ထုတွေ ထဲမှာတော့ တော်တော်ကို ကောင်းတယ်။ ဒီဝတ္ထုလည်း အရေးအသားတွေက တစ်မျိုးပဲ၊ တခြား စာရေးဆရာ ရေးတာမျိုးနဲ့ မတူဘူး။ ဒါပေမဲ့ ဇာတ်လမ်းနဲ့လိုက်တယ်၊ သူ့ အကြောင်းအရာနဲ့သူ အံဝင်တယ်၊ စကားလုံးတွေလည်း ထူးဆန်းတာပဲ၊ ကျွန်တော်တို့ မကြားဘူးတာတွေ ပါတယ်။ ဒါပေမဲ့ အဲဒီခေတ်သုံး စကားတွေနဲ့ အဲဒီဒေသသုံးတွေပဲ။ စကားလုံးတွေက လေးနက်ပြီး အားရှိတော့ ဖတ်လို့ ပိုကောင်းတယ်'

ကိုအောင်ကျော် ညွှန်းလွန်းသဖြင့် မိမိ ဖတ်ကြည့်သည်။ နှစ်တွဲစလုံးပင် တစ်ည တည်းနှင့် ဖတ်၍ပြီးသွားသည်။ မိမိ အကြိုက်နှစ်သက်ဆုံး ဝတ္ထုများတွင် တစ်အုပ် အပါအဝင် ဖြစ်သွားသည်။

ရာဇဝင်ဝတ္ထု သို့မဟုတ် သမိုင်းနောက်ခံ ဝတ္ထုများကို မိမိ ဖတ်ပါသည်။ ကြိုက် လည်း ကြိုက်ပါသည်။ ဥပမာ **ရဲမြန်မာ၊ နားခံတော်၊ ရွှေစွန်ညို၊ ရန်ကြီးအောင်၊ မြတ်လေး**

**ရွှေမားဗိုလ်**။ ယင်းဝတ္ထုများထက် **သံနှင့်သွေး**ကို ပိုပြီးကြိုက်မိသည်။ **သံနှင့်သွေး**က ဇာတ်အိမ်လည်း ပိုကြီးသည်၊ ဇာတ်ဆောင်လည်း ပိုများသည်၊ အရေးအသားလည်း ပိုပြီး အားကောင်းသည်ဟု ထင်မိသည်။

**သံနှင့်သွေး**သည် မိမိအပေါ်တွင် အတော်ကြီးပင် လွှမ်းမိုးလျက် ရှိသည်။ ကာလ ရှည်ကြာစွာပင် လွှမ်းမိုးလျက် ရှိသည်။ ယင်းကြောင့်ပင်လျှင် မိမိသည် သမိုင်းနောက်ခံ ဝတ္ထုများ ရေးသားရန် စိတ်အားထက်သန်ခဲ့ပြီး မိမိ၏ **မြန်မာပြည်မြောက်ပိုင်း**၊ **တံခွန်တိုင် မောင်နှမများ** နှင့် **ရာမည** တို့တွင် **သံနှင့်သွေး**၏ ဩဇာလွှမ်းမိုးမှု အငွေ့အသက်များ ရှိနေလိမ့်မည်ဟု ထင်မိသည်။

အံ့ဩစရာကောင်းသည်မှာ **သံနှင့်သွေး** ဖတ်ပြီး နောက်တစ်နေ့မှာပင် ဆရာ နန္ဒကို လူချင်း သိရသည်။ မည်သို့မျှ မျှော်လင့်မထားသည့်ကိစ္စ ဖြစ်သည်။ ထိုစဉ်က မိမိ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်နေသေးသည်။ အတန်းတက်စရာ ကျန်ကျန်၊ မကျန် ကျန် တစ်နာရီဆိုလျှင် ကျောင်းက ပြန်သည်။ ဒါမှ **စံထောက်** မဂ္ဂင်းတိုက်သို့ တစ်နာရီခွဲ၊ နှစ်နာရီ ရောက်သည်။ မိမိမှာ **စံထောက်**တွင် အချိန်ပိုင်း အယ်ဒီတာ ဖြစ်နေပြီ။ သို့မဟုတ် တစ်နေ့ နှစ်ကျပ်စား အယ်ဒီတာ ဖြစ်သည်။ အယ်ဒီတာချုပ် မိုးဝေမှာလည်း နေ့ခင်း နှစ်နာရီလောက်တွင် တိုက်သို့ ရောက်တတ်သဖြင့် အယ်ဒီတာချုပ်ထက် နောက်ကျဖို့ မကောင်းချေ။ တာဝန်ခံအယ်ဒီတာ တင့်ဆန်းမှာမူ မနက်ကတည်းက တိုက်သို့ ရောက် နေပြီး လုပ်စရာ ရှိသည်များကို လုပ်နှင့်ပြီးချေပြီ။

ထိုနေ့က မိမိ ရောက်ရှိသွားသော အချိန်တွင် မိုးဝေ ရောက်နေပြီ။ ဧည့်ခန်းဟု လည်း ခေါ်နိုင်သော၊ အယ်ဒီတာခန်းဟုလည်း ခေါ်နိုင်သော တိုက်ရှေ့ခန်း စားပွဲတွင် မိုးဝေ၊ တင့်ဆန်း၊ ဦးဆန်နီနှင့် သူတစိမ်းတစ်ယောက် ထိုင်ပြီး စကားပြောနေကြသည်။ သူတစိမ်းမှာ ကိုတင့်ဆန်း၊ ကိုမိုးဝေတို့နှင့် အသက်က မတိမ်းမယိမ်းလောက်ပင် ဖြစ် သည်။ အသားညိုညို၊ မျက်နှာချိုချိုနှင့် ဖြစ်သည်။

ကိုမိုးဝေက–

'ဟေ့လူ၊ ခင်ဗျား ကနေ့ နောက်ကျလှချည်လား။ လာ ထိုင်၊ မိတ်ဆက်ပေးရဦး မယ်။ ဒါ ဗိုလ်မှူးအောင်ကြည်၊ ဆရာ နန္ဒ'

ရုတ်တရက်ဆိုသော် မိမိ လန့်သွားသလားပင်၊ အတော်ကြီးပင် အံ့ဩသွားသည်။ ညကပဲ သူ့ဝတ္ထုကို ဖတ်သည်။ စောစောကပဲ သူ့ဝတ္ထုအကြောင်း ကိုအောင်ကျော်နှင့် ကျောင်းမှာ ပြောနေသေးသည်။ ယခု သူ့ကို တွေ့ရသည်။

'ကျွန်တော် ညကပဲ **သံနဲ့သွေး**ကို ဖတ်တယ်၊ သိပ်ကြိုက်တာပဲ။ စောစောကပဲ ကျောင်းမှာ သူငယ်ချင်းတစ်ယောက်နဲ့ **သံနဲ့သွေး**အကြောင်း ပြောခဲ့သေးတယ်'

'ဟုတ်လား၊ ကျွန်တော့်ဝတ္ထုကို ဘယ်လို သဘောရသလဲ၊ ပြောပါဦး'

ဆရာနန္ဒက လိုလိုလားလားပင် သူ့ဝတ္ထုအပေါ်တွင် ထင်မြင်ချက် တောင်းခံသည်။ မိမိလည်း ကိုယ့်အမြင်၊ ကိုယ့်ယူဆချက်များကို အင်မတန် ပြောချင်နေသောအချိန် ဖြစ်သဖြင့် **သံနှင့်သွေး**အကြောင်း မိမိ နားလည်သလောက် တရဟော ပြောမိတော့သည်။ ထိုနေ့က ညနေ ငါးနာရီထိုးမှ ဆရာနန္ဒ တိုက်က ပြန်သွားသည်။ မိမိနှင့် စကားပြောနေသဖြင့် လာရင်းကိစ္စဖြစ်သော စာအုပ်ထုတ်ဝေရေး ကိစ္စကို မနက်ဖြန်မှပြောရန် ဦးဆန်နီနှင့် ချိန်းရသည်။

**ဖရိုက်ဒ်၏ စိတ်ပညာ အခြေခံ ကောက်နုတ်ချက်များ** စာအုပ်ကို ဦးဆန်နီ၏ ခေတ်ပြင်စာပေမှ ထုတ်ဝေရန် ဖြစ်သည်။

နောက်နေ့တွင် ဆရာနန္ဒ လာသည်။ စာအုပ်ထုတ်ဝေရေးအကြောင်း ဦးဆန်နီနှင့် ပြောကြားပြီးနောက် မိမိနှင့် စကားပြောဖြစ်ပြန်သည်။ မိမိက အပြောအဆို ပရိယာယ်မကြွယ်ဝသေးသည့်အလျောက် **သံနှင့်သွေး**ကို ကြိုက်သည်ဟုပြော၍ **ဤဘဝ ဤမျှသာ** ကို မကြိုက်ကြောင်း အားမနာ ပါးမနာ ပြောမိသည်။ ဆရာနန္ဒက ပြုံးပြီး နားထောင်နေသည်။

မိမိက သမိုင်းနောက်ခံဝတ္ထုများ ဆက်ရေးရန် တိုက်တွန်းသောအခါ–

'ဟုတ်တယ်ဗျာ၊ ကျွန်တော်က ရာဇဝင်ဝတ္ထုတွေ ရေးတာ ပိုပြီး စိတ်ဝင်စားတယ်။ ရေးလို့ ကောင်းတယ်၊ လွတ်လပ်တယ်။ ရာဇဝင် အချက်အလက်တွေပေါ်မှာ အခြေခံပြီး ကိုယ့်ရဲ့စိတ်ကူးကို ကောင်းကောင်းရေးနိုင်တယ်။ စာဖတ်ရတာတော့ နည်းနည်း ပင်ပန်းတာပေါ့'

ထို့နောက် မိမိ၏ တိုက်တွန်းချက်နှင့် တောင်းဆိုမှုကြောင့် **စုံထောက်** မဂ္ဂဇင်းတွင် သမိုင်းနောက်ခံ ဝတ္ထုများ လစဉ် ရေးသားပါသည်။

သို့ဖြင့် ဆရာနှင့် ရင်းနှီးရသည်၊ ခင်မင်ရသည်။ ဆရာက စာရေးကောင်းသလို စကားပြောလည်း ကောင်းသည်။ စကားကို တိုးတိုးနှင့်အေးအေး ပြောတတ်သည်။ ပုံပြောသလိုပင် ဖြစ်သည်။ သို့ဖြင့် ဆရာ၏ ပုံနှိပ်ထုတ်ဝေခြင်း မပြုဖြစ်သော ဝတ္ထုရှည်ကြီးများအကြောင်း နားထောင်ရသည်။ မိမိ သိသလောက်ဆိုလျှင် ပုံမနှိပ်ဖြစ်သော ဝတ္ထုရှည်ကြီး သုံးပုဒ် ရှိသည်။ တစ်ပုဒ်မှာ တရုတ်ဖြူကျူးကျော်မှု တွန်းလှန်ချေမှုန်းရေး တိုက်ပွဲများကို အခြေခံသော ဝတ္ထုရှည်ကြီး ဖြစ်သည်။ ဝတ္ထုအမည်ကလည်း ထုံးစံအတိုင်းပင် ဆန်းသည်။ လှသည်။ **သစ်ဆွေးကို ရေမလောင်းနှင့်**။

ထို့နောက် ဆရာနှင့် လူချင်းကွဲသွားသည်။ သို့သော် ဆရာ၏ အကောင်းဆုံး ဝတ္ထုကြီးများဖြစ်သော **ငါ့တား၊ ငါ့သွေး၊ ငါ့ရေဝတီ** နှင့် **မိုးယံသို့ချီ** တို့ကို ဖတ်ရသည်။

"နန္ဒ၏ သမိုင်းနောက်ခံ ဝတ္ထုများ" ဟူသော အမည်ဖြင့် စာပေခံစားမှု ဆောင်း

ပါးရှည်တစ်ပုဒ် ရေးမည်ဟု မိမိ ကြံစည်နေသည်မှာ ကြာပြီ။ ယခုအထိ ဆရာ၏ ဝတ္ထုများကို ပြန်လည် ဖတ်ရှုနေရဆဲ။

## (ခ)

**နန္ဒာပုလဲ** သည် မူလအမည်ကလည်း လှပြီး တက္ကသိုလ်နန္ဒမိတ်မှ နန္ဒနှင့်လည်း ဆက်နွယ်နေသဖြင့် ပိုမိုလှပနေပါသည်။ **နန္ဒာပုလဲ**သည် အမည်လှပသလို အရေးအဖွဲ့ လည်း လှပသဖြင့် စာဖတ်သူများ စွဲလမ်းနှစ်သက်ခဲ့သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဆရာ နန္ဒမိတ်သည် မြန်မာစာအရေးအသား နိုင်နင်းသူတစ်ဦး ဖြစ်သည့်အလျောက် သူ့ဝတ္ထုမှာ ကဗျာတစ်ပုဒ်လို လှပနေသည်။ သို့သော် ဝတ္ထုတွင်ပါသော အကြောင်းအရာများက မုန်တိုင်းထန်သော နိုင်ငံရေး နောက်ခံများ ဖြစ်သဖြင့် တစ်ခေတ်တစ်ခါက အထူးပင် လှုပ်ရှားခဲ့သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် မြန်မာပြည်နိုင်ငံရေး လှုပ်ရှားမှုများကို ထင်ဟပ်ထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

မိမိသည် **နန္ဒာပုလဲ**ကို နှစ်သက်ခဲ့သည်။ စွဲလမ်းခဲ့သည်။ ဝတ္ထုရေးသူကိုလည်း အထင်ကြီး လေးစားခဲ့ပါသည်။ မိမိ တွေ့ဆုံ သိကျွမ်းလိုသော စာရေးဆရာတစ်ဦး ဖြစ်ခဲ့သည်။ မိမိ ရန်ကုန် ရောက်သောအခါ နန္ဒမိတ် ရန်ကုန်မှာ မရှိပါ။ နယ်ရောက်နေသည်။ ဝါးခယ်မမှာ ကျောင်းဆရာ လုပ်နေသည်။ သို့သော် မကြာပါ။ စာရေးသူတစ်ဦး သည် နယ်မှာ ကြာကြာမနေနိုင်ပါ။ သူ အလုပ်မှထွက်ပြီး ရန်ကုန်ရောက်လာသည်။

တစ်နေ့ မိမိ **စုံထောက်** မဂ္ဂဇင်းတိုက်သို့ အရောက်တွင် မိမိ၏စားပွဲပေါ်တွင် တင်ပျဉ်ခွေပြီး ထိုင်နေသူတစ်ဦးကို တွေ့ရသည်။ မျက်နှာ ပြုံပြုံဝိုင်းဝိုင်း၊ ခေါင်းတုံး

နန္ဒမိတ် ( ၁၉၂၂-၈၆ )



ဆံတောက်နှင့် ဖြစ်သည်။ ဆေးပြင်းလိပ်ကြီး ခဲထားသည်။ရုတ်တရက် မိမိ ဒေါသဖြစ်မိသည်။

သို့သော် အခြေအနေကိုသိသော ကိုတင့်ဆန်းက ကမန်းကတန်း မိတ်ဆက်ပေးသည်။

'ဒါ ကိုတင်အောင်၊ တက္ကသိုလ်နန္ဒမိတ်လေ'

ဩော် ....သူကိုး။

နောက်ပြီး ကိုတင့်ဆန်းက မိမိကို မိတ်ဆက်ပေးသောအခါ–

'ဟဲ ....ဟဲ၊ ခင်ဗျားက မန္တ လေးက ကျောင်းသားလား။ ရန်ကုန်မှာ နိုင်ငံရေးလုပ်မှာလား၊ စာရေးမှာလား'

'အခုအထိတော့ ဘာမှ မဟုတ်သေးပါဘူး'

မိမိ ဒေါသမပြေသေးသဖြင့် ခပ်ဆတ်ဆတ်ပင် ပြန်ပြောလိုက်မိသည်။

'ဟဲ ...ဟဲ ...ဟဲ၊ ကျုပ်လည်း အခုအထိတော့ ဘာမှ မဖြစ်သေးပါဘူး။ ကျောင်းဆရာ အလုပ်ကတော့ ထွက်ခဲ့ပြီ။ လောလောဆယ်တော့ ခင်ဗျားတို့ဆီမှာပဲ စတည်းချရမယ်'

မှန်ပါသည်။ **စုံထောက်** မဂ္ဂဇင်းမှာပဲ သူ စတည်းချသည်။ **စုံထောက်** တိုက်သို့ နေ့တိုင်းလာသည်။ **စုံထောက်** မှာ သူ ရေးသည်။ **စုံထောက်** အဖွဲ့သားတွေနှင့် မရှိအတူ၊ ရှိအတူ။

သည်တော့လည်း သူနှင့် ရင်းနှီးသွားရသည်။ သူ့ကို ကိုမိုးဝေတို့ကတော့ ဘာကြောင့်မှန်း မသိ။ "ဦးတင်အောင်" ဟု နာမည်ရင်းအတိုင်း ခေါ်ကြသည်။ သို့ဖြင့် မိမိလည်း သူ့ကို "ဦးတင်အောင်"ဟုပင် ခေါ်ပါသည်။ ကလောင်နာမည်နှင့် မခေါ်ပါ။ သူကမူ မိမိကို "ကိုနတ်ကြီး"ဟု ခေါ်သည်။ ကိုမိုးဝေတို့က "ကိုနတ်"ဟု ခေါ်သော်လည်း သူက အဘယ့်ကြောင့် "ကြီး" ထည့်ခေါ်သည် မသိပါ။

နောက် သူ **မြဝတီ** မှာ အလုပ်ဝင်သွားသည်။ အယ်ဒီတာမှ အယ်ဒီတာချုပ်အထိ ဖြစ်သွားသည်။ ကိုမိုးဝေတို့နှင့် နေ့ရောညရော လုံးထွေးလျက် ရှိသည်။ မိမိက **စုံထောက်** မှ ခွာသွားပြီး **ငြိမ်းစာပေ** ရောက်သွားသည်။ ကိုမိုးဝေနှင့် အနည်းငယ် ကွာသွားသလို ဦးတင်အောင်၏ "ဝိုင်းကြီး" များသို့လည်း သိပ်မရောက်ပါ။ နောက် **လှိုင့်ဝှက်သည်းဖို** ထုတ်သောအခါ၌ မိမိနှင့် ကိုမိုးဝေ ပြန်ပြီးတွဲမိသည်။ **စုံထောက်ကို မြစာပေ**က ထုတ်ဝေသောအခါ မိမိလည်း စုံထောက်သို့ ပြန်ရောက်သည်။ ဦးတင်အောင်လည်း မြဝတီမှ ထွက်ပြီး **စုံထောက်**သို့ ရောက်လာသည်။ မြစာပေမှာ မိမိတို့ စုမိကြပြန်သည်။ သည်မှာ ဦးတင်အောင်သည် မိမိကို အထူးခင်မင်သွားဟန် ရှိသည်။ မဂ္ဂဇင်းကိစ္စ အဝဝကို မိမိကိုသာ လွှဲထားကြသည်။

နောက် **စုံထောက်** ကို မြ စာပေမှ **ကိုတင်အောင် မစန်း** စာပေသို့ ပြောင်းသော အခါ၊ မိမိတို့ တားသည့်ကြားကပင် ဦးတင်အောင်သည် နယ်ပြန်ပြီး အေးအေးဆေးဆေး စာရေးတော့မည်ဟု ဆိုကာ သံတွဲသို့ ပြန်သွားသည်။ ဟိုမှာ ကျောင်းဆရာ လုပ်သည်။ သို့သော် စာကား ထင်သလောက် မရေးဖြစ်ပါချေ။

နောက်ဆုံးတွင် ရန်ကုန် ပြန်ရောက်လာသည်။ စာပြန်ရေးသည်။ မိမိတို့ **ဘ၀ တက္ကသိုလ်စာပေ**တွင် ဆုံကြရပြန်သည်။ တစ်ဖန် **စစ်ပြန်** မဂ္ဂဇင်းတိုက်တွင် သူ အလုပ် ဝင်သွားသောအခါ စာရေးကျဲသွားပြန်သည်။ မိမိနှင့်လည်း အတွေ့နည်းသွားပြန်သည်။

တစ်နေ့တွင် ဘ၀တက္ကသိုလ်တွင် သူက ပြောသည်။

'ကိုနတ်ကြီးရေ၊ ကျုပ်တို့ ဟိုတုန်းကလို ပျော်ပျော်ပါးပါး နေကြရမှာ မဟုတ် တော့ဘူးနဲ့ တူတယ်။ မိုးဝေကြီးလည်း မရှိတော့ဘူး။ ခင်ဗျားတို့၊ ကိုမြသန်းတို့ ဝင်းဦး ဆီမှာ ဆုံကြတယ်လို့လည်း ကြားတယ်'

'တစ်ပတ် တစ်ခါလောက်ပါပဲ'

'အေးဗျာ၊ ကျုပ်လည်း ခင်ဗျားတို့နဲ့ တစ်ခါလောက်တော့ ဆုံချင်ပါသေးတယ်'

ယခု ဆုံစရာအကြောင်း မရှိတော့ပါ။ သူ မရှိတော့ပါ။ **နန္ဒာပုလဲ**လည်း အဘယ် မှာနည်း။ ၁၉၅၀ သည် နှစ်ပေါင်း ၄၀ မျှ ကြာချေပြီတည်း။

(ဂ)

နန္ဒသူ၏ ဝတ္ထုများကို မိမိ မန္တလေးမှာကတည်းက ဖတ်ဖူးသည်။ ကြပ်ကလေး၏ ကလောင်ပွား ဖြစ်ကြောင်းလည်း သိခဲ့သည်။ ကြပ်ကလေး၏ ဝတ္ထုများနှင့် ပင်တိုင်

နန္ဒသူ ( ၁၉၂၇- )



ကဏ္ဍများကိုလည်း နှစ်သက်ခဲ့သည်။ သို့သော် မိမိ ရန်ကုန်ရောက်ပြီး နှစ်ပေါင်း သုံးဆယ် ကျော်သည်အထိ လူချင်း တွေ့ဖူးခြင်း၊ ဆုံဖူးခြင်း မရှိခဲ့ပါ။

အထူးသဖြင့် ကြပ်ကလေးသည် **စန္ဒာ** မဂ္ဂဇင်း ပင်တိုင်ကလောင်ရှင်တစ်ဦး ဖြစ်ပြီး၊ နန္ဒသူ အပါအဝင် ကလောင်ပွားသုံးလေးခုနှင့် လစဉ် ရေးသားနေပြီး၊ မိမိမှာလည်း လွန်ခဲ့သော ဆယ်နှစ်လောက်ကတည်းက **စန္ဒာ**တွင် လစဉ်လိုရေးသားနေပြီး၊ **စန္ဒာ** မဂ္ဂဇင်း တိုက်သို့ အပတ်တိုင်း ရောက်ရှိနေသော်လည်း နန္ဒသူနှင့် တစ်ကြိမ်တစ်ခါမျှ ဆုံတွေ့ခြင်း မရှိခဲ့ပါ။ ကြပ်ကလေးသည် မိမိတို့၏ တနလ်ာ ဝိုင်းများသို့ လာလေ့မရှိသော်လည်း ကိုဝင်းဦးသည် ကြပ်ကလေးကို ခင်မင်ရင်းစွဲ ရှိသည့်အလျောက် မိမိတို့ ဝိုင်းအတွက် စီစဉ်သော စားသောက်ဖွယ်ရာ အမြည်းများကို ချိုင့်နှင့်ထည့်ပြီး ကြပ်ကလေးထံ အပတ် စဉ်လောက်ပင် အမှတ်တရဆိုသလို ပို့ခိုင်းလေ့ရှိပါသည်။ သောက်အတူ မဟုတ်သော် လည်း စားအတူ ဖြစ်သည်။

နန္ဒသူနှင့် မိမိ ပထမဆုံး ဆုံတွေ့ဖူးသည်မှာ ၆–၂–၈၈ တွင် ကျင်းပသော စမ်းချောင်းစာဆိုတော် ဟောပြောပွဲတွင် ဖြစ်သည်။ ဒုတိယအကြိမ် တွေ့ဆုံသည်ကား ကိုဝင်းဦး၏ အသုဘတွင် ဖြစ်သည်။ မိမိ ရန်ကုန်ရောက်ရှိပြီး ၃၅ နှစ်အတွင်း နန္ဒသူနှင့် မှတ်မှတ်ရရ နှစ်ကြိမ်သာ တွေ့ဆုံဖူးပါသည်။ သို့သော် စိတ်ထဲတွင်ကား လူချင်းရင်းနှီး သည်ဟု ထင်မှတ်နေမိသည်။ ယင်းကြောင့်ပင် တလောက အကြောင်းတစ်ခုရှိ၍ သူ့ ထံသို့ စာတိုကလေးတစ်စောင် ရေးရသောအခါ ရင်းရင်းနှီးနှီးပင် ရေးသားမိခဲ့သည်။ ဆရာကြပ်၊ နားလည်နိုင်ကောင်းပါသည်။

[ ချယ်ရီ၊ ဇန်နဝါရီ၊ ၁၉၉၀ ]

## မိမိ နှင့် တင်ဧ (ရှမ်းပြည်)

သည်နှစ် ဆောင်းတွင်းမှာ ရှမ်းပြည်သို့ ခရီးနှစ်ခါ သွားဖြစ်ပါသည်။ ၈၉ ခုနှစ်ထဲမှာပဲပေါ့။ ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာ လဆန်းပိုင်းမှာ တစ်ခါ၊ ဒီဇင်ဘာ လဝက်ပိုင်းမှာ တစ်ခါပေါ့။ ရန်ကုန်နှင့်စာလျှင်တော့ အတော်ကလေး အေးတဲ့ကာလလို့ ဆိုနိုင်ပါသည်။ စင်တီဂရိတ် ၆ ဒီဂရီ ပတ်ဝန်းကျင်မှာပဲပေါ့။

နွေရာသီမှာမှ အပူဒဏ် ခိုလှုံရအောင် သွားလေ့ရှိတဲ့ မိတ်ဆွေတွေက 'ခင်ဗျားတို့ ဘာသွားလုပ်ကြတာလဲ' လို့ တကယ့်ကို နားမလည်တဲ့ အနေမျိုးနှင့် မေးကြပါသည်။

ဟုတ်ပါသည်။

မိမိတို့ စာပေဟောပြောပွဲသွားခြင်း မဟုတ်ပါ။ စာရေးရအောင် သွားခြင်းမဟုတ်ပါ။ ဒေသန္တရ ဗဟုသုတ လေ့လာရအောင် သွားခြင်းမဟုတ်ပါ။ မိမိတို့ တောင်ကြီးနှင့် တောင်ကြီးဝန်းကျင် ရောက်ဖူးကြသည်။ ဆွေမျိုး၊ မိတ်ဆွေများထံ သွားရောက်လည်ပတ်ခြင်းလည်း မဟုတ်ပါ။ ဟိုတယ်မှာတည်း၊ ဟိုတယ်မှာအိပ်၊ ဟိုတယ်မှာစား၊ ဟိုတယ်မှာ သောက်ပြီး ပြန်ခဲ့ကြသည်။


သို့သော် အဖြေတစ်ခုတော့ ပေးရမည် ဖြစ်သဖြင့်–

'အေးချမ်းတဲ့အရသာ ခံစားရအောင်ပဲ'

ဟိုမှာ "အေး" သည်၊ "ချမ်း" သည်ကတော့ အမှန်ပင်။

*

တင်ဧ (ရှမ်းပြည်) ( ၁၉၁၆–၉၅ )



သည်လိုနှင့် ရှမ်းပြည်ကပြန်လာပြီး ဘာမျှမကြာမီမှာပင်၊ ထပ်ပြီးပြောရလျှင် နှစ်လ သုံးလလောက်အကြာတွင် နောက်တစ်ခေါက် သွားကြပြန်သည်။ လူကတော့ နည်းနည်း ပြောင်းသွားသည်။ ပထမ တစ်ခေါက်တုန်းက မိမိ၊ ဘဝတက္ကသိုလ် မောင်နေဝင်း၊ မောင်သွေးသစ်၊ စံတိုးနှင့် တင်မောင်မျင့်။ သည်တစ်ခေါက်မှာက မိမိ၊ ဘဝတက္ကသိုလ် မောင်နေဝင်းနှင့် ကျော်အောင်။ ဒါတောင် ဟိုသုံးယောက်က သူတို့ကို မပြောရကောင်း လား ဆိုပြီး ကျွဲမြီးတိုချင်ကြသေးသည်။

သို့သော် သည်တစ်ခေါက် သွားသည်က နည်းနည်းအကြောင်းရှိသည်။ မိမိနှင့် ဘဝတက္ကသိုလ် မောင်နေဝင်းတို့က ကယားကို မရောက်ဖူး။ မိမိက ဘုရားဖူး လွတ်ရုံ လွိုက်ကော်လေဆိပ်မှာ ဆယ်မိနစ်လောက် နားဖူးသည်။ ကိုကျော်အောင်ကတော့ ရောက်ဖူးသည်။ နည်းနည်းတော့ ကြာပြီ။

သို့ဖြင့် မိမိတို့သည် တောင်ကြီးတွင် အခြေစိုက်ပြီး ကားလမ်းခရီးဖြင့် တောင်ကြီး–လွိုက်ကော်။ လွိုက်ကော်မှ တစ်ဖန် ဒီမောဆိုနှင့် ဖရူဆိုမြို့များသို့ ခရီးဆက် ရန် အကြံဖြင့် သွားရောက်ကြခြင်း ဖြစ်သည်။

တောင်ကြီး–လွိုက်ကော် ခရီးတွင် တောင်ကြီးမှ အောင်ပန်းအထိ ကားအကြိမ် ကြိမ် သွားရောက်ဖူးပြီ ဖြစ်သည်။ ထို့မျှမက အောင်ပန်းမှ ကလောသို့ သွားရာတွင်လည်း လွိုက်ကော်လမ်းခွဲ တည်ရှိရာ ရွှေကြိုဂံငယ်ကလေးမှ “မာတင်ချော်လဲ” စားသောက်ဆိုင် ကိုလည်း ကောင်းစွာ မှတ်မိနေပါသည်။ သို့သော် မာတင်ချော်လဲ လမ်းခွဲမှ ရှေ့ခရီးကား လုံးဝ အသစ်အဆန်း ဖြစ်သည်။

မာတင်ချော်လဲ လွိုက်ကော်လမ်းသည် အများအားဖြင့် ကြမ်းတမ်းလှိုင်းထန်ပြီး ဖုန်မှုန့်နီကြင်ကြင်များ ပိတ်ဖုံးလျက်ရှိသော်လည်း၊ တောတောင် သဘာဝအလှများနှင့် ဒေသခံ တိုင်းရင်းသားတို့၏ဘဝ အရိပ်အခြည်ကို တွေ့မြင်ခံစားရပါသည်။ ပင်လောင်း၊ ပွေးလှ၊ ဖယ်ခုံ၊ မိုးဗြဲနှင့် လွိုက်ကော်မြို့၏ အလှများကို ရိပ်စားမိရပါသည်။ သို့သော် ရုတ်တရက် ဖြစ်ပေါ်လာသော အကြောင်းတစ်ခုကြောင့် ဒီမောဆိုနှင့် ဖရူဆို မြို့များသို့ မရောက်ရှိခဲ့ကြရပါ။ လွိုက်ကော်မှပင် တပ်ခေါက်ခဲ့ကြရပါသည်။

သို့ဖြင့် တောင်ကြီးသို့ အကြိမ်ကြိမ် ရောက်ဖူးသော်လည်း အကြောင်းမတိုက်ဆိုင် သဖြင့် တစ်ကြိမ်မျှ မရောက်ဖူးသော ဟိုပုံးရေထွက်နှင့်၊ ရောက်ဖူးသော်လည်း မရောက် တာ ကြာသွားပြီဖြစ်သည့် အင်းလေးရေပြင်၊ အင်းလေး ရေပူစမ်းနှင့် ပင်းတယ ဥမင် များသို့ သွားရောက်ခဲ့ကြပါသည်။ နောက်ဆုံးတွင် တောင်ကြီးမှ ခေါပုတ်ဝယ်ပြီး၊ ပြောင်းလဲနေသော ရန်ကုန်မြို့ကြီးသို့ ၁၆ နာရီနှင့် မိနစ် ၃၀ ကြာ စီးရသော မြန်မာ့ မီးရထားဖြင့် ပြန်ခဲ့ကြပါသည်။

*

အခြားသောအကြောင်းများ မည်သို့ပင်ရှိစေ၊ မိမိအဖို့ကား "အေးချမ်းသော ရှမ်းပြည်နယ် ခရီး" နှစ်ခေါက်စလုံးမှာပင် အမြတ် ရရှိခဲ့ပါသည်။

ပထမတစ်ခေါက်က ဆရာ ငွေဥဒေါင်းကို တွေ့ဆုံပြီး ဂါရဝပြုခဲ့ရခြင်း ဖြစ်သည်။ (ချယ်ရီ၊ ဒီဇင်ဘာ၊ ၁၉၈၉) [ယခု ဒုတိယတစ်ခေါက်သွားတော့ ဆရာ့ကို တောင်ကြီးမှာ မတွေ့ရပါ။ ရန်ကုန်မှာ ရောက်နေသည်။ တောင်ကြီး အအေးဒဏ်ကို ရှောင်သည့် အနေဖြင့် ဆောင်းခိုနေခြင်း ဖြစ်သည်။ သို့သော် ရင်းနှီးသော မိတ်ဆွေများကိုမူ 'ကျော်အောင်တို့၊ နတ်နွယ်တို့ လာမယ်ဆိုလို့ ကျုပ် ဒီမှာ လာပုန်းနေတာ' ဟု နောက်ပြောင် ပြောဆိုနေကြောင်း ကြားရပါသည်။ ထားတော့။]

ဒုတိယ တစ်ခေါက်တွင်ကား ဆရာဦးတင်ဇ (ရှမ်းပြည်) ကို တွေ့ဆုံပြီး ဂါရဝပြုရခြင်းပင် ဖြစ်သည်။

ဆရာဦးတင်ဇကား သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ ပင်လုံစာချုပ်ကို လက်မှတ်ထိုးခဲ့သူတစ်ဦး ဖြစ်သည်။ မြန်မာစာပေတွင်လည်း ပညာရှင်ကြီးတစ်ဦး ဖြစ်သည်။ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် စာတည်းမှူး၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် မြန်မာစာပါမောက္ခ၊ မြန်မာစာအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း အယ်ဒီတာ၊ မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ် စာတည်းအဖြစ် တာဝန်ယူခဲ့ပြီး၊ ၁၉၃၆ ခုနှစ်ကတည်းက **ရွှေနှင်းဆီ** ကလောင်အမည်ဖြင့် **ဂန္ထလောက၊ နဂါးနီ** ဂျာနယ်တို့တွင် ဆောင်းပါးများ၊ ဝတ္ထုများ၊ ဘာသာပြန်များ ရေးခဲ့သည်။ စစ်ပြီးခေတ်တွင် တင်ဇ (ရှမ်းပြည်) အမည်ဖြင့် ရေးခဲ့သည်။ **ဝဏ္ဏဗောဓနေသတ်အင်း**ကို တည်းဖြတ်ခဲ့သည်။

ဆရာသည် နိုင်ငံတော်တာဝန်ကို နောက်ဆုံးထမ်းဆောင်ပြီးနောက် အငြိမ်းစားယူသောအခါ တောင်ကြီးမြို့တွင် မိသားစုနှင့်အတူ အေးချမ်းစွာ နေထိုင်ပြီး လောကုတ္တရာအမှုများကို အားထုတ်နေကြောင်း၊ ဘာသာရေးစာပေများကို လေ့လာ လိုက်စားနေကြောင်း သိရှိရပါသည်။ ဆရာ၏အိမ်သည် အသွားအလာများသော လမ်းမကြီးပေါ်တွင် တည်ရှိပြီး မိတ်ဆွေများက ပြသသဖြင့်လည်း သိရှိ မှတ်မိနေပါသည်။ သို့သော် တစ်ခါတစ်ခေါက်မျှကား ဝင်ရောက်ဖြစ်ခြင်း မရှိပါ။

ဆရာနှင့် အခင်မင် အရင်းနှီးကြီး မဟုတ်သော်လည်း ကိုကျော်အောင်၊ ကိုညွန့်ကြူး၊ ကိုမင်းကျော်တို့နှင့် တွေ့ဆုံရန် ဘီအိုစီကောလိပ်ရှိ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့ သွားတိုင်း ဆရာဦးတင်ဇ၊ ဆရာ ဒဂုန် ဦးထွန်းမြင့်တို့နှင့် တွေ့ဆုံပြီး ဂါရဝပြုရပါသည်။ ရံဖန်ရံခါတွင် ဝိုင်းဖွဲ့၍ လည်းကောင်း၊ ရံဖန်ရံခါတွင် စင်္ကြံပေါ်တွင် ရပ်၍လည်းကောင်း စာအကြောင်း ပေအကြောင်းများ မေးမြန်းပြောဆိုခွင့်ရပါသည်။

ရာပြည့်စာအုပ်တိုက်

ဆရာကြီးများ အားလုံးပင် လူငယ်များအပေါ်တွင် နားလည်မှုရှိပြီး စေတနာရှိသူများ ဖြစ်ကြသည်။ စိတ်ဝင်စားမှုလည်း ရှိကြသည်။ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်ပြုပြီး အားပေးကြပါသည်။

သည်မှာ ဆရာဦးတင်နေနှင့် ပတ်သက်ပြီး မိမိမှာ ပြောစရာတစ်ခု ရှိပါသည်။ ဆရာက အလုပ်တာဝန်တွေ မအားမလပ်သည့်ကြားကပင် မိမိ၏ ဝတ္ထုတစ်ပုဒ်ကိုဖတ်ပြီး တကူးတကန့်ပင် အပင်ပန်းခံကာ မိမိထံ စာရေးသားပြီး အားပေးချီးမြှင့်ခဲ့ပါသည်။ ယင်းအတွက် မိမိမှာ ဆရာ့ကို ကျေးဇူးတင်မဆုံး ရှိရသည်။ ဆရာ၏စာကို တရိုတသေ သိမ်းထားပြီး မကြာခဏပင် ပြန်လည် ဖတ်ရှုရသည်။

၁၉၆၆ ခု၊ စက်တင်ဘာလ ၁၉ ရက်၊

ကိုနတ်နွယ် ခင်ဗျား

မိတ်ဆွေထံ စာရေးချင်တာ ကြာပါပြီ။ ရေးသင့်တာလည်း ကြာပါပြီ။ ဒါပေမဲ့ တစ်ခါမှ အဆက်အသွယ် မရှိဘူးလို့က တစ်ကြောင်း၊ တခြားအလုပ်တွေ များနေလို့ကလည်း တစ်ကြောင်းကြောင့် ခုမှပဲ ရေးဖြစ်ပါတော့တယ်။

ရေးဖြစ်တဲ့ ကိစ္စကတော့ တခြား မဟုတ်ပါဘူး။ မိတ်ဆွေရေးတဲ့ **မြန်မာပြည်မြောက်ပိုင်း** ကို ကျွန်တော် အင်မတန်ကြိုက်တယ် ဆိုတဲ့ အကြောင်းပါပဲ။

အမှန်မှာတော့ ကိုနတ်နွယ်နာမည်ကို ကျွန်တော် အရင်က ကြားတောင်မကြားဖူးပါဘူး။ ကိုနတ်နွယ် ရေးတာတွေလည်း တစ်ပုဒ်မှ မဖတ်ဖူးပါဘူး။ (ကျွန်တော်ဟာ မြန်မာဝတ္ထုတွေနဲ့ ကင်းကွာနေတာ တော်တော်ကြာပါပြီ။ **ငွေတာရီ** ထဲမှာ တစ်ပုဒ်စ၊ နှစ်ပုဒ်စတော့ ဝေးဝေးတစ်ခါ ဖတ်ကြည့်ပါရဲ့။ မြန်မာဝတ္ထုတွေ မဖတ်မိတာ ဂုဏ်ယူပြီး ပြောနေခြင်း မဟုတ်ပါ။ ကျွန်တော့်ရဲ့ ချွတ်ယွင်းချက်ကိုသာ ပြောနေတာပါ။ ကျွန်တော် အရမ်းကို အလုပ် များနေပါတယ်။) ကိုနတ်နွယ်ကိုလည်း တစ်နေ့က "ပုဂံ" နှစ်လည်စားပွဲမှာ ကိုမင်းကျော်က မိတ်ဆက်ပေးလို့ မြင်ဖူးလိုက်ရုံ ရှိပါတယ်။ ကောင်းကောင်းမမှတ်မိပါဘူး။

**မြန်မာပြည်မြောက်ပိုင်း** ကိုလည်း ကိုမင်းကျော်တို့က မေတ္တာလက်ဆောင်ပေးလို့ အမှတ်တမဲ့ပဲ ယူပြန်လာခဲ့ပါတယ်။ စာအုပ်ကြီးကို မြင်ကတည်းက လန့်သွားပါတယ်။ တယ် ထူသကိုး။ စာမျက်နှာကလည်း တစ်ထောင်လောက်။

နာမည်ကလည်း ပထဝီဝင် စာအုပ်လားလို့ အောက်မေ့ရတယ်။ "အင်း ပထဝီဝင်လား၊ သမိုင်းလား၊ မှတ်တမ်းစာအုပ်ကြီး တစ်အုပ်ပဲ။ သူများက

ပေးတော့လည်း သိမ်းထားရတာပေါ့လေ” ဆိုတဲ့ သဘောနဲ့ပဲ အိမ်မှာ လာပစ်ချထားပါတယ်။

မဖတ်ပါဘူး၊ ရှင်းရှင်းပြောရရင် ဖတ်ဖို့တောင် စိတ်ကူးထဲ မထည့်ခဲ့ပါဘူး။ သိပ်ထူတယ် မဟုတ်လား။ အလုပ်ကလည်း မအား၊ မြန်မာဝတ္ထုနဲ့ ကင်းကွာနေခဲ့တာလည်း ကြာ။ မဖတ်တော့ဘူးလို့ဘဲ။

တစ်နေ့တော့ ကျွန်တော့်မိန်းမက ပြောတယ်။ ဒီဝတ္ထု ဖတ်ကြည့်စမ်းပါ၊ တော်တော် ကောင်းတယ်၊ တခြားဝတ္ထုတွေနဲ့ ကွာတယ်လို့ ပြောပါတယ်။ ပြောလွန်းတော့ ကျွန်တော်လည်း စိတ်မပါတပါနဲ့ပဲ စပြီး ဖတ်ကြည့်လိုက်ပါတယ်။

ဖတ်ကြည့်လို့ စာမျက်နှာ ၃-၄၀ လောက် ရောက်ရင်ပဲ လက်ထဲက မချချင်တော့ဘူး။ တော်တော့်ကိုဆွဲတာ တွေ့ရတယ်။ ဒါပေမဲ့ ဆက်တိုက်ဖတ်ဖို့ အချိန်မရတာနဲ့ အလုပ်အားခိုက် တစ်နေ့ကို တစ်နာရီ၊ နှစ်နာရီ ဖတ်ပါတယ်။ အဆုံးအထိ မဖတ်ဘဲ မနေနိုင်အောင် ဖြစ်ရတဲ့အတွက် ဖတ်လိုက်ရပါတယ်။

ပြောခဲ့တဲ့အတိုင်း ကျွန်တော်ဟာ မြန်မာဝတ္ထုတွေနဲ့ ကင်းကွာနေတာကြာပြီမို့ ဝတ္ထုအကြောင်း ပြောပိုင်ခွင့် ကျွန်တော့်မှာ မရှိမှန်း သိပါတယ်။ ပြောရင်လည်း မှန်မှာ မဟုတ်ဘူး။ ဝတ္ထုနဲ့ပတ်သက်ပြီး ပြောဖို့ဆိုဖို့ ရှိလာရင် ကျွန်တော်ဟာ နောက်ဆုံးမှ ပြောရမယ့် လူပါပဲ။

သို့သော် ကိုနတ်နွယ်ရဲ့ **မြန်မာပြည်မြောက်ပိုင်း** ကိုတော့ ကျွန်တော် အင်မတန်ကြိုက်တဲ့အကြောင်း ပြောပါရစေ။

နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး ရည်ရွယ်ချက်ကိုလည်း သဘောကျတယ်။ နယ်ချဲ့ဆန့်ကျင်ရာမှာ တိုင်းရင်းသား လက်ဝေခံ သစ္စာဖောက်တွေကို ပြတ်ပြတ်သားသားတိုက်ဖို့ လိုတယ်ဆိုတာ ပြောထားလို့လည်း သဘောကျတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအတွက် တိုင်းရင်းသား သွေးစည်းရေးကို အခိုင်အမာ တည်ဆောက်ရမယ်လို့ ပြထားတာလည်း အင်မတန် နှစ်သက်ပါတယ်။ တိုင်းရင်းသား သွေးစည်းရေးမှာလည်း အခြေခံအကျဆုံး လူတန်းစားချင်း သွေးစည်းရေးဟာ အရေးအကြီးဆုံး ဆိုတာလည်း သဘောတူပါတယ်။

ကချင်တို့၊ ခမ်းတီးတို့၊ ဝေသာလီတို့၊ ရှမ်းတို့ရဲ့ ဓလေ့ထုံးစံများ သိရတဲ့အတွက်လည်း ဗဟုသုတ ပွားပါတယ်။

သမိုင်းက ဖြစ်ရပ်တွေကို အချက်အကွက်ကျကျ အသုံးပြုထားတာတွေလည်း အလွန်အဆင်ပြေပါတယ်။

**ရာပြည့်စာအုပ်တိုက်**

နောက်ပြီး ဝါကျတည်ဆောက်ပုံ၊ ရိုးရိုးရှင်းရှင်း ရေးပုံကိုလည်း အလွန် နှစ်သက်ပါတယ်။ ဒီလို တိုတိုရှင်းရှင်း ရေးတတ်တာ အင်မတန် ရှားတယ် ထင်ပါတယ်။

ကျွန်တော်သာ မြန်မာစာ ပါမောက္ခဆိုလျှင် ကိုနတ်နွယ်ရဲ့ စာအုပ်ကို ကျောင်းသုံး လုပ်မှာပဲ။ ဒီအထိ ကျွန်တော် သဘောကျပါတယ်။

ကိုနတ်နွယ်ကသာ မသိတာ၊ ကျွန်တော် ဝါဒဖြန့်ကောင်းတာနဲ့ ကို နတ် နွယ်ရဲ့စာအုပ် ၄-၅-၁၀ အုပ် ပိုစွံသွားပါသေးတယ်။

ကျွန်တော်ပြောတာနဲ့ ကျွန်တော့် ယောက်ဖတွေ၊ ခယ်မတွေ၊ အချို့ မိတ်ဆွေတွေ တစ်အုပ်စီ ဝယ်ကြတာတော့ ထားပါတော့။

ကျွန်တော် အပြောကောင်းတာနဲ့ စာရေးဆရာကြီး ဒဂုန်ဦးထွန်းမြင့်က လည်း ဒီဝတ္ထုရှည်ကြီးကို ပြီးအောင် ဖတ်ပါသတဲ့။ ဖတ်ပြီးတော့လည်း ကြိုက် သွားပါသတဲ့။ ဦးထွန်းမြင့်လည်း ကျွန်တော့်လိုပဲ၊ ဝတ္ထုဖတ်တဲ့လူ မဟုတ်ဘူး။

နောက်တစ်ဦးကတော့ သတ်ပုံဆရာ ဦးထွန်းရွှေပဲ။ ဒီအဘိုးကြီး တစ်သက် နဲ့ တစ်ကိုယ် ဝတ္ထုတွေ ဘာတွေ ဖတ်တာ မဟုတ်ဘူး။ ခုတော့ ကျွန်တော် ပြောတာနဲ့ ကိုနတ်နွယ်ရဲ့ ဝတ္ထုကြီးကို မရမက ရှာဝယ်ပြီး ဖတ်ပါတယ်။

နောက်တစ်ဦးကတော့ "မင်းယုဝေ" ပဲ။ သူက ကိုနတ်နွယ်ရဲ့ စာအုပ် မဖတ်ကြည့်ရသေးဘူး ပြောတာနဲ့ ဖတ်ကြည့်စမ်းပါဦးလို့ တိုက်တွန်းလိုက် ပါတယ်။ သူလည်း ဖတ်ပါ့မယ်လို့ ကတိပေးသွားပါတယ်။ ခုလောက်ဆိုရင် တော့ ဖတ်ပြီးရောပေါ့။ ကျွန်တော်နဲ့ နောက်ထပ် မတွေ့ရသေးဘူး။ ကိုနတ်နွယ် တွေ့ရင် သူ့ထင်မြင်ချက် မေးကြည့်စမ်းပါ။ ကြိုက်မှာပါပဲလို့ ပြောရဲပါတယ်။

ကျွန်တော့်မိန်းမကတော့ ပြောပါတယ်။ ဒီ စာရေးဆရာဟာ "ထောင်ဆု" သေချာနေပါသတဲ့။ စာပေဗိမာန် "ထောင်ဆု" ရချင်လည်း ရမယ်။ ဒါမှ မဟုတ်ရင်လည်း တခြား "ထောင်ဆု" ရချင် ရမယ်တဲ့။ ဥပမာ ...."ရှမဝ ထောင်ဆု" ပေါ့လေ။ ဟဲ .... ဟဲ ....။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကိုနတ်နွယ်ရဲ့ စာအုပ်ကို ကြိုက်ပါ တယ်။ အများကြီး ချီးကျူးပါတယ်။ ရှေ့ဆက်ပြီး ရေးသားပြုစုနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

ရွှန်လန်းပါစေ

**တင်ဇေ**

[ဆရာ၏ ပေးစာကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။ စာရေးသူ ]

ဒီလို နိုင်ငံရေးအရ၊ စာပေအရ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးက အခုလို အားရ

ရာပြည့်စာအုပ်တိုက်

ပါးရ ချီးကျူးတဲ့အတွက် မိမိမှာ များစွာအားတက်ရပါတယ်။ ဆရာရဲ့ အားပေးချီးမြှောက်မှုကိုလည်း အမြဲတမ်း သတိရနေရပါတယ်။ အမြဲတမ်းလည်း ဂါရဝ ပြုနေမိပါတယ်။

ဒါပေမဲ့ မိမိ တောင်ကြီးကို အကြိမ်ကြိမ် ရောက်ခဲ့ပေမယ့် တစ်ခါမျှ ဆရာ့ကို ဝင်ပြီး ဂါရဝ မပြုဖြစ်ခဲ့ပါဘူး။ အကြောင်းကတော့ ဆရာဟာ လောကုတ္တရာမှာပဲ မွေ့လျော်နေတယ် ဆိုတဲ့အတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်တဲ့အတွက် တစ်ကြောင်း၊ နောက်ပြီးတော့ မိမိနှင့်တကွ မိမိနှင့် အတူပါတဲ့ အဖော်တွေဟာ ဆရာနဲ့ အရင်းနှီးကြီးတွေ မဟုတ်ကြတဲ့အတွက်လည်း တစ်ကြောင်း ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီတစ်ခေါက်ကတော့ မလွဲမသွေ ဝင်ဖြစ်ဖို့အကြောင်း ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုကျော်အောင်က ဆရာနဲ့ရော၊ ဆရာ့မိသားစုနဲ့ရော အထူးခင်မင်ရင်းနှီးသူတစ်ယောက် ဖြစ်နေလို့ပဲ။

ဒါနဲ့ တောင်ကြီး ရောက်ပြီး နောက်တစ်နေ့ မနက်မှာပဲ ဆရာ့အိမ်ကို မိမိတို့ သွားကြပါတယ်။ ပထမဆုံး ဆရာကတော်နဲ့ တွေ့ရပါတယ်။ ဆရာက ဘုရားဝတ်ပြုနေလို့ ခဏစောင့်နေရပါတယ်။ နောက်ပြီးတော့ ကိုကျော်အောင်တို့က "မောင်မောင်"လို့ တရင်းတနှီးခေါ်တဲ့ ဆရာ့သမီးကိုလည်း တွေ့ရပါတယ်။ ဆရာ့သမီးကလည်း တက္ကသိုလ်က ဆရာမတစ်ဦးလည်း ဖြစ်ပါတယ်။

ဆရာနှင့်တကွ ဆရာ့မိသားစု အားလုံးက မိမိတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံကြပါတယ်။ စကားတွေ ပြောမကုန်နိုင်အောင် ရှိကြရတယ်။

ဒီမှာ အထူးတလည် ပြောရမှာကတော့ ဆရာကရော၊ ဆရာ့ဇနီးကရော၊ ဆရာ့သမီးကရော **မြန်မာပြည်မြောက်ပိုင်း** ကို သတိကရ မေးမြန်းကြပါတယ်။ တလောကပဲ ထပ်ပြီး ဖတ်ဖြစ်ကြတဲ့ အကြောင်းကိုလည်း ပြောကြပါတယ်။ ဒီတော့ မိမိမှာ ထုံးစံအတိုင်း ဝမ်းသာရပြန်တယ်။ **မြန်မာပြည်မြောက်ပိုင်း** နဲ့ အခြားဝတ္ထုရှည်ကြီးတွေ ရေးဖို့လည်း စိတ်ကူးပေါက်မိပြန်တယ်။

ဒါပေမဲ့ ဆရာတို့မိသားစုကို နှုတ်ဆက်ပြီး ပြန်လာတဲ့အခါမှာ၊ **မြန်မာပြည်မြောက်ပိုင်း** နဲ့ တခြား ဝတ္ထုကြီးတွေရေးဖို့ အမှတ်မထင် စဉ်းစားမိလိုက်တဲ့အခါမှာ မိမိရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေရပြန်တော့တယ်။ အလွယ်ဆုံး ဥပမာ ပြရရင်တော့ ငယ်ရည်းစားကို လွမ်းရသလိုမျိုးပါပဲ။

[သည်ခရီးမှာ အစစအရာရာ ကူညီကြသည့် မိတ်ဆွေများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။]

**[ ချယ်ရီ၊ မတ်၊ ၁၉၉၀ ]**

# မိမိ နှင့် မိုးမိုး (အင်းလျား)

၁

(က)

အခါတိုင်းလိုပဲ သူ မပွင့်တပွင့်ကလေး ပြုံးနေသည်။ သူ့မျက်လုံးများကို မှိတ်ထားသည်။ နှုတ်ခမ်းစုံကိုလည်း မထိတထိကလေး စေ့ထားသည်။ သူ၏ပါးပြင်များ မို့အိနေကြသည်။ သို့သော် သူ ပြုံးနေသည်။ သူ၏ အပြုံးကို မျက်ခွံများပေါ်တွင် တွေ့နေရသည်။ ပါးပြင်များပေါ်တွင် တွေ့နေရသည်။ နှုတ်ခမ်းများပေါ်တွင် တွေ့နေရသည်။ သူ ပြုံးသည်က ဒါပဲဖြစ်သည်။ ဒါလောက်ပဲ ဖြစ်သည်။ သည့်ထက်လည်း လျော့မပြုံးပါ။ သည့်ထက်လည်း ပိုမပြုံးပါ။ အမြဲတမ်းပင် ဖြစ်သည်။ သူ၏ အတွင်းစိတ်များကို နှစ်နေရာတွင်သာ ထုတ်ဖော်ထင်ဟပ် တတ်သည်။ အနည်းငယ် စိတ်လှုပ်ရှားလျှင် ပါးပြင်များ နီမြန်းလာပြီး၊ အနည်းငယ် စိတ်ရှုပ်ထွေးလျှင် မျက်မှောင်ကုတ်သွားတတ်သည်။ သည်မှတစ်ပါးကား သူ ပြုံးနေသည်။ ထုံးစံအတိုင်း မပွင့်တပွင့်လေး ပြုံးနေတတ်သည်။ သည်အပြုံးကို မိမိ ကောင်းကောင်းမှတ်မိသည်။ မိုးမိုး၏အပြုံးပင် ဖြစ်သည်။ ယခုလည်း ထုံးစံအတိုင်း သူ ပြုံးနေသည်။

မိုးမိုး(အင်းလျား) ( ၁၉၄၅–၉၀ )



ထိုနေ့က နံနက် ၁၀ နာရီတိတိတွင် ကြံတောအအေးတိုက် ဝင်းပေါက်သို့ မိမိ ရောက်သွားသည်။ သင်္ဂြိုဟ်မည့်အချိန်က ၁၁ နာရီ ဖြစ်သည်။ တမင်ပင် တစ်နာရီစောပြီး လာခဲ့ခြင်း ဖြစ်သည်။ သို့သော် မိမိ ရောက်ရှိသွားချိန်တွင် ဝင်းထဲမှာရော၊ ဧည့်ခံခန်းမ ထဲမှာရော လူတွေ ပြည့်ကျပ်နေကြပြီ ဖြစ်သည်။

ဝင်းပေါက်သို့ မရောက်မီတွင် နောက်ဘက်မှ လူတစ်ယောက် ပါလာသည်ကို သိ၍ ကြည့်လိုက်ရာ ပန်းချီ ဝသုန် ဖြစ်သည်။ သူလည်း မိမိလိုပင် အိမ်မှ တိုက်ရိုက်လာသူ ဖြစ်သည်။ ဘတ်စ်ကားစီးပြီး ခြေကျင်လျှောက်လာသူ ဖြစ်သည်။ မိမိတို့ကို ကားနှစ်စီး ဖြတ်ကျော်သွားသည်။ စာပေနယ်မှ အသိမိတ်ဆွေများ ဖြစ်သည်။

ဝင်းပေါက်ဝသို့ ရောက်သောအခါ အသိ စာရေးဆရာများ၊ ကဗျာဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ ထုတ်ဝေသူများ၊ ရုပ်ရှင်နှင့်ဂီတနယ်မှ မိတ်ဆွေများကို တွေ့ရသည်။ အဝေးတွင်လည်း ကျက်မှတ်မိသော မျက်နှာများကို လှမ်းမြင်ရသည်။

မိမိထံသို့ လူငယ်စာရေးဆရာတစ်ဦး လျှောက်လာသည်။ စာပေနှင့် အနုပညာ မိတ်ဆွေများ စီစဉ်သော အမှတ်တရ စာအုပ်ကလေးကို ပေးသည်။ တစ်ယောက်က ယပ်တောင်ကမ်းသည်။ ပြီးတော့ အမိန့်ပြန်တမ်း ဖတ်မည့်ကိစ္စ ပြောသည်။

အသိမိတ်ဆွေများကို ပြုံးပြနှုတ်ဆက်ရင်း ဧည့်ခံခန်းမဆီသို့ မိမိ လျှောက်သွားသည်။ အဝင်ဝအနီးတွင် ချစ်ဦးညိုနှင့် တွေ့သည်။ "အမိန့်ပြန်တမ်း" ကို ပြသည်။ မိမိ ဖတ်ကြည့်သည်။ ထို့နောက် 'အစ်ကို ဖတ်မလား' ဟု သူက မေးသည်။ မိမိက သူ့ကိုပင် ဖတ်ရန် ပြောလိုက်သည်။

ခန်းမကြီးအတွင်းသို့ ဝင်သွားသောအခါ မိမိကို မြင်သဖြင့် မောင်သွေးသစ် ရောက်လာသည်။ အစီအစဉ်များကို ပြောပြသည်။ ပြန်တမ်းကိစ္စ မေးသည်။ မိမိက ချစ်ဦးညိုနှင့် တွေ့ပြီးဖြစ်ကြောင်း ပြောလိုက်သည်။ ပြန်တမ်းမိတ္တူထားရန် ပြောသော အခါ ဖေမြင့်ထံတွင် ရှိသည်ဟု ဆိုသည်။

မိုးမိုးသည် စာပေအကျိုး၊ စာရေးဆရာတို့၏ အကျိုး၊ စာပေဖြင့် ပြည်သူတို့ အကျိုးတို့ကို မိမိတို့နှင့်အတူ သယ်ပိုးလုပ်ဆောင်သွားရန် ကျရာတာဝန်ကို ယူထားသူ တစ်ဦး ဖြစ်သည်။ သူ၏ဝိညာဉ် အကြောင့်အကြကင်းစွာ သွားလိုရာ သွားနိုင်ရန် မိမိတို့က ထုံးတမ်းစဉ်လာ ဝတ္တရားအရ အမိန့်ပြန်တမ်း ဖတ်ကြားကြရမည် ဖြစ်သည်။

မိုးမိုး လဲလျောင်းနေရာသို့ မိမိ လျှောက်သွားသည်။ မိမိသည် နောက်ပိုင်းတွင် နှလုံးအားနည်းသဖြင့် အပြီးအပိုင် ခွဲခွာသွားကြတော့မည့် မိတ်ဆွေများ၏ မျက်နှာများ ကို ကြည့်ကာ နှုတ်မဆက်ဖြစ်သည်မှာ အတော်ကြာသွားပြီ။ သို့သော် မိုးမိုးနှင့်မူ မတွေ့ရ သည်မှာလည်း ကာလအတန်ကြာပြီ။ နောက်ဆုံးအနေနှင့် တွေ့ဆုံနှုတ်ဆက်ရန်လည်း

တာဝန်ရှိသည် ထင်သဖြင့် သူ လဲလျောင်းရာအနီးသို့ ရောက်ရှိသွားသည်။ မိမိ ရောက်ရှိသွားသော လက်ဝဲဘက်ဆောင်တွင် လူ နှစ်ယောက်၊ သုံးယောက် ရှိနေသည်ကို တိုးဝင်ပြီး မိုးမိုး၏ မျက်နှာကို ကြည့်လိုက်သည်။ သည်မှာ သူ ပြုံးနေသည်ကို တွေ့ရသည်။

မိုးမိုး ပြုံးနေသည်။ မိမိ အကြိမ်ပေါင်းများစွာ တွေ့မြင်ခဲ့ရဖူးသော အပြုံးပင် ဖြစ်သည်။ ယခင်က တွေ့မြင်ခဲ့ရသည်မှာလည်း သည်အပြုံးပင် ဖြစ်သည်။ ယခုလည်း သည်အပြုံးပင် ဖြစ်သည်။ သူ၏အပြုံးသည် အစဉ်ထာဝရ တည်ရှိနေလိမ့်မည်ဟု ထင်ရသည်။

လက်ယာဘက်ဆောင်တွင် လူတစ်ယောက်ရှိနေသည်ကို သတိပြုမိသဖြင့် ကြည့်လိုက်ရာ ကိုမျိုးညွန့် ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက သူနှင့် လက်တွဲခဲ့သူ ဖြစ်သည်။

ကိုမျိုးညွန့်က မိမိကို သတိပြုမိဟန် မရှိပါ။ မည်သည့် အခြင်းအရာကိုမျှလည်း သတိပြုမိဟန် မရှိပါ။ မထင်မှတ်ဘဲ သူ့ကို ခွဲခွာသွားသူ၏ မျက်နှာကိုသာ ညှိုးငယ်စွာ ငေးစိုက်ပြီး ကြည့်နေသည်။

သူ သွားတော့မည်ဟု ပြုံး၍ နှုတ်ဆက်နေသော မျက်နှာနှင့်၊ တကယ် ခွဲခွာသွားသည်ကို မယုံကြည်နိုင်ဘဲ ဖြစ်နေသော မျက်နှာတို့ကို တစ်လှည့်စီကြည့်ကာ ထိုနေရာမှ မိမိ ထွက်ခွာခဲ့သည်။

လှပသော၊ မွှေးပျံ့သော ပန်းခြင်းများ၊ ပန်းခွေများအကြားတွင် တစ်ခုသော ပန်းခွေ ရှိနေသည်။ "မြန်မာနိုင်ငံ စာရေးဆရာများ၊ မြန်မာနိုင်ငံ ကဗျာဆရာများ၊ စာနယ်ဇင်း သရုပ်ဖော် ပန်းချီဆရာများ" ဟု စာတန်း ရေးထိုးထားသည်။

မိမိတို့၏ နောက်ဆုံး နှုတ်ဆက်ခြင်းပင် ဖြစ်ပါသည် အပြုံးရှင်။ မိမိတို့ တတ်နိုင်သမျှသော အတိုင်းအတာဖြင့် ဂုဏ်ပြုလိုက်ရခြင်း ဖြစ်ပါသည်။

(ဂ)

ထိုနေ့ကလည်း စနေနေ့ပင် ဖြစ်သည်။ မိုးမိုးကို ဂူသွင်းသဂြိုဟ်ခဲ့သည့် နေ့ကလည်း ၁၇–၃–၉၀ စနေနေ့။ သူ၏သားအငယ် မောင်ဇော်မျိုးညွန့်နှင့် သမီး မသွယ်မျိုးညွန့်ကို ရှင်သာမဏေနှင့် သီလရှင်အဖြစ် သွတ်သွင်းချီးမြှင့်သည့် နေ့ကလည်း ၃၁–၃–၉၀ စနေနေ့။

ထိုနေ့ကလည်း မိမိသည် အလျှူမင်္ဂလာဌာနဖြစ်သော မဟာစည်သာသနာ့ ရိပ်သာ ဓမ္မသာလာမဏ္ဍပ်သို့ ၁၀ နာရီအချိန် ရောက်ရှိသွားပါသည်။ ကျောင်းပေါက်ဝသို့ အဝင်တွင် တင်မောင်အေး (ကန့်ဘလူ) နှင့် တွေ့သဖြင့် နှစ်ယောက်အတူ ဝင်သွားကြပါသည်။

ဤ မဟာစည်ရိပ်သာ အလှူသို့ အလျင်က တစ်ကြိမ်သာ ရောက်ဖူးပါသည်။ ကိုမျိုးညွန့်နှင့် မိုးမိုးတို့၏ သားအကြီး နေမျိုးညွန့်ကို ရှင်ပြုတုန်းက ဖြစ်သည်။ သည်တုန်းက ကိုရင့် အဖေရော၊ အမေရော ရှိကြသည်။

ယခု သားအငယ်တွင်မူ အမေက တမလွန်ဘဝမှ တရားနာရမည် ဖြစ်ပါသည်။

ဦးပြည်းခေါင်းတုံးနှင့် သီလရှင်မလေး သွယ်မျိုးညွန့်ကို တွေ့ရသောအခါ သူ့အမေ သီလရှင်ဝတ်ခဲ့သည်ကို လည်းကောင်း၊ သူ့အမေ ရေးသားခဲ့သော **မသုခမ္မစာရီ** ကို လည်းကောင်း အမှတ်ရရှိရတော့သည်။

မိုးမိုး၏ ဝတ္ထုရှည်များတွင် မိမိအကြိုက်ဆုံး နှစ်ပုဒ်ကို ပြပါဟုဆိုလျှင် **ပျောက်သောလမ်းမှာ စမ်းတဝါး** နှင့် **မသုခမ္မစာရီ** တို့ပင် ဖြစ်သည်။ **မသုခမ္မစာရီ** ကို ဖတ်စဉ်က မိမိ မျက်ရည်ကျခဲ့ရသည့် အဖြစ်ကို မိုးမိုးအား မိမိ မပြောလိုက်ရပါ။

အမှန်တော့ မိမိရော၊ မိုးမိုးပါ စကားနည်းကြသူများ ဖြစ်သဖြင့် မိမိတို့သည် အနှစ်နှစ်ဆယ်မျှ ရင်းနှီးခင်မင်ခဲ့ကြသော်လည်း စကားများများ ပြောဖူးကြခြင်း၊ ပြောဖြစ်ကြခြင်း မရှိပါ။

## (ဃ)

အမှန်ပင် ဖြစ်သည်။ ကိုမျိုးညွန့်၊ မိုးမိုး (အင်းလျား) တို့နှင့် မိမိ ခင်မင်ရင်းနှီးခဲ့ရသည်မှာ အနှစ်နှစ်ဆယ်မျှပင် ဖြစ်သည်။ ၁၉၇၀ ဝန်းကျင်က ၃၃ လမ်းတွင် မိမိတို့ စခန်းချသည့် နေရာမှာ **စာပေလောက** ဖြစ်သည်။ သူတို့နှစ်ယောက်က ၁၉၆၉ ခုနှစ်တွင် လက်ထပ်ခဲ့ကြသည် မဟုတ်လား။

မိမိနှင့် ပထမဆုံး ခင်မင်ရင်းနှီးရသည်မှာ ကိုမျိုးညွန့်၏ဖခင် စာပေလောက ဦးခင်ညွန့်ပင် ဖြစ်သည်။ မိမိ ရန်ကုန်ရောက်စ ၁၉၅၃ လောက်ကတည်းကပင် သူ့ကို သိရှိခဲ့ရသည်။ **စာပေလောက**ကို ဘယ်လိုစပြီး သိသနည်း။ စာဖတ်သူများ၊ စာပေဝါသနာရှင်များ၊ စာရေးဆရာများအနေနှင့် **စာပေလောက**ကို "မသိဘဲနေ၍ မရနိုင်သဖြင့်" သိကြရခြင်း ဖြစ်သည်။

"မသိဘဲနေ၍ မရနိုင်သဖြင့်" ဟု ဆိုရခြင်းမှာ "စာပေလောက စာအုပ်ဆိုင်" သည် စာပေလောကတွင် တစ်မူထူးခြားခဲ့သောကြောင့် ဖြစ်ပါသည်။

ထိုစဉ်က ရန်ကုန်မြို့တွင် ထင်ရှားသော မြန်မာစာအုပ်ဆိုင်များဟူ၍ **ဦးဘရီနှင့် သမီးများ၊ ကိုတင်အောင် မစန်းစာပေ၊ ကိုမောင်မောင် မနုစာပေ** တို့ ဖြစ်ကြသည်။ သူတို့သည် တိုက်ခန်းကျယ်ကြီးများ မဟုတ်သော်လည်း သူတို့နေရာနှင့် သူတို့ ရှိကြသည်။ ဆိုင်ခန်း မရှိသူများကား ပလက်ဖောင်းပေါ်တွင် ရောင်းကြသည်။

"စာပေလောက စာအုပ်ဆိုင်"မှာ အခန်းမရှိပါ။ သို့သော် ပလက်ဖောင်းပေါ်တွင်

ခင်းရောင်းသည်လည်း မဟုတ်ပါ။ သူက ထူးခြားသည်။ စာအုပ်ဆိုင်အဖြစ် ပြုပြင်ထားသော ကားကြီးဖြင့် ရောင်းချခြင်း ဖြစ်သည်။ ညနေ ရုံးဆင်းချိန်ဆိုလျှင် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်တွင် ရောက်ရှိနေပေပြီ။ “စာပေလောက” ကားကြီးကို အဝေးကပင် တွေ့မြင်နိုင်သည်။

မိမိတို့သည် စာအုပ်ဝယ်သည် ဖြစ်စေ၊ မဝယ်သည် ဖြစ်စေ၊ သူ့ကားရှေ့မှ လျှောက်သွားတိုင်း သူ့ကို နှုတ်ဆက်သည်။ စကားပြောသည်။ အချိန်ရလျှင် အချိန်ကြာကြာ ပြောဖြစ်သည်။ ဦးခင်ညွန့်က မျက်နှာချိုသည်။ အပြောချိုသည်။ စကားများများ ပြောတတ်သည်။ သူနှင့် စကားပြောရသည်မှာ နှစ်သက်ဖွယ်ရာ ဖြစ်သည်။ အကြောင်းစုံ ပြော၍ရသည်။ သို့ဖြင့် မိမိသည် ရန်ကုန်ရောက်ကတည်းက သူ့ကို သိရှိသည်ဟု ဆိုရခြင်း ဖြစ်သည်။ သို့မဟုတ် **စာပေလောက**နှင့် ရင်းနှီးခဲ့ရခြင်း ဖြစ်သည်။

ထို့နောက် **စာပေလောက**သည် ၃၃ လမ်း အခန်းသို့ ရောက်ရှိလာသည်။ စာအုပ်ဆိုင်အပြင် ပုံနှိပ်တိုက်နှင့် စာအုပ်ထုတ်ဝေရေးတို့ပါ ဖြစ်သည်။

မိမိတို့သည် ၃၃ လမ်းရောက်တိုင်း စာပေလောက ဦးခင်ညွန့်နှင့် ဖွဲ့ဦးထွန်းရှိန်တို့နှင့် စကားပြောရသည်။ “ဖွဲ့ကြီး”ကလည်း စကားပြောကောင်းသူ ဖြစ်သည်။ စကားကို အားရပါးရ ပြောဆိုတတ်သူ ဖြစ်သည်။ သူနှင့် ပြောရသည်မှာ ဗဟုသုတများ ရရှိသလို၊ စိတ်ပျော်ရွှင်စွာလည်း ရယ်မောကြရသည်။ ယခု “ဖွဲ့ကြီး” မရှိပြီ။

မိမိတို့သည် ထိုစဉ်က ၃၃ လမ်းသို့ နေ့စဉ်လိုပင် ရောက်ရှိကြပြီး **စာပေလောက**သို့လည်း နေ့စဉ်လိုပင် ဝင်ရောက်ကြသည်။ ဆိုင်ရှေ့တွင် ရိုက်ထားသော သစ်သား ထိုင်ခုံများပေါ်တွင် စကားပြောကြသည်။ မိမိသည် “စာပေလောက” ဆိုင်ကို မှန်မှန် ဝင်ရောက်ရင်း စာပေလောက မိသားစုအားလုံးနှင့်ပင် ရင်းနှီးရသည်။

တစ်နေ့တွင် ထိုစဉ်က **မိုးဝေ** မဂ္ဂဇင်းတည်ရှိရာ ၁၀၇ လမ်း၊ **နံ့သာတိုက်**သို့ စာရေးဆရာ ဦးဘဝင်း (ကွယ်လွန်) နှင့် ဦးခင်ညွန့်တို့ ရောက်ရှိလာကြသည်။ မလိခ ကလောင်အမည်ဖြင့် မိမိတို့ ရေးသားခဲ့သော **မြန်မာဝတ္ထုအညွှန်း** စာအုပ်များကို ဒုတိယအကြိမ် ပြန်ရိုက်လိုကြောင်း ဦးခင်ညွန့်က လာပြောခြင်း ဖြစ်သည်။ ဦးဘဝင်းကို အဖော်ခေါ်လာခြင်း ဖြစ်သည်။ ဤတွင် မိမိက–

‘ဩော် ဦးခင်ညွန့်ရယ်၊ ဒါများ ကျွန်တော်က ဘာများလဲမှတ်လို့။ ဘာဖြစ်လို့ တကူးတကန့် လာနေရတာလဲ၊ ဦးခင်ညွန့်တို့ဆိုင်ကို ကျွန်တော် နေ့တိုင်းလောက် ရောက်နေတာပဲ’

‘ဘယ်ဟုတ်မလဲဗျ၊ စာရေးဆရာဆီက စာမူကို လေးလေးစားစား တောင်းမှပေါ့’

ဦးခင်ညွန့်က အလေးအနက် ပြောသည်။

'ဟုတ်တယ်၊ သူက ခင်ဗျားဆီကို သွားမယ်ဆိုပြီး ကျွန်တော့်ကို ခေါ်လာတာ။ ကိုနတ်နွယ် အဆင်ပြေအောင် လုပ်ပေးလိုက်ပါ'

ဦးဘဝင်းက ဝင်ပြောသည်။

'ဟာ ဘာအဆင်မပြေစရာ ရှိမလဲ၊ ဒါပေမဲ့ မလိခက ကျွန်တော်တစ်ယောက်တည်း မဟုတ်တော့ ကိုမင်းကျော်ကို တိုင်ပင်ရဦးမယ်။ မနက်ဖြန် ကျွန်တော် အကြောင်းပြန်မယ်လေ၊ အားလုံး အဆင်ပြေမှာပါ။ မနက်ဖြန်နေ့ခင်း ကျွန်တော် ဆိုင်ဝင်လာခဲ့မယ်'

'အဲဒါဆိုရင် ကောင်းတယ်။ ကျွန်တော်လည်း ဆိုင်မှာ ရှိနေမယ်။ ဒါပေမဲ့ ပုံနှိပ်တိုက်နဲ့ ထုတ်ဝေရေးလုပ်ငန်းတွေကို ကျွန်တော့်သား မောင်မျိုးညွန့်ကို လွှဲထားတယ်။ သူက စာအုပ်ထုတ်ဝေရေး လုပ်ချင်တယ်။ ကျွန်တော် သူ့ကို လွှဲကြည့်တာ မဆိုးပါဘူး၊ သူ လုပ်တတ်ပါတယ်။ သူ့မှာ စိတ်ကူးကလေး ရှိတယ်။ လူငယ်ဆိုတော့ ခေတ်အမြင်လည်း ရှိတယ်။ သူ့ သူငယ်ချင်းတွေကလည်း သူ့ကို ဝိုင်းကူညီကြတယ်။ သူ့ သူငယ်ချင်းတွေ ကိုနတ်နွယ် သိမှာပေါ့။ ဒေါက်တာငွေစိုးတို့၊ မောင်ဖေမြင့်တို့၊ မောင်ဇေယျတို့'

'ကျွန်တော် သိပါတယ်၊ ကိုမျိုးညွန့်ကိုရော၊ သူ့ သူငယ်ချင်းတွေရော ကျွန်တော် သိနေတာပဲ။ မနက်ဖြန် ကျွန်တော် လာခဲ့မယ်'

ထိုနေ့ညနေက မင်းကျော်ကို အကျိုးအကြောင်း ပြောသောအခါ မိမိ ကြိုက်သလို လုပ်ရန် လွှဲအပ်လိုက်ပါသည်။ သို့ဖြင့် နောက်တစ်နေ့တွင် **စာပေလောက**သို့ မိမိ ရောက်ရှိပြီး ဦးခင်ညွန့်၊ ကိုမျိုးညွန့်တို့နှင့် စာအုပ်ထုတ်ဝေရေး အစီအစဉ်များ ဆွေးနွေးကြသည်။ ကိုမျိုးညွန့်က စာမူခကို စာအိတ်ကလေးတစ်အိတ်နှင့်ထည့်ပြီး ချက်ချင်းပင် ပေးလိုက်သည်။

သို့ဖြင့် မလိခ၏ **မြန်မာဝတ္ထုအညွန်း** ၁၊ ၂ တစ်တွဲနှင့် ၃၊ ၄၊ ၅ တစ်တွဲကို **စာပေလောက**မှ သပ်ရပ်ခံ့ညားစွာ ထွက်လာသည်။ တစ်ချိန်က မောင်နေဝင်း စီစဉ်ခဲ့သော **မြန်မာဝတ္ထုတိုများ** စာအုပ်ကို ပြန်ထုတ်ချင်သည်ဆို၍လည်း မိမိ စီစဉ်ပေးရသည်။ ထို့နောက် **စာပေလောက** စာအုပ်တွင် စာမူရေးပေးရသည်။ ထို့နောက် "ကောလိယ" ကလောင်အမည်ဖြင့် **ကမ္ဘာ့သမိုင်းအဘိဓာန်** ကို မိမိ ရေးပေးခဲ့သည်။ ထို့နောက် နတ်နွယ် အမည်ဖြင့် **အနီနှင့်အနက်** ကို ဘာသာပြန်ပေးရန် ကတိပြုခဲ့သည်။

ကိုမျိုးညွန့်နှင့် သူ၏ သူငယ်ချင်းများ ဖြစ်ကြသော ဒေါက်တာငွေစိုး၊ ကိုဖေမြင့်၊ ကိုဇေယျတို့သည် စာ စရေးစဖြစ်ပြီး၊ စာပေနှင့် စာပေထုတ်ဝေရေးကို အထူးစိတ်ဝင်စားကြကာ၊ ကမ္ဘာ့ဂန္ထ ဝင်စာပေများကို ထုတ်ဝေရန် စိုင်းပြင်းလျက် ရှိကြသည်။ ထိုစဉ်က ကိုငွေစိုးတစ်ယောက်သာ ဆရာဝန်ဖြစ်ပြီး ကိုဖေမြင့်နှင့် ကိုဇေယျတို့က နောက်ဆုံးနှစ်

ဆေးကျောင်းသားများ ဖြစ်ကြသည်။ သူတို့အထဲတွင် မြန်မာစာဌာနမှ ကိုမြင့်စိုးလှိုင်လည်း ပါရှိသည်။

ဤသို့ဖြင့် မိမိသည် စာပေလောက စာအုပ်တိုက်၊ စာပေလောက မိသားစု၊ စာပေလောက အသိုင်းအဝိုင်းနှင့် ရင်းနှီးခဲ့သည်။ စာပေလောက မိသားစုတစ်ဦး ဖြစ်သော မိုးမိုးနှင့်လည်း မိသားစုတစ်ဦးပမာ ရင်းနှီးရသည်။ သည်တုန်းက မိုးမိုးကလည်း စာရေးကာစပဲ ရှိသေးသည်။ သူ့ကို သူ့မိသားစုများ ခေါ်သည့်အတိုင်း "မစန်း" ဟုပင် မိမိ ခေါ်ခဲ့သည်။

မိုးမိုး၏ ဝတ္ထုတိုလေးများ **ငွေတာရီ**တွင် ပါစ ပြုနေပြီဖြစ်သော်လည်း သူ့ကို စာရေးဆရာအဖြစ် တအံ့တသြ တွေ့ရှိလိုက်ရသည်ကတော့ သူ၏ **ပျောက်သောလမ်းမှာ စမ်းတဝါး** ထွက်သောအခါတွင် ဖြစ်ပါသည်။

၂

မိုးမိုး၏ လုံးချင်းဝတ္ထုတစ်ပုဒ်ကို ပုံနှိပ်နေကြောင်း သိရသောအခါ အမှတ်မထင်ပင် ဖြစ်သည်။ ရိုးရိုးသားသား ပြောရလျှင် အထင်မကြီးမိပါ။ သာမန်မျှလောက်သာ ဖြစ်လိမ့်မည်ဟု ထင်သည်။ သာမန်ထက်ပင် လျော့နည်းလျှင်လည်း လျော့နည်းနိုင်သည်။ အကြောင်းမှာ **ပျောက်သောလမ်းမှာ စမ်းတဝါး** ထွက်သောကာလသည် ယနေ့ စကားနှင့် ပြောရလျှင် "ရွှေလုံးချင်းခေတ်" ဟု ပြောနိုင်သော ၇၀ စုကာလ ဖြစ်သည်။ ၁၉၇၁ ခုနှစ်လောက်မှစပြီး လုံးချင်းဝတ္ထုတွေ တစ်ခေတ် ထလာသည်။ အပြတ် ဖြန့်ချိသည့် စနစ် ပေါ်လာသည်။ "ရာခိုင်နှုန်း"စနစ် ပေါ်လာသည်။ ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း စသည်ဖြင့် ဖြစ်လာသည်။

အရောင်းရထိုင်းသော စာရေးဆရာများပင် စောင်ရေ ၂,၀၀၀ ပြတ်ကြသည်။ စာရေးဆရာအသစ်များလည်း ၂,၀၀၀ ပြတ်ကြသည်။ သို့ဖြင့် ထုတ်ဝေသူတွေ တိုးလာသလို စာရေးဆရာတွေလည်း တိုးလာသည်။ "ရှဲဒိုး" နှင့် "အမည်ခံ" စာရေးဆရာများလည်း တစ်ပါတည်း ဖြစ်ပေါ်လာကြသည်။ နာမည်ကြီး စာပေတိုက်များမှ "အမည်ခံ" စာရေးဆရာများ တစ်ပြိုင်တည်းလိုပင် ထွက်ပေါ်လာကြသည်။ မည်သူက တကယ် ရေးသည်၊ မည်သူက အမည်ခံဖြစ်သည်၊ မည်သူက မည်သူ့အတွက် ရေးပေးသည်ကို စာပေနယ်သားအချင်းချင်း သိရှိကြပါသည်။ အပြင်သို့လည်း သတင်းများ ပျံ့နှံ့လျက် ရှိသည်။

ထို့အပြင် သူတစ်ပါးကို "ရှဲဒိုး" အရေးခိုင်းပြီး "အမည်ခံ" စာရေးဆရာ မဟုတ်သည့်တိုင် စာအုပ်ထုတ်ဝေရေးတိုက်ပိုင်ရှင်၊ စာပုံနှိပ်တိုက်ပိုင်ရှင်နှင့် ပတ်သတ်သူများ ၎င်းတို့၏ တိုက်မှနေပြီး စာအုပ်ထွက်လာခဲ့လျှင်လည်း ကိုယ်တိုင်ရေးခြင်း

ဖြစ်သည့်တိုင် ပိုက်ဆံရှိ၍ ထုတ်ဝေခြင်း၊ စာအုပ်တိုက်ရှိ၍ ထုတ်ဝေခြင်းဟုသာ မှတ်ယူမိသည်။ စာရေးတတ်၍ စာအုပ်ဖြစ်လာခြင်းဟု မထင်မိပါ။

ယခုလည်း စာပေလောက စာအုပ်တိုက်နှင့် ပုံနှိပ်တိုက်ပိုင်ရှင် ချွေးမ၊ တစ်နည်း ပြောရလျှင် ယင်းတိုက် မန်နေဂျာ၏ဇနီးက လုံးချင်းစာအုပ် ထုတ်ဝေမည်ဆိုသောအခါ ကိုယ့်ချွေးမ စာအုပ်၊ ကိုယ့်ဇနီး စာအုပ်ကို "ပလက်ဖောင်း" ရှိ၍ စင်တင်ကြည့်ခြင်းသာ ဟု မှတ်ယူမိပါသည်။

မိမိတို့သည် စာပေလောက စာအုပ်တိုက်နှင့် ရင်းနှီးခင်မင်သူများ ဖြစ်သည့် အလျောက် ယင်းတိုက်မှ စာအုပ်များကို **ရန်ကုန်လမ်းညွှန်၊ ချက်ပြုတ်နည်း၊ ကိုယ်တွေ့ ဆရာဝန်** ဆိုသည်များကအစ ကိုယ်နှင့် လိုက်လိုက်၊ မလိုက်လိုက်၊ ဖတ်ဖတ်၊ မဖတ်ဖတ် မေတ္တာလက်ဆောင်အဖြစ် ထွက်သမျှ စာအုပ်အားလုံးကို ယူလေ့ ရှိကြပါသည်။ သို့ဖြင့် မိုးမိုး၏စာအုပ် ထွက်လာသော အခါတွင်လည်း ကိုမျိုးညွန့်ထံတွင် မေတ္တာလက်ဆောင် တောင်းသောအခါ–

'နေဦးဆရာ၊ ဒီစာအုပ်က စာရေးဆရာကိုယ်တိုင် လက်မှတ်ထိုးပြီး ဆရာတို့ကို ပေးလိမ့်မယ်'

သို့ဖြင့် မိုးမိုးက သူ၏စာအုပ်ကို သူကိုယ်တိုင် လက်မှတ်ထိုးပြီး မိမိတို့ကို စာပေလက်ဆောင် ပေးပါသည်။

မိမိတွင် ထုံးစံတစ်ခု ရှိသည်။ ထုတ်ဝေသူထံမှ ရရှိသော မေတ္တာလက်ဆောင် စာအုပ်များကို အကုန်အစင် ဖတ်ဖြစ်ချင်မှ ဖတ်ဖြစ်သော်လည်း၊ စာရေးဆရာကိုယ်တိုင်က မေတ္တာလက်ဆောင်ပေးသော စာအုပ်များကိုကား လေးလေးစားစား ဖတ်ရှုတတ်ပါသည်။ ဖတ်ပြီး မကြိုက်လျှင် ဘာမျှမပြောဘဲ နေတတ်ပါသည်။ ကြိုက်လျှင် ကြိုက်သည့် အကြောင်း ပြောတတ်ပါသည်။ (အလွန့်အလွန် မကြိုက်လျှင်လည်း ဆောင်းပါး ရေးတတ်ပါသည်။ ရံဖန်ရံခါတွင်။)

မိုးမိုး၏စာအုပ်ကို ယူသွားပြီး နောက်တစ်နေ့မှာပင် ဖတ်ဖြစ်ပါသည်။ သည် တော့ အံ့သြရသည်။ မိုးမိုး စာရေးတတ်ပါကလား၊ သာမန်၏ အထက်မှာ ရှိပါကလား။ သို့သော် မကြိုက်သည့် အချက်အချို့လည်း ရှိပါသည်။ အနိဋ္ဌာရုံသဘော နည်းနည်း လွန်ကဲနေသည်ဟု ထင်မိသည်။

နောက်တစ်နေ့တွင် မိုးမိုးကိုရော၊ ကိုမျိုးညွန့်ကိုရော စာအုပ်ဖတ်ပြီးကြောင်း၊ ကြိုက်ကြောင်း၊ သို့သော် အနိဋ္ဌာရုံသဘော အနည်းငယ် လွန်ကဲနေသည်ဟု ထင်မြင် ကြောင်း ပြောလိုက်သည်။ ထိုမျှမက မိတ်ဆွေ စာရေးဆရာများကိုလည်း မိုးမိုး၏ဝတ္ထုကို ဖတ်ပြီးပြီလားဟု မေးမိသည်။ မဖတ်ရသေးဟုဆိုလျှင် ဖတ်ရန် တိုက်တွန်းမိသည်။

ထို့နောက် ထုံးစံအတိုင်းပင် **ပျောက်သောလမ်းမှာ စမ်းတဝါး** အကြောင်း ဆွေးနွေးဖြစ်ကြသည်။

သို့တစေလည်း ဤဝတ္ထု အမျိုးသားစာပေဆု ရလိမ့်မည်ဟု မိမိ မထင်ခဲ့ပါ။ သို့မဟုတ် ပေးလိမ့်မည်ဟု မထင်ခဲ့ပါ။ အကြောင်းမှာ စောစောက ပြောခဲ့သည့်အတိုင်း အနိဋ္ဌာရုံ သဘောကလေးများ ပါရှိနေသောကြောင့် ဆုရွေးချယ်ရေးအဖွဲ့က ကြိုက်ပါမလားဟု။

ဆုရသည်ဟု သိရသောအခါ ဝမ်းသာရသည်။ စာပေလောက စာအုပ်တိုက် အနှစ် ၂၀ မြောက် အထိမ်းအမှတ်နှင့် မိုးမိုး စာပေဆု ရရှိသည့် အထိမ်းအမှတ်ကို ကမ်းနားလမ်းဟိုတယ်တွင် တခမ်းတနား ကျင်းပသောအခါ မိမိတို့အားလုံး ဝမ်းသာအားရ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မိုးမိုး၏ ဝတ္ထုများကို ပြတ်တောင်းပြတ်တောင်း ဖတ်ရသည်။ "ပြတ်တောင်း ပြတ်တောင်း"ဟု ဆိုရသည်မှာ သူက စာရေးကျဲသောကြောင့် ဖြစ်သည်။ အချို့က တစ်လ တစ်အုပ်လောက် ရေးနေချိန်တွင် သူက တစ်နှစ်မှ တစ်အုပ်၊ နှစ်အုပ်သာ ရေးပါသည်။ အလွန်ဆုံး သုံးလေးအုပ်သာ ထွက်ပါသည်။

တစ်ခါက သူရယ်၊ ကိုမျိုးညွန့်ရယ်၊ မိမိရယ် သုံးယောက်တည်း ရှိနေစဉ် မိမိက ယခုတလော စာရေး၍ မပြီးကြောင်း၊ တစ်နေ့ကို နှစ်ဖောင်လောက်ပြီးအောင် မနည်းရေးရကြောင်း၊ ယခင်တုန်းကဆိုလျှင် တစ်နေ့ လေးငါးဖောင် ရေးကြောင်း၊ ဖောင် ၃၀ ကျော်ရှိသော **ဝက်ံပါ** ကို တစ်ပတ်တည်းနှင့် ရေးခဲ့ကြောင်း (ယခုအခါ တစ်နေ့ တစ်ဖောင်ပင် မပြီးတော့ပါ။ ဇရာဖြစ်ပါသည်။) ပြောသောအခါ မိုးမိုးက–

'ဆရာရယ် ကျွန်မ အဲဒီလို ရေးချင်လိုက်တာ၊ ကျွန်မက တစ်နေ့တစ်ဖောင် မပြောနဲ့၊ တစ်နေ့ကို သုံးလေးမျက်နှာ ပြီးအောင်တောင် မနည်းရေးရတယ်' ဟု ဆိုပါသည်။

ထို့နောက် မိုးမိုးသည် စာအထွက်နည်းသည်ကို အားမရသဖြင့် စာပိုပြီးရေးနိုင်ရန် ရုံးအလုပ်မှ ထွက်လိုက်ပါသည်။ ထိုမှုမက လွတ်လွတ်လပ်လပ် ရေးနိုင်ရန် သမ္မတ ဟိုတယ်မှာ သွားရေးပါသည်။

သမ္မတမှာ သူက အခန်းငှားထားသည်။ သို့သော် ညမအိပ်ပါ။ နေ့ဘက်တွင် စာရေးရုံသာ သွားပါသည်။ မနက် ရှစ်နာရီ၊ ကိုးနာရီလောက်တွင် သွားပြီး ညနေဘက် လေးနာရီ၊ ငါးနာရီလောက်တွင် ပြန်လာလေ့ ရှိပါသည်။ မိမိတို့က မိုးမိုးအပြန်ကို ကိုမျိုးညွန့်နှင့်အတူ သွားကြိုလေ့ ရှိပါသည်။

အမှန်တော့ "သွားကြိုသည်" ဆိုသည်ထက် "ဘီယာသွားသောက်သည်" ဆိုခြင်းက မှန်ပါသည်။ အဲဒီတုန်းက "ဘီယာ"' ရှားပါသည်။ (အခု ပေါ မပေါ မသိပါ။)

ဟိုတယ်များတွင်လည်း အပြင်မှ လာရောက်စားသုံးသူများကို ဘီယာ မရောင်းပါ။ တည်းခိုသူများကိုသာ ရောင်းပါသည်။ ထိုသို့ဖြင့် မိုးမိုး သမ္မတမှာ စာသွားရေးသည်မှာ မိမိတို့ ဘီယာ သောက်ဖို့ ဖြစ်နေသည်။

ညနေ လေးနာရီ၊ ငါးနာရီလောက်တွင် မိမိတို့ **စာပေလောက**မှာ စုပြီး သမ္မတဟိုတယ်သို့ ချီတက်သွားကြပါသည်။ အောက်ထပ် ဧည့်ခန်းကောင်တာမှ ဖုန်းဆက်လိုက်လျှင် မိုးမိုးသည် ပိုက်ဆံအိတ်ကလေးကိုကိုင်ပြီး ဆင်းလာပါသည်။ မိမိတို့မှာ ဘီယာအတွက်လည်း မပူရပါ။ ဘီယာဖိုးလည်း မပူရပါ။ ဘီယာဒါယိကာမကြီး တမလွန်ဘဝမှာ သာယာချမ်းမြေ့ပါစေ။

တစ်ခါတစ်ခါတွင် မိမိတို့သည် လေးနာရီ၊ ငါးနာရီအထိ မစောင့်နိုင်သဖြင့် ညနေ သုံးနာရီလောက်မှာပင် ရောက်ရှိသွားတတ်ကြသည်။

သည်အခါ မိမိတို့က–

'မိုးမိုးရေ ဆောရီးပဲ၊ ကနေ့ နေနည်းနည်း ပူတာနဲ့ စောစောထွက်လာကြတာ'

သူက ထုံးစံအတိုင်း ပြုံးလိုက်ပြီး–

'ရပါတယ်၊ ကျွန်မကလည်း ညနေဘက်ဆိုရင် ဆရာတို့ပဲ မျှော်နေတာ'

'ကိုမျိုးညွန့်ကို မျှော်နေတာ မဟုတ်လား'

သည်အခါ လင်မယားနှစ်ယောက် ရယ်ကျဲကျဲ။

သို့သော် တစ်ခါတွင် မိမိက မိုးမိုး သမ္မတဟိုတယ်တွင် စာရေးသည့်အကြောင်း စာထဲမှ ကလိလိုက်မိသည်။

သည်လို ........

"မိမိသည် မိုးမိုးလိုလည်း သမ္မတဟိုတယ်မှာသွားပြီး စာမရေးနိုင်။ မင်းကျော်လိုလည်း ကလောမှာသွားပြီး စာမရေးနိုင်သဖြင့် သန်လျင်မှာပင် ခြံကလေးတစ်ခြံ ဝယ်ရသည်။"

မိုးမိုး ကျွဲမြီးတိုပြီး မိမိကို အတော်ကြာကြာ စကားမပြောဘဲ နေခဲ့သည်။ မင်းကျော်နှင့် မောင်နေဝင်းတို့ကိုလည်း တိုင်တန်းခဲ့သည်။

'ဆရာနတ်နွယ်က ကျွန်မ အထပ်ခိုးကလေးမှာ ဘယ်လို နေရတယ်ဆိုတာလဲ သိလျက်သားနဲ့၊ ဘာဖြစ်လို့ သမ္မတမှာ သွားနေရတယ်ဆိုတာလဲ သိလျက်သားနဲ့ အခုလို ရေးလိုက်တော့ စာဖတ်သူတွေက ကျွန်မကို တမင်ကြီးကျယ်တာလို့ ထင်မသွားကြဘူးလား'

ဆောရီးပါ မိုးမိုး။

တစ်ခါတစ်ရံတွင် မိမိက ရင်းနှီးသည့်သဘောဖြင့် ဟိုကလိ၊ သည်ကလိ လုပ်တတ်သလို ရံဖန်ရံခါတွင်လည်း အကင်းမပါး ဖြစ်တတ်သည်။

တစ်ညနေတွင် အတန်ငယ်မိုးချုပ်သည်အထိ **စာပေလောက** ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေစဉ် ကိုမျိုးညွန့်က–

'ဆရာ ဘယ်သွားမလို့လဲ'

'ဘယ်မှမသွားဘူး၊ အိမ်ပြန်မှာပဲ။ ဒီအချိန် ကားနည်းနည်းကျပ်လို့ ထိုင်နေတာ'

'ကျွန်တော် လိုက်ပို့မယ်လေ'

ထိုစဉ်က **စာပေလောက**သည် စကိုဒါဆလွန်းကား ဖွတ်ချက် ဖွတ်ချက်ကြီးကို ဝယ်ပြီးခါစ ဖြစ်သည်။ "ဖွတ်ချက် ဖွတ်ချက်" ဟု ပြောရသည်မှာ ထိုကားကို ဝယ်စဉ်က သုံးသောင်းပေးရသည်ဟု ပြောသည်။ ပြန်ရောင်းတော့ သုံးသောင်းရှုံးသည်ဟု ပြောသည်။ ကဲ မကောင်းလား။

မိမိက အားနာသဖြင့်–

'ဟာ နေပါစေ၊ ကျွန်တော်တို့ဆီက အဝေးကြီး'

'ရပါတယ်။ နေဦး၊ ကျွန်တော် ကိုငွေစိုးကို ခေါ်လိုက်ဦးမယ်'

ကိုမျိုးညွန့် အထပ်ခိုးပေါ် တက်သွားသည်။

ထိုစဉ်က ကားမောင်းမည့်သူ မရှိသေးသဖြင့် ဆရာဝန် စာရေးဆရာကြီး ဒေါက်တာငွေစိုးက စေတနာဒရိုင်ဘာ။

အတန်ကြာသောအခါ ကိုမျိုးညွန့်နှင့် ဒေါက်တာငွေစိုးတို့ ဆင်းလာကြသည်။ မိုးမိုးလည်း ပါလာသည်။

'မိုးမိုးက ဘယ်သွားမလို့လဲ'

မိမိက မိုးမိုး တစ်နေရာသွားမည် ထင်သဖြင့် မေးလိုက်သည်။

'သူလည်း လိုက်မယ်တဲ့'

ကိုမျိုးညွန့်က ဖြေသည်။

မိမိအိမ်က လမ်းမကြီးပေါ်တွင် မဟုတ်၊ လမ်းသွယ်ကလေးတွင် ဖြစ်သည်။ အတွင်းသို့ ဝင်ရသည်။ လမ်းနည်းနည်းဆိုးသည်။ အချို့အငှားကားများဆိုလျှင် လမ်းထဲ မဝင်ချင်။

မိမိက သူတို့ကို အားနာသဖြင့် လမ်းထိပ်မှာပဲ ဆင်းပြီးလျှောက်ခဲ့သည်။ သူတို့ကားမှာလည်း လမ်းထိပ်မှာ အတန်ကြာရပ်နေပြီးနောက် ပြန်ထွက်သွားသည်။

နောက်တစ်နေ့တွင် မင်းကျော်နှင့် တယ်လီဖုန်းပြောရာတွင် မနေ့က ကိုမျိုးညွန့်တို့ လိုက်ပို့ကြောင်း၊ မိမိက သူတို့ကို အားနာသဖြင့် လမ်းထိပ်မှာပင် ဆင်းခဲ့ကြောင်း ပြောရာ မင်းကျော်က–

'အဲဒါတွေ ခင်ဗျား ခက်တာပဲ။ အဲဒါကြောင့် မောင်နေဝင်းက ခင်ဗျားကို ပြောတာ၊ မြောက်ဥက္ကလာပငနဲ့ဟာ လည်မလိုလိုနဲ့ တစ်ခါတစ်ခါ တယ်အူတာပဲတဲ့'

'ဘာဖြစ်လို့လဲ'

'မိုးမိုးက ခင်ဗျားအိမ်ကို ရောက်ဖူးချင်လို့ တမင် လိုက်လာတာ။ မနက်က ကျွန်တော် ကိုမျိုးညွန့်နဲ့ တွေ့ပြီးပြီ၊ ခင်ဗျားက မခေါ်တော့ သူတို့လည်း လမ်းထိပ်ကပဲ လှည့်ပြန်ခဲ့ရတယ်တဲ့။ ဒီလိုဗျ၊ မိုးမိုးက စာရေးခါစဆိုတော့ စာရေးဆရာတွေနဲ့ စကားပြောချင်တယ်။ စာရေးဆရာတွေရဲ့ ကိုယ်ပိုင်စာကြည့်တိုက်တွေကိုလည်း ကြည့်ချင်တယ်။ ဘာစာအုပ်တွေ ဖတ်သလဲပေါ့။ တစ်နေ့က ကျွန်တော့်အိမ်ကို လာသွားကြပြီး ကျွန်တော့် စာကြည့်ခန်းကို အကြာကြီး ကြည့်သွားတယ်'

'ဟာဗျာ သူတို့က ဒီလိုမှ မပြောဘဲ၊ ကျွန်တော် ဘယ်သိပါ့မလဲ'

သို့ဖြင့် သနပ်ပင်ဟောပြောပွဲမှ အပြန်တွင်၊ သနပ်ပင်မှ ဒိုင်နာကားကြီးဖြင့် တောက်လျှောက်ပြန်ခဲ့ကြရာတွင် လမ်းသင့်သော မိမိကို အလျင်ဆုံး ဝင်ပို့ခဲ့ကြသောအခါ၊ မိမိက မိုးမိုးကို ကားပေါ်မှ အတင်းဆင်းစေပြီး မိမိ၏ စာကြည့်ခန်းကို ကြည့်စေပါသည်။

နောက်မှ စဉ်းစားမိသည်။ ယင်းအဖြစ်မှာလည်း မဟုတ်သေးပါ။ လမ်းကလည်း ကြမ်း၊ ကားကလည်း ဆောင့်၊ ဒါလောက် ပင်ပန်းလာတဲ့ လူတစ်ယောက်ကို ညကြီးမိုးချုပ်မှာ ကားပေါ်က အတင်းဆင်းစေပြီး စာကြည့်ခန်းကို ကြည့်စေသည်မှာ (ထိုအချိန်တွင် မိမိတို့က "ဝမ်းဖော်သည်ရတ်ဒ်" ဆိုပြီး တစ်ပက်စီ မော့နေကြသည်။)...။

ဆောရီးပါ မိုးမိုး။

သို့သော် မိမိ မိုးမိုးနှင့် ပိုမိုရင်းနှီးရသည်မှာ စာဆိုတော် ခရီးများကြောင့်ပင် ဖြစ်ပါသည်။

## ၃

လူတစ်ယောက်အကြောင်းကို အရက်အတူသောက်သောအခါ သိရသည်။ ဖဲအတူ ရိုက်သောအခါ သိရသည်။ သာမန်အချိန်တွင် မတွေ့မြင်နိုင်သော အတွင်းစိတ်ကို တွေ့မြင်ရသည်။ အချို့က သဘောထား ပြည့်ဝသည်။ စိတ်ရှည်သည်။ အနစ်နာခံသည်။ ကူညီတတ်သည်။ ရိုင်းပင်းတတ်သည်။ အပေးအယူ ရှိသည်။ အပြန်အလှန် လေးစားမှု ရှိသည်။ အချို့က.... အချို့က .... ထားပါတော့။ ပုထုဇဉ် လူသားတွေပဲ။ ချွတ်ယွင်းချက်ကလေးတွေ၊ အားနည်းချက်ကလေးတွေ ရှိတတ်စမြဲပဲ။ ဒီလိုပဲ သည်းခံနိုင်သမျှတော့ သည်းခံကြရသည်။

စာပေဟောပြောပွဲ သွားကြရသောအခါတွင်လည်း ယခင်က သာမန်မျှသာ ဆက်ဆံခဲ့ကြရသော စာရေးဆရာများ၏ အတွင်းစရိုက်ကို သိရှိကြရသည်။ အခွင့်အရေး တစ်ရပ်ပင် ဖြစ်သည်။ စိတ်ချမ်းသာရသည့် အခါများလည်း ရှိသည်။ အနည်းငယ် **စိတ်**

အနှောင့်အယှက် ဖြစ်ရသည့် အခါများလည်း ရှိသည်။ စာရေးဆရာများလည်း လူထဲက လူတွေပင် ဖြစ်သည်။

အမျိုးသမီး စာရေးဆရာများနှင့်အတူ သွားရသောအခါ အနည်းငယ် သတိထားရသည်။ သူတို့မှာ စာရေးဆရာဝိညာဉ် ပူးကပ်နေသလို လက်ငုတ်လက်ရင်း ဖြစ်သော အမျိုးသမီး ဝိညာဉ်ကလည်း ရှိနေသည်။ အဘယ်မျှပင် အသိဉာဏ်ပညာ ထက်မြက်ပြီး အတွေးအမြင် ကျယ်ပြန့်သည်ဖြစ်စေ၊ အနည်းနှင့်အများ ဆိုသလို အမျိုးသမီးတွေသည် အမျိုးသားတွေနှင့် မတူသော သီးခြားအရည်အချင်းတွေ ရှိနေတတ်သည်။ ရုပ်ပိုင်းအရရော၊ စိတ်ပိုင်းအရရော ဖြစ်သည်။ အထူးသဖြင့် ရုပ်ပိုင်းနှင့် ပတ်သက်သည်များကို မည်သူမျှ မငြင်းဆန်နိုင်ပေ။ စိတ်ပိုင်း ဆိုသည်မှာလည်း ရုပ်ပိုင်းမှ ထင်ဟပ်လာခြင်းများပင် မဟုတ်လား။

မိမိအနေနှင့် ကံကောင်းသည်ဟုပင် ပြောရမည်လား မသိ။ အကြောင်းအားလျော်စွာ အမျိုးသမီးစာရေးဆရာ အတော်များများနှင့် ခရီးအတူတူ သွားဖူးသည်။ တစ်ကြိမ်တစ်ခါမျှ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည် မရှိပါ။

မိမိ အကြောက်ဆုံးက ဗီဇာကြောင်ခြင်းပင်။ `

မိမိတို့ကို ဖိတ်ကြားထားသော စာဆိုတော် ကော်မတီများက အပင်ပန်းခံကာ၊ အဆင်းရဲခံကာ၊ ငွေကုန်ကြေးကျခံကာ၊ လိုအပ်လျှင် အောက်ကျို့တန်သည့် နေရာတွင် အောက်ကျို့ကာ မိမိတို့၏ သွားရေးလာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေးတို့ကို အတတ်နိုင်ဆုံး ကောင်းမွန်အောင် ဆောင်ရွက်ပေးကြပါသည်။

သို့သော် အခြေအနေဆိုသည်မှာ အစိုး မရပါ။ အထက်တန်းလက်မှတ် ကြိုတင်ဝယ်ယူထားသော်လည်း အနားကပ်ပြီးမှ ဖယ်ပေးရခြင်း၊ ဧည့်ရိပ်သာတစ်ခုတွင် တည်းခိုနေရင်း တန်းလန်းမှ ဖယ်ပေးရခြင်း၊ တချို့ အစီအစဉ်များ ပြုလုပ်ထားပြီးမှ ပယ်ဖျက်လိုက်ရခြင်း။

တစ်ခါ တစ်ခါတွင် စာရေးဆရာဆိုသည်မှာ အကောင်ပေါက်စကလေး တစ်ကောင်လောက်မှ တန်ဖိုးမရှိတတ်ပါ။ စာရေးဆရာများအတွက် တည်ခင်းသော စာဆိုတော် စားသောက်ပွဲများဟု ဆိုသော်လည်း၊ စာရေးဆရာသည် အဝေးဆုံး တစ်နေရာတွင် အညံ့ဆုံး ကုလားထိုင်တစ်လုံးနှင့် ထိုင်ရဟုတ်သည်။

စာဆိုတော်ဟောပြောပွဲ ခရီးများတွင် ဖြစ်သလို သွားရခြင်း၊ ဖြစ်သလို အိပ်ရခြင်း၊ ဖြစ်သလို စားရခြင်းများသည် ကြုံတောင့်ကြုံခဲများ မဟုတ်ပါ။

သည်အခါမှာ ဗီဇာ မကြောင်ဖို့ အရေးကြီးပါသည်။

ထောင်လိုက်ကျကျ၊ ပြားလိုက်ကျကျ ခံနိုင်ဖို့ အရေးကြီးပါသည်။

မိမိတို့သည် စာရေးဆရာဖြစ်ပြီး စာပေလုပ်ငန်းများကို လုပ်ဆောင်နေပေသည်။

မိမိတို့ တာဝန်ကို မိမိတို့ ထမ်းဆောင်နေကြခြင်း ဖြစ်သည်။ တိုင်းပြည်တာဝန်ဟု ပြောက ကြီးကျယ်ရာရောက်လျှင် စာပေတာဝန်ဟုတော့ ပြောနိုင်ပါသည်။

*

တစ်ခါတုန်းက မိမိတို့ မြို့တစ်မြို့သို့ ဟောပြောပွဲသွားသည်။ အမျိုးသား စာရေးဆရာ သုံးဦး၊ အမျိုးသမီး စာရေးဆရာ တစ်ဦး။

အပြန်ခရီးတွင်–

မီးရထားနှင့် ပြန်ရမည်။ ထိုမြို့က ဘူတာရှိသောမြို့နှင့် အလှမ်းဝေးသည်။ ကားတစ်တန် စီးရမည်။ သို့သော် ကားမရှိပါ။ ဈေးကားက မနက်အစောကြီး တစ်ခေါက်သာ ရှိသည်။ သို့ဖြင့် မိမိတို့ ထွန်စက်နောက်တွဲဖြင့် ပြန်ရသည်။ လမ်းက ဖုန်တထောင်းထောင်း ထနေသော လှည်းလမ်း။

ကဲ .... ပြန်ကြပြီ။ မိမိတိုအားလုံး မျောက်ဖြူကြီးတွေလို ဖွေးနေသည်။ ဆရာမ တစ်ချက်ကလေး မညည်းပါ။

မိမိက–

'မ .... တစ်ခေါင်းလုံး ဖွေးကုန်ပြီ'

'ကိုနတ်နွယ်ကကော'

'ကျွန်တော်တို့က ယောက်ျားတွေပဲ'

'ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ခေါင်းဟာ ခေါင်း၊ ဆံပင်ဟာ ဆံပင်ပါပဲ ဘာမှ မထူးပါဘူး။ အားလုံးဖြူလို့ လိုက်ဖြူတာပဲ'

ဟုတ်ပါ့။ ဒေါ် "မ ဝါဒီ" ကြီးရယ်။

မီးရထားလမ်းမြို့သို့ ရောက်သောအခါ ည ၇ နာရီ ကျော်နေပြီ။ ကဲ .... ထမင်းစားကြမယ်။

ဘူတာအနီးတွင် အိန္ဒိယထမင်းဆိုင် တစ်ဆိုင်နှင့် တရုတ်ခေါက်ဆွဲဆိုင် တစ်ဆိုင်ပဲ ရှိသည်။ မြန်မာဆိုင် မရှိပါ။ သို့ဖြင့် တရုတ်ဆိုင်ကို ရွေးလိုက်ကြသည်။ ဆိုင်ထဲသို့ ဝင်သွားကြသည်။

ဘိုးတော်ဘုရား လက်ထက်က ခေါက်ဆွဲဆိုင်ပဲ။ အထဲမှာ မှောင်မည်းနေသည်။ စားပွဲ သုံးလေးလုံး ရှိသည်။ စားပွဲတိုင်းမှာပင် တောက်တိုမည်ရ ပစ္စည်းတွေ တင်ထားသည်။ မိမိတို့အတွက် စားပွဲတစ်လုံး ရှင်းပေးသည်။ သို့သော် စားပွဲက ချေးကွက်တွေနှင့် ဖြစ်သည်။ အနားတွေ ပဲ့နေသည်။ အလယ်မှာ အစင်းတွေ၊ ချိုင့်ခွက်တွေနှင့် ဖြစ်သည်။ ကုလားထိုင်တွေက နဲ့နေသည်။ ပေနေသည်။ ကျိုးနေသည်။

မတတ်နိုင်ဘူး၊ ထိုင်ကြမယ်။

ဘာတွေရမလဲ။

အစိမ်းကြော်၊ တောက်တောက်ကြော်၊ ၁၂ မျိုး ဟင်းချို၊ ဝက်အူချောင်း၊ ဘုရားစူး ရှေးဟောင်း ခေါက်ဆွဲဆိုင်ပါပဲ။

'ကဲ .... ရှိတာပဲ ပေးပါ'

လာပြီ .... ပန်းကန်တွေက ပြတိုက်ထဲက ပန်းကန်တွေ။ ပဲ့နေကြသည်။ အက်နေကြသည်။ ဇွန်းတွေကကော၊ ကြေးဇွန်းတွေ ကြေးညှိတက်နေသည်။ ကြေးစော် နံလိုက်တာ။ အင်း .... ကြေးစော်နံ ပြန်လိုက်ဦးသာဆိုရင်တော့ ဒီည ထမင်းစားကြရတော့မှာ မဟုတ်ဘူး။

အဲဒီတုန်းက ဆောင်းတွင်း၊ စာဆိုတော်ဆိုတာ မြောက်ပြန်လေသွေးတဲ့ ဟေမန္တရာသီ။ ချမ်းတယ်၊ အတော်ကလေး ချမ်းတယ်။ ပြီးတော့ လယ်ထွန်စက်ဒဏ်ကြောင့် အတော်ကလေးလည်း ပန်းနေကြတယ်။

ဒါနဲ့ ....။

'ပေါက်ဖော်ကြီး၊ သောက်စရာ ဘာရှိလဲ'

(အဲ ....ပေါက်ဖော်ကြီးပဲ ခေါ်မိသလား၊ ထောင်ကဲကြီးပဲ ခေါ်မိသလား၊ ဒါမှမဟုတ် လောပန်းကြီးပဲ ခေါ်မိသလားတော့ အသေအချာ မမှတ်မိပါ။)

'အား ရှိစယ် .... ရှိစယ် .... ရမ်ရှိစယ်'

'ဟာ ရမ် ကောင်းတာပေါ့၊ ယူခဲ့ပါ'

တရုတ်ကြီးက မှန်တွေကွဲနေသော ဗီရိုကြီးတစ်လုံးအတွင်းမှ ပုလင်းတစ်လုံး ယူလာသည်။ ပုလင်းတံဆိပ်တွင် အင်္ဂလိပ်လို (MANDALAY RUM) ဟု ပုံနှိပ်ထားသည်။

ကဲ ....ဖန်ခွက်ယူခဲ့။

အားပါး ....ဘယ်တုန်းက ဖန်ခွက်တွေလဲ မသိ။ အမြှောင်း အမြှောင်းတွေနှင့် တောင်ဆုပ်လောက်ရှိသော ဖန်ခွက်ကြီးတွေ။ ထုံးစံအတိုင်း နှုတ်ခမ်းတွေ ပဲ့နေသည်။ အလယ်ကောင်မှာ အက်နေသည်။ ဖင်မှာ အနယ်တွေထိုင်ပြီး အရက်ချီးတွေ ကပ်နေသည်။

ပုလင်းကို ဖောက်လိုက်တော့ .... ဘုရားသခင် ကယ်တော်မူပါ။

အနံ့ကြီးက စူးဝါးလှသည်။

အရသာက ဆိုးရွားလှသည်။

"ရမ်" စစ်မည် မထင်၊ အတုကြီးနှင့် တူသည်။

"ရမ်" စစ်လျှင် မွှေးမွှေး သင်းသင်းကလေး၊ ချိုချိုရှရှ ကလေး။

ကဲ .... မတတ်နိုင်ဘူး။ စစ်စစ်၊ မစစ်စစ် သောက်လိုက်ကြစို့၊ ဆေးခါးကြီး နှစ်ကျပ်ခွဲသား။

ခနော်ခနဲ့ ကုလားထိုင်တွင် ကိုယ်ဟန်ထိန်းပြီး ထိုင်နေရသော ဆရာမကို မိမိက–

'အားနာလိုက်တာ'

'ဘာ အားနာတာလဲ'

'ဆိုင်ကလည်း မကောင်း၊ ပန်းကန် ခွက်ယောက်တွေကလည်း မကောင်း၊ အစားအသောက်ကလည်း မကောင်း'

'ဒါ ကိုနတ်နွယ် လုပ်တာမှ မဟုတ်ဘဲ'

'နောက်ပြီးတော့ အရက်စော်ကလည်း နံနေတာပဲ'

'နံလည်း အရက်ပါပဲ၊ မွှေးလည်း အရက်ပါပဲ။ ကျွန်မက ရေမွှေးစက်ရုံမှာ ဟောရအောင် လိုက်လာတာ မဟုတ်ပါဘူး'

'ကျေးဇူးပါပဲ ဆရာမ'

ထမင်းစားပြီးတော့ တစ်ပြလောက်ဝေးသော ဘူတာရုံကို သွားကြသည်။ ရထား ဘယ်အချိန် လာမလဲ။

ရိုက်တိုင်း .... တစ်ဆယ့်နှစ်နာရီ၊ ဒါပေမဲ့ တစ်ခါတလေ နှစ်နာရီ၊ သုံးနာရီ လောက်မှ လာတတ်တယ်။

ကောင်းပါပေ့။

သို့ဖြင့် ဆောင်းလေတဟူးဟူး တိုက်ခတ်နေသော ပလက်ဖောင်းပေါ်တွင် မိမိတို့ ကျုံ့ကျုံ့ကလေးတွေ ထိုင်နေကြရတော့သည်။

(စာဖတ်သူများ ခင်ဗျား၊ ဘယ်သူ့မှ ပြန်မပြောဘူးဆိုရင် ဆရာမ ဆိုတာက ဒေါ်ခင်ဆွေဦးပါ။ ပစ်တိုင်းထောင် သုံးယောက်ကတော့ မောင်နေဝင်းရယ်၊ သုမောင်ရယ်၊ မိမိရယ်ပါ။ အဲ ဝင့်ကြွေးမကင်းလို့ လမ်းပေါ်က စာရေးဆရာတွေနဲ့ အဖော်ပါလာသူ တစ်ဦးကတော့ ဆရာမရဲ့အမေ ဆရာကတော် ဒေါ်ကြည်ကြည် ဖြစ်ပါကြောင်း ခင်ဗျား။)

နောက်တစ်ခါမှာလည်း–

မိမိတို့ မြို့တစ်မြို့ကို သွားကြသည်။ အမျိုးသား နှစ်ယောက်၊ အမျိုးသမီး တစ်ယောက်။

အဲဒီမြို့မှာက နှစ်ညနှစ်ပွဲ ခြိမ့်ခြိမ့်သဲခင်ဗျ။ မိမိတို့က ဒုတိယညမှာမှ ပြောရမှာ။ ဒါပေမယ့် ပထမညမှာ ခဏလိုက်နားထောင်ပါဦးဆိုလို့ လိုက်သွားကြရတယ်။

ဟောပြောပွဲက လေဟာပြင်ထဲမှာ။ တော်တော်ကို အေးတယ်။ ဒါပေမဲ့ ပရိသတ်ကတော့ အပြည့်ပဲ။ ပြောလိုက်တဲ့ ဆရာတွေကလည်း တစ်ယောက်ကို တစ်နာရီ၊ နှစ်နာရီ။ ဆယ်နာရီလည်း မပြီးသေး၊ ဆယ့်တစ်နာရီလည်း မပြီးသေး။ မိမိတို့မှာ ပွဲဆက် တွေလည်း ရှိထားသဖြင့် ပန်းနေသည်က တစ်ကြောင်း၊ ဒီဆရာတွေ ဟောတဲ့အကြောင်း

တွေကို ကြားရဖန်များလို့ နားတွေ အူနေသည်က တစ်ကြောင်းကြောင့် ဧည့်ရိပ်သာမှာ ပြန်နားပါရစေလို့ ကော်မတီကို တောင်းပန်ရတယ်။

အဲဒီတော့ မိမိတို့ကို ဂျစ်ကားတစ်စီးနဲ့ ပြန်ပို့ပေးတယ်။ ပြီးတော့ ကျန်တော်တို့ 'ပြန်နားထောင်လိုက်ဦးမယ်' ဆိုပြီး ပြန်သွားကြတယ်။ ဧည့်ရိပ်သာမှာ မိမိတို့ သုံးယောက်တည်း ကျန်ရစ်တယ်။

ကိစ္စ မရှိပါ။ မိမိတို့မှာ အဖော်တစ်ယောက် ရှိသည်။ အမျိုးအမည် မမှတ်မိတော့သော ပုလင်းတစ်လုံး။ ရမ်လား၊ ဘရန်ဒီလားပဲ။

ဆရာမက အိပ်တော့မည်ဆိုပြီး သူ့အခန်းထဲ ဝင်သွားသည်။ ကောင်းသည်။ မိမိတို့ နှစ်ယောက်တည်း အေးအေးဆေးဆေး သောက်ရမည်။ ပုလင်းကို ဖွင့်ကြသည်။

အာပါး၊ မလွယ်ပါကလား။ ဆောင်းတွင်းကြီးမှာ ချွေးပြိုက်ပြိုက်ကျလာသည်၊ တစ်ခါတစ်ခါ ပုလင်းဖွင့်ရသည့် အလုပ်မှာ လက်နက်ကိရိယာမရှိလျှင် နွားသတ်ရသည်ထက် ပင်ပန်းသေးသည်။

နောက်ဆုံးတွင် ပုလင်းအဖုံး ကြွေမွတွန့်လိပ်ပြီး ပွင့်သွားသည်။ အောင်ပြီ ... အောင်ပြီ။

ကဲ .... သောက်ကြမယ်။ ဖန်ခွက်ရှိသည်၊ အကောင်းစား ပန်းပွင့်ကလေးတွေနှင့်။ လှလိုက်တာ၊ ဘယ်အိမ်က ငှားထားသလဲ မသိ။

ရေရှိသည်။ ရေအိုးကြီးနှင့် အပြည့်ပဲ၊ ရောချင်သလောက် ရော။

ဒါပေမဲ့–

အမြည်း မရှိပါ။ ဘာအမြည်းမှ မရှိပါ။ ဘယ်သူမှလည်း မရှိပါ။ ဘယ်လိုလုပ်မလဲ။ မိမိတို့ကလည်း နာမည်ပျက်ကောင်းရုံ အပျော်တမ်း အရက်သမားများ ဖြစ်သဖြင့် အမြည်းမပါလျှင် လုံးဝ မသောက်တတ်ပါ။

မိမိတို့ ဧည့်ရိပ်သာက မြို့လယ်နှင့် အဝေးကြီး၊ လူနေအိမ်ခြေများနှင့် အဝေးကြီး။ ရှေ့ဘက်တွင် ရုံးကြီးတစ်ရုံး၊ ခေါင်းရင်းဘက်တွင်လည်း ရုံးတစ်ရုံးဟုပင် ထင်သည်။ ခြေရင်းဘက်တွင်ကား ကွင်းကြီးတစ်ကွင်း၊ ဘောလုံးကွင်းကြီးလားပဲ။ နောက်ဘက်တွင် ဘာရှိသလဲတော့ မသိပါ။ လူနေအိမ်ခြေ မဟုတ်သည်ကတော့ သေချာသည်။

အလာတုန်းက လမ်းကွေ့တစ်နေရာတွင် ကွမ်းယာဆိုင်လို ဆိုင်ကလေးတစ်ဆိုင် မြင်ခဲ့သည်။ မိုင်ဝက်လောက်တော့ ဝေးမည်။ ဘာပဲဖြစ်ဖြစ် အညောင်းပြေ လျှောက်သွားလျှင် ပဲကြီးလှော်တစ်ထုပ်၊ ဒါမှမဟုတ် မြေပဲလှော် တစ်ထုပ်လောက်တော့ ရနိုင်ပါသည်။

ကောင်းပြီ၊ ဘယ်သူ သွားဝယ်မလဲ။

သွားတာက ဘယ်သူသွားသွား ရသည်။ မိမိတို့အချင်းချင်း မကတ်သတ်ပါ။ အမြည်းရမည်ဆိုလျှင် အစီစိပဲ သွားရ သွားရ။

သို့သော် တစ်ယောက်သွားလျှင် တစ်ယောက်က အမျိုးသမီး စာရေးဆရာမနှင့် နှစ်ယောက်တည်း ကျန်ရစ်ခဲ့မည်။

မိမိတို့အနေနှင့် အဘယ်မျှ ရိုးသားသည် ဆိုသော်လည်း ပရိသတ်အမြင်တွင် မသင့်လျော်ပါ။ မိမိတို့ စာရေးဆရာတွေ ဒီကိစ္စမျိုးနှင့် ပတ်သက်၍ နာမည်ပျက် မခံနိုင်ပါ။

ကောင်းပြီ၊ ဒါဖြင့် နှစ်ယောက်စလုံးသွားမည်။ ဒါလည်း မဖြစ်နိုင်ပါ။ မိမိတို့ နှစ်ယောက်စလုံးသွားလျှင် ဒီဗိုလ်တဲဟောင်းကြီးမှာ၊ ညအချိန်မတော်ကြီးမှာ အမျိုးသမီး တစ်ယောက်တည်း ကျန်ရစ်မည်။ လူသူလေးပါးနှင့်ဝေး၍၊ အော်၍ ခေါ်၍လည်း မကြား နိုင်ပါ။ တစ်ခုခု ဖြစ်သွားလျှင် မိမိတို့မှာ တာဝန်ရှိသည်။ နောက်ပြီး ဒီဗိုလ်တဲကြီးက တစ္ဆေခြောက်သည်ဟုလည်း ပြောကြသည်။

ဒါက အဆန်းမဟုတ်ပါ။ ဗိုလ်တဲဟောင်းမှန်လျှင် တစ္ဆေပုံပြင်က ရှိစမြဲ။ မတော် တဆ သူ့မှာ နှလုံးရောဂါရှိနေပြီး တစ်စုံတစ်ရာကို ထိတ်လန့်ကာ သေဆုံးခဲ့လျှင်....။

'တောက် ပြဿနာပဲ'

မိမိတို့နှစ်ယောက် တောက်ခေါက်ကာ ကျယ်လောင်စွာ ညည်းလိုက်ကြသည်။

အရက်ပုလင်းကို နွားသတ်သလို ဖွင့်နေကြသည့် အသံကြား၍ပဲ အိပ်မပျော် သလား၊ ဒါမှမဟုတ် မိမိတို့ တောက်ခေါက်သောအသံ ကျယ်လောင်လွန်းလှ၍ပဲ လန့်နိုး သလား မသိပါ။ ဆရာမ အခန်းထဲမှ ထွက်လာပြီး .....

'ဆရာတို့ ဘာတွေ ပြဿနာ ဖြစ်နေကြတာလဲ'

'အရက်ရှိပြီး ဘာအမြည်းမှ မရှိဘူး'

'အလာတုန်းက လမ်းကွေ့မှာ ကွမ်းယာဆိုင်တစ်ဆိုင် ကျွန်မ မြင်ခဲ့တယ်။ အဲဒီမှာ သွားဝယ်ရင် တစ်ခုခု ရမှာပေါ့'

'ပြဿနာက ဒါပဲပေါ့။ ကျွန်တော်တို့နှစ်ယောက် သွားရင် မ.... တစ်ယောက် တည်း ကျန်ခဲ့မှာစိုးလို့'

'ဒါများ အလွယ်လေးပါ ဆရာတို့ရယ်။ ပြဿနာ မဟုတ်တာ ပြဿနာလုပ်နေ ကြတယ်။ ဆရာတို့သွားရင် ကျွန်မလည်း လိုက်ခဲ့မှာပေါ့'

ဟုတ်လိုက်လေ၊ ဒီလိုတော့လည်း အလွယ်ကလေးပဲ။

ယင်းသို့ဖြင့် မိမိတို့သုံးယောက် တိတ်ဆိတ်သော၊ ငြိမ်သက်သော၊ အေးမြသော၊ သာယာလှပသော ညအလယ်တွင် အေးဆေးစွာ လမ်းလျှောက်လျက် ရှိကြတော့သည်။

(စာဖတ်သူများ ခင်ဗျား ..... ဘယ်သူမှ မကြားအောင် တိုးတိုးကလေးပြောရရင် ဆရာမက တက္ကသိုလ်မြစိမ်းပါ။ အမြည်းပြဿနာ တက်နေသူ အပျော်တမ်းအရက်သမား နှစ်ဦးက မောင်နေဝင်းနှင့် မိမိပါ။ ယခု မောင်နေဝင်းက သေမှာကြောက်၍ အပျော်တမ်း ဘဝကိုပင် စွန့်လွှတ်လိုက်ပါပြီ။)

ရာပြည့်စာအုပ်တိုက်

ယင်းသို့ဖြင့် စာပေတာဝန်ကို မိမိတို့ တတ်စွမ်းသမျှ ထမ်းဆောင်ရန် စာပေညီအစ်မများနှင့် စာပေခရီးသွားရသည်မှာ ပျော်မွေ့ဖွယ်ရာ ကောင်းလှပါသည်။ မောင်ရင်းနှမပမာ ခင်မင်ရင်းနှီး ကြရပါသည်။ သည်အထဲတွင် မိုးမိုး (အင်းလျား) လည်း ပါဝင်ပါသည်။

*

မိုးမိုးနှင့်မိမိ ပထမဆုံး ခရီးအတူ သွားဖူးသည်မှာ ၁၉၇၈ ခုနှစ်က ဖြစ်သည်။ မိမိတို့အဖွဲ့တွင် မင်းကျော်၊ မောင်နေဝင်း၊ မြေဇာနှင့် မိုးမိုး၏ခင်ပွန်း ကိုမျိုးညွန့်တို့ ပါဝင်သည်။ ယင်းခရီးက တစ်ကွေ့တစ်ပတ်ကြီး ဖြစ်သည်။

ပထမဆုံး မဲဇလီကုန်းသို့ သွားသည်။ ယင်းပွဲကို မြင့်စိုးလှိုင်က စီစဉ်ခြင်းဖြစ်သည်။ ရန်ကုန်မှ မဲဇလီကုန်းသို့ အသွားတွင် မြင့်စိုးလှိုင်တို့ ဇနီးမောင်နှံလည်း ပါရှိရာ တစ်စုတဝေး တပျော်တပါးကြီးပင် ဖြစ်သည်။ ရန်ကုန်မှ မဲဇလီကုန်းကို ရထားနှစ်ဆင့် စီးရသည်။ မဲဇလီကုန်းမှအပြန် လော်ကယ်ရထားတွင် နေရာမရရှိသဖြင့် အပေါက်ဝ ကြမ်းပြင်ပေါ်မှာ ထိုင်ကြရသည်။ တံခါးမရှိသော လော်ကယ်ရထား အလယ်ပေါက်ကြီးတွင် ခြေတွဲလောင်းချပြီး ထိုင်နေသော မိုးမိုးကို ရုတ်တရက်ကြည့်လိုက်လျှင် ဒေသခံ ကုန်စိမ်းသည် တစ်ယောက်လားဟု ထင်ရသည်။ မိမိတို့တစ်သိုက်ကတော့ ၁၂ ပွဲလိုက်သည့် ဖဲသုံးချပ်သမားများလိုလို၊ ရထားပေါက်ဝမှာ တိုးလို့တွဲလောင်း။ အားလုံး ပျော်ပျော်ရွှင်ရွှင်ပင်။

ဟသ်ာတတွင် ဇလွန်စာဆိုတော်အဖွဲ့က စောင့်ကြိုနေကြသည်။ ဟသ်ာတသောင်ကြီးကို နေပူထဲတွင် ဖြတ်ကြရသည်။ သဲကပူပူ၊ နေကပူပူ၊ လေကပူပူ၊ ရေကပူပူ။

ဟသ်ာတမှ ဇလွန်သို့ ကားဖြင့် သွားကြသည်။ တာရိုးပေါ်မှာ ဖောက်ထားသော မြေလမ်းဖြစ်သဖြင့် မည်သည့်အမျိုးအစားမှန်း မသိတော့သော ကားကြီးသည် အရူးတစ်ယောက်လို ယိမ်းထိုးပြီး သွားနေသည်။ မြေနီမှုန့်များက မိမိတို့ကို မိတ်ကပ်ခြယ်ပေးကြသည်။ မိုးမိုးက အမိုးသံကိုင်းကို တအားဆုပ်ထားသည်။ သို့မဟုတ်လျှင် လွင့်ကျပြီး ကျန်ရစ်ခဲ့နိုင်သည်။

ဇလွန်ကနေ အဖျောက်ကို မော်တော်ကလေးဖြင့် သွားရသည်။ အဖျောက်ကနေ မအူပင်သို့လည်း မော်တော်ကလေးနှင့်ပင်။ ပေါင်းမိုးမော်တော်ကလေး။

အဖျောက်ကနေ မအူပင်ကို တစ်နေကုန် သွားရသည်။ ပျင်းနေအောင် စီးရသည်။ မော်တော်ပေါင်းမိုးကလေးအောက်တွင် မှေးငိုက်နေကြသည်။ နေရောင်က ရေပြင်မှ တစ်ဆင့် မိမိတို့ကို ရောင်ပြန်ဟပ်နေသည်။

ပျင်းစရာကောင်းလိုက်တာ၊ ဖဲထုပ်ပါလာရင် ကောင်းမှာပဲ။

အောင်မယ် ....တစ်ယောက်မှာ ဖဲထုပ်ပါလာသည်။

ကဲ .... ဒါဖြင့် ကစားကြရအောင်။

ကန့်ကွက်သူ မရှိပါ။

မိုးမိုးကော ပါဦးမလား။

ဟုတ်ကဲ့ရှင့်။

ဘာကစားကြမလဲ။

တစ်ချပ်မှောက်ပဲ ကောင်းပါတယ်။

ပထမတော့ မိမိတို့က မိုးမိုးကို ညာကစားကြသည်။ မိမိတို့ကိုယ် မိမိတို့ တစ်ချပ်မှောက် ပါရဂူကြီးတွေဟု ထင်ထားကြသည်။

နောက်တော့ ဘယ်ဟုတ်မလဲ၊ ပိုက်ဆံတွေအားလုံး မိုးမိုးလက်ထဲ ရောက်သွားသည်။ အပျော်တမ်းမို့ တော်တော့သည်။ ကြေးကြီးကြီးများ ကစားမိလျှင် မိမိတို့ ပုဆိုးတွေ၊ တိုက်ပုံတွေ ပေါင်ရသဖြင့် ဟောပြောပွဲစင်ပေါ်ကိုတောင် ဝတ်စုံ ငှားတက်ကြရမည်။

'မိုးမိုးက ကစားတတ်သားပဲ'

'ဆရာတို့ပဲ ပြောတယ်။ စာရေးဆရာဆိုတာ စုံအောင် လေ့လာထားရတယ်ဆို'

သူက ပြုံးနေသည်။ မိုးမိုး၏ အပြုံး။

နောက်တစ်ပွဲက သနပ်ပင်၊ ၁၉၇၉ နိုဝင်ဘာ။

သနပ်ပင်ပွဲကို မိုးမိုး၏အစ်ကို ဦးမြင့်သိန်းက စီစဉ်ခြင်း ဖြစ်သည်။ သည်ပွဲမှာလည်း မိမိ၊ မိုးမိုး၊ မြေဇာ၊ မင်းကျော်၊ မောင်နေဝင်း။ ဒီ ငါးယောက်ပင်။ ကိုမျိုးညွန့်လည်း ပါသည်။ အမှန်တော့ သူလည်း ဟောဖို့ကောင်းသည်။ သူလည်း စာရေးဆရာပင်။

ဦးမြင့်သိန်းက မိမိတို့အတွက် ဒေသအစားအစာများ အထူးစီစဉ်ပေးသည်။ ဖားရယ်၊ ကြွက်ရယ် ....။

မိမိတို့မှာ မနှိုက်ရဲ နှိုက်ရဲ၊ မစားရဲ စားရဲ။

မိုးမိုးကို ကြည့်လိုက်တော့ တကျွတ်ကျွတ်နှင့်။

'မိုးမိုးက တယ်ဟုတ်ပါလား'

'ဆရာတို့ပဲ ပြောတယ်၊ စုံရမယ်ဆို'

ဟုတ်ပါ့။

နောက်တစ်ပွဲက ပုသိမ်၊ သာပေါင်း၊ ၁၉၇၉ ဒီဇင်ဘာ။

သည်ခရီးမှာတော့ မိမိ၊ မိုးမိုး၊ မင်းကျော်၊ မောင်နေဝင်း၊ လေးယောက်တည်း။ မြေဇာ မပါတော့။ ကိုမျိုးညွန့်လည်း မလိုက်။ မိုးမိုး၏ သူငယ်ချင်းတစ်ယောက် အဖော်လိုက်လာသည်။

ပုသိမ်ဗိုလ်တဲမှာ တည်းရသည်။ မိမိ၊ မင်းကျော်၊ မောင်နေဝင်းက တစ်ခန်း၊ မိုးမိုးနှင့် သူ့သူငယ်ချင်းက တစ်ခန်း။

ထိုညက မိမိတို့ ကောင်းကောင်း မအိပ်ရ။ တစ်ဖက်ခန်းက မိန်းကလေး နှစ်ယောက် တစ်ညလုံး စကားတွတ်ထိုးနေကြသောကြောင့် ....။

မနက်ကျတော့–

'ဘယ်လို ဖြစ်ကြတာလဲ၊ တစ်ညလုံး မအိပ်ဘဲ ဘာတွေများ ဒါလောက် ပြောနေကြတာလဲ'

'ဆရာတို့ မသိဘူးလား၊ ဒီဗိုလ်တဲက တစ္ဆေခြောက်တယ်ဆိုလို့ တစ်ညလုံး ထိုင်ပြီး စကားပြောနေကြတာ'

'ကြောက်လို့လား'

'မကြောက်ပါဘူး၊ တစ္ဆေလာလို့ရှိရင် တွေ့ရအောင်ပါ'

ကောင်းပါပေ့။ တစ္ဆေနဲ့ "ဗျူး" မလို့နဲ့ တူတယ်။

သာပေါင်း ဗိုလ်တဲမှာလည်း တစ်ညလုံး စကားပြောနေကြသည်။

တော်တော်ပြောနိုင်သည့် နှစ်ယောက်ပဲ။

သို့သော် ....

မိုးမိုးသည် ဟောပြောပွဲတွင်တော့ စကားသိပ်မပြောပါ။ နာရီဝက်လောက်သာ ပြောသည်။

အမှန်တော့ သူသည် ဟောပြောသည့်အလုပ်ကို အားသန်လှပုံ မရပါ။ စာရေးကောင်းသော်လည်း စကားပြော မကောင်းလှပါ။ အသံတိုးသည်။ အမူအရာ လှုပ်ရှားမှု မရှိ။ ပြုံးရုံကလေးမျှသာ။

မိမိတို့က ဟောပြောပွဲ အတွေ့အကြုံ၊ နယ်ပရိသတ် အတွေ့အကြုံရှိအောင် တိုက်တွန်းခေါ်ဆောင်လွန်းလှသဖြင့်သာ လိုက်ပါလာခြင်း ဖြစ်ဟန်ရှိသည်။ သူသည် ၇၉ ခုနှစ် တစ်ရာသီပဲ ဟုတ်တိပတ်တိ လိုက်ဖူးသည်။ ထို့အပြင် မိမိတို့ သုံးယောက်လောက်နှင့်သာ လိုက်ဖြစ်သည်။

ပုသိမ်၊ သာပေါင်းမှ အပြန်တွင် ဖေယျာဝတီသို့ သွားကြသည်။ မိမိ၊ မိုးမိုး၊ မောင်နေဝင်း၊ မောင်စွမ်းရည် ဖြစ်သည်။ ကိုမျိုးညွန့်လည်း လိုက်ပါလာသည်။ ဖေယျာဝတီ စက်ရုံက အရက်ထွက်သည်ဆို၍ လေ့လာရအောင် လိုက်ပါလာခြင်းလည်း ဖြစ်နိုင်သည်။ မိမိတို့ ရောက်သွားချိန်တွင် စက်ရုံပိတ်ထားသည်။ သို့သော် မိမိတို့ လာမည်ဆိုသဖြင့် စက်ရုံမပိတ်ခင် မိမိတို့ မြည်းစမ်းကြည့်ရန် အရက်တစ်စည် (တစ်ပေပါ) ချက်ထားသည်ဟု ဆိုသည်။ ကဲ ....ဘယ့်နှယ်ရှိစ၊ ဘာအခုမှ ကြောက်ပါပြီလဲ။

ဇေယျာဝတီမှ အပြန်တွင် ရန်ကုန်မှာ တစ်ပွဲဟောကြသည်။ လမ်းမတော်မှာ ဖြစ်သည်။ ထုံးစံအတိုင်းပင် မိမိ၊ မင်းကျော်၊ မောင်နေဝင်း၊ မြေဇာ၊ မိုးမိုး။

ထိုပွဲမှာ အဆိုအတီးတွေလည်း ပါသည်။ ဆရာကြီး စောင်းဦးဘာသန်းရယ်၊ ထား ရယ်၊ အေးဝမ်း တင်တင်လှက အခမ်းအနားမှူး။

ဟောပြောပွဲ ပြီးသောအခါ ကော်မတီက မိမိတို့ကို လေယာဉ်ပျံစာအိတ်ကလေးတွေ တစ်အိတ်စီ ပေးသည်။ ဖွင့်ကြည့်လိုက်တော့ ငွေ နှစ်ရာစီ။

ဟာ ....ဘယ်လိုဖြစ်တာလဲ။

မိမိတို့ကို လက်ဆောင်ပစ္စည်း ပေးကြတာတွေ ရှိသည်။ သို့သော် ယခုလို တစ်ခါမျှ ပိုက်ဆံ မပေးဖူးပါဘူး။

'ဒီလိုပါ ဆရာ၊ ကျွန်တော်တို့က အဆိုတော်တွေကို တစ်ပုဒ် နှစ်ရာ ပေးရတယ်။ ဒါကြောင့် ဆရာ၊ ဆရာမတို့ကိုလည်း နှစ်ရာစီ ပေးတာပါ'

သေဟဲ့ နန္ဒိယ။

'ဆရာရယ် ပိုက်ဆံတော့ ယူလို့မကောင်းဘူး ထင်ပါတယ်။ ကျွန်မတို့က ခြေကောက်လိုက်ဟောတာမျိုး ဖြစ်နေပြီ'

မိုးမိုး စိတ်ရှုပ်ထွေးဟန်ဖြင့် ပြောသည်။

သည့်နောက် မိုးမိုး ဟောပြောပွဲ မလိုက်တော့ပါ။

(တစ်ခါပဲ နယ်စပ်ဒေသ တစ်နေရာသို့ လိုက်သွားသည်ဟု ကြားရသည်။)

နောက်ပိုင်းတွင် မိုးမိုးနှင့် မိမိ အတွေ့ကျဲသွားသည်။ **မိုးဝေ** မဂ္ဂဇင်းကို ဒုတိယအကြိမ် ပြန်လုပ်ရာတွင် အရှေ့ပိုင်း ချင်းတွင်းတိုက်နှင့် ကျောက်မြောင်း **ရွှေပြည်စိုးတိုက်**များသို့ ရောက်ရှိသွားရာ အရင်ကလောက် ၃၃ လမ်းသို့ မရောက်တော့။ သို့သော် **မိုးဝေ** အတွက် စာမူတောင်းလျှင် မိုးမိုး ရေးပေးပါသည်။ "မညိုပြာ ကောလိယခြောင်း နံဘေးမှာ နေသည်" မှာ **မိုးဝေ** မဂ္ဂဇင်း ဝတ္ထုရှည် ဖြစ်သည်။

*

မိုးဝေကို ဒုတိယအကြိမ် လက်လွှတ်ပြန်သောအခါ မိမိက ၃၇ လမ်းသို့ ပြန်ရောက်လာသည်။ သို့သော် မိုးမိုးက ကျောက်မြောင်းသို့ ပြောင်းသွားသည်။

ကျောက်မြောင်းအိမ်သို့ မိမိ တစ်ခေါက်ပဲ ရောက်ဖူးသည်။ မိမိတို့ ညနေဘက်ဝိုင်းထိုင်ရန် ပိုက်ဆံ မရှိသဖြင့် ကိုမျိုးညွန့်က ကျောက်မြောင်းအိမ်ဝင်ပြီး ပိုက်ဆံယူခြင်း ဖြစ်သည်။ မိုးမိုးက ထုံးစံအတိုင်း မိမိတို့ကို လှဲလှဲကလေးပြုံးကာ ပိုက်ဆံအိတ်ကို ဖွင့်ပြီး ရှိသမျှ ပိုက်ဆံအကုန် ပေးလိုက်သည်။ တစ်ရာကျော် နှစ်ရာလားပဲ။

မိုးမိုးနှင့် မိမိ နောက်ဆုံးတွေ့သည်မှာ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က ဖြစ်သည်။ စာပေနှင့် စာရေးဆရာများအကျိုး သယ်ပိုးရန် ဆွေးနွေးညှိနှိုင်း

ကြစဉ်က ဖြစ်သည်။ မိုးမိုး တက်ကြွလျက် ရှိသည်။ သူက စာပေနှင့် စာရေးဆရာများ အကျိုးအတွက် ကျရာတာဝန် ထမ်းဆောင်ရန် စိတ်အားထက်သန်လျက် ရှိသည်။ မိမိတို့နှင့်အတူ လက်တွဲဆောင်ရွက်ရန် ကတိပြုသည်။ ယင်းကြောင့်လည်း သူ ကွယ်လွန်သောအခါ တာဝန်ဝတ္တရားများ နှောင်ဖွဲ့နေခြင်း မရှိဘဲ၊ သွားလိုရာသို့ လွတ်လပ်စွာ သွားရောက်နိုင်ရန် မိမိတို့က ကြေကွဲဝမ်းနည်းစွာဖြင့် အမိန့်ပြန်တမ်း ပြန်ကြားခဲ့ရခြင်း ဖြစ်သည်။

သွားလိုရာသို့ လွတ်လပ်စွာ သွားပါတော့ မိုးမိုး။

မိမိတို့ကတော့ ရည်မှန်းထားသော စာပေ ခရီးလမ်းကို ဆက်လက် ချီတက်ကြရပါဦးမည်။

တစ်နေ့တွင် မိမိတို့ မျှော်လင့်ထားသော စာပေပန်းတိုင်သို့ ရောက်ရှိမည်မှာ မြေကြီးလက်ခတ် မလွဲပါ မိုးမိုး။

မိုးမိုးကို မိမိတို့ မှတ်တမ်းတင်ထားပါသည်။

**[ ချယ်ရီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ၁၉၉၀ ]**

# မိမိ နှင့် လင်းယုန်မောင်မောင်

**တောအကြောင်း တောင်အကြောင်း** ရေးရာတွင် မိမိနှင့် **စာရေးဆရာများ** အကြောင်းလည်း အတော်ကလေး ရေးဖြစ်သည်။ အရေအတွက်အားဖြင့် လေးဆယ်ကျော်သွားပြီ ဖြစ်သည်။ နောက်ထပ် ရေးရမည့်သူတွေလည်း အများကြီး ရှိသည်။ မိမိကြည်ညိုလေးစားသော ဆရာကြီးများနှင့် မိမိ ခင်မင်ရင်းနှီးသော ခေတ်ပြိုင်များ၊ အတော်ကလေးပင် ကျန်ရှိနေသေးသည်။

မိမိနှင့် စာရေးဆရာများကို ရေးသားရာတွင် စာရေးဆရာများ၏ အတ္ထုပ္ပတ္တိကို မှတ်တမ်းသဘောအရ ရေးသားခြင်း မဟုတ်ဘဲ၊ စာရေးဆရာတစ်ယောက်ကို အကြောင်းပြုပြီး မိမိပြောလိုသည့် အကြောင်းတစ်ခု ရင်ဝယ်ရိုက်ခတ်လာသော အခါတွင်မှသာ ရေးဖြစ်ခြင်း ဖြစ်သည်။

အချို့စာရေးဆရာများအကြောင်း ရေးရန် စဉ်းစားရာ ရင်ဝယ်ရိုက်ခတ်မှု မရှိသဖြင့် မရေးဖြစ်ပါ။ ၎င်းတို့နှင့် ပတ်သက်ပြီး လှုံ့ဆော်မှုတစ်ခုခု ရှိလာသော အခါတွင်မှသာ ရေးရပါသည်။

လင်းယုန်မောင်မောင် ( ၁၉၂၅- )



မနေ့က ချယ်ရီသို့ ရောက်ရှိသွားရာ မောင်သွေးသစ်က **တောအကြောင်း တောင်အကြောင်း** တောင်းသည်။ စာမူ ပေးရမည့်အချိန် ရောက်နေမှန်း မိမိလည်း သိသည်။ ဘာရေးရမှန်း မသိသေးသဖြင့် မရေးဖြစ်သေးဘဲ ဖြစ်နေသည်။

မနေ့တစ်နေ့ကမှ မိမိ မိုးကောင်းမှ ပြန်လာသည်။ မန္တလေးကို အသွားအပြန် ဖြတ်ရသည်။ မန္တလေးသည် မိမိအဖို့ လူတစိမ်းတစ်ယောက်လို ဖြစ်နေသည်။ မိုးကောင်းကလည်း မထင်မှတ်လောက်အောင်ပင် ပြောင်းလဲနေသည်။ သည်ခရီးအကြောင်း ရေးမလားဟု စဉ်းစားသည်။ သို့သော် မရေးရန် ဆုံးဖြတ်လိုက်သည်။ ရင်ဝယ်ရိုက်ခတ်မှု ပြင်းထန်လွန်းနေလျှင်လည်း ရေး၍ မရပါ။ စာရွက်ပေါ်တွင် စကားလုံးတွေ ခုန်ပေါက်နေတတ်ပါသည်။

သို့ဖြင့် သည်တစ်လတော့ **မိမိနှင့် စာရေးဆရာများ** ရေးရန် ဆုံးဖြတ်လိုက်ပြီး မည်သူ့အကြောင်း ရေးရလျှင် ကောင်းမည်နည်းဟု တို့မှတ်ထားသော စာရွက်များကို ကြည့်မိသည်။ ရေးပြီး စာရေးဆရာများ၊ ရေးရန် စိတ်ကူးထားသူများ၊ ကွယ်လွန်ပြီး စာရေးဆရာများ စသည် .... ။

စာရေးဆရာ အမည်များကို လျှောက်ဖတ်နေရင်း မည်သည့်အမည်တွင် စိတ်လှုပ်ခတ်မှု ဖြစ်လာမည်နည်း ဟု။

ကွယ်လွန်သူများ စာရင်းကို ဖတ်သွားရာတွင် တင့်တယ်၊ မင်းရှင်၊ အောင်လင်း၊ ရွှေဓား၊ သခင်မြသန်း၊ လင်းယုန်ဘဝင်း၊ လင်းယုန်မောင်မောင်။

ဟိုက် ဘယ်လိုဖြစ်တာလဲ၊ လင်းယုန်မောင်မောင် မသေသေးပါဘူး။ မနေ့ကပဲ **ချယ်ရီ** မှာ တွေ့ခဲ့သေးတယ်။

စာရင်းကို ပြန်ဖတ်တော့မှ ရှင်းသွားသည်။ လင်းယုန်ဘဝင်း၊ လင်းယုန် မောင်မောင်၊ လင်းယုန်တင့်ဆွေ၊ လင်းယုန်ချန်ထွန်း .... ။

ကွယ်လွန်ပြီးသူများစာရင်းကို ရေးမှတ်ရာတွင်လည်း လင်းယုန်ဘဝင်းကို ရေးသားပြီးနောက် လင်းယုန်ဘွဲ့ခံ စာရေးဆရာများ စာရင်းကို ဆက်လက် တို့မှတ်ထားခြင်း ဖြစ်သည်။

အင်း တော်ပါသေးရဲ့၊ မသေကောင်း မပျောက်ကောင်းပါလား ကိုမောင်မောင်ရယ်။

ဟုတ်ပြီ။

မိမိ ရင်ထဲတွင် ရိုက်ခတ်မှုတစ်ခု ဖြစ်ပေါ်သွားသည်။ သည်တစ်ပတ် ကိုမောင်မောင် အကြောင်း ရေးရမည်။ မနေ့ကပဲ သူနှင့် တွေ့ခဲ့သေးသည်။ စကားတွေ အများကြီး ပြောခဲ့ရသေးသည်။ သူက မိမိ ပြန်ကာနီးတွင် ရုတ်တရက် ဆိုသလို–

'ကိုနတ် ခဏနေဦး၊ ခင်ဗျား **နွယ်နီ** ပြန်ထုတ်မယ်ဆိုလို့ ကျွန်တော် ဓာတ်ပုံ တစ်ပုံ ရှာထားတယ်'

သူက လွယ်အိတ်ထဲမှ ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။ ဓာတ်ပုံမှာ ရှားပါးဓာတ်ပုံ ဖြစ်သည်။ အနည်းငယ် မှုန်ဝါးနေသဖြင့် မိမိ မျက်မှန်ထုတ်ပြီး ကြည့်ရသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် တပည့်တပန်း တချို့၊ အားလုံးပင် မိမိ သိရှိသူများ ဖြစ်သည်။ ဒဂုန်တာရာ၊ ဗန်းမော်တင်အောင်၊ လင်းယုန်မောင်မောင်။ အချို့က စာရေးဆရာများ၊ အချို့က နိုင်ငံရေးသမားများ။

လင်းယုန်မောင်မောင်ကို မိမိ ဘယ်အနေနှင့် သိခဲ့သနည်း။ နိုင်ငံရေးသမား တစ်ယောက် အနေနှင့်လား၊ စာရေးဆရာတစ်ယောက် အနေနှင့်လား။

*

မိမိနှင့် လင်းယုန်မောင်မောင် သိကျွမ်းခင်မင်ခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်ကျော် ချေပြီ။ ၁၉၅၇–၅၈ တွင် စတင် သိကျွမ်းခဲ့သည်ဟု ဆိုရမည်။ "ဒုတိယ လင်းယုန်ခေတ်" တွင် ဖြစ်သည်။

ပထမ လင်းယုန်ခေတ် (၁၉၅၀–၅၂) ကို မိမိ မမီပါ။ ထိုစဉ်က မိမိ မန္တလေးမှာပဲ ရှိသေးသည်။ မိမိ ရန်ကုန်ရောက်သောအခါ (၁၉၅၃) ကိုတင်အောင် မရှိပါ။ "နရသိန်" မှာ ရောက်နေသည်။ "နရသိန်" မှ ပြန်လာသောအခါတွင်မှ ကိုတင်အောင်နှင့်မိမိ သိရသည်။

ကိုတင်အောင်က ပြန်လည်ရောက်လာသည်နှင့် တစ်ပြိုင်နက် ဒုတိယ လင်းယုန် ခေတ်ကို ထူထောင်သည်။ မိမိတို့ကို ဝိုင်းဝန်းရေးသားရန်နှင့် ဝိုင်းဝန်း လုပ်ဆောင်ကြရန် ကိုတင်အောင်က ပြောသည်။ သို့ဖြင့် ၁၉၅၇ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေး နေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော လင်းယုန် ဂျာနယ် အမှတ် ၁ တွင် မိမိ ဝတ္ထု တစ်ပုဒ် ရေးခဲ့သည်။ "တရေးတမော အိပ်နားသောအခါ"။ ၁၉၅၈ ခုနှစ် မတ်လ ၁ ရက် နေ့တွင် ထုတ်ဝေရေးသားသော တော်လှန်ရေးနေ့ အထူးထုတ် လင်းယုန် တွင်တော့ ဆောင်းပါး။ "လက်ပံရဲရဲ သွေးရဲရဲ"။

အဆိုပါ "ဒုတိယ လင်းယုန်ခေတ်" (၁၉၅၇–၅၈) အတွင်းမှာပင် လင်းယုန် မောင်မောင်ကို မိမိ သိကျွမ်းခဲ့ခြင်း ဖြစ်သည်။

အကြောင်းမှာ သူသည် ထိုခေတ်တွင်မှ မိမိတို့ အသိုင်းအဝိုင်း သို့မဟုတ် စာပေ အသိုင်းအဝိုင်းထဲသို့ ရောက်ရှိလာသောကြောင့် ဖြစ်သည်။

မိမိကို ကိုမောင်မောင်နှင့် မိတ်ဆက်ပေးခဲ့သူမှာ ဗန်းမော်တင်အောင်ဟုပင် ထင်သည်။ သို့သော် သေသေချာချာတော့ မမှတ်မိတော့ပါ။ ထိုစဉ်က မိမိတို့ ကွန်းခိုရာ နေရာကလေးနှစ်ခု ဖြစ်သော လင်းယုန် ဂျာနယ်တိုက်နှင့် ပြည်တော်သစ် ဂျာနယ်တိုက် တစ်တိုက်တိုက်တွင် ရဲဘော်တစ်ယောက်ယောက်က မိတ်ဆက်ပေးခဲ့ခြင်းပင် ဖြစ်သည်။

တိတိကျကျ ပြောရလျှင် ထိုစဉ်က သူသည် စာရေးဆရာတစ်ယောက် မဟုတ် ၊

သေးပါ။ လင်းယုန်တွင် ဝိုင်းဝန်းနေသူ တစ်ဦးသာ ဖြစ်ပါသည်။ သတင်းစာဆရာ တစ်ယောက်ဟု ပြောလျှင် ရနိုင်ပါသည်။ သို့သော် သူလာသည့် အရပ်မှာ နိုင်ငံရေး နယ်ပယ် ဖြစ်ပါသည်။ သို့ဖြင့် သူ့ကို စာပေနှင့် သတင်းစာနယ်တွင် လှုပ်ရှားနေသော နိုင်ငံရေးသမား တစ်ယောက်ဟုသာ မိမိ သဘောထားခဲ့ပါသည်။

သူသည် တို့ဗမာ အစည်းအရုံးခေတ်ကို မီခဲ့သဖြင့် တို့ဗမာအစည်းအရုံး အဖွဲ့ဝင် တစ်ယောက်လည်း ဖြစ်ခဲ့သည်။ ဂျပန်တော်လှန်ရေးကို မီခဲ့သည်။ ဖဆပလ ခေတ်ကို မီခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ဆိုရှယ်လစ်ပါတီ လှုပ်ရှားမှုများကို သိမီ ခဲ့သည်။

၁၉၄၈–၄၉ တွင် ပုဒ်မ ၅ ဖြင့် အဖမ်းခံရပြီး မန္တလေးထောင်တွင် တည်းခိုခဲ့ရ သည်။ ထို့နောက် တောထဲသို့ ရောက်ရှိသွားဟန် ရှိသည်။ ၁၉၅၅ ခုနှစ်တွင် အဖမ်းခံရ ပြန်ပြီး ဘားလမ်းအချုပ်ထောင်နှင့် အင်းစိန်ထောင်တို့တွင် တည်းခိုခဲ့ရပြန်သည်။ ထို့နောက် သူသည် ဗန်းမော်တင်အောင်နှင့် သိကျွမ်းခဲ့ရသည်။ ထောင်ထဲတွင် အလည် ရောက်နေသော လူထုဦးလှ၊ ရွှေဓား၊ မောင်နေဝင်း စသည့် စာရေးဆရာများနှင့် သိကျွမ်းခဲ့သည်။

သို့ဖြင့် အင်းစိန်မှ ပြန်လာသောအခါ **လင်းယုန်** ဂျာနယ်နှင့် မိမိတို့၏ အသိုင်း အဝိုင်းထဲသို့ သူ ရောက်ရှိလာခြင်း ဖြစ်သည်။

ထိုစဉ်က သူ့ကို နိုင်ငံရေးသမားလား၊ သတင်းစာဆရာ အယ်ဒီတာလားဟု မိမိ မကွဲပြားမိသလို သူ့ကိုယ်သူလည်း ကွဲပြားဟန် မရှိပါ။

သို့ဖြင့် "တစ်ယောက်မှာ ထိုစဉ်က အယ်ဒီတာ ယောင်ယောင်၊ စာရေးဆရာ ယောင်ယောင်၊ သတင်းထောက် ယောင်ယောင် ကျွန်တော်" ဟု စာရေးဆရာ စာပေ ကလပ်က ကြီးမှူးသော ပဲခူး လေ့လာရေးခရီးအကြောင်းကို မောင်သိန်းဆိုင်၏ **ကာလီမ မာနနှင့် လက်ရွေးစင် အခြားဝတ္ထုတိုများ** စာအုပ် အမှာရေးရာတွင် သူ ထည့်သွင်း ရေးသားခဲ့သည်။

သို့သော် နောက်ပိုင်းတွင်ကား သူသည် "စာရေးဆရာ" တစ်ဦးအဖြစ် ပီပြင် ထင်ရှားလာတော့သည်။

သူ၏ နိုင်ငံရေးဘဝသည် ၁၉၅၇–၅၈ ၏ ရှေ့ပိုင်းတွင်သာ ဖြစ်ပြီး နောက်ပိုင်း တွင်ကား စာရေးဆရာဘဝပင် ဖြစ်တော့သည်။ သူ၏ဘဝကို စာပေလောကတွင်သာ မြှုပ်နှံထားပြီး၊ သူ၏ လှုပ်ရှား လုပ်ဆောင်မှုများမှာလည်း စာပေရေးရာများသာ ဖြစ်တော့ သည်။

ပထမတွင် သူသည် နိုင်ငံရေးနယ်က လာသူတစ်ဦး ဖြစ်သည့်အလျောက် သတင်းစာဆရာအဖြစ်ကို အားသန်ဟန် ရှိသည်။ **လင်းယုန်ဂျာနယ်**၊ နောက်ပိုင်းတွင်

လမ်းစဉ်သတင်းစာ၊ ဗိုလ်တထောင် သတင်းစာ၊ **မော်ကွန်း** သတင်းမဂ္ဂဇင်းတို့တွင် ကျင်လည် ကျက်စားခဲ့သေးသည်။

၁၉၆၅ ခုနှစ်တွင် သူ၏ ပထမဆုံး လုံးချင်းစာအုပ် ဖြစ်သော **အိုက်ခမန်း၏ ရဲခန်း** စာအုပ် ထွက်သောအခါတွင်မှ သူ့ကိုယ်သူ စာရေးဆရာဟု ခံယူပြီး စာပေလောက အတွင်းသို့ စိုက်လိုက်မတ်တတ် ဝင်ရောက်လာတော့သည်။

အိုက်ခမန်းအကြောင်း ရေးထားသော စာအုပ်တစ်အုပ်ကို မိတ်ဆွေတစ်ဦးထံမှ လက်ဆောင်ရရှိသည့် အကြောင်းကို ရေးသားရာတွင်–

> "ထိုစာအုပ်သည် ကျွန်တော်၏ ဘဝခရီးလမ်းကြောင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေမည့် စာအုပ်ဟူ၍ လည်းကောင်း၊ ကျွန်တော့်အား စာရေးဆရာ တစ်ယောက်အဖြစ်သို့ ပို့ဆောင်ပေးမည့် စာအုပ်ဟူ၍ လည်းကောင်း ထိုစဉ်က လုံးဝ မရိပ်မိခဲ့၊ မသိရှိခဲ့။ နောက် တစ်နှစ်၊ နှစ်နှစ်နီးပါးခန့် ကြာတော့မှ မမျှော်လင့်ဘဲ ထိုသို့ ဖြစ်ခဲ့သည်။"
>
> [ စာပေလောကစာစောင်၊ ၁၉၇၂ ]

သူသည် **အိုက်ခမန်း၊ ဟစ်တလာ၊ ကပ်စထရို၊ ချေဂွေဗားရား၊ ဟိုချီမင်း** စသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများကို ရေးသားရင်း အတ္ထုပ္ပတ္တိ စာရေးဆရာတစ်ဦးအဖြစ် ထင်ရှားလာတော့သည်။

**ဟစ်တလာ**နှင့် ပတ်သက်သော စာအုပ်များကို အရေးများသဖြင့် ခင်မင်သူများက သူ့ကို "ဟစ်တလာ မောင်မောင်" ဟုပင် ကျီစယ်ခေါ်ဝေါ်ခဲ့ကြသည်။ သူကလည်း လူချင်းတွေ့လျှင် လက်ကို ရှေ့သို့ ဆန့်တန်းပြီး အလေးပြုတတ်သည်။

မည်သို့ဖြစ်စေ သူသည် ယခုအခါ၌ကား ထင်ရှားကျော်ကြားသော စာရေးဆရာကြီးတစ်ဦး ဖြစ်တော့သည်။

တလောက စာပေမိတ်ဆွေတစ်ဦးသည် "အမျိုးမှန် အဖိုးတန်" ပုလင်းများ စုမိဆောင်းမိ ရှိနေသဖြင့် "ဝိုင်းကလေး"တစ်ခု ပြုလုပ်သည်။ သူ ခေါ်နေကျ စာရေးဆရာများအပြင် လင်းယုန်မောင်မောင်ကိုပါ ခေါ်၍ဖြစ်မည်လားဟု မိမိကို မေးသည်။

'ဆရာနတ်၊ ကျွန်တော် ဆရာ လင်းယုန်မောင်မောင်ကိုလည်း ခေါ်ချင်တယ်၊ ဖြစ်မလား။ ဆရာပါကို မေးတော့ ဆရာနတ်ကိုမေးလို့ ပြောတယ်၊ တခြားသူတွေကတော့ ဘာမှ မဖြစ်ဘူးတဲ့'

'ဟာ ခေါ်ပါ၊ ကျွန်တော်လည်း ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်စရာမှလဲ အကြောင်းမရှိပါဘူး။ အဲဒီလူတွေထဲမှာ ကျွန်တော်ဟာ ကိုမောင်မောင်နဲ့ အရင်းဆုံး မဟုတ်တောင် အစောဆုံးသိတဲ့ လူတစ်ယောက်တော့ ဖြစ်နိုင်ပါတယ်။ ကျွန်တော်နဲ့ ကိုမောင်မောင် ပေါင်းလာတာ အနှစ်သုံးဆယ် ကျော်ပါပြီ'

အခြား နှစ်ဦး၊ သုံးဦးကလည်း မိမိကို အလားတူ မေးခွန်းမျိုး မေးဖူးသည်။ဆရာမောင်မောင်နဲ့ အတူသွားလို့ ဖြစ်မလား၊ အတူသောက်လို့ ဖြစ်မလား။

အင်မတန်ဖြစ်ကြောင်းပါ ခင်ဗျား။ မိမိတို့နှစ်ယောက် လူချင်း ဘာမှမဖြစ်ဖူးပါ။ လူချင်း ရင်းနှီးရုံမက မိသားစုများနှင့်လည်း ရင်းနှီးကြသည်။ တစ်ယောက်အိမ်လည်း တစ်ယောက် အချိန်မရွေး ဝင်ထွက်ကြပါသည်။ "အရှိန်" လွန်သွားသည် အထိလည်း သောက်ဖူးကြသည်။ တစ်ညလုံး မိုးအလင်းလည်း "အရုပ်" ကြည့်ဖူးကြသည်။

တစ်ခုတော့ ရှိသည်။ မိမိကို ဝေဖန်သော ဆောင်းပါးတချို့ကိုတော့ သူ ရေးခဲ့ဖူးသည်။ သူ အယ်ဒီတာလုပ်သော ဂျာနယ်များနှင့် စာအုပ်များတွင် ထည့်သွင်းခဲ့ဖူးသည်။ သို့သော် ယင်းအချက်မှာ မဆန်းပါ။ မိမိကိုဝေဖန်သော သူ၏ ဆောင်းပါးတစ်ပုဒ်ကို မိမိ၏ **နွယ်နီ** မဂ္ဂဇင်းမှာပင် ဖော်ပြခဲ့ဖူးသည်။ မိမိကလည်း သူ့ကို မထိတထိ ကလိဖူးပါသည်။ သို့သော် မိမိတို့နှစ်ယောက် အခေါ်အပြော ပျက်ခဲ့ဖူးသည် မရှိပါ။ အရယ်အမော ပျက်ခဲ့ဖူးသည် မရှိပါ။

မိမိတို့ ခရီးအတူလည်း သွားဖူးပါသည်။ "စင်" အတူလည်း ဟော်ဖူးပါသည်။

စာပေအဖွဲ့အစည်း တစ်ခုတွင်လည်း အတူ လုပ်ဖူးကြပါသည်။

ဘာလိုသေးသနည်း။

ဘာကျန်သေးသနည်း။

တစ်ခါတစ်ခါ မထိတထိ ကလိတတ်ကြသည်ကတော့ နှစ်ယောက် ကလောင် "စမ်း" ကြသည်ပဲ ဖြစ်ပါလိမ့်မည်။

ဟေး .... လင်းယုန်မောင်မောင်။

[ ချယ်ရီ၊ ဒီဇင်ဘာ၊ ၁၉၉၀ ]

# မိမိ နှင့် မောင်သွေးသစ်

၁


အမှန်အားဖြင့်တော့ မိမိတို့မဂ္ဂဇင်းသည် ကဗျာနှင့် ပတ်သက်စရာ အကြောင်း မရှိ။ မိမိတို့မဂ္ဂဇင်းက **စုံထောက်** မဂ္ဂဇင်း။ **စုံထောက်** မဂ္ဂဇင်းကို စာရေးဆရာ မိုးဝေနှင့် **ခေတ်ပြင်စာပေ** ထုတ်ဝေသူ ဦးဆန်နီတို့ တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ (ဦးဆန်နီကို ပထမပိုင်းတွင် ခေတ်ပြင်ဦးဆန်နီဟု သိရှိခဲ့ရာမှ၊ နောက်ပိုင်းတွင် စုံထောက် ဦးဆန်နီဟု သိရှိခဲ့ကြသည်။)

**စုံထောက်**မဂ္ဂဇင်းကို စတင်ထုတ်ဝေစဉ်က အမည်အပြည့်အစုံမှာ "စုံထောက်ဝတ္ထု မဂ္ဂဇင်း" (The Detective Story Magazine)ဟူ၍ ဖြစ်သည်။ မျက်နှာဖုံးတွင် အမည်ကို မြန်မာလိုရော၊ အင်္ဂလိပ်လိုရော ဖော်ပြထားသည်။ အဓိပ္ပာယ်မှာ စုံထောက်ဝတ္ထုများကိုသာ ဖော်ပြသော "ဝတ္ထုမဂ္ဂဇင်း" ဖြစ်သည်။ ကဗျာ မဆိုဘိ၊ ဆောင်းပါးပင် မပါရှိပါ။ ဝတ္ထုချည်းသက်သက် ဖြစ်သည်။ ယနေ့ထုတ်ဝေနေသော ဝတ္ထုမဂ္ဂဇင်းများ၏ အစအဦးဟု ပြောနိုင်သည်။

နောက်ပိုင်းတွင်မှ မှုခင်းဆောင်းပါးများ၊ စွန့်စားခန်း ဆောင်းပါးများကို ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။

**စုံထောက်**တွင် ကဗျာထည့်ရန် ပြောဆိုခဲ့သည်မှာ ကိုတင့်ဆန်းနှင့် မိမိ ဖြစ်သည်။ ကိုတင့်ဆန်းမှာ ထိုစဉ်က တာဝန်ခံ အယ်ဒီတာ ဖြစ်သည်။ ကိုမိုးဝေကမူ ထုံးစံအတိုင်းပင်

မောင်သွေးသစ် ( ၁၉၄၇- )



ခင်ဗျားတို့သဘောဟု ဆိုခဲ့သည်။ ဦးဆန်နီနှင့် အခြားစုံထောက်ဝတ္ထု ရေးသူများကမူ ကဗျာထည့်သည်ကို သဘောမတူခဲ့ကြပါ။ (စာပေလောကမှ အချို့ပုဂ္ဂိုလ်များကလည်း 'စုံထောက်နှင့် ကဗျာ ဘာဆိုင်သနည်း' ဟု ပြောဆိုခဲ့ကြပါသည်။)

မိမိသည် လက်ထောက်အယ်ဒီတာတစ်ဦး ဖြစ်သဖြင့် ကဗျာများ ရွေးချယ်ခြင်း၊ ကဗျာသရုပ်ဖော်ပုံ အပ်ခြင်း၊ ကဗျာဖော်ပြခြင်းများကို ကိုတင့်ဆန်းနှင့်အတူ လုပ်ဆောင်ခဲ့ရသည်။ မိမိတို့သည် ကဗျာကို အင်တိုက်အားတိုက် ဖော်ပြခဲ့ကြသည်။ ပုဒ်ရေ များနိုင်သမျှ များများ ဖော်ပြခဲ့ကြသည်။ ကဗျာကို နေရာပေး၊ အသားပေးပြီး ဖော်ပြခဲ့ကြသည်။ ကဗျာ သရုပ်ဖော်ပုံကို သုံးရောင်ပေးခဲ့ကြသည်။ (ကဗျာကို သုံးရောင်ပုံဖြင့် ဖော်ပြသည်မှာ အဦးဆုံးဟု ဆိုနိုင်ပါသည်။ ပထမဆုံး သုံးရောင်ပုံဖြင့် ဖော်ပြသည့် ကဗျာမှာ "ညိုမင်းလွင်" (ဝင်းဦး) ၏ ကဗျာဖြစ်သည်။ သရုပ်ဖော်ပုံ ရေးဆွဲသူမှာ ဗဂျီ အောင်စိုး ဖြစ်သည်။) ကဗျာကို မဂ္ဂဇင်းကျောဖုံးတွင်‌ဖော်ပြခဲ့သည်။ စာမျက်နှာ (၁)တွင် ဖော်ပြခဲ့သည်။ ကဗျာသရုပ်ဖော်ပုံများကို အထူးဂရုပြုခဲ့သည်။ ထိုစဉ်က ကဗျာ သရုပ်ဖော်ပုံ အများဆုံး ရေးဆွဲရသူများမှာ ကိုအောင်စိုးနှင့် ကိုလှစိုးလေးတို့ ဖြစ်ကြသည်။

သို့ဖြင့် **စုံထောက်** မဂ္ဂဇင်းတိုက်သည် ထိုခေတ်က ကဗျာဆရာလူငယ်များ စုစည်းရာဌာန ဖြစ်ခဲ့သည်။ ဒေါင်းနွယ်ဆွေ၊ နေသွေးနီ၊ မြင့်သြ၊ ကြည်ညို စသည့် လူငယ်ကဗျာဆရာ အများအပြားပင် ဖြစ်သည်။ နေ့လယ်ဘက်တွင် ဖရေဇာလမ်း (အနော်ရထာလမ်း) ရှိ "ရွှေဗမာ" လက်ဖက်ရည်ဆိုင်သို့ သွားကြရာ ရံဖန်ရံခါတွင် လူနှစ်ဆယ်၊ အစိတ်အထိပင် စုစည်းမိကြသည်။

မိမိတို့သည် ကဗျာ အကြောင်းအရာကိုလည်း ဂရုပြုခဲ့ကြသည်။ ဘဝ သရုပ်ဖော် ကဗျာများနှင့် ငြိမ်းချမ်းရေး ကဗျာများကိုလည်း ဦးစားပေးခဲ့ကြသည်။

**စုံထောက်** မဂ္ဂဇင်းတွင် ကဗျာများ အထူးပြု ဖော်ပြခဲ့သည်မှာ ၁၉၅၃ ခုနှစ်မှသည် **မိုးဝေ** စာပေ မဂ္ဂဇင်းအဖြစ် ပြောင်းလဲသော ၁၉၆၈ ခုနှစ်အထိပင် ဖြစ်သည်။ သို့သော် ရေစီးကြောင်းနှစ်ခု ရှိခဲ့သည်ဟု ဆိုရပါမည်။ ၁၉၅၃ ခုနှစ်မှ အစပြုခဲ့သော ပထမ ရေစီးကြောင်းဖြစ်သော "ငြိမ်းချမ်းရေး ရေစီးကြောင်း" တွင် ဒေါင်းနွယ်ဆွေ၊ နေသွေးနီ၊ မြင့်သြ၊ ကြည်ညိုနှင့် ကဗျာရဲဘော်များက ဦးဆောင်ခဲ့ကြပါသည်။

၁၉၆၃ ခုနှစ် **မြစာပေ**မှ တာဝန်ယူ ထုတ်ဝေခဲ့သော "ဒုတိယစုံထောက် ခေတ်" နောက်ပိုင်းတွင်ကား နောင်အခါ "တော်လှန်ကဗျာအစု"၊ "မိုးဝေကဗျာအစု"ဟု ထင်ရှားလာကြမည့် မောင်လေးအောင်၊ မောင်သင်းခိုင်နှင့် ကဗျာရဲဘော်များက ဦးဆောင်ခဲ့ကြပါသည်။

စုံထောက် မဂ္ဂဇင်းကို **မြစာပေတိုက်**၊ **ကိုတင်အောင် မစန်း စာပေတိုက်**တို့မှ နေပြီး ၁၀၁ လမ်း နံ့သာ၊ မြန်မာအမျိုးသမီး စသည့်နေရာများသို့ လှည့်လည်ခဲ့ရသော

ကာလတွင်ကား ကဗျာဆရာများသည် မဂ္ဂဇင်းတွင် ပါဝင်ရေးသားကြရုံမျှမက မဂ္ဂဇင်းရပ်တည်နိုင်ရေးအတွက်လည်း စာအုပ်ထုပ်၊ စာအုပ်ပို့သည့် အလုပ်မှအစ တည်းဖြတ်ပုံနှိပ်သည့် လုပ်ငန်းအထိ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြပါသည်။

မောင်လေးအောင်နှင့် မောင်သင်းခိုင်တို့သည် ကဗျာအယ်ဒီတာ အမည်မခံခဲ့ကြသော်လည်း ကဗျာများကို ဝိုင်းဝန်း ဖတ်ရှုပေးခဲ့ကြပါသည်။ (လစာငွေလည်း မယူခဲ့ကြပါ။) မဂ္ဂဇင်းထွက်သည့် အချိန်တွင် နယ်ပို့ရန် စာအုပ်များ ထုပ်ပိုးသည့်အလုပ်ကို ကဗျာဆရာများနှင့် လူငယ်စာရေးဆရာများကပင် အပင်ပန်းခံ လုပ်ဆောင်ပေးခဲ့ကြပါသည်။ မောင်သွေးသစ်လည်း ရှေ့ဆုံးမှ ပါဝင်သူတစ်ဦး ဖြစ်ခဲ့ပါသည်။ သို့သော် သူသည် တစ်နေ့တွင် မိမိနှင့်အတူ တွဲဖက်လုပ်ဆောင်မည့် အယ်ဒီတာတစ်ဦး ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့ပါ။

(ခ)

မောင်သွေးသစ်ကို မိမိ ပထမဆုံး သတိပြုမိသည်မှာ သာကေတမှ လူငယ် ကဗျာဆရာတစ်ဦးအဖြစ်နှင့် ဖြစ်သည်။

၁၉၅၃ "ငြိမ်းချမ်းရေး ရေစီးကြောင်း" ကာလတုန်းက ရန်ကုန်မှ ကဗျာဆရာများ ထုနှင့်ထည်နှင့် အင်အားကောင်းခဲ့သလို၊ ပျဉ်းမနားနှင့် မုံရွာမြို့တို့မှလည်း အလုံးအရင်းနှင့် ပါဝင်ခဲ့ကြသည်။ ပျဉ်းမနားနှင့် မုံရွာတို့သည် ထိုအချိန်က "ကဗျာမြို့တော်များ" ဟုပင် ဆိုရသလောက်ပင်။

၁၉၆၃ "တော်လှန်ကဗျာ ရေစီးကြောင်း" ကာလတွင် သာကေတမှ ကဗျာလူငယ်များသည် တစ်တပ်တစ်အား ဖြစ်ခဲ့သည်။ အစုအဝန်း ကောင်းသည်။ ရေးအားကောင်းကြသည်။ ထိုအထဲမှ နှစ်ဦး၊ သုံးဦးသည် အရည်အသွေး ကောင်းလှသည်။ တောက်ပြောင်လာမည့် ပတ္တမြားတွေမှန်း သိသာသည်။

မိမိ၏ အယ်ဒီတာ သက်တမ်းတစ်လျှောက်တွင် အရည်အသွေးရှိသော ကလောင်များ၏ စာမူများကို အထူးဂရုပြုပြီး ဖတ်သည်။ ၎င်းတို့၏ စာမူများကို အထူးနေရာပေးပြီး ဖော်ပြလေ့ရှိသည်။ တစ်ချိန်တွင် ၎င်းတို့အား တောက်ပြောင်သော ကြယ်ပွင့်များအဖြစ် တွေ့မြင်ရလျှင် ပီတိဖြစ်ရသည်။ အယ်ဒီတာ လုပ်သဖြင့် ရရှိသော အကျိုးအမြတ်သည် ဤတစ်ခုပဲ ဖြစ်မည် ထင်သည်။

ထို့ပြင် မောင်သွေးသစ်သည် ၉၆ လမ်း **စုံထောက်** မဂ္ဂဇင်းမှာ ကတည်းက ရေးခဲ့ရာ ၃၉ လမ်းကို ဖြတ်သန်းပြီး ၁၀၁ လမ်းတွင် **မိုးဝေ** စာပေမဂ္ဂဇင်းအဖြစ် တည်ရှိသော အခါတွင်ကား "မိုးဝေကဗျာ" တည်ဆောက်သူတစ်ဦး ဖြစ်နေတော့သည်။

၁၉၆၉ ခုနှစ်တွင် သူနှင့် ခေတ်ပြိုင်ရေးဖော် ကိုးဦး စုစည်းပြီး **တော်လှန်ကဗျာ** အမည်ဖြင့် ကဗျာစာအုပ် ထုတ်ဝေခဲ့ကြသည်။

နောက်ပိုင်းတွင် သူသည် **မိုးဝေ** မဂ္ဂဇင်းတွင် အမာခံ ကဗျာရဲဘော်တစ်ဦး ဖြစ်လာသည်။ လှုပ်ခတ်နေသော ကဗျာအယူအဆ၊ စာပေအယူအဆများတွင် **မိုးဝေ** ဘက်မှ ပြတ်သားစွာ ရပ်ခဲ့သည်။

သို့သော် သူသည် တစ်နေ့တွင် **မိုးဝေ** မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဖြစ်လာလိမ့်မည်ဟု မိမိ မထင်ခဲ့ပါ။

ထိုမျှမက သူသည် မိမိ စာရေး၍ ရထားသော "ငွေယား" ကလေးများကို "ကုန်ပေါက်" သို့ ရောက်အောင် ပို့ဆောင်ပေးမည့်သူ တစ်ဦးဟုလည်း မထင်ခဲ့ပါ။ အမှန်ကတော့ သူက စေတနာဖြင့် ကူညီခဲ့ခြင်းပါ။ အဖြစ်က သည်လို ....။

(၈)

ဇာတ်လမ်းအစက ဆင်ဖြူကျွန်းအောင်သိန်း။ သူက သာကေတ "စာပေ ခေါင်းကြီး"။ မိမိတို့ စာပေရဲဘော်တစ်စု မြို့သစ်များသို့ ပြန်ထွက်သွားကြရာတွင် ဆင်ဖြူကျွန်းအောင်သိန်းက သာကေတ၊ လင်းယုန်သစ်လွင်က တောင်ဥက္ကလာ၊ တင့်ဆန်းနှင့် မိမိက မြောက်ဥက္ကလာ။

"ဆင်ဖြူကျွန်း" က မိမိတို့ထက် စီးပွားရေး လာဘ်မြင်သည်။ သူက အိမ်မှာ ရက်ကန်းစင် ထောင်သည်။ ကြက်မွေးသည်။ ဥစားကြက်မွေးခြင်း ဖြစ်သည်။

မိမိ၏ ဒုတိယသားက အငှမတန်းအောင်သောအခါ ကြက်မွေးချင်သည်ဟု ပြောသည်။

'နေဦးကွာ၊ ငါ ဆင်ဖြူကျွန်းကို မေးကြည့်ဦးမယ်'

သို့ဖြင့် တစ်နေ့တွင် မဂ္ဂဇင်းတိုက်သို့ မောင်သွေးသစ် လာသောအခါ–

'မောင်ရင့်အိမ်နဲ့ ဆင်ဖြူကျွန်းအိမ် နီးသလား'

'နီးနီးလေးပဲ၊ ဦးနတ် ဘာလုပ်မလို့လဲ'

မိမိကို ဆရာနတ်၊ ကိုနတ်ဟု အခေါ်များကြသော်လည်း သူက "ဦးနတ်"ဟု ခေါ်သည်။ မိမိကို "ဦးနတ်" ဟု ခေါ်သူ ဟူ၍ သူတစ်ယောက်တည်းသာ ရှိလေသည်လား မသိ။

မိမိက အကျိုးအကြောင်းကို ရှင်းပြသည်။ ထိုအခါ သူက–

'ဟာ ဒါဆိုရင် ဦးနတ် ကျွန်တော့်အိမ်ကို အရင်လာ၊ ကျွန်တော့်အိမ်က ကားဂိတ်နဲ့ ပိုနီးတယ်။ ပြီးတော့မှ ဦးလေး (ဆင်ဖြူကျွန်း) အိမ်ကို လိုက်ပို့မယ်။ နောက်ပြီးတော့ ပြောရဦးမယ်။ ကျွန်တော့်အိမ်မှာလည်း ကြက်တွေ မွေးထားတယ်၊ ဦးနတ် ရောက်ရင် တွေ့ပါလိမ့်မယ်'

သို့ဖြင့် တနင်္ဂနွေတစ်နေ့တွင် မိမိတို့မိသားစု သာကေတသို့ ရောက်ရှိသွားကြ

သည်။ ဟုတ်ပါသည်။ မောင်သွေးသစ်အိမ်တွင် ကြက်တွေ မွေးထားသည်က အားရစရာ ပင်။ အိမ်ကို အမြင့်ဆောက်ထားပြီး အိမ်အောက်ထပ် တစ်ခုလုံးကို ကြက်ခြံ လုပ်ထား သည်။ ကြက်တွေက အဖြူတွေ ဖြစ်သဖြင့် ကြည့်ရတာ ပိုပြီးလှသည်။ ဖွဲခင်းထဲတွင် ကြက်ဥတွေ ဥထားသည်ကို မြင်ရသည်။

ဆင်ဖြူကျွန်းအိမ်မှာ မွေးထားသည်ကလည်း စနစ်ကျသည်။ နေရာ နည်းနည်း ကျဉ်းသဖြင့်သာ ကျပ်နေသည်ဟု ထင်ရသည်။ နောက်ပြီး ဆင်ဖြူကျွန်းဆီမှာ ကြက် အနီတွေ များသည်။

မိမိတို့ ပြန်သောအခါ မောင်သွေးသစ်က ကြက်ငါးကောင်၊ ဆင်ဖြူကျွန်းက သုံးကောင် ပေးလိုက်သည်။ မောင်ယဉ်မြင့်ကလည်း မြန်မာကြက် နှစ်ကောင် ပေးလိုက် သည်။ သည်မှာကတည်းက ဆင်ဖြူကျွန်းနှင့် မောင်သွေးသစ်တို့က သတိပေးကြသည်။ ဉစားကြက်များကို မြန်မာကြက်နှင့် ရောမထားနှင့်၊ ရောဂါများ ရတတ်သည်။ သို့သော် မိမိတို့က စီးပွားရေးသမား မဟုတ်သဖြင့် သူတို့စကားကို မနာယူပါ။

နောက်တနင်္ဂနွေတွင် သူတို့နှစ်ယောက် မြောက်ဉက္ကလာသို့ လာသည်။ နောက် ဖေး ရေစင်ကို ပိုင်းပြီး ဖြစ်ကတတ်ဆန်း လုပ်ထားသော မိမိတို့ ကြက်ခြံကိုကြည့်ပြီး ဝေဖန်ကြသည်။ အကြံဉာဏ် ပေးကြသည်။

ထိုညက သူတို့ မပြန်ကြ။ မိမိတို့အိမ်မှာ ဝိုင်းဖွဲ့ကြသည်။ ပြီးတော့ ခေါင်းရင်း ခန်းမှာ အိပ်ကြသည်။

မောင်သွေးသစ်အနေနှင့် မိမိနှင့်အတူ ပထမဆုံး ဝိုင်းဖွဲ့ဖူးခြင်းပင် ဖြစ်သည်။ မိမိအိမ်တွင် ပထမဆုံး အိပ်ဖူးခြင်းလည်း ဖြစ်ပေမည်။

အလျင်ကဆိုလျှင် ညနေစောင်းလျှင် မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့က "တဲကြီး" သို့ သွားကြသည်။ (တဲကြီးဆိုသည်မှာ ဖိုးစိန်လမ်းမှ အိုရီးရင့်ကလပ် ဖြစ်ပါသည်။) ထိုမှာ ဘီယာတစ်လုံးစီလောက် သောက်ပြီး "စကရက်ဘယ်" ကစားကြ သည်။ မောင်ချော ပါသည့်အခါ ပါသည်။ မောင်ကြာညို ပါသည့်အခါ ပါသည်။ မိမိတို့ "တဲကြီး"သွားရန် တာစူသည်ကို မြင်လျှင် မောင်သင်းခိုင်က အသံကျယ်ကျယ် ဖြင့် အော်တတ်သည်။

'ငါတို့လည်း ဂြိုလ်တုလွှတ်ရမယ်'

မော်စီတုံး၏ စကားကိုယူ၍ ပြောခြင်းဖြစ်သည်။ သူတို့က ပုဇွန်တောင်ဆိုင်သို့ သွားကြသည်။

ထိုညက မိမိတို့ သန်းခေါင်ကျော်လောက်အထိ စကားပြောဖြစ်ကြသည်။ ကို တင့်ဆန်းလည်း ပါသည်။ စာအကြောင်း ပေအကြောင်း၊ စာပေလောကအကြောင်း။

သို့ဖြင့် မိမိတို့ မိသားစုသည် "ကြက်ရင်ခုန်သံ" ကို မိသွားပြီး သန်လျင်တွင်

ခြံဝယ်ဖြစ်သောအခါ ကြက်မွေး ဖြစ်ကြတော့သည်။ သန်လျင် ကျောက်တန်းလမ်းရှိ ဘဲခြံကြီးများကို အားကျပြီး ကြက်တဲကြီး ဆယ်တဲလောက်ဆောက်မည်ဟု စိတ်ကူးကြသည်။ ကြက်အကောင် နှစ်ထောင်ဆိုလျှင် တစ်နေ့ကို ကြက်ဥအလုံး တစ်ထောင်ကျော်ရမည်။ တစ်နေ့ဝင်ငွေ ငါးရာကျော်ရှိသည်။ ယင်းသို့ဆိုလျှင် သန်လျင်မှာ အိမ်ဆောက်ပြီး "ဝတ္ထုတို" တစ်ပုဒ်ကို တစ်နှစ်လောက် အချိန်ယူပြီး ရေးနိုင်သည်။

သို့သော် ကြက်တဲနှစ်တဲ ဆောက်အပြီး ကြက်အကောင် လေးရာလောက် အရောက်မှာပင်၊ ဒုတိယသား ဈေးကဝယ်လာသော "ခြင်းကြားကြက်" ဒုက္ခပေးသဖြင့် ဥစားကြက်အားလုံး ပြွတ်ပြွတ်ပြန်းသွားသည်။ ကြက်နာတစ်ကောင်ကို ငါးကျပ်နှင့် ဝယ်ကြသော်လည်း သူများတွေ ရောဂါရမည်စိုးသဖြင့် မြေကျင်းတူးပြီး မြှုပ်ကြရသည်။ ဂဝံမြေကို ကျင်းနက်နက်တူးပြီး ကြက်မသာချရသဖြင့် မိမိတို့၏လက်များ ပေါက်ပြကာ လက်တွေ မလှုပ်ချင်လောက်အောင်ပင် လက်မောင်းတွေ အောင့်ကြရတော့သည်။

သည်အကြောင်းကို ကြားရသောအခါ အနီ ဆင်ဖြူကျွန်းနှင့် မောင်သွေးသစ်တို့သဘော အကျကြီးကျပြီး ရယ်မောကြပါသည်။ သူတို့ကြောင့် မိမိ "ကြက်ဒုက္ခ" ရောက်ရခြင်းကို ဂုဏ်ယူ ပြောဆိုကြသည်။ ရှိစေဦး။

ထပ်ပြီး ပြောရလျှင် ထိုအချိန်ကသာ မောင်သွေးသစ်က ခေါင်းခါခဲ့လျှင် မိမိသည် **စာပေလုပ်သား** မဂ္ဂဇင်းကို သော်လည်းကောင်း၊ **မိုးဝေ** မဂ္ဂဇင်းကို သော်လည်းကောင်း တာဝန်ယူဖြစ်ချင်မှ ယူဖြစ်ပေလိမ့်မည်။

ယခုတော့ မောင်သွေးသစ်က 'ဦးနတ် လုပ်ရင် ကျွန်တော်လည်း လုပ်မှာပေါ့၊ ဦးနတ်ဆီက ကျွန်တော် ပညာရချင်တယ်' ဟု ဆိုခဲ့သည်။ ယင်းကြောင့်ပင် .....။

## ၂
## (က)

**စုံထောက်** ဝတ္ထု မဂ္ဂဇင်းကို စာပေမဂ္ဂဇင်း တစ်စောင်အဖြစ် ပြောင်းလဲပြီး မိမိ၏ ပန်းဥယျာဉ်တစ်ခုပမာ ပြုစုပျိုးထောင်ခဲ့သော **မိုးဝေ**ကို ၁၉၇၅ ခုနှစ် ဧပြီလတွင် စွန့်လွှတ်ခဲ့ပါသည်။ တွဲဖက်လုပ်ကိုင်သူ အချို့၏ အပြုအမူကို စိတ်မချမ်းမြေ့၍ဘဲ ဖြစ်ပါသည်။ (နောင်အခါတွင် အားလုံးကို ခွင့်လွှတ်နိုင်ခဲ့ပါသည်။) မိမိသည် မဂ္ဂဇင်း အယ်ဒီတာအဖြစ်မှ ထွက်ခဲ့ပြီးနောက် မဂ္ဂဇင်းတွင် ဝတ္ထု၊ ဆောင်းပါး ရေးသားခြင်း၊ လုံးချင်းဝတ္ထုများ ရေးသားခြင်းတို့ကိုသာ အေးအေးမှန်မှန် ပြုလုပ်ခဲ့ပါသည်။

၁၉၇၀ ခုနှစ်များသည် လုံးချင်းဝတ္ထုများ ခေတ်ကောင်းသောကာလ ဖြစ်သဖြင့်၊ မိမိသည် တစ်လ တစ်ပုဒ် မဟုတ်သည့်တိုင် တစ်နှစ်လျှင် ရှစ်ပုဒ်မှ ဆယ်ပုဒ်လောက်အထိ ရေးသားဖြစ်ပါသည်။ စောင်ရေ အသင့်အတင့် များပြားပြီး စာမူခကိုလည်း ရာခိုင်နှုန်းနှင့်

ရရှိသဖြင့် စားဝတ်နေရေး အဆင်ပြေသည်ဟု ဆိုရပါမည်။ သို့ဖြင့် စာမရေးသည့် အချိန်များတွင် မြို့ထဲသို့ အေးအေးဆေးဆေး ထွက်လာပြီး မိတ်ဆွေ အပေါင်းအသင်းများနှင့် ဆုံတွေ့ပါသည်။

မောင်နေဝင်း၊ မင်းကျော်နှင့် မိမိတို့သည် မြို့ထဲသို့လာလျှင် ၃၃ လမ်းရှိ **စာပေလောက စာအုပ်တိုက်**တွင် ဆုံကြပါသည်။ ထိုမှာပင် မိမိတို့ စခန်းချကြပါသည်။ စာအုပ်ဆိုင် ရှိသဖြင့် လစဉ်ထုတ် စာအုပ်များကိုလည်း အကဲခတ် တွေ့ရှိနိုင်ကြ သည်။ မိမိတို့သည် "စာပေလောက မိသားစု" အားလုံးနှင့် ရင်းနှီးခင်မင်ကြသဖြင့် မိမိတို့၏ နေရာဌာနလိုပင် ဖြစ်နေပါသည်။ ဆိုင်ရှေ့ရှိ ခုံတန်းလျားကလေးသည် မိမိတို့အတွက် ပြုလုပ်ပေးထားသကဲ့သို့ပင် ရှိတော့သည်။ **စာပေလောက**တွင် မိမိတို့ ရှိတတ်သည်ကို သိကြသဖြင့် မိမိတို့ကို တွေ့လိုသူများသည် **စာပေလောက**သို့သာ လာကြသည်။ မှာစရာရှိလျှင် **စာပေလောက**တွင်သာ မှာထားကြသည်။ စာဆိုတော် ကာလဆိုလျှင် **စာပေလောက**သည် မိမိတို့၏ ဟောပြောပွဲ စီစဉ်ရာ ဌာနချုပ် ဖြစ်တော့သည်။

မိမိသည် မောင်နေဝင်းနှင့် မင်းကျော်တို့ လာသောနေ့များတွင် သူတို့နှင့် အတူ ဝိုင်းဖွဲ့ပြီး၊ အခြားနေ့များတွင်ကား ထိုစဉ်က မိမိ၏ ထုတ်ဝေသူများ ဖြစ်ကြသောရွှေမြိတ် သောင်းတင်၊ မောင်မြတ်ခေါင်၊ ဆောင်းသဇင် ကိုသန့်ဇင်တို့နှင့် ဝိုင်းဖွဲ့ပါသည်။ ရံဖန် ရံခါတွင် ကိုမျိုးညွန့်တို့အဖွဲ့နှင့် လိုက်ပါသွားသည်။ ကိုမျိုးညွန့်တို့ အဖွဲ့တွင် ကိုမျိုးညွန့်၏ ယောက်ဖ ရာမညကိုကိုလေး၊ ဒေါက်တာ ငွေစိုး၊ ဖေမြင့်နှင့် ဖေယျာတို့ ပါဝင်ကြပါ သည်။ ရံဖန်ရံခါတွင် ဝိုင်းပူးပြီး အားလုံးတစုတဝေးကြီး ဖြစ်သွားတတ်ပါသည်။ ဤသို့ ဖြင့် မိမိတို့သည် နေ့စဉ်လောက်ပင် ဝိုင်းဖွဲ့ဖြစ်ကြသည်။ (ဝိုင်းဖွဲ့သည်ဆိုခြင်းမှာ အရက် သောက်ကြခြင်းပင် ဖြစ်ပါသည်။ သို့သော် မိမိတို့သည် "အရက်သောက်ကြသည်" ဟူသော အသုံးအနှုန်းကို မနှစ်သက်ကြပါ။ ကိုယ့်ကိုယ်ကိုယ် အရက်သမားဟုလည်း မထင်မှတ်ကြပါ။ အကြောင်းကြုံကြိုက်သဖြင့် ဝိုင်းဖွဲ့ဖြစ်ကြသည်ဟုသာ ထင်မှတ်ကြ ပါသည်။ သို့သော် အကြောင်းကြုံကြိုက်သည်မှာလည်း နေ့စဉ်နေ့တိုင်းလောက်ပင် ဖြစ်ပါသည်။ ထားတော့။)

တစ်နေ့တွင် ....

မိမိ ထိုင်နေရာ **စာပေလောက** ခုံတန်းဆီသို့ နေကာမျက်မှန်တပ်ပြီး သားသား နားနား ဝတ်ဆင်ထားသော လူငယ်တစ်ဦး လျှောက်လာသည်ကို အမှတ်မထင် မြင်တွေ့ရ ပါသည်။ သူ၏ ရှပ်အင်္ကျီအိတ်တစ်ဖက်တွင် ငါးသုံးလုံး စီးကရက်ဘူး ထည့်ထားပြီး၊ အခြားအိတ် တစ်ဖက်တွင်ကား ရာတန်စက္ကူခေါက် ထည့်ထားသည်ကို မြင်ရပါသည်။ (ထိုစဉ်က ရာတန်ခေတ် ဖြစ်သည်။) ပထမတွင် မည်သူမှန်း မသိရှိပါ။

'ဦးနတ် တစ်ယောက်တည်းလား၊ ဦးမင်းကျော်နဲ့ ဦးနေဝင်းတို့ကော'

သူက မိမိဘေးတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။ အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ပေးသည်။ သည်တော့မှ မောင်သွေးသစ်မှန်း သိရှိရသည်။

(သူက မင်းကျော်နှင့် မောင်နေဝင်းတို့ကို သိပ်မရင်းခင်က ဦးမင်းကျော်၊ ဦးနေဝင်းဟု သုံးနှုန်းပြီး၊ နောက်ပိုင်းတွင် မင်းကျော်ကို ချစ်ဦးညို ခေါ်သည့်အတိုင်း "ဦးကြီး"ဟု လည်းကောင်း၊ မောင်နေဝင်းကို မိမိတို့ ခေါ်သည့်အတိုင်း "အပုကြီး"ဟု လည်းကောင်း ခေါ်ဆိုပါသည်။)

'ဟော .... မောင်ရင်က ဘယ်တုန်းက ရောက်သလဲ၊ ကိုယ် မှတ်တောင် မမှတ်မိဘူး'

သူ မိုးကောင်း သွားနေသည်ကို သိရှိသဖြင့် မိမိက မေးလိုက်ခြင်း ဖြစ်သည်။

မိမိ **မိုးဝေ**တွင် မလုပ်တော့သည့် နောက်ပိုင်းတွင် သူလည်း **မိုးဝေ**တွင် မရေး တော့။ အဝင်အထွက်လည်း မရှိတော့။ ထို့နောက် မိုးကောင်းသို့ သွားသည့်အကြောင်း သတင်းကြားရသည်။

သူနှင့် မိုးကောင်း ပတ်သက်ရသည်မှာ "စာပေအဆက်" ဖြစ်သည်။ သို့မဟုတ် မိမိတို့၏အဆက် ဖြစ်သည်။ မိုးကောင်းသည် မိမိတို့၏ "စာပေအမာခံနယ်မြေ" တစ်ခု ဖြစ်ခဲ့သည်။

မိုးကောင်းမှ ကျောင်းဆရာ ကိုစိန်လွင်က မင်းကျော်ထံ စာရေးဆက်သွယ်သော အခါ မိုးကောင်း စာဆိုတော်ပွဲသို့ မင်းကျော်၊ မောင်နေဝင်းနှင့် မိမိတို့သုံးယောက် သွားခဲ့သည်။ နောင်နှစ်များတွင် မိုးကောင်း စာပေဟောပြောပွဲအတွက် ရန်ကုန်မှ စာရေး ဆရာများကို မိမိတို့ကပင် စီစဉ်ဆက်သွယ် ပေးခဲ့ကြသည်။ တစ်နှစ်တွင် ဆင်ဖြူကျွန်း အောင်သိန်း ဦးဆောင်သော အဖွဲ့တွင် မောင်သွေးသစ် ပါသွားသည်။ သည်မှာ မိုးကောင်း က မိတ်ဆွေများနှင့် သူ အဆက်ရရှိခြင်း ဖြစ်သည်။

ထိုစဉ်က သိမ်ကြီးဈေးတွင် မောင်သွေးသစ်တို့ မိသားစုပိုင် ဆိုင်တစ်ဆိုင် ရှိ သည်။ မိုးကောင်းမှ မိတ်ဆွေအချို့သည် ကုန်သည်များ ဖြစ်ကြသည်။ ရန်ကုန်မြို့သို့ ကုန်ဝယ်ရန် လာသောအခါ မောင်သွေးသစ်က သိမ်ကြီးဈေးအဆက်ရှိသဖြင့် သူတို့လိုချင် သော ကုန်များကို လိုက်ဝယ်ပေးသည်။ ထို့နောက် သူတို့ မှာလိုက်သောကုန်များကို ရန်ကုန်မှ ဝယ်ပြီးပို့ပေးသည်။ **မိုးဝေ**တွင် ဝင်ထွက်ခြင်း မရှိသောအခါတွင် သူသည် အားလပ်နေသဖြင့် မိတ်ဆွေများမှာသော ကုန်များကို သူကိုယ်တိုင် သွားပို့သည်။ ယင်း သို့ဖြင့် သူသည် မိုးကောင်းနှင့် ပိုပြီး အကျွမ်းဝင်သွားသည်။ ကူးချည်သန်းချည် ဖြစ်သွား သည်။ ရံဖန်ရံခါတွင် မိုးကောင်းမှာလည်း လနှင့်ချီပြီး နေထိုင်တတ်သည်။ ယင်းကြောင့် နောက်ပိုင်းတွင် သူ့အကြောင်းကို မသိသူများက သူ့ကို "မိုးကောင်းသား" ဟုပင် ထင်ကြသည်။ သူကတော့ စာပေသမားတစ်ပိုင်း၊ ကုန်သည်တစ်ပိုင်းဖြင့် မိုးကောင်း အသိုင်းအဝိုင်းတွင် ပျော်နေခြင်း ဖြစ်သည်။

'ကျွန်တော် မနေ့ကပဲ ရောက်တယ်၊ ဦးနတ်တို့ ဒီမှာ ရှိတယ်ဆိုလို့ လာတာ။ ဦးမင်းကျော်တို့ မလာဘူးလား'

'သူတို့ ကနေ့ မလာဘူးနဲ့ တူတယ်'

'ဒါဖြင့်ရင် တော်ကြာနေ ဦးလေးလာရင် သွားကြမယ်၊ ဦးလေးနဲ့ ဒီမှာ ၃ နာရီ ချိန်းထားတယ်'

'ဘယ်သွားမှာလဲ'

'တစ်နေရာမှာ ဘီယာသွားသောက်ကြရအောင်။ ဟော .... ဦးလေး လာနေပြီ'

ဦးလေး ဆိုသည်မှာ ဆင်ဖြူကျွန်းအောင်သိန်း ဖြစ်သည်။

သို့ဖြင့် ထိုနေ့က မိမိတို့ "အိုးရီးယင့်" မှာ ဘီယာသောက်ကြသည်။ သူက တိုက်ခြင်း ဖြစ်သည်။

'မောင်ရင့် ပိုက်ဆံ သုံးပုံကတော့ မိုးကောင်းသား ပုံစံပဲ'

သူ ရယ်သည်။ ပြီးမှ–

'ဒါပေမဲ့ မိုးကောင်းသားတွေလို ပိုက်ဆံမရှာတတ်တာ ခက်တယ်'

'အဲဒါ အရေးကြီးတယ်၊ မိုးကောင်းက လူတွေက ပိုက်ဆံ အရလွယ်တော့ အသုံးလည်း လွယ်ကြတယ်'

ထို့နောက် မိုးကောင်းအကြောင်း မိမိတို့က မေးမြန်းသည်။ သူက ရန်ကုန် စာပေ လောကအကြောင်း မေးမြန်းသည်။

'ဦးနတ် မဂ္ဂဇင်း မလုပ်တော့ဘူးလား'

'ဘာလဲ .... မောင်ရင် ထုတ်မလို့လား'

'ကျွန်တော် မထုတ်နိုင်ပါဘူး၊ ဒါပေမဲ့ ဦးနတ် လုပ်မယ်ဆိုရင်တော့ ကျွန်တော် တစ်သောင်း ထည့်မယ်'

သူက အားတက်သရော ပြောသည်။

'ကြည့်သေးတာပေါ့'

မိမိက မရေမရာ ဖြေကြားလိုက်သည်။

မဂ္ဂဇင်း လုပ်ရသည်မှာ မလွယ်ပါ။

မဂ္ဂဇင်း လုပ်ငန်းကို ဝါသနာပါသည်။

ထို့အတူ မဂ္ဂဇင်းလုပ်ငန်းကို မိမိ စိတ်နာသလိုလည်း ဖြစ်နေသည်။

နောက်တစ်နေ့တွင် သူ ရောက်လာပြန်သည်။ မင်းကျော်၊ မောင်နေဝင်းနှင့် မိမိတို့ကို အရက်တိုက်ပြန်သည်။

နောက်နေ့များတွင်လည်း သူ လာသည်။

တစ်ပတ်လောက်အကြာတွင် မိုးကောင်းသို့ သူ ပြန်သွားသည်။

သည့်နောက်တွင်ကား သူသည် ရန်ကုန်နှင့် မိုးကောင်း ကူးချည်သန်းချည် ဖြစ်တော့သည်။ ရန်ကုန်သို့ ပြန်ရောက်သည့် ရက်များတွင် မိမိတို့ရှိရာသို့သာ ရောက်ရှိလာတတ်သည်။ ထိတွေ့ဖန် များလာသောအခါ တစ်ယောက်အကြောင်းတစ်ယောက် ပိုမို သိရှိလာသည်။ စာအကြောင်း ပေအကြောင်းနှင့် စာပေထုတ်ဝေရေး အကြောင်းများလည်း ပြောဖြစ်ကြသည်။

သူက မိုးကောင်းမှာ နေရသည်မှာ စီးပွားရေးအရ အဆင်ပြေသော်လည်း စာပေမြို့တော်ဖြစ်သော ရန်ကုန်မှာသာ နေချင်သည်။ ကုန်သည်များအတွင်း ကျင်လည်ရသည်ထက် စာပေအသိုင်းအဝိုင်းမှာသာ ဝဲလှည့်နေချင်သည်။

သူ့ကို စာများများဖတ်ဖို့နှင့် စာများများရေးဖို့ မိမိ တိုက်တွန်းသည်။

ထိုအခါက သူသည် စကားပြေဘက်သို့ ခြေဦးလှည့်လျက် ရှိသည်။ **မြဝတီ**နှင့် **ငွေတာရီ** တို့တွင် သူ၏ ဝတ္ထုတိုကလေးများကို ဖတ်ရသည်။ သူ၏ ဝတ္ထုများသည် အတွေ့အကြုံပေါ်တွင် အခြေခံအားဖြင့် စိတ်ဝင်စားဖွယ်ရာ ရှိပါသည်။ သို့သော် သူက ကဗျာသမား ဖြစ်သည်၊ စကားပြေသမား မဟုတ်ပါ။ သူ၏ စကားပြေထက် သူ၏ကဗျာများက ပိုမိုနှစ်သက်ဖွယ်ရာ ရှိသည်။

သူ့ကို ကဗျာရေးဖို့ မိမိက ပြောသည်။

ထိုအခါ သူက–

'ဘယ်မှာ ရေးရမလဲ၊ ကျွန်တော့်မှာ ရေးထားတဲ့ ကဗျာတွေ ရှိတယ်၊ ဦးနတ်ကို ကျွန်တော် ပြမယ်။ ဘယ်မှာ ထည့်ရမလဲ'

မှန်သည်။

သူ့မှာ ရေးကွက် ပျောက်နေသည်။ **မိုးဝေ** မရှိသောအခါ သူ့မှာ ရေးစရာနေရာ မရှိသလို ဖြစ်နေသည်။ **မိုးဝေ**မှာ ရေးသော ကဗျာများကို အခြား မဂ္ဂဇင်းများက ထည့်ပေးမည် မဟုတ်ပါ။

ထိုစဉ်က **မိုးဝေ** အပြင် အခြား မဂ္ဂဇင်းဟူ၍လည်း သုံးလေးစောင်သာ ရှိသည်။ ယင်းမဂ္ဂဇင်းများသည် များသောအားဖြင့် အစဉ်အလာ ကဗျာများကိုသာ အားပေးသည်။ ပြည်သူတွေ၏ ရုန်းကန်တိုက်ခိုက်မှုကို အခြေပြုသော အကြောင်းအရာများကို လက်တွန့်ကြသည်။ အကြောင်းအရာနှင့်အညီ ရေးဖွဲ့သော စပ်နည်းအသစ်များကိုလည်း "ကာရန်မဲ့" ဟု တံဆိပ်တပ်ကြသည်။ သည်အချိန်က အကြောင်းအရာသစ်နှင့် ရေးနည်းသစ်များကို အားပေးသော အခြား မဂ္ဂဇင်းတစ်ခုမှာ **ရုပ်ရှင်မျက်မှန်** ဖြစ်သည်။ **မိုးဝေ** ကဗျာသမားများ အားထားနိုင်သော စင်မြင့်တစ်ခု ဖြစ်သည်။ သို့သော် **ရုပ်ရှင်မျက်မှန်** သည် တစ်လလျှင် ပုဒ်ရေအနည်းငယ်မျှသာ အသုံးပြုနိုင်ပါသည်။

သို့ဖြင့် မောင်သွေးသစ် အပါအဝင် မိုးဝေ ကဗျာသမား အများစုသည် ရေးကွက်မရှိဘဲ ဖြစ်နေသည်ကို တွေးပြီး စိတ်မကောင်း ဖြစ်ရသည်။ သူတို့၏ ရဲရင့်သော အတွေးများ၊ သစ်ဆန်းသော အဖွဲ့များ "အိပ်စက်" နေကြရသည်မှာ စာပေရေစီးကြောင်း တစ်နေရာတွင် "မြောင်းပိတ်နေသည်" ဟု ထင်မိသည်။ သူတို့အတွက် ပန်းဥယျာဉ်တစ်ခု တည်ဆောက်ပေးနိုင်ရန် စိတ်ကူးနေမိသည်။

တစ်ချိန်ချိန်တွင် စာပေမဂ္ဂဇင်းတစ်စောင် ပြန်လည်ထုတ်ဝေရန် ဆုံးဖြတ်မိသည်။

သို့သော် အခြေအနေ အရပ်ရပ်အရ တော်တော်နှင့် အကောင်အထည် မဖော်နိုင်ခဲ့ပါ။

စိတ်ကူးသည့် အပိုင်း၊ ဆွေးနွေးသည့် အပိုင်းတွင်သာ ရှိခဲ့ပါသည်။

## (၈)

ထိုအချိန်မှာပင် မောင်သွေးသစ်နှင့် လူချင်း ပိုမိုရင်းနှီးရန် အကြောင်းတစ်ခု ဖန်လာသည်။

၁၉၇၉ ခု အောက်တိုဘာလတွင် ကိုချော (ပုဂံ မောင်ကိုဦး) ကွယ်လွန်သည်။ သူသည် မင်းကျော်နှင့် ပတ်သက်ပြီး မိမိ၏ ညီငယ်တစ်ဦးလည်း ဖြစ်သည်။ **တစ်ကွေ့တော့ တွေ့ကြဦးမည်၊ မြန်မာပြည်မြောက်ပိုင်း** စသည့် ဝတ္ထုများကို ထုတ်ဝေခဲ့သော မိမိ၏ ထုတ်ဝေသူတစ်ဦးလည်း ဖြစ်သည်။

အသိအကျွမ်းများပြီး လူချစ်လူခင်လည်း များသဖြင့် သူ၏ အသုဘသို့ စာပေလောက၊ အနုပညာလောက၊ ဂီတလောက၊ ရုပ်ရှင်လောကမှ မိတ်ဆွေ အများအပြားလာရောက်ကြသည်။ ထိုအချိန်က မောင်သွေးသစ်မှာလည်း ရန်ကုန်မှာ ရှိနေသည်။ မိမိတို့နှင့်အတူ အသုဘသို့ လိုက်ပါလာသည်။

ညဘက်သို့ ရောက်သောအခါ ထုံးစံအတိုင်း အပျင်းပြေ ဝိုင်းဖွဲ့ကြသည်။

မိမိတို့သည် အရက်ကိုလည်း မဖြစ်စလောက် "အပျော်တမ်း" သောက်တတ်ပြီး၊ ဖဲကိုလည်း နာမည်ပျက်ရုံ မတောက်တခေါက် "အပျင်းပြေ" ရိုက်တတ်ကြပါသည်။ ကစားတော့လည်း တကယ့်ကြေးစားတွေ ကစားသည့် "တစ်ချပ်မှောက်"။ တစ်ခုတော့ ရှိသည်။ တစ်ချပ်မှောက်က ဉာဏ်ကစားရသည်။ မိမိတို့က ဉာဏ်ကစားရသည့် အလုပ်ကို ဝါသနာပါသည်။ ငယ်ငယ်တုန်းက ကျားထိုးသည်။ အင်္ဂလိပ်ကျားရော၊ မြန်မာကျားရော။ နောက် စစ်တုရင်ထိုးသည်။ မြန်မာစစ်တုရင်ရော၊ နိုင်ငံတကာ စစ်တုရင်ရော။ အင်္ဂလိပ်စာလုံးများ ဆက်ရသည့် "စကရဘယ်" ဆိုလည်း ကစားလိုက်ကြသည်။

မြ စာပေတိုက်တွင် **စုံထောက်** မဂ္ဂဇင်း အခြေစိုက်စဉ် ၁၉၆၂ ခုနှစ်လောက်တုန်းက မိမိတို့ စစ်တုရင် တော်တော်ကလေး ထိုးဖြစ်ကြသည်။ ကိုမိုးဝေ၏ သူငယ်ချင်းကိုမင်းညိုနှင့် မြန်မာ့အလင်း စိန်ဝင်းတို့သည် စစ်တုရင် ထိုးရမည်ဆိုလျှင် ထိုင်ရာမှ

မထကြတော့။ မိမိကလည်း အလုပ်အားသည့် အချိန်တွင် ဝင်ပါသည်။ သို့သော် မိမိတို့ စစ်တုရင်ထိုးသည်ကို ကိုမိုးဝေက ဘဝင်သိပ်မကျပါ။

'ခင်ဗျားတို့ စစ်တုရင်ထိုးတာက ပျင်းစရာကြီးဗျာ။ တစ်ပွဲ တစ်ပွဲဆို အကြာကြီး၊ တစ်ခါတလေ တစ်နာရီလောက် ကြာတယ်။ နောက်ပြီး ကစားတဲ့လူက နှစ်ယောက်တည်း၊ ဘေးက ကြည့်ရတဲ့လူတွေက ဘာလုပ်နေရမှာလဲ။ အားလုံး ဝိုင်းဖွဲ့ကစားရတဲ့ ဟာမျိုးဆိုလည်း ဟုတ်သေးတယ်'

'အားလုံး ဝင်ကစားလို့ ရတာကတော့ ဖဲပဲရှိတယ်' တစ်ယောက်က ဝင်ပြီး ထောင်လိုက်သည်။

'အေး ဟုတ်တယ်၊ ခင်ဗျားတို့ကို ကျွန်တော် ကစားနည်းတစ်ခု သင်ပေးမယ်၊ သိပ် စိတ်ဝင်စားစရာ ကောင်းတယ်။ ဒီနည်းက မြန်မာပြည်မှာ အခုမှ ပေါ်တာ'

ကိုမိုးဝေက ပြောပြောဆိုဆိုပင် ဖဲထုပ်ဝယ်ခိုင်းပြီး မိမိတို့ကို "တစ်ချပ်မှောက်" ကစားနည်း သင်ပေးပါသည်။ မှန်ပါသည်။ တစ်ချပ်မှောက် ကစားနည်းကို ထိုစဉ်က လူတိုင်း မကစားတတ်ကြသေး။ ပေါ်ကာစပဲ ရှိသေးသည်။ မိမိတို့ နားလည်သည်က ကိုးမီး၊ ဘူကြီး၊ ၂၁ ပေါက်၊ ၁၀ ချပ်၊ ၁၃ ချပ်၊ ကိုင်ဒေါင်း၊ ခင်းဒေါင်း၊ ဟောလိဝုဒ်။ ဒါလောက်ပဲ။

သို့သော် "တစ်ချပ်မှောက်" အကြောင်းကို ကြားဖူးနေကြပြီ ဖြစ်သည်။ အင်မတန် ဉာဏ်ကစားရကြောင်း၊ ငွေရှိသူက ဖိကစားတတ်ကြောင်း၊ မင်းကျော်ကလည်း ထိုစဉ်က ထုတ်ဝေသော သူ၏ လုံးချင်းဝတ္ထု **ငြိမ်းတယ် ချမ်းတယ် မိုး** တွင် တစ်ချပ်မှောက် ကစားသည့်အကြောင်း နှစ်ဖောင်လောက် ထည့်ရေးထားသည်။ သူက သည် ကစားနည်းကို အိန္ဒိယက တတ်ခဲ့သည်ဟု ဆိုသည်။ ကိုမိုးဝေက အင်္ဂလန်မှ ပြန်လာသော သူ့သူငယ်ချင်း တစ်ယောက်ထံမှ တတ်သည်ဟု ဆိုသည်။

သို့ဖြင့် မိမိတို့သည် ကိုမိုးဝေ ထံတွင် ဖဲတပည့် ခံကြသည်။ သည်ပညာမျိုးက လည်း သိပ်မသင်ရပါ။ ရှုံးကောင်းအောင်တော့ အလွယ်နှင့်ပင် တတ်ပါသည်။ ယင်း သို့ဖြင့် **စုံထောက်**တိုက်တွင် ညနေစောင်းလျှင် ပန်းကန်ထဲသို့ ပိုက်ဆံအကြွေများ ပစ်ထည့်သံ တချွင်ချွင်နှင့် ရှိတော့သည်။ မိမိတို့ ကစားသည့်ကြေးက "တစ်မတ်ပြီး တစ်မတ်" မျှသာတည်း။

**မိုးဝေ** မဂ္ဂဇင်း **နံ့သာတိုက်**တွင် အခြေစိုက်သောအခါ စကားစပ်မိသွားကြပြီး၊ ကိုသန်းဆွေနှင့် ပန်းချီ ကိုစံတိုးတို့က တတ်ချင်သည်ဆိုသဖြင့် မိမိနှင့် ကိုတင့်ဆန်းတို့က လူလည်ကြီးတွေလုပ်ပြီး တစ်ဆင့် ဖြန့်ဖြူးကြသည်။ ကိုချောကိုလည်း မိမိကပင် သင်ပေး ခဲ့ခြင်း ဖြစ်သည်။

ကိုချော၊ ကိုသန်းဆွေနှင့် ကိုစံတိုးတို့ အိပ်ရေးပျက်ကြသည်ဆိုလျှင်၊ မိန်းမနှင့် စကားများကြရသည်ဆိုလျှင် မိမိ၏ စနက် မကင်းဟု ဆိုရပါမည်။

မောင်သွေးသစ်လည်း သည်ပညာကို တတ်သည်။ သူက ဘယ်ကတတ်လာသည် မသိပါ။ ဘယ်ကျောင်းက ထွက်သည် မသိပါ။ နောက်ပိုင်းမှာတော့ မိုးကောင်းမှာဘွဲ့လွန်ပညာ ယူခဲ့သည်။

နံ့သာမှာ မိမိတို့ ဝိုင်းဖွဲ့ကြစဉ်က မောင်သွေးသည် တစ်ကြိမ် ပါဝင်ခဲ့သည်။ သူ၏ အစ်ကိုဝမ်းကွဲတစ်ယောက်နှင့် ပါလာခြင်း ဖြစ်သည်။ သူ၏ အစ်ကိုဝမ်းကွဲက ကိုသန်းဆွေ၏ သူငယ်ချင်း ဖြစ်သည်။

ပုဂံမှာ ဝိုင်းဖွဲ့ကြသောအခါ မောင်သွေးသစ်လည်း ပါသည်။ မိမိတို့ စာရေးဆရာ၊ ပန်းချီဆရာတွေချည်း ဖြစ်သည်။ လူတွေ များနေသဖြင့် အချို့ "အိမ်" များတွင် စုပေါင်းကြရသည်။ ဘေးက ကြည့်သူတွေလည်း မနည်း။ တစ်ချိန်လုံး မိမိ၏ နောက်ဘက်မှ တိုးကြည့်ခဲ့သူမှာ ကိုဝင်းဦး ဖြစ်သည်။ (ထိုအကြောင်းကို "မိမိနှင့်ဝင်းဦး" တွင် ရေးခဲ့ပြီး ဖြစ်သည်။ )တစ်ချပ်မှောက် ဆိုသည်က မိမိဖဲကို သူများမသိအောင် လျှို့ဝှက်ထားရသည်။ ကိုဝင်းဦးက မိမိ၏ဖဲကို တစ်ဝိုင်းလုံးသိအောင် "စင်ပေါ်မှာ သီချင်းဆိုသည့်အသံ"နှင့် အော်ပြောသည်။

'ကိုနတ်က ကုလားမတွေနဲ့ တကယ် အကျိုးပေးတာပဲ' ဟု သူက ပြောလိုက်လျှင် မိမိတွင် "ကွင်းထရိုင်" ဖြစ်နေပြီကို အားလုံး သိတော့သည်။

ထိုညက ဘာ့ကြောင့်မှန်းမသိ၊ မိမိ နိုင်သည်။ ကိုဝင်းဦးကတော့ ကုလားမတွေကို သူ ခေါ်ပေး၍ဟု ဆိုသည်။

နောက် မှတ်မှတ်ရရ ပြောရလျှင် ဥက္ကဋ္ဌကြီး လင်းယုန်မောင်မောင် ရှုံးသည်။ ဒါကတော့ မထူးဆန်း။ မိမိ သိသမျှတော့ သူ တစ်ခါမျှ နိုင်ဖူးသည် မရှိပါ။

နောက်ပြီး မောင်သွေးသစ် ရှုံးသည်။ သူ မကျေမနပ် ဖြစ်နေသည်။ ပိုက်ဆံရှုံးရသည့်အတွက် မဟုတ်။ သူ့အနေနှင့် "အမဲတွေ"ဟု ထင်ထားသူတွေနှင့် ကစားရာတွင် နှပ်ပစ်ခံရသည်ဟု ယူဆ၍။

သည်တော့ မိမိက သူ့ကို နိယာမသဘောကို ပြောမိသည်။

'မောင်ရင် ရှုံးထိုက်ပါတယ်၊ မောင်ရင်က ရန်သူကို အထင်သေးတာကိုး။ မောင်ရင်က ကိုယ့်ကိုယ်ကိုယ် မိုးကောင်းပြန်လို့ တွက်ထားတာကိုး'

'ဟုတ်တယ်'

သူ ဝန်ခံသည်။ မိုးကောင်းမှာက မြန်မာပြည်အနှံ့က ပညာသည်တွေ ကျက်စားရာ မဟုတ်လား။

'နောက်ပြီး မောင်ရင် ကနေ့ည ရှုံးတာက မိုးကောင်းနည်းကို သုံးလို့ပဲ။ မိုးကောင်းနည်းက ပိုက်ဆံနဲ့ ဖိကစားတာ မဟုတ်လား၊ ဒီမှာက ပညာနဲ့ထိန်းပြီး ကစားကြတာ'

'ဟုတ်တယ်'

နောက်ပိုင်းတွင် သူ၏ နည်းဗျူဟာများကို ပြင်ဆင်သည်။ ထိုအခါ သူသည် မိမိတို့ကို ဖြတ်ကျော်ပြီး ရှေ့ဆုံးတန်းသို့ ရောက်သွားသည်။ သူက မှတ်ဉာဏ်ကောင်းသည်။ အတွက်အချက် ကောင်းသည်။ လူရိပ်လူကဲကို သတိထားသောအခါ ထောင့်စုံသွားသည်။ ကံကိုတော့ မည်သူမျှ မတတ်နိုင်။ ကံမကောင်းသည့် အခါမျိုးတွင် ကိုယ့်ကိုယ်ကိုယ် ချွန်းအုပ်ထားနိုင်ဖို့ပဲ လိုသည်။

ပွဲပွဲ ပြီးသောအခါ သူ မိုးကောင်းသို့ မပြန်တော့။ ရန်ကုန်မှာပဲ နေသည်။ မိမိတို့နှင့်ပဲ တွဲနေသည်။ သို့ဖြင့် မိမိတို့နှစ်ယောက်သည် အသိအကျွမ်းအိမ်များကို လှည့်လည်ကာ "အပျော်တမ်းနှင့် အပျင်းပြေ" တွင် ကျင်လည်ခဲ့ကြသည်။

သို့သော် စာပေမဂ္ဂဇင်းတစ်စောင် ထုတ်ဝေရေးကိုတော့ အခွင့်အလမ်း သင့်သမျှ ကြံဆနေကြသည်။

သည်အချိန်မှာပင် **စာပေလုပ်သားမဂ္ဂဇင်း** ထုတ်ဝေရန်အကြောင်း ဖြစ်ပေါ်လာတော့သည်။

## ၃

အမှန်တော့ **စာပေလုပ်သားမဂ္ဂဇင်း** ထုတ်မည့်ကိစ္စသည် မိမိနှင့် ဘာမျှ မဆိုင်ပါ။ မိမိက စာပေလုပ်သားအဖွဲ့ အမှုဆောင်လည်း မဟုတ်ပါ။ မဂ္ဂဇင်း ကော်မတီဝင်လည်း မဟုတ်ပါ။ သည်ကိစ္စက မင်းကျော်၏ကိစ္စ ဖြစ်သည်။ သူက ထုတ်လုပ်ရေးမှူး ဖြစ်သည်။ နောက်တစ်ခါ အသင်းအဖွဲ့ပိုင် မဂ္ဂဇင်းတစ်ခုကို ပုံမှန်အတိုင်း လုပ်ဆောင်သွားခဲ့လျှင် မိမိကို ဘာမှ တိုင်ပင်စရာ မရှိပါ။ အမှုဆောင်အဖွဲ့၊ မဂ္ဂဇင်းကော်မတီတို့နှင့် တိုင်ပင်ပြီး လုပ်သွားရန်သာ ဖြစ်သည်။

သို့သော် ထိုစဉ်က အသင်းအဖွဲ့များသည် မိမိတို့ ထုတ်ဝေခွင့်ရရှိသော မဂ္ဂဇင်းကို ကိုယ်တိုင် အစအဆုံး မလုပ်ဘဲ မူဝါဒလောက်သာ ကိုင်ထားပြီး၊ ပုံနှိပ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေရောင်းချခြင်းကို ပုဂ္ဂလိက ထုတ်ဝေရေးများသို့ လွှဲပေးထားကြပါသည်။ ဤနည်းလမ်းသည် မှန်သလောက်လည်း မှန်ပါသည်။ မဂ္ဂဇင်းတစ်အုပ် ထုတ်လုပ်ဖြန့်ဝေရမည့် အလုပ်သည် တာဝန်ကြီးမားလှပါသည်။ လုပ်ငန်းကျွမ်းကျင်ဖို့လည်း လိုပါသည်။ အသင်းအဖွဲ့များတွင် ပါဝင်သော အမှုဆောင်များမှာ မိမိတို့ကိုယ်ပိုင် အခြားလုပ်ငန်းတာဝန်များ ရှိကြသဖြင့် ထုတ်လုပ်ဖြန့်ချိမှုကို ကိုယ်တိုင် မလုပ်နိုင်ကြပါ။ အချိန်လည်း မရှိပါ။ လုပ်ငန်းလည်း မကျွမ်းကျင်ကြပါ။ ကျွမ်းကျင်သူများနှင့် ပူးပေါင်း လုပ်ဆောင်ကြရသည်။

**စာပေလုပ်သားမဂ္ဂဇင်း** ထုတ်ဝေရေးတွင်လည်း အဖွဲ့က စာမူများကိုသာ

စုဆောင်းတည်းဖြတ်ပေးမည် ဖြစ်ပြီး၊ မဂ္ဂဇင်းဖြစ်အောင် ရိုက်နှိပ်ဖို့နှင့် ရိုက်နှိပ်ပြီး မဂ္ဂဇင်းကို ဖြန့်ချိဖို့ ပုဂ္ဂလိကစာပေတိုက်တစ်ခုခုကို လွဲအပ်ရမည် ဖြစ်သည်။ ထုတ်လုပ်ရေးမှူး ဖြစ်သော မင်းကျော်သည် တွဲဖက်လုပ်ကိုင်မည့် ပုဂ္ဂလိက စာပေတိုက် တစ်ခုကို ရှာဖွေရန် တာဝန်ကျသည်။ ဤအခါတွင် သူက ပြင်ပ စာပေလုပ်ငန်းများ အဆက်အသွယ် ရှိသော မိမိကို တိုင်ပင်သည်။ မည်သည့်တိုက်နှင့် လုပ်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားကြသည်။ ချင်းတွင်းစာပေတိုက်ကို ဦးစားပေး ရွေးချယ်ကြသည်။ ထိုစဉ်က ချင်းတွင်းစာပေသည် ရုပ်ရှင် မဂ္ဂဇင်းနှင့် ရုပ်ရှင် အပတ်စဉ်တို့ကို တာဝန်ယူ ရိုက်နှိပ်ဖြန့်ချိပေးနေသည်။

မိမိတို့နှစ်ယောက် ချင်းတွင်းစာပေတိုက်မှ ဦးသိန်းလွင်နှင့် တွေ့ကြသည်။ သူက မိမိတို့နှစ်ယောက် လာကတည်းက စာပေလုပ်သား ကိစ္စ ဖြစ်သည်ဟု သိပြီး ဖြစ်သည်။

'ဆရာတို့ နှစ်ယောက် တာဝန်ယူပါ။ လုပ်မယ်ဆိုရင်တော့ ကျွန်တော် လုပ်ပေးရမှာပေါ့။ ကျွန်တော်လည်း စာပေမဂ္ဂဇင်း ကောင်းကောင်းတစ်ခုကို လုပ်ပေးချင်ပါတယ်'

ဦးသိန်းလွင်က ဆရာတို့နှစ်ယောက်ဟု ပြောသည်။ အမှန်တော့ မိမိက ကြားပွဲစားပင်။ ထိုနေ့က မိမိက တောင်းဆိုသဖြင့် ဦးသိန်းလွင်က မိမိတို့ကို နန်းသီတာမှာ လိုက်ပြီး ဘီယာတိုက်သည်။ မိမိက ချင်းတွင်းတိုက်သို့ ရောက်လျှင်ရောက်ချင်း....

'ဦးသိန်းလွင် ကျွန်တော်တို့ကို ဘီယာတိုက်ဗျာ'

'ဟာ တိုက်ရမှာပေါ့ ခင်ဗျာ'

သူက ထုံးစံအတိုင်း စာရွက်တွေ၊ စက္ကူတွေ အိတ်တိုင်းမှာ အပြည့်ထည့်ထားသော မြင်းချေးရောင် တိုက်ပုံအင်္ကျီကို ကောက်ဝတ်ပြီး ချင်းတွင်းတိုက်မှ ဖိယက်ကားကလေးဖြင့် နန်းသီတာသို့ ခေါ်သွားသည်။ ဦးဘကြည်၏ သားအငယ် ကိုအောင်မျိုးက ကျွန်တော်တို့ကို လိုက်ပို့သည်။ သူကတော့ မသောက်ပါ။

အဖွဲ့အစည်းသဘောနှင့် စာပေလုပ်ငန်းကို နားလည်ပြီးသူများ ဖြစ်ကြသည့်အလျောက် ခဏတွင်းမှာပင် သဘောတူညီမှု ရသည်။ စာပေလုပ်သားက "စာမူ" ပေးပြီး ချင်းတွင်းက စာအုပ်ဖြစ်အောင် ပုံနှိပ်ရမည်။ ပြီးလျှင် ဖြန့်ချိရမည်။ သို့သော် အယ်ဒီတာပြဿနာ ပေါ်လာသည်။ စာပေလုပ်သား အယ်ဒီတာအဖွဲ့က စာမူများ စုဆောင်းတည်းဖြတ်ခြင်းကိုသာ လုပ်သည်။ စာအုပ်အဖြစ် လုပ်ဆောင်ရာတွင် ဘာမျှပါဝင်မည် မဟုတ်ပါ။ စာမူများကို ပန်းချီအပ်ခြင်း၊ ပုံနှိပ်တိုက်တွင် စီစဉ်ခြင်းများအတွက် အယ်ဒီတာ လိုသည်။ ထိုခေတ်အခေါ်အရ "ဖောင်ကိုင်" အယ်ဒီတာ ဖြစ်သည်။ ဖောင်ကိုင် အယ်ဒီတာကို ချင်းတွင်းက ခန့်ထားရမည် ဖြစ်သည်။ ရုပ်ရှင်မဂ္ဂဇင်းအတွက် ဇော်ဗလနှင့် ရုပ်ရှင် အပတ်စဉ်အတွက် လင်းယုန်မောင်မောင်တို့ကို ချင်းတွင်းက ခန့်ထားခြင်းပင် ဖြစ်သည်။

စာပေလုပ်သားအတွက် မည်သူ့ကို ခေါ်မည်နည်း။

မိမိက လူနှစ်ယောက်၏ အမည်ကို အကြံပြုသည်။ နှစ်ယောက်စလုံးပင် မဂ္ဂဇင်း အတွေ့အကြုံရှိပြီး လုပ်မည့်ပုဂ္ဂိုလ်များ ဖြစ်သည်။ သို့သော် ဦးသိန်းလွင်က လက်မခံပါ။

'ဆရာပြောတဲ့ လူနှစ်ယောက်ကို ကျွန်တော် လေးစားပါတယ်၊ သူတို့ လူတော်တွေပါ။ ဒါပေမဲ့ ဒီမဂ္ဂဇင်းကတော့ ဆရာလုပ်မှ ဖြစ်မယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာပေမဂ္ဂဇင်း ဖြစ်နေတယ်။ နောက်ပြီးတော့ ကျွန်တော် စောစောက ပြောခဲ့ပြီးပြီ။ ဆရာတို့ နှစ်ယောက်မို့လို့ ကျွန်တော် လုပ်တာ။ ကျွန်တော်က ခု အဖွဲ့အစည်းတွေနဲ့ လုပ်ရတာ စိတ်ပျက်နေတယ်။ အမှုဆောင်အဖွဲ့က လူတွေနဲ့ ဆက်ဆံရတာ အင်မတန် စိတ်ညစ်စရာ ကောင်းတယ်။ သူတို့က စာအုပ်ထုတ်ဝေရေးအကြောင်း ဘာမှ နားမလည်ဘူး။ သူတို့ လိုချင်တာပဲ သူတို့ အတင်းပြောကြတယ်။ ဆရာ ဦးမင်းကျော်ကတော့ စာအုပ် ထုတ်ဝေရေးအကြောင်း သိပြီးသားပဲ။ ကိုချောက ပုဂံ ကို လုပ်ခဲ့တာပဲ။ ဆရာကလဲ မိုးဝေကို လုပ်ခဲ့တယ်။ ဆရာတို့ နှစ်ယောက်ကလည်း အဆင်ပြေတယ်။ အဲဒါကလည်း အရေးကြီးတယ် ဆရာ။ အဖွဲ့အစည်းက တာဝန်ခံနဲ့ ကျွန်တော်တို့ဘက်က အယ်ဒီတာ အဆင်မပြေရင်၊ တစ်ယောက်ကိုတစ်ယောက် ပညာပြနေကြရင် ဘာအလုပ်မှ မဖြစ်တော့ဘူး'

မင်းကျော်ကလည်း မိမိကို လုပ်စေချင်သည်။ သူနှင့် ခင်မင်ရင်းနှီးသည်က တစ်ကြောင်း၊ စာရေးဆရာ စာပေကလပ်မှ ထုတ်ဝေသော **စာပေ**မဂ္ဂဇင်းကို အတူပူးတွဲ လုပ်ခဲ့ကြသည်ကြောင့် တစ်ကြောင်းဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် မိမိအနေနှင့် သိပ်မလုပ်ချင်ပါ။ မဂ္ဂဇင်း မူဝါဒကို မိမိ မပိုင်သောကြောင့် ဖြစ်သည်။ မိမိမှာ စာမူရွေးချယ်ပိုင်ခွင့် မရှိ။ အကောင်းအဆိုး ဝေဖန်ပိုင်ခွင့် မရှိ။ မိမိ လုပ်နိုင်သည်က မဂ္ဂဇင်း အဆင်အပြင်မျှသာ။ စာပေမဂ္ဂဇင်း တစ်ခု သပ်သပ်ရပ်ရပ် အောင်အောင်မြင်မြင် ဖြစ်သွားစေချင်သည့် ဆန္ဒတော့ မိမိမှာ ရှိနေပါသည်။

နောက်ဆုံးတွင် အခိုက်အတန့်အားဖြင့် လုပ်ပေးရန် သဘောတူလိုက်ပါသည်။ သို့သော် ခြွင်းချက်တစ်ခု တောင်းခံသည်။ မိမိနှင့် အတူ တွဲဖက်လုပ်ကိုင်သည့် လူငယ် တစ်ဦးကို ခန့်ထားပေးရန်ပင် ဖြစ်သည်။

'ဟာ ခေါ်ရမှာပေါ့၊ တချို့အလုပ်တွေ ဆရာ တစ်ယောက်တည်း ဘယ်လုပ်နိုင်မလဲ၊ ဆရာ ဘယ်သူ့ခေါ်မလဲ'

ဦးသိန်းလွင်က မေးသည်။

မိမိက မဆိုင်းမတွပင်–

'မောင်သွေးသစ်'

ဦးသိန်းလွင် ထိတ်လန့်သွားဟန် ရှိသည်။ အံ့သြသွားဟန် ရှိသည်။ ပြီးမှ....

'ဖြစ်ပါ့မလား ဆရာ၊ ကျွန်တော် ကိုသွေးသစ်ကို လူချင်းခင်ပါတယ်။ သူက ရေကျော်မှာနေတော့ ကျွန်တော်တို့တိုက်ကို ဝင်ထွက်နေတဲ့ လူပဲ။ ဒါပေမဲ့ သူက ကဗျာဆရာ ဆိုပေမယ့် အဝတ်အစား ကောင်းကောင်းလေးတွေ ဝတ်ပြီး သပ်သပ်ရပ်ရပ်ကလေး နေတာ ဆရာ'

'ပေါ်ကြော့လို့ ပြောပါဗျာ'

မင်းကျော်က တဲ့တိုး ဝင်ပြောသည်။

ဦးသိန်းလွင်က ....

'ကျွန်တော်က ဆရာ ပင်ပန်းမှာ စိုးလို့ပါ။ ဆရာနဲ့ တွဲလုပ်မယ့်သူက ပရုပြင်ရမယ်၊ စက်ခန်းထဲ ဝင်ရမယ်၊ ဘလောက်တိုက်ကို ပြေးရမယ်။ နောက်ပြီးတော့ ကိုသွေးသစ်က အရင်က မဂ္ဂဇင်းလုပ်ဖူးတဲ့ အတွေ့အကြုံလည်း မရှိဘူး'

မှန်ပါသည်။ မောင်သွေးသစ်တွင် မဂ္ဂဇင်း အတွေ့အကြုံ မရှိပါ။ မိုးကောင်းမြို့နယ် မဂ္ဂဇင်းကိုသာ သူ လုပ်ဖူးသည်။ ယင်းမဂ္ဂဇင်းကိုလည်း မောင်နေဝင်း၏ နေရီရီ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး ဖောင်ကိုင်သည့်အလုပ်ကို မိမိက ကူညီလုပ်ကိုင် ပေးခဲ့ပါသည်။

ထိုစဉ်က မဂ္ဂဇင်းအယ်ဒီတာ နာမည်ခံသူ အတော်များများသည်လည်း တည်းဖြတ်မှု အယ်ဒီတာများသာ ဖြစ်ပြီး စီစဉ်မှု အယ်ဒီတာများ နည်းပါးလှသည်။

မဂ္ဂဇင်းတစ်အုပ် သေသေသပ်သပ် ဖြစ်အောင် လုပ်ဆောင်တတ်သူ ရှားပါးလှသည်။

သို့သော် ထိုစဉ်က မဂ္ဂဇင်း အတတ်ပညာသည် အတော်ပင် လွယ်ကူလှသည်။ စီစဉ်သူ အယ်ဒီတာ (တာဝန်ခံ အယ်ဒီတာ၊ ဖောင်ကိုင်အယ်ဒီတာ၊ လေးအောက် အယ်ဒီတာ၊ မိတ်ကပ်အယ်ဒီတာ၊ အတ်အယ်ဒီတာ) သည် အယ်ဒီတာချုပ်မှ ပေးသော စာမူများကို သင့်လျော်သည့် ပန်းချီပုံနှင့် ခေါင်းစီးစာလုံးများ အပ်သည်။ ထို့နောက် ပုံနှိပ်စက်သို့ ပေးသည်။ စီပြီးသွားသော စာမူများကို ဘလောက်နှင့်တကွ စာမျက်နှာ ဖွဲ့ပေးရသည်။ (ဒမ္မီ ချပေးမည်။) စာမျက်နှာ စကောစက ဖြစ်နေလျှင် ဖြတ်ပစ်သည်၊ သို့မဟုတ် ညွှန်းသည်၊ သို့မဟုတ် ကြောင်းရေကိုက် ကဗျာတစ်ပုဒ်ကို ဖြည့်စာအဖြစ် ချပေးသည်။ ဤအလုပ်မျှကိုပင် အခက်အခဲ ဖြစ်နေတတ်ကြသည်။ ပန်းချီဆရာ ဆွဲပေးသောပုံကို ဘလောက်တိုက်သို့ပေးရန် အတိုင်း မဆွဲတတ်။ စီပြီးသား စာများနှင့် ဘလောက်များကို အဆင်ပြေအောင် မျက်နှာ မဖွဲ့တတ်။ အညွှန်းတွေက အများကြီး ဖြစ်နေတတ်သည်။ တစ်ခါမက နှစ်ခါ၊ သုံးခါထပ်ပြီး ညွှန်းကြရသည်။ အကြောင်းရေကိုက်သော ကဗျာလည်း မရှိလျှင် ဘာလုပ်ရမည် မသိတော့။ ဘလောက် အဟောင်းတွေကို ရှာပြီးဖြည့်သည်။

ကဗျာဆရာတစ်ယောက် အနားမှာရှိလျှင် ကဗျာဘယ်နှကြောင်းလောက် ရေးပေးစမ်းပါဟု ပြောတတ်သည်။ အင်္ဂလိပ်စာတတ်သော စာရေးဆရာတစ်ယောက် ကိုယ့်နားရောက်နေလျှင် ရီးဒါးဒိုင်ဂျက်စ်ထဲက ဖြည့်စာတစ်ခု ဘာသာပြန်ပေးစမ်းပါဟု ပြောတတ်သည်။ စာမျက်နှာတိုင်းတွင် နေရာကျပ်နေသည်အထိ ကြဲဖန်ပြီး လုပ်ဆောင်ကြသည်။

ထိုအချိန်က မိမိတို့လူစုသည် မဂ္ဂဇင်း စာမျက်နှာများကို အပြည့်အကျပ်ကြီး ဖြစ်မနေစေဘဲ အဖြူရောင်ကို ကစားသောနည်းကို အသုံးပြုနေကြပြီ ဖြစ်သည်။ ကဗျာကို အပြည့်အဖြစ် မသုံးဘဲ သီးသန့်နေရာလေးတွင် သုံးစွဲသည့်အလေ့ကို လုပ်ဆောင်နေပြီ ဖြစ်သည်။ အထူးသဖြင့် စာဖတ်သူများ အာရုံပျက်စေသော အညွှန်းစနစ်ကိုလည်း ဖျက်နေပြီ ဖြစ်သည်။ စာမူများကို အစအဆုံး စီပြီးမှ ရှေ့ရော၊ အလယ်ရော၊ အဆုံးရော နှစ်သက်သလို ပုံဖွဲ့ပြီးမှ ရိုက်နှိပ်သည့် စနစ်ကိုလည်း စမ်းသပ်နေပြီ ဖြစ်သည်။ ဘလောက်နေရာတွင် အော့ဖ်ဆက်ဖလင်ဖြင့် အစားထိုး ရိုက်နှိပ်နေပြီလည်း ဖြစ်သည်။

မည်သို့ဆိုစေ၊ ယခုအခါ ကွန်ပျူတာစနစ်ကို မျှော်မှန်းနေပြီ။ ကွန်ပျူတာနှင့် ခဲစာလုံးစီ စနစ်အကြား တစ်အုပ်လုံး အော့ဖ်ဆက်ဖြင့် ရိုက်နှိပ်သည့် ကြားကာလသို့ ရောက်နေပြီ ဖြစ်သော်လည်း၊ နိုင်ငံတကာတွင် အဆင့်မြင့် အတတ်ပညာတွေ ထွန်းကားနေသော်လည်း ....။

(ဤနေရာတွင် တစ်ခု ကြားဖြတ်ပြီး ပြောရလျှင် တစ်နေ့က နိုင်ငံခြား မဂ္ဂဇင်း တစ်ခု မိမိ ဖတ်ဖြစ်သည်။ ၁၉၉၁ ခုနှစ် ဧပြီလထုတ် ဖြစ်ပြီး၊ ဧပြီလထဲမှာပင် ဖတ်ရသဖြင့် တော်တော် စောစော ဖတ်ရသည်ဟု ဆိုနိုင်သည်။

မိမိတို့သည် နိုင်ငံတကာ အကြောင်းရပ်များကို သိလို၍ တစ်ကြောင်း၊ နိုင်ငံတကာမဂ္ဂဇင်း အတတ်ပညာကို သိရှိလို၍ တစ်ကြောင်း နိုင်ငံခြားမဂ္ဂဇင်းများကို ရတတ်သမျှ ရှာဖွေဖတ်ရှု ရပါသည်။ နိုင်ငံခြားသို့ သွားရောက်သူများ၊ နိုင်ငံခြားမှ လာရောက်သူများထံမှ စာအုပ်ရောင်းသူများက ကောက်ယူပြီး၊ မိမိတို့ကို တစ်ဆင့် ပြန်ရောင်းကြခြင်း ဖြစ်သဖြင့် စာအုပ်ဈေးနှုန်းများမှာလည်း ကြီးမြင့်လှပါသည်။ အချို့ မဂ္ဂဇင်းများသည် သုံးလေးငါးဆယ်မျှသာ ဖြစ်သော်လည်း အချို့မဂ္ဂဇင်းများဆိုလျှင် တစ်ရာ၊ တစ်ရာ့ငါးဆယ်မှ သုံးရာလောက်အထိ ပေးရပါသည်။

ထိုနေ့က မိမိဖတ်သော မဂ္ဂဇင်းမှာလည်း တစ်ရာ့ငါးဆယ် ပေးရပါသည်။ ယင်းမဂ္ဂဇင်းကို လွန်ခဲ့သော အနှစ် သုံးလေးဆယ်လောက်ကတည်းက မိမိ ဖတ်ခဲ့ဖူးသည်။ မိမိ၏ စာအုပ်စင်မှာပင် စာအုပ်အဟောင်းများ တစ်ထပ်ကြီး ရှိသည်။ သို့သော် နောက်ပိုင်းတွင် ယင်းမဂ္ဂဇင်းနှင့် အဆက်ပြတ်နေသည်မှာ ဆယ်နှစ်လောက် ရှိနေပြီ။ ယခု ပြန်လည်တွေ့ရှိရသောအခါ အရေးအသား၊ အပြင်အဆင်နှင့် မဂ္ဂဇင်း အတတ်ပညာများ အထူးပြောင်းလဲနေပြီ ဖြစ်သည်။ မဂ္ဂဇင်းမှာ အထူးလှ၍ အထူးပင် ချစ်စရာကောင်းနေသည်။

မဂ္ဂဇင်းကိုပြလျှင် ဆွဲယူပြီး ကြည့်ချင်သည်။ အထဲမှ စာများကို တွေ့လျှင် ဖတ်ချင်အောင် အပြင်အဆင်နှင့် အညွှန်းအပို့များကို အံ့သြဖွယ်ရာ လုပ်ဆောင်ထားသည်။

သည်မှာ မိမိတို့ နည်းယူစရာ တစ်ခု နှစ်ခုကို ပြောရလျှင် ယနေ့မဂ္ဂဇင်းများသည် အချို့ကလည်း ပုံများကို အဖုံးတွင် သုံးနေကြသည်။ ရုပ်ရှင်မင်းသမီး၊ အဆိုတော်မှ အရုပ်သူအထိပင် ဖြစ်သည်။ အချို့ပုံများမှာ အတော်ပင် လှပပြီး ရိုက်နှိပ်ထားသည်မှာလည်း အတန်ပင် စိုပြည်သည်ဟု ပြောနိုင်ပါသည်။ နိုင်ငံတကာမှာလို စက္ကူနှင့် ပုံနှိပ်စက်များ မကောင်းမွန်သေး၍သာ သူတို့လောက် မကောင်းကြောင်း ဖြစ်သည်။

သို့သော် မျက်နှာဖုံးအကြောင်း ဖော်ပြရာတွင်မူ သမားရိုးကျ အဆင့်တွင်သာ ရှိသေးသည်။ မျက်နှာဖုံးရှင်၏ အမည်၊ ဓာတ်ပုံဆရာ၏ အမည်နှင့် မိတ်ကပ် မည်သူ ဆိုသည်လောက်ကိုသာ ဖော်ပြပါသည်။

အဆိုပါ မဂ္ဂဇင်း၏ မျက်နှာဖုံး ဖော်ပြချက်ကို ကြည့်ပါ။

**မျက်နှာဖုံး အနုစိတ်**

လက်တီရှာ ဟယ်ရီယာ၏ မျက်နှာဖုံးပုံကို ကင်မစ်ဒယ်ဆန်က ရိုက်ကူးသည်၊ လက်တီရှာ၏ မျက်နှာကို မိတ်ကပ်ဆင်သူမှာ ဂူယာလင်း ဖြစ်သည်၊ မျက်နှာပြင်တွင် အခြေခံ ဖောင်ဒေးရှင်းက ဟယ်လိုလိုင်း နံပါတ် ၄၀၊ စပရေးပေါင်ဒါက ဟော်နယ်လိုင်း၊ အရောင်တင်ပေါင်ဒါက တိန္ဒိုရီ၊ အနီရောင်ပေါင်ဒါက မန်ဂီ၊ မျက်လုံးများတွင် အိုင်းရှဲဒိုး ပေါင်ဒါက အာရေဘာယ်နှင့် ဆေဘာယ်၊ အိုင်းလိုင်နာက တာဗက်၊ နှုတ်ခမ်းစုံပေါ်တွင် လစ်လိုင်နာက ရိုစ်၊ နှုတ်ခမ်းဆိုးဆေးက ဆစ်ကိုမျို၊ ဆံပင်မိတ်ကပ် လစ်တ်ဂျူး၊ အမှုအရာ ပြင်ဆင်ပြသသူ တယ်ရီလွှမ်းဘက်၊ အဝတ်အစား ဒစ်ဖျူဆန်။

မျက်နှာဖုံးပုံက ချစ်စရာလေးပါ။ မျက်နှာဖုံးကို မြင်တွေ့ရသူတစ်ဦးမှာ မျက်နှာဖုံးပုံ စာမှာ ဖော်ပြသည့်အတိုင်း အလုပြင်ချင်လှပါသည်။

အဆိုပါစာအုပ်မှာ အထူးခြားဆုံးကတော့ ရေမွှေးစက္ကူပါပဲ။ တစ်အုပ်လုံး မွှေးနေတာပါပဲ။ မိမိတို့ဆီမှာ ရေမွှေးဖိတ်စာသာ အသုံးပြုခါစပဲ ရှိပါသေးတယ်။

အဲဒီ မဂ္ဂဇင်းကို ကိုင်ပြီး ဖတ်နေတဲ့အခါ တသင်းသင်းကလေးပဲ မွှေးနေပါသည်။ မျက်နှာဖုံးရှင်ကလေးကပဲ မွှေးသလို၊ အတွင်းစာမျက်နှာများက အလှမယ်များက မွှေးသလိုလိုပါပဲ။ ဒါမှမဟုတ် မိမိ စာဖတ်နေချိန်မှာ အမွှေးနံ့သာခြယ်ထားတဲ့ မိန်းကလေး တစ်ယောက် မိမိအနားမှာ လာထိုင်နေသလို ခံစားနေရပါသည်။ ထားတော့။)

စာပေလုပ်သားကို မိမိတို့ တာဝန်ယူရသည့် အချိန်က ခဲစာလုံး၊ ဘလောက်တုံးနှင့် လက်တာပရက်စ် အဆင့်ပဲ ရှိပါသေးသည်။ ပေတံတစ်ချောင်းနှင့် တိုင်းထွာပြီး အော့ဖ်ဆက် ပုံကလေး အနည်းအပါးကူမှ အကြည့်မတန်ရုံပဲ ရှိပါသေးသည်။

သို့သော် မှောက်ထားသော ဖဲ တစ်ချပ်အောက်တွင် ဘာရှိသည်ကို တွက်ချက်နိုင်သူတစ်ဦးသည် ခဲစာလုံး၊ ဘလောက်နှင့် စာကြောင်းများကို တွက်တတ်ပြီး လုပအောင်ပြင်ဆင်ဖွဲ့စည်း နိုင်လိမ့်မည်ဟု မိမိ ယုံကြည်သဖြင့် မောင်သွေးသစ်ကိုသာလျှင် မိမိ ရဲရဲကြီး အာမခံခဲ့သည်။

မောင်သွေးသစ်ကလည်း လုပ်ကိုင်လိုကြောင်း အားတက်သရော ဆန္ဒပြုခဲ့သဖြင့် မိမိတို့သည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်အထိ **စာပေလုပ်သား**မဂ္ဂဇင်း၊ **မိုးဆေ** မဂ္ဂဇင်းတို့ကို လုပ်ဆောင်ခဲ့ပြီး အောင်ဖဆက်ခေတ်ကို အစပျိုးနိုင် ခဲ့ကြပါသည်။

သို့သော် ယင်းသို့ လုပ်ဆောင်ရာတွင် စိတ်ချမ်းမြေ့ရသည်များ ရှိသလို၊ မမျှော်လင့်ဘဲ စိတ်မချမ်းမြေ့ခဲ့ရသည်များလည်း ရှိပါသည်။

## ၄
## (က)

**စာပေလုပ်သား** မဂ္ဂဇင်းကို စီစဉ်မွမ်းမံကြရသောအခါ မောင်သွေးသစ်လည်း မိမိကဲ့သို့ပင် ကချင်လွယ်အိတ်နှင့် ....၊ လွယ်အိတ်ထဲတွင် ဒမ္မီစာအုပ်၊ ခဲတံ၊ ဘောပင် အနီအနက်၊ လက်သမားပေတံတို့နှင့် ဖြစ်လာတော့သည်။ ဖောင်ကိုင်အယ်ဒီတာ၏ လက်နက်ကိရိယာများပင် ဖြစ်တော့သည်။

ကတ်ကြေး၊ ကော်ဘူး၊ ပန်းချီဒီဇိုင်းတို့ကို ပြင်ဆင်ရန် ဆေးဘူး အဖြူ အနက်၊ ဖလင်တွင် ရေးမှတ်ရန် ကြိုးဆွဲခဲတံ အဖြူနှင့် ဖလင်ပိတ်ရန် အိုပက်၊ ဖလင်ခြစ်ရန် သံချွန်တို့လည်း စားပွဲအံဆွဲများတွင် အဆင်သင့်။

ပုံနှိပ် အတတ်ပညာ၊ စာနယ်ဇင်း အတတ်ပညာနှင့်ဆိုင်သော စာအုပ် လေးငါးအုပ်လည်း သူ့စားပွဲပေါ်တွင် အရန်သင့်။

ပထမတွင် **စာပေလုပ်သား** မဂ္ဂဇင်းကို ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အထူးထုတ်အဖြစ် စတင် ထုတ်ဝေသည်။

ပြီးမှ အမှတ် ၁ ကို ၁၉၈၁ ခုနှစ် ဧပြီလတွင် ထုတ်ဝေသည်။

မိမိ တွက်ဆထားသည့် အတိုင်းပင် မောင်သွေးသစ်သည် **စာပေလုပ်သား** မဂ္ဂဇင်း အထူးထုတ်မှာပင် ပုံနှိပ် အတတ်ပညာနှင့် စာနယ်ဇင်း အတတ်ပညာ အခြေခံတို့ကို သဘောပေါက် နားလည်သွားသည်။

စာနယ်ဇင်း အတတ်ပညာမှာ အနုပညာ လုပ်ငန်းရပ် တစ်ခုလိုပင် စိတ်ကူးကြံဆပြီး တီထွင်ဖန်တီးသွားရသည့် လုပ်ငန်းတစ်ခု ဖြစ်သဖြင့် ရှေ့အဖို့တွင်ကား မိမိ အားထုတ်နိုင်သည်နှင့်အမျှ မိမိ၏မဂ္ဂဇင်း လှပသပ်ရပ်နေမည် ဖြစ်ပါသည်။

မောင်သွေးသစ်အဖို့ တစ်ခု ကံကောင်းသည်မှာ မိမိတို့ လုပ်ကိုင်ရသော ရွှေပြည်စိုး ပုံနှိပ်တိုက်တွင် နှစ်ရောင် တစ်ပြိုင်တည်း ရိုက်နှိပ်သော ပုံနှိပ်စက်ကြီး ရှိသည်။

ယင်းစက်မျိုး ပုဂ္ဂလိကများလက်တွင် ရှိသည်ဟု ယခုအထိ မကြားမိသေး။

စာဖောင်အနက်နှင့် ဘလောက်အရောင်ဖောင်ကို တစ်ပြိုင်တည်း ရိုက်နှိပ်ရသဖြင့် မိမိလိုချင်သည့် အနေအထားကို စိတ်ကြိုက် ပြင်ဆင်ရသည်။ သို့သော်....

မောင်သွေးသစ်သည် မဂ္ဂဇင်းစာအုပ် ဖြစ်လာအောင် စီစဉ်ရသည့် ပုံစံချလုပ်ငန်း (Lay-Out)၊ ပြင်ဆင်သည့်လုပ်ငန်း (Make-Up)၊ ပုံနှိပ်ခြင်း၊ ဘလောက်၊ ဖလင်တို့တွင် စိတ်ပါဝင်စားခြင်းရှိပြီး ကြိုးစားလုပ်ကိုင်သော်လည်း တစ်လ၊ နှစ်လမျှ ရှိသောအခါ အားမလို အားမရသည့် အမှုအရာများ ဖြစ်ပေါ်လာသည်။

အကြောင်းမှာ စာမူရွေးချယ် တည်းဖြတ်မှုတွင် ဘာမျှ လုပ်ပိုင်ခွင့် မရှိသောကြောင့်ပင် ဖြစ်သည်။

စာပေလုပ်သားအဖွဲ့မှ ချပေးလိုက်သော စာမူအချို့ကို သူ ဘဝင်မကျဟန်ရှိသည်။ သူနှင့် အယူအဆ အတွေးအခေါ် မကိုက်ညီသောကြောင့်ပင် ဖြစ်သည်။

အထူးသဖြင့် ကဗျာများကို သူ မျက်စောင်းထိုးနေသည်။

ကဗျာ အများစုသည် အကြောင်းအရာပိုင်းတွင်ရော၊ ရေးဖွဲ့ဟန်တွင်ရော မိုးဝေကဗျာ သို့မဟုတ် ခေတ်ပေါ်ကဗျာများနှင့် ခြားနားလှသည်။

မိမိက သူ့ကို ဖျောင်းဖျရသည်။

'စာမူကိစ္စကတော့ ကိုယ်တို့ ဘာမှ မတတ်နိုင်ဘူး။ ကိုယ်တို့မှာ ဘာအခွင့်အာဏာမှ မရှိဘူး၊ သူတို့ပေးတာ ထည့်ရုံပဲ။ ကိုယ်တို့အလုပ်က မဂ္ဂဇင်းဖြစ်အောင် လုပ်ပေးဖို့ပဲ၊ ကိုယ်လည်း သူတို့ကို ကြိုတင်ပြောထားတဲ့အတိုင်း ကြာကြာလုပ်မှာ မဟုတ်ဘူး။ လွှဲလို့ရတဲ့အချိန်မှာ လွှဲပေးလိုက်မှာပဲ။ ဒီအတွင်းမှာ မဂ္ဂဇင်းအတတ်ပညာကို မောင်ရင် တတ်အောင် လုပ်ထားပေါ့၊ တကယ်လို့ မောင်ရင် ဆက်လုပ်မယ် ဆိုရင်လည်း မောင်ရင်နဲ့ ကိုယ် လွှဲထားခဲ့မှာပဲ'

'ကျွန်တော်လည်း ဦးနတ် မရှိရင်တော့ မလုပ်ချင်ဘူး။ ဦးနတ်ဆီက ပညာရအောင် လုပ်နေတာပဲ။ အခုနေ ကိုယ့်ဟာကိုယ် မဂ္ဂဇင်းတစ်ခု ထုတ်ရရင် သိပ်ကောင်းမှာပဲ၊ စာမူတွေကို ကျွန်တော်တို့ စိတ်ကြိုက်ပဲ ရွေးထည့်ချင်တယ်'

(၁)

ဒီအချိန်မှာပင် မိုးဝေ မဂ္ဂဇင်းကို ပြန်လည်လုပ်ကိုင်ရန် အကြောင်းဖန်လာသည်။ မေလ တစ်မနက်တွင် မိမိအိမ်သို့ ကိုမိုးဝေ၏ ဇနီးနှင့် သမီးတို့ ရောက်ရှိလာကြသည်။

ထိုစဉ်က မိုးဝေမဂ္ဂဇင်း၏ အခြေအနေကို ပြောပြပြီး မိမိကို ပြန်လည် လုပ်ကိုင်ပေးပါရန် ပြောကြားသည်။

မိမိသည် ကိုမိုးဝေနှင့် ပတ်သက်ပြီး တာဝန်ရှိသည်ဟု ယူဆ၍ တစ်ကြောင်း၊

မိမိ တည်ထောင်ခဲ့သော စာပေမဂ္ဂဇင်းတစ်စောင်ကို သံယောဇဉ်ရှိသည်က တစ်ကြောင်း တို့ကြောင့် လက်ရှိအယ်ဒီတာအဖွဲ့နှင့် ပြေပြေလည်လည် ကင်းကင်းပြတ်ပြတ် ရှိလျှင် လုပ်ပေးမည်ဟု ပြောလိုက်သည်။

လက်ရှိ အယ်ဒီတာအဖွဲ့က အချိန်မရွေး လွှဲပြောင်းပေးမည်ဟု ဆိုသဖြင့် ဇွန်လမှ စတင်လုပ်ကိုင်ရန် သဘောတူလိုက်သည်။

**မိုးဝေ** မဂ္ဂဇင်းကို ပြန်လည်လုပ်ကိုင်ရာတွင် မိမိတို့စိတ်ကြိုက် လုပ်ကိုင်နိုင်ရန် အတွက် ငွေရေးကြေးရေးမှစပြီး တည်းဖြတ်ထုတ်လုပ်မှုအထိ အလုံးစုံကို မိမိကိုယ်တိုင် လုပ်ကိုင်ရန် ဆုံးဖြတ်မိသည်။

အကယ်၍ မောင်သွေးသစ်ကပါ လုပ်ကိုင်လိုလျှင် သူနှင့် နှစ်ယောက်အတူ လုပ်ရန် ဖြစ်သည်။

အကယ်၍ သူက ငွေရေးကြေးရေးအပိုင်းတွင် မပါလိုဟုဆိုလျှင် သူ့ကို အယ်ဒီတာ အဖြစ်သာထားရန် ဖြစ်သည်။ ဒီအကြောင်းကို သူနှင့် ညှိနှိုင်းတိုင်ပင်ရမည် ဖြစ်သည်။

ထို့ပြင် မိမိတို့သည် မဂ္ဂဇင်းနှစ်စောင်၏ တာဝန်ကိုလည်း ယူနိုင်မည် မဟုတ် သဖြင့် **စာပေလုပ်သားကို** ပြန်အပ်ရမည်။

မိမိ **မိုးဝေ** လုပ်သည့်ကိစ္စကို ဦးသိန်းလွင်အား အဦးဆုံး အသိပေး တိုင်ပင် ရမည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုနေ့နံနက်က ဒေါ်ခင်ညွန့်တို့ ပြန်သွားသောအခါ မိမိသည် **မိုးဝေ**နှင့် **စာပေ လုပ်သား** ကိစ္စကို ကိုမင်းကျော်နှင့် မောင်နေဝင်းတို့ထံ ဖုန်းဆက်ပြီး အသိပေးလိုက် သည်။

ထို့နောက် မောင်သွေးသစ်နှင့် ဦးသိန်းလွင်တို့အား အသိပေး တိုင်ပင်ရန် မြို့ထဲသို့ ထွက်လာသည်။

**ချင်းတွင်းတိုက်**သို့ ရောက်သောအခါ မောင်သွေးသစ်ကို မတွေ့ရပါ။ ပုံနှိပ်တိုက် က ဖုန်းဆက်သဖြင့် သွားနှင့်ပြီဟု ဆိုသည်။ **ချင်းတွင်းတိုက်**တွင် အရောင်ရိုက်သည့် အော့ဖ်ဆက် ပုံနှိပ်စက်သာရှိသဖြင့်၊ စာသားရိုက်သည့်အလုပ်ကို ကျောက်မြောင်းရှိ ရွှေပြည်စိုးပုံနှိပ်တိုက်တွင် ရိုက်နှိပ်ရပါသည်။

ထုံးစံအတိုင်းဆိုလျှင် မိမိနှင့် မောင်သွေးသစ်တို့သည် ချင်းတွင်းတိုက်သို့ အရင် သွားပြီး၊ ထိုကမှတစ်ဆင့် ညနေဘက်တွင် ရွှေပြည်စိုးသို့ ကူးကြပါသည်။

အလုပ် အရေးကြီးသည့်အခါတွင် မောင်သွေးသစ်က အရင်သွားနှင့်ပါသည်။

အမှန်မှာ **မိုးဝေ** ကိစ္စကို သူနှင့် အရင်တိုင်ပင်ရန် ဖြစ်သည်။

ပြီးမှ ဦးသိန်းလွင်ကို အသိပေးရန် ဖြစ်သည်။ သို့သော် ထိုနေ့က တိုက်မှာ သူ မရှိသဖြင့် ဦးသိန်းလွင်ကို အရင်ပြောရန် ဖြစ်တော့သည်။

ရာပြည့်စာအုပ်တိုက်

မိမိ ရောက်သွားချိန်တွင် ဦးသိန်းလွင်နှင့်အတူ စာရေးဆရာ ကိုတင်စိုး ရှိနေသည်။ ကိုတင်စိုးမှာ ထိုစဉ်က ရုပ်ရှင်အစည်းအရုံး အမှုဆောင်တစ်ဦးဖြစ်ပြီး ရုပ်ရှင်မဂ္ဂဇင်း ကော်မတီ တာဝန်ခံတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ချင်းတွင်းသို့ နေ့စဉ်လိုလာရောက်တတ်သည်။

ကိုတင်စိုးသည် ကိုမိုးဝေနှင့်ရော၊ မိမိနှင့်ရော ရင်းနှီးသူဖြစ်ပြီး **မိုးဝေ** မဂ္ဂဇင်းအကြောင်းကို သူလည်း ဦးစွာ သိသင့်သူတစ်ဦး ဖြစ်သဖြင့် ....

'ဦးသိန်းလွင် အားသလား၊ လက်ဖက်ရည်ဆိုင် ခဏသွားရအောင်၊ ပြောစရာတစ်ခုရှိတယ်။ ကိုတင်စိုးလည်း လိုက်ခဲ့ပါ၊ ခင်ဗျားလည်း ဒီကိစ္စ သိသင့်ပါတယ်'

မိမိတို့ သုံးယောက် လှူရှင်းသော လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ သွားကြသည်။ ဗိုလ်ချုပ်လမ်း မြောက်ဘက်က ကာကာဆိုင် ဖြစ်သည်။

ဆိုင်သို့ ရောက်သည်နှင့် မိမိက ....

'မနက်က ဒေါ်ခင်ညွန့်တို့ သားအမိ အိမ်ကို လာတယ်၊ **မိုးဝေ** ကို ပြန်လုပ်ပေးဖို့ ပြောတယ်၊ ကျွန်တော် လက်ခံလိုက်တယ်။ အဲဒါ အခု ဦးသိန်းလွင်ကို ပြောတာပဲ'

ဦးသိန်းလွင်က မဆိုင်းမတွပင် ....

'ကောင်းတာပေါ့၊ **မိုးဝေ**ကို ဆရာ လုပ်ပေးရမှာပဲ။ ဆရာလုပ်ရင် ကျွန်တော်တို့လည်း ဝိုင်းလုပ်ပေးရမှာပေါ့'

သည်တွင် လမ်းကြောင်းပြောင်းသွားသည်။ မိမိက **မိုးဝေ** လုပ်သည့်အတွက် **စာပေလုပ်သား**ကို ပြန်အပ်ရန် စိတ်ကူးသော်လည်း၊ ယခု ဦးသိန်းလွင် ပြောသည်က **မိုးဝေ**ကို သူ လုပ်မည်ဟု။

**မိုးဝေ**ကို ဦးသိန်းလွင် လုပ်မည်ဆိုလျှင်၊ ချင်းတွင်းက လုပ်မည်ဆိုလျှင် ကောင်းတာပဲဟု မိမိ ချက်ချင်း ဆုံးဖြတ်လိုက်ပါသည်။

မိမိတို့တွင် ဝန်ပေါ့သွားသည်ဟု ယူဆလိုက်သည်။ ထုတ်ဝေရေးလုပ်ငန်းကို မိမိ ဘယ်တုန်းကမှ မလုပ်ချင်ပါ။ အယ်ဒီတာအလုပ်ကိုသာ စိတ်ဝင်စားပါသည်။

**မိုးဝေ**ကိစ္စ ပြီးပြတ်သွားသော်လည်း **စာပေလုပ်သား** ကိစ္စကိုမူ မိမိ ဈေးဆစ်ကြည့်သေးသည်။

'ကျွန်တော်တို့ **မိုးဝေ** လုပ်ရင် **စာပေလုပ်သား**ကိုတော့ လုပ်နိုင်မှာ မဟုတ်ဘူး၊ တခြား တစ်ယောက်ယောက်ကို လွှဲပေးမှ ဖြစ်မယ်'

'ဟာ ဘယ်ဖြစ်မှာလဲ၊ **စာပေလုပ်သား**လည်း ဆရာတို့ လုပ်မှပေါ့။ **မိုးဝေ**ကိုရော၊ **စာပေလုပ်သား**ရော ဆရာတို့ပဲ လုပ်ပါ'

ယင်းသို့ဖြင့် မိမိတို့သည် မဂ္ဂဇင်းနှစ်ခု တွဲကိုင်ရသည့် အဖြစ်သို့ ရောက်သွားသည်။

မိုးဝေကို မိမိတို့ ဇွန်လမှစပြီး တာဝန်ယူသည်။ စာပေလုပ်သားက ဇွန်လတွင် အမှတ် ၃ ....။

သို့သော် စာပေလုပ်သား အမှတ် ၅ ထုတ်ဝေပြီးသောအခါ မဂ္ဂဇင်းလုပ်ငန်းကို စာပေအဖွဲ့အစည်းမှသာ တာဝန်ယူမည်ဆိုပြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေလုပ်သား အဖွဲ့က လွှဲပြောင်းတာဝန်ယူသွားသည်။ မိုးဝေမဂ္ဂဇင်း တစ်ခုတည်းကိုသာ မိမိတို့ လုပ်ဆောင်ရတော့သည်။

(ဂ)

မိုးဝေ မဂ္ဂဇင်းကို တည်းဖြတ်ထုတ်ဝေကြသောအခါ မောင်သွေးသစ်သည် ရွေးချယ် တည်းဖြတ်မှု အပိုင်းကိုပါ မိမိနှင့်အတူ တွဲဖက်တာဝန်ယူရသည်။

နာမည်ရှိပြီး စာရေးဆရာများ၏ စာမူနှင့် ဆောင်းပါးများကို မိမိ တာဝန်ယူပြီး ဖတ်သည်။

ကလောင်သစ်များနှင့် ကလောင်လတ်များ၏ ဝတ္ထုများနှင့် ကဗျာကို သူ ဖတ် သည်။

သူ့အနေနှင့် သင့်တင့်သည်ဟု ထင်သော စာမူများကိုမှ မိမိ ထပ်ပြီးဖတ်သည်။ သူ ရွေးချယ်သော စာမူများကို မိမိကလည်း ရွေးချယ်လျှင် ဘာမှ ပြောစရာ မလိုပါ။

သို့သော် သူ ပဏာမ ရွေးချယ်လိုက်သော စာမူများကို အကြောင်းအမျိုးမျိုး ကြောင့် ဖယ်ရန်ရှိသော အခါတွင်ကား သူနှင့် ဆွေးနွေးညှိနှိုင်းရသည်။

အထူးသဖြင့် ကဗျာ ရွေးချယ်မှုနှင့် ပတ်သက်ပြီး လစဉ်လိုပင် ဆွေးနွေးကြရ သည်။

ကဗျာများကို ရွေးချယ်ရာတွင် စာပေ စိစစ်ရေးမူနှင့် ညီ မညီလည်း ကြည့်ရ သည်။ မဂ္ဂဇင်း မူဝါဒနှင့် ကိုက် မကိုက်လည်း ကြည့်ရသည်။ ကဗျာ အရည်အသွေး ကောင်း မကောင်းလည်း ကြည့်ရသည်။ မိမိတို့၏ မဂ္ဂဇင်းသို့ အစဉ်တစိုက် ရေးသား ပေးပို့နေသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဖွံ့ လုံ့လအတွက်လည်း ထည့်သွင်းစဉ်းစား ကြရသည်။

တစ်လ တစ်လတွင် ကဗျာရွေးချယ်ရခြင်းသည် ကဗျာဆွေးနွေးပွဲတစ်ခု ပြုလုပ် ရသလိုပင် ဖြစ်သည်၊ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ မောင်သွေးသစ်သည် သူ ကိုယ်တိုင် က ကဗျာဆရာတစ်ဦး ဖြစ်သဖြင့် ကဗျာရွေးချယ်သည့် လုပ်ငန်းတွင် အထူး စိတ်ဝင်စားမှု၊ အားထုတ်မှု ရှိသည်။

အချို့သော ကဗျာများအတွက် မိမိနှင့် အကြိတ်အနယ် ငြင်းခုံခြင်း ပြုတတ်

သည်။ သို့သော် သူကိုယ်တိုင် ရေးသားသော ကဗျာနှင့် ပတ်သက်လျှင်ကား မိမိ၏ အဆုံးအဖြတ်ကိုသာ လိုက်နာလေ့ရှိသည်။ စောဒကတက်ခြင်း လုံးဝ မရှိပါ။

သူသည် ကိုယ့်မဂ္ဂဇင်းအတွက် ကိုယ် လွတ်လွတ်လပ်လပ် ရေးဖွဲ့ရသဖြင့် ထိုစဉ်က သူ၏ကဗျာများသည် အသက်ဝင်လှုပ်ရှားလျက် ရှိသည်။ အချုပ်အနှောင်မဲ့ လွင့်တက်လျက် ရှိသည်။ သူ၏ ခရီးသွားကဗျာများသည် ထိုကာလက ပေါက်ဖွား ရှင်သန်ခဲ့ခြင်းပင် ဖြစ်သည်။

သို့သော် သူသည် **မိုးဝေ** အယ်ဒီတာစားပွဲကို ဖြတ်သန်းရင်း ကဗျာဆရာတစ်ဦး အဖြစ်၊ အယ်ဒီတာတစ်ဦးအဖြစ် ရင့်ကျက်ခဲ့ရသလို ခါးသီးသော အတွေ့အကြုံများကို လည်း တွေ့ကြုံရပါသည်။

ရံဖန်ရံခါတွင် ပြင်းထန်သော လှိုင်းဒဏ်၊ လေဒဏ်တို့ကိုလည်း ခံရပါသည်။ ထိုအခါ မိမိတို့နှင့် လက်တွဲဖြုတ်သွားပြီဟုပင် ထင်မှတ်ရပါသည်။

အယ်ဒီတာဘဝတွင် ကောင်းသည်များ ရှိသလို၊ မကောင်းသည်များလည်း အများကြီး ရှိချေသည် မဟုတ်ပါလား။

## ၅

မိမိနှင့် မောင်သွေးသစ်တို့ အယ်ဒီတာစားပွဲကို ဖြတ်သန်းရင်း ရရှိခဲ့သော ခါးသီးသော အတွေ့အကြုံများအကြောင်း မပြောခင် မြန်မာပြည်က မဂ္ဂဇင်းများအကြောင်း၊ မြန်မာ မဂ္ဂဇင်း အယ်ဒီတာများအကြောင်းကို အရင်ပြောလျှင် ကောင်းမည်ဟု ထင်သည်။ အကြောင်းမှာ မိမိတို့သည် မလွှဲမရှောင်သာ မြန်မာပြည်မှာ မဂ္ဂဇင်း အယ်ဒီတာများ ဖြစ်ကြရသောကြောင့်တည်း။

သူတို့ဆီမှာက အယ်ဒီတာချုပ်ပြီးလျှင် အယ်ဒီတာ၊ အုပ်ချုပ်မှု အယ်ဒီတာ၊ လက်ထောက် အုပ်ချုပ်မှု အယ်ဒီတာများ၊ အတ်ဒါရိုက်တာ၊ ဓာတ်ပုံ အယ်ဒီတာ၊ အထက်တန်း အယ်ဒီတာ၊ အကူအညီ အယ်ဒီတာ၊ သတင်းပေးပို့သူ၊ သုတေသနမှူး ဆိုတာတွေအပြင် သူတို့ကို ကူညီသည့် အဖွဲ့ဝင်တွေ တစ်လှေကြီးပင်။

ဒီမှာက အယ်ဒီတာချုပ်ပဲ ခေါ်ခေါ်၊ တာဝန်ခံ အယ်ဒီတာပဲ ခေါ်ခေါ်၊ ဖောင်ကိုင် အယ်ဒီတာပဲ ခေါ်ခေါ် စာမူ တောင်းရသည်။ စာမူ ဖတ်ရသည်။ စာမူ ရွေးရသည်။ စာမူ ပယ်ရသည်။ (အဲဒီအခါမှာ စာမူရှင်တွေဆီကို စာပြန်ရသည်။ ဒါမှမဟုတ် တိုက်မှာ လာ ပေးသည့် စာမူရှင်တွေနှင့် ဆွေးနွေးရသည်။ ငြင်းရသည်။ တစ်ခါတလေ ရန်ဖြစ် ရသည်။) ပြီးတော့ ပန်းချီအပ်ရသည်။ ဒီဇိုင်း အပ်ရသည်။ (အဲဒီမှာလည်း ခရီးယာယီရှိရင် ပန်းချီဆရာအိမ်သို့ အခေါက် နှစ်ဆယ်လောက် သွားရသည်။) ရလာသည့် ပန်းချီကို အတိုင်းဆွဲရသည်။ ဘလောက်တိုက်ကို သွားပို့ရသည်။ ဘလောက် ပြီးရင် ဘလောက်

တိုက်က ပြန်ယူရသည်။ အရောင်ဖောင် ဒမ္မီချရသည်။ ပြီးရင် အရောင်ရိုက်သည့်စက်ကို သွားပို့ရသည်။ နံ့သာရောင်နှင့် ရိုက်ရမည်ကို နနွင်းရောင်နှင့် မရိုက်အောင် စက်သမားနဲ့ ညှိနှိုင်းရသည်။ အဖြူသား ချန်ချင်တာ၊ ဒါမှမဟုတ် အနားသား ညီညီညာညာ ပြတ်သွားတာရဖို့ အတွက် စောင့်ကြည့်ရသည်။ မီးမလာရင် မီးလာဖို့ ဆုတောင်းရသည်။ ပြီးရင် စာအုပ်ချုပ် ဌာနကို ပြေးရသည်။ နမူနာစာအုပ်ကို စာမျက်နှာ မှန် မမှန်၊ အနေအထား မှန် မမှန် ကြည့်ရသည်။ ပြီးရင် စာပေ စိစစ်ရေးမှာ စာအုပ် သွားတင်ရသည်။ အစည်းအဝေးက ခွင့်ပြုချက် ရပြီဆိုရင် ကုန်သွယ်ရေးကို သွားရသည်။ ဂိုဒေါင်မှာ စာအုပ် သွားစစ်ရသည်။ နောက်ဆုံးမှာ မန္တလေးကို ညနေရထားနှင့် မီအောင် ပို့ဖို့၊ စာတိုက်မှာ အချိန်မီ ပို့နိုင်ဖို့၊ ရန်ကုန်ကို အချိန်လုပြီး ဖြန့်နိုင်ဖို့ လုံးပန်းရသည်။ ပြီးရင် စာအုပ်လက်ဆောင် လာတောင်းသည့် စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ ကာတွန်းဆရာတွေ၊ အားပေးသူတွေကို စာအုပ်လက်ဆောင် ပေးရသည်။

ထုတ်ဝေသူက ဖောင် မစုံတဲ့ စာအုပ်တွေ၊ မျက်နှာဖုံး အစုတ်တွေ ပေးထားရင် စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ ကာတွန်းဆရာတွေနှင့် ရန်ဖြစ်ရသည်။ စာမူခကို တစ်ခါတည်း မပေးနိုင်ရင် ရက်ချိန်းပေးရသည်။ ရက်ချိန်းသည့်နေ့မှာ မပေးနိုင်ရင် တောင်းပန်ရသည်။ တစ်ချိန်တည်းမှာပဲ နောက်လ၊ နောက်လတွေအတွက် ကြိုပြီးလုပ်နေရသည်။ အိမ်က မိန်းမက လခ ဘယ်တော့ရမလဲမေးရင် ထုတ်ဝေသူ မန္တလေးသွားတယ်၊ ဒါမှမဟုတ် စာတိုက်မှာ နယ်ကပိုက်ဆံတွေ မရောက်သေးဘူးဟု အထစ်အငေါ့မရှိ ပြောတတ်ရမည်။ ကဲ .... ကဲ နောက်ထပ်လည်း အယ်ဒီတာ အတတ်ပညာတွေ အများကြီး ကျန်ပါသေးသည်။

နောက်ပြီးတော့ မဂ္ဂဇင်းများအကြောင်းနှင့် အယ်ဒီတာများအကြောင်း ပြောလျှင် ထုတ်ဝေသူများအကြောင်းလည်း ထည့်ပြောမှ ပြည့်စုံမည်ထင်သည်။ အကြောင်းမှာ မိမိတို့သည် ထုတ်ဝေသူများနှင့် ကင်းလွတ်နိုင်ကြမယ် မဟုတ်ပါ။

အမှန်တော့ စာနယ်ဇင်း လုပ်ငန်းတွင် ရေးသူများ၊ တည်းဖြတ်သူများ ရှိသလို စီမံအုပ်ချုပ်သူများနှင့် ငွေရှင်၊ ကြေးရှင် ထုတ်ဝေသူများလည်း ရှိရမည် ဖြစ်သည်။ မည်သည့် လုပ်ငန်းမဆို ငွေရှင် ကြေးရှင်နှင့် အတတ်ပညာရှင်များ ပူးပေါင်း လုပ်ဆောင်ကြရသည် မဟုတ်ပါလား။

သို့ရာတွင် မြန်မာနိုင်ငံမှ မဂ္ဂဇင်း အယ်ဒီတာများတွင် ထူးခြားသော ဝိသေသများ ရှိသလို၊ မြန်မာထုတ်ဝေသူ ဆိုသူများတွင်လည်း ထူးတာ ဆန်းတာတွေ အများကြီး ရှိပါသည်။

အထူးသဖြင့် မိမိတို့ဆီက ထုတ်ဝေသူများသည် ငွေရှင် ကြေးရှင် သို့မဟုတ် လုပ်ငန်းရှင် မပီသကြခြင်းပင် ဖြစ်သည်။

ငွေရှင်ကြေးရှင် မပီသကြခြင်း ဆိုသည်ကတော့ လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန် ငွေရင်း ကြေးရင်း မပြည့်စုံခြင်းကို ဆိုလိုပါသည်။ စောစောပိုင်းကဆိုလျှင် ထုတ်ဝေသူဆိုသူများသည် စာအုပ် ရောင်းချသူများ သို့မဟုတ် စာအုပ် ထုတ်ဝေရေးနှင့် နီးစပ်သော လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရင်း ငွေကြေး အနည်းငယ် ရှိလာသဖြင့် ထုတ်ဝေသူအဖြစ် တိုးချဲ့လုပ်ကိုင်လာခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် ငွေကြေး အသင့်အတင့် ရှိသူများ ထုတ်ဝေရေး လောကသို့ ဝင်ရောက်လာကြသော်လည်း လုပ်ငန်းရှင် မပီသကြပါ။ ၎င်းတို့သည် ထုတ်ဝေရေးလုပ်ငန်းကို နားလည်၍လည်းကောင်း၊ စိတ်ဝင်စား၍လည်းကောင်း ဝင်ရောက်လာကြခြင်း မဟုတ်ဘဲ ထုတ်ဝေရေးလုပ်ငန်း အကျိုးရှိသည်ဟု နားစွန်နားဖျားကြား၍သော်လည်းကောင်း၊ တခြားလုပ်ငန်း လုပ်စရာမရှိ၍ တစ်ကြောင်းတို့ကြောင့် ရောက်လာကြခြင်း ဖြစ်သည်။

များသောအားဖြင့် မိမိတို့ဆီက ထုတ်ဝေသူများသည် စာပေဝါသနာပါ၍ သော်လည်းကောင်း၊ ထုတ်ဝေရေးလုပ်ငန်းနှင့် ဆက်နွှယ်သော စာအုပ်ဆိုင်၊ ပုံနှိပ်တိုက် စသည်တို့ကို လုပ်ကိုင်နေမိလျှင် သော်လည်းကောင်း၊ ငွေကြေးအနည်းငယ်ရှိပြီး အခြား လုပ်စရာ လုပ်ငန်းမရှိ၍ သော်လည်းကောင်း ဖြစ်ပါသည်။

သို့ဖြင့် မိမိတို့၏ ထုတ်ဝေသူများတွင် အရင်းအနှီး မပြည့်စုံခြင်း၊ လုပ်ငန်း အတွေ့အကြုံ မရှိခြင်း စသည့် ချို့ယွင်းချက်များ ရှိတတ်ကြပါသည်။ တကယ်တော့ အယ်ဒီတာ တစ်ယောက်သည် မဂ္ဂဇင်းတစ်စောင်၏ ပုံစံကို သွန်းလောင်းရသည်။ လမ်းကြောင်းကို တီထွင်ရသည်။ ရုပ်လုံးပေါ်အောင် ဖော်ဆောင်ရသည်။ သူ့တွင် စိတ်ကူးစိတ်သန်းတွေ အများကြီးရှိရသည်။ သို့မဟုတ်လျှင် ထုတ်ဝေသူ၏ ငွေရင်းငွေနှီးကို ရေထဲသို့ သွန်ပစ်နေသူ တစ်ဦးသာ ဖြစ်ပါမည်။ သို့သော် အယ်ဒီတာတွင် အဘယ်မျှ စိတ်ကူးတွေ ကောင်းစေ၊ အတတ်ပညာတွေ အဘယ်မျှပင် ကြွယ်ဝစေ၊ သူ လုပ်ချင်သည်များကို အကောင်အထည်ပေါ်အောင် ထုတ်ဝေသူက ငွေရေးကြေးရေးနှင့် အခြား လိုအပ်ချက်များကို ဖြည့်ဆည်း မပေးနိုင်လျှင် သူ၏ စိတ်ကူးများသည် နွေလယ်ည အိပ်မက်များသာ ဖြစ်ပေလိမ့်မည်။

တစ်နေ့က မိတ်ဆွေတစ်ယောက်နှင့် တွေ့သည်။ သူ့လက်ထဲမှာ မဂ္ဂဇင်း တစ်အုပ် ကိုင်လာသည်။ သူက–

'ကြည့်စမ်းပါဦးဗျာ၊ စုတ်ပြတ်နေတာပဲ။ ဒါလောက်ညံ့တဲ့ မဂ္ဂဇင်းမျိုး ကျွန်တော် မတွေ့ဖူးဘူး'

ထိုနောက် အယ်ဒီတာနာမည်ကို ပြောပြီး–

'ဒီလူ ဒါလောက် မညံ့ပါဘူး၊ သူ လုပ်တတ်ပါတယ်။ ........မဂ္ဂဇင်းမှာ လုပ်လာ

တာပဲ၊ အခုမှ ဘယ်လိုဖြစ်သွားရတာလဲ။ မဂ္ဂဇင်း ထွက်ရက်ကလည်း လဝက်ကျိုးနေပြီ၊ အရောင်တွေကလည်း ညံ့လိုက်တာ'

ထိုအခါ မိမိက–

'မဂ္ဂဇင်းဆိုတာ အယ်ဒီတာ လုပ်ချင်တိုင်း လုပ်လို့ရတာ မဟုတ်ဘူး၊ ထုတ်ဝေသူ ရှိသေးတယ်'

စာမူခ ထိုက်ထိုက်တန်တန်ပေးမှ စာမူကောင်းကောင်း ရမည်။ အားနာလျှင် သော်လည်းကောင်း၊ ခင်မင်မှုကြောင့် သော်လည်းကောင်း ရေးပေးလျှင် အလွန်ဆုံး တစ်လ နှစ်လပေါ့။ ပန်းချီဆရာ၊ ကာတွန်းဆရာများလည်း သည်အတိုင်းပဲ ဖြစ်ပေမည်။ သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်သည်။

ထုတ်ဝေသူက နောက်က ငွေလိုက်နိုင်မှ အရောင်ကောင်းကောင်း ခွဲနိုင်မည်။ ပုံနှိပ်စက် ကောင်းကောင်းမှာ ရိုက်နိုင်မည်။ အချိန်မှန်မှန် ထွက်နိုင်မည်။ ဈေးသက်သာသည့် နေရာ၊ အကြွေးရသည့် နေရာတွင် ရိုက်နှိပ်ရလျှင် မည်သို့ ကောင်းနိုင်ပါမည်နည်း။

အယ်ဒီတာ၏ စိတ်ကူးများကို ထုတ်ဝေသူက အကောင်အထည် မဖော်နိုင်လျှင် အယ်ဒီတာ နာမည်ပျက်ရုံသာ ရှိမည်။

မောင်သွေးသစ်နှင့် မိမိတို့၏ အဖြစ်တစ်ခုကို ရယ်စရာပြောရလျှင် တစ်ကြိမ်က ထုတ်ဝေသူ တစ်ဦးနှင့် မိုးဝေကို လုပ်ကိုင်နေကြစဉ်တွင် ဖြစ်သည်။

သည်တုန်းက အရောင်ဖောင်များ ရိုက်ရန်အတွက် ကုန်သွယ်ရေးမှ စက္ကူအချော လေးဖောင်စာ ပေးသည်။ သို့သော် စက္ကူအချော အပြင်တွင် ဈေးကောင်းသဖြင့် ထုတ်ဝေသူက တစ်ဖောင်လျှင် စက္ကူအချော အရွက် ၅၀ မျှသာ ထည့်ရိုက်၏။ ကျန်သည့်စက္ကူချောများ အကြမ်းနှင့်လဲရိုက်ကာ ရောင်းစားသည်။ သည်တော့ လေးရောင် ဖောင်များမှာ အရောင်မကောင်းတော့၊ အကုန်လုံး မှုန်ပြာရီ ဖြစ်နေတော့သည်။ သည်တော့ ပုံဆွဲသူ ပန်းချီဆရာများကလည်း မကျေနပ်၊ စာဖတ်သူများကလည်း မကျေနပ်။

သည်တော့ မိမိတို့က အနည်းဆုံး လေးရောင်ဖောင် နှစ်ဖောင်လောက်ကိုတော့ စက္ကူချောနှင့် အပြည့်အဝ ရိုက်နှိပ်ပေးရန် ထုတ်ဝေသူကို ပြောရသည်။

ထိုအခါ ထုတ်ဝေသူက ခေတ္တမျှ စဉ်းစားဟန်ပြုပြီး–

'အချောနဲ့ ရိုက်ချင်ရင် ကျုပ်ကို အရက်တိုက်လေ။ ညနေကျရင် ကရဝိတ်မှာ ဘီယာတိုက်ရင် လေးဖောင်စလုံး အချောနဲ့ ရိုက်ပေးမယ်၊ ဘယ့်နှယ်လဲ တိုက်မလား'

မိမိတို့ နှစ်ယောက်စလုံးကပင် မဆိုင်းမတွ–

'တိုက်မယ်ဗျာ'

ကိုယ်လုပ်သည့် မဂ္ဂဇင်း စိုစိုပြည်ပြည် ဖြစ်စေချင်သည်ကိုး။ မဂ္ဂဇင်း ကောင်းမှ အယ်ဒီတာ နာမည်ကောင်းမှာကိုး။

ထိုနေ့က ကရဝိတ် သွားကြသည်။ ထိုလက မိုးဝေ အရောင်တွေ စိုနေသည်။

နောက်မှ မိမိတို့နှစ်ယောက် စဉ်းစားမိကြသည်။ မိမိတို့ နှစ်ယောက်မှာ အယ်ဒီတာများ ဖြစ်ကြသော်လည်း ငွေရင်းငွေနှီးမှာ မိမိတို့နှင့် ဘာမျှမဆိုင်ပါ။ အရှုံးအမြတ်မှာ ထုတ်ဝေသူ၏ အလုပ်သာ ဖြစ်သည်။ မဂ္ဂဇင်း ကောင်းမွန်ရေးအတွက် အယ်ဒီတာက ထုတ်ဝေသူကို အရက်တိုက်ရသည် ဆိုခြင်းမှာ အဘယ်မျှ ရယ်စရာကောင်းသနည်း။

'မောင်သွေးသစ်တို့ လည်လှ လည်လှနဲ့ သည်တစ်ချီတော့ ခံလိုက်ရတာပဲ မဟုတ်လား'

မိမိက ပြောသောအခါ သူက–

'ဦးနတ်လည်း အတူတူပဲပေါ့'

ကောင်းပြီ။ ပြောလက်စနှင့် မိုးဝေအကြောင်း နည်းနည်း ဆက်ပြောကြရအောင်။

**မိုးဝေ**ကို မိမိ လုပ်ကိုင်ခဲ့ရာတွင် မိမိ၏ အမှားတစ်ခုသည် မိမိ၏ ငွေရင်းငွေနှီးဖြင့် ပိုင်ပိုင်နိုင်နိုင် မလုပ်ကိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအချိန်က မိမိတွင် မဂ္ဂဇင်းတစ်စောင်ကို လည်ပတ်နိုင်သော ငွေကြေးရှိသော်လည်း မိမိမှာ စာရေးဆရာ၊ အယ်ဒီတာ တစ်ဦးသာ ဖြစ်သဖြင့် ထုတ်ဝေသူတစ်ဦး ဖြစ်ရမည်ကို နောက်တွန့်နေခဲ့သည်။ ယုတ်စွအဆုံး ပုံနှိပ်တိုက်ပင် မထောင်ခဲ့ပါ။ မိမိနှင့် ဘာမျှမဆိုင်သော မွေးမြူရေးလုပ်ငန်းကို တစ်ရပ်တကျေးမှာ သွားလုပ်ခဲ့သည်။

သို့ဖြင့် မိမိတို့သည် **မိုးဝေ**နှင့် ပတ်သက်ပြီး ပြောရလျှင် မဂ္ဂဇင်းပိုင်ရှင်လည်း မဟုတ်၊ ငွေကြေးစိုက်ထုတ်သော လုပ်ငန်းရှင်လည်း မဟုတ်ဘဲ အယ်ဒီတာ ကြားပွဲစားမျှသာ ဖြစ်နေတော့သည်။

ထပ်ပြီးပြောရလျှင် **မိုးဝေ**ကို ငွေကြေးစိုက်ထုတ်ပြီး လုပ်ကိုင်သူများသည် ငွေကြေးပြည့်စုံသော လုပ်ငန်းရှင်များ မဟုတ်ကြဘဲ၊ စာပေဝါသနာပါသူများနှင့် ထုတ်ဝေရေးလုပ်ငန်းနှင့် တစ်နည်းတစ်လမ်း ပတ်သက်နေသူများသာ ဖြစ်ကြပါသည်။ သို့ဖြင့် **မိုးဝေ**သည် မကြာခဏ ဆိုသလိုပင် လှေလှော်ရင်း တက်ကျိုးခဲ့ရသည်။ ငွေရေး ကြေးရေး မပြေလည်မှုများကြောင့် လက်ပြောင်း လက်လွှဲများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ရသည်။

နောက်ဆုံးအကြိမ်တွင်ကား အတော်ကြီးပင် အကျပ်အတည်း ဖြစ်ကြရသည်။ မဂ္ဂဇင်း မထွက်နိုင်ဘဲ ဖြစ်နေသည်။ ပိုင်ရှင်ကလည်း မဂ္ဂဇင်း ရပ်သွားမည်ကို စိုးရိမ်နေသည်။ ရရန်ရှိသူ သုံးလေးဦးကလည်း သူတို့ ရရန်ရှိသည်များကို မရမှာ စိုးရိမ်နေကြသည်။ မိမိတို့နှစ်ယောက်လည်း ကြားဝင်ပြီး အာမခံရင်း၊ ခံရင်းနှင့် ကြားညှပ်နေသည်။ နောက်ဆုံးတွင် ထွက်ပေါက်ကို ရှာရင်း ရှာရင်းနှင့် တစ်ဦးအပေါ် တစ်ဦး မယုံသင်္ကာစရာများ ဖြစ်လာသည်။ မိမိတို့အနေနှင့်လည်း တစ်ဦးနှင့် ပူးပေါင်းခဲ့လျှင် အခြားတစ်ဦး

ကို ထိခိုက်နစ်နာစေသလို ဖြစ်နေသည်။ နောက်ဆုံးတွင် မိမိတို့နှစ်ယောက် အယ်ဒီတာ အဖြစ်မှ နုတ်ထွက်လိုက်ကြသည်။

ဤကား အဖြစ်မှန်။ မှန်သည်၊ မှားသည်ဟု မိမိ မပြောလို။

သို့သော် ပြဿနာတစ်ခု ဖြစ်လာသည်။ **မိုးဝေ**ကို တစ်ယောက်က တာဝန်ယူ ထုတ်ဝေသောအခါ မောင်သွေးသစ်က အယ်ဒီတာ လုပ်သည်။ သည်အကြောင်းကို သူက မိမိကို တိုင်ပင်ခြင်း မရှိ။ အနားကပ်ပြီးမှ အသိပေးခြင်းသာ ပြုသည်။

သို့ဖြင့် မိမိက **မိုးဝေ**နှင့်ရော၊ မောင်သွေးသစ်နှင့်ရော အဆက်ဖြတ်လိုက်သည်။ နောက်မှ မိမိသည် အားလုံးကို ခွင့်လွှတ်ပြီး မောင်သွေးသစ်နှင့်လည်း ယခင်ကအတိုင်း ပြန်လည်ဆက်ဆံသည်။ (ဤအကြောင်းကို ၁၉၈၈ ခု ဇွန်လထုတ် **ရန်ကုန်မွေ့** မဂ္ဂဇင်း တွင် ရေးခဲ့ပြီးပြီ။)

ထို့မှုမက **မိုးဝေ**ကို ဆရာမ ခင်သစ်လွင် (အာမခံ) က တာဝန်ခံ ထုတ်လုပ်သော အခါတွင်လည်း မိမိ စာမူများ ရေးပေးခဲ့သည်။

မိမိတို့၏ စာပေနယ်က ကျဉ်းကျဉ်းကလေး မဟုတ်ပါလား။

တလောကတော့ သတင်းတစ်ခု ကြားသဖြင့် မောင်သွေးသစ်နှင့် တွေ့သောအခါ မေးမိသည်။

'မောင်ရင် မိုးဝေ လုပ်မလို့ဆို'

သူ ခေတ္တမျှ ကြောင်အမ်းသွားဟန် ရှိသည်။ ပြီးမှ–

'ကျွန်တော် ကြားတာက တစ်မျိုး'

'ဘယ်လိုလဲ'

'ဦးနတ် လုပ်မယ်လို့ ကြားတယ်'

သူ နောက်နေသလားဟု သူ့မျက်နှာကို ကြည့်လိုက်သည်။ သူ အတည်ပြောနေခြင်း ဖြစ်သည်။

မည်သို့ဆိုစေ။

မောင်သွေးသစ်သည် **မိုးဝေ** မဂ္ဂဇင်းမှ မဂ္ဂဇင်း အတတ်ပညာများ ရရှိခဲ့သည် ဆိုလျှင်၊ မိမိသည် စာရေးဆရာ "မိုးဝေ" ထံမှ စာပေအတတ်ပညာများ ရရှိခဲ့ပါသည်။

**မိုးဝေ**နှင့် ကင်းရှင်းသည်ဟု မိမိတို့ မည်သည့်အခါတွင်မျှ ငြင်းနိုင်ကြမည် မဟုတ်ပါ။

[ ရွှေဝတ်မှုန်၊ ပေပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ ၁၉၉၁ ]

# မိမိ နှင့် စိန်ခင်မောင်ရီ

## (က)

ကိုခင်မောင်ရီ နေမကောင်းနေဘူးဆိုတာ သိရသည်။ သတင်းစကားလည်း ကြားရသည်။ သူ့စာတွေထဲမှာလည်း ဖတ်ရသည်။ ဆေးရုံတက်သည်ဟု ပြောကြသည်။ ပြန်ဆင်းသွားသည်ဟု ဆိုကြသည်။ နောက်တစ်ခါ ပြန်တက်ရသည်ဟု သိရပြန်သည်။ အခြေအနေ သိပ်မကောင်းဘူးဟု ပြောကြသည်။ သို့သော် ဆေးရုံကို မိမိ မရောက်ဖြစ်လိုက်ပါ။

## (ခ)

ကိုခင်မောင်ရီ ဆုံးပြီဆိုတာကို ဖြုန်းခနဲ သိရသည်။ အချိန်နောက်ကျပြီးမှ သိရသည်။ နေဦး။ မိမိနေတာက တစ်အိမ်၊ စာသွားရေးတာက တစ်အိမ်၊ သမီးအကြီးတို့က ကျောက်စိမ်းတွင်း လုံးခင်းမှာ ဆေးခန်း သွားဖွင့်နေသည်။ သူတို့အိမ်ကို မိမိတို့က စောင့်ပေးနေရသည်။ မနက်ဘက်မှာ မိမိ စာသွားရေးသည်။ တစ်ယောက်တည်း အေးအေးဆေးဆေးပဲ။ ဘယ်သတင်းစာ၊ ဘယ်တယ်လီဖုန်းကမှ မနှောင့်ယှက်ပါ။ မနက် ထမင်းစားချိန်လောက်မှ အိမ်ကို ပြန်လာသည်။ အဲဒီတော့မှ သတင်းစာဖတ်၊ ဖုန်းဆက်စရာရှိရင် ဆက်ပြီး မြို့ထဲကို ထွက်သည်။ တစ်ခါတစ်ခါသာ ထမင်းစားပြန်တာ စောပြီး၊ တစ်ခါတစ်ခါမှာ နောက်ကျတတ်သည်။ အဲဒီနေ့ကလည်း အလုပ်မပြီးသဖြင့် တစ်နာရီ

စိန်ခင်မောင်ရီ ( ၁၉၂၅-၉၂ )



လောက်မှ ထမင်းစား ပြန်ဖြစ်သည်။ အိမ်ရောက်တော့ သားအကြီးက ဆီးပြောသည်။ စိန်ခင်မောင်ရီ ဆုံးသွားပြီတဲ့။ ဒါနဲ့ သတင်းစာကို ကမန်းကတန်း ဖတ်ရသည်။ သုံးနာရီမှာ သင်္ဂြိုဟ်မည်။ နာရီကို ကြည့်လိုက်တော့ တစ်နာရီ ကျော်ကျော်ပဲ ရှိသေးသည်။ သွားမည်ဆိုရင် မီသည်။ သို့သော် မသွားနိုင်ပါ။ ခါးနာနေသည်။ ကားစီး၍ မရပါ။ ကားဆောင့်တာကို မခံနိုင်ပါ။ အလုပ်ကိုလည်း မသွားနိုင်ပါ။ အိမ်မှာ သုံးရက် နားနေရသည်။ အဲဒီတော့ ကိုခင်မောင်ရီရဲ့ နောက်ဆုံးခရီးကို လိုက်မပို့လိုက်ရပါ။

သို့ဖြင့် စိတ်မကောင်း ဖြစ်သွားပြီး ဤဆောင်းပါးကို ချက်ချင်း ရေးမိသည်။ မေလ **ရွှေဝတ်မှုန်**အတွက်ပဲ။ ဧပြီလအတွက်က ပေးပြီးပြီ။ မေလအတွက်မို့ အေးအေးဆေးဆေးရေးရင် ရသည်။ အချိန်တွေ အများကြီး ရှိသည်။ သို့သော် စာဆိုတာ ရေးချင်တုန်း ရေးလိုက်ရတာက အကောင်းဆုံးပဲ။

သို့သော် မြို့ထဲရောက်၍၊ **ရွှေဝတ်မှုန်**က အယ်ဒီတာနဲ့ တွေ့၍ မေလအတွက် စိန်ခင်မောင်ရီအကြောင်း ရေးမည်ဟု ပြောလိုက်တော့ သူက အချိန်မီသေးသည်။ ဧပြီလအတွက် မစီရသေး။ ဧပြီလအတွက် ပေးထားသည့် စာမူနဲ့ လဲလိုက်မည်ဟု ပြောသည်။

တကယ်တော့ စိန်ခင်မောင်ရီနှင့် မိမိသည် လူချင်း အရင်းကြီးတော့ မဟုတ်ပါ။ လုပ်ငန်းချင်း ပတ်သက်ဖူးတာလည်း သိပ်မရှိပါ။ အသင်းအဖွဲ့ကိစ္စ ပတ်သက်ဖူးတာရယ်၊ ဟိုနေရာ ဒီနေရာ မကြာမကြာ ဆုံဖူးတာရယ်ပဲ ရှိသည်။ ဒါပေမဲ့၊ အဲ ဒါပေမဲ့၊ အဲဒါတွေကိုက မိမိ ရေးချင်နေသည့် အကြောင်းအရာတွေပင်။

ပထမဆုံး အသင်းအဖွဲ့အကြောင်း ပြောရမည်။ စာရေးဆရာအသင်းတုန်းက ဖြစ်သည်။ အဲဒီတုန်းက သူတို့က လူကြီးတွေပါ။ ဒါပေမဲ့ အဲဒီတုန်းက အသင်းကိစ္စနဲ့ ပတ်သက်ပြီး ငြင်းကြ ခုံကြရတဲ့အခါမှာ သူ့ရဲ့ ရုပ်ရှင်ဇာတ်ညွှန်း "အမွန်က တစ်ဖက်၊ သူတို့က တစ်ဖက်" ဆိုသလို သူက တစ်ဖက်၊ မိမိက တစ်ဖက် ဖြစ်ရပါသည်။

ဒါပေမဲ့ ထူးခြားတာတစ်ခုကို ဖြတ်ပြောရရင် ကိုခင်မောင်ရီသည် မိမိ ကြိုက်နှစ်သက်တဲ့ စာရေးဆရာတစ်ယောက် ဖြစ်သည်။ သူ့ရဲ့ ရှားရှားပါးပါး ဝတ္ထုတွေကို မိမိက ထူးထူးခြားခြား စွဲလမ်းနှစ်သက်မိခဲ့သည်။ များသောအားဖြင့် သူ့ကို သတင်းစာသမား၊ ဆောင်းပါးသမား၊ ဝေဖန်ရေးသမားလို့ပဲ လူတွေက အသိအမှတ် ပြုထားကြသည်။ သူ့ကို ဝတ္ထုသမားလို့ သိပ်မသိကြပါ။ သူက ဝတ္ထုလည်း အရေးနည်းတာကိုး။ ရေးတော့လည်း ခင်မောင်ရီဆိုတဲ့ နာမည်နဲ့ မဟုတ်ပါ။

ဒီလိုပါ။ မိမိ မန္တလေးမှာ ရှိတုန်းက စာရေးဆရာတစ်ယောက် မဖြစ်သေးတဲ့ အချိန်၊ စာဖတ်သူတစ်ယောက် ဘဝတုန်းက။ အဲဒီတုန်းက **ပဒေသာမဂ္ဂဇင်း**မှာပါတဲ့ "နန်းမြိုင်" ရဲ့ ဝတ္ထုတွေကို တော်တော်ကို ကြိုက်နှစ်သက်မိသည်။ နန်းမြိုင်ရဲ့ ဝတ္ထုတွေက အင်မတန် ဆွဲဆောင်သည်။ သည်းထိတ်ဖို ဝတ္ထုတွေ ဖြစ်သည်။ ဒါနဲ့ နန်းမြိုင်ဆိုတာ

ဘယ်သူလဲလို့ စုံစမ်းကြည့်တော့ ခင်မောင်ရီမှန်း သိရသည်။ အဲဒါကြောင့်လည်း နောက်ပိုင်းမှာ၊ အကြောင်းကြုံကြိုက်တဲ့အခါမှာ "နန်းမြိုင်" နာမည်နဲ့ ဝတ္ထုတွေ ဆက်ရေးဖို့ ကိုခင်မောင်ရီကို နှစ်ခါ၊ သုံးခါ မိမိ တိုက်တွန်းမိသည်။ မန္တလေးတုန်းက မိမိ နှစ်သက်စွဲလမ်းခဲ့တာကိုလည်း ပြောပြမိသည်။ အဲဒါကြောင့်လားတော့ မသိပါ၊ မိုးဝေကို ဘာသာပြန် သည်းထိတ်ဖို ဝတ္ထုတစ်ပုဒ် သူ ရေးပေးဖူးသည်။

အဲဒါထားတော့။ မိမိ ပြောချင်တာက သူနဲ့ပတ်သက်ပြီး မိမိမှာ မှတ်မှတ်ရရ ဖြစ်နေရတဲ့အကြောင်း နှစ်ခုပင်။

ပထမဆုံးကတော့ ပြဇာတ်ကိစ္စ။ အဲဒီတုန်းက စာရေးဆရာအသင်းက နှစ်စဉ်ပဲ စာဆိုတော်နေ့ အထိမ်းအမှတ် ပြဇာတ်ကသည်။ စာရေးဆရာတွေ တော်တော်များများလည်း ဝင်ကကြသည်။ အောင်လည်း အောင်မြင်ပါသည်။ သြဇာလည်း ရှိပါသည်။ အဲ ကိုခင်မောင်ရီ ကလည်း ပြဇာတ်တော်တော်များများမှာ ဒါရိုက်တာ ဖြစ်ပါသည်။ မိမိ ရန်ကုန်ရောက်တဲ့ နှစ်မှာ ကတဲ့ ပြဇာတ်ကတော့ လှိုင်ထိပ်ခေါင်တင်၊ ဝင်းဝင်းရုံမှာ။

အဲ စာရေးဆရာဆိုရင် အရက်သောက်ရတယ်လို့ တချို့ လူငယ်တွေ စွဲမှတ်နေသလို၊ အဲဒီတုန်းကလည်း စာရေးဆရာဆိုရင် ပြဇာတ်ခုံပေါ်ကို တက်ရတယ်လို့ စွဲမှတ်နေတဲ့လူတွေ ရှိကြသည်။ မိမိလည်း စာရေးဆရာပေါက်စ ဖြစ်မှတော့ စင်ပေါ်တက်ပြီး တစ်ပွဲတစ်လမ်း နွှဲလိုက်ဦးမယ်ဆိုပြီး စာရင်းပေးလိုက်သည်။ ဒါရိုက်တာက ကိုခင်မောင်ရီ။ မိမိကို သူ တာဝန်ပေးလိုက်တာက အိမ်ရှေ့မင်းသား (ရွှေညာမောင်)ရဲ့ ကိုယ်ရံတော်။ အိမ်ရှေ့မင်းသားက လှိုင်ထိပ်ခေါင်တင်နဲ့ တွေ့ရအောင် သွားတဲ့အခါမှာ မိမိက နောက်ကနေ လှံထမ်းပြီး လိုက်ရသည်။ လှိုင်ထိပ်ခေါင်တင်က မေသစ်။ ပထမတော့ ဟုတ်သလိုလိုပဲ။ အဲဒီတုန်းက မေသစ်က အရွယ်လည်း ရှိသေးသည်၊ အလှလည်း ရှိသေးသည်။ မိမိတို့ အသည်းစွဲ မင်းသမီးတစ်ယောက်။ သူ့ကိုယ်ကလည်း မွှေးရနံ့တွေ ကြိုင်သင်းနေသည်။ သူ့အနားမှာ လှံထမ်းပြီး ရပ်နေရတာ ဟုတ်သလိုလိုပဲ။ ဒါပေမဲ့ သစ်ငုတ်ကြီးလို မလှုပ်မယှက်ကြီးရပ်ပြီး ရှေ့က ပရိသတ်ကြီးကို ကြည့်နေရတဲ့ အဖြစ်က တယ်ဆိုးတာပဲ။ နာရီဝက်လောက် အဲဒီလိုရပ်နေရတာ ဘယ်လိုမှ သည်းမခံနိုင်တဲ့ အလုပ်ပဲ။။ ဒါနဲ့ တစ်ညပဲ စင်ပေါ်တက်ပြီး နောက်တစ်နေ့ကျတော့ မိမိ တာဝန်ဝတ္တရားတွေကို ပြန်အပ်လိုက်သည်။ အဝတ်အစားတွေ ထည့်ထားတဲ့အိတ်ကို ပြန်ပေးရင်း .....။

'ကျွန်တော် မလုပ်တော့ဘူး'

'ဘာဖြစ်လို့လဲ'

ကိုခင်မောင်ရီ အံ့သြသွားဟန်ဖြင့်–

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော် မလုပ်ချင်ဘူး'

'ဟာ ကိုနတ်နွယ်ကလည်း အနားကပ်ပြီးမှ ဘယ်လိုဖြစ်ရတာလဲ၊ ဒုက္ခပါပဲ။ ခင်ဗျားအခန်းက ထွက်ရတော့မယ်။ ခင်ဗျား မကတော့ရင် ရွှေညာမောင် တစ်ယောက် တည်း ထွက်ရမယ်။ အိမ်ရှေ့မင်းသားဖြစ်ပြီး ကိုယ်ရံတော်လေး တစ်ယောက်လောက်မှ မပါရင် ဘယ်ကောင်းပါ့မလဲ'

သူက ညည်းလိုက်သည်။ သူ စိတ်ဆိုးပုံ မရပါ။ သို့သော် အနားကပ်ပြီးမှ အစီအစဉ် ကသိကအောက် ဖြစ်သွားသည့်အတွက် စိတ်အိုက်သွားပုံသာ ရသည်။

'နောက်ညတွေ မလုပ်ချင် နေပါ၊ ကျွန်တော် လူစားရှာပါ့မယ်။ ဒီ တစ်ညတော့ ကယ်ပါဦး'

သူက တောင်းပန်သည်။ ဒါရိုက်တာကြီးတစ်ယောက်က မထင်ရှားသော ဇာတ်ရံ ကလေးကို တောင်းပန်နေခြင်း ဖြစ်သည်။

'ကျွန်တော် ဆုံးဖြတ်ပြီးပြီ၊ ကျွန်တော် ဘယ်တော့မှ စင်ပေါ်မတက်တော့ဘူး'

ကျွန်တော်က အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သော နိုင်ငံရေး သမားကြီး တစ်ဦးပမာ ပြတ်သားစွာ ပြောလိုက်သည်။

ဤအခြေအနေတွင် အနီးတွင် ရပ်နေသော ကိုတင်ဇ (ကောက်ပဲသီးနှံ)က-

'ကိုနတ်နွယ်အစား ကျွန်တော် တက်လိုက်ပါ့မယ်' ဆိုသဖြင့် ပြဿနာ ပြေလည် သွားရတော့သည်။

နောက်တစ်ကြိမ်မှာလည်း ကပွဲကိစ္စပင် ဖြစ်သည်။ ၁၉၅၉ ခုနှစ်တုန်းက။ အဲဒီတုန်းက ပြဇာတ်မကတော့၊ ပဒေသာကပွဲ ကပြသည်။ နေရာက ပန်းဆိုးတန်း အသင်းတိုက် မြေနေရာတွင်။

အဲဒီနှစ်က ကိုခင်မောင်ရီက အတွင်းရေးမှူး။ ဒါပေမဲ့ ဒါရိုက်တာ မဟုတ်ပါ။ ဆပ်ကော်မတီများ ခွဲလိုက်တော့ စာဆိုတော်နေ့ အခမ်းအနား ကျင်းပရေးကော်မတီ တွင် ဂျာနယ်ကျော်မမလေးက ဥက္ကဋ္ဌ၊ မိမိက အတွင်းရေးမှူး။ ဒီတော့ ညက ပဒေသာ ကပွဲ ကျင်းပသောအခါ ဂိတ်ဝများတွင် ကဗျာဆရာများကို မိမိက တာဝန်ချထား လိုက်သည်။ မိမိထံမှ ခွင့်ပြုချက် မရလျှင် မည်သူမျှ မဝင်စေရ ဟူသောအမိန့် ထုတ်ပြန် လိုက်သည်။

ဤသို့ဖြင့် အခမ်းအနား မစမီတွင် မိမိရှိရာသို့ ကိုခင်မောင်ရီ အမောတကော ရောက်လာသည်။

'ကိုနတ်နွယ်၊ ခင်ဗျား ဘယ်လိုလုပ်တာလဲ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော့်ကို အထဲမဝင်ရဘူးလို့ တားနေတယ်'

'ဘယ်သူကလဲ'

ကိုခင်မောင်ရီက ဂိတ်ပေါက်တစ်ခုသို့ မေးငေါ့ပြလိုက်သည်။ ဂိတ်ဝတွင် ကဗျာဆရာ လူငယ်သုံးလေးဦး စောင့်ကြပ်နေကြသည်။ သူတို့က ကဗျာဆရာ ပေါက်စကလေးများ ဖြစ်ကြသဖြင့် ကိုခင်မောင်ရီကို မသိကြ။ ကိုခင်မောင်ရီသည် ဤအသင်းတွင် တာဝန်ရှိသော အတွင်းရေးမှူးကြီးတစ်ယောက် ဖြစ်သည်ကို မသိကြ။

'ကျွန်တော့် ခွင့်ပြုချက်မရရင် ဘယ်သူမှ မဝင်ရဘူးလို့ ပြောထားလို့ပါ'

'အတွင်းရေးမှူးတောင် မဝင်ရဘူးလား'

'ကိုခင်မောင်ရီကို သူတို့ မသိလို့ပါ'

'ဟာဗျာ'

'ကိုခင်မောင်ရီက ရင်ဘတ်မှာ တံဆိပ်မှ ထိုးမထားဘဲ'

'ဟာဗျာ'

ထို့နောက် သူ ခေါင်းကုပ်လိုက်ပြီး–

'ကျွန်တော်က ဂိတ်စောင့်ရအောင်ဆိုပြီး ကြက်ခြေနီ လူငယ်ကလေးတွေကို ခေါ်လာတယ်'

'ကျွန်တော်က ကဗျာဆရာတွေကို တာဝန်ပေးပြီးပြီ'

'ဒုက္ခပါပဲ၊ ကလေးတွေကို ကျွန်တော် ခေါ်လာပြီးမှတော့ ဂိတ်မစောင့်ရတောင် သူတို့ကို ကြည့်ခွင့်တော့ ပေးမှ ထင်တယ်'

'ကုလားထိုင်တွေ ကုန်နေပြီ'

'ကိစ္စ မရှိပါဘူး၊ သူတို့ မတ်တတ်ရပ်ကြည့်ကြပါလိမ့်မယ်။ ကိုနတ်နွယ်ကသာ သူတို့ကို ရုံထဲ သွင်းပေးလိုက်ပါ'

သို့ဖြင့် ကြက်ခြေနီ လူငယ်များကို ရုံထဲသို့ မိမိ သွင်းပေးလိုက်သည်။

ထိုညက ကိုခင်မောင်ရီနှင့် နောက်ထပ် မတွေ့တော့။ မဆုံလို့ပဲ မတွေ့သည်လား၊ သူ စိတ်ဆိုးပြီး ပြန်သွားသည်ပဲလား။ သို့သော် နောက်တစ်နေ့တွင် တွေ့ကြသောအခါ သူက စိတ်ဆိုးဟန် အနည်းငယ်မျှ မပြဘဲ ပြုံးပြုံးရွှင်ရွှင်ပင် နှုတ်ဆက်သည်။

သူ့မျက်နှာက ပြုံးနေသည်။ သူ့အသံက ချိုနေသည်။ သူ စကားပြောပုံက အေးဆေးလှသည်။ ကိုခင်မောင်ရီ ဒေါသဖြစ်သည်ကို မိမိ တစ်ခါမျှ မမြင်ဖူးပါ။

နောက်အခါများတွင်လည်း မည်သည့်နေရာတွင် မည်သည့်ကိစ္စနှင့်ပင် တွေ့တွေ့၊ သူ့အမူအရာက အေးအေးဆေးဆေးပင်။ သူ့မျက်နှာက ပြုံးပြုံးရွှင်ရွှင်ပါ။ သူက ဘယ်တော့မှ မမြင်ချင်ယောင် ဆောင်သွားသည် မရှိ။ တွေ့သည်၊ မြင်သည်ဆိုလျှင် လှိုက်လှိုက်လှဲလှဲပင် နှုတ်ဆက်ပါသည်။ မိမိကို ကလန်ကဆန်လုပ်သော ကောင်လေးတစ်ယောက်ဟု အမှတ်အသားထားဟန် လုံးဝ မရှိပါ။

နွယ်နီမဂ္ဂဇင်း ထွက်စက သူနှင့် လမ်းတွင်တွေ့သည်။ ပလက်ဖောင်းပေါ်တွင်

ဖြစ်သည်။ နေပူထဲတွင် ဖြစ်သည်။ သို့သော် သူက နေပူထဲတွင် ရပ်ကာ မိမိလက်ကို ဆုပ်ကိုင်ပြီး–

'ကိုနတ်နွယ် မဂ္ဂဇင်း ကောင်းတယ်ဗျာ၊ ဒီအတိုင်းလုပ်ရင် အောင်မြင်မှာ အမှန်ပဲ' ဟု သူ အားရပါးရ ပြောသည်။

လွန်ခဲ့သော တစ်လ၊ နှစ်လက ညှိခံပွဲတစ်ခုတွင် တွေ့ကြပြန်သောအခါ သူက လူအုပ်ထဲမှ ဖြစ်ပြီး မိမိထံသို့ လျှောက်လာကာ ....

'နွယ်နီမဂ္ဂဇင်း အောင်မြင်တာ ဝမ်းသာတယ်ဗျာ' ဟု လှိုက်လှဲစွာ ပြောဆိုပါသည်။

သူ့မှာ အာဃာတ မရှိ။ သူ့မှာ ဟန်ဆောင်မှု မရှိပါ။

မိမိကသာ သူ့ကို ကသိကအောက် ပြုလုပ်မိခဲ့သည်။

သူ ဆေးရုံ တက်တော့လည်း မရောက်ဖြစ်ခဲ့။ သူ ကွယ်လွန်တော့လည်း မသွားဖြစ်ခဲ့။

ရင်ထဲမှာ စိတ်မကောင်း ဖြစ်ခဲ့ရသည်။

ကိုခင်မောင်ရီ ကောင်းရာသုဂတိ လားပါစေဟု ဤဆောင်းပါးဖြင့် ဆန္ဒပြုလိုက်ရပါသည်။

**[ ရွှေဝတ်မှုန်၊ မေ၊ ၁၉၉၂ ]**

# မိမိ နှင့် မောင်သက်နှောင်

ယခုနောက်ပိုင်း မောင်သက်နှောင်နှင့် အတွေ့ကျဲသော်လည်း သူ့အကြောင်းကား မကြာ မကြာ ကြားနေရသည်။ ဥပမာ–မနက်က မောင်သက်နှောင် မိမိတို့ အလုပ်တိုက်သို့ လာသွားသည်။ မိမိနှင့် မတွေ့လိုက်။ သူ လာသည်က နည်းနည်းစောသည်။ မိမိက အလုပ်တိုက်သို့ တစ်ချက်ထိုးပြီးမှ ရောက်တတ်သည်။ မောင်သက်နှောင် အလုပ် လုပ်သော ကုမ္ပဏီသို့ ဘဝတက္ကသိုလ် မောင်နေဝင်း ရောက်သွားသည်။

မောင်သက်နှောင်နှင့် တွေ့ခဲ့ပြီး စာမူခ ကြိုပေးခဲ့ရသည်ဟု ဆိုသည်။ သူတို့ ကုမ္ပဏီနှင့် မိမိတို့ အလုပ်တိုက် အနည်းငယ် အဆက်အစပ် ရှိသည်။ သူတို့ကုမ္ပဏီက နိုင်ငံခြားမှ စက္ကူများ မှာယူ တင်သွင်းတတ်သည်။ သူတို့ကုမ္ပဏီက ပန်းဆိုးတန်းတွင် ဖြစ်ပြီး မိမိတို့က ၃၇ လမ်းတွင် ဖြစ်၍ လမ်းချင်းကပ်နေသည်။ မီးပွိုင့်ကို ထောင့်တန်း ဖြတ်လိုက်လျှင် ရောက်သည်။ သို့သော် မိမိသည် ပန်းဆိုးတန်းကိုဖြတ်၍ လာရ သွားရ သော်လည်း သူတို့ကုမ္ပဏီသို့ တစ်ခါမျှ မဝင်ဖြစ်။

ဧပြီလနှင့် မေလ နွယ်နီတို့တွင် သူ ဆောင်းပါးများ ရေးသွားသည်။ စီးပွားရေး ဆောင်းပါးများ ဖြစ်ကြသည်။ မောင်သက်နှောင် အမည်နှင့်တော့ မဟုတ်။ အမည်ရင်း နှင့် ဖြစ်သည်။ ဦးသန်းဆွေ (EX. MEIC)။ သူက MEIC မှာ လုပ်ခဲ့သည်ကိုး။

မောင်သက်နှောင် ( ၁၉၃၄–၉၂ )



သည့်အရင်ကလည်း အကောက်ခွန်မှာ လုပ်ခဲ့သည်။ သည်တော့ ပို့ကုန်သွင်းကုန် လုပ်ငန်းတွေကို နားလည်သည်။ စီးပွားရေးနှင့် ကုန်သွယ်ရေး သဘောတရားတွေကို လက်တွေ့သိရှိခဲ့သည်။ သို့ဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်သော လုပ်ငန်းများ၊ ကုမ္ပဏီများတွင် သူ အလုပ်ဝင်လုပ်သည်။ Rep ဟူသော နိုင်ငံခြားကိုယ်စားလှယ်များ ကြီးပွားကြသည်။ သူကတော့ ငွေလို၍ စာမူခ ကြိုတောင်းရသော အဆင့်မှာပဲ ရှိသည်။ ကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သော်လည်း သူ မကြီးပွားပါ။ စာရေးဆရာစိတ်ကြောင့်ပဲ ဖြစ်မည် ထင်သည်။ ကျိုကျိုတက် ချမ်းသာနေသော ကုမ္ပဏီကြီးတစ်ခုက ဆိုလျှင် သူ့ကို နိုင်ငံရေး ပါတီတစ်ခုသို့ ဝင်ရန်ပြောသည်။ သူက အလုပ်မှ ထွက်ခဲ့သည်။

သူ ရုတ်တရက် နေမကောင်းဖြစ်သည့် သတင်းကို ကြားရသည်။ ခနမှ ပြော၍ ဖြစ်သည်။ သူက ခနမှာ ပင်တိုင်ရေးနေသူ မဟုတ်ပါလား။ သူ ကွယ်လွန်သည့် သတင်းကိုမူ သတင်းစာမှာ ဖတ်ရသည်။ သြော် .... သူလည်း ၅၉ နှစ်ပဲ။

သူ့အရင် ခြောက်ဆယ်ပိုင်း စာရေးဆရာနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားသည်။ စိန်ခင်မောင်ရီနှင့် အထောက်တော်လှအောင်။

ဝင်းဦး၊ မောင်နေဝင်း၊ မင်းကျော်တို့သည် ၆၀ ဝန်းကျင်မှာပဲ ကွယ်လွန်သွားကြသည်။ ပို၍ဆိုးသည်က မိမိနှင့် သက်တူရွယ်တူများ ဖြစ်ကြသည်။ တစ်ခေတ်တည်း ဖြတ်သန်းလာကြသူများ ဖြစ်သည်။

ဟိုတုန်းကဆိုလျှင် အသုဘပို့ရာတွင် ဖြစ်စေ၊ အခြား ကြုံကြိုက်သည့် အခါတွင် ဖြစ်စေ နောက်ပြောင်တတ်ကြသည်။ "ဒီအထဲမှာ ဘယ်သူက အရင်ဆုံး သေမှာလဲ"၊ "ခင်ဗျား အသုဘကိုတော့ ကျွန်တော်တို့ လိုက်ပို့ရဦးမှာ"၊ "ခင်ဗျားအကြောင်း ကျွန်တော် ရေးရဦးတော့မှာပဲ" စသည်ဖြင့်။

တကယ်တွင်လည်း မိမိသည် အခင်မင်ဆုံးများ ဖြစ်ကြသော ဝင်းဦး၊ကိုနေဝင်းနှင့် ကိုမင်းကျော်တို့အကြောင်း ရေးခဲ့သည်။ ယခု ကိုကျော်အောင်၊ ကိုမြသန်း (တင့်)တို့နှင့် တွေ့လျှင် မနောက်တော့ပါ။ သူတို့ အသက်ရှည်ဖို့သာ ဆုတောင်းမိသည်။

သည်ကြားထဲတွင် တလောက ကိုခင်မောင်ရီအကြောင်း ရေးခဲ့ရသည်။ ရေးစရာကလေးလည်းရှိ၍ ဖြစ်သည်။ ကိုလှအောင်အကြောင်း တမင်မရေးဘဲ နေခဲ့သည်။ ရေးရမှာ စိတ်မကောင်း၍ ဖြစ်သည်။ သေတဲ့လူတွေအကြောင်း မရေးချင်တော့ပါ။

သို့သော် ယခု မရေးချင်ဘဲနှင့် မောင်သက်နောင်အကြောင်း ရေးလိုက်ရပြန်သည်။ ရေးစရာ အကြောင်းတစ်ခု ရှိလာ၍ ဖြစ်သည်။

အသုဘချသည့်နေ့က ဖြစ်သည်။ လူချစ်လူခင်များသူတစ်ဦး ဖြစ်သည်နှင့်အညီ သူ့အသုဘ စည်ကားသည်။ ရုံးမှလည်း လာကြသည်။ အရပ်ထဲမှလည်း လာကြသည်။ စာပေလောကမှလည်း လာကြသည်။ စာရေးဆရာ၊ ပန်းချီဆရာ၊ ထုတ်ဝေသူနှင့် မဂ္ဂဇင်း

များ။ သည်အထဲမှာ ထူးထူးခြားခြား သတိပြုမိသည်က သူနှင့် အင်မတန်ရင်းနှီးသူ နှစ်ဦး၊ သုံးဦးမှအပ စုံထောက်နှင့် လျှို့ဝှက်သည်းဖို စာရေးဆရာများ အားလုံးလောက်ပင် လာကြသည်။ **စုံထောက်** မဂ္ဂဇင်း၊ **လျှို့ဝှက်သည်းဖို** မဂ္ဂဇင်း၊ **သည်းထိတ်ဖို** မဂ္ဂဇင်းတို့တွင် ရေးသားခဲ့ကြသူများ။

.သည်မှာ တစ်ယောက်က အမှတ်မထင် ပြောလိုက်သည်။

'စုံထောက် ဝတ္ထုရေးဆရာ တစ်ယောက်တော့ သွားပြန်ပြီ။ စုံထောက်ဝတ္ထု ရေးတဲ့ လူတွေ သိပ်မကျန်တော့ဘူး'

မှန်သည်။ မောင်သက်နှောင်ကို အဓိကအားဖြင့် စုံထောက်ဝတ္ထုရေးဆရာ တစ်ယောက် သို့မဟုတ် လျှို့ဝှက်သည်းဖိုရေးသူ တစ်ဦးဟု ပြောရမည်ပင်။

သူ့ကလောင်ကို **စုံထောက်** မဂ္ဂဇင်းတွင် မွေးခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ဖြစ်သည်။

မိမိ သူနှင့် သိကျွမ်းခဲ့သည်မှာလည်း **စုံထောက်** မဂ္ဂဇင်းတိုက်မှာပင် ဖြစ်သည်။ ၁၉၅၃–၅၄ က မိမိက ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်ရင်း **စုံထောက်** မဂ္ဂဇင်းမှာ အချိန်ပိုင်းအယ်ဒီတာ လုပ်နေသည်။ သူက ~~အကောက်ခွန်ဌာန~~တွင် အလုပ်လုပ်ရင်း **စုံထောက်**မှာ ရေးနေသည်။

**စုံထောက်**မဂ္ဂဇင်း တည်ထောင်သူနှင့် အယ်ဒီတာချုပ်ကတော့ မိုးဝေပင်။ သူက စစ်ပြီးခေတ် စုံထောက်ဝတ္ထု ရေးသူများတွင် အထင်ရှားဆုံးနှင့် အရေးနိုင်ဆုံး။ အလွတ် စုံထောက် တင်မောင်ဆွေကို ဖန်တီးသူ။

စစ်မဖြစ်မီကတည်းက စုံထောက်နှင့် လျှို့ဝှက်သည်းဖို ဝတ္ထုများကို ရေးခဲ့သော စာရေးဆရာကြီးများ ဖြစ်ကြသည့် ဆရာကြီး ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ဝဇီရာနှင့် မဟာဆွေ တို့လည်း အသက်ထင်ရှား ရှိနေကြဆဲ။ **စုံထောက်**မဂ္ဂဇင်းတွင်လည်း ပါဝင်ရေးသား နေကြသည်။

ကိုမိုးဝေနှင့် ခေတ်ပြိုင်က ရဲစိုး။

**စုံထောက်** မဂ္ဂဇင်း ဖြစ်ပေါ်မှ ရေးလာသော လူငယ်များက ခင်မောင်သန်း၊ စစ်ကိုင်းအေးလွင်၊ တက္ကသိုလ်တင်မြင့်၊ မောင်သက်နှောင်နှင့် မိမိတို့။

မောင်သိန်းဆိုင်၊ ဆွေလှိုင်ဦး၊ လူအောင်၊ စောညို၊ လွင်စန်းယဉ်၊ ညီညီနိုင် စသူတို့က နည်းနည်း နောက်ကျသည်။

(နာမည်များ ဖော်ပြရာတွင် အကုန်အစင် ဖော်ပြသည် မဟုတ်ပါ။ သဘောမျှ လောက်သာ ဖြစ်သည်။ နာမည် မဖော်ပြမိသူများ နားလည်ခွင့်လွှတ် ကြစေလိုပါသည်။ ဤနေရာတွင် မည်သူ့ကို ပါစေ၊ မပါစေဟု မရှိပါ။ အကုန်အစင် ဖော်ပြခြင်း မဟုတ်၍ ခြွင်းချန်ထားခဲ့သည်ဟု မယူဆစေလိုပါ။)

မိမိက မနက်ဘက် ကျောင်းတက်ပြီး နေ့ခင်းဘက်တွင် **စုံထောက်** မဂ္ဂဇင်းတိုက်သို့ ရောက်ပါသည်။ မောင်သက်နောင်ကလည်း နေ့ခင်းဘက် လက်ဖက်ရည်သောက်ထွက်လျှင် **စုံထောက်**သို့ လာပါသည်။ ပြီးမှ မျက်စောင်းထိုးရှိ ကာကာဆိုင်တွင် လည်းကောင်း၊ မဟာဗန္ဓုလလမ်းမှ "ရွှေဗမာ"တွင် လည်းကောင်း သွားသောက်ကြသည်။ သည်မှာ စုံထောက်ဝတ္ထုနှင့် လျှို့ဝှက်သည်းဖို ဝတ္ထုများအကြောင်း ပြောကြသည်။

စုံထောက် သို့မဟုတ် လျှို့ဝှက်သည်းဖို ဝတ္ထုဟု အကြမ်းဖျဉ်း ခြုံ၍ ပြောဆိုရာတွင် အောက်ပါအမျိုးအစား ဝတ္ထုများ ပါဝင်ပါသည်။ စုံထောက် (Detective)၊ လျှို့ဝှက် (Mystery)၊ သည်းထိတ်ဖို (Suspense)၊ စွန့်စားခန်း (Adventure)၊ အလှည့် (Twist)၊ စိတ္တဇ (Psycho)၊ မှုခင်း (Crime) စသည်တို့ ဖြစ်ပါသည်။

ဤတွင် မောင်သက်နောင်နှင့် တက္ကသိုလ်တင်မြင့်တို့က စုံထောက်နှင့် မှုခင်းအမျိုးအစားကို အားသန်ပြီး၊ မိမိနှင့် မောင်သိန်းဆိုင်တို့က လျှို့ဝှက်နှင့် သည်းထိတ်ဖို အမျိုးအစားတို့ကို အားသန်ပါသည်။

မောင်သက်နောင်၏ ဝတ္ထုတိုများသည် အကျိုးအကြောင်း ဆက်စပ် ထောက်လှမ်းသော စုံထောက်ဝတ္ထုများ ဖြစ်သဖြင့်၊ သာမန်ဝတ္ထုတိုများထက် ရှည်လျားတတ်ပါသည်။ စိတ်ရှည်ရှည်နှင့် စေ့စေ့စပ်စပ် ရေးရပါသည်။ သူ၏ ဝတ္ထုတိုသည် မိမိတို့ဝတ္ထုတို နှစ်ပုဒ်စာ၊ သုံးပုဒ်စာမျှ ရှည်လျားတတ်ပါသည်။ သို့သော် သူက မောသည်၊ ပန်းသည် မရှိဘဲ သူ၏ ဝတ္ထုတိုများကို မှန်မှန်သွက်သွက်ပင် ရေးထုတ်တတ်ပါသည်။

မိမိနှင့် မောင်သက်နောင် ပိုပြီး ခင်မင်စရာ ဖြစ်သည်မှာ မဂ္ဂဇင်းတိုက် တစ်တိုက်ထဲတွင် အတူ ရေးဖြစ်ရုံမျှမက၊ တစ်ရုံးတည်းတွင် အတူ လုပ်ဖြစ်သွားကြသောကြောင့် ဖြစ်သည်။

၁၉၅၅ ခုနှစ်တွင် မိမိ အိမ်ထောင်ကျသောအခါ **စုံထောက်** မဂ္ဂဇင်းမှ ပေးသော နေ့တွက်ငွေ တစ်နေ့ သုံးကျပ်နှင့် ရပ်တည်၍ မဖြစ်နိုင်သဖြင့်၊ ရုံးတစ်ရုံးတွင် အလုပ်လုပ်ရန် စိတ်ကူးမိသည်။

'ကိုသက်နောင်၊ ခင်ဗျားတို့ရုံးမှာ အလုပ်လုပ်လို့ ရမလား'

'ရပါတယ်၊ ဘာလဲ ... ခင်ဗျား လုပ်မလို့လား'

'စိတ်ကူးတာပဲ'

'လျှောက်လွှာ ရေးပေးလိုက်လေ'

ချက်ချင်းပင် သူ့ပါးစပ်မှ ပြောသည့်အတိုင်း လျှောက်လွှာတစ်စောင် ရေးပေးလိုက်သည်။ နောက်တစ်ပတ်အကြာတွင် အိမ်သို့ ခန့်စာ ရောက်လာသည်။

အကောက်ခွန်ရုံးမှာ သုံးနှစ်ခန့် မိမိ အလုပ်လုပ်ခဲ့သည်။ သို့ဖြင့် သူနှင့် မိမိသည် နေ့စဉ်နေ့တိုင်းပင် ရုံးမှာရော၊ မဂ္ဂဇင်းတိုက်မှာရော ဆုံတွေ့ခဲ့ကြရသည်။

မောင်သက်နောင်အနေနှင့် စာရှည်ရှည်နှင့် စာများများ ရေးသလို၊ သူက စကားကိုလည်း အသံကျယ်ကျယ်နှင့် အားရပါးရ ပြောတတ်ပါသည်။ သူနှင့် စကားပြောလျှင် သူပြောသည်ကို နားထောင်ရသည်က များသည်။ သူ ပြောသည့်စကားကို သူ့ဘာသူ သဘောကျပြီး ဟိန်းနေအောင်လည်း ရယ်မောတတ်ပါသည်။ မျက်နှာကလည်း ပြုံးနေပါသည်။

ကိုမိုးဝေနှင့် မိမိတို့ **လှိုု့ဝှက်သည်းဖို** မဂ္ဂဇင်း လုပ်သောအခါတွင်လည်း သူ အင်တိုက်အားတိုက် ရေးပါသည်။ နောက် ကိုမိုးဝေနှင့် မိမိတို့ မလုပ်သောအခါတွင် **လှို့ဝှက်သည်းဖို** တွင် သူ အယ်ဒီတာချုပ် လုပ်ခဲ့ပါသည်။

သို့သော် စာအင်မတန်ရေးသော ကိုသက်နောင်သည် မိမိ **သည်းထိတ်ဖို** မဂ္ဂဇင်း ထုတ်သောအခါတွင် ရေးမယ်၊ ရေးမယ်ဆိုပြီး လက်တွေ့တွင် မရေးဖြစ်ပါ။ သူ့မှာ ကုမ္ပဏီအလုပ်တွေ ပိနေပါပြီ။

'စာရေးလို့ မရဘူးဗျာ၊ ခင်ဗျားတို့ ရေးနေကြတာကို ကျွန်တော် သိပ်အားကျတာပဲ၊ စိတ်ထဲကတောင် မနာလိုဘူး'

သူ ညည်းတွားတတ်ပါသည်။

သို့သော် သူက စကားကိုတော့ ပြောနိုင်ဆဲ ဖြစ်သည်။ သူ အလုပ်လုပ်ရာ လေးထပ်သို့ တက်သွားလျှင်လည်း သူက စကားပြောသည်။ မိမိတို့ရှိရာ ၃၇ လမ်းသို့ လာလျှင်လည်း သူကပဲ စကားပြောသည်။ တစ်ခါတစ်ခါ တိုက်ကိုလာလျှင် သူ တစ်ယောက်တည်း တစ်နာရီ၊ နှစ်နာရီလောက်ပင် တောက်လျှောက်ပြောပြီး 'ပြန်ဦးမယ်ဗျာ' ဟု ဆိုကာ ထ သွားတတ်သည်။

စာရေးပါဦးဟုဆိုလျှင် ဘယ်တော့မှ မငြင်း။ 'အေးဗျာ ... ရေးရမယ်၊ ရေးလက်စ တစ်ပုဒ်တော့ ရှိတယ်'။ သို့သော် တကယ် ထွက်မလာပါ။

နောက်ပိုင်းမှာ သူ့ထံမှ ဝတ္ထုများ ထွက်မလာသော်လည်း ဆောင်းပါးများ ထွက်လာသဖြင့် ဝမ်းသာရသည်။

သူက **မနမှာ** လစဉ် ရေးနေသည်။ **နွယ်နီမှာ**လည်း ရေးမည်ဟု ဆိုသည်။ သို့သော် မထင်မှတ်ဘဲ သူ ထွက်ခွာသွားချေပြီ။

စုံထောက်ဝတ္ထုရေးသူ တစ်ဦးနှင့် စီးပွားရေး ဆောင်းပါးရှင်တစ်ဦး ဆုံးရှုံးရခြင်းပင်။

**[ ရွှေဝတ်မှုန်၊ ဇူလိုင်၊ ၁၉၉၂ ]**

# မိမိ နှင့် ချစ်ဝင်းညွန့်

(က)

မိမိကိုတော့ မမေးပါ။ ဘဝတက္ကသိုလ် မောင်နေဝင်းက ချစ်ဝင်းညွန့်ကို မေးသည်။

'ဆရာနဲ့ ခင်ဗျားနဲ့ ဆိုင်ကိုသွားပြီး ဘာတွေပြောကြသလဲ'

'ဘာမှ မပြောဘူး၊ ဆရာကလည်း သူ့ဘာသာ ထိုင်နေပြီး ကျွန်တော်ကလည်း ကျွန်တော့်ဘာသာ ကျွန်တော် ထိုင်နေတာပဲ၊ ပြီးတော့ ပြန်လာကြတာပဲ'

ချစ်ဝင်းညွန့် ဖြေတာ ရှင်းသည်။ တိကျသည်။ အမှန်လည်း အမှန်ဖြစ်သည်။

ဘဝတက္ကသိုလ် မောင်နေဝင်းသည် စပ်စုတတ်သူ မဟုတ်။ ထို့အပြင် သူကိုယ်တိုင်လည်း စကားနည်းသူတစ်ဦး ဖြစ်သည်။ သို့သော် စကားနည်းသော မိမိနှင့် စကားများများ မပြောသော ချစ်ဝင်းညွန့် ညနေတိုင်းလို စားသောက်ဆိုင်သွားပြီး ဘာတွေများ ပြောကြမည်ကိုတော့ သူ သိလိုဟန် ရှိသည်။ သူက မိမိနှင့် အတန်ကြာ နီးနီးကပ်ကပ် ဆက်ဆံဖူးသဖြင့် မိမိ စကားနည်းသည်ကို သိသည်။ ချစ်ဝင်းညွန့်ကလည်း **ဘဝတက္ကသိုလ်**သို့လာလျှင် မေးတစ်ခွန်း၊ ဖြေတစ်ခွန်းမျှသာ။ ဤသူနှစ်ယောက် ညနေတိုင်း ဘာတွေ ပြောကြမည်နည်း။

ချစ်ဝင်းညွန့် ( ၁၉၅၀–၉၈ )



ချစ်ဝင်းညွန့် ဖြေသည့်အတိုင်းပင် ညနေ ရုံးဆင်းလျှင် **ဘဝတက္ကသိုလ်**သို့ သူ ရောက်လာသည်။ ထို့နောက် **ဘဝတက္ကသိုလ်**နှင့် အလှမ်းမဝေးလှသော "ရွှေနန်းတော်" စားသောက်ဆိုင်သို့ သွားသည်။ အပေါ်ထပ် လက်ဝဲထောင့် စားပွဲတွင် ထိုင်လေ့ရှိသည်။ ထိုစားပွဲ မအားမှ အခြားအေးချမ်းသော ထောင့်စားပွဲတစ်ခု။ ချစ်ဝင်းညွန့်က သူ့အိတ်ထဲတွင် ပါလာသော မွန်ထရီစီးကရက်ဘူးနှင့် မီးခြစ်ကို ထုတ်သည်။ ပြီးတော့ ရမ်တစ်ပိုင်းနှင့် ဝက်အသည်းကြော် မှာသည်။ မိမိတို့ ပထမဆုံးအကြိမ် ဆိုင်မှာ ထိုင်စဉ်က ဘာစားမလဲဟု သူက မေးသည်။ မိမိက ဝက်နံရိုးကို ကြိုက်သော်လည်း သွားမကောင်းတော့သဖြင့် ဝက်အသည်းဟု ပြောလိုက်သည်။ သည်ကတည်းက သူက မိမိ ဝက်အသည်း ကြိုက်သည်ဆိုပြီး ညနေတိုင်း ဝက်အသည်း မှာနေခြင်း ဖြစ်သည်။ မိမိကလည်း ဘာမှ မပြောတော့။ နောက်ကျမှ သိရသည်မှာ သူက ဝက်အသည်း မကြိုက်။

အချိန်ကာလနှင့် ပြောရလျှင် ၈၉ နှောင်းပိုင်း။

သည်တုန်းက မိမိမှာ မဂ္ဂဇင်း လက်ကိုင်မရှိ။ အယ်ဒီတာ မဟုတ်။ စာရေးခြင်း သက်သက်ဖြင့် ရပ်တည်နေရသော ကာလ။

၁၉၈၅ မေတွင် မိုးဝေမဂ္ဂဇင်းနှင့် ဒုတိယအကြိမ် ခွဲခွာသောအခါ မိမိမှာ စာရေးရန်သာ ဖြစ်တော့သည်။ ထိုအချိန်က ပင်ကိုရေး ဝတ္ထုများလည်း အရောင်းကျနေချိန် ဖြစ်၍ မိမိမှာ အတန်ငယ် ကသီသော ကာလဖြစ်သည်။

**ဘဝတက္ကသိုလ်**က မိမိထံမှ အစောပိုင်းကတည်းက ဘာသာပြန်ဝတ္ထုများ တောင်းခဲ့သည်။ သို့သော် မိမိသည် ထုတ်ဝေရေးတိုက် လေးငါးခုသို့ ပင်ကိုရေးဝတ္ထုများ အလှည့်ကျ ရေးပေးရန် ရှိနေသဖြင့်၊ သူ့ကို **မိုးဇော်ဟိန်း** နာမည်ဖြင့် ဘာသာပြန်ဝတ္ထုများ ပေးခဲ့သည်။ ယခုအခါ ပင်ကိုရေး ဝတ္ထုများ ရေးပေးရန် စရန်ယူထားသည်များ ပြီးသွားပြီ ဖြစ်သဖြင့် **ဘဝတက္ကသိုလ်**သို့ မိုးဇော်ဟိန်း အမည်နှင့်ရော၊ နတ်နွယ် အနေနှင့်ပါ ဘာသာပြန်ဝတ္ထုများ ရေးပေးရန် စီစဉ်သည်။ သို့ဖြင့် မိမိသည် မြို့ထဲသို့ လာသောအခါ **ဘဝတက္ကသိုလ်**မှာပင် စတည်းချသည်။

**စုံထောက်**မဂ္ဂဇင်း၊ **လျှို့ဝှက်သည်းဖို**မဂ္ဂဇင်း၊ **မိုးဝေ**မဂ္ဂဇင်းတို့တွင် နှစ်ပေါင်းများစွာ အယ်ဒီတာ လုပ်လာသော မိမိသည် မဂ္ဂဇင်း မရှိလျှင် မနေတတ်သလို ဖြစ်နေသည်။ သို့ဖြင့် ၁၉၈၇ ဧပြီလ၌ **ဘဝတက္ကသိုလ်**မှနေပြီး **သည်းထိတ်ဖို** မဂ္ဂဇင်း ထုတ်သည်။ တင်ထုတ် ဖြစ်သည်။ ယခင် **လျှို့ဝှက်သည်းဖို**တုန်းကလိုပင် လုံးချင်းဝတ္ထုအရွယ် (၅" × ၇") ဖြစ်သည်။ သို့သော်လည်း **သည်းထိတ်ဖို**မှာ ထင်သလောက် မအောင်မြင်ပါ။ သို့ဖြင့် အမှတ် (၁၁) သို့ ရောက်သောအခါ မဂ္ဂဇင်းဆိုက်ကြီးသို့ ပြောင်းထုတ်သည်။ သည်တော့ နည်းနည်းကလေး လှုပ်လာသည်။

သို့သော် မိမိသည် စာပေမဂ္ဂဇင်းထုတ်ရန် ပိုပြီး အာသီသ ရှိနေသဖြင့်၊

တင်ထုတ်များကို မဂ္ဂဇင်းထုတ်ဝေခွင့် မှတ်ပုံတင် ထုတ်ပေးသောအခါ သည်းထိတ်ဖိုကို နွယ်နီသို့ အမည်ပြောင်းပြီး၊ စာပေမဂ္ဂဇင်းအဖြစ် ဆက်လက်ထုတ်ဝေသည်။

နွယ်နီမဂ္ဂဇင်း အမှတ် ၁ ကို ၁၉၈၈ ဩဂုတ်လတွင် ထုတ်ဝေသည်။ သို့သော် အမှတ် ၂ ကို စက်တင်ဘာလတွင် မထွက်နိုင်ဘဲ အခြေအနေအရ ခေတ္တရပ်ထားရပြီး၊ ၁၉၈၉ ဇန်နဝါရီလတွင်မှ ဆက်လက်ထုတ်ဝေရသည်။ မိမိသည် နွယ်နီကို စာပေမဂ္ဂဇင်း အဖြစ် တတ်စွမ်းသမျှ ဖန်တီးခဲ့သော်လည်း၊ အရောင်းတွင်မူ ထင်သလို ဖြစ်မလာသဖြင့် ၁၉၈၉ ဩဂုတ်လတွင် အမှတ် ၅ ထွက်ပြီးနောက် ရပ်နားထားလိုက်ရပြန်သည်။

မိမိမှာ မဂ္ဂဇင်း လက်မဲ့ ဖြစ်သွားရပြန်သည်။ ဘာသာပြန် ဝတ္ထုများကိုသာ အားထား ပြန်ဆိုနေရတော့သည်။ သို့သော် ဘာသာပြန် ဝတ္ထုများကလည်း သည်မျှ အရောင်းကောင်းလှသည်တော့ မဟုတ်။ လူးလူးလိမ့်လိမ့်သာ ဖြစ်သည်။ မိမိ၏ စီးပွား ရေးမှာ ကသီလင်တနိုင်သည်ထက် ပိုပြီး နိုင်လာသည်။ သည်အချိန်တွင် ချစ်ဝင်းညွန့် ရောက်ရှိလာခြင်း ဖြစ်သည်။

သည်တုန်းက သူက ပြည်လမ်းက ရုံးမှာ ဖြစ်သည်။ ပြင်ပမှ အပ်သော အိမ် ပုံစံများ ဆွဲပေးနေရသဖြင့် အပိုဝင်ငွေ ရှိသည်။ မိမိ၏ စီးပွားရေးအခြေအနေ မကောင်း ကြောင်း သိသဖြင့် ယင်းကဲ့သို့ ညနေတိုင်းလိုလို ရောက်ရှိလာပြီး မိမိကို ပြုစုခြင်း ဖြစ်သည်။

တကယ်တော့ ထိုအချိန်က သူနှင့် မိမိနှင့် သိရှိသည်မှာ မကြာလှသေး။

## (ခ)

မိုးဝေမဂ္ဂဇင်းတိုက် ၃၄ လမ်းတွင် ရှိစဉ်က ဖြစ်သည်။ ၁၉၈၅ နှစ်ဦးပိုင်းလောက် ဖြစ်မည်။ တစ်နေ့တွင် လက်ဆွဲအိတ်ကြီး ဆွဲထားသော လူရွယ်တစ်ဦး ရောက်ရှိလာပြီး၊ စာမူ ပေးသည်။ လူက သပ်သပ်ရပ်ရပ် ဖြစ်သော်လည်း အမူအရာ အပြောအဆိုက အရာရှိ တစ်ဦး ဟန်ပန်မရှိ။ မာန်မာန မရှိသော လူရွယ်တစ်ဦးမျှသာ။

သူက ဆည်မြောင်းအင်ဂျင်နီယာ၊ စာပေဗိမာန် ဘာသာပြန်စာမူ ပထမဆု ရရှိဖူးသည်။ စာရေးဆရာ ကိုမြင့်ထူး၏ သမက်ဖြစ်သည်။ စာမူတစ်ပုဒ်ကို ပေးရင်း သူ့ကိုယ်သူ တိုးညင်းစွာ မိတ်ဆက်သည်။

သူ ဆုရသော စာအုပ်ကို မိမိ မဖတ်ဖူး။ ကိုမြင့်ထူးကိုတော့ သိသည်၊ ကောင်းကောင်းသိသည်။ ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်သည်။ ကိုမိုးဝေ ရှိစဉ်က စုံထောက်မဂ္ဂဇင်းသို့ နေ့စဉ်လို လာရောက်သူတစ်ဦး ဖြစ်သည်။ သူ့ကို ရက်ချိန်း ပေးလိုက်သည်။

ထုံးစံအတိုင်း သူ့စာမူကို အခြားစာမူများနှင့် အတူ အိမ်ယူသွားပြီး ဖတ်သည်။

သူ့စာမူက သပ်ရပ်သည်။ စာရွက်တွေက အကောင်းစားဖြစ်သည်။ ဖွေးဖွေးဖြူနေသည်။ စာရွက်များကို သေသေသပ်သပ် တွဲချုပ်ထားသည်။ လက်ရေးက ညီညာပြီး ရှင်းနေသည်။ ဖျက်ရာ ခြစ်ရာ လုံးဝ မရှိ၊ ထပ်ဖြည့်ထားသည်များ မရှိ။ ပုံနှိပ်ပြီး စာအုပ်တစ်အုပ်ဟု ထင်ရသည်။ နောင်အခါတွင်လည်း သူ၏စာမူများသည် ထိုအတိုင်းပင် ဖြစ်သည်။ အယ်ဒီတာများ ဖတ်ရသက်သာသော စာမူမျိုး ဖြစ်သည်။ စာစီသမား၊ ကွန်ပျူတာသမားများ သဘောကျသော စာမူမျိုး ဖြစ်သည်။

သူ၏စာမူကို ဖတ်ပြီးသောအခါ မိမိရင်ထဲမှာ ပေါ့ပါးသွားသည်။ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေသူများ၏ စာမူကို ဖတ်ရသောအခါ ရင်ထဲမှာ လေးနေသည်။ မကောင်းမှာ စိုးရိမ်သည်။ ပြန်ပေးရမှာ အားနာသည်။ စာမူကောင်းလျှင်ကား ဖိစီးနေသည်များ ပျောက်သွားသည်။ ဝမ်းသာသွားသည်။

သူ၏ စာအရေးအသားက ချောသည်။ ဘာသာပြန်ပုံက ပြေပြစ်ပေါ့လွင်သည်။

မိမိ၏ အယ်ဒီတာသက်တမ်းတွင် စာမူရှင်တစ်ဦး၏ ပထမဆုံး စာမူတစ်ပုဒ်ကို ဖတ်ကြည့်ရုံဖြင့်ပင် ဤသူသည် အလားအလာရှိသူ၊ နောင်တွင် ထင်ရှားသော စာရေးဆရာ၊ ဘာသာပြန်ဆရာ ဖြစ်မည်ဟု အသေအချာ တွက်ဆမိရသူများ ရှိခဲ့သည်။ ထိုအထဲတွင် သူလည်း တစ်ဦးအပါအဝင် ဖြစ်သည်။

ချိန်းရက်တွင် သူ ရောက်လာသောအခါ သူ့စာမူကို ရွေးထားကြောင်း ပြောလိုက်သည်။ သို့သော် သူ့စာမူ **မိုးဝေမဂ္ဂဇင်း**တွင် ပါ မပါကိုကား မိမိ မပြောနိုင်ပါ။ အထောက်အထားကြည့်ရန် မိမိတွင် **မိုးဝေမဂ္ဂဇင်း**များ မရှိပါ။ အကယ်၍ ပါခဲ့သည် ဆိုလျှင်လည်း **မိုးဝေမဂ္ဂဇင်း**တွင် ပါရှိသော သူ၏ ပထမဆုံးဝတ္ထုနှင့် နောက်ဆုံးဝတ္ထု ဖြစ်ပေလိမ့်မည်။ အကယ်၍ မပါခဲ့လျှင်လည်း ရွေးချယ်ထားပြီးမှ အယ်ဒီတာ အပြောင်းအလဲ ဖြစ်သောကြောင့် ပျောက်ဆုံးသွားသော စာမူတစ်ခု ဖြစ်ပေလိမ့်မည်။

ထို့နောက် သူနှင့်မိမိ ကာလအတန်ကြာ မတွေ့ရှိတော့။

၁၉၈၇–၈၈ ခုနှစ်များအတွင်း **သည်းထိတ်ဖို** ထုတ်ဝေစဉ်ကာလတွင် သူ ရောက်ရှိမလာပါ။ မိမိအနေနှင့်လည်း သူ့ကို အမှတ်မရရှိတော့ပါ။

သို့သော် **နွယ်နီ**မဂ္ဂဇင်း ထုတ်ဝေစဉ် ကာလတွင်မူ မထင်မှတ်ဘဲ သူ ဖြုန်းစားကြီး ရောက်ရှိလာသည်။ ၃၇ လမ်း **ဘဝတက္ကသိုလ်**သို့ သူ ရောက်ရှိလာသည်။ အနည်းငယ် အစဖော်ပေးလိုက်သောအခါ သူ့ကို မိမိ ကောင်းကောင်းမှတ်မိသွားသည်။

'နေဦး၊ **သည်းထိတ်ဖို** ထုတ်နေတုန်းက ခင်ဗျား မလာဘူးလား'

'မလာဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'လာတော့ လာမလို့ဘဲ ဆရာ၊ ဒါပေမဲ့ မလာဖြစ်ဘူး'

သူက ဒါပဲ ပြောသည်။ မိမိကလည်း ထပ်မမေးတော့။

ထုံးစံအတိုင်း ရက်ချိန်းပေးလိုက်သည်။

သူ့စာမူက အရင်တစ်ကြိမ်ကလိုပင် သပ်သပ်ရပ်ရပ်၊ ဘာသာပြန်က ချောချော မွတ်မွတ်၊ ဇာတ်လမ်းက စွဲမက်ဖွယ်ရာ။ ဝတ္ထုအမည်က "ညအကနှင့် ငွေစဒေါ်လာ"။ Brett Halliday ၏ *Pieces of Silver* ကို ပြန်ဆိုခြင်းဖြစ်သည်။ ၁၉၈၉ မေလထုတ် နွယ်နီမဂ္ဂဇင်း အမှတ် ၄ တွင် ပန်းချီတင်မောင်မျိုး၏ လေးရောင် သရုပ်ဖော်ပုံနှင့် ပါရှိသည်။

သို့သော် သူ ကံဆိုးသည်လား၊ မိမိ ကံဆိုးသည်လား မသိ။ နွယ်နီစာပေ မဂ္ဂဇင်းသည် အမှတ် ၅ တွင် ရပ်သွားသည်။ မဂ္ဂဇင်းများတွင် ပါဝင်ရေးသားရန် သူ၏ ကြိုးပမ်းအားထုတ်မှုမှာလည်း တစ်စခန်း သိမ်းသွားရပြန်တော့သည်။

သို့သော် သည်တစ်ကြိမ်တွင် သူ ပျောက်မသွားပါ။ ဘဝတက္ကသိုလ်သို့ သူ လာသည်။ မိမိက ဘဝတက္ကသိုလ်သို့ ဘာသာပြန်ဝတ္ထုများ ရေးပေးနေဆဲ။

တစ်နေ့တော့ ဘဝတက္ကသိုလ်သို့ သူ ရောက်လာပြီး အခါတိုင်းလို ခဏ တစ်ဖြုတ်နှင့် ပြန်မသွား။ ညနေစောင်းသည်အထိ ထိုင်နေသည်။ ဘယ်သူနှင့်မှလည်း စကားမပြော။ သူ့ကို အမှတ်ရရှိပြီး–

'ကိုချစ်ဝင်းညွန့် ကိစ္စရှိလို့လား'

'ဆရာ ဘယ်တော့ပြန်မှာလဲ'

'ဘာဖြစ်လို့လဲ'

'ဆရာ အလုပ်ပြီးလို့ ပြန်ရင် တစ်နေရာရာ သွားရအောင်'

မိမိ ခေတ္တမျှ စဉ်းစားသည်။ တစ်နေရာရာ သွားရအောင် ဆိုသည်မှာ တစ်ခုခု သွားစားရအောင်၊ သွားသောက်ရအောင်ဟု ပြောခြင်းဖြစ်သည်။ မိမိက အကြောင်း မသိသူများနှင့် ဝိုင်းထိုင်ရန် ဝန်လေးသည်။ သို့သော် သူ့မှာ တစ်ခုခု ပြောချင်ဟန် ရှိသည်ဟု ရိပ်စားမိသည်။ မိမိကလည်း သူ့ကို တစ်ခုခု ပြောချင်သည်။ စာ ဆက်ဆက် ရေးဖို့ တိုက်တွန်းချင်သည်။ တတ်နိုင်သမျှ ကူညီမည်။ မိမိနှင့် နီးစပ်သော မဂ္ဂဇင်းများသို့ ပို့ပေးမည်။ ထို့ကြောင့်–

'ကျွန်တော့်မှာ ဘာအလုပ်မှ မရှိပါဘူး၊ ထိုင်နေတာပါပဲ၊ ပြန်ကြတာပေါ့'

သည်တော့ သူက–

'ကားပါတယ် ဆရာ၊ ကားကြီးဆိုတော့ လမ်းထိပ်မှာ ရပ်ထားတယ်'

လမ်းထိပ်သို့ လျှောက်သွားကြသည်။ သူက ဆည်မြောင်းအင်ဂျင်နီယာ ဦးစီး အရာရှိ၊ အရပ်အခေါ်ဆိုရင်က အက်စ်အေအီး၊ နောက် အေအီး။ သို့ပေမယ့် သူ့ကားက ဖယ်ရီပို့သော ကားကြီး။

ထိုနေ့က မိမိတို့ နန်းသီတာသို့ သွားဖြစ်သည်နှင့် တူသည်။

မိမိက–

'ခင်ဗျား စာဆက်ရေးပါ၊ စိတ်မပျက်ပါနဲ့။ တခြားမဂ္ဂဇင်းတွေ ပို့ပေါ့၊ ကျွန်တော်လည်း ပို့ပေးမယ်၊ ကျွန်တော့်ကို ပေး'

သူ ဘာမှ မပြော။ ခဏကြာမှ–

'ဆရာ မဂ္ဂဇင်းထုတ်ရင် အရင်း ဘယ်လောက် လိုသလဲ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော် လုံးဝတော့ မတတ်နိုင်ဘူး၊ ဆရာ လိုတယ်ဆိုရင် ကျွန်တော် တစ်သောင်းလောက်တော့ ပေးနိုင်မယ် ထင်တယ်'

မိမိရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။ သူ၏ စေတနာကို လေးစားသည်။

'နေပါဦး ကိုချစ်ဝင်းညွန့်၊ နောက်တော့ တစ်မျိုးတစ်မည် ဖြစ်လာဦးမှာပေါ့'

အတန်ကြာ ဆိတ်ငြိမ်နေကြပြီးနောက်–

'ဆရာ၊ အခု မိုးဇော်ဟိန်းနဲ့ ဘာပြန်နေသလဲ'

မိမိက မိုးဇော်ဟိန်းအမည်ဖြင့် ၁၉၈၀ ပြည့်နှစ်ကတည်းက စတင်ပြန်ဆိုခဲ့ခြင်းဖြစ်သည်။ ပထမဆုံးဝတ္ထုက ဂျက်ဟစ်ဂင်၏ **မုန်တိုင်းအန္တရာယ်**။

မိမိက လက်ရှိပြန်ဆိုနေသော စာအုပ်အမည်ကို ပြောလိုက်သည်။

'ကျွန်တော် ဂျက်ဟစ်ဂင်ရဲ့ ဝတ္ထုတစ်ပုဒ် စမ်းပြန်ထားတယ်'

'ဘယ်ဝတ္ထုလဲ'

သူ ပြောသည့်အမည်ကို မိမိ မကြားဖူးပါ။

'ကျွန်တော့်ကို ပေးလေ၊ ကျွန်တော် ဖတ်ကြည့်မယ်'

သူ့စာအုပ်ကို မိမိ ဖတ်ကြည့်သည်။

ဂျက်ဟစ်ဂင်၏ စာအုပ်များကို စာရေးဆရာ တော်တော်များများက ပြန်ကြသည်။ ဂျက်ဟစ်ဂင်၏ အရေးအသားက တစ်မျိုးဖြစ်သည်။ အတွေးအခေါ် ပါသည်။ အပြန်အလှန် စကားပြောခန်းများ ပြတ်သည်။ အပြန်ရ ခက်သည်။

သူက ဂျက်ဟစ်ဂင်၏ ဟန်ကို မိအောင် ပြန်နိုင်သည်။ ထိုစာအုပ်ကို ဘဝတက္ကသိုလ် မောင်နေဝင်းသို့ ဖတ်ခိုင်းသည်။ မောင်နေဝင်းလည်း သဘောကျသဖြင့် ဘဝတက္ကသိုလ်မှ ထုတ်သည်။ နောက်ပိုင်းတွင် သူ့စာအုပ်များ ဘဝတက္ကသိုလ်မှ ဆက်တိုက် ထွက်လာသည်။ သူကလည်း မနားတမ်း ပြန်ဆိုသည်။ ပြန်ရမည့် စာအုပ်များကို သူကိုယ်တိုင်လည်း ရှာသည်။ မိမိကလည်း ရှာပေးသည်။

တစ်နေ့တော့ မောင်နေဝင်းက–

'ဆရာ… ကိုချစ်ဝင်းညွန့်နဲ့တော့ မလွယ်ဘူး ထင်တယ်'

'ဘာဖြစ်လို့လဲ'

'သူက တစ်ပတ် တစ်အုပ်လောက် ပြန်နေတာပဲ။ အဲဒါတွေ ဘယ်သူနိုင်အောင် ထုတ်နိုင်မှာလဲ'

သူက တကယ် စာရေးမြန်သူ ဖြစ်သည်။ တကယ် စာရေးနိုင်သူ ဖြစ်သည်။

ထိုစဉ်မှာပင် နွယ်နီမဂ္ဂဇင်း ပုံစံသစ်နှင့် ထွက်လာသည်။ နိုင်ငံတကာ နွယ်နီပဲ ဆိုပါတော့။ သည်မှာ သူ ရေးတော့တာပဲ။ နွယ်နီမဂ္ဂဇင်း၏ အားကိုးရသော ပင်တိုင် ဆောင်းပါးရှင်တစ်ယောက် ဆိုပါတော့။

(ဂ)

နိုင်ငံတကာသတင်းကို အထူးပြုသော ပုံစံသစ် နွယ်နီမဂ္ဂဇင်း ၁ ကို ၁၉၉၁ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေပါသည်။ ယင်းစာအုပ်တွင် ချစ်ဝင်းညွန့် သုံးပုဒ်ရေးသည်။ ချစ်ဝင်းညွန့် အမည်နှင့် သူတို့အမြင်ကဏ္ဍတွင် "ရွှေနိုင်ငံ"။ မြန်မာနိုင်ငံအကြောင်း နိုင်ငံခြားသားရေးသော ဆောင်းပါးကို ပြန်ဆိုခြင်း ဖြစ်သည်။ ကာကွယ်ရေး ကဏ္ဍတွင် ထွန်းတောက် အမည်ဖြင့် "သဘော်ခွင်း ဒုံးကျည်များ" ဆောင်းပါး ရေးသည်။ ထို့နောက် သိပ္ပံနှင့် နည်းပညာမှတ်စု ကဏ္ဍကို မောင်ဖြစ်ထွန်း အမည်ဖြင့် ရေးသည်။

နောက်ပိုင်းတွင် သူသည် တစ်ပုဒ်မှ သုံးလေးပုဒ်အထိ အလျဉ်းသင့်သလို ရေးသည်။ ဖြစ်ရပ်မှန် ဇာတ်လမ်းများကို နိုင်ကိုကို ကလောင်အမည်ဖြင့် လည်းကောင်း၊ စစ်ရေးနည်းပညာများကို မောင်သိန်းဆု ကလောင်အမည်ဖြင့် လည်းကောင်း၊ သိပ္ပံနှင့် အဆင့်မြင့် နည်းပညာရပ်များ အကြောင်းကို ထွန်းတောက် အမည်ဖြင့် လည်းကောင်း ဆောင်းပါးရေးသည်။

တစ်ဖက်တွင် လုံးချင်းဝတ္ထုများကို ဘာသာပြန်ဆိုပြီး၊ နွယ်နီတွင် အင်တိုက် အားတိုက် ရေးနေချိန်မှာပင် အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာပြန်သည်။ အလုပ် တာဝန်ဖြင့် နယ်သို့ပြောင်းရခြင်း ဖြစ်သည်။ သူက နယ်မှ စာမူများ ရေးပို့မည် ဆိုသော် လည်း လက်တွေ့တွင်ကား မရေးနိုင်ပါ။ အလုပ်တာဝန်များအောက်တွင် ပိနေ သည်။

ဘာလိုလိုနှင့် ၉၃ ဖေဖော်ဝါရီမှ ၉၃ နိုဝင်ဘာအထိ နွယ်နီမှ သူ ပျောက် သွားသည်။ ၁၀ လ လုံးလုံးပင် ဖြစ်တော့သည်။ ၉၃ ခုနှစ် ကုန်ခါနီးတွင် သူ ပြန် ရောက်လာသည်။ ရုံးချုပ်တွင် တာဝန်ကျသည်။ အလုပ်တာဝန်တွေ များသည့်ကြားက ပင် စာရေးသည်။ နွယ်နီတွင်သာမက အခြားမဂ္ဂဇင်းများတွင်လည်း ရေးသည်။

ထိုမှုမက သူ့ဘဝကို စာရေးခြင်းတွင် မြှုပ်နှံရန် သူ ကြိုးပမ်းလာသည်။

တစ်ညနေ ဖြစ်သည်။ ဗုဒ္ဓဟူးလား၊ စနေလားတော့ မမှတ်မိ။ မိမိတို့သည် တစ်ပတ်လျှင် နှစ်ရက်လောက် ဆုံဖြစ်ကြသည်။ ဗုဒ္ဓဟူးနှင့် စနေ။ ထို့နောက် ဖောင်ပိတ်သည့်နေ့နှင့် မဂ္ဂဇင်းထွက်သည့်နေ့။ တစ်ခါတစ်ရံ ကြားရက်များတွင် အကြောင်းတစ်ခုခုပြုပြီး ဆုံဖြစ်ကြသည်လည်း ရှိသည်ပေါ့။ ဗုဒ္ဓဟူးနှင့် စနေကတော့ ပုံမှန်။

မဂ္ဂဇင်းတိုက်တွင် စုမိကြပြီး ငါးနာရီလောက်တွင် အလုပ်တိုက်ပိတ်ပြီး ထွက်ကြသည်။ တစ်ခါတစ်ရံ တစ်ယောက်ယောက်သည် နောက်ကျနေခဲ့လျှင် ထိုင်နေကျဆိုင်သို့ လိုက်လာတတ်သည်။ ထိုနေကျဆိုင်ကလည်း ဝေးလှသည်တော့ မဟုတ်။ မဂ္ဂဇင်းတည်ရာလမ်းနှင့် တစ်လမ်းကျော် ၃၅ လမ်းတွင် ဖြစ်သည်။ မဂ္ဂဇင်းတိုက်မှ လမ်းလျှောက်သွားလျှင် မော်တော်ကားနှင့် လမ်းသွားလမ်းလာများ ကျပ်နေသည့်တိုင် ၁၀ မိနစ်လောက်ပဲ လျှောက်ရသည်။

ထိုနေ့ညနေက မဟာဗန္ဓုလပန်းခြံလမ်း အလွန်တွင် သူက ရုတ်တရက် မေးသည်။

'White Woman နဲ့ Moonstone ဘယ်ဟာပြန်ရင် ကောင်းမလဲ'

'White Woman ကတော့ ဇာတ် ပိုကောင်းတာပေါ့' မိမိက ရုတ်တရက် ဖြေလိုက်သည်။ ပြီးတော့မှ မျက်နှာချင်းဆိုင်မှ လာသူတစ်ဦးကို ရှောင်ရင်း 'ဘာလုပ် မလို့လဲ၊ ပြန်မလို့လား'

'ရာပြည့် ကိုစိုးညွန့်က ဂန္ထဝင်တစ်ပုဒ် ပြန်ဖို့ ပြောနေတယ်'

'ကောင်းတာပေါ့၊ ဒါပေမဲ့ ရှည်တော့ ရှည်တယ်နော်။ နေဦး၊ အဲဒီစာအုပ် ကျွန်တော့်မှာ ရှိတယ်။ အခု မတွေ့တာကြာပြီ၊ ဘယ်ရောက်နေသလဲ မသိဘူး'

'ကျွန်တော့်ဆီကဟာ ဆရာ့စာအုပ်လေ'

'ဩော် ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီ'

ထိုစဉ် ဆိုင်ကို ရောက်ရှိသွားကြသည်။ ထုံးစံအတိုင်း အအေးခန်းအတွင်းရှိ ထိုင်နေကျစားပွဲတွင် ထိုင်ကြသည်။ မှာနေကျအတိုင်း မှာကြသည်။ အာလူးအတုံးကြော်၊ ကိုက်လန်ပလိန်း၊ သက်သတ်လွတ်တော့ မဟုတ်ကြ။ သို့သော် ခြိုးခြိုးခြံခြံ ချွေချွေတာတာပဲပေါ့။

တစ်ယောက်က မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ စောင်ရေကျသည့်အကြောင်း ပြောနေသည်။ နောက်တစ်ယောက်က စက္ကူဈေးနှင့် ဖလင်ဈေးများ ထပ်တက်လာသဖြင့် မဂ္ဂဇင်းများ ဈေးတက်ဦးမည်ဖြစ်ကြောင်း၊ ထိုအခါ အရောင်း ထပ်ကျဦးမည် ဖြစ်ကြောင်း ဟောကိန်းထုတ်နေသည်။ မိမိခေါင်းထဲတွင်မူ ကာလအတန်ကြာ မေ့လျော့နေခဲ့သည်

များကို White Woman နှင့် စပ်လျဉ်းပြီး တသီတတန်းကြီး ပြန်လည်အမှတ်ရရှိနေတော့သည်။

မည်သည့်ဝတ္ထုကို ဘာသာပြန်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားသောအခါများတွင် ဝီလီကောလင်း၏ White Woman နှင့် Moonstone တို့လည်း ပါဝင်တတ်ပါသည်။ ယင်းဝတ္ထုနှစ်ပုဒ်ကို စာရေးဆရာကြီး အချို့က မှီငြမ်းပြု၍ သော်လည်းကောင်း၊ အကျဉ်းချုပ် ဘာသာပြန်၍ သော်လည်းကောင်း ရေးသားခဲ့ကြပြီးဖြစ်ပါသည်။ သို့သော် မူရင်း အပြည့်အစုံကို ဘာသာပြန်ဆိုထားခြင်းကား ယနေ့တိုင်မရှိသေးပါ။

ယခင်အခါများက စာရေးဆရာကြီးများသည် ကောင်းမွန်သော ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီးများကို အခြေအနေအရ မှီငြမ်းပြုပြီး ရေးသားခဲ့ကြသည်။ သို့မဟုတ် အကျဉ်းချုပ်ပြန်ဆိုခဲ့ကြသည်။ ယင်း၏ကျေးဇူးလည်း ကြီးမားလှပါသည်။ မြန်မာစာဖတ်သူများသည်ယင်းစာရေးဆရာကြီးများ၏ ကျေးဇူးကြောင့် ဝတ္ထုကောင်းကြီးများနှင့် ထိတွေ့ရင်းနှီးရပြီးအပြည့်အဝ ဖတ်လိုသည့် ဆန္ဒများ ဖြစ်ပေါ်ခဲ့ရသည်။

နောက်တစ်ခုလည်း ရှိသေးသည်။ အချို့သော ပုဂ္ဂိုလ်များသည် ဂန္ထဝင်ဝတ္ထုကောင်းများကို မနိုင်မနင်းဘဲ ပြန်ဆိုခဲ့ကြသည်။ ပြီးကပစ် ပြန်ဆိုခဲ့ကြသည်။ စာအုပ်ကောင်းများ ပျက်စီးရသည်။ နမြောဖွယ်ရာ ဖြစ်သည်။

သို့ဖြင့် နောက်ပိုင်းတွင် ဘာသာပြန် ဆရာအချို့သည် ဂန္ထဝင်ဝတ္ထုကြီးများကိုအပြည့်အစုံ ထပ်မံပြန်ဆိုရန် ကြိုးပမ်းခဲ့ကြခြင်း ဖြစ်သည်။ သို့မှသာလျှင်လည်း မြန်မာဘာသာပြန် အခန်းကဏ္ဍတွင် ပြည့်စုံကြွယ်ဝလာမည် ဖြစ်သည်။ နိုင်ငံတကာ ဂန္ထဝင်၊ခေတ်ပေါ် ဂန္ထဝင် ဝတ္ထုကြီးများ အားလုံးကို မြန်မာဘာသာသို့ အပြည့်အစုံ ပြန်ဆိုထားနိုင်ကြလျှင်တော့ အကောင်းဆုံးပင်။

ချစ်ဝင်းညွန့်သည် ခေတ်ပေါ် အရောင်းသွက် ဝတ္ထုများကို တစ်ပုဒ်ပြီးတစ်ပုဒ်သွက်လက်စွာ ပြန်ဆိုလျက် ရှိသည်။ စာဖတ်ပရိသတ်၏ အသိအမှတ် ပြုခြင်းကိုလည်းတိုးတက်ရရှိသည်။ အခြားထုတ်ဝေသူများကလည်း သူ့ထံမှ ဘာသာပြန်ဝတ္ထုများတောင်းယူ ထုတ်ဝေလာကြသည်။

ဤတွင် မိမိက သူ့ကို ခေတ်ပေါ်အရောင်းသွက် ဝတ္ထုများသာမက ဂန္ထဝင်ဝတ္ထုများကိုပါ ဘာသာပြန်ဆိုရန် တိုက်တွန်းမိသည်။ သူကလည်း စိတ်ဝင်စားသည်။မည်သည့်ဝတ္ထုကို ပြန်ရလျှင် ကောင်းမည်နည်းဟု မေးသည်။ သို့ဖြင့် သူနှင့် လိုက်မည်ထင်သော White Woman နှင့် Moonstone တို့ကို ဖတ်ခိုင်းသည်။ ဝတ္ထုများကိုဖတ်ပြီးသောအခါ–

'ဆရာ့ဝတ္ထုတွေက ကောင်းတာတော့ အရမ်းကောင်းတာပဲ။ ဒါပေမဲ့ ခက်တယ်

ဆရာ၊ တချို့နေရာဆိုရင် နားမလည်လို့ နှစ်ခါ သုံးခါ ပြန်ဖတ်ရတယ်။ ကျွန်တော် မသိတဲ့ စကားလုံးတွေလည်း အများကြီးပဲ။ တချို့ဆိုရင် အဘိဓာန်ထဲမှာ ရှာတာတောင် မတွေ့ဘူး'

'အင်းပေါ့၊ အရေးအသားကတော့ ဟိုတုန်းက အရေးအသားနဲ့ အခု အရေးအသား ဘယ်တူတော့မလဲ။ တချို့ ဝေါဟာရတွေလည်း ပေါရာဏတွေ ဖြစ်ကုန်ပြီပေါ့။ အဘိဓာန်ကြီးတွေမှာ ရှာမှ တွေ့နိုင်တော့မယ်။ ဒါပေမဲ့ ခင်ဗျား ပြန်နိုင်ပါတယ်၊ ကြိုးစားပြီး ပြန်ကြည့်ပါ။ ဆရာကြီးတွေပြန်တဲ့ ဂန္ထဝင်ဝတ္ထုကြီးတွေလည်း ဖတ်ကြည့်ပေါ့'

'ကျွန်တော် ကြိုးစားကြည့်မယ် ဆရာ'

'ဒီလိုလုပ်ပါလား။ ကျွန်တော် အခု **မိုဗီဒစ်** ပြန်နေတယ်၊ သုံးခန်းပြီးသွားပြီ။ အဲဒါ ခင်ဗျား ယူသွားပြီး မူရင်းနဲ့ ကျွန်တော့် ဘာသာပြန် တိုက်ကြည့်ပါလား။ ပြီးတော့ **အခန်းလေး**ကို ခင်ဗျား ဆက်ပြန်ကြည့်၊ ဘယ်လိုနေသလဲ ကြည့်ကြရအောင်'

သူ သဘောတူပြီး **မိုဗီဒစ်** မူရင်းနှင့် မိမိ ဘာသာပြန်တို့ကို ယူသွားသည်။ တစ်ပတ်ခန့် ကြာသောအခါ ပြန်ပေးသည်။ နောက်ထပ် သုံးခန်း သူ ဆက်ပြန်ထားသည်။

သည်တွင် သူနှင့်မိမိ ဘာသာပြန် အလုပ်ရုံ ဆွေးနွေးပွဲလေးတစ်ခု လုပ်ဖြစ်ကြသည်။ **မိုဗီဒစ်**တွင် နှစ်ပိုင်း ရောနေသည်။ ရသပိုင်းဆိုင်ရာ ဝတ္ထုဇာတ်ကြောင်းနှင့် သုတပိုင်းဆိုင်ရာ ဝေလငါး ဗဟုသုတများ ဖြစ်သည်။ သုတပိုင်းဆိုင်ရာ အချက်အလက်များ ပြန်ရသည်က လွယ်သည်။ သို့သော် ရသပိုင်းဆိုင်ရာ ဇာတ်ကြောင်းကို ပြန်ရသည်က ခက်သည်။ ဟာမင်မဲလဗီး၏ အတွေးများက ဒဿနဆန်ပြီး၊ အရေးအသားက ကဗျာဆန်သည်။ တင်စားမှုများနှင့် ပြည့်နှက်နေသည်။ **မိုဗီဒစ်**ကို ပြန်ဆိုရာတွင် မိမိကို သူ အများကြီး ကူညီခဲ့ပါသည်။ သူလည်း အများကြီး အတွေ့အကြုံ ရရှိသွားပါသည်။

'ဟုတ်ပြီဆရာ၊ ကျွန်တော် White Woman ကို ဖြစ်ဖြစ်၊ Moonstone ကို ဖြစ်ဖြစ် ကြိုးစားပြီး ပြန်ကြည့်မယ်။ ကျွန်တော် သုံးလေးခန်းလောက် ပြန်ပြီးရင် ဆရာ ဖတ်ကြည့်ပေးပါ။ ပြီးတော့ ဆရာ့အမှာလည်း ရေးပေးပါ'

သူ အားတက်သရော ဖြစ်နေသည်။ ထိုအချိန် ဂန္ထဝင်ဝတ္ထု တစ်ပုဒ်ပုဒ်ကို ပြန်ခဲ့လျှင် **ဘဝတက္ကသိုလ်**ကလည်း ထုတ်ပေးမည့်အခြေအနေ ရှိသည်။

သို့သော်–

အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာသည်။ အလုပ်တာဝန်အရ သူ နယ်ပြောင်းရခြင်း ဖြစ်သည်။ ပြောခဲ့ပြီးသည့်အတိုင်းပင် အလုပ်တာဝန်များကြောင့် သူ စာမရေးနိုင်ပါ။ လုံးချင်းဝတ္ထုရေးဖို့ မဆိုထားနှင့်၊ မဂ္ဂဇင်းတွင် ဆောင်းပါးများပင် မရေးနိုင်ပါ။ ၁၀ လ လုံးလုံးပင် ဖြစ်သည်။

ရန်ကုန် ပြန်ရောက်လာတော့လည်း သူ့မှာ အလုပ်တာဝန်တွေ များနေလျက် ပင်။ သို့သော် ရသမျှအချိန်တွင် သူ ကြိုးစားပြီး စာရေးသည်။ **နွယ်နီ**အပြင် အခြား မဂ္ဂဇင်းတွေမှာလည်း ရေးသည်။ သင့်**ဘဝအောင်မြင်ရေး**တွင် ပင်တိုင်လို ရေးသည်။ နောက်ပိုင်း ၌ **ကွန်ပျူတာဂျာနယ်**တွင် ပင်တိုင်ရေးပြန်သည်။

ဘာသာပြန် လုံးချင်းတွေလည်း ဆက်တိုက်လို ထွက်လာသည်။ **ရာပြည့်၊ စာပေလောက**နှင့် အခြား သုံးလေးတိုက်တို့မှ ဖြစ်သည်။

သူ သည်မျှ စာရေးနိုင်သည်ကို အံ့သြနေကြသည်။ သို့သော် သူ့ဘာသာသူတော့ အားရကျေနပ်ဟန် မတူ။

သို့ဖြင့် တစ်နေ့တွင်–

'ဆရာ၊ ကျွန်တော် အလုပ်က ထွက်တော့မယ်'

'ကောင်းတာပေါ့၊ စာများများရေးနိုင်တာပေါ့'

မိမိက လွတ်ခနဲ ပြောလိုက်သည်။ ပြီးမှ သူ့ဘဝ ရပ်တည်ရေးနှင့် သူ့မိသားစု ကို သတိရပြီး–

'ခင်ဗျား သေသေချာချာ စဉ်းစားပြီးပြီလား။ ခင်ဗျား အမျိုးသမီးနဲ့ရော တိုင်ပင် ပြီးပလား'

'အမျိုးသမီးက ဘာမျှမပြောပါဘူး၊ ကျွန်တော့်သဘောလို့ပဲ ပြောပါတယ်'

ဟုတ်ပေမည်။ သူ့အမျိုးသမီးက ကန့်ကွက်မည် မဟုတ်ချေ။ သူ့အမျိုးသမီးက စာပေလောကနှင့် စာရေးဆရာများကို နားလည်သူ ဖြစ်သည်။ စာရေးဆရာ၏သမီး ဖြစ်သည်။ စာရေးဆရာများနှင့် ခင်မင်ရင်းနှီးသူ ဖြစ်သည်။ အလုပ်က ကျောင်းဆရာမ ဖြစ်သည်။ သမီးသုံးယောက်နှင့်အတူ ဘဝကို ရင်ဆိုင်နေသူ ဖြစ်သည်။ သူ၏ခင်ပွန်းသည် အရာရှိတစ်ဦး ဖြစ်သည်ဟု လည်းကောင်း၊ သူသည် အရာရှိကတော် ဖြစ်သည်ကို လည်းကောင်း သတိပြုမိဟန် မရှိချေ။ သူသည် ကျောင်းဆရာမတစ်ဦးဖြစ်ပြီး စာရေး ဆရာ တစ်ဦး၏ ဇနီး ဖြစ်သည်ဟုသာ နားလည်ထားပုံ ရသည်။

အကြောင်းမှာ သာကေတက သူတို့အိမ်ကို ကြည့်ပါ။ အရာရှိတစ်ဦး၏အိမ်နှင့် မတူပါ။ အင်ဂျင်နီယာတစ်ဦး၏အိမ်နှင့် မတူပါ။ စာရေးဆရာတစ်ဦး၏ အိမ်နှင့်သာ တူပါသည်။ အိမ်က ယိမ်းယိုင်နေသော ပျဉ်ထောင်အိမ်၊ ကြမ်းတွေက ပေါက်နေသည်။ ခမ်းနားသော ပရိဘောဂများ မရှိ။ စာအုပ်စင်နှင့် စာအုပ်များသာ ရှိသည်။

'အေအီးအိမ်က ဘယ်လိုလဲ၊ ပြိုကျတော့မယ်။ အေအီးအိမ်ဆိုတာ ယုံနိုင်စရာ တောင် မရှိဘူး'ဟု မြေနီကုန်းဖိုးလုံးက သူ့အိမ်ကို ပထမဆုံးအကြိမ် ရောက်စဉ်က တအံ့တသြ ပြောခဲ့သည်။

'သူက တက်ကျမ်းတွေ၊ ပေါင်းသင်းဆက်ဆံရေး ကျမ်းတွေ ဘာသာပြန်နေ

ပေမယ့် လူပေါင်းမှားသွားတယ်။ ကန်ထရိုက်တွေနဲ့ မပေါင်းဘဲ စာရေးဆရာတွေနဲ့ ပေါင်းတော့ ဆင်းရဲတော့တာပေါ့' ဟု မိမိက ပြောလိုက်မိသည်။

ယင်းသို့ဖြင့် တစ်နေ့တွင်–

'ဆရာ၊ ကျွန်တော် ထွက်စာရပြီ'

'ဒါဆိုရင် ခင်ဗျားကို နွယ်နီမှာ အယ်ဒီတာ ခန့်ရမယ်'

'ကွန်ပျူတာဂျာနယ်ကလည်း သူတို့ဆီမှာ လုပ်ပါလို့ ပြောနေတယ်'

'အင်း၊ အမှန်အတိုင်း ပြောရရင်တော့ အယ်ဒီတာလုပ်တာလည်း စာရေးအား လျော့တာပဲ'

'ဟုတ်တယ်ဆရာ၊ ကျွန်တော် စာပဲ ရေးမယ်။ ဆရာတို့ကိုတော့ ကျွန်တော် ခါတိုင်းလိုပဲ ကူညီလုပ်ပေးသွားမှာပေါ့။ ကွန်ပျူတာဂျာနယ်မှာလည်း ဆောင်းပါးတွေ မှန်မှန်ရေးပေးသွားရင် ပြီးတာပဲ'

သူက တက်ကြွစွာဖြင့် အချိန်ပြည့် စာရေးရန် မောင်းတင်နေစဉ်မှာပင်...။

## ( င)

သူက စကားနည်းပေမယ့် အပေါင်းအသင်း မင်သည်။ ချိန်းဆိုသည့် နေ့ရက်များတွင် ရောက်အောင် လာတတ်သည်။ သူများတွေ ပြောသည်ကို ငေးစိုက်ပြီး နားထောင်နေ တတ်သည်။

ထို့ပြင် သူက မိတ်ဆွေများကို တကူးတကန့် ဖိတ်ခေါ် ကျွေးမွေးတတ်သည် လည်း ရှိသည်။ ဝန်ထမ်းများကို မြေကွက်များ ချပေးစဉ်က သူသည် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ထမ်းများ မြေကွက်ရရှိသော တောင်ဒဂုံတွင် တာဝန်ကျသည်။ ဝန်ထမ်းများအတွက် ဝန်ကြီးဌာနက အထူးဖွင့်လှစ်ပေးသော သစ်နှင့် ဆောက်လုပ်ရေး ပစ္စည်း အရောင်းဆိုင်တွင် ဖြစ်သည်။

'ဆရာရေ၊ ကွင်းပြင်ထဲမှာဆိုတော့ နေ့ဆိုရင် အရမ်းပူတယ်။ ညကျရင်တော့ နေလို့ကောင်းတယ်။ လေလေး တဖြူးဖြူးနဲ့'

မိမိက မြောက်ဥက္ကလာသို့ ပြောင်းရွှေ့ရတုန်းက အတွေ့အကြုံကို အမှတ်ရ သဖြင့်–

'ကျွန်တော်တို့ မြောက်ဥက္ကလာ ပြောင်းရတုန်းကလည်း ဒီအတိုင်းပဲ'

'ဆရာတို့ လာမလား'

'ဘယ်ကိုလဲ'

'ဒဂုံကိုပေါ့'

'ကောင်းသားပဲ၊ ညအိပ်ရမှာလား'

'ညအိပ်ရင်လည်း ရတယ်၊ ပြန်မယ်ဆိုရင်လည်း ပြန်ပို့ပေးမယ်။ ကားတွေ စီစဉ်ထားတယ်'

ယင်းသို့ဖြင့် မိမိတို့သည် တောင်ဒဂုံမြို့သစ် ဟင်းလင်းပြင်ကြီးထဲသို့ တစ်ညတွင် ရောက်ရှိသွားကြသည်။ ကိုကျော်အောင်၊ မင်းကျော်၊ မောင်နေဝင်း၊ မောင်သွေးသစ်နှင့် မောင်ပေါ်ထွန်းတို့ ပါကြသည်။

ကွင်းပြင်ထဲတွင် ဝိုင်းဖွဲ့ကြသည်။ ဆောက်လက်စ အဆောက်အအုံများက ဟိုနားမှာ ငုတ်တုတ်၊ သည်နားမှာ စုစု။

ထိုညက မိမိတို့ ညမအိပ်ပါ။ သန်းခေါင်လောက်တွင် ပြန်ကြသည်။

နောက်တစ်ခါ။

'တနင်္ဂနွေနေ့ကျရင် ကျွန်တော့်အိမ်မှာ ဆုံကြရအောင်'

'ဘာအတွက်လဲ'

'ကရင်နှစ်သစ်ကူးလေ'

'ခင်ဗျားက ကရင်လား'

မိမိက သူ့ကိုကြည့်ရင်း မေးလိုက်သည်။

'ကျွန်တော့် အမျိုးသမီးက ကရင်ပါ'

'ဩော် ဟုတ်သားပဲ'

သူ၏ ယောက္ခမများကို မိမိ အမှတ်ရလိုက်သည်။

'ဘယ်သူတွေ ပါမှာလဲ'

'ကျွန်တော်တို့ ဆုံနေကျ လူတွေပဲပေါ့။'ဆရာပေါ် ခေါ်ရင် ဖြစ်မလား'

'ဖြစ်ပါတယ်၊ တစ်ခုပဲ ရှိတယ်။ သူ လက်ခေါက်မှတ်တာတော့ နားထောင်ရမှာပေါ့'

ကား အကြိုအပို့ စီစဉ်ပေးသည်။ မိမိတို့ ကြိုက်တတ်သော တိုလီမိုလီ အမြည်းများ စီစဉ်သည်။ သူ့ဇနီးနှင့် သမီးသုံးယောက် မီးဖိုထဲမှ မထွက်ကြရ။

မှတ်တမ်းစာအုပ်မှာ အမှတ်တရ ရေးကြသည်။(ထိုစာအုပ်မှာပင် နှစ်တိုင်း ရေးကြသဖြင့် မှတ်တမ်းစဉ် တစ်ခုပင် ဖြစ်နိုင်သည်။)

နှစ်စဉ်ပင် နှစ်သစ်ကူးနီးလျှင် ဘယ်နေ့လဲဟု မိမိတို့က မေးကြသည်။ သူကလည်း မမေ့မလျော့ စီစဉ်သည်။ မိမိတို့ကလည်း မပျက်ကွက်အောင် ကြိုးစားကြသည်။

သို့သော် ယမန်နှစ်ကတော့–

'ခင်ဗျား နှစ်သစ်ကူး ဘယ်တော့လဲ'

'ဆရာ၊ ဒီနှစ် ကျွန်တော် မလုပ်တော့ဘူးလားလို့'

'ဟာ ဘာဖြစ်လို့လဲ'

မိမိက တအံ့တသြ မေးလိုက်မိသည်။ နှစ်စဉ် ကျင်းပမြဲ ပွဲတစ်ခု အဘယ်ကြောင့် ပျက်သွားရမည်နည်း။

သူ ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်–

'ကျွန်တော် သိပ်အဆင်မပြေဘူး ဆရာ၊ ကိုတင်စိန်ကိုလည်း ကျွန်တော် ပြောထားပြီးပြီ'

'ဟာ ဘယ်ဖြစ်မလဲ၊ ခင်ဗျား လုပ်နေကျ လုပ်ရမှာပေါ့၊ ကျွန်တော်တို့ ဘာ ကူညီရမလဲ။ ဒီလိုလုပ်၊ ကျွန်တော်တို့ ပုလင်းဝယ်ခဲ့မယ်။ ခင်ဗျား အမြည်းပဲ လုပ်၊ အမြည်းလည်း ဘာမှ ထူးထူးထွေထွေ မလုပ်နဲ့'

သူ့မျက်နှာ ဝင်းလက်သွားသည်။ ပွဲကို အစဉ်အလာမပျက် လုပ်ကြသည်။ အမြည်းကို ထူးထူးထွေထွေ မလုပ်နှင့်ဟု ဆိုသော်လည်း ခါတိုင်းနှစ်တွေမှာလိုပင် ဖွယ်ဖွယ်ရာရာ ပြုလုပ်ထားသည်။ သူ့မိသားစုများ ပင်ပန်းသည့်ကြားက ပြုံးရွှင်နေကြသည်။

သည်နှစ်မှာတော့–

သူ ကွယ်လွန်ပြီးမှ မိမိ သိရခြင်းဖြစ်သည်။ ကိုတင်စိန်တို့ကို သူ ပြောသည်ဟု ဆိုသည်။ 'ခင်ဗျားတို့ ပုလင်းဝယ်ခဲ့ကြ၊ ကျွန်တော် အမြည်းလုပ်ထားမယ်။ ဆရာ့ကို မပြောနဲ့၊ ဆရာက ပွဲမလုပ်ရင် စိတ်ကောင်းမှာ မဟုတ်ဘူး'

အကြောင်းကြောင်းကြောင့် မိမိတွင်လည်း အဆင်မပြေမှုများ ရှိနေသည်ကို သူ သိ၍ဖြစ်သည်။

ယခုတော့–

နှစ်သစ်ကူးပွဲလည်း မရှိတော့ပါ။

သူ ပြန်ဆိုသော "ဝတ်ရုံဖြူနှင့် အမျိုးသမီး" ဂန္ထဝင် ဝတ္ထုရှည်ကြီးလည်း ထွက်ပေါ်လာတော့မည် မဟုတ်ပါ။

သို့သော်–

သူ၏ အမည်ကတော့ ထာဝစဉ် တည်ရှိနေပေလိမ့်မည်။

[ နွယ်နီ၊ ဒီဇင်ဘာ၊ ၁၉၉၈ နှင့် ဇန်နဝါရီ၊ ၁၉၉၉ ]

# အညွှန်း


က

ကိုကို ၂၈

ကိုဦး၊ မောင်၊ ပုဂံ ၁၅၊ ၂၉၊ ၁၄၂

  ချော၊ မောင်၊ ပုဂံ နှင့် ရွှေ၊ မောင် လည်း ကြည့်။

ကောက်လှိုင်း ၂၈

ကျော့ရှင်း၊ တက္ကသိုလ် ၈၂၊ ၈၃၊ ၈၆၊ ၂၂၉၊ ၂၃၀

ကျော်၊ ဦး၊ ရှမဝ ၁၇၊ ၂၅၇

ကျော်ကြီး ၃၆

ကျော်ဆွေ။ မင်းကျော်– ကြည့်။

ကျော်မြသန်း ၄၆

ကျော်ဟိန်း ၃၁၉၊ ၃၂၂၊ ၃၂၅

ကျော်အောင် ၃၉– ၄၁၊ ၁၁၂၊ ၁၁၃၊ ၁၁၇၊ ၁၃၂၊ ၁၃၃၊ ၁၃၅၊ ၁၃၆၊ ၁၄၃၊ ၁၆၁၊ ၁၆၃–၁၆၇၊ ၁၇၂၊ ၁၇၈၊ ၁၈၂၊ ၂၀၁၊ ၂၀၃၊ ၂၀၇–၂၁၀၊ ၂၁၂၊ ၂၉၉၊ ၃၀၀၊ ၃၄၃၊ ၃၄၄၊ ၃၄၈၊ ၄၁၅၊ ၄၃၁

ကြာညို၊ မောင် ၁၉၊ ၂၀၊ ၉၆၊ ၃၈၂

  အောင်ကျော်၊ ကို– လည်း ကြည့်။

ကြည်ညို ၈၂၊ ၃၇၉

ကြည်မြ ၂၄၊ ၇၂၊ ၉၁၊ ၉၆၊ ၉၈

ကြည်လင် ၂၃၊ ၁၁၂

ကြည်အေး ၂၃၊ ၈၃၊ ၁၁၂

ကြပ်ကလေး ၃၄၀၊ ၃၄၁

  နန္ဒသူ လည်း ကြည့်။

ခ

ခင်ဆွေဦး ၂၄၆၊ ၃၆၂–၃၆၄

ခင်နွယ်တင် ၈၂၊ ၈၃၊ ၂၂၉၊ ၂၃၀

ခင်နှင်းယု ၂၂၁

ခင်မောင်ကြီး ၁၁၊ ၂၇၃

  မိုးဝေ လည်း ကြည့်။

ခင်မောင်လေး၊ ဗိုလ် ၇၂၊ ၇၃

ခင်မောင်သန်း ၄၁၆

ခင်မောင်အေး၊ (မန္တလေး) ၁၃၉

ခင်သန်းနု ၁၅၅–၁၅၈၊ ၁၆၀–၁၆၂

ခင်ဦး၊ ယုဝတီ ၈၂၊ ၈၃၊ ၂၂၉၊ ၂၃၀

ချော၊ မောင်၊ ပုဂံ ၂၉၊ ၁၂၃၊ ၁၂၄၊ ၁၄၂၊ ၁၆၇၊ ၁၇၂၊ ၂၇၂၊ ၂၈၃၊ ၃၈၂၊ ၃၈၈၊ ၃၈၉၊ ၃၉၃

  ကိုဦး၊ မောင်၊ ပုဂံ နှင့် ရွှေ၊ မောင် လည်း ကြည့်။

ချစ်စံဝင်း ၁၉၁

ချစ်ဝင်းညွန့် ၄၁၉–၄၃၂

ချစ်ဦးညို ၃၅၀၊ ၃၈၅

ဂ

ဂုဏ်ဝင်း ၃၀၈

င

ငွေစိုး၊ ဒေါက်တာ ၃၅၄၊ ၃၅၉၊ ၃၈၄

ငွေတာရီ ၈၃

ငွေမောင်း ၃၀၂

ငွေဥဒေါင်း ၁၇၊ ၁၈၆၊ ၃၂၆–၃၃၃၊ ၃၄၄


ရာပြည့်စာအုပ်တိုက်

အောင်သိန်း၊ ဆင်ဖြူကျွန်း လည်း ကြည့်။

**စ**

စောညို ၄၁၆
စောလင်း ၈၂
စောဦး ၂၉၊ ၂၃၅
စံတိုး၊ ပန်းချီ ၂၀၁၊ ၂၄၃၊ ၃၈၉
စစ်သူ၊ ထီလာ ၇၆
စန်းမြင့်၊ ပေါင်းတည် ၂၄၁
စိန်၊ ဦး၊ ဗန္ဓုလ ၂၉၀
စိန်ခင်၊ ဒေါ် ၃၂၃
စိန်ခင်မောင်ရီ ၂၀၉၊ ၃၂၃၊ ၄၀၈–၄၁၃၊ ၄၁၅
စိန်တင်၊ တက္ကသိုလ် ၂၄၁
စိန်ဝင်း၊ မြန်မာ့အလင်း ၂၅၈၊ ၂၅၉၊ ၃၈၈
စွမ်းရည်၊ မောင် ၉၀၊ ၉၅၊ ၉၈၊ ၁၁၃၊ ၃၂၀၊ ၃၂၂၊ ၃၂၅၊ ၃၆၉

**ဆ**

ဆန်နီ၊ ဦး၊ စုံထောက် ၁၀၊ ၁၂၊ ၁၉၊ ၂၅၊ ၈၂–၈၄၊ ၁၀၃၊ ၁၄၁၊ ၁၈၇၊ ၂၁၄၊ ၂၂၃–၂၂၅၊ ၂၇၄၊ ၂၇၈၊ ၂၈၃၊ ၃၃၆၊ ၃၃၇၊ ၃၇၈၊ ၃၇၉
ဆန်းထွန်း၊ ဦး၊ (မန်းတက္ကသိုလ်) ၉၀၊ ၉၁၊ ၉၄၊ ၉၈၊ ၂၄၃–၂၄၅

**ဇ**

ဇေယျ ၂၆၇၊ ၂၆၉၊ ၂၈၂၊ ၂၈၆–၂၈၇၊ ၂၉၉
ဇေယျ၊ မောင် ၃၅၄၊ ၃၈၄
ဇော်ဂျီ ၁၂၁၊ ၂၉၅–၃၀၀
ဇော်ဗလ ၃၉၂
ဇင်အောင် ၂၁၇၊ ၂၁၈

**ည**

ညာဏ ၂၈၂–၂၈၄
ညိုမင်းလွင် ၁၄၁၊ ၁၄၂
ဝင်းဦး လည်း ကြည့်။
ညွှန့်ကြူး ၁၁၃၊ ၁၆၇၊ ၁၇၂၊ ၁၉၅–၂၁၂၊ ၂၆၉၊ ၂၉၉၊ ၃၀၀၊ ၃၄၄
မောင်မောင်ညွှန့် လည်း ကြည့်။
ညွှန့်နွယ်၊ ခရမ်း ၈၂

**ဌ**

ဌေးမောင် ၂၅၁
ဌေးမြိုင်။ တာရာ၊ ဒဂုန် ကြည့်

**တ**

တာရာ၊ ဒဂုန် ၂၈၊ ၃၁–၃၃၊ ၈၁၊ ၈၂၊ ၁၀၀၊ ၁၀၁၊ ၁၁၂–၁၂၁၊ ၁၆၆၊ ၁၈၇၊ ၂၀၃၊ ၂၂၀၊ ၂၃၁၊ ၂၆၈၊ ၂၉၈၊ ၂၉၉၊ ၃၇၄
တက်တိုး ၄၂၊ ၁၂၁၊ ၂၂၀၊ ၂၃၁၊ ၃၁၂–၃၁၇
တင်၊ ဦး၊ ပုဂံဝန်ထောက် ၂၇၆
တင်၊ ဆရာ၊ နန်းတော်ရှေ့ ၂၉၀
တင်စိုး ၂၂၊ ၂၆၊ ၂၈၊ ၅၆၊ ၇၆၊ ၇၇၊ ၈၀–၈၉၊ ၁၁၆၊ ၁၁၇၊ ၁၁၉၊ ၁၆၅၊ ၁၈၆၊ ၁၈၇၊ ၂၂၂၊ ၂၂၃၊ ၂၂၉၊ ၂၄၃၊ ၂၄၄၊ ၂၄၆၊ ၂၆၆၊ ၂၈၅၊ ၄၀၀
တင်စိုး၊ ဒေါက်တာ ၂၃၀
တင်မောင်မောင်၊ ကို၊ (ရုပ်ရှင်ပဒေသာ) ၂၅၈

တင်မောင်မျှင့် ၃၄၃၊ ၄၂၃
တင်မောင်အေး၊(ကန့်ဘလူ) ၃၅၁
တင်မြင့်၊ တက္ကသိုလ် ၄၁၆၊ ၄၁၇
တင်လှ၊ အိုင်ရင်း ၁၅၉၊ ၁၆၀
တင်ဧ၊(ရှမ်းပြည်) ၂၀၁၊ ၂၉၉၊ ၃၄၂-၃၄၈
တင်အောင်၊ ကို၊ (ကိုတင်အောင် မစန်းစာပေ) ၁၂၃-၁၂၅၊ ၂၈၁
တင်အောင်၊ ဗန်းမော် ၂၄၊ ၃၂၊ ၅၁၊ ၈၁၊ ၁၀၀၊ ၁၀၁၊ ၁၀၆-၁၁၁၊ ၁၁၄၊ ၁၁၆၊ ၁၆၆၊ ၁၇၁၊ ၁၇၂၊ ၂၀၃၊ ၂၂၂၊ ၃၇၄၊ ၃၇၅၊
တင့်ဆန်း ၁၀၊ ၁၂၊ ၁၈၊ ၁၉၊ ၂၇၊ ၂၈၊ ၅၄၊ ၅၅၊ ၅၉-၆၁၊ ၆၃-၇၉၊ ၈၂၊ ၈၆၊ ၉၈၊ ၁၀၉၊ ၁၁၀၊ ၁၁၆၊ ၁၁၇၊ ၁၄၁၊ ၁၆၇၊ ၁၇၆၊ ၁၈၆၊ ၁၈၇၊ ၂၀၃၊ ၂၀၄၊ ၂၁၅၊ ၂၁၆၊ ၂၁၉၊ ၂၂၃၊ ၂၄၃၊ ၂၅၈၊ ၂၇၄၊ ၂၈၃-၂၈၅၊ ၃၃၆၊ ၃၃၉၊ ၃၇၈၊ ၃၇၉၊ ၃၈၁၊ ၃၈၉
တင့်ဆွေ၊ ဂျာနယ်ကျော် ၈၂၊ ၈၃၊ ၈၇၊ ၁၀၃၊ ၂၂၂၊ ၂၃၅-၂၄၀၊ ၂၉၄
တင့်ဆွေ၊ လင်းယုန် ၂၈၊ ၃၇၃
တင့်တယ် ၁၇၊ ၁၉၀၊ ၂၅၇၊ ၃၇၃
တင့်ထူး ၁၀၊ ၁၈၊ ၂၀၊ ၂၁၊ ၂၇၊ ၅၀၊ ၅၄၊ ၆၅၊ ၆၆၊ ၈၂၊ ၁၈၇၊ ၃၀၅
တင့်လွန်း ၁၈
တည်ကြည် ၁၇၂၊ ၃၀၂

ထ

ထင်၊ မောင် ၁၄၂၊ ၂၉၉
ထင်အောင်၊ ဒေါက်တာ ၂၃၆
ထယ်ဝါ၊ မောင် ၂၇၂
ထွန်းမြင့်၊ ဦး၊ ဒဂုန် ၂၄၆၊ ၂၈၂၊ ၂၈၅၊ ၂၈၆၊ ၂၉၉၊ ၃၄၄၊ ၃၄၇
ထွန်းရှိန်၊ ဦး၊ ခွဲ ၃၅၃
ထွန်းရွှေ ဦး ၃၄၇

ဒ

ဒေါင်းနွယ်ဆွေ ၂၂၀၊ ၂၂၂၊ ၃၀၇-၃၁၁၊ ၃၇၉
အောင်ဆွေ၊ ကို လည်း ကြည့်။

ဓ

ဓူဝံ ၂၉၁-၂၉၅

န

နီလေးမောင် ၁၁
နယဉ် ၄၂၊ ၁၂၁၊ ၂၂၉၊ ၂၃၁၊ ၃၁၅၊ ၃၁၆
နေမျိုး၊ မောင် ၆၁
နေဝင်း၊ မောင် ၂၉၊ ၃၄၊ ၃၉၊ ၄၁၊ ၄၃၊ ၁၁၁၊ ၁၁၄၊ ၁၂၂-၁၃၆၊ ၁၄၃၊ ၁၆၁၊ ၁၆၇၊ ၁၆၈၊ ၁၇၂၊ ၁၉၁၊ ၂၀၃၊ ၂၀၇၊ ၂၀၉၊ ၂၁၀၊ ၂၁၂၊ ၂၃၃၊ ၂၉၃၊ ၃၀၀၊ ၃၁၅၊ ၃၅၄၊ ၃၅၈၊ ၃၅၉၊ ၃၆၄-၃၇၀၊ ၃၇၄၊ ၃၈၂၊ ၃၈၄-၃၈၆၊ ၃၉၉၊ ၄၁၅၊ ၄၃၁
နေဝင်း၊ မောင်၊ (ဘဝတက္ကသိုလ်) ၃၈၊ ၄၀၊ ၄၁၊ ၅၉၊ ၆၀၊ ၁၃၄၊ ၁၅၉၊ ၂၉၂၊ ၃၄၃၊ ၄၁၄၊ ၄၁၉၊ ၄၂၄၊ ၄၂၅
နေသွေးနီ ၈၂၊ ၁၈၃-၁၈၈၊ ၁၉၂၊ ၃၇၉
နေအောင်၊ ရဲဘော် ၂၄၊ ၉၁၊ ၉၆
နတ်ရှင်၊ ဒဂုန် ၂၈၈-၂၉၁

နန္ဒ ၂၁၁၊ ၂၂၀၊ ၂၂၁၊ ၃၃၄-၃၃၈
နန္ဒမိတ် ၁၉၀၊ ၂၅၇-၂၆၀၊ ၃၀၅၊ ၃၀၆၊
၃၃၈-၃၄၀
နန္ဒသူ ၃၄၀-၃၄၁
ကြပ်ကလေး လည်း ကြည့်။
နှယ်စိုး ၂၉၉
နှယ်မြင့်၊ စစ်ကိုင်း ၁၈
နှယ်သစ် ၂၀၂
နှင်းဦး ၉၁၊ ၉၆

ပ

ပါရရှ ၂၈၊ ၅၇၊ ၈၂၊ ၁၁၄၊ ၂၄၁-၂၄၇
ပီမိုးနင်း ၂၇၁၊ ၂၇၆
ပေါ်ထွန်း၊ ကို၊ (ပန်းချီ) ၆၅၊ ၆၆၊ ၈၂
ပေါ်ထွန်း၊ မောင်၊ (စာရေးဆရာ) ၄၃၁
ပေါ်ဦးသက် ၃၂
ပြည့်စုံ ၂၅၊ ၁၀၀
ပြုးချို၊ ဦး၊ (မဟာဂီတ) ၂၇၆

ဖ

ဖေမောင်တင်၊ ဦး ၂၇၅၊ ၂၈၂
ဖေမြင့် ၃၅၀၊ ၃၅၄၊ ၃၈၄
ဖိုးကျော့ ၂၄၁
ဖိုးကျော်မြင့် ၁၈
ဖိုးစိန်၊ ဦး ၂၇၆
ဖိုးလုံး၊ မြေနီကုန်း ၁၇၄၊ ၁၇၅၊ ၄၂၉

ဘ

ဘဂျမ်း၊ ဦး၊(ကာတွန်း) ၃၃၁
ဘညွန့်၊ ဦး၊ ချစ်ဒုက္ခ ၁၄၁၊ ၁၄၃
ဘဝင်း၊ ဦး ၈၂၊ ၁၆၈၊ ၁၆၉၊ ၁၈၇၊ ၃၅၃၊
၃၅၄၊ ၃၇၃
ဘသောင်း၊ သခင် ၂၇၁၊ ၂၈၂၊ ၂၈၃
ဘသန်း၊ ဦး၊ စောင်း ၃၇၀
ဘီအောင်၊ ရွှေဒုံး ၂၈၂-၂၈၄
ဘိုးသင်း၊ ဦး၊ စစ်ကိုင်း ၂၆၉၊ ၂၇၅၊ ၂၇၉-
၂၈၂
ဘုန်းနိုင်၊ တက္ကသိုလ် ၂၅၇၊ ၂၅၈၊ ၂၆၀
ဘုန်းမော် ၈၇
ဘုန်းမြင့်၊ ပြည် ၂၉၄

မ

မမလေး၊ ဂျာနယ်ကျော် ၂၉၊ ၃၁၊ ၃၂၊
၁၁၇၊ ၁၁၈၊ ၁၆၆၊ ၂၀၃၊ ၂၂၀၊ ၂၂၂၊
၂၂၈-၂၃၅၊ ၂၈၄၊ ၂၈၅၊ ၄၁၁
မလိခ ၃၄၊ ၄၅-၄၇၊ ၂၁၇၊ ၃၅၃
မင်းကျော် လည်း ကြည့်။
မဟာဆွေ ၂၈၂၊ ၂၈၃၊ ၄၀၆
မဟာအောင် ၁၀၆
တင်အောင်၊ ဗန်းမော် လည်း ကြည့်။
မာလာ၊ ဒေါ် ၉၁၊ ၉၂၊ ၉၆
မေသစ် ၄၁၀
မိုးကြည်၊ မေမြို့ ၉၈
မိုးမိုး၊(အင်းလျား) ၁၇၂၊ ၂၀၉၊ ၂၁၂၊
၃၄၉-၃၇၁
မိုးဝေ ၉-၁၅၊ ၁၉၊ ၂၅၊ ၂၇၊ ၂၈၊ ၆၅၊
၆၉၊ ၇၁၊ ၇၂၊ ၇၄၊ ၈၃၊ ၈၆-၈၉၊
၁၁၄၊ ၁၁၇၊ ၁၂၃၊ ၁၃၉-၁၄၁၊ ၁၈၇၊
၁၉၀၊ ၂၁၄၊ ၂၁၅၊ ၂၂၃-၂၂၅၊ ၂၄၃၊
၂၅၆-၂၆၁၊ ၂၆၃၊ ၂၆၄၊ ၂၇၃၊ ၂၈၃၊
၃၀၅-၃၀၉၊ ၃၂၃၊ ၃၃၆၊ ၃၃၉၊ ၃၄၀၊
၃၇၈၊ ၃၈၈၊ ၃၈၉၊ ၃၉၈-၄၀၀၊
၄၁၆၊ ၄၁၈
မင်းကျော် ၁၆-၄၇၊ ၅၈၊ ၆၂၊ ၁၀၅၊ ၁၁၁-

၁၁၅၊ ၁၂၂၊ ၁၂၃၊ ၁၂၆၊ ၁၂၈–၁၃၀၊
၁၃၂၊ ၁၃၃၊ ၁၃၅၊ ၁၃၆၊ ၁၃၉၊ ၁၄၀၊
၁၄၃၊ ၁၆၁၊ ၁၆၇၊ ၁၇၁၊ ၁၇၂၊ ၁၇၉၊
၁၉၁၊ ၂၀၁–၂၀၃၊ ၂၀၇၊ ၂၀၉၊ ၂၁၂၊
၂၁၇၊ ၂၂၉၊ ၂၃၁၊ ၂၃၃၊ ၂၄၇၊ ၂၆၃၊
၂၆၄၊ ၂၈၃၊ ၂၈၄၊ ၂၉၃၊ ၂၉၉၊ ၃၀၀၊
၃၁၄၊ ၃၁၅၊ ၃၄၄၊ ၃၄၅၊ ၃၅၄၊
၃၅၈–၃၆၀၊ ၃၆၇–၃၇၀၊ ၃၈၂၊
၃၈၄–၃၈၆၊ ၃၈၈၊ ၃၈၉၊ ၃၉၁–
၃၉၃၊ ၃၉၉၊ ၄၁၅၊ ၄၃၁
မင်းညို ၂၅၈၊ ၂၅၉၊ ၃၈၈
မင်းဒင် ၈၂၊ ၂၅၈
မင်းယုဝေ ၃၄၇
မင်းရှင် ၁၉၀၊ ၂၅၆၊ ၂၅၈၊ ၃၇၃
မင်းသူရိန် ၉၆
မင်းအောင် ၅၁
မောင်မောင်၊ လင်းယုန် ၁၁၃၊ ၃၇၂–
၃၇၇၊ ၃၉၀၊ ၃၉၂
မောင်မောင်ညွှန့် ၁၉၇၊ ၂၀၈၊ ၂၁၀
ညွှန့်ကြူး လည်း ကြည့်။
မန်းတင် ၅၆
မျိုးညွှန့်၊ ကို၊ (စာပေလောက) ၃၅၁၊
၃၅၂၊ ၃၅၄၊ ၃၅၆–၃၆၀၊ ၃၆၇–
၃၇၀၊ ၃၈၄
မျိုးအောင်၊ ဒါရိုက်တာ ၈၇
မြစိမ်း၊ တက္ကသိုလ် ၃၆၄–၃၆၆
မြဇင် ၂၀၄၊ ၂၀၅၊ ၂၁၂
မြနှောင်းညို ၄၆
မြမျိုးလွင် ၉၁၊ ၉၆
မြသန်း၊ သခင် ၁၈၀၊ ၂၂၂၊ ၃၇၃
မြသန်းတင့် ၄၁၊ ၄၂၊ ၇၈၊ ၁၁၂၊ ၁၁၄၊
၁၁၇၊ ၁၃၂၊ ၁၃၆၊ ၁၄၃၊ ၁၆၁၊
၁၆၅–၁၈၂၊ ၂၀၃၊ ၂၀၉၊ ၂၁၀၊ ၂၄၆၊
၂၅၃၊ ၂၅၄၊ ၂၉၃၊ ၃၁၉–၃၂၂၊ ၃၄၀၊
၄၁၅
မြေကြီး၊ မောင်၊(ပန်းတောင်း) ၁၈၄
မြေဇာ ၃၆၈၊ ၃၇၀
မြင့်စိုးလှိုင် ၃၅၅၊ ၃၆၇
မြင့်မား၊ မောင်၊ (ဘိုကလေး) ၃၀၂
မြင့်မောင်မောင် ၂၅၄
မြင့်သြ ၈၂၊ ၃၇၉
မြတ်ခေါင်၊ မောင် ၃၈၄
မြတ်ခိုင် ၄၁
မြတ်ဆွေ ၁၇၄၊ ၁၈၁၊ ၁၉၇
မြတ်လေး ၂၆၊ ၈၂၊ ၈၄၊ ၁၇၅၊ ၁၇၇

## ရ

ရဲခေါင် ၂၅၆
ရဲစိုး ၄၁၆
ရဲထွတ်၊(ဗိုလ်တထောင်) ၁၇၄
ရန်အောင် ၂၄၈–၂၅၄၊ ၂၉၁၊ ၂၉၃
ရွှေ၊ မောင် ၂၉
ချော၊ မောင်၊ ပုဂံ နှင့် ကိုဦး၊ မောင်၊
ပုဂံ လည်း ကြည့်။
ရွှေညာမောင် ၄၁၀၊ ၄၁၁
ရွှေဓား ၈၂၊ ၁၆၈၊ ၂၂၂၊ ၃၇၃၊ ၃၇၄
ရွှေမှုား၊ ဒဂုန် ၂၆၉–၂၇၅၊ ၄၁၆
ရွှေဥဒေါင်း ၉၀၊ ၉၁၊ ၉၆၊ ၂၇၁၊ ၂၇၂၊
၂၇၅–၂၇၈၊ ၂၈၂၊ ၃၃၁၊ ၄၁၆

## လ

လူအောင် ၄၁၆
လေးမြင့် ၅၀၊ ၃၀၁–၃၀၆

လေးအောင်၊ မောင် ၃၇၉၊ ၃၈၀
လင်းပိုန်၊ မောင်၊(ရှမ်းပြည်) ၂၈
လင်းယုန်နီ ၂၄၊ ၉၉–၁၀၅၊ ၁၁၆
လင်း၊ ဦး၊ အဂ္ဂမဟာပဏ္ဍိတ ၂၇၅
လတ်၊ ဦး ၂၇၅
လွင်စန်းယဉ် ၁၇၂၊ ၄၁၆
လှ၊ ဦး၊ လူထု ၉၀–၉၆၊ ၂၇၇၊ ၂၇၈၊ ၃၂၃၊ ၃၇၄
လှကျော်၊ ဂျိမ်း ၂၇၅
လှထွတ်၊ စန္ဒရား ၁၃၆၊ ၁၄၀
လှထွန်းဖြူ၊ ဦး ၈၇၊ ၂၃၉
လှသော၊ ဦး၊ ဒဂုန် ၂၆၉၊ ၂၈၂၊ ၂၈၅
လှအောင်၊ အထောက်တော် ၄၁၅

ဝ

ဝဇီရာ ၄၁၆
ဝသုန်၊ ပန်းချီ ၃၅၀
ဝေမွန် ၈၂
ဝင်း၊ တက္ကသိုလ် ၂၇၊ ၉၅–၉၇
ဝင်းညွန့်နိုင် ၁၇၈–၁၈၀
ဝင်းနိုင် ၁၈၊ ၂၅၆၊ ၂၅၇
ဝင်းမြင့်၊(စာနိုင်ငံ) ၉၆
ဝင်းမြင့်၊ သတင်းထောက် ၈၂
ဝင်းဦး ၃၉၊ ၄၃၊ ၁၃၂–၁၆၂၊ ၁၇၂၊ ၂၀၉၊ ၃၁၉၊ ၃၄၀၊ ၃၄၁၊ ၃၇၉၊ ၃၉၀၊ ၄၁၅
ဝဏ္ဏ၊ မောင် ၄၆

သ

သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ၈၂၊ ၂၂၂၊ ၂၆၅–၂၆၉၊ ၂၇၅၊ ၂၇၆၊ ၂၈၂၊ ၂၈၆၊ ၃၇၄
သာဓု ၈၁
သာနိုး၊ မောင် ၁၉၊ ၉၀၊ ၉၅–၉၇၊ ၂၀၄၊ ၂၀၅၊ ၂၄၄
သီရိ၊ မ ၅၉– ၆၁
သုခ ၁၁၀၊ ၃၁၈–၃၂၅
သုမောင် ၃၆၄
သူရ၊(ရှမ်းပြည်) ၉၁၊ ၉၄
သူရိန် ၈၂
သောဘိတ၊ ဦး ၉၁
သော်ဇင်၊ ဦး ၁၈၆၊ ၂၄၆
သော်တာဆွေ ၁၇၊ ၃၁၊ ၁၇၀၊ ၁၈၄၊ ၁၈၅၊ ၁၈၉– ၁၉၄၊ ၂၅၇
သက်နှောင်း၊ မောင် ၂၀၉၊ ၄၁၄–၄၁၈
သက်မော် ၁၁
မိုးဝေ လည်း ကြည့်။
သက်ရှည်၊ ဦး၊ ဘိုကလေး ၂၇၅
သင်းခိုင်၊ မောင် ၃၇၉–၃၈၂
သောင်းတင်၊ ရွှေမြိတ် ၃၈၄
သစ္စာ၊ မြေနီ ၂၉၂
သစ်လွင်၊ မောင်၊(လူထု) ၉၅၊ ၉၈
သစ်လွင်၊ လင်းယုန် ၁၉၊ ၂၁၊ ၄၈–၆၂၊ ၆၅၊ ၆၇၊ ၈၆၊ ၈၇၊ ၁၁၅၊ ၁၁၇၊ ၁၈၆၊ ၂၁၈၊ ၂၁၉၊ ၂၄၃၊ ၂၄၆၊ ၂၈၁၊ ၂၈၄၊ ၃၀၄၊ ၃၀၅၊ ၃၈၁
သန့်ဇင်၊ ကို၊ ဆောင်းသဇင် ၃၈၄
သန်းကြွယ်၊ ဦး၊(မြစာပေ) ၂၅၈၊ ၂၆၀
သန်းဆွေ ၁၇၊ ၃၁၊ ၆၂၊ ၁၉၀၊ ၂၅၅– ၂၆၄
သန်းဆွေ၊ ကို၊(ဥတ္တရလမင်း) ၁၈၂၊ ၂၂၂၊ ၂၃၁
သန်းဆွေ၊ နံ့သာ ၂၂၆၊ ၃၈၉၊ ၃၉၀

သိန်းကျော်၊ ကို ၂၉၇၊ ၂၉၈
သိန်းဆိုင်၊ မောင် ၆၃၊ ၆၄၊ ၆၆၊ ၇၀၊ ၃၇၅၊ ၄၁၆၊ ၄၁၇
သိန်းဇော်၊ မောင်၊ ဇာတ်မင်းသားလေး ၃၂၀
သိန်းတန်၊ မိုလ် ၁၁
မိုးဝေ လည်း ကြည့်။
သိန်းတန်၊ မောင် ၂၂၈
သိန်းဖေမြင့် ၁၀၃၊ ၁၁၇၊ ၁၇၂၊ ၁၇၇၊ ၂၂၀–၂၂၈
သိန်းလွင်၊ ဦး၊ ချင်းတွင်း ၈၈၊ ၈၉၊ ၂၃၄၊ ၃၉၂–၃၉၄၊ ၃၉၉၊ ၄၀၀
သိန်းသန်းထွန်း ၂၈
သွေးသစ်၊ မောင် ၅၈၊ ၈၈၊ ၈၉၊ ၁၃၆၊ ၁၇၈၊ ၁၇၉၊ ၁၈၂၊ ၃၀၀၊ ၃၄၃၊ ၃၅၀၊ ၃၇၃၊ ၃၇၈–၄၀၇၊ ၄၃၁
သွင်၊ ဦး၊ ပါမောက္ခ ၁၁
မိုးဝေ လည်း ကြည့်။

**အ**

အမာ၊ ဒေါ်၊ လူထု ၉၁၊ ၉၃၊ ၉၄၊ ၉၆၊ ၉၇၊ ၂၇၇
အိကြာကွေး ၁၉၂–၁၉၄၊ ၂၅၁
အေးလေး၊ မ ၄၆
အေးလွင်၊ စစ်ကိုင်း ၂၄၊ ၂၇၊ ၉၆၊ ၉၇၊ ၂၈၀၊ ၂၈၁၊ ၄၁၆
အောင်ကျော်၊ ကို ၉၆၊ ၉၇၊ ၁၉၆၊ ၃၃၅
ကြာညို၊ မောင်– လည်း ကြည့်။
အောင်စိုး၊ ဗဂျိ ၈၂၊ ၁၄၁၊ ၂၁၆၊ ၃၇၉
အောင်ဆွေ၊ ကို ၃၀၇
ဒေါင်းနွယ်ဆွေ လည်း ကြည့်။
အောင်ဇေယျ၊ ဦး ၃၁၊ ၂၂၈၊ ၂၃၃
အောင်လင်း ၈၁၊ ၁၁၂၊ ၁၁၇၊ ၁၆၅၊ ၂၂၂၊ ၃၇၃
အောင်ဝေး ၃၁၀၊ ၃၁၁
အောင်သိုက်၊ ဘီအီးဒီ ၃၂၀
အောင်သင်း ၁၁၃
အောင်သိန်း၊ ဆင်ဖြူကျွန်း ၃၈၊ ၆၁၊ ၆၄၊ ၁၂၃၊ ၁၆၇၊ ၂၀၃၊ ၂၁၃–၂၁၉၊ ၂၉၃၊ ၃၈၁–၃၈၃၊ ၃၈၅၊ ၃၈၆
အုန်းစိန်၊ ဦး၊ (ရွှေပြည်စိုး) ၂၃၄
အုံး၊ ဒေါ်၊(အမ်အေ) ၉၁
အုံးမောင်၊ ဦး၊ လေထီး ၁၇၈

# နတ်နွယ်
# မိမိနှင့်စာရေးဆရာများ

တော အကြောင်း ၊ တောင် အကြောင်း

ဤစာအုပ်ကို

၂၀ရာစု မြန်မာစာပေသမိုင်း၏ မြင်ကွင်းဟုလည်း ဆိုနိုင်သည်။

သို့မဟုတ်

၂၀ရာစု မြန်မာစာရေးဆရာများ၏ ဖျတ်ခနဲ ရုပ်ပုံလွှာများဟုလည်း ဆိုနိုင်သည်။

သို့မဟုတ်

၂၀ရာစု စာပေလှုပ်ရှားမှုများ၏ မှတ်တမ်းဟုလည်း သတ်မှတ်နိုင်သည်။

အဘယ်ကြောင့်နည်း

ဤစာအုပ်တွင် ၂၀ရာစု မြန်မာစာရေးဆရာကြီးများ ဖြစ်ကြသည့်

မိုးဝေ ၊ မင်းကျော် ၊ လင်းယုန်သစ်လွင် ၊ တင့်ဆန်း ၊ တင်စိုး ၊ လူထုဦးလှ ၊ လူထုဒေါ်အမာ ၊ မြမျိုးလွင် ၊ မောင်စွမ်းရည် ၊ လင်းယုန်နီ ၊ ဗန်းမော်တင်အောင် ၊ ဒဂုန်တာရာ ၊ မောင်နေဝင်း ၊ ဝင်းဦး ၊ ကျော်အောင် ၊ မြသန်းတင့် ၊ နေသွေးနီ ၊ သော်တာဆွေ ၊ ညွှန့်ကြူး ၊ ဆင်ဖြူကျွန်းအောင်သိန်း ၊ သိန်းဖေမြင့် ၊ ဂျာနယ်ကျော်မမလေး ၊ ဂျာနယ်ကျော်တင့်ဆွေ ၊ ပါရဂူ ၊ ရန်အောင် ၊ သန်းဆွေ ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၊ ဒဂုန်ရွှေမျှား ၊ စစ်ကိုင်းဦးဘိုးသင်း ၊ ရွှေဥဒေါင်း ၊ မဟာဆွေ ၊ သခင်ဘသောင်း ၊ ရွှေဒုံးဘီအောင် ၊ ဉာဏ ၊ ဒဂုန်ဦးထွန်းမြင့် ၊ ဒဂုန်ဦးလှဘေ ၊ ဇေယျ ၊ ဒဂုန်နတ်ရှင် ၊ ရွှံ့ဇော်ဂျီ ၊ လေးမြင့် ၊ ဒေါင်းနွယ်ဆွေ ၊ တက်တိုး ၊ သုခ ၊ ငွေဥဒေါင်း ၊ နန္ဒ ၊ နန္ဒမိတ် ၊ နန္ဒသူ ၊ တင်အေး(ရှမ်းပြည်) ၊ မိုးမိုး(အင်းလျား) ၊ လင်းယုန်မောင်မောင် ၊ မောင်သွေးသစ် ၊ စိန်ခင်မောင်ရီ ၊ မောင်သက်နှောင် ၊ ချစ်ဝင်းညွှန့်

...တို့၏ နတ်နွယ် နှင့် ပတ်သက်ခဲ့သည့်

ဘဝအပိုင်းအစ ဆက်စပ်မှုများ ၊ စာပေသဘောတရား ၊ စာပေဝေဖန်ရေး ၊ စာပေလှုပ်ရှားမှုနှင့် စပ်လျဉ်းသည်များ ၊ မြန်မာစာပေလောက၏ အတွင်းရေးများကို

နတ်နွယ် ၏ အမြင်၊ နတ်နွယ် ၏ ခံစားမှုဖြင့် ...